www.dhammadownload.com

မဂ်လာဘုံကျော်

ညောင်ကန်ဆရာတော်ဘုရားကြီး

ပြန်ဆိုရေးသားတော်မူခဲ့သော

ပုံတော်စုံ

ငါးရာငါးဆယ်ဇာတ်ဝတ္ထု

ဒုတိယတွဲ



ခင်ချိုထွန်းစာပေ

အမှတ် ၈၆၊ ၃၇ လမ်း၊ ရန်ကုန်မြို့။

www.dhammadownload.com

မင်္ဂလာဘုံကျော်

ညောင်ကန်ဆရာတော်ဘုရားကြီး

ပြန်ဆိုရေးသားတော်မူခဲ့သော

ပုံတော်စုံ

ငါးကငါးခေတ်

ရာတံဝတ္ထု

(ဒုတိယတွဲ၊ စာတ်ပေါင်း-၂၀၀)



ခင်ချိုထွန်းစာပေ

အမှတ်၊ ၈၆၊ ဒဂုံလမ်း၊ ရန်ကုန်မြို့

www.dhammadownload.com

ငါးရာငါးဆယ်ဇာတ်ဝတ္ထု (ဒုတိယတွဲ)

ဘာသာရေးစာမူ ခွင့်ပြုချက်အမှတ် (၂၈/၉၅) (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၆၃ / ၉၅) (၃)
ဒုတိယအကြိမ် အုပ်ရေ - ၁၀၀၀
၁၉၉၅ - ဧပြီလ
တန်ဖိုး - ၁၀၀
စာအုပ်ချုပ် - ဦးသိန်းထွန်း စာအုပ်ချုပ်အဖွဲ့.
အပုံးနှင့်အတွင်းပုံနှိပ်သူ ..... ဦးသိန်းထွန်း (၀၄၈၂၂)
သိန်းထွန်း အော့ဖ်ဆက် ပုံနှိပ်တိုက်
အမှတ် - ၅၀ / ၅၂၊ ဒဂုံသီရိလမ်း
ကျောက်မြောင်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ ..... ဦးအောင်ကြီး မြဲ (၀၉၈၆)
ရွှေပုရပိုဒ်စာပေ
အမှတ် - ၅၊ တင့်ဆန်းလမ်း
၀ွတ္တလစ်၊ ရန်ကုန်။
ပြန်ချိရေး
သန်းမြင့်မြင့် - ပိဋကတ် စာအုပ်ဆိုင်
အမှတ် (၃၇)၊ ရွှေတိဂုံတောင်ဘက်ဈေးတော်ရုံ၊
ဒဂုံစာတိုက်၊ ရန်ကုန်မြို့။
ခင်ချိုထွန်းစာပေ
အမှတ် - ၈၆၊ ၃၇-လမ်း၊
ရန်ကုန်မြို့။ ဖုန်း-၇၅၅၄၄

www.dhammadownload.com



သာကီဝင် ဆွေတော်မျိုးတော်တို့၏ မာန်တံခွန်ကို နိမ့်ချိုးခြင်းအကျိုးငှါ အမျိုးမျိုးသော
တန်ခိုးပြာဋိဟာတို့ကို ပြတော်မူစဉ်

www.dhammadownload.com

နိဒါန်း

ကိုယ်ဘိုင်လည်းသိ၊ သိထိုက်သူကိုလည်းသိစေ

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် သချေ်လေးရပ် တစ်သိန်းကပ် ကာလပတ်လုံး သဗ္ဗညုတဉာဏ်တော်အတွက် အင်္ဂါခြေလက် အသက်ကိုပါစွန့်လျက် ပါရမီတော်များကို ဖြည့်ဆည်းပူးတော်မူခဲ့လေသည်။ ယင်းသို့ ဖြည့်ဆည်းပူးတော်မူခဲ့သဖြင့်လည်း ထိုက်ထိုက်တန်တန် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူလေသည်။

ပထမစွမ်းအား ထိုသဗ္ဗညုတဉာဏ်တော်ဖြင့် သိထိုက်, သိသင့်သော တရားမှန်သမျှကို အကြွင်းအကျန်မရှိစေဘဲ မိမိအလိုလို ကိုယ်တော်တိုင်သိမြင်တော်မူပြီးဖြစ်လေသည်။ ထိုသို့အကြွင်းအကျန်မရှိ ကုန်စင်အောင်သိတော်မူခြင်းသည်လည်း "သိရန်မှန်က၊ မကျန်ရအောင်၊ လုံးဝကုန်စင်၊ အကုန်မြင်၊ သဗ္ဗဉ်ဉာဏ်တော်အစွမ်းတည်း" ဟူသည်နှင့်အညီ သဗ္ဗညုတဉာဏ်တော်၏ "ပထမ-စွမ်းအား" ဖြစ်သည်။

ထိုသဗ္ဗညုတဉာဏ်တော်၏ ပထမစွမ်းအားဖြင့် သိပြီးဖြစ်သော တရားများတွင် ဘုရားရှင်တို့နှင့်သာဆိုင်သောတရား, ပစ္စေကဗုဒ္ဓါတို့နှင့်သာဆိုင်သော တရား, ရဟန္တာပုဂ္ဂိုလ်များနှင့်သာ ဆိုင်သောတရား, အနာဂါမ်-သကဒါဂါမ်-သောတာပန်တို့နှင့်သာ အသီးသီးဆိုင်သော တရားတို့ဟူ၍ အကန့်အသပ် အပိုင်းအခြားရှိ၏။

ထိုသို့ အကန့်အသပ်, အပိုင်းအခြားရှိသော တရားများစွာတို့မှ ထိုက်သင့်ရာရာ တရားတော်တို့ကို ထိုက်သင့်ရာရာ ပုဂ္ဂိုလ်တို့အား ပိုင်းခြား၍ သိစေ, ရစေတော်မူလေသည်။ ထိုသို့သိစေ, ရစေတော်မူသောကြောင့်လည်း ထိုထိုသိပြီး, ရပြီးသူတို့သည် နိဗ္ဗာ်သောင်တစ်ဖက်ကမ်းသို့ တက်လှမ်း အေးငြိမ်း၍ ချမ်းသာကိန်းကြွေးများ ဆိုက်ခဲ့ကြပေသည်။

ဒုတိယစွမ်းအား ထိုသို့ ချမ်းသာကိန်းကြွေးများ ဆိုက်ခဲ့ကြရခြင်းသည်၊ ထိုထိုသိထိုက်သူတို့အား "သိသောတရား၊ များအပြားဌ်၊ ဟောထားစဖွယ်၊ နည်းသွယ်သွယ်ကို၊ ခြယ်လှယ်စုံလင်၊ အကုန်မြင်၊ သဗ္ဗဉ်ဉာဏ်တော်အစွမ်းတည်း" ဟူသည်နှင့်အညီ သဗ္ဗညုတဉာဏ်တော်၏ "ဒုတိယ-စွမ်းအား"ဖြင့် ဟောနည်းဟောပုံ နည်းစုံ ဟောကြားတော်မူသောကြောင့် ဖြစ်ပေသည်။

ဆန်းကျယ် စုံလင်သောနည်းတို့ဖြင့် ဟောဖော်ညွှန်ပြ ဆုံးမရာတွင်လည်း ဓမ္မပဒိဋ္ဌါဟက-တရားတော်ကို ခံယူသူတို့တွင် တရားရမည့်ပုဂ္ဂိုလ် ကျတ်ထိုက်သူ

www.dhammadownload.com

တို့တွင် မည်၏သည့်ပုဂ္ဂိုလ်တွင် မည့်သည်ကုန်ဖြေနှင့် စရိုက်လွန်ကဲသည် အစရှိသည်ဖြင့် သေချာစွာသိသဖြင့် ထိုထိုပုဂ္ဂိုလ်၏ ထိုထိုကုန်ဖြေ, စရိုက်တို့နှင့် လိုက်လျောညီထွေရှိစေရန် ရွေးချယ် ညွှန်ကြား ဟောတော်မူသောအားဖြင့် မဂ်လမ်း, ဖိုလ်လမ်းသို့ လျှောက်လှမ်းနိုင်ကြပြီး သံသရာဝဋ်ဇာတ်တွင် အဝိဇ္ဇာ, တဏှာတို့၏ စိုးမိုးချုပ်ချယ်ခြင်းမှ လွတ်လပ်သည့် နိဗ္ဗာန်တည်းဟူသော အေးငြိမ်းနိုင်ငံတော်ကြီးကို တည်ထောင် ခံစားနိုင်သော သစ္စာအသိ, မဂ္ဂင်ကျင့်စဉ်တို့ဖြင့် ရရှိခံစားကြရပေသည်။

တတိယစွမ်းအား ထိုသို့ အဝိဇ္ဇာ, တဏှာ-တို့၏ စိုးအုပ်ချုပ်ချယ်ခြင်းမှ လွတ်လပ်သော အေးငြိမ်းနိုင်ငံတည်ထောင် ခံစားနိုင်ခြင်းမှာ "ကျွတ်ထိုက်ကြပေ၊ များဝေနေ၏၊ ကုန်ဖြေစရိုက်၊ သူ့အကြိုက်ဘုံ၊ နှိုက်ချွတ် စုံလင်၊ အကုန်မြင်၊ သဗ္ဗဉ်ညာဏ်တော် အစွမ်းတည်း" ဟူသည်နှင့်အညီ သဗ္ဗညုတညာဏ်တော်၏ "တတိယ-စွမ်းအား"ဖြင့် သတ္တဝါတို့၏ ကျွတ်ထိုက်-မကျွတ်ထိုက်သော ကုန်ဖြေ, စရိုက်တို့သိပြီး သိတော်မူသည့်အတိုင်း လိုက်လျောညီထွေ ဟောကြားတော်မူလေသောကြောင့် ဖြစ်ပေသည်။

ငါးရာငါးဆယ်ဇာတ်တော်များကို ဟောကြားပုံ

ဧကနိပါတ်မှ အသိတိနိပါတ်အထိ ဇာတ်တော်များနှင့် မဟာနိပါတ် ဇာတ်တော်များတွင် ဘုရားရှင်သည် ဖြစ်ပေါ်လာသောအကြောင်းအား လျော်စွာ ထိုထိုပုဂ္ဂိုလ်တို့၏ အတိတ်ဖြစ်ရပ် ဇာတ်လမ်းတို့တွင် တစ်ထပ်တည်းတူညီသော ဖြစ်ရပ်တို့ကို သဗ္ဗညုတညာဏ်တော်၏ အစွမ်းအားဖြင့် ပြန်ပြောင်းကြည့်ရှု၍ စံပြုဟောကြားတော်မူခြင်းဖြစ်၏။ ထိုသို့ နှိုးနွှယ်ဆက်စပ် ဖြစ်ရပ်ဖြစ်ပုံကို စုံလင်ပြည့်ဝအောင် ဟောကြားသဖြင့် အေးငြိမ်းမှုကို ခံစားကြရပေသည်။

အကြောင်းရင်းခံ (ဒေဝဒတ်ကဲ့သို့) ပုဂ္ဂိုလ်အတွက် တိုက်ရိုက်အကျိုးမများစေသော်လည်း အခြားသော တရားနာပရိသတ်တို့မှာ အကျိုးခံစားကြရပေသည်။ ထိုသို့ အကျိုးခံစားစေနိုင်အောင်လည်း ထိုထိုပရိသတ်၏ စရိုက်နှင့် ထိုက်တန်သောဖြစ်ရပ်ကို ရွေးထုတ်စီစဉ် တန်ဆာဆင်၍ ဟောတော်မူခြင်းဖြစ်၏။ ထို့ကြောင့် ငါးရာငါးဆယ်ဇာတ်တော်များသည် "ဥပမာယ မိဓေကစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ" ဟူသော စကားအရ ဥပမာဖြင့်ဖော်ပြလျှင် သိလွယ်မြင်လွယ်ကြသဖြင့် ဥပမာနှင့်တူသော တိုက်ရိုက်ဖြစ်ရပ်တို့ဖြင့် ကျွတ်ထိုက်-တရားသိထိုက်သော သတ္တဝါတို့အား တရားသဲ့ဝဲဖြစ်စေရန် တရားသိစေရန် အလွယ်ကူဆုံးသော ဟောပြောနည်းဖြင့် ဟောထားသော ဇာတ်တော်များဖြစ်၏။

www.dhammadownload.com

ယင်းဇာတ်တော် များသည် မူရင်းအရေအတွက်အားဖြင့် ၅၄၇-ဇာတ်ရှိလေသည်။ သို့ရာတွင် ခေါ်ဝေါ်လွယ်စေရန်အတွက် (၅၅၀)ငါးရာငါးဆယ်ဟု ခေါ်တွင်နေခြင်း ဖြစ်သည်။ (ပုဂံဝန်ထောက်မင်းပြုစုသော ဇာတ်စာရင်းတွင်ကား- ၁။ ဝေလာမ ဇာတ်၊ ၂။ မဟာဂေါဝိန္ဒဇာတ်၊ ၃။ သုမေဓပဏ္ဍိတဇာတ်-ဟူသော ဇာတ် ၃-ဇာတ်တို့ကို ပကိဏ္ဏကနိပါတ်၏ အဆုံးဌ် ထည့်သွင်းရေတွက်ကာ (ပကိဏ္ဏက-၁၆ ဖြစ်၍) ဇာတ်ပေါင်း (၅၅၀)ငါးရာငါးဆယ်ဖြစ်လေသည်။)

ဇာတ်အဋ္ဌကထာဆရာ

လင်္ကာဒီပမည်သော သီဟိုဠ်ကျွန်း (ယခုအခေါ်-သီရိလင်္ကာ)၌ မဟာနာမ-မင်းအုပ်စိုးစဉ် သာသနာသက္ကရာဇ် ၉၃၀-ခုနှစ်ကျော်လောက်တွင် အရှင်မဟာ ဗုဒ္ဓဃောသမထေရ်သည် ပိဋကတော်များ၏ အဖွင့်အဋ္ဌကထာကျမ်းများ ရေးသားပြုစုတော်မူခဲ့လေသည်။ ထိုသို့ အဋ္ဌကထာကျမ်းများကို ပြုစုရေးသားရာ၌ ခုနှကနိကာယ်တွင် ပါဝင်သော မြတ်စွာဘုရားရှင်သည် အကျဉ်းဂါထာများဖြင့် ဟောထားအပ်သည့် ဇာတကပါဠိတို့ကို အကျယ်ဖွင့်ဆို၍ "ဇာတကဋ္ဌကထာ"ကို ရေးသားပြုစုတော်မူခဲ့လေသည်။

ညောင်ကန်ဆရာတော် (၁၁၁၅ - ၁၁၈၃)

အရှင်မဟာဗုဒ္ဓဃောသ ရေးသားခဲ့သော ဇာတကဋ္ဌကထာများသည် ပါဠိဘာသာဖြင့် ရေးသားဖွင့်ဆိုထားသော ကျမ်းစာများဖြစ်၍ ပါဠိဘာသာကို မကျွမ်းကျင်သော လူပုဂ္ဂိုလ်များအတွက် ဖတ်ရှုလေ့လာဖို့ ခက်ခဲလှပေသည်။ ထို့ကြောင့် ဘာသာပြန်အကျော် ညောင်ကန်ဆရာတော်သည် ပါဠိဘာသာ မကျွမ်းကျင်သူများအတွက် အမြော်အမြင်ကြီးစွာဖြင့် ဇာတ်အဋ္ဌကထာများကို အပြည့်အစုံ ဝိရိယကြီးစွာ မြန်မာစကားပြေ ပြန်ဆိုရေးသားခဲ့ပေသည်။ ယင်းညောင်ကန်ဆရာတော်သည် အလုံမြို့၊ ညောင်ကန်ကျေးရွာ၌ ၁၁၁၅-ခုနှစ်တွင် ဖွားမြင်၍ အသက် ၁၅-နှစ်တွင် သာမဏေပြုကြောင်းနှင့် ၁၁၈၃-ခုနှစ်၊ သက်တော်-၆၈၊ သီကျွတ်တော် ၄၈-ဝါ အရွတ်တွင် ပျံလွန်တော်မူကြောင်း မှတ်တမ်းများတွင် တွေ့ရှိရလေသည်။

ဋီကာ, နိဿယ, ဂဏ္ဌိနှင့် မြန်မာပြန်

အဋ္ဌကထာမြန်မာပြန်များ မပေါ်မီ ဇာတ်ဋီကာနှစ်ကျမ်း, ဇာတ်ပါဠိတော် နိဿယကျမ်း, ဇာတ်ဂဏ္ဌိကျမ်း, ဇာတ်အဋ္ဌကထာ နိဿယကျမ်းများ ပေါ်ပေါက်ခဲ့ပေသည်။ ဋီကာကျမ်းများမှာ သီဟိုဠ်ကျွန်း(သီရိလင်္ကာနိုင်ငံ) အနုရာဓပြို့၏အနောက်ဗဒရတိတ္ထကျောင်းနေ အရှင်ဓမ္မပါလ မထေရ်ရေးသားသော ဇာတ်ဋီကာနှင့် ပဉ္စမသင်္ဂါရနာတင် ဘဝရှင်မင်းတရားကြီး(မင်းတုန်း) လက်ထက် မောင်းထောင်ကြီ

www.dhammadownload.com

(ဃ) ငါးရာငါးဆယ်ဇာတ်ဝတ္ထုနိဒါန်း

ရွာဇာတိ၊ ဒုတိယမောင်းထောင်ဆရာတော် ရေးသားသော ဇာတ်ဦးကဟု၍ ဦးကာနှစ်ကျမ်း ရှိခဲ့လေသည်။ စကားပြေမြန်မာပြန်များမှာ ပိကတ်တော်သမိုင်းအရ-တပယင်းမြို့စိရင်စုမုန်တိုင်းပင်ဆရာတော် ရေးသားသော စကားပြေနှင့် မင်္ဂလာဘုံကျော် စံကျောင်းတော်နေ **ဒုတိယညောင်ကန်ဆရာတော်** ရေးသားသော (ယခုဖတ်ရှုရမည့်) စကားပြေဟု၍ နှစ်ကျမ်းမျှ ပေါ်ပေါက်ခဲ့လေသည်။

မြန်မာစကားပြေမပြန်ခင် ကမ္ဘာတွင်နှံ့.

ဤဇာတ်တော်များမှာ မြန်မာဘာသာဖြင့် မပြန်ဆိုမီ ရှေးယခင်ကပင် ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့နေကြောင်းကို အရိပ်အမြွက် သိရှိရပေသည်။ ၎င်းမှာ သင်္ကဠာစာပေတွင် ထင်ရှားသော ပဌမတန္တရကျမ်းတစ်စောင်ရှိလေရာ ယင်းကျမ်းတွင် ပါရှိသော မူလအခြေခံများကို ဘုရားရှင်ဟောကြားတော်မူအပ်သော ဇာတ်တော်များနှင့် တူညီစွာတွေ့ရှိရကြောင်း သင်္ကဠကျမ်းကျင်သူတို့၏ အဆိုအရ သိရှိရပေသည်။ ထိုပဌတန္တရကျမ်းမှာ ဘာသာအမျိုးမျိုးပြန်ဆိုထားသည့် ကျမ်းတစ်စောင်ဖြစ်၍ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့နေသောကြောင့် ဇာတ်တော်များသည် ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့နေကြောင်း တောက်ရှုသိရခြင်းဖြစ်သည်။

ဖြန့်ချိထုတ်ဝေ

ကမ္ဘာသို့ သွယ်ဝိုက်ပျံ့နှံ့နေသော ဇာတ်တော်များကို မြန်မာပြည်သူတို့ အလွန်တက္ကသိုလ်ကြည့်ရှုမှတ်သားနိုင်ရန် ပါဠိတော်ဂါထာများကို အနက်ပြန်ဆို နိဿယရေးပြီး အဋ္ဌကထာ ပါဠိဘာသာများကို မြန်မာစကားပြေ ရေးသားပြန်ဆိုထားသော "ညောင်ကန်ဆရာတော်၏ ငါးရာငါးဆယ်ဇာတ်ဝတ္ထုများ" အပြည့်အစုံ(ပထမ တွဲမှ ပဌမတွဲအထိ) ငါးတွဲလုံးကို "ခင်ချိုထွန်းစာပေ၊ အမှတ် ၈၆/၃၇-လမ်း၊ ရန်ကုန်မြို့"မှ တန်ဖိုးအရင်းအနှီးများစွာဖြင့် ရင်းနှီးမြှုပ်နှံ၍ စာချစ်သူ ဓမ္မသုတေသီများအတွက် မေတ္တာ စေတနာရှေ့ထား၍ ရိုက်နှိပ်ဖြန့်ချိလိုက်ပေသတည်း။

ပါဠိဆရာကြီးဦးနိုးမြင့်

(သာသနဓဇသိရိပဝရမဟာစရိယ)

၁၃၃၆-ခု၊ ၁၉၉၅-ဒု

www.dhammadownload.com

ငါးရာငါးဆယ်ဇာတ်ဝတ္ထု

(ဒုတိယတွဲ)

မာတိကာ

(ဒုကနိပါတ်)

ဇာတ်အမည်	အကြောင်းအရာဖော်ပြချက်	စာမျက်နှာ

(၁၄၀၀)

၁။ ရာဇောဝါဒဇာတ် ။ ပစ္စုပ္ပန်ဝတ္ထု = ကောသလမင်းကြီးအား ဆုံးမတော်မူခြင်း: ၁
အတိတ်ဝတ္ထု = မင်းနှစ်ပါး: ဝါဒပြိုင်ပွဲ ၂
ဇာတ်ပေါင်း = ဘုရားလောင်း ဗာရာဏသီမင်း ၆

၂။ သီဂီလဇာတ်။ ပစ္စုပ္ပန်ဝတ္ထု = ဆေတ္တာသည်သား ကိုအကြောင်းပြု ၈
အတိတ်ဝတ္ထု = ခွေးနှင့်ခြင်္သေ့ ၁၁
ဇာတ်ပေါင်း = ဘုရားလောင်း အစ်ကိုကြီးခြင်္သေ့ ၁၁

၃။ သူကရဇာတ်။ ပစ္စုပ္ပန်ဝတ္ထု = မထေရ်အို(ရဟန်းကြီး)တစ်ပါး ကိုအကြောင်းပြု ၁၂
အတိတ်ဝတ္ထု = ဝက်နှင့်ခြင်္သေ့ ၁၄
ဇာတ်ပေါင်း = ဘုရားလောင်း ခြင်္သေ့ ၁၆

၄။ ဥရဂဇာတ်။ ပစ္စုပ္ပန်ဝတ္ထု = စစ်သူကြီးနှစ်ယောက်ခိုက်ရန်ဖြစ်ခြင်း ၁၆
အတိတ်ဝတ္ထု = ရသေ့, နဂါးနှင့် ဂဠုန် ၁၈
ဇာတ်ပေါင်း = ဘုရားလောင်း ရသေ့ ၂၀

၅။ ဘဂ္ဂဇာတ်။ ပစ္စုပ္ပန်ဝတ္ထု = မြတ်စွာဘုရား ချေဆတ်တော်မူခြင်း ၂၁
အတိတ်ဝတ္ထု = ဘုရားလောင်းသား အဖနှင့်ဘီလူး ၂၂
ဇာတ်ပေါင်း = ဘုရားလောင်း ပုဏ္ဏားသား ၂၅

၆။ အလီနစိတ္တဇာတ်။ ပစ္စုပ္ပန်ဝတ္ထု = လုံ့လလျော့သော ရဟန်းတစ်ပါး ၂၅
အတိတ်ဝတ္ထု = ကျေးဇူးသိသောဆင်၏သား ဆင်ဖြူတော်အစွမ်း ၂၆
ဇာတ်ပေါင်း = ဘုရားလောင်း အလီနစိတ္တမင်းသား ၃၁

၇။ ဂဏ္ဍဇာတ်။ ပစ္စုပ္ပန်ဝတ္ထု = အရှင်အာနန္ဒာမထေရ် ပုဆိုးတစ်ထောင်ရခြင်း ၃၂
အတိတ်ဝတ္ထု = ခြင်္သေ့နှင့်မြေခွေး ၃၅
ဇာတ်ပေါင်း = ဘုရားလောင်း ခြင်္သေ့ ၄၀

၈။ သုဟနုဇာတ်။ ပစ္စုပ္ပန်ဝတ္ထု = ရန်ရင်းကြမ်းတမ်းသောရဟန်းနှစ်ပါး ၄၀
အတိတ်ဝတ္ထု = မြင်းစဉ်းလဲနှစ်ကောင် ၄၁
ဇာတ်ပေါင်း = ဘုရားလောင်း ပညာရှိအမတ် ၄၄

www.dhammadownload.com

(စ) **မာတိကာ**

ဇာတ်အမည်	အကြောင်းအရာဖော်ပြချက်	စာမျက်နှာ
၉။ မောရဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = သာသနာတော်၌ငြိုးငွေ့သောရဟန်းတစ်ပါး:	၄၄
	အတိတ်ဝတ္ထု = ဥဒေါင်းမင်းညွှတ်ကွင်းမိခြင်း:(ဒေါင်းမင်းပရိတ်)	၄၅
	ဇာတ်ပေါင်း = ဘုရားလောင်း ရွှေဥဒေါင်း	၅၂
၁၀။ ဝိနီလဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = ဒေဝဒတ်ဘုရားအတုပြု(ဘုရားယောင်ဆောင်)	၅၃
	အတိတ်ဝတ္ထု = ဟသ်ာညီနောင်နှင့်ကျီးစပ်ဟသ်ာ	၅၃
	ဇာတ်ပေါင်း = ဘုရားလောင်း ဝိဒေဟမင်း	၅၆

(၂-သန္ဆတဝဂ်)

၁။ ဣန္ဒသမာနဂေါတ္တဇာတ်။	ပစ္စုပ္ပန်ဝတ္ထု =	ဆိုဆုံးမခက်သော ရဟန်းတစ်ပါး:	၅၆
	အတိတ်ဝတ္ထု =	ဆိုခက်သောရဿေနှင့် ဆင်	၅၇
	ဇာတ်ပေါင်း =	ဘုရားလောင်း ရဿေတို့၏ဆရာရဿေ	၅၉
၂။ သန္ဆဝဇာတ်။	ပစ္စုပ္ပန်ဝတ္ထု =	မီးပူဇော်(လုပ်ကျွေး)ခြင်း:	၅၉
	အတိတ်ဝတ္ထု =	ရဿေနှင့်မီး:	၆၀
	ဇာတ်ပေါင်း =	ဘုရားလောင်း ရဿေ	၆၂
၃။ သုသိမဇာတ်။	ပစ္စုပ္ပန်ဝတ္ထု =	အမျာ:၏အလိုဆန္ဒကို ညှိညွှတ်၍လျှောခြင်း:	၆၂
	အတိတ်ဝတ္ထု =	ပုဏ္ဏား:လုလင်နှင့်ဆင်မင်းလာ	၆၂
	ဇာတ်ပေါင်း =	ဘုရားလောင်း ပုဏ္ဏား:လုလင်	၆၈
၄။ ဂိဠဇာတ်။	ပစ္စုပ္ပန်ဝတ္ထု =	မိဘတို့ကို လုပ်ကျွေးသော ရဟန်းတစ်ပါး:	၆၉
	အတိတ်ဝတ္ထု =	အမိတို့ကို လုပ်ကျွေးသော လင်းတငှက်	၆၉
	ဇာတ်ပေါင်း =	ဘုရားလောင်း လင်းတ	၇၂
၅။ နကုလဇာတ်။	ပစ္စုပ္ပန်ဝတ္ထု =	အမတ်စစ်သူကြီးနှစ်ယောက်တို့၏ရန်ပွဲ	၇၃
	အတိတ်ဝတ္ထု =	မြွေ-မြွေပါတို့၏ရန်ပွဲနှင့်ရဿေ	၇၃
	ဇာတ်ပေါင်း =	ဘုရားလောင်း ရဿေ	၇၅
၆။ ဥပသာဠကဇာတ်။	ပစ္စုပ္ပန်ဝတ္ထု =	သူသေမချဖူးသော မြေကိုရှာသည့် ပုဏ္ဏား	၇၅
	အတိတ်ဝတ္ထု =	မြေပုပ်အလွတ်မြေရှာသော ပုဏ္ဏား:သား:အဖ	၇၆
	ဇာတ်ပေါင်း =	ဘုရားလောင်း ရဿေ	၇၈
၇။ သမိဒ္ဓိဇာတ်။	ပစ္စုပ္ပန်ဝတ္ထု =	သမိဒ္ဓိမထေရ်နှင့်ဖြားယောင်:သောနတ်သမီး:	၇၉
	အတိတ်ဝတ္ထု =	ရဿေနှင့် နတ်သမီး:	၈၀
	ဇာတ်ပေါင်း =	ဘုရားလောင်း ရဿေ	၈၁

www.dhammadownload.com

ဇာတ်အမည်	အကြောင်းအရာဖော်ပြချက်	စာမျက်နှာ
၈။ သကုဏဂ္ဃိဇာတ်။	=ဘုရားရှင်အလိုဆန္ဒအရ သကုဏော၀ါဒသုတ္တန်ဟောခြင်း:	၈၁
	အတိတ်၀တ္ထု = ဗိလုံးငှက်ငယ်နှင့်သိန်းငှက်	၈၂
	ဇာတ်ပေါင်း = ဘုရား:လောင်း ဗိလုံးငှက်	၈၄
၉။ အရကဇာတ်။	ပစ္စုပ္ပန်၀တ္ထု = မေတ္တာ၏အကျိုးများ	၈၅
	အတိတ်၀တ္ထု = ဘုရား:လောင်း:ရသေ့ မေတ္တာအကျိုး:ဟောခြင်း:	၈၆
	ဇာတ်ပေါင်း = ဘုရား:လောင်း:ရသေ့	၈၈
၁၀။ ကကဏ္ဋကဇာတ်။	= (မဟာနိပါတ် မဟာဥမင်္ဂဇာတ်တွင်ပါ၏။)	၈၈
	(၃-ကလျာဏ၀ဂ်)	
၁။ ကလျာဏဓမ္မဇာတ်။	= နား:ပင်:သောယောကွမ အသံကြောင့် သမက်ရဟန်း:ပြု	၈၈
	အတိတ်၀တ္ထု = ဗာရာဏသီသူဌေး:နှင့်ဘုရင်	၈၈
	ဇာတ်ပေါင်း = ဘုရား:လောင်း ဗာရာဏသီသူဌေး:	၉၂
၂။ ဒဒ္ဒရဇာတ်။	ပစ္စုပ္ပန်၀တ္ထု = တရား:ဟောချင်လွန်း:သော ရှင်ကောကာလိက	၉၂
	အတိတ်၀တ္ထု = ခြသေ့ကိုတုသောမြွေခွေး:	၉၄
	ဇာတ်ပေါင်း = ဘုရား:လောင်း ခြသေ့မင်း:	၉၅
၃။ မက္ကဋဇာတ်။	ပစ္စုပ္ပန်၀တ္ထု = အံ့ဖွယ်သရဲကိုဖြစ်စေတတ်သောရဟန်း:တစ်ပါး:	၉၆
	အတိတ်၀တ္ထု = ရသေ့ကိုတုသောမျောက်	၉၆
	ဇာတ်ပေါင်း = ဘုရား:လောင်း ရသေ့	၉၈
၄။ ဒုတ္တိယမက္ကဋဇာတ်။	ပစ္စုပ္ပန်၀တ္ထု = ကျေး:ဇူး:မသိ, အဆွေခင်ပွန်း:ကို-ပြစ်မှား:တတ်သော ဒေ၀ဒတ်	၉၈
	အတိတ်၀တ္ထု = ပုဏ္ဏား:ကိုချောက် ယုတ်သောမျောက်	၉၉
	ဇာတ်ပေါင်း = ဘုရား:လောင်း ပုဏ္ဏား	၁၀၁
၅။ အာဒိစ္စုပဋ္ဌာနဇာတ်။	= အံ့ဖွယ်သရဲကိုဖြစ်စေတတ်သောရဟန်း:တစ်ပါး:	၁၀၁
	အတိတ်၀တ္ထု = ရသေ့ကို တုပသောမျောက်	၁၀၁
	ဇာတ်ပေါင်း = ဘုရား:လောင်း ဆရာရသေ့	၁၀၃
၆။ ကဉ္စာယမုဋ္ဌိဇာတ်။	ပစ္စုပ္ပန်၀တ္ထု = ဘုရား:ရှင်စကား:ကြောင့် စစ်မတိုက်သောကောသလမင်:	၁၀၄
	အတိတ်၀တ္ထု = ကုလား:ပဲတစ်စေ့နှင့်မျောက်	၁၀၅
	ဇာတ်ပေါင်း = ဘုရား:လောင်း ပညာရှိအမတ်	၁၀၇

www.dhammadownload.com

(၉) **မာတိကာ**

ဇာတ်အမည်	အကြောင်းအရာဖော်ပြချက်	စာမျက်နှာ
၇။ တိန္ဒုကဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = မြတ်စွာဘုရား၏ပညာပါရမီတော်	၁၀၇
	အတိတ်ဝတ္ထု = ဉာဏ်ကောင်းသောမျောက်	၁၀၈
	ဇာတ်ပေါင်း = ဘုရားလောင်း မျောက်မင်း	၁၁၀
၈။ ကစ္ဆပဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = ယဉ်းအနာမှလွတ်သောအမျိုးသားတစ်ယောက်	၁၁၁
	အတိတ်ဝတ္ထု = အိုးထိန်းသည်နှင့်လိပ်	၁၁၁
	ဇာတ်ပေါင်း = ဘုရားလောင်း အိုးထိန်းသည်	၁၁၄
၉။ သတဓမ္မဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = အနေသနအပြားနှစ်ဆယ့်တစ်ပါး	၁၁၄
	အတိတ်ဝတ္ထု = ဒွန်းစက္ကားနှင့်ဥဒီစ္စဗြာဟ္မဏမဟာသာလပုဏ္ဏား	၁၁၅
	ဇာတ်ပေါင်း = ဘုရားလောင်း ဒွန်းစက္ကား	၁၁၈
၁၀။ ဒုဒ္ဒဒဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = ဒါယကာအပေါင်း၏အလှူကြီး	၁၁၈
	အတိတ်ဝတ္ထု = ရသေ့နှင့်ဒါယကာ	၁၁၉
	ဇာတ်ပေါင်း = ဘုရားလောင်း ဆရာရသေ့	၁၂၁

(၄-အသဒိသဝဂ်)

၁။ အသဒိသဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = မြတ်သောတောထွက်တော်မူခြင်း	၁၂၁
	အတိတ်ဝတ္ထု = လေးဝိဇ္ဇာမင်းသား	၁၂၁
	ဇာတ်ပေါင်း = ဘုရားလောင်း ဓသဒိသမင်းသား	၁၂၆
၂။ သင်္ကိစ္စာဝစရဇာတ်။	ပစ္စုပ္ပန်ဝတ္ထု=ညီတော်မင်းနန်(နန္ဒမင်းသား)အား ချုပ်ခန်း	၁၂၇
	အတိတ်ဝတ္ထု = ဆုံးမလွယ်သော မင်္ဂလာဆင်	၁၃၀
	ဇာတ်ပေါင်း = ဘုရားလောင်း ဆင်ဆရာ	၁၃၁
၃။ ဝါလောဒကဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = စားကြွင်းစားငါးရာ	၁၃၂
	အတိတ်ဝတ္ထု = အမျိုးယုတ်မာ အသံစွာသောမြည်းများ	၁၃၃
	ဇာတ်ပေါင်း = ဘုရားလောင်း ပညာရှိအမတ်	၁၃၄
၄။ ဂိရိဒတ္တဇာတ်။	ပစ္စုပ္ပန်ဝတ္ထု=ဆန့်ကျင်ဖက်အပေါင်းအဖော်ကို မှီဝဲသောရဟန်း	၁၃၅
	အတိတ်ဝတ္ထု = အတုမြင်၍အတတ်သင် ခွင်၍သွားသောမြင်း	၁၃၅
	ဇာတ်ပေါင်း = ဘုရားလောင်း ပညာရှိအမတ်	၁၃၇
၅။ အနဘိရတိဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = အိမ်ယာထောင်သဖြင့် ဗေဒင်ကိုမေ့သော ပုဏ္ဏားသတို့သား	၁၃၇
	အတိတ်ဝတ္ထု = အိမ်ထောင်ပြုခြင်းနှင့် ပုဏ္ဏား၏ဗေဒင်ပညာ	၁၃၈
	ဇာတ်ပေါင်း = ဘုရားလောင်း ဒိသာပါမောက္ခဆရာ	၁၄၀

www.dhammadownload.com

ကာတ်အမည်	အကြောင်းအရာဖော်ပြချက်	စာမျက်နှာ
၆။ ဒဓိဝါဟနကာတ်။	= ဆန့်ကျင်ဖက်အပေါင်းအဖော်ကို မှီဝဲသောရဟန်း	၁၄၀
အတိတ်ဝတ္ထု	= လက်နက်လေးပါးအစွမ်းနှင့် မင်း၏သရက်သီးခါးရခြင်း	၁၄၁
ကာတ်ပေါင်း	= ဘုရားလောင်း ပညာရှိအမတ်	၁၄၇
၇။ စတုမဋ္ဌကာတ်။	ပစ္စုပ္ပန်ဝတ္ထု = အဂ္ဂသာဝကနှစ်ပါး ရွံရှာသောရဟန်းအိုကြီး	၁၄၇
အတိတ်ဝတ္ထု	= ရက္ခစိုးနတ်၊ ဟသ်ာညီနောင်နှင့် မြေခွေး	၁၄၈
ကာတ်ပေါင်း	= ဘုရားလောင်း ရက္ခစိုး(သစ်ပင်စောင့်)နတ်	၁၄၉
၈။ သိဟကောတ္ထုကာတ်။	= တရားဟောချင်လွန်းသော ရှင်ကောကာလိက	၁၅၀
အတိတ်ဝတ္ထု	= ခြင်္သေ့နှင့်တူသော်လည်း မြေခွေးသံမြည် ခွေးခြင်္သေ့	၁၅၀
ကာတ်ပေါင်း	= ဘုရားလောင်း ခြင်္သေ့မင်း	၁၅၂
၉။ သိဟစမ္မကာတ်။	ပစ္စုပ္ပန်ဝတ္ထု = တရားဟောချင်လွန်းသော ရှင်ကောကာလိက	၁၅၂
အတိတ်ဝတ္ထု	= ခြင်္သေ့ရေခြုံသောမြည်း	၁၅၂
ကာတ်ပေါင်း	= ဘုရားလောင်း ပညာရှိလယ်သမား	၁၅၄
၁၀။ သိလာနိသံသကာတ်။	= သဒ္ဓါတရားနှင့်ပြည့်စုံသော ဒါယကာတစ်ယောက်	၁၅၄
အတိတ်ဝတ္ထု	= ဒါယကာ, နဂါးမင်း, နတ်နှင့် ဆေတ္တာသည်(သိလအကျိုးပြ)	၁၅၅
ကာတ်ပေါင်း	= ဘုရားလောင်း သမုဒ္ဒရာစောင့်နတ်	၁၅၇

(၅-ရဟကဝဂ်)

၁။ ရဟကကာတ်။	ပစ္စုပ္ပန်ဝတ္ထု = မယား:ဟောင်:ဖြား:ယောင်:သော ရဟန်:တစ်ပါး	၁၅၈
အတိတ်ဝတ္ထု	= မယား:ပြောတိုင်း တင့်တယ်စေလို၍ အရက်ကွဲသောပုဏ္ဏား	၁၅၈
ကာတ်ပေါင်း	= ဘုရားလောင်း ဗြဟ္မဒတ်မင်း	၁၆၀
၂။ သိရိကာလကဏ္ဏိကာတ်။	= (မဟာနိပါတ်၊ မဟာဥမင်္ဂကာတ်တွင်ပါရှိ၏။)	
အတိတ်ဝတ္ထု	= ၎င်း	
ကာတ်ပေါင်း	= ၎င်း	
၃။ စုဠပဒုမကာတ်။	ပစ္စုပ္ပန်ဝတ္ထု = သာသနာတော်၌ ငြိုးငွေ့သော ရဟန်:တစ်ပါး(ဥမ္မာဒန္တီကာတ်-ရှု။)	၁၆၁
အတိတ်ဝတ္ထု	= မင်းသာညီနောင်၊ မင်းသမီးနှင့်ငတုံး	၁၆၂
ကာတ်ပေါင်း	= ဘုရားလောင်း စူဠပဒုမမင်း	၁၆၈
၄။ မဏိစောရကာတ်။	ပစ္စုပ္ပန်ဝတ္ထု = ဘုရား:ရှင်အား:သတ်ရန်ကြံသော ဒေဝဒတ်	၁၆၈
အတိတ်ဝတ္ထု	= သူ့မယား:လိုချင်၍ သူ့လင်ကိုသတ်ရန်ကြံသောမင်း	၁၆၉
ကာတ်ပေါင်း	= ဘုရားလောင်း သိကြား:ပေး:သောသူကြွယ်မင်း	၁၇၃

www.dhammadownload.com

(ည) **မာတိကာ**

ဇာတ်အမည်	အကြောင်းအရာဖော်ပြချက်	စာမျက်နှာ
၅။ ပဗ္ဗတူပတ္ထရဇာတ်။	= ကောသလမင်းနှင့် နန်းတွင်းသူကိုမှားယွင်းသောအမတ်	၁၇၃
	အတိတ်ဝတ္ထု = ပညာရှိအမတ်စကားလိုက်နာသောမင်း	၁၇၄
	ဇာတ်ပေါင်း = ဘုရားလောင်း ပညာရှိအမတ်	၁၇၆
၆။ ဝလာဟကဿဇာတ်။	ပစ္စုပ္ပန်ဝတ္ထု= သာသနာတော်၌ငြိုးငွေ့သောရဟန်းတစ်ပါး	၁၇၆
	အတိတ်ဝတ္ထု= သိန်းယိုင်ကျွန်းဘီးလူးမမြို့ရောက် ကုန်သည်များ	၁၇၇
	ဇာတ်ပေါင်း = ဘုရားလောင်း ဝလာဟကမြင်းမင်း	၁၈၁
၇။ မိတ္တာမိတ္တဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = မထင်ရှားသောရဟန်းတစ်ပါး	၁၈၁
	အတိတ်ဝတ္ထု = မိတ်ဆွေ, ရန်သူခွဲ၍မသိသောရသေ့	၁၈၂
	ဇာတ်ပေါင်း = ဘုရားလောင်း ဆရာရသေ့	၁၈၃
၈။ ရာဓဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = သာသနာတော်၌ငြိုးငွေ့သောရဟန်းတစ်ပါး	၁၈၄
	အတိတ်ဝတ္ထု = ကျေးသားညီနောင်	၁၈၅
	ဇာတ်ပေါင်း = ဘုရားလောင်း ရာဓကျေးသား	၁၈၆
၉။ ဂဟပတိဇာတ်။	ပစ္စုပ္ပန်ဝတ္ထု=လူ၏အဖြစ်ကို လည်တမော့မော့မျော်သောရဟန်း	၁၈၇
	အတိတ်ဝတ္ထု = ယုတ်မာသောမိန်းမ	၁၈၇
	ဇာတ်ပေါင်း = ဘုရားလောင်း သူကြွယ်သားအိမ်ရှင်	၁၈၉
၁၀။ သာဓုသီလဇာတ်။	ပစ္စုပ္ပန်ဝတ္ထု=ပုဏ္ဏားတစ်ယောက် သမက်လောင်းရွေးခြင်း	၁၉၀
	အတိတ်ဝတ္ထု= ကိုယ်ကျင့်သီလရှိသူအား သမီးပေးသောပုဏ္ဏား	၁၉၁
	ဇာတ်ပေါင်း = ဘုရားလောင်း ဒိသာပါမောက္ခဆရာ	၁၉၂

(၆-နတ်ဒဋ္ဌဝဂ်)

၁။ ဗန္ဓနာဂါရဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = သူခိုးများနှင့် နှောင်အိမ်(ထောင်)	၁၉၃
	အတိတ်ဝတ္ထု = ကိလေသာနှောင်အိမ်ကိုဖြတ်သူ	၁၉၄
	ဇာတ်ပေါင်း= ဘုရားလောင်း သားမယားကိုစွန့်၍ရဟန်းပြုသောယောကျ်ား	၁၉၆
၂။ ကေဋိသီလဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = အရှင်လကုဏ္ဍကဘဒ္ဒိယထေရ်	၁၉၇
	အတိတ်ဝတ္ထု = အကစားသန်သောမင်း	၁၉၈
	ဇာတ်ပေါင်း = ဘုရားလောင်း သိကြားမင်း	၂၀၀
၃။ ခန္ဓဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = မြွေကိုက်၍ ပျံလွန်သောရဟန်းတစ်ပါး	၂၀၁
	အတိတ်ဝတ္ထု= မြွေမျိုးတို့အား မေတ္တာပွားစေခြင်း(ခန္ဓပရိတ်)	၂၀၁
	ဇာတ်ပေါင်း = ဘုရားလောင်း ဆရာရသေ့	၂၀၅

www.dhammadownload.com

ဇာတ်အမည်	အကြောင်းအရာဖော်ပြချက်	စာမျက်နှာ
၄။ ဝိရကဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = ဒေဝဒတ် မြတ်စွာဘုရားအတုပြုခြင်း:	၂၀၅
	အတိတ်ဝတ္ထု = တင်ကျီးနှင့်ကျီးကန်း	၂၀၆
	ဇာတ်ပေါင်း = ဘုရားလောင်း တင်ကျီးငှက်	၂၀၈
၅။ ဂင်္ဂေယျဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = အလှချင်းပြိုင်သော ရဟန်းငယ်နှစ်ပါး:	၂၀၈
	အတိတ်ဝတ္ထု = အလှချင်းပြိုင်သော ငါးနှစ်ကောင်	၂၀၉
	ဇာတ်ပေါင်း = ဘုရားလောင်း ရကွစိုးနတ်	၂၁၀
၆။ ကုရုဂံမိဂဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = ဘုရားအားသတ်ရန်ကြံသောဒေဝဒတ်	၂၁၁
	အတိတ်ဝတ္ထု = သမင်, ခေါက်ရှာငှက်, လိပ်–မိတ်ဆွေ ၃–ဦး	၂၁၁
	ဇာတ်ပေါင်း = ဘုရားလောင်း သမင်မင်း	၂၁၃
၇။ အဿကဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = မယား:ဟောင်းဖြား:ယောင်းသောရဟန်းတစ်ပါး:	၂၁၄
	အတိတ်ဝတ္ထု = အဿကမင်းနှင့်ဥပရိဒေဝီတစ်ဖြစ်လဲနွား:ချေးပိုး:	၂၁၄
	ဇာတ်ပေါင်း = ဘုရားလောင်း ရဿေ	၂၁၈
၈။ သုသုမာရဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = ဘုရားကိုသတ်ရန်ဒေဝဒတ်အား:ထုတ်ခြင်း:	၂၁၈
	အတိတ်ဝတ္ထု = မျောက်နှင့်မိကျောင်း:	၂၁၉
	ဇာတ်ပေါင်း = ဘုရားလောင်း မျောက်မင်း:	၂၂၁
၉။ ကုက္ကုဠဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = မိမိကိုယ်ကိုစောင့်ရှောက်တတ်သောပဉ္စင်းငယ်	၂၂၁
	အတိတ်ဝတ္ထု = ကျော့ကွင်းကိုရှောင်တတ်သောကြက်	၂၂၂
	ဇာတ်ပေါင်း = ဘုရားလောင်း ရကွစိုးနတ်	၂၂၃
၁၀။ ကန္ဒဂလကဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = ဒေဝဒတ်ဘုရား:အတုပြုခြင်း:	၂၂၄
	အတိတ်ဝတ္ထု = သစ်တောက်ငှက်နှင့်အဆွေခင်ပွန်း:	၂၂၄
	ဇာတ်ပေါင်း = ဘုရားလောင်း သစ်တော်ငှက်ခဒိရဝနိယ	၂၂၆

(၇–ဗိရဏာထမ္ဘကဝဂ်)

၁။ သောမဒတ္တဇာတ်။	= ရွံ.ရှာ(ရှက်တတ်)ခြင်း:များ:သော လာဋ္ဌဒေါဃိမထေရ်	၂၂၆
	အတိတ်ဝတ္ထု = ရှက်ကြောက်တတ်သောပုဏ္ဏား:	၂၂၇
	ဇာတ်ပေါင်း = ဘုရားလောင်း ပုဏ္ဏား:သား: သောမဒတ္တ	၂၃၀
၂။ ဥစ္ဆိဋ္ဌဘတ္တဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = မယား:ဟောင်းဖြား:ယောင်း:သော ရဟန်း:တစ်ပါး:	၂၃၀
	အတိတ်ဝတ္ထု = စား:ကြွင်း:စား:ပုဏ္ဏား:	၂၃၀
	ဇာတ်ပေါင်း = ဘုရားလောင်း နဠအမျိုး:သား:	၂၃၂

www.dhammadownload.com

(၄) **မာတိကာ**

ဇာတ်အမည်	အကြောင်းအရာဖော်ပြချက်	စာမျက်နှာ
၃။ ဘရုဇာတ်။	= မင်းအားလာဘ်ထိုး၍ တိတ္ထိတို့ ကျောင်းဆောက်ခြင်း	၂၃၃
	အတိတ်ဝတ္ထု = လာဘ်စားသောမင်း	၂၃၅
	ဇာတ်ပေါင်း = ဘုရားလောင်း ရသေ့	၂၃၈
၄။ ပုဏ္ဏနဒီဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = မြတ်စွာဘုရား၏ပညာပါရမီ	၂၃၈
	အတိတ်ဝတ္ထု = ပုရောဟိတ်နှင့်မင်း	၂၃၉
	ဇာတ်ပေါင်း = ဘုရားလောင်း ပုရောဟိတ်	၂၄၁
၅။ ကစ္ဆပဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = မိမိစကားကသတ်သော ရှင်ကောကာလိက	၂၄၁
	အတိတ်ဝတ္ထု = လိပ်နှင့်ဟသ်ငှက်နှစ်ကောင်	၂၄၁
	ဇာတ်ပေါင်း = ဘုရားလောင်း ပညာရှိအမတ်	၂၄၄
၆။ မစ္ဆဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = မယား ဟောင်းဖြားယောင်းသောရဟန်းတစ်ပါး	၂၄၄
	အတိတ်ဝတ္ထု = ငါးဖို၏သောကအပူမီး	၂၄၄
	ဇာတ်ပေါင်း = ဘုရားလောင်း ပုရောဟိတ်	၂၄၆
၇။ သေဂ္ဂုဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = ဟင်းရွက်သည် ဒါယကာတစ်ယောက်	၂၄၆
	အတိတ်ဝတ္ထု = သီလရှိသော သတို့သမီး	၂၄၇
	ဇာတ်ပေါင်း = ဘုရားလောင်း ရက္ခစိုးနတ်	၂၄၈
၈။ ကူဋဝါဏိဇဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = စဉ်းလဲသောကုန်သည်တစ်ယောက်	၂၄၈
	အတိတ်ဝတ္ထု = သဲကိုကြွက်စားသားကို စွန့်ချီ	၂၄၉
	ဇာတ်ပေါင်း = ဘုရားလောင်း တရားဆုံးဖြတ်သောအမတ်ကြီး	၂၅၂
၉။ ဂရဟိတဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = သာသနာတော်၌ငြိုးငွေ့သောရဟန်းတစ်ပါး	၂၅၃
	အတိတ်ဝတ္ထု = လူမှုလူရေး မျောက်မေးကဲ့ရဲ့	၂၅၃
	ဇာတ်ပေါင်း = ဘုရားလောင်း မျောက်မင်း	၂၅၅
၁၀။ ဓမ္မဓဇဇာတ်။	=မြတ်စွာဘုရားအား သတ်ရန်လုံ့လပြုသောဒေဝဒတ်	၂၅၆
	အတိတ်ဝတ္ထု = အင်္ဂါလေးပါးရှိ ဥယျာဉ်မှူးရာခိုင်းသူစစ်သူကြီးပျက်စီး	၂၅၆
	ဇာတ်ပေါင်း = ဘုရားလောင်း ပုရောဟိတ်(ဓမ္မဓဇ)	၂၆၈

(၈-ကာသာဝဂ်)

၁။ ကာသာဝဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = ရှင်ဒေဝဒတ်မတန်သောသင်္ကန်းကိုဝတ်ခြင်း	၂၆၈
	အတိတ်ဝတ္ထု = ပစ္စေကဗုဒ္ဓါသင်္ကန်းဝတ်သောမုဆိုးနှင့်ဆင်မင်း	၂၇၀
	ဇာတ်ပေါင်း = ဘုရားလောင်း ဆင်မင်း	၂၇၁

www.dhammadownload.com

ကာတ်အမည်	အကြောင်းအရာဖော်ပြချက်	စာမျက်နှာ
၂။ စူဠနန်ဒိယကာတ်။	= ရှင်ဒေဝဒတ်ရှန့်ရင်းကြမ်းတမ်းပရမ်းပတာလုပ်ပုံ	၂၇၂
	အတိတ်ဝတ္ထု = သနားခြင်းကင်းသောပုဏ္ဏားမြေမျိုး	၂၇၂
	ကာတ်ပေါင်း = ဘုရားလောင်း မဟာနန်ဒိယမျောက်	၂၇၆
၃။ ပုဋ္ဌဘတ္တကာတ်။	ပစ္စုပ္ပန်ဝတ္ထု = လင်ချစ်မယား ထမင်းထုတ်ပင်မစား၍	၂၇၆
	အတိတ်ဝတ္ထု = ဘုရင်မချစ်သော်လည်း လင်ချစ်တစ်ယောက်ရနိုင်သောမိဖုယား	၂၇၈
	ကာတ်ပေါင်း = ဘုရားလောင်း ပညာရှိအမတ်	၂၈၁
၄။ ကုမ္မိုလကာတ်။	(သုသုမာရကာတ်–ပြန်ရှု)	(၂၁၈)
၅။ ခန္ဓိဝဏ္ဏကာတ်။	ပစ္စုပ္ပန်ဝတ္ထု = ကျေးဇူးများသူကိုသည်းခံသော ကောသလမင်း	၂၈၂
	အတိတ်ဝတ္ထု = အိမ်ရာမှားသော အမတ်နှင့်ဗာရာဏသီမင်း	၂၈၃
	ကာတ်ပေါင်း = ဘုရားလောင်း ဗာရာဏသီမင်း	၂၈၄
၆။ ကောသိယကာတ်။	= အချိန်အခါမဟုတ်ဘဲစစ်ထွက်သော ကောသလမင်း	၂၈၄
	အတိတ်ဝတ္ထု = အခါမဟုတ်ထွက်သော ခင်ပုပ်ငှက်နှင့်ကျီးများ	၂၈၅
	ကာတ်ပေါင်း = ဘုရားလောင်း ပညာရှိအမတ်	၂၈၆
၇။ ဂုထပါဏကာတ်။	ပစ္စုပ္ပန်ဝတ္ထု = ငတုံးကိုမစင်ဖြင့်ဆုမွေသော ရဟန်းတစ်ပါး	၂၈၆
	အတိတ်ဝတ္ထု = မစင်ပုံဖြင့်မာန်ယစ်သောချေးပိုးနှင့်ဆင်ပြောင်	၂၈၈
	ကာတ်ပေါင်း = ဘုရားလောင်း တောစောင့်နတ်	၂၉၀
၈။ ကာမနီတကာတ်။	ပစ္စုပ္ပန်ဝတ္ထု = လောဘကြီးသော ကာမနီတပုဏ္ဏား	၂၉၀
	အတိတ်ဝတ္ထု = လောဘကြီးသောမင်း	၂၉၀
	ကာတ်ပေါင်း = ဘုရားလောင်း သိကြားမင်း	၂၉၄
၉။ ပလာယိတကာတ်။	= ဘုရားကျောင်းတံခါးမုခ်မြင်ရုံနှင့်ပြေးသောပရိဗိုဇ်	၂၉၄
	အတိတ်ဝတ္ထု = မြို့တံခါးမုခ်မြင်ရုံနှင့်ပြေးသောစစ်ပြေးမင်း	၂၉၆
	ကာတ်ပေါင်း = ဘုရားလောင်း တက္ကသိုလ်မင်း	၂၉၇
၁၀။ ဒုတိယပလာယိတကာတ်။	=ဘုရား၏အသရေတော်မြင်ရုံနှင့်ပြေးသောပရိဗိုဇ်	၂၉၈
	အတိတ်ဝတ္ထု = ကြိမ်းဝါသံကြား, နဖူးပြင်မြင်ရုံနှင့်ပြေးသောစစ်ပြေးမင်း	၂၉၈
	ကာတ်ပေါင်း = ဘုရားလောင်း ဗာရာဏသီမင်း	၃၀၀
	(၉–ဥပါဟနဝဂ်)	
၁။ ဥပါဟနကာတ်။	ပစ္စုပ္ပန်ဝတ္ထု = ဘုရားကိုဆန့်ကျင်၍ ပျက်စီးသောဒေဝဒတ်	၃၀၀
	အတိတ်ဝတ္ထု = ဆရာကိုတုသောတပည့် ပျက်စီး	၃၀၁
	ကာတ်ပေါင်း = ဘုရားလောင်း ဆင်ဆရာ	၃၀၄

www.dhammadownload.com

ဇာတ်အမည်	အကြောင်းအရာဖော်ပြချက်	စာမျက်နှာ
၂။ ဝိဏာထူဏဇာတ်။	= ကျောဖုရှိသူလူညသဘထင်၍ လိုက်ပြေးသောသူဌေးသမီး:	၃၀၄
အတိတ်ဝတ္ထု	= ငကုန်းကိုလူညသဘထင်၍ လိုက်ပြေးသောသူဌေးသမီး:	၃၀၅
ဇာတ်ပေါင်း:	= ဘုရားလောင်း ဗာရာဏသီသူဌေး:	၃၀၇
၃။ ဝိကဏ္ဏကဇာတ်။	= သာသနာတော်၌ ငြိးငွေ့သော ရဟန်းတစ်ပါး:	၃၀၇
အတိတ်ဝတ္ထု	= အရွက်မဲ့မြားဒဏ် မိကျောင်းခံရ	၃၀၈
ဇာတ်ပေါင်း:	= ဘုရားလောင်း ဗာရာဏသီမင်း:	၃၁၀
၄။ အသိတာဘူဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = လင်မချစ်၍တရား:ရသောအမျိုးသမီး:	၃၁၀
အတိတ်ဝတ္ထု	= မင်းသား:မချစ်၍ စျာန်ရသောမိဖုယား:	၃၁၁
ဇာတ်ပေါင်း:	= ဘုရားလောင်း: ရသေ့	၃၁၃
၅။ ဝစ္ဆနခဇာတ်။	= အရှင်အာနန္ဒာကို လူစည်ဉ်စိမ်, ကာမဂုဏ်ဖြင့်ဖိတ်သော မင်း:	၃၁၃
အတိတ်ဝတ္ထု	= ကာမဂုဏ်ဖြင့်ဖိတ်သောသူဌေး:	၃၁၄
ဇာတ်ပေါင်း:	= ဘုရားလောင်း: ဝစ္ဆနခပရိဗိုဇ်	၃၁၆
၆။ ဗကဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = အံ့ဖွယ်သရဲကိုဖြစ်စေတတ်သောရဟန်းတစ်ပါး:	၃၁၆
အတိတ်ဝတ္ထု	= နှုးညံ့သိမ်မွေ့ယောဆောင် ဗျိုင်းသိလကြောင်	၃၁၇
ဇာတ်ပေါင်း:	= ဘုရားလောင်း: ငါးမင်း:	၃၁၈
၇။ သာကေတဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = (ဧကနိပါတ်ပြန်ရှု)	၃၁၈
အတိတ်ဝတ္ထု	= မြင်လျှင်မြင်ခြင်း ချစ်ခြင်းပြင်းထန်	၃၁၈
ဇာတ်ပေါင်း:	= ဘုရားလောင်း: ပဏ္ဍားသား:	၃၁၉
၈။ ဧကပဒဇာတ်။	= သား:ကအကျိုး:အကြောင်း:ပြဿနာမေး:သောသူကြွယ်	၃၂၀
အတိတ်ဝတ္ထု	= ရင်ခွင်မှသား:က စီး:ပွား:ရေး:ပြဿနာမေး:သောသူဌေး:	၃၂၀
ဇာတ်ပေါင်း:	= ဘုရားလောင်း: ဗာရာဏသီသူဌေး:	၃၂၁
၉။ ဟရိတမဏ္ဍူကဇာတ်။	= စစ်နိုင်လျှင်ပြိုး စစ်ရှုံးတော့မှိုင်သည့်အဇာတသတ်	၃၂၂
အတိတ်ဝတ္ထု	= ရေမြွေနှင့် ဖား:ညို	၃၂၄
ဇာတ်ပေါင်း:	= ဘုရားလောင်း: ဖား:ညို	၃၂၄
၁၀။ မဟာပိင်္ဂလဇာတ်။	= ဒေဝဒတ်ကိုမြေမျိုး၍ လူအများ:ဝမ်း:မြောက်	၃၂၄
အတိတ်ဝတ္ထု	= သေသောအခါ လူအများ: ရယ်ရွှင်ခံရသောမင်း:	၃၂၅
ဇာတ်ပေါင်း:	= ဘုရားလောင်း: မင်း:၏သား:တော်	၃၂၈

www.dhammadownload.com

ကာတ်အမည် အကြောင်းအရာဖော်ပြချက် စာမျက်နှာ

(၁၀-သီဂါလဝဂ်)

၁။ သဗ္ဗဒါဌကာတ်။ ပစ္စုပ္ပန်ဝတ္ထု = လာဘသက္ကာရကွယ်ပျောက်သောဒေဝဒတ် ၃၂၉
အတိတ်ဝတ္ထု = ပထဝီဇယ မန္တုန်ရသောမြေခွေး ၃၂၉
ကာတ်ပေါင်း = ဘုရားလောင်း ပုရောဟိတ်ပုဏ္ဏား ၃၃၃

၂။ သုနခကာတ်။ ပစ္စုပ္ပန်ဝတ္ထု = ခွေးလိမ္မာကလေး ၃၃၃
အတိတ်ဝတ္ထု = ဘုရားလောင်းစကားဖြင့် အိမ်ပြန်ပြေးသောခွေး ၃၃၄
ကာတ်ပေါင်း = ဘုရားလောင်း ပညာရှိယောက်ျား ၃၃၅

၃။ ဂုတ္တိလကာတ်။ ပစ္စုပ္ပန်ဝတ္ထု = ဆရာဘုရားကို ရန်သူလုပ်သောဒေဝဒတ် ၃၃၆
အတိတ်ဝတ္ထု = ဆရာကို အန်တုသော တပည့်စောင်းသမား ၃၃၆
ကာတ်ပေါင်း = ဘုရားလောင်း ဆရာစောင်းဝိဇ္ဇာ ၃၄၈

၄။ ဝိဂတိစ္ဆကာတ်။ ပစ္စုပ္ပန်ဝတ္ထု = ဘုရားအမေးကြောင့်ပြေးသောပရိဗိုဇ် ၃၄၈
အတိတ်ဝတ္ထု = ဘုရားလောင်း၏အမေးကြောင့်ပြေးသောပရိဗိုဇ် ၃၄၉
ကာတ်ပေါင်း = ဘုရားလောင်း ရသေ့ ၃၅၀

၅။ မူလပရိယာယကာတ်။ = မူလပရိယာယသုဘ, ဂေါတမကသုတ်တို့ကိုဟောခြင်း ၃၅၁
အတိတ်ဝတ္ထု = ဗေဒင်သုံးပုံတတ်ရုံနှင့် ဆရာကိုမာန်ဝင့်သောပုဏ္ဏားများ ၃၅၂
ကာတ်ပေါင်း = ဘုရားလောင်း ဒိသာပါမောက္ခဆရာ ၃၅၄

၆။ ဇာလောဝါဒကာတ်။ = သီဟစစ်သူကြီးဆွမ်းအလှူခံ၍ ဘုရားအဆဲခံရ ၃၅၄
အတိတ်ဝတ္ထု = ဆွမ်းငေ့ျးပြီးအပြစ်ဝေပေးသောသူကြွယ် ၃၅၅
ကာတ်ပေါင်း = ဘုရားလောင်း ရသေ့ ၃၅၆

၇။ ပါဒဥလိကာတ်။ ပစ္စုပ္ပန်ဝတ္ထု = အဂ္ဂသာဝကနှစ်ပါးကိုဂုဏ်ပြိုင်နှုတ်ခမ်းကိုက် ၃၅၆
အတိတ်ဝတ္ထု = နှုတ်ခမ်းကိုသာကိုက်သောမင်းသား ၃၅၇
ကာတ်ပေါင်း = ဘုရားလောင်း ပညာရှိအမတ် ၃၅၈

၈။ ကိံသုကောပမကာတ်။ = ကိံသုကောပမသုတ္တန်ကိုဟောတော်မူခြင်း ၃၅၈
အတိတ်ဝတ္ထု = မင်းသားလေးယောက်ပေါက်ပင်လေးမျိုး ၃၅၉
ကာတ်ပေါင်း = ဘုရားလောင်း ဗာရာဏသီမင်း ၃၆၁

၉။ သာလကကာတ်။ ပစ္စုပ္ပန်ဝတ္ထု = ရှင်ကြီးနှိပ်စက်-ရှင်ငယ်ထွက် ၃၆၁
အတိတ်ဝတ္ထု = မျောက်ကိုနှိပ်စက်-အလမွယ်ပျက် ၃၆၂
ကာတ်ပေါင်း = ဘုရားလောင်း စပါးကုန်သည် ၃၆၄

www.dhammadownload.com

(တ) မာတိကာ

ဇာတ်အမည်	အကြောင်းအရာဖော်ပြချက်	စာမျက်နှာ
၁၀။ ကပိဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = အံ့ဖွယ်သရဲဖြစ်စေတတ်သောရဟန်းတစ်ပါး:	၃၆၄
	အတိတ်ဝတ္ထု = ရသေ့ယောင်ဆောင်သောမျောက်	၃၆၅
	ဇာတ်ပေါင်း = ဘုရားလောင်း ဖခင်ရသေ့	၃၆၇

တိကနိပါတ်

(၁-သက်ပွဝဂ်)

၁။ သက်ပွဇာတ်။	= မာတုဂါမကိုမြင်၍ ရဟန်းအဖြစ်ငြီးငွေ့သောရဟန်း:	၃၆၉
	အတိတ်ဝတ္ထု = ဝိသဘာဂကြောင့် စျာန်ယဉ်လျှောသောရသေ့	၃၇၀
	ဇာတ်ပေါင်း = ဘုရားလောင်း ရသေ့	၃၇၁
၂။ တိလမုဋ္ဌိဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = အမျက်ဒေါသကြီးသော ရဟန်းတစ်ပါး:	၃၇၆
	အတိတ်ဝတ္ထု = နှမ်းသုံးဆုပ် တုတ်သုံးချက်ကြောင့်ဒေါသဖြစ်	၃၇၆
	ဇာတ်ပေါင်း = ဘုရားလောင်း ဒိသာပါမောက္ခဆရာ	၃၈၀
၃။ မဏိကဏ္ဌဇာတ်။	= အတောင်းအရမ်းထူသော အာဠဝီတိုင်းသားရဟန်းများ:	၃၈၁
	အတိတ်ဝတ္ထု = နဂါးဧါလည်ဆွဲပတ္တမြားကို ရသေ့တောင်းခြင်း:	၃၈၂
	ဇာတ်ပေါင်း = ဘုရားလောင်း နောင်တော်ရသေ့	၃၈၅
၄။ ကုဏ္ဍကသိန္ဓဇာတ်။	= အရှင်သာရိပုတ္တရာအား ဆွမ်းလှူသောအဘွားအို	၃၈၅
	အတိတ်ဝတ္ထု = သိန္ဓောမြင်းမွေးရသောအဘွားအို, မြင်းကုန်သည်, ဘုရင်	၃၈၇
	ဇာတ်ပေါင်း = ဘုရားလောင်း မြင်းကုန်သည်	၃၉၁
၅။ သုကဇာတ်။	= အစားများ၍ အစာမကြေသောကြောင့်သေသောရဟန်း:	၃၉၂
	အတိတ်ဝတ္ထု = အစားများ၍စားပိုးနှင်သောကျေးသား	၃၉၂
	ဇာတ်ပေါင်း = ဘုရားလောင်း ကျေးမင်း	၃၉၄
၆။ ဧရဏ္ဍပါနဇာတ်။	= ရေတွင်းဟောင်းကြီးမှ ရတနာတို့ကိုရသောကုန်သည်များ:	၃၉၅
	အတိတ်ဝတ္ထု = ရတနာတို့ကိုရ၍ ရောင့်ရဲသောကုန်သည်နှင့် မရောင့်ရဲသူများ	၃၉၅
	ဇာတ်ပေါင်း = ဘုရားလောင်း လှည်းကုန်သည်မှူး	၃၉၇
၇။ ဂါမဏိစန္ဒဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = မြတ်စွာဘုရား၏ ပညာတော်ကိုချီးမွမ်းခြင်း:	၃၉၈
	အတိတ်ဝတ္ထု = ဂါမဏိစန္ဒအမတ်အမေးနှင့် အာဒါသမုခမင်းအဖြေ	၃၉၈
	ဇာတ်ပေါင်း = ဘုရားလောင်း အာဒါသမုခမင်း:	၄၁၂
၈။ မန္ဓာတုဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = မာတုဂါမကြောင့် သာသနာမှငြီးငွေ့သောရဟန်း:	၄၁၂
	အတိတ်ဝတ္ထု = သိကြားမင်းစည်းစိမ်ကိုရသော်လည်းကာမတဏှာမပြည့်	၄၁၃
	ဇာတ်ပေါင်း = ဘုရားလောင်း မန္ဓာတု (စကြာ)မင်း:	၄၁၆

www.dhammadownload.com

ဇာတ်အမည်	အကြောင်းအရာဖော်ပြချက်	စာမျက်နှာ
၉။ တိရိတဝစ္ဆဇာတ်။	= အရှင်အာနန္ဒာမထေရ် ပုဆိုးတစ်ထောင်ရခြင်း:	၄၁၇
အတိတ်ဝတ္ထု	= ရေတွင်းထဲမှ မင်းအသက်ကိုရသေ့ကယ်ဖူးကျေးဇူးသိ	၄၁၇
ဇာတ်ပေါင်း:	= ဘုရားလောင်း: ရသေ့	၄၂၁
၁၀။ ဒူတဇာတ်။ ပစ္စုပ္ပန်ဝတ္ထု	= လော်လည်သောရဟန်းတစ်ပါး:	၄၂၁
အတိတ်ဝတ္ထု	= ဝမ်းဓ၏တမန်စေခိုင်းခံရ	၄၂၁
ဇာတ်ပေါင်း:	= ဘုရားလောင်း: ဘောဇနသုဒ္ဓိကမင်း:	၄၂၄
(၂-ပဒုမဝဂ်)		
၁။ ပဒုမဇာတ်။ ပစ္စုပ္ပန်ဝတ္ထု	= အာနန္ဒာဟောဓိဠ်ရဟန်းများပန်းပူဇော်ခြင်း:	၄၂၄
အတိတ်ဝတ္ထု	= မုသားမပါအပြောလိမ္မာ၍ ပဒုမ္မာကြာပန်းရ	၄၂၅
ဇာတ်ပေါင်း:	= ဘုရားလောင်း: အပြောလိမ္မာသောသူဌေးသား:	၄၂၇
၂။ မုဒုပါဏိဇာတ်။	= မာတုဂါမကြောင့် သာသနာမှငြိုးငွေ့သောရဟန်း:	၄၂၇
အတိတ်ဝတ္ထု	= ကိုင်ထားသော ဖခင်လက်မှ ချစ်သူနောက်လိုက်သောသမီး:	၄၂၈
ဇာတ်ပေါင်း:	= ဘုရားလောင်း: ဖခင်မင်း:	၄၃၁
၃။ စူဠပလောဘနဇာတ်။	= မာတုဂါမကြောင့် သာသနာမှငြိုးငွေ့ရသောရဟန်း:	၄၃၁
အတိတ်ဝတ္ထု	= မိန်းမစွမ်းအားကြောင့် တစ်ခြားယောကျ်ားမထားလို	၄၃၂
ဇာတ်ပေါင်း:	= ဘုရားလောင်း: အနိတ္ထိဂန္ဓမင်းသား:	၄၃၅
၄။ မဟာပနာဒဇာတ်။ ပစ္စုပ္ပန်ဝတ္ထု	= အရှင်ဘဒ္ဒဇိ၏ တန်ခိုးအာနုဘော်	၄၃၅
အတိတ်ဝတ္ထု	= မဟာပနာဒမင်း ပြာသာဒ်ရခြင်း:	၄၃၉
ဇာတ်ပေါင်း:	= ဘုရားလောင်း: သိကြားမင်း:	၄၄၀
၅။ ခုရပ္ပဇာတ်။ ပစ္စုပ္ပန်ဝတ္ထု	= ဝိရိယလျော့သော ရဟန်းတစ်ပါး:	၄၄၀
အတိတ်ဝတ္ထု	= အသက်ကိုစွန့်သေဝံ့မှသူရဲကောင်းဖြစ်	၄၄၁
ဇာတ်ပေါင်း:	= ဘုရားလောင်း: တောအုပ်စောင့်အကြီး:	၄၄၃
၆။ ဝါတဂ္ဂသိန္ဓဝဇာတ်။ ပစ္စုပ္ပန်ဝတ္ထု	= အမှုလွန်သောမိန်းမ သူကြွယ်ကိုမရ	၄၄၄
အတိတ်ဝတ္ထု	= မြည်းမနှင့်သိန္ဓောမြင်း:	၄၄၅
ဇာတ်ပေါင်း:	= ဘုရားလောင်း: သိန္ဓောမြင်း:	၄၄၈
၇။ ကက္ကဋကဇာတ်။ ပစ္စုပ္ပန်ဝတ္ထု	= မ-အသံကြောင့် လင်အသက်ချမ်းသာ	၄၄၈
အတိတ်ဝတ္ထု	= ဆင်မအသံကြောင့် ဆင်ထီးချမ်းသာ	၄၄၉
ဇာတ်ပေါင်း:	= ဘုရားလောင်း: ဆင်	၄၅၂

www.dhammadownload.com

မာတိကာ

ကာတ်အမည်	အကြောင်းအရာဖော်ပြချက်	စာမျက်နှာ
၈။ အာရာမဒူသကကာတ်။	ပစ္စုပ္ပန်ဝတ္ထု = ဥယျာဉ်ဖျက်သော ဥယျာဉ်စောင့်	၄၅၂
	အတိတ်ဝတ္ထု = မျောက်ကိုရေလောင်းခိုင်းသော ဥယျာဉ်စောင့်	၄၅၃
	ကာတ်ပေါင်း = ဘုရားလောင်း ပညာရှိယောကျ်ား	၄၅၅
၉။ သုကာတကာတ်။	= သုကာတာအား မယား ၃-မျိုးပြ၍ တရားဟောဆုံးမခြင်း	၄၅၅
	အတိတ်ဝတ္ထု = နွားတ်ကြမ်းသော မယ်တော်အား သားဘုရင်ဆုံးမ	၄၅၈
	ကာတ်ပေါင်း = ဘုရားလောင်း သားရှင်ဘုရင်	၄၆၀
၁၀။ ဥလူကကာတ်။	= နေ့အခါကျီးကခင်ပုပ်ထိုး၊ ညအခါခင်ပုပ်ကကျီးခေါင်းဖြတ်	၄၆၀
	အတိတ်ဝတ္ထု = ကျီး, ခင်ပုပ်တို့၏ရန်စ ကမ္ဘာဦးက	၄၆၁
	ကာတ်ပေါင်း = ဘုရားလောင်း ဟသ်ာမင်း	၄၆၃

(၃-ဥဒပါနဝဂ်)

၁။ ဥဒပါနဒူသကကာတ်။	ပစ္စုပ္ပန်ဝတ္ထု = မြေခွေးညစ်ခဲပစ်ခံရခြင်း	၄၆၃
	အတိတ်ဝတ္ထု = ရေတွင်းကိုဖျက် မြေခွေးပျက်	၄၆၄
	ကာတ်ပေါင်း = ဘုရားလောင်း ဆရာရသေ့	၄၆၅
၂။ ဗျဂ္ဃကာတ်။	ပစ္စုပ္ပန်ဝတ္ထု = ကောကာလိကနှင့် အဂ္ဂသာဝကနှစ်ပါး	၄၆၆
	အတိတ်ဝတ္ထု = သားရဲတို့ထွက်၍ တောပျက်ရ	၄၆၆
	ကာတ်ပေါင်း = ဘုရားလောင်း ပညာရှိ ရုက္ခစိုးနတ်	၄၆၉
၃။ ကစ္ဆပကာတ်။	= ကောသလမင်း၏အမတ်နှစ်ယောက် ရန်ပြေငြိမ်း	၄၆၉
	အတိတ်ဝတ္ထု = လိပ်ပါးစပ်ကို မတော်မလျော်ပြုသောမျောက်	၄၆၉
	ကာတ်ပေါင်း = ဘုရားလောင်း ရသေ့	၄၇၁
၄။ လောလကာတ်။	ပစ္စုပ္ပန်ဝတ္ထု = လျှပ်ပေါသော ရဟန်းတစ်ပါး	၄၇၂
	အတိတ်ဝတ္ထု = ခိုနှင့်ပေါင်းပြီး ငါးအမဲမျှော်သော ကျီးပျက်	၄၇၂
	ကာတ်ပေါင်း = ဘုရားလောင်း ခိုငှက်	၄၇၅
၅။ ရုစိရကာတ်။	ပစ္စုပ္ပန်ဝတ္ထု = လျှပ်ပေါသော ရဟန်းတစ်ပါး	၄၇၅
	အတိတ်ဝတ္ထု = ခိုနှင့်ပေါင်းပြီး ငါးအမဲမျှော်သော ကျီးပျက်	၄၇၅
	ကာတ်ပေါင်း = ဘုရားလောင်း ခိုငှက်	၄၇၆
၆။ ကုရုဓမ္မကာတ်။	ပစ္စုပ္ပန်ဝတ္ထု = ဟသ်ာကို သတ်သော ရဟန်းငယ်တစ်ပါး	၄၇၇
	အတိတ်ဝတ္ထု = ကုရုဓမ္မပြင့် မိုးခေါင်, ငတ်မွတ်, ရောဂါ-ဘေးမှလွတ်	၄၇၈
	ကာတ်ပေါင်း = ဘုရားလောင်း ကောရဗျမင်း	၄၉၂

www.dhammadownload.com

ဇာတ်အမည်	အကြောင်းအရာဖော်ပြချက်	စာမျက်နှာ
၇။ ရောမကဇာတ်။	= မြတ်စွာဘုရားအား လုပ်ကြွေးရန် အားထုတ်ခြင်း:	၄၉၂
	အတိတ်ဝတ္ထု = ခိုသားစားလိုသော ရသေ့အကြွဲ ဘုရားလောင်းသိ	၄၉၂
	ဇာတ်ပေါင်း = ဘုရားလောင်း ခိုတို့၏အကြီးအကဲ	၄၉၅
၈။ မဟိံသရာဇဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = ဆင်ကြမ်းသတ်၍ မျောက်ယုတ်မာသေ	၄၉၅
	အတိတ်ဝတ္ထု = ကျွဲရိုင်းခတ်ချေ မျောက်ယုတ်မာသေ	၄၉၆
	ဇာတ်ပေါင်း = ဘုရားလောင်း ကျွဲမင်း	၄၉၈
၉။ သတပတ္တဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = ပဏ္ဍုကလောဟိတကရဟန်းနှစ်ပါး	၄၉၈
	အတိတ်ဝတ္ထု = ရန်သူကိုမိတ်ဆွေထင်သောလုလင်	၄၉၉
	ဇာတ်ပေါင်း = ဘုရားလောင်း ခိုးသူမှူးကြီး	၅၀၂
၁၀။ ပုဋ္ဌဒူသဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = အထုပ်တွေ့တိုင်းဖျက်ဆီးသောလူငယ်	၅၀၃
	အတိတ်ဝတ္ထု = အထုပ်ချတိုင်းဖျက်သောမျောက်	၅၀၃
	ဇာတ်ပေါင်း = ဘုရားလောင်း ပညာရှိယောက်ျား	၅၀၅
	(၄-အဗ္ဘန္တရဝဂ်)	
၁။ အဗ္ဘန္တရဇာတ်	=အရှင်သာရိပုတ္တရာကယသော်ဓရာထေရီအား သရက်သီးရည်လှူ	၅၀၅
	အတိတ်ဝတ္ထု = ကျေးစေတမန်အဗ္ဘန္တရသရက်သီးရဟန်	၅၀၇
	ဇာတ်ပေါင်း = ဘုရားလောင်း ရသေ့	၅၁၄
၂။ သေယျဇာတ်။	= အဆိုးထဲမှ အကောင်းရသော ကောသလမင်း၏အမတ်	၅၁၄
	အတိတ်ဝတ္ထု = နှောင်အိမ်(ထောင်)အတွင်းမှ မေတ္တာစျာန်အစွမ်း	၅၁၅
	ဇာတ်ပေါင်း = ဘုရားလောင်း ဗာရာဏသီမင်း	၅၁၈
၃။ ဝမ္ဘကိသူကရဇာတ်	=ဓနုဂ္ဂဟတိဿမထေရ်၏နည်းဗျူဟာ ကောသလမင်းစစ်နိုင်	၅၁၈
	အတိတ်ဝတ္ထု = နည်းဗျူဟာဖြင့် ကျားကိုအနိုင်ယူသော ဝက်၏စစ်ထိုးပုံ	၅၂၀
	ဇာတ်ပေါင်း = ဘုရားလောင်း ရက္ခစိုးနတ်	၅၂၅
၄။ သိရိဇာတ်။	= အနာထပိဏ်သူဌေး၏ ဘုန်းကြက်သရေ ပုဏ္ဏားခိုး၍မရ	၅၂၆
	အတိတ်ဝတ္ထု = ဘုန်းကံရှိသူထံသို့သာ ကြက်သရေရောက်	၅၂၇
	ဇာတ်ပေါင်း = ဘုရားလောင်း မင်းဆရာ	၅၃၂
၅။ မဏိသူကရဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = သုန္ဒရိပရိဗိုဇ်မအား သတ်စေ၍	
	ဘုရားကိုမကောင်းကြံသော တိတ္ထိများ	၅၃၂
	အတိတ်ဝတ္ထု = ပတ္တမြားဂူကို ညစ်နွမ်းစေရန် ဝက်များညွှန်ဖြင့်ပွတ်	၅၃၅
	ဇာတ်ပေါင်း = ဘုရားလောင်း ရသေ့	၅၃၇

www.dhammadownload.com

ဇာတ်အမည်	အကြောင်းအရာဖော်ပြချက်	စာမျက်နှာ
၆။ သာလူကဇာတ်။	= အပျိုကြီးကြောင့်သာသနာမှဦး၌ သောရဟန်း:	၅၃၇
အတိတ်ဝတ္ထု	= မင်္ဂလာဆည့်ခံပွဲတွင် လက်သုတ်ဟင်းလျာဖြစ်ရသောဝက်	၅၃၈
ဇာတ်ပေါင်း	= ဘုရား:လောင်း: မဟာလောဟိတ နွား:	၅၄၀
၇။ လာဘဂရဟဇာတ်။	= လာဘသက္ကာရဖြစ်ကြောင်းကို ကဲ့ရဲ့သောရဟန်းတော်	၅၄၀
အတိတ်ဝတ္ထု	= လာဘ်ဖြစ်ကြောင်းကို မနှစ်သက်၍တောထွက်	၅၄၁
ဇာတ်ပေါင်း	= ဘုရား:လောင်း: ဒီသာပါမောက္ခဆရာ	၅၄၂
၈။ မစ္ဆဒ္ဒါနဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = စဉ်:လဲသောကုန်သည်	၅၄၃
အတိတ်ဝတ္ထု	= အမျှဝေခြင်း၏အကျိုး အသပြာတစ်ထောင်ပြန်ရ	၅၄၃
ဇာတ်ပေါင်း	= ဘုရား:လောင်: အစ်ကိုကုန်သည်	၅၄၆
၉။ နာနာဆန္ဒဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = အရှင်အာနန္ဒာ ဆုရှစ်ပါး:ရခြင်:	၅၄၇
အတိတ်ဝတ္ထု	= နက္ခတ်အတတ်ကြောင့် ဆုထူး:ရသော ပုဏ္ဏား:မိသား:စု	၅၄၇
ဇာတ်ပေါင်:	= ဘုရား:လောင်: မင်:	၅၅၀
၁၀။ သီလဝိမံသကဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = သီလကိုစုံစမ်:သောပုဏ္ဏား	၅၅၀
အတိတ်ဝတ္ထု	= သီလ၏ကျေးဇူးကိုသိ၍ ရသေ့ရဟန်းပြုသော ပုဏ္ဏား	၅၅၀
ဇာတ်ပေါင်:	= ဘုရား:လောင်: ပုရောဟိတ်ပုဏ္ဏား:	၅၅၂

(၅-ကုမ္ဘဝဂ်)

၁။ သုရာယဒ္ဒဇာတ်	=အနာထပိဏ်၏တူ အရက်ကြောင့်ဘဝပျက်၍အသက်ဆုံး:	၅၅၂
အတိတ်ဝတ္ထု	= အရက်ဖျက်တော့ ဣစ္ဆာသယအိုး:ကွဲ၍ ဆင်:ရဲစွာသေ	၅၅၃
ဇာတ်ပေါင်:	= ဘုရား:လောင်: သိကြား:မင်:	၅၅၅
၂။ သုပတ္တဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = ယသောဓရာထေရီအား အရှင်သာရိပုတ္တရာ ထောပတ်ဆွမ်:ပေး:စေခြင်:	၅၅၅
အတိတ်ဝတ္ထု	= ကျီ:စစ်သူကြီး၏ ရဲစွမ်:သတ္တိ	၅၅၆
ဇာတ်ပေါင်:	= ဘုရား:လောင်: ကျီ:မင်:	၅၅၉
၃။ ကာယနိဗ္ဗိန္ဒဇာတ်။	= ရောဂါပျောက်က သံဝေဂရ၍ ရဟန်းပြုသူ	၅၆၀
အတိတ်ဝတ္ထု	= ဖြော့တော့သော ရောဂါမှထ၍ ရသေ့ပြုသူ	၅၆၀
ဇာတ်ပေါင်:	= ဘုရား:လောင်: ရသေ့	၅၆၂
၄။ ဇဗ္ဗုခါဒကဇာတ်။	= ဒေဝဒတ်, ကောကာလိကတို့ ဂုဏ်မဲ့အချင်:ချင်:ဂုဏ်တင်	၅၆၂
အတိတ်ဝတ္ထု	= ကျီ:နှင့်မြေခွေး:တို့ ချီ:မွမ်:ခန်:ဖွင့်၍ ပြေး:ကြရ	၅၆၃
ဇာတ်ပေါင်:	= ဘုရား:လောင်: ရကွစိ:နတ်	၅၆၅

www.dhammadownload.com

ဇာတ်အမည်	အကြောင်းအရာဖော်ပြချက်	စာမျက်နှာ
၅။ အန္ဓဇာတ်။	= ဒေဝဒတ်နှင့်ကောကာလိကတို့ ဂုဏ်မဲ့အချင်းချင်းဂုဏ်တင်	၅၆၅
အတိတ်ဝတ္ထု	= သားတွင်မြွေခွေး, ငှက်တွင်ကျီး, သစ်ပင်တွင်ကြက်ဆူ-ယုတ်မာ	၅၆၅
	ဇာတ်ပေါင်း = ဘုရားလောင်း ရက္ခစိုးနတ်	၅၆၇
၆။ သမုဒ္ဒဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = လောဘရမ္မက်ကြီးသော ဥပနန္ဒမထေရ်	၅၆၇
	အတိတ်ဝတ္ထု = သမုဒ္ဒရာရေကို ခွေတာသောက်ခိုင်းသောကျီး	၅၆၈
	ဇာတ်ပေါင်း = ဘုရားလောင်း သမုဒ္ဒရာစောင့်နတ်	၅၇၀
၇။ ကာမဝိလာပဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = မယားဟောင်းဖြားယောင်းသောရဟန်း	၅၇၀
	အတိတ်ဝတ္ထု = တံကျင်တွင် သေအံ့ဆဲဆဲပင် မယားကို ကျီးမှတစ်ဆင့်မှာသူ	၅၇၀
	ဇာတ်ပေါင်း = ဘုရားလောင်း နတ်	၅၇၂
၈။ ဥဒုမ္ဗရဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = ကျောင်းလုသော ရဟန်းတစ်ပါး	၅၇၂
	အတိတ်ဝတ္ထု = မျောက်ငယ်နေရာ ဂူကိုလုသော မျောက်ကြီး	၅၇၃
	ဇာတ်ပေါင်း = ဘုရားလောင်း ရက္ခစိုးနတ်	၅၇၅
၉။ ကောမာရပုတ္တဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = ရဟန်းတွေ အကစားသန်၍	
	အရှင်မောဂ္ဂလာန်ပြာသာဒ်ကို လှုပ်	၅၇၅
	အတိတ်ဝတ္ထု = အပေါင်းအသင်းမှ အလေ့အကျင့်ရသောမြောက်	၅၇၆
	ဇာတ်ပေါင်း = ဘုရားလောင်း ရသေ့	၅၇၉
၁၀။ ဝကဇာတ်။	= ဘုရားဖူးခွင့်ရလို၍သာ ဓုတင်ဆောင်သောရဟန်းများ	၅၇၉
	အတိတ်ဝတ္ထု = သီလစောင့်သောသစ်ကျုတ် ဆိတ်ကိုမြင်၍	၅၈၀
	ဇာတ်ပေါင်း = ဘုရားလောင်း သိကြားနတ်မင်း	၅၈၂

စတုက္ကနိပါတ်
(၁-ကာလိင်္ဂဝဂ်)

၁။ စူဠကာလိင်္ဂဇာတ်။	= အရှင်သာရိပုတ္တရာနှင့်ပြိုင်သော ပရိဗိုဇ်မလေးယောက်	၅၈၃
အတိတ်ဝတ္ထု	= သမီးလေးယောက်လည်းဆုံး စစ်လည်းရှုံးသောမင်း	၅၈၆
	ဇာတ်ပေါင်း = ဘုရားလောင်း ရသေ့	၅၉၂
၂။ မဟာအဿာရောဟဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = ကျေးဇူးပြုသူကိုကျေးဇူးပြု	၅၉၂
	အတိတ်ဝတ္ထု = တောတွင်းသား၏ ကျေးဇူးကိုဆပ်သောမင်း	၅၉၂
	ဇာတ်ပေါင်း = ဘုရားလောင်း ဗာရာဏသီမင်း	၅၉၇

www.dhammadownload.com

(ဖ) မာတိကာ

ဇာတ်အမည်	အကြောင်းအရာဖော်ပြချက်	စာမျက်နှာ
၃။ ကေရာဇာတ်။	ပစ္စုပ္ပန်ဝတ္ထု =	အကျိုးမဲ့ဖြင့် အကျိုးဆောင်သောအမတ် ၅၉၇
	အတိတ်ဝတ္ထု =	နှောင် တဲသော်လည်း မေတ္တာစျာန်ဟား၍ အကျိုးများသောမင်း ၅၉၈
	ဇာတ်ပေါင်း =	ဘုရား၊လောင်း ဗာရာဏသီမင်း ၆၀၀
၄။ ဒဒ္ဒရဇာတ်။	ပစ္စုပ္ပန်ဝတ္ထု =	ဒေါသကြီးသော ရဟန်းတစ်ပါး ၆၀၁
	အတိတ်ဝတ္ထု =	မစင်စွန့်မြေ သုံးနှစ်နေရသော နဂါးညီနောင် ၆၀၁
	ဇာတ်ပေါင်း =	ဘုရား၊လောင်း နောင်တော်နဂါး ၆၀၃
၅။ သီလဝိမံသနဇာတ်။	=	ဇေတဝန်ကျောင်းတွင်းမှ ရဟန်းငါးယောက်အကြောင်း ၆၀၄
	အတိတ်ဝတ္ထု =	သီလရှိသူ ဆရာ့သမီးကိုယူ ၆၀၄
	ဇာတ်ပေါင်း =	ဘုရား၊လောင်း ပညာရှိလုလင် ၆၀၇
၆။ သုဇာတာဇာတ်။	=	ဘုရား၊စကား၊ကြောင့် မင်းနှင့်ဖိဖုယား၊သင့်တင့် ၆၀၇
	အတိတ်ဝတ္ထု =	ဘုရား၊လောင်း၊စကား၊ကြောင့် မိဖုယား၊ကြီးသက်သာရာရ ၆၀၈
	ဇာတ်ပေါင်း =	ဘုရား၊လောင်း အမတ် ၆၁၁
၇။ ပလာသဇာတ်။	=	ဘုရား၊ရှင်ပရိနိဗ္ဗာန်ပြုမည်သို၍ အရှင်အာနန္ဒာငို ၆၁၁
	အတိတ်ဝတ္ထု =	လုပ်ကျွေးခြင်း၊အကျိုး ဒိဋ္ဌရသော ပုဏ္ဏား ၆၁၁
	ဇာတ်ပေါင်း =	ဘုရား၊လောင်း ရက္ခစိုးနတ် ၆၁၄
၈။ သကုဏဇာတ်။	ပစ္စုပ္ပန်ဝတ္ထု =	ကျေးဇူးမသိတတ်သော ဒေဝဒတ် ၆၁၄
	အတိတ်ဝတ္ထု =	အရိုးမျက်သော ခြင်္သေ့နှင့် သစ်တောက်လောက်ငှက် ၆၁၅
	ဇာတ်ပေါင်း =	ဘုရား၊လောင်း သစ်တောက်လောက်ငှက် ၆၁၇
၉။ ဆဝဇာတ်။	=	အနိမ့်မှာနေပြီး၊အမြင့်မှာနေသူအား တရားဟောသောဆင်ဂို ၆၁၇
	အတိတ်ဝတ္ထု =	နေရာမရွေးသော မင်း, ပုဏ္ဏား၊နှင့် သရက်သီး၊ခိုး၊စဏ္ဍာလသား ၆၁၇
	ဇာတ်ပေါင်း =	ဘုရား၊လောင်း စဏ္ဍာလသား ၆၂၀
၁၀။ သေယျဇာတ်။	=	တန်ဆာဆင်သော မိန်းမကြောင့် သာသနာမှငြိး၍. ၆၂၀
	အတိတ်ဝတ္ထု =	ရာထူးမမက်ဘဲ တောထွက်သော ပုရောဟိတ်သား ၆၂၁
	ဇာတ်ပေါင်း =	ဘုရား၊လောင်း ပုရောဟိတ်သား၊ရသေ့ ၆၂၄

(၂-ပုစိမန္ဒနဝဂ်)

၁။ ပုစိမန္ဒဇာတ်။	ပစ္စုပ္ပန်ဝတ္ထု =	အရှင်မဟာမောဂ္ဂလာန်ထေရ် သူခိုးကိုနှင်ခြင်း ၆၂၄
	အတိတ်ဝတ္ထု =	တမာပင်စောင့်နတ်က သူခိုးကို ပြေးစေပုံ ၆၂၅
	ဇာတ်ပေါင်း =	ဘုရား၊လောင်း တမာပင်စောင့်နတ် ၆၂၇

www.dhammadownload.com

ကာတ်အမည် အကြောင်းအရာဖော်ပြချက် စာမျက်နှာ

၂။ ကဿပမန္ဒိယကာတ်။ ပစ္စုပ္ပန်ဝတ္ထု = သားသာမဏေကို စိတ်ဆိုး၍
ခရီးအစမှပြန်သွားသော ရဟန်းကြီး ၆၂၇
အတိတ်ဝတ္ထု = သားငယ်ကိုစိတ်ဆိုး၍ ခရီးအစမှပြန်သွားသော ရသေ့အို ၆၂၈
ကာတ်ပေါင်း = ဘုရားလောင်း ဆုံးမတတ်သောရသေ့ ၆၃၁

၃။ ခန္ဓိဝါဒီကာတ်။ ပစ္စုပ္ပန်ဝတ္ထု = ဒေါသကြီးသောရဟန်း ၆၃၁
အတိတ်ဝတ္ထု = ခြေ, လက်, နား, နှာခေါင်းတို့ကို ဖြတ်သော်လည်း စိတ်မဆိုး ၆၃၁
ကာတ်ပေါင်း = ဘုရားလောင်း ရသေ့ ၆၃၆

၄။ လောကဟုမ္မိကာတ်။ = ကောသလမင်း ဒု, သ, နှ, သော-အသံကြားခြင်း ၆၃၆
အတိတ်ဝတ္ထု = ရွေးကလည်းဖြစ်ဖူး ဒု, သ, နှ, သော-အသံထူး ၆၃၉
ကာတ်ပေါင်း = ဘုရားလောင်း ရသေ့ ၆၄၂

၅။ သဗ္ဗမံသလာဘကာတ်။ = အရှင်သာရိပုတ္တရာဘုန်းစွမ်းအမဲအရသာဆွမ်းရ ၆၄၃
အတိတ်ဝတ္ထု = အဆွေခင်ပွန်းဟူသောစကား အမဲ(သား)အကုန်ရ ၆၄၄
ကာတ်ပေါင်း = ဘုရားလောင်း အမဲအား‌လုံး အကုန်ရသော သူဌေးသား ၆၄၆

၆။ သသပဏ္ဍိတကာတ်။ ပစ္စုပ္ပန်ဝတ္ထု = ဘုရားနှင့်တကွ ရဟန်းငါးရာကို
ပရိကွရာ လှူသောသူကြွယ် ၆၄၆
အတိတ်ဝတ္ထု = လ-၌ ယုန်ရေးသီကြားရေး ၆၄၇
ကာတ်ပေါင်း = ဘုရားလောင်း ယုန်ပညာရှိ ၆၅၁

၇။ မတရောဒနကာတ်။ ပစ္စုပ္ပန်ဝတ္ထု = အစ်ကိုသေဆုံး ညီငိုမဆုံး ၆၅၂
အတိတ်ဝတ္ထု = လောကဓံကိုမသိ၍ ငိုကြခြင်း ၆၅၂
ကာတ်ပေါင်း = ဘုရားလောင်း သူကြွယ်သားပညာရှိ ၆၅၅

၈။ ကဏဝေရကာတ်။ ပစ္စုပ္ပန်ဝတ္ထု = မယားဟောင်းဖြားယောင်းသောရဟန်း ၆၅၅
အတိတ်ဝတ္ထု = သာမာကြောင့် သေရသူနှင့် မယားသာမာကြောက်၍ပြေးသူ ၆၅၅
ကာတ်ပေါင်း = ဘုရားလောင်း ခိုးသူကြီး ၆၆၀

၉။ တိတ္တိရကာတ်။ = အရှင်ရာဟုလာ သီကွာရှိ, ကုက္ကုစ္စပြုတတ်, ဆုံးမလွယ်ခြင်း ၆၆၁
အတိတ်ဝတ္ထု = တယ်ခါသံကြား ခါများသေရာ တယ်ခါအပြစ်ရှိသလား ၆၆၁
ကာတ်ပေါင်း = ဘုရားလောင်း ရှင်ရသေ့ ၆၆၄

၁၀။ သုစ္စဇကာတ်။ ပစ္စုပ္ပန်ဝတ္ထု = သူကြွယ်စကားမယား‌စိတ်မချမ်းသာ ၆၆၄
အတိတ်ဝတ္ထု = မပေးဆိုလည်း ပညာရှိကြောင့် မိဖုယားကို စည်းစိမ်ပေးသောမင်း ၆၆၅
ကာတ်ပေါင်း = ဘုရားလောင်း ပညာရှိအမတ် ၆၆၉

www.dhammadownload.com

(၃-ကုဋိဒူသကဝဂ်)

၁။ ကုဋိဒူသကဇာတ်။ = အရှင်မဟာကဿပ၏ကျောင်းကို မိုးတိုက်သောရဟန်း ၆၆၉
အတိတ်ဝတ္ထု = ငှက်သိုက်ကို ဖျက်သောမျောက် ၆၇၂
ဇာတ်ပေါင်း = ဘုရားလောင်း သိဂၤိလငှက် ၆၇၄
၂။ ဒုဒ္ဒုဘဇာတ်။ = တိတ္ထိတို့၏အကျင့် မစင်လိမ်းသောလမ်း, ဒုဒ္ဒုဘသံနှင့်တူ ၆၇၄
အတိတ်ဝတ္ထု = ဥသျစ်သီးကြွေသံကို မြေပြိုပြိုဟု ပြေးကြသော သတ္တဝါများ ၆၇၅
ဇာတ်ပေါင်း = ဘုရားလောင်း ခြသေ့ ၆၇၈
၃။ ဗြဟ္မဒတ္တဇာတ်။ ပစ္စုပ္ပန်ဝတ္ထု = အတောင်းအရမ်းထူသော ရဟန်းများ ၆၇၉
အတိတ်ဝတ္ထု = သစ်ရွက်ထီးနှင့်တစ်လွှာဖိနပ်တောင်းရန် ၁၂-နှစ်ကြာ ၆၇၉
ဇာတ်ပေါင်း = ဘုရားလောင်း ရသေ့ ၆၈၂
၄။ စမ္မသာဋကဇာတ်။ = သိုးဝေ့ရန်နောက်ဆုတ်သည်ကို အရိုအသေပေးသည်ဝင် ၆၈၃
အတိတ်ဝတ္ထု = မိမိကိုဝေ့မည့်သိုးကိုပင် အရိုအသေပြုသော ပရိဗိုဇ် ၆၈၃
ဇာတ်ပေါင်း = ဘုရားလောင်း ပညာရှိကုန်သည် ၆၈၅
၅။ ဂေါဓရာဇဇာတ်။ ပစ္စုပ္ပန်ဝတ္ထု = အုံဖွယ်သရဲကို ဖြစ်စေတတ်သောရဟန်း ၆၈၆
အတိတ်ဝတ္ထု = ဖွတ်သား:စား:ရ၍ ဖွတ်ကိုသတ်လိုသော ရသေ့ ၆၈၆
ဇာတ်ပေါင်း = ဘုရားလောင်း ဖွတ်မင်း ၆၈၅
၆။ ကက္ကာရဇာတ်။ ပစ္စုပ္ပန်ဝတ္ထု = သံဃာသင်းခွဲသော ဒေဝဒတ်သွေးပူအန် ၆၈၉
အတိတ်ဝတ္ထု = နတ်ပန်းခိုင်ကို မိမိနှင့်မတန်ဘဲလိမ်ညာပန်ခြင်း ၆၈၉
ဇာတ်ပေါင်း = ဘုရားလောင်း ပညာရှိနတ်သား ၆၉၃
၇။ ကာကဝတိဇာတ်။ ပစ္စုပ္ပန်ဝတ္ထု = ကိလေသာနှောင့်ယှက်သာသနာမှထွက်လို ၆၉၃
အတိတ်ဝတ္ထု = မယား:ခိုး:သောဂဠုန်ငှက် စောင်:သမား:ဖျက်သည်ကိုမသိ ၆၉၃
ဇာတ်ပေါင်း = ဘုရားလောင်း ဗာရာဏသီမင်း ၆၉၆
၈။ အနနုသောစိယဇာတ်။ = မယား:သေဆုံး:၍ ငိုမဆုံး:သော သူကြွယ် ၆၉၆
အတိတ်ဝတ္ထု = ဇနီး:မယား:ဖြစ်ခဲ့သူရသေ့မ သေသော်လည်း:မငို ၆၉၇
ဇာတ်ပေါင်း = ဘုရားလောင်း ရသေ့ ၇၀၁
၉။ ကာဠဇာဟုဇာတ်။ ပစ္စုပ္ပန်ဝတ္ထု = နာဠာဂိရိဆင်နှင့် ဘုရား:ကို တိုက်၍
လာဘ်ပျက်သော ဒေဝဒတ် ၇၀၁
အတိတ်ဝတ္ထု = တောတွင်း:မျောက်ညိုနှိုး:ကိုရောက်လည်း: လာဘ်မမြှ ၇၀၂
ဇာတ်ပေါင်း = ဘုရားလောင်း ကျေးသား ၇၀၄

www.dhammadownload.com

ဇာတ်အမည်	အကြောင်းအရာဖော်ပြချက်	စာမျက်နှာ
၁၀။ သိလဝိမံသဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = သိလကိုစုံစမ်းသောပုဏ္ဏား	၇၀၅
	အတိတ်ဝတ္ထု = ကာမဂုဏ်အပြစ်သား တစ်သို့နယ်ရှုစဖွယ်	၇၀၅
	ဇာတ်ပေါင်း = ဘုရားလောင်း ပုရောဟိတ်ပုဏ္ဏား	၇၀၇
	(၄-ကောကိလဝဂ်)	
၁။ ကောကိလဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = စကား များသော ကောကာလိက	၇၀၈
	အတိတ်ဝတ္ထု = အခါမဟုတ်မီအသံမြည်၍ အသိုက်မှချခံရသော ဥသြ	၇၀၈
	ဇာတ်ပေါင်း = ဘုရားလောင်း ပညာရှိအမတ်	၇၁၀
၂။ ရထလဋ္ဌိဇာတ်။	= ကိုယ့်အပြစ်ကိုသူများတင်သော ပုရောဟိတ်	၇၁၀
	အတိတ်ဝတ္ထု = ၎င်း	၇၁၁
	ဇာတ်ပေါင်း = ဘုရားလောင်း ပညာရှိအမတ်	၇၁၃
၃။ ပတ္တဂေါတ္တဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = ဖွတ်ကင်ကို မယား မကျွေးဘဲပြေးပြီပြော	၇၁၃
	အတိတ်ဝတ္ထု = ဖွတ်ကင်ပြေးပြီး ပြောသောမင်းသား	၇၁၄
	ဇာတ်ပေါင်း = ဘုရားလောင်း ပညာရှိအမတ်	၇၁၆
၄။ ဏဇောဝါဒဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = ပညာရှိအမတ်အဆုံးအမ၌ တည်သောမင်း	၇၁၇
	အတိတ်ဝတ္ထု = မင်းတရားမစောင့် ပညောင်သီးခါးကြောင်းပြ	၇၁၈
	ဇာတ်ပေါင်း = ဘုရားလောင်း ရဿေ့	၇၂၁
၅။ ဇမ္မုကဇာတ်။	= ဘုရားအတုပြုသူဒေဝဒတ် ကောကာလိကဒူးနှင့်တိုက်	၇၂၁
	အတိတ်ဝတ္ထု = ခြသေ့အတုလိုက်ကာ မာန်ဟုန်ပြင်း၍ ဆင်နင်းခံရ	၇၂၂
	ဇာတ်ပေါင်း = ဘုရားလောင်း ခြသေ့	၇၂၄
၆။ ဇြဟာဆတ္တဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = အံ့ဖွယ်သရဲကိုဖြစ်စေသော ရဟန်းတစ်ပါး	၇၂၄
	အတိတ်ဝတ္ထု = ပညာနှင့်ပြည့်စုံ၍ စည်းစိမ်နှင့်တကွ တိုင်းပြည်ကိုရ	၇၂၄
	ဇာတ်ပေါင်း = ဘုရားလောင်း ပညာရှိအမတ်	၇၂၈
၇။ ပိဋ္ဌဇာတ်။	= ဝိသာခါ, အနာထပိဏ်တို့ကို ကဲ့ရဲ့ရှုတ်ချသော ရဟန်း	၇၂၈
	အတိတ်ဝတ္ထု = မမြင်ကြ၍ ဆွမ်းမရသည်ကို အပြစ်မတင်	၇၃၀
	ဇာတ်ပေါင်း = ဘုရားလောင်း ရဿေ့	၇၃၂
၈။ ထုသဇာတ်။	= ရန်သူဖြစ်မည့်သားကိုချစ်၍ အသတ်ခံရသော ဗိမ္မိသာရ	၇၃၂
	အတိတ်ဝတ္ထု = ဆရာပေးသော အသက်ပေးဂါထာ ၄-ပုဒ်အစွမ်း	၇၃၄
	ဇာတ်ပေါင်း = ဘုရားလောင်း ဒိသာပါမောက္ခဆရာ	၇၃၇
၉။ ဗာဝေရုဇာတ်။	ပစ္စုပ္ပန်ဝတ္ထု = ဘုရားပွင့်လတ် တိတ္ထိတွေငတ်	၇၃၇
	အတိတ်ဝတ္ထု = ဥဒေါင်းလည်းရောက် ကျီးမစင်ပုံရောက်	၇၃၈
	ဇာတ်ပေါင်း = ဘုရားလောင်း ဥဒေါင်းမင်း	၇၄၁

www.dhammadownload.com

(ယ)၁၀။ ဝိသယ္ဟာတ်။ ပစ္စုပ္ပန်ဝတ္ထု = အနာထပိဏ်သူဌေး ၇၄၁
အတိတ်ဝတ္ထု = အလွူပေးခြင်းကို သိကြား:မင်:ဖျက် မြက်ရိတ်၍လွှူသော သူဌေး:၇၄၁
ဇာတ်ပေါင်: = ဘုရား:လောင်: သူဌေး ၇၄၅

(၅-စုဥ္ဇကုဏ္ဍာလဝဂ်)

၁။ ကဏ္ဍာရီဇာတ် ၇၄၅
၂။ ဝါနရဇာတ်။ = မြတ်စွာဘုရား:အား သေကြောင်:ကြံသော ဒေဝဒတ် ၇၄၆
အတိတ်ဝတ္ထု = မျောက်ကို သေကြောင်:ကြံသော မိကျောင်: ၇၄၆
ဇာတ်ပေါင်: = ဘုရား:လောင်: မျောက်မင်: ၇၄၈
၃။ ကုန္တိနီဇာတ်။ = နန်:တော်မှ သူငယ်တို့ကို ကျား:စာကျွေး:သော ကြိုး:ကြာမ ၇၄၈
အတိတ်ဝတ္ထု = ငင်:အတူ ၇၄၉
ဇာတ်ပေါင်: = ဘုရား:လောင်: ဗာရာဏသိမင်: ၇၅၁
၄။ အမ္ဗဇာတ်။ = သူဌေး:သမီး ၄-ဦး:ကို ကျိန်စေသော ရဟန်း:ကြီး: ၇၅၁
အတိတ်ဝတ္ထု = သူဌေး:သမီး ၄-ယောက်တို့ ကျိန်စာပြ၂ ၇၅၂
ဇာတ်ပေါင်: = ဘုရား:လောင်: သိကြား:မင်: ၇၅၅
၅။ ရာဇကုမ္ဘဇာတ်။ ပစ္စုပ္ပန်ဝတ္ထု = ‘ျင်:ရိသော ရဟန်:တစ်ပါ: ၇၅၅
အတိတ်ဝတ္ထု = ဘုရင်ပျင်: လူပျင်:ကိုမမိ ၇၅၆
ဇာတ်ပေါင်: = ဘုရား:လောင်: ပညာရှိအမတ် ၇၅၈
၆။ ကေသဝဇာတ်။ ပစ္စုပ္ပန်ဝတ္ထု = အကျွမ်:မဝင်သူ၏ စတုမဓုထက်
ကောင်:သော မြက်သီ:ဆန်ဆွမ်: ၇၅၈
အတိတ်ဝတ္ထု = စိတ္တဇရောဂါ မင်:ဆရာဆေး:ထက် အကျွမ်:ဝင်သူ၏ယာဂုကသာ ၇၆၀
ဇာတ်ပေါင်: = ဘုရား:လောင်: ရဿဲ့ ၇၆၃
၇။ အယကူဋဇာတ်။ = မြတ်စွာဘုရား:လောကအကျိုး:အတွက် ကျင့်ခြင်: ၇၆၃
အတိတ်ဝတ္ထု = ယဇ်ပူဇော်ခြင်း:ဖြတ်၍ ဘိလူး:သတ်မည့်ဘေး:မှလွတ် ၇၆၄
ဇာတ်ပေါင်: = ဘုရား:လောင်: ဗာရာဏသိမင်: ၇၆၆
၈။ အရညဇာတ်။ ပစ္စုပ္ပန်ဝတ္ထု = အပျိုကြီး:ဖြား:ယောင်:ခံရသော ရဟန်: ၇၆၇
အတိတ်ဝတ္ထု = သတို့သမီး:ကြောင့် သီလပျက်သော ရဿေငယ် ၇၆၇
ဇာတ်ပေါင်: = ဘုရား:လောင်: ဖခင်ရဿဲ့ ၇၆၉
၉။ သန္ဓိဘေဒဇာတ်။ = ဆဗ္ဗဂ္ဂိရဟန်:တို့၏ ကုန်:စကား:ကြောင့် ရန်ပွား: ၇၆၉
အတိတ်ဝတ္ထု = မြေခွေး:၏ ကုန်စကား:ကြောင့် ခြင်္သေ့, နွား:လား:တို့သေရ ၇၇၀
ဇာတ်ပေါင်: = ဘုရား:လောင်: ဗာရာဏသိမင်: ၇၇၂
၁၀။ ဒေဝတာပဋ္ဌဇာတ်။ ၇၇၃

ဤတွင် ၅၅၀-ဇာတ်ဝတ္ထု၊ ဒုတိယတွဲ၊ မာတိကာပြီး:၏။

www.dhammadownload.com



ပုံတော်စုံ

ငါးရာငါးဆယ်ဇာတ်ဝတ္ထု

ဒုကနိပါတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

၁-ဒဋ္ဌဝဂ် ၁-ရာဇောဝါဒဇာတ်

မင်းနှစ်ပါး ဝါဒပြိုင်ပုံ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဒဋ္ဌံ ဒဋ္ဌဿ ခိပ်ပတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ရာဇောဝါဒဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ကောသလမင်းကြီးအား ဆုံးမတော် မူခြင်း** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုကောသလမင်းကြီးအား ဆုံးမတော်မူခြင်း သည် **တေသကုဏ္ဍဇာတ်*** ၌ ထင်စွာဖြစ်လတ္တံ့၊ အထူးကား တနေ့သ၌ ကောသလ မင်းကြီးသည် တခုသော အဂတိသို့ လိုက်အပ်သော ဆုံးဖြတ်ခက်သော တရားကို တရားသဖြင့် ဆုံးဖြတ်၍ နံနက်စာ စားပြီးသော် စွတ်စိုသော လက်ရှိလျက် သာလျှင် တန်ဆာဆင်အပ်သော ရထားကိုစီး၍ မြတ်စွာဘုရား၏ အထံတော်သို့

---

* တေသကုဏ္ဍဇာတ်သည် စတ္တာလီသ နိပါတ်မှာ ပါသည်။

www.dhammadownload.com

သားရဲ့ ပဋိသေ ပဒုမာ ကြာပန်းကဲ့သို့ တင့်တယ်ခြင်း ရှိကုန်သော ခြေတော်တို့ဌာ မြတ်စွာဘုရားကို ရှိခိုးရဲ့ တင့်အပ် လျောက်ပတ်သော အရပ်ဌာ နေ၏၊ ထိုအခါ ထိုကောသလ မင်းကြီးကို မြတ်စွာဘုရားသည် မြတ်သော် မင်းကြီးသင် မင်းကြီးသည် အဘယ် အကြောင်းကြောင့် ယခု အလွန်နေမြင့်မှသာလျှင် လာခဲ့တုံသနည်းဟု မိန့်တော်မူ၏၊ အရှင်ဘုရား ယနေ့ အကျွန်ုပ်သည် တခုသော အဂတိသို့ လိုက်အပ်သော ဆုံးဖြတ်ခက်သော တရားကို တရားသဖြင့် ဆုံးဖြတ်ခြင်းငှာကြောင့် ယခုမှ အခွင့်ကိုရရဲ့ ထိုတရားကို ပြီးစေပြီးလျှင် နံနက်စာ စားရဲ့ စွတ်စိုသော လက်ရှိလျက် သာလျှင် အရှင်ဘုရားတို့အား ခစားရာ အရပ်သို့ လာသည်ဖြစ်၏ဟု လျှောက်၏။

မြတ်စွာဘုရားသည် မြတ်သောမင်းကြီး တရားနှင့်ညီစွာ တရားကို ဆုံးဖြတ်ခြင်းမည်သည်ကား ကောင်း၏၊ ဤတရားနှင့် ညီစွာ စီရင်ခြင်းသည် နတ်ရွာခရီးတည်း၊ မြတ်သော မင်းကြီး ငါကဲ့သို့သော သဗ္ဗညုဘုရား၏ အတံတော်မှ အဆုံးအမကို ရကုန်ရဲ့ သင်မင်းကြီးတို့သည် တရားနှင့် ညီစွာ တရားကို အကြောင့်ကြောင့် ဆုံးဖြတ် ကုန်ရာ၏၊ ထိုသို့ ဆုံးဖြတ်ခြင်းသည် စင်စစ်သဖြင့် အံ့ဘွယ် မရှိသော်း၊ ရှေးမင်းတို့သည် အလုံးစုံသော တရားတို့ကို မသကုန်သော်လည်း ပညာရှိတို့၏ စကားကို နာရကုန်ရဲ့ တရားနှင့် ညီစွာ တရားကို ဆုံးဖြတ်ကုန်လျက် လေးပါးကုန်သော မလားအပ်ကုန်သော ချစ်ခြင်း အစရှိသည်တို့သို့ လားခြင်းတို့ကို ကြဉ်ရှောင်ကုန်ရဲ့ မင်းကျင့်တရား ဆယ်ပါးတို့ကို မပျက်စေကုန်မူရဲ့ တရားသဖြင့် မင်းပြု ကုန်ရဲ့ နတ်ပြည်၏ ပြည့်ခြင်းကို ပြုကုန်လျက် ဒုကြင် ဖြစ်ဘူးပြီ၊ ထိုဖြစ်ဘူးခြင်းသည်သာလျှင် အံ့ဘွယ်ရှိ၏ဟု မိန့်တော်မူရဲ့ ဆိတ်သိတ် နေတော်မူ၏ ထို့နောင် ထိုကောသလမင်းကြီးသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု မြတ်သော မင်းကြီး လွန်လေ ပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ မိဖုယားကြီး၏ ဝမ်း၌ ပဋိသန္ဓေ ယူရဲ့ ပဋိသန္ဓေ အစောင့် အရှောက်ကို ရရဲ့ ချမ်းသာစွာ အမိဝမ်းမှ ဖွား၏၊ ထိုဘုရားလောင်းအား အမည်မှည့်သော နေ့၌ကား ဗြဟ္မဒတ် သတို့သားဟူသော အမည်ကိုသာလျှင် မှည့်ကုန်၏၊ ထိုဗြဟ္မဒတ် သတို့သားသည် အစဉ်သဖြင့် အရွယ်သို့ ရောက်ရဲ့ တဆဲ့ခြောက်နှစ် ရှိသော ကာလ၌ တက္ကသိုလ် ပြည်သို့ သွား၍ ခပ်သိမ်းကုန်သော အတတ်တို့၏ အပြီးသို့ ရောက်ရဲ့ အဘလွန်သဖြင့် မင်းအဖြစ်၌

www.dhammadownload.com

တည်၍ တရားနှင့်ညီစွာ မင်းပြု၏၊ ဆန္ဒ အစရှိသည်တို့၏ အစွမ်းအားဖြင့် မလားအပ်သော အရာသို့ မလားမူ၍ အဆုံး အဖြတ်ကို စီရင် ဆုံးဖြတ်၏၊ ထိုဘုရားလောင်းသည် ဤသို့ တရားသဖြင့် မင်းပြုသည်ရှိသော် အမတ်တို့ သည်လည်း ဟုတ်မှန်သဖြင့်သာလျှင် တရားကို ဆုံးဖြတ်ကုန်၏၊ **တရားတို့ကို** ဟုတ်မှန်သဖြင့် ဆုံးဖြတ် စီရင်အပ်ကုန်သည်ရှိသော် ကောက်တကျစ် တရား တွေ့တတ်ကုန်သော သူတို့မည်သည် မဖြစ်ကုန်၊ ထိုကောက်တကျစ် တရား တွေ့တတ်ကုန်သော သူတို့၏ မရှိခြင်းကြောင့် တရားတွေ့ခြင်း အကျိုးငှါ မင်းယင်ပြင်၌ ဘေးရန်သည်ပြတ်၏၊ အမတ်တို့သည် တနေ့ပတ်လုံးလည်း တရား ဆုံးဖြတ်ရာ အရပ်၌ နေကုန်၍ တစုံတယောက်သော သူကို တရားဆုံးဖြတ် စိမ့်သောငှါ လာလတ်သည်ကို မမြင်ကုန်လျှင် ထ၍ ဖဲကြကုန်၏၊ ထိုစကားသည် မှန်၏၊ တရားဆုံးဖြတ်ရာ အရပ်သည် စွန့်အပ်သည်၏ အဖြစ်သို့ ရောက်၏။

ဘုရားလောင်းသည် ငါဗြဟ္မဒတ်မင်းသည် တရားသဖြင့် မင်းပြုသည်ရှိသော် ဆုံးဖြတ်ရာအရပ်သို့ လာကုန်သော သူတို့မည်သည် မရှိကုန်၊ ဘေးရန်သည်လည်း ပြတ်၏၊ ဆုံးဖြတ်ရာ အရပ်သည်လည်း စွန့်အပ်သည်၏ အဖြစ်သို့ ရောက်၏၊ ယခု အခါ၌ ငါသည် မိမိ၏ကျေးဇူးမဲ့ကို ရှာခြင်းငှါ သင့်၏၊ ဤမည်သည်ကား ငါ၏ ကျေးဇူးမဲ့တည်း၊ ဤသို့ ကြား၍ ထိုကျေးဇူးမဲ့ကို ပယ်၍ ဂုဏ်ကျေးဇူး၌သာလျှင် ကိုယ်ကို ဖြစ်စေအံ့ဟု ကြံ၏၊ ထိုကာလမှစ၍ ငါ၏ ကျေးဇူးမဲ့ကို ပြောဆိုသော တစုံတယောက်သော သူတို့သည် ရှိသံ့လောဟု စုံစမ်းသည်ရှိသော် နန်းတော် တွင်း၌ သုံးဆောင်စေပါးကုန်သောသူတို့၏အတွင်း၌ ကျေးဇူးမဲ့ကိုပြောဆိုသော တစုံတယောက်သောသူကို မမြင်မတွေ့၍ မိမိ၏ ဂုဏ်ကျေးဇူးစကားကိုသာလျှင် ကြား၍ ထိုသူတို့သည် ငါ့ကို ကြောက်ခြင်းကြောင့်လည်း ကျေးဇူးမဲ့ကို မဆိုကုန်မူ၍ ကျေးဇူးကိုသာလျှင် ဆိုကုန်ရာ၏ဟု ကြံ၍ နန်းတော်အပ၌ သုံးဆောင်စေပါးသော သူအပေါင်း၌ စုံစမ်းသည်ရှိသော် ထိုသူတို့၌လည်း မမြင်မတွေ့၍ မြို့တွင်း၌ စုံစမ်း၏၊ မြို့ပ၌ဌင်း မြို့တံခါး လေးမျက်နှာတို့၌ဌင်း မြို့လေးမျက်နှာ ရွာ၌ဌင်း စုံစမ်း၏၊ ထိုအရပ်တို့၌လည်း ကျေးဇူးမဲ့ကို ပြောဆိုသော တစုံတယောက်သော သူကို မမြင်မတွေ့ မိမိ၏ ဂုဏ်ကျေးဇူး စကားကိုသာလျှင် ကြား၍ ဇနပုဒ်ကို စုံစမ်းအံ့ဟု အမတ်တို့ကို ပြည်ကို ဆောင်နှင်းခဲ့ပြီးလျှင် ရထားစီး၍ ရထားထိန်းကိုသာ ယူ၍ မထင်ရှားသော အသွင်ဖြင့် မြို့မှထွက်ခဲ့၍ ဇနပုဒ်ကို စုံစမ်းလျက် အရပ်စွန့်တိုင်အောင် သွား၍ ကျေးဇူးမဲ့ကို ပြောဆိုသော တစုံတယောက်သောသူကို မတွေ့မမြင်၍ မိမိ၏

www.dhammadownload.com

ဂုဏ်ကျေးဇူးစကားကိုသာလျှင် ကြား၍ အရေပ်စွန် အပိုင်းအခြားမှ ခရီးမဖြင့် မြို့သို့ ရွေးရှုသာလျှင် ပြန်ခဲ့၏။

ထိုကာလ၌ကား ဗလိုကအမည်ရှိသော ကောသလမင်းသည်လည်း တရားသဖြင့် မင်းပြုသည်ရှိသော် ကျေးဇူးမဲ့ကို ပြောဆိုသောသူကို ရှာသည်ဖြစ်၍ နန်းတော်တွင်း၌ စေပါးသုံးဆောင်ကုန်သော သူ အစရှိသည်တို့၌ မိမိ၏ ကျေးဇူးစကားကိုသာလျှင် ကြား၍ ဇနပုဒ်ကို စုံစမ်းသည်ရှိသော် ထိုအရပ်သို့ ရောက်၏၊ ထိုမင်းနှစ်ပါးတို့သည်လည်း တခုသောချိုင်းဝှမ်းရာ လှည်းကြောင်းခရီး၌ ရွေးရှု ဆိုင်မိကြကုန်၏၊ ရထား၏ ရှောင်လဲစရာ အရပ်သည်မရှိ၊ ထိုအခါ ဗလိုကမင်း၏ ရထားထိန်းသည် ဗာရာဏသီမင်း၏ ရထားထိန်းကို အို ရထားထိန်း သင်၏ ရထားကို ရှောင်လဲလော့ဟု ဆို၏၊ ထိုဗာရာဏသီမင်း၏ ရထားထိန်းသည်လည်း ဗလိုကမင်း၏ ရထားထိန်းကို အို ရထားထိန်း သင်၏ ရထားကို ရှောင်လဲလော့ ဤရထား၌ ဗာရာဏသီပြည့်ရှင်ဖြစ်သော ဗြဟ္မဒတ်မင်းမြတ်သည် စီးတော်မူ၏ဟု ဆို၏၊ ဗလိုကမင်း၏ ရထားထိန်း သည်လည်း ထိုဗာရာဏသီမင်း၏ ရထားထိန်းကို အို ရထားထိန်း ဤရထား၌ ကောသလပြည့်ရှင်ဖြစ်သော ဗလိုကမင်းမြတ်သည် စီးတော်မူ၏၊ သင်၏ရထားကိုရှောင်လဲ၍ ငါတို့မင်း၏ ရထားအား အခွင့်ကို ပေးလော့ဟု ဆို၏၊ ဗာရာဏသီမင်း၏ ရထားထိန်းသည် ဤအရှင် သည်လည်း မင်းလျှင်ဖြစ်သတဲ့တ်၊ အသို့လျှင် ပြုအပ်သနည်းဟု ကြံသည်ရှိသော် အရွယ်ကိုမေး၍ ငယ်သောမင်း၏ ရထားကို ရှောင်လဲစေ၍ ကြီးသောမင်းအား အခွင့်ကို ပေးစေအံ့၊ ဤအကြောင်းသည် ရှိ၏ဟု ဆုံးဖြတ်ခြင်းကို ပြု၍ ထိုကောသလမင်း၏ ရထားထိန်းကို ကောသလမင်း၏ အရွယ်ကို မေး၍ စုံစမ်းသည်ရှိသော် နှစ်ပါးကုန်သော မင်းတို့၏လည်း အရွယ်တူမျှကြကုန်သည်၏ အဖြစ်ကို သိ၍ ပြည်ပမာဏကိုငင်း ဗိုလ်ပါကိုငင်း စည်းစိမ်ဥစ္စာကိုငင်း အခြေအရံကိုငင်း ဇာတ်,အနွယ်,အမျိုး ဟူသော ညွှန်ပြအပ်သော ဂုဏ်ကိုငင်း၊ ဤသို့ အလုံးစုံကို မေးဦး၍ မင်းနှစ်ပါးတို့သည်လည်း ယူဇနာ သုံးရာနှင့်နှင့် ရှိသော ပြည်၏ အရှင်ဖြစ်ကြကုန်၏၊ တူသော ဗိုလ်ပါ ဥစ္စာ အခြေအရံ ဇာတ်,အနွယ်, အမျိုးဟူသော ညွှန်ပြအပ်သောဂုဏ် ရှိကြကုန်၏ဟု သိ၍ သီလရှိသော သူအား အခွင့်ကို ပေးအံ့ဟုကြံ၍ အို ရထားထိန်း သင်တို့မင်း၏ သီလ အကျင့်သည် အဘယ်သို့ သဘောရှိသနည်းဟု မေးသည် ရှိသော် ထိုဗလိုကမင်း၏ ရထားထိန်းသည် ဤသည်ကား ငါတို့မင်း၏ သီလ အကျင့်တည်းဟု မိမိမင်း၏ ကျေးဇူးမဲ့ကို ပင်လျှင် ကျေးဇူးဟူ၍ ပြလိုရကား-

www.dhammadownload.com

၁ ဒဋ္ဌံ ဒဋ္ဌဿ ခီပွတိ၊ ဗလ္လိကော မုဒုနာ မုဒုံ။
သာဓုမ္ဟိ သာဓုနာ ဇေတိ၊ အသာဓုမ္ဟိ အသာဓုနာ။
ဇေတာဒိသော အယံ ရာဇာ၊ မဂ္ဂါ ဥယျာဟိ သာရထိ။

ဟူသော ရွေးဦးစွာသော ဤဂါထာကို ဆို၏။

အမျှော သာရထိ၊ အို ရထားထိန်း။ နော၊ ငါတို့၏။ ဗလ္လိကော၊ ဗလ္လိက မင်းသည်။ ဒဋ္ဌဿ၊ ကြမ်းကြုတ် ခက်ထန်သောသူ၏။ ဥပရိ၊ အပေါ်၌။ ဒဋ္ဌံ၊ ကြမ်းကြုတ် ခက်ထန်သော ဒဏ်ကို။ ခီပွတိ၊ တင်၏။ မုဒုံ၊ နူးညံ့သောသူကို။ မုဒုနာ၊ နူးညံ့သဖြင့်။ ဇေတိ၊ အောင်၏။ သာဓုမ္ဟိ၊ ကောင်းသောသူကိုလည်း။ သာဓုနာ၊ ကောင်းသဖြင့်။ ဇေတိ၊ အောင်၏။ အသာဓုမ္ဟိ၊ မကောင်းသောသူကိုလည်း။ အသာဓုနာ၊ မကောင်းသဖြင့်။ ဇေတိ၊ အောင်၏။ သာရထိ၊ ရထားထိန်း။ အယံ ရာဇာ၊ ဤငါတို့သခင် အရှင်ဗလ္လိကမင်းသည်။ ဇေတာဒိသော၊ ဤသို့သဘောရှိ၏။ တံ့၊ သင်သည်။ မဂ္ဂါ၊ ခရီးမှ။ ဥယျာဟိ၊ ဖဲလေလော့။

ထိုအခါ၌ ဗလ္လိကမင်း၏ ရထားထိန်းကို ဗာရာဏသီမင်း၏ ရထားထိန်းသည် အို ရထားထိန်း သင်သည် မိမိမင်း၏ ကျေးဇူးစကားကို ဆိုသလောဟု ဆို၍ ဗလ္လိကမင်း၏ ရထားထိန်းက ဟုတ်၏ဟု ဆိုသည်ရှိသော် ထို အကျင့်တို့ကို ဂုဏ်ကျေးဇူးတို့ဟူ၍ အကယ်၍ဆိုတုံ့အံ့၊ ကျေးဇူးမဲ့တို့သည်ကား အသို့သဘော ရှိလေတုံ့အံ့နည်းဟု ဗာရာဏသီမင်း၏ ရထားထိန်းက ဆို၍ ထိုအကျင့်တို့သည် ကျေးဇူးမဲ့တို့သည် ဖြစ်စေဦး၊ သင်တို့မင်း၏ ကျေးဇူးသည်ကား အဘယ်သို့သဘောရှိသနည်းဟု ဗလ္လိကမင်း၏ ရထားထိန်းက ဆိုသည်ရှိသော် ထိုသို့တပြီးကား နာလောဟု ဆို၍—

၂ အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ။
ဇေတာဒိသော အယံ ရာဇာ၊ မဂ္ဂါ ဥယျာဟိ သာရထိ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

အမျှော သာရထိ၊ အို ရထားထိန်း။ နော ရာဇာ၊ ဗာရာဏသီပြည်ကြီး သေဋ္ဌနင်း တို့ရှင်မင်းသည်။ ကောဓံ၊ အမျက် ထွက်တတ်သော သူကို။

www.dhammadownload.com

အက္ကောဓေန၊ မေတ္တာဖြင့်။ ဇီဓန၊ အောင်၏။ အသာမုံ၊ မကောင်းသောသူကို။ သာဓုနာ၊ ကောင်းသဖြင့်။ ဇ်နေ၊ အောင်၏။ ကဒရိယံ၊ စဉ်းလဲသော သူကို။ ဒါနေန၊ ပေးကမ်းသဖြင့်။ ဇ်နေ၊ အောင်၏။ အလိကဝါဒိနံ မဟုတ်မမှန် ဘောက်ပြန် ယွင်းချက် ဆိုလေ့ရှိသော သူကို။ သစ္စေန၊ အဟုတ်အမှန်ကို ဆိုသဖြင့်။ ဇီနေ၊ အောင်၏။ သာရထိ၊ ရထားထိန်း။ အယံ ရာဇာ၊ ဤငါတို့ သခင် အရှင်မင်းမြတ်သည်။ တောဒိသော၊ ဤသို့သဘောရှိ၏။ တုံ၊ သည်။ မဂ္ဂါ၊ ခရီးမှ။ ဥယျာဟိ၊ ရှောင်လွဲလေလော့။

ဤသို့ ဆိုသည်ရှိသော် ဗလိကမင်းသည်၎င်း ရထားထိန်း သည်၎င်း နှစ်ယောက်ကုန်သော သူတို့သည်လည်း ရထားမှ သက်ကုန်၍ မြင်းတို့ကို ချတ်ပြီးလျှင် ရထားကို ပယ်ကုန်၍ ဗာရာဏသီမင်းအား ခရီးကို ပေးကုန်၏။ ဗာရာဏသီမင်း သည်လည်း ဗလိကမင်းအား အဆွေ မင်းမည်သည်ကား ဤမည်သော ဤမည်သော အမှုကိုလျှင် ပြုခြင်းဌာ သင့်၏ဟု အဆုံးအမကို ပေးလိုက်ပြီးလျှင် ဗာရာဏသီပြည်သို့သွား၍ ဒါနအစရှိကုန်သောကောင်းမှုတို့ကို ပြု၍ အသက်၏အဆုံး၌ နတ်ပြည်ကိုပြည့်စေ၏၊ ဗလိကမင်းသည်လည်း ထိုဗာရာဏသီမင်း၏အဆုံးအမကို ယူပြီးလျှင် ဇနပုဒ်ကို စုံစမ်း၍ မိမိ၏ ကျေးဇူးမဲ့ကို ဆိုသောသူကို မတွေ့မမြင်လျှင် မိမိမြို့သို့ သွားလေ၍ ဒါန အစရှိကုန်သော ကောင်းမှုတို့ကိုပြု၍ အသက်၏အဆုံး၌ နတ်ပြည်ကိုသာလျှင် ပြည့်စေ၏။

ဇာတ်ပေါင်း သဗ္ဗညု မြတ်စွာဘုရားသည် ကောသလ မင်းကြီးအား ဆုံးမတော်မူအံ့သောငှါ ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ မြတ်သော ကောသလမင်းကြီး ယခုအခါ မောဂ္ဂလာန်သည် ထိုအခါ ဗလိကမင်း၏ ရထားထိန်း ဖြစ်ဘူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ဗလိကမင်းဖြစ်ဘူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဗာရာဏသီမင်း၏ ရထားထိန်း ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်ကား ထိုအခါ ဗာရာဏသီမင်း ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်တော်ကို ပေါင်းတော်မူ၏။

(ဒေရေးကြိုပြန်၊ ကိုယ်ကျင့်မှန်၊ ဇကန အောင်နိုင်မှ)

ရှေးဦးစွာသော ရာဇော ဝါဒဇာတ်သည် ပြီး၏။

www.dhammadownload.com

၂-သိင်္ဂါလဇာတ်

မြေခွေးနှင့် ခြင်္သေ့

ပစ္စုပ္ပန်ဝတ္ထု၊ နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အသမေက္ခိတ ကမ္မန်" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ သိင်္ဂါလဇာတ်ကို ကူဋဂါရ ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဝေသာလီပြည်၌ နေသော **တယောက်သော ဆေတ္တာသည် သား**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုလုလင်ငယ်၏ အဘသည် မင်းတို့၏ဌင်း မင်းမောင်းမတို့၏ဌင်း မင်းသားတို့၏ဌင်း မင်းသမီး တို့၏ဌင်း မုတ်ဆိတ် ကြင်စုယ်ကို ပြုပြင်ခြင်း ဆံကို ကောင်းစွာတည်စေခြင်းငှါ ထားသင့်ရာ၌ ထားခြင်း အစရှိကုန်သော ခပ်သိမ်းကုန်သော ကိစ္စတို့ကို ပြု၏၊ သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ ရတနာ သုံးပါးအား ကြည်ညို၏၊ ရတနာသုံးပါးသို့ ဆည်းကပ်၏၊ ပဉ္စသီလ ဆောက်တည်၏၊ ကြိုးကြား ကြိုးကြားသော ကာလ၌ မြတ်စွာဘုရား၏ တရားတော်ကို နာလျက် ကာလကိုလွန်စေ၏၊ ထိုဆေတ္တာသည် ဒါယကာသည် တနေ့သ၌ မင်း၏နန်းတော်တွင်းအမှုကို ပြုအံ့သောငှါ သွားသည် ရှိသော် မိမိသားကို ခေါ်၍ သွား၏၊ ထိုဆေတ္တာသည် သားသည် ထိုမင်း၏ နန်းတော်၌ နတ်သမီးနှင့်တူသော တန်ဆာ ဆင်ခြင်းနှင့်စပ်သော လိစ္ဆဝီ မင်းသမီးကိုမြင်၍ ကိလေသာ၏ အစွမ်းဖြင့် စွန်းငြိသော စိတ်ရှိသည်ဖြစ်၍ အဘနှင့်တကွ မင်း၏နန်းတော်မှ ထွက်ခဲ့၍ ထိုမင်းသမီးငယ်ကို ရမ္မသာလျှင် အသက်ရှင်အံ့ မရသည်ရှိသော် ဤအရပ်၌ပင်လျှင် ငါ့အား သေခြင်းသည် ဖြစ်စေဟု အစာအာဟာရကိုဖြတ်လျက် ညောင်စောင်းပေါင်ကိုဘက်၍ အိပ်၏။

ထိုအခါ ထိုလုလင်ကို အဘသည် ချဉ်းကပ်၍ ချစ်သား အရာမဟုတ်သည်၌ ပြင်းပြစွာသော တပ်စွန်းခြင်းကို မပြုလင့်၊ သင်ကား ဆေတ္တာသည် သားဖြစ်၍ ယုတ်မာသောအမျိုးရှိသောသူဖြစ်ချေသည်တကား၊ လိစ္ဆဝီသတို့သမီးသည်ကား မင်းသမီးဖြစ်၍ အမျိုးနှင့်ပြည့်စုံပေ၏၊ ထိုလိစ္ဆဝီမင်းသမီးသည် သင့်အား မထိုက်မလျော်ချေ၊ တပါးသော အမျိုးအနွယ်တို့ဖြင့် သင်နှင့်တူသော သတို့သမီးငယ်ကို သင့်ဘို့ဆောင်အံ့ဟု ဆို၏၊ ထို လုလင်ငယ်သည် အဘစကားကို မယူ၊ ထိုအခါ၌ ထိုလုလင်ကို အမိသည်ဌင်း အစ်ကိုသည်ဌင်း နှမသည်ဌင်း ဘထွေးသည်ဌင်း မိထွေးသည်ဌင်း အလုံးစုံလည်းဖြစ်ကုန်သော ဆွေမျိုးတို့သည်ဌင်း

www.dhammadownload.com

အဆွေခင်ပွန်း နှလုံးအကျွမ်းဝင်ကုန်သော သူတို့သည်၎င်း စည်းဝေးကုန်၍ အမှတ်ပေးကုန်သော်လည်း မှတ်စိမ့်သောငှါ မတတ်နိုင်ကုန်၊ ထိုလုလင်သည် ထိုညောင်စောင်းပေါ်၌သာလျှင် ခြောက်တပ်၍ အသက်ကုန်ခြင်းသို့ ရောက်၏၊ ထိုအခါ၌ ထိုလုလင်၏ အဘသည် သေသူတို့အား ပြုအပ်သော ကိစ္စတို့ကို ပြု၍ စိုးရိမ်ခြင်း ပွားလတ်သော် မြတ်စွာဘုရားကို ရှိခိုးအံ့ဟု မျှားစွာသော နှံ့သာပန်းနှံ့သာပျော်ငှင်းတို့ကို ယူ၍ မဟာဝုန်တောသို့ သွားပြီးလျှင် မြတ်စွာဘုရားကို ပူဇော်ရှိခိုးပြီးလျှင် တင့်အပ်လျောက်ပတ်သောအရပ်၌ နေ၍ ဒါယကာသင်သည် အဘယ့်ကြောင့် မျှားစွာသော နှေတို့ပတ်လုံး မထင်လာတုံသနည်းဟု မိန့်တော်မူသည်ရှိသော် ထိုအကြောင်းကို ကြားလျှောက်၏၊ မြတ်စွာဘုရား သခင်သည် ဒါယကာ သင်၏သားသည် ယခုအခါ၌သာလျှင် အရာမဟုတ်သည်၌ ပြင်းပြစွာသော တပ်စွန်းခြင်းကို ဖြစ်စေ၍ ပျက်စီးခြင်းသို့ ရောက်သည် မဟုတ်သေး၊ ရှေး၌လည်း ရောက်ဘူးသည် သာလျှင်တည်းဟု မိန့်တော်မူ၍ ထိုဆေတ္တာသည် ဒါယကာသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ ဒါယကာ လွန်လေပြီးသေခအခါ ဗာရာဏသီပြည်၌ဖြတ်မှဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်ဝယ် ခြသေ့အမျိုး၌ ဖြစ်၏၊ ထို ဘုရားလောင်း၏ ညီငယ်တို့သည် ခြောက်စီးတို့သည် ဖြစ်ကုန်၏၊ နှမသည် တစီး ဖြစ်၏၊ အလုံးစုံသော ခြသေ့တို့သည်လည်း ရှေ့ဂူ၌ နေကြကုန်၏၊ ထိုရှေ့ဂူ၏ အနီး၌ကား ငွေတောင်၌ တခုသော ဖလ်ဂူသည်ရှိ၏၊ ထိုဖလ်ဂူ၌ တခုသော မြေခွေးသည် နေ၏၊ နောက် အဘို့၌ ခြသေ့တို့၏ အမိအဘတို့သည်သေကုန်၏၊ထိုခြသေ့တို့သည် ခြသေ့မငယ်ဖြစ်သော နှမကို ရှေ့ဂူ၌ထားခဲ့၍ အစာရှာကုန်အံ့သောငှါ ဖဲကုန်၍ အသားကို ဆောင်ခဲ့ကုန်၍ ထိုနှမအား ပေးကုန်၏၊ ထိုမြေခွေးသည် ထိုခြသေ့မငယ်ကို မြင်၍ ကြိုက်နှစ်သက်သောစိတ်ရှိသည် ဖြစ်၏၊ ထိုခြသေ့မငယ်၏ကား မိဘတို့၏ ထင်ရှားရှိစဉ် ကာလ၌ ထိုမြေခွေးနှင့် အခွင့်ကို မရ၊ ထိုမြေခွေးသည် ထိုခုနစ်စီးကုန်သော ခြသေ့တို့၏ အစာရှာအံ့သောငှါ သွားသောကာလ၌ ဖလ်ဂူမှသက်၍ ရှေ့ဂူ၏တံခါးသို့သွားပြီးလျှင် ခြသေ့မငယ်၏ရှေ့မှ လောကာမိသဟု ဆိုအပ်သော ကာမဂုဏ် ငါးပါးနှင့်စပ်သော ဤသို့သဘောရှိသောလျှိုဝှက်အပ်သောစကားကို ဆို၏၊ အဘယ်သို့ ဆိုသနည်းဟူမူကား အရှင် ခြသေ့မငယ် ငါသည်လည်း အခြေလေးချောင်းရှိသော သားတည်း၊ သင်သည်လည်း အခြေလေးချောင်းရှိသော သားမတည်း၊ သင်သည် ငါ၏ မယားဖြစ်ပါ၊လော့ ငါသည် သင်၏လင်ဖြစ်ပါအံ့၊

www.dhammadownload.com

ထိုငါတို့သည် ညီညွတ်ကြကုန်၍ ဝမ်းမြောက်ကြကုန်၍ နေကြကုန်အံ့၊ သင်သည် ဤနေ့မှစ၍ ငါ့ကို ကိုလေသာ၏အစွမ်းဖြင့် ချီးမြှောက် ထောက်ပံ့ပါလော့ဟု ဆို၏။

ထိုခြင်္သေ့မငယ်သည် မြေခွေးစကားကို ကြား၍ ကြံ၏၊ အဘယ်သို့ကြံသနည်း ဟူမူကား ဤမြေခွေးသည် အခြေလေးချောင်းရှိကုန်သော သားတို့၏ဘောင်၌ ယုတ်၏၊ စက်ဆုပ်ဘွယ်ရှိ၏၊ ဒုန်းစတ္တားမျိုးနှင့် တူ၏၊ ငါတို့သည်ကား မြတ်သော မင်းမျိုးဟု သမုတ်အပ်ကုန်သော သားတို့တည်း၊ ဤမြေခွေးသည်လျှင် ငါနှင့် တက္ခ မလျောက်ပတ် မထိုက်တန်သော စကားကို ဆိုလာ၏၊ ငါသည် ဤသို့ သဘောရှိသော စကားကို ကြား၍ အသက်ရှင်ခြင်း၌ အဘယ်မူအံ့နည်း၊ နှာခေါင်းလေကို အောင့်၍ သေတော့အံ့ဟု ကြံ၏၊ ထိုနောက်မှ ခြင်္သေ့မအား ဤသို့သောအကြံသည် တဖန် ဖြစ်ပြန်၏၊ အဘယ်သို့ ဖြစ်ပြန်သနည်းဟူမူကား ငါ့အား ဤသို့သာလျှင် သေခြင်းသည် မသင့်လှသေး၊ ငါ့မောင်တို့သည် လာစေကုန်ဦး၊ ထိုမောင်တို့အား ပြောဆို၍ သေအံ့ဟု အကြံသည် ဖြစ်ပြန်၏၊ မြေခွေးသည်လည်း ခြင်္သေ့မငယ်၏ အထံမှ စကားတုံ့ကိုမရ၍ ယခုအခါ၌ ဤခြင်္သေ့မငယ်သည် ငါ့အား အမျက်ထွက်၏ဟု နှလုံးမသာယာခြင်းသို့ ရောက်၍ ဖလ်ဂူသို့ ဝင်၍ အိပ်၏။

ထိုအခါ၌ ခြင်္သေ့ငယ် တစီးသည် ကဲ့, ဆင် အစရှိသည်တို့တွင် တခုခုကို သတ်လျက် အသားကို စားပြီးလျှင် နှမဘို့ဆောင်ခဲ့၍ နှမငယ် အသားကို စားလော့ဟု ဆို၏၊ မောင်ချစ် အကျွန်ုပ်သည် အသားကို မစားပြီ၊ သေတော့အံ့ဟု ဆိုသည်ရှိသော် နှမငယ် အဘယ်ကြောင့် သင်သည် သေလတ္တံ့နည်းဟု ဆို၏၊ ထိုခြင်္သေ့မငယ်သည် ထိုမြေခွေး ဆိုလာသော အကြောင်းကို ကြား၏၊ နှမငယ် ထိုမြေခွေးသည် ယခု အဘယ်မှာ နေသနည်းဟု မေးသည်ရှိသော် ဖလ်ဂူ၌ အိပ်သော မြေခွေးကို ကောင်းကင်၌ အိပ်လေသည် ထင်မှတ်၍ မောင်ချစ် အဘယ်ကြောင့် မောင်မမြင်သနည်း၊ထိုမြေခွေးသည် ငွေတောင်ထိပ် ကောင်းကင်၌ အိပ်၏ဟု ဆို၏၊ခြင်္သေ့ငယ်သည် ထိုမြေခွေး၏ ဖလ်ဂူ၌အိပ်သည်၏ အဖြစ်ကို မသိခြင်းကြောင့် ကောင်းကင်၌ အိပ်၏ဟု အမှတ်ရှိသည် ဖြစ်၍ ထိုမြေခွေးကို သတ်အံ့ဟု ခြင်္သေ့တို့၏အဟုန်ဖြင့် ပြေးလေ၍ ဖလ်ဂူကို ရင်ဖြင့် သာလျှင် တိုက်မိ၏၊ ခြင်္သေ့သည် ရင်ကွဲလေ၍ ထိုအရပ်၌ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်၍ တောင်ခြေရင်း၌ ကျလေ၏။

www.dhammadownload.com

ထိုနောက် တစ်းသော ခြင်္သေ့သည်လာ၏၊ ထိုခြင်္သေ့မငယ်သည် ထိုခြင်္သေ့အားလည်း ထိုရွေးအတူသာလျှင် ဆို၏၊ ထိုခြင်္သေ့သည်လည်း ထိုရွေးအတူသာလျှင် ပြု၍ အသက်ကုန်ခြင်းသို့ ရောက်၍ တောင်ခြေရင်း၌ ကျလေ၏၊ ဤသို့သော နည်းဖြင့် ခြောက်စီးကုန်သော မောင် ခြင်္သေ့တို့ သည်လည်း သေကုန်သည်ရှိသော် အလုံးစုံကုန်သော ခြင်္သေ့ခြောက်စီးတို့၏ နောက်၌ ဘုရားလောင်းသည် လာ၏၊ ထိုခြင်္သေ့မသည် ထိုဘုရားလောင်း ခြင်္သေ့အားလည်း ထိုအကြောင်းကို ကြား၍ ယခုအခါ၌ ထိုမြေခွေးသည် အဘယ် အရပ်၌ နေသနည်းဟု မေးသည်ရှိသော် မောင်ကြီး ထိုမြေခွေးသည် ငွေတောင်ထိပ် ကောင်းကင်၌ အိပ်၏ဟုဆို၏၊ ဘုရားလောင်းသည် မြေခွေးတို့၏ ကောင်းကင်၌ တည်ရာမည်သည်ကား မရှိ၊ ဖလ်ဂူ၌ အိပ်သည် ဖြစ်လတ္တံ့ဟုကြံ၏၊ ကြံပြီး၍ ထိုဘုရားလောင်းသည် တောင်ခြေရင်းသို့ သက်လေ၍ ခြောက်စီးကုန်သော ညီတို့ သေကုန်သည်ကို မြင်၍ ဤခြင်္သေ့တို့သည် မိမိ မိမိတို့၏ မိုက်သည်၏ အဖြစ်ကြောင့် စုံစမ်းဆင်ခြင်တတ်သော ပညာ၏ မရှိခြင်းကြောင့် ဖလ်ဂူ၏ အဖြစ်ကို မသိကုန်၍ ရင်ဖြင့်တိုက်မိ၍ သေကြကုန်သည် ဖြစ်လတ္တံ့၊ မဆင်ခြင်ကုန်မူ၍ အင်္ဂန်လျင်မြန်စွာ ပြုကုန်သော ဆူတို့၏ အမှုမည်သည်ကား ဤသို့သဘောရှိးဟည် ဖြစ်တတ်၏ဟု ဆိုလို၍—

၃ အသမေက္ခိတကမ္မန္တံ၊ တုရိတာဘိနိပါတိနံ။
သာနိ ကမ္မာနိ တပ္ပေန္တိ၊ ဥဏ္ဏံဝဇ္ဈာဟိတံ မုခေ။

ဟူသော ရွှေးဦးစွာသော ဂါထာကို ဆို၏။

မုခေ၊ ခံတွင်းသို့။ အဇ္ဈာဟိတံ၊ သွင်းအပ်သော။ ဥဏ္ဏံ၊ ပူသော အာဟာရသည်။ မုခါဒိနိ၊ ခံတွင်းအစရှိသည်တို့ကို။တပ္ပတိ ဣဝ၊ လောင်သကဲ့သို့။ တထာ၊ ထို့အတူ။ ယာနိ အသမေက္ခိမာကမ္မာနိ၊ အကြင် မဆင်မခြင် ပြုအပ်ကုန်သော အမှုတို့သည်။ သန္တိ၊ ရှိကုန်၏။ သာနိ ကမ္မာနိ၊ ထိုမဆင်မခြင်ပြုအပ်ကုန်သော အမှုတို့သည်။ တုရိတာဘိနိပါတိနံ၊ လျင်မြန်စွာပြုလေ့ရှိသော။ အသမေက္ခိတကမ္မန္တံ၊ မဆင်မခြင် ရွက်ဆောင်တတ်သော အမှုရှင်ကို။ တပ္ပေန္တိ၊ လောင်စေတတ်ကုန်၏။

ဒါယကာ ထိုခြင်္သေ့သည် ဂါထာကို ဆို၍ ငါညီတို့သည် အကြောင်း၌ မလိမ္မာကုန်သည်ဖြစ်၍ မြေခွေးကို သတ်ကုန်အံ့ဟု အလွန်လျင်မြန်စွာပြေးကုန်၍

www.dhammadownload.com

မိမိတို့သည် သေကုန်၏၊ ငါသည်တမူကား ဤသို့ ညီမျှားအတူ မပြုမူ၍ မြေခွေး၏ ဖလ်ဂူဠ် အိပ်စဉ်သာလျှင် နှလုံးကို ကဲ့စေအံ့ဟု ကြံ၍ ထိုမြေခွေး၏ တက်ရာသက်ရာခရီးကို မှတ်ပြီးလျှင် ထိုခရီးသို့ ရှေးရှု့ဖြစ်၍ သုံးကြိမ် ခြေသံ့သံကို ဟောက်၏၊ မြေကြီးနှင့်တကွ ကောင်းကင်သည် တစပ်ထည်း ပဲ့တင်ထပ်သည် ဖြစ်၏၊ မြေခွေး၏ ဖလ်ဂူဠ် အိပ်စဉ်သာလျှင် အလွန် ထိတ်လန့်သည်၏ အဖြစ်ကြောင့် နှလုံးသည် ကဲ့၏၊ ထိုမြေခွေးသည် ထိုဖလ်ဂူတွင်း၌ သာလျှင် အသက်ကုန်ခြင်းသို့ ရောက်၏၊ ဤသို့လျှင် သဗ္ဗညု မြတ်စွာဘုရားသည် ဒါယကာ ထိုမြေခွေးသည် ခြေသံ့သံကို ကြား၍ အသက် ကုန်ခြင်းသို့ ရောက်၏ဟု ဟောတော်မူ၍ ဘုရားဖြစ်တော်မူပြီး၍—

၄ သီဟော စ သီဟနာဒေန၊ ဒဒ္ဒရံ အဘိနာဒယိ။
သုတ္ဝာ သီဟဿ နိဂ္ဃါသံ၊ သိင်္ဂါလော ဒဒ္ဒရေ ဝသံ။
ဘီတော သန္တာသမာပါဒိ၊ ဟဒယဥ္စဿ အပ္ပလိ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဟောတော်မူ၏။

ဥပသက၊ ဒါယကာ။ သီဟော စ၊ သားအမျိုးကို အစိုးရခြင်း ခြေသံ့မင်းသည်လည်း။ သီဟနာဒေန၊ မိုးကြိုး သံနှင့်တူသော ခြေသံ့သံဖြင့်။ ဒဒ္ဒရံ၊ ငွေတောင်ကို။ အဘိနာဒယိ၊ ပဲ့တင်သံ တစပ်ထည်းရှိသည်ကို ပြု၏။ ဒဒ္ဒရေ၊ ဖလ်နှင့်ရောသော ငွေတောင်ထိပ်၌။ ဝသံ- ဝသန္တော နေသော။ သိင်္ဂါလော၊ မြေခွေးသည်။ သီဟဿ၊ ခြေသံ့မင်း၏။ နိဂ္ဃါသံ၊ ပြင်းထန်စွာသော အသံကို။ သုတ္ဝာ၊ ကြား၍။ ဘီတော၊ ကြောက်၏။ သန္တာသံ၊ ထိတ်လန့်ခြင်းသို့ အာပါဒိ၊ ရောက်၏။ ဘီတေန၊ အလွန်ကြောက်ခြင်းကြောင့်။ အဿ၊ ထိုမြေခွေး၏။ ဟဒယဥ္စ၊ နှလုံးသည်လည်း။အပ္ပလိ၊ ကဲ့လေ၏။

ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် ခြံသေ့မင်းသည် မြေခွေးကို အသက်ကုန်ခြင်းသို့ရောက်စေ၍ ညီခြောက်စီးတို့ကို တခုတည်းသောအရပ်၌ ဖုံးလွှမ်းခဲ့၍ ထိုညီတို့၏ သေသည်၏အဖြစ်ကို နှမအား ကြားပြီးလျှင် ထိုနှမငယ်ကို နှစ်သိမ့်စေ၍ အသက်ထက်ဆုံး ရှေ့ဂူ၌ နေ၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာကို ပြတော်

www.dhammadownload.com

မူသည်၏ အဆုံးဌ်ဒါယကာ ဆေတ္တာသည်သည် သောတာပတ္တိဖိုလ်ဌ် တည်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ဆေတ္တာသည်၏ သားသည် ထိုအခါ မြေခွေး ဖြစ်ဘူးပြီ၊ ယခုအခါ လိစ္ဆဝီမင်းသွီးငယ်သည် ထိုအခါ ခြင်္သေ့မငယ် ဖြစ်ဘူးပြီ၊ ယခုအခါမထင်ရှားကုန်သော မထေရ်တို့သည် ထိုအခါ ခြောက်စီးကုန်သော ညီငယ် ခြင်္သေ့တို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါအစ်ကိုကြီး ခြင်္သေ့ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မဟုတ်အရာ၊ စွဲလမ်းရှာ၊ သေကာပျက်စီးမည်)

နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော သိဂ်္ဂါလဇာတ်သည် ပြီး၏။

၃-သူကရဇာတ်

ဝက် နှင့် ခြင်္သေ့

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "စတုပ္ပဒေါ အဟံ သမ္မ" အစရှိသော ဂါထာပုဒ်ဖြင့် ဟန်ဆာဆင်အပ်သော ဤသူကရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **မထေရ်အိုတပါး** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကို ခဲ့ပြီးအံ့၊ တနေ့သ၌ ညဉ့်အခါ တရားနာခြင်းသည် ဖြစ်လတ်သည်ရှိသော် သဗ္ဗညူ မြတ်စွာဘုရားသည်ဂန္ဓကုဋိတံခါးဝယ် မွေ့လျော်ဘွယ်ရှိသော စောင်းတန်းပျဉ်၌ ရပ်တော်မူ၍ ရဟန်းအပေါင်းအား ဘုရားတို့၏ အဆုံးအမကို ပေးတော်မူ၍ ဂန္ဓကုဋိသို့ ဝင်တော်မူသည်ရှိသော် ပညာကြောင့် ဘုရားပရိသတ်၏ အကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သည် မြတ်စွာဘုရားကို ရှိခိုး၍ မိမိပရိဝုဏ်သို့ ကြွတော်မူ၏၊ မောဂ္ဂလာန် မထေရ်မြတ်သည်လည်း ပရိဝုဏ်သို့ ကြွတော်မူ၍ အပင်အပန်း ဖြေတော်မူပြီးလျှင် အရှင်သာရိပုတ္တရာ မထေရ်၏ အထံသို့ လာလတ်၍ ပြဿနာကို မေး၏၊ မေးတိုင်း မေးတိုင်းသော ပြဿနာကို ဓမ္မသေနာပတိ ဖြစ်တော်မူသော အရှင် သာရိပုတ္တရာ မထေရ်မြတ်သည်

www.dhammadownload.com

ကောင်းကင်ပြင်၌ လ,ကို ပေါ်စေဘိသကဲ့သို့ ဖြေ၍ ထင်ရှားသည်ကို ပြုတော်မူ၏၊ ပရိသတ် လေးပါးတို့သည် တရားတော်ကို နာကုန်လျက် နေကြကုန်၏၊ ထိုလေးပါးကုန်သော ပရိသတ်တို့တွင် မထေရ်အိုတပါးသည် ငါသည် တရားနာ ပရိသတ်တို့၏ အလယ်၌ သာရိပုတ္တရာကို နှောက်နှယ်လျက် ပြဿနာကို အကယ်၍ မေးအံ့၊ ဤသို့ မေးသည်ရှိသော် ဤပရိသတ်သည် ဤရဟန်းအိုကား အကြားအမြင် များသော ရဟန်းပေတည်းဟု သိလျှင် ကောင်းစွာ စီရင်၍ လှူဒါန်းခြင်း မြတ်နိုးတနာပြုခြင်းကိုပြုလတ္တံ့ဟုကြံ၏၊ ကြံပြီးလျှင်....

ပရိသတ်တို့၏ အကြားမှထ၍ မထေရ်သို့ကပ်၍ လျောက်ပတ်စွာ ရပ်လျက် ဆို၏၊ အဘယ်သို့ ဆိုသနည်းဟူမူကား ငါ့သျှင် သာရိပုတ္တရာ ငါတို့သည်လည်း အရှင်ကို တခုသော ပြဿနာကို မေးကုန်အံ့၊ ငါတို့အားလည်း အခွင့်ကိုပြုလော့၊ ရှေးရှုဖြေခြင်း၌ငင်း အကြွင်းမဲ့ ဖြေခြင်း၌ငင်း နှိပ်ခြင်း၌ငင်း ချီးမြှောက်ခြင်း၌ငင်း အထူးပြုခြင်း၌ငင်း တဖန် အထူးပြုခြင်း၌ငင်း အဆုံးအဖြတ်ကို ငါ့အား ပေးလော့ဟု ဆို၏၊ သာရိပုတ္တရာ မထေရ်မြတ်သည် ထိုရဟန်းအိုကို ကြည့်တော်မူ၍ ဤရဟန်းအိုသည် လောဘနိုင်ငံသို့ လိုက်၍ ကျင့်ခြင်း၌တည်၏၊ အချည်းနှီး သာတကား တစုံတခုကိုမျှမသိဟု ထိုရဟန်းနှင့်တကွ မပြောဆိုမူ၍ သာလျှင် ရှက်စနိုး၍ယပ်ကိုချပြီးလျှင် နေရာမှသက်၍ ပရိဝုဏ်သို့ဝင်တော်မူ၏၊မောဂ္ဂလာန် မထေရ်သည်လည်း မိမိ၏ ပရိဝုဏ်သို့သာလျှင် ကြွတော်မူလေ၏၊ လူတို့သည် ထလတ်ကုန်၍ ဤရဟန်းအိုသည် ငါတို့အား သာယာစွာသောတရားကို နာစိမ့်သောငှါ နာခြင်းကို မပေး၊ ထို အချည်းနှီးသော ရဟန်းအိုကို ဖမ်းကြကုန်ဟု လိုက်ကြ ကုန်၏၊ ထိုရဟန်းအိုသည် ပြေးလေသည် ရှိသော် ကျောင်းစွန်၌ ပျက်သော ပျဉ်ရှိသော ကျင်ကြီးတွင်းသို့ ကျ၍ မစင်အလူးလူး လိမ်းကျံလျက်တည်၏၊ လူတို့သည် ထိုမစင်အလိမ်းလိမ်းကပ်သော ရဟန်းအိုကို မြင်ကုန်၍လျှင် နှလုံးမသာယာ ကုန်သည်ဖြစ်၍ မြတ်စွာဘုရား အထံတော်သို့ လာကြကုန်၏၊ မြတ်စွာဘုရားသည် ဒါယကာတို့ကို မြင်တော်မူ၍ ဒါယကာတို့ အခါမဲ့၌ အဘယ့်ကြောင့် လာကြကုန်သနည်းဟု မေးတော်မူ၏၊ လူတို့သည် ထိုအကြောင်းကို ကြားလျှောက်ကုန်၏၊ မြတ်စွာဘုရားသည် ဒါယကာတို့ ထိုရဟန်းအိုသည် ယခုအခါ၌သာလျှင် လျှပ်ပေါ်သည်ဖြစ်၍ မိမိ၏အစွမ်းကို မသိ၍ အစွမ်းကြီးကုန်သော လူတို့နှင့် တကွ ပြိုင်ဆိုင်၍ မစင် အလိမ်းလိမ်း ကပ်သည်ကား မဟုတ်သေး၊ ရှေး၌လည်း ထိုရဟန်းအိုသည် လျှပ်ပေါ်သည် ဖြစ်၍ မိမိ၏ အစွမ်းကို မသိလေ၍ အစွမ်းကြီးကုန်သော သူတို့နှင့် တကွ ပြိုင်ဆိုင်၍ မစင်

www.dhammadownload.com

အလိမ်းလိမ်းကပ်ဘူးလေပြီဟု မိန့်တော်မူ၍ ဆိတ်ဆိတ်နေတော်မူ၏၊ ထိုဒါယကာဟိုသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ဒါယကာတို့ လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ခြင်္သေ့ဖြစ်၍ ဟိမဝန္တာအရပ် တောင်ဂူ၌ နေခြင်းကိုပြု၏၊ ထိုဂူ၏အနီး၌ တခုသော အိုင်ကို မှီကုန်၍ များစွာကုန်သော ဝက်တို့သည် နေကုန်၏၊ ထိုအိုင်ကိုသာလျှင် မှီကုန်၍ ရသေ့တို့သည်လည်း သစ်ရွက်ဖြင့်မိုးသော သခ်မ်း၌ နေခြင်းကို ပြုကြကုန်၏၊ ထိုအခါ တနေ့သ၌ ခြင်္သေ့သည် ကဲ့, ဆင် အစရှိသည်တို့တွင် တခုခုကို သတ်၍ အလိုရှိတိုင်း အသားကို စားပြီးလျှင် ထိုအိုင်သို့သက်၍ ရေကိုသောက်၍ တက်၏၊ ထိုခဏ၌ လျှပ်ပေါ်သော ဝက်တခုသည် ထိုအိုင်ကိုမှီ၍ အစာကိုယူ၏၊ ခြင်္သေ့သည် ထိုဝက်ကိုမြင်လျှင် ယနေ့မှ တပါးသော တနေ့သ၌ ဤဝက်ကို စားအံ့၊ စင်စစ်သော်ကား ငါ့ကိုမြင်၍ ဤဝက်သည် တဖန် မလာရဟု ကြံ၍ ထိုဝက်၏ မလာအံ့သည်မှ စိုးသောကြောင့် ရအိုင်မှ တက်၍ နံပါးတဘက်ဖြင့် သွားအံ့သောငှါ အားထုတ်၏၊ ဝက်သည် ကြည့်မျှော်၍ ဤခြင်္သေ့သည် ငါ့ကိုမြင်၍ ငါမှကြောက်သောကြောင့် အနီးသို့သွားအံ့သောငှါ မဝံ့ရကား ပြေး၏၊ ယနေ့ ငါသည် ဤခြင်္သေ့နှင့်တကွ စစ်ထိုးအံ့သောငှါ သင့်၏ဟု ဦးခေါင်းကို မော်၍ စစ်ထိုးအံ့သောငှာ ခေါ်လိုရကား—

၅ စတုပ္ပဒေါ အဟံ သမ္မ၊ တုမ္ဍိ သမ္မ စတုပ္ပဒေါ။
ဟေ သမ္မ ၁ နိဝတ္တာဿု၊ ကိန္နု ဘီတော ပလာယသိ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

သမ္မ၊ အချင်းခြင်္သေ့။ အဟံ၊ ငါသည်။ စတုပ္ပဒေါ၊ အခြေလေးချောင်းရှိသော သားတည်း။ သမ္မ၊ အချင်းခြင်္သေ့။ တုမ္ဍိ၊ သင်သည်လည်း။ စတုပ္ပဒေါ၊ အခြေလေးချောင်းရှိသော သားတည်း။ သမ္မ၊ အချင်းခြင်္သေ့။ တုံ၊သင်သည်။ ဘီတော၊ ငါမှကြောက်၍။ ပလာယသိ ကိန္နု၊ ပြေးသလော။ နိဝတ္တာဿု၊ ပြန်ခဲ့ဦးလော့။ ဗဟိ၊ လာဦးလော့။

ခြင်္သေ့သည် ထိုဝက်၏စကားကို ကြား၍ အချင်းဝက် ယနေ့ ငါတို့အား သင်နှင့်တကွ စစ်ထိုးခြင်းသည် မရှိသေး၊ ဤယနေ့မှကား ခုနစ်ရက်မြောက်သော

---

၁ သီဟ (သီ၊ ဋ္ဌ)

www.dhammadownload.com

နေ့၌ ဤအရပ်၌သာလျှင် စစ်ထိုးခြင်းသည် ဖြစ်စေဟု ဆို၍ ဖဲ၏၊ ဝက်သည် ခြင်္သေ့နှင့်တကွ စစ်ထိုးရပေအံ့ဟု ရှင်ရှင်လန်းလန်း ထိုအကြောင်းကို အဆွေအမျိုးတို့အား ကြား၏၊ ဆွေမျိုးတို့သည် ထိုဝက်၏စကားကို ကြားကုန်၍ အလွန်ကြောက်ကုန်ရကား ယခုအခါ၌ ဤဝက်သည် အလုံးစုံ ဖြစ်ကုန်သော ငါတို့ကို ဖျက်ဆီးဘိ၏၊ မိမိ၏အစုမ်းကို မသိဘဲ ခြင်္သေ့နှင့်တကွ စစ်ထိုးခြင်းကို ပြုလိုဘိ၏ ခြင်္သေ့သည် လာလတ်၍ အလုံးစုံလည်း ဖြစ်ကုန်သော ငါတို့ကို အသက်ကုန်ခြင်းသို့ရောက်စေလတ္တံ့၊ ရုန့်ရင်းကြမ်းတန်းသောအမှုကို မပြုလင့်ဟု ဆိုကြကုန်၏၊ ထိုဝက်သည်လည်း အလွန်ကြောက်သည်ဖြစ်၍ ယခုအခါ၌ အသို့ပြုရပါအံ့နည်းဟု ဝမ်း၏။

ဝက်တို့သည် အချင်း သင်္ဃသည် ရသေ့တို့၏ ကျင်ကြီးစွန့်ရာ မြေသို့သွား၍ ဟောင်ပုပ်သော မစင်၌ ခုနစ်ရက်တို့ပတ်လုံး ကိုယ်ကိုလူး၍ ခြောက်စေပြီးလျှင် ခုနစ်ရက်မြောက်သောနေ့၌ ကိုယ်ကို ဆီးနှင်းပေါက်တို့ဖြင့် ဆွတ်၍ ခြင်္သေ့၏ မလာမီကလျှင် သွား၍ လေသင့်ရာ အရပ်ကို သိ၍ လေညာ၌ ရပ်လော့၊ စင်ကြယ်သော သဘောရှိသော ခြင်္သေ့သည် သင်၏ ဟောင်ပုပ်သော မစင်ဖြင့် ထုံအပ်သော ကိုယ်နှံ့၏ နံခြင်းကြောင့် သင့်အား အောင်ခြင်းကို ပေး၍ သွားလတံ့ဟု ဆိုကုန်၏၊ ထိုဝက်သည် ထို အစီအရင်အတိုင်း ပြု၍ ခုနစ်ရက်မြောက်သောနေ့၌ ထိုအရပ်၌ တည်၏၊ ခြင်္သေ့သည် ထိုဝက်၏ ကိုယ်နှံ့ နံလာခြင်းကြောင့် မစင်လူးသည်၏ အဖြစ်ကို သိ၍ အချင်းဝက် သင်သည် အရေးကောင်းကို ကြံမိလေ၏၊ သင်သည် အကယ်၍တည်း မစင်ပုပ်ကို မလူးငြားအံ့၊ ဤအရပ်၌ပင်လျှင် သင်သည် အသက်ကုန်ခြင်းသို့ ရောက်လေရာ၏၊ ယခုမူကား သင်၏ကိုယ်ကို နှုတ်သီးဖြင့်လည်း ကိုက်အံ့သောငှါ မတတ်ကောင်း၊ ခြေဖြင့်လည်း ကျောက်ကန်အံ့သောငှါ မတတ်ကောင်း၊ သင့်အား အောင်ခြင်းကို ငါပေး၏ဟု ဆိုလိုရကား-

၆ အသုစိ ပူတိလောမောသိ၊ ဒုဂ္ဂန္ဓော ဝါယိ သူကရ။
သစေ ယုဇ္ဈိတုကာမောသိ၊ ဇယံ သမ္မ ဒဒါမိ တေ။

ဟူသော နှစ်ခုတို့၏ပြည့်စုံကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

သမ္မ သူကရ၊ အချင်း ဝက်ပုပ်။ တုံ၊ သင်သည်။ အသုစိပူတိလောမော၊ မစင်လူးခြင်းကြောင့် ပုပ်သောအမွှေးရှိသည်။ အသိ၊ ဖြစ်၏၊ ဒုဂ္ဂန္ဓော၊ အလို

www.dhammadownload.com

မရှိအပ် စက်ဆုပ်ရွံရှာအပ်သော အနုံရှိသည်ဖြစ်၍။ ဝါယိ၊ ပုပ်နုံနံ၏။ သစေ ယုဇ္ဈိတုကာမောသိ၊အကယ်၍ စစ်ထိုးလိုသည်ဖြစ်အံ့။ တေ၊ သင်အား။ ဇယံ၊ အောင်ခြင်းကို။ ဒဒါမိ၊ ငါပေး၏။

ဤသို့ဆို၍ ခြင်္သေ့သည် ဆိုအရပ်မှသာလျှင် ပြန်၍ အစာကိုယူ၍ အိုင်၌ ရေကို သောက်၍ တောင်ဂူသို့သာလျှင် သွား၏၊ ဝက်သည်လည်း ခြင်္သေ့ကို ငါအောင်ပြီဟု ဆွမျိုးတို့ကို ကြားလေ၏၊ ထိုဆွမျိုးတို့သည် တဖန် တနေ့သ၌ လာလတ်၍ ခြင်္သေ့သည် အလုံးစုံသာလျှင် ဖြစ်ကုန်သော ငါတို့ကို အသက်ကုန်ခြင်းသို့ ရောက်စေလတ္တံ့ဟု လွန်စွာကြောက်ကုန်ရကား ပြေးကုန်၍ တရပ်တပါးသို့ သွားကြကုန်၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ရဟန်းအိုသည် ထိုအခါ ဝက်ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ခြင်္သေ့ဖြစ်ဘူးပြီဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ဂုဏ်ကိုလွန်မက်၊ ဂုဏ်မတက်၊ ဝက်နှင့်ခြင်္သေ့ရှု)
သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော သူကရဇာတ်သည် ပြီး၏။

၄-ဥရဂဇာတ်

ရဿေ, နဂါး, ဂဠုန်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဣဓမ္မရဂါနံ ပဝရော ပဝိဋ္ဌော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဥရဂဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် စစ်သူကြီး နှစ်ယောက်တို့၏ ခိုက်ရန် ဖြစ်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ ကောသလမင်း၏ ခြေရင်း၌ မှီဝဲ ခစားကုန်သော စစ်သူကြီးဖြစ်ကုန်သော အမတ်ကြီးနှစ်ယောက်တို့သည် အချင်းချင်း တွေ့မြင်ကြရာ အရပ်၌ ငြင်းခုံခြင်းကို ပြုကုန်သတတ်၊ ထိုအမတ်ကြီးနှစ်ယောက်

www.dhammadownload.com

တို့၏ ရန်ဘက်၏အဖြစ်သည် မြို့အလုံးဦးထင်ရှားသည် ဖြစ်၏၊ ထိုအမတ်ကြီးနှစ်ယောက်တို့ကို ကောသလမင်းသည်၎င်း အဆွေအမျိုးမိတ်ခင်ပွန်းတို့သည်၎င်း၊ ညီညွတ် သင့်တင့်သည်တို့ကို ပြုအံ့သောငှါ မစ္ဆမ်းနိုင်ကုန် သလျှင် ကတည်း၊ ထိုအခါ တနေ့သ၌ သဗ္ဗညူ မြတ်စွာဘုရားသည် မိုးသောက်ထ အခါ၌ ကျတ်ထိုက်ကုန်သော အဆွေ အမျိုးတို့ကို ကြည့်တော်မူသည်ရှိသော် ထိုစစ်သူကြီးနှစ်ယောက်တို့၏ သောတာပတ္တိမဂ်၏ အကြောင်း ဥပနိဿယဖြစ်သော ကုသိုလ်ကံကို မြင်တော်မူ၍ မိုးသောက်သောနေ့၌ ကိုယ်တော် တပါးထည်းသာလျှင် သာဝတ္ထိမြို့သို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၍ ထိုနှစ်ယောက်သော စစ်သူကြီးတို့တွင် တယောက်သော စစ်သူကြီး၏ အိမ်ကံခါး၌ ရပ်တော်မူ၍ ထိုစစ်သူကြီးသည် ထွက်၍ သပိတ်တော်ကို ယူပြီးလျှင် မြတ်စွာဘုရားကို အိမ်တွင်းသို့ပင်၍ နေရာကို ခင်း၍ နေတော်မူစေ၏၊ မြတ်စွာဘုရားသည် နေတော်မူ၍ ထိုစစ်သူကြီးအား မေတ္တာ ဘာဝနာ၏အကျိုးကို ဟောတော်မူ၍ ခံသောစိတ်ရှိသည်၏ အဖြစ်ကို သိတော်မူလျှင် သစ္စာတို့ကို ပြတော်မူ၏၊ ထိုစစ်သူကြီးသည် သစ္စာကို ပြတော်မူသည်၏အဆုံး၌ ထိုစစ်သူကြီးသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဤသို့လျှင် ထိုနှစ်ယောက်သော စစ်သူကြီးတို့သည် သောတာပန်ဖြစ်ပြီးသည်၏ အဖြစ်ကို သိတော်မူ၍ ထိုစစ်သူကြီးကို သာလျှင် သပိတ်တော်ကို ယူစေ၍ ထပြီးလျှင် တယောက်သော စစ်သူကြီး၏ အိမ်တံခါး၌ ကြတော်မူ၍ ထိုစစ်သူကြီးသည် ထွက်၍ သပိတ်တော်ကို ယူပြီးလျှင် မြတ်စွာဘုရားကို အိမ်တွင်းသို့ပင်၍ နေရာကို ခင်း၍ နေတော်မူစေ၏၊ မြတ်စွာဘုရားသည် နေတော်မူ၍ ထိုစစ်သူကြီးအား မေတ္တာ ဘာဝနာ၏အကျိုးကို ဟောတော်မူ၍ ခံသောစိတ်ရှိသည်၏ အဖြစ်ကို သိတော်မူလျှင် သစ္စာတို့ကို ပြတော်မူ၏၊ ထိုစစ်သူကြီးသည် သစ္စာကို ပြတော်မူသည်၏အဆုံး၌ ထိုစစ်သူကြီးသည် သောတာပတ္တိဖိုလ်၌ တည်၏။

မြတ်စွာဘုရားသည် ထိုစစ်သူကြီး၏ သောတာပန်ဖြစ်ပြီးသည်၏ အဖြစ်ကို သိတော်မူ၍ ထိုစစ်သူကြီးကို သာလျှင် သပိတ်တော်ကို ယူစေ၍ ထပြီးလျှင် တယောက်သော စစ်သူကြီး၏ အိမ်တံခါးသို့ ကြတော်မူ၍ ထိုစစ်သူကြီးသည် သည်လည်း ထွက်၍ မြတ်စွာဘုရားကို ရှိခိုးလျက် အရှင်ဘုရားတို့ ဝင်တော်မူလော့ဟု လျှောက်၍ အိမ်တွင်းသို့ ဝင်၍ နေတော်မူစေ၏၊ တယောက်သော စစ်သူကြီးသည်လည်း သပိတ်ကိုယူ၍ မြတ်စွာဘုရားနှင့် တကွသာလျှင် ဝင်၏၊ မြတ်စွာဘုရားသည် ထိုစစ်သူကြီးအား တဆဲ့တပါးကုန်သော မေတ္တာ၏အကျိုးအာနိသင်တို့ကို ဟောတော်မူ၍ ခံသောစိတ်ရှိသည်၏အဖြစ်ကို သိတော်မူလျှင် သစ္စာတို့ကို ပြတော်မူ၏၊ သစ္စာကို ပြတော်မူသည်၏အဆုံး၌ ထိုစစ်သူကြီးသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဤသို့လျှင် ထိုနှစ်ယောက်ကုန်သော စစ်သူကြီးတို့သည်လည်း သောတာပန်တို့ချည်း ဖြစ်ကုန်၍ အချင်းချင်း အပြစ်ကို ဖြေကုန်၍ ကန်တော့ကြကုန်၍ ညီညွတ်ကြကုန်သည် ဝမ်းမြောက်ကြကုန်သည် ဆန္ဒတူကြကုန်သည် ဖြစ်ကုန်၏၊ ထိုနေ့၌သာလျှင် မြတ်စွာဘုရား၏ ရှေ့တော်မှောက်၌ အတူတကွ စားကြကုန်၏၊ သဗ္ဗညူမြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စကိုပြီးစေ၍ ကျောင်းတော်သို့ ကြတော်မူ၏၊ ထိုနှစ်ယောက်ကုန်သော စစ်သူကြီးတို့သည်လည်း များစွာကုန်သော ပန်း, နံ့သာ, နံ့သာပျောင်းတို့ကိုဂင်း

www.dhammadownload.com

ထောပတ်,ပျား,တင်လဲ အစရှိသည်တို့ကိုဂင်း ယူကုန်၍ မြတ်စ္စာဘုရားနှင့်တကွ သာလျှင် ထွက်ကုန်၏၊ မြတ်စ္စာဘုရားအား ရဟန်းအပေါင်းသည် ဝတ်ကို ပြုသည်ရှိသော် ဘုရားကို၏ အဆုံးအမကို ပေးတော်မူ၍ ဂန္ဓကုဋိသို့ ဝင်တော်မူ၏။။

ရဟန်းတို့သည် ညချမ်းအခါတရားသဘင်၌ မြတ်စ္စာဘုရား၏ ဂုဏ်ကျေးဇူး စကားကိုဖြစ်စေကုန်၏၊ အဘယ်သို့ ဖြစ်စေကုန်သနည်းဟူမူကား ငါ့သျှင်တို့ မြတ်စ္စာဘုရားသည်မယဉ်ကျေးသေးသောသူတို့ကို ယဉ်ကျေးအောင်ဆုံးမတော် မူတတ်သည်သာလျှင်တည်း၊အမတ်ကြီး နှစ်ယောက်တို့ကို ရှည်မြင့်စ္စာနေကြကုန် သော်လည်း ကောသလမင်းသည် ညီညွတ်သည်တို့ကို ပြုအံ့သောငှါ မတတ်နိုင် သည်သာလျှင်ဟည်း၊ အဆွေအမျိုး မိတ်ခင်ပွန်း အစရှိသော သူတို့သည်လည်း မတတ်နိုင်ကြကုန် သလျှင်ကတည်း၊ နှစ်ယောက် ကုန်သော စစ်သူကြီးတို့ကို တဖန်ခြင်းသာလျှင် မြတ်စ္စာဘုရားသည် ဆုံးမတော်မူအပ်၏ဟု မြတ်စ္စာဘုရား၏ ကျေးဇူးစကားကို ဖြစ်စေကုန်၏၊ မြတ်စ္စာဘုရားသည် ကြွတော် မူလတ်၍ ရဟန်းတို့ ပ ခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော် မူလတ်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌ သာလျှင် ငါဘုရားသည် ဤနှစ်ယောက်ကုန်သောသူတို့ကို ညီညွတ်သင့်တင့် သည်တို့ကို ပြုတော်မူသည် မဟုတ်သေး၊ ရှေး၌လည်း ထိုနှစ်ယောက်ကုန်သော သူတို့ကို ငါသည် ညီညွတ် သင့်တင့်ကုန်သည်တို့ကို ပြုအပ်ကုန်သည် သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။။

အတိတ်ဝတ္ထု၊ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသတတ်၊ ထိုအခါ ဗာရာဏသီပြည်၌ ပဲလမ်းသဘင်ကို ကြွေးကြော်သည်ရှိသော် ကြီးစွာသော ပဲလမ်းသဘင်သည် ဖြစ်၏၊ မျှားစွာ ကုန်သော လူတို့သည်ဂင်း နတ်, နဂါး, ဂဠုန် အစရှိသည်တို့သည်ဂင်း ပဲသဘင် ကြည့်အံ့သောငှါ စည်းဝေးရောက်လာကြကုန်၏၊ ထိုပဲသဘင်ဝယ် တခုသော အရပ်၌ တခုသော နဂါးသည်ဂင်း တခုသော ဂဠုန်သည်ဂင်း သဘင်ကို ကြည့်ကုန်လျက် အတူတကွ ရပ်ကြကုန်၏၊ နဂါးသည် ဂဠုန်၏အဖြစ်ကို မသိသည် ဖြစ်၍ ဂဠုန်၏ ပခုံးဥ လက်ကိုတင်၏၊ ဂဠုန်သည် ငါ၏ပခုံးဥ ဘယ်သူ လက်တင် သနည်းဟုပြန်ကြည့်လတ်သော် နဂါးမှန်းသိ၏၊ နဂါးသည်လည်းကြည့်လတ်သည်

www.dhammadownload.com

ရှိသော် ဂဠုန်၏အဖြစ်ကို သိ၍ သေခြင်းမှ အလွန်ကြောက်ရကား မြို့မှထွက်၍ မြစ်ဆိပ်သို့ ပြေးလေ၏၊ ဂဠုန်သည်လည်း ထိုနဂါးကို ဖမ်းအံ့ဟု လိုက်၏၊ ထိုအခါ၌ ဘုရားလောင်းသည် ရသေ့ဖြစ်၍ ထိုမြစ်၏ကမ်းနားဝယ် သစ်ရွက်မိုးသော သခမ်း၌ နေလျက် နေပူခြင်းကို ငြိမ်းစိမ့်သောငှါ ရေသနုပ်ကို ဝတ်၍ လျှော်တေသက်နှံးကို ထားပြီးလျှင် မြစ်သို့သက်၍ ရေချိုး၏၊ နဂါးသည် ဤရဟန်းကိုမြင်၍ အသက်ကိုရပါအံ့ဟု ပကတိအသွင်ကို စွန့်ပြီးလျှင် ပတ္တမြားတုံး အသွင်ကို ဘန်ဆင်း၍ လျှော်တေ သက်နှံးကြားသို့ ဝင်၏၊ ဂဠုန်သည် လိုက်လာသည်ရှိသော် ထိုနဂါးကို လျှော်တေသက်နှံးကြားသို့ ဝင်သည်ကိုမြင်၍ လျှော်တေ သက်နှံးအား ရှိသေလေးမြတ်သည်၏ အဖြစ်ကြောင့် မယူမူ၍ ဘုရားလောင်းကို ခေါ်ပြီးလျှင် အရှင်ဘုရား အကျွန်ုပ်သည် ဆာမှတ်၏၊ အရှင်ဘုရားတို့၏ သက်နှံးတော်ကို ယူကုန်လော့ ဤနဂါးကို စားအံ့၊ ဤသို့သော အနက်ကို ပြအံ့သောငှါ—

၇ ဣဓူရဂါနံ ပဝရော ပဝိဋ္ဌော၊
သေလဿ ဇဏ္ဏေန ပမောက္ခမစ္ဆိ။
ဗြဟ္မဒ္ဒု ဝဏ္ဏံ အပစာယမာနော၊
ဗဟုက္ခိတော နော ဝိတရာမိ ဘောတ္တုံ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဘော ပဗ္ဗဇိတ၊ အို ရှင်ရဟန်း။ ဥရဂါနံ၊ နဂါးတို့၏။ ပဝရော၊ အထူတ်အမြတ်ဖြစ်သော နဂါးမင်းသည်။ ပမောက္ခံ၊ ငါမှလွတ်ခြင်းကို။ ဣစ္ဆံ၊ အလိုရှိသည်ဖြစ်၍။ သေလဿ၊ ပတ္တမြားတုံး၏။ ဝဏ္ဏေန၊ အသွင်ဖြင့်။ ဣဓ၊ ဤအရှင်ဘုရား၏ သက်နှံးတော်သို့။ ပဝိဋ္ဌော၊ ဝင်၏။ အဟံ၊ အကျွန်ုပ်သည်။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ဗြဟ္မဒ္ဒု၊ မြတ်သည်လည်း ဖြစ်သော။ ဝဏ္ဏံ၊ လျှော်တေသက်နှံးတော် အသွင်ကို။ အပစာယမာနော၊ အလေးဂရပြုသည်ဖြင့်၍။ ဗဟုက္ခိတော၊ အလွန် စားလိုလျက်လည်း။ ဧတံ နာဂံ၊ ထိုနဂါးကို။ ဘောတ္တုံ၊ စားခြင်းငှါ။ နော ဝိတရာမိ၊ မဝံ့။

ဤသို့ ဆိုသည်ရှိသော် ဘုရားအလောင်းသည် ရဒ္ဓိတည်လျက် သာလျှင် ဂဠုန်မင်းအား ချီးမွမ်းခြင်းကို ပြုလိုရကား-

---

၁ ဝိသဟ်မိ (သီ၊ ဋ္ဌ)

www.dhammadownload.com

၈ သော ဗြဟ္မဂုတ္တော စိရမေဝဇီဝ၊
ဒီဗျာစတေ ပါတုဘဝန္တု ဘက္ခာ။
ယော ၁ ဗြဟ္မဝဏ္ဏံ အပစာယမာနော၊
ဗုဘုက္ခိတော နော ဝိတရာသိ ဘောတ္တုံ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

သုပဏ္ဏရာဇ၊ ဂဠုန်ငှက်မင်း။ ယော တံ့၊ အကြင်သင်သည်။ ဗြဟ္မဝဏ္ဏံ၊ မြတ်သော လျှော်တေသင်္ကန်းတော်အသွင်ကို။ အပစာယမာနော၊ အလေးဂရုပြုသည်ဖြစ်၍။ ဗုဘုက္ခိတော၊ အလွန်စားလိုလျက်လည်း။ ဧတံ နာဂံ၊ ထိုနဂါးကို။ ဘောတ္တုံ၊ စားခြင်းငှါ။ နော ဝိတရာသိ၊ မဝံ့။ သော တံ့၊ ထိုသင်သည်။ ဗြဟ္မ-ဂုတ္တော၊ မြတ်သော လျှော်တေသင်္ကန်းကို စောင့်ရှောက်သည်ဖြစ်၍။ စိရမေဝ၊ အခါမြင့်သာလျှင်။ ဇီဝ၊ အသက်ရှည်စေသော။ တေ၊ သင်အား။ဒီဗျာစဘက္ခာ၊ နတ်ဋ္ဌသာလျှင်ဖြစ်ကုန်သော အာဟာရတို့သည်။ ပါတုဘဝန္တု၊ ထင်ရှား ဖြစ်စေကုန်သတည်း။

ဤသို့ ဘုရားလောင်းသည် ရေဋ္ဌသာလျှင် အံ့နုမောဒနာပြု၍ ရေမှတက်၍ လျှော်တေသင်္ကန်းကို ဝတ်၍ ထိုနဂါး, ဂဠုန် နှစ်ပါးစုံတို့ကိုလည်း ခေါ်၍ ကျောင်းသို့သွားပြီးလျှင် မေတ္တာဘာဝနာ၏ အကျိုးကို ဟောတော်မူ၍ နဂါး, ဂဠုန် နှစ်ပါးစုံတို့ကိုလည်း ညီညွတ်သင့်တင့်သည်တို့ကို ပြုတော်မူ၏၊ ထိုနဂါး, ဂဠုန် နှစ်ပါးစုံတို့သည် ထိုအခါမှစ၍ ညီညွတ်ကုန်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာကြကုန်သည်ဖြစ်၍ ချမ်းသာစွာ နေခြင်းဖြင့် နေကြကုန်၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤ ဓမ္မ ဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ နှစ်ယောက်ကုန်သော ဤအမတ်ကြီးတို့သည် ထိုအခါ နဂါးသည်ရင်း ဂဠုန်သည်ရင်း ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရဟန္တာဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။


(ဓမ္မာသက်ဝင်၊ ပြစ်ခွက်စင်၊ ခင်မင် ပေါင်းသင်းပြီ)
ဤလေးခုတို့၏ပြည့်ကြောင်းဖြစ်သော ဥရဂဇာတ်သည် ပြီး၏။

---

၁ သော (သီ၊ ဋ္ဌ)

(၀၇)　　ဖဲ့ဝှက်ထားခြင်းခံရသူများ

ငနဲဝတ္ထုကြီးတစ်ခုတွင် ဇာတ်ကောင်များအား ဖဲ့ဝှက်ထားခြင်းခံရသူများအဖြစ် ပြသထားသည်။



www.dhammadownload.com

www.dhammadownload.com

ဆရာတော်ဘုရားကြီးများရဲ့ဆီးတိုက်ပို့ချချက်
အမှတ် ....
ရက်စွဲ..... ....
မိုးတသနစာကြည့်ဆိုက်

၅-ဘဂ္ဂဇာတ်

ချဆယ် မန္တန်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် “ဇီဝံ ဝဿသတံ ဘဂ္ဂ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဘဂ္ဂဇာတ်ကို ဇေတဝန် ကျောင်းတော်၏ အနီးဌာ ပသေနဒီကောသလ မင်းကြီးသည် ဆောက်လုပ် အပ်သော ရာဇိကာရုံဌာ သီတင်းသုံး နေတော်မူစဉ် **ကိုယ်တော်၏ ချေတော်မူခြင်း**ကို အကြောင်းပြု၍ ဟောတော် မူ၏၊ ထိုစကားကို ချဉီးအံ့၊ တနေ့သဌ် မြတ်စွာဘုရားသည် ရာဇိကာရုံတွင် ပရိသတ် လေးပါးတို့၏ အလယ်ဌ နေတော်မူ၍ တရားကို ဟောတော်မူစဉ် ချေတော်မူ၏၊ ရဟန်းတို့သည် အရှင်ဘုရား ဘုန်းတော် ကြီးသော မြတ်စွာဘုရားသည် သက်တော်ရှည်စေသော ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် သက်တော်ရှည်စေသောဟု အရပ် မျက်နှာကို ပြန့်နှံ့သည်၏ အစွမ်းဖြင့် ကျယ်သော အသံ အုတ်အုတ်သဲသဲသော အသံကို ပြုကုန်၏၊ ထိုအသံကြောင့် တရားဟောခြင်း၏ အန္တရာယ်သည် ဖြစ်၏၊ ထိုအခါဌ မြတ်စွာဘုရားသည် ရဟန်းတို့ စင်စစ်သဖြင့်လျှင် ချေသည်ရှိသော် အသက်ရှည်စေသောဟု ဆိုသည်ရှိသော် ထိုအကြောင်းကြောင့် ရှင်ရာသလော, သေရာသလောဟု မိန့်တော်မူ၏၊ အရှင်ဘုရား ထိုသို့ချေသည်ရှိသော် အသက်ရှည်စေသောဟု ဆိုခြင်းတည်းဟူသော အကြောင်းကြောင့် ရှင်ရခြင်း သေရခြင်း၏ ဖြစ်ခြင်းသည် မဖြစ်သင့်ဟု ရဟန်းတို့သည် လျှောက်ကြ ကုန်၏၊ ရဟန်းတို့ ထိုသို့တပြီးကား ချေသည်ရှိသော် အသက်ရှည်စေသောဟု မဆိုအပ်၊ အကြင် ရဟန်းသည် ဆိုငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ် အာပတ် သင့်စေဟု မိန့်တော်မူ၏။။

ထိုအခါဌ် လူတို့သည် ရဟန်းတို့အား ချေသည်ရှိသော် အရှင်ဘုရားတို့သည် သက်တော် ရှည်စေကုန်သတည်းဟု ဆိုကြကုန်၏၊ ရဟန်းတို့သည် မအပ်ဟု ကုက္ကုစ္စ ဖြစ်ကြကုန်၍ အသက်ရှည်စေကုန်ဟု တုံ့၍ မဆိုကုန်၊ လူတို့သည် အဘယ့်ကြောင့်သာလျှင် သာကီဝင်မင်းသား ဖြစ်ကုန်သော ရဟန်းတို့သည် အရှင်ဘုရားတို့ အရှင်ဘုရား တို့သည် သက်တော် ရှည်စေ ကုန်သတည်းဟု ဆိုကုန်သည် ရှိသော် စကားမဆို နေကုန်ဘိသနည်းဟု ကဲ့ရဲ့ကုန်၏၊ မြတ်စွာ

www.dhammadownload.com

ဘုရားအား ထိုအကြောင်းကို ကြားလျှောက် ကုန်၏၊ ရဟန်းတို့ လူတို့သည် နွှတ်မင်္ဂလာ စကားကို ချီးမွမ်းတတ်ကုန်၏၊ ရဟန်းတို့ လူတို့အား အဲ့သဲ့ရှည်စေဟု တုံ့၍ ဆိုစိမ့်သောငှါ ငါ ခွင့်ပြုတော်မူ၏၊ ရဟဲ့နှုန်းတို့ လူတို့သည် အရှင်ဘုရား အရှင်ဘုရားသည် အသက် ရှည်စေသတည်းဟု ဆိုသည်ရှိသော် ကြာမြင့်စွာ အသက်ရှည်စေဟု တုံ့၍ ဆိုအံ့သောငှါ အပ်၏ဟု မြတ်စွာဘုရား သည် မိန့်တော်မူ၏၊ ရဟန်းတို့သည် အရှင်ဘုရား အသက် ရှည်စေဟူ၍ ဆိုသော် စကားတုံ့၍ အသက်ရှည်စေဟူ၍ ဆိုသော စကား မည်သည်ကား အဘယ်အခါ၌ ဖြစ်သနည်းဟု မြတ်စွာဘုရားကို မေးကုန်၏၊ မြတ်စွာဘုရားသည် ရဟန်းတို့ အသက်ရှည်စေဟု ဆိုသော် စကားတုံ့၍ အသက်ရှည်စေဟု ဆိုသော စကား မည်သည်ကား ရှေးကာလ၌ ဖြစ်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။။

အတိတ်ဝတ္ထု၊ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည်ကာသိကတိုင်းဝယ် တဦးသော ပုဏ္ဏားမျိုး၌ ဖြစ်၏၊ ထိုဘုရားလောင်း၏အဘသည် ကုန်သွယ်ခြင်းကို ပြု၍ အသက်မွေး၏၊ ထိုပုဏ္ဏားသည် တဆဲ့ခြောက်နှစ်ရှိသော သားဘုရား လောင်းကို ရောင်းအပ်သော ဘဏ္ဍာကို ထုပ်စေ၍ ရာ, နိဂုံး အစရှိသည်တို့၌ သွားသည်ရှိသော် ဗာရာဏသီသို့ ရောက်၍ တံခါးစောင့်၏ အိမ်၌ ထမင်းကို ချက်စေပြီးလျှင် ထမင်းစား၍ နေရာအံ့ရပ်ကို မရသည် ရှိသော် အခါမဲ့၌ လာကုန်သော ည့ွှသည်တို့သည် အဘယ်အရပ်၌ နေကုန်သနည်းဟု မေး၏၊ ထိုအခါ၌ ထိုပုဏ္ဏားကို လူတို့သည် မြို့ပ၌ ဇရပ်တဆောင်သည် ရှိ၏၊ ထိုဇရပ်သည်ကား ဘီလူးစောင့်ရှောက်၏၊ အကယ်၍ အလိုရှိကုန်အံ့၊ ထိုဇရပ်၌ နေကုန်လော့ဟု ဆိုကုန်၏၊ ဘုရားလောင်းသည် ဘခင် လာကုန်လော့ သွားကြကုန်အံ့၊ ဘီလူးဘေးမှ မကြောက်ကုန်လင့်၊ အကျွန်ုပ်သည် ထိုဘီလူးကို ဆုံးမ၍ ဘခင်တို့၏ ခြေရင်းတို့၌ ဝပ်စေအံ့ဟု အဘကိုခေါ်၍ ထိုဇရပ်သို့ သွား၏။။

ထိုအခါ၌ ဘုရားလောင်း၏ အဘသည် အင်းပျဉ်၌ လျှောင်း၏၊ မိမိသည် အဘ၏ခြေတို့ကို ဆုပ်နယ်လျက်နေ၏၊ထိုဇရပ်၌ စောင့်သောဘီလူးသည် တဆယ့် နှစ်နှစ်တိုပတ်လုံး ဝေဿဝဏ္ဏ နတ်မင်းကို ခစား၍ ထိုဇရပ်ကို ရသည်ရှိသော် ဤဇရပ်သို့ ဝင်ကုန်သောလူတို့တွင် အကြင်လူသည် ချေသည်ရှိသော် အသက်ရှည်စေသတည်းဟု ဆို၏၊ အကြင်သူသည်လည်း အသက်ရှည် စေသတည်းဟု

ထိုအခါ၌ ဘုရားလောင်း၏ အဘသည် အင်းပျဉ်၌ လျှောင်း၏၊ မိမိသည် အဘ၏ခြေတို့ကို ဆုပ်နယ်လျက်နေ၏၊ထိုဇရပ်၌ စောင့်သောဘီလူးသည် တဆယ့် နှစ်နှစ်တိုပတ်လုံး ဝေဿဝဏ္ဏ နတ်မင်းကို ခစား၍ ထိုဇရပ်ကို ရသည်ရှိသော် ဤဇရပ်သို့ ဝင်ကုန်သောလူတို့တွင် အကြင်လူသည် ချေသည်ရှိသော် အသက်ရှည်စေသတည်းဟု ဆို၏၊ အကြင်သူသည်လည်း အသက်ရှည် စေသတည်းဟု

www.dhammadownload.com

ဆိုသည်ရှိသော် တုံ့ပြန်၍ အသက်ရှည်စေသတည်းဟု ဆို၏၊ ထိုအသက်ရှည်စေသတည်းဟု ဆိုသော်သူ, တုံ့၍ အသက်ရှည်စေကုန်သတည်းဟု ဆိုကုန်သော သူတို့ကိုထား၍ ကြင်းသောသူတို့ကို စားလေလော့ ဤသို့ ဆုရ၏၊ ထိုဘီလူးသည် ခေါင်အုပ် ဝါး၏ ဖွဲရာလျောက်၌ နေ၏၊ ထိုဘီလူးသည် ဘုရားလောင်း၏အဘကို ချေစေအံ့ဟူ၍ မိမိ၏ အာနုဘော်ဖြင့် သိမ်မွေ့သော အမှုန့်ကို လွှတ်၏၊ အမှုန့်သည် လာလတ်၍ ပုဏ္ဏား၏ နှာခေါင်းပေါက်၌ ဝင်၏၊ ထိုပုဏ္ဏားသည် အင်းပျဉ်ပေါ်၌ လျောင်းလျက်သာ ချေ၏၊ ဘုရားလောင်းသည် ထိုအဘကို အသက်ရှည်စေသောဟူ၍ ဆို၏၊ ဘီလူးသည် ထိုပုဏ္ဏားကို စားအံ့သောငှါ ခေါင်လျောက်မှ ဆင်း၏၊ ဘုရားလောင်းသည် ထိုဘီလူး ဆင်းသည်ကို မြင်၍ ဤဘီလူးသည် ငါ၏အဘကို ချေစေအပ်သည် ဖြစ်လတ္တံ့၊ ဤဘီလူးသည် ချေသည်ရှိသော် အသက်ရှည်စေသောဟူ၍ မဆိုသောသူကို စားသော ဘီလူးသည် ဖြစ်လတ္တံ့ဟု နှလုံးပြု၍ အဘကို ရည်မှတ်၍—

၉ ဇီဝ ဝဿသတံ ဘဂ္ဂ၊ အပရာနိ စ ဝိဿတိ။
မာ မံ ပိသာစာ ခါဒန္တု၊ ဇီဝ တုံ သရဒေါသတံ။

ဟူသော ရွှေဦးစွာသော ဤဂါထာကို ဆို၏။

ဘဂ္ဂ၊ ဘခင် ဘဂ္ဂ။ တုံ၊ သင်သည်။ ဝဿသတံ၊ အနှစ်တရာ ပတ်လုံးငင်း။ အပရာနိ၊ ထိုမှတပါးကုန်သော။ ဝိဿတိ စ၊ အနှစ်နှစ်ဆယ်ပတ်လုံးငင်း။ ဇီဝ၊ အသက်ရှည်လော။ မံ၊ ငါ့ကို။ ပိသာစာ၊ ဘီလူးတို့သည်။ မာ ခါဒန္တု၊ မစား စေကုန်သတည်း။ တွံ၊ သင်သည်လည်း။ သရဒေါသတံ၊ နှစ်ဆယ်အလွန်ရှိသော အနှစ်တရာပတ်လုံး။ ဇီဝ၊ အသက်ရှည်စေသော။

ဘီလူးသည် ဘုရားလောင်း၏ စကားကို ကြား၍ ဤလုလင်ကို ရွှေဦးစွာ အဘကို အသက်ရှည်စေသောဟူ၍ ဆိုအပ်သည်၏ အဖြစ်ကြောင့် စားအံ့သောငှါ မတတ်ကောင်း၊ ထိုလုလင်၏ အဘကိုကား စားအံ့ဟု အဘထံသို့ သွား၏၊ ထိုပုဏ္ဏားသည် ထိုဘီလူး လာလတ်သည်ကို မြင်၍ ဤဘီလူးသည် အတုံ့ အသက်ရှည်စေသောဟူ၍ မဆိုကုန်သော သူတို့ကို စားတတ်သော ဘီလူးသည် ဖြစ်လတ္တံ့၊ တုံ့၍ အသက်ရှည်စေဟု ဆိုခြင်းကို ပြုအံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုပုဏ္ဏားသည် သားကို အာရုံပြု၍—

www.dhammadownload.com

၁၀ တ္ဂမိ် ဝဿသတံ ဇီဝ၊ အပရာနိ စ ဝိသတိ။
ဝိသံ ပိ့သာစာ ခါဒန္တု၊ ဇီဝ တ့ံ သရဒေါသတံ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ပိယပုတ္တာ၊ချစ်စွာသောသား။တ္ဂမြို၊ သင်သည်လည်း။ ဝဿသတံ၊ အနှစ်တရာ ပတ်လုံးငင်း။ အပရာနိ၊ တပါးကုန်သော။ ဝိသတိ၊ အနှစ်နှစ်ဆယ်ပတ်လုံးငင်း။ ဇီဝ၊ အသက်ရှည်လော။ ပိသာစာ၊ ဘီလူးတို့သည်။ဝိသံ၊ လတ်လတ် လောလော သေစေတတ်သော အဆိပ်ကိုသာ။ ခါဒန္တု၊ စားရ လေစေကုန်သတည်း။ တ့ံ၊ သင်သည်။ သရဒေါသတံ၊ နှစ်ဆယ်အလွန်ရှိသော အနှစ်တရာတို့ပတ်လုံး။ ဇီဝ၊ အသက်ရှည်စေသော။

ထိုပုဏ္ဏား၏ စကားကို ကြား၍ သားအဘ နှစ်ယောက် တို့ကိုလည်း ငါ့မစားသင့်ချေပြီဟု ပြန်လေ၏၊ ထိုအခါ၌ ထိုဘီလူးကို ဘုရားလောင်းသည် အို ဘီလူး အဘယ့်ကြောင့် ဤ ဇရပ်သို့ ဝင်လာကုန်သော သူတို့ကို သင် စားသနည်းဟု မေး၏၊ အို လုလင် တဆဲ့ နှစ်နှစ်တို့ပတ်လုံး ဝဿဝဏ နတ်မင်းကို ခစား၍ ရသည်၏အဖြစ်ကြောင့် ငါစား၏ဟု ဆို၍ အလုံးစုံသော သူကိုပင်လျှင် စားအံ့သောငှါ သင်ရသလောဟု မေးသည်ရှိသော် ထိုဘီလူးသည် အသက်ရှည်စေသောဟု ဆိုသော သူတို့ကို၍ အသက်ရှည်စေသောဟု ဆိုသော သူတို့ကို ထား၍ ကြင်းကုန်သော သူတို့ကို ငါစား၏ဟု ဆို၏၊ ဘီလူး သင်သည် ရှေးဦးလည်း အကုသိုလ်ကို ပြုခြင်းကြောင့် ကြမ်းတန်း ရှုန့်ရင်းသော သူတပါးကို ညှဉ်းဆဲတတ်သော ဘီလူး၏အဖြစ်အားဖြင့် ဖြစ်၏၊ ယခုအခါ၌လည်း ထိုသို့ သဘောရှိသော မကောင်းမှုကို ပြုပြန်၍ အမိုက်မှ အမိုက်သို့ လားရသည်ပင် ဖြစ်လတ္တံ့၊ ထိုကြောင့် ဤ နေ့မှစ၍ ပါဏာတိပါတ အစရှိသည်တို့မှ ကြဉ်ရှောင်လော့ဟု ဘီလူးကို ဆုံးမ၍ ငရဲဘေးဖြင့် ခြိမ်းချောက်၍ ပဉ္စသီတို့၌ တည်စေ၍ ဘီလူးကို ကျန်အမှုလုပ်ကိုကဲ့သို့ ပြု၏၊ မိုးသောက်သော နေ့၌ လှည့်လည် လာကုန်သော လူတို့သည် ဘီလူးကို မြင်ကုန်၍ ဘုရားလောင်း သည်လျှင် ထိုဘီလူးကို ဆုံးမသည်၏အဖြစ်ကို သိကုန်၍ မင်းအားကြားလျှောက် ကုန်၏၊ အဘယ်သို့ ကြားလျှောက်ကုန်သနည်းဟူမူကား မြတ်သောမင်းကြီး လုလင်တယောက်သည် ထိုဘီလူးကိုဆုံးမ၍ ကျန်အမှုလုပ်ကိုကဲ့သို့ပြု၍တည်၏ဟု ကြားလျှောက်ကုန်၏၊ မင်းသည် ဘုရားလောင်းကို သေနာပတိ အရာ၌ ထား၏၊ ထိုဘုရားလောင်း၏ အဘအားလည်း မျှားစွာသော စည်းစိမ်ကို ပေး၏၊

www.dhammadownload.com

ထိုမင်းသည် ဘီလူးကို ဗလိနတ်စာခံသော နတ်ကိုပြု၍ ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ ဒါန အစရှိသော ကောင်းမှုတို့ကိုပြု၍ နတ်ပြည်ကို ပြည့်စေ၏။

ဇာတ်ပေါင်း မြတ်စွာ ဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ အသက်ရှည်စေဟူ၍ ဆိုခြင်း တုံ့၍ အသက်ရှည်စေဟူ၍ ဆိုခြင်း မည်သည်ကား ထိုကာလ၌ ဖြစ်၏ဟု မိန့်တော်မူ၍ ရဟန်းတို့ ယခုအခါ အင်္ဂုလိမာလသည် ထိုအခါ ဘီလူး ဖြစ်ဘူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဘူးပြီ၊ ယခုအခါ ကဿပသည် ထိုအခါ အဘ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ သားဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အသက်ရှည်စေ၊ ခွန်းတုံ့ဆွေ၊ သက်နေ ရှည်ကြောမှု)

ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော ဘဂ္ဂဇာတ်သည် ပြီး၏။

၆. အလိနစိတ္တဇာတ်

ဆင်ဖြူတော်၏ အစွမ်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အလိနစိတ္တံ နိဿာယ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ အလိနစိတ္တဇာတ်ကို ဧတဝဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လုံ့လကိုလျှော့သော ရဟန်းတပါးကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဝတ္ထုသည် ကောဒသနိပါတ် သံဝရဇာတ်၌ ထင်စ္ဘာဖြစ်လတ္တံ့၊ ထိုရဟန်းအား မြတ်စွာဘုရားသည် ရဟန်း သင်သည် လုံ့လကို လျှော့သတတ် ဟူသည် မှန်သလောဟု မိန့်တော်မူသည်ရှိသော် ဘုန်းတော်ကြီးသော အရှင် ဘုရား မှန်ပေ၏ဟု လျှောက်၏၊ ထိုအခါ၌ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း သင်သည် ရှေး၌ လုံ့လကို မလျှော့မူ၍ အသားတစ်နှင့်တူသော နုနယ်လှသော သူငယ်အား တဆဲ့နှစ်ယူဇနာရှိသော ဗာရာဏသီမြို့၌ မင်းအဖြစ်ကို ယူ၍ ပေးဘူးသည် မဟုတ်တုံလော့၊ ယခုအခါ အဘယ့်ကြောင့် ဤသို့သော ရှိသော သာသနာတော်၌ ရဟန်းပြု၍ လုံ့လကို လျှော့ဘိသနည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

www.dhammadownload.com

အတိတ်ဝတ္ထု ရဟန်း လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဗာရာဏသီမြို့မှ မနီးမဝေးသော အရပ်၌ လက်သမားတို့၏ ရွာသည် ရှိသည်ဖြစ်၏၊ ထိုလက်သမားတို့၏ရွာ၌ ငါးရာ ကုန်သော လက်သမားတို့သည် နေကုန်၏၊ ထိုလက်သမားတို့သည် လှေဖြင့် မြစ်ညာ သို့သွားကုန်၍ တောသို့ဝင်ကုန်၏၊ အိမ်၏အဆောက်အဦ သစ်တို့ကို ရွေကုန်၍ ထိုတောအရပ်၌ သာလျှင် ဘုံတဆင့် နှစ်ဆင့် အစရှိသည် အပြားရှိကုန်သော အိမ်အဆောက်အဦတို့ကို စီရင်ကုန်၍ တိုင်မှစ၍ ခပ်သိမ်းကုန်သော သစ်တို့၌ အမှတ်ပြုကုန်၍ မြစ်နားသို့ ဆောင်ကုန်ပြီးလျှင် လှေသို့ တင်ကုန်၍ မြစ်၏ အကြေဖြင့် မြို့သို့လာကုန်၍ အကြင်သူတို့သည် အကြင်သို့ သဘောရှိကုန်သော အိမ်တို့ကို အလိုရှိကုန်၏၊ ထိုသူတို့ကို ထိုသို့ သဘောရှိကုန်သော အိမ်တို့ကို ပြုကုန်၍ အသပြာတို့ကို ယူကုန်ပြီးလျှင် ကဖန်ထိုအရပ်သို့သာလျှင် သွားကုန်၍ အိမ်၏ အဆောက်အဦတို့ကို ဆောင်ကုန်၏၊ ဤသို့သောနည်းဖြင့် အသက်မွေးခြင်းကို ပြုကုန်သော ထိုလက်သမားတို့သည် တရံရောအခါ တော၌ သစ်ခက်တပ်ကို ဘွဲ့ကုန်၍ သစ်တို့ကို ရွေကုန်သော် ထိုလက်သမားတို့၏ မနီးမဝေးသော အရပ်၌ ဆင်ဘစီးသည် ရှားငုတ်ကို နင်းမိ၍ ထိုရှားငုတ်သည် ထိုဆင်၏ခြေကို စူး၏၊ သွဉ်းစွာကုန်သော ဝေဒနာတို့သည် ဖြစ်ကုန်၏၊ ခြေသည် ဖူးဖူးယောင်၍ ပြည်ကို ယူ၏၊ ထိုဆင်သည် ဝေဒနာသို့ရောက်၍ ထိုလက်သမားတို့၏ သစ်ရွေသံကို ကြား၍ ဤလက်သမားတို့ကို မှီ၍ ဧါအား ချမ်းသာခြင်းသည် ဖြစ်လတ္တံ့ဟု အောက်မေ့၍ ခြေသုံးချောင်းတို့ဖြင့် လက်သမားတို့၏ အထံသို့ သွားလေ၍ အနီး၌ ဝပ်၏၊ လက်သမားတို့သည် ထိုဆင်ကို ဖူးဖူးယောင်သော ခြေရှိသည်ကို မြင်ကုန်လျှင် ချဉ်းကပ်ကုန်၍ ခြေ၌ ရှားငုတ်ကို မြင်ကုန်၍ ထက်လှစ္စာသော ပဲကွပ်ဖြင့် ရှားငုတ်၏ ထက်ဝန်းကျင်မှ အရစ်ကို ပြုကုန်ပြီးလျှင် ကြိုးဖြင့်ဖွဲ့၍ ငင်ကုန်၍ ငြောင့်ကို နုတ်ပြီးလျှင် ပြည်ကို ယိုစေ၍ ရေနွေးဖြင့် ဆေးကုန်၍ ထိုအနာနှင့် သင့်လျော်ကုန်သော ဆေးတို့ဖြင့် လိမ်းကျံ၍ မကြာမြင့်မီသာလျှင် အနာကို ချမ်းသာသည်ကို ပြုကုန်၏။

ထိုဆင်သည် အနာကင်းသည်ဖြစ်၍ ငါသည် ဤ လက်သမားတို့ကို မှီ၍ အသက်ကို ရပေ၏၊ ယခုအခါ၌ ထိုလက်သမားတို့အား ငါသည် ကျေးဇူးကို ပြုခြင်းငှါ သင့်၏ဟု ကြံ၏၊ ကြံပြီး၍ ထိုဆင်သည် ထိုနေ့မှစ၍ လက်သမားတို့နှင့် တကွ သစ်တို့ကို ထုတ်၏၊ ရွေကုန်သော လက်သမား တို့ဖျားလှန်၍ လှန်၍ ပေး၏၊ ပဲခွပ်အစရှိသည်တို့ကို ဆောင်၏၊ နှာမောင်းဖြင့် မှစ်၍

www.dhammadownload.com

မည်းသော အဆင်းရှိသော တမျှင်းကြိုးစွန်းဌ ကိုင်၏၊ လက်သွားတို့သည်လည်း ထိုဆင်အား ထမင်းစားသောအခါဌ တဆုပ် တဆုပ်စီသော ထမင်းဆုပ်တို့ကို ပြုကုန်၍ ငါးရာကုန်သော ထမင်းဆုပ်တို့ကို ပေးကုန်၏၊ ထိုဆင်အားကား အလုံးစုံဖြူသော ငယ်သေးသော ဆင်အာဇာနည်ဖြစ်သော သားသည် ရှိ၏၊ ထို့ကြောင့် ထိုဆင်အား ငါသည် ယခုအခါဌ အိုမင်းပြီ၊ ယခုအခါ ငါသည် ဤလက်သွားတို့အား အမှုလုပ်စိမ့်သောဌါ သားကို ပေး၍ သွားအံ့သောဌါသင့်၏၊ ဤသို့သော အကြံသည် ဖြစ်၏၊ ကြံ၍ထိုဆင်သည် လက်သွားတို့အား မကြားမူ၍သာလျှင် တောသို့ဝင်၍ သားကို ဆောင်ခဲ့ပြီးလျှင် ဤဆင်ငယ်သည် ငါ့သားတည်း၊ သင်တို့သည်ကား ငါ့အသက်ကို ပေးပေ၏၊ ငါသည် သင်တို့အား ဆေးဘိုးအကျိုးဌါ ဤသား ဆင်ငယ်ကို ပေး၏၊ ဤဆင်ငယ်သည် ဤနေ့မှစ၍ သင်တို့၏အမှုတို့ကို ပြုလတ္တံ့ဟုဆို၍ ဤနေ့မှစ၍ကား ငါပြုအပ်သော အမှုကို သင်ပြုလော့ဟူ၍ သားကို ဆုံးမပြီးလျှင် လက်သွားတို့အား ပေး၍ မိမိသည် တောသို့ ဝင်၏။

ထိုနေ့မှစ၍ ဆင်ငယ်သည် လက်သွားတို့၏ စကားကို လိုက်နာသည်၊ အဆုံး အမကို ခံသည်ဖြစ်၍ ခပ်သိမ်းကုန်သော အမှုတို့ကို ပြု၏၊ ထိုလက်သွားတို့ သည်လည်း ထိုဆင်ငယ်ကို ထမင်းဆုပ် ငါးရာတို့ဖြင့် မွေးကျွေးကုန်၏၊ ထိုဆင်သည် အမှုလုပ်ပြီးလျှင် မြစ်သို့ သက်ပြီး၍ ရေချိုး၍ ကစား၍ လာ၏၊ လက်သွားတို့၏ သားငယ်တို့သည်လည်း ထိုဆင်ကို နှာမောင်း အစရှိသည်တို့ဌ ဖက်ကုန်၍ ရေဌဉ်းကြည်းဌဉ်း ထိုဆင်ငယ်နှင့် တကွ ကစားကြကုန်၏၊ စင်စစ်သဖြင့် အာဇာနည်ဖြစ်ကုန်သော ဆင်တို့သည်ဉင်း မြင်းတို့သည်ဉင်း ယောကျ်ားတို့သည်ဉင်း ရေဌ ကျင်ကြီးကိုဉင်း ကျင်ငယ်ကိုဉင်း မစွန့်ကုန်၊ ထို့ကြောင့် ထိုဆင်ငယ်သည်လည်း ရေဌ ကျင်ကြီး ကျင်ငယ်ကို မစွန့်မူ၍ မြစ်ကမ်းမှ အပဌသာလျှင် စွန့်၏၊ ထိုအခါ တနေ့သဌ မြစ်ညာဌ မိုဃ်းရွာ၏၊ ထိုသို့ ရွာသည်ရှိသော် ဆင်ခြေးခြောက်တို့သည် မိုဃ်းရေကြောင့် မြစ်သို့ သက်ကုန် မျောကုန်၏၊ ဗာရာဏသီမြို့သိပ်တွင် ချုံတဒုဌ ငြိ၍ တည်၏၊ ထိုဒုခါ ဗာရာဏသီမင်း၏ ဆင်ထိန်းတို့သည် ဆင်တို့ကို ရေချိုးကုန်အံ့ဟု ဆင်ငါးရာတို့ကို ဆောင်ကြကုန်၏၊ အာဇာနည် ဆင်ခြေး၏ အနှံနှံခြင်းကြောင့် တစီးသော ဆင်မျှသည်လည်း မြစ်သို့သက်ဖို့သောဌါ မဝံ့၊ အလုံးစုံသော ဆင်တို့သည်လည်း အမြီးကိုထောင်၍ပြေးအံ့သောဌါ အားထုတ်ကုန်၏၊ ဆင်ထိန်းတို့သည် ဆင်ဆရာတို့အား ကြားကုန်၏၊ ထိုဆင်ဆရာတို့သည် ရေဌ ဘေးရန်ရှိသည် ဖြစ်ရာ၏ဟု

www.dhammadownload.com

ရေကို သုတ်သင်စေကုန်၍ ထိုချုံ၌ ထိုအာဇာနည် ဆင်ခြေးကို မြင်ကုန်၍ ဤဆင်ခြေးသည်ကား ဤရေ၌ ဆင်တို့သည် မဆင်းဝံ့သောအကြောင်းတည်းဟု သိကုန်၍ ရေအိုးကိုဆောင်၍ ရေဖြင့်ပြည့်စေပြီးလျှင် ထိုဆင်ခြေးကို ထိုရေ၌ ဖျော်ကုန်၍ ဆင်တို့၏ကိုယ်တို့၌ သွန်စေကုန်၏၊ ကိုယ်တို့သည် မွေးကြိုင်ကုန်သည် ဖြစ်ကုန်၏၊ ထိုကာလ၌ ထိုဆင်တို့သည် မြစ်သို့ သက်ကုန်၍ ရေချိုးကုန်၏။

ဆင်ဆရာတို့သည် မင်းအား ထိုအကြောင်းကို ကြားလျှောက်ကုန်၍ မြတ်သောမင်းကြီး ထိုဆင်အာဇာနည်ကို ရှာ၍ ဆောင်အံ့သောငှါ သင့်၏ဟု လျှောက်ကုန်၏၊ မင်းသည် မြစ်သို့ သွားလေ၍ အညာသို့ ဆန်ကုန်သော် လှေဘောင်တို့ဖြင့် လက်သမားတို့၏ နေရာအရပ်သို့ ရောက်၏၊ ဆင်သူငယ်သည် မြစ်၌ကစားစဉ် စည်သံကိုကြား၍ သွားလေ၍ လက်သမားတို့၏ အထံ၌ တည်၏၊ လက်သမားတို့သည် မင်းအား ခရီးဦးကြိုပြုခြင်းကို ပြုကုန်၍ မြတ်သောမင်းကြီး သစ်တို့ဖြင့် အကယ်၍ အလိုတော်ရှိသည် ဖြစ်အံ့ ဤသို့ အလိုတော်ရှိလတ်သော် အဘယ်အကြောင်းကြောင့် ကြွတော်မူလာသနည်း စေတော်မူ၍ တင်စိမ့်သောငှါ သင့်၏ဟု လျှောက်ကုန်၏၊ အချင်းတို့ သစ်တို့၏ အကျိုးငှါ မလာ၊ ဤဆင်၏ အကျိုးငှါသာ ငါလာ၏ဟု ဆိုသည်ရှိသော် မြတ်သော မင်းကြီး ယူတော်မူ၍ ကြွတော်မူလေ့ဟု လျှောက်ကုန်၏၊ ဆင်ငယ်သည် မလိုက်လို၊ အချင်းတို့ ဆင်ငယ်သည် အသို့ပြုစေလိုသနည်းဟု ဆို၏၊ မြတ်သောမင်းကြီး ဆင်သည် လက်သမားတို့အား မေးကျေးဇူးကို ဆပ်စေလို၏ဟု လျှောက်ကုန်၏၊ မင်းသည် ဆင်၏ ခြေလေးချောင်းတို့၏ဝင်း နှာမောင်း၏ဝင်း အမြီး၏ဝင်း အနှီး၌ တသိန်း တသိန်းကုန်သော အသပြာတို့ကို ထားစေ၏၊ ဆင်သည် ဤမျှလောက်သော ဥစ္စာကို ထားကာမျှဖြင့်လည်း မလိုက်မူ၍ ခပ်သိမ်းကုန်သော လက်သမားတို့အား ပုဆိုးအစုံတို့ကို လက်သမားတို့၏ မယားတို့အား ဝတ်စရာအဝတ်တို့ကို ပေးကုန်သည်ရှိသော် ဤမျှဖြင့်လည်း မလိုက်မူ၍ မိမိနှင့်တကွ ကစားဘော်သူငယ်တို့အားလည်း ပေးကမ်းချီးမြှောက်ခြင်းကို ပြုသည်ရှိသော် လက်သမားတို့ကိုဝင်း မိန်းမတို့ကိုဝင်း သူငယ်တို့ကိုဝင်း ပြန်၍ ကြည့်ပြီးလျှင် မင်းနှင့်တကွ လိုက်လေ၏။

မင်းသည် ထိုဆင်ဖြူကို ယူ၍ မြို့သို့သွား၍ မြို့ကိုဝင်း ဆင်တင်းကုပ်ကိုဝင်း တန်ဆာဆင်စေ၍ ဆင်ကိုမှီ၍ လက်ျာရစ် လှည့်သည်ကို ပြုစေပြီးလျှင် ဆင်တင်းကုပ်သို့သွင်း၍ ခပ်သိမ်း ကုန်သော တန်ဆာတို့ဖြင့် တန်ဆာဆင်၍ အဘိသိက်သွန်းပြီးလျှင် မင်္ဂလာဆင်တော်ပြု၍ မိမိ၏ အဆွေခင်ပွန်းအရာ၌ ထား၍ ပြည်

www.dhammadownload.com

ထက်ဝက်ကို ဆင်အားပေး၍ မိမိနှင့် ပူဇော်သက္ကာရ အမျှခံစေသည်ကို ပြု၏၊ ထိုဆင်ရောက်သော ကာလမှစ၍ ဇမ္မူဒိပ် ကျွန်းအလုံး၌ မဲငုံးအဖြစ်သည် ဗာရာဏသီမင်း၏ လက်သို့ ရောက်သည်သာလျှင် ဖြစ်၏၊ ဤသို့ အချိန်ကာလ ရှည်မြင့်လတ်သော် ဘုရားလောင်းသည် ထိုဗာရာဏသီမင်း၏ မိဖုယားကြီးဝမ်း၌ ပဋိသန္ဓေနေ၏၊ ထိုမိဖုယား၏ ကိုယ်ဝန်ရသောကာလ၌ မင်းသည် သေလွန်၏၊ မင်္ဂလာဆင်ဖြူသည်ကား မင်း၏သေလွန်သည်၏ အဖြစ်ကို အကယ်၍သိငြားအံ့၊ ထိုတင်းကုပ်၌သာလျှင် မင်္ဂလာဆင်ဖြူ၏ နှလုံးသည် ကွဲလေရာ၏၊ ထို့ကြောင့် မင်္ဂလာဆင်ဖြူကို မင်းသေလွန်သည်၏ အဖြစ်ကို မသိစေကုန်မူ၍ သာလျှင် လုပ်ကျွေးကြကုန်၏၊ မင်းသေလွန်သည်၏ အဖြစ်ကိုကား ကြား၍ ဗာရာဏသီပြည်သည် အချည်းနှီးဖြစ်သတတ်ဟု အခြားမဲ့ဖြစ်သော မြို့အနီး၌ နေသော ကောသလမင်းသည် မျှားစွာသော စစ်သည်ဗိုလ်ပါဖြင့် လာလတ်၍ ဗာရာဏသီမြို့ကို ဝန်းရံ၏၊ မြို့တံခါးတို့ကို ပိတ်ကုန်၍ ကောသလမင်းအား သတင်းစကားကို စေကုန်၏၊ အဘယ်သို့ စေကုန်သနည်းဟူမူကား ငါတို့မင်း၏ မိဖုယားမြတ်သည် ပြည့်သောကိုယ်ဝန်ရှိ၏၊ ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ သားတော် ဖွားမြင်လတ္တံ့ဟု လက်ခြေ အစရှိသော ကိုယ်အစိတ်ကို ကြည့်၍ ဤသူအား ဤသို့ဖြစ်လတ္တံ့စသည်ဖြင့် အကျိုးအပြစ်ကို ဟောစမ်းနိုင်ကုန်သော ပုဏ္ဏားတို့သည် ဆိုကုန်၏၊ ထိုမိဖုယားမြတ်သည် အကယ်၍ သားဖွားမြင်သည် ဖြစ်အံ့၊ ခုနစ်ရက်မြောက်သောနေ့၌ ငါတို့ စစ်ထိုးကြကုန်အံ့၊ ပြည်ကို ငါတို့ မပေးကုန်အံ့၊ ဤမျှလောက်သော ကာလပတ်လုံး ငံ့လင့်ကုန်ဦးဟု စေကုန်၏၊ ကောသလမင်းသည် ကောင်းပြီဟု ဝန်ခံ၏။

မိဖုယားသည် ခုနစ်ရက်မြောက်သောနေ့၌ သားဖွားမြင်၏၊ ထိုမင်းသား၏ အမည်မှည့်သော နေ့၌ကား အကြင်မင်းသားသည် လူမျှား၏ တွန့်တိုဆုတ်နစ်ခြင်းကင်း၍ ရဲတင်းသော စိတ်ကိုယူလျက် ဖွား၏၊ ထို့ကြောင့် ထိုမင်းသားအား အလီနစိတ္တမင်းသားဟူသော အမည်ကိုသာလျှင် မှည့်ကုန်၏၊ ထိုဘုရားလောင်း၏ ဖွားသောနေ့မှ စ၍သာလျှင် ဗာရာဏသီ မြို့သူတို့သည် ကောသလမင်းနှင့်တကွ စစ်ထိုးကြကုန်၏၊ စစ်သည် အပေါင်း၏ အကြီးမရှိသည်၏ အဖြစ်ကြောင့် ဗိုလ်ပါသည် မျှားပါလျက်လည်း စစ်ထိုးကြသည် ရှိသော် စဉ်းငယ် စဉ်းငယ် ဆုတ်နစ်၏၊ အမတ်တို့သည် မိဖုယားအား ထိုအကြောင်းကို ကြားကုန်၍ ဤသို့ ဗိုလ်ပါသည် ဆုတ်နစ်သည်ရှိသော် ရှုံးအံ့သည်မှ အကျွန်ုပ်တို့ ကြောက်ကုန်၏၊ ငါတို့ မင်း၏ကား စုတေသည်၏ အဖြစ်ကိုငင်း သားဖွားသည်၏ အဖြစ်ကိုငင်း

www.dhammadownload.com

ကောသလမင်း၏ လာလတ်၍ စစ်ထိုးသည်၏ အဖြစ်ကိုငုံး မင်းမြတ်၏အဆွေတော်ဖြစ်သော မဂ်လာဆင်တော်သည် မသိသေး၊ ထိုမဂ်လာ ဆင်တော်ကို သိစေကုန်အံ့ဟု ပန်ကြားကုန်၏၊ မိဖုယားသည် ကောင်းပြီဟု ဝန်ခံ၍ သားတော်ကို တန်ဆာဆင်စေပြီးလျှင် ဘွဲ့ဖြူပုဆိုးအခင်းခြင် အိပ်စေ၍ ပြာသာဒ်ထက်မှသက်၍ အမတ်အပေါင်း ခြံရံအပ်သည်ဖြစ်၍ ဆင်တင်းကုပ်သို့ သွား၍ ဘုရားလောင်းကို ဆင်၏ ခြေရင်းခြင် အိပ်စေ၍ အရှင် သင်၏အဆွေတော်သည် သေလွန်ပြီ၊ သင်တို့အား နှလုံးကဲ့အံ့သည်မှ စိုးသောကြောင့် ငါတို့ မကြားကုန် ဤသူငယ်သည် သင့်အဆွေတော်၏ သားတော်တည်း၊ ကောသလမင်းသည် လာလတ်၍ မြို့ကို ဝန်းရံ၍ သင့်သားနှင့်တကွ စစ်ထိုး၏၊ ငါတို့ဗိုလ်ပါသည် ဆုတ်နစ်၏၊ သင့်သားကို သင်သည်သာလျှင် စောင့်ရှောက်ပါလော့ ထိုသင့်သား အား မင်းအဖြစ်ကိုလည်း ယူ၍ ပေးပါလော့ဟု ဆို၏။

ထိုကာလ၌ ဆင်သည် ဘုရားလောင်းကို နှာမောင်းဖြင့် သုံးသပ်ပြီးလျှင် ချီ၍ ဦးကင်း၌ ထား၍ ငိုပြီးလျှင် ဘုရားလောင်းကို ချ၍ မိဖုယား၏လက်၌ အိပ်စေ၍ ကောသလမင်းကို ဖမ်းအံ့ဟူ၍ ဆင်တင်းကုပ်မှ ထွက်၏၊ ထိုအခါ၌ အမတ်တို့သည် ချပ်မိန်ကို ဝတ်ကုန်၍ ဆင်အား တန်ဆာဆင်ကုန်၍ မြို့တံခါးကို ဘွင့်ကုန်၍ ထိုဆင်ကို ခြံရံ၍ ထွက်ကြကုန်၏၊ ဆင်သည် မြို့မှထွက်၍ ကြိုးကြာသံနှင့်တူသော ဟည်းသံကို ပြု၍ လူမျှားကို ထိတ်လန့်စေ၍ ပြေးစေပြီးလျှင် ဗိုလ်ထုကို ဖျက်ဆီး၍ ကောသလမင်းကို ဥသျှောင်၌ ဆဲ၍ ဆောင်ခဲ့ပြီးလျှင် ဘုရားလောင်း၏ ခြေရင်း၌ ဝပ်စေ၍ သတ်အံ့သောငှါ လာကုန်သော သူတို့ကို တားမြစ်၍ ဤနေ့မှစ၍ မမေ့မလျော့ ဖြစ်လေလော့၊ မင်းသားသည် ငယ်သေး၏ ဟူသောအမှတ်ကို မပြုလေလင့်ဟု ဆုံးမ၍ လွှတ်လိုက်၏၊ ထိုနေ့မှစ၍ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ မင်းအဖြစ်သည် ဘုရားလောင်း၏လက်သို့ ရောက်သည် သာလျှင် ဖြစ်၏၊ ထအံ့သောငှါ စွမ်းနိုင်သော တပါးသော ဆန့်ကျင်ဘက် ရန်သူမည်သည်ကား မရှိ၊ ဘုရားလောင်းသည် ခုနစ်နှစ်မြောက်သောကာလ၌ အဘိသိက်သွန်းခြင်းကို ရ၍ အလီနစိတ္တမည်သော မင်းသည် ဖြစ်၍ တရားသဖြင့် မင်းပြု၍ အသက်၏ အဆုံး၌ နတ်ပြည်ကို ပြည့်စေ၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီး၍—

၁၁ အလီနစိတ္တံ နိဿာယ၊ ပဟဋ္ဌာ မဟာတီ စမူ။
ကောသလံ သေနာ သန္တဋ္ဌံ၊ ဇီဝဂ္ဂါဟံ အဂါဟယိ။

www.dhammadownload.com

၁၂ ဧဝံ နိဿယသမ္ပန္နော၊ ဘိက္ခု အာရဒ္ဓဝီရိယော။
ဘာဝယံ ကုသလံ ဓမ္မံ၊ ယောဂက္ခေမဿ ပတ္တိယာ။
ပါပုဏေ အနုပုဗ္ဗေန၊ သဗ္ဗသံယောဇနက္ခယံ။

ဟူသော ဂါထာတို့ကို ဟောတော်မူ၏။

ဘိက္ခု၊ ရဟန်း။ မဟာတီ၊ များစွာသော။ စမူ၊ ဗာရာဏသီစစ်သည် အပေါင်းသည်။ အလီနစိတ္တံ၊ အလီနစိတ္တ မင်းသားကို။ နိဿာယ၊ အမှီရ၍။ နော၊ ငါတို့သည်။ ပဝေဏိရဇ္ဇံ၊ အနွယ်အဆက်ဖြစ်သော တိုင်းပြည်ကို။ လဒ္ဓံ၊ ရပေသတည်းဟူ၍။ ပဟဋ္ဌာ၊ ရွှင်ရွှင်လန်းလန်း။ အသန္တုဋ္ဌံ၊ ပြည်ဖြင့် မရောင့်ရဲသော။ သေနံ၊ စစ်အင်္ဂါရှိသော။ ကောသလံ၊ ကောသလမင်းကို။ ဇီဝဂ္ဂါဟံ၊ အရှင်ဖမ်းခြင်းကို။ အဂါဟယိ ယထာ၊ ဆင်ကိုဖမ်းစေသကဲ့သို့။ ဧဝံ-တထာ၊ ထို့အတူ။ ယောဂက္ခေမဿ၊ ယောဂတရားလေးပါးတို့မှ ကင်းရာဖြစ်သော နိဗ္ဗာန်သို့။ ပတ္တိယာ၊ ရောက်စိမ့်သောငှာ။ ကုသလံ၊ အပြစ်မရှိ ကောင်းကျိုး ချမ်းသာကို ပေးခြင်းလက္ခဏာရှိသော။ ဓမ္မံ၊ သုံးဆယ့်ခုနစ်ပါးသော ဗောဓိ ပက္ခိယတရားကို။ ဘာဝယံ·ဘာဝယန္တော၊ ပွားစေသော။ နိဿယသမ္ပန္နော၊ ကလျာဏမိတ္တတည်းဟူသော အမှီကောင်းနှင့် ပြည့်စုံသော။ အာရဒ္ဓဝီရိယော၊ အားထုတ်အပ်သော လေးပါးသော အပြစ်မှကင်းသော ဝီရိယနှင့် ပြည့်စုံသော။ ဘိက္ခု၊ ဖြူစင်သော သီလရှိသော ပုဂ္ဂိုလ်သည်။ အနုပုဗ္ဗေန၊ ဝိပဿနာပြုသည်မှစ၍ အစဉ်သဖြင့်။ သဗ္ဗသံယောဇနက္ခယံ၊ အလုံးစုံသော သံယောဇဉ် ဆယ်ပါးတို့၏ ကုန်ခြင်း၏အဆုံးဌာဖြစ်သော အရဟတ္တဖိုလ်သို့။ ပါပုဏော၊ ရောက်ရာ၏။

ဇာတ်ပေါင်း ဤသို့ သဗ္ဗညု မြတ်စွာဘုရားသည် သေခြင်းကင်းရာ မဟာနိဗ္ဗာန်ဖြင့် ဓမ္မဒေသနာ၏ အထွတ်ကို ယူတော်မူ၍ အလွန်လည်း သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာကို ပြတော်မူသော အဆုံးဌာ လုံ့လကိုလျှော့သော ရဟန်းသည် အရဟတ္တဖိုလ်ဌာ တည်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းသနည်းဟူမူကား ယခုအခါ မဟာမာယာသည် ထိုအခါ မယ်တော် ဖြစ်ဘူးပြီ၊ ယခုအခါ သုဒ္ဓေါဒနမင်းကြီးသည် ထိုအခါ ခမည်းတော် ဖြစ်ဘူးပြီ၊ ယခုအခါ လုံ့လကို လျှော့သော ရဟန်းသည် ထိုအခါ မင်းအဖြစ်ကို ယူ၍ ပေးတတ်သော ဆင်ဖြူ ဖြစ်ဘူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဆင်ဖြူရတနာ၏ အဘဖြစ်သော ဆင်ဖြူ ဖြစ်ဘူးပြီ၊ ယခုအခါ မောဂ္ဂလာန်သည် ထိုအခါ

www.dhammadownload.com

မြို့နိုးချင်း ကောသလမင်း ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ အလီနစိတ္တမင်းသား ဖြစ်ဘူးပြီး၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(လုံ့လတန်ခိုး၊ ပြည်လုံးစိုး၊ အကျိုးကြီးလှဘိ)

ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော အလီနစိတ္တဇာတ်သည် ပြီး၏။

၇-ဂုဏဇာတ်

မြေခွေး နှင့် ခြင်္သေ့

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ယေန ကာမံ ပဏာမေတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဂုဏဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အရှင်အာနန္ဒာမထေရ်၏ ပုဆိုးတထောင်ရခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ ကောသလမင်းကြီး၏ နန်းတော်တွင်း၌ အရှင်အာနန္ဒာ မထေရ်၏ တရားစောင့်ကို သင်စေသော ဝတ္ထုသည် အောက် ကကုသန္ဓပါတ် မဟာသာရဇာတ်၌ လာပြီးသလျှင်ကတည်း၊ ဤသို့ မဟာသာရဇာတ်၌ လာသောနည်းဖြင့် အရှင်အာနန္ဒာ မထေရ်သည် ကောသလမင်း၏ နန်းတော်တွင်း၌ တရားတော်ကို သင်စေသည်ရှိသော် ကောသလမင်းအား တထည်လျှင် အဘိုးတထောင်ထိုက်သော ပုဆိုးတထောင်ကို ဆက်လာကုန်၏၊ ကောသလမင်းသည် ထိုတထောင်သောပုဆိုးမှ ငါးရာကုန်သော ပုဆိုးတို့ကို ငါးရာကုန်သော မိဖုယားတို့အား ပေး၏၊ ထိုအလုံးစုံကုန်သော မိဖုယားတို့သည်လည်း ထိုပုဆိုးတို့ကို ထားကုန်၍ နက်ဖြန်နေ့၌ အရှင်အာနန္ဒာမထေရ်အား လှူကုန်၍ မိမိတို့သည် ပုဆိုးဟောင်းတို့ကိုသာလျှင် ဝတ်ရုံကုန်၍ ဇကောသလမင်း၏ နံနက်စာစားရာ အရပ်သို့ လာကုန်၏။

ကောသလမင်းသည် မိဖုယားတို့ ငါသည် သင်တို့အား အဘိုးတထောင် ထိုက်ကုန်သော ပုဆိုးတို့ကို ပေးအပ်ကုန်သည်၊ အဘယ့်ကြောင့် သင်တို့သည် ထိုပုဆိုးသစ်တို့ကို မရုံကုန်မူ၍ သာလျှင် လာကုန်သနည်းဟု မေး၏၊ မြတ်သော

www.dhammadownload.com

မင်းကြီး ထိုပုဆိုးတို့ကို အကျွန်ုပ်တို့သည် အရှင်အာနန္ဒာမထေရ်အား လှူအပ်ကုန်၏ဟု လျှောက်ကုန်၏၊ ကောသလမင်းသည် အာနန္ဒာမထေရ်သည် အလုံးစုံသော ပုဆိုးတို့ကို ယူအပ်ကုန်သလောဟု မေး၏၊ မိဖုယားတို့သည် မြတ်သော မင်းကြီး ဟုတ်၏ဟု လျှောက်ကုန်၏၊ ကောသလမင်းကြီးသည် မြတ်စွာဘုရားသည် သင်္ကန်းသုံးထည်ကို ခွင့်ပြုတော်မူအပ်၏၊ အာနန္ဒာမထေရ်သည် ပုဆိုးကုန်သွယ်ခြင်းကို ပြုလတ္တံ့ဟု ငါထင်၏၊ ထိုသို့ ပုဆိုးကုန်သွယ်ခြင်းကို ပြုလတ္တံ့သည်၏ အဖြစ်ကြောင့် အလွန်များစွာကုန်သော ပုဆိုးတို့ကို ယူအပ်ကုန်၏ဟု အရှင်အာနန္ဒာမထေရ်အား အမျက်ထွက်၍ နှံနက်စာစားပြီးသော် ကျောင်းသို့သွား၍ အရှင်အာနန္ဒာမထေရ်၏ပရိဝုဏ်သို့ဝင်ပြီးလျှင်မထေရ်ကိုရှိခိုး၍ ထိုင်လျက် အရှင်ဘုရား အကျွန်ုပ်တို့၏ နန်းတော်၌ မင်းမိန်းမတို့သည် အရှင်ဘုရားတို့၏ အထံ၌ တရားတော်ကို သင်မူလည်း သင်ကုန်သလော၊ နာမူလည်း နာကုန်သလောဟု မေး၏၊ မြတ်သော မင်းကြီး ဟုတ်၏၊ သင်အပ်သည်အား လျှော်သောတရားကို သင်ကုန်၏၊ နာအပ်သည်အား လျှော်သောတရားကို နာကုန်၏၊ ဤသို့ အရှင်အာနန္ဒာ မထေရ်သည် မိန့်တော်မူ၏၊ ကောသလမင်းကြီးသည် အရှင်ဘုရား တရားနာသည်သာလျှင် ဖြစ်ကုန်သော ထိုမိန်းမတို့သည် အရှင်ဘုရားတို့အား အဝတ်ကိုဂင်း အရုံကိုဂင်း လှူကုန်သလော၊ ထိုသို့ မဟုတ်မူကား မလှူကုန်သလောဟု မေး၏၊ မြတ်သော မင်းကြီး ယနေ့ ထိုမိန်းမတို့သည် ငါ့အား အဘိုးတထောင် ထိုက်ကုန်သော ငါးရာကုန်သော ပုဆိုးတို့ကို လှူကုန်၏ဟု အရှင်အာနန္ဒာမထေရ်သည် မိန့်တော်မူ၏၊ အရှင်ဘုရား အရှင်ဘုရား တို့သည် ယူအပ်ကုန်သလောဟု ကောသလမင်းသည် မေး၏၊ မြတ်သောမင်းကြီး ယူသည် ဟုတ်၏ဟု အရှင်အာနန္ဒာ မထေရ်သည် မိန့်တော်မူ၏၊ အရှင်ဘုရား မြတ်စွာဘုရားသည် သင်္ကန်းသုံးထည်ကိုသာလျှင် ခွင့်ပြုတော်မူအပ်သည် မဟုတ်လော၊ ကောသလမင်းသည် မေး၏၊ မြတ်သောမင်းကြီး မြတ်စွာဘုရားသည် တပါး တပါးသော ရဟန်းအား သင်္ကန်း သုံးထည်ကို သာလျှင် သုံးဆောင်ခြင်းကို ခွင့်ပြုတော်မူအပ်သည် ဟုတ်၏၊ ခံခြင်းကို တားမြစ်တော် မမူ၊ ထို့ကြောင့် ငါသည်လည်း တပါးကုန်သော သင်္ကန်း နွမ်းရိကုန်သော ရဟန်းတို့အား ပေးအံ့သောငှါ ထိုပုဆိုးတို့ကို ခံအပ်ကုန်၏ဟု အရှင်အာနန္ဒာမထေရ်သည် မိန့်တော်မူ၏၊ အရှင်ဘုရား ရဟန်းတို့သည်ကား အရှင်ဘုရားတို့၏ အထံတော်မှ ပုဆိုးတို့ကို ရကုန်၍ သင်္ကန်းဟောင်း သုံးထည်တို့ကို အသို့ပြုကုန်လတ္တံ့နည်းဟု ကောသလမင်းသည် လျှောက်၏၊ မြတ်သောမင်းကြီး ဒုကူဋ္ဌဟောင်းဖြစ်သော သင်္ကန်းတို့ကို ကိုယ်ဝတ် ပြုကုန်လတ္တံ့ဟု အရှင်အာနန္ဒာ

www.dhammadownload.com

မထေရ်သည် မိန့်တော်မူ၏၊ အရှင်ဘုရား ကိုယ်ဝတ်ဟောင်းကို အသို့ပြုကုန်လတ္တံ့နည်းဟု လျှောက်၏၊ မြတ်သောမင်းကြီး သင်းပိုင် ပြုကုန်လတ္တံ့ဟု အရှင်အာနန္ဒာမထေရ်သည် မိန့်တော်မူ၏၊ အရှင်ဘုရား သင်းပိုင်ဟောင်းကို အသို့ပြုကုန်လတ္တံ့နည်းဟု ကောသလမင်းသည် လျှောက်၏၊ မြတ်သောမင်းကြီး အိပ်ရာလှမ်း ပြုကုန်လတ္တံ့ဟု အရှင်အာနန္ဒာ မထေရ်သည် မိန့်တော်မူ၏၊ အရှင်ဘုရား အိပ်ရာလှမ်းဟောင်းကို အသို့ပြုကုန်လတ္တံ့နည်းဟု ကောသလမင်းသည် လျှောက်၏၊ မြတ်သောမင်းကြီး မြေအခင်း ပြုကုန်လတ္တံ့ဟု အရှင်အာနန္ဒာ မထေရ်သည် မိန့်တော်မူ၏၊ အရှင်ဘုရား မြေအခင်းဟောင်းကို အသို့ပြုကုန်လတ္တံ့နည်းဟု ကောသလမင်းသည် လျှောက်၏၊ မြတ်သောမင်းကြီး ခြေသုတ် ပြုကုန်လတ္တံ့ဟု အရှင်အာနန္ဒာ မထေရ်သည် မိန့်တော်မူ၏၊ အရှင်ဘုရား ခြေသုတ်ဟောင်းကို အသို့ပြုကုန်လတ္တံ့နည်းဟု ကောသလမင်းသည် လျှောက်၏၊ မြတ်သောမင်းကြီး သဒ္ဓါ၌လွှအပ်သော ပစ္စည်းမည်သည်ကို ပျက်စီးစိမ့်သောငှါ မအပ်၊ ထို့ကြောင့် ခြေသုတ်ဟောင်းကို ပဲခွပ်ဖြင့် စင်း၍ မြေဖြင့် နယ်၍ ကျောင်းတို၌ မြေကျဉ် လိမ်းကျံခြင်းကို ပြုကုန် လတ္တံ့ဟု အရှင်အာနန္ဒာ မထေရ်သည် မိန့်တော်မူ၏၊ အရှင်ဘုရား အရှင်ဘုရားတို့အား လွှအပ်သော သင်္ကန်းသည် ခြေသုတ်ဖြစ်သည်တိုင်အောင်လည်း ပျက်စီးအံ့သောငှါ မရဟု ကောသလမင်းသည် လျှောက်၏၊ မြတ်သောမင်းကြီး ငါတို့အား လွှအပ်သော သင်္ကန်းသည် ပျက်စီးအံ့သောငှါ မရသည် ဟုတ်၏၊ အသို့ အဆောင်သည် သာလျှင် ဖြစ်၏ဟု အရှင်အာနန္ဒာမထေရ်သည် မိန့်တော်မူ၏။

ကောသလမင်းသည် နှစ်သက်ဝမ်းမြောက်ခြင်းကို ရသည်ဖြစ်၍ ဤမှတပါး လည်းဖြစ်ကုန်သော နန်းတော်၌ ထားအပ်ကုန်သော ငါးရာကုန်သောပုဆိုးတို့ကို ဆောင်စေ၍ အရှင်အာနန္ဒာမထေရ်အားလှူ၍ တရားအနုမောဒနာကိုပြုပြီးလျှင် မထေရ်ကို ရှိခိုး၍ လက်ျာရစ် လှည့်သည်ကို ပြု၍ ဖဲ၏၊ အရှင် အာနန္ဒာ မထေရ်သည် ရှေးဦးစွာ ရအပ်ကုန်သော ငါးရာကုန်သော ပုဆိုးတို့ကို သင်္ကန်း နွမ်းရိကုန်သောရဟန်းတို့အားပေး၏၊ အာနန္ဒာမထေရ်အားကား ငါးရာကုန်သော အတူနေ တပည့်တို့သည် ရှိကုန်၏၊ ထိုငါးရာကုန်သော အတူနေ တပည့်တို့တွင် ရဟန်းငယ်တပါးသည် အရှင်အာနန္ဒာ မထေရ်အား ကျေးဇူးများ၏၊ ပရိပုဏ်းကို တံမြက်လှည်း၏၊သောက်ရေ သုံးဆောင်ရေကို တည်ထား၏၊ ဒန်ပူ မျက်သစ်ရေ ချိုးရေ ပေး၏၊ ဝစ္စကုဋိ ဇရုံးအိမ် ကျောင်းတို့ကို သုတ်သင်၏၊ လက်ကို ဆုပ်နယ်ခြင်း ခြေကိုဆုပ်နယ်ခြင်း ကျောက်ကိုဆုပ်နယ်ခြင်းတို့ကို ပြု၏၊ အရှင်

www.dhammadownload.com

အာနန္ဒာ မထေရ်သည် နောက်၌ ရအပ်ကုန်သော အလုံးစုံကုန်သော ငါးရာကုန်သော ပုဆိုးတို့ကို ဤရဟန်းငယ်သည် ကျေးဇူးများ၏ဟု နှလုံးပိုက်၍ ထိုက်လျော်သည်၏ အစွမ်းအားဖြင့် ထိုရဟန်းငယ်အားသာလျှင် ပေး၏၊ ထိုရဟန်းငယ်သည် အလုံးစုံကုန်သော ပုဆိုးတို့ကို ဝေ၍ မိမိနှင့် ဥပဇ္ဈာယ်တူ ဖြစ်ကုန်သော ရဟန်းတို့အား ပေး၏။

ဤသို့လျှင် ပုဆိုးကို ရကုန်သော အလုံးစုံလည်း ဖြစ်ကုန်သော ထိုရဟန်းတို့သည် ပုဆိုးတို့ကို ဖြတ်ကုန် ဆိုးကုန်၍ မဟာလှေကားပန်းနှင့် တူကုန်သော သင်္ကန်းတို့ကို ဝတ်ကုန်၍၎င်း ရုံကုန်၍၎င်း မြတ်စွာဘုရားသို့ ကပ်ကုန်ပြီးလျှင် ရှိခိုးကုန်၍ တင့်အပ်လျောက်ပတ်စွာ နေကုန်လျက် အရှင်ဘုရား သောတာပန်ဖြစ်သော ဘုရားတပည့်အား မျက်နှာကြည့်၍ ပေးခြင်းမည်သည်ကား ရှိသလောဟု လျှောက်ကုန်၏၊ ရဟန်းတို့ ဘုရားတပည့်တို့အား မျက်နှာကြည့်၍ ပေးခြင်းမည်သည် မရှိဟု မြတ်စွာဘုရား မိန့်တော်မူ၏၊ အရှင်ဘုရား အကျွန်ုပ်တို့၏ ဥပဇ္ဈာယ် တရားဘဏ္ဍာစိုးဖြစ်သော အရှင်အာနန္ဒာ မထေရ်သည် အဘိုးတထောင်ထိုက်ကုန်သော ငါးရာကုန်သော ပုဆိုးတို့ကို ရဟန်းငယ်အားသာလျှင် ပေးအပ်၏၊ ထိုရဟန်းသည်ကား မိမိသည် ရအပ်ကုန်သော ပုဆိုးတို့တို့ ဝေ၍ အကျွန်ုပ်တို့အား ပေး၏ဟု ရဟန်းတို့သည် လျှောက်ကုန်၏၊ ရဟန်းတို့ အာနန္ဒာ မထေရ်သည် မျက်နှာကြည့်၍ ထိုရဟန်းအား မပေး၊ ထိုရဟန်းငယ်သည်ကား ထိုအာနန္ဒာအား ကျေးဇူးများ၏၊ ထိုကြောင့် မိမိအား ကျေးဇူးပြုသောသူအား ကျေးဇူးပြုသည်၏အစွမ်းအားဖြင့် ထိုက်သည်၏အစွမ်းအားဖြင့် ကျေးဇူးပြုခြင်းမည်သည်ကို ပြုခြင်းငှါ သင့်၏ဟု နှလုံးသွင်းခြင်းကိုပြု၍ သူပြုအပ်သော ကျေးဇူးကိုအောက်မေ့သည်၏ အစွမ်းအားဖြင့်သိခြင်း သူပြုအပ်သောကျေးဇူးကို ဆပ်သောအားဖြင့် သိခြင်းရှိသည်၏ အဖြစ်ဖြင့် ပေး၏၊ ထိုစကားသည် မှန်၏၊ ရှေးပညာရှိတို့သည်လည်း မိမိအား ကျေးဇူးပြုကုန်သော သူတို့အားသာလျှင် ကျေးဇူးတုံ့ကို ပြုကုန်၏ဟု မိန့်တော်မူ၍ ထိုရဟန်းတို့သည် ပေါင်းပန်းအပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ခြင်္သေ့ဖြစ်၍ တောင်ဂူ၌ နေ၏ ထိုခြင်္သေ့သည် တနေ့သ၌ ဂူမှထွက်ပြီးလျှင် တောင်ထိပ်၌ ရပ်၍ တောင်ခြေရင်းကို ကြည့်၏၊ ထိုတောင်ခြေရင်းကိုပတ်ရစ်၍ အိုင်ကြီးသည်

www.dhammadownload.com

ဖြစ်၏၊ထိုအိုင်ကြီး၏တခုသော မြင့်ရာအရပ်၌ အထက်၌မာသော ညွန်အပြင်ဝယ် နုကုန် စိမ်းညိုကုန်သော မြက်တို့သည် ပေါက်ရောက်ကုန်၏၊ ယုန်ငယ်တို့သည်ရင်း မြေခွေး, ကြောင် အစရှိကုန်သော သတ္တဝါတို့သည်ရင်း ပေါ့ပါးကုန်သော သားတို့သည်ရင်း ညွန်ထိပ် အပြင်၌ လှည့်လည်လျက် စားကုန်၏၊ ထိုနေ့၌ သမင်တခုသည် ထိုစိမ်းညိုကုန်သော မြက်နုတို့ကို စားလျက်သွား၏၊ ခြင်္သေ့သည် ထိုသမင်ကို ဖမ်းအံ့ဟု တောင်ထိပ်မှခုန်၍ ခြင်္သေ့တို့၏ လျင်မြန်ခြင်း အဟုန်ဖြင့် ပြေး၏၊ သမင်သည် သေဘေးမှကြောက်၍ မြည်လျက်ပြေး၏၊ ခြင်္သေ့သည် အဟုန်တန့်စိမ့်သောငှါ မတတ်နိုင်သည်ဖြစ်၍ ညွန်အပြင်၌ကျ၍ နစ်လျင်တက်အံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ ခြေလေးချောင်းတို့ကို တိုင်ကဲ့သို့ ထောက်၍ ခုနစ်ရက်ပတ်လုံး အစာမစားရဘဲ တည်၏။

ထိုအခါ၌ ထိုခြင်္သေ့ကို အစာရှာသွားသော မြေခွေးတခုသည် မြင်၍ ကြောက်ခြင်းကြောင့် ပြေး၏၊ ခြင်္သေ့သည် ထိုမြေခွေးကို ခေါ်၍ အိုမြေခွေး မပြေးလင့်၊ငါသည် ညွန်၌နစ်၏၊ငါ့အား အသက်ကို ပေးလှည့်ပါလော့ဟု ဆို၏၊ မြေခွေးသည် ထိုခြင်္သေ့၏ အထံသို့သွား၍ အိုခြင်္သေ့ ငါသည် သင့်ကိုညွန်မှ ထုတ်လိုပါ၏၊ ထုတ်သော် တမူကား ငါ့ကို သင်စားရာ၏၊ ထိုကြောင့် ငါကြောက်ပေ၏ဟု ဆိုသည်ရှိသော် အိုမြေခွေး မကြောက်ပါလင့်၊ သင့်ကို ငါမစားအံ့၊ စင်စစ်လျှင် သင့်အား . များစွာသော ကျေးဇူးကို ပြုပါအံ့၊ တခုသော အကြောင်းဖြင့် ငါ့ကို ညွန်က ထုတ်ပါလော့ဟု ဆို၏၊ မြေခွေးသည် ထိုခြင်္သေ့၏ဝန်ခံခြင်းကိုယူ၍ အခြေလေးချောင်းတို့၏ထက်ဝန်းကျင်မှ ညွန်တို့ကို ပယ်၍ အခြေလေးချောင်းတို့၏ တည်ရာ အရပ်မှ မြောင်းလေးခုတို့ကိုလည်း ယက်၍ ရေသို့ ရွေးရှုသွယ်၏၊ ရေကိုသွင်း၍ ညွန်ကို ပြော့အောင်ပြု၏၊ ထိုခဏ၌ မြေခွေးသည် ခြင်္သေ့၏ဝမ်းအောက်သို့ ဝင်၍ သခင် လုံလကိုပြုလော့ဟု ကျယ်သောအသံကို ပြုလျက် ဦးခေါင်းဖြင့် ဝမ်းကိုရှက်၏၊ ခြင်္သေ့သည် အဟုန်ကို ဖြစ်စေ၍ ညွန်မှတက်ပြီးလျှင် ပြေး၍ ကုန်း၌တည်၏၊ ထိုခြင်္သေ့သည် အတန်ငယ် အပင် အပန်းဖြေ၍ အိုင်သို့ဆင်း၍ ညွန်ကို ဆေး၍ ရေချိုး၍ ပူပန်ခြင်းကို ငြိမ်းစေပြီးလျှင် တခုသော ကျဲကိုသတ်၍ အစုယ်တို့ဖြင့် ထွင်၍ အသားကို ကောင်းသော မြေခွေး စားလော့ဟု ဆို၍ မြေခွေး၏ ရှေ့မှာထား၍ ထိုမြေခွေးသည် စားပြီးသောနောက်မှ မိမိသည် စား၏၊ တဖန် မြေခွေးသည် သားတစ်တတုံးကို ကိုက်၍ခို၏၊ ကောင်းသောမြေခွေး ဤအမဲတုံးကို အဘယ် အကျိုးငှါ ခိုသနည်းဟု မေးသည်ရှိသော် သခင် အရှင်တို့၏ ကျွန်မသည် ရှိ၏၊

www.dhammadownload.com

ထိုကျွန်မဘို ဖြစ်လတ္တံ့ဟု ဆို၏၊ ခြင်္သေ့သည် ချီလော့ဟု ဆို၍ မိမိသည်လည်း ခြင်္သေ့မ၏အကျိုးငှါ အမဲကိုချီ၍ ကောင်းသော မြေခွေး လာလော့၊ ငါတို့၏ တောင်ထိပ်၌တံ်ည်၍ အဆွေခင်ပွန်းမ၏ နေရာအရပ်သို့ သွားကြကုန်အံ့ဟု ဆို၍ ထိုအရပ်သို့ သွားပြီးလျှင် အမဲကိုစားစေ၍ မြေခွေးဖိုကိုငှင်း မြေခွေးမကိုငှင်း နှစ်သိမ့်စေ၍ ဤနေ့မှစ၍ ယခုအခါ၌ သင်တို့ကို ငါလုပ်ကျွေးအံ့ဟု ဆို၍ မိမိနေရာ အရပ်သို့ ဆောင်၍ မိမိဂူ၏ တံခါးနား ဂူတခု၌ နေစေ၏၊ ထို့ခြင်္သေ့မြေခွေးတို့သည် ထိုနေ့မှစ၍ အစာရှာအံ့သောငှါသွားကုန်သည်ရှိသော် ခြင်္သေ့မကိုငှင်း မြေခွေးမကိုငှင်း ထားခဲ့ကုန်၍ မြေခွေးနှင့်တကွ သွားကြကုန်၍ အထူးထူးကုန်သော သားတို့ကိုသတ်၍ ခြင်္သေ့ မြေခွေး နှစ်ဦးတို့သည်လည်း ထိုအရပ်၌ ပင်လျှင် အသားကို စားကုန်၍ မိမိတို့မှ တပါးကုန်သော ခြင်္သေ့မ,မြေခွေးမတို့အား ဆောင်ခဲ့ကုန်၍ ပေးကုန်၏၊ ဤသို့ ကာလရှည်မြင့် လတ်သော် ခြင်္သေ့မလည်း သားနှစ်ခုတို့ကို ဖွား၏၊ မြေခွေးမလည်း သားနှစ်ခုတို့ကိုဖွား၏၊ ထိုအလုံးစုံကုန်သော ခြင်္သေ့ မြေခွေးတို့သည်လည်း အညီအညွတ် နေကြကုန်၏။

ထိုအခါ တနေ့သ၌ ခြင်္သေ့မအား ဤသို့သော အကြံသည်ဖြစ်၏၊ အဘယ်သို့ဖြစ်သနည်း ဟူမူကား ဤခြင်္သေ့သည် မြေခွေးဖိုကိုငှင်း မြေခွေးမကိုငှင်း မြေခွေးငယ်ကိုငှင်း အလွန်လျှင် ချစ်ခင်မြတ်နိုး၏၊ ဤခြင်္သေ့အား မြေခွေးမနှင့်တကွ စပ်ရှက်ရခြင်း ရှိသည်သာလျှင်တည်း၊ ထိုသို့ စပ်ရှက်ရသောကြောင့်သာ ဤသို့သောချစ်ခြင်းကိုပြု၏၊ အကယ်၍ကား ငါသည် ဤမြေခွေးမကို နှိပ်စက်ခြိမ်းချောက်၍ ဤအရပ်မှ ပြေးစေရမူကား ကောင်း၏ဟု အကြံဖြစ်၏၊ ထို ခြင်္သေ့မသည်ခြင်္သေ့မင်း၏ မြေခွေးဖိုကိုခေါ်၍ အစာရှာအံ့သောငှါသွားသော ကာလ၌ မြေခွေးမကို နှိပ်စက်ညှဉ်းဆဲ၏၊ ခြိမ်းချောက်မောင်းမဲ၏၊ အသို့နှိပ်စက်ညှဉ်းဆဲ ခြိမ်းချောက် မောင်းမဲသနည်း ဟူမူကား အဘယ့်ကြောင့် ဤအရပ်၌ နေလာဘိသနည်း၊ အဘယ့်ကြောင့် ဤအရပ်မှ မပြေးသေးသနည်း၊ ဤသို့ နှိပ်စက်ညှဉ်းဆဲ ခြိမ်းချောက် မောင်းမဲ၏၊ ထို့ခြင်္သေ့မ၏ သားတို့သည်လည်း မြေခွေးမ၏ သားတို့ကို ထို့အတူသာလျှင် ခြိမ်းချောက် မောင်းမဲ ကုန်၏၊ မြေခွေးမသည် ထိုအကြောင်းကို မြေခွေးဖိုအား ဖေပြာဆို၍ ခြင်္သေ့မင်း၏ စကားဖြင့် ထို့ခြင်္သေ့မ၏ဤသို့ပြုသည်၏အဖြစ်ကိုလည်း ငါတို့မသိကုန်၊ ငါတို့သည် ကြာမြင့်စွာ နေကုန်ပြီ၊ ထို့ကြောင့် ထို့ခြင်္သေ့သည် ငါတို့ကို မချစ်အပ်ကုန်ပြီ၊ ငါတို့၏ နေရာအရပ်သို့သာလျှင် သွားကြကုန်အံ့ဟု ဆို၏၊ ထိုမြေခွေးဖိုသည် ထိုမြေခွေးမ၏ စကားကိုကြား၍ ခြင်္သေ့မင်းသို့ကပ်၍ သခင် အကျွန်ုပ်တို့သည်

www.dhammadownload.com

သင်တို့၏အထံ၌ ကြာမြင့်စွာ နေပြီ၊ အလွန်ကြာမြင့်စွာ နေကုန်သော သူတို့မည်သည်ကို မုန်းကုန်သည်ဖြစ်တတ်ကုန်၏၊ အကျွန်ုပ်တို့၏ အစာရှာသွားသော ကာလ၌ ခြင်္သေ့မသည် မြေခွေးမကို ညှဉ်းဆဲ၏၊ ဤအရပ်၌ နင်တို့ အဘယ့်ကြောင့် နေလာကုန်သနည်း အဘယ့်ကြောင့် နင်တို့ မပြေးကုန် သနည်းဟု ခြိမ်းခြောက်၏၊ ခြင်္သေ့ငယ် တို့သည်လည်း မြေခွေးမ၏ သားငယ်တို့ကို ခြိမ်းခြောက်၏၊ အကြင် သူသည် မိမိ၏အထံ၌ အကြင်သူ၏ နေခြင်းကို မနှစ်သက်၊ ထိုသူသည် ထိုမနှစ်သက်သောသူကို သွားလေလော့ဟူ၍ မနှင်ထုတ်ကောင်းသလော၊ ညှဉ်းဆဲခြင်း မည်သည် အဘယ်အကျိုးရှိအံ့နည်းဟု ဆိုလိုရကား—

၁၃ ယေန ကာမံ ပဏာမေတိ၊ ဓမ္မော ဗလဝတံ မိဂိ။
ဥန္နဒန္တိ ဝိဇာနာဟိ၊ ဇာတံ သရဏတော ဘယံ။

ဟူသော ရှေးဦးစွာသော ဂျိဂါထာကို ဆို၏။

ဥန္နဒန္တီ၊ အထက်သို့ ကော့ညွတ်သော အစွယ်ရှိသော။ မိဂိ၊ သားမျိုးသေဋ္ဌနင်း ခြင်္သေ့မင်း။ ဣဿရော၊ အစိုးရသော သူသည်။ အတ္တာနော၊ မိမိကို။ သေဝကံ၊ မှီဝဲခစားသော သူကို။ ယေန၊ အကြင် အရပ်မျက်နှာ အဘို့ဖြင့်။ ကာမံ၊ သွားစေခြင်းငှါ အလိုရှိ၏။ တေန၊ ထိုအရပ်မျက်နှာအဘို့သို့။ပဏာမေတိ၊ နှင်လိုက်၏။ ဧသော၊ ဤသို့ အလိုရှိရာ နှင်လိုက်ခြင်းသည်။ ဗလဝတံ၊ အစိုးရကုန်သော သူတို့၏။ ဓမ္မော၊ ထုံးစံသဘောတည်း။ ဣတိ၊ ဤသို့။ တွံ၊ သင်သည်။ ဝိဇာနာဟိ၊ သိလော့။ အမ္မာကံ၊ ငါတို့အား။ သရဏတော၊ ကိုးကွယ်ရာမှ။ ယသ္မာ၊ အကြင်ကြောင့်။ ဘယံ၊ ဘေးသည်။ ဇာတံ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ အတ္တာနော၊ မိမိ၏။ ဝသနဋ္ဌာနမေဝ၊ နေရာအရပ်သို့ သာလျှင်။ မယံ၊ ငါတို့သည်။ ဂမိဿာမ၊ သွားကြကုန်တော့အံ့။

ခြင်္သေ့မင်းသည် ထိုမြေခွေး၏ စကားကိုကြား၍ ကောင်းသော ခြင်္သေ့မ ဤမည်သောကာလ၌ ငါ၏အစာရှာအံ့သောငှါ သွား၍ ခုနစ်ရက်မြောက်သော နေ့၌ ဤ မြေခွေးနှင့်ငင်း ဤ မြေခွေးမနှင့်ငင်း တကွ လာသည်၏ အဖြစ်ကို သင်သည် အော်ကမ်မေမိ၏လောဟု ခြင်္သေ့မကို မေး၏၊ အရှင် အောက်မေ့မိပါ၏ဟုဆိုသည်ရှိသော် ခုနစ်ရက်ပတ်လုံး ငါမလာခြင်းအကြောင်းကို သင်သိ၏လောဟု ဆို၏၊ အရှင် အကျွန်ုပ် မသိဟု ဆိုသည်ရှိသော် ကောင်းသော ခြင်္သေ့မ

www.dhammadownload.com

ငါသည် သား တခုကို ဖမ်းအံ့ဟု သွားရာ ချော်၍ ညွှန့်၌ ကျံုနစ်၏၊ ထိုညွှန့်မှ ထွက်အံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ ခုနစ်ရက်ပတ်လုံး အံစာ မစားရဘဲ တည်ရ၏၊ ထိုငါသည် ဤမြေခွေးကိုမှီ၍ အသက်ကို ရ၏၊ ဤမြေခွေးသည် ငါ၏ အသက်ကို ပေးပေသော အဆွေခင်ပွန်းတည်း၊ အဆွေခင်ပွန်းတို့၏ တရားဌ တည်အံ့သောငှါ စွမ်းနိုင်သော မြေခွေးတည်း၊ ထိုစကားသည် မှန်၏၊ အဆွေခင်ပွန်းသည် အားနည်းသောမည်သည် မရှိ၊ ဤနေ့မှစ၍ ငါ၏အဆွေခင်ပွန်း မြေခွေးအားငင်း အဆွေခင်ပွန်းဖြစ်သော မြေခွေးမအားငင်း အဆွေခင်ပွန်း တို့၏ သားငယ်တို့အားငင်း ဤသို့ အစရှိသော မထေမဲ့မြင်အမှုကို မပြုလင့်ဟု ဆို၍ ခြင်္သေ့မင်းသည်—

၁၄ အပိ စေပိ ဒုဗ္ဗလော မိတ္တော၊ မိတ္တဓမ္မေသု တိဋ္ဌတိ။
သော ဉာတကော စ ဗန္ဓု စ၊ သော မိတ္တော သော စ မေ သခါ။
ဒါဠိနိ မာတိမညိတ္ထော၊ သိင်္ဂါလော မမ ပါဏဒေါ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဂါထာကို ဆို၏။

ဒါဠိနိ၊ ခြင်္သေ့မ။ စေ၊ အဂယ်၍။ ဒုဗ္ဗလောပိ၊ အားနည်းငြားသော်လည်း။ မိတ္တော၊ အဆွေခင်ပွန်းသည်။ မိတ္တဓမ္မေသု၊ အဆွေခင်ပွန်းတို့၏ တရားတို့၌။ အပိ တိဋ္ဌတိ၊ တည်ပေအံ့။ သော၊ ထိုသူသည်။ မေ၊ ငါ၏။ ဉာတကော စ၊ အဆွေ အမျိုးလည်း တော်၏။ ဗန္ဓု စ၊ အဆွေခင်ပွန်းလည်း ဖြစ်၏။ သော၊ ထိုသူသည်။ မိတ္တော စ၊ မိတ်လည်း ဖြစ်၏။ သော၊ ထိုသူသည်။ သခါ စ၊ အပေါင်းအဘော်လည်း ဖြစ်၏။ ယသ္မာ၊ အကြင်ကြောင့်။ သိင်္ဂါလော၊ မြေခွေးသည်။ မမ၊ ငါ့အား။ ပါဏာဒေါ၊ အသက်ကို ပေးပေ၏။ တသ္မာ၊ ထို့ကြောင့်။ သဟာယံ ဝါ၊ အပေါင်းအဘော်ဖြစ်သော မြေခွေးကိုဌင်း။ သဟာယိ ဝါ၊ အပေါင်းအဘော်ဖြစ်သောမြေခွေးမကိုဌင်း။ တုံ၊ သင်သည်။မာ အတိမညိတ္ထော၊ မထေမဲ့မြင် မပြုလင့်။

ထိုခြင်္သေ့မသည် ခြင်္သေ့မင်း၏ စကားကိုကြား၍ မြေခွေးမကိုလည်း သည်းခံစေ၍ ထိုနေ့မှစ၍ သားနှင့်တကွသော မြေခွေးမနှင့်တကွ အညီအညွတ်နေကြ၏၊ ခြင်္သေ့ငယ်တို့သည်လည်း မြေခွေးငယ်တို့နှင့်တကွ ကစားကုန်လျက် ဝမ်းမြောက်ဝမ်းသာ နေကုန်သည် ဖြစ်၍ မိဘတို့၏ လွန်သော ကာလ၌လည်း ချစ်ခင်လေးမြတ်ကြကုန်၏၊ အချစ်မပျက်ကုန်မူ၍သာလျှင် ဝမ်းမြောက်ဝမ်းသာ နေကြ

www.dhammadownload.com

ကုန်၏၊ ထိုခြင်္သေ့ မြေခွေးတို့အား အမျိုးခုနစ်ဆက်တိုင်အောင် မပျက်သော ချစ်ခြင်းသည်သာ ဖြစ်လာသတည်း။

ဇာတ်ပေါင်း သင့်ညှု မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ အချို့ကုန်သော ရဟန်းတို့သည် သောတာပန် ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် သကဒါဂါမ် ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် အနာဂါမ် ဖြစ်ကုန်၏၊အချို့ကုန်သော ရဟန်းတို့သည် ရဟန္တာ ဖြစ်ကုန်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းသနည်းဟူမူကား ရဟန်းတို့ ယခုအခါ အာနန္ဒာသည် ထိုအခါ မြေခွေးဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ခြင်္သေ့ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(သူပြိသမျှ၊ ဂုဏ်ဂုဏာ၊ မုချ အမှန်သိ)

ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဂုဏဇာတ်သည် ပြီး၏။

ဂ-သုဟနုဇာတ်

မြင်းစဉ်းလဲ နှစ်ကောင်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သင့်ညှု မြတ်စွာဘုရားသည် "နယိဒံ ဝိသမသီလေန" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ သုဟနုဇာတ်ကို ဇေတဝန် ကျောင်းဧတဂ်၌ သီတင်းသုံးနေတော်မူစဉ် **ကြမ်းကြုတ်ကုန်သော နှစ်ယောက်ကုန်သော ရဟန်း** တို့ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားသည် မှန်၏၊ ထိုအခါ ဇေတဝန် ကျောင်းတော်၌လည်း တယောက်သော ရဟန်းသည် ကြမ်းကြုတ်ရှုန့်ရင်း၏၊ နိုင်ထက်ကလူမူတတ်၏၊ဇနပုဒ်၌လည်း တယောက်သော ရဟန်းသည် ကြမ်းကြုတ် ရှုန့်ရင်း၏၊ နိုင်ထက်ကလူမူတတ်၏၊ ထိုအခါ တနေ့သ၌ ဇနပုဒ်နေ ရဟန်းသည် တစုံတခုသော အမှုကြောင့်သာလျှင် ဇေတဝန်ကျောင်းတော်သို့ သွား၏၊ သာမဏေတို့သည်ရင်း ရဟန်းငယ်တို့သည်ရင်း ထိုဇနပုဒ်နေရဟန်း၏

www.dhammadownload.com

ကြမ်းကြုတ်သည်၏ အဖြစ်ကို သိကုန်၍ ထိုသာမကော, ရဟန်းငယ် တို့သည် ကြမ်းကြုတ်ကုန်သော ရဟန်းနှစ်ပါးတို့၏ ခိုက်ရန်ဖြစ်ခြင်းကို မြင်ရကုန်အံ့ဟု အုတ်အုတ်ကျက်ကျက်အားဖြင့် ထိုဇနပုဒ်နေ ရဟန်းကို ဇေတဝန်ကျောင်းနေ ရဟန်း၏ ပရိဝုဏ်သို့ ပို့ကြကုန်၏၊ ကြမ်းကြုတ်ကုန်သော ထိုနှစ်ပါးကုန်သော ရဟန်းတို့သည်လည်း အချင်းချင်း မြင်ကုန်၍လျှင် ချစ်ခင်ကြကုန်လျက် နေကြကုန်၏၊ ဝမ်းမြောက် ဝမ်းသာ ရှိကြကုန်၏၊ လက်ကို ဆုပ်နယ်ခြင်း ခြေကို ဆုပ်နယ်ခြင်း ကျောက်ကို ဆုပ်နယ်ခြင်း အစရှိသည်တို့ကို ပြုကြကုန်၏၊ ရဟန်း တို့သည် တရားသဘင်၌ စကားကို ဖြစ်စေကုန်၏၊ အဘယ်သို့ ဖြစ်စေကုန် သနည်းဟူမူကား ငါ့သျှင်တို့ ကြမ်းကြုတ်သော ရဟန်းနှစ်ပါးတို့သည် တပါး သူတို့၏အပေါ်၌သာ ကြမ်းကြုတ်ရုန့်ရင်းကုန်၏၊ နိုင်ထက်ကလူ မူတတ်ကုန်၏၊ အချင်းချင်းမူကား ထိုနှစ်ပါးကုန်သော ရဟန်းတို့သည် ညီညွတ်ကြကုန်သည် ဝမ်းမြောက်ဝမ်းသာရှိကုန်သည် ချစ်လျက် နေကြကုန်သည် ဖြစ်ကုန်၏၊ ဤသို့ စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော် မူ၍ ဤမည်သောစကားဖြင့် စံညီးဝေးပါကုန်၏ဟု နားတော် လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ထိုရဟန်းတို့သည်တပါးကုန်သောသူတို့၏ အပေါ်၌သာလျှင် ကြမ်းကြုတ် ကုန်သည် ရုန့်ရင်းကုန်သည် နိုင်ထက်ကလူ မူတတ်ကုန်သည်ဖြစ်၍ အချင်းချင်းမူကား ညီညွတ်ကုန်သည် ဝမ်းမြောက် ဝမ်းသာ ရှိကြကုန်သည် ချစ်ခင်လျက် နေကြကုန်သည် မဟုတ်သေး၊ ရှေးဦးလည်း ထိုနှစ်ယောက်ကုန်သော ရဟန်းတို့သည် တပါးကုန်သောသူတို့၏ အပေါ်၌သာ ကြမ်းကြုတ်ရုန့်ရင်းကုန်သည်၊ နိုင်ထက်ကလူ မူတတ်ကုန်သည်ဖြစ်၍ အချင်းချင်း မူကား ညီညွတ်ကုန်သည် ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်သည် ချစ်ခင်လျက် နေကြကုန်သည် ဖြစ်ဘူးကုန်ပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သောမင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ ခပ်သိမ်းသော ကိစ္စတို့ကို ပြီးစေတတ်သော အကျိုးအကြောင်းကို ဆုံးမ တတ်သော အမတ်သည် ဖြစ်၏၊ ထိုဗြဟ္မဒတ်မင်းသည်ကား စဉ်းငယ်ညစ်စာကို မက်မောတတ်သော သဘောရှိ၏၊ ထိုဗြဟ္မဒတ်မင်းအား မဟာသောဏ အမည် ရှိဇသာ စဉ်းလဲသောမြင်းသည် ရှိ၏၊ ထိုအခါ ဥက္ကာရပထ၌နေကုန်သော မြင်း ကုန်သည်ကိုသည် မြင်းငါးရာတို့ကိုဆောင်ခဲ့ကုန်၏၊ မြင်းကိုလာသည်၏ အဖြစ်ကို

www.dhammadownload.com

မင်းအား ကြားလျှောက်ကုန်၏၊ ထိုကာလမှ ရှေးဦးကား ဘုရားလောင်းသည် မြင်းတို့ကို အဘိုးပြတ်၍ အရင်းဥစ္စာကို မလျှော့စေမူ၍ ပေးစေ၏၊ မင်းသည် ထိုအဘိုးရင်းကို မလျှော့စေသည်ရှိသော် တပါးသော အမတ်ကို ခေါ်စေ၍ အချင်းသင်သည် မြင်းတို့ကို အဘိုးပြက်လော့၊ အဘိုးပြတ်သော်လည်း ရှေးဦးစွာ မဟာသောဏမြင်းကို အကြင်သို့သော အခြင်းအရာအားဖြင့် လွှတ်သည်ရှိသော် ထိုဥတ္တရာပထမြင်းတို့၏ အတွင်းသို့ ဝင်၏၊ ထိုသို့သော အခြင်းအရာ အားဖြင့် လွှတ်လိုက်၍ မြင်းတို့ကို ကိုက်စေ၍ အနာကိုပြုစေ၍ အားနည်းသောကာလ၌ အဘိုးရင်းကို လျှော့၍ မြင်းတို့ကို အဘိုးပြတ်လော့ဟု ဆို၏၊ ထိုအမတ်သည် ကောင်းပြီဟု ဝန်ခံ၍ ထိုမင်းဆိုတိုင်း ပြု၏၊ မြင်းကုန်သည်တို့သည် မနှစ်သက်ကုန်သည်ဖြစ်၍ ထိုဗြဟ္မဒတ်မင်းသည် ပြုအပ်သော အမှုအရာကို ဘုရားလောင်းအား ကြားကုန်၏။

ဘုရားလောင်းသည် သင်တို့၏မြို့၌ စဉ်းလဲသောမြင်းသည် မရှိသလောဟု မေး၏၊ အရှင် သုဟနု အမည်ရှိသော ကြမ်းကြုတ်ရုန့်ရင်းသော စဉ်းလဲသော မြင်းသည် ရှိ၏ဟု ဆိုကုန်၏၊ ထိုသို့တပြီးကား တဖန် လာကုန်သည် ရှိသော် ထိုသုဟနုအမည်ရှိသော မြင်းကို ဆောင်ခဲ့ကြကုန်လော့ဟု ဘုရားလောင်းသည် ဆို၏၊ ထိုမြင်းကုန်သည်တို့သည် ကောင်းပြီဟု ဝန်ခံကုန်၍ တဖန် လာသည် ရှိသော် ထိုသုဟနုအမည်ရှိသော မြင်းစဉ်းလဲကို ယူခဲ့၍ လာကုန်၏၊ ဗြဟ္မဒတ်မင်းသည် မြင်းကုန်သည်တို့ လာကုန်၏ဟု ကြား၍ ခြံသေ့ခံသော လေ့ဆန်တံခါးကို ဖွင့်လှစ်၍ မြင်းတို့ကို ကျွေ့၍ မဟာသောဏမြင်းကို လွှတ်စေ၏၊ မြင်းကုန်သည်တို့သည်လည်း မဟာသောဏမြင်း လာသည်ကို မြင်ကုန်၍ သုဟနုမြင်းကို လွှတ်ကုန်၏၊ ထိုမဟာသောဏမြင်း, သုဟနုမြင်းတို့သည် တစီးသည် တစီးသို့ ရောက်ကုန်၍ ကိုယ်တို့ကို လျက်ကြကုန်လျက် ရပ်ကြကုန်၏၊ ဗြဟ္မဒတ်မင်းသည် နှစ်စီးကုန်သော ဤ မြင်းစဉ်းလဲတို့ကို သင်သည် မြင်၏လော၊ ဤမြင်းစဉ်းလဲ နှစ်စီးတို့သည် တပါးကုန်သော မြင်းတို့၏ အပေါ်၌သာ ကြမ်းကြုတ် ရုန့်ရင်းကုန်၏၊ နိုင်ထက်ကလူ မူတတ်ကုန်၏၊ တပါးကုန်သော မြင်းတို့ကို ကိုက်ကုန်၍ နာသည်၏အဖြစ်သို့ ရောက်စေတတ်ကုန်၏၊ ယခုအခါ၌ အချင်းချင်းကား ကိုယ်ကို လျက်ကြကုန်လျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်၍ ရပ်ကြကုန်၏၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ်မည်သော အကြောင်းကြောင့် တုံနည်းဟု ဘုရားလောင်းကို မေး၏၊ မြတ်သော မင်းကြီး ဤမြင်းနှစ်စီးတို့သည် မည်မျှသော အလေ့ရှိကုန်သည်လည်း မဖြစ်ကုန်၊ မည်မျှသော သဘော

www.dhammadownload.com

ရှိကုန်သည်လည်း မဖြစ်ကုန်၊ ထိုမြင်းနှစ်စီးတို့သည် တူမျှသော အလေ့ရှိကုန်သည်လည်း ဖြစ်ကုန်၏၊ တူမျှသော သဘောရှိကုန်သည်လည်း ဖြစ်ကုန်၏ဟု ဆိုလို၍ -

၁၅ နယိဒံ ဝိသမသီလေန၊ သောဏေန သုဟနူ သဟ။
သုဟနူပိ တာဒိသော ယေဝ၊ ယော သဝေါစရော။

၁၆ ပက္ခန္ဒိနာ ပဂဗ္ဘေန၊ နိစ္စံ သန္ဒါနခါဒိနာ။
သမေတိ ပါပံ ပါပေန၊ သမေတိ အသတာ အသံ။

ဟူသော ဤနှစ်ဂါထာကို ဆို၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ သုဟနူ၊ သုဟနု မြင်းသည်။ သောဏေန၊ သောဏ မြင်းနှင့်။ သဟ၊ တက္ခဏေ ပေမံ၊ အကြင် ချစ်ခြင်းကို။ ကရောတိ၊ ပြု၏။ တံ ဣဒံ ပေမံ၊ ထိုချစ်ခြင်းကို။ အတ္တနော၊ မိမိ၏။ ဝိသမသီလေန၊ မတူမျှသော အလေ့အားဖြင့်။ န ကံရောတိ၊ မပြု။ မဟာရာဇ၊ မြတ်သောမင်းကြီး။ သောဏသဿ၊သောဏမြင်း၏။ ယော သဝေါစရော အကြင်မြင်းတို့ကိုကိုက်လျက် ကျက်စားခြင်းအကျင့်သည်။ အတ္ထိ၊ရှိ၏။ သုဟနူပိ၊ သုဟနုမြင်းသည်လည်း။ တာဒိသော ယေဝ၊ ထိုသောဏမြင်းနှင့် တူသည်သာလျှင်တည်း။

မဟာရာဇ၊ မြတ်သော မင်းကြီး။ ဧတေသု၊ ထိုမြင်းနှစ်စီးတို့တွင်။ အညတရေန၊ တစီးသော မြင်းနှင့်။ သဒ္ဓိံ၊ တက္ခဏေ။ အညတရော၊ တစီးသော မြင်းသည်။ပက္ခန္ဒိနာ၊ မြင်းတပါးတို့၏အပေါ်သို့ ပြေးသွားခြင်းအလေ့အားဖြင့်ဝင်း။ ပဂဗ္ဘေန၊ ကာယကံ၏ ရုန့်ရင်းကြမ်းကြုတ်ခြင်း အစရှိသည်နှင့် ပြည့်စုံခြင်းဟုဆိုအပ်သော မကောင်းသော အလေ့အားဖြင့်ဝင်း။ နိစ္စံ၊ အမြဲ။ သန္ဒါန-ခါဒိနာ၊ မိမိကို ချည်သောကြိုးကို ကိုက်တတ်သော အလေ့အားဖြင့်ဝင်း။ သမေတိ၊ တူမျှ၏။ ပါပေန၊ ယုတ်မာသော မြင်းတစီးနှင့်။သဒ္ဓိံ၊တက္ခဏေ။ပါပဿ၊ ယုတ်မာသော မြင်းတစီး၏။ ပါပံ၊ ယုတ်မာသောအလေ့သည်။ သမေတိ၊ တူမျှ၏။ အသတာ၊ သူတော်မဟုတ်သောသူနှင့်။ သဟ၊ တက္ခဏေ။ အသတော၊ သူတော်မဟုတ်သော သူ၏။ အသံ၊ မကောင်းသော အမှုသည်။ သမေတိ၊ တူမျှ၏။

www.dhammadownload.com

ဘုရားလောင်းသည် ဤသို့ ဆိုပြီး၍ကား မြတ်သောမင်းကြီး မင်းမည်သည်ကား အလွန် မက်မောတတ်သည် မဖြစ်ရာ၊ သူတပါး၏ ဥစ္စာမည်သည်ကို ဖျက်ဆီးခြင်းငှါ မအပ်ဟု ထိုမင်းကိုဆုံးမ၍ မြင်းတို့ကို အဘိုးပြတ်၍ မှန်သော အဘိုးကို ပေးစေ၏၊ မြင်းကုန်သည်တို့သည် သဘောအား လျော်သည်သာ ဖြစ်သော အဘိုးကို ရကုန်၍ ရှင်လန်း နှစ်သက်ကုန်လျက် သွားကြကုန်၏၊ မင်းသည် ဘုရားလောင်း အဆုံးအမ၌တည်၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ဤရဟန်းကြမ်း နှစ်ယောက်တို့သည် ထိုအခါ မြင်းကြမ်း နှစ်စီးတို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိအမတ် ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မသူတော်ချင်း၊ ပေါင်းဖက်လျင်း၊ ချဉ်ပြင်း ဆားနှယ်တွေ)
ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သုဟန္ဒဇာတ်သည် ပြီး၏။

၉-မောရဇာတ်

ရွှေဥဒေါင်းနှင့် ညွှတ်ကွင်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသခင်သည် "ဥဒေတယံ စက္ခုမာ ကောရဇာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ မောရဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **သာသနာတော်၌ ငြိုးငွေ့သော တယောက်သော ရဟန်း** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားသည် မှန်၏၊ ထိုငြိုးငွေ့သော ရဟန်းကို အဆွေခင်ပွန်းဖြစ်ကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားအထံတော်သို့ ဆောင်အပ်သည်ဖြစ်၍ ရဟန်း သင်သည် ငြိုးငွေ့၏ ဟူသည် မှန်သလောဟု မိန့်တော်မူသည်ရှိသော် အရှင်ဘုရား မှန်ပေ၏ဟု

www.dhammadownload.com

နားတော်လျှောက်၍ အဘယ်ကို မြင်၍ ငြီးငွေ့သနည်းဟု မိန့်တော်မူသည် ရှိသော် အရှင်ဘုရား တယောက်သော တန်ဆာဆင်ခြင်းနှင့်စပ်သော မိန်းမကို မြင်၍ ငြီးငွေ့ခြင်း ဖြစ်ပါသည်ဟု လျှောက်၏၊ ထိုအခါ၌ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း မိန်းမမည်သည်ကား သင်တို့ကဲ့သို့သော သူ၏ စိတ်ကို အဘယ်ကြောင့် မလှုပ်ချောက်ချား စေနိုင်အံ့နည်း၊ လှုပ်ချောက်ချားစေနိုင်သည် သာလျှင်တည်း၊ ထိုစကားသည် မှန်၏၊ ရှေးပညာရှိတို့အား အနှစ်ခုနစ်ရာတို့ ပတ်လုံး မဖြစ်ကုန်သော ကိလေသာတို့သည် မိန်းမ၏ အသံကို ကြားလတ်သော် အခွင့်ကို ရကုန်၍ တခဏခြင်း သာလျှင် ဖြစ်လာကုန်၏၊ စင်ကြယ်ကုန်သော သတ္တဝါတို့စင်လျက်လည်း ညစ်နွမ်းရကုန်သေး၏၊ မြတ်သော ဆန္ဒနှင့်ပြည့်စုံသော သူတို့စင်လျက်လည်း အကျော်အစော မဲ့ခြင်း၏ အဖြစ်သို့ ရောက်ရကုန်သေး၏၊ မစင်ကြယ်သော သူသည်ကား အဘယ်မှာ ဆိုဘွယ် ရှိအံ့နည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မဲညသော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဥဒေါင်းအမျိုး၌ ပဋိသန္ဓေကိုယူ၍ အဥဖြစ်သော ကာလ၌လည်း မဟာလှေကား အငုံနှင့်တူသော အဆင်းရှိသော ဥခွံရှိသည်ဖြစ်၍ ဥခွံကိုခွဲ၍ ပေါက်သည်ရှိသော် ရွှေအဆင်းနှင့်တူသောအဆင်းရှိသည်ဖြစ်၏၊ ရှုချင်ဘွယ်ရှိ၏၊ကြည်ညိုဘွယ်ရှိ၏၊အတောင်ကြားတို့၌ နီနီတွေးတွေး ယုန်သွေး ဟသ်ပဒါး ဆွတ်၍ ထားသကဲ့သို့ အခြားအရောင်တို့ဖြင့် ထူး၍တင့်တယ်၏၊ ထိုရွှေဥဒေါင်းသည် အသက်ကို စောင့်ရှောက်လိုရကား တောင်ရေး သုံးခုတို့ကိုလွန်၍ လေးခုမြောက်ဖြစ်သော တောင်ရေး၏ တခုသော ဒဏ္ဍာက ရွှေတောင်အပြင်၌ နေခြင်းကိုပြု၏။

ထိုရွှေဥဒေါင်းသည် ညဉ့်၏ လင်းလတ်သောအခါ ရွှေတောင်ထိပ်၌နေလျက် တက်လတ်သော နေမင်းကိုကြည့်၍ မိမိ၏ ကျက်စားရာမြေ၌ အစောင့်အရှောက် အရံအတား အကျိုးငှါ မြတ်သော မန္တရားကို ဖွဲ့လိုရကား—

၁၇ ဥဒေတယံ စက္ခုမာ ကေရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ။
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။

ဟူသော ဂါထာကို ရွတ်၏။

www.dhammadownload.com

စက္ခုမာ၊ အလုံးစုံသော စကြဝဠာ၌ နေကုန်သော သူတို့အား မျက်စိအမြင်ကို ပေးတတ်ထသော။ ကောဇာ၊ မြတ်သော မင်းဖြစ်ထသော။ ဟရိဿ-ဝဏ္ဏော၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိထသော။ ပထဝိပ္ပဘာမသော၊ မြေကြီးကို ထွန်းပစေတတ် ထသော။ အယံ ဘာဏုမာ၊ ဤနေမင်းသည်။ ယသ္မာ၊ အကြင်ကြောင့်။ ဥဒေတိ၊ အရွှေလောကဓာတ်မှ တက်လတ်၏။ တံ-တသ္မာ၊ ထို့ကြောင့်။ ဟရိဿဝဏ္ဏံ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိထသော။ ပထဝိပ္ပ-ဘာသံ၊ မြေကြီးကို ထွန်းပစေတတ်ထသော။ တံ၊ ထိုနေမင်းကို။ နမဿာမိ၊ ရှိခိုးပါ၏။ အင်္ဂ၊ ယနေ့။ တယာ၊ ရှင်နေမင်းသည်။ ဂုတ္တာ၊ စောင့်ရှောက်အပ်သည်ဖြစ်၍။ မယံ၊ ငါတို့သည်။ ဣမံ-ဤဒိသံ၊ ဤသို့ သဘောရှိသော။ ဒိဝသံ၊ နေ့ပတ်လုံး။ ဝိဟရေမု၊ ချမ်းသာစွာ နေရပါလိုကုန်၏။

ဤသို့ ဘုရားလောင်းသည် ဤဂါထာဖြင့် နေမင်းကို ရှိခိုးပြီး၍ ဒုတိယဂါထာဖြင့် လွန်တော်မူလေကုန်ပြီးသော ပရိနိဗ္ဗာန် ပြုတော် မူကုန်ပြီးသော ဘုရားရှင်တို့ကိုငင်း ဘုရားရှင်တို့၏ ဂုဏ်တော်တို့ကိုငင်း ရှိခိုးလိုရကား-

ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗ ဓမ္မေ၊
တေ မေ နမော တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု .ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမောဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတ္ဝာ၊
မောရော စရတိ သေနာ။

ဟူသော ဤဂါထာကို ရွတ်၏။

"ဣမံ သော ပရိတ္တံ ကတ္ဝာ၊ မောရော စရတိ သေနာ" ဟူသော ဤနှစ်ပါဒကိုကား ဘုရားအဖြစ်သို့ ရောက်တော်မူပြီးမှ ဆက်၍ ဟောတော်မူ၏။

ဗြာဟ္မဏာ၊မကောင်းမှုကိုအပပြုတော်မူကုန်ပြီးထသော။ သဗ္ဗဓမ္မေ၊ ခပ်သိမ်းကုန်သောတရားတို့ကို။ ဝေဒဂူ၊ ဉာဏ်တော်အားဖြင့် ထင်ရှားသည်ကို ပြုတော်မူကုန်ပြီး၍ ဗောဓိအပြင်၌ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူ

www.dhammadownload.com

ကုန်ပြီးထသော။ ယေ-ယာဒိသာ၊ အကြင်သို့သဘော ရှိတော်မူကုန် ထသော။ ဘဂဝန္တော၊မြတ်စွာဘုရားတို့သည်။သန္တိ၊ရှိတော်မူကုန်၏။တေ-တာဒိသာ၊ ထိုသို့သဘောရှိကုန်သော။ ဘဂဝန္တော၊ မြတ်စွာဘုရားတို့သည်။ မေ၊ အကျွန်ုပ်၏။ နမော-နမကာရံ၊ရှိခိုးခြင်းကို။ပဋိစ္ဆန္တု၊ ခံလည်းခံတော်မူစေကုန်သတည်း။ ဇေဋ္ဌိသို့။မယာ၊အကျွန်ုပ်သည်။ နမဿိတာ၊ ရှိခိုးအပ်ကုန်သော။ တေ-တာဒိသာ၊ ထိုသို့သဘောရှိကုန်သော။ဘဂဝန္တော၊ မြတ်စွာဘုရားတို့သည်။ မံ၊ အကျွန်ုပ်ကို။ ပါလယန္တု၊စောင့်လည်း စောင့်တော်မူစေကုန်သတည်း။ ဗုဒ္ဓါနံ၊ ပရိနိဗ္ဗာန်ပြုတော်မူကုန်ပြီးသော ဘုရားရှင်တို့အား။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ တေသညော၊ ထိုဘုရားရှင်တို့၏သာလျှင်။ ဗောဓိယာ၊ မဂ်လေးတန်, ဖိုလ်လေးတန်တို့၌ ဉာဏ်ဟုဆိုအပ်သော ဗောဓိအား။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဝိမုတ္တာနံ၊ အရဟတ္တဖိုလ်တည်းဟူသော ဝိမုတ္တိအားဖြင့် ဝိမုတ္တိ ရှိတော်မူကုန်သော။ တေသညော၊ ထိုဘုရားရှင်တို့အားသာလျှင်။ မေ၊ အကျွန်ုပ်၏။ နမော၊ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ နေသံ၊ ထိုဘုရားရှင်တို့၏။ ဝိမုတ္တိယာ၊ ငါးပါးသော ဝိမုတ္တိအား။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ဘိက္ခဝေ၊ ရဟန်းတို့။သော မောရော၊ ထိုရွှေဥဒေါင်းမင်းသည်။ ဣမံ ပရိတ္တံ၊ ဤအရံအကားကို။ ကတ္ဝာ၊ ပြု၍။ သေနာ-သေနာယ၊ အပင့်အသီးအစရှိသော အထူးထူး အပြားပြားသော အစာကို ရှာအံ့သောငှါ။ စရတိ၊ သွား၏။

ရဟန်းတို့ ထိုရွှေဥဒေါင်းမင်းသည် ဤသို့ တနေ့ပတ်လုံး ကျက်စား၍ ညအခါ တောင်ထိပ်၌နေ၍ ဝင်လေသော နေမင်းကို ကြည့်လျက် ဘုရားရှင်တို့၏ ဂုဏ်တော်ကိုဆင်ခြင်၍နေရာအရပ်၌ အစောင့်အရှောက် အရံအတား အကျိုးငှါ တဖန် မြတ်သောမန္တရားကို ဖွဲ့ပြန်လိုရကား—

၁၈ အပေတယံ စက္ခုမာ ကောရဇော၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ။
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ ။

ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗ ဓမ္မေ၊
တေ မေ နမော တေ စ မံ ပါလယန္တု၊

www.dhammadownload.com

နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတ္ဝာ၊
မောရော ဝါသ မကပ္ပယိ။

ဟူသော ဤဂါထာကို ရွတ်၏။

"ဣမံ သော ပရိတ္တံ ကတ္ဝာ မောရော ဝါသ မကပ္ပယိ" ဟူသော နှစ်ပါဒကိုလည်း ဘုရားအဖြစ်သို့ ရောက်တော်မူပြီးမှ ဆက်၍ ဟောတော်မူ၏။

စက္ခုမာ၊ အလုံးစုံသော စကြဝဠာဌ်နေကုန်သောသူတို့အား မျက်စိအမြင်ကို ပေးတတ်ထသော။ ဧကရာဇာ၊ မြတ်သောမင်းဖြစ်ထသော။ ဟရိဿဝဏ္ဏော၊ ရွှေအဆင်းနှင့်တူသောအဆင်းရှိထသော။ပထဝိပ္ပဘာ သော၊ မြေကြီးကို ထွန်းပစေတတ်ထသော။ အယံ ဘာဇကုမာ၊ ဤနေမင်းသည်။ ယသ္မာ၊အကြင်ကြောင့်။ အပေတိ၊ ဝင်၏။ တံ-တသ္မာ၊ ထို့ကြောင့်။ ဟရိဿဝဏ္ဏံ၊ရွှေအဆင်းနှင့်တူသော အဆင်းရှိသော။ ပထဝိပ္ပဘာဿံ၊ မြေကြီးကို ထွန်းပစေတတ်သော။ တံ၊ ထိုအရှင်နေမင်းကို။ နမဿာမိ၊ ရှိခိုးပါ၏။ အဇ္ဇ၊ ယနေ့။ တယာ၊ ရှင်နေမင်းသည်။ ဂုတ္တာ၊ စောင့်ရှောက်အပ်သည့် ဖြစ်၍။ မယံ၊ အကျွန်ုပ်တို့သည်။ ဣမံ၊ ဤသို့ သကောရှိသော။ ရတ္တိ၊ ညဉ့်ပတ်လုံး။ ဝိဟရေမု၊ ချမ်းသာစွာ နေရပါလိုကုန်၏။

ဗြာဟ္မဏာ၊မကောင်းမှုကို အပပြုတော်မူကုန်ပြီးဖြစ်သော။ သဗ္ဗဓမ္မေ၊ ခပ်သိမ်းကုန်သော သခ်ၤတ, အသခ်ၤတ တရားတို့ကို။ ဝေဒဂူ၊ ဉာဏ်တော်အားဖြင့် ထင်ရှားသည်တို့ကို ပြုတော်မူကုန်၍ သံသရာကို လွန်တော်မူကုန်ပြီးထသော။ ယေ ဘဂဝန္တော၊ အကြင် မြတ်စွာဘုရားတို့သည်။ သန္တိ၊ ရှိတော်မူကုန်၏။ တေ ဘဂဝန္တော၊ ထိုမြတ်စွာဘုရားတို့သည်။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းကို။ ပဋိစ္ဆန္နစ်၊ ခံလည်း ခံတော်မူစေကုန်သတည်း။ ဇေဝံ၊ ဤသို့။ မယာ၊ ငါသည်။ နမဿိတာ၊ ရှိခိုးအပ်ကုန်သော။ ဧတေ-တာဒိသာ၊ ထိုသို့ သဘောရှိကုန်သော။ ဘဂဝန္တော၊မြတ်စွာဘုရားတို့သည်။ မံ၊ အကျွန်ုပ်ကို။ ပါလယန္တု၊ စောင့်လည်း စောင့်တော်မူစေကုန်သတည်း။ ဗုဒ္ဓါနံ၊ ပရိနိဗ္ဗာန်ပြုတော်မူကုန်ပြီးသော ဘုရားရှင်တို့အား။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု

www.dhammadownload.com

ဖြစ်စေသတည်း။ တေသညော၀၊ ထိုဘုရားရှင်တို့၏သာလျှင်။ ဗောဓိယာ၊ မဂ်လေးတန်, ဗိုလ်လေးတန်တို့၌ ဉာဏ်ဟုဆိုအပ်သော ဗောဓိအား။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဝိမုတ္တာနံ၊ အရဟတ္တဗိုလ်တည်း ဟူသော ဝိမုတ္တိအားဖြင့် ဝိမုတ္တိရှိတော်မူကုန်သော။ တေသညော၀၊ ထိုဘုရားရှင်တို့အားသာလျှင်။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ နေသံ၊ ထိုဘုရားရှင်တို့၏။ ဝိမုတ္တိယာ၊ ငါးပါးသော ဝိမုတ္တိအား။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ သော မောရော၊ ထိုရွှေဥဒေါင်းသည်။ ဣမံ ပရိတ္တံ၊ ဤအရံအတားကို။ ကတ္တာ၊ ပြု၍။ နိ၀ါသဒ္ဒါနေ၊ နေရာအရပ်၌။ ၀ါသံ၊ နေခြင်းကို။ အကပ္ပယိ၊ ပြု၏။

ထိုရွှေဥဒေါင်းအား ညဉ့်၌ဌင်း နေ့၌ဌင်း ဤသို့သဘောရှိသော ပရိတ်၏ အာနုဘော်ကြောင့် ဘေးသည်လည်း မဖြစ်သည် သာလျှင်တည်း၊ ကြက်သီးမွေးညှင်း ထခြင်းသည်လည်း မဖြစ်သည်သာလျှင်တည်း၊ ထိုအခါ ဗာရာဏသီပြည်၏ မနီးမဝေးသောအရပ်၌ မုဆိုးတို့၏ ရွာ၌နေသော မုဆိုးတယောက်သည် ဟိမဝန္တာအရပ်၌ လှည့်လည်သည်ရှိသော် ထိုဒဏ္ဍကရွှေတောင်ထိပ်၌ နေသော ဘုရားလောင်း ရွှေဥဒေါင်းကိုမြင်လျှင် လာလတ်၍ သားအား ကြား၏။

ထိုအခါ တနေ့သ၌ ဗာရာဏသီမင်း၏ ခေမာအမည်ရှိသော မိဖုယားသည် အိပ်မက်ဖြင့် ရွှေအဆင်းနှင့် တူသော အဆင်းရှိသော ရွှေဥဒေါင်း တရားဟောသည်ကိုမြင်မက်၍ နိုးသောကာလ၌ မင်းကြီးအား လျှောက်၏၊ အဘယ်သို့ကြားလျှောက်သနည်းဟူမူကား မြတ်သောမင်းကြီး အကျွန်ုပ်သည် ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ဥဒေါင်း၏ တရားကို နာလို၏ဟု လျှောက်၏၊ မင်းသည် အမတ်တို့ကို မေး၏၊ အမတ်တို့သည် အရှင်မင်းကြီး ပုဏ္ဏားတို့သည် သိကုန်လတ္တံ့ဟု လျှောက်ကုန်၏၊ ပုဏ္ဏားတို့သည် ထိုစကားကို ကြားကုန်၍ ရွှေအဆင်းနှင့် တူသော အဆင်းရှိကုန်သော ဥဒေါင်းတို့မည်သည် ရှိကုန်၏ဟု လျှောက်ကြကုန်၍ အဘယ်အရပ်၌ ရှိသနည်းဟုမေးသည်ရှိသော် အရှင်မင်းကြီး မုဆိုးတို့သည် သိကုန်လတ္တံ့ဟု လျှောက်ကုန်၏၊ မင်းကြီးသည် မုဆိုးတို့ကို စည်းဝေးစေ၍ မေး၏၊ ထိုအခါ ထိုမုဆိုး၏သားသည် မြတ်သောမင်းကြီး ဒဏ္ဍကအမည်ရှိသော ရွှေတောင်သည် ရှိ၏၊ ထိုရွှေတောင်၌ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ရွှေဥဒေါင်းသည် နေ၏ဟု လျှောက်၏။

www.dhammadownload.com

အို မုဆိုး ထိုသို့တပြီးကား သင်သည် ထိုဥဒေါင်းကို မသတ်ဘဲ နှောင်ဖွဲ့၍ သာလျှင် ဆောင်ခဲ့လော့ဟု ဆို၏။ ထိုမုဆိုးသည် သွား၍ ထိုရှေဥဒေါင်း၏ ကျက်စားရာမြေ၌ ကျော့ကွင်းတို့ကို ထောင်၏။ ဥဒေါင်းသည် နှင်းရာအရပ်၌လည်း ကျော့ကွင်းသည်မရှေ့၊ မုဆိုးသည် ဖမ်းအံ့သောငှါမတတ်နိုင်သည်ဖြစ်၍ ခုနစ်နှစ်တို့ပတ်လုံး ထိုအရပ်၌သာလျှင် ကျက်စား၍ သေလေ၏။ ခေမာမိဖုယားသည်လည်း တောင့်တအပ်သော ရှေဥဒေါင်းကို မရ၍ သေ၏။

မင်းသည် ဥဒေါင်းကို မှီ၍ ငါ၏မိဖုယား သေလွန်ရ၏ဟု အမျက်ထွက်၍ ဟိမဝန္တာ အရပ်၌ ဒဏ္ဍက မည်သော ရှေတောင်သည် ရှိ၏၊ ထိုရှေတောင်၌ ရှေအဆင်းနှင့်တူသော အဆင်းရှိသော ဥဒေါင်းသည် နေ၏၊ အကြင်သူတို့သည် ထိုရှေဥဒေါင်း၏ အသားကို စားရကုန်၏၊ ထိုသူတို့သည် မအိုသည် ဖြစ်ကုန်၏၊ မသေသည် ဖြစ်ကုန်၏ဟု အကွာရာကို ရှေပြား၌ ရေးသားစေ၍ ရှေတံတင်း၌ ထားစေ၏၊ ထိုမင်းသည် စုတေသည်ရှိသော် တပါးသောမင်းသည် မင်းအဖြစ်သို့ ရောက်သည်ဖြစ်၍ ရှေပြား၌ ရေးထားသော အကွာရာကို ဘတ်စေ၍ ငါသည် မအိုသည် မသေသည် ဖြစ်ရအံ့ဟု တပါးသော မုဆိုးကို စေလွှတ်၏၊ ထိုမုဆိုးသည်လည်း သွားလေ၍ ဘုရားလောင်းကို ဖမ်းအံ့သောငှါ မတတ်နိုင်၍ ထိုအရပ်၌သာလျှင် သေလေ၏၊ထိုသို့သော နည်းဖြင့်သာလျှင် မင်းခြောက်ဆက်လဲသည်၏အဖြစ်သို့ ရောက်၏။

ထိုအခါ ခုနစ်ဆက်မြောက်ဖြစ်သော မင်းသည် မင်းအဖြစ်သို့ ရောက်၍ မုဆိုးတယောက်ကို စေလိုက်၏၊ ထိုမုဆိုးသည် သွား၍ ဘုရားလောင်းသည် နှင်းရာအရပ်၌လည်း ကျော့ကွင်း၏ မရှေ့သည်၏ အဖြစ်ကိုသိ၍ မိမိ၏အကျိုးငှါ အရံအတားကိုပြု၍ ထိုရှေဥဒေါင်း၏ ကျက်စားရာမြေသို့ သွားခြင်းကိုလည်း သိ၍ အရပ်စွန်းသို့ သက်ခဲ့၍ တခုသော ဥဒေါင်းမကို ဖမ်း၍ အကြင်သို့သော အခြင်းအရာအားဖြင့် သင်အပ်သည်ရှိသော် ဥဒေါင်းမသည် လက်ခုပ်တီးသံဖြင့် က,၏၊ လက်ဖျစ် တီးသံဖြင့်လည်း တွန်၏၊ ထိုသို့သော အခြင်းအရာအားဖြင့် သင်ပြီးလျှင် ထိုဥဒေါင်းမကို ယူ၍ သွားလေ၍ ရှေဥဒေါင်းသည်အရံအတားကို မပြုမီ စောစောကလျှင် ကျော့ကွင်းကို ကျော့ကွင်းတံသို့ တင်၍ ကျော့ကွင်းတို့ကိုထောင်၍ ဥဒေါင်းမကို တွန်စေ၏၊ ရှေဥဒေါင်းသည် သဘောမတူသော ဥဒေါင်းမ၏အသံကို ကြား၍ ကိလေသာဖြင့် ကြင်နာသည်ဖြစ်၍ ပရိတ်ကိုပြုအံ့သောငှါ မစွမ်းနိုင်ဘဲ သွားလေလျှင် ကျော့ကွင်း၌ မိ၏၊ ထိုဘုရားလောင်းကို

www.dhammadownload.com

မှဆိုးသည် ဖမ်း၍ သွားပြီးလျှင် မင်းအား ဆက်၏၊ မင်းသည် ထို ရွှေဥဒေါင်း၏ အဆင်း၏ ပြည့်စုံခြင်းကို မြင်၍ နှစ်သက်သော စိတ်ရှိသည် ဖြစ်၍ နေရာကို ပေးစေ၏၊ ဘုရားအလောင်းသည် ခင်းအပ်သော နေရာ၌ နေ၍ မြတ်သောမင်းကြီး အဘယ်ကြောင့် ငါ့ကို ဖမ်းစေသနည်းဟု မေး၏၊ ရွှေဥဒေါင်း အကြင်သူတို့သည် သင်၏ အသားကို စားရကုန်၏၊ ထိုသူတို့သည် မအိုကုန်သည် မသေကုန်သည် ဖြစ်ကုန်၏ဟု ငါကြား၏၊ ထိုငါသည် သင်၏ အသားကိုစား၍ မအိုမသေ ဖြစ်လို၍ သင့်ကို ဖမ်းစေ၏ဟု ဆို၏၊ မြတ်သော မင်းကြီး ငါ၏အသားကို စားရကုန်သော သူတို့သည် မအိုကုန်သည် မသေကုန်သည် ဖြစ်စေကုန်ဦးတော့၊ ငါသည်မူကား သေရအံ့၊ ဤသို့ ငါသည် သေတတ်သော သဘောရှိလျက် ငါ၏အသားကို စားကုန်သော သူတို့သည် အဘယ်အကြောင်းကြောင့် မသေကုန်လတ္တံ့နည်းဟု ဆိုသည်ရှိသော်—

ဥဒေါင်းမြတ် သင်သည် ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏၊ ထို့ကြောင့် သင်၏ အသားကို စားရကုန်သော သူတို့သည် မအို မသေကုန်သည် ဖြစ်ကုန်လတ္တံ့ဟု ဆိုလေ၏၊ မြတ်သောမင်းကြီး ငါသည် အကြောင်းမဲ့ ရွှေအဆင်းနှင့်တူသော အဆင်းရှိသည် မဟုတ်၊ ရှေးဌာကား ငါသည် ဤမြို့၌သာလျှင် စကြဝတေးမင်းဖြစ်၍ မိမိသည်လည်း ပဉ္စသီတို့ကို စောင့်ခဲ့ဘူး၏၊ အလုံးစုံသော စကြဝဠာ၌ နေကုန်သော သူတို့ကိုလည်း စောင့်စေဘူး၏၊ ထို့ငါသည် စုတေ၍ တာဝတိံသာ နတ်ပြည်၌ ဖြစ်ခဲ့ဘူး၏၊ ထိုတာဝတိံသာနတ်ပြည်၌ အသက်ထက်ဆုံး တည်၍ ထိုတာဝတိံသာနတ်ပြည်မှ စုတေသည်ရှိသော် တပါးသော အကုသိုလ်၏ အကျိုးဆက်ကြောင့် ဥဒေါင်းမျိုး၌ ဖြစ်သော်လည်း ရှေး၌ ဆောက်တည်ခဲ့ဘူးသော သီလ၏ အာနုဘော်ကြောင့် ရွှေအဆင်းနှင့်ဟူသော အဆင်းရှိသည် ဖြစ်၏ဟု ဆိုသည်ရှိသော် ဥဒေါင်းမြတ် သင်သည် စကြဝတေးမင်းဖြစ်၍ သီလကို စောင့်ရှောက်၍ သီလ၏ အာနုဘော်ကြောင့် ရွှေအဆင်းနှင့်ကူသော အဆင်းရှိသည်ဖြစ်၏ဟု ဆို၏၊ သင်၏ စကားကို အဘယ်သို့သော အကြောင်းကြောင့် ငါတို့သည် ယုံကြည်ရအံ့နည်း တစုံတခုသော သက်သေရှိ၏ လောဟု ဆို၏၊ မြတ်သောမင်းကြီး ရှိ၏ဟု ဆိုသည်ရှိသော် အဘယ်မည်သော သက်သေနည်းဟုမေး၏၊မြတ်သောမင်းကြီး ငါသည် စကြဝတေးမင်း ဖြစ်သော ကာလ၌ ရတနာဖြင့်ပြီးသော ရထား၌ စီး၍ ကောင်းကင်ခရီးဖြင့် သွားဘူး၏၊ ငါ၏ ထိုရတနာရထားကို မဂ်လာရေကန်၏ မြေအတွင်း၌ မြုပ်ဇစ်အပ်၏၊ ထိုရတနာရထားကို မဂ်လာရေကန်မှ ဘော်စေလော့၊ ထိုရတနာ ရထားသည်

www.dhammadownload.com

ငါ၏သက်သေ ဖြစ်လတ္တံ့ဟု ဆိုသည်ရှိသော် မင်းသည် ကောင်းပြီဟု ဝန်ခံ၍ မင်္ဂလာရေကန်မှ ရေကို ပယ်စေပြီးလျှင် ရတနာ ရထားကို ဆောင်ခဲ့စေ၏၊ မင်းသည် ထိုအခါ၌ ဘုရားလောင်းအား ယုံကြည်၏။

ဘုရားလောင်းသည် မြတ်သောမင်းကြီး အမြိုက်ဖြစ်သော မဟာနီဗွာန်ကို ထား၍ ကြွင်းကုန်သော ခပ်သိမ်းကုန်သော သခ်ၤတ တရားတို့သည် ဖြစ်ကုန်၍ အမြဲမတည်သော သဘောရှိကုန်၏၊ မမြဲသည် ဖြစ်ကုန်၏၊ ကုန်တတ် ပျက်တတ်သော သဘောရှိကုန်သည်သာလျှင် ဖြစ်ကုန်၏ဟု မင်းအား တရားဟော၍ မင်းကို ငါးပါးကုန်သော သီလတို့၌ တည်စေ၏၊ မင်းသည် ကြည်ညိုသည်ဖြစ်၍ ဘုရားလောင်းကို မင်းအဖြစ်ဖြင့် ပူဇော်၏၊ ထိုဘုရားလောင်းသည် မင်းအဖြစ်ကို ထိုမင်းအားသာလျှင် အပ်နှင်းပြီးလျှင် နှစ်ရက် သုံးရက် နေ၍ မြတ်သော မင်းကြီး မမေ့မလျော့ ဖြစ်ရစ်လော့ဟု ဆုံးမ၍ ကောင်းကင်၌ ပျံ၍ ဒဏ္ဍကရွှေတောင်သို့ သွားလေ၏၊ မင်းသည်လည်း ဘုရားလောင်းအဆုံးအမ၌ တည်၍ ဒါနအစရှိသော ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း သမ္မည မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသော အဆုံး၌ ငြိုးငွေ့သော ရဟန်းသည် အရဟတ္တဖိုလ်၌ တည်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ရဟန်းတို့ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရှေဥဒေါင်း ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မန္တင့်ဖက်က၊ မိုက်မှားကြ၊ လောက ထုံးဓလေ့)

ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော မောရဇာတ်သည် ပြီး၏။

www.dhammadownload.com

၁၀-ဝိနီလဇာတ်

ဟသ်ာ ညီနောင်နှင့် ကျီးဟသ်ာ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဧဝမေဝ နူန ရာဇာနံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝိနီလဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေဖူးတော်မူစဉ် **ဒေဝဒတ်၏ ဘုရားအတု ပြုခြင်း**ကို အကြောင်းပြု၍ ဟောတော် မူ၏၊ ထိုစကားသည် မှန်၏၊ ဒေဝဒတ်သည် ဂယာသီသသို့ ရောက်လာကုန်သော နှစ်ပါးကုန်သော အဂ္ဂသာဝကတို့အား ဘုရားအသွင်ကိုပြု၍ အိပ်သည်ရှိသော် ပထေဝီမြတ်နှစ်ပါးတို့သည်လည်း တရားကိုဟောကုန်၍ မိမိတို့၏ တပည့်တို့ကို ယူကုန်၍ ဝေဠုဝန်ကျောင်းတော်သို့ လာခဲ့ကြကုန်၏၊ ထိုအခါ မြတ်စွာဘုရား သည် သာရိပုတ္တရာ, မောဂ္ဂလာန်တို့ ဒေဝဒတ်သည် သင်တို့ကိုမြင်၍ အသို့ပြု သနည်းဟု မြတ်စွာဘုရားသခင်မေးအပ်သည်ရှိသော် အရှင်ဘုရား မြတ်စွာဘုရား အသွင်ကိုပြု၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်၏ဟု လျှောက်ကုန်၏၊ မြတ်စွာဘုရားသည် သာရိပုတ္တရာ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ငါဘုရား၏ အတုဖြစ်သော အမှုအရာကိုပြု၍ ပျက်စီးခြင်းသို့ ရောက်သည် မဟုတ်သေး၊ ရှေး၌လည်း ရောက်ဘူးသည် သာလျှင်တည်းဟု မိန့်တော်မူ၍ သာရိပုတ္တရာ မကောရ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု သာရိပုတ္တရာ လွန်လေပြီးသောအခါ ဝိဒေဟတိုင်း မိထိလာ ပြည်၌ ဝိဒေဟတိုင်းသူတို့ကို အစိုးရသော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဝိဒေဟမင်း၏ မိဖုယားကြီးဝမ်း၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းကုန်သော အတတ်တို့ကို သင်၍ အဘလွန်သဖြင့် မင်းအဖြစ်၌ တည်၏၊ ထိုအခါ၌ တခုသော ရွှေဟသ်ာမင်း၏ ကျက်စားရာမြေ၌ ကျီးမနှင့်တကွ ပေါင်းဘော်ခြင်းသည် ဖြစ်၏၊ ထိုကျီးမသည် သားကို ဖွား၏၊ ထိုဥက်ငယ်သည် အမိနှင့်လည်းမတူ အဘနှင့်လည်းမူတူသလျှင် ကတည်း၊ ထိုအခါ၌ ထိုဥက်ငယ်အား မည်သို မရွှေသော သဘောရှိသည်၏ အဖြစ်ကြောင့် **ဝိနီလက**ဟူသော အမည်ကိုသာလျှင် မှည့်ကုန်၏၊ ရွှေဟသ်ာ မင်းသည် မပြတ်လာ၍ သားကို ကြည့်၏၊ ထိုရွှေဟသ်ာမင်းအားကား တပါး ကုန်သောနှစ်ခု ကုန်သော ဟသ်ာငယ် ဖြစ်ကုန်သော သားတို့သည် ရှိကုန်၏၊

www.dhammadownload.com

ထိုဟသ်ာဌက်ငယ်တို့သည် အဘဖြစ်သော ရှေဟသ်ာမင်းကို မပြတ်လူ့ပြည်လမ်းကို ပျံသွားလေသည်ကို မြင်ကုန်၍ မေးကုန်၏၊ အဘယ်သို့ မေးကုန်သနည်း ဟူမူကား ဘခင် သင်တို့သည် အဘယ့်ကြောင့် ပပြတ်လူ့ပြည် လမ်းခရီးသို့ သွားကုန်သနည်းဟု မေးကုန်၏၊ ချစ်သားတို့ ငါ့အား ကျိုးမတခုနှင့် တကွ ပေါင်းဘော်ခြင်းကိုစွဲ၍ တခုသော သားသည် ဖြစ်၏၊ ထိုငါသားအား ဝိနီလကဟူသော အမည်ကို မှည့်ကုန်၏၊ ငါသည် ထိုဝိနီလကကို ကြည့်အံ့သောငှါ သွား၏ဟု ဆို၏၊ ဘခင် ထိုဝိနီလကသည် အဘယ်အရပ်၌လျှင် နေသနည်းဟု မေးကုန်၏၊ ချစ်သားတို့ ဝိဒေဟတိုင်း မိထိလာပြည်၏ မနီးမဝေးသောအရပ်၌ ဤအမည်ရှိသော တခုသောထန်းပင်ဖျား၌ နေ၏ဟုဆို၏၊ ဘခင် လူတို့ကျက်စား ရာအရပ်မည်သည်ကား ရုံရှာဘုယ်ရှိ၏၊ ဘေးဘျမ်းနှင့်တကွ ဖြစ်၏၊ သင်ဘခင်တို့သည် မသွားကုန်လင့်၊ ကျွန်ုပ်တို့သည် သွားကုန်၍ ထိုဝိနီလကကို ဆောင်ချေကုန်အံ့ဟု ဆိုကုန်၍ ဟသ်ာဌက် နှစ်ခုတို့သည် အဘဖြစ်သော ရှေဟသ်ာမင်း ကြားလိုက်သောအမှတ်ဖြင့် ထိုအရပ်သို့ သွားကုန်၍ ထိုဝိနီလကကို တခုသော တုတ်တံ၌ စီးစေ၍ နှုတ်သီးဖြင့် တုတ်တံစွန်း၌ ကိုက်၍ မိထိလာမြို့၏ အပေါ် ကောင်းကင်ခရီးဖြင့် ဆောင်ကုန်၏၊ ထိုခဏ၌ ဝိဒေဟမင်းသည် အလုံးစုံဖြူသော သိန္ဓောမြင်း လေးစီး က,သော မြတ်သောရထား၌ စီး၍ မြို့ကို လက်ျာရစ်လှည့်သည်ကိုပြု၏၊ ဝိနီလကသည် ထိုဝိဒေဟမင်းကိုမြင်၍ ငါ့အား ဝိဒေဟမင်းနှင့် အဘယ်မှာ ထူးအံ့နည်း၊ ဤဝိဒေဟရာဇ်မင်းသည် သိန္ဓောမြင်း လေးစီးက,သော ရထား၌စီး၍ မြို့ကိုလှည့်၏၊ ငါသည်တမူကား ဟသ်ာ က,သော ရထား၌ စီး၍ သွားရအံ့ဟု ကြံ၏၊ ကြံ၍ ကောင်းကင်ဖြင့် သွားလျက်—

၁၉ ဧဝမေဝ နူန ရာဇာနံ၊ ဝေဒေဟံ မိထိလဂ္ဂဟံ။
အဿာ ဝဟန္တိ အာဇညာ၊ ယထာ ဟံသာ ဝိနီလံကံ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

နူန၊ ငါအကြံရှိသည်ကား။ **တနည်းကား** နူန၊ စင်စစ်သဖြင့်။ ဝေဒေဟံ၊ ဝိဒေဟတိုင်း၏အရှင် ဖြစ်ထသော။ မိထိလဂ္ဂဟံ၊ မိထိလာပြည်၌ အိမ်ကိုသိမ်းပိုက်၍ နေထသော။ ရာဇာနံ၊ မင်းကို။ အာဇညာ၊ အကြောင်းဟုတ်သည် မဟုတ်သည်ကို သိတတ်ကုန်သော။ အဿာ၊ မြင်းတို့သည်။ ဝဟန္တိ ယထာ၊ ဆောင်ကုန်သကဲ့သို့။ ဧဝမေဝ၊ ထို့အတူလျှင်။ ဝိနီလကံ၊ ဝိနီလက အမည်

www.dhammadownload.com

ရှိသော။ မံ၊ ငါ့ကို။ ဣမေ ဟံသာ၊ ဤဟသ်ာမျိုး ညီနောင်တို့သည်။ ဝဟန္တိ၊ ဆောင်ကုန်၏။

ဟသ်ာငယ် ညီနောင် တို့သည် ထိုဝိနီလက၏ စကားကို ကြားကုန်၍ အမျက်ထွက်၍ ဤအရပ်၌ သာလျှင် ထိုဝိနီလကကို ချကုန်၍ သွားကုန် အံ့ဟု စိတ်ကို ဖြစ်စေကုန်၍ ဤသို့ပြုသည်ရှိသော် ငါတို့အား အဘသည် အသို့ဆိုလတ္တံ့နည်းဟု ကဲ့ရဲ့အံ့သည်မှ ကြောက်သောကြောင့် အဘ၏ အထံသို့ ဆောင်ကုန်၍ ထိုဝိနီလကသည် ပြုအပ်သော အမှုအရာကို အဘအား ကြားကုန်၏၊ ထိုအခါ၌ ထို ဝိနီလကကို အဘသည် အမျက် ထွက်၍ သင်သည် ငါ၏သားတို့ထက် အလွန်မြတ်သလော၊ ငါ၏သားတို့ကို နှိပ်စက်၍ ရထား၌ က,ကုန်သော သိန္ဓောမြင်းတို့ကိုကဲ့သို့ ပြုဘိ၏၊ မိမိ၏ ပမာဏကို မသိ ဤအရပ်သည် သင်၏ ကျက်စားရာ အရပ်မဟုတ်၊ သင့်အမိ၏ နေရာ အရပ်သို့သာလျှင် သွားလေလောဟု ခြိမ်းချောက်၍—

၂၀ ဝိနီလ ဒုဂ္ဂံ ဘဇသိ၊ အဘူမိံ တာတ သေဝသိ။
ဂါမန္တကာနိ သေဝဿု၊ တေံ မာတာလယံ တဝ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

တာတ ဝိနီလ၊ အချင်း ဝိနီလက။ တုံ၊ သင်သည်။ ဣမေသံ၊ ဤဟသ်ာတို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဒုဂ္ဂံ၊ ရောက်နိုင်ခဲသော တောင်မြောင် ချောက်ကြား အရပ်သို့။ ဘဇတိ၊ ရောက်လာ၏။ အဘူမိံ၊ သင်၏ အရာမဟုတ်သော မြေအရပ်ကို။ တုံ၊ သင်သည်။ သေဝသိ၊ မှီဝဲလာ၏။ တုံ၊ သင်သည်။ ဂါမန္တကာနိ၊ ရွာစွန် ရွာနား အရပ်တို့ကို။ သေဝဿု၊ မှီဝဲလေလော့။ တုံ၊ သင်သည်။ တေံ၊ ထိုသို့သဘောရှိသော။ တဝ။ သင်၏။ မာတာလယံ၊ မစင်သောအကောင်ပုပ်စွန့်ပစ်ရာအရပ်ဖြစ်သော သင့်အမိကျီးမနေရာ အရပ်သို့။ ဂစ္ဆ၊ သွားလေလော့။

ဤသို့ ထိုဝိနီလကကို ခြိမ်းချောက်၍ ရှေဟသ်ာငယ်တို့ သင်တို့သည် သွားကြကုန်၊ ထိုဝိနီလကကို မိထိလာမြို့၏ မစင်စွန့်ရာအရပ်၌သာလျှင် ချခဲ့၍ လာကြကုန်လောဟု သားတို့ကို စေလိုက်၏၊ ထိုရှေဟသ်ာငယ်တို့သည် ထိုအဘ ရှေဟသ်ာမင်း ဆိုတိုင်းသာလျှင် ပြုကုန်၏။

www.dhammadownload.com

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ သာရိပုတ္တရာ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ကျီးမသား ဝိနီလက ဖြစ်ဘူးပြီ၊ ယခုအခါ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့သည် ထိုအခါ ရှေဟသ်ာမျိုး ညီနောင်စုံတို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ အဘ ဖြစ်သော ရှေဟသ်ာမင်း ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဝိဒေဟာမင်း ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။။

(မတူဘဲတူ၊ ပျက်စီးမှု၊ ကြည့်ရှုဆင်ခြင်တွေ့)
ဆယ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဝိနီလဇာတ်သည် ပြီး၏။။

ဘုန်းတော် အလွန်ကြီးတော်မူသော ဆင်ဖြူမျှားရှင် တရားမင်းမြတ်၏ သားတော်အကြီး မဟာဥပရာဇ်သည် အလွန်တရာ ခဲယဉ်းစွာသော ရခိုင်ပြည် ကြီးကို မင်းနှင့်တကွ သိမ်းယူတော်မူပြီး၍ ရဟန်း ရှင်လူ ပြည်သူအပေါင်းတို့၏ စီးပွားချမ်းသာ အကျိုးငှါ ပင့်ဆောင်တော်မူခဲ့သော မဟာမုနိဘုရားရှင်၏ အရှေ့မျက်နှာ အရပ်၌ မဟာဥပရာဇ် မယ်တော် အရှင်မိဖုယားမြတ်သည် ဆောက်အပ်သော မင်္ဂလာဘုံကျော် ကျောင်းတော်နေ ညောင်ကန်ဆရာတော် သည် မြန်မာပြန်ဆိုအပ်သော ဒုကနိပါတ်ဇာတ်တော်၌ ရှေးဦးစွာသော ဒဋ္ဌဝဂ်သည် ဤမျှသောသဒ္ဒါ၏ အစဉ် အနက်၏ အစဉ် အားဖြင့် အပြီးသို့ ရောက်၏။။

၂- သန္ဓဝဂ် ၁၁- ဇုန္ဒသမာနဂေါတ္တဇာတ်

ရသေ့နှင့် ဆင်

ပစ္စုပ္ပန်ဝတ္ထု၊ နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "နသန္ထဝံ ကာပုရိသေန ကယိရာထ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဇုန္ဒသမာနဂေါတ္တဇာတ်ကို ဧတဝဝန် ကျောင်းတော်၌ သတင်းသုံးနေတော်မူစဉ် **ဆုံးမခက်သော**ရဟန်းကို အကြောင်း ပြု၍ ဟောတော်မူ၏၊ ထိုရဟန်း၏ဝတ္ထုသည် နဝက နိပါတ် ဂိဇ္ဈဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့၊ အထူးကား မြတ်စွာဘုရားသည် ရဟန်း သင်သည်ကား ရှေး၌လည်း

www.dhammadownload.com

ဆုံးမခက်သော သဘော ရှိသည်၏ အဖြစ်ကြောင့် ပညာရှိတို့၏ စကားကို နားမထောင်သောကြောင့် အမုန်ယစ်သော ဆင်သည် ခြေတို့ဖြင့် မှုန့်မှုန့် ညက်ညက် ပြုအပ်လေပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု. ရဟန်း လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ ကြီးခြင်းသို့ ရောက်သည်ရှိသော် အိမ်ရာထောင်ခြင်းကို ပယ်ပြီးလျှင် ရသေ့ရဟန်းပြု၍ ငါးရာကုန်သော ရသေ့တို့၏ ဂိုဏ်းဆရာကြီးဖြစ်၍ ဟိမဝန္တာ အရပ်၌ နေခြင်းကိုပြု၏၊ ထိုအခါ၌ ထိုရသေ့အပေါင်းတို့တွင် ဣန္ဒသမာနဂေါတ္တ အမည်ရှိသော တယောက်သော ရသေ့သည် ဆုံးမခက်သည် အဆုံးအမကို မခံယူသည် ဖြစ်၏၊ ထိုဣန္ဒသမာနဂေါတ္တရသေ့သည် ဆင်ငယ်တစီးကို မွေး၏၊ ဘုရားလောင်းသည် ထိုစကားကို ကြား၍ ထိုဣန္ဒသမာနဂေါတ္တ ရသေ့ကို ခေါ်စေ၍ ရသေ့ သင်သည်ဆင်ငယ်ကို မွေး၏ဟူ၍ ငါကြားရသည်မှန်သလောဟု မေး၏၊ ဆရာ မှန်ပေ၏၊ အမိသေသော ဆင်ငယ်တစီးကို မွေး၏ဟု ဆိုသည် ရှိသော် ရသေ့ ဆင်တို့မည်သည်ကား ကြီးခြင်းသို့ ရောက်ကုန်သည် ရှိသော် မွေးမြူသော အရှင်ကိုသာလျှင် သတ်တတ်ကုန်၏၊ သင်သည် ထိုဆင်ငယ်ကို မမွေးလင့်ဟု ဆို၏၊ ဆရာ ထိုဆင်ငယ်နှင့် ကင်းရှင်းနေခြင်းငှါ မတတ်နိုင်ဟု ဆိုသည် ရှိသော် ထိုသို့တပြီးကား ထင်ရှားလတ္တံ့ဟု ဆို၏၊ ထိုဣန္ဒသမာနဂေါတ္တသည် မွေးအပ်သော ထိုဆင်ငယ်သည် နောက်အဘို့၌ ကြီးသော ကိုယ်ရှိသည် ဖြစ်၏၊ ထိုသို့ ကြီးလတ်သည်ရှိသော် အခါတပါး၌ ရသေ့တို့သည် တော၌ဖြစ်သော သစ်မြစ်သစ်သီး ကြီးငယ်အကျိုးငှါ ဝေးသောအရပ်သို့ သွားကုန်၍ ထိုအရပ်၌ သာလျှင် နှစ်ရက် သုံးရက်•နေကုန်၏၊ ဆင်သည်လည်း ရှေးဦးစွာသော တောင်လေသည် လာသည်ရှိသော် မုန်ယိုသည်ဖြစ်၍ ထိုဣန္ဒသမာနဂေါတ္တ ကျောင်းသို့ ဝင်၍ ရေအိုးကို ခဲ၍ ကျောက်ပျဉ်ကို ပစ်၍ တံကဲပျဉ်ကို နုတ်၍ ထိုရသေ့ကို သတ်၍သာလျှင် သွားအံ့ဟု တခုသော တောအရပ်သို့ ဝင်၍ ထိုဣန္ဒသမာန ဂေါတ္တရသေ့၏ လာလတ္တံ့သောခရီးကို ကြည့်လျက် ရပ်၏၊ ဣန္ဒသမာနဂေါတ္တ ရသေ့သည် ထိုဆင်၏အကျိုးငှါ အစာကိုယူ၍ ခပ်သိမ်းကုန်သော ရသေ့တို့၏ ရှေ့မှသာလျှင် လာလတ်သည်ရှိသော် ထိုဆင်ကိုမြင်၍ ပကတိသော အမှတ်ဖြင့် သာလျှင် ထိုဆင်၏အထံသို့ သွား၏၊ ထိုအခါ၌ ထိုဣန္ဒသမာနဂေါတ္တရသေ့ကို ထိုဆင်သည် တောအုပ်အရပ်မှထုတ်၍ နှာမောင်းဖြင့် မြဲစွာကိုင်ပြီးလျှင် မြေ၌ ပုတ်ခတ်၏၊ ဦးခေါင်းကို ခြေဖြင့်နင်း၍ အသက်ကုန်ခြင်းသို့ ရောက်စေပြီးလျှင်

www.dhammadownload.com

ကြိုးကြာသံနှင့်တူသော မြည်ခြင်းကိုပြု၍ တောသို့ ဝင်လေ၏၊ ကြင်းကုန်သော ရသွေ့တို့သည် ထိုအကြောင်းကို ဘုရားလောင်းအားကြားကုန်၏၊ ဘုရားလောင်းသည် စက်ဆုပ်ဘွယ်ရှိသောယောကျ်ားနှင့်တကွ ပေါင်းဘော်ခြင်းကို မပြုအပ်ဟု ဆို၍—

၂၁ ဝ ဝ
နှ သန္ထဝံ ကာပုရိသေန ကယိရာ၊
အရိယော အနရိယေန ပဇာနမတ္ထံ။
စိရာ နုဝုတ္ထောပိ ကရောဟိ ပါပံ၊
ဂဇော ယထာ ဂ္ဂန္ဒသမာနဂေါတ္တံ။

၂၂ ယံတွေဝ ဇညာ သဒိသော မမန္တိ၊
သီလေန ပညာယ သုတေန စာပိ။
တေနေဝ မေတ္တိံ ကယိရာထ သဒ္ဓိံ၊
သုခေါ ဟဝေ သပ္ပုရိသေန သင်္ဂမော။

ဟသော ဂါထာတိကိ ဆိ၏။

ဘောန္တော၊ အိုရသေ့တို့။ အတ္ထံ၊ အကျိုးစီးပွားကို။ ပဇာနံ—ပဇာနန္တော၊ သိထသော။ အရိယော၊ ကောင်းသော အကျင့်ဌ် တည်သော ပုဂ္ဂိုလ်သည်။ အနရိယေန၊ သူတော်မဟုတ်သော။ ကာပုရိသေန၊ စက်ဆုပ် ရှုံရှာဘွယ်သောပုဂ္ဂိုလ်နှင့်။ သဒ္ဓိံ၊ တကွ။ သန္ထဝံ၊ ပေါင်းဘော်ရခြင်းကို။ နှ ကယိရာ၊ မပြုရာ။ ကိံ ကရဏာ၊ အဘယ့်ကြောင့်။ နှ ကယိရာ၊ မပြုအပ်သနည်း ဟူမူကား။ ဂ္ဂန္ဒသမာန ဂေါတ္တေန၊ ဂ္ဂန္ဒသမာန ဂေါတ္တ ရသွေ့သည်။ ပေါသိယမာနော၊ မွေးအပ်သော။ ဂဇော၊ ဆင်သည်။ ဂ္ဂန္ဒသမာနဂေါတ္တံ၊ ဂ္ဂန္ဒသမာနဂေါတ္တ ရသွေ့ကို။ မာရေန္တော၊ သတ်လျက်။ ပါပံ၊ ယုတ်မာသောအမှုကို။ အကာသိ ယထာ၊ ပြုသကဲ့သို့။ ဧဝံ—တထာ၊ ထို့အတူ။ ယသ္မာ၊ အကြင့်ကြောင့်။ အနရိယော၊ အရိယာမဟုတ်သော ပုဂ္ဂိုလ်သည်။ စိရံ ကြာမြင့်စွာ။ အနုဝုတ္ထောပိ၊ အတူတကွနေသော်လည်း။ ပါပံ၊ ယုတ်မာသော အမှုကို။ ကရောတိ၊ ပြုတတ်၏၊ တသ္မာ၊ ထို့ကြောင့်။ သန္ထဝံ၊ ပေါင်းဘော်ခြင်းကို။ နှ ကယိရာ၊ မပြုရာ။

ယံတွေဝ ပဂ္ဂလံ၊ အကြင် ပုဂ္ဂိုလ်ကိုသာလျှင်။ အယံ ပဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ မမံ၊ ငါနှင့်။ သီလေန စာပိ၊ သီလအားဖြင့်ဌင်း။ ပညာယ စာပိ၊ ပညာအားဖြင့်ဌင်း။ သုတေန စာပိ၊ အကြားအမြင်အားဖြင့်ဌင်း။ သဒိသော၊ တူ၏။

www.dhammadownload.com

ဣတိ၊ ဤသို့။ ဇညာ၊ သိရာ၏။ တေနေဝ၊ ထိုပုဂ္ဂိုလ်နှင့်သာ။ သဒ္ဓိံ၊ တကွ။ မေတ္တိံ၊ မိတ်ဘွဲခြင်းကို။ ကယိရာထ၊ ပြုရာ၏။ ကဿာ၊ အံ့ဘယ့်ကြောင့်။ တေနေဝ၊ ထိုပုဂ္ဂိုလ်နှင့်သာလျှင်။ သဒ္ဓိံ၊ တကွ။ မေတ္တိံ၊ မိတ်ဘွဲခြင်းကို။ ကယိရာထ၊ ပြုရာသနည်းဟူမူကား။ ဟိ—ယသ္မာ၊ အကြင့်ကြောင့်။ သပ္ပုရိသေန၊ သူတော်ကောင်းနှင့်။ သင်္ဂမော၊ ပေါင်းဘော်ရခြင်းသည်။ ဟဝေ၊ စင်စစ်။ သုခေါ၊ ချမ်းသာ၏။ တသ္မာ၊ ထို့ကြောင့်။ တေနေဝ၊ ထိုပုဂ္ဂိုလ်နှင့်သာလျှင်။ သဒ္ဓိံ၊ တကွ။ မေတ္တိံ၊ မိတ်ဘွဲခြင်းကို။ ကယိရာထ၊ ပြုရာ၏။

ဤဂါထာ နှစ်ခုတို့၏ အပေါင်းဖြင့် ဘုရားလောင်းသည် အဆုံးအမကို မခံမယူသော မည်သည် မဖြစ်ရာ၊ ပညာရှိတို့ဆုံးမတိုင်း ကောင်းစွာ ကျင့်ရာ၏ဟု ရသေ့အပေါင်းကို ဆုံးမ၍ ဣန္ဒသမာနဂေါတ္တ၏ အလောင်းကို သင်္ဂြိဟ်ခြင်း ကိစ္စကိုပြု၍ ဗြဟ္မဝိဟာရတို့ကို ပွားစေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်ထောက်မူ၍ ရဟန်းတို့ ယ်ခုအခါ ဤဆုံးမခက်သော ရဟန်းသည် ထိုအခါ ဣန္ဒသမာနဂေါတ္တ ရသေ့ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါရသေ့အပေါင်းတို့၏ ဆရာဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ဆုံးမခက်ခဲ၊ ပျက်စီးမြဲ၊ သေပွဲနောက်ဆုံးတွေ့)

ရှေးဦးစွာသော ဣန္ဒသမာနဂေါတ္တဇာတ်သည် ပြီး၏။

၁၂-သန္ဆဝဇာတ်

ရသေ့နှင့် မီး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "နံ သန္ဆဝသ္မာ ပရမတ္ထိ ပါပိယော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ သန္ဆဝဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **မီးပူဇော်ခြင်း** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဤဝတ္ထုသည် အောက် ကေကနိပါတ် နဂ်ဠဇာတ်၌ ဆိုအပ်ပြီးသည်နှင့် တူသည်သာလျှင်ကတည်း၊ ရဟန်းတို့သည် ထိုမိစ္ဆာအယူရှိကုန်သော ရသေ့တို့ မီးပူဇော်သည်တို့ကို မြင်ကုန်၍ အရှင်ဘုရား ရသေ့တို့သည် အထူးထူး

www.dhammadownload.com

အပြားပြားရှိကုန်သော မိစ္ဆာအကျင့်ကို ပြုကုန်၏၊ ထိုမိစ္ဆာအကျင့်၌ အစိုး အပ္ပားသည် ရှိသလောဟု မြတ်စွာဘုရားကို မေးလျှောက်ကုန်၏၊ ရဟန်းတို့ မိစ္ဆာအကျင့်၌ တစုံတခုသော အစိုးအပ္ပားမည်သည် မရှိ၊ ဤရွေးပညာရှိတို့ သည်လည်း မိုးပူဇော်ခြင်း၌ အစိုးအပ္ပားသည် ရှိ၏ဟူသော အမှတ်ဖြင့် ကြာမြင့် စွာသော ကာလပတ်လုံး မိုးကိုပူဇော်ကုန်၍ ထိုမိုးပူဇော်ခြင်းအမှု၌ အစိုးအပ္ပား မဲ့ကိုသာလျှင် မြင်ကုန်၍ မိုးကိုရေဖြင့် ငြိမ်းစေကုန်၍ သစ်ခက် အစရှိသည် တို့ဖြင့် ပုတ်ခတ်ကုန်၍ တဖန် ပြန်၍မျှလည်း မကြည့်ကြကုန်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပဏ္ဍားမျိုး၌ဖြစ်၍ မိဘတို့သည် ထိုဘုရားလောင်း၏ဖွားသောနေ့၌ မိုးကိုယူကုန်၍ တဆဲ့ခြောက်နှစ် အရွယ်၌ တည်သော ထိုဘုရားလောင်းကို ဆိုကုန်၏၊ အဘယ်သို့ ဆိုကုန်သနည်း ဟူမူကား ချစ်သား ဖွားသောနေ့၌ မိုးကို ယူ၍ တော၌ မိုးကို လုပ်ကျွေး လတ္တံ့လော၊ ထိုသို့ မဟုတ်မူကား ဗေဒင်သုံးပုံစွဲကို သင်၍ ဥစ္စာကို ဖြစ်စေ၍ အိမ်ရာထောင်သော လူတို့ဘောင်၌ နေခြင်းကို ပြုလတ္တံ့လောဟု ဆိုကုန်၏၊ ထိုဘုရားလောင်းသည် ငါ့အား အိမ်ရာထောင်သော လူတို့ဘောင်၌ နေခြင်းဖြင့် အလိုမရှိ၊ ဖွားသောနေ့၌ မိုးကိုယူ၍ တော၌ မိုးကိုလုပ်ကျွေး၍ ဗြဟ္မာပြည်သို့ လားသည်ဖြစ်အံ့ဟု ဆို၍ ဖွားသောနေ့၌ မိုးကိုယူ၍ မိဘတို့ကိုရှိခိုး၍ တောသို့ ဝင်၍ သစ်ရွက်မိုးသောကျောင်း၌ နေ၍ မိုးကို လုပ်ကျွေး၏၊ ထိုဘုရားလောင်း သည် တနေ့သ၌ ဆွမ်းဘိတ်ရာ အရပ်သို့ သွား၍ ထောပတ်နှင့် ရောနှော အပ်သော ဃနာကို ရခဲ့၍ ဤထောပတ်နှင့် ရောအပ်သော ဃနာကို ဗြဟ္မာ ကြီးအား လှူအံ့ဟု ထိုဃနာကိုဆောင်၍ မိုးကိုညို၍ အရှင်မိုးမင်း ရှေးဦးစွာ အရှင့်ကို ထောပတ်နှင့်ယှဉ်သော ဃနာကို သောက်စေအံ့ဟု ဆို၍ ဃနာကို မိုး၌ ထည့်၏၊ မျှားသော ထောပတ်စေး ရှိသော ဃနာကို မိုး၌ ထည့်ကာမျှ၌ သာလျှင် မိုးသည်တောက်၍ အလွန်လျှင် အထက်သို့ တက်၏၊ ထို့ကြောင့် သစ်ရွက်တို့ဖြင့် မိုးအပ်သော ကျောင်းကို လောင်၏၊ ရသေ့သည် အလွန် ထိတ်လန့်ရကား၊ ပြေး၍ အပဋ္ဌ ရပ်၍ စက်ဆုပ်ဘွယ် ရှိကုန်သော ယောကျ်ားတို့နှင့် ပေါင်းဘော်ခြင်းမည်သည်ကို မပြုအပ်၊ ယခုအခါ ငါသည် ငြိုငြင်သဖြင့် ဆောက်လုပ်အပ်သော သစ်ရွက်မိုးသောကျောင်းကို ဤမီးသည် လောင်ခဲ့ပြီဟု ဆို၍ -

www.dhammadownload.com

၂၃ နု သန္ဆဝသ္မာ ပရမတ္ထိ ပါပိယော၊
ယော သန္ဆဝေါ ကာပုရိသေန ဟောတိ။
သန္ဓပိတော သပိနာ ပါယာသေန၊
ကိစ္ဆာကတံ ပဏ္ဏကဋ္ဌိ အဒယ္ဍိ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ကာပုရိသေန၊ စက်ဆုပ်ဘွယ် ရှိသော ယောကျွားနှင့် ယော သန္ဆဝေါ၊ အကြင် ပေါင်းဘော်ရခြင်းသည်။ ပါပိယော၊ အလွန်ယုတ်မာသည်။ ဟောတိ၊ ဖြစ်၏။ အသ္မာ သန္ဆဝါ၊ ထိုစက်ဆုပ်ဘွယ်ရှိသော ယောကျွားနှင့် ပေါင်းဘော်ခြင်းအောက်။ ပရံ၊ အလွန် ယုတ်မာခြင်းမည်သည်။ နတ္ထိ၊ မရှိ။ သပ္ပိနာ စ၊ ထောပတ်ဖြင့်၎င်း။ ပါယာသေန စ၊ ဃနာဖြင့်၎င်း။ သန္ဓပိတော အပိ၊ ရောင့်ရဲစေပါလျက်လည်း။ အယံ အဂ္ဂိ၊ ဤမီးသည်။ မယာ၊ ငါသည်။ ကိစ္ဆာကတံ၊ ပြုခြင်းသဖြင့် ပြုအပ်သော။ ပဏ္ဏကဋ္ဌိံ၊ သစ်ရွက်ဖြင့် မိုးအပ်သော ကျောင်းကို။ အဒယ္ဍိ လောင်ခဲ့ပြီ။

ထိုဘုရားလောင်းသည်ဤသို့ဆို၍ အဆွေခင်ပွန်း ပြစ်မှားတတ်သောသင်ဖြင့် ငါ့အား အလိုမရှိဟု ထိုမီးကို ငြိမ်းစေ၍ သစ်ခက်ဖြင့် ပုတ်ခတ်၍ ဟိမဝန္တာ၏ အတွင်းသို့ ဝင်သည်ရှိသော် တခုသော ရွှေနှင့်တူသော အဆင်း ရှိသည်၏ အဖြစ်ကြောင့် သာမာအမည်ရှိသော သမင်မကို ခြသေ့၏ဇင်း ကျား၏ဇင်း သစ်၏ဇင်း မျက်နှာကို လျက်သည်ကို မြင်၍ သူတော်ကောင်းတို့နှင့် ပေါင်းဘော်ခြင်းထက် မြတ်ခြင်းမည်သည် မရှိဟု ကြံ၍—

၂၄ နု သန္ဆဝသ္မာ ပရမတ္ထိ သေယျော၊
ယော သန္ဆဝေါ သပ္ပုရိသေန ဟောတိ။
သဟသ္ဓ ဗျဂ္ဃသ္ဓ စ ဒပိနော စ၊
သာမာ မုခံ လေဟတိ သန္ဆဝေန။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

သပ္ပုရိသေန၊ သူတော်ကောင်းနှင့်။ ယော သန္ဆဝေါ၊ အကြင်ပေါင်းဘော်ရခြင်းသည်။ သေယျော၊ မြတ်သည်။ ဟောတိ၊ ဖြစ်၏။ အသ္မာ သန္ဆဝါ၊ ထိုသူတော်ကောင်းတို့နှင့် ပေါင်းဘော်ရခြင်းထက်။ ပရံ၊ လွန်မြတ်ခြင်းသည်။

www.dhammadownload.com

နတ္ထိ၊ မရှိ။ သာမာ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော သမင်မသည်။ သန္ဆဝေန၊ချစ်ခြင်းကြောင့်။ သီဟာဿ စ၊ ခြင်္သေ့၏ငှင်း၊ဗျဂ္ဃဿ စ၊ကျားဏှင်း။ ဒီပိနော စ၊ သစ်၏ငှင်း။ မုခံ၊ မျက်နှာကို။ လေဟတိ၊ လျက်၏။

ဤသို့ဆို၍ ဘုရားလောင်းသည် ဟိမဝန္တာ၏ အတွင်းသို့ဝင်၍ ရသေ့ရဟန်း ပြုပြီးလျှင် အဘိညာဉ်တို့ကိုငှင်း သမာပတ်ရှစ်ပါးတို့ကိုငှင်း ဖြစ်စေ၍ အသက်၏ အဆုံးဌာ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ငါဘုရားသည် ထိုရသေ့ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(သူတော်တရား၊ မလျော်ငြားဘဲ၊ အမှားကျင့်တွက်၊ အကျိုးပျက်၊ ဆိုးဆိုက်နာလှပေ)

နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော သန္ဆဝဇာတ်သည် ပြီး၏။

၁၃- သုသီမဇာတ်

ပုဏ္ဏား နှင့် မင်္ဂလာဆင်

ပစ္စုပ္ပန်ဝတ္ထု၊ နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ကာဠာ မိဂါ သေတဒန္တံ့ဂ တဝိမေ" အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ သုသီမဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **အလိုဆန္ဒကို ညှိညှဉ်း၍လှူခြင်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ထိုစကားကို ခဲ့ညှိုးအံ့၊ သာဝတ္ထိမြို့၌ ရံခါ တဦးသော အမျိုးသည် သာလျှင် ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူကို လှူ၏၊ ရံခါ သာသနာ တော်မှ တပါးသော အယူရှိကုန်သော သူတို့အား လှူ၏၊ ရံခါ ဂိုဏ်းဘွဲ့သော အားဖြင့် များစွာကုန်သော သူတို့သည် တပေါင်းတည်း ဖြစ်ကုန်၍ လှူကုန်၏၊ ရံခါ လမ်းအစဉ်အားဖြင့် လှူကုန်၏၊ ရံခါ မြို့အလုံးဌ၌ နေကုန်သောသူတို့သည် အလိုကိုညှိညှဉ်း၍ လှူကုန်၏၊ဤအခါဌ်ကား မြို့အလုံးဌ၌နေကုန်သော သူတို့သည် အလိုဆန္ဒကို ညှိညှဉ်းကုန်၍ အလုံးစုံသော ပရိက္ခရာ အလှူဝတ္ထုကို စီရင်ကုန်၍ နှစ်စုတို့သည် ဖြစ်ကုန်၍ အချို့သော သူတို့သည် ဤ အလုံးစုံသော် အလှူဝတ္ထုကို သာသနာတော်မှ တပါးသော အယူရှိကုန်သော အရှင်တို့အား လှူကုန်

www.dhammadownload.com

အံ့ဟု ဆိုကုန်၏၊ အချို့ကုန်သော သူတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့အား လှူကုန်အံ့ဟု ဆိုကုန်၏၊ ဤသို့ စကားသည် အဖန်တလဲလဲ ဖြစ်လတ်သည်ရှိသော် သာသနာတော်မှ တပါးသော အယူရှိကုန်သောသူတို့၏ တပည့်တို့သည် သာသနာတော်မှ တပါးသော အယူရှိကုန်သော အရှင်တို့အား သာလျှင် ငါတို့သည် လှူကုန်အံ့၊ ဘုရားတပည့်တို့သည်လည်း ဘုရားအမှူးရှိသော သံဃာတော်တို့အားသာလျှင် ငါတို့သည် လှူကုန်အံ့၊ ဤသို့ ဆိုအပ်ကုန်၏၊ ထိုနှစ်ပါးကုန်သော စကားတို့တွင် အကြင်စကားကို များစွာ ဆိုကြကုန်၏၊ များသည်၏ အဖြစ်ကြောင့် ထိုစကားကို၊ ငါတို့ လိုက်နာကုန်အံ့ဟု ပြည်သူအများ ဆိုလတ်သည်ရှိသော် ငါတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အား လှူကုန်အံ့ဟု ဆိုကုန်သော သူတို့သည်သာလျှင် များကုန်၏၊ ထိုသူတို့၏ စကားသည်သာလျှင် တည်၏၊ သာသနာတော်မှ တပါးသော အယူရှိကုန်သော သူတို့၏ တပည့်တို့သည် ဘုရားတို့အား လှူအပ်သော အလှူ၏ အနှစ်ရှာယ်ကို ပြုအံ့သောငှါ မတတ်နိုင်ကုန်၊ မြို့သူတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာတို့ကို ပင့်ဘိတ်ကုန်၍ ခုနစ်ရက်ပတ်လုံး အလှူကြီး ဖြစ်စေကုန်၍ ခုနစ်ရက်မြောက်သော နေ့၌ အလုံးစုံကုန်သော ပရိက္ခရာတို့ကို လှူကုန်၏၊ မြတ်စွာဘုရားသည် အနုမောဒနာ ပြုတော်မူ၍ လူအများကို မင်္ဂဖိုလ်တို့ဖြင့် မောဟ တည်းဟူသော အိပ်ပျော်ခြင်းမှ နိုးစေတော်မူပြီးလျှင် ဇေတဝန်ကျောင်းတော်သို့ သာလျှင် ကြွတော်မူ၍ ရဟန်းသံဃာသည် ဝတ်ပြုခြင်းကို ပြသည်ရှိသော် ဂန္ဓကုဋိဦးဠ္ဍ ရပ်တော်မူ၍ ဘုရားတို့၏ အဆုံးအမတော်ကို ပေးတော်မူ၍ ဂန္ဓကုဋိသို့ ဝင်တော်မူ၏။

ညချမ်းအခါ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကုန်၍ ငါ့သျှင်တို့ သာသနာတော်မှ တပါးသော အယူရှိကုန်သော သူတို့၏ တပည့်တို့သည် ဘုရားတို့အား လှူအပ်သော အလှူ၏ အနှစ်ရှာယ်ကို ပြုအံ့သောငှါ လုံ့လပြုကုန်သော်လည်း အနှစ်ရှာယ်ကိုပြုအံ့သောငှါ မတတ်နိုင်ကုန်၊ထိုအလုံးစုံသော ပရိက္ခရာအလှူကို မြို့သူတို့သည် ဘုရားတို့၏ ခြေတော်ရင်းသို့သာလျှင် ဆောင်အပ်ကုန်၏၊ ဘုရားတို့၏ အစွမ်းတော်မည်သည်ကား အံ့ဘွယ်သရဲ ရှိပေ၏၊ ကြီးလှပေ၏ဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် ကြွတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ထိုသာသနာတော်မှ တပါးသော အယူရှိကုန်သောသူတို့၏

www.dhammadownload.com

တပည့်တို့သည် ယခုအခါ၌သာလျှင် ငါ့အား လူအပ်သော အလှူ၏အနှစ်ရာယ်ကို ပြုအံ့သောငှါ လုံ့လပြုသည်ကား မဟုတ်သေး၊ ရှေး၌လည်း လုံ့လပြုကုန်သလျှင်ကတည်း၊ ထိုပရိက္ခရာသည်ကား ခပ်သိမ်းသော ကာလ၌လည်း ငါ၏ခြေရင်းသို့သာလျှင်ရောက်လာရ၏ဟုမိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

အတိတ်ဇာတ် ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သုသီမအမည်ရှိသော မင်းသည် **မင်းပြု**၏၊ ထိုအခါ၌ ဘုရားလောင်းသည် ထိုသုသီမမင်း၏ ပုရောဟိတ်၏ ပုဏ္ဏားမဝမ်း၌ ပဋိသန္ဓေကို .ယူ၏၊ ထိုဘုရားလောင်း၏တဆဲ့ခြောက်နှစ်မြောက်သော ကာလ၌ အဘသည် သေ၏၊ ထိုပုရောဟိတ်ပုဏ္ဏားသည်ကား ထင်ရှားရှိစဉ် ကာလ၌ မင်း၏ဆင်မင်္ဂလာအမှုကို ပြုတတ်သောသူသည် ဖြစ်၏၊ ဆင်တို့၏ မင်္ဂလာပြုရာအရပ်၌ ရောက်လာသော အဆောက်အဦ ဘဏ္ဍာကိုငင်း ဆင်တို့ကို မင်္ဂလာပြုခြင်းကိုငင်း အလုံးစုံကို ထိုပုဏ္ဏားသည်သာလျှင် ရ၏၊ ဤသို့ ထိုပုရောဟိတ် ပုဏ္ဏားအား တခုတခုသော မင်္ဂလာ၌ကုဋေအတိုင်း အရှည်ရှိသော ဥစ္စာသည် ဖြစ်၏၊ ထိုအခါ၌ ထိုပုဏ္ဏားသည် သေလွန်သည်ရှိသော် မင်္ဂလာပဲ့သည် ရောက်၏၊ ကြွင်းကုန်သော ပုဏ္ဏားတို့သည် မင်းသို့ကပ်ကုန်၍ မြတ်သောမင်းကြီး ဆင်မင်္ဂလာပဲ့သည် ရောက်ပြီ၊ မင်္ဂလာကို ပြုခြင်းငှါ သင့်၏၊ ပုရောဟိတ် ပုဏ္ဏား၏ သားသည်ကား အလွန်ငယ်သေး၏၊ ဗေဒင်သုံးပုံတို့ကို မတတ်သေးသလျှင်ကတည်း၊ ဆင်၏လက္ခဏာကို ပြသောကျမ်းကို မတတ်သေးသလျှင်ကတည်း၊ အကျွန်ုပ်တို့သည် **ဆင်မင်္ဂလာ**အမှုကို ပြုကုန်အံ့ဟု လျှောက်ကုန်၏၊ မင်းသည် ကောင်းပြီဟု ဝန်ခံ၏၊ ပုဏ္ဏားတို့သည် ပုရောဟိတ်သားအား ဆင်မင်္ဂလာကို မပေးကုန်မူ၍ ဆင်မင်္ဂလာကိုပြုကုန်၍ ငါတို့သည် ဥစ္စာကို ယူကုန်အံ့ဟု ရွှင်လန်းနှစ်သက်ကုန်လျက် သွားကြကုန်၏၊ ထိုအခါ လေးရက်မြောက်ဖြစ်သော နေ့၌ ဆင်မင်္ဂလာပဲ့သည် ဖြစ်လတ္တံ့ဟု ဆိုအပ်သောကာလ၌ ဘုရားလောင်း၏ အမိပုဏ္ဏားမသ ် ထိုအကြောင်းကိုကြား၍ ဆင်မင်္ဂလာမှုကို ပြုခြင်းမည်သည်ကား အမှ ် နှုန်စ်ဆက် လည်သည်တိုင်အောင် ငါတို့အနှယ်တည်း၊ ငါတို့၏အနှယ်သည် ပျက်စီးလတ္တံ့၊ ငါတို့သည် ဥစ္စာမှလည်း ဆုတ်ယုတ်လတ္တံ့ဟု စိုးရိမ်သည်ဖြစ်၍ ငို၏။

ဘုရားလောင်းသည် မိခင် အဘယ့်ကြောင့် ငိုသနည်းဟုဆို၍ ထိုအကြောင်းကိုကြား၍ မိခင် အကျွန်ုပ်သည် မင်္ဂလာကို ပြုရအံ့သည် မဟုတ်လောဟု ဆို၏၊ ချစ်သား သင်သည် ဗေဒင်သုံးပုံတို့ကို မတတ်သည်သာတည်း၊ ဆင်၏လက္ခဏာ

www.dhammadownload.com

ကိုပြသောကျမ်းကို မတတ်သည်သာတည်း၊ မင်္ဂလာကို အသိုပြုလတ္တံ့နည်းဟု ဆိုသည်ရှိသော် မိခင် အဘယ်အခါ၌ကား ဆင်မင်္ဂလာကိုပြုလတ္တံ့နည်းဟု ဆို၏။ ချစ်သား ဤနေ့မှ လေးရက်မြောက်သောနေ့၌ ပြုလတ္တံ့ဟု ဆိုသည်ရှိသော် မိခင် ဗေဒင်သုံးပုံတို့ကို လေ့လာသည်တို့ကိုပြု၍ ဆင်၏ လက္ခဏာကို ပြသောကျမ်းကိုတတ်သောဆရာသည်ကား အဘယ်အရပ်၌နေသနည်းဟုဆို၏၊ ချစ်သား ဤသို့ သဘောရှိသော ပညာအားဖြင့် အရပ်မျက်နှာ၌ နေသော သူတို့ထက် ကြီးမြတ်သောဆရာသည် ဤအရပ်မှ ယူဇနာတရာ့နှစ်ဆယ်ထက်၌ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ နေ၏ဟု ဆိုသည်ရှိသော် မိခင် ငါတို့၏အနှယ်ကို မပျက်စေအံ့၊ ကျွန်ုပ်သည် နက်ဖြန်တနေ့ခြင်းဖြင့်သာလျှင် တက္ကသိုလ်ပြည်သို့ သွား၍ တည့်ခြင်းဖြင့်သာလျှင် ဗေဒင်သုံးပုံတို့ကိုဎင်း ဆင်၏လက္ခဏာကို ပြသောကျမ်းကိုဎင်း သင်အံ့သောငှါ လာ၏ဟု ဆိုသည်ရှိသော်၊ လုလင် ကောင်းပြီ သင်လော့ဟု ဆို၏၊ ဘုရားလောင်းသည် ဆရာ အကျွန်ုပ်၏အမှုသည် အလွန်လျှင် နီး၏ဟု အလုံးစုံသော အကြောင်းကို ကြား၍ ကျွန်ုပ်သည် တနေ့ခြင်းဖြင့်သာလျှင် ယူဇနာတရာ့နှစ်ဆယ်ရှိသော ခရီးကိုလာ၏၊ ယနေ့ပင်လျှင် တည့်ပတ်လုံး ကျွန်ုပ်အား အခွင့်ကို ပြုကုန်လော့၊ ဤနေ့မှ သုံးရက်မြောက်သောနေ့၌ ဆင်မင်္ဂလာအမှုသည် ဖြစ်လတ္တံ့၊ကျွန်ုပ်သည် တကြိမ်တည်းသာလျှင် ဖြစ်သော ရွတ်ခြင်းအစဉ်ဖြင့် အလုံးစုံကို သင်ပါအံ့ဟု ဆို၍ ဆရာကို အခွင့်ပြုစေ၍ ဆရာ၏စားစဉ်ကာလ၌ မိမိသည်စား၍ ဆရာ၏ခြေတို့ကို ဆေး၍ ဥစ္စာထောင်ထုပ်ကို ရွှေမှထား၍ ရှိခိုး၍ လျောက်ပတ်စွာနေလျက် သင်ခြင်းကို ဖြစ်စေ၍ အရဏ်တက်လတ်သော် ဗေဒင်သုံးပုံ တို့ကိုဎင်း ဆင်၏လက္ခဏာကိုပြသောကျမ်းကိုဎင်း မိမိပညာ အာနုဘော်အားဖြင့် ပြီးစေ၍ ဆရာ ဤမှတပါးသည်လည်း ရှိသေးသလောဟု မေး၍ လုလင် မရှိပြီ၊ အလုံးစုံ

www.dhammadownload.com

သည် အဆုံးသို့ ရောက်ပြီဟု ဆိုသည်ရှိသော် ဆရာ ဤကျမ်းဌ ပျက်သော ပုဒ်သည် ဤမျှ အတိုင်းအရှည် ရှိ၏၊ သရဇ္ဈာယ်သည်၏ အစွမ်းအားဖြင့် တွေဝေရာဌာနသည် ဤမျှအတိုင်းအရှည်ရှိ၏၊ဤနေ့မှစ၍တပည့်တို့ကို သင်သော ကာလ ဤသို့ မသင်ကုန်လင့်ဟု ဆရာ၏အတတ်တို့ကို ဘုတ်သင်ခဲ့၍ စောစော ကလျှင် စား၍ ဆရာကိုရှိခိုး၍ တနေ့ခြင်းဖြင့်သာလျှင် ဗာရာဏသီပြည်သို့ ပြန်လာ၍ ခဲ့စ်သား သင်သည် အတတ်ကို သင်အပ်ပြီလောဟု မိခင်က မေးသည် ရှိသော် မိခင် သင်ခဲ့ပြီဟုဆို၍ အမိကို နှစ်သက်စေ၏။

နက်ဖြန်နေ့ဌ ဆင်တို့၏ မင်္ဂလာပွဲကို စီရင်အပ်၏၊ တရာ အတိုင်းအရှည် ရှိကုန်သော ဆင်ကို့၏ နှာမောင်း တန်ဆာတို့ကိုငင်း ရွှေတံခွန်တို့ကိုငင်း ရွှေကွန်ယက်တို့ဖြင့် ဖုံးလွှမ်းသည်တို့ကို ပြုကုန်၍ ထားကုန်၏၊ မင်းယင်ပြင်ကို တန်ဆာဆင်ကုန်၏၊ တဖန် ပုဏ္ဏားတို့သည် ဆင်မင်္ဂလာကို ပြုရပေကုန်အံ့ဟု တန်ဆာတို့ဖြင့် ဆင်ယင် ကုန်လျက် တည်ကုန်၏၊ သုသီမ မင်းသည်လည်း ခပ်သိမ်းကုန်သော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် ဆင်အပေါင်းအား လျောက်ပတ် တင့်တယ်သော အဆောက်အဦ ဘဏ္ဍာတို့ကို ယူစေ၍ မင်္ဂလာ ပြုရာ အရပ်သို့ သွား၏၊ ဘုရားလောင်း သည်လည်း သူငယ် အခြံအရံဖြင့် တန်ဆာ ဆင်အပ်သည် ဖြစ်၍ မိမိ၏ ပရိသတ်ဖြင့် ခြံရံအပ်သော အခြေအရံရှိသည်ဖြစ်၍ မင်း၏အထံသို့ သွား၍ မြတ်သောမင်းကြီး ရှင်မင်းကြီးတို့သည် အကျွန်ုပ်တို့၏ငင်း အရှင်မင်းကြီးတို့၏ငင်း အနွယ်ကိုဖျက်၍ တပါးကုန်သော ပုဏ္ဏားတို့ကို ဆင်မင်္ဂလာကိုပြုစေ၍ ဆင်တို့၏တန်ဆာတို့ကိုငင်း အဆောက်အဦတို့ကိုငင်း တပါးကုန်သော ပုဏ္ဏားတို့အား ပေးအံ့ဟု၍ ဆိုတော် မူကုန်သည်ဟု ကြားရသည်ကား မှန်သလောဟု ဆိုလို၍—

၂၅ ကာဠာ မိဂါသေတဒန္တာ တဝိမေ၊
ပရောသတံ ဟေမဇာလာဘိဆန္နာ။
တေ တေ ဒဒါမိတိ သုသီမ ပြ္ဂသိ၊
အနုဿရံ ပေတ္တိပိတာမဟာနံ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

သုသီမ၊ မင်းမြတ်သုသီမ။ တဝ၊ အရှင်မင်းမြတ်၏။ သန္တိကေ၊ အထံတော်၌။ ကာဠာ၊ မည်းညိုကုန်ထသော။ မိဂါ၊ သားမျိုးဖြစ်ကုန်ထသော။ သေတဒန္တာ၊

www.dhammadownload.com

ဖြူစွာသော အစွယ်ရှိကုန်ထသော။ ပရောသတံ၊ တရာထက် လွန်ကုန်ထသော။ ဟေမဇာလာဘိဆန္နာ၊ ရွှေကွန်ယက်ဖြင့် ဖုံးလွှမ်းအပ်ကုန်ထသော။ ဣမေ၊ ဤဆင်တော်တို့သည်။ သန္တိ၊ ရှိကုန်၏။ သုသီမ၊ မင်းမြတ်သုသီမ။ တုံ၊ အရှင် မင်းမြတ်သည်။ အမှာကဉ္စ၊ အကျွန်ုပ်တို့၏ငင်း။ အတ္တနောစ၊ ကိုယ်တော်၏ငင်း။ ဝံသေ၊ အနွယ်၌။ ပေတ္တိပိတာမဟာနံ၊ အဘ အဘိုးတို့၏။ အာစိဏ္ဏံ၊ အလေ့ အကျင့်ကို။ အနုဿရံ၊ အောက်မေ့တော်မူနိုင်လျက်။ အမှာကဉ္စ၊ အကျွန်ုပ် တို့၏ငင်း။ အတ္တနော စ၊ ကိုယ်တော်၏ငင်း။ ဝံသံ၊ အနွယ်ကို။ နာသေတွာ၊ ဖျက်ဆီး၍။ တေတေ-တေ ဧတေ၊ ထိုဆင်တော်တို့ကို။ မင်္ဂလကရဏတ္ထာယ၊ မင်္ဂလာပြုစိမ့်သောငှါ။ မယာ၊ အကျွန်ုပ်မှ။ အညေသံ၊ တပါးကုန်သော။ ဗြာဟ္မဏာနံ၊ ပုဏ္ဏားတို့အား။ ဒဒါမိတိ၊ ပေးအံ့ဟူ၍။ ဗြူသိ ကိရ၊ ဆိုတော် မူသည်ဟု ကြားရသည်ကား။ သစ္စံ၊ မှန်သလော။

သုသီမမင်းသည် ဘုရားလောင်း၏ စကားကို ကြား၍–

၂၆ ကာဠာ မိဂါ သေတဒန္တာ မမိမေ၊
ပရောသတ ဟေမဇာလာဘဆန္နာ။
တေ ဧတ ဒဒါမိတိ ဝဒါမိ မာဝဏ၊
အနုဿရံ ပေတ္တိပိတာမဟာနံ။

ဟူသော နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

မာဏဝ၊ လုလင်။ မမ၊ ငါ၏။ သန္တိကေ၊ အထံ၌။ ကာဠာ၊ မည်းညိုသော အဆင်းရှိကုန်ထသော။ မိဂါ၊ သားမျိုးဖြစ်ကုန်ထသော။ သေတဒန္တာ၊ ဖြူသော အစွယ်ရှိကုန်ထသော။ ပရောသတံ၊ တရာထက် လွန်ကုန်ထသော။ ဟေမ-ဇာလာဘိဆန္နာ၊ ရွှေကွန်ယက်ဖြင့် ကောင်းစွာဖုံးလွှမ်းအပ်ကုန်ထ၏သော။ ဣမေ၊ ဤဆင်တို့သည်။ သန္တိ၊ ရှိကုန်၏။ အဟံ၊ ငါသည်။ ပေတ္တိပိတာမဟာနံ၊ အဘ, အဘိုးတို့၏။ ကြိယံ၊ အမှုကို။အနုဿရံ၊ အောက်မေ့လျက်။တေတေ-တေ ဧတေ၊ ထိုဆင်တို့ကို။ တယာ၊ သင်မှ။ အညေသံ၊ တပါးကုန်သော။ ဗြာဟ္မဏာနံ၊ ပုဏ္ဏားတို့အား။ မင်္ဂလကရဏတ္ထာယ၊ မင်္ဂလာပြုစိမ့်သောငှါ။ ဒဒါမိတိ၊ ပေးအံ့ဟူ၍။ ဝဒါမိ၊ ဆိုသည်ကား။ သစ္စမေဝ၊ မှန်သလျင်ကတည်း။

ထိုအခါ ထိုသုသီမမင်းကို ဘုရားလောင်းသည် မြတ်သောမင်းကြီး အကျွန်ုပ် တို့၏ငင်း ကိုယ်တော်၏ငင်း အနွယ်ကို အောက်မေ့လျက် သာလျင်

www.dhammadownload.com

အဘယ်ကြောင့် အကျွန်ုပ်ကိုထား၍ တပါးကုန်သောပုဏ္ဏားတို့ကို ဆင်မင်္ဂလာကို ပြုစေတော် မူကုန်အံ့နည်းဟု လျှောက်၏၊ အမောင်လုလင် သင်သည် ဗေဒင် သုံးပုံတို့ကိုရင်း ဆင်၏လက္ခဏာကို ပြသောကျမ်းကိုရင်း မတတ်ဧသးဟု ပုဏ္ဏား တို့သည် ငါ့အား လျှောက်ကုန်၏၊ ထို့ကြောင့် တပါးကုန်သော ပုဏ္ဏားတို့ကို ပြုစေအံ့ဟု ဆိုသည်ရှိသော် မြတ်သောမင်းကြီး ထိုသို့တပြီးကား ဤမျှ အတိုင်း အရှည် ရှိကုန်သော ပုဏ္ဏားတို့တွင် ဗေဒင် သုံးပုံတို့၌ရင်း ဆင်၏လက္ခဏာကို ပြသောကျမ်း၌ရင်း တစိတ်တဒေသကိုလည်း အကျွန်ုပ်နှင့်တက္ခ ပြောဆိုအံ့ သောငှါ စွမ်းနိုင်သော တယောက်သော ပုဏ္ဏားသည် အကယ်၍ ရှိသည်ဖြစ်အံ့ ထပါစေလော့၊ မြတ်သော မင်းကြီး ဆင်မင်္ဂလာ ပြုခြင်းနှင့်တက္ခ ဗေဒင်သုံးပုံ တို့ကိုရင်း ဆင်၏လက္ခဏာကို ပြသော ကျမ်းကိုရင်း အကျွန်ုပ်ကိုထား၍ တပါးသော ဇမ္ဗူဒီပါကျွန်းအလုံး၌ တတ်သောသူမည်သည်ကား မရှိဟု ခြေသင့် ဟောက်သကဲ့သို့ကြောက်ရွံ့မဲ့လျဉ်းရဲတင်းသောစကားကိုဆို၏၊ တယောက်သော ပုဏ္ဏားသည်လည်း ထိုဘုရားလောင်း၏ဆန္ဒကျင်ဘက် ရန်သူဖြစ်၍ ထအံ့သောငှါ မစွမ်းနိုင်၊ ဘုရားလောင်းသည် မိမိအမျိုးအနွယ်ကိုတည်စေ၍ ဆင်မင်္ဂလာကိုပြု၍ မျှားစွာသော ဥစ္စာကိုယူ၍ မိမိ၏ အိမ်သို့ သွား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ အချို့ကုန်သော ရဟန်းတို့သည် သောတာပန် ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် သကဒါဂါမ် ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် အနာဂါမ် ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ မယ်တော် မဟာမာယာသည် ထိုအခါ အမိပုဏ္ဏားမ ဖြစ်ဘူးပြီ၊ ယခုအခါ ခမည်းတော်သုဒ္ဓါဒနမင်းမြတ်သည် ထိုအခါ အဘပုဏ္ဏား ဖြစ်ဘူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ သုသီမမင်း ဖြစ်ဘူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဒီသာပါမောက္ခဆရာ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရား သည်သာလျှင် ထိုအခါ ပုဏ္ဏားလုလင် ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော် မူ၏။

(ဇာတာတရား၊ စိတ်ဝယ်ထား၊ စီးပွားမဲ့တတ်လှ)

သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော သုသီမဇာတ်သည် ပြီး၏။

www.dhammadownload.com

၁၄-ဂိဇ္ဈကာတ်

မိဘလုပ်ကျွေးသော လင်းတ

ပစ္စုပ္ပန်ဝတ္ထု၊ နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ယံ နု ဂိဇ္ဈော ယောဇနသတံ" အစရှိသော ဂါထာ ပုဒ်ဖြင့်တန်ဆာဆင်အပ်သော ဤဂိဇ္ဈကာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးနေတော်မူစဉ် **တပါးသောမိဘတို့ကို လုပ်ကျွေးသောရဟန်း**ကို အကြောင်း ပြု၍ ဟောတော်မူ၏၊ ဝတ္ထုသည် **သုဝဏ္ဏသာမဇာတ်***၌ ထင်စွာ ဖြစ်လတ္တံ့၊ အထူးကား သဗ္ဗညူမြတ်စွာဘုရားသည် ထိုရဟန်းကို ရဟန်း သင်သည် လူတို့ကို မေးမြို၏ဟု ငါကြားတော်မူသည် မှန်သလောဟု မေးတော်မူ၍ ဘုန်းတော် ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း သင်သည် အဘယ်သူတို့ကို မွေးမြူသနည်းဟု မေးတော်မူ၏၊ အရှင်ဘုရား မိဘတို့ကို မွေးမြူပါ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း ကောင်းစွ ကောင်းစွဟု ထိုရဟန်းအား ကောင်းချီးပေးတော်မူ၍ ရဟန်းတို့ ဤရဟန်းကို သင်တို့သည် မကဲ့ရဲ့ကြကုန်လင့်၊ ရှေးပညာရှိတို့သည်လည်း ကျေးဇူးကိုသိသည်၏ အစွမ်းအားဖြင့် အဆွေမတော်ကုန်သော သူတို့အားလည်း ကျေးဇူးဆပ်ခြင်းကို ပြုကုန်၏၊ မိဘတို့အား မွေးမြူခြင်းသည်ကား ဤရဟန်း၏ ဝန်ဖြစ်ပေသလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သောမင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဂိဇ္ဈကူဋ်တောင်ဝယ် လင်းတမျိုး၌ဖြစ်၍ မိဘတို့ကို မွေးမြူ၏၊ ထိုအခါ တပါးသောကာလ၌ သည်းထန် စွာသော လေနှင့် တကွသော မိုးယိုးရွာခြင်းသည် ဖြစ်၏၊ လင်းတတို့သည် လေလာလျက် ရွာသောမိုးယိုးကို သည်းခံအံ့သောငှါ မတတ်နိုင်ကုန်သည်ဖြစ်၍ ချမ်းခြင်းတည်းဟူသောဘေးကြောင့် ဗာရာဏသီပြည်သို့ သွားကုန်၍ မြို့တံခါး တိုင်၏ အနီးဘွင်း ကျုံး၏အနီးဘွင်း ချမ်းအေားခြင်းကြောင့် တုန်ယင်ကုန်လျက် နေကြကုန်၏၊ ထိုအခါ၌ ဗာရာဏသီသူဌေးသည် မြို့မှထွက်၍ မြစ်သို့ ရေချိုးအံ့ သောငှါ သွားသည်ရှိသော် ထိုလင်းတတို့ ပင်ပန်းကုန်သည်တို့ကိုမြင်၍ တခုသော

သုဝဏ္ဏသာမဇာတ်သည်မဟာနိပါတ်၊၁ ပါသည်။

www.dhammadownload.com

မိုဃ်းမစ့တ်ရာအရပ်၌ စည်းဝေးစေပြီးလျှင် မီးကိုညှိစေ၍ မိမိအား မှီဝဲခစား ကုန်သောသူတို့ကို သုသာန်သို့ စေလိုက်၍ နှားသားတို့ကိုဆောင်စေ၍ ထိုလင်းတ တို့ကို စားစေ၍ အစောင့်အရှောက်ကိုထား၏၊ လင်းတတို့သည် လေနှင့်တက္ခ ရာသောမိုဃ်းသည် ငြိမ်းလတ်သည်ရှိသော် ခဲ့သောကိုယ်ရှိကုန်သည်ဖြစ်၍ ဂိဇ္ဈကူဋ်တောင်သို့ သာလျှင် ပျံ၍ကြကုန်၏၊ ထိုလင်းတတို့သည် ထိုတောင်၌ သာလျှင် စည်းဝေးကုန်၍ အချင်းတို့ ဗာရာဏသီ သူဌေးသည် ငါတို့အား ကျေးဇူးပြုအပ်၏၊ ပြုဘူးသော ကျေးဇူးရှိပေသော သူအားလည်း ကျေးဇူးတုံ့ မည်သည်ကို ပြုခြင်းငှါ အပ်၏၊ ထို့ကြောင့် ဤနေ့မှစ၍ သင်တို့တွင် အကြင် လင်းတသည်အကြင်အဝတ်ကို၎င်း အကြင်တန်ဆာကို၎င်း ရအံ့၊ ထိုလင်းတသည် ထိုအဝတ်တန်ဆာကို ဗာရာဏသီ သူဌေး၏ အိမ်အထက် ကောင်းကင်ပြင်၌ ချအပ်၏ဟု တိုင်ပင်ကုန်၏။

ထိုအခါမှစ၍ လင်းတတို့သည် လူတို့၏ အဝတ်တန်ဆာတို့ကို နေပူဒဏ်လှန်းစဉ် မေ့လျော့ခြင်းကို ကြည့်ကုန်၍ စွန့်တို့သည် သားတစ်ကို ထိုးယူခဲကုန်သကဲ့သို့ ထို့အတူ အဆောတလျင်ခဲကုန်၍ ဗာရာဏသီသူဌေး၏အိမ်အထက်ကောင်းကင်၌ ချကုန်၏၊ ထိုဗာရာဏသီသူဌေးသည် လင်းတတို့၏ ဆောင်ခဲ့သည်၏ အဖြစ်ကို သိ၍ အလုံးစုံကုန်သော အဝတ်တန်ဆာတို့ကို အသီးအသီးသာလျှင် ထား၏၊ ပြည်သူတို့သည် မြတ်သောမင်းကြီး လင်းတတို့သည် မြို့ကို ဖျက်ဆီးကုန်၏ဟု မင်းအား ကြားလျှောက်ကုန်၏၊ မင်းသည် တခုသော လင်းတကို ဖမ်းကြကုန် ဦးလော့ အလုံးစုံသော ဝတ်စားတန်ဆာတို့ကို ဆောင်စေအံ့ဟု ဆို၍ ထိုထို အရပ်၌ ကျော့ကွင်း တို့ကို၎င်း ကွန်တို့ကို၎င်း ထောင်စေ၏ အမိအား လုပ်ကျွေးသော လင်းတကို မိ၏၊ ထိုအမိအား လုပ်ကျွေးသော လင်းတကို ယူကုန်၍ မင်းအား ပြကုန်အံ့ဟု သွားကုန်၏၊ ဗာရာဏသီ သူဌေးသည်ကား မင်းခစားရာသို့ သွားသည်ရှိသော် ထိုလူတို့ လင်းတကို ယူ၍ သွားကုန်သည်တို့ကို မြင်၍ အချင်းတို့ ဤလင်းတကို မသတ်ပါကုန်လင့်ဟု ဆို၍ ထိုလင်းတကို ယူ၍ သွားကုန်သော သူတို့နှင့် အတူ တကွသာလျှင် လိုက်၏၊ လူတို့သည် လင်းတကို မင်းအား ပြကုန်၏၊ ထိုအခါ၌ ထိုလင်းတကို မင်းသည် အိုလင်းတ သင်တို့သည် မြို့ကို ဖျက်ဆီးကုန်၍ အဝတ် အစရှိသည်တို့ကို ယူကုန်သလောဟု မေး၏၊ မြတ်သောမင်းကြီး ယူပေကုန်၏ဟု ဆို၏၊ အို လင်းတ သင်တို့သည် ထိုဝတ်စား တန်ဆာတို့ကို အဘယ်သူအား ပေးအပ်ကုန်သနည်းဟု မေး၏၊ မြတ်သော မင်းကြီး ဗာရာဏသီ သူဌေးအား ပေးကုန်၏ဟု ဆို၏၊ အဘယ့်ကြောင့်

www.dhammadownload.com

ဗာရာဏသီ သူဋ္ဌေးအား ပေးအပ်ကုန်သနည်းဟု မေး၏၊ မြတ်သောမင်းကြီး ထိုဗာရာဏသီ သူဋ္ဌေးသည် အကျွန်ုပ်တို့အား အသက်ကို ပေးအံ့ပ်၏၊ ကျေးဇူးရှိသောသူကို ကျေးဇူးတုံ့ပြုအံ့သောငှါ အပ်၏၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ပေးကုန်၏ဟု ဆို၏၊ ထိုအခါ၌ ထိုဘုရားလောင်းကို မင်းသည် အို လင်းတလင်းတတို့သည်ကား ယူဇနာ တရာထက်၌ တည်ကုန်၍ သားကောင်ကို မြင်ကုန်လျက် အဘယ့်ကြောင့် သင်သည် မိမိအကျိုးငှါ ထောင်အပ်သော ကျော့ကွင်းကို မမြင်သနည်းဟု ဆိုလိုရကား–

၂၇ ယံ နု ဂိဇ္ဈော ယောဇနသတံ၊ ကုဏပါနိ အဝေက္ခတိ။
ကဿဂ ဇာလဉ္စ ပါသဉ္စ၊ အာသဇ္ဇာပိ န ဗုဇ္ဈသိ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဘော ဂိဇ္ဈ၊ အို လင်းတ။ ဂိဇ္ဈော နု-ဂိဇ္ဈော နာမ၊ လင်းတ မည်သည်ကား။ ယောဇနသတံ၊ ယူဇနာ တရာကို။ အတိက္ကမိတ္ဝာ၊ လွန်၍။ ဌိတာနိ၊ တည်ကုန်သော။ ကုဏပါနိ၊ သားကောင်ပုပ်တို့ကို။ အဝေက္ခတိ၊ မြင်၏ ဟူသတတ်။ တုံ၊ သင်သည်။ အတ္တာနေဝ၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှါ။ သြဒ္ဓိတံ၊ ထောင်အပ်သော။ ဇာလဉ္စ၊ ကွန်သို့ဂုင်း။ ပါသဉ္စ၊ ကျော့ကွင်းသို့ဂုင်း။ အာသဇ္ဇာပိ၊ ရောက်၍လည်း။ ကဿ၊ အဘယ့်ကြောင့်။ န ဗုဇ္ဈသိ၊ မသိဘိသနည်း။

လင်းတသည် ထိုမင်း၏ စကားကို ကြား၍–

၂၈ ယဒါ ပရာဘဝေါ ဟောတိ၊ ပေါသော ဇီဝိတသင်္ခယော။
အထ ဇာလဉ္စ ပါသဉ္စ၊ အာသဇ္ဇာပိ န ဗုဇ္ဈတိ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ယဒါ၊ အကြင်အခါ၌။ ယော ပေါသော၊ အကြင်သတ္တဝါသည်။ ပရာဘဝေါ၊ ပျက်စီးလိုသည်။ ဇီဝိတသင်္ခယော၊ အသက်ကုန်လိုသည်။ ဟောတိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ သော ပေါသော၊ ထိုသတ္တဝါသည်။ အတ္တာနေဝ၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှါ။ သြဒ္ဓိတံ၊ ထောင်အပ်သော။

www.dhammadownload.com

ဇာလဥ့၊ ကွန်သို့ဌင်း။ပါသဥ့၊ ကျော့ကွင်းသို့ဌင်း။ အာသဇ္ဇာပီ၊ ရောက်၍လည်း။ နဗုဒ္ဓတိ၊ မသိ။

မင်းသည် လင်းတ၏စကားကို ကြား၍ သူဌေးကြီး လင်းတတို့သည် သင်၏ အိမ်သို့ ပုဆိုးအဝတ် အစရှိသည်ဟို့ကို ဆောင်အပ်ကုန်၏ဟူသည် မှန်သလောဟု သူဌေးကို မေး၏၊ အရှင်မင်းကြီး မှန်ပေ၏ဟု လျှောက်၏၊ သူဌေးကြီး ထိုအဝတ် တန်ဆာတို့ကို အဘယ်၌သင်ထားအပ်သနည်းဟု မေး၏၊ အရှင်မင်းကြီး အကြင် အထည် ဝတ်စား တန်ဆာသည် အကြင်သူတို့၏ ဥစ္စာဖြစ်၏၊ ထိုဝတ်စား တင်ဆာကို ထိုဥစ္စာရှင်တို့အား ပေးအံ့ဟု နှလုံးသွင်း၍ အကျွန်ုပ်သည် အလုံးစုံ ကုန်သော ဝတ်စားတန်ဆာတို့ကို အသီးအသီး ထားအပ်ကုန်၏ဟု လျှောက်၏၊ မင်းသည် ဤလင်းတကို လွှတ်ကုန်လော့ဟု ဆို၍ လွှတ်စေ၍ သူဌေးကြီးကို ဥစ္စာတို့ကို အလုံးစုံကုန်သော ဥစ္စာရှင်တို့အား ပေးစေ၏။

ဇာတ်ပေါင်း သမ္ဗဉ္ဇု မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဟောတော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာကို ပြတော်မူသည်၏အဆုံး၌ မိဘတို့ကို လုပ်ကျွေးသော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ အာနန္ဒာသည် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဘူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဗာရာဏသီ သူဌေးကြီး ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ အမိကိုလုပ်ကျွေးသော လင်းတ ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မိဘဟူက လုပ်ကျွေးရ၊ ဗုဒ္ဓ ချီးမွမ်းရှာ)

လေးခုတို့၏ပြည့်ကြောင်းဖြစ်သော ဂိဇ္ဈဇာတ်သည် ပြီး၏။

www.dhammadownload.com

၁၅-နကုလဇာတ်

ရန်ဘက် စစ်သူကြီးနှစ်ဦး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "သန္ဓိံ ကတ္တာ အမိတ္တေန" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤနကုလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **အမတ်စစ်သူကြီးနှစ်ယောက်တို့၏** ခိုက်ရန်ဖြစ်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဤဝတ္ထုသည် အောက် **ဥရဂဇာတ်*** ၌ ဆိုအပ်ပြီးသည်နှင့် တူသလျှင်ကတည်း၊ ဤ နကုလဇာတ်၌လည်း မြတ်စွာဘုရားသည် ရဟန်းတို့ နှစ်ယောက်ကုန်သော အမတ်ကြီးတို့ကို ယခုအခါ၌သာလျှင် ငါသည် ညီညွတ် သင့်တင့်သည်တို့ကို ပြုအပ်ကုန်သည် မဟုတ်သေး၊ ရှေး၌လည်း ငါသည် ဤအမတ်ကြီးတို့အား ညီညွတ်သင့်တင့်သည်တို့ကို ပြုဘူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သောမင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တခုသော ရွာငယ် ဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် တက္ကသိုလ်ပြည်သို့သွား၍ အလုံးစုံသောအတတ်တို့ကို သင်ပြီးလျှင် အိမ်ရာထောင်ခြင်းကို ပယ်၍ ရသေ့ ရဟန်းပြုပြီးသည်ရှိသော် အဘိညာဉ်တို့ကိုလည်း သမာပတ်တို့ကိုလည်း ဖြစ်စေ၍ တောသစ်မြစ် သစ်သီးဟူသော အာဟာရကိုဆောင်၍ယူအံ့သောငှါသာလျှင် တောသစ်မြစ် သစ်သီးဟူသော အာဟာရရှိသည်ဖြစ်၍ ဟိမဝန္တာအရပ်၌ နေ၏၊ ထိုဘုရားလောင်း၏ စင်္ကြံဝယ် တခုသော တောင်ပို့၌ မြေပါသည် နေ၏၊ ထိုတောင်ပို့၏ အနီး၌သာလျှင် တခုသော သစ်ခေါင်း၌ မြေသည် နေ၏၊ ထိုနှစ်ခု ကုန်သော မြေ, မြေပါ တို့သည်လည်း အခါခပ်သိမ်း ခိုက်ရန်ကို ပြုကုန်၏၊ ဘုရားလောင်းသည် ထိုမြေ, မြေပါတို့အား ခိုက်ရန် ဖြစ်ခြင်း၌ အပြစ်ကိုလည်း မေတ္တာကိုပွားစေခြင်း၌ အကျိုးကိုလည်း ဟော၍ ခိုက်ရန်မည်သည်ကို မပြုမူ၍ ညီညွတ်သင့်တင့်စွာ နေခြင်းကို နေအံ့သောငှါ သင့်၏ဟု ဆုံးမပြီး၍ ထိုနှစ်ခု ကုန်သော မြေ, မြေပါတို့ကိုလည်း ညီညွတ်သင့်တင့်သည်တို့ကို ပြု၏၊ ထိုအခါ၌ မြေအပသို့ထွက်သောကာလ၌ မြေပါသည် စင်္ကြံဦးတောင်ပို့၏ တွင်းပေါက်ဝ၌ ဦးခေါင်းကိုထုတ်၍ ခံတွင်းကို ဘွင့်၍ ဝပ်လျက် ထွက်သက်ကို ဖြစ်စေလျက်

---

* ဒုကနိပါတ် ဒဠ္ဍဝဂ်၌ပါသည်။

www.dhammadownload.com

ဝင်သက်ကို ဖြစ်စေလျက် အိပ်ပျော်ခြင်းသို့ ရောက်၏၊ ဘုရားလောင်းသည် ထိုမြေပါကို ထိုအခြင်းဖြင့်ဝပ်၍ အိပ်သည်ကိုမြင်၍ မြေပါ သင်အား အဘယ်ကိုလျှင်မှီ၍ ဘေးသည် ဖြစ်သနည်းဟု မေးလိုရကား—

၂၉ သန္ဓိ်ကတ္ဘာ အမိတ္တောန၊ အဏ္ဏဇေန ဇလာပုဇ။
ဝိဝရိယ ဒါဠ္ဂံ သေသိ၊ ကုတော တေ ဘယမာဂတံ။
ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဇလာပုဇ၊ မြေပါ။ တုံ၊ သင်သည်။ အမိတ္တောန၊ ရန်သူဖြစ်သော။ အဏ္ဏဇေန၊ မြေနှင့်။ သန္ဓိ်ကတ္ဘာ၊ ချစ်ကြသည်၏အဖြစ်ကိုပြု၍။ ဒါဠ္ဂံ၊ အစွယ်ကို။ ဝိဝရိယ၊ ဘော်၍။ သေသိ၊ အိပ်၏။ တေ၊ သင်အား။ ကုတော၊ အဘယ်မှ။ ဘယံ၊ ဘေးသည်။ အာဂတံ၊ လာသနည်း။

ဤသို့ ဘုရားလောင်းသည် မေးအပ်သောမြေပါသည် အရှင် ရန်သူမည်သည်ကို မထေမဲ့မြင် မပြုအပ်၊ ရှိရှာအပ်သလျှင်ကဇာတ်းဟု ဆိုလိုရကား—

၃၀ သကေ်ထေဝ အမိတ္တာသ္မိ်၊ မိတ္တာသ္မိမ္ပိ နာ ဝိဿသေ။
အဘယာ ဘယမုပ္ပန္နံ၊ အပိ မူလာနိ ကန္တတိ။
ဟူသော နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

အယျ၊ ရှင်ရသေ့။ အမိတ္တာသ္မိမ္ပိ၊ ရန်သူ၌ဌင်း။ မိတ္တာသ္မိမ္ပိ၊ အဆွေခင်ပွန်း၌ဌင်း။ သကေ်ထေဝ၊ ရှိရှာ အပ်သည်သာလျှင်တည်း။ နာ ဝိဿသေ၊ အကျွမ်းတဝင် မပြုရာ။ အဘယာ၊ အဆွေခင်ပွန်းမှ။ ဥပ္ပန္နံ၊ ဖြစ်သော။ ဘယံအပိ၊ ဘေးသည်လည်း။ မူလာနိ၊ အမြစ်အရင်းတို့ကို။ ကန္တတိ၊ ဖြတ်တတ်၏။

ထိုအခါ၌ ထိုမြေပါကို ဘုရားလောင်းသည် မြေပါ သင်သည်မကြောက်လင့်၊ အကြင်သို့သော အခြင်းအရာဖြင့် ပြုသည်ရှိသော် မြေသည် သင်၌ မပြစ်မှား၊ ထိုသို့သော အခြင်းအရာဖြင့် ငါသည်ပြုအံ့၊ သင်သည် ဤနေ့မှစ၍ ထိုမြေ၌ ရှိရှာခြင်းကို မပြုလင့်ဟု ဆုံးမ၍ ဗြဟ္မဝိဟာရတရားလေးပါးတို့ကို ပွားစေ၍ ဗြဟ္မာ့ပြည်သို့ လား၏၊ ထိုမြေ, မြေပါ တို့သည်လည်း ကံအား လျော်စွာ လားကုန်၏။

www.dhammadownload.com

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ နှစ်ယောက်ကုန်သော ဤ အမတ်ကြီးတို့သည် ထိုအခါ ကာလ မြွေသည်ဌင်း မြွေပါသည်ဌင်း ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ရသေ့ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ညီညွတ်သင့်တင့်၊ ဘေးမဆင့်၊ အေးခွင့် လွန်သာယာ)

ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော နကုလဇာတ်သည် ပြီး၏။

၁၆- ဥပသာဠကဇာတ်

မြေပုပ်လွတ်ရှာ ပုဏ္ဏား

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဥပသာဠကနာမာနိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ဥပသာဠကဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌* သီတင်းသုံးနေတော်မူစဉ် **တယောက်သောဥပသာဠက အမည်ရှိသော သူသေမချဘူးရာ သန့်ရှင်းစင်ကြယ်သော သင်းချိုင်းကိုရှာသော ပုဏ္ဏား**ကိုအကြောင်းပြု၍ ဟောတော်မူ၏၊ ထိုပုဏ္ဏားသည် ကြယ်ဝသည် များသော ဥစ္စာရှိသည် ဖြစ်သတတ်၊ မိစ္ဆာဒိဋ္ဌိ အယူရှိသည်၏ အဖြစ်ကြောင့်ကား အနိုးဖြစ်သော ကျောင်း၌ နေကုန်သော မြတ်စွာဘုရားတို့အား ထောက်ပံ့ခြင်း မည်သည်ကိုမပြု စဘူး၊ ထိုဥပသာဠကပုဏ္ဏား၏သားသည်ကား ပညာရှိသည် ဉာဏ်နှင့်ပြည့်စုံသည် ဖြစ်၏၊ ထိုဥပသာဠက ပုဏ္ဏားသည် အိုမင်းသောကာလ၌ သားကို ချစ်သား သင်သည် ငါ့ကို တပါးသော သူယုတ်၏ သင်္ဂြိဟ်ရာ သင်းချိုင်း၌ မသင်္ဂြိဟ်ရစ်လင့်၊ အထူးသဖြင့် တခုသော တယောက်သော သူအားလည်း မသင်္ဂြိဟ်ဘူးသော သင်းချိုင်း၌သာလျှင် ငါ့ကို သင်္ဂြိဟ်ရစ်လော့ဟု ဆို၏၊ ဘခင် အကျွန်ုပ်သည် သင်တို့အား သင်္ဂြိဟ်အပ်သည်အား လျော်သော အရပ်ကိုမသိ၊ ဘခင် ကျွန်ုပ်သည် သင် ဘခင်ကို တောင်းပန်ပါ၏၊ စင်စစ် ကျွန်ုပ်ကို ဆောင်၍ သွားပြီးလျှင် ဤအရပ်၌ သင်္ဂြိဟ်ရစ်လော့ဟု သင် ဘခင်တို့သည် ကြားခဲ့ကုန်

• ဇေတဝန်ကျောင်းတော်၌ (သီ၊သျှာ၊ ဇ)

www.dhammadownload.com

လော့ဟု ဆို၏၊ ပုဏ္ဏားသည် ချစ်သား ကောင်းပြီဟု ထိုသားကိုယူ၍ မြို့မှတ်ုက်၍ ဂိဇ္ဈကူဋ် တောင်ထိပ်သို့ တက်ပြီးလျှင် ဤအရပ်၌ တပါးသော သူယုတ်၏ မသဂ္ဂိုဟ်ဘူးရာ ဖြစ်သောအရပ်တည်း၊ ဤအရပ်၌ သင်သည် သဂ္ဂိုဟ်ရစ် လော့ဟု ဆို၍ သားနှင့်တကွ တောင်မှ ဆင်းအံ့သောဌာ အားထုတ်၏။

မြတ်စွာဘုရားသည် ထိုနေ့မိုးသောက်ထကာလ၌ သစ္စာတရားကို သိစေအပ်ကုန်သော အဆေ့အမျိုးတို့ကို ကြည့်တော်မူ၍ သားအဘ ဖြစ်ကုန်သော ထိုပုဏ္ဏားတို့၏ သောတာပတ္တိမဂ်၏ ဥပနိဿယကို မြင်တော်မူ၏၊ ထို့ကြောင့် သမင်ကို ဖမ်းလို၍ သမင်လာလတ္တံ့သော လမ်း၌စောင့်သော သားမုဆိုးကဲ့သို့ ဂိဇ္ဈကူဋ်တောင်ခြေရင်းသို့ ကြွတော်မူ၍ တောင်ထိပ်မှ သက်ကုန်သော ထိုပုဏ္ဏား သားအဘတို့၏ လာခြင်းကို မျှော်လင့်တော်မူလျက် နေတော်မူ၏၊ တောင်ထိပ်မှ သက်ကြကုန်သော ထိုပုဏ္ဏား သားအဘတို့သည် မြတ်စွာဘုရားကို မြင်ကုန်၏၊ မြတ်စွာဘုရားသည် စကားစေ့စပ်ခြင်းကို ပြုတော်မူလိုရကား ပုဏ္ဏားတို့ သင်တို့သည် အဘယ်သို့ သွားကြချေကုန်သနည်းဟု မေးတော်မူ၏၊ ပုဏ္ဏားလုလင်သည် ထိုအကြောင်းကို လျှောက်၏၊ မြတ်စွာဘုရားသည် ပုဏ္ဏား ထိုသို့တပြီးကား သင်၏ အဘသည် ကြားအပ်သော အရပ်သို့ သွားကြကုန်အံ့ဟု နှစ်ယောက်ကုန်သော ပုဏ္ဏား သားအဘတို့ကို ခေါ်တော်မူ၍ တောင်ထိပ်သို့ တက်တော်မူ၍ ပုဏ္ဏား သင်၏အဘသည် ကြားအပ်သော အရပ်သည် အဘယ် အရပ်နည်းဟု မေးတော်မူ၏၊ ပုဏ္ဏားလုလင်သည် အရှင်ဘုရား အကျွန်ုပ်၏ အဘသည် ဤတောင်သုံးလုံးတို့၏ အကြားကို ကြား၏ဟု လျှောက်၏၊ မြတ်စွာဘုရားသည် လုလင် သင်၏ အဘသည် ယခုအခါ၌သာလျှင် သူသေကို မချဘူးရာ သန့်ရှင်းစင်ကြယ်သော သင်းချိုင်းကို ရှာတတ်သည် မဟုတ်သေး၊ ရှေး၌လည်း သူသေကိုမချဘူးရာ သန့်ရှင်းစင်ကြယ်သောသင်းချိုင်းကို ရှာတတ်သည်သာလျှင်တည်း၊ ယခုအခါ၌သာလျှင် ဤအရပ်၌ ငါ့ကို သဂ္ဂိုဟ်ရစ်လော့ဟု သင့်အားကြားသည်ကား မဟုတ်သေး၊ ရှေး၌လည်း ဤအရပ်၌သာလျှင် မိမိအား သဂ္ဂိုဟ်အပ်သည်၏ အဖြစ်ကို ကြားဘူး၏ဟု မိန့်တော်မူ၍ ထို ပုဏ္ဏားလုလင်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လုလင် လွန်လေပြီးသောအခါ ဤ ရာဇဂြိုဟ်ပြည်၌သာလျှင် ဤ ပုဏ္ဏားသည်သာလျှင် ဥပသာဠက အမည်ရှိသော ပုဏ္ဏား ဖြစ်ဘူး၏၊ ဤသားသည်သာလျှင် ထို ဥပသာဠက ပုဏ္ဏား၏သား ဖြစ်ဘူး၏၊ ထိုအခါ၌

www.dhammadownload.com

ဘုရားလောင်းသည် ဤမဂဓတိုင်းဝယ် ပုဏ္ဏားမျိုးဌဖြစ်၍ ပြည့်စုံသောအတတ်ရှိသည်ဖြစ်၍. ရသေ့ ရဟန်းပြု၍ အဘိညာဉ်တို့ကိုဂင်း သမာပတ်တို့ကိုဂင်း ဖြစ်စေ၍ စျာန်ဖြင့် မေ့လျော့ခြင်းကို မေ့လျော့လျက် ဟိမဝန္တာ အရပ်၌ ကြာမြင့်စွာနေ၏၊ ချဉ်ဆား မှီဝဲအံ့သောငှါ ဂိဇ္ဈကူဋ်တောင်၌ သစ်ရွက်ဖြင့် မိုးအပ်သော ကျောင်း၌ နေ၏၊ ထိုအခါ၌ ထိုပုဏ္ဏားသည် ဤသို့သောအမှတ်ဖြင့် သာလျှင် သားကိုဆို၍ သားသည် ဘခင် သင် ဘခင်တို့သည်သာလျှင် ထိုသို့သဘော်ရှိသော အရပ်ကို ကြားကုန်လော့ဟု ဆိုသည်ရှိသော် တောင်သုံးလုံးတို့၏အကြားဖြစ်သော ဤအရပ်ကို သာလျှင် ကြား၍ သားနှင့်တကွ တောင်ထိပ်မှ ဆင်းသည်ရှိသော် ဘုရားလောင်းကိုမြင်၍ ထိုဘုရားလောင်း၏ အထံသို့ကပ်၍ ဘုရားလောင်းသည် ဤသို့သော အမှတ်ဖြင့် သာလျှင် မေးလတ်၍ လုလင်၏စကားကို ကြား၍ လုလင် လာလှည့် သင်၏ အဘသည် ကြားအပ်သော အရပ်၌ သူသေကို သင်္ဂြိဟ်ဘူးသည်၏ အဖြစ်ကိုဂင်း သူသေကိုမသင်္ဂြိဟ်ဘူးသေးသည်၏ အဖြစ်ကိုဂင်း စုံစမ်းကြကုန်အံ့ဟုဆို၍ ထိုပုဏ္ဏား သားအဘတို့နှင့်တကွ တောင်ထိပ်သို့ တက်၍ ရှင်ရသေ့ ဤတောင်သုံးလုံးတို့၏ အကြားသည် တယောက်သော သူသေကိုမျှ မသင်္ဂြိဟ်ဘူးရာ အရပ်တည်းဟု လုလင်သည် ဆိုသည်ရှိသော် လုလင် ဤအရပ်၌သာလျှင် သင်္ဂြိဟ်အပ်ကုန်သော သူတို့၏ အတိုင်းအရှည်သည် မရှိ၊ သင်၏ အဘသည်သာလျှင် ဤရာဇဂြိဟ် ပြည်၌ သာလျှင် ပုဏ္ဏားအမျိုးဌသာလျှင် ဖြစ်၍ ဥပသာဠက အမည်ရှိသည် သာလျှင် ဖြစ်၍ ဤတောင်သုံးလုံးတို့၏အကြား၌ ဘဝ, တသောင်းလေးထောင်တို့ပတ်လုံး ဖုတ်ကြည်းသင်္ဂြိဟ်သည်ကို ခံရဘူးလေပြီ၊ ထိုစကားသည် မှန်၏၊ မြေ၌ မဖုတ်ကြည်းဘူးသော အရပ်ကိုဂင်း သုသာန်မဟုတ်ရာ အရပ်ကိုဂင်း မသေဘူးရာ အရပ်ကိုဂင်း ရအံ့သောငှါ မတတ်ကောင်းဟု ပုဗ္ဗေနိဝါသညာဏ်ဖြင့် ပိုင်းခြား၍—

၃၁ ဥပသာဠကနာမာနိ၊ သဟဿာနိ စတုဒ္ဒသ။
အသ္မိံ ပဒေသေ ဒဈာနိ၊ နတ္ထိ လောကေ အနာမတံ။

၃၂ ယမ္ပိ သစ္စဥ္စ မမ္မော စ၊ အဟိံသာ သံယမော ဒမော။
ဧတံ အရိယာ သေဝန္တိ၊ ဧတံ လောကေ အနာမတံ။

ဟူသော ဂါထာတို့ကို ဆို၏။

မာဏဝ၊ လုလင်။ အသ္မိံ ပဒေသေ၊ ဤအရပ်၌။ ဥပသာဠကနာမာနိ၊ ဥပသာဠက အမည်ရှိကုန်သော။ စတုဒ္ဒသ သဟဿာနိ၊ တသောင်းလေးထောင်

www.dhammadownload.com

အတိတ်ဝတ္ထု သမိဒ္ဓိ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တခုသော ကာသိကရွာငယ်ဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် ခပ်သိမ်းကုန်သော အတတ်တို့၌ အပြီးသို့ရောက်၍ ရသေ့ရဟန်း ပြုပြီးသည်ရှိသော် အဘိညာဏ်တို့ကိုဌင်း သမာပတ်တို့ကိုဌင်းဖြစ်စေ၍ ဟိမဝန္တာအရပ်၌ တခုသော အလိုလိုဖြစ်သော အိုင်ကို အမှီပြု၍ နေ၏၊ ထိုဘုရားလောင်းသည် အလုံးစုံသော ညဉ့်ပတ်လုံး လုံ့လကို အားထုတ်၍ အရုဏ်တက်သောကာလ၌ ရေချိုး၍ တထည်သော လျှော်တေသင်္ကန်းကို ဝတ်၍ တထည်သော လျှော်တေသင်္ကန်းကို လက်ဖြင့်ကိုင်၍ ကိုယ်ကို ရေမရှိသည်ကို ပြုလျက်ရပ်၏၊ ထိုအခါ၌ ထိုဘုရားလောင်း၏ အဆင်းအားဖြင့် တင့်တယ်ဖွယ်သော မြတ်သောအဖြစ်သို့ ရောက်သော ကိုယ်တော်ကို ကြည့်မိ၍ တပ်စွန်းသော စိတ်ရှိသော တယောက်သော နတ်သမီးသည် ဘုရားလောင်းကို ဖြားယောင်းလိုရကား-

၃၃ အဘုတ္ဝာ ဘိက္ခဝိ ဘိက္ခု၊ နဟိ ဘုတ္ဝာန ဘိက္ခဝိ။
ဘုတ္ဝာန ဘိက္ခု ဘိက္ခဝိသု၊ မာ တံ၊ ကာလော ဥပစ္စဂါ။

ဟူသော ရွှေးဦးစွာသော ဂျိဂါထာကို ဆို၏။

ဘိက္ခု၊ ရဟန်း။ တွံ၊ သင်သည်။ ဒဟရကာလေ၊ ငယ်သောကာလ၌။ ကိလေသကာမဝသေန၊ ကိလေသာကာမ၏ အစွမ်းအားဖြင့်။ ဝတ္ထုကာမေ၊ ဝတ္ထုကာမတို့ကို။ အဘုတ္ဝာ၊ မခံစားမူ၍။ ဘိက္ခဝိ၊ ရဟန်းပြု၏။ ကိလေသ-ကာမဝသေန၊ ကိလေသာ ကာမ၏အစွမ်းအားဖြင့်။ ဝတ္ထုကာမေ၊ ဝတ္ထုကာမတို့ကို။ ဘုတ္ဝာန၊ ခံစားရ၍။ နဟိ ဘိက္ခဝိ၊ ရဟန်းမပြုသလျင်ကတည်း။ ဘိက္ခု၊ ရဟန်း။ တွံ၊ သင်သည်၊ ဒဟရကာလေ၊ ငယ်သောကာလ၌။ တာဝ၊ ရွှေးဦးစွာ။ ကာမေ၊ ကာမတို့ကို။ ဘုတ္ဝာန၊ ခံစားရ၍။ပစ္ဆာ၊ နောက်ဖြစ်သော။ မဟလ္လကကာလေ၊ အိုမင်းသောကာလ၌။ ဘိက္ခဝိသု၊ ရဟန်းပြုလော့။ တံ၊ သင့်ကို။ ကာလော၊ ကာမချမ်းသာကို ခံစားရာဖြစ်သော ပျိုရွယ်သောကာလသည်။ မာ ဥပစ္စဂါ၊ မလွန်စေလင့်။

ဘုရားလောင်းသည် နတ်သမီး၏ စကားကို ကြား၍ မိမိ၏ အလိုကို ပြလိုရကား-



သဝဏ်ဦးဝတ်၊ ဧရာဝဏ်းနေသာ ဘုရားအား နတ်သားမှ ချေးသောင်းနန့်ပါ။ (၈၀)

www.dhammadownload.com

၃၄ ကာလံ ဝေါဟံ နဇာနာမိ၊ ဆန္နော ကာလော နဒိဿတိ။
တသ္မာ အဘုတ္ဝာ ဘိက္ခာမိ၊ မာ မံ ကာလော ဥပဇ္ဈဂါ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ဒေဝမိတော၊ နတ်သမီး။ အဟံ၊ ငါသည်။ ကာလံ၊ သေလတ္တံ့သော ကာလကို။ နဇာနာမိ၊ မသိ။ မယ့်၊ ငါ့အား။ ဆန္နော၊ ဖုံးလွှမ်းအပ်သည်ဖြစ်၍။ ကာလော၊ သေလတ္တံ့သော ကာလသည်။ နဒိဿတိ၊ မထင်။ တသ္မာ၊ ထို့ကြောင့်။ ပဋ္ဌကာမဂုဏော၊ ငါးပါးကုန်သော ကာမဂုဏ်တို့ကို။ အဘုတ္ဝာ၊ မခံစားမူ၍။ မံ၊ ငါ့ကို။ ကာလော၊ ရဟန်းတရားကို ကျင့်ရာ ကာလသည်။ မာ ဥပဇ္ဈဂါ၊ မလွန်စေသတည်းဟု။ ဘိက္ခာမိ၊ ရဟန်းပြု၏။

နတ်သမီးသည် ဘုရားလောင်း၏ စကားကို ကြား၍ ထိုအရပ်၌ သာလျှင် ကွယ်လေ၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား သမိဒ္ဓိ ယခုအခါ သင့်အား ဖြားယောင်းသော နတ်သမီးသည် ထိုအခါ ငါ့အား ဖြားယောင်းဘူးသော နတ်သမီး ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ရသေ့ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ရုပ်သွင်တင့်တယ်၊ ကာမနယ်၊ မြူဆွယ်မှားတတ်လှ)

ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သမိဒ္ဓိဇာတ်သည် ပြီး၏။

၁၈-သကုဏ္ဍိဇာတ်

ဗီလုံး နှင့် သိမ်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သေနော ဗလသာ ပတမာနော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ သကုဏ္ဍိ ဇာတ်ကို ဇေတဝန်

www.dhammadownload.com

ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မိမိအလို၏အစွမ်းအားဖြင့် ဖဟာအပ်သော **သကုဏောဝါဒသုတ်** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားသည် မှန်၏၊ မြတ်စွာဘုရားသည် တနေ့သ၌ ရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ အဘဉစွာဖြစ်သော အာရုံ၌သာလျှင် ကျက်စားကုန်လော့၊ ဤသို့အစရှိသော မဟာဝဂ္ဂသံယုတ်၌ ဤသုတ္တန်ကို ဖဟာတော်မူသည်ရှိသော် ရဟန်းတို့ သင်တို့ကို ထားကုန်ဘိဦး ရှေး၌ တိရစ္ဆာန်တို့သည်လည်း အဘဉစွာဖြစ်သော မိမိအရာကို စွန့်ကုန်၍ မကျက်စားသင့်သော အရာ၌ ကျက်စားကုန်သည်ရှိသော် ရန်သူတို့၏ လက်သို့ ရောက်ကုန်၏၊ ရောက်ကုန်၍ မိမိပညာ၏ ပြည့်စုံခြင်းအားဖြင့် အကြောင်း၌ လိမ္မာသည်၏ အဖြစ်ကြောင့် ရန်သူတို့၏ လက်မှလွတ်ဘူးကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗိလုံးငှက်မျိုး၌ ဖြစ်၍ ထွန်တုံး၌ တပ်အပ်သော ထွန်သွားတို့ဖြင့် ထွန်ခြင်းကို ပြုရာဖြစ်သော မြေစိုင်ခဲရှိရာ အရပ်၌ နေခြင်းကိုပြု၏၊ ထိုဗိလုံးငှက်သည် တနေ့သောအခါဝယ် မိမိအရာ၌ အစာယူခြင်းကို စွန့်၍ သူတပါးတို့၏အရာ၌ အစာကို ယူအံ့ဟူ၍ တောအုပ်၏ အဆုံးသို့ သွား၏၊ ထိုအခါ၌ ထိုဗိလုံးငှက်ကို ထိုတောအုပ်၏ အဆုံး၌ အစာကို ယူသည်ကိုမြင်၍ သိမ်းသည် အဆောတလျင် ပြေးလာ၍ ထိုးယူလေ၏၊ ထိုဗိလုံးငှက်ကို သိမ်းသည် ဆောင်ယူလေသည် ရှိသော် ငါတို့သည်သာလျှင် ကြက်သရေမရှိကုန်သည် ဖြစ်ကုန်၏၊ ငါတို့သည် သာလျှင် ဘုန်းမရှိကုန်သည် ဖြစ်ကုန်၏၊ ငါတို့သည် သူတပါးတို့၏ အရာဖြစ်သော မကျက်စား အပ်သော အရပ်၌ ကျက်စားမိကုန်၏၊ ငါတို့သည် မိမိနေရာသို့ ရောက်ကုန်၍ အဘဉစွာဖြစ်သော မိမိအရာဖြစ်သော ကျက်စားရာအရပ်၌ ကျက်စားရ ကုန်ငြားအံ့၊ သိမ်း၏ အကြင် ထိုးခြင်းသည် ရှိ၏၊ ထိုကဲ့သို့ထိုးခြင်းငှါ ဤသိမ်းသည် စွမ်းနိုင်သည် မဖြစ်လေရာဟု ငိုကြွေးမြည်တမ်း၏။

ဤသို့ ငိုကြွေးမြည်တမ်းသည်ရှိသော် ဗိလုံးငှက် သင်၏အဘ ဉစွာဖြစ်သော မိမိအရာဖြစ်သော ကျက်စားရာ အရပ်သည် အဘယ်အရပ်နည်းဟု မေး၏၊ သိမ်းငှက် ထွန်တုံး၌ တပ်အပ်သော ထွန်သွားဖြင့် ထွန်ခြင်းကို ပြုရာဖြစ်သော အကြင်မြေစိုင်ခဲရှိရာ အရပ်သည် ရှိ၏၊ ထိုအရပ်သည် ငါ၏ကျက်စားရာ အရပ်တည်းဟု ဆို၏၊ ထိုအခါ၌ ထိုဗိလုံးငှက်ကို သိမ်းသည် မိမိအစွမ်းကို ယုံသည်၏ အဖြစ်ကြောင့် ဗိလုံးငှက် သင်သွားလေ၊ သင်၏ကျက်စားရာဖြစ်သော ထိုအရပ်

www.dhammadownload.com

သို့လည်း သွားလေ၍ ငါမှမလွတ်လတ္တံ့ဟု ဆို၍ လွတ်လိုက်၏၊ ထိုဗိလုံးငှက်သည် ထိုမိမိကျက်စားရာ အရပ်သို့ သွားလေ၍ ကြီးစွာသော မြေစိုင်ခဲ ပေါ်သို့ တက်ပြီးလျှင် သိမ်းငှက် ယခုလာလေ့ဟု သိမ်းကို ခေါ်လျက်ရပ်၏၊ သိမ်းသည် မိမိ၏အစွမ်းကို ယုံသည်၏ အဖြစ်ကြောင့် အတောင် နှစ်ဘက်တို့ကို ဖြန့်၍ ဗိလုံးငှက်အထံသို့ လျင်မြန်စွာ ပြေးလာ၏၊ အကြင် အခါ၌ကား ထိုသိမ်းကို ဗိလုံးငှက်သည် ငါ၏အထံသို့ ကျိသိမ်းသည် လျင်မြန်စွာ လာသလျှင်ကတည်းဟု သိ၏၊ ထိုအခါ၌ လှည့်လည်တုံ့ပြန်၍ ထိုမြေစိုင်ခဲ၏ အကြားသို့သာလျှင် ဝင်၏၊ သိမ်းသည် အဟုန်ကို တန့်စိမ့်သောငှါ မတတ်နိုင်သည်ဖြစ်၍ ထိုမြေစိုင်ခဲ၌ သာလျှင် ရင်ကို တိုက်ကွဲစေ၏၊ ကျိသို့ ထိုသိမ်းသည် ရင်ကွဲလေ၍ မျက်စိနှစ်လုံးတို့သည် ထွက်ကုန်၍ အသက်ကုန်ခြင်းသို့ ရောက်၏။

သဗ္ဗညူ မြတ်စွာဘုရားသည် ကျိအတိတ်ကို ပြတော်မူ၍ ရဟန်းတို့ ကျိသို့ တိရစ္ဆာန်တို့သည်လည်း မကျက်စားသင့်သော အရာ၌ ကျက်စားကုန်သည် ရှိသော် ရန်သူ့လက်သို့ ရောက်ကုန်၏၊ အဘဉ္စစွာဖြစ်သော မိမိအရာဖြစ်သော ကျက်စားသင့်သော အရာ၌ကား ကျက်စားကုန်သည်ရှိသော် ရန်သူကို နှိပ်နင်းနိုင်ကုန်၏၊ ထို့ကြောင့် သင်တို့သည်လည်း သူတပါးတို့၏ အရာဖြစ်သော မကျက်စားသင့်သောအရာ၌ မကျက်စားကြကုန်လင့်၊ ရဟန်းတို့ သူတပါးတို့၏ အရာဖြစ်သော မကျက်စားအပ်သော အရာ၌ ကျက်စားသည်ရှိသော် မာရ်သည် အခွင့်ကို ရ၏၊ မာရ်သည် စွဲလမ်းရာကို ရ၏၊ ရဟန်းတို့ သူတပါးတို့၏ အရာဖြစ်သော ရဟန်းတို့ မကျက်စားအပ်သော အရာသည် အဘယ်နည်းဟူမူကား အကြင် ငါးပါးကုန်သော ကာမဂုဏ်တို့သည် ရှိကုန်၏၊ ထို ငါးပါးကုန်သော ကာမဂုဏ်တို့သည် သူတပါးတို့၏အရာဖြစ်သော ရဟန်းတို့ မကျက်စားအပ်သော အရာတည်း၊ ငါးပါးကုန်သော ကာမဂုဏ်တို့သည် အဘယ်သည်တို့နည်းဟူမူကား စက္ခုဝိညာဉ်စသည်ဖြင့် သိအပ်သော ရူပါရုံ အစရှိသည်တို့တည်း၊ ရဟန်းတို့ ကာမဂုဏ်ဖြစ်သောကျိအာရုံငါးပါးသည် သူတပါးတို့၏အရာဖြစ်သော ရဟန်းတို့ မကျက်စားအပ်သော အရာတည်းဟု ဟောတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး၍—

၃၅ သေနော ဗလသာ ပတမာနော၊ လာပံ ဂေါစရဋ္ဌာယိနံ[1]။
သဟသာ အဇ္ဈပ္ပတ္တောဝ၊ မရဏံ တေနုပါဂမိ။

ဟူသော ရွေးဦးစွာသော ကျိဂါထာကို ဟောတော်မူ၏။

---

၁ လာပဂေါစရဋ္ဌာယိနံ (သီ)

www.dhammadownload.com

ဘိက္ခဝေ၊ ရဟန်းတို့။ ဂေါစရဂ္ဂသိုနံ၊ အစာရှာအံ့သောဌါ တောအုပ်၏ အစွန်းဌာနည်ထသော။ လာပံ၊ ဗီလုံးငှက်သို့။ သေနော၊ သိမ်းသည်။ ဗလသာ၊ အစွမ်းအားဖြင့်။ ပတမာနော၊ ထိုးအံ့သောဌါကျလေသည်ရှိသော်။ သဟသာ၊ လျင်မြန်စွာ။ အဇ္ဈပပတ္တောဝ၊ ရောက်လေသလျင်ကတည်း။ တေန ကာရဏေန၊ ထိုအကြောင်းကြောင့်။ သော သေနော၊ ထိုသိမ်းသည်။ မရဏံ၊ သေခြင်းသို့။ ဥပါဂမိ၊ ရောက်လေ၏။

ထိုသိမ်းသည် သေခြင်းသို့ ရောက်သည်ရှိသော် ဗီလုံးငှက်သည် မြေစိုင်ခဲအကြားမှ ထွက်၍ စင်စစ်လျင် ငါသည် ရန်သူ၏ ပျက်စီးခြင်းကို မြင်အပ်၏ဟု ထိုဗီလုံးငှက်၏ နှလုံးဌာန၌ ဝမ်းမြောက်ဝမ်းသာ ကျူးရင့်လိုရကား—

၃၆ သောဟံ နယေန သမ္ပန္နော၊ ပေတ္တိကေ ဂေါစရေ ရတော။
အပေတသတ္တာ မောဒါမိ၊ သမ္ပဿံ အတ္ထ မတ္တနော။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဟောတော်မူ၏။

နယေန၊ ဘေးမှလွတ်ခြင်း၏ အကြောင်းဖြစ်သော ဉာဏ်နှင့်။ သမ္ပန္နော၊ ပြည့်စုံသော။ သော အဟံ၊ ထိုငါသည်။ ပေတ္တိကေ၊ အဘဉ္စစွာဖြစ်သော။ ဂေါစရေ၊ ကျက်စားရာအရပ်၌။ ရတော၊ မွေ့လျော်သည်ရှိသော်။ အပေတသတ္တာ၊ ရန်သူမှကင်းလွတ်သည်ဖြစ်၍။ အတ္တနော၊ မိမိ၏။ အတ္ထံ၊ ရောဂါကင်းသည်၏ အဖြစ်ဟု ဆိုအပ်သော အစီးအပွားကို။ သမ္ပဿံ၊ ကောင်းစွာမြင်ရခြင်းကြောင့်။ မောဒါမိ၊ ဝမ်းမြောက်ရ၏။

ဇာတ်ပေါင်း သမ္ဗဉ္ဇု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာကို ပြတော်မူသည်၏အဆုံး၌ များစွာကုန်သော ရဟန်းတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်ကုန်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ သိမ်း ဖြစ်ဘူးပြီ၊ ယခုအခါငါဘုရားသည် သာလျှင် ထိုအခါ ဗီလုံးငှက်ဖြစ်ဘူးပြီ၊ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

(မိဘနှစ်ပါး၊ ကျက်စားစဉ်လာ၊ စွန့်ပစ်ခွါ၊ ဘေးသာ ဖြစ်တတ်လှ)
ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သံကုဏ္ဍဇာတ်သည် ပြီး၏။

www.dhammadownload.com

၁၉–အရကဇာတ်

မေတ္တာ၏အကျိုးများ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် “ယော ဝေ မေတ္တေန စိတ္တေန” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ အရကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **မေတ္တာသုတ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားသည် မှန်၏၊ တပါးသောအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ ရှိသေစွာ မှီဝဲအပ်သော ပွားစေအပ်သော များစွာပြုအပ်သော က,သော ယာဉ်ကိုကဲ့သို့ ပြုအပ်သော တည်ရာကဲ့သို့ ပြုအပ်သော ဆောက်တည်အပ်သော လေ့ကျက်အပ်သော ကောင်းစွာ အားထုတ်အပ်သော မေတ္တာနှင့်ယှဉ်သော စေတောဝိမုတ္တိကြောင့် တဆဲ့တပါးကုန်သော အကျိုးတို့သည် မချွတ်ဖြစ်ကုန်၏၊ မေတ္တာအကျိုး တဆဲ့တပါးဟူသည် အဘယ်တို့နည်းဟူမူကား “ချမ်းသာစွာ အိပ်ရ၏၊ ချမ်းသာစွာ နိုးရ၏၊ ယုတ်မာသော အိပ်မက်ကို မမြင်မက်ရ၊ လူတို့သည် ချစ်မြတ်နိုး၏၊ နတ်တို့သည် ချစ်ကုန်၏၊ နတ်တို့သည် စောင့်ကုန်၏၊ ထိုမေတ္တာကို ပွားစေသောသူအား မီးသည်လည်း မလောင်နိုင်၊ အဆိပ်သည်လည်း မသင့်နိုင်၊ လက်နက်သည်လည်း မစူးမရှနိုင်၊ ပျံ့လွင့်သော စိတ်သည် လျင်မြန်စွာသာလျှင် တည်ကြည်၏၊ မျက်နှာအဆင်းသည် အထူးသဖြင့် ကြည်လင်၏၊ မတေ့မဝေ သေရ၏၊ မေတ္တာသမာပတ်ထက် လွန်မြတ်သော မဂ်ဖိုလ်ကို ထိုးထွင်း၍ မသိနိုင်သည်ရှိသော် ဗြဟ္မာ့ပြည်သို့ လားရ၏” ဤတဆဲ့တပါးတို့တည်း။

ရဟန်းတို့ ရှိသေစွာ မှီဝဲအပ်သော များစွာပြုအပ်သော ပွားစေအပ်သော က,သောယာဉ်ကိုကဲ့သို့ပြုအပ်သော တည်ရာကိုကဲ့သို့ ပြုအပ်သော ဆောက်တည်အပ်သော လေ့ကျက်အပ်သော ကောင်းစွာ အားထုတ်အပ်သော မေတ္တာနှင့်ယှဉ်သော စေတောဝိမုတ္တိကြောင့် တဆဲ့တပါး ကုန်သော ဤအကျိုးတို့သည် မချွတ်ဖြစ်ကုန်၏၊ ဤသို့ ဤတဆဲ့တပါးကုန်သော အကျိုးကိုယူ၍ တည်သော မေတ္တာဘာဝနာကို ချီးမွမ်းတော်မူ၍ ရဟန်းတို့ ရဟန်းမည်သည်ကား ခပ်သိမ်းကုန်သော သတ္တဝါတို့၌ သြဒိဿက အနောဒိဿက၏ အစွမ်းအားဖြင့် မေတ္တာကို ပွားစေအပ်၏၊ မိမိအစီးအပွားကို လိုသောသူကိုလည်း အစီးအပွားကို လိုသော

www.dhammadownload.com

စိတ်ဖြင့် နှုံ့စေအပ်၏၊ မိမိအစီးအပ္ပားကို မလိုသောသူကိုလည်း အစီးအပ္ပားကို လိုသောစိတ်ဖြင့် နှုံ့စေအပ်၏၊ မိမိအစီးအပ္ပားကို လိုသည်လည်းမဟုတ် မလိုသည်လည်းမဟုတ် လျစ်လျူဖြစ်သော သူတို့ကိုလည်း အစီးအပ္ပားကို လိုသောစိတ်ဖြင့် နှုံ့စေအပ်၏၊ ဤသို့ ခပ်သိမ်းကုန်သော သတ္တဝါတို့၌ ဩဒိဿက, အနောဒိဿက၏ အစွမ်းအားဖြင့် မေတ္တာကို ပွားစေအပ်၏၊ ကရုဏာကို ပွားစေအပ်၏၊ မုဒိတာကို ပွားစေအပ်၏၊ ဥပေက္ခာကို ပွားစေအပ်၏၊ လေးပါး ကုန်သော ဗြဟ္မဝိဟာရတို့၌ အမှုကို ပြုအပ်သလျင်ကတည်း၊ ထိုစကားသည် မှန်၏၊ ဤသို့ပြုသော ရဟန်းသည် မင်္ဂလာကိုလည်း ဖိုလ်ကိုလည်း မရသော်လည်း ဗြဟ္မာ့ပြည်သို့ လားရသည် ဖြစ်၏၊ ရှေးပညာရှိတို့သည်လည်း ခုနစ်နှစ်တို့ပတ်လုံး မေတ္တာကို ပွားစေ၍ ခုနစ်ပါးကုန်သော သံဝဋ္ဋ ဝိဝဋ္ဋကပ်တို့ပတ်လုံး ဗြဟ္မာ့ပြည်၌သာလျှင် နေဘူးကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသော အခါ တခုသော ကပ်၌ ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ကာမတို့ကို ပယ်ပြီးလျှင် ရသေ့ရဟန်းပြု၍ ဗြဟ္မဝိဟာရတရား လေးပါးတို့ကို ရသော အရကအမည်ရှိသော ဆရာဖြစ်၍ ဟိမဝန္တာအရပ်၌ နေ၏၊ ထိုအရကဆရာအား များသော အခြံအရံရှိသည် ဖြစ်၏၊ ထိုအရက ဆရာသည် ရသေ့အပေါင်းကို ဆုံးမသည်ရှိသော် ရဟန်းမည်သည်ကား မေတ္တာကို ပွားစေအပ်၏၊ ကရုဏာကို ပွားစေအပ်၏၊ မုဒိတာကို ပွားစေအပ်၏၊ ဥပေက္ခာကို ပွားစေအပ်၏၊ ထိုစကားသည် မှန်၏၊ ထိုမေတ္တာစိတ် မည်သည်ကား အပွနာသို့ ရောက်သည် ရှိသော် ဗြဟ္မာ့ပြည်သို့ လားရခြင်းကို ပြီးစေ၏ဟု မေတ္တာ၏ အကျိုးအာနိသင်ကို ပြလိုရကား—

၃၇ ယော ဝေ မေတ္တေန စိတ္တေန၊ သဗ္ဗလောကာ နုကမ္ပတိ။
ဥဒ္ဓ အဓော စ တိရိယံ၊ အပ္ပမာဏေန သဗ္ဗသော။
၃၈ အပ္ပမာဏံ ဟိတံ စိတ္တံ၊ ပရိပုဏ္ဏံ သုဘာဝိတံ။
ယံ ပမာဏကတံ ကမ္မံ၊ န တံ တတြာဝသိဿတိ။

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

ဘောန္တော ဣသိဂဏာ၊ အိုရသေ့အပေါင်းတို့။ ခတ္တိယာဒီသု ဝါ၊ မင်းအစရှိသည်တို့တွင်၎င်း။ သမဏဗြာဟ္မဏေသု ဝါ၊ ရဟန်းပုဏ္ဏားတို့တွင်၎င်း။ ယော၊

www.dhammadownload.com

အကြင်သူသည်။ ဥဒ္ဓံ၊ မြေအပြင်မှ နေဝသညာနာသညာယတန ဗြဟ္မာ့ပြည် တိုင်အောင်သော အရပ်ဟု ဆိုအပ်သော အထက်မျက်နှာသည်ငုံင်း။ အဓော၊ မြေအပြင်မှ ဉာဏဒဿနရဲတိုင်အောင်သော အရပ်ဟုဆိုအပ်သော အောက်မျက်နှာသည်ငုံင်း။ တိရိယဉ္စ၊ လူတို့ပြည်၌ အကြင်မျလောက်ကုန်သော စကြဝဠာဟု ဆိုအပ်ကုန်သော ဖီလာအရပ် မျက်နှာတို့သည်ငုံင်း။ သန္တိ၊ ရှိကုန်၏။ ဧတ္တကော၊ ဤမျအတိုင်းအရှည်ရှိသော။ ဌာနေ၊ အရပ်၌။ နိဗ္ဗတ္တာ၊ ဖြစ်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အဝေရာ၊ ရန်မရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အဗျာပဇ္ဈာ၊ ကြောင့်ကြခြင်း မရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အနီဃာ၊ ဆင်းရဲခြင်းမရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ သုခီ၊ ချမ်းသာခြင်း ရှိကုန်သည်။ ဟုတ္ဝာ၊ ဖြစ်ကုန်၍။ အတ္တာနံ၊ ကိုယ်ကို။ ပရိဟရန္တု၊ ဆောင်နိုင် စေကုန်သတည်း။ ဣတိ၊ ဤသို့။ သဗ္ဗသော—သဗ္ဗာကာရေန၊ ထက်အောက်ဖီလာ အရပ်မျက်နှာဟု ဆိုအပ်သော သုဂတိ, ဒုဂ္ဂတိ ဖြစ်သော ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ အပ္ပမာဏေန၊ အတိုင်းအရှည်မရှိသော။ မေတ္တေန၊ မေတ္တာနှင့်ယှဉ်သော။ စိတ္တေန၊ စိတ်ဖြင့်။ သဗ္ဗလောကံ၊ အလုံးစုံသော သတ္တလောကကို။ ဇဝ၊ စင်စစ်။ အနုကမ္ပတိ၊ စောင့်ရှောက်၏။

တဿ၊ ထိုသူ၏။ အပ္ပမာဏံ၊ အတိုင်း အရှည် မရှိသော သတ္တဝါလျှင် အာရုံရှိသည်ကို။ ကတ္ဝာ၊ ပြု၍။ သုဘာဝိတံ၊ ကောင်းစွာ ပွားစေအပ်သော။ ပရိပုဏ္ဏံ၊ ပြည့်စုံစွာသော။ သဗ္ဗသတ္တေသု၊ ခပ်သိမ်းသော သတ္တဝါတို့၌။ ဟိတံ၊ အစီးအပွားကို အလိုရှိသော။ ယံ စိတ္တံ၊ အကြင် ရူပါဝစရ စိတ်၌ ယှဉ်သောကံသည်။ အတ္ထိ၊ ရှိ၏။ တတြ၊ ထိုရူပါဝစရကံ၌။ ပမာဏကတံ၊ အတိုင်းအရှည် အားဖြင့် ပြုအပ်သော။ ယံ ကမ္မံ၊ အကြင် ကာမာဝစရကံသည်။ အတ္ထိ၊ ရှိ၏။ တံ ကမ္မံ၊ ထိုကာမာဝစရကံသည်။ နာ အဝသိဿတိ၊ လွှမ်းမိုး၍ မတည်နိုင်။ အထ ဧခါ၊ စင်စစ်သော်ကား။ ရူပါဝစရကမ္မမေဝ၊ ရူပါဝစရကံသည်သာလျှင်။ ကာမာဝစရကမ္မံ၊ ကာမာဝစရကံကို။ အဝသိဿတိ၊ လွှမ်းမိုး၍ တည်နိုင်၏။

ဤ ဂါထာတို့ဖြင့် ဘုရားလောင်းသည် တပည့်တို့အား မေတ္တာကို ပွားစေခြင်း၏အကျိုးကို ဟော၍ မယုတ်သော စျာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်၌ ဖြစ်၍ သံဝဋ္ဋဝိဝဋ္ဋခုနစ်ကပ်တို့ပတ်လုံး ဤ လူ့ပြည်သို့ တဖန် မလား မဖြစ်ကုန်။

www.dhammadownload.com

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤမမွေးသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော် မူ၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ရံသေ့အပေါင်းတို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ အရက အမည်ရှိသော ရသေ့ အပေါင်းတို့၏ ဆရာဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မေတ္တာဘရား၊ ပြည့်တုံဘြား၊ ကျီးကား ဆဲ့တစ်ရ)

ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော အရကဇာတ်သည် ပြီး၏။

၂၀-က ကက္ကဇာတ်

"နာယံ ပုရေ ဥဏ္ဏမတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကကက္ကဇာတ်သည် **မဟာဥမင်္ဂဇာတ်*** ၌ ထင်စွာ ဖြစ်လတ္တံ့။

ဆယ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကကက္ကဇာတ်သည် ပြီး၏။

၃- ကလျာဏဓမ္မဇာတ်

သူဌေး နှင့် ဘုရင်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ကလျာဏဓမ္မော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ကလျာဏဓမ္မဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တယောက်သော **နားပင်းသော ယောကျ်မကို** အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားသည် မှန်၏၊ သာဝတ္ထိမြို့၌ တယောက်သော သူကြွယ်သည် သဒ္ဓါခြင်းနှင့် ပြည့်စုံ၏၊ ကြည်ညိုခြင်း ရှိ၏၊

---

* မဟာဥမင်္ဂဇာတ်သည် မဟာနိပါတ်မှာ ပါသည်။

www.dhammadownload.com

ရတနာသုံးပါးသို့ ဆည်းကပ်၏၊ ငါးပါးသောသီလနှင့်ပြည့်စုံ၏၊ ထိုသူကြွယ်သည် တနေ့သ၌ မျှားစွာကုန်သော ထောပတ် အစရှိကုန်သော ဆေးတို့ကိုဂင်း ပန်း,နှံသာ, အဝတ် အစရှိသည်တို့ကိုဂင်း ယူ၍ ဇေတဝန် ကျောင်းတော်ဝယ် မြတ်စွာဘုရားအထံတော်၌ တရားတော်ကိုနာအံ့သောငှါသွား၏၊ ထိုသူကြွယ်၏ သွားသောကာလ၌ ယောကျ့ာမသည် ခဲဘွယ်ဘောဇဉ်ကို ယူ၍ သို့မဟုတ် မြင်ခြင်းငှါ အလိုရှိသည်ဖြစ်၍ ထိုအိမ်သို့ လာ၏၊ ထိုယောကျ့ာမဖြစ်သော မိန်းမသည်လည်း အတန်ငယ် နားပင်းသည် ဖြစ်၏၊ ထိုမိန်းမသည် သို့မဟုတ် သို့နှင့်တကွ ထမင်းစားပြီး၍ ထမင်းဆီယစ်ခြင်းကို ဖျောက်လျက် ချစ်သို့မဟုတ် သင့်လင်သည် သင်နှင့် ဝမ်းမြောက် ဝမ်းသာ ချစ်ခင်လျက် နေခြင်းကို ပြု၏လောဟု မေးလေ၏၊ မိခင် အသို့ ဆိုကုန်ဘိသနည်း သင် မိခင်တို့၏ သမက်သည် သီလအားဖြင့်ဂင်း အကျင့်၏ ပြည့်စုံခြင်းအားဖြင့်ဂင်း အကြင်သို့ သဘောရှိ၏၊ ထိုသို့ သဘောရှိသည်ကို ရဟန်းဖြစ်သောသူသည်လည်း ရခဲစွတကားဟု ဆိုသည်ရှိသော် ဒါယိကာမသည် သို့မဟုတ်၏ စကားကို ကောင်းစွာ မမှတ်နိုင်၍ ရဟန်းဟူသော အသံကိုသာလျှင်ယူ၍ ချစ်သို့မဟုတ် အဘယ့်ကြောင့် သင်၏ လင်သည် ရဟန်းပြုလေသနည်းဟု ကျယ်စွာ သော အသံကိုပြု၏၊ ထိုအသံကိုကြား၍ အိမ်အလုံးဦ နေကုန်သောသူတို့သည် ငါတို့၏ သူကြွယ်သည် ရဟန်းပြုသတတ်ဟု မြည်တမ်းကြကုန်၏၊ ထိုအိမ်သူတို့၏ အသံကို ကြားကုန်၍ တံခါးဖြင့် သွားကုန်သော သူတို့သည် အဘယ်မည်သော အကြောင်းကြောင့် ငိုကုန်သနည်းဟု မေးကုန်၏၊ ဤအိမ်ဦ သူကြွယ်သည် ရဟန်းပြုသတတ်ဟု ဆိုကြကုန်၏၊ ထိုသူကြွယ်သည်လည်း မြတ်စွာဘုရား၏ တရားတော်ကို နာပြီးလျှင် ကျောင်းမှထွက်ခဲ့၍ မြို့သို့ဝင်လာ၏၊ ထိုအခါဦ ထိုသူကြွယ်ကို ခရီးအကြားဦ သာလျှင် တယောက်သော ယောကျ်ားကိုမြင်၍ အဆွေ သင်သည် ရဟန်းပြုသတတ်ဟု သင်၏အိမ်ဦ သားမယား အခြွေအရံတို့သည် ငိုကြွေးမြည်တမ်းကြကုန်၏ဟု ဆို၏။

ထိုအခါဦ ထိုသူကြွယ်အား ဤသို့သော အကြံသည် ဖြစ်၏၊ အဘယ်သို့ အကြံဖြစ်သနည်း ဟူမူကား ရဟန်းမပြုသည်သာလျှင် ဖြစ်သော ငါ့ကို ရဟန်းပြုသတတ်ဟု ဆို၏၊ ကောင်းသော အသံသည် ဖြစ်သလျှင်ကတည်း၊ ထိုကောင်းသောအသံကို မကွယ်စေအပ်၊ ယနေ့ပင်လျှင် ငါသည် ရဟန်း ပြုအံ့သောငှါ သင့်၏ဟု ဤသို့အကြံဖြစ်၍ ထိုအကြံ ဖြစ်ပြီးသောနောက်မှ ပြန်၍ မြတ်စွာဘုရား၏ အထံတော်သို့ သွား၍ ဒါယကာ ယခုပင်လျှင် ငါဘုရားအား ခစားခြင်းကို ပြုပြီးလျှင် သွား၍ ယခုပင်လျှင် အဘယ့်ကြောင့် ပြန်လာသနည်းဟု

www.dhammadownload.com

မိန့်တော်မူသည်ရှိသော် ထိုအကြောင်းကို လျှောက်၍ အရှင်ဘုရား ဖြစ်သော ကောင်းသော အသံမည်သည်ကို ကွယ်စိမ့်သောငှါ မသင့်၊ ထို့ကြောင့် ရဟန်းပြုလိုသည်ဖြစ်၍ လာပါသည်ဟု လျှောက်၏၊ ထိုဒါယကာသည် ရှင်အဖြစ်ကိုငင်း ပဉ္စင်းအဖြစ်ကိုငင်း ရ၍ ကောင်းစွာ ကျင့်သည်ဖြစ်၍ မကြာမြင့်မီ သာလျှင် အရဟတ္တဖိုလ်သို့ ရောက်၏၊ ဤအကြောင်းသည် ရဟန်းသင်္ဃာ အပေါင်း၌ ထင်ရှားသည် ဖြစ်သတတ်၊ ထိုအခါ တနေ့သ၌ တရားသဘင်ဝယ် ရဟန်းတို့သည် စကားကို ဖြစ်စေကုန်၏၊ အဘယ်သို့ ဖြစ်စေကုန်သနည်း ဟူမူကား ငါ့သျှင်တို့ ဤအမည်ရှိသော သူကြွယ်သည် ဖြစ်သော် ကောင်းသောအသံကို မကွယ်စေအပ်ဟု ရဟန်းပြု၍ ယခုအခါ၌ အရဟတ္တဖိုလ်သို့ ရောက်၏ဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် ကြွတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ရှေးပညာရှိတို့သည်လည်း ဖြစ်သော ကောင်းသောအသံကို ချွတ်ယွင်းစိမ့်သောငှါ မအပ်ဟု ရဟန်းပြုကုန်သည် သာလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်-မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သူဋ္ဌေးမျိုး၌ ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် အဘလွန်သဖြင့် သူဋ္ဌေးအရာသို့ ရောက်၏၊ ကိုဘုရားလောင်းသည် တနေ့သ၌ အိမ်မှထွက်၍ မင်း၏အနီးဖြစ်သော အရပ်သို့သွား၏၊ ထိုအခါ၌ ထိုဘုရားလောင်း၏ ယောကျ်မသည် သို့မဟုတ် ကြည့်အံ့ဟု၍ ထိုသို့မဟုတ်သို့ သွားလေ၏၊ ထိုဒါယိကာမသည် အတန်ငယ် နားပင်းသော သဘောရှိသည် ဖြစ်၏၊ အလုံးစုံသော စကားသည် ပစ္စုပ္ပန်ဝတ္ထုနှင့် တူသလျှင် ကတည်း၊ ထိုဘုရားလောင်းကိုကား မင်း၏ အနီးဖြစ်သော အရပ်သို့သွား၍ မိမိ၏အိမ်သို့ လာလတ်သည်ကိုမြင်၍ ယောကျ်ားတပေါက်သည် ရှင်သူဋ္ဌေးတို့ ရဟန်းပြုကုန်သတတ်ဟု သင်တို့၏ အိမ်၌ သည်းစွာသော ငိုကြွေး မြည်တမ်းခြင်းကို ငိုကြွေး မြည်းတမ်းကြကုန်၏ဟု ဆို၏၊ ဘုရားလောင်းသည် ဖြစ်သော ကောင်းသော .အသံမည်သည်ကို ကွယ်စေခြင်းငှါမသင့်ဟု ထိုအရပ်မှ ပြန်ပြီး၍ မင်း၏အထံတော်သို့ သွား၍ သူဋ္ဌေးကြီး ယခုပင်လျှင် သွား၍ အဘယ့်ကြောင့် လာပြန်သနည်းဟု ဆိုသည်ရှိသော် မြတ်သောမင်းကြီး အကျွန်ုပ်တို့၏ အိမ်သူ အပေါင်းသည် အကျွန်ုပ်ကို ရဟန်းပြုသတတ်ဆို၍ ငိုကြွေး မြည်တမ်းကြကုန်၏၊

www.dhammadownload.com

စင်စစ်သဖြင့်လျှင်ဖြစ်သော ကောင်းသော အသံကို မကွယ်စေအပ်၊ ထို့ကြောင့် အကျွန်ုပ်သည် ရဟန်းပြုအံ့၊ ရဟန်း အဖြစ်ကို ခွင့်ပြုတော်မူပါလော့ဟု ထိုအကြောင်းကို ပြအံ့သောငှာ–

၄၁ ကလျာဏဓမ္မောတိ ယဒါ ဇနိန္ဒ၊
လောကေ သမညံ အနုပါပုဏာတိ။
တသ္မာ နု ဟိယ္ယျထ နရော သပညော၊
ဟိရိယာပိ သန္တော ဓုရမာဒိယန္တိ။

၄၂ သာယံ သမညာ ဣဓ မဇ္ဇ ပတ္တာ၊
ကလျာဏဓမ္မောတိ ဇနိန္ဒ လောကေ။
တာဟံ သမေက္ခံ ဣဓ ပဗ္ဗဇိဿံ၊
န ဟိ မတ္ထိ ဆန္ဒော ဣဓ ကာမဘောဂေ။

ဟူသော ဤဂါထာတို့ကို ဆို၏။

ဇနိန္ဒ၊ လူတို့ကို အစိုးရသောမင်းမြတ်။ လောကေ၊ လောက၌။ ကလျာဏဓမ္မော၊ ကောင်းသော သဘောရှိသော သူသည်။ ယဒါ၊ အကြင် အခါ၌။ သမညံ၊ သီလရှိသောသူ, ကောင်းသော တရားရှိသောသူ, ရဟန်းဟူသော အမည်ပညတ်သို့။ အနုပါပုဏာတိ၊ ရောက်၏။ သပညော၊ ပညာရှိသော။ နရော၊ သူမြတ်သည်။ တသ္မာ၊ ထိုသီလရှိသောသူ,ကောင်းသောတရားရှိသောသူ, ရဟန်းဟူသော အမည်ပညတ်မှ။ နု ဟိယ္ယျထ၊ မယုတ်စေရာ။ မဟာရာဇ၊ မြတ်သောမင်းကြီး။ သန္တော၊ သူတော်ကောင်းတို့မည်သည်ကား။ ဟိရိယာပိ၊ ဟိရိဖြင့်၎င်း။ သြတ္တပ္ပေနပိ၊ သြတ္တပ္ပဖြင့်၎င်း။ ဓုရံ၊ ရဟန်းအဖြစ်တည်းဟူသော ဝန်ကို။ အာဒိယန္တိ၊ ယူကုန်၏။

ဇနိန္ဒ၊ လူတို့ကို အစိုးရသောမင်းမြတ်။ ဣဓ လောကေ၊ ဤလောက၌။ ပဝတ္တာ၊ ဖြစ်သော။ သာယံ သမညာ၊ထိုရဟန်းဟူသော အမည်နာမပညတ်သို့။ အဇ္ဇ၊ ယခုနေ့၌။ မယာ၊ အကျွန်ုပ်သည်။ ပတ္တာ၊ ရောက်အပ်၏။ ကလျာဏ–ဓမ္မော၊ ကောင်းသော အကျင့်ရှိသော။ အဟံ၊ အကျွန်ုပ်သည်။ တံ၊ ထိုဂုဏ်၏ အစွမ်းဖြင့် ရအပ်သော အမည်နာမ ပညတ်ကို။ သမေက္ခံ၊ ကောင်းစွာရှုလျက်။ ဣဓ၊ ဤလောက၌။ ပဗ္ဗဇိဿံ၊ ရဟန်းပြုအံ့။ ဣဓ၊ ဤလောက၌။ ကာမဘောဂေ၊

www.dhammadownload.com

ကိုလေသာကာမဖြင့် ဝတ္ထုကာမ တို့ကို ခံစားခြင်းဌ။ မေ၊ အကျွန်ုပ်အား။ ဆန္ဒော၊ ဆန္ဒသည်။ နဟိ အတ္ထိ၊ မရှိသလျှင်ကတည်း။

ဘုရားလောင်းသည် ဤသို့ဆို၍ မင်းကို ရဟန်းအဖြစ်ကို ခွင့်ပြုစေပြီးလျှင် ဟိမဝန္တာအရပ်၌ ရသေ့ ရဟန်းပြု၍ အဘိညာဉ်တို့ကိုဌင်း သမာပတ်တို့ကိုဌင်း ဖြစ်စေ၍ ဖြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ အာနန္ဒာသည် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဗာရာဏသီသူဌေး ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(နိမိတ်ကောင်းမှ၊ ကောင်းကျိုးရ၊ မုချ ဖြစ်တတ်စွာ)

ရှေးဦးစွာသော ကလျာဏဓမ္မဇာတ်သည် ပြီး၏။

၂၂- ဒဒ္ဒရဇာတ်

ခြင်္သေ့ကိုတုသော မြေခွေး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် “ကော နု သဒ္ဒေန မဟာတာ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ဒဒ္ဒရဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ကောကာလိ**ကကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားသည် မှန်၏၊ ထိုကာလ၌ အကြားအမြင်များကုန်သော ရဟန်းတို့သည် ဆေးဒါန်း မြင်းသီလာအပြင်၌ ဟောက်ကုန်သော ခြင်္သေ့မျိုးတို့ကဲ့သို့ဌင်း ကောင်းကင်ပြင်၌ စီးသော မြစ်ကို အောက်သို့ စီးစေကုန်ဘိသကဲ့သို့ဌင်း သဿဉ်အလယ်၌ အသံဖြင့် ဟောအပ်သော တရားကို ဟောကုန်၏၊ ကောကာလိကသည် ထိုအကြားအမြင်များကုန်သော ရဟန်းတို့သည် အသံဖြင့်

www.dhammadownload.com

ဟောအပ်သော တရားကို ဟောကုန်သည်ရှိသော် မိမိအချည်းနှီး၏ အဖြစ်ကို မသိမူ၍သာလျှင် ငါသည်လည်း အသံဖြင့် ဟောအပ်သောတရားကို ဟောအံ့ဟု ရဟန်းတို့၏ အလယ်သို့ ဝင်၍ ငါတို့အား အသံဖြင့် ဟောအပ်သောတရားကို ရဟန်းတို့သည် မရောက်စေကုန်၊ ငါတို့အား အကယ်၍ ရောက်စေကုန်ငြားအံ့ ငါတို့သည်လည်း ဟောချင်ပါကုန်၏ဟု သဿ၁၏အမည်ကို မယူမူ၍ ထိုထို အရပ်၌ ဆိုလျက် လှည့်လည်၏၊ ထိုကောကာလိက၏ ထိုစကားသည်၊ ရဟန်းသဿ၁၌ ထင်ရှားသည် ဖြစ်၏၊ ထိုရဟန်းတို့သည် ထိုကောကာလိကကို စုံစမ်းကုန်ဦးအံ့ဟူသော အမှတ်ဖြင့် ဤသို့ဆိုကုန်၏၊ အဘယ်သို့ ဆိုကုန်သနည်း ဟူမူကား ငါ့သျှင် ကောကာလိက ယနေ့ ရဟန်းသဿ၁အား အသံဖြင့် ဟောအပ်သောတရားကို ဟောလော့ဟု ဆိုကုန်၏၊ ထိုကောကာလိကသည် မိမိ၏ အစွမ်းကို မသိဘဲသာလျှင် ကောင်းပြီဟု ဝန်ခံ၍ ယနေ့ အသံဖြင့် ဟောအပ်သော တရားကို ဟောအံ့ဟု မိမိအား ရောက်သော ယာဂုကို သောက်၏၊ ခဲဘွယ်ကို ခဲ၏၊ လျောက်ပတ်သည်သာလျှင် ဖြစ်သော ဟင်းဖြင့် စား၏။

နေဝင်၍ တရားနာအံ့သော ကာလကို ကြွေးကြော်သည်ရှိသော် ရဟန်းအပေါင်းသည် စည်းဝေး၏၊ထိုကောကာလိကသည် လိပ်သရွေပန်း အဆင်းနှင့်တူသော သင်းပိုင်ကိုဝတ်၍ မဟာလေ့ကားပန်း အဆင်းနှင့်တူသော သင်္ကန်းကို ရုံ၍ သဿ၃အလယ်သို့ ဝင်၍ သီတင်းကြီးသော ရဟန်းတို့ကို ရှိခိုး၍ တန်ဆာဆင်အပ်သော ရတနာ မဏ္ဍပ်၌ ခင်းအပ်သော ဓမ္မကထိကတို့၏ နေရာသို့တက်၍ ဆန်းကြယ်သော ယပ်ကိုကိုင်၍ အသံဖြင့် ဟောအပ်သော တရားကို ဟောအံ့ဟူ၍ နေ၏၊ ထိုခဏ၌သာလျှင် ကောကာလိက၏ကိုယ်မှ ခွေးတို့သည် ယိုကုန်၏၊ ရုံရှာသည်၏ အဖြစ်သည်လည်း သင်္ကန်း၏၊ ဟောဦးစွ၌ ပဌမပုဒ်ကိုဟော၍ ပဌမပုဒ်မှတပါးကိုမမြင်သလျှင်ကတည်း၊ ထိုကောကာလိကသည် တုန်လှုပ်လျက် နေရာမှသက်၍ ရှက်စနိုးသည်ဖြစ်၍ သဿ၃အလယ်မှဖဲ့၍ မိမိ၏ ပရိဝုဏ်သို့ သွားလေ၏၊ တပါးသော အကြားအမြင် များသော ရဟန်းသည် အသံဖြင့် ဟောအပ်သော တရားကို ဟော၏၊ ထိုအခါမှစ၍ ရဟန်းတို့သည် ထိုကောကာလိက၏ အချည်းနှီး၏အဖြစ်ကို သိကုန်၏၊ ထိုအခါ တနေ့သ၌ တရားသဘင်ဝယ် ရဟန်းတို့သည် ငါ့သျှင်တို့ ရှေးဦးစွာသော ကောကာလိက၏ အချည်းနှီး၏ အဖြစ်ကို သိနိုင်ခဲ၏၊ ယခုအခါ၌ကား မိမိသည် မြွက်၍ ထိုကောကာလိက၏ ထိုအချည်းနှီး၏ အဖြစ်သည် ထင်ရှား၏ဟုစကားကိုဖြစ်စေကုန်၏၊မြတ်စွာဘုရား

www.dhammadownload.com

သည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သောစကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ကျိမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ကောဂါလိကသည် ယခုအခါ၌သာလျှင် ကျိုက္ခဲသို့ ဆို၍ မိမိ၏အချည်းနှီးအဖြစ်သည် ထင်းရှားသည်မဟုတ်သေး ရှေး၌လည်း ကျိုက္ခဲသို့ ဆို၍ ထင်ရှားသည် ဖြစ်ဘူးပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ ရဟန်တို့ လွန်လေပြီးသောအခါဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်ဝယ်ခြင်္သေ့မျိုး၌ဖြစ်၍မျှားစွာကုန်သောခြင်္သေ့တို့၏ မင်းဖြစ်၏၊ထိုခြင်္သေ့မင်းသည် မျှားစွာသော ခြင်္သေ့အပေါင်း ခြံရံလျက် ငှက်ဥ၌နေ၏၊ ထိုဥအနီး၌ တခုသော မြေခွေးသည်လည်း နေ၏၊ ထိုအခါ တနေ့သင်္ဃ မိုဃ်းသည် ရွာ၍ စဲသည်ရှိသော်ခပ်သိမ်းကုန်သောခြင်္သေ့တို့သည်ခြင်္သေ့မင်း၏ဂူတံခါး၌စည်းဝေးကုန်၍ ခြင်္သေ့သံကိုဟောက်ကုန်လျက် ခြင်္သေ့တို့၏ကစားမြူးထူးခြင်းဖြင့် ကစားမြူးထူးကုန်၏၊ ထိုခြင်္သေ့တို့၏ ကျိသို့ ဟောက်ကုန်၍ ကစားမြူးထူးသောကာလ၌ ထိုမြေခွေးသည်လည်း ဟောင်၏၊ ခြင်္သေ့တို့သည် ထိုမြေခွေး၏ အသံကို ကြားကုန်၍ ကျိမြေခွေးသည် ငါတို့နှင့်တကွ ဟောင်၏ဟု ရှက်စနိုးကုန်၍ ဆိတ်ဆိတ်နေကုန်၏၊ ခြင်္သေ့တို့၏ ဆိတ်ဆိတ် နေသောကာလ၌ ဘုရားလောင်း၏သားဖြစ်သော ခြင်္သေ့ငယ်သည် ကျိခြင်္သေ့တို့သည် ဟောက်ကုန်၍ ခြင်္သေ့တို့၏ ကစားမြူးထူးခြင်းဖြင့် ကစားမြူးထူးကုန်စဉ် ထိုသတ္တဝါ၏ အသံကို ကြားကုန်၍ ရှက်ခြင်းကြောင့် ဆိတ်ဆိတ်နေသည် ဖြစ်ကုန်၏၊ သားအမျိုးကို အစိုးရသော ခြင်္သေ့မင်း အကြင်သတ္တဝါသည် မိမိ၏အသံဖြင့် မိမိကိုယ်ကို သိစေ၏၊ကျိသတ္တဝါသည် အဘယ်မည်သော သတ္တဝါနည်းဟု အဘခြင်္သေ့မင်းကို မေးလိုရကား—

၄၃ ကော နု သဒ္ဒေန မဟတာ၊ အဘိနာဒေတိ ဒုဒ္ဒရံ။
တံ သီဟာ နပ္ပဋိနဒန္တိ၊ ကော နာမေသော မိဂါဓိဘူ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

မိဂါဓိဘူ၊ သားမျှားသော်၌နင်း ခြင်္သေ့မင်း။ ယော၊ အကြင် သတ္တဝါသည်။ မဟတာ၊ သည်းစွာသော။ သဒ္ဒေန၊ အသံဖြင့်။ ဒဒ္ဒရံ၊ ငွေတောင်ကို။ အဘိနာဒေတိ၊ ပဲ့တင်ထပ်စေ၏။ သော၊ ထိုသတ္တဝါသည်။ ကော နု၊ အဘယ်

www.dhammadownload.com

မည်သော သတ္တဝါနည်း။ ယဿ၊ အကြင်သတ္တဝါ၏။ တံ သဒ္ဒံ၊ ထိုအသံကို။ သီဟာ၊ ခြင်္သေ့တို့သည်။ နပ္ပဋိနဒန္တိ၊ အသံပြု၍ မဟောက်ကြကုန်။ ဧသော၊ ဤသတ္တဝါသည်။ ကော နာမ၊ အဘယ်မည်သော သတ္တဝါနည်း။

ထိုအခါ၌ ထိုခြင်္သေ့၏စကားကို ကြား၍ အဘခြင်္သေ့မင်းသည်—

၄၄ အဓမ္မော မိဂဇာတာနံ၊ သိင်္ဂါလော ဓာဝတ ဝဿတိ။
ဇာတိမဿ ဇိဂုစ္ဆန္တော၊ တုဏ္ဍိ သီဟာ သမစ္စရေ။
ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

တာတ၊ ချစ်သား။ မိဂဇာတာနံ၊ သားမျိုး တို့တွင်။ အဓမ္မော၊ ယုတ်မာသော။ သိင်္ဂါလော၊ မြေခွေးသည်။ ဝဿတိ၊ ဟောင်၏။ အဿ၊ ထို့မြေခွေး၏။ ဇာတိံ၊ အမျိုးကို။ ဇိဂုစ္ဆန္တော၊ ရွံရှာကုန်သည်ဖြစ်၍။ သီဟာ၊ ခြင်္သေ့တို့သည်။ တုဏ္ဍိ၊ ဆိတ်ဆိတ်ဖြစ်ကုန်၍။ သမစ္စရေ၊ နေကုန်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ရဟန်းတို့ ကောကာလိကသည် ယခု အခါ၌သာလျှင် မိမိကိုယ်ကို ထင်ရှားသည်ကို ပြုသည်ကား မဟုတ်သေး၊ ရှေး၌လည်း ပြုဘူးသည် သာလျှင်တည်းဟု မိန့်တော်မူ၍ ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ရဟန်းတို့ ယခုအခါ ကောကာလိကသည် ထိုအခါ မြေခွေးဖြစ်ဘူးပြီ၊ ယခုအခါ ရာဟုလာသည် ထိုအခါ ခြင်္သေ့ငယ် ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ခြင်္သေ့မင်း ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မတူဘဲတူ၊ ဝင့်ဝါမူ၊ ယူထု စက်ဆုပ်ဘွယ်)

နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဒဒ္ဒရဇာတ်သည် ပြီး၏။

www.dhammadownload.com

၂၃-မက္ကဋဇာတ်

ရသေ့ နှင့် မျောက်

ပစ္စုပ္ပန်ဝတ္ထု၊ နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "တာတ မာဏဝကော ဧသော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ မက္ကဋဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တယောက်သော **အုံဘွယ်သရဲကို ဖြစ်စေတတ်သော ရဟန်း** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဝတ္ထုသည် ပက်ကွက်နိပါတ် ဥဒ္ဒါလကဇာတ်၌ ထင်စွာဖြစ်လတ္တံ့၊ ထိုအခါ၌ကား မြတ်စွာဘုရားသည် ရဟန်းတို့ ဤရဟန်းသည် ယခုအခါ၌သာလျှင် အုံဘွယ်သရဲကို ဖြစ်စေတတ်သည် မဟုတ်သေး ရှေး၌လည်း မျောက်ဖြစ်၍ မီးဟူသော အကြောင်းကြောင့် အုံဘွယ်၏အဖြစ်ကို ပြုဘူးသည် သာလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တစုံသော ကာသိကရွာဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် တက္ကသိုလ်ပြည်၌ အတတ်သင်၍ အိမ်ရာထောင်ခြင်းကို ဖြစ်စေ၏၊ ထိုအခါ၌ ထိုဘုရားလောင်း၏ ပုဏ္ဏေးမသည် တယောက်သောသားကို ဖွား၍ သား၏ ရှေးရှုထက်ဝန်းကျင်ပြေး၍ သွားနိုင်သောကာလ၌ ပုဏ္ဏေးမသည် သေ၏၊ ဘုရားလောင်းသည် ထိုပုဏ္ဏေးမ၏ သူသေကိစ္စကို ပြု၍ ငါ့အား အိမ်ရာထောင်ခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု သားကိုယူ၍ ရဟန်းပြုအံ့ဟု မျက်ရည်တို့ဖြင့်ပြည့်သော မျက်နှာရှိသော အမျိုးအဆွေအပေါင်းကို စွန့်၍ သားကိုယူ၍ ဟိမဝန္တာသို့ ဝင်ပြီးလျှင် ရသေ့ရဟန်းပြု၍ အလိုလိုသာလျှင်ဖြစ်သော သစ်မြစ်, သစ်သီးဟူသော အာဟာရရှိသည်ဖြစ်၍ နေ၏၊ ထိုဘုရားလောင်းသည် တနေ့သ၌ မိုးယံးတွင်းကာလဝယ် မိုးယံးရွာသည်ရှိသော် မြတ်ကုန်သော ထင်းတို့ကို မီးညှို့၍ လှုံလျက် သစ်ပျဉ်များ၏ အလယ်၌ အိပ်၏၊ ထိုဘုရားလောင်း၏ သားဖြစ်သော် ရသေ့ငယ်သည်လည်း ခြေတို့ကို ဆုပ်နယ်လျက်သာလျှင် နေ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တစုံသော ကာသိကရွာဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် တက္ကသိုလ်ပြည်၌ အတတ်သင်၍ အိမ်ရာထောင်ခြင်းကို ဖြစ်စေ၏၊ ထိုအခါ၌ ထိုဘုရားလောင်း၏ ပုဏ္ဏေးမသည် တယောက်သောသားကို ဖွား၍ သား၏ ရှေးရှုထက်ဝန်းကျင်ပြေး၍ သွားနိုင်သောကာလ၌ ပုဏ္ဏေးမသည် သေ၏၊ ဘုရားလောင်းသည် ထိုပုဏ္ဏေးမ၏ သူသေကိစ္စကို ပြု၍ ငါ့အား အိမ်ရာထောင်ခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု သားကိုယူ၍ ရဟန်းပြုအံ့ဟု မျက်ရည်တို့ဖြင့်ပြည့်သော မျက်နှာရှိသော အမျိုးအဆွေအပေါင်းကို စွန့်၍ သားကိုယူ၍ ဟိမဝန္တာသို့ ဝင်ပြီးလျှင် ရသေ့ရဟန်းပြု၍ အလိုလိုသာလျှင်ဖြစ်သော သစ်မြစ်, သစ်သီးဟူသော အာဟာရရှိသည်ဖြစ်၍ နေ၏၊ ထိုဘုရားလောင်းသည် တနေ့သ၌ မိုးယံးတွင်းကာလဝယ် မိုးယံးရွာသည်ရှိသော် မြတ်ကုန်သော ထင်းတို့ကို မီးညှို့၍ လှုံလျက် သစ်ပျဉ်များ၏ အလယ်၌ အိပ်၏၊ ထိုဘုရားလောင်း၏ သားဖြစ်သော် ရသေ့ငယ်သည်လည်း ခြေတို့ကို ဆုပ်နယ်လျက်သာလျှင် နေ၏။

ထိုအခါ တခုသော တောမျောက်သည် အချမ်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ထိုဘုရားလောင်း၏ သစ်ရွက်ဖြင့်မိုးသော ကျောင်း၌ ထိုမီးကိုမြင်၍ ငါသည်

www.dhammadownload.com

ထိုကျောင်းသို့ အကယ်၍ ဝင်အံ့၊ မျောက်, မျောက်ဟူ၍ ငါ့ကို ရိုက်ကုန်၍ ထုတ်ကုန်လတ္တံ့၊ မီးကိုလှုံအံ့သောငှါ မရလတ္တံ့၊ ယခုအခါ၌ ငါ့အား အကြောင်းရှိ၏၊ ရသေ့တို့၏ အသင်္ဘကိုယူ၍ ရသေ့၏အဖြစ်ကို ပြု၍ သွားအံ့ဟု ကြံ၍ တပါးသော သေလေပြီးသော ရသေ့၏ သင်္ကန်းတို့ကို ဝတ်ရုံ၍ ခြင်းတောင်းကို ၎င်း ချွန်းရိုးကိုဌင်း ကိုင်၍ သစ်ရွက်ဖြင့်မိုးသော ကျောင်းတံခါး၌ တခုသော ထန်းပင်ကိုမှီ၍ ဆောင့်ကြောင့်ထိုင်လျက် နေ၏၊ ရသေ့ငယ်သည် ထိုမျောက်ကို မြင်၍ မျောက်၏အဖြစ်ကိုမသိသည်ဖြစ်၍ တပါးသောရသေ့အိုသည် အချမ်းဖြင့် နှိပ်စက်အံ့ပ်သည်ဖြစ်၍ မီးလှုံအံ့သောငှါလာသည် ဖြစ်လတ္တံ့ဟု အောက်မေ့၍ အဘဖြစ်သော ရသေ့အား ဆို၍ ထိုရသေ့အိုကို သစ်ရွက်ဖြင့် မိုးအပ်သော ကျောင်းကို ဝင်စေ၍ မီးလှုံစေအံ့ဟု ကြံ၍ အဘကို ခေါ်လိုရကား—

၄၅ တာတ မာဏဝကော ဧသော၊ တာလမူလံ အပဿိတော။
အဂါရကဋ္ဌိဒံ အတ္ထိ၊ ဟန္ဒ ဒေမဿဂါရကံ။

ဟူသော ရွေးဦးစွာသော ဂျိဂါထာကို ဆို၏။

တာတ၊ ဘခင်။ ဧသော မာဏဝကော၊ ဂျိရသေ့သည်။ တာလမူလံ၊ ထန်းတုံးကို။ အပဿိတော၊ မှီ၍နေ၏။ အမှာကံ၊ ငါတို့အား။ ဣဒဉ္စ အဂါရကံ၊ ဂျိမီးတင်းကုပ်သည်လည်း။ အတ္ထိ၊ ရှိ၏။ ဟန္ဒ၊ ချမ်းခြင်းဟူသော ဘေးကြောင့်။ အာဂတာဿ၊'လာသော။ အဿ၊ ထိုရသေ့အား။ အဂါရကံ၊ မီးတင်းကုပ်ကို။ ဒေမ၊ ပေးကုန်အံ့။

ဘုရားလောင်းသည် သား၏စကားကို ကြားလျှင် ထ၍ သစ်ရွက်ဖြင့် မိုးအပ်သော ကျောင်းတံခါး၌ရပ်၍ ကြည့်သည်ရှိသော် ထိုသတ္တဝါ၏ မျောက်၏ အဖြစ်ကို သိ၍ အမောင် လူတို့၏ မျက်နှာမည်သည်ကား ဤသို့ သဘောရှိသည် မဖြစ်၊ ဤ သတ္တဝါသည် မျောက်တည်း၊ ကျောင်းတွင်းသို့ မခေါ်အပ်ဟု ဆိုလိုရကား—

၄၆ မာ ခေါ တုံ တာတ ပက္ကောသိ၊ ဒုဿေယျ နော အဂါရကံ။
နေတာဒိသံ မုခံ ဟောတိ၊ ဗြာဟ္မဏဿ သုသီလိနော။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဂျိဂါထာကို ဆို၏။

www.dhammadownload.com

တာတ၊ ချစ်သား။ သုသီလိနော၊ ကောင်းသော သီလရှိသော။ ဗြဟ္မဏဿ၊ ရသေ့၏။ မုခံ၊ မျက်နှာသည်။ ဧတာဒိသံ၊ ထိုသို့ သဘောရှိသည်။ နု ဟောတိ၊ မဖြစ်။ ဧသော၊ ဤ သတ္တဝါသည်။ မက္ကဋော၊ မျောက်တည်း။ အယ၊ ဤမျောက်သည်။ ဣမ၊ ဤကျောင်းတွင်းသို့။ ပဝိဋ္ဌော၊ ဝင်လာသည်ရှိသော်။ နော၊ ငါတို့၏။ အဂ်ါရကံ၊ ကျောင်းကို။ ဒူသေယျ၊ ဖျက်ဆီးရာ၏။ တုံ၊ သင်သည်။ မာ ခေါ ပဏ္ဍောသိ၊ မခေါ်လင့်။

ဤသတ္တဝါသည် မျောက်တည်းဟု ဆို၍ ဘုရားလောင်းသည် မီးစတခုကို ယူ၍ ဤအရပ်တွင်မနေလင့်ဟု ပစ်လိုက်၍ ထိုမျောက်ကို ပြေးစေ၏၊ မျောက်သည် သက်နှံးတို့ကို စွန့်၍ သစ်ပင်သို့ တက်၍ တောအုပ်တွင်းသို့ ဝင်လေ၏၊ ဘုရားလောင်းသည် ဗြဟ္မဝိဟာရတရား လေးပါးတို့ကို ပွားစေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း သဗ္ဗညုမြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ အဘယ်သို့ ပေါင်းတော်မူသနည်း 'ဟူမူကား ယခုအခါ အံ့ဘွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းသည် ထိုအခါ မျောက် ဖြစ်ဘူးပြီ၊ ယခုအခါ ရာဟုလာသည် ထိုအခါ သားရသေ့ငယ် ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ရသေ့ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ရသေ့သို့ယောင်၊ အသွင်ဆောင်၊ မျောက်လှောင် အံ့ဘွယ်ပြ)

သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော မက္ကဋဇာတ်သည် ပြီး၏။

၂၄- ဒုတိယမက္ကဋဇာတ်

ပုဏ္ဏား နှင့် မျောက်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အဒမ္မ တေ ဝါရိ ပဟူတရူပံ" အစရှိသော ဂါထာ ပုဒ်ဖြင့်တန်ဆာဆင်အပ်သော ဤဒုတိယမက္ကဋဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ဒေဝဒတ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊

www.dhammadownload.com

ထိုစကားသည် မှန်၏၊ တနေ့သ၌ တရားသဘင်ဝယ် ရဟန်းတို့သည် ဒေဝဒတ်၏ ကျေးဇူးမသိတတ်သည်၏အဖြစ် အဆေခင်ပုန်း ပြစ်မှားတတ်သည်၏ အဖြစ်ကို ပြောဆိုလျက် နေကြကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ကျေးဇူးမသိတတ်သည် အဆေခင်ပုန်းကို ပြစ်မှားတတ်သည် မဟုတ်သေး၊ ရှေး၌လည်း ဤသို့သဘောရှိသည် ဖြစ်ဘူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တခုသော ကာသိကရွာဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည် ရှိသော် အိမ်ရာ ထောင်ခြင်းကို ဖြစ်စေ၏၊ ထိုအခါ ကာသိကတိုင်း၌ ခရီးလမ်းမကြီး၏ အနီး၌ နက်သော တိရစ္ဆာန်တို့၏ ဆင်းသက်၍ သောက်ခြင်းငှါ မတတ်ကောင်းသော တခုသော ရေတွင်းသည် ဖြစ်၏၊ ခရီးသွားကုန်သော ကောင်းမှုကို အလိုရှိကုန်သော လူကိုသည် ကြိုးရှည်ဖြင့်ဖွဲ့သော အိုးဖြင့် ရေကိုငင်၍ တခုသော ကျင်း၌ ပြည့်စေ၍ တိရစ္ဆာန်တို့အား ရေကိုပေးကုန်၏၊ ထိုရေတွင်း၏ ထက်ဝန်းကျင်မှ ကြီးစွာသော တောသည် ရှိ၏၊ ထိုတော၌ များစွာကုန်သော မျောက်တို့သည် နေကုန်၏၊ထိုအခါ ထိုလမ်း၌ နှစ်ရက်သုံးရက်တို့ပတ်လုံး လူတို့၏ အသွားအလာ လည်းပြတ်၍ တိရစ္ဆာန်တို့သည် ရေကို မရကုန်၊ မျောက်တခုသည် ရေငတ်ခြင်း နှိပ်စက်အပ်သည်ဖြစ်၍ ရေကိုရှာလျက် ရေတွင်း၏အနီး၌ သွား၏၊ ဘုရားလောင်းသည် တစုံတခုသော ပြုဘွယ်ကိစ္စကြောင့် ထိုလမ်းသို့သွား၍ ရောက်သည် ရှိသော် ထိုရေတွင်း၌ ရေကိုငင်၍ သောက်ပြီးလျှင် လက်ခြေကိုဆေး၍ ရပ်သည် ရှိသော် ထိုမျောက်ကိုမြင်၏၊ ထိုအခါ၌ ထိုမျောက်၏ ရေငတ်သည်၏အဖြစ်ကို သိ၍ ရေကိုငင်၍ ကျင်း၌ လောင်း၍ ပေး၏၊ ပေးပြီး၍ကား အပင်အပန်း ဖြေအံ့ဟု တခုသော သစ်ပင်ရင်း၌ လျောင်း၏၊ မျောက်သည် ရေကိုသောက်၍ မနီးမဝေးသော အရပ်၌နေ၍ နှုတ်သီးဖြင့် ဘောက်ပြန်သော ရှုဘွယ်ရှိသည်ကို ပြုလျက် ဘုရားလောင်းကို ချောက်၏၊ ဘုရားလောင်းသည် လိုမျောက်၏ အမူအရာကိုမြင်၍ ဟယ်....ပျက်ချော်သောမျောက် ငါသည် ရေငတ်သည်ဖြစ်၍ ပင်ပန်းသော သင့်အား များစွာသော ရေကို ပေး၏၊ သင်သည် ယခုအခါ၌ ငါ့အား နှုတ်သီးဖြင့် ဘောက်ပြန်သော ရှုဘွယ်ရှိသည်ကိုပြုဘိ၏၊ ယုတ်ပါးသော သူအား ပြုအပ်သော ကျေးဇူးပြုခြင်း မည်သည်ကား အကျိုးမဲ့ တကားဟု ဆိုလို၍—

www.dhammadownload.com

၄၇ အဒမ္မ တေ ဝါရိ ပဟူတရူပံ၊
ဃမ္မာဘိတတ္တာဿ ပိုပါသိတဿ။
သော ဒါနိ ပိုတ္ထာန ကီရိုက်ရောသိ၊
အသင်္ကမော ပါပဇနေန သေယျော။
ဟူသော ရှေးဦးစွာသော ဂါထာကို ဆို၏။

ဟရေ ဒုဋ္ဌမက္ကဋ္ဌက၊ ဟယ်....ပျက်ခြေ့သော မျောက်။ ဃမ္မာဘိတတ္တာဿ၊ အပူနှိပ်စက်သည်ဖြစ်၍။ ပိပါသိတဿ၊ ရေငတ်သော။ တေ၊ သင့်အား။ ပဟူတရူပံ၊ များစွာသော။ ဝါရိံ၊ ရေကို။ အဒမ္မ၊ ငါတို့ပေးကုန်၏။ သော တွံ၊ ထိုသင်သည်။ ဣဒါနိ၊ ၌။ ပိတ္ထာန၊ သောက်ပြီး၍။ ကီရိုက်ရောသိ၊ ကီရိ ကီရိ ဟူသော အသံကိုပြု၏။ ပါပဇနေန၊ ယုတ်မာသောသူနှင့်။ အသင်္ကမော၊ မပေါင်းဘော်ရခြင်းသည်သာလျှင်။ သေယျော၊ ကောင်းမြတ်၏။

ထို အဆွေခင်ပွန်း ပြစ်မှားတတ်သော မျောက်သည် ထိုစကားကို ကြား၍ သင်သည် ဤမျှဖြင့်သာလျှင် ထိုပြစ်မှားသောအမှုကို ပြီးပြီဟူသော အမှတ်ကို ပြု၏၊ ယခုအခါ၌ သင်၏ ဦးခေါင်းပေါ်၌ မစင်ကိုချ၍ သွားအံ့ဟု ဆိုလိုရကား—

၄၈ ကော တေ သုတော ဝါ ဒိဋ္ဌော ဝါ၊သီလဝါ နာမ မက္ကဋော။
ဣဒါနိ ခေါ တံ ဿဟစ္ဆံ၊ သော အဿာက ဓမ္မတာ။
ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ဘော ဗြာဟ္မဏ၊ အို ပုဏ္ဏား။ သီလဝါ၊ သီလရှိသော။ မက္ကဋော နာမ၊ မျောက်မည်သည်ကား။ အတ္ထိတိ၊ ရှိ၏ဟူ၍။ တေ၊ သင်သည်။ ကော၊ အဘယ်မှာ။ သုတော ဝါ၊ ကြားမူလည်း ကြားဘူးပါသနည်း။ ဒိဋ္ဌော ဝါ၊ မြင်မူလည်း မြင်ဘူးပါသနည်း။ ဣဒါနိ ခေါ၊ ယခုအခါ၌သာလျှင်။ အဟံ၊ ငါသည်။ တံ၊ သင့်ဦးခေါင်းပေါ်ကို။ဿဟစ္ဆံ၊ ကျင်ကြီးစွန့်လိုက်ရဦးအံ့။သော၊ ဤသို့ ကျင်ကြီးကိုစွန့်ခြင်းသည်။ အဿာကံ၊ မျောက်မျိုးဖြစ်ရသော ငါတို့၏။ ဓမ္မတာ၊ သဘောတည်း။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ထ၍ သွားအံ့သောငှါ အားထုတ်၏၊ မျောက်သည် ထိုဓာ၌သာလျှင် ခုန်၍ သစ်ခက်၌ ထိုင်ပြီးလျှင်

www.dhammadownload.com

တဲ့လျားဆဲ့လျက် သက်ဘိသကဲ့သို့ပြု၍ ထိုဘုရားလောင်း ဦးခေါင်းဌ ကျင်ကြီးကို ချ၍ မြည်လျက် တောအုပ်သို့ ဝင်လေ၏၊ ဘုရားလောင်းသည် ရေချိုး၍ သွား၏။

ဇာတ်ပေါင်း သမ္မာသည် မြတ်စွာဘုရားသည် ရဟန်းတို့ ဒေဝဒတ်သည် ယခု အခါ၌သာလျှင် ပြုအပ်သော ကျေးဇူးကို မသိသည် မဟုတ်သေး၊ ရှေး၌လည်း ငါသည် ပြုအပ်သောကျေးဇူးကို မသိသည်သာလျှင်ကတည်းဟု မိန့်တော်မူ၍ ဤမမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် ဇာတ်ကို ပေါင်းတော်မူ၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မျောက်ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပုဏ္ဏားဖြစ်ဘူးပြီ၊ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

(ကျေးဇူးရှိမှ၊ ကျေးစွတ်ရ၊ နိဂ္ဂဠးဆ ဆင်ခြင်ဟု)

လေးခုတို့၏ပြည့်ကြောင်းဖြစ်သော ဒုတိယမက္ကဋဇာတ်သည် ပြီး၏။

၂၅-အာဒိစ္စုပဋ္ဌာနဇာတ်

ရဿေ နှင့် ပျောက်

ပစ္စုပ္ပန်ဝတ္ထု၊ နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သမ္မာသည် မြတ်စွာဘုရားသည် "သမ္ဗေသု ကိရ ဘူတေသု" အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ အာဒိစ္စုပဋ္ဌာနဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဘယောက်သော **အုံဘွယ်သရဲကို ဖြစ်စေတတ်သော** ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဝတ္ထုသည် အောက်၌ ဆိုအပ်ပြီးသည်နှင့် တူသလျှင်ကတည်း။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိကတိုင်းဝယ် ပုဏ္ဏား မျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းကုန်သော

www.dhammadownload.com

အတတ်တို့ကို သင်၍ ရသေ့ရဟန်းပြုပြီးလျှင် အဘိညာဉ်တို့ကိုလည်း သမာပတ်တို့ကိုလည်း ဖြစ်စေ၍ မျှားသော အခြံအရံရှိသော ရသေ့အပေါင်းတို့၏ ဆရာဖြစ်၍ ဟိမဝန္တာအရပ်၌နေ၏၊ ထိုဘုရားလောင်းသည် ထိုဟိမဝန္တာ၌ ကြာမြင့်စွာနေ၍ ချဉ်ဆား မှဲဝဲအံ့သောငှါ တောင်မှသက်၍ အရပ်စုန်၌ တခုသော ရွာကို မှီ၍ သစ်ရွက်ဖြင့် မိုးအပ်သောကျောင်း၌ နေ၏၊ ထိုအခါ၌ တခုသော လျှပ်ပေါ်သော မျောက်သည် ရသေ့အပေါင်းတို့ ဆုံမ်းခံအံ့သောငှါ သွားသည်ရှိသော် ရသေ့တို့၏ နေရာအရပ်သို့ လာလတ်၍ သစ်ရွက်ဖြင့် မိုးအပ်သော ကျောင်း၏ အပေါ်၌မြူးခုန်ကစား ပြေးလွှားခြင်းတို့ကိုပြု၏၊ သောက်ရေအိုး၌ ရေကိုစုန့်၏၊ ကရားကို ခွ၏၊ မီးတင်းကုပ်၌ ကျင်ကြီးကို စွန့်၏၊ ရသေ့တို့သည် ပို့ဆံးလပတ်လုံးနေကုန်၍ ယခုအခါ ဟိမဝန္တာ၌ အပင့်အသီးနှင့် ပြည့်စုံသည်ဖြစ်၍ မွေ့လျော်ဘွယ်ရှိလေအံ့၊ ထိုဟိမဝန္တာသို့သာလျှင် သွားကြကုန်အံ့ဟု အရပ်စုန်၌နေသော ဒါယကာတို့ကို ပန်ကြားကုန်၏၊ လူတို့သည် အရှင်ဘုရားတို့ နက်ဖြန် အကျွန်ုပ်တို့သည် ဆုံမ်းကို ယူကုန်၍ အရှင်မြတ်တို့၏ နေရာအရပ်သို့ လာပါကုန်အံ့၊ ထိုဆုံမ်းကို ဘဉ်းပေးတော် မူကုန်၍ ကြွတော်မူကုန်လော့ဟု လျှောက်ကုန်၍ နှစ်ရက်မြောက်သောနေ့၌ များစွာသော ခဲဘွယ်ကိုလည်း ဘောဇဉ်ကိုလည်း ယူခဲ့ကုန်၍ ထိုကျောင်းသို့ လာကြကုန်၏၊ ထိုမျောက်သည် ထိုခဲဘွယ် ဘောဇဉ်ကို မြင်၍ ငါသည် အံ့ဘွယ်ပြုသည်၏ အဖြစ်ကို ပြု၍ လူတို့ကို နှစ်သက်စေ၍ ငါအားလည်း ခဲဘွယ်ကိုလည်း ဘောဇဉ်ကိုလည်း ပေးစေအံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုမျောက်သည် ရသေ့တို့၏ အကျင့်ကို ကျင့်သကဲ့သို့ဖြစ်၍ ရသေ့တို့၏ မနှီးမဝေးသော အရပ်၌ နေကို ရှိခိုးလျက်သာလျှင် ရပ်၏၊ လူတို့သည် ထိုမျောက်ကို မြင်ကုန်၍ သီလရှိကုန်သော သူတို့၏ အထံ၌ နေခြင်းကြောင့် သီလရှိသည်ဖြစ်၏ဟု ဆို၍—

၄၉ သဗ္ဗေသု ကိရ ဘူတေသု၊ သန္တိ သီလသမာဟိတာ။
ပဿ သာခမိဂံ ဇမ္မံ၊ အာဒိစ္စမုပတိဋ္ဌတိ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆိုကုန်၏။

သဗ္ဗေသု၊ ခပ်သိမ်းကုန်သော။ ဘူတေသု၊ သတ္တဝါတို့၌။ သီလသမာဟိတာ၊ သီလနှင့်ပြည့်စုံကုန်သော သတ္တဝါတို့သည်။ သန္တိ ကိရ၊ ရှိကုန်သတတ်။ ဇမ္မံ၊ ယုတ်မာသော။ သာခမိဂံ၊ မျောက်ကို။ ပဿ၊ ရှုလော့။ အယံ၊ ဤမျောက်သည်။ အာဒိစ္စံ၊ နေကို။ ဥပတိဋ္ဌတိ၊ ရှိခိုးလျက်တည်၏။

www.dhammadownload.com

ဤသို့ ထိုမျောက်၏ကျေးဇူးကိုဆိုကုန်သော ထိုလူတို့ကို ဘုရားလောင်းသည် မြင်၍ သင်တို့သည် ဤသို့ လျှပ်ပေါ်သော မျောက်၏ သီလအကျင့်ကို မသိကုန်၍ အရာမဟုတ်သည်၌သာလျှင် ကြည်ညိုကုန်၏ဟု ဆို၍–

၅၀ နာဿ သီလံ ဝိဇာနာထ၊ အနုညာယ ပသံသထ။
အဂ်ိဟုတ္တဉ္ဉ ဥဟန်ံ၊ ဒွေ စ ဘိန္နာ ကမဏ္ဍလူ။

ဟူ၍သော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ဘောန္တော၊ အို ဒါယကာတို့။ တုမှေ၊ သင်တို့သည်။ အဿ၊ ထိုမျောက် ယုတ်မာ၏။ သီလံ၊ သီလကို။ န ဝိဇာနာထ၊ မသိကုန်။ အနုညာယ၊ မသိကုန်၍၊ ပသံသထ၊ ချီးမွမ်းကုန်၏။ ဣမိနာ ပါပမက္ကဋ္ဌေန၊ ဤမျောက်ယုတ်မာသည်။ အမှာကံ၊ ငါတို့၏။ အဂ်ိဟုတ္တဉ္ဉ၊ မီးတင်းကုပ်ကိုလည်း။ ဥဟန်ံ၊ ကျင်ကြိုးစွန့်အပ်၏။ ဒွေကမဏ္ဍလူ စ၊ ကရုားနှစ်ခုတို့ကိုလည်း။ ဘိန္နာ၊ ခွဲအပ်ကုန်၏။

ဤသို့ ဘုရားလောင်းသည် ထိုမျောက်၏ ကျေးဇူးမဲ့ကို ဆို၏။ လူတို့သည် မျောက်၏ အံ့ဘွယ်ကို ဖြစ်စေသည်၏ အဖြစ်ကို သိကုန်၍ ခဲကိုငင်း တုတ်လုံတံကိုငင်း ကိုင်ကုန်၍ ပစ်ခတ် ရိုက်ပုတ်ကုန်၍ ပြေးစေပြီးလျှင် ရသော အပေါင်းအာဟာရကို လှူဒါန်းကုန်၏၊ ရသော အပေါင်း တို့သည်လည်း ဟိမဝန္တာသို့သာလျှင် သွားကုန်၍ မယုတ်သော စျာန်ရှိကုန်သည်ဖြစ်၍ ပြဟ္မာ့ပြည်သို့ လားကုန်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော် မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ၌ အံ့ဘွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းသည် ထိုအခါ မျောက် ဖြစ်ဘူးပြီ၊ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ရသော အပေါင်းတို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသော အပေါင်းတို့၏ ဆရာ ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(တနပ်စားဥဿော်၊ အမှိဖန်၊ မျောက်ဟန် မပြုရာ)

ငါးခု ပြည့်ကြောင်းဖြစ်သော အာဒိစ္စုပဒ္ဒါနဇာတ်သည် ပြီး၏။

www.dhammadownload.com

၂၆-ကဋ္ဌာယမုဋ္ဌိဇာတ်

ကုလားမဲတစေ့ နှင့် တဆုပ်ဆုံး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဗာလော ဝတာယံ ဒုမသာခဂေါစရော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကဋ္ဌာယမုဋ္ဌိဇာတ်ကိုဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ကောသလမင်းကြီး** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားသည် မှန်၏၊ တပါးသောအခါ မိုဃ်းတွင်း ကာလ၌ ကောသလမင်း၏ ပစ္စန္တရစ်သည် ပျက်၏၊ ထိုပစ္စန္တရစ်၌ တည်ကုန်သော သူရဲတို့သည် နှစ်ကြိမ် သုံးကြိမ်ကုန်သော စစ်ထိုးခြင်းတို့ကို ပြုကုန်၍ ရန်သူတို့ကို နှိုင်နင်းအံ့သောငှါ မတတ်နိုင်ကုန်သည် ဖြစ်၍ မင်းအား သတင်းစကားကို စေကုန်၏၊ ကောသလမင်းသည် စစ်ထိုးသင့်သော အခါမဟုတ်သော မိုဃ်းတွင်း ကာလ၌ပင်လျှင် ထွက်၍ ဇေတဝန် ကျောင်းတော်၏အနီး၌ သစ်ခက်တပ်ကို ဖွဲ့၍ ကြံ၏၊ အဘယ်သို့ ကြံသနည်းဟူမူကား "ငါသည်ကား စစ်ထိုးသင့်သော အခါမဟုတ်သည်၌ စစ်ထိုးအံ့သောငှါ ထွက်၏၊ ချောင်းမြောင်း ထုံးအိုင်တို့သည် ရေဖြင့်ပြည့်ကုန်၏၊ လမ်းခရီးသည် သွားရန်ခဲယဉ်း၏၊ မြတ်စွာဘုရားသို့ ဆည်းကပ်ဒဲ့၊ ထိုမြတ်စွာဘုရားသည် ငါ့ကို မြတ်သော ပင်းကြီး သင်သည် အဘယ်အရပ်သို့ သွားအံ့နည်းဟု မေးတော်မူလတ္တံ့၊ ထိုအခါ၌ ငါသည် ထိုအကြောင်းကို ကြားလျှောက်အံ့၊ ငါ့ကို မြတ်စွာဘုရားသည် တမလွန်ဘဝ၌ ဖြစ်သော အကျိုးဖြင့်သာလျှင် ချီးမြှောက်တော်မူသည် မဟုတ်၊ ပစ္စုပ္ပန် မျက်မှောက်၌ဖြစ်သော အကျိုးဖြင့်လည်း ချီးမြှောက်တော် မူပေသလျှင် ကတည်း၊ ထို့ကြောင့် စစ်ထိုးသွားခြင်း၌ ငါ့အား အစီးအပွားမရှိသည် အကယ်၍ ဖြစ်လတ္တံ့၊ မြတ်သောမင်းကြီး အခါမဟုတ်သေးဟု မိန့်တော်မူလတ္တံ့၊ အစီးအပွားသည် အကယ်၍ဖြစ်လတ္တံ့၊ ဆိတ်ဆိတ်နေတော်မူသည်ဖြစ်လတ္တံ့၊ ဤသို့ကြံ၏၊ ကြံပြီး၍ ထိုကောသလမင်းသည် ဇေတဝန်ကျောင်းသို့ ဝင်၍ မြတ်စွာဘုရားအား ရှိခိုးလျက် တင့်အပ် လျောက်ပတ်စွာ နေ၏၊ မြတ်စွာဘုရားသည် မြတ်သောမင်းကြီး ယခု သင်သည် နေမှန်းတည့်သောအခါ၌ အဘယ်အရပ်မှ လာသနည်းဟု မေးတော်မူ၏၊ အရှင်ဘုရား ကျွန်ုပ်သည် ပစ္စန္တရစ်ကို ငြိမ်းစိမ့်သောငှါ ခွါထွက်ခဲ့၏၊ အရှင်ဘုရားတို့ကို ရှိခိုး၍ သွားအံ့သောငှါ လာပါသည်ဟု လျှောက်၏၊ မြတ်စွာဘုရားသည် မြတ်သောမင်းကြီး ရှေး၌လည်း မင်းတို့သည်

www.dhammadownload.com

စစ်သည်ဗိုလ်ပါဖြင့် စစ်ထိုးအံ့သောငှါ ထုတ်လတ်ကုန်သည်ရှိသော် ပညာရှိတို့၏ စကားကို နာကုန်၍ စစ်ထိုးသင့်သော အခါမဟုတ်သည်၌ စစ်ထိုးအံ့သောငှါ သွားခြင်းကို မသွားကုန်ဟု မိန့်တော်မူ၍ ထိုကောသလမင်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု မြတ်သောမင်းကြီး လုန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ အကျိုးအကြောင်းကို ဆုံးမတတ်သော အလုံးစုံသော အမှုကိစ္စကို ရွက်ဆောင်သော အမတ်ဖြစ်၏၊ ထိုအခါ၌ ပစ္စန္တရစ်သည် ပျက်သည်ရှိသော် ဗြဟ္မဒတ်မင်းအား ပစ္စန္တရစ်၌နေကုန်သော သူရဲတို့သည် လျှောက်စာကို ဆက်ကုန်၏၊ မင်းသည် မိုးလင်းတွင်းကာလ၌ ထုတ်၍ ဥယျာဉ်၌ သစ်ခက်တပ်ကို ဖွဲ့၏၊ ဘုရားလောင်းသည် မင်း၏အထံ၌ တည်၏၊ ထိုခဏ၌ မြင်းတို့၏အကျိုးငှါ ကုလားပဲတို့ကို ပြုတ်ပြီးလျှင် ဆောင်ခဲ့ကုန်၍ မြင်းစားခွက်၌ ထည့်ကုန်၏၊ ဥယျာဉ်၌ မျောက်တို့တွင် တခုသော မျောက်သည် သစ်ပင်မှဆင်း၍ ထိုမြင်းတို့ စားခွက်မှ ကုလားပဲတို့ကို ယူ၍ ခံတွင်းကို ပြည့်စေပြီးလျှင် လက်တို့ဖြင့် ယူ၍ ခုန်၍ သစ်ပင်၌ ထိုင်လျက် စားအံ့သောငှါ အားထုတ်၏၊ ထိုအခါ၌ စားစဉ် ထိုမျောက်၏လက်မှ ကုလားပဲတစေ့သည် မြေ၌ကျ၏၊ ထိုမျောက်သည် ခံတွင်း ဖြင့်ရင်း လက်ဖြင့်ရင်း ယူအပ်ကုန်သော အလုံးစုံကုန်သော ကုလားပဲတို့ကို စွန့်ပြီးလျှင် ဆင်းသက်၍ ထိုကျလေသော ကုလားပဲ တစေ့ကိုသာလျှင် ကြည့်လတ်သည်ရှိသော် ထိုကျလေသော ကုလားပဲတစေ့ကို မမြင်၍သာလျှင် တဖန် သစ်ပင်သို့ တက်၍ တရားတော်ရာ၌ တထောင်သော ဥစ္စာမှုရှိုးသော သူကဲ့သို့ စိုးရိမ်လျက် မျက်နှာမသာသည်ဖြစ်၍ သစ်ခက်၌ နေ၏၊ မင်းသည် မျောက်၏အမူအရာကိုမြင်၍ ဘုရားလောင်းကိုခေါ်၍ အိုအမတ် မျောက်သည် ပြုအပ်သော ထိုအမူအရာကို မြင်၏လော အဘယ်မည်သောအမှုနည်းဟု မေး၏၊ ဘုရားလောင်းသည် မြတ်သောမင်းကြီး များသည်ကို မကြည့်ကုန်မူ၍ အနည်းငယ်ကို ကြည့်ကုန်သော ပညာမရှိကုန်သော သူမိုက်တို့သည် ဤသို့ သဘောရှိသော အမှုကို ပြုကုန်မြဲသာလျှင်တည်း၊ ဤသို့ ဆို၍—

၅၁ ဗာလော ဝတာယံ ဒုမသာခဂေါစရော၊
ပညာ ဇနိန္ဒ နယိမဿ ဝိဇ္ဇတိ၊

www.dhammadownload.com

ကဋ္ဌာယမုဋ္ဌိံ * အဝကိရိယ ကေဝလံ၊
ကေံ ကဋ္ဌာယံ ပတိတံ ဂဝေသတိ။

ဟူသော ရွေးဦးသော ဤဂါထာကို ဆို၏။

ဇနိန္ဒ၊ လူတို့ကို အစိုးရတော်မူသော မင်းမြတ်။ အယံ ဒုမသာခဂေါ စရော၊ ထိုသစ်ပင်၏ အခက်တို့၌ ကျက်စားတတ်သော မျောက်သည်။ ဗာဧလော ဝတ၊ မိုက်စွတကား။ လ္ဟမဿ၊ ဤမျောက်အား။ ပညာ၊ ပညာသည်။ ယသ္မာ၊ အကြောင့်ကြောင့်။ နဝိဇ္ဇတိ၊ မရှိ။တသ္မာ၊ထို့ကြောင့်။ အယံ ဒုမသာခဂေါ စရော၊ ဤမျောက်သည်။ ကေဝလံ၊ အလုံးစုံသော။ ကဋ္ဌာယမုဋ္ဌိံ၊ ကုလားပဲဆုပ်ကို။ အဝကိရိယ၊ ဖရိမရဲကြဲလိုက်၍။ ပတိတံ ဤလေသော။ ဧကံ ကဋ္ဌာယံ၊ ကုလားပဲတစေ့ကို။ ဂဝေသတိ၊ ရှာ၏။

ဤသို့ဆိုပြီး၍ တဖန် ဘုရားလောင်းသည် ထိုမျောက်ကို ဥပမာပြု၍ မင်းကို သိစေလိုရကား—

၅၂ ဧဝမေဝ မယံ ရာဇ၊ ယေ စညေ အတိလောဘိနော။
အပ္ပေန ဗဟုံ ဇိယျာမ၊ ကဋ္ဌာယေနေဝ ဝါနရော။

ဤသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ရာဇ-မဟာရာဇ၊ မင်းမြတ်။ ဝါနရော၊ မျောက်သည်။ ဧကံ ကဋ္ဌာယံ၊ ကုလားပဲတစေ့ကို။ ပရိယေသမာနော၊ ရှာသည်ရှိသော်။ ကဋ္ဌာယေန၊ ကုလားပဲတစေ့ကြောင့်။ သဗ္ဗကဋ္ဌာယေဟိ၊အလုံးစုံကုန်သော ကုလားပဲတို့မှ။ ပရိဟီနော လ္ဟဝ၊ ယုတ်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ အတိလောဘိနော၊ အလွန်လောဘကြီးကုန်သော။ အညေ၊ တပါးကုန်သော။ ယေ ဇနာ စ၊ အကြင်သူတို့သည်ဌင်း။ မယဉ္စ၊ ငါတို့သည်ဌင်း။ အပ္ပေန၊ အနည်းငယ်သော အကျိုးကြောင့်။ ဗဟုံ၊ များစွာသော အကျိုးကို။ ဇိယျာမ၊ ဖျက်ဆီးကုန်လတ္တံ့။ (ကဋ္ဌာယမုဋ္ဌိန္တိ စဏ္ဍကမုဋ္ဌိံ၊ ၎င်း အဋ္ဌကထာ)။

ဖင်းသည် ထိုဘုရားလောင်း၏ စကားကိုကြား၍ ထိုဥယျာဉ်မှ ပြန်၍ ဗာရာဏသီပြည်သို့ သာလျှင် ဝင်၏၊ ခိုးသူတို့သည်လည်း မင်းသည် ခိုးသူကို

---

* ကဋ္ဌာယမုဋ္ဌိန္တိ ဝရကမုဋ္ဌိံ (ဋ၊ က)

www.dhammadownload.com

ဆုံးမခြင်းကိုပြုအံ့ဟူ၍ မြို့မှထွက်သတတ်ဟု ကြားကုန်၍ ပစ္စန္တရစ်မှ ပြေးလေကုန်၏၊ ပစ္စုပ္ပန်၌လည်း ခိုးသူတို့သည် ကောသလမင်းသည် ထွက်သတတ်ဟု ကြားကုန်၍ပြေးလေကုန်၏၊ ကောသလမင်းသည် မြတ်စွာဘုရား၏ ဓမ္မဒေသနာတော်ကို နာရ၍ နေရာမှထပြီးလျှင် ရှိခိုးလျက် လက်ျာရစ်လှည့်သည်ကို ပြု၍ သာဝတ္ထိမြို့သို့သာလျှင် ဝင်လေ၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား မြတ်သောမင်းကြီး ယခုအခါ အာနန္ဒာသည် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိသောအမတ် ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အနည်းငယ်မက်၊ အများပျက်၊ မှားချက်နာလှလူ့ဗာလ)

ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကဋ္ဌာယမုဋ္ဌိဇာတ်သည် ပြီး၏။

၂၇-တိန္ဒုကဇာတ်

ဥာဏ်ကောင်းသောမျောက်

ပစ္စုပ္ပန်ပဋ္ဌု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဓနုဟတ္ထကလာပေဟိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤတိန္ဒုကဇာတ်ကိုဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ပညာပါရမီ** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားသည် မှန်၏၊ မြတ်စွာဘုရားသည် **မဟာဗောဓိဇာတ်**၌ (ဘဲ့သို့ဌင်း **ဥမင်္ဂဇာတ်***၌ကဲ့သို့ဌင်း မိမိပညာ၏ ကျေးဇူးကို ချီးမွမ်းသည်ကို ကြားတော်မူ၍ ရဟန်းတို့ ယခုအခါ၌သာလျှင် ငါဘုရားသည် ပညာရှိသည်မဟုတ်သေး၊ ရှေး၌လည်း ငါဘုရားသည် ပညာရှိသည် သာလျှင်တည်း၊ အကြောင်း၌ လိမ္မာသည် သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်ပတော်မူ၏။

---

* မဟာဗောဓိဇာတ် ပညာသန်ပါတ်၊ ဥမင်္ဂဇာတ် မဟာနိပါတ်၌ ပါသည်။

www.dhammadownload.com

အတိတ်ဝတ္ထု ရဟန်းတို့ ရှေးလွန်လေပြီးသော အခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မည်သောမင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မျောက်အမျိုးဌ ဖြစ်၍ ရှစ်သောင်းသော မျောက်တို့သည် ခြံရံအပ်သည်ဖြစ်၍ ဟိမဝန္တာအရပ်၌ နေ၏၊ ထိုဟိမဝန္တာ အရပ်၏ အနီး၌ တခုသော ပစ္စန္တရစ်ရွာသည် ရံခါ လူနေ၏၊ ရံခါ ပျက်စီး၏၊ ထိုရွာ၏ အလယ်၌ကား အခက် အခဲနှင့် ပြည့်စုံသော ချိုမြိန် ကောင်းမြတ်သော အသီးရှိသော တည်တပင်သည် ရှိ၏၊ မျောက်အပေါင်းသည် ရွာပျက်စီးသော ကာလ၌ လာလတ်၍ ထိုတည်ပင်၏ အသီးတို့ကို စား၏၊ ထို့နောင်မှ တပါးသော သီးသောအလှည့်၌ ထိုရွာသည် တဖန်နေသော လူရှိသည်ဖြစ်၏၊ မြဲမြံ လုံခြုံသော အရံအတားရှိ၏၊ တံခါးနှင့် ယှဉ်၏၊ ထိုတည်ပင်သည်လည်း အသီး လေးခြင်းကြောင့် ညွတ်သောအခက် ရှိသည်ဖြစ်၍ တည့်၏၊ မျောက် အပေါင်းသည် ဤသို့ ကြံ၏၊ အဘယ်သို့ ကြံသနည်း ဟူမူကား ငါတို့သည် ရှေးအခါ ဤမည်သောရွာ၌ တည်သီး တို့ကို စားကြကုန်၏၊ ထိုတည်ပင်သည် ယခုအခါ၌ အသီး သီးသလော၊ ထိုသို့ မဟုတ်မူကား အသီး မသီးသလော ထိုရွာသည်လည်း လူတို့ နေသလော ထိုသို့မဟုတ် မူကား လူတို့ မနေသလော၊ ဤသို့ ကြံ၏၊ ကြံပြီး၍ သွားချေ ဤအကြောင်းကို စုံစမ်းချေဟု မျောက်တခုကို စေလိုက်၏၊ ထိုမျောက်သည် သွား၍ တည်ပင်၏ အသီး သီးသည်၏အဖြစ်ကိုဎင်း ရှာ၌ဝင်၍ လူနေသည်၏ အဖြစ်ကိုဎင်း သိလျှင် လာလတ်၍ မျောက်တို့အား ကြား၏။

မျောက်တို့သည် ထိုတည်ပင်၏ အသီး သီးသည်၏အဖြစ်ကို ကြားကုန်၍ ချိုကုန်သော တည်သီးတို့ကို စားကုန်အံ့ဟု အားထုတ်ခြင်း ဖြစ်ကုန်၍ မျောက်မင်းအား ထိုအကြောင်းကို ကြားကုန်၏၊ မျောက်မင်းသည် ရွာ၌ လူနေသလော မနေသလောဟု မေး၏၊ အရှင်မျောက်မင်း လူနေ၏ဟု ဆိုသည် ရှိသော် ထိုသို့တပြီးကား မသွားအပ်၊ ထိုစကားသည် မှန်၏၊ လူတို့သည် မာယာ များကုန်၏ဟု ဆို၏၊ အရှင်မျောက်မင်း လူတို့အပြစ်ကျိန်ဖြစ်သော သန်းခေါင် ယာမ်အခါ၌ စားကုန်အံ့ဟု များစွာကုန်သော မျောက်တို့သည် သွားကုန်၍ မျောက်မင်းကို ဝန်ခံစေကုန်၍ ဟိမဝန္တာမှ သက်ခဲ့ကုန်ပြီးလျှင် ထိုရွာ၏ မနီး ပဝေးသော အရပ်၌ လူတို့၏ အိပ်ပျော်ချိန် ကာလကို ငံ့လင့်ကုန်လျက် ကျောက်ဖျာအပြင်၌ အိပ်ကြကုန်၍ သန်းခေါင်ယာမ်၌ လူတို့သည် အိပ်ပျော် ခြင်းသို့ ရောက်ကုန်သည်ရှိသော် တည်ပင်ကို တက်ကုန်၍ တည်သီးတို့ကို စားကြ ကုန်၏၊ ထိုအခါ တယောက်သောယောကျ်ားသည် ကိုယ်၏ကိစ္စဖြင့် အိမ်မှထွက်၍

www.dhammadownload.com

ရွာ၏အလည်သို့ သွားသည်ရှိသော် မျောက်တို့ကို မြင်၍ ရွာနေသူ လူအပေါင်း တို့အား ပြောကြား၏၊ များစွာကုန်သောလူတို့သည် လေးတောင့်ကိုဖဲ့ကုန်လျက် အထူးထူးသော လက်နက်စုံကိုင်လျက် ခဲအုတ် လုံတံ အစရှိသည်တို့ကို ယူကုန်၍ ညဉ့်သည် လင်းလတ်သည်ရှိသော် မျောက်တို့ကို ဖမ်းကုန်အံ့ဟု တည်ပင်ကို ဝန်းရံ၍ စောင့်ကုန်၏၊ ရှစ်သောင်းကုန်သောမျောက်တို့သည် လူတို့ကို မြင်ကုန်၍ သေဘေးမှ ကြောက်ကုန်ရကား မျောက်မင်းကို ထား၍ ငါတို့အား တပါးသော ကိုးကွယ်ရာသည် မရှိပြီဟု ထိုမျောက်မင်း၏ အထံသို့ သွားကုန်၍—

၅၃ ဓနုဟတ္ထကလာပေဟိ၊ နေတ္တိံ သဝရဓာရိဘိ။
သမန္တာ ပရိကိဏ္ဏမှ၊ ကထံ မောက္ခာ ဘဝိဿတိ။

ဟူသော ရှေးဦးစွာသော ဂျိုဂါထာကို ဆိုကုန်၏။

ဝါနိရိန္ဒ၊ မျောက်မင်း။ ဓနုဟတ္ထကလာပေဟိ၊ လေးတောင့်လက်စုံကုန် ထသော။ နေတ္တိံ သဝရဓာရိဘိ၊ မြတ်သော သန်လျက်ကို ဆောင်ကုန်သော သူတို့သည်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ မယံ၊ အကျွန်ုပ်တို့ကို။ ပရိကိဏ္ဏမှ၊ ဝန်းရံကုန်၏။ ကထံ-ကေန၊ ကာရဏေန၊ အဘယ်သို့သော အကြောင်းဖြင့်။ အမှာကံ၊ အကျွန်ုပ်တို့အား။ မောက္ခော၊ သေဘေးမှလွတ်ခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ပါအံ့နည်း။

ထိုမျောက်တို့၏စကားကိုကြား၍ မျောက်မင်းသည် မကြောက်ကြကုန်လင့်၊ လူတို့မည်သည်ကား များသောကိစ္စ ရှိကုန်၏၊ ယခုလည်း မဇ္ဈိမယာမ်သည် ဖြစ်၏၊ ငါတို့ကို သတ်ကုန်အံ့ဟူ၍ ဝန်းရံကုန်သော ထိုလူတို့အား ဝန်းရံခြင်း ဟူသော ဤကိစ္စ၏ အန္တရာယ်ကို ပြုတတ်သော တပါးသော ကိစ္စသည် ဖြစ်ငြား အံ့လည်း မသိဟု မျောက်တို့ကို နှစ်သိမ့်စေလိုရကား—

၅၄ အပ္ပေဝ ဗဟုကိစ္စာနံ၊ အတ္ထော ဇာယေထ ကောစိ နံ။
အတ္ထိ ရုက္ခသာ အစ္ဆိန္နံ၊ ခဇ္ဇထညေဝ တိန္ဒုကံ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဂျိုဂါထာကို ဆို၏။

ဘောန္တော ဝါနရဂဏာ၊ အိုမျောက်အပေါင်းတို့။ ဗဟုကိစ္စာနံ၊ များစွာသော ကိစ္စရှိကုန်သော လူတို့အား။ အညော၊ တပါးသော။ ကောစိ၊ တစုံတခုသော။ အတ္ထော၊ အမှုကိစ္စသည်။ အပ္ပေဝ ဇာယေထ၊ ဖြစ်ငြားအံ့လည်း မသိ။ ရုက္ခသာ၊

www.dhammadownload.com

တည်ပင်၏။ အစ္ဆိန္နံ၊ မပြတ်သော အသီးသည်။ အတ္ထိ၊ ရှိ၏။ တိန္ဒုကံ၊ တည်သီးကို။ တုမ္ဟေ၊ သင်တို့သည်။ ခဇ္ဇထညော၊ အလိုရှိတိုင်း သာလျှင် စားကြကုန်။

ဤသို့ ဘုရားလောင်းသည် မျောက်အပေါင်းကို သက်သာရာ ရစေ၏၊ ထိုစကားသည် မှန်၏၊ ဤမျှလောက်သော နှစ်သိမ့်ခြင်းကို မရကုန်သည်ရှိသော် အလုံးစုံလည်း ဖြစ်ကုန်သော ထိုမျောက်တို့သည် နှလုံးကဲ့သဖြင့် အသက်ကုန်ခြင်းသို့ ရောက်ကုန်ရာ၏၊ ဘုရားလောင်းသည်ကား ဤသို့ မျောက်အပေါင်းကို နှစ်သိမ့်စေ၍ အလုံးစုံကုန်သော မျောက်တို့ကို စုရုံးကုန်လော့ဟု ဆို၏၊ စုရုံးကုန်သည်ရှိသော် ထိုမျောက်မင်း၏ တူဖြစ်သော သေနကအမည်ရှိသော မျောက်ကိုမမြင်ကုန်၍ သေနကသည်မပါလာဟု မျောက်မင်းအား ကြားကုန်၏၊ သေနကသည် အကယ်၍ မပါလာသည် ဖြစ်အံ့ သင်တို့သည် မကြောက်ကြကုန်လင့်၊ ယခုအခါ၌ သေနကသည် သင်တို့အား ချမ်းသာခြင်းကို ပြုလတ္တံ့ဟု ဆို၏၊ သေနကသည်လည်း မျောက်အပေါင်း၏ သွားသောကာလ၌ အိပ်ပျော်၍ နောက်မှ နိုးလတ်သည်ရှိသော် တစုံတခုသော မျောက်ကို မမြင်၍ ခြေရာသို့ အစဉ်လျှောက်သော ခြေရာရှိသည်ဖြစ်၍ လာလတ်သော် လူတို့ကို မြင်၍ မျောက်အပေါင်းအား ဘေးဖြစ်၏ဟုသိ၍ တခုသော အစွန်ဖြစ်သော အိမ်၌ မီးကိုထွန်း၍ ချည်ဝင့်သော မိန်းမအို၏အထံသို့ သွား၍ လယ်သို့သွားသော ရှာသူသားငယ်ကဲ့သို့ တခုသော မီးစကိုယူ၍ လေညာ၌ရပ်၍ ရှာကို မီးတိုက်၏၊ လူတို့သည် မျောက်တို့ကို စွန့်ကုန်၍မီးကိုငြိမ်းစိမ့်သောဌါ ပြေးကြကုန်၏၊ မျောက်တို့သည် ပြေးကြကုန်သည်ရှိသော် သေနက၏ အကျိုးငှါ တလုံး တလုံးစီသော တည်သီးကို ယူကုန်၍ ပြေးကြကုန်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ အဘယ်သို့ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ သာကီဝင်မင်းမျိုး ဖြစ်သော မဟာနာမ်သည် ထိုအခါ မျောက်မင်း၏တူဖြစ်သော သေနက ဖြစ်ဘူးပြီ၊ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ မျောက်အပေါင်းတို့ ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ မျောက်မင်း ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အရေးကြီတောင်း၊ ဥဂ္ဂဏ်ရည်ကောင်း၊ အပေါင်းချမ်းသာရ)

ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော တိန္ဒုကဇာတ်သည် ပြီး၏။

www.dhammadownload.com

၂၈- ကစ္ဆပဇာတ်

အိုးထိန်းသည် နှင့် လိပ်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သောသဗ္ဗညူမြတ်စွာဘုရားသည် "ဇနိတ္တံ မေ ဘဝိတ္တံ မေ" အစရှိသောဂါထာပုဒ်ဖြင့်တန်ဆာဆင်အပ်သော ဤ ကစ္ဆပဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တယောက်သော **ယဉ်းအနာမှလွတ်သော အမျိုးသား**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ သာဝတ္ထိပြည်ဝယ် တဦးသော အမျိုး၌ ယဉ်းအနာသည်ဖြစ်သတတ်၊ မိဘတို့သည် သားကို ချစ်သား ဤအိမ်၌ မနေလင့် နံရံကို ဘောက်၍ ပြေး၍ အမှတ်မရှိသော အရပ်သို့သွား၍ အသက်ကို စောင့်လေလော့၊ နောက်မှလာလတ်၍ ဤမည်သောအရပ်၌ မြုပ်၍ထားအပ်သော များစွာသော ဥစ္စာသည် ရှိ၏၊ ထိုဥစ္စာကို ထုတ်ဘော်၍ ဥစ္စာကို ဖြစ်စေ၍ ချမ်းသာသဖြင့်အသက်မွေးရစ်လော့ဟု ဆိုကုန်၏၊ သားသည် မိဘတို့၏စကားကို ဝန်ခံ၍ နံရံကိုဘောက်၍ ပြေးလေ၍ မိမိ၏အနာသည် ငြိမ်းလတ်သည်ရှိသော် လာလတ်၍ မြုပ်ထားအပ်သော ဥစ္စာကို ထုတ်ဘော် ပြီးလျှင် ဥစ္စာကို ဖြစ်စေ၍ အိမ်ရာ ထောင်သော လူတို့ဘောင်၌ နေ၏၊ ထိုအမျိုးသားသည် တနေ့သ၌ ထောပတ်,ဆီ အစရှိသည် တို့ကိုငင်း အဝတ်အရုံ အစရှိသည် တို့ကိုငင်း ယူခဲ့စေ၍ ဇေတဝန် ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ရှိခိုးလျက် နေလေ၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ထိုအမျိုးသားနှင့် တကွ စကားအစေ့အစပ်ကို ပြုတော်မူ၍ ဒါယကာ သင်တို့၏အိမ်၌ ယဉ်းအနာသည် ဖြစ်၏ဟု ငါတို့ ကြားဘူးကုန်၏၊ သင်တို့သည် အသို့ပြု၍ လွတ်သနည်းဟု မေးတော်မူ၏၊ ထိုအမျိုးသားသည် ထိုအကြောင်းကို လျှောက်၏၊ မြတ်စွာဘုရားသည် ဒါယကာ စင်စစ်လျှင် ရှေးဦးလည်း ဘေးဖြစ်သည်ရှိသော် မိမိ၏ ဓနရာအရပ်၌ တပ်စွန်းခြင်းကို ပြုကုန်၍ တပါးသောအရပ်သို့ မသွားကုန်သော သတ္တဝါတို့သည် အသက် ကုန်ခြင်းသို့ ရောက်ဘူးကုန်၏၊ မတပ်စွန်းခြင်းကို ပြုကုန်၍ တပါးသောအရပ်သို့ သွားကုန်သော သတ္တဝါတို့သည်ကား အသက်ကို ရဘူးကုန်၏ဟု မိန့်တော်မူ၍ ထိုဒါယကာသည် တောင်းပန် အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ဒါယကာ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သောမင်းသည် မင်းပြုသည်ရှိသော်ဘုရားလောင်းသည်ကာသိကရွာငယ်ဝယ်

www.dhammadownload.com


အိုးထိန်းသည်အမျိုးဌ ဖြစ်၍ အိုးထိန်းတို့၏အမှုကိုပြု၍ သားမယားကိုမွေး၏၊ ထိုအခါ ဗာရာဏသီပြည်ဌ မြစ်ကြီးနှင့်တကွ တစပ်ထည်းသော အလိုလိုဖြစ်သော အိုင်ကြီးသည် ရှိ၏၊ ထိုအိုင်ကြီးသည် ရေများသော ကာလဌ ^ မြစ်နှင့်တကွ ရေတစပ်ထည်းရှိ၏၊ရေသည် နည်းလတ်သော် အသီးအခြား ဖြစ်၏၊ ငါးလိပ်တို့ သည်ကား ဤနှစ်ဌ မိုဃ်းကောင်းသည် ဖြစ်လတ္တံ့၊ ဤနှစ်ဌ မိုဃ်းခေါင်သည် ဖြစ်လတ္တံ့ဟု သိကုန်၍ အိုင်ရေ၏ မြစ်ရေနှင့် တစပ်ထည်းရှိသော ကာလဌ် သာလျှင် အိုင်မှထွက်ကုန်၍ မြစ်သို့ သွားကုန်၏၊ လိပ်တခုသည်ကား ဤအရပ်သည် ငါ၏ဖွားရာ အရပ်တည်း၊ ကြီးမြင့်ရာ အရပ်တည်း၊ မိဘတို့သည် နေသော အရပ်တည်း၊ ငါသည် ဤအရပ်ကို စွန့်အံ့သောငှါ မတတ်နိုင်ဟု မြစ်သို့ မသွား၊ ထိုအခါ နွေကာလဝယ် အိုင်တို့ဌ ရေသည်ပြတ်၏၊ ထိုလိပ်သည် ဘုရားလောင်း၏ မြေစိုင်ယူရာ အရပ်ဌ မြေကို ကျစ်၍ ဝပ်၏၊ ဘုရားလောင်းသည် မြေစိုင်ကို ယူအံ့ဟူ၍ ထိုအရပ်သို့ သွား၍ ပေါက်တူးကြီးဖြင့် မြေကို ပေါက်သည်ရှိသော် လိပ်၏ကျောက်ကုန်းကို ပေါက်မိ၍ မြေစိုင်ကိုကဲ့သို့ ပေါက်တူးနှင့် သာလျှင် ထိုလိပ်ကို ထုတ်၍ ကုန်းဌကျစေ၏၊ ထိုလိပ်သည် ဝေဒနာသို့ ရောက်သည်ဖြစ်၍ နေရာအရပ်ဌ တပ်စွန်းခြင်းကို စွန့်အံ့သောငှါ မဟတ်နိုင်သည်ဖြစ်၍ ဤသို့သော ပျက်စီးခြင်းသို့ ရောက်ရ၏ဟု ဆို၍ ငိုကြွေးလိုရကား—

၅၅ ဇနိတ္တံ မေ ဘဝိတ္တံ မေ၊ ဣတိ ပကေ်ာ အဝဿယိ ။
တံ မံ ပကေ်ာ အဇ္ဈဘဝိ၊ ယထာ ဒုဗ္ဗလကံ တထာ။
တံ တံ ဝဒါမိ ဘဂ္ဂဝ၊ သုဏောဟိ ဝစနံ မမ။

၅၆ ဂါမေ ဝါ ယဒိ ဝါရညေ၊ သုခံ ယတြာဓိဂစ္ဆတိ။
တံ ဇနိတ္တံ ဘဝိတ္တာဉ္စ၊ ပုရိသဿ ပဇာနတော။
ယမ္မိ ဇီဝေ တမ္မိ ဂစ္ဆေ၊ နနိကေတဟတော သိယာ။

ဟူသော ဤဂါထာတို့ကို ဆို၏။

ဘဂ္ဂဝ၊ ဘဂ္ဂဝ။ ဣဒံ ဌာနံ၊ ဤအရပ်သည်။ မေ၊ ငါ၏။ ဇနိတ္တံ၊ ဖွားရာ အရပ်တည်း။ ဣဒံ ဌာနံ၊ ဤအရပ်သည်။ မေ၊ ငါ၏။ ဘဝိတ္တံ၊ ဖြစ်ရာ အရပ်တည်း။ ဣတိ—ဣမိနာ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်။ ပကေ်၊ ညွှန်ဌ။ အဟံ၊ ငါသည်။ အဝဿယိံ၊ နေမိ၏။ တံ မံ၊ ထိုငါ့ကို။ ပကေ်ာ၊ ညွှန်သည်။ ဒုဗ္ဗလကံ၊ အားနည်းသောသူကို။ အဇ္ဈဘဝိ ယထာ၊ အားရှိသော



ကစ္ဆပဇာတ်၊ သေဘေးကြုံလျက် မိမိနေရာကို မစွန့်သောလိပ်သည် အိုးထိမ်းသည်၏
လက်ချက်ဖြင့် သေရပုံ။ (၁၁၃)

www.dhammadownload.com

www.dhammadownload.com

သူသည် နှိပ်စက်သကဲ့သို့။ တထာ၊ ထို့အတူ။ အဇ္ဈာဘဝိ၊ နှိပ်စက်၏။ ဘဂ္ဂဝ၊ ဘဂ္ဂဝ။ တ္ဝံ၊ သင်သည်။ မမ၊ ငါ၏။ ဝစနံ၊ စကားကို။ သုဏောဟိ၊ နာဦးလော။

ဂါမေဝါ၊ ရွာ၌ဌင်း။ ယဒိ၊ ထို့မြို့။ အရညေဝါ၊ တော၌ဌင်း။ ယဲတြ၊အကြင် အရပ်၌။ သုခံ၊ ကိုယ်စိတ်နှစ်ပါး၌ဖြစ်သော ချမ်းသာခြင်းကို။ အဓိဂစ္ဆတိ၊ ရ၏။ တံ ဌာနံ၊ ထိုအရပ်သည်။ ပဇာနတော၊ အကျိုးရှိသည် မရှိသည် အကြောင်း ဟုတ်သည် မဟုတ်သည်ကို သိသော။ ပုရိသဿ၊ ယောကျ်း၏။ ဇနိတ္တာ၊ ဖွားရာအရပ်သည်ဌင်း။ ဘဝိတ္တာ၊ ကြီးမြင့်ရာအရပ်သည်ဌင်း။ ဟောတိ၊ ဖြစ်၏။ ပဏ္ဍိတော၊ ပညာရှိသည်။ ယမ်မ်၊ အကြင်အရပ်၌။ ဇီဝေ၊ အသက်ရှင်ရာ၏။ တမ်မ်၊ ထိုအရပ်သို့။ ဂစ္ဆေ၊ သွားရာ၏။ ဧဝံ၊ ဤသို့။ ဂစ္ဆတော၊ သွားသည်ရှိသော်။ နိကေတဟတော၊ နေရာအရပ် သတ်အပ်သည်။ န သိယာ၊ မဖြစ်ရာ။

ဤသို့ ထိုလိပ်သည် ဘုရားလောင်းနှင့်တကွ စကားပြောဆိုလျက်သေလေ၏၊ ဘုရားလောင်းသည် ထိုလိပ်ကို ယူ၍ အလုံးစုံသော ရွာ၌ နေကုန်သော သူတို့ကို စည်းဝေးပြီးလျှင် ထိုလူတို့ကို ဆုံးမလို၍ ဤသို့ ဆို၏၊ အချင်းတို့ ဤလိပ်ကို သင်တို့သည် ရှုကြကုန်လော့၊ ဤလိပ်သည် တပါးကုန်သော ငါး, လိပ်တို့၏ မြစ်ကြီးသို့ သွားလေသောကာလ၌ မိမိ၏နေရာအရပ်၌ တပ်စွန်းခြင်းကို ဖျက်ဆီးအံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ ထို ငါး, လိပ်တို့နှင့်တကွ မသွားမူ၍ ငါ၏ မြေစိုင်ယူရာအရပ်သို့ ဝင်၍ နေ၏၊ ထိုအခါ၌ ငါသည် မြေစိုင်ကို ယူသည်ရှိသော် ထိုလိပ်၏ ကျောက်ကုန်းကို ပေါက်တူးဖြင့် ပေါက်မိ၍ မြေစိုင်ကိုကဲ့သို့ ကုန်း၌ကျစေ၏၊ ဤလိပ်သည် မိမိ၏ ပြုအပ်သောအမှုကို အောက်မေ့၍ နှစ်ဂါထာတို့ဖြင့် ငိုကြွေး၍ သေ၏၊ ဤသို့ ဤလိပ်သည် မိမိ၏နေရာအရပ်၌ တပ်စွန်းခြင်းကိုပြု၍ သေခြင်းသို့ ရောက်၏၊ သင်တို့သည်လည်း ဤလိပ်နှင့်အတူ ပြုကုန်သည် မဖြစ်ကုန်လင့်၊ဤနေ့မှစ၍ ငါ၏ရုပါရုံငါ၏သဒ္ဒါရုံ ငါ၏ဂန္ဓာရုံ ငါ၏ ရသာရုံ ငါ၏ဖောဋ္ဌဗ္ဗာရုံ ငါ၏သား ငါ၏သို့မဟုတ် ငါ၏ကျွန်ယောကျ်း ငါ၏ကျွန်မိန်းမ အပိုင်းအခြားဖြင့်ဌင်း ငါ၏ရှေ့ဥစ္စာဟု တဏှာ၏အစွမ်းအားဖြင့်ဌင်း အသုံးအဆောင်၏ အစွမ်းအားဖြင့်ဌင်း မယူကုန်လင့်၊ သတ္တဝါသည် တယောက် အထီးထီးသာလျှင် ဘဝသုံးပါးတို့၌ တပြောင်းပြန်ပြန် ဖြစ်၏ဟု ဆို၏၊ ဤသို့လျှင် ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် လူမျှားအား အဆုံးအမကို ပေး၏၊ထိုအဆုံးအမသည် ဇမ္မူဒိပ်ကျွန်းအလုံးကိုပြန့်၍ ခြောက်သောင်းအတိုင်း အရှည်ရှိကုန်သော နှစ်တို့ပတ်လုံးတည်၏၊ လူမျှားသည် ဘုရားလောင်း၏ အဆုံး

www.dhammadownload.com

အမဋ္ဌတည်၍ ဒါန အစရှိသော ကောင်းမှုတို့ကို ပြု၍ အသက်၏ အဆုံးဌိ နတ်ပြည်ကို ပြည့်စေ၏၊ ဘုရားလောင်းသည်လည်း ထို့အတူသာလျှင် ကောင်းမှုတို့ကို ပြည့်၍ နတ်ပြည်ကို ပြည့်စေ၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာကို ပြတော်မူသည်၏အဆုံးဌိ ထိုအမျိုးကောင်းသားသည် သောတာပတ္တိဖိုလ်ဌိ တည်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ဒါယကာ ယခုအခါ အာနန္ဒာသည် ထိုအခါ လိပ် ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ အိုးထိန်းသည် ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(သဘေးကြီလာ၊ နေရင်းရွာ၊ စွန့်ခွါ ချမ်းသာရ)

ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကစ္ဆပဇာတ်သည် ပြီး၏။

၂၉- သတဓမ္မဇာတ်

ဒုန်းစက်လား နှင့် ပုဏ္ဏား

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "တဉ္စ အပ္ပဉ္စ ဥစ္ဆိဒ္ဒံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ သတဓမ္မဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **နှစ်ဆဲ့တပါးအပြားရှိသောအနေသန*** ကိုအကြောင်းပြု၍ ဟောတော်မူ၏၊ တပါးသောကာလ၌ မျှားစွာကုန်သော ရဟန်းတို့သည် ဆေးကုခြင်း အမှုဖြင့်ရင်း တမန်သွားခြင်းအမှုဖြင့်ရင်း စေခိုင်းသူတို့၏ ထိုထို အမှုဌ၌ယှဉ်သဖြင့်ရင်း သလုံးမြင်းခေါင်းဖြင့် အစေအပါးခံသဖြင့်ရင်း ဆွမ်းတို့ ပေးခြင်းဖြင့်ရင်း ဤသို့စသည် သဘောရှိသောနှစ်ဆဲ့တပါးအပြားရှိသော အနေ

---

*အနေသန-အသက်မွေးဘို့ရန် မရှာမှီးအပ်၊ မပြုလုပ်အပ်သောအမှု။

www.dhammadownload.com

သနဖြင့် အသက်မွေးခြင်းကို ပြုကုန်၏၊ ထိုအနေသနသည် **သာကေတဇာတ်၌** ထင်စွာဖြစ်လတ္တံ့၊ သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်းတို့၏ ထိုသို့သောအခြင်းအရာဖြင့် အဆက်မွေးခြင်းပြုသည်၏ အဖြစ်ကိုသိတော်မူ၍ ယခုအခါ၌ မျှားစွာကုန်သောရဟန်းတို့သည် အနေသနဖြင့် အသက်မွေးခြင်းကို ပြုကုန်၏၊ ထိုရဟန်းတို့သည်ကား ဤသို့သော အသက်မွေးခြင်းကို ပြုကုန်၍ ဘီလူး၏အဖြစ်မှၚင်း ပြိတ္တာ၏အဖြစ်မှၚင်း မလွတ်ကုန်လတ္တံ့၊ လှည်းဦး၌ က,အပ်ကုန်သော နွားတို့ကဲ့သို့ ဖြစ်ကုန်၍ သာလျှင် ဖြစ်ကုန်လတ္တံ့၊ ငရဲ၌ ပဋိသန္ဓေကို ယူကုန်လတ္တံ့၊ ငါသည် ထိုရဟန်းတို့၏ အစီးအပွားအကျိုးငှါ ချမ်းသာခြင်းအကျိုးငှါ မိမိ၏ အလိုအားဖြင့်ဖြစ်သော မိမိဉာဏ်အား သာလျှင် ထင်သော တပါးသော ဓမ္မဒေသနာကို ဟောအံ့သောငှါ သင့်၏ဟု နှလုံးပြုတော်မူ၍ ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် ရဟန်းတို့နှစ်ဆဲ့တပါးအပြားရှိသော အနေသနဖြင့်ပစ္စည်းတို့ကို မဖြစ်စေအပ်ကုန်၊ ထိုစကားသည် မှန်၏၊ အနေသနကြောင့်ဖြစ်သောဆင်းသည် ရဲရဲညိသော သံတွေ့ခဲနှင့်တူ၏၊ လတ်တလော သေစေတတ်သောအဆိပ်နှင့်တူ၏၊ ထိုစကားသည် မှန်၏၊အနေသနမည်သည်ကား ဘုရားပစ္စေကဗုဒ္ဓါသာဝက တို့သည် ကဲ့ရဲ့အပ်ကုန်၏၊ အနေသနကြောင့် ဖြစ်သော ဆင်းကို စားသော ရဟန်းအား ရွှင်ခြင်းသည်၎င်း ဝမ်းမြောက်ခြင်းသည်၎င်း မရှိ၊ ထိုစကားသည် မှန်၏၊ ဤသို့ဖြစ်သောဆင်းသည် ငါ၏သာသနာတော်၌ ဒုန်းစက္ကားဇာတ်၏ စားကြွင်းဘောဇဉ်နှင့်တူ၏၊ ထိုအနေသနကြောင့် ဖြစ်သောဆင်းကို သုံးဆောင်ခြင်းသည် သတဓမ္မလုလင်၏ ဒုန်းစက္ကားဇာတ်၏ စားကြွင်းထမင်းကို သုံးဆောင်ခြင်း ကဲ့သို့ ဖြစ်၏ဟု ဟောတော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သောမင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဒုန်းစက္ကားအမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် တစုံတခုသော ပြဿဒယ် ကိစ္စကြောင့် ရိက္ခာဆန်တို့ကိုၚင်း ထမင်းထုပ်ကိုၚင်း ယူ၍ ခရီးသို့ သွား၏၊ ထိုအခါ ဗာရာဏသီပြည်၌ အမည်အားဖြင့် သတဓမ္မမည်သော ဥဒိစ္စဗြာဟ္မဏ မဟာသာလအမျိုး၌ ဖြစ်သော တယောက်သော လုလင်သည်ရှိ၏၊ ထိုလုလင်သည်လည်းတစုံတခုသော ပြဿဒယ်ကိစ္စကြောင့် ဆန်တို့ကိုၚင်း ထမင်းထုပ်ကိုၚင်း မယူမူ၍သာလျှင် ခရီးသို့ သွား၏၊ ထိုနှစ်ယောက်ကုန်သော သူတို့သည်လည်း ခရီးမ၌ ပေါင်းမိကြကုန်၏၊ သတဓမ္မလုလင်သည် ဘုရားလောင်းကို အချင်း သင်သည် အဘယ်အမျိုး၌ ဖြစ်သောသူနည်းဟု မေး၏၊ထိုဘုရားလောင်းသည် ငါသည် ဒုန်းစက္ကားမျိုးတည်း

www.dhammadownload.com

ဟု ဆို၍ သင်သည် အဘယ်အမျိုးဌိုဖြစ်သော သူနည်းဟု လုလင်ကို မေး၏၊ ထိုသတဓမ္မ လုလင်သည် ငါသည် ဥဒိစ္စပုဏ္ဏားမျိုးတည်းဟု ဆို၍ ဇကောင်းပြီ သွားကြကုန်အံ့ဟု ထိုနှစ်ယောက် ကုန်သော သူတို့သည်လည်း ခရီးသို့ အတူ သွားကြကုန်၏၊ ဘုရားလောင်းသည် နံနက်စာစားသောအခါ၌ ရေချမ်းသာရာ အရပ်၌ နေ၍ လက်တို့ကို ဆေး၍ ထမင်းထုပ်ကို ဖြေ၍ လုလင် ထမင်းစားလှည့် လောဟု ဆို၏၊ ဟယ်....ဒွန်းစက္ကား ငါ့အား ထမင်းဖြင့် အလိုမရှိဟု ဆို၏၊ ဘုရားလောင်းသည် ကောင်းပြီဟု ထုပ်ခဲ့သောထမင်းကို စားကြွင်းကိုမပြုမူ၍ သာလျှင် မိမိ၏မျှလောက်ရုံမျှသော ထမင်းကို တခုသောဖက်၌ ထည့်၍ ထုပ်ခဲ့သောထမင်းကို တင်၍ သင့်အပ်သောအရပ်၌ ထား၍ စား၍ ရေကိုသောက်၍ လက်ခြေဆေးပြီးလျှင် ဆန်တို့ကိုငုံး ကြွင်းသောထမင်းကိုငုံး ယူ၍ လုလင် သွားကြကုန်အံ့ဟု ဆို၍ ခရီးသို့ သွား၏။

ထိုနှစ်ယောက်ကုန်သောသူတို့သည်လည်း တနေ့ပတ်လုံးသွားကုန်၍ ညအခါ တခုသော ရေချမ်းသာရာအရပ်၌ ရေချိုးကုန်၍ တက်ကြကုန်၏၊ ဘုရားလောင်း သည် ရေချမ်းသာရာအရပ်၌ နေ၍ ထမင်းထုပ်ကို ဖြေပြီးလျှင် လုလင်ကို မပန်ကြားဘဲသာလျှင် စား၏၊ လုလင်သည် တနေ့ပတ်လုံး ခရီးကို သွားခြင်း ကြောင့် ပင်ပန်းရကား ကိုယ်တွင်း၌ ဆာမွတ်ခြင်းသည် ဖြစ်၍ ငါ့အား ထမင်းကို အကယ်၍ပေးအံ့၊ စားအံ့ဟု ကြည့်လျက် ရပ်၏၊ ဒွန်းစက္ကားသည် တစုံတခုသောစကားကို မဆိုမူ၍ သာလျှင် စား၏၊ သတဓမ္မလုလင်သည် ကြံ၏၊ အဘယ်သို့ကြံသနည်းဟူမူကား ဤဒွန်းစက္ကားသည် ငါ့အား စားလှည့်ဟု မခေါ်မူ၍သာလျှင် အလုံးစုံကိုစား၏၊ ထိုဒွန်းစက္ကားကို နှိပ်စက်ပြီးလျှင် ယူ၍ အပေါ်၌ စားဆဲထမင်းကို စွန့်စေ၍ အကြွင်းကို စားခြင်းငှါသင့်၏ဟု ဤသို့ ကြံ၏၊ ကြံပြီး၍ ထို သတဓမ္မလုလင်သည် ထိုသို့ ကြံတိုင်းသာလျှင်ပြု၍ စားကြွင်း ထမင်းကို စား၏၊ ထိုအခါ၌ ထိုသတဓမ္မလုလင်အား စားစဉ်ပင်လျှင် ငါသည် မိမိ၏ဇာတ်အနှယ် အမျိုး အရပ်တို့အား မလျောက်ပတ်သော ဒွန်းစက္ကား၏ စားကြွင်းထမင်းကိုစင်လျက် စားအပ်၏ဟု အလွန် နှလုံးမသာယာခြင်းသည် ဖြစ်၏၊ ထိုခဏ၌သာလျှင် ထိုသတဓမ္မလုလင်အား သွေးနှင့်တကွသော ထမင်း သည် ခံတွင်းမှအန်၏၊ ထိုသတဓမ္မလုလင်သည် စင်စစ်လျှင် ငါသည် အနည်း ငယ်သော ထမင်းဟူသော အကြောင်းကြောင့် မလျောက်ပတ်သော အမှုကို ပြုအပ်၏ဟု အလွန်ဖြစ်သော စိုးရိမ်ခြင်းရှိသည်၏ အဖြစ်ကြောင့် ငိုကြွေး လိုရကား—

www.dhammadownload.com

၅၇ တဋ္ဌ အပ္ပဋ္ဌ ဥစ္ဆိဋ္ဌံ၊ တဋ္ဌကိံစ္ဆန နော အဒါ။
သောဟံ ဗြာဟ္မဏဇာတိကော၊ ယံ ဘုတ္တံ တမ္မိ ဥဂ္ဂတံ။

ဟူသော ရွေးဦးစွာသော ဤဂါထာကို ဆို၏။

မယာ၊ ငါသည်။ ယံ ဘတ္တံ၊ အကြင် ထမင်းကို။ ဘုတ္တံ၊ စား‌အပ်၏။ တံ ဘတ္တံ၊ ထိုထမင်းသည်။ အပ္ပဋ္ဌ၊ အနည်းငယ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဥစ္ဆိဋ္ဌဋ္ဌ၊ စား‌ကြွင်းသည်သည်း။ ဟောတိ၊ ဖြစ်၏။ တဋ္ဌ၊ ထိုထမင်းကိုလည်း။ သော စက္ခာလော၊ ထိုဒုန်းစက္ခားသည်။ အတ္တနော၊ မိမိ၏။ ရုစိယာ၊ အလို အား‌ဖြင့်၊ မံ၊ ငါ့ကို။ နော အဒါ၊ မပေး။ ကိစ္ဆန၊ ငြိုငြင်ဆင်း‌ရဲခြင်း‌ကြောင့်။ အဒံ၊ ပေး၏။ သော အဟံ၊ ထိုငါသည်။ ဗြာဟ္မဏဇာတိကော၊ စင်ကြယ်သော ပုဏ္ဏား‌မျိုး၌ဖြစ်သော သူတည်း။ တေနေဝ၊ ထို့ကြောင့်လျှင်။ မယာ၊ ငါသည်။ ယံ ဘတ္တံ၊ အကြင်ထမင်းကို။ ဘုတ္တံ၊ စား‌အပ်၏။ တမ္မိ၊ ထိုထမင်းကိုလည်း။ ဥဂ္ဂတံ၊ သွေးနှင့်တကွ အန်၏။

ဤသို့ သတဓမ္မလုလင်သည် ငိုကြွေး၍ ယခုအခါ ငါ့အား ဤသို့ သဘော ရှိသော မလျော်ကပ်သော အမှုကိုပြု၍ အသက်ရှင်သဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု တောသို့ ဝင်ပြီးလျှင် တစုံတယောက်သော သူအား မိမိကိုယ်ကို မြင်စေ၍သာလျှင် ကိုးကွယ်ရာမရှိသော သေခြင်းသို့ ရောက်လေ၏။

သဗ္ဗညု မြတ်စွာဘုရားသည် ဤလွန်လေပြီးသော အကြောင်းကို ပြတော်မူ၍ ရဟန်းတို့ မိမိအား မလျော်ကပ်သော ဘောဇဉ်ကို စား‌မိသည်၏ အဖြစ်ကြောင့် သတဓမ္မလုလင်အား ထိုဒုန်းစက္ခား၏ စား‌ကြွင်းထမင်းကိုစား၍ ရှင်ခြင်းသည် မဖြစ်သကဲ့သို့ နှလုံးသာယာသည်၏အဖြစ်သည် မဖြစ်သကဲ့သို့ ထို့အတူသာလျှင် ဤ သာသနာတော်၌ အကြင်ရဟန်းသည် အနေသနဖြင့် အသက်ကိုမွေးလျက် ထိုသို့သော အခြင်းအရာအား‌ဖြင့် ရအပ်သောပစ္စည်းကို သုံးဆောင်၏၊ ဘုရား‌စက်ဆုပ်အပ် ကဲ့ရဲ့အပ်သော အသက်မွေးခြင်းရှိသည်၏ အဖြစ်ကြောင့် ထိုရဟန်းအား ရှင်ခြင်းသည် မဖြစ်သလျှင်ကတည်း၊ နှလုံး သာယာသည်၏ အဖြစ်သည် မဖြစ်သလျှင်ကတည်းဟု မိန့်တော်မူ၍ ဘုရား ဖြစ်တော်မူပြီး၍—

www.dhammadownload.com

၅၇ ဧဝံ မမ္မံ နိရံ ကတ္ဝာ၊ ယော အဓမ္မေန ဇီဝတိ။
သတဓမ္မော၀ လာဘေန၊ လဒ္ဓေနပိ န နန္ဒတိ။
ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဟော်တော်မူ၏။

ဘိက္ခ၀ေ၊ ရဟန်းတို့။ သတဓမ္မော၊ သတဓမ္မလုလင်သည်။ လဒ္ဓေန၊ နှိပ်စက်ခြင်းကြောင့် ရအပ်သော။ လာဘေန၊ ဒွန်းစက္ကား၏ စားကြွင်းထမင်းဟူသော လာဘဖြင့်။ န နန္ဒတိ ဣ၀၊ ဝမ်းမမြောက်သကဲ့သို့။ ဧဝံ-တထာ၊ ထို့အတူ။ ဤမသို့ပိသာသနေ၊ ဤသာသနာတော်၌လည်း။ ယော ပဗ္ဗဇိတော၊ အကြင် ရဟန်းသည်။ ဓမ္မံ၊ အာဇီ၀ ပါရိသုဒ္ဓိသီလဟု ဆိုအပ်သော တရားကို။ နိရံကတ္ဝာ၊ အပပြု၍။ အဓမ္မေန၊ နှစ်ဆဲ့တပါးကုန်သော အနေသနဟု ဆိုအပ်သော အဓမ္မဖြင့်။ဇီ၀တိ၊ အသက်မွေး၏။ သော ပဗ္ဗဇိတော၊ ထိုရဟန်းသည်။ န နန္ဒတိ၊ ဝမ်းမမြောက်နိုင်။

ဇာတ်ပေါင်း ဤသို့လျှင် သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဟောတော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏၊ သစ္စာကို ပြတော်မူသည်၏အဆုံး၌ များစွာကုန်သော ရဟန်းတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်ကုန်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ အာနန္ဒာသည် ထိုအခါ သတဓမ္မလုလင် ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဒွန်းစက္ကား၏သား ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မစား၍ရာ၊ စားတုံပါ၊ ဒုက္ခာကြီးစွာကပ်)

ကိုးခုတို့၏ပြည့်ကြောင်းဖြစ်သော သတဓမ္မဇာတ်သည် ပြီး၏။

၃၀-ဒုဒ္ဒဘဇာတ်

ရသေ့ နှင့် ဒါယကာ

ပစ္စုပ္ပန်ဝတ္ထု၊ နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဒုဒ္ဒဒံ ဒဒမာနာနံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒုဒ္ဒဒဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ဒါယကာအပေါင်းတို့၏အလှူ** ကို အကြောင်းပြု၍ ဟောတော်မူ၏၊

www.dhammadownload.com

သာဝတ္ထိပြည်၌ သူကြွယ်သား ဖြစ်ကုန်သော အဆွေခင်ပွန်း နှစ်ယောက်တို့သည် အလိုဆန္ဒကို တပေါင်းတည်းဆောင်ကုန်၍ ခပ်သိမ်းကုန်သော ပရိက္ခရာအလှူဝတ္ထုတို့ကို စီရင်ကုန်၍ ဘုရားအမှူးရှိသော ရဟန်းသံဃာတို့ကို ပင့်ဘိတ်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးကို ဖြစ်စေကုန်၍ ခုနစ်ရက် မြောက်သော နေ့၌ ခပ်သိမ်းကုန်သော ပရိက္ခရာတို့ကို လှူကုန်၏၊ ထိုဒါယကာတို့တွင် အပေါင်း၏ အကြီးဖြစ်သော ဒါယကာသည် မြတ်စွာဘုရားကို ရှိခိုး၍ လျောက်ပတ်စွာ နေလျက် အရှင်ဘုရား ဤအလှူ၌ မျှားစွာလှူကုန်သောသူတို့သည်လည်းရှိကုန်၏၊ အနည်းငယ် လှူကုန်သော သူတို့သည်လည်း ရှိကုန်၏၊ အလုံးစုံဖြစ်ကုန်သော ထိုသူတို့အား ဤအလှူသည် မျှားစွာသော အကျိုးရှိသည် ဖြစ်စေသတည်းဟု အလှူ၏အကျိုးကို အမျှပြု၍ ပေး၏၊ သင်္ဃာဘုရားသည် ဒါယကာဘုရားအမှူးရှိသော ရဟန်းသံဃာတို့အား အလှူကိုလှူ၍ ဤသို့အလှူ၏အကျိုးကို အမျှပြုကုန်၍ ပေးကုန်သော သင်တို့သည်လျင် မြတ်သောအမှုကို ပြုအပ်၏၊ ရွေးပညာရှိတို့သည်လည်း အလှူကိုလှူကုန်၍ ဤအတူသာလျင် အလှူ၏အကျိုးကို အမျှပြု၍ ပေးဘူးကုန်ပြီဟု မိန့်တော်မူ၍ ထိုဒါယကာသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ ဒါယကာ လုန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည်မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိကတိုင်းဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် တက္ကသိုလ်ပြည်သို့ သွား၍ အလုံးစုံကုန်သော အတတ်တို့ကို သင်ပြီးလျင် အိမ်ရာထောင်ခြင်းကို ပယ်၍ ဟိမဝန္တာအရပ်၌ ကြာမြင့်စွာနေ၍ ချဉ်ဆားမှဲ့ဝဲအံ့သောငှါ ဇနပုဒ်သို့ လှည့်လည်သွားခြင်းကို သွားသည်ရှိသော် ဗာရာဏသီပြည်သို့ရောက်လျင် မင်း၏ဥယျာဉ်၌နေ၍ နက်ဖြန်နေ့၌ တံခါး၏အနီးဖြစ်သောရွာ၌ အခြံအရံနှင့်တကွ ဆွမ်းခံအံ့သောငှါသွား၏၊ လူတို့သည် ဆွမ်းကိုလှူကုန်၏၊ သံဘက်နေ့၌ ဗာရာဏသီပြည်၌ ဆွမ်းခံသွား၏၊ လူတို့သည် မြတ်နိုးစုံမက် ကုန်သည်ဖြစ်၍ ဆွမ်းကို လှူကုန်၍ ဂိုဏ်းဖဲ့သဖြင့် အလိုဆန္ဒကို တပေါင်းတည်း ဆောင်ကုန်၍ အလှူဝတ္ထုတို့ကို စီရင်ကုန်၍ ရသေ့အပေါင်းတို့အား အလှူကြီးကို ဖြစ်စေကုန်၏၊ အလှူ၏အဆုံး၌ အပေါင်း၏အကြီးဖြစ်သော ဒါယကာသည် ဤအတူသာလျင် ဆို၍ ဤသို့သော အမှတ်ဖြင့် အလှူ၏အကျိုးကို အမျှပြု၍ပေး၏၊ ဘုရားလောင်းသည် ဒါယကာစိတ်ကြည်ညိုခြင်းရှိသည်ရှိသော် ဒါနသည် နည်းသောမည်သည် မရှိဟု ဆို၍ အနုမောဒနာ ပြုလိုရကား—

www.dhammadownload.com

၅၉ ဒုဒ္ဒဒံ ဒဒမာနာနံ၊ ဒုက္ကရံ ကမ္မ ကုဗ္ဗတံ။
အသန္တော နာနုကုဗ္ဗန္တိ၊ သတံ ဓမ္မော ဒုရန္နယော။

၆၀ တသ္မာ သတဉ္စ အသတံ၊ နာနာ ဟောတိ ဣတော ဂတိ။
အသန္တော နိရယံ ယန္တိ၊ သန္တော သဂ္ဂပရာယဏာ။

ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။

အာဝုသော၊ ဒါယကာတို့။ ဒုဒ္ဒဒံ၊ ပညာမရှိကုန်သော သူတို့သည် လျှိုနှိုင်ခဲသောဒါနကို။ ဒဒမာနာနံ၊ လျှကုန်သော။ ဒုက္ကရံ၊ ပညာမရှိကုန်သောသူတို့သည် ပြုနိုင်ခဲသော လှူခြင်းအမှုကို။ ကုဗ္ဗတံ၊ ပြုကုန်သော ပညာရှိ သူတော်ကောင်းတို့၏။ ကမ္မံ၊ လှူခြင်းအမှုကို။ အသန္တော၊ သူတော်ကောင်း မဟုတ်ကုန်သော သူမိုက်တို့သည်။ နာနုကုဗ္ဗန္တိ၊ မပြုကုန်။ သတံ၊ သူတော်ကောင်းတို့၏။ ဓမ္မော၊ အလှူပေးခြင်းဟူသော သဘောကို။ အပက္ကိတေဟိ၊ ပညာ မရှိကုန်သော သူတို့သည်။ ဒုရန္နယော၊ ကျိသို့သော အလှူကြောင့် ကျိသို့သော ကောင်းမှုအကျိုးကို ရ၏ဟူ၍ အကျိုးနှင့်စပ်သောအားဖြင့် သိနိုင်ခဲ၏။

တသ္မာ၊ ထို့ကြောင့်။ ဣတော၊ ဤဘဝမှ။ ပရလောကံ၊ တမလွန်ဘဝသို့။ ဂစ္ဆန္တာနံ၊ လားကုန်သော။ သတဉ္စ၊ ပညာရှိ သူတော်ကောင်း တို့၏ဂုဏ်း။ အသတဉ္စ၊ ပညာရှိ သူတော်ကောင်း မဟုတ်ကုန်သော သူတို့၏ဂုဏ်း။ ဂတိ၊ ပဋိသန္ဓေယူခြင်းသည်။ နာနာ၊ အထူးသည်။ ဟောတိ၊ ဖြစ်၏။ အသန္တော၊ ပညာမရှိသော သူတော်ကောင်း မဟုတ်ကုန်သောသူတို့သည်။ နိရယံ၊ ငရဲသို့။ ယန္တိ၊လားရကုန်၏။သန္တော၊ ပညာရှိသူတော်ကောင်းတို့သည်။ သဂ္ဂပရာယဏာ၊ နတ်ပြည်သို့ လားရကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ကျိသို့ ဘုရားလောင်းသည် အနုမောဒနာပြု၍ မိုဃ်းဇ်ာင်း လေးလပတ်လုံး ထိုဗာရာဏသီပြည်၌သာလျှင် နေ၍ မိုဃ်းလလွန်သည်ရှိသော် ဟိမဝန္တာအရပ်သို့ သွား၍ စျာန်ကိုဖြစ်စေ၍ မယုတ်သော စျာန်ရှိသည်ဖြစ်၍ ပြဟ္မာပြည်သို့ လား၏။

ဇာတ်ပေါင်း သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း

www.dhammadownload.com

ဟူမူကား ဒါယကာ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ရသွေ့အပေါင်းတို့ ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရဟဲသွေ့အပေါင်းတို့၏ ဆရာ ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အနည်းအများ၊ လှုံ့တုံ့ဆြား၊ စိတ်ထား ပဓာန)

ဆယ်ခုတို့၏ပြည့်စေ့ကြောင်းဖြစ်သော ဒုဒ္ဒဇာတ်သည် ပြီး၏။

၄- အသဒိသဝဂ် ၃၁ အသဒိသဇာတ်

လေးဝိဇ္ဇာမင်းသား

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဓနုဂ္ဂဟော အသဒိသော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအသဒိသဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **မြတ်သောတောထွက်တော်မူခြင်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ မြတ်စွာဘုရားသည်ရဟန်းတို့ ငါဘုရားသည်ယခုအခါ၌သာလျှင် မြတ်သော တောထွက်တော်မူခြင်း၏ အစွမ်းအားဖြင့် တောထွက်တော်မူသည်ကား မဟုတ်သေး၊ ရှေး၌လည်း ထီးဖြူကိုစွန့်၍ တောထွက်တော်မူဘူးသလျှင် ကတည်းဟု မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ မိဖုယားဝမ်း၌ ပဋိသန္ဓေကိုယူ၍ ချမ်းသာသဖြင့် ဖွားမြင်သော ထိုဘုရားလောင်းအား အမည်မှည့်သောနေ့၌ **အသဒိသ** သတို့သားဟူသောအမည်ကို မှည့်ကုန်၏၊ ထိုနောင်မှ ဘုရားလောင်း၏ ရှေးရှုပြေး၍ ထက်ဝန်းကျင်ပြေး၍ သွားနိုင်သောကာလ၌ တယောက်သော ဘုန်းရှိသောသတ္တဝါသည် မိဖုယား၏ဝမ်း၌ပဋိသန္ဓေကိုယူ၏၊ ချမ်းသာသဖြင့် ဖွားမြင်သော ထိုသတို့သားအား အမည်ကိုမှည့်သောနေ့၌ ဗြဟ္မဒတ်ဟူသော အမည်ကို မှည့်ကုန်၏၊ ထိုနှစ်ယောက်ကုန်သော မင်းသားတို့တွင် ဘုရားလောင်းသည် တဆဲ့ခြောက်နှစ်မြောက်သော ကာလ၌

www.dhammadownload.com

တက္ကသိုလ်ပြည်သို့ သွား၍ ဒိသာပါမောက္ခဖြစ်သော ဆရာ၏ အထံ၌ ဗေဒင် သုံးပုံကိုငှင်း တဆဲ့ ရှစ်ပါးကုန်သော အတတ်တို့ကိုငှင်း သင်၍ လေးသမားတို့၏ အတတ်၌ အတုမရှိသည် ဖြစ်၍ ဗာရာဏသီပြည်သို့ ပြန်လာ၏၊ မင်းသည် သေလွန်သည်ရှိသော် အသဒိသ မင်းသားအား မင်းအဖြစ်ကို ပေး၍ ဗြဟ္မဒတ် မင်းသားအား အိမ်ရှေမင်း အဖြစ်ကို ပေးရစ်ကြကုန်လော့ဟု ဆို၍ သေလွန်၏၊ ထိုဗြဟ္မဒတ်မင်း သေလွန်၍ ဘုရားလောင်းသည် မိမိအား မင်းအဖြစ်ကို ပေးသည်ရှိသော် ငါ့အား မင်းအဖြစ်ဖြင့်အလိုမရှိဟု ပယ်၏၊ဗြဟ္မဒတ်မင်းသားကို မင်းအဖြစ်၌ အဘိသိက်သွန်းကုန်၏၊ ဘုရားလောင်းသည် အကယ်၍ကား မင်းအဖြစ်ကို အလိုမရှိ၊ ထိုသို့ အလိုမရှိသော်လည်း ညီသည် မင်းအဖြစ်ကို ပြုသည်ရှိသော် ပြကတေ့အားဖြင့် မင်း၏ အခြင်းအရာအားဖြင့်သာလျှင် နေ၏၊ မင်း၏ ခြေရင်း၌ မြဲစွဲကုန်သော သူတို့သည် အသဒိသ မင်းသားသည် မင်းအဖြစ်ကို ဖတ်ာင့်တ၏၊ ဤသို့ဆိုကုန်၍ မင်း၏အထံ၌ ဘုရားလောင်းကို ဖျက်ဆီးကုန်၏၊ ထိုဗြဟ္မဒတ်မင်းသည်လည်း ထိုမင်း၏ခြေရင်း၌ မြဲစွဲကုန်သော သူတို့၏ စကားကို ယူ၍ အချစ်ပျက်သောစိတ် ရှိသည်ဖြစ်၍ ငါ၏ နောင်တော်ကို ဖမ်းကြကုန်လော့ဟု လူတို့ကို စေ၏။

ထိုအခါ ဘုရားလောင်း၏ အကျိုးစီးပွားကို ဆောင်ရွက်သော တယောက်သော ယောကျ်ားသည် ထိုအကြောင်းကို . ဘုရားလောင်းအား ကြား၏၊ ဘုရားလောင်းသည် ညီငယ်အား အမျက်ထွက်သောကြောင့် မြို့မှ ထွက်၍ တပါးသော တိုင်းသို့ သွား၍ တယောက်သော လေးသမားသည် လာ၍ မင်းအိမ်တံခါး၌ တည်၏ဟု မင်းအား ကြားစေ၏၊ မင်းသည် အဘယ်မျှသော စည်းစိမ်ကို အလိုရှိသနည်းဟု မေး၏၊ တန့်ဖြင့် တသိန်းသော ဥစ္စာကို အလိုရှိ၏ဟု ဆိုသည်ရှိသော် ကောင်းပြီ လာစေလော့ဟု ဆို၏။ ထိုအခါ လာ၍ အနိုင်တည်သော ထိုအသဒိသ မင်းသားကို သင်သည် လေးသမားလော့ဟု မေး၏၊ မင်းမြတ် ဟုတ်၏ဟု ဆိုသည်ရှိသော် ကောင်းပြီ ငါ့ကို ခစားလော့ဟု ဆို၏၊ ထိုအသဒိသမင်းသားသည် ထိုအခါမှစ၍ မင်းကို ခစား၏၊ ထိုအသဒိသ မင်းအား ပေးအပ်သော ရိက္ခာကို မြင်ကုန်၍ အလွန်မျှားစ့ာရ၏ဟု လေးသမား ဟောင်းတို့သည် ကဲ့ရဲ့ကုန်၏၊ ထိုအခါ တနေ့သ၌ မင်းသည် ဥယျာဉ်သို့ သွား၍ မင်္ဂလာကျောက်ဖျာအနီး၌ တင်းတိမ်အရံကို ကာရံစေ၍ သရက်ပင်၏ အရင်းဖြစ်သော မြတ်သောအိပ်ရာ၌ လျောင်းလျက် အထက်သို့ ကြည့်လတ်သည်ရှိသော် သရက်ပင်ဖျား၌ တခုသော သရက်သီးခိုင်ကို မြင်၍ ဤသရက်သီး

www.dhammadownload.com

ခိုင်ကို တက်၍ယူအံ့သောငှါ မတတ်ကောင်းဟု လေးသမားတို့ကို ခေါ်စေ၍ ဤသရက်သီးခိုင်ကို မြားဖြင့်ဖြတ်၍ ကျစိမ့်သောငှါ စွမ်းနိုင်ကုန်လတ္တံ့လောဟု ဆို၏၊မင်းမြတ် ထိုသရက်သီးခိုင်ကို ကျစေခြင်းသည် အကျွန်ုပ်တို့အား ဝန်မလေး အရှင်မင်းမြတ်သည်ကား အကြိမ်များစွာ အကျွန်ုပ်တို့၏ အမှုကို မြင်ဘူးတော်မူ၏၊ ယခု ရောက်သစ်စဖြစ်သော လေးသမားတော်သည် အကျွန်ုပ်တို့ထက် များစွာသော ရိက္ခာကို ရ၏၊ ထိုသရက်သီးခိုင်ကို ထိုလေးသမားတော်သစ်ကို ကြွေအောင်ပစ်စေတော်မူလေ့ဟု လေးသမားဟောင်းတို့ လျှောက်ကြကုန်၏။

မင်းသည် ဘုရားလောင်းကို ခေါ်စေ၍ အမောင် ထိုသရက်သီးခိုင်ကို ကြွေစိမ့်သောငှါ စွမ်းနိုင်လတ္တံ့လောဟုမေး၏၊ မင်းမြတ် တခုသောအရပ်ကို ရသည်ရှိသော် စွမ်းနိုင်ပါလတ္တံ့ဟု ဘုရားလောင်းသည် လျှောက်၏၊ အဘယ်အရပ်ကို ရသည်ရှိသော် စွမ်းနိုင်လတ္တံ့နည်းဟု မင်းသည် မေး၏၊ မင်းမြတ် အရှင်မင်းမြတ်တို့၏ နေရာတော်၏ အတွင်းအရပ်ကို ရသည်ရှိသော် စွမ်းနိုင်လတ္တံ့ဟု ဘုရားလောင်းသည် လျှောက်၏၊ မင်းသည်အိပ်ရာကို ဆောင်စေ၍ လေးပစ်ရာအရပ်ကို ပြုစေ၏၊ ဘုရားလောင်းလက်၌ ဧလေးသည် မရှိ၊ ဝတ်သောပုဆိုး၏ အတွင်း၌ လေးကို ဖဲ့၍သွား၏၊ ထို့ကြောင့် တင်းတိမ်ကိုရခြင်းငှါသင့်၏ဟုဆို၏၊မင်းသည် ကောင်းပြီဟု တင်းတိမ်ကိုဆောင်စေ၍ ရံစေ၏၊ ဘုရားလောင်းသည် တင်းတိမ်တွင်းသို့ ဝင်၍ အပေါ်၌ အမြဲဝတ်သော ဖြူသောအဝတ်ကို ပယ်၍ တထည်သော နီသော ပုဆိုးကို ဝတ်၍ အောက်ပိုးကျိုက်၍ တထည်သော နီသောပုဆိုးကို ဝမ်း၌ဖွဲ့၍ အိမ်မှ အစပ်နှင့်ယှဉ်သော သန်လျက်ကို ထုတ်၍ လက်ဝဲနံပါးဖြင့် လွယ်၍ ရွှေသင်တိုင်းကို ဝတ်၍ လေးထည့်သော ကျည်ကို နောက်မှလွယ်၍ အစပ်နှင့်ယှဉ်သော ဆိတ်ချိုလေးကြီးကို ယူ၍ သန္တာအဆင်းနှင့်တူသော ညှိုကို တင်၍ သင်းကျစ်ကို ဦးခေါင်း၌စွပ်၍ ထက်စွာသော စဉ်းသွားကို လက်သည်းတို့ဖြင့် ပွတ်လျက် တင်းတိမ်ကို နှစ်ဖြာလှစ်၍ မြေကိုခွ၍ထွက်သော နဂါးလုလင်ကဲ့သို့ ထွက်ပြီးလျှင် မြားပစ်ရာအရပ်သို့ သွား၍ စဉ်းသွားကို မြား၌ တပ်၍ မင်းကို မင်းမြတ် ထိုသရက်သီးခိုင်ကို အထက်သို့ တက်သောမြားဖြင့် ကျစေရအံ့လော။ထိုသို့မဟုတ်မူကား အောက်သို့သက်သောမြားဖြင့် ကျစေရအံ့လောဟု လျှောက်၏၊ အမောင် တက်သောမြားဖြင့် ကျစေသည်ကို ငါမြင်ဘူးသည်ကားများ၏၊ အောက်သို့ သက်သောမြားဖြင့်သော်ကား ကျစေသည်ကို ငါမမြင်စဘူးသေး၊ အောက်သို့သက်သော မြားဖြင့် ကျစေလောဟု ဆိုသည်ရှိသော် မင်းမြတ် ဤမြားသည် ဝေးသောအရပ်သို့ တက်လတ္တံ့၊ အကြင်မျှလောက် စတုမဟာရာဇ်

www.dhammadownload.com

နတ်ပြည်သည် ရှိ၏၊ ထိုမျှလောက်သွားလေ၍ ညအခါ၌ သက်လတ္တံ့၊ အကြင်မျှလောက် ထိုမြွေး၏သက်ခြင်းသည် ရှိ၏၊ ထိုမျှလောက် အရှင်မင်းမြတ်တို့သည် သည်းခံအံ့သောငှါ သင့်၏ဟု ဆို၏၊ မင်းသည် ကောင်းပြီဟု ဝန်ခံ၏။

ထို့နောင်မှ မင်းမြတ် ဤမြွေးဘုရားကား တက်လတ်သည်ရှိသော် သရက်သီးခိုင် အညှာကို အလယ်တိုင်အောင် ဖြတ်လျက် တက်လတ္တံ့၊ သက်လတ်သည် ရှိသော်ကား ဆံခြည်ဖျားမျှလည်း ဤမှဌင်း ထိုမှဌင်း မရွှေ့မူ၍ အပိုင်းအခြား၌သာလျှင် ကျ၍ သရက်သီးခိုင်ကို ယူ၍ သက်လတ္တံ့၊မင်းမြတ် ရှုတော်မူလေ့ဟု တဖန် မင်းကိုဆို၏၊ ဆိုပြီးသော် အဟုန်ကို ဖြစ်စေ၍ မြွေးကိုပစ်၏၊ ထိုမြွေးသည် သရက်သီးခိုင်အညှာကို အလယ်တိုင်အောင်ဖြတ်လျက် တက်၏၊ ဘုရားလောင်းသည် ယခုအခါ၌ မြွေးသည် စတုမဟာရာဇ်နတ်ပြည်တိုင်အောင် ရောက်သည်ဖြစ်လတ္တံ့၊ ဤသို့သို၍ ရှေးဦးစွာ ပစ်အပ်သောမြွေးထက် အထူးသဖြင့် လွန်စွာလျင်မြန်ခြင်းကို ဖြစ်စေ၍ တစင်းသော မြွေးကို ပစ်၏၊ ထိုနောင်မှ ပစ်အပ်သော မြွေးသည် သွားလေ၍ ရှေးဦးစွာ ပစ်အပ်သော မြွေးကို မြွေးလွှာမြွေးတောင့်ဖြင့် ခတ်၍ လည်စေ၍ မိမိသည် တာဝတိံသာ နတ်ပြည်သို့ တက်လေ၏၊ ထိုတာဝတိံသာနတ်ပြည်၌ ထိုမြွေးကို နတ်တို့သည် ယူကုန်၏၊ ပြန်လည်လာသော မြွေး၏ လေကို ဖြတ်သော အသံသည် မိုဃ်းကြိုးသံကဲ့သို့ ဖြစ်၏၊ လူမျှားသည် ဤအသံသည်ကား အဘယ်အသံနည်းဟု ဆိုသည်ရှိသော် ဘုရားလောင်းသည် ပြန်လည် လာသော မြွေး၏ အသံတည်းဟု ဆို၍ မိမိကိုယ်၌ မြွေး၏ကျအံ့သောဘေးဖြင့် အလွန် ထိတ်လန့်သော လူမျှားကို မြင်၍ မကြောက်ကုန်လင့်ဟု နှစ်သိမ့်စေ၍ မြွေးအား မြေသို့ကျစိမ့်သောငှါ မပေးဟု ဆို၏ မြွေးသည် သက်လာသည်ရှိသော် တဆံခြည်ဖျားမျှဌင်း ထိုမှဤမှ မရွှေ့မူ၍ အပိုင်းအခြား၌သာလျှင် ကျ၍ သရက်သီးခိုင်ကို ဖြတ်၏၊ ဘုရားလောင်းသည် သရက်သီးခိုင်အားဌင်း မြွေးအားဌင်း မြေသို့ ကျစိမ့်သောငှါ မပေးမူ၍ ကောင်းကင်ပြင်၌သာလျှင် ခံလျက် လက်တဘက်ဖြင့် မြွေးကို လက်တဘက်ဖြင့် သရက်သီးခိုင်ကို ယူ၏၊ လူမျှားတို့သည် ထိုအံ့ဘွယ်သရဲကို မြင်၍ ငါတို့သည် ဤသို့သဘောရှိသောအတတ်ကို မမြင်စဘူးဟု ဘုရားလောင်းကို ချီးမွမ်းကုန်၏၊ ကြီးစွာသော ရယ်ရွှင်ခြင်းကို ရယ်ရွှင်ကုန်၏၊ ပဲ့တင်ထပ်စေကုန်၏၊ လက်ပန်းပေါက်ခတ်ကုန်၏၊လက်ချောင်းတို့ကို ခါကုန်၏၊ ပုဆိုးကို ပစ်လွှားခြင်း မျှားစွာတို့ကို ဖြစ်စေကုန်၏၊ မင်း၏ ပရိသတ်တို့သည် နှစ်သက်ရွှင်လန်းခြင်းကြောင့် ဘုရားလောင်းအား ပေးအပ်သော ဥစ္စာသည် ကုဋေ အတိုင်းအရှည် ရှိသည်

www.dhammadownload.com

ဖြစ်၏၊ မင်းသည်လည်း ထိုဘုရားလောင်းအား မိဃ်းကြီးသည်းထန်စွာ ရွာဘိသကဲ့သို့ များစွာသော ဥစ္စာကိုဂုင်း များစွာသော အခြံအရံကိုဂုင်း ပေး၏။

ဤသို့ မင်းသည် အရိုအသေ အလေးအမြတ် ပြုခြင်းကြောင့် ဘုရားလောင်းသည် ထိုပြည်၌ နေသည်ရှိသော် အသဒိသ မင်းသားသည် ဗာရာဏသီပြည်၌ မရှိသတတ်ဟု ခုနစ်ပြည်ထောင်သော မင်းတို့သည် လာလတ်ကုန်၍ ဗာရာဏသီပြည်ကို ခြံရံကုန်၍ ပြည်ကိုမူလည်း ပေးမည်လော စစ်ထိုးခြင်းကို မူလည်း ပေးမည်လော၊ ဤသို့ ဖြဟ္မဒတ်မင်းအား မှာစာကို သ,ကုန်၏၊ ဖြဟ္မဒတ်မင်းသည် သေဘေးမှ ကြောက်သည်ဖြစ်၍ ငါ၏ နောင်တော်သည် အဘယ်အရပ်၌ နေသနည်းဟု မေး၍ တပါးသော ပြည်နိုးချင်းမင်းကို ခစား၏၊ ဤသို့ ကြား၍ ငါ၏ နောင်တော်သည် မလာသည်ရှိသော် ငါ့အား အသက်သည် မရှိလတ္တံ့၊ သွားကြကုန် ငါ၏စကားဖြင့် ထိုအသဒိသမင်းသား၏ ခြေတော်တို့ကို ရှိခိုးကုန်လျက် ကန်တော့ ပင့်ဆောင်ကုန်၍ လာကြကုန်လော့ဟု တမန်တို့ကို စေလိုက်၏၊ ထိုတမန်တို့သည် သွားကုန်၍ ဘုရားလောင်းအား ထိုအကြောင်းကို လျှောက်ကုန်၏၊ ဘုရားလောင်းသည် မင်းကို ပန်၍ ဗာရာဏသီပြည်သို့ တဖန်ပြန်လည်၍ မင်းကို မကြောက်လင့်ဟု နှစ်သိမ့်စေ၍ ငါအသဒိသ မင်းသားသည် လာပြီ၊ ဤမြှားမှတပါး တစင်းသော မြှားကို ပစ်၍ ခပ်သိမ်းကုန်သော မင်းတို့၏ အသက်ကို သေစေအံ့၊ အသက်ဖြင့် အလိုရှိကုန်သော သူတို့သည် ပြေးလေကုန်၊ ဤသို့ အကျွန်ုတို့ကို မြှား၌ ရေး၍ ပစ္စင်ပေါ်၌ ရပ်၍ ခုနစ်ဦးကုန်သော မင်းတို့၏ စားကုန်စဉ် ရွှေခွက်၏အဖုံး၌သာလျှင် မြှားခုနစ်စင်းတို့ကို ကျစေ၏၊ ထိုမင်းတို့သည် အကျွန်ုတို့ကို မြင်ကုန်၍ သေဘေးမှ ကြောက်ကုန်၍ ပြေးလေကုန်၏၊ ဤသို့ ဘုရားလောင်းသည် တခုသော ယင်ငယ်သည် သောက်လောက်ရုံသော သွေးကိုလည်း မဖြစ်စေမူ၍ ခုနစ်ပြည်ထောင်ကုန်သော မင်းတို့ကို ပြေးစေ၍ ညီတော်ငယ်ကို ပန်၍ ကာမတို့ကို ပယ်ပြီးလျှင် ရသေ့ရဟန်းပြု၍ အဘိညာဉ်တို့ကိုဂုင်း သမာပတ်တို့ကိုဂုင်း ဖြစ်စေ၍ အသက်၏ အဆုံး၌ ဗြဟ္မာ့ပြည်သို့ လား၏။

သဗ္ဗညူ မြတ်စွာဘုရားသည် ရဟန်းတို့ ဤ အသဒိသ မင်းသားသည် ခုနစ်ပြည်ထောင်သော မင်းတို့ကို ပြေးစေ၍ အောင်မြင်ပြီးသော စစ်ပွဲရှိသည်ဖြစ်၍ ရသေ့ရဟန်း အဖြစ်သို့ ကပ်လေ၏ဟု ပြတော်မူလိုရကား ဘုရားအဖြစ်သို့ ရောက်တော်မူပြီး၍—

www.dhammadownload.com

၆၁ ဓနုဂ္ဂဟော အသဒိသော၊ ရာဇပုတ္တော မဟဗ္ဗလော။
ဒုရေပါတီ အက္ခဏဝေဓီ၊ မဟာကာယပ္ပဒါလနော။
၆၂ သဗ္ဗာမိတ္တော ရဏံ ကတ္ဝာ၊ နံ စ ကဠိ ဝိဟေဌယိ။
ဘာတရံ သောတ္ထိံ ကတ္ဝာန၊ သံသမံ အဇ္ဈုပါဂမိ။
ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပဟဗ္ဗလော၊ ကြီးသော ကိုယ်အား ဉာဏ်အား ရှိထသော။ ဒုရေပါတီ၊ ဝေးစွာသော စတုပဟာရင်္, တာဝတိံသာတိုင်အောင် သော အရပ်သို့ မြားကို ရောက်စေနိုင်ထသော။ အက္ခဏဝေဓီ၊ မချွတ်မယွင်း ပစ်နိုင်ထသော။ **တနည်းကား** အက္ခဏဝေဓီ၊ လျှပ်တပြက်၌ ခုနစ်ချက်, ရှစ်ချက်မြားတို့ကို ပစ်နိုင်ထသော။ မဟာကာယပ္ပဒါလနော၊ များစွာကုန် သော အစု အပေါင်းတို့ကို ထုတ်ချင်းထွင်းအောင် ပစ်နိုင်ထသော။ ရာဇပုတ္တော၊ မင်း၏သား ဖြစ်ထသော။ အသဒိသော၊ အသဒိသ အမည်ရှိထသော။ ဓနုဂ္ဂဟော၊ လေးသမားကျော်သည်။ သဗ္ဗာမိတ္တော၊ ခပ်သိမ်းကုန်သော ရန်သူ တို့ကို။ ရဏံ ကတ္ဝာ၊ စစ်တိုက်ခြင်းကိုပြု၍။ ပလာပေသိ၊ ပြေးစေ၏။ ကဠိစ၊ တစုံတယောက်ကို မျှလည်း။ နံ ဝိဟေဌယိ၊ မညှဉ်းဆဲ။ ဘာတရံ၊ ညီတော်ကို။ သောတ္ထိံ ကတ္ဝာန၊ချမ်းသာခြင်းကို ပြု၍။ သံယမံ၊ သီလကို စောင့်ရှောက်သော ရသေ့အဖြစ်သို့။ အဇ္ဈုပါဂမိ၊ ကပ်လေ၏။

ဇာတ်ပေါင်း ဤသို့ မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော် မူ၍ ရဟန်းတို့ ယခုအခါ အာနန္ဒာသည် ထိုအခါ ညီငယ် ဖြစ်ဘူးလေပြီ၊ ထိုမှတပါး ယခုအခါ၌ ငါဘုရားသည် သာလျှင် ထိုအခါ အသဒိသမင်းသား ဖြစ်ဘူးလေပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(စည်းစိမ်မခင်၊ တောချောင်ဝင်၊ ယူတွင် ကျင့်ခဲစွာ)

ရှေးဦးစွာသော အသဒိသဇာတ်သည် ပြီး၏။

---

www.dhammadownload.com

၃၂-သင်္ဂါမာဝစရဇာတ်

မင်းနန်ချတ်ခဏ်း နှင့် ဆုံးမလွယ်သောဆင်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သမ္မာသမ္ဗုဒ္ဓဘုရားသည် "သင်္ဂါမာဝစရော သူရော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ သင်္ဂါမာဝစရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **နန္ဒဇေရ်** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကို ချဲဦးအံ့၊ မြတ်စွာဘုရားသည် ရှေးဦးစွာ ကြွတော်မူခြင်းဖြင့် ကပိလဝတ်ပြည်တော်သို့ ကြွတော်မူ၍ ညီတော်ငယ်ဖြစ်သော နန္ဒမင်းသားကို ရဟန်းပြု၍ ကပိလဝတ်ပြည်မှ ထွက်တော်မူ၍ အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်တော်မူ၍ နေတော်မူသည် ရှိသော် အရှင်နန္ဒသည် မြတ်စွာဘုရား၏ သပိတ်တော်ကိုယူ၍ မြတ်စွာဘုရားနှင့်တကွ နန်းတော်မှ ထွက်သောကာလ၌ နန္ဒမင်းသားသည် မြတ်စွာဘုရားနှင့် တကွ လိုက်လေ သတတ်ဟု ကြား၍ ထက်ဝက်အားဖြင့် ဖြီးအပ်ကုန်ပြီးသော ဆံရှိကုန်လျက် လေသွန်ပြတင်းပေါက်ကြားဖြင့် မျော်လိုက်၍ အရှင်သံဃာတော် လျင်မြန်စွာသာလျှင် ပြန်လည်တော်မူခဲ့ပါလော့ဟု ဇနပဒကလျာဏီမှာလိုက်သောစကားကို အစဉ်အောက်မေ့လျက် လူ၏အဖြစ်ကို တမော့မော့ မျော်သော လည်ရှိသည်ဖြစ်၍ မမေ့ မလျော့ခြင်းကြောင့် ဖက်ရွက်ရော်ကဲ့သို့ အလွန်ဖြောတော့သောအဆင်း အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိသည်ဖြစ်၏၊ မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ အကယ်၍လျင် ငါသည် နန္ဒကို အရဟတ္တဖိုလ်၌တည်စေရမူကား ကောင်း၏၊ ဤသို့ ကြံတော်မူ၍ ထိုနန္ဒဇေရ်၏နေရာ ပရိဝုဏ်သို့ ကြွတော်မူ၍ ခင်းအပ်သောဘုရားနေရာတော်၌ နေတော်မူလျက် နန္ဒ ဤသာသနာတော်၌ မေ့လျော့ပါ၏လော့ဟု မေးတော်မူ၏၊ အရှင်ဘုရား ဇနပဒကလျာဏီ၌ တပ်စွန်းသောစိတ်ရှိသည်ဖြစ်၍ မမေ့မလျော့ပါဟု လျှောက်၏၊ နန္ဒ ဟိမဝန္တာသို့ လှည့်လည်သွားလာဘူး၏လော့ဟု မေးတော်မူ၏၊အရှင်ဘုရား မသွားဘူးပါဟုလျှောက်၏၊ နန္ဒ ထိုသို့တပြီးကား သွားကြကုန်အံ့၊ ဤသို့ မိန့်တော်မူသည် ရှိသော် အရှင်ဘုရား အကျွန်ုပ်အား တန်ခိုးသည် မရှိ၊ အကျွန်ုပ် အသို့ သွားနိုင်ပါအံ့နည်းဟု လျှောက်၏၊ မြတ်စွာဘုရားသည် နန္ဒ ငါ၏ တန်ခိုး အစွမ်းအားဖြင့် သင့်ကို ငါဆောင်အံ့ဟု မိန့်တော် မူပြီးလျှင် နန္ဒမထေရ်ကို လက်၌ ကိုင်တော်မူ၍ ကောင်းကင်သို့ ပျံကြွတော်မူသည်ရှိသော် ခရီးအကြား၌ တခုသော မီးလောင်ရာအပြင်၍ မီးလောင်ငုတ်တွင် နေသော ပြတ်သော နား, နှာခေါင်း, မြီးထူး

www.dhammadownload.com

ရှိသော မီးလောင်သော အမဲမှုန်းရှိသော အပေါ်ရေစုတ်သည်ဖြစ်၍ အတွင်းရေမျှသာရှိသော နိဂ္ဂသာဒအဆင်းဖြင့် ထက်ဝန်းကျင် လွှမ်းအပ်သော တခုသော မျောက်မကို မြင်၍ နန္ဒ တခုသော မျောက်မကို ရှုလောဟု ပြတော်မူ၏၊ အရှင်ဘုရား မြင်ပါ၏ဟု နားတော်လျှောက်သည် ရှိသော် ကောင်းစွာ မျက်စိအားဖြင့် ရှေ့ရှုခြင်းကို ပြုလေ့ဟု မိန့်တော်မူ၏။

ထိုနောင် နန္ဒမထေရ်ကို ဆောင်၍ ယူဇနာ ခြောက်ဆယ်ရှိသော ဆေးဒါန်းမြင်းသီလာအပြင်ကိုဌင်း အနောတတ်အိုင် အစရှိကုန်သော အိုင်ကြီးခုနစ်အိုင် တို့ကိုဌင်း မြစ်ကြီး ငါးစင်းတို့ကိုဌင်း ရှေတောင် ငဉ့တောင် ပတ္တမြားတောင် တို့ဖြင့် တန်ဆာဆင်အပ်သော ဟပါးမက များသော မွေ့လျော်ဘွယ်ရှိသော ဟိမဝန္တာတောင်ကိုဌင်း ပြ၍ နန္ဒ တာဝတိံသာနတ်ပြည်ကို မြင်ဘူး၏လောဟု မေးတော်မူ၍ အရှင်ဘုရား မမြင်ဘူးပါဟု နားတော်လျှောက်သည် ရှိသော် နန္ဒ လာလှည့် သင့်အား တာဝတိံသာ နတ်ပြည်ကို ငါပြအံ့ဟု မိန့်တော်မူပြီးလျှင် ထိုတာဝတိံသာနတ်ပြည်သို့ဆောင်၍ ပဏ္ဍုကမ္မလာကျောက်နေရာ၌ နေတော်မူ၏၊ သိကြားနတ်မင်းသည် နတ်ပြည်နှစ်ထပ်တို့၌ နတ်တို့၏ အပေါင်းနှင့်တကွ လာလတ်၍ ရှိခိုးလျက် တင့်အပ်လျောက်ပတ်စွာ နေ၏၊ နှစ်ကုဋေငါးသန်း အရေအတွက်ရှိသော ပရိသတ်အပေါင်း ခြံရုံအပ်ကုန်သော ငါးရာကုန်သော ခိုခြေအဆင်းနှင့်တူကုန်သော နတ်သမီးတို့သည်လည်း လာလတ်ကုန်၍ ရှိခိုးကုန်လျက်လျောက်ပတ်စွာနေကုန်၏၊မြတ်စွာဘုရားသည် အရှင်နန္ဒကို ငါးရာကုန်သော နတ်သမီးတို့ကို ကိလေသာ၏ အစုမ်းအားဖြင့် အဖန်တလဲလဲ ကြည့်စေ၏၊ နန္ဒ ခိုခြေအဆင်းနှင့် တူကုန်သော ဤနတ်သမီးတို့ကို သင်သည် မြင်၏လောဟု မိန့်တော်မူ၍ အရှင်ဘုရား မြင်ပါ၏ဟု နားတော်လျှောက်သည်ရှိသော် နန္ဒ ထိုနတ်သမီးတို့သည် တင့်တယ်ကုန်သလော၊ ထိုသို့ မဟုတ်မူကား ဇနပဒကလျာဏီသည် တင့်တယ်သလော ဤသို့ မေးတော်မူ၏၊ အရှင်ဘုရား ဇနပဒကလျာဏီကို ထောက်၍ မီးလောင်၍ စုတ်ပြတ်သော မျောက်မသည် မတင့်တယ်သကဲ့သို့ ဤအတူသာလျှင် ဤနတ်သမီးတို့ကို ထောက်၍ ဇနပဒကလျာဏီသည် မတင့်တယ် ဤသို့ နားတော် လျှောက်သည်ရှိသော် နန္ဒ ယခုအခါ၌ အသို့ ပြုလတ္တံ့နည်း ဤသို့ မိန့်တော်မူ၏၊ အရှင်ဘုရား အဘယ်ကောင်းမှုကံကိုလျှင် ပြုကုန်၍ ဤနတ်သမီးတို့ကို ရကုန်အံ့နည်း ဤသို့ နားတော်လျှောက်သည်ရှိသော် နန္ဒ ရဟန်းတရားကို ကျင့်ကုန်၍ ရကုန်၏ဟု မိန့်တော်မူ၏၊ အရှင်ဘုရား ဤနတ်သမီးတို့ကို ရစိမ့်သောငှါ အရှင်ဘုရားသည် အကယ်၍

www.dhammadownload.com

ဝန်ခံအံ့ အကျွန်ုပ်သည် ရဟန်းတရားကို ကျင့်ပါအံ့ဟု နားတော် လျှောက်သည် ရှိသော် နန္ဒ ... အားကုတ်လော့၊ ငါသည် သင့်အား ဝန်ခံ၏ဟု မိန့်တော်မူ၏၊ ဤသို့ နန္ဒ မဇ္ဈေထရ်သည် နတ်အပေါင်းတို့၏အ ... ယ်၌ မြတ်စွာဘုရားကို ဝန်ခံစေ၍ အရှင်ဘုရား အလွန် ကြာမြင့်ခြင်းကို ပြုတော်မမူပါလင့်၊ ထလော့ သူ့းကြကုန်အံ့၊ အကျွန်ုပ်သည် ရဟန်းတရားကို ကျင့်အံ့ဟု လျှောက်၏၊ မြတ်စွာဘုရားသည် ထိုနန္ဒကို ဆောင့်၍ ဇေတဝန်ကျောင်းတော်သို့သာလျှင် ပြန်တော်မူ၏၊ နန္ဒမထေရ်သည် ရဟန်းတရားကို ကျင့်အံ့သောငှါ အားထုတ်၏၊


မြတ်စွာဘုရားသည် တရားစစ်သူကြီးဖြစ်သော အရှင် သာရိပုတ္တရာကို ခေါ်တော်မူ၍ သာရိပုတ္တရာ ငါ၏ ညီတော်ငယ် ဖြစ်သော နန္ဒသည် တာဝတိံသာ နတ်ပြည်ဝယ် နတ်အပေါင်းတို့၏ အလယ်၌ နတ်သမီးတို့၏ အကြောင်းကြောင့် ငါ့ကို ဝန်ခံစေ၏ဟု ရှင်သာရိပုတ္တရာအား ကြားတော်မူ၏၊ ထို့သို့သော အကြောင်းဖြင့် သာလျှင် မဟာမောဂ္ဂလာန် မထေရ်အားလုံး မဟာကဿပ မထေရ်အားလုံး အနုရုဒ္ဓါ မထေရ်အားလုံး တရားဘဏ္ဍာစိုးဖြစ်သော အာနန္ဒာ မထေရ်အားလုံး ဤသို့သော အစဉ်ဖြင့် အသီတိ သာဝကတို့အားလုံး များသောအားဖြင့် အသီတိသာဝကတို့မှ ကြွင်းကုန်သော ရဟန်းတို့အားလုံး ကြားတော်မူ၏၊ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာ မထေရ်သည် နန္ဒမထေရ်သို့ ကပ်၍ ငါ့သျှင်နန္ဒ သင်သည် တာဝတိံသာ နတ်ပြည်ဝယ် နတ်အပေါင်းတို့၏အလယ်၌ နတ်သမီးတို့ကို ရလိုသောကြောင့် ရဟန်းတရားကို ကျင့်အံ့ဟူ၍ မြတ်စွာဘုရားကို ဝန်ခံစေသည်ဟု ကြားရသည်ကား မှန်သလောဟု ဆို၍ နတ်သမီးတို့၏အကျိုးငှါ ရဟန်းတရားကို သင်သည် ကျင့်သည်ဖြစ်လတ်သော် သင်၏ မြတ်သော သီတင်းကို သုံးခြင်းသည် မိန်းမတို့နှင့် စပ်သည်ဖြစ်၍ ကိလေသာကို မှီသည် မဟုတ်တုံလော၊ ထို့သင်အား မိန်းမတို့၏ အကျိုးငှါ အခအားဖြင့် အမှုကိုပြုသော အမှုကိုလုပ်သော ယောကျ်ားနှင့်တကွ အဘယ်မှာလျှင် ထူးအံ့နည်းဟု နန္ဒမထေရ်ကို ရှက်စေ၏၊ အရှိန်အဝါမဲ့သည်ကို ပြု၏၊ ထိုသို့သော အကြောင်းဖြင့် အလုံးစုံလည်း ဖြစ်ကုန်သော အသီတိသာဝကတို့သည်ဖြင်း ကြွင်းကုန်သော ရဟန်းတို့သည်ဖြင်း ထိုအရှင်နန္ဒကို ရှက်စေကုန်၏။

ထိုနန္ဒမထေရ်သည် စင်စစ် မသင်မကျလျှံသာသည်ကို ငါသည် ပြုအပ်၏ဟု ရှက်ခြင်းကြောင့်ဖြင်း ထိတ်လန့်ခြင်းကြောင့်ဖြင်း ဟုံ့လကို လွန်စွာအားထုတ်၍

www.dhammadownload.com

ဝိပဿနာကို ပွားများ၍ အရဟတ္တဖိုလ်သို့ရောက်၍ မြတ်စွာဘုရားထံသို့ ကပ်လေ၍ အရှင်ဘုရား အကျွန်ုပ်သည် အရှင်ဘုရားတို့၏ ဝန်ခံတော်မူခြင်းကို ဖြေပါ၏ဟု လျှောက်၏၊ မြတ်စွာဘုရားသည်လည်း နန္ဒ အကြင်အခါ၌ကား သင်သည် အရဟတ္တဖိုလ်သို့ ရောက်၏၊ ထိုအခါ၌သာလျှင် ငါသည် ဝန်ခံခြင်းမှ လွတ်၏ဟု မိန့်တော်မူ၏၊ ထိုအကြောင်းကို သိကုန်၍ တရားသဘင်၌ ရဟန်းတို့သည် ငါ့သျှင်တို့ နန္ဒမထေရ်သည် အလွန်လျှင် ဆုံးမခြင်းငှါ ခံ့ပေ၏၊ တကြိမ်တည်းသောအဆုံးအမဖြင့်သာလျှင် အရှက်အကြောက်ကိုဖြစ်စေ၍ရဟန်းတရားကိုအားထုတ်၍ အရဟတ္တဖိုလ်သို့ရောက်၏၊ ဤစကားကိုဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ၌ အဘယ်မည်သောစကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် နန္ဒသည် ဆုံးမခြင်းငှါ ခံ့သည်မဟုတ်သေး၊ ရှေး၌လည်း နန္ဒသည် ဆုံးမခြင်းငှါ ခံ့သည်သာလျှင်တည်းဟု မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဆင်ဆရာတို့၏ အမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ဆင်ဆရာတို့၏ အတတ်၌ အပြီးသို့ ရောက်၍ ဗာရာဏသီမင်း၏ ပြည်နှီးချင်းဖြစ်သော မင်းတပါးကို ခ,စားလေ၏၊ ထိုဘုရားလောင်းသည် ထိုမင်း၏ မင်္ဂလာဆင်ကို ကောင်းစွာသင်သည်ကို ပြု၍ တတ်စေ၏၊ ထိုမင်းသည် ဗာရာဏသီပြည်ကို ယူအံ့ဟူ၍ ဘုရားလောင်းကိုယူ၍ မင်္ဂလာဆင်ကိုစီး၍ မျှားစွာသော စစ်သည်ဖြင့် ဗာရာဏသီပြည်သို့ သွား၍ ခြံရံလျက် ပြည်ကိုမူလည်း ပေးမည်လော စစ်ထိုးခြင်းကိုမူလည်း ပေးမည်လောဟု ဗာရာဏသီမင်းအား မှာစာကို ပို့စေ၏၊ ဗြဟ္မဒတ်မင်းသည် စစ်ထိုးခြင်းကို ပေးအံ့ဟူ၍ တံတိုင်း,တံခါး,ပစ္စင်,တံခါးမုတ်တို့၌ ဗိုလ်ပါအပေါင်းကို တက်စေ၍ စစ်ထိုးခြင်းကို ပေး၏၊ ပြည်နှီးချင်းမင်းသည် မင်္ဂလာဆင်ကို ချပ်ဖြင့်ဖုံးလွှမ်း၍ မိမိသည်လည်း ချပ်ကိုဝတ်၍ မြတ်သော ဆင်ကျောက်ကုန်း၌ စီးလျက် ထက်စွာသော ခွန်းတောင်းကို စွဲ၍ မြို့ကို ဖြို၍ ရန်သူကို အသက်ကုန်ခြင်းသို့ ရောက်စေ၍ ပြည်ကို လက်သို့ ရောက်သည်ကို ပြုအံ့ဟု ဆင်ကို မြို့သို့ရှေးရှု သွားစေ၏၊ ထိုမင်္ဂလာ ဆင်သည် ပဲ့လျက်ပူတို့ကိုဌင်း အထူးထူး အပြားပြား ရှိကုန်သော လက်နက်တို့ကိုဌင်း လွှတ်ကြကုန်သော သူတို့ကို မြင်၍ သေဘေးမှ



သင်္ကန်းရောဂစေတိယ၊ ဘုရားဟောင်းတွင်း ဆင်းသက်တော်မူစဉ် ဧရာဝဏဗြဟ္မာမင်းကြီး ဆောင်ယူလာသော ဆင်ဖြူရာဇာ။

(၁၃၁) ။ပုံနှစ်ခုစီးတွင် နွားဖြူနှစ်ကောင်စီ ချိတ်ဆွဲထားသော ရထားကြီး။

www.dhammadownload.com

www.dhammadownload.com

ကြောက်ရကား ကပ်အံ့သောငှါ မဝံ့သည်ဖြစ်၍ နောက်သို့ ဆုတ်၏၊ ထိုအခါ၌ ထိုမင်္ဂလာဆင်ကို ဆင်ဆရာသည် ကပ်၍ အမောင် သင်သည် ရဲရင့်သော ဆင်တည်း၊ စစ်မြေပြင်ကို နှိပ်နင်းသွားတတ်သော ဆင်တည်း၊ ဤသို့သဘော ရှိသောအရပ်၌ ဆုတ်ခြင်း မည်သည်ကား သင့်အား မလျောက်ပတ်ဟု ဆို၍ ဆင်ကို ဆုံးမလိုရကား—

၆၃ သင်္ဂါမာဝစရော သူရော၊ ဗလဝါ ဤတိ ဝိဿုတော။
ကိံ နု တောရဏမာသဇ္ဇ၊ ပဒ္ဓိက္ကမသိ ကုဉ္ဇရ။
၆၄ ဩမဒ္ဒ ခိပ္ပံ ပလိဿံ၊ သေိကာနိ စ အဗ္ဘဟာ။
တောရဏာနိ စ မဒ္ဒိတ္ဝာ၊ ခိပ္ပံ ပဝိသ ကုဉ္ဇရ။

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

ကုဉ္ဇရ၊ မင်္ဂလာဆင်မြတ်။ တွံ၊ သင်သည်။ သင်္ဂါမာဝစရော၊ စစ်မြေပြင်ကို နှိပ်နင်း၍ သွားတတ်၏။ သူရော၊ ရဲရင့်၏။ ဗလဝါ၊ ခွန်အားရှိ၏။ ဤတိ၊ ဤသို့။ ဝိဿုတော၊ ကျော်စောသော ဆင်တည်း။ တောရဏံ၊ တံခါးပေါင်သို့။အာသဇ္ဇ၊ ရောက်၍၊ ကိံ နု ပဒ္ဓိက္ကမသိ၊ အဘယ်ကြောင့် ဆုတ်ဘိသနည်း။

ကုဉ္ဇရ၊ မင်္ဂလာဆင်မြတ်။ ပလိဿံ၊ တံခါးကျည်ကို။ ခိပ္ပံ၊ လျင်စွာ။ဩမဒ္ဒ၊ အောက်သို့ချလော့။ သေိကာနိစ၊ တံခါးတိုင်တို့ကိုလည်း။ အဗ္ဘဟာ၊ နုတ်လော့။ တောရဏာနိ စ၊ တံခါးပေါင်တို့ကိုလည်း။ မဒ္ဒိတ္ဝာ၊ နင်း၍။ ခိပ္ပံ၊ လျင်စွာ၊ ပဝိသ၊ ဝင်လော့။

မင်္ဂလာဆင်တော်သည် ထိုစကားကို ကြား၍ ဘုရားလောင်း၏ တက္ကိမ်တည်းသော အဆုံးအမဖြင့်သာလျှင် ပြန်၍ တံခါးတိုင်ကို နှာမောင်းဖြင့် ရစ်၍ မှိုတို့ကို ကဲ့သို့ နုတ်၍ တံခါးပေါင်ကို နင်း၍ တံခါးကျည်ကို ချ၍ မြို့တံခါးကို ဖောက်၍ မြို့သို့ဝင်၍ ပြည်ကိုယူ၍ ပေး၏။

ဇာတ်ပေါင်း မြတ်စွာ ဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ နန္ဒသည် ထိုအခါ မင်္ဂလာဆင် ဖြစ်ဘူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဘူးပြီ၊ ယခုအခါငါဘုရားသည်လျှင် ထိုအခါ ဆင်ဆရာဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ဝဋ်နွေဉာဏာဘိဝံသ၊ ဆုံးမခံ့ ပြတ်အံ့ မြဲသေချာ)

နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သင်္ဂါမာဝစရဇာတ်သည် ပြီး၏။

www.dhammadownload.com

၃၃- ဝါလောဒကဇာတ်

အမျိုးယုတ်မာ အသံစွာ

ပစ္စုပ္ပန်ဝတ္ထု၊ နတ်နှင့် ဝာကွသော လောကကို ဆုံးမတော် မူတတ်သော သမ္မာသ္ဗု မြတ်စွာဘုံရားသည် "ဝါလောဒကံ အပဂရသံ နိဟီနံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ဝါလောဒကဇာတ်ကို ဇေတဝန်ကျောင်း တော်၌ သီတင်းသုံး နေတော်မူစဉ် **ငါးရာကုန်သော စားကြွင်းစား** တို့ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကို ခဲ့ရှဉ်းအံ့၊ သာဝတ္ထိပြည်၌ ငါးရာကုန်သော ဒါယကာတို့သည် အိမ်၌ ပလိဗောဓကို သားမယားအား အပ်နှင်း၍ မြက်စွာဘုရား၏ ဓမ္မဒေသနာကို နာကုန်လျက် တပေါင်းတည်း သွားကုန်၏၊ ထိုဒါယကာတို့တွင် အချို့ကုန်သော ဒါယကာတို့သည် သောတာပန်တို့တည်း၊ အချို့ကုန်သောဒါယကာတို့သည်သကဒါဂါမ်တို့တည်း၊အချို့ကုန်သောဒါယကာတို့သည် အနာဂါမ်တို့တည်း၊ တယောက်မျှလည်း ပုထုဇန်မည်သည်မရှိ၊ မြတ်စွာဘုရားကို ဆွမ်းဘိတ်ကုန်သော်လည်း ထိုဒါယကာတို့ကို အတွင်းပြုကုန်၍သာလျှင် ဆွမ်းဘိတ်ကုန်၏၊ထိုငါးရာကုန်သောဒါယကာတို့၏ကား ဒန်ပူ,မျက်နှာသစ်ရေ, အဝတ်အရုံ,နံ့သာ, ပန်းပေးကြကုန်သော ငါးရာကုန်သော အလုပ်အကျွေးငယ်တို့သည် စားကြွင်း စားကုန်သည် ဖြစ်၍ နေကုန်၏၊ ထိုအလုပ်အကျွေးငယ်ကို့သည် နံနက်စာ စားပြီးလျှင် အိပ်ကုန်၍ ထကုန်လတ်သော် အစိရဝတီမြစ်သို့ သွားကုန်၍ မြစ်နား၌ ကြော်ငြာကုန်လျက် လက်ပမ်းလုံးထွေးခြင်းကို လုံးထွေးကြကုန်၏၊ ငါးရာကုန်သော ထိုဒါယကာတို့သည်ကား အသံမရှိကုန်သည် ဖြစ်ကုန်၍ ကြွေးကြော်ခြင်း ကင်းကုန်လျက် ဖိုလ်ဝင်စားခြင်းကို အားထုတ်ကုန်၏၊ မြတ်စွာဘုရားသည် ထိုစားကြွင်းစား၏ ပြင်းထန်စွာသော အသံကို ကြားတော်မူ၍ အာနန္ဒာ ဤအသံသည် အဘယ်အသံနည်းဟု မေးတော်မူ၍ အရှင်ဘုရား စားကြွင်းစား၏ အသံတည်းဟု နားတော်လျှောက်သည်ရှိသော် ဤစားကြွင်းစားတို့သည် ယခုအခါ၌ သာလျှင် စားကြွင်းကို စားကုန်၍ ကြော်ငြာကုန်သည်ကား မဟုတ်ကုန်သေး၊ ရှေး၌လည်း ကြော်ငြာကုန်သလျှင် ကတည်း၊ ဤဒါယကာတို့သည်လည်း ယခုအခါ၌သာလျှင် ငြိမ်သက်စွာ နေကုန်သည် မဟုတ်သေး၊ ရှေး၌လည်း ငြိမ်သက်စွာ နေဘူးကုန်သလျှင် ကတည်းဟု မိန့်တော်မူ၍ အာနန္ဒာမထေရ်သည် တောင်းပန်အပ်သည်ဖြစ်၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။။

www.dhammadownload.com

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် အမည်ရှိသော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် အမတ်မျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် မင်း၏ အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်ဖြစ်၏၊ ထိုအခါ တပါးသောအခါ၌ ထိုမင်းသည် ပစ္စန္တရစ်ကို ခိုးသူတို့သည် ဖျက်ဆီးအပ်၏ဟု ကြား၍ ငါးရာကုန်သော သိန္ဓောအမျိုး ဖြစ်ကုန်သော မြင်းတို့ကို ပြင်စေ၍ အင်္ဂါလေးပါးရှိသော စစ်သည်ဖြင့် သွား၍ ပစ္စန္တရစ်ကို ငြိမ်းစေ၍ ဗာရာဏသီပြည်သို့သာလျှင် ပြန်လာ၍ သိန္ဓောအမျိုး ဖြစ်ကုန်သော မြင်းတို့သည် ပင်ပန်းကုန်၏၊ ထိုသိန္ဓောအမျိုး ဖြစ်ကုန်သော မြင်းတို့အား စိုသော အရသာရှိသည်သာလျှင် ဖြစ်သော မုဒရက်အဖျော်ကို ပေးကုန်လော့ဟု ဆို၍ ပေးစေ၏၊ သိန္ဓောအမျိုးဖြစ်ကုန်သော မြင်းတို့သည် အဦးဖြစ်သော အဖျော်ရည်ကို သောက်ကုန်၍ မြင်းတင်းကုပ်သို့ သွားကုန်၍ မိမိ မိမိတို့၏ နေရာတို့၌ တည်ကုန်၏၊ ထိုသိန္ဓောအမျိုး ဖြစ်ကုန်သော မြင်းတို့အားကား ပေးကြွင်းသည် အရည်နည်းသည်ဖြစ်၍ အဖတ်များသည်ဖြစ်၏၊ လူတို့သည် ဤအကြွင်းကို အသို့ ပြုရကုန်အံ့နည်းဟု မင်းအား လျှောက်ကုန်၏၊ မင်းသည် ရေဖြင့်နယ်၍ သင်ပန်းလျှော်ဖြင့် ရက်အပ်သော အဝတ်နှမ်းဖြင့် စစ်ကုန်၍ အကြင်မြည်းတို့သည် သိန္ဓောအမျိုးဖြစ်ကုန်သော မြင်းတို့အား ရိက္ခာကို မှီရကုန်၏၊ ထိုမြည်းတို့အား ပေးကုန်လောဟု ပေးစေ၏၊ မြည်းတို့သည် မုဒရက်ဖတ်ကို စစ်သောရေကို သောက်ရခြင်းကြောင့် ယစ်ကုန်သည်ဖြစ်၍ ခုန်လွှားပေါက်ကန် ကုန်သောအားဖြင့် မြည်ကုန်လျက် မင်းယင်ပြင်၌ သွားကုန်၏၊ မင်းသည် လေသွန်တံခါးမကိုဘွင့်၍ ကြည့်သည်ရှိသော် မြင်၍ အနီး၌တည်သော ဘုရားလောင်းကို ခေါ်၍ အမတ်ကြီး သင်သည် မြင်၏လော ဤမြည်းတို့သည် မုဒရက်ဖတ်ကို စစ်သော အရည်ကို သောက်ရခြင်းကြောင့် ယစ်ကုန်သည်ဖြစ်၍ ခုန်လွှား ပေါက်ကန် ကုန်သောအားဖြင့် မြည်ကုန်လျက် သွားကုန်၏၊ သိန္ဓော အမျိုး၌ ဖြစ်ကုန်သော သိန္ဓောမြင်းတို့သည်ကား အဦးဖြစ်သော အဖျော်ရည်ကို သောက်ကုန်၍ အသံကင်းကုန်လျက် ငြိမ်သက်စွာ နေကုန်၏။ မမြူးရွင်ကုန်၊ အကြောင်းသည် အသို့နည်းဟု မေးလိုရကား—

၆၅ ဝါလောဒကံ အပပွရသံ နိဟီနံ၊
ပိတ္ဝာ မဒေါ ဇာယတံ ဂဒြဘာနံ။
ဤမံ စ ပိဝိတ္ဝာန ရသံ ပဏီတံ၊
မဒေါ န သံဇာယတိ သိန္ဓဝါနံ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

www.dhammadownload.com

မဟာအမစ္စ၊ အမတ်ကြီး။ ဂဒြဘာနံ၊ မြည်းတို့အား။ နိဟီနံ၊ ယုတ်ထသော။ အပ္ပရဿံ၊ နည်းသော အရသာရှိထသော။ ဝါလေဒကံ၊ သင်ပန်းလျှော်ဖြင့် ရက်အပ်သောအဝတ်နှမ်းဖြင့် စစ်အပ်သောမုဒရက်ရံညှပ်ကို။ ပိတ္ဝာ၊ သောက်ရ၍။ မဒေါ်၊ ယစ်ခြင်းသည်။ဇာယတိ၊ ဖြစ်၏။သိန္ဓဝါနံ စ၊ သိန္ဓဝအမျိုးဖြစ်ကုန်သော မြင်းတို့အားကား။ ပဏ်ဏီတံ၊ မွှန်မြှင်သော။ ဣမံ ရဿံ၊ ဤမုဒရက်အရည်ကို။ ပိဝိတ္ဝာန၊ သောက်၍။ မဒေါ်၊ ယစ်ခြင်းသည်။ နံ သံဇာယတိ၊ ပဖြစ်။ ကိံ နုခေါ် ကာရဏံ၊ အဖကြောင်း အသို့နည်း။

ထိုအခါ ထိုဗြဟ္မဒတ် မင်းအား အကြောင်းကို ကြားလိုပုံကား ဘုရား လောင်းသည်—

၆၆ အပ္ပံ ပိဝိတ္ဝာန နိဟီနဇစ္စော၊
သော မဇ္ဇတိ တေန ဇနိန္ဒ ပုဋ္ဌော။
ဓောရယ္ဟသိလိ စ ကုလမ္ပိ ဇာတော၊
န မဇ္ဇတိ အဂ္ဂရသံ ပိဝိတ္ဝာ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ဇနိန္ဒ၊ လူတို့ကို အစိုးရတော်မူသော မင်းမြတ်။ သော၊ ထိုမြည်းအပေါင်း သည်။ နိဟီနဇစ္စော၊ ယုတ်သော အမျိုးရှိ၏။ တေန၊ ထိုယုတ်သောအမျိုး ရှိသည်၏အဖြစ်ဟု ဆိုအပ်သော သဘောသည်။ ပုဋ္ဌော၊ ကျေးမွေး အပ်သည် ဖြစ်၍။ အပ္ပံ၊ နည်းသော အရသာရှိသော မုဒရက်အဖျော်ကို။ ပိဝိတ္ဝာန၊ သောက်ရ၍။ မဇ္ဇတိ၊ ယစ်၏။ ကုလမ္ပိ၊ မြတ်သော အမျိုး၌။ ဇာတော— ဇာတတ္တာ၊ ဖြစ်သည်၏အဖြစ်ကြောင့်။ ဓောရယ္ဟသိလိ စ၊ ဝန်ကို ဆောင်တတ် သောသဘောနှင့် ပြည့်စုံသော မြင်းအပေါင်းသည်ကား။ အဂ္ဂရသံ၊ ရှေးဦးစွာ ယူအပ်သော မုဒရက် အဖျော်ရည်ကို။ ပိဝိတ္ဝာ၊ သောက်၍။ န မဇ္ဇတိ၊ မယစ်။

ဗြဟ္မဒတ်မင်းသည် ဘုရားလောင်း၏ စကားကို ကြား၍ မြည်းတို့ကို မင်းယင်ပြင်မှ ထုတ်စေ၍ ဘုရားလောင်း၏အဆုံးအမ၌သာလျှင် တည်၍ ဒါန အစရှိကုန်သော ကောင်းမှုတို့ကိုပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော် မူ၍ အာနန္ဒာ ယခုအခါ၌ ဤစားကြောင်းစားတို့သည် ထိုအခါငါးရာ ကုန်သော

www.dhammadownload.com

မြည်းတို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ဤဒါယကာတို့သည် ထိုအခါ ငါးရာကုန်သော သိန္ဓဝအမျိုး ဖြစ်ကုန်သော မြင်းတို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဘူးပြီ၊ ထိုမှတပါး ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ပညာရှိအမတ်ကြီး ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အဖျိုးယုတ်လတ်၊ ကြွေးကြော်တတ်၍၊ မြင့်မြတ်အမျိုး၊ ဇာနည်ဖိုး၊ အဘိုးတန်လှသည်)

သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဝါလောဒကဇာတ်သည် ပြီး၏။

၃၄-ဂိရိဒတ္တဇာတ်

အတုမြင် အတတ်သင်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဒုသီတော ဂိရိဒတ္တော်" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဂိရိဒတ္တဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တပါးသော **ဆန့်ကြင်ဘက် ဖြစ်သော အပေါင်း အဘော်ကို** မှီဝဲသော ရဟန်း ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဤ ဝတ္ထုကို အောက် **မဟိလာမုခဇာတ်*** ၌ ဆိုအပ်ပြီးသည်သာလျှင်တည်း၊ အထူးကား သဗ္ဗညူ မြတ်စွာဘုရားသည် ရဟန်းတို့ ဤရဟန်းသည် ယခုအခါ၌သာလျှင် ဆန့်ကျင်ဘက်ဖြစ်သော အပေါင်းအဘော်ကို မှီဝဲသည် မဟုတ်သေး၊ ရှေး၌လည်း ဤ ရဟန်းသည် ဆန့်ကျင်ဘက်ဖြစ်သော အပေါင်း အဘော်ကို မှီဝဲသလျှင် ကတည်းဟု မိန့်ဆိုတော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ သာမမည်သော မင်းသည် မင်းပြုတော်မူ၏၊ ထိုအခါ ဘုရားလောင်းသည် အမတ်အမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လျှင် ထိုသာမမင်း၏ အကျိုး အကြောင်းကို ဆုံးမတတ်သော အမတ်ဖြစ်၏၊ မင်း၏မင်္ဂလာမြင်းသည် ပဏ္ဍာဝ အမည် ရှိ၏၊ထိုမင်္ဂလာ

---

* မဟိလာမုခဇာတ် ကေကနိပါတ်မှာ ပါသည်။

www.dhammadownload.com

မြင်း၏ မြင်းထိန်းသည် ဂိရိဒတ္တ အမည်ရှိ၏၊ ထိုဂိရိဒတ္တာသည် ခွင်သည် ဖြစ်၏၊ မြင်းသည် နှာရှုပ်ကြိုးဌိကိုင်၍ ရွေ့မှသွားသော ထိုဂိရိဒတ္တာကို မြင့်၍ ဤဂိရိဒတ္တသည် ငါ့ကို သင်၏ဟူသော သဘောအမှတ်ဖြင့် ထိုဂိရိဒတ္တ အတုကျင့်၍ ခွင်သည် ဖြစ်၏၊ ထိုမြင်း၏ ခွင်သည်၏အဖြစ်ကို မင်းအား လျှောက်ကုန်၏၊ မင်းသည် ဆေးသမားတို့ကို စေ၏၊ ထိုဆေးသမားတို့သည် သွားကြကုန်၍ မြင်း၏ကိုယ်၌ အနာကို မမြင်ကုန်သည် ဖြစ်၍ ထိုမြင်း၏ အနာကို မမြင်ကုန်ဟု မင်းအား လျှောက်ကုန်၏၊ မင်းသည် ဘုရားလောင်းကို ပညာရှိ သွား၍, ကြည့်ရှုကုန်လော့၊ ထိုခွင်သည်၏ အဖြစ်၌ အကြောင်းကို စုံစမ်းခေလော့ဟု စေ၏၊ ဘုရားလောင်းသည် သွား၍ ခွင်သော မြင်းထိန်းနှင့် ပေါင်းဘော်ခြင်းကြောင့် ထိုမြင်း၏ ခွင်သော အဖြစ်ကို သိ၍ မင်းအား ထိုအကြောင်းကို ကြား၍ ပေါင်းဘော်ခြင်းကြောင့် ဖြစ်သော အပြစ်မည်သည်ကား ဤသို့ဖြစ်၏ဟု ပြလို ရကား—

၆၇ ဒုသိတော ဂိရိဒတ္တောန၊ ဟယော သာမဿ ပဏ္ဍဝေါ။
ပေါရာဏံ ပကတိ ဟိတ္ဝာ၊ တသော ဝါနုဝိဓိယျတိ။

ဟူသော ရွေးဦးစွာသော ဤဂါထာကို ဆို၏။

ဂိရိဒတ္တောန၊ မြင်းထိန်းဂိရိဒတ်သည်။ ဒုသိတော၊ ဖျက်ဆီးအပ်သည်ဖြစ်၍။ သာမဿ၊ သာမမင်း၏။ ပဏ္ဍဝေါ၊ ပဏ္ဍဝအမည်ရှိသော။ ဟယော၊ မင်္ကလာမြင်းတော်သည်။ ပေါရာဏံ၊ ရှေးဦးဖြစ်သော။ ပကတိ၊ တင့်တယ်စမွယ်စွာသွားခြင်းသဘောကို။ ဟိတ္ဝာ၊ စွန့်၍။ တသော၊ ထိုမြင်းထိန်း ဂိရိဒတ်၏ သာလျှင်။ အနုဝိဓိယျတိ၊ ခွင်သော အတုသို့လိုက်၍ ကျင့်၏။

ထိုအခါ၌ ဘုရားလောင်းကို သာမမင်းသည် ယခုအခါ၌ ထိုမြင်းအား အသို့ပြုအံ့နည်းဟု မေး၏၊ ဘုရားလောင်းသည် ကောင်းသော သွားခြင်းရှိသော မြင်းထိန်းကို ရ၍ ရွေးဦး ကောင်းသကဲ့သို့ ဖြစ်လတ္တံ့ဟု ဆိုလိုရကား—

၆၈ သစေ စ တနုဇော ပေါသော၊ သိခရာကာရကပ္ပိတော။
အာနနေ နံ ဂဟေတ္ဝာန၊ မင်္ကလေ ပရိဝတ္တယေ။
ခိပ္ပမေဝ ယဟန္တွာန၊ တသော ဝါနုဝိဓိယျတိ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

မဟာရာဇ၊ မင်းမြတ်။ တနုဇော၊ ထိုကောင်းသောအကျင့်နှင့် ပြည့်စုံသော မင်းအား လျှော်စ္စာဖြစ်သော။ သိခရာကာရကပ္ပိတော၊ ကောင်းသောအခြင်း အရာအားဖြင့် ပြုပြင်တတ်သော ဆံမုတ်ဆိတ်ရှိသော။ ပေါသော၊ ယောကျ်ား သည်။ နံ၊ ထိုမြင်းတော်ကို၊ အာနနေ၊ နှုတ်သီးကြိုး၌။ **တနည်းကား** အာနနေ၊ နှာရှုပ်ကြိုး၌။ ဂဟေတွာန၊ ကိုင်၍။ မဏ္ဍလေ၊ မြင်းတင်းကုပ်၌။ သစေ ပရိ ဝတ္တယေ၊ အကယ်၍ သွားငြားအံ့။ အသော၊ မြင်းတော်သည်။ **ခိပ္ပမေဝ**၊ လျင်စွာသာလျှင်။ ခဋ္ဌဘာဝံ၊ ခွင်သည်၏အဖြစ်ကို။ ပဟန္တွာန၊ စွန့်၍။ တဿေဝ၊ ထိုတင့်တယ်စွာသော ယောကျ်း၏သာလျှင်။ အနုဝိဓိယျတိ၊ အတုသို့လိုက်၍ ကျင့်လတ္တံ့။

မင်းသည် ထိုဘုရားလောင်းဆိုတိုင်း ပြုစေ၏၊ မြင်းသည် ပြကတေ့သော အဖြစ်၌ တည်၏၊ မင်းသည် တိရစ္ဆာန်တို့၏ အလိုကိုစင်လျက်လည်း သိပေ၏ဟု နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ဘုရားလောင်းအား မျှားစွာသော စည်းစိမ်ကို ပေး၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤမမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ဂိရိဒတ္တ ဖြစ်ဘူးလေပြီ၊ ယခုအခါ ဆန့်ကျင်ဘက်ဖြစ်သော အပေါင်းအဘော်ကို မှီဝဲသော ရဟန်းသည် ထိုအခါ မင်္ဂလာမြင်း ဖြစ်ဘူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ အမတ်ပညာရှိ ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ပတ်ဝန်းကျင်စု၊ မြင်တွေ့မှု၊ အတုလိုက်တတ်စွာ)

လေးခုတို့၏ပြည့်ကြောင်းဖြစ်သော ဂိရိဒတ္တဇာတ်သည် ပြီး၏။

၃၅- အနဘိရတိဇာတ်

ပုဏ္ဏား၏ဗေဒင်ပညာ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သော သမ္မာသ် မြတ်စွာဘုရားသည် "ယထောဒကော အာဝိလေ အပ္ပသန္နေ" အစရှိသောဂါထာ ပုဒ်ဖြင့်တန်ဆာဆင်အပ်သော ဤအနဘိရတိဇာတ်ကို ဇေတဝန်ကျောင်းတော်၌

www.dhammadownload.com

သီတင်းသုံး နေတော်မူစဉ် **မထင်ရှားသော ပုဏ္ဏားဖြစ်သော သတ္တိသား**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ သာဝတ္ထိပြည်၌ တယောက်သော ပုဏ္ဏား ဖြစ်သော သတ္တိသားသည် ဗေဒင်သုံးပုံတို့၏ ကမ်းတဘက်သို့ ရောက်သည်ဖြစ်၍ များစွာသော မင်းသားငယ်တို့ကိုလည်း ပုဏ္ဏားသားငယ်တို့ကိုလည်း ဗေဒင်တို့ကို သင်သတတ်၊ ထိုပုဏ္ဏား လုလင်သည် နောက်အဘို့၌ အိမ်ရာထောင်ခြင်းကို ဖြစ်စေ၍ အဝတ်တန်ဆာ ကျွန်ယောကျ်ား ကျွန်မိန်းမ လယ်ယာကွင်းနွား သားမယား အစရှိသည်တို့၏အကျိုးငှါကြံသည်ရှိသော် ရာဂ, ဒေါသ, မောဟနိုင်ငံသို့ လိုက်သည်ဖြစ်၍ နောက်ကျသောစိတ်ရှိသည်ဖြစ်၏၊ ဗေဒင်တို့ကို အစဉ်အားဖြင့် ပြန်အံ့သောငှါ မစွမ်းနိုင်၊ ထိုမှတ်ပြုမှုလည်း ဗေဒင်တို့သည် မထင်ကုန်၊ ထိုပုဏ္ဏား သည် တနေ့သ၌ များစွာကုန်သော နံ့သာပန်း အစရှိသည်တို့ကို ယူ၍ ဇေတဝန် ကျောင်းတော်သို့ သွားပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးပူဇော်၍ လျှောက်ပတ်စွာ နေ၏၊ မြတ်စွာဘုရားသည် ထိုပုဏ္ဏားနှင့် စကားစေ့စပ်ခြင်းကို ပြုတော်မူ၍ လုလင် သင်သည် ဗေဒင်တို့ကို သင်စေ၏လော၊ သင်သည် ဗေဒင်တို့ကို လေ့ကျက်အပ်ကုန်၏လောဟု မေးတော်မူ၏၊ အရှင်ဘုရား ရှေး၌ အကျွန်ုပ်အား ဗေဒင်တို့သည် နှုတ်တက်ကုန်သည် ဖြစ်ကုန်၏၊ အိမ်ရာထောင်ခြင်းကို ယူသော ကာလမှစ၍ အကျွန်ုပ်၏ စိတ်သည် နောက်ကျ၏၊ ထို့ကြောင့် ယခုအခါ၌ အကျွန်ုပ်အား ဗေဒင်တို့သည် နှုတ်မတက်ကုန်ဟု လျှောက်၏၊ ထိုအခါ၌ ထိုပုဏ္ဏားကိုမြတ်စွာဘုရားသည်လုလင် ယခုအခါ၌သာလျှင် သင်၏စိတ်မနောက် ကျသော ကာလ၌ သင့်အား၊ ဗေဒင်တို့သည် နှုတ်တက်ကုန်သည်ဖြစ်၍ ရာဂ အစရှိသည်တို့ကြောင့် နောက်ကျသောအခါ၌ သင့်အား ဗေဒင်တို့သည် မထင်ကုန်သည်ကား မဟုတ်ကုန်သေး၊ ရှေး၌လည်း သင်၏စိတ် မနောက်ကျသော ကာလ၌ သင့်အား ဗေဒင်တို့သည် နှုတ်တက်ကုန်သည် ဖြစ်ကုန်၏၊ ရာဂအစရှိ သည်တို့ကြောင့် နောက်ကျသောကာလ၌ သင့်အား ဗေဒင်တို့သည် မထင်ကုန်၊ ဤသို့မိန့်တော်မူ၍ ထိုပုဏ္ဏားသည် တောင်းပန်အပ်သည်ဖြစ်၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ပုဏ္ဏား လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုလတ်သော် ဘုရားလောင်းသည် ပုဏ္ဏားသူကြွယ် အမျိုး၌ ဖြစ်လေ၍ အရွယ်သို့ ရောက်သည်ရှိသော် တက္ကသိုလ်ပြည်၌ ဗေဒင်တို့ကို သင်၍ ဒိသာပါမောက္ခဆရာဖြစ်၍ ဗာရာဏသီပြည်၌ များစွာသော မင်းသား တို့ကိုလည်း ပုဏ္ဏားသားတို့ကိုလည်း ဗေဒင်တို့ကို သင်စေ၏၊ ထိုဘုရားလောင်း၏

www.dhammadownload.com

အထံ၌ တယောက်သော ပုဏ္ဏားလုလင်သည် ဗေဒင်သုံးပုံတို့ကို လေ့ကျက်၏၊ တပုဒ်မျှလည်း ယုံမှားခြင်းမရှိသော ဆရာငယ်ဖြစ်၍ ဗေဒင်တို့ကို သင်စေ၏၊ ထိုပုဏ္ဏားသည် နောင်အခါ၌ အိမ်ထောင်ခြင်းကိုပြု၍ အိမ်ထောင်မှုကိုကြံသဖြင့် နောက်ကျသော စိတ်ရှိသည် ဖြစ်၍ ဗေဒင်တို့ကို ပြန်အံ့သောငှါ မစုံမီးနိုင်၊ ထိုအခါ၌ ဆရာသည် မိမိ၏အထံသို့လာသော ထိုပုဏ္ဏားကို လုလင် သင်သည် ဗေဒင်တို့ကို လေ့ကျက်အပ်၏လော၊ ဤသို့မေး၍ ဆရာ အိမ်ရာထောင်ခြင်းကို ယူသော ကာလမှစ၍ အကျွန်ုပ်စိတ်သည် နောက်ကျသော သဘောရှိသည် ဖြစ်၍ အကျွန်ုပ်သည် ဗေဒင်တို့ကို ပြန်အံ့သောငှါ မစုံမီးနိုင်ပါဟု ဆိုသည် ရှိသော် ချစ်သား စိတ်သည်နောက်ကျသည်ရှိသော် ေလ့ကျက် အပ်သော်လည်း ဗေဒင်တို့သည် မထင်ကုန် စိတ်သည် မနောက်ကျသည်ရှိသော်ကား မထင်သော မည်သည် မရှိ၊ ဤသို့ ဆိုလိုရကား—

၆၉ ယထောဒကေ အာဝိလေ အပ္ပသန္နေ၊
ဝ ဝဝ
န ပဿတိ သပ္ပိကသမ္မုကဉ္စ။
သက္ခရံ ဝါလုကံ မစ္ဆဂုမ္ဗံ၊
ဧဝံ အာဝိလမ့ိ စိတ္တေ။
န သော ပဿတိ အတ္တ ဒတ္ထံ ပရတ္ထံ။

၇၀ ယထောဒကေ အစ္ဆေ ဝိပ္ပသန္နေ၊
သော ပဿတိ သိပ္ပိကသမ္မုကဉ္စ။
သက္ခရံ ဝါလုကံ မစ္ဆဂုမ္ဗံ၊
ဧဝံ အနာဝိလမ့ိ စိတ္တေ။
သော ပဿတိ အတ္တဒတ္ထံ ပရတ္ထံ။

ဟူသော ဤဂါထာတို့ကို ရွတ်၏။

တာတ၊ ချစ်သား။ ဥဒကေ၊ ရေသည်။ အာဝိလေ၊ နောက်ကျသည် ရှိသော်။ အပ္ပသန္နေ၊ မကြည်လင်သည်ရှိသော်။ သိပ္ပိကသမ္မုကဉ္စ၊ ငယောက်သွား ခရုကိုငင်း။ သက္ခရဉ္စ၊ ကျောက်စရစ်ကိုငင်း။ ဝါလုကဉ္စ၊ သဲကိုငင်း။ မစ္ဆဂုမ္ဗဉ္စ၊ ငါးအပေါင်းကိုငင်း။ န ပဿတိ ယထာ၊ မမြင်သကဲ့သို့။ ဧဝံ-တထာ၊ ထို့အတူ။ စိတ္တေ၊ စိတ်သည်။ အာဝိလမ့ိ၊ နောက်ကျသည်ရှိသော်။ အတ္တဒတ္ထံ၊ ပိမိအကျိုး စီးပွားကိုငင်း။ ပရတ္ထံ၊ သူတပါး အကျိုး စီးပွားကိုငင်း။ သော ပုရိသော၊ ထိုယောကျ်ားသည်။ န ပဿတိ၊ မမြင်။

www.dhammadownload.com

တာတာ၊ ချစ်သား။ ဥဒကော၊ ရေသည်။ အစ္ဆော၊ ကြည်သည်ရှိသော်။ ဝိပ္ပသန္နော၊ အထူးသဖြင့် ကြည်သည်ရှိသော်။ သော ပုရိသော၊ ထိုယောက်သ္ဒားအစသည်ကို ရှာသော ယောကျ်ားသည်။ သိပ္ပိကသမ္မုကဉ္စ၊ ယောက်သ္ဒား ခရုကိုငင်း။ သက္ခရဉ္စ၊ ကျောက်စရစ်ကိုငင်း။ ဝါလုကဉ္စ၊ သဲကိုငင်း။ မစ္ဆကုမ္မဉ္စ၊ ငါးအပေါင်းကိုငင်း။ ပဿတိ ယထာ၊ မြင်သကဲ့သို့။ ဧဝံ-တထာ၊ ထို့အတူ။ စိတ္တေန၊ စိတ်သည်။ အနာဝိလမို့၊ မနောက်ကျသည်ရှိသော။ သော ပုရိသော၊ ထိုအကျိုးစီးပွားကိုရှာသော ယောကျ်ားသည်။ အတ္တဒတ္ထဉ္စ၊ မိမိအကျိုးစီးပွားကိုငင်း။ ပရတ္တာဉ္စ၊ သူတပါးအကျိုးစီးပွားကိုငင်း။ ပဿတိ၊ မြင်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤအတိတ်ကို ဆောင်တော် မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ ပုဏ္ဏားဖြစ်သော သတို့သားသည် သောတာပတ္တိဖိုလ်၌တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား လုလင် ယခုအခါ ဤလုလင်သည်လျှင် ထိုအခါ လုလင် ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ဒိသာပါမောက္ခဆရာ ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(သိပ္ပခေါင်ဖျား၊ တတ်မြောက်ငြား၊ စိတ်ထားနောက်ကျ ပျက်စီးမှု)

ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော အနဘိရတိဇာတ်သည် ပြီး၏။

---

၃၆. ဒဓိဝါဟနဇာတ်

လက်နက်စုံမ်း လေးပါး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္မာသ်ု မြတ်စွာဘုရားသည် "ဝဏ္ဏဂန္ဓရသူပေတော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒဓိဝါဟနဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ဆန့်ကျင်ဘက် ဖြစ်သော အပေါင်းအဘော်ကို မှီဝဲ**

---

၁ ဇေတဝန်ကျောင်းတော်၌ (သျှာ၊က)

www.dhammadownload.com

သောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဝတ္ထုကို အောက်၌ ဆိုအပ်ပြီး သလျင်ကတည်း၊ အထူးကား မြတ်စွာဘုရား သည် ရဟန်းတို့ သူတော်မဟုတ် သူယုတ်တို့နှင့် ပေါင်းဘော်ခြင်းမည်သည် ယုတ်မာ၏၊ အကျိုးမဲ့ကို ပြုတတ်သည် သာလျင်တည်း၊ ထိုစကား၌ လူဖြစ်၍ ဖြစ်ကုန်သော သူတို့၏ သူယုတ်မာတို့နှင့် ပေါင်းဘော်ခြင်း၏ အကျိုးမဲ့ကို ပြုသည်၏ အဖြစ်၌ကား အဘယ်ဆိုဘွယ် ရှိအံ့နည်း၊ ရှေး၌ကား သာယာဘွယ်မရှိသော ချိုခြင်းကင်းသော တမာပင်နှင့် တကွ ပေါင်းဘော်ခြင်းကိုစွဲ၍ နတ်တို့၌ဖြစ်သော အရသာနှင့် တူသော ချိုသော အရသာရှိသော စိတ်မရှိသော သရက်ပင် စင်လျက်လည်း အချိုကင်းသည်ဖြစ်၍ ခါးသည်ဖြစ်၏ဟု မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုလတ်သည်ရှိသော် ကာသိကတိုင်း၌ ညီနောင်ဖြစ်ကုန်သော လေးယောက်ကုန်သော ပုဏ္ဏားတို့သည် ရသေ့ရဟန်းပြုကုန်၍ ဟိမဝန္တာအရပ်၌ အစဉ်အားဖြင့် ကျောင်းကိုဆောက်၍ နေကုန်၏၊ ထိုလေးပါးကုန်သော ရသေ့တို့တွင် အစ်ကိုကြီး ရသေ့သည် စုတေ၍ သိကြားမင်း အဖြစ်သို့ ရောက်၏၊ ထိုသိကြားမင်းသည် ထိုအကြောင်းကို သိ၍ အကြား အကြား၌ ခုနစ်ရက် ရှစ်ရက်လွန်သဖြင့် ညီငယ်ရသေ့တို့၏ အထံသို့ သွားသည်ရှိသော် တနေ့သ၌ ရသေ့ကြီးကို ရှိခိုး၍ လျောက်ပတ်စွာ နေ၍ အရှင်ဘုရား အရှင်ဘုရားအား အဘယ်ဝတ္ထုဖြင့် အလိုရှိသနည်းဟု မေး၏၊ ရသေ့သည် ဖြေတော့နာ စွဲသည်ဖြစ်၍ ငါ့အား မီးဖြင့် အလိုရှိ၏ဟု ဆို၏၊ ထိုသိကြားမင်းသည် ထိုစကားကို ကြား၍ ထိုရသေ့ကြီးအား ပဲခွပ်ပါ ပုဆိန်ကိုပေး၏၊ပဲခွပ်ပါ ပုဆိန်မည်သည်ကား အရိုးတပ်သည်၏ အစွမ်းအားဖြင့် ပဲခွပ်သည်လည်း ဖြစ်၏၊ ပုဆိန်သည်လည်း ဖြစ်၏၊ ရသေ့သည် ဤပဲခွပ်ပါ ပုဆိန်ကိုယူ၍ ငါ့ဘို့ အဘယ်သူသည်ထင်းတို့ကို ဆောင်လတ္တံ့နည်းဟုဆို၏၊ ထိုအခါ၌ ထိုရသေ့ကို သိကြားမင်းသည် ဤသို့ ဆို၏၊ အဘယ်သို့ ဆိုသနည်းဟူမူကား အရှင်ဘုရား အကြင်အခါ၌ အရှင်ဘုရား အား ထင်းတို့ဖြင့် အလိုတော်ရှိသည်ဖြစ်အံ့၊ ဤပဲခွပ်ရဖြစ်သော ပုဆိန်ကို အရှင်ဘုရားသည် လက်ဖြင့်ခတ်၍ ငါ့ဘို့ ထင်းတို့ကိုဆောင်၍ မီးကိုပြုလော့ ဤသို့ ဆိုတော်မူလော့၊ ထိုအခါ၌ ထင်းတို့ကိုဆောင်၍ မီးကို ညှိ၍ ပေးလတ္တံ့ဟု ဆို၍ ထိုရသေ့ကြီးအား ပဲခွပ်ရပုဆိန်ကို ပေး၍ အလတ်ဖြစ်သော ရှင်ရသေ့သို့လည်း ကပ်၍ အရှင်ဘုရား အရှင်ဘုရားအား အဘယ်ဝတ္ထုဖြင့် အလိုတော်

www.dhammadownload.com

ရှိသနည်းဟု မေး၏၊ ထိုရသေ့ကျောင်း၏အနီး၌ ဆင်တို့၏ သွားရာလမ်းသည် ဖြစ်၏၊ ထိုရသေ့သည် ဆင်တို့သည် နှိပ်စက်အပ်သည်ဖြစ်၍ ငါ့အား ဆင်တို့၏ အစွမ်းအားဖြင့် ဆင်းရဲခြင်းသည် ဖြစ်၏၊ ထိုဆင်တို့ကို ပြေးစေလော့ဟု ဆို၏၊ သိကြားသည် ထိုရသေ့အား စည်တလုံးကိုကပ်၍ အရှင်ဘုရား ဤဘက် အပြင်ကို တီးသည်ရှိသော် အရှင်ဘုရားတို့၏ ရန်သူတို့သည် ပြေးကုန်လတ္တံ့၊ ဤဘက်အပြင်ကို တီးသည်ရှိသော်ကား မေတ္တာစိတ်ရှိကုန်သည် ဖြစ်၍ အင်္ဂါလေးပါးရှိကုန်သော စစ်သည်တို့သည် ခြံရံလာကုန်လတ္တံ့၊ ဤသို့ဆို၍ စည်ကို ပေးပြီးသော် ညီငယ်ရသေ့ အထံသို့ သွား၍ အရှင်ဘုရား အရှင်ဘုရားအား အဘယ်ဝတ္ထုဖြင့် အလိုရှိသနည်း ဤသို့ မေး၏၊ ထိုရသေ့ငယ်သည်လည်း ဖြောတောနာစဲ့သော ဓာတ်ရှိသလျှင်ကတည်း၊ ထို့ကြောင့် ငါအား နို့ဓမ်းဖြင့် အလိုရှိ၏ ဤသို့ဆို၏၊သိကြားသည် ထိုရသေ့ငယ်အား တလုံးသော နို့ဓမ်းအိုးကို ပေး၍ အရှင်ဘုရားတို့သည် အလိုရှိကုန်သည်ဖြစ်၍ ဤနို့ဓမ်းကို အဘယ်၍ သွန်ကုန်သည်ဖြစ်အံ့ မြစ်ကြီးဖြစ်၍ မျှားစွာရေအယဉ်ကို ဖြစ်စေ၍ အရှင်ဘုရား တို့အား မင်းအဖြစ်ကို ယူ၍ ပေးအံ့သောငှါ စွမ်းနိုင်သည် ဖြစ်လတ္တံ့ ဤသို့ဆို၍ သွား၏၊ထိုအခါမှစ၍ ပဲခွပ်ရပုဆိန်သည် အစ်ကိုကြီးဖြစ်သော ရသေ့၏အကျိုးငှါ မီးကိုပြု၏၊ အလတ်ဖြစ်သော ရသေ့သည် စည်အပြင်ကို တီးသည်ရှိသော် ဆင်တို့သည် ပြေးကုန်၏၊ ရသေ့ငယ်သည် နို့ဓမ်းကို ဘဉ်းပေး၏။

ထိုကာလ၌ တခုသော ဝက်သည် ရှေး၌ ရွာတည်ဘူးသော တခုသော အရပ်၌ ကျက်စားသည်ရှိသော် အာနုဘော်နှင့် ပြည့်စုံသော ပတ္တမြားတုံးကို မြင်လေ၏၊ ထိုဝက်သည် ထိုပတ္တမြားတုံးကို နှုတ်သီးဖြင့် ကိုက်၍ ထိုပတ္တမြား၏ အာနုဘော်အားဖြင့် ကောင်းကင်၌ ပျံ၍ သမုဒ္ဒရာ၏အလယ်၌ ကျွန်းငယ်တခုသို့ ရောက်၍ ယခုအခါ ဤကျွန်း၌ ငါသည် နေခြင်းငှါ သင့်၏ဟု ဆင်းသက်၍ ချမ်းသာရာအရပ်၌ တခုသော ရေသဖန်းပင်၏ အောက်၌ နေခြင်းကို ပြု၏၊ ထိုဝက်သည် တနေ့သ၌ ထိုသဖန်ပင်ရင်းတွင် ပတ္တမြားတုံးကို ရွှေမှထား၍ အိပ်ပျော်ခြင်းသို့ ရောက်၏၊ ထိုအခါကာသိကတိုင်း၌နေသော တယောက်သော လူသည် ဤသူကား ငါတို့အား ကျေးဇူးပြုခြင်းမည်သည် မရှိဟု မိဘတို့သည် အိမ်မှနှင်ထုတ်အပ်သည်ဖြစ်၍ တခုသောသဘော်ဆိပ်ရွာသို့ရောက်၍ လှေသူကြီး တို့၏ အမှုအလုပ်ဖြစ်၍ လှေကိုစီး၍ သွားသည် ရှိသော် သမုဒ္ဒရာ၏အလယ်၌ လှေသည် ပျက်စီးသဖြင့် ပျဉ်၌စီးလျက် ထိုကျွန်းသို့ရောက်၍ သစ်သီးကြီးငယ်

---

၁ မစင် အညစ်အကြေးတို့၏ အစွမ်းဖြင့် (က)

www.dhammadownload.com

တို့ကို ရှာသည်ရှိသော် အိပ်ပျော်လျက် နေသော ထိုဝက်ကို မြင်၍ သာယာစွာ သွားလျက် ပတ္တမြားတုံးကို ယူ၍ ထိုပတ္တမြားတုံး၏ အာနုဘော် အားဖြင့် ကောင်းကင်သို့ ပျံတက်၍ ရေသဖန်းပင်၌ နေလျက် ဤသို့ကြံ၏၊ ဤဝက်သည် ဤပတ္တမြားတုံး၏ အာနုဘော် အားဖြင့် ကောင်းကင်ခရီးဖြင့် ပျံသွား၍ ဤအရပ်၌နေယောင်တကား၊ ငါသည်လည်း ရှေးဦးစွာ ဤဝက်ကို သတ်ပြီးလျှင် အသားကိုစား၍ တဖန်ပျံအံ့သောငှါသင့်၏ဟု ကြံပြီးသော်ထိုသူသည် တခုသော တုတ်လုံတန်ကိုချိုး၍ ထိုဝက်ဦးခေါင်းပေါ်သို့ ချလိုက်၏၊ ဝက်သည် နှိုးလတ်၍ ပတ္တမြားတုံးကို မမြင်သည်ရှိသော် တုန်လှုပ်သော စိတ်ရှိသည်ဖြစ်၍ ထိုမှဤမှ ပြေး၍သွား၏၊ ရေသဖန်းပင်၌ နေသော ယောကျ်ားသည် ရယ်၏၊ ဝက်သည် ကြည့်လတ်သည်ရှိသော် ထိုယောကျ်ားကို မြင်၍ ရေသဖန်းပင်ကို ဦးခေါင်းဖြင့် တိုက်၍ ထိုအရပ်၌သာလျှင် သေ၏။

ထိုယောကျ်ားသည် ရေသဖန်းပင်မှ ဆင်းသက်၍ မီးကိုညှိပြီးလျှင် ထိုဝက်၏ အသားကို ကင်၍ စားသောက် ပြီးလတ်သော် အထက်သို့ ပျံတက်၍ ကောင်းကင်ခရီးဖြင့် သွားသောအခါ ဟိမဝန္တာ၏ အပေါ်သို့ ရောက်သဖြင့် သခ်ၤမ်းကိုမြင်၍ အစ်ကိုကြီးဖြစ်သော ရသေ့၏သခ်ၤမ်း၌ သက်၍ နှစ်ရက် သုံးရက် နေလျက် ရသေ့အား ဝတ်ကြီးဝတ်ငယ်ကို ပြု၏၊ ပဲခွပ်ရဖြစ်သော ပုဆိန်၏အာနုဘော်ကိုလည်း မြင်၏၊ ထိုယောကျ်ားသည် ဤပဲခွပ်ရပုဆိန်ကို ငါသည် ယူအံ့သောငှါ သင့်၏ဟု ကြံ၍ ပတ္တမြားတုံး၏ အာနုဘော်ကို ရသေ့အား ပြပြီးသော် အရှင်ဘုရား ဤပတ္တမြားတုံးကို ယူ၍ အကျန်ပဲ့အား ပဲခွပ်ရဖြစ်သော ပုဆိန်ကို ပေးပါလော့ဟု ဆို၏၊ ရသေ့သည် ကောင်းကင်ခရီးဖြင့်သွားလိုရကား ထိုပတ္တမြားတုံးကိုယူ၍ ပဲခွပ်ရဖြစ်သောပုဆိန်ကိုပေး၏၊ထိုယောကျ်ားသည် ပဲခွပ်ရဖြစ်သော ပုဆိန်ကိုယူ၍ အတန်ငယ်သွားပြီးသော် ပဲခွပ်ရဖြစ်သောပုဆိန်ကို ခတ်၍ အိုပဲခွပ်ရဖြစ်သောပုဆိန်ရသေ့ဦးခေါင်းကိုဖြတ်ပြီးလျှင် ပတ္တမြားတုံးကို ဆောင်ယူခဲ့လော့ဟု ဆို၏၊ ထိုပဲခွပ်ရပုဆိန်သည် သွား၍ ရသေ့၏ဦးခေါင်းကို ဖြတ်ပြီးလျှင် ပတ္တမြားတုံးကို ဆောင်ယူခဲ့၏၊ ထိုယောကျ်ားသည် ပဲခွပ်ရပုဆိန်ကို ဖုံးကွယ်ရာ အရပ်၌ထား၍ အလတ်ဖြစ်သောရသေ့ထံသို့ သွား၍ နှစ်ရက်သုံးရက် နေပြီးလျှင် စည်၏အာနုဘော်ကို မြင်သဖြင့် ပတ္တမြားတုံးကို ပေး၍ စည်ကို ယူပြီးသော် ရှေးနည်းဖြင့်သာလျှင် ထိုအလတ်ဖြစ်သော ရသေ့၏ ဦးခေါင်းကို ဖြတ်စေ၍ အငယ်ဖြစ်သော ရသေ့အထံသို့ ကပ်ပြီးသော် နို့ဓမ်းအိုး၏ အာနုဘော်ကို မြင်ခြင်းကြောင့် ပတ္တမြားတုံးကိုပေး၍ နို့ဓမ်းအိုးကို ယူပြီးလျှင် ရှေးနည်းဖြင့်

www.dhammadownload.com

သာလျှင် ထိုရသေ့ငယ်၏ ဦးခေါင်းကို ဖြတ်စေ၍ ပတ္တမြားတုံးကိုငင်း ပဲခဉ်ရ ဖြစ်သော ပုဆိန်ကိုငင်း စည်ကိုငင်း နို့ဓမ်းအိုးကိုငင်း ယူ၍ ကောင်းကင်သို့ ပျံသွားပြီးသော် ဗာရာဏသီပြည်၏ မနီးမဝေး ဖြစ်သော အရပ်၌ တည်၍ ဗာရာဏသီမင်းအား ပြည်ကိုတည်း ပေးမည်လော၊ စစ်ထိုးခြင်း ကိုတည်း ပေးမည်လောဟု ယောကျ်ားတယောက်၏လက်၌ မှာစာကို သ့လိုက်၏။

မင်းသည် သတင်းစကားကို ကြား၍ ခိုးသူကို ဖမ်းအံ့ဟူ၍ မြို့မှထွက်၏၊ ထိုယောကျ်ားသည် စည်တဘက်အပြင်ကိုတီး၏၊ အင်္ဂါလေးပါးရှိသော စစ်သည် ခြံရုံစေ၏၊ဗာရာဏသီမင်း၏လှမ်းမိုးသည်၏အဖြစ်ကို သိ၍ နို့ဓမ်းအိုးကိုသွန်သည် ရှိသော် မြစ်ကြီးဖြစ်၍ လူများသည် နို့ဓမ်းမြစ်၌ နှစ်မှန်း၍ ထွက်အံ့သောငှါ မစွမ်းနိုင်၊ ပဲခဉ်ရဖြစ်သော ပုဆိန်ကိုခတ်၍ မင်း၏ဦးခေါင်းကိုဆောင်ချေလော့ဟု ဆို၏၊ ပဲခဉ်ရဖြစ်သော ပုဆိန်သည် သွား၍ မင်း၏ဦးခေါင်းကိုဆောင်ယူပြီးလျှင် ခြေရင်း၌ချ၏၊ တယောက်သော သူသည်မျှလည်း လက်နက်ကို ချီအံ့သောငှါ မစွမ်းနိုင်၊ ထိုယောကျ်ားသည် များစွာသော အခြံအရံဖြင့် ခြံရုံလျက် မြို့သို့ ဝင်ပြီးသော် အဘိသိက် ခံခြင်းကိုပြု၍ ဒဓိဝါဟန အမည်ရှိသော မင်းဖြစ်၍ တရားနှင့်ညီသဖြင့် မင်းပြု၏။

တနေ့သ၌ ထိုဒဓိဝါဟန မင်းသည် မြစ်ကြီး၌ ကြုတ်သဘုယ် ဖြစ်သော ကွန်ဖြင့် ကစားစဉ် ကဏ္ဍာမုဏ္ဍာအိုင်မှ နတ်တို့၏ အသုံးအဆောင် ဖြစ်သော တလုံးသော သရက်သီးမှည့်သည် မျောလာ၍ ကွန်၌ ငြိ၏၊ ကွန်ကို ချီကုန်သောသူတို့သည် ထိုသရက်သီးကို မြင်ကုန်၍ မင်းအား ဆက်သကုန်၏၊ ထိုသရက်သီးသည် အိုးစရည်း ပမာဏရှိ၏၊ လုံးဝန်း၏၊ ရှေအဆင်းနှင့် တူသော အဆင်းရှိ၏၊ မင်းသည် ဤသစ်သီးကား အဘယ်မည်သော သစ်သီးနည်းဟု မုဆိုးတို့ကို မေး၍ သရက်သီးတည်းဟု ပြန်ကြားသဖြင့် သုံးဆောင်လေ၍၊ ထိုသရက်သီး၏အစေ့ကို မိမိ ဥယျာဉ်၌ စိုက်စေ၍ နို့ရည်ရေဖြင့် သွန်းစေ၏၊ သရက်ပင်သည် ဖြစ်လတ်၍ သုံးနှစ်မြောက်၌ အသီးကို ပေး၏၊ ထိုသရက်ပင်အား များစွာသော ပူဇော်သက္ကာရသည်ဖြစ်၏၊ နို့ရည်ဖြင့် သွန်းလောင်းကုန်၏၊ နံ့သာ အစရှိသည်တို့ဖြင့် လိမ်းကျံခြင်း ပန်းဆိုင်း အစရှိသည်တို့ဖြင့် ဆွဲခြင်း မွှေးကြိုင်သော ဆီဖြင့် ဆီမီးညှိထွန်းခြင်း ပုဆိုးတင်းတိမ်ဖြင့် ကာရံခြင်း တို့ကို ပြုကုန်၏၊ အသီးတို့သည် ချို့သော အရသာ ရှိကုန်၏၊ ရှေအဆင်းနှင့် တူသော အဆင်းရှိကုန်၏၊ ဒဓိဝါဟနမင်းသည် တပါးကုန်သော မင်းတို့အား

www.dhammadownload.com

သရက်သီးကို ပို့စေသည် ရှိသော် အစေ့မှ အပင် ဖြစ်လတ္တံ့သည်မှ စိုးသောကြောင့် အညှန့်ဖြစ်ရာ အရပ်ကို အဆိပ်ရှိသော အရိုးဖြင့် ထိုး၍ ပို့စေ၏၊ ထိုမင်းအား သရက်သီးကိုစား၍ အစေ့ကို စိုက်ပျိုးခြင်းငှါ မတတ်ကောင်းရကား ထိုမင်းတို့သည် ကျိအရပ်၌ အကြောင်းသည် အသို့နည်းဟု မေးကုန်သည် ရှိသော် ထိုအကြောင်းကို သိကုန်၏။

ထိုအခါ တယောက်သောမင်းသည် ဥယျာဉ်စောင့်ကို ခေါ်၍ ဒဓိဝါဟနမင်း၏ သရက်သီးတို့၏ အရသာကို ဖျက်၍ ခါးသည်၏အဖြစ်ကို ပြုအံ့သောငှါ သင်သည် စွမ်းနိုင်လတ္တံ့လောဟု မေး၍ မင်းမြတ် အကျွန်ုပ်သည် စွမ်းနိုင်ပါ၏ဟု ဆိုသည်ရှိသော် ထိုသို့တပြီးကား သွားလေလော့ဟု ဆို၍ တထောင်သော ဥစ္စာကိုပေး၍ စေလိုက်၏၊ ထိုဥယျာဉ်စောင့်သည် ဗာရာဏသီပြည်သို့ သွား၍ တယောက်သော ဥယျာဉ်စောင့် လာ၏ဟု မင်းအား ကြားစေ၍ ထိုဒဓိဝါဟနမင်းသည် ခေါ်အပ်သည်ဖြစ်၍ မင်း၏အထံသို့ သွားပြီးလျှင် ရှိခိုးလျက် လျောက်ပတ်သောအရပ်၌နေ၏၊ မင်းသည် ဥယျာဉ်စောင့်ဟူသည် သင်လောဟု မေးသည်ရှိသော် မင်းမြတ် မှန်၏ဟု ဆို၍ မိမိအစွမ်းကို ပြောဆို၏၊ ဒဓိဝါဟနမင်းသည် သွားချေလော့၊ ငါတို့၏ ဥယျာဉ်စောင့်အထံ၌ နေလော့ဟု ဆို၏၊ ထိုအခါမှစ၍ နှစ်ယောက်သော ထိုသူတို့သည် ဥယျာဉ်ကို ပြုပြင်ကြကုန်၏၊ ရောက်သစ်စဖြစ်သော ဥယျာဉ်စောင့်သည် အခါမဲ့ ဖြစ်ကုန်သော ပန်းတို့ကို ကောင်းစွာ ပွင့်စေလျက် အခါမဲ့ဖြစ်ကုန်သော အသီးတို့ကို သီးစေလျက် ဥယျာဉ်ကို မွေ့လျော်ဘွယ်ရှိသည်ကိုပြု၏၊ ဒဓိဝါဟနမင်းသည် ထိုရောက်သစ်စဖြစ်သော ဥယျာဉ်စောင့်အား ကြည်ညို၍ ဥယျာဉ်စောင့်ဟောင်းကို ထုတ်လိုက်၍ ထိုရောက်သစ်စဖြစ်သော ဥယျာဉ်စောင့်အားသာလျှင် ဥယျာဉ်ကိုပေး၏၊ ထိုဥယျာဉ်စောင့်သည် ဥယျာဉ်၏ မိမိလက်သို့ ရောက်သည်၏ အဖြစ်ကို သိ၍ သရက်ပင်ကို ခြံရံ၍ တမာပင်တို့ကိုဝင်း ခွေးတောက်နွယ်တို့ကိုဝင်း စိုက်ပျိုး၏၊ အစဉ်သဖြင့် တမာပင်တို့သည်ကြီးကုန်၏၊ တမာမြစ်တို့နှင့် သရက်မြစ်တို့သည်ဝင်း တမာခက်နှင့် သရက်ခက်တို့သည်ဝင်း ရောနှော ထွေးရှက်ခြင်း ဖြစ်ကုန်၏၊ သာယာအပ်သော အရသာမရှိသော ချိုသော အရသာကင်းသော ထိုတမာပင်နှင့် ရောနှောခြင်းကြောင့်လျှင် ချိုသော အသီးရှိသော သရက်ပင်သည် တမာရွက်နှင့်တူသော အရသာရှိသည်ဖြစ်၍ ခါးခြင်းသို့ ရောက်၏၊ ထိုဥယျာဉ်စောင့်သည် သရက်သီးတို့၏ ခါးသည်၏အဖြစ်ကို သိ၍ ပြေးလေ၏။

ဒဓိဝါဟနမင်းသည် ဥယျာဉ်သို့ သွား၍ သရက်သီးကို စားသည်ရှိသော် ခံတွင်း၌ သွင်းအပ်သော သရက်ရည် အရသာသည် တမာရည်တို့ကဲ့သို့ ဖြစ်၍

www.dhammadownload.com

မျိုအံ့သောဌါ မတတ်ကောင်းရကား ဟက်၍ ထွေး၏၊ ထိုအခါ ဘုရားလောင်းသည် ဒဓိဝါဟနမင်း၏ အကျိုးအဲကြောင်းကို ဆုံးမတတ်သော့ဲ အမတ်သည်ဖြစ်၏၊ ဒဓိဝါဟနမင်းသည် ဘုရားလောင်းကို ခေါ်၍ ပညာရှိ ဤသရက်ပင်အား ရှေးဦးဖြစ်သော ပူဇော်သက္ကာရမှု ယုတ်ခြင်းသည် မရှိ၊ ဤသို့ ဖြစ်လျက်လည်း ထိုသရက်ပင်၏ အသီးသည် ခါး၏၊ အကြောင်း အဘယ်နည်းဟု မေးလိုရကား—

၇၁ ဝဏ္ဏဂန္ဓရသူပေတော၊ အမ္မောယံ အဟုဝါ ပုရေ။
တမေဝ ပူဇံ လဘမာနော၊ ကေနမ္မော ကဋုကပ္ဖလော။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။။

ပဏ္ဍိတ၊ ပညာရှိ။ အယံ အမ္မော၊ ဤသရက်ပင်သည်။ ပုရေ၊ ရှေးဦး။ ဝဏ္ဏဂန္ဓရသူပေတော၊ အဆင်း အနံ့ အရသာနှင့် ပြည့်စုံသည်။ အဟုဝါ၊ ဖြစ်သလျှင်ကတည်း။ ဣဒါနိ၊ ယခုအခါ၌။ တမေဝ ပူဇံ၊ ထိုရှေးဦး ပြုမြဲတိုင်းဖြစ်သော ပူဇော်ခြင်းကိုသာလျှင်။ လဘမာနော၊ ရပါလျက်။ အမ္မော၊ သရက်သည်။ ကေန၊ အဘယ့်ကြောင့်။ ကဋုကပ္ဖလော၊ ခါးသောအသီးရှိလေသနည်း။

ထိုအခါ၌ ဒဓိဝါဟန မင်းအား အကြောင်းကို ကြားလိုရကား ဘုရားလောင်းသည်-

၇၂ ပုစိမန္ဒပရိဝါရော၊ အမ္မော တေ ဒဓိဝါဟန၊
မူလံ မူလေန သံသဋ္ဌံ၊ သာခါ သာခါ နိသေဝရေ။
အသာတသန္နိဝါသေန၊ တေနမ္မော ကဋုကပ္ဖလော။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။။

ဒဓိဝါဟန၊ နို့ဓမ်းတည်းဟူသော စစ်သည်ဗိုလ်ပါရှိသော မင်းမြတ်။ တေ၊ အရှင်မင်းမြတ်၏။။ အမ္မော၊ မင်္ဂလာ သရက်တော်သည်။ ပုစိမန္ဒပရိဝါရော၊ တမာပင်တည်းဟူသော အခြံအရံရှိ၏။။ မူလံ၊ သရက်ပင်၏ အမြစ်သည်။ မူလေန၊ တမာပင်၏အမြစ်နှင့်။ သံသဋ္ဌံ၊ နှီးနှော၏။။ သာခါ၊ တမာပင်၏ အခက်တို့သည်။ သာခါ၊ သရက်ပင်၏အခက်တို့ကို။ နိသေဝရေ၊ မှီဝဲကုန်၏။။ အသာတသန္နိဝါသေန၊ မချိုကုန်သော တမာပင်တို့နှင့် ပေါင်းဘော်ခြင်းတည်းဟူသော။ တေန ကာရဏေန၊ ထိုအကြောင်းကြောင့်။ အမ္မော၊သရက်ပင်သည်။ ကဋုကပ္ဖလော၊ ခါးသော အသီးရှိ၏။။

www.dhammadownload.com

ဒဓိဝါဟနမင်းသည် ဘုရားလောင်း၏ စကားကို ကြား၍ အမြစ်နှင့်တကွ တမာပင် ခွေးတောက်နွယ်တို့ကို ဖြတ်စေ၍ ထက်ဝန်းကျင်မှ မချိုသော မြေမှုန့်တို့ကို ပယ်စေ၍ ချိုသောမြေမှုန့်တို့ကို တည်စေပြီးလျှင် နို့ရည်ရေ, သကာရေ, နှံသာရေတို့ဖြင့် သရက်ပင်ကို ပြုပြင်စေ၏၊ ထိုသရက်ပင်သည် ချိုသောအရသာရှိသော ဝတ္ထုနှင့် ပေါင်းဘော်ရပြန်သောကြောင့် တဖန် ချိုသော အသီးရှိသည် သာလျှင် ဖြစ်၏၊ ဒဓိဝါဟနမင်းသည် ပြကတေ့သော ဥယျာဉ်စောင့် အားသာလျှင် ဥယျာဉ်ကို ဆောင်နှင်းသဖြင့် အသက်ထက်ဆုံးတည်၍ ကံအားလျော်စွာလား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ၌ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိအမတ် ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(တမာ, ခွေးတောက်၊ ပင်ချင်းလှောက်၊ ချိုရောက် သရက် သြဇာပျက်)

ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဒဓိဝါဟနဇာတ်သည် ပြီး၏။

၃၇-စတုမင်္ဂဇာတ်

ဟင်္သာညီနောင် နှင့် ရဂ္ဂစိုး

ပစ္စုပ္ပန်ဝတ္ထု၊ နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဥစ္စော ဝိဋ္ဌဘိ မာရုယှ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစတုမင်္ဂဇာတ်ကို ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ် **မထင်ရှားသောရဟန်းအိုကြီး**ကို အကြောင်းပြု၍ဟောတော်မူ၏၊ တနေ့သ၌ နှစ်ပါးကုန်သော အဂ္ဂသာဝက တို့သည် အချင်းချင်း မေးခြင်း ဖြေခြင်း စကားဖြင့် နေကုန်သည်ရှိသော် တယောက်သော ရဟန်းအိုသည် ထိုအဂ္ဂသာဝကတို့၏ အထံသို့ သွား၍ သုံးယောက်မြောက် ဖြစ်၍ နေ၏၊ ထိုရဟန်းအိုသည်အရှင်ဘုရားတို့ အကျွန်ုပ်သည် အရှင်ဘုရားတို့အား ပြဿနာကို မေးပါအံ့၊ အရှင်ဘုရားတို့သည်လည်း မိမိ၏ယုံမှားခြင်းကို အကျွန်ုပ်ကို မေးပါ

www.dhammadownload.com

ကုန်လေ၁ဟု ဆို၏၊ မထေရ်မြတ်တို့သည် ထိုရဟန်းအိုကို ရှိရှာသဖြင့် နေရာမှ ထ၍ ဖဲလေကုန်၏၊ မထေရ်မြတ် တို့၏ တရားတော်ကို နာခံ အံ့သောငှါ နေကုန်သော ပရိသတ်တို့၏ အစည်းအဝေး ပျက်သောကာလ၌ ရဟန်းတို့သည် မြတ်စွာဘုရား၏ အထံတော်သို့ သွားကြကုန်၍ အဘယ့်ကြောင့် အခါမဟုတ် သည်၌ လာကြကုန်သနည်းဟု မိန့်တော် မူသည်ရှိသော် ထိုအကြောင်းကို ကြားလျှောက် ကုန်၏၊ မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါ၌ သာလျှင် သာရိပုတ္တရာ, မောဂ္ဂလာန်တို့သည် ထိုရဟန်းအိုကို ရှိရှာသဖြင့် စကားမဆိုမူ၍ ဖဲကုန်သည်မဟုတ်သေး၊ ရှေး၌လည်း ဖဲလေကုန်ပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။။

အတိတ်ဝတ္ထု၂ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုလတ်သော် ဘုရားလောင်းသည် တခုသော တောအရပ်၌ သစ်ပင်စောင့်နတ် ဖြစ်၏၊ ထိုအခါ နှစ်ခုကုန်သော ဟင်္သာငယ်တို့သည် စိတ္တကူဋ်တောင်မှထွက်ကုန်သည်ရှိသော် ဘုရားလောင်းရှိကွစိုးနတ်သည် စောင့်အပ်သော သစ်ပင်၌ နားကုန်၍ အစာရှာအံ့သောငှါ တစ်ါးသောအရပ်သို့ သွား၍ပြန်လာကုန်သော်လည်း ထိုသစ်ပင်၌သာလျှင် အပင်အပန်းဖြေ၍ စိတ္တကူဋ်တောင်သို့ သွားကုန်၏၊ ကာလမြင့်ရှည်ခြင်းသို့ ရောက်သည်ရှိသော် ထိုဟင်္သာငယ်တို့အား ဘုရားလောင်းနှင့်တကွ အကျမ်းဝင်သည် ဖြစ်၏၊ သွားကုန်သော်ငင်း လာကုန် သော်ငင်း အချင်းချင်း ဝမ်းမြောက် ဝမ်းသာသဖြင့် တရားစကားကို ပြောဟော ကြကုန်၍ ဖဲကုန်၏၊ ထိုအခါ တနေ့သ၌ ထိုဟင်္သာငယ်တို့သည် သစ်ပင်ဖျားဌ၌ နားကုန်၍ ဘုရားလောင်းနှင့်တကွ ပြောဟောကြကုန်သည်ရှိသော် မြေခွေး တကောင်သည် ထိုသစ်ပင်အောက်၌ ရပ်၍ ထိုဟင်္သာငယ်တို့နှင့် တကွ. တိုင်ပင် ပြောဟောလိုရကား—

၇၃ ဥစ္စေ ဝိဋဘိ မာရုယ္ဟ၊ မန္ဒိယဝ္ဟေ ရဟောဂတာ။
နိစေ သြရုယ္ဟ မန္ဒဝ္ဟေ၊ မိဂရာဇာပိ သောဿတိ။

ဟူသော ရှေးဦးစွာသော ဂျိဂါထာကို ဆို၏။။

ဘော ဟံသပေါတကာ၊ အို ဟင်္သာငယ်တို့။ တုမ္ဟေ၊ သင်တို့သည်။ ဥစ္စေ၊ ပြကတေ့အားဖြင့် မြင့်သောသစ်ပင်၌။ ဥစ္စတရံ၊ မြင့်လွန်းသော။ ဝိဋဘိံ၊ အခွပေါ်၌။ အာရုယ္ဟ၊ တက်ကုန်၍။ ရဟောဂတာ၊ ဆိတ်ကွယ်ရာ အရပ်သို့

www.dhammadownload.com

ကပ်ကုန်၍။ မန္တာယဝေါ့၊ တိုင်ပင်ပြောဟောကြကုန်၏၊ နီစေ၊ နိမ့်ရာအရပ်သို့။ ဩရုယ့်၊ သက်ကုန်၍။ မန္တဝေါ့၊ တိုင်ပင် ပြောဟောလာကြကုန်လှည့်။ မိဂရာဇာပို့၊ သားမျိုးသေဉ်နင်း ငါမင်းမြတ်သည်လည်း။သောဿတိ၊ နားထောင်လတ္တံ့။

ထိုအခါ၌ ဟသ်ာငယ်တို့သည် ရှုံ့ရှာသဖြင့် ထ၍ စိတ္တကူဋ်တောင်သို့သာလျှင် ပျံသွားလေကုန်၏၊ ထိုဟသ်ာငယ်တို့၏ ပျံသွားသောကာလ၌ ဘုရားလောင်းသည် မြွေခွေးအား—

၇၄ ယံ သုဝဏ္ဏော သုဝဏ္ဏေန၊ ဒေဝေါ ဒေဝေန မန္တယေ။
ကိံ တေတ္ထ စတုမဋ္ဌဿ၊ ဗိလံ ပဝိသ ဇမ္မုက။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ဇမ္မုက၊ ဟယ် မြွေခွေး။ သုဝဏ္ဏော၊ ကောင်းသော အဆင်းရှိသော ဟသ်ာတခုသည်။ သုဝဏ္ဏေန၊ ကောင်းဇသော အဆင်းရှိသော ဟသ်ာတခုနှင့်။ ဒေဝေါ၊ နတ်ဖြစ်သော ဟသ်ာတခုသည်။ ဒေဝေန၊ နတ်ဖြစ်သော ဟသ်ာတခုနှင့်။ ယံ မန္တယေ၊ အကြင် တိုင်ပင် ပြောဆို၏။ တ္ထ၊ ထိုသို့ တိုင်ပင် ပြောဆိုရာ၌။ စတုမဋ္ဌဿ၊ ကိုယ်, အမျိုး, အသံ, ဂုဏ်တည်းဟူသော လေးပါးသော အင်္ဂါတို့ဖြင့် ကောင်းမြတ်လှပသော။ တေ၊ သင်မြွေခွေးအား။ ကိံ နု၊ အဘယ် ပြုအံ့နည်း။ ဟရေ ဇမ္မုက၊ ဟယ် မြွေခွေး။ တံ၊ သင်သည်။ ဗိလံ၊ တွင်းသို့။ ပဝိသ၊ ဝင်လေလော့။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ရဟန်းအိုသည် ထိုအခါ မြွေခွေးဖြစ်ဘူးပြီ၊ ယခုအခါ သာရိပုတ္တရာ, မောဂ္ဂလာန်တို့သည် ထိုအခါ ဟသ်ာငယ်နှစ်ခု ဖြစ်ဘူးကုန်ပြီ၊ ထိုမှတပါး ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ သစ်ပင်စောင့်နတ် ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မဆိုင်ဘဲလျက်၊ ဝင်ရောစွက်၊ ပြစ်ချက်မျက်မှန်းကျိုး)

ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော စတုမဋ္ဌဇာတ်သည် ပြီး၏။

www.dhammadownload.com

၃၈-သီဟကောဇ္ဈာဇာတ်

ခွေးခြင်သေ့

ပစ္စုပ္ပန်ဝတ္ထု၂ နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "သီဟဂုံလိ သီဟနခေါ်" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ သီဟကောဇ္ဈာဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ကောကာလိက**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ တနေ့သ၌ ကောကာလိကသည် တပါးသော် အကြားအမြင် များကုန်သော ရဟန်းတို့သည် တရားကို ဟောကုန်သည်ရှိသော် မိမိသည်လည်း ဟောလို သတတ်၊ အလုံးစုံသော အကြောင်းကို **အောက်၌ ဆိုအပ်ပြီးသော နည်းဖြင့် သာလျှင်** ခဲ့၍**အပ်**၏၊*အထူးကား ထိုအကြောင်းကို ကြားတော်မူ၍ မြတ်စွာဘုရားသည် ရဟန်းတို့ ကောကာလိကသည် ယခုအခါ၌သာလျှင် မိမိ၏ အသံကြောင့် ထင်ရှားသည် မဟုတ်သေး၊ ရှေး၌လည်း ထင်ရှားသည်သာလျှင် ဖြစ်ဘူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၂ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်၌ ခြင်္သေ့ဖြစ်၍ တခုသော မြေခွေးမနှင့်တကွ ပေါင်းဘော်ခြင်းကို စဲ၍ သားကို ရ၏၊ ထိုမြေခွေးမသားသည် လက်ချောင်း ခြေချောင်းတို့ဖြင့်ဌင်း လက်သည်း ခြေသည်းတို့ဖြင့်ဌင်း မှင်ဆံအားဖြင့်ဌင်း အဆင်းသဏ္ဌာန် အားဖြင့်ဌင်း အဘနှင့်တူ၍ အသံသည်ကား အမိနှင့်တူ၏၊ ထိုအခါ တနေ့သ၌ မိုဃ်းသည် ရွာ၍ စဲသည်ရှိသော် ခြင်္သေ့တို့သည် ဟောက်ကုန်၍ခြင်္သေ့တို့၏ မြူးတူးခြင်းကို မြူးတူးကုန်သည်ရှိသော် ထိုမြေခွေးမသား ခြင်္သေ့သည်လည်း ထိုခြင်္သေ့စစ်တို့၏ အလယ်၌ ဟောက်လိုသည်ဖြစ်၍ မြေခွေးသံကို မြည်၏၊ ထိုအခါ မြေခွေးမသား၏ မြေခွေးသံကို ကြားကုန်၍ ခြင်္သေ့တို့သည် ဆိတ်ဆိတ် နေကုန်၏၊ ထိုမြေခွေးမသား၏အသံကို ကြား၍ တပါးသော ဘုရားလောင်း၏ ဇာတ်တူဖြစ်သော သားသည် ဘခင် ဤခြင်္သေ့သည် အဆင်း အစရှိသည်တို့ဖြင့် ကျွန်ုပ်တို့နှင့် တူ၏၊ ထိုခြင်္သေ့၏အသံသည်တမူကား အကျွန်ုပ်တို့မှတပါးသော မြေခွေးသံနှင့် တူ၏၊ ဤခြင်္သေ့သည် အဘယ်မည်သော ခြင်္သေ့နည်းဟု မေးလိုရကား—

---

*အောက်အတိုင်းခဲ့ဟူသည်ကား ၂၂-ဒဠှရဇာတ်ပါအတိုင်းကို ဆိုလိုသည်။

www.dhammadownload.com

၇၅ သီဟဂ္ဂိလီ သီဟနခေါ၊ သီဟပါဒပတိဋ္ဌိတော။
ဇသော သီဟော သီဟသံဃမ်ဳိ၊ ဧကော နဒတိ အညထာ။

ဟူသော ရွေးဦးစွာသော ဤဂါထာကို ဆို၏။

တာတ၊ ဘခင်။ အယံ သီဟော၊ ဤခြသေ့သည်။ သီဟဂ္ဂိလီ၊ ခြသေ့တို့၏ ခြေချောင်း လက်ချောင်းတို့နှင့် တူသော ခြေချောင်း လက်ချောင်း ရှိ၏။ သီဟနခေါ၊ ခြသေ့တို့၏ ခြေသည်း လက်သည်းနှင့်တူသော ခြေသည်းလက်သည်း ရှိ၏။ သီဟပါဒပတိဋ္ဌိတော၊ ခြသေ့တို့၏ ခြေတို့ဖြင့်သာလျှင် ရပ်၏။ သော သီဟော၊ ထိုခြသေ့သည်။ သီဟသံဃမ်ဳိ၊ ခြသေ့အပေါင်း၌။ ဧကော၊ တစီးတည်း။ အညထာ၊ ခြသေ့သံမှ တပါးသော မြေခွေးသံဖြင့်။ နဒတိ၊ မြည်၏။ ကော၊ အဘယ်ခြသေ့နည်း။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ချစ်သား ဤခြသေ့သည် သင်၏ ညီတည်း၊ မြေခွေးမ၏ သားဖြစ်၍ အဆင်းအားဖြင့် ငါနှင့်တူ၏၊ အသံအားဖြင့် အမိနှင့်တူ၏၊ ဤသို့ဆိုပြီးသော် မြေခွေးမသားကို ခေါ်၍ ချစ်သား ဤနေ့မှစ၍ ဤအရပ်၌ နေသည်ရှိသော် နည်းသော အသံရှိသည်ဖြစ်၍ နေလော့၊ တဖန် အကယ်၍ မြည်ပြန်အံ့၊ မြေခွေး၏အဖြစ်ကို သိပြန်လတ္တံ့ဟု ဆုံးမလိုရကား–

၇၆ မာ တံ့ နဒိ ရာဇပုတ္တ၊ အပ္ပသဒ္ဒေါ ဝနေ ဝသ။
သရေန ခေါ တံ ဇာနေယျုံ၊ န ဟိ တေ ပေတ္တိကော သရော။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ရာဇပုတ္တ၊ ကောသရာဇာ ခြသေ့မင်း၏သား။ တံ့၊ သည်သည်။ မာ နဒိ၊ မမြည်လင့်။ အပ္ပသဒ္ဒေါ၊ အသံမရှိသည်ဖြစ်၍။ ဝနေ၊ တော၌။ ဝသ၊ နေလော့။ သရေန၊ အသံအားဖြင့်။ တံ၊ သင့်ကို။ ခေါ၊ စင်စစ်။ ဇာနေယျုံ၊ မြေခွေးဟူ၍ သိကုန်ရာ၏။ ဟိ-သစ္စံ မှန်၏။ တေ၊ သင်၏။ သရော၊ အသံသည်။ န ပေတ္တိကော၊ အဘဖြစ်သော ခြသေ့မင်း၏ အသံနှင့်မတူ။

အဘဖြစ်သော ခြသေ့မင်း၏ ဤသို့သော အဆုံးအမကို ကြား၍ တဖန် မြည်အံ့သောငှါ မဝံ့လေ။

www.dhammadownload.com

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤမမေဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ၌ ကောကာလိကသည် ထိုအခါ မြေခွေးမသား ဖြစ်ဘူးပြီ၊ ယခုအခါ ရာဟုလာသည် ထိုအခါ ခြင်္သေ့မင်းသား ဖြစ်ဘူးပြီ၊ ထိုမှတပါး ယခုအခါငါဘုရားသည်သာလျှင် ထိုအခါ ခြင်္သေ့မင်းဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အသွင်သဏ္ဌာန်၊ တူမျှဟန်ကြောင့်၊ အမှန်ပြုကာ၊ မတုသာ၊ စိတ်မှာမြိန်ရွှင်)

ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သီဟကောက္ကဇာတ်သည် ပြီး၏။

၃၉-သီဟစမ္မဇာတ်

ခြင်္သေ့ရေခြုံမြည်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "နေတံ သီဟာဿ နဒိတံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ သီဟစမ္မဇာတ်ကို ဧဇတဂန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ကောကာလိက** ကို ပင်လျှင် အကြောင်း ပြု၍ ဟောတော်မူ၏၊ ထိုကောကာလိကသည် ဤကာလ၌ အသံပြင့်ဟောအပ်သော တရားကို ဟောလိုသည် ဖြစ်၏၊ မြတ်စွာ ဘုရားသည် ထိုအကြောင်းကို ကြားတော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သည် ရှိသော် ဘုရားလောင်းသည် လယ်လုပ်မျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် လယ်လုပ်သော အမှုဖြင့် အသက်မွေးခြင်းကို ပြု၏၊ ထိုကာလ၌ တယောက်သော ကုန်သည်သည် မြည်း၌ ဝန်ကို ၄၀သဖြင့် ကုန်သွယ်ခြင်းကို ပြုလျက် သွား၏၊ ထိုကုန်သည်သည် ရောက်လေရာ ရောက်လေရာ အရပ်၌ မြည်း၏ကျောက်ကုန်းမှ ကုန်ထုပ်ကိုချ၍ မြည်းကို ခြင်္သေ့အရေဖြင့် ရုံ၍ သလေးခင်း မုယောခင်းတို့၌ လွှတ်၏၊လယ်စောင့်ကုန်သော သူတို့သည် မြည်းကို မြင်ကုန်၍ ခြင်္သေ့ဟူသော အမှတ်ဖြင့် ချဉ်းကပ်

www.dhammadownload.com

အံ့သောဌါနဝတ္ထုကုန်၊ ထိုအခါတနေ့သ၌ ထိုကုန်သည်သည် တခုသော ရွာတံခါး၌ နေခြင်းကိုယူ၍ နံနက်စာချက်စဉ် ထိုအရပ်မှ မြည်း၌ ခြသေ့ ရေကိုရုံ၍ မုယောခင်း၌ လွှတ်၏၊ လယ်စောင့်ကုန်သော သူတို့သည် ခြသေ့ဟူသော အမှတ်ဖြင့် ထိုမြည်းသို့ ချဉ်းကပ်အံ့သောဌါနဝတ္ထုကုန်သဖြင့် အိမ်သို့ သွားကုန်၍ လယ်ရှင်တို့အား ကြားကုန်၏၊ ရွာ၌နေကုန်သော သူတို့သည် လက်နက်ကို ယူကုန်၍ စည်, ခရာသင်းတို့ကို တီးမှုတ်ကုန်လျက် လယ်၏အနီးသို့ သွားကုန်၍ ကြော်ငြာကုန်၏၊ မြည်းသည် သေဘေးမှ ကြောက်သည်ဖြစ်၍ မြည်း၏အသံကို မည်၏၊ ထိုအခါ ထိုသတ္တဝါ၏ မြည်း၏အဖြစ်ကို သိ၍ ဘုရားလောင်းသည်—

၇၇ နေတံ သီဟာဿ နဒိတံ၊ န ဗျဿ န ဒီပိနော။
ပါရုတော သီဟစမ္မေန၊ ဇမ္မော နဒတိ ဂဒြဘော။

ဟူသော ရွှေးဦးစွာသော ဤဂါထာကို ဆို၏။

ဘောန္တော၊ အချင်းတို့။ တေ နဒိတံ၊ ထိုအသံသည်။ သီဟာဿ၊ ခြသေ့၏။ န နဒိထံ၊ အသံမဟုတ်။ ဗျဿဿ၊ ကျား၏။ န နဒိတံ၊ အသံမဟုတ်။ ဒီပိနော၊ သစ်၏။ န နဒိတံ၊ အသံမဟုတ်။ သီဟစမ္မေန၊ ခြသေ့အရေဖြင့်။ ပါရုတော၊ ရုံအပ်သော။ ဇမ္မော၊ ယုတ်မာသော။ ဂဒြဘော၊ မြည်းသည်။ နဒတိ၊ မြည်၏။

ရွာ၌နေကုန်သော သူတို့သည်လည်း ထိုသတ္တဝါ၏ မြည်း၏အဖြစ်ကိုသိကုန်၍ အရိုးတို့ကို ကျိုးအောင် ရိုက်နှက်ကုန်သဖြင့် လည်းစေပြီးသော် ခြသေ့အရေကို ယူ၍ သွားလေကုန်၏၊ထိုနောက်မှ ထိုကုန်သည်သည် လာလတ်၍ ပျက်စီးခြင်းသို့ ရောက်သော မြည်းကိုမြင်၍—

၇၈ စိရမိဒံ ခေါတံ ခါဒေယျ၊ ဂဒြဘော ဟရိတံ ယဝံ။
ပါရုတော သီဟစမ္မေန၊ ရဝမာနော၀ ဒူသယိ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

အယံ ဂဒြဘော၊ဤမြည်းသည်။ အတ္တာနော၊ မိမိ၏။ ဂဒြဘဘာဝံ၊ မြည်း၏အဖြစ်ကို။ အဇာနာပေတွာ၊ မသိလေသည်ရှိသော်။ သီဟစမ္မေန၊ ခြသေ့အရေဖြင့်။ ပါရုတော၊ ရုံအပ်သည်ဖြစ်၍။ စိရဒိဒံ ခေါ၊ မြင့်ရှည်စွာသာလျှင်။ ဟရိတံ၊ စိမ်းစိုသော။ယဝံ၊ မုယောကို။ ခါဒေယျ။ စားရလေရာ၏။ ရဝမာနော၀၊ မြည်သည်ဖြစ်၍သာလျှင်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဒူသယိ၊ ဖျက်ဆီး၏။

www.dhammadownload.com

ထိုကုန်သည်သည် ဤသို့ ဆိုစဉ်ပင်လျှင် မြည်းသည် ထိုအရပ်၌ပင်လျှင် ဝပ်လျက်၌ သေ၏၊ ကုန်သည်သည်လည်း ထိုမြည်းကို စွန့်၍ သွား၏။

ဇာတ်ပေါင်း မြက်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ကုန်သည် ဖြစ်ဘူးပြီ၊ ယခုအခါ ကောကာလိကသည် ထိုအခါ မြည်း ဖြစ်ဘူးလေပြီ၊ ထိုမှတပါး ယခုအခါ ငါဘုရားသည်သာလျှင်ထိုအခါပညာရှိသောလယ်လုပ်ယောကျ်ား ဖြစ်ဘူးလေပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ခြသေ့ရေခြီ၊ မြည်းဖြစ်ပုံ၊ သံကုန်ဟစ်က ပျက်စီးရ)

ကိုးခုတို့၏ပြဿ့နေကြောင်းဖြစ်သော သီဟစမ္မဇာတ်သည် ပြီး၏။

---

၄၀ သီလာနိသံသဇာတ်

သီလအကျိုး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ပဿံ သဒ္ဓါယ သီလဿ" အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသီလာနိသံသဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **တယောက်သော သဒ္ဓါတရားနှင့် ပြည့်စုံသော ဒါယကာ**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ရတနာသုံးပါးအား ကြည်ညိုသော ဘုရားသဗ္ဗညူ၏ တပည့်ဖြစ်သော ထိုဒါယကာသည် တနေ့သ၌ ဇေတဝန် ကျောင်းတော်သို့ သွားသည်ရှိသော် ညချမ်းသောအခါ၌ အစီရဝတီမြစ်နားသို့ရောက်၍ လှေရှင်သည် လှေကို တဘက်ကမ်းနား၌ ထား၍ တရားနာအံ့သောငှါ သွားသည်ရှိသော် ထိုဆိပ်၌ လှေကို မမြင်၍ ဘုရားလျှင် အာရုံရှိသော ပီတိကိုယူလျက် မြစ်သို့သွား၍ ဆင်း၏၊ ခြေတို့သည် ရေ၌မနစ်ကုန်၊ ထိုဒါယကာသည် မြေအပြင်၌ သွားသကဲ့သို့ ဖြစ်၏၊ အလယ်သို့ ရောက်သောကာလ၌ လိုင်းတံပိုးကို ရှု၏၊ ထိုအခါ ထိုဒါယကာ၏ ဘုရားလျှင် အာရုံရှိသော ပီတိသည် ညံ့သည်ဖြစ်၏၊ ခြေတို့သည် နစ်အံ့သောငှါ

www.dhammadownload.com

အားထုတ်ကုန်၏၊ ထိုဒါယကာသည် တဖန်ဘုရားလျှင်အာရုံရှိသောပီတိကို မြဲမြံစွာ ပြု၍ ရေပေါ် အပြင်ဖြင့်သာလျှင် သွားလျက် ဇေတဝန်ကျောင်းတော်သို့ ဝင်၍ မြတ်စွာဘုရားကို ရှိခိုးလျက် လျှောက်ပတ်စွာ နေ၏၊ မြတ်စွာဘုရားသည် ထိုဒါယကာနှင့်တကွ စကားစေ့စပ်ခြင်းကို ပြုတော်မူ၍ ဒါယကာ အသို့နည်း ခရီးသို့ လာလတ်သည်ရှိသော် ပင်ပန်းခြင်း ကင်းသဖြင့် လာရ၏လော ဟု မေးတော်မူ၏၊ အရှင်ဘုရား ဘုရားလျှင် အာရုံရှိသော ပီတိကို ယူ၍ ရေအပြင်၌ တည်ရာကိုရ၍ မြေကိုနင်းသကဲ့သို့ လာရ၏ဟု နားတော်လျှောက်သည်ရှိသော် ဒါယကာ သင်သည်သာလျှင် ဘုရားကျေးဇူးတော်တို့ကို အောက်မေ့၍ တည်ရာကိုရသည် မဟုတ်သေး၊ ရှေးဦးလည်း ဒါယကာတို့သည် သမုဒ္ဒရာ၏အလယ်၌ သင်္ဘော်လေ့ ပျက်လတ်သည်ရှိသော် ဘုရားကျေးဇူးတို့ကို အောက်မေ့ကုန်သည် ဖြစ်၍ တည်ရာကို ရဘူးကုန်၏ဟု မိန့်တော်မူ၍ ထိုဒါယကာသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ဒါယကာ လွန်လေပြီးသော အခါ ကသပ မြတ်စွာဘုရား လက်ထက်တော်၌ ထိုကသပမြတ်စွာဘုရား၏ တပည့်ဖြစ်သော သောတာပန် ဒါယကာသည် တယောက်သော ဆေတ္တာသည် ဖြစ်သော သူနှင့် အတူတကွ သင်္ဘော်ကို စီး၏၊ ထိုဆေတ္တာသည်၏ မယားသည် အရှင် ဤသူ၏ချမ်းသာခြင်း, ဆင်းရဲခြင်းသည်အရှင်၏ဝန်သည်ဖြစ်စေဟုဆို၍ ဆေတ္တာသည်ကို ထိုဒါယကာ၏ လက်၌ အပ်လိုက်၏၊ ထိုအခါ ထိုဒါယကာ၏ သင်္ဘော်သည် ခုနစ်ရက်မြောက် သောနေ့ဝယ် သမုဒ္ဒရာ၏အလယ်၌ ပျက်လေသည်ရှိသော် နှစ်ယောက်ကုန်သော ထိုသူတို့သည်လည်း တခုသောပျဉ်၌ စီးကုန်လျက် တခုသော ကျွန်းငယ်သို့ ရောက်ကုန်၏၊ ထိုကျွန်းငယ်၌ ထိုဆေတ္တာသည်သည် ငှက်တို့ကို သတ်၍စားသည် ရှိသော် ထိုသောတာပန်ဒါယကာအား လည်းပေး၏၊ သောတာပန်ဒါယကာသည် ငါ့အား အလိုမရှိဟု ဆို၍ မစား၊ ထိုဒါယကာသည် ဤအရပ်၌ ရတနာသုံးပါးတို့ကို ထားဘိ၍ တပါးသော ကိုးကွယ်ရာသည် မရှိဟု ကြံ၍ ရတနာသုံးပါး၏ ကျေးဇူးကို အောက်မေ့၏၊ ထိုအခါ ထိုဒါယကာ၏ ရတနာသုံးပါး ဂုဏ်ကို အောက်မေ့စဉ် ထိုကျွန်းငယ်၌ဖြစ်သော နဂါးမင်းသည် ပိမိ၏ကိုယ်ကို သင်္ဘော်ကဲ့သို့ပြု၍ ဘန်ဆင်း၏၊ သမုဒ္ဒရာစောင့် နတ်သားသည် သင်္ဘော်သူကြီးပြု၏၊ သင်္ဘော်ကို ရတနာခုနစ်ပါးတို့ဖြင့် ပြည့်စေ၏၊ လင်းယုန်တို့၌ သုံးခုတို့သည် ပတ္တမြားညိုတို့ဖြင့် ပြီးကုန်၏၊ တန်ဆာသည် ရွှေဖြင့်ပြီး၏၊ ကြိုးတို့သည် ငွေဖြင့် ပြီးကုန်၏၊ ထိုးဝါး, တက်မတို့သည် ရွှေဖြင့်ပြီးကုန်၏။

www.dhammadownload.com

သမုဒ္ဒရာစောင့်နတ်သားသည် သဘော်ဥစ်းရ ဇမ္မူဒိပ်သို့ သွားလိုကုန်သော သူတို့သည် ရှိကုန်သလောဟု ကြွေးကြော်၏၊ ဒါယကာသည် ငါတို့သည် သွားလို ကုန်၏ဟု ဆို၏၊ ထိုသို့ တပြိုးကား လာလေ့၊ သဘော်သို့ တက်လေ့ဟု သမုဒ္ဒရာစောင့် နတ်သား ဆိုသည်ရှိသော် ထိုဒါယကာသည် သဘော်လှေသို့ တက်၍ ဆေတ္တာသည်ကို ခေါ်၏၊ သမုဒ္ဒရာစောင့် နတ်သားသည် သင့်အား သာလျှင် ထိုက်၏၊ ထိုဆေတ္တာသည်အား မထိုက်ဟု ဆို၏၊ အဘယ်ကြောင့် နည်းဟု ဆိုသည်ရှိသော် ထိုဆေတ္တာသည်အား သလဂုဏ် အာစာရသည် မရှိသောကြောင့် မထိုက်၊ ငါသည် သင်၏ အကျိုးငှါ သာလျှင် သဘော်ကို ဆောင်ခဲ့၏၊ ထိုဆေတ္တာသည်၏ အကျိုးငှါ မဆောင်ခဲ့ဟု ဆို၏၊ သင်ဆိုတိုင်း မှန်သည်ဖြစ်စေ၊ ငါသည် လူအပ်သော အလှူဖြင့်ငင်း စောင့်ရှောက်အပ်သော သီလဖြင့်ငင်း ပွားအပ်သော ဘာဝနာဖြင့်ငင်း ထိုဆေတ္တာသည်အား အဘိုးကို ပေး၏ဟု ဆိုသည်ရှိသော် ဆေတ္တာသည်သည် အရှင် ဝမ်းမြောက် ပါ၏ဟု ဆို၍ နတ်သားသည် ယခုအခါ၌ ယူအံ့ဟု ထိုဆေတ္တာသည်ကိုလည်း တင်၍ နှစ်ယောက်ကုန်သော လူတို့ကိုလည်း သမုဒ္ဒရာမှ ထွက်စေ၍ မြစ်ဖြင့် ဗာရာဏသီ ပြည်သို့ သွား၍ မိမိ၏ အာနုဘော်အားဖြင့် နှစ်ဖယောက်ကုန်သော သူတို့၏လည်း အိမ်၌ ဥစ္စာကိုတည်စေ၍ပညာရှိတို့နှင့်သာလျှင် အတူတကွ ပေါင်းဘော်ခြင်းမည်သည်ကို ပြုအပ်၏၊ ဤဆေတ္တာသည်အား ဤဒါယကာနှင့် အကယ်၍ပေါင်းဘော်ခြင်းသည် မဖြစ်ငြားအံ့၊ သမုဒ္ဒရာ၏ အလယ်၌သာလျှင် ဆေတ္တာသည်သည် ပျက်စီးလတ္တံ့ဟု ပညာရှိနှင့် ပေါင်းဘော်ခြင်း၏ ကျေးဇူးကို ဆိုလိုရကား-

၇၉ ပဿ သဒ္ဓါယ သီလဿ၊ စာဂဿ စ အယံ ဖလံ။
နာဂေါ နာဝါယ ဝဏ္ဏေန၊ သဒ္ဓံ ဝဟတုပါသကံ။

၈၀ သန္တိရေဝ သမာသေထ၊ သင်္ဘံ ကုဗ္ဗေထ သန္ထဝံ။
သတံ ဟိ သန္နိဝါသေန၊ သော်ထိံ ဂစ္ဆတိ နာပိတော။

ဟူသော ဤဂါထာတို့ကို ဆို၏။

ဘော၊ အချင်းတို့။ သဒ္ဓါယ စ၊ လောကီ လောကုတ္တရာဖြစ်သော သဒ္ဓါ၏ငင်း။ သီလဿ စ၊ လောကီ လောကုတ္တရာ ဖြစ်သော သီလ၏ငင်း။ စာဂဿ စ၊ ပေးကမ်း စွန့်ကြဲ အပ်သော ဝတ္ထုကို ပေးကမ်း စွန့်ကြဲခြင်းကိုလေသာကို စွန့်ခြင်း၏ငင်း။ အယံ ဖလံ-ဤဒံ ဖလံ၊ ဤအကျိုးကို။ ပဿ-

www.dhammadownload.com

ပဿထ၊ ရှုကုန်လော့။ **တနည်းကား** သဒ္ဓါယ စ၊ လောကီ လောကုတ္တရာ သဒ္ဓါ၏ ၎င်း။ သီလဿ စ၊ လောကီ လောကုတ္တရာသီလ၏၎င်း။ စာဂဿ စ၊ ပေးကမ်း စွန့်ကြဲအပ်သော်ဝတ္ထုကို ပေးကမ်းစွန့်ကြဲခြင်း ကိလေသာကို စွန့်ခြင်း၏၎င်း။ ဖလံ၊ အကျိုးကို။ ပဿ-ပဿထ၊ ရှုကုန်လော့။ အယံ နာဂေါ၊ ဤနဂါးသည်။ နာဝဝါယ၊ သဘော်၏။ ဝဏ္ဏေန၊ အဆင်းသဏ္ဌာန်ဖြင့်။ သဒ္ဓံ၊ ရတနာသုံးပါးတို့၌ သဒ္ဓါခြင်းနှင့် ပြည့်စုံသော။ ဥပါသကံ၊ ဒါယကာကို။ ဝဟတိ၊ ကြဉ်းဆောင်၏။

ပေါသော၊ ယောကျ်ားသည်။ သဗ္ဗီရေဝ၊ ပညာရှိတို့နှင့်သာလျှင်။ သမာသေထ၊ ပေါင်းဘော်ရာ၏။ သဗ္ဗိ၊ ပညာရှိတို့နှင့်။ သန္ထဝံ၊ ပေါင်းဘော်ခြင်းကို။ ကုမ္မေထ၊ ပြုရာ၏။ ဟိ-ယုတ္တံ၊ ထိုစကားသည် သင့်၏။ တတံ၊ ပညာရှိတို့နှင့်။သန္ထိဝါသေန၊ပေါင်းဘော်ခြင်းကြောင့်။နှာပိတော၊ ဆေတ္တာသည်သည်။ သောတ္ထိံ၊ ချမ်းသာခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

ဤသို့ သမုဒ္ဒရာစောင့်နတ်သားသည် ကောင်းကင်၌ရပ်လျက် တရားဟော၍ ဆေတ္တာသည်ကို ဆုံးမပြီးလျှင် နဂါးမင်းကိုယူ၍ မိမိ၏ ဗိမာန်သို့သာလျှင် သား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ ဒါယကာသည် သကဒါဂါမိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော် မူသနည်းဟူမူကား ဒါယကာ ထိုအခါ သောတာပန် ဖြစ်သော ဒါယကာသည် ပရိနိဗ္ဗာန် ပြုလေပြီ၊ ယခုအခါ၌ သာရိပုတ္တရာသည် ထိုအခါ နဂါးမင်း ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သမုဒ္ဒရာ စောင့်နတ်သား ဖြစ်ဘူးလေပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ပညာရှင်နှင့်၊ ပေါင်းသင်းလင့်၊ ရေးခွင့်ကြိုက ချမ်းသာရ)

ဆယ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သီလာနိသံသဇာတ်သည် ပြီး၏။

---

www.dhammadownload.com

၅-ရုဟကဝဂ် ၄၁-ရုဟကဇာတ်

တင့်တယ်စေလို၍ အရှက်ကွဲသော ပုဏ္ဏား

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "အပိ ရုဟက ဆိန္နာပိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤရုဟ်ကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **မယားဟောင်း ဖြားယောင်းသော ရဟန်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဝတ္ထုသည် အဌကနိပါတ် ကုန္ဒိုဃဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့၊ အထူးကား မြတ်စွာဘုရားသည် ထိုရဟန်းကို ရဟန်း ဤမိန်းမသည် သင်၏ အကျိုးမဲ့ကို ပြုတတ်သော မိန်းပတည်း၊ ရှေး၌လည်း ဤမိန်းမသည် သင့်အား မင်းနှင့်တကွသော ပရိသတ်၏အလယ်၌ အရှက်ခဲ့၍ အိမ်မှ နှင်ထုတ်သော အခြင်းအရာကို ပြုစေဘူး၏၊ ဤသို့ မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည်ဖြစ်၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏မိဖုယားကြီးဝမ်း၌ ဖြစ်၍ အရွယ်သို့ ရောက်သည် ရှိသော် ခမည်းတော် ဗြဟ္မဒတ်မင်း ကွယ်လွန်သဖြင့် မင်း၏အဖြစ်၌ ဝင်၍ တရားသဖြင့် မင်းပြု၏၊ ထိုဘုရားလောင်းအား **ရုဟက** အမည်ရှိသော ပုရောဟိတ်သည် ရှိ၏၊ ထိုရုဟက ပုရောဟိတ်၏ ပုဏ္ဏားမဖြစ်သော မယားသည် **ပုရာဏီ** အမည်ရှိ၏၊ မင်းသည် ပုဏ္ဏားအား မြင်းတို့၏ တန်ဆာဖြင့် တန်ဆာဆင်၍ မြင်းကို ပေးလိုက်၏၊ ထိုရုဟက ပုဏ္ဏားသည် ထိုမြင်းကိုစီး၍ မင်းအား ခစားရာအရပ်သို့ သွား၏၊ ထိုအခါ၌ ရုဟကပုဏ္ဏားကို တန်ဆာဆင်အပ်သော မြင်း၏ကျောက်ကုန်း၌ စီး၍ သွားသည်ကိုလည်း လာသည်ကိုလည်း မြင်ကုန်၍ ထိုထို အရပ်၌ နေကုန်သော လူတို့သည် မြင်း၏အဆင်းသည် အံ့ဘွယ်ရှိစ့၊ မြင်းသည် အံ့ဘွယ်သရဲလျှင် တင့်တယ်၏၊ ဤသို့ မြင်းကိုသာလျှင် ချီးမွမ်းကြကုန်၏၊ ထိုရုဟကပုဏ္ဏားသည် အိမ်သို့ သွားလေ၍ ပြာသာဒ်သို့ တက်၍ မယားကို ရှင်မ ငါတို့၏ မြင်းသည် အလွန်လျှင် တင့်တယ်၏၊ နံပါးနှစ်ဘက်၌ နေကုန်သော လူတို့သည် ငါတို့၏ မြင်းကို သာလျှင် ချီးမွမ်းကြကုန်၏ဟု ပြောဆို၏၊ ထိုပုဏ္ဏားမသည်ကား

www.dhammadownload.com

အတန်ငယ် ပျက်သော အကျင့်နှင့်ယှဉ်၏၊ ယောကျ်ားတပါးတို့နှင့် လွန်ကျူးသောသဘောရှိ၏၊ထို့ကြောင့်ထိုရဟကပုဏ္ဏားကို သင်သည်မြင်း၏တင့်တယ်ခြင်းအကြောင်းကို မသိ၊ ဤမြင်းသည် မိမိ၌ ဆင်ယင်အပ်သော တန်ဆာကို မှီ၍ တင့်တယ်၏၊ သင်သည်လည်း မြင်းကဲ့သို့ တင့်တယ်လိုသည် ဖြစ်အံ့၊ မြင်း၌ ဆင်ယင်သော တန်ဆာကိုဆင်၍ ခရီးအလယ်သို့သက်၍ မြင်းကဲ့သို့ ခြေတို့ကို ထောက်လျက် သွား၍ မင်းကို ဖူးလေလော့၊ မင်းသည် သင့်ကို ချီးမွမ်းလတ္တံ့၊ လူတို့သည်လည်း သင့်ကိုသာလျှင် ချီးမွမ်းကုန်လတ္တံ့ ဟုဆို၏။

ရူးသောသဘောရှိသော ထိုပုဏ္ဏားသည် ထိုပုဏ္ဏေးမ၏ စကားကိုကြား၍ ဤမည်သော အကြောင်းကြောင့် ထိုပုဏ္ဏေးမသည် ငါ့ကို ဆို၏ဟု မသိ၍ အဟုတ်အမှန်ပင် ဆို၏ဟု အမှတ်ရှိသည်ဖြစ်၍ ထိုပုဏ္ဏေးမဆိုတိုင်း ပြုလေ၏၊ အကြင် အကြင် သူတို့သည် မြင်ကုန်၏၊ ထိုထို သူတို့သည် ပြက်ရယ်ပြုကုန်လျက် ဆရာသည် တင့်တယ် လှပေ၏ဟု ဆိုကြကုန်၏၊ မင်းသည်ကား ထိုရဟကပုဏ္ဏားကို ဆရာ သင်၏အအိမ်ဖြင့် ဖဲ့အပ်သော သည်ခြေသည် ပျက်သလော၊ သင်သည် ရူးသလော၊ ဤသို့ အစရှိသော စကားတို့ကို ဆို၍ ရှက်စေ၏၊ ထိုအခါ၌ ပုဏ္ဏားသည် မလျော်က်ပတ်သော အမှုကို ငါသည် ပြုအပ်ပြီဟု ရှက်သည်ဖြစ်၍ ထိုပုဏ္ဏေးမသည် မင်းနှင့် တကွသော ပရိသတ်၏ အတွင်း၌ ရှက်စေ၏ဟု ပုဏ္ဏေးမအား အမျက်ထွက်၍ သတ်ပုတ်၍ ထိုပုဏ္ဏေးမကို နှင်ထုတ်အံ့ဟု ကြံ၍ အိမ်သို့ သွားလေ၏၊ ယောကျ်ားတပါးတို့နှင့် လွန်ကျူးလေ့ရှိသော ပုဏ္ဏေးမသည် ထိုရဟက၏ အမျက်ထွက်၍ လာသည်၏အဖြစ်ကို သိ၍ မဆွကသာလျှင် တံခါးငယ်ဖြင့် ထွက်၍ မင်း၏နန်းတော်သို့ သွား၍ လေးရက် ငါးရက်ပတ်လုံး နန်းတော်၌ သာလျှင် နေလေ၏၊ မင်းသည် ထိုအကြောင်းကို သိ၍ ပုရောဟိတ်ကို ခေါ်စေ၍ ဆရာ မိန်းမ၏ အပြစ် မည်သည်ကား ဖြစ်မြဲ သာလျှင်တည်း၊ပုဏ္ဏေးမအား သည်းခံအံ့သောငှါသင့်၏ဟု သည်းခံစိမ့်သောငှာ—

၈၁ အပိ ရဟက ဆိန္နာပိ၊ ဇီယာ သန္ဓိယတေ ပုန။
သန္ဓိယဿု ပုရာဏိယာ၊ မာ ကောဓဿ ဝသံ ဂမိ။

ဟူသော ရှေးဦးစွာသော ဤ၈ ဂါထာကို ဆို၏။

ဘော ရဟက၊ အို ရဟက။ အပိ၊ စင်စစ်။ ဆိန္နာပိ၊ ပြတ်လေသော်လည်း။ ဇီယာ၊ လေးညှိုကို။ ပုန၊ တဖန်။ သန္ဓိယတေ၊ ဆက်ပြန်အပ်၏။ ပုရာဏိယာ၊

www.dhammadownload.com

ပုရာဏိန္ဒင့်။ သဒ္ဒိ၊ တက္ခ။ သန္ဒိယဿု၊ စေ့စပ်ပြန်ဦးလော့။ ကောဓဿ ဝသံ၊ အမျက်၏ နိုင်ငံသို့။ မာ ဂမိ၊ မလိုက်သင့်။

ထိုစကားကို ကြား၍ ရဟာကသည်—

ဂ၂ ဝိဇ္ဇမာနေသု ဝါကေသု[1]၊ ဝိဇ္ဇမာနေသု ကာရိသု။
အညံ ဇိယံ ကရိဿာမိ၊ အလညော ပုရာဏိယာ။

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

မဟာရာဇ၊ မင်းမြတ်။ ဝါကေသု၊ နှူးညံ့ ကုန်သော လျှော်တို့သည်။ ဝိဇ္ဇမာနေသု စ၊ ရှိကုန်သော်၎င်း။ ကာရိသု၊ လေးညှိုကို ပြုတတ်ကုန်သော သူတို့သည်။ ဝိဇ္ဇမာနေသု စ၊ ရှိကုန်သော်၎င်း။ အညံ၊ တပါးသော။ ဇိယံ၊ လေးညှိုသစ်ကို။ ကရိဿာမိ၊ ပြုအံ့။ ပုရာဏိယာ၊ လေးညှိုဟောင်းဖြင့်။ မေ၊ အကျွန်ုပ်အား။ အလညော၊ အလိုမရှိပြီသလျှင်ကတည်း။

ဤသို့ဆို၍ ထိုပုဏ္ဏားမကို နှင်ထုတ်၍ တပါးသော ပုဏ္ဏားမကို ဆောင်ယူလေ၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြသည်၏အဆုံး၌ သာသနာတော်၌ ငြိုးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းယခုအခါ သင်၏ မယားဟောင်းသည် ထိုအခါ ပုဏ္ဏားမ ဖြစ်ဘူးလေပြီ၊ ယခုအခါ သာသနာတော်၌ငြိုးငွေ့သော ရဟန်းသည် ထိုအခါ ရဟာက မည်သော ပုဏ္ဏား ဖြစ်ဘူးလေပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မိမိလင်သယ်၊ ယူတုံလယ်၊ ရှက်ဘွယ်ပြုဘို ထိုဇာတ်ထို)
ရှေးဦးစွာသော ရဟာကဇာတ်သည် ပြီး၏။

---

၁ ဝိဇ္ဇမာနာသု မရှဝါသု (သီ) ဝိဇ္ဇမာနာသုမရှဒ္ဒါသု (ဇ)

www.dhammadownload.com

၄၂-သိရိကာဠဏ္ဍကိဇာတ်

"ကဲထွိ သိယာ ရူပဝတီ" ဤသို့ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသိရိကာဠကဏ္ဍိဇာတ်သည် **မဟာဥမင်္ဂဇာတ်*** ၌ ထင်စ္စာဖြစ်လတ္တံ့။

နှစ်ခုမြောက်သော သိရိကာဠကဏ္ဍိဇာတ်သည် ပြီး၏။

၄၃-စူဠပဒုမဇာတ်

မင်းသားညီနောင်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သမ္ဗညူ မြတ်စွာဘုရားသည် "အယမေဝ သာ အဟမပိ သော အနညော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ စူဠပဒုမဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **သာသနာတော်၌ ငြိုးငွေ့သော** ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဤဝတ္ထုသည် **ဥမ္မာဒန္တီဇာတ်+**၌ ထင်စ္စာ ဖြစ်လတ္တံ့၊ အထူးကား သာသနာတော်၌ ငြီးငွေ့သော ရဟန်းကို ရဟန်း သာသနာတော်၌ ငြီးငွေ့၏ဟု ဂါကြားရသည်ကား မှန်သလောဟု ဘုရား မိန့်တော်မူသည်ရှိသော် ဘုန်းတော်ကြီးသော မြတ်စွားဘုရား မှန်ပေ၏ဟု နားတော်လျှောက်၏၊ အဘယ်သူသည်လျှင် သင့်ကို ငြီးငွေ့စေသနည်းဟု မိန့်တော်မူသည်ရှိသော် အရှင်ဘုရား အကျွန်ုပ်သည် တန်ဆာဆင်ခြင်းနှင့် စပ်သော မိန်းမတယောက်ကို မြင်၍ ကိလေသာ၏ အလိုသို့ လိုက်သည်ဖြစ်၍ သာသနာတော်၌ ငြီးငွေ့၏ဟု နားတော်လျှောက်၏၊ ထိုအခါ၌ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း မိန်းမမည်သည်ကား ကျေးငှားကို မသိတတ်၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်၏၊ မာယာများ၏၊ ရွေးပညာရှိတို့သည် မိမိ၏ လက္ခဏာပုဆစ် ဒူးသွေးကို သောက်စေကုန်၍ ဇီဝိတဒါနတိုင်အောင် ပေးကုန်သော်လည်း မိန်းမ၏စိတ်ကို မရဘူးကုန်၊ ဤသို့မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

---

* မဟာဥမင်္ဂဇာတ် မဟာနိပါတ်မှာပါသည်။

\+ ဥမ္မာဒန္တီဇာတ်သည်ပညာသနိပါတ်မှာ ပါသည်။

www.dhammadownload.com

အတိတ်ဂတ္ထု ရဟန်း လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ မိဖုယားကြီးဝမ်း၌ ဖြစ်၏၊ အမည်မှည့်သောနေ့၌ ထိုဘုရားလောင်းအား **ပဒုမသတ္တိသား**ဟူသော အမည်ကို မှည့်ကုန်၏၊ ထိုပဒုမသတ္တိသား၏ နောက်အခါ၌ ခြောက်ယောက်သော ညီတော်ငယ်တို့သည်ဖြစ်ကုန်၏၊ ထိုမင်းသားခုနစ်ယောက်တို့သည် အစဉ်သဖြင့် ကြီးကုန်၏၊ အိမ်ရာထောင်ခြင်းကို ယူကုန်၍ မင်း၏ပရိသတ်သို့ သွားလာကုန်၏၊ ထိုအခါ တနေ့သ၌ မင်းသည် မင်းယင်ပြင်ကို ကြည့်လျက် ရပ်သည်ရှိသော် များစွာသောအခြံအရံဖြင့် မင်းခစားရာအရပ်သို့ လာလတ်ကုန်သော မင်းသားတို့ကိုမြင်၍ ဤမင်းသားတို့သည် ငါ့ကိုသတ်၍ မင်းအဖြစ်ကို ယူကုန်ရာ၏ဟု ခုံရှာခြင်းကို ဖြစ်စေ၍ ထိုမင်းသားတို့ကို ခေါ်စေပြီးလျှင် ချစ်သားတို့ သင်တို့သည် ဤမြို့၌ နေအံ့သောငှါ မရကုန် သင်တို့သည် တပါးသောအရပ်သို့ သွားကုန်၍ ငါလွန်မှ လာလတ်ကုန်၍ အမျိုး၏ ဥစ္စာဖြစ်သော ပြည်ကို ယူကြကုန်လော့ဟု ဆို၏၊ ထိုမင်းသားတို့သည် ခမည်းတော်စကားကို ဝန်ခံကုန်လျက် မျက်ရည်စတ်စို ငိုကြကုန်၍ မိမိတို့၏အိမ်မှ ထွက်ကုန်၍ မယားတို့ကို ငှဲ့ကုန်၍ သွားလိုရာရာ အရပ်သို့ သွားကုန်၍ အသက်မွေးကုန်အံ့ဟု မြို့မှထွက်ကုန်၍ ခရီးသို့ သွားကြကုန်သည်ရှိသော် တခုသော ကန္တာရသို့ ရောက်ကုန်၍ ထမင်းအဖျော်ကို မရကုန်သည်ဖြစ်၍ ငတ်မွတ် ဆာလောင်ခြင်းကို သည်းခံအံ့သောငါ မကတ်နိုင်သည်ဖြစ်၍ ငါတို့သည် အသက်ရှင်ကုန်မူကား မိန်းမတို့ကို ရကုန်လတ္တံ့ဟု နှုပ်ုံးသွင်းကုန်၍ ညီငယ်၏မယားကို သတ်ကုန်၍ တဆဲ့သုံးစုပြုကုန်၍ အသားကို စားကြကုန်၏၊ ဘုရားလောင်းသည် မိမိ၏ဂုဏ်း မယား၏ဂုဏ်း ရအပ်သော အစုတို့တွင် တစုကိုထား၍ တစုကို နှစ်ယောက်သော သူတို့သည် စားကြကုန်၏၊ ဤသို့ ခြောက်ရက်ပတ်လုံး ခြောက်ယောက်သော မိန်းမတို့ကို သတ်ကုန်၍ အသားကို စားကြကုန်၏။

ဘုရားလောင်းသည်ကား နေ့တိုင်း နေ့တိုင်း တခုစီထား၍ ခြောက်စုတို့ကို ရှိစေ၏၊ ခုနစ်ရက်မြောက်သောနေ့၌ ဘုရားလောင်း၏မယားကို သတ်ကြကုန်အံ့ဟူ၍ ဆိုသည်ရှိသော် ဘုရားလောင်းသည် ထိုခြောက်စုတို့ကို ညီတော်တို့အား ပေး၍ ယနေ့ ဤခြောက်စုတို့ကို စားကြဦးလော့ နက်ဖြန်မှ သိကြကုန်အံ့ဟုဆို၍ အသားကို စားကြကုန်၍ ထိုညီတော်တို့၏ အိပ်ပျော်စဉ် မယားကို ယူ၍ပြေး၏၊ ထိုမိန်းမသည် အတန်ငယ်သွား၍ အရှင့်သား အကျွန်ုပ် မသွားနိုင်ဟု ဆို၏၊ ထိုအခါ၌ ထိုမယားကို ဘုရားလောင်းသည် ပခုံးဖြင့်ထမ်း၍ အရုဏ်တက်သော

www.dhammadownload.com

အခါ၌ ကန္တာရမှထွက်၏၊ ထိုမိန်းမသည် နေထွက်လတ်သော် သခင် အကျွန်ုပ် ရေငတ်၏ဟု ဆို၏၊ ဘုရားလောင်းသည် နှမ ရေသည်မရှိဟု ဆို၍ အဖန်တလဲလဲ ရေငတ်လှ၏ဟု ဆိုသည်ရှိသော် သန်လျက်ဖြင့် လက်ျာပုဆစ်ဒူးကို ဘောက်၍ နှမ ရေသည် မရှိ ငါ၏ လက်ျာပုဆစ်ဒူးသွေးကိုလျှင် သောက်လော့ဟုဆို၏၊ ထိုမိန်းမသည် ဘုရားလောင်းဆိုတိုင်းပြု၏၊ ထိုနှစ်ယောက်ကုန်သော သူတို့သည် အစဉ်သဖြင့် မြစ်ကြီးသို့ ရောက်ကုန်၍ ရေသောက်ကုန်၍လည်း ရေချိုးကုန်၍လည်း သစ်သီးကြီးငယ်ကို စားကုန်၍ ချမ်းသာရာအရပ်၌ အပင်အပန်းဖြေ၍ တခုသော မြစ်ကွေ့၌ အရိပ်သခင်္ဗမ်းကို ဆောက်လုပ်၍ နေကုန်၏။

ထိုအခါ တနေ့သ၌ မြစ်ညာမှမင်းပြစ်သင့်သော ခိုးသူကို လက်, ခြေတို့ကိုလည်း နား, နှာခေါင်းတို့ကိုလည်း ဖြတ်ကုန်၍ တခုသော လှေငယ်၌ အိပ်စေ၍ မြစ်ကြီး၌ မျောလိုက်၏၊ ထိုခိုးသူသည် သည်းစွာသော ညည်းညူသံကို ပြုလျက် ထိုဘုရားလောင်းနေရာ မြစ်ကွေ့အရပ်သို့ ရောက်လာ၏၊ ဘုရားလောင်းသည် ထိုခိုးသူ၏ ဆင်းရဲခြင်းကြောင့် ဖြစ်သော ငိုကြွေးသံကိုကြား၍ ဆင်းရဲခြင်းသို့ ရောက်သောသတ္တဝါသည် ငါ့ထက်ဆင်ရွဲးရှိစဉ် ပပျက်စီးစေလင့်ဟုမြစ်နှားသို့သွား၍ ထိုခိုးသူကိုဆယ်၍ အရိပ်သခင်္ဗမ်းသို့ ဆောင်ခဲ့၍ ဖန်ရေဆေးခြင်း ဆေးလိမ်းခြင်း အစရှိသည်တို့ဖြင့် အနာကို ဆေးဝါး ကုစား၏၊ ထိုဘုရားလောင်း၏ မယား သည်ကား မြစ်၌မျောအပ်သော ဤသို့သကောရှိသော သီလမရှိသော လက်, ခြေ, နား, နှာမခေါင်း ဟူသော အညွှန့်မရှိသော ငတုံးကို စဉ်လျက် လုပ်ကျွေးပေပြီကို၏ဟု ဆို၍ ထို လက်, ခြေ, နား, နှာမခေါင်းဟူသော အညွှန့်မရှိသော ငတုံးကို ရှုံရှာနိုးသည်ဖြစ်၍ တံတွေး ထွေးလျက်သွား၏၊ ဘုရားလောင်းသည် ထိုငတုံး၏ အနာတို့သည် အဆားနု တက်ကုန်သည်ရှိသော် မယားနှင့်တကွ ထိုငတုံးကို အရိပ်သခင်္ဗမ်း၌သာလျှင် ထားခဲ့၍ တောအုပ်၌ သစ်သီးကြီးငယ်တို့ကို ဆောင်၍ ထိုငတုံးကိုလည်း မယားကိုလည်း မွေး၏။ ထိုနှစ်ယောက်ကုန်သော သူတို့သည် ဤသို့ နေကုန်သည်ရှိသော် ထိုမိန်းမသည် ထိုငတုံး၌ ကြိုက်သော ဗိတ်သည်ဖြစ်၍ ထိုငတုံးနှင့်တကွ ယုတ်မာသော အကျင့်ကိုကျင့်၍ တခုသော ဥပါယ်ဘမျှဉ်ဖြင့် ဘုရားလောင်းကို သတ်လိုသည်ဖြစ်၍ အရှင် အကျွန်ုပ်သည် အရှင်တို့၏ ပခုံး၌စီး၍ ကန္တာရမှ ထွက်လတ်သည်ရှိသော် တခုသော တောင်ကို ကြည့်၍ အရှင်တောင်စောင့်နတ်ပင်း အကျွန်ုပ်သည် လင်နှင့်တကွ အန္တရာယ်ကင်းသည်ဖြစ်၍ အသက်ကို အကယ်၍ ရပါအံ့၊ အရှင့်အား ပူဇော်ပ, သသော အမှုကို ပြုပါအံ့ဟု တောင်းပန်၏၊ ထိုငတောင်စောင့်နတ်သည် ယခုအခါ၌

www.dhammadownload.com

အာကျွန်ပ်ကို ထိတ်လန့်စေ၏၊ ထိုတောင်စောင့်နတ်အား ဗလိနတ်စာတင်သော အမှုကို ပြုကြကုန်အံ့ဟု ဆို၏၊ ဘုရားလောင်းသည် ထိုမိန်းမ၏ မာယာကို မသိသည်ဖြစ်၍ ကောင်းပြီဟု ဝန်ခံ၍ ဗလိနတ်စာအမှုကို စီရင်၍ ထိုမိန်းမကို ဗလိနတ်စာထည့်သော တောင်းကို ရွက်ခဲ့စေ၍ တောင်ထိပ်သို့ တက်၏၊ ထိုအခါ၌ ထိုဘုရားလောင်းကို ထိုမိန်းမသည် သခင် သခင်သည်လျှင်မြတ်သောနတ်တည်း၊ ရှေးဦးစွာလျှင် သင့်ကို မြတ်သော ပန်းတို့ဖြင့် ပူဇော်၍ လက်ျာရစ်လှည့်သည်ကို ပြု၍ နောက်မှ တောင်စောင့်နတ်အား ပူဇော်ပ, သသော အမှုကိုပြုအံ့ဟု ဆို၍ ထိုမိန်းမသည် ဘုရားလောင်းကို တောင်ကမ်းပြတ်သို့ ရှေးရှုထား၍ ထောပတ်တို့ဖြင့် ပူဇော်၍ လက်ျာရစ် လှည့်သည်ကို ပြု၍ ရှိခိုးလိုအံ့သကဲ့သို့ ဖြစ်၍ ကျောက်ကုန်းနား၌ ရပ်၍ ကျောက်၌ တွန်းလိုက်၍ ကမ်းပါးပြတ်သို့ ကျစေ၍ ငါ၏ရန်သူ ပျက်စီးခြင်းကို မြင်ရပေပြီဟု နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ တောင်မှဆင်း၍ ငတုံး၏ အထံသို့ သွား၏။

ဘုရားလောင်း သည်လည်း တောင်ကမ်းပြတ်သို့ အစဉ် လျှောက်သဖြင့် တောင်မှကျလေသည်ရှိသော် ရေသဖန်းပင်အထက်၌ တခုသော ဆူးမရှိသော အရွက်တို့ဖြင့် ကောင်းစွာ ဖုံးလွှမ်းအပ်သော ချုံပေါ်၌ တင်လေ၏၊ တောင် အောက်သို့ ဆင်းအံ့သောငှါ မတတ်ကောင်း၊ ထိုဘုရားလောင်းသည် ရေသဖန်း သီးတို့ကို စား၍ အခက်ကြား၌ နေ၏၊ ထိုအခါ တခုသော ကြီးသောကိုယ် ရှိသော ဖုတ်မင်းသည် အောက်တောင်ခြေရင်းမှ တက်၍ ထိုရေသဖန်းပင်၌ အသီးတို့ကို စား၏၊ ထိုဖုတ်မင်းသည် ထိုနေ့၌ ဘုရားလောင်းကိုမြင်၍ ပြေး၏၊ နက်ဖြန်နေ့၌ လာလတ်၍ နံပါးတဘက်၌ သဖန်းသီးကို စား၍သွား၏၊ ဤသို့ အဖန်တလဲလဲ လာလတ်သည်ရှိသော် ဘုရားလောင်းနှင့်တကွ အကျွမ်းဝင်ခြင်းသို့ ရောက်၍ သင်သည် ဤအရပ်သို့ အဘယ် အကြောင်းကြောင့် ရောက်လာသနည်းဟု မေး၍ ဤမည်သောအကြောင်းကြောင့် ရောက်လာသည် ဖြစ်၏ဟု ဆိုသည်ရှိသော် ထိုသို့ တပြီးကား မကြောက်လင့်ဟု ဆို၍ ဘုရားလောင်းကို ပိမိ၏ကျောက်ကုန်း၌ စီးစေ၍ ဆင်း၏၊ တောမှထွက်၍ ခရီးမဋ္ဌထား၍ သင်သည် ဤခရီးဖြင့် သွားလေလော့ဟု လွှတ်လိုက်၍ တောသို့ဝင်၏၊ ဘုရားလောင်းသည် တခုသော ရွာငယ်သို့ရောက်၍ ထိုရွာငယ်၌လျှင် နေလျက် ခမည်းတော်၏ သေလွန်သည်၏ အဖြစ်ကို ကြား၍ ဗာရာဏသီပြည်သို့ သွား၍ အမျိုးတို့၏ အမွေခံဥစ္စာဖြစ်သော မင်းအဖြစ်၌တည်၍ ပဒုမအမည်ရှိသော မင်းသည်ဖြစ်၍ ရာဇဓံဆယ်ပါးတို့ကို မပျက်စေမူ၍ တရားသဖြင့် မင်းပြုသည်ရှိသော် မြို့တံခါး

(၆၅c) ။ပုံနှစ်ခုးစဆုံစေ ။ငေးဒဋ္ဌာဖြစ်ယာခဲ့နှင့်ပုံဒဋ္ဌာ ဒြင်ငေးဒစေ်ဂ ၊ဌာဇာစေ်ဂဒြဖို



www.dhammadownload.com

www.dhammadownload.com

လေးမျက်နှာတို့ဦးခိုက်ခြင်း မြို့လယ်ခွဲခြင်း နန်းဦးတံခါးခွဲခြင်း ကျွဲခြောက်ပါးကုန်သော အရပ်တို့ဦး အလှူတင်းကုပ်တို့ကို ဆောက်စေ၍ ဓနတိုင်း နေတိုင်း ခြောက်သိန်း ကုန်သော ဥစ္စာတို့ကိုစွန့်၍ အလှူကို ပေး၏။

ထိုမိန်းမယုတ်သည်လည်း ထိုငတုံးကို ကျောက်ကုန်းခွံပိုး၍ တောမှ ထွက်၍ လူတို့ကျက်စားရာ အရပ်သို့သွား၍ တောင်းလျက် ယာဂုထမင်းကို စုရုံး၍ ထိုငတုံးကိုမွေးမြူ၏၊ လူတို့သည် ကျွဲငတုံးသည် သင်နှင့် အသို့တော်ကြသနည်းဟု မေးလတ်သည်ရှိသော် ငါသည် ကျွဲယောကျ်ား၏ဦးရီးသို့မီးတည်း၊ ကျွဲယောကျ်းသည် ငါ၏ဦးရီးသားတည်း၊ကျွဲယောကျ်းအားလျင် ငါ့ကို မိဘတို့ ပေးစားကြကုန်၏၊ ထိုငါသည် မင်းပြစ်သင့်ခြင်းသို့ ရောက်လေသော်လည်း မိမိ၏ လင်ကို ရွက်ဆောင်ကြဉ်းလျက် တောင်းစားမွေးမြူ၏ဟုဆို၏၊ လူတို့သည် ကျွဲမိန်းမသည် နတ်ကဲ့သို့ လင်ကိုလုပ်ကျွေးသော မိန်းမပေတည်းဟု ထိုအခါမှစ၍ နှစ်သက်ကုန်သည်ဖြစ်၍ များစွာသော ယာဂုထမင်းတို့ကိုပေးကြကုန်၏၊ တပါးကုန်သော လူတို့သည် ကျွဲသို့ဆိုကုန်၏၊ သင်သည် ကျွဲသို့ မလှည့်လည်လင့်၊ ပဒုမမင်းသည် ဗာရာဏသီပြည်၌ မင်းပြု၏၊ ဇမ္ဗူဒိပ်ကျွန်းအလုံးကို ချောက်ချားစေ၍ အလှူကို လှူ၏၊ ထိုပဒုမမင်းသည် သင့်ကို မြင်၍ နှစ်သက်လတ္တံ့၊ နှစ်သက်သည်ဖြစ်၍ သင့်အား များစွာသော ဥစ္စာကို ပေးလတ္တံ့၊ သင်၏လင်ကို ကျွဲကြိမ်တောင်းခွံသာလျင် နေစေ၍ သွားလောဟု မြဲမြံစွာပြု၍ ကြိမ်တောင်းကို ပေးကုန်၏၊ ထိုယုတ်မာသော အကျင့်ရှိသော မိန်းမသည် ထိုငတုံးကို ကြိမ်တောင်းခွံနေစေ၍ တောင်းကိုရွက်၍ ဗာရာဏသီပြည်သို့ သွား၍ အလှူတင်းကုပ်တို့ခွံ တောင်းစားလျက် သွားလေ၏၊ ဘုရားလောင်းသည် တန်ဆာဆင်အပ်သော မြတ်သော ဆင်ကျောက်ကုန်းခွံစီးလျက် အလှူတင်းကုပ်သို့ သွား၍ ရှစ်ယောက်ကုန်သော သူတို့အားငင်း တကျိပ်ကုန်သော သူတို့အားငင်း မိမိ၏လက်ဖြင့် အလှူကိုပေး၍ တဖန် အိမ်သို့ သွား၏၊ ထိုယုတ်မာသော အကျင့်ရှိသော မိန်းမသည် ထိုငတုံးကို တောင်းခွံ နေစေ၍ ရွက်လျက် ထိုဘုရားလောင်း၏ လာလတ္တံ့သော လမ်းသို့ သွား၍ ခရီးခွံ နေ၏။

မင်းသည် မြင်၍ ကျွဲမိန်းမကား အဘယ်မိန်းမနည်းဟု မေး၏၊ မင်းမြတ် တယောက်သော နတ်ကိုကဲ့သို့ လင်ကို လုပ်ကျွေးသော မိန်းမတည်းဟု လျှောက်သည်ရှိသော် ထိုအခါခွံ ထိုမိန်းမကို ခေါ်စေ၍ သိလျက် ငတုံးကို တောင်းမှထုတ်စေ၍ ကျွဲငတုံးသည် သင်နှင့် အသို့တော်ကြသနည်းဟု မေး၏၊

www.dhammadownload.com

ထိုမိန်းမသည် မင်းမြတ် ဤသူသည် အကျွန်ုပ်၏ ဦးရီးသားဖြစ်သော မိဘတို့ပေးစားအပ်သော ငယ်လင်တည်းဟု ဆို၏၊ လူတို့သည် ထိုအကြောင်းကို မသိကုန်သည်ဖြစ်၍ နတ်ကိုကဲ့သို့ လင်ကိုလုပ်ကျေးမသော ပိန်းမပေတည်းဟု အံ့ဘွယ်သရဲ ရှိပေ၏၊ ဤသို့ အစရှိသည်တို့ကို ဆိုကုန်၍ ထိုယုတ်မာသော အကျင့်ရှိသော မိန်းမကို ချီးပွမ်းကြကုန်၏၊ တဖန် မင်းကြီးသည် ဤငတုံးသည် သင်၏မိဘပေးစားသော ငယ်လင်ပင် ဟုတ်၏လောဟု မေး၏၊ ထိုမိန်းမယုတ်သည် မင်းကို မသိသည်ဖြစ်၍ မင်းမြတ်ဟုတ်၏ဟု ရဲတင်းစွာ ဆို၏၊ထိုအခါ၌ ထိုမိန်းမယုတ်ကို ပဒုမမင်းသည် ဤငတုံးကား ပာရာဏသီမင်း၏ သားပင်လော၊ ပဒုမမင်းသား၏ မယားဖြစ်သော ဤအပည်ရှိသောမင်း၏ သို့ဖြစ်သော သင်သည် ငါ၏ပုဆစ်ဒူးသွေးကို သောက်၍ ဤငတုံး၌ ကြိုက်သောစိတ်သည်ဖြစ်၍ ငါ့ကို တောင်ကမ်းပါးပြတ်၌ တွန်းချလိုက်သည် မဟုတ်တုံလော၊ ယခုအခါ၌ ထိုသင်သည် နဖူးပြင်၌ သေမင်းကို ယူခဲ့၍ ငါ့ကို သေလေပြီဟု ထင်မှတ်၍ ဤအရပ်သို့ လာ၏၊ ငါသည် အသက်ရှင်သည် မဟုတ်တုံလောဟု ဆို၍ အမတ်တို့ကိုခေါ်၍ အိုအပတ်တို့ သင်တို့ပေးအပ်သည်ရှိသော် ဤမိန်းမသည် ဤသို့ပင် ဆိုသလောဟု ငါ၏ညီတော်ငယ်တို့သည် ခြောက်ယောက်သော ပိန်းမတို့ကို သတ်ကုန်၍ အသားကို စားကုန်၏၊ ငါသည်တမူကား ငါ၏မယားကို အန္တရာယ်မရှိသည်ကိုပြု၍ မြစ်နားသို့ဆောင်၍ အရိပ်သဒ်မ်း၌ နေလျက် တယောက်သော သတ်အပ်သော အဖြစ်သို့ ပေါက်သော လက်, ခြေ, နား, နှာခေါင်းတို့ကို ဖြတ်လေသောသူကို ကယ်တင်၍ မွေးမြူ၏၊ ထိုမိန်းပသည် ထိုငတုံး၌ ကြိုက်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ငါ့ကို တောင်ကမ်းပါးပြတ်၌ တွန်းချလိုက်၏၊ ငါသည် မိမိ၏ မေတ္တာစိတ်ရှိသည်၏ အဖြစ်ကြောင့် အသက်ကို ရ၏၊ အကြင် မိန်းမသည် ငါ့ကို တောင်မှ တွန်းချအပ်၏၊ ထိုမိန်းပသည် သိလမ္ဂရှိသော ဤမိန်းမပင်တည်း တပါးမိန်းမ မဟုတ်၊ သတ်အပ်သော အဖြစ်သို့ပေါက်သော ထို ငါမွေးမြူအပ်သော ငတုံးသည်လည်း ဤငတုံးပင်တည်း၊ တပါးသူမဟုတ်၊ ဤသို့ဆိုလို၍—

၈၅ အယ မေဝ သာ အဟမပိ သော အနညော၊
အယမေဝ သော ဟတ္ထစ္ဆိန္နော အနညော။
ယမာဟု ကောမာရပတိ မမန္တိ၊
ဝဇ္ဈိတ္ထိယော နတ္ထိ ဣတ္ထီသု သစ္စံ။

www.dhammadownload.com

၈၆ ဣမဉ္စ ဇမ္မိं မုသလေန ဟန္ဒ၁၊
လုဒ္ဒံ ဆဝံ ပရဒါရူပသေဝိံ ။
ဣမိဿာ စ နံ ပါပပတိဗ္ဗတာယ၊
ဇဝန္တိယာ ဆိန္ဒထ ကဏ္ဏနာသံ။

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

ဘော အမစ္စာ၊ အို အမတ်တို့။ ယာ၊ အကြင်မိန်းမသည်။ အဟံ၊ ငါ့ကို။ ပဗ္ဗတပပါတိတော၊ တောင်ကမ်းပါးပြတ်မှ တွန်းချလိုက်၏။ သာ ဣတ္ထီ၊ ထိုမိန်းမသည်။ အယမေဝ၊ ဤမိန်းမပင်တည်း။ အနညာ၊ တပါးသော မိန်းမ မဟုတ်။ တာယ၊ ထိုမိန်းမသည်။ ယော ပုရိသော၊ အကြင်ယောကျ်ားကို။ ပဗ္ဗတပပါတိတော၊ တောင်ကမ်းပါးပြတ်မှ တွန်းချအပ်၏။ သော ပုရိသော၊ ထိုယောကျ်ားသည်။ အဟမပိ၊ ငါသည်ပင်။ အသ္မိ၊ ဖြစ်၏။ အနညော၊ တပါးသောသူ မဟုတ်။ ယော ဟတ္ထစ္ဆိန္နော၊ အကြင် ဖြတ်အပ်သော လက်, ခြေ, နား, နှာခေါင်း ရှိသော သူယုတ်မာကို။ မယာ၊ ငါသည်။ ပဋိစဂ္ဂိတော၊ မွေးမြူအပ်၏။ သော ဟတ္ထစ္ဆိန္နော၊ ထိုဖြတ်အပ်သော လက်, ခြေ, နား, နှာခေါင်းရှိသော သူယုတ်မာသည်။ အယမေဝ၊ ဤသူယုတ်မာပင်လျှင်တည်း။ အနညော၊ တပါးသောသူ မဟုတ်။ သော၊ ဤမိန်းမယုတ်သည်။ ယံ အကြင် ငတုံးကို။ အယံ၊ ဤယောကျ်ားသည်။ မမ၊ ငါ၏။ ကောမာရပတိ၊ ငယ်လင်တည်း။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ သာ၊ ထိုမိန်းမသည်၊ အယမေဝ၊ ငါ၏ မယားဖြစ်သော မိန်းမပင်လျှင်တည်း။ အနညော၊ တပါးသောမိန်းမ မဟုတ်။ ဣတ္ထိယော၊ မိန်းမတို့မည်သည်ကား။ ဝဇ္ဈာ၊ သတ်အပ်သော အပြစ် ရှိန်ကုန်၏။ ဣတ္ထီသု၊ မိန်းမတို့၌။ သစ္စံ၊ သစ္စာသည်။ နတ္ထိ၊ မရှိ။

လုဒ္ဒံ၊ ရန်ရင်းကြမ်းကြုတ်စွာထသော။ ဆဝံ၊ သူသေကောင်နှင့် တူထသော။ ပရဒါရူပသေဝိံ၊ သူ့မယားကို မှီဝဲတတ်ထသော။ ဣမဉ္စ ဇမ္မိံ၊ ဤယုတ်မာစွာသော ငတုံးကိုလည်း။ မုသလေန၊ ကျည်ပွေ့ဖြင့်။ ဟန္ဒ၁၊ သိသိညက်ညက် ကြေအောင်ရိုက်၍။ ဒဏ္ဍံ၊ ဒဏ်ကို။ ကရောထ၊ ပြုကြကုန်လော့။ ပါပပတိဗ္ဗတာယ၊ ယုတ်မာစွာသော လင်ကို လုပ်ကျွေးသော။ ဣမိဿာ စ၊ ဤသိလမရှိသော မိန်းမအား။ ဇဝန္တိယာဝ၊ အသက်ရှင်စဉ်လျှင်။ ကဏ္ဏနာသံ၊ နား, နှာခေါင်းကို။ ဆိန္ဒထ၊ ဖြတ်ကြကုန်လော့။

www.dhammadownload.com

ဘုရားလောင်းသည် အမျက်ကို သည်းခံအံ့သောဌာ မတတ်နိုင်သည်ဖြစ်၍ ဤသို့လျှင် ထိုယုတ်မာကုန်သော သူတို့အား ဒဏ်ကို စေ၍လည်း ထိုသို့စေတိုင်း မပြုစေ၊ စင်စစ်ကား အမျက်ကို ညှဉ်သည်ကိုပြု၍ အကြင် အခြင်းဖြင့် ဖဲ့စေ အပ်သည် ရှိသော် ထိုယုတ်မာသော မိန်းမသည် တောင်းကို ဦးခေါင်းမှ ချအံ့သောဌာ မတတ်နိုင်၊ ထိုအခြင်းဖြင့် မြစ်ဝှာ ဖဲ့စေ၍ ငတုံးကို ထိုင်တောင်းဦ ထည့်စေ၍ မိမိ၏နိုင်ငံမှ နှင်ထုတ်စေ၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာ၏ အဆုံး၌ သာသနာတော်၌ ငြိုးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ မထင်ရှားကုန်သော မထေရ်တို့သည် ထိုအခါ ညီတော် ခြောက်ယောက်တို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ၌ စိဉ္စမာဏဝိကာသည် ထိုအခါ မယား ဖြစ်ဘူးလေပြီ၊ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ငတုံး ဖြစ်ဘူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ဖွတ်မင်း ဖြစ်ဘူးလေပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ စူဠပဒုမမင်း ဖြစ်ဘူးလေပြီ၊ ဤသို့ ဇာတ်ကိုပေါင်းတော်မူ၏။

(မိန်းမဟူဘိ၊ ကျေးဇူးရှိလည်း၊ မသိနှုံယောင်၊ ကြွံးဆောင်သတ်ဖြတ်၊ ကြံတုံလတ်၏)

သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော စူဠပဒုမဇာတ်သည် ပြီး၏။

၄၄-မဏိစောရဇာတ်

ပတ္တမြားဥသျှောင်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် “နံ သန္တိ ဒေဝါ ပဝဿန္တိ နူန” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ မဏိစောရ ဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မြတ်စွာဘုရားကို သတ်အံ့သောဌာ

www.dhammadownload.com

လုံ့လပြုသော **ဒေဝဒတ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုအခါ၌ကား မြတ်စွာဘုရားသည် ဒေဝဒတ်သည် သတ်အံ့သောငှါ လုံ့လပြု၏ဟု ကြားတော်မူ၍ ရဟန်းတို့ ယခုအခါ၌သာလျှင် ဒေဝဒတ်သည် ငါဘုရားကိုသတ်အံ့သောငှါ လုံ့လပြုသည် မဟုတ်သေး၊ ရှေးဌာလည်း ဒေဝဒတ်သည် ငါ့ကိုသတ်အံ့သောငှါ လုံ့လပြုသလျှင်ကတည်း၊ လုံ့လပြုသော်လည်း သတ်အံ့သောငှါ မစွမ်းနိုင် သလျှင်ကတည်းဟု မိန့်တော်မူ၍ ထိုရဟန်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍ လွန်လေပြီးသောအကြောင်းကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗာရာဏသီပြည်မှ မနီးမဝေးသော ရွာငယ်ဝယ် သူကြွယ်မျိုး၌ ဖြစ်၏၊ ထိုအခါ၌ အရွယ်သို့ ရောက်သော ထိုဘုရားလောင်း၏ အကျိုးငှါ ဗာရာဏသီပြည်မှ အမျိုးသမီးကို ဆောင်ကုန်၏၊ ထိုအမျိုးသမီးသည် ရှေအဆင်းနှင့်တူသော အဆင်းရှိသည်ဖြစ်၍ အလွန်အဆင်းလှ၏၊ ရှုချင်ဘွယ်ရှိ၏၊ နတ်သမီးကဲ့သို့ဌင်း ပွင့်သော ပန်းရှိသော အနွယ်ကဲ့သို့ဌင်း ယစ်သောကိန္နရီမကဲ့သို့ဌင်း တင့်တယ်စမွယ်ခြင်းရှိ၏၊ အမည် အားဖြင့် **သုဇာတာ** အမည်ရှိ၏၊ နတ်ကိုကဲ့သို့ လင်ကိုလုပ်ကျွေးခြင်းဝတ်နှင့် ပြည့်စုံ၏၊ သီလအကျင့်နှင့်ပြည့်စုံ၏၊ အခါခပ်သိမ်း လင်၏ဝတ်ကိုဌင်း ယောကျ်ားမ ယောကျ်ားသူ, ယောကျ်ားမမိန်းမသူတို့၏ ဝတ်ကိုဌင်း ပြုသည်သာလျှင် ဖြစ်၏၊ ဘုရားလောင်းသည် သုဇာတာကို ချစ်အပ် မြတ်နိုးအပ်သည်ဖြစ်၏၊ ဤသို့လျှင် ထိုနှစ်ယောက်ကုန်သော လင်မယားတို့သည်လည်း ဝမ်းမြောက်ကြကုန်သည် ဖြစ်၍ တူသောစိတ် ရှိကြကုန်သည်ဖြစ်၍ အညီအညွတ် နေကြကုန်၏။

ထိုအခါ တနေ့သ၌ သုဇာတာသည် မိဘတို့ကို ဖူးမြင်လို၏ဟု ဘုရားလောင်း အား ကြား၏၊ ထိုဘုရားလောင်းသည် ရှင်မ ကောင်းပြီ မျှလောက်သော လမ်းရိက္ခာကို စီရင်လော့ဟု ဆို၍ ခဲဘွယ်အထူးကို ချက်စေ၍ ခဲဘွယ် အစရှိသည်တို့ကို လှည်း၌တင်၍ လှည်းကို နှင်လျက် လှည်းဦးကို စိုး၏၊ သုဇာတာသည် နောက်၌ စိုး၏၊ ထိုနှစ်ယောက်ကုန်သော သမီးခင်ပွန်းတို့သည် မြို့အနီးသို့ ရောက်ကုန်၍ လှည်းကိုချွတ်ကုန်၍ ရေချိုးကုန်၏၊ ရေချိုးကုန်ပြီး၍ စားကုန်၏၊ စားပြီး၍ ဘုရားလောင်းသည် လှည်းကိုက,၍ လှည်းဦး၌နေ၏၊ သုဇာတာသည် အဝတ်တို့ကို လဲ၍ တန်ဆာဆင်၍ ဘုရားလောင်း၏ အနီး၌ စိုး၏၊ လှည်း၏ မြို့တွင်းသို့ ဝင်သောကာလ၌ ဗာရာဏသီမင်းသည် မြတ်သော ဆင်ကျောက်ကုန်း

www.dhammadownload.com

ထက်ဦ စီးလျက် မြို့ကို လက်ျာရစ်လည်သည်ကို ပြု၍ ထိုအရပ်သို့ ရောက်၏၊ သုဇာတာသည် ဆင်း၍ လှည်း၏ နောက်မှ ခြေဖြင့် သွား၏၊ မင်းသည် ထိုသုဇာတာကိုမြင်၍ ထိုသုဇာတာ၏ အဆင်း၏ ပြည့်စုံခြင်းသည် ငင်အပ်သော မျက်စိရှိလျက် ကြိုက်နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ တယောက်သောအမတ်ကို သွားချေ၊ထိုမိန်းမ၏ အရှင်ရှိသည်၏အဖြစ်ကိုငုင်း အရှင်မရှိသည်၏အဖြစ်ကိုငုင်း စုံစမ်းချေဟု စေလိုက်၏၊ ထိုအမတ်သည် သွား၍ ထိုသုဇာတာ၏ အရှင် ရှိသည်၏ အဖြစ်ကို သိ၍ မင်းမြတ် အရှင်ရှိ၏၊ လှည်းဦးနေသော ယောကျ်ားသည် ထိုမိန်းမ၏ လင်တည်းဟု ဆို၏။

မင်းသည် တပ်စွန်းသောစိတ်ကို ဖျောက်အံ့သောငှါ မတတ်နိုင်သည် ဖြစ်၍ ကိလေသာကြောင့် ကြင်နာစိတ် ရှိသည်ဖြစ်၍ တခုသော ဥပါယ်တမျဉ်ဖြင့် ထိုယောကျ်ားကို သတ်စေ၍ မိန်းမကို ယူအံ့ဟု ကြံ၍ တယောက်သော ယောကျ်ားကို ခေါ်၍ သွားချေ၊ ဤပတ္တမြား ဥသျှောင်ကျင်ကို ယူ၍ သွားသကဲ့သို့ ဖြစ်၍ ထိုယောကျ်း၏ လှည်းဦ ထားခဲ့၍ လာလှည့်လော့၊ ဤသို့ဆို၍ ပတ္တမြားဥသျှောင်ကျင်ကိုပေး၍ ယွတ်လိုက်၏၊ ထိုယောကျ်းသည် ကောင်းပြီဟု ထိုပတ္တမြား ဥသျှောင်ကျင်ကို ယူ၍ သွား၍ လှည်းဦ ထား၍ မင်းမြတ် အကျွန်ုပ်သည် ထားအပ်ပြီဟု လာလတ်၍ ကြား၏၊ မင်းသည် ငါ၏ ပတ္တမြား ဥသျှောင်ကျင်သည် ပျောက်၏ဟု ဆို၏၊ လူတို့သည် တပြိုင်နက် အုတ်အုတ်ကျက်ကျက်ကို ပြုကုန်၏၊ မင်းသည် ခပ်သိမ်းသော တံခါးတို့ကို ပိတ်ကုန်၍ သူခိုးကို ရှာကြကုန်လော့ဟု ဆို၏၊ မင်းချင်းတို့သည် ထိုမင်းဆိုတိုင်း ပြုကုန်၏၊ မြို့သည် တပြိုင်နက် ချောက်ချားသည် ဖြစ်၏၊ တယောက်သော မင်းချင်းသည် လူတို့ကို ယူ၍ ဘုရားလောင်း၏ အထံသို့ သွား၍ အချင်း လှည်းကို ရပ်လော့၊ မင်း၏ ပတ္တမြားဥသျှောင်ကျင်တော်သည် ပျောက်၏၊ လှည်းကို သုတ်သင်အံ့ဟု ဆို၍ လှည်းကိုသုတ်သင်လျက် မိမိသည် ထားအပ်သော ပတ္တမြားဥသျှောင်ကျင်ကို ယူ၍ ဘုရားလောင်းကိုဖမ်း၍ ပတ္တမြားဥသျှောင်ကျင် ခိုးသူဟူ၍ လက်တို့ဖြင့်ငင်း ခြေတို့ဖြင့်ငင်း ညှဉ်းဆဲ၍ လက်ပြန် နှောင်ဖွဲ့ပြီးလျှင် ဆောင်ယူခဲ့၍ ဤသူသည် ပတ္တမြားဥသျှောင်ကျင် ခိုးသူတည်းဟု မင်းအား ပြ၏၊ မင်းသည်လည်း ထိုခိုးသူ၏ ဦးခေါင်းကို ဖြတ်လေကုန်ဟု စေ၏။

ထိုအခါ၌ ဘုရားလောင်းကို မင်းချင်းတို့သည် ခရီးလေးဆုံ ခရီးလေးဆုံ တိုင်း၌ ကြိမ်တို့ဖြင့် ရိုက်ကုန်လျက် တောင်တံခါးဖြင့်မြို့မှထုတ်ကုန်၏၊ သုဇာဟာသည်လည်း ယာဉ်ကိုစွန့်၍ မောင်းဟ်ိုကို မြှောက်၍ ငါ့ကိုမှီ၍ ငါ့လင်သည်

www.dhammadownload.com

ဤဆင်းရဲခြင်းသို့ ရောက်၏၊ ဤသို့ ငိုကြွေးလျက် နောက်မှ နောက်မှ လိုက်၏၊ မင်းချင်းတို့သည် ထိုဘုရားလောင်း၏ ဦးခေါင်းကို ဖြတ်ကုန်အံ့ဟု ဘုရားလောင်းကို ပက်လက် အိပ်စေကုန်၏၊ ထိုအခြင်းအရာကို မြင်၍ သုဇာတာသည် မိမိ၏ သီလကျေးဇူးကို ဆင်ခြင်၍ ဤလောကဌ် သီလရှိကုန်သော သူတို့ကို ညှဉ်းဆဲတတ် ကုန်သော ယုတ်မာကုန်သော နှိုင်ထက်ကလူ မူတတ်ကုန်သော သူတို့ကို မြစ်အံ့သောဌါ စွမ်းနိုင်ကုန်သော နတ်တို့မည်သည်ကား မရှိယောင် တကားဟု ဆိုလို၍—

၈၇ နာ သန္တီ ဒေဝါ ပဝသန္တိ နူနာ၊
နာ ဟိ နူနာ သန္တိ ဣဓ လောကပါလာ။
သဟသာ ကရောန္တာနမသညတာနံ၊
နာ ဟိ နူနာ သန္တိ ပဋိသေဓိတာရော။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဣဓ လောကေ၊ ဤလောကဌ်။ ဒေဝါ၊ သီလရှိကုန်သောသူတို့ကို ကြည့်တတ်ကုန်သော နတ်တို့သည်။ နာ သန္တိ နူနာ၊ မရှိကုန်ယောင်တကား။ ဧဝရူပေသု၊ ဤသို့ သဘောရှိကုန်သော။ ကိစ္စေသု၊ ကိစ္စတို့သည်။ ဥပ္ပန္နေသု၊ ဖြစ်ကုန်သည် ရှိသော်။ ဒေဝါ၊ သီလရှိသောသူတို့ကို ကြည့်ရှုတတ်ကုန်သော နတ်တို့သည်။ ပဝသန္တိ နူနာ၊ ဤအုရပ်မှ ကင်းကုန်ယောင်တကား။ လောကပါလာ၊ လောကပါလဟု သမုတ်အပ်သော သီလရှိကုန်သောသူတို့ကို ချီးမြှောက်တတ်ကုန်သော ရဟန်း ပုဏ္ဏားတို့သည်။ နာ သန္တိ နူနာ၊ မရှိကုန်ယောင်တကား။ သဟသာ၊ မဆင်မခြင် တဆောတလျင်အားဖြင့်။ ကရောန္တာနံ၊ ရုန့်ရင်းကြမ်းတန်းသော အမှုကို ပြုတတ်ကုန်သော။ အသညတာနံ၊ ကိုယ်နှုတ်နှလုံးကို မစောင့်ကုန်သော သူတို့ကို။ ပဋိသေဓိတာရော၊ တားမြစ်တတ်ကုန်သော နတ်တို့သည်။ နာ ဟိ သန္တိ နူနာ၊ မရှိကုန်ယောင်တကား။

ဤသို့လျှင် သီလနှင့် ပြည့်စုံသော သုဇာတာသည် ငိုကြွေးသည်ရှိသော် နတ်တို့၏ မင်းဖြစ်သော သိကြား၏နေရာ ပဏ္ဍုကမ္မလာ ကျောက်ဖျာသည် ပူသောအခြင်းအရာကို ပြလေ၏၊ သိကြားမင်းသည် အဘယ်သူသည်လျှင် ငါ့ကို သိကြား၏ အဖြစ်မှ ရွေ့လျောစေလိုသနည်းဟု ဆင်ခြင်လတ်သည်ရှိသော် ဤအကြောင်းကို သိ၍ ဗာရာဏသီမင်းသည် အလွန်ကြမ်းကြုတ်သော အမှုကို

www.dhammadownload.com

ပြု၏၊ သီလနှင့်ပြည့်စုံသော သုဇာတာကို ပင်ပန်းစေ၏၊ ယခု ငါသည် သွားအံ့သောငှါ သင့်၏ဟု နတ်ပြည်မှ သက်၍ မိမိ၏ အာနုဘော်အားဖြင့် ဆင်ကျောက်ကုန်းဌ် နေသော ထိုယုတ်မာသောမင်းကို ဆင်ကျောက်ကုန်းထက်မှ ချ၍ စဉ်းတီးတုံးဌ် ပက်လက်အိပ်စေ၍ ဘုရားလောင်းကို ချီ၍ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်၍ မင်း၏အသွင်ကို ယူစေ၍ ဆင်ကျောက်ကုန်းထက်ဌ် နေစေ၏၊ မင်းချင်းတို့သည် သန်လျက်ကို ချီကုန်၍ ဦးခေါင်းကို ဖြတ်ကုန်သည်ရှိသော် ဗာရာဏသီမင်း၏ ဦးခေါင်းကိုဖြတ်မိကုန်၏၊ ဖြတ်ပြီးသော ကာလဌ်သာလျှင် ထိုဗာရာဏသီမင်း၏ ဦးခေါင်းအဖြစ်ကို သိကုန်၏၊ နတ်တို့၏ မင်းဖြစ်သော သိကြားသည် ထင်ရှားသော ကိုယ်ဖြင့်သာလျှင် ဘုရားလောင်း၏ အထံသို့ သွား၍ ဘုရားလောင်းအား ရာဇာဘိသေကကို သွန်း၍ သုဇာတာကို သာလျှင် မိဖုယားအရာဌ် ထား၏၊ အမတ်တို့သည်၎င်း ပုဏ္ဏား, သူကြွယ်တို့သည်၎င်း နတ်တို့၏ မင်းဖြစ်သော သိကြားကို မြင်ကုန်၍ တရားမစောင့်သော မင်းကို သတ်အပ်ပြီ၊ ယခုအခါဌ် ငါတို့သည် သိကြားပေးအပ်သော တရားစောင့်သောမင်းကို ရပေပြီဟု ဝမ်းမြောက်ခြင်းသို့ ရောက်ကြကုန်၏။

သိကြားမင်းသည်လည်း ကောင်းကင်ဌ် ရပ်၍ သိကြားမင်းသည် ပေးအပ်သော ဤမင်းသည် ဤနေ့မှစ၍ တရားသဖြင့် မင်းအဖြစ်ကို ပြုလတ္တံ့၊ မင်းတရားမစောင့်ရာဌ် အပြစ်ကို ထင်စွာပြအံ့၊ မင်းသည် တရားမစောင့်သည် အကယ်၍ဖြစ်အံ့၊ မရွာသင့်သော ကာလဌ် မိုးသည် ရွာ၏၊ ရွာသင့်သော ကာလဌ် မရွာ၊ငတ်မွတ်ခြင်းဘေးငှင်း အနာနှိပ်စက်ခြင်းဘေးငှင်း ခါးလက်နက်ဘေးငှင်း ဤဘေးသုံးပါးတို့သည် ရောက်လာကုန်သည်သာလျှင် ဖြစ်ကုန်၏၊ ဤသို့ ဆုံးမလိုသည်ဖြစ်၍—

၈၈ အကာလေ ဝဿတိ တဿ၊ ကာလေ တဿ နော ဝဿတိ။
သဂ္ဂါ စ စဝတိ ဌာနာ၊ နနု သော တာဝတာ ဟတော။

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

တဿ၊ ထိုတရားမစောင့်သောမင်း၏။ ရဇ္ဇေ၊ ပြည်ဌဲ့။ ဒေဝေါ၊ မိုးသည်။ ဝဿံ-ဝဿန္တော၊ ရွာသည်ရှိမသော်။ အကာလေ၊ မရွာသင့်သော ကာလဌ်။ ဝဿတိ၊ ရွာ၏။ တဿ၊ ထိုတရားမစောင့်သောမင်း၏။ ရဇ္ဇေ၊ပြည်ဌဲ့။ဒေဝေါ၊ မိုးသည်။ ကာလေ၊ ရွာသင့်သော ကာလဌ်ကား။ နော ဝဿတိ၊ မရွာ။

www.dhammadownload.com

အဓမ္မိကရာဇာ၊ တရားမစောင့်သော မင်းသည်။ သင်္ဂါဌာနာ၊ နတ်ရွာဌါနမှ။ စဝတိ၊ လွှတ်ကင်း၏။ **တနည်းကား** အဓမ္မိကရာဇာ၊ တရားမစောင့်သော မင်းသည်။ သမဲင်္ဂ၊ နတ်ပြည်၌။ ရင်္ဇံ၊ မင်းအဖြစ်ကို။ ကရောန္တော်ပိ၊ ပြုရသော်လည်း။သင်္ဂါဌာနာ၊ နတ်ပြည်မှ။စဝတိ၊ ရွှေ့လျှောရ၏။ သော၊ ထိုတရားမစောင့်သော မင်းသည်။ တာဝတာ၊ ထိုမျှအတိုင်းအရှည်ဖြင့်။ ဟတော နန္ဒ၊ ညှဉ်းဆဲသည် မဟုတ်တုံလော။ **တနည်းကား** သော ရာဇာ၊ ထိုတရားမစောင့်သောမင်းသည်။ နန္ဒ၊ စင်စစ်။တာဝတာ၊ ထိုမျှသာ။ န ဟတော၊ ညှဉ်းဆဲရသည် မဟုတ်သေး။

ဤသို့လျှင် သိကြားမင်းသည် လူမျှားအား အဆုံးအမကို ပေး၍ မိမိ၏ ဗိမာန်သို့သာလျှင်သွား၏။ ဘုရားလောင်းသည်လည်း တရားသဖြင့်မင်းအဖြစ်ကို ပြုစေ၍ နတ်ပြည်ကို ပြည့်စေ၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူပြီး လျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ၌ တရားမစောင့်သောမင်း ဖြစ်ဘူးလေပြီ၊ ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ သိကြားမင်း ဖြစ်ဘူးလေပြီ၊ ယခုအခါ ရာဟုလာမယ်တော်သည် ထိုအခါ သုဇာတာဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ၌ သိကြား ပေးအပ်သောမင်း ဖြစ်ဘူးလေပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(သူတော်ကောင်းမှ၊ နတ်ကောင်းမ၊ ကျင့်ထ တရားမှန်)

လေးခုမြောက်သော မဏိစောရဇာတ်သည် ပြီး၏။

၄၅-ပဗ္ဗတူပတ္ထရဇာတ်

ပညာရှိအမတ်

ပစ္စုပ္ပန်ဝတ္ထု၊ နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် “ပဗ္ဗတူပတ္ထရေ ရမ္မေ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပဗ္ဗတူပတ္ထရ ဇာတ်ကို ဇေတဝန် ကျောင်းတော်၌

www.dhammadownload.com

သီတင်းသုံး နေတော်မူစဉ် **ကောသလမင်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ကောသလမင်း၏ တယောက်သော အမတ်သည် နန်းတွင်းသူ တယောက်၌ မှားယွင်းလေသတတ်၊ ကောသလမင်းသည်လည်း ထိုအမတ်ကို စုံစမ်းသည်ရှိသော် မှန်သောအားဖြင့် သိ၍ မြတ်စွာဘုရားအား လျှောက်အံ့ဟု ဧတဝန် ကျောင်းတော်သို့ သွားပြီးလျှင် မြတ်စွာဘုရားကိုရှိခိုး၍ အရှင်ဘုရား အကျွန်ုပ်၏ နန်းတွင်းသူတယောက်၌ အမတ်တယောက်သည် မှားယွင်း၏၊ ထိုအမတ်အား အသို့ပြုအံ့သောဋ္ဌာ သင့်သနည်းဟု မေးလျှောက်၏၊ ထိုအခါ၌ ကောသလမင်းကို မြတ်စွာဘုရားသည် မင်းမြတ် ထိုအမတ်သည် သင့်အား ကျေးဇူးပြုသော အမတ်လော၊ ထိုမိန်းမသည်လည်း သင်သည် ချစ်မြတ်နိုးလေသော မိန်းမလော၊ ဤသို့ မေးတော်မူ၍ အရှင်ဘုရား ဟုတ်၏၊ ထိုအမတ်သည် အလွန်လျှင် ကျေးဇူးပြု၏၊ အလုံးစုံသော မင်းမျိုးကို ကောင်းစွာ ဆောင်၏၊ ထိုမိန်းမသည်လည်း အကျွန်ုပ်သည် ချစ်မြတ်နိုးအပ်သော မိန်းမတည်းဟု နားတော် လျှောက်သည်ရှိသော် မင်းမြတ် မိမိအား ကျေးဇူးပြုကုန်သော မှီဝဲ ခစား ကုန်သော သူတို့၌ဌင်း ထိုသို့သဘောရှိကုန်သော မှီဝဲ ခစားကုန်သော ချစ်အပ် ကုန်သော မိန်းမတို့၌ဌင်း ဖျက်ဆီးအံ့သောဋ္ဌာ မတတ်ကောင်း၊ ရှေး၌လည်း မင်းတို့သည် ပညာရှိတို့၏စကားကို ကြားကုန်၍ လျစ်လျူရှုကုန်သည် သာလျှင် ဖြစ်ဘူးကုန်၏ဟု မိန့်တော်မူ၍ ထိုကောသလမင်းသည် တောင်းပန်အပ်သည် ဖြစ်၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၂ မင်းမြတ် လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် အမတ်မျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ထိုဗြဟ္မဒတ် မင်း၏ အကျိုး အကြောင်းကို ဆုံးမတတ်သော အမတ်သည် ဖြစ်၏၊ ထိုအခါ၌ ဗြဟ္မဒတ်မင်း၏ တယောက်သော အမတ်သည် နန်းတွင်းသူ မင်းမောင်းမ တယောက်၌ မှားယွင်း၏၊ မင်းသည် မှန်သောအားဖြင့် သိ၍ အမတ်သည်လည်း ငါ့အား ကျေးဇူးများ၏၊ ဤမိန်းမသည်လည်း ငါချစ်သော မိန်းမတည်း၊ နှစ်ယောက်ကုန်သော ဤသူတို့ကိုလည်း ဖျက်ဆီးအံ့သောဋ္ဌာ မတတ်ကောင်း၊ ပညာရှိသော အမတ်ကို ပြဿနာကို မေး၍ သည်းခံအပ်သည် အကယ်၍ ဖြစ်လတ္တံ့ သည်းခံအံ့၊ သည်းခံအပ်သည် အကယ်၍ မဖြစ်လတ္တံ့ သည်းမခံအံ့၊ ဤသို့ နှလုံးသွင်းခြင်းကို ပြု၍ ဘုရားလောင်းကို ခေါ်စေ၍ ပညာရှိငါသည် သင့်ကို ပြဿနာမေးအံ့ပုံ ဆို၍ ပင်းမြတ် အရှင်တို့သည် မေးတော်မူကုန်လော့ ဖြေအံ့ဟု ကိုသည်ရှိသော် ပြဿနာကို မေးလိုရကား—

www.dhammadownload.com

၈၉ ပဗ္ဗကူပတ္ထရေ ရမ္မေ၊ ဇာတာ ပေါက္ခရဏီ သိဝါ။
ကံ သိဂ်ါလော အပါပါယိ၊ ဇာနံ သီဟေန ရက္ခိတံ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ပဏ္ဍိတ၊ ပညာရှိ။ ရမ္မေ၊ မွေ့လျော်ဘွယ်ရှိသော။ ပဗ္ဗတူပတ္ထရေ၊ ဟိမဝန္တာတောင်ခြေရင်း၌ ပြန့်၍တည်သော မြေပြင်၌။ သိဝါ၊ ချမ်းအေးချိုမြိန်သော ရေနှင့်ပြည့်စုံသော။ ပေါက္ခရဏီ၊ ရေကန်သည်။ ဇာတာ၊ ဖြစ်၏။ **တနည်းကား** ပေါက္ခရဏီ၊ ကြာတို့ဖြင့် ဖုံးလွှမ်းအပ်သော မြစ်သည်။ ဇာတာ၊ ဖြစ်၏။ တံ၊ ထိုရေကန်ကို။ **တနည်းကား** တံ၊ ထိုမြစ်ကို။ သီဟေန၊ ခြင်္သေ့မင်းသည်။ ရက္ခိတံ၊ စောင့်ရှောက်အပ်၏ဟူ၍။ ဇာနံ-ဇာနန္တော၊ သိလျက်။ သိဂ်ါလော၊ မြေခွေးသည်။ အပါပါယိ၊ သောက်ကောင်းသလော။

ဘုရားလောင်းသည် မချွတ် ထိုမင်း၏ နန်းတွင်းသူ၌ အမတ်တယောက်သည် မှားယွင်းသည် ဖြစ်လတ္တံ့ဟု သိ၍-

၉၀ ပိဝန္တိ စေ မဟာရာဇ၊ သာပဒါနိ မဟာနဒိံ။
န တေန အနဒီ ဟောတိ၊ ခမဿု ယဒိ တေ ပိယာ။

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

မဟာရာဇ၊ မင်းမြတ်။ မဟာနဒိံ၊ ကြာတို့ဖြင့် ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့် ပေါက္ခရဏီဟု ဆိုအပ်သော အမည်ရှိသော မြစ်ကြီးကို။ သာပဒါနိ၊ ငှက်, ခွေး, ယုန်, ကြောင်, သမင် အစရှိသော သားမျိုးတို့သည်။ ပိဝန္တိ စေ၊ သောက်ကုန်စေကာမူ။ တေန၊ ထိုသို့ သောက်ခြင်းတည်းဟူသော အကြောင်းကြောင့်။ သာ၊ ထိုမြစ်ကြီးသည်။ အနဒီ၊ မြစ်မဟုတ်သည်။ န ဟောတိ၊ မဖြစ်။ သာ ဣတ္ထီ၊ ထိုမိန်းမကို။ တေ၊ အရှင်မင်းမြတ်သည်။ ယဒိ ပိယာ၊ အကယ်၍ ချစ်မြတ်နိုးတော်မူသည် ဖြစ်အံ့။ ခမဿု၊ သည်းခံတော်မူလော့။

ဤသို့လျှင် ဘုရားလောင်းသည် မင်းအား အဆုံးအမကို ပေး၏၊ မင်းသည် ထိုဘုရားလောင်း၏ အဆုံးအမ၌တည်၍ ဤသို့သဘောရှိသော ယုတ်မာသော

www.dhammadownload.com

အမှုကို မပြုကုန်လင့်ဟု ဆို၍ နှစ်ယောက်ကုန်သော သူတို့အားလည်း သည်းခံ၏၊ ထိုအခါမှစ၍ ထိုသူတို့သည် ကြဉ်ရှောင်ကုန်၏၊ မင်းသည်လည်း ဒါနအစရှိကုန်သော ကောင်းမှုတို့ကိုပြု၍ အသက်၏အဆုံး၌ နတ်ပြည်၌ ပြည့်စေ၏၊ ကောသလမင်းသည်လည်း ဤဓမ္မဒေသနာကိုနာ၍ နှစ်ယောက်ကုန်သော သူတို့အားလည်း သည်းခံလျစ်လျူရှုသည် ဖြစ်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား မင်းမြတ် ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိအမတ် ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကျေးဇူးရှိပေ၊ ချစ်ခင်ပေ၊ မသွေ သည်းခံသင့်)

ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော ပဉ္စတှုပတ္ထရဇာတ်သည် ပြီး၏။

၄၆-ဝလာဟကသဇာတ်

မိန်းမဘီလူး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ယေန ကာဟန္တိ ဩဝါဒံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ ဝလာဟကသဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **တပါ.သော သာသနာတော်၌ ငြီးငွေ့သော ရဟန်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုရဟန်းကို ရဟန်း သင်သည် ငြီးငွေ့၏ဟူ၍ ငါကြားရသည်ကား မှန်သလောဟု မြတ်စွာဘုရားသည် မေးတော်မူသည်ရှိသော် အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်၍ အဘယ်ကြောင့် ငြီးငွေ့သနည်းဟု မိန့်တော်မူသည်ရှိသော် အရှင်ဘုရား တယောက်သောမိန်းမသည် တန်ဆာဆင်အပ်သည်ကိုမြင်၍ ကိလေသာ၏အစွမ်းအားဖြင့် ငြီးငွေ့သည် ဖြစ်၏ဟု နားတော် လျှောက်လေ၏၊ ထိုဘဝါ

www.dhammadownload.com

ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း မိန်းမတို့မည်သည်ကား မိမိ၏ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ တို့ဖြင့်ဝင်း မိန်းမတို့၏ အမူအရာဟန်ပန် တို့ဖြင့်ဝင်း တင့်တယ် စမွယ်ခြင်းတို့ဖြင့်ဝင်း ယောကျ်ားတို့ကို ဖြားယောင်းကုန်၍ မိမိအလိုသို့ လိုက်သည်၏ အဖြစ်ကို သိကုန်၍ သိလ၏ ပျက်စီးခြင်းသို့ဝင်း ဥစ္စာ၏ ပျက်စီးခြင်းသို့ဝင်း ရောက်စေတတ်သော သဘောကြောင့် ဘီလူးမတို့ မည်ကုန်၏ဟူ၍ ဆိုအပ်ကုန်၏။ ထိုစကားသည် မှန်၏။ ရှေးဦးလည်း ဘီလူးမတို့သည် မိန်းမတို့၏အမူအရာဖြင့် တယောက်သော ယောကျ်ားဖြစ်သော လှည်းကုန်သည်သို့ ကပ်ကုန်၍ ကုန်သည်တို့ကို ဖြားယောင်း၍ မိမိ၏ အလိုသို့ လိုက်သည် တို့ကို ပြုကုန်ပြီး၍ တဖန် တပါးကုန်သော ယောကျ်ားတို့ကို မြင်ကုန်၍ ထိုခပ်သိမ်းကုန်သော သူတို့ကိုလည်း အသက်ကုန်ခြင်းသို့ ရောက်စေကုန်၍ မေး, ပါးစောင်နှစ်ဘက်တို့မှ သွေးကို ယိုစီးစေသဖြင့် ခံတွင်းကို ပြည့်စေကုန်လျက် စားဘူးကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ သိန်းသိုင်္ခကျန်း၌ သိရီသဝတ္ထု အမည်ရှိသော ဘီလူးမတို့၏ မြို့သည်ရှိ၏၊ ထိုသိရီသဝတ္ထု အမည်ရှိသော မြို့၌ ဘီလူးမတို့သည် နေကုန်၏၊ ထိုဘီလူးမတို့သည် သင်္ဘော ပျက်ကုန်သော ကုန်သည်တို့ ရောက်လာသောကာလ၌ တန်ဆာဆင်ခြင်းနှင့် စပ်ကုန်သည် ဖြစ်၍ ခဲဘွယ် ဘောဇဉ်ကို ယူခဲ့စေကုန်၍ ကျွန်မအပေါင်း ခြံရုံကုန်လျက် သူငယ်တို့ကို ရင်ခွင်ဖြင့် ချီကုန်၍ ကုန်သည်တို့သို့ ကပ်ကုန်၏၊ ထိုကုန်သည်တို့အား လူတို့၏ နေရာအရပ်သို့ ရောက်ကုန်၏ဟု သိစိမ့်သောငှါ ထိုထိုအရပ်၌ လယ်ထွန်ခြင်း နွားကျောင်းခြင်း အစရှိသည်တို့ကို ပြုကုန်သောလူတို့ကိုဝင်း နွား, ခွေး, အစရှိသည်တို့ကိုဝင်း ပြကုန်လျက် ကုန်သည်တို့၏ အထံသို့ သွား၍ ဤယာဂုကို သောက်ကြကုန်လော့၊ ဤထမင်းကို စားကြကုန်လော့၊ ဤခဲဘွယ်ကို ခဲကြကုန်လော့ဟု ဆိုကုန်၏၊ ကုန်သည်တို့သည် မသိကြကုန်သည် ဖြစ်၍ ဘီလူးမတို့သည် ပေးအပ်သော ခဲဘွယ် ဘောဇဉ်ကို သုံးဆောင်ကုန်၏၊ ထိုနောင်မှ ထိုကုန်သည်တို့၏ ခဲကုန် စားကုန် သောက်ကုန်၍ အပင်အပန်းပြေသောကာလ၌ အမောင်တို့ သင်တို့သည် အဘယ်အရပ်၌ နေကုန်သော သူတို့နည်း၊ အဘယ်အရပ်မှ လာကြကုန်သနည်း၊ အဘယ်အရပ်သို့ သွားကြကုန်အံ့နည်း၊ အဘယ်အမှုကြောင့် ဤအရပ်သို့ လာကြကုန်သနည်းဟု မေးမြန်းကုန်လျက် ပျူငှါလောကဝတ်ကို ပြုကုန်၏၊ လေ့ပျက်ကုန်သည်ဖြစ်၍ ဤအရပ်သို့ ရောက်လာကြကုန်၏ဟု ဆိုသည်ရှိသော် အမောင်တို့ ကောင်းပြီ၊ သင်္ဘော်စီး၍

www.dhammadownload.com

သွားလေကုန်သောငါတို့၏ လင်တို့အားလည်း သုံးနှစ်တို့သည်လွန်ကုန်ပြီ၊ငါတို့၏ လင်တို့သည် သေသည်ဖြစ်ကုန်လတ္တံ့၊ သင်တို့သည်လည်း ကုန်သည်တို့ပင်လျှင်တည်း၊ ငါတို့သည် သင်တို့၏ခြေရင်းခွဲ အလုပ်အကျွေးတို့သည် ဖြစ်ပါကုန်အံ့ဟု ဆိုကုန်၍ ထိုကုန်သည်တို့ကို မိန်းမ၏ အသွင်အပြင် မိန်းမ၏ အဖြစ်ဖြင့် တင့်တယ်စမွယ်ခြင်းတို့ဖြင့် ဖြားယောင်းကုန်၍ ဘီလူးတို့၏မြို့သို့ ဆောင်ကုန်ပြီးလျှင် ရှေးဦးစွာ ယူအပ်ကုန်သော လူတို့သည် အကယ်၍ ရှိကုန်အံ့၊ ထိုရှေးဦးစွာ ယူအပ်ကုန်သော လူတို့ကို နတ်တို့၏ သံခြေချင်းဖြင့် ဖဲ့ကုန်၍ နှောင်အိမ်၌ သွင်းကုန်၏၊ မိမိ၏ နေရာအရပ်၌ သဘော်ပျက်ကုန်သောလူတို့ကို မရကုန်မူကား ထိုမှာဘက်မှကလျာဏီမြစ်တိုင်အောင် ဤမှာဘက်မှ နာဂဒီပတိုင်အောင် ဤသို့သမုဒ္ဒရာကမ်းကိုလှည့်လည်ကုန်၏၊ဤသည်ကား ထိုဘီလူးမတို့၏ သဘောတည်း။

ထိုအခါ တနေ့သ၌ ငါးရာကုန်သော သဘော်ပျက်ကုန်သော ကုန်သည်တို့သည် ထိုဘီလူးမတို့၏ မြို့အနီးသို့ ကူးကြကုန်၏၊ ထိုဘီလူးမတို့သည် ထိုငါးရာကုန်သော ကုန်သည်တို့၏အထံသို့ သွားကုန်၍ ဖြားယောင်းကုန်၍ ဘီလူးမတို့၏ မြို့သို့ ဆောင်ကုန်၍ ရှေးဦးစွာ ယူအပ်ကုန်သော လူတို့ကို နတ်တို့၏ သံခြေချင်းတို့ဖြင့် နှောင့်ဖဲ့ကုန်၍ နှောင်အိမ်၌ သွင်းကုန်၏၊ ဘီလူးမအကြီးသည် ကုန်သည်အကြီးကို ကြင်းကုန်သော ဘီလူးမတို့သည် ကြင်းကုန်သော ကုန်သည်တို့ကို ဤသို့ ငါးရာကုန်သော ဘီလူးမတို့သည် ငါးရာကုန်ဖသောကုန်သည်တို့ကို မိမိတို့၏ လင် ပြုကုန်၏၊ ထိုအခါ၌ ထိုဘီလူးမအကြီးသည် ညဉ့်အဘို့၌ ကုန်သည်တို့အိမ်ပျော်ခြင်းသို့ ရောက်သည်ရှိသော် ထ၍ သွားပြီးလျှင် နှောင်အိမ်၌ လူတို့ကို သတ်၍ အသားကို စား၍ လာ၏၊ ကြင်းကုန်သော ဘီလူးမတို့သည်လည်း ထိုဘီလူးမအကြီး အတူသာလျှင် ပြုကုန်၏၊ ဘီလူးမကြီးသည် လူသားကို စား၍ လာသောကာလ၌ ကိုယ်သည် အေး၏၊ ကုန်သည်ကြီးသည် စုံစမ်းသည်ရှိသော် ထိုလူးမကြီး၏ ဘီလူးမ၏အဖြစ်ကို သိ၍ ငါးရာကုန်သော မိန်းမတို့သည် ဘီလူးမတို့သာ ဖြစ်ကုန်လတ္တံ့၊ ငါတို့သည် ပြေးအံ့သောငှါ သင့်၏ဟု မိုးသောက်သော နေ့၌ စောစောကသာလျှင် မျက်နှာသစ်အံ့သောငှါ သွားလေ၏၊ ကြင်းကုန်သောကုန်သည်တို့အား အချင်းတို့ ဤမိန်းမတို့သည် ဘီလူးမတို့တည်း၊ လူမိန်းမတို့ မဟုတ်ကုန်၊ တပါးကုန်သော သဘော်ပျက်ကုန်သော ကုန်သည်တို့၏ လာသောကာလ၌ လင်တို့ကို ပြုကုန်၍ ငါတို့ကို စားကုန်လတ္တံ့၊ ငါတို့သည် ဤအရပ်မှ ပြေးကြကုန်အံ့ဟု ဆိုသည်ရှိသော် ထိုငါးရာကုန်သော ကုန်သည်တို့တွင် နှစ်ရာ့ငါးကျိပ်ကုန်သော ကုန်သည်တို့သည် ငါတို့သည် ဤမိန်းမတို့ကို စွန့်အံ့သောငှါ မတတ်နိုင်ကုန်၊ သင်တို့ သည်သာ သွားကြ ကုန်လော့၊

www.dhammadownload.com

ငါတို့သည် မပြေးကြကုန်အံ့ဟု ဆိုကုန်၏၊ ကုန်သည်ကြီးသည် မိမိ၏စကားကို လိုက်နာကုန်သော ကုန်သည်တို့ကို ယူ၍ ထိုဘီလူးမတို့မှ ကြောက်သည် ဖြစ်၍ ပြေးလေ၏။

ထိုကာလ၌ကား ဘုရားလောင်းသည် ဝလာဟက မြင်းမျိုး၌ ဖြစ်၏၊ ကိုယ်အလုံးဖြူ၏၊ ညိုသောဦးခေါင်းရှိ၏၊ ဖြူဆံမြက်ကဲ့သို့သော လည်ဆံရှိ၏၊ တန်ခိုးနှင့် ပြည့်စုံ၏၊ ကောင်းကင်သို့ ပျံသွားနိုင်၏၊ ထိုဝလာဟက မြင်းမင်းသည် ဟိမဝန္တာမှ ကောင်းကင်သို့ပျံ၍ သိန်းသိုင်္ကန်းသို့ ရောက်၍ သိန်းသိုင်္ကန်းအိုင်ဝယ် ညွှန်ပျောင်း၌ အလိုလိုသာလျှင် ရောက်သော သလေးစပါးကို စား၍ သွား၏၊ ဤသို့သွားသည်ရှိသော် ထိုဝလာဟက မြင်းမင်းသည် ဇမ္ဗူဒိပ်ဇနပုဒ်သို့ သွားလိုသောသူသည် ရှိသလောဟု သုံးကြိမ် ကရဏာသည် ထုံမွှမ်းအပ်သော လူတို့၏ စကားကို ဆို၏၊ ထို နှစ်ရှင်းကျိပ်ကုန်သော ကုန်သည်တို့သည် ဘုရားလောင်း၏ စကားကို ကြားကုန်လျှင် ဘုရားလောင်းသို့ ကပ်ကုန်၍ လက်အုပ်ချီကုန်လျက် အရှင် အကျွန်ုပ်တို့သည် ဇမ္ဗူဒိပ်ဇနပုဒ်သို့ သွားပါကုန်အံ့ဟု ဆိုကုန်၏၊ ထိုသို့တပြိုးကား ငါ၏ ကျောက်ကုန်းသို့ တက်ကြကုန်လော့ဟု ဆို၏၊ အချို့သောသူတို့သည် တက်ကုန်၏၊ ထိုသူတို့ဘင် အချို့ကုန်သော သူတို့သည် အမြီးကို ဆွဲကုန်၏၊ အချို့ကုန်သော သူတို့သည် လက်အုပ်ချီကုန်၍ တည်ကုန်သလျှင် ကတည်း၊ ဘုရားလောင်းသည် အယုတ်သဖြင့် လက်အုပ်ချီကုန်၍ တည်ကုန်သော အလုံးစုံလည်းဖြစ်ကုန်သော နှစ်ရှင်းကျိပ်ကုန်သော ထိုကုန်သည်တို့ကို မိမိ၏ အာနုဘော်ဖြင့် ဇမ္ဗူဒိပ်ဇနပုဒ်သို့ ဆောင်ပြီးလျှင် မိမိတို့၏ နေရာအရပ်တို့၌ တည်စေ၍ မိမိ၏ နေရာအရပ်သို့ သွားလေ၏၊ထိုဘီလူးမတို့သည်လည်း တပါးကုန်သော ကုန်သည်ကို၏ လာသော ကာလ၌ ထိုဘီလူးတို့၏ မြို့၌ ကျန်ရစ်ကုန်သော နှစ်ရှင်းကျိပ်ကုန်သောလူတို့ကို သတ်၍ စားကုန်၏။

သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်တော်မူ၍ ရဟန်းတို့ ဘီလူးမတို့၏ အလိုသို့ လိုက်ကုန်သော ထိုနှစ်ရှင်းကျိပ်ကုန်သော ကုန်သည်တို့သည် အသက်ကုန်ခြင်းသို့ ရောက်သကဲ့သို့ ဝလာဟကမြင်းမြတ်၏ စကားကို လိုက်နာကုန်သော ကုန်သည်တို့သည် မိမိတို့၏ တည်ရာအရပ်တို့၌ တည်ကုန်သကဲ့သို့ ထိုအတူသာလျှင် မြတ်စွာဘုရားတို့၏ အဆုံး အမကို မနာယူကုန်သော ရဟန်းယောကျ်းတို့သည်ၜင်း ရဟန်းမိန်းမတို့သည်ၜင်း ဒါယကာယောကျ်းတို့သည်

www.dhammadownload.com

၎င်း ဒါယိကာမိန်းမတို့သည်၎င်း ငါးပါးအပြားရှိသော နှောင်ဖွဲခြင်း ကာမဂုဏ် ပြုရာအရပ် အစရှိကုန်သော လေးပါးကုန်သော အပါယ်တို့၌ ကြီးစွာသော ဆင်းရဲသို့ ရောက်ကုန်၏၊ မြတ်စွာဘုရား ဆုံးမတိုင်းကျင့်ကုန်သော် သူတို့သည် ကား သုံးပါးကုန်သော ဂဟပတိ မဟာသာလ,ဗြာဟ္မဏ မဟာသာလ, ခတ္တိယ မဟာသာလဟု ဆိုအပ်ကုန်သော သူကြွယ်မျိုးတို့သို့၎င်း ကာမဘဝစရနတ်ပြည် ခြောက်ထပ်တို့သို့၎င်း ဗြဟ္မာ့ပြည်နှစ်ဆယ်တို့သို့၎င်း ဤအရပ်တို့သို့ ရောက်ကုန်၍ သေခြင်းကင်းရာ မဟာနိဗ္ဗာန်ကိုမျက်မှောက်ပြုကုန်၍ ကြီးစွာသော ချမ်းသာကို ခံစားရကုန်၏ဟု မိန့်တော်မူ၍ ဘုရားဖြစ်တော်မူပြီး၍—

၉၁ ယေ နကာဟန္တိ သြဝါဒံ၊ နရာ ဗုဒ္ဓေန ဒေသိတံ။
ဗျသနံ တေ ဂမိဿန္တိ၊ ရက္ခသီဟိဝ ဝါဏိဇာ။

၉၂ ယေ စ ကာဟန္တိ သြဝါဒံ၊ နရာ ဗုဒ္ဓေန ဒေသိတံ။
သောတ္ထိ ပါရံ ဂမိဿန္တိ၊ ဝလာဟေနေဝ ဝါဏိဇာ။

ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ယေ နရာ၊ အကြင်လူတို့သည်။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်သော။ သြဝါဒံ၊ အဆုံးအမကို။ နကာဟန္တိ၊ မပြုကုန်လတ္တံ့။ တေ နရာ၊ ထိုလူတို့သည်။ ရက္ခသီဟိ၊ ဘီလူးမတို့သည်။ ပလောဘိတာ၊ ဖြားယောင်းအပ်ကုန်သော။ ဝါဏိဇာ၊ ကုန်သည်တို့သည်။ မဟာဝိနာသံ၊ ကြီးစွာသော ပျက်စီးခြင်းသို့။ ဂမိံသု ဣဝ၊ ရောက်ကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ ဗျသနံ၊ ပျက်စီးခြင်းသို့။ ဂမိဿန္တိ၊ ရောက်ကုန်လတ္တံ့။

ယေ နရာ စ၊ အကြင်သူတို့သည်ကား။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်သော။ သြဝါဒံ၊ အဆုံးအမကို။ ကာဟန္တိ၊ ပြုကုန်လတ္တံ့၊ တေ နရာ၊ ထိုသူတို့သည်။ ဝလာဟေန၊ ဝလာဟကမြင်းမြတ်သည်။ အာဂစ္ဆထ၊ လာကြကုန်လော့။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဆိုအပ်သည်ရှိသော်။ တဿ၊ ထိုဝလာဟကမြင်းမြတ်၏။ ဝစနကရာ၊ စကားကို လိုက်နာကုန်သော။ ဝါဏိဇာ ဣဝ၊ ကုန်သည်တို့ကဲ့သို့။ သောတ္ထိ၊ ချမ်းသာစွာ။ ပါရံ၊ သံသရာ၏ ကမ်းတဘက်ဖြစ်သော နိဗ္ဗာန်သို့။ ဂမိဿန္တိ၊ ရောက်ရကုန်လတ္တံ့။

www.dhammadownload.com

ဇာတ်ပေါင်း ဤသို့ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာကို ပြသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ တပါးကုန်သော မျှားစွာကုန်သော ရဟန်းတို့သည်လည်း သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ်သို့ ရောက်ကုန်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ရဟန်းတို့ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ဝလာဟကမြင်းမင်း၏ စကားကို လိုက်နာကုန်သော နှစ်ရှဉ့်ငါးကျိပ်ကုန်သော ကုန်သည်တို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ဝလာဟကမြင်းမင်း ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကာမဂုဏ်တိုက်၊ အာရုံခိုက်၌၊ ဖျော်ပိုက်လေ့လေ့၊ သေဘေးတွေ့၏)

ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဝလာဟကဇာတ်သည် ပြီး၏။

၄၇-မိတ္တာမိတ္တဇာတ်

မိတ်ဆွေနှင့် ရန်သူ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သပ္ပညူ မြတ်စွာဘုရားသည် "နနံ ဥမ္မယတေ ဒိသ္ဝာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ မိတ္တာမိတ္တဇာတ်ကို ဧဇတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **မထင်ရှားသောရဟန်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကို ခွဲဦးအုံ၊ မထင်ရှားသော ရဟန်းသည် ငါသည် ယူအပ်သည် ရှိသော် ငါ၏ဥပဇ္ဈာယ်သည် ငါ့အား အမျက်မထွက်လတ္တံ့ဟု ဥပဇ္ဈာယ်သည် ထားအပ်သော တခုသော အဝတ်လွှာပိုင်းကို အကျမ်းဝင်သဖြင့် ယူပြီးလျှင် ဘိနပ်အိတ်ကို ပြု၍ နောက်မှ ဥပဇ္ဈာယ်ကို ပန်၏၊ ထို့အခါ ထိုတပည့်ကို ဥပဇ္ဈာယ်သည် အဘယ်ကြောင့် သင်သည် ယူဘိသနည်းဟု ဆို၍ အကျွန်ုပ် ယူသည် ရှိသော် အရှင်ဘုရားသည် အမျက်မထွက်လတ္တံ့ဟု အရှင်ဘုရားတို့အား အကျမ်းဝင်သဖြင့် ယူမိပေ၏ဟု ဆိုသည်ရှိသော် ငါနှင့်တကွ သင့်အား အဘယ်မှာလျှင်

www.dhammadownload.com

အကျမ်းဝင်ခြင်း မည်သည် ရှိဘူးသနည်းဟု ဆို၍ အမျက် ထွက်သည်ဖြစ်၍ ထပြီးလျှင် သတ်ပုတ်၏၊ ထိုရဟန်း၏ ထိုအမူအရာသည် အလွန်ထင်ရှားသည် ဖြစ်၏၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ ဤအမည် ရှိသော ပဉ္စင်းငယ်သည် ဥပဇ္ဈာယ်ဆရာအား အကျမ်းဝင်သဖြင့် အဝတ်လွှာ ပိုင်းကို ယူ၍ ဘိနပ်အိတ်ကို ပြု၏၊ ထိုနောင်မှ ပဉ္စင်းငယ်ကို ဥပဇ္ဈာယ်ဆရာသည် ငါနှင့်တကွ အဘယ်မှာလျှင် အကျမ်းဝင်ခြင်းမည်သည် ရှိအံ့နည်းဟု အမျက် ထွက်ရကား တပည့်ကို ရိုက်ပုတ်၏၊ ဤသို့ စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် ကြွတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သောစကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌ သာလျှင် ထိုရဟန်းသည် မိမိ၏ အတူနေ တပည့်နှင့်တကွ အကျမ်းမဝင်သည် မဟုတ်သေး၊ ရှေး၌လည်း အကျမ်းမဝင်သည်သာလျှင် တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ ရဟန်းတို့ လွန်လေပြီးသော်အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ကာသိတိုင်းပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် ရသေ့ ရဟန်းပြု၍ အဘိညာဉ်တို့ကိုလည်း သမာပတ်တို့ကိုလည်း ဖြစ်စေ၍ ရသေ့ အပေါင်းတို့၏ ဆရာဖြစ်၍ ဟိမဝန္တာ အရပ်၌ နေ၏၊ ထိုရသေ့တို့၏ အပေါင်း၌ တယောက်သောရသေ့သည် ဘုရားလောင်း၏စကားကို မလိုက်နာမူ၍ တစိုးသော အမိသေသော ဆင်ငယ်ကို မွေး၏၊ ထိုအခါ၌ ထိုရသေ့ကို ကိုးဆင်သည် ကြီးခြင်းသို့ ရောက်သည်ရှိသော် သတ်၍ တောသို့ ဝင်လေ၏၊ ထိုရသေ့အလောင်း သင်္ဂြိဟ်ခြင်း ကိစ္စကို ပြုကုန်ပြီး၍ ရသေ့အပေါင်းသည် ဘုရားလောင်းကို ခြံရံ၍ အရှင်ဘုရား အဘယ်သို့သော အကြောင်းကြောင့်လျှင် အဆွေခင်ပွန်း၏ အဖြစ်ကိုလည်း ရန်သူ၏ အဖြစ်ကိုလည်း သိအံ့သောငှါ တတ်ကောင်းအံ့ နည်းဟု မေး၏၊ ထိုရသေ့တို့အား ဘုရားလောင်းသည် ဤသို့ ဤသို့သော အကြောင်းကြောင့် အဆွေခင်ပွန်း၏ အဖြစ်ကိုလည်း ရန်သူ၏ အဖြစ်ကိုလည်း သိအံ့သောငှါ တတ်ကောင်း၏ဟု ကြားလို ရကား—

၉၃ နနံ ဥမ္မယတေ ဒိသွာ၊ နစနံ ပဋိနန္ဒတိ။
စက္ခူနိ စဃ နဒါတိ၊ ပဋိလောမဉ္စ ဝတ္တတိ။

www.dhammadownload.com

၉၄ ဧတေ ဘဝန္တိ အာကာရာ၊ အမိတ္တာသိံ ပတိဋ္ဌိတာ။
ယေဟိ အမိတ္တံ ဇာနေယျ၊ ဒိသ္ဝာ သုတ္ဝာ စ ပဏ္ဍိတော။

ဟူသော ဤဂါထာတို့ကို ဆို၏။

ဘောန္တော၊ အချင်းတို့။ ယော၊ အကြင် ပုဂ္ဂိုလ်သည်။ အမိတ္တော၊ ရန်သူသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုရန်သူဖြစ်သော ပုဂ္ဂိုလ်သည်။ နံ၊ ထိုရန်ဘက်ဖြစ်သော ပုဂ္ဂိုလ်ကို။ ဒိသ္ဝာ၊ မြင်၍။ န ဥမ္မုယတော၊ မပြုံးရှင်။ အဿ၊ ထိုရန်ဘက်ဖြစ်သော ပုဂ္ဂိုလ်၏။ ဝစနံ၊ စကားကို။ သုတ္ဝာ စ၊ ကြား၍လည်း။ နံ၊ ထိုရန်ဘက်ဖြစ်သော ပုဂ္ဂိုလ်ကို။ န ပဋိနန္ဒတိ၊ မနှစ်သက်။ အဿ၊ ထိုရန်ဘက်ဖြစ်သော ပုဂ္ဂိုလ်အား။ စက္ခူနိ စ၊ ဆိုင်၍ကြည့်ခြင်းတို့ကိုလည်း။ န ဒဒါတိ၊ မပေး။ အဿ၊ ထိုရန်ဘက်ဖြစ်သော ပုဂ္ဂိုလ်၏။ ပဋိလောမဉ္စ၊ ဆန့်ကျင်ဘက်ကိုလည်း။ ဝတ္တတိ၊ ကျင့်၏။

ယေဟိ၊ အကြင် မပြုံးရှင်ခြင်း အစရှိကုန်သော အကြောင်း တို့ကြောင့်။ ပဏ္ဍိတော၊ ပညာရှိသည်။ တာနိ၊ ထိုမပြုံးမရှင်ခြင်း အစရှိကုန်သောအကြောင်းတို့ကို။ ဒိသ္ဝာ စ၊ မြင်၍ရင်း။ သုတ္ဝာ စ၊ ကြား၍ရင်း။ အယံ၊ ဤသူသည်။ မေ၊ ငါ၏။ အမိတ္တော၊ ရန်သူတည်း။ ဣတိ၊ ဤသို့။ အမိတ္တံ၊ ရန်သူကို။ ဇာနေယျ၊ သိရာ၏။ ဧတေ အာကာရာ၊ ထိုမပြုံမရှင်ခြင်း အစရှိကုန်သော အကြောင်းတို့သည်။ အမိတ္တာသိံ၊ ရန်သူ၌။ ပတိဋ္ဌိတာ၊ တည်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ဤသို့ ဘုရားလောင်းသည် အဆွေခင်ပွန်း ဖြစ်ခြင်း, ရန်သူ ဖြစ်ခြင်း၏ အကြောင်းတို့ကိုကြား၍ ဗြဟ္မဝိဟာရတို့ကို ပွားစေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ အတူနေ တပည့်သည် ထိုအခါဆင်ငယ်ကိုမွေးသော ရသေ့ဖြစ်ဘူးပြီ၊ ယခုအခါ ဥပဇ္ဈာယ် ဆရာသည် ထိုအခါဆင်ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ ရသေ့အပေါင်းတို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့အပေါင်းတို့၏ ဆရာ ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မိုက်ဆွေ,ရန်သူ၊ နှစ်ထွေဟူ၊ ပြုမူ ကြည့်၍သိ)
ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော မိတ္တာမိတ္တဇာတ်သည် ပြီး၏။

www.dhammadownload.com

၄၀-ရာဓဇာတ်

ရာဓကျေးသား

ပစ္စုပ္ပန်ဝတ္ထု၂ နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ပဝါသာ အာဂတော တာတ" အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤရာဓဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **သာသနာတော်၌ ဦးဇွဲသော ရဟန်းတပါး** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုရဟန်းကို ရဟန်း သင်သည် ဦးဇွဲ သတတ်ဟူသည် မှန်သလောဟု မြတ်စွာဘုရားသည် မေးတော်မူသည် ရှိသော် အရှင်ဘုရား မှန်ပေ၏ဟု နားတော် လျှောက်၍ အဘယ်ကြောင့် ဦးဇွဲသနည်းဟု မေးတော်မူသည်ရှိသော် အရှင်ဘုရား တန်ဆာဆင်အပ်သော မိန်းမတယောက်ကိုမြင်၍ ကိလေသာ၏အစွမ်းဖြင့် ဦးဇွဲ၏ဟု လျှောက်၏၊ ထိုအခါ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း မိန်းမမည်သည်ကို စောင့်ရှောက်အံ့သောငှါ မတတ်ကောင်း၊ ရှေးဦးလည်း အိမ်ရှင် ယောကျ်ားတို့သည် တံခါးစောင့်တို့ကို ထား၍ စောင့်ရှောက်ကုန်သော်လည်း စောင့်ရှောက်အံ့သောငှါ မတတ်နိုင်ကုန်၊ သင့်အား မိန်းမဖြင့် အကျိုးမရှိ၊ ရအပ်သော်လည်း ထိုမိန်းမကို စောင့်ရှောက်အံ့သောငှါ မတတ်နိုင်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၂ ရဟန်း လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကျေးမျိုး၌ ဖြစ်၏၊ ထိုကျေးသားအား **ရာဓ**ဟူသောအမည်ကို မှည့်ကြ၏၊ ညီငယ်ကျေးသား သည်ကား **ပေါဿပါဒ** အမည်ရှိ၏၊ ထိုကျေးသား ညီနောင် နှစ်ခုတို့သည်လည်း ငယ်သော ကာလကသာလျှင် တယောက်သော မုဆိုးသည် ယူခဲ့၍ ဗာရာဏသီ ပြည်၌ မထင်ရှားသော ပုဏ္ဏားအား ပေး၏၊ ပုဏ္ဏားသည် ထိုကျေးသား ညီနောင်တို့ကို သားအရာ၌ ထား၍ မွေး၏၊ ပုဏ္ဏား၏ ပုဏ္ဏေးမသည်ကား မစောင့်ရှောက်သည် ဖြစ်၏ သိလမရှိသည် ဖြစ်၏၊ ထိုပုဏ္ဏားသည် ကုန်သွယ်အံ့သောငှါ သွားသည်ရှိသော် ထိုကျေးသားငယ်တို့ကို ခေါ်၍ အမောင်တို့ ငါသည် ကုန်သွယ်ခြင်းကို ပြုခြင်းငှာ သွားအံ့၊ ကာလ၌ငင်း ကာလမဟုတ်သည် ဦးငင်း သင်တို့၏အမိ ပုဏ္ဏေးမသည် ပြုအပ်သော အမှုကို ကြည့်ရှု ရစ်ကြကုန်လော့၊ တပါးသော ငယောကျ်း၏ ရောက်ပေါက်သည်၏ အဖြစ်ကိုငင်း

www.dhammadownload.com

မရောက်ပေါက်သည်၏ အဖြစ်ကို၎င်း သိအောင် ပြုရစ်ကြကုန်လောဟု ဆို၍ ပုဏ္ဏေးမအား ကျေးသားငယ်တို့ကို အပ်နှင်းခဲ့၍ သွား၏၊ ထိုပုဏ္ဏေးမသည် ထိုပုဏ္ဏား၏ ထွက်သွားသော ကာလမှစ၍ ယုတ်မာသော အကျင့်ကို ကျင့်၏၊ ညဉ့်၌၎င်း နေ့၌၎င်း လာကုန်သော ယောကျ်ားတို့၏၎င်း သွားကုန်သော ယောကျ်ားတို့၏၎င်း အတိုင်းအရှည်သည် မရှိ။

ထိုအခြင်းအရာကိုမြင်၍ ပေါဒ္ဓပါဒသည် ရာဓကိုပန်၏၊အဘယ်သို့ ပန်သနည်း ဟူမူကား ရာဓ ပုဏ္ဏားသည် ဤပုဏ္ဏေးမကို ငါတို့အား အပ်နှင်းခဲ့၍ သွား၏၊ ဤပုဏ္ဏေးမသည်လည်း ယုတ်မာသော အမှုကို ပြု၏၊ ထိုပုဏ္ဏေးမကို ငါသည် ဆိုအံ့ ဤသို့ ပန်၏၊ ပေါဒ္ဓပါဒ သင်သည် မဆိုလင့်ဟု ရာဓသည် တားမြစ်၏၊ ထိုပေါဒ္ဓပါဒသည် ရာဓ၏စကားကို မနာယူမူ၍ မိခင် အဘယ့်ကြောင့် သင်သည် ယုတ်မာသော အမှုကို ပြုသနည်းဟု ဆို၏၊ ထိုပုဏ္ဏေးမသည် ထိုပေါဒ္ဓပါဒကို သတ်လိုသည်ဖြစ်၍ ချစ်သား ပေါဒ္ဓပါဒ သင်သည် ငါ၏သားတည်း၊ ငါသည် ဤနေ့မှစ၍ မပြုအံ့ဟု ဆို၍ ချစ်သား ပေါဒ္ဓပါဒ လာလော့ဟု ချစ်သကဲ့သို့ ခေါ်၍ လာသော ပေါဒ္ဓပါဒကို ဖိုင်၍ သင်သည် ငါ့ကို ဆိုဆုံးမ၏၊မိမိ၏ပမာဏကို မသိဟု လည်းကို လိမ်၍ သတ်ပြီးလျှင် ခုံလောက်ကြားတို့၌ သွင်း၏၊ ပုဏ္ဏားသည် လာလတ်၍ အပင်အပန်း ဖြေပြီးလျှင် ဘုရားလောင်းကို ချစ်သား ရာဓ သင်၏အမိသည် ယုတ်မာသော အကျင့်ကို ကျင့်သလော, မကျင့်သလောဟု မေးလိုရကား—

၉၅ ပဝါသာ အာဂတော တာတ၊ ဣဒါနိ နစိရာဂတော။
ကစ္စိန္နု တာတ တေ မာတာ၊ န အညမုပသေဝတိ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

တာတ ရာဓ၊ ချစ်သား ရာဓ။ အဟံ၊ ငါသည်။ ပဝါသာ၊ အရပ်တပါးမှ။ ဣဒါနိ၊ ယခုပင်လျှင်။ အာဂတော၊ ရောက်လာသည်။ အမို့၊ ဖြစ်၏။ နစိရာ-ဂတော၊ ရောက်သည် မကြာသေး။ တာတ ရာဓ၊ ချစ်သား ရာဓ။ တေ၊ သင်၏။ မာတာ၊ အမိသည်။ အညံ၊ ယောကျ်ားတပါးသို့။ န ဥပသေဝတိ ကစ္စိန္နု၊ မမှီမဝဲ ကြည့်ရှောင်ပါ၏လော။

ရာဓသည် ဘခင် ပညာရှိတို့မည်သည်ကား ဟုတ်မှန်သော်၎င်း မဟုတ်မမှန် သော်၎င်း ချမ်းသာခြင်းသို့ မပို့မဆောင်တတ်ဇသာ စကားကို မဆိုဂုန်ဟု သိစေလိုသည်ဖြစ်၍—

www.dhammadownload.com

၉၆ နခေါပနေတံ သုဘဏ်၊ ဂီရံ သစ္စုပသံဟိတံ။
သယေထ ပေါဋ္ဌပါဒေါ၊ မုမ္မုရေ ဥပကူထိတော[1]။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

တာတ၊ ဘခင်။ ပဏ္ဍိတေန နာမ၊ ပညာရှိသောသူ မည်သည်ကား။ သစ္စု-ပသံဟိတံ၊ သစ္စာနှင့်စပ်သော။ တေ-ဤဒိသံ၊ ဤသို့ သဘောရှိသော။ ဂီရံ ဂီရံပိ စကားကိုလည်း။ န သုဘဏ်၊ ချမ်းသာခြင်းသို့ မပို့မဆောင်တတ်သည်ဖြစ်၍ အလွယ်တကူမဆိုအပ်။အနိယျာနိကံ၊ ချမ်းသာခြင်းသို့မပို့မဆောင်တတ်သော။ သစ္စံ မှန်သောစကားကို။ ဘဏန္တော၊ ဆိုသော။ပေါဋ္ဌပါဒေါ၊ ပေါဋ္ဌပါဒသည်။ မုမ္မုရေ၊ ပြာပူမီး၌။ ဥပကူထိတော၊ လောင်မြိုက်သည်ဖြစ်၍။ ၊သယတိက္ကဝ၊ ဒဏ်ပရသက္ခဲသို့။ ဧဝံ—တထာ၊ ထို့အတူ။ သယေထ၊ အိပ်ရရာ၏။

ဤသို့ ဘုရားလောင်းသည် ပဏ္ဍားအား တရားဟောခြင်း ငါသည်လည်း ဤအရပ်၌ ဒုနအံ့သောဌါနတက်ကောင်းဟု ပဏ္ဍားကို ပန်၍ တောသို့သာလျှင် ဝင်လေ၏၊

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြိုးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါ ပေါဋ္ဌပါဒ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါရာဓ ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ပညာရှိကား၊ ဟုတ်မှန်ငြားလည်း၊ မပွားချမ်းသာ၊ မပြောရာတဲ့)

ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ရာဓဇာတ်သည် ပြီး၏။

---

၁ ဥပကူသိတော (သီ၊ သျာ၊ ဇ)

www.dhammadownload.com

၄၉-ဂဟပတိဇာတ်

ယုတ်မာသောမိန်းမ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဥဘယံ မေ နု ခမတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဂဟပတိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေဖတော်မူစဉ် **လူ၏အဖြစ်ကို လည်တမော့မော့ မျှော်ခြင်းရှိသော ရဟန်း** ကို အကြောင်းပြု၍ ဟောတော်မူ၏။ ဟောတော် မူသည်ကား ရဟန်း မိန်းမ မည်သည်ကား မစောင့်ရှောက်နိုင် ယုတ်မာသောအမှုကို ပြု၍ တစုံတခုသော ဥပါယ်တမျှဖြင့် လင်ကို လှည့်စား တတ်သလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်း လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိတိုင်းဝယ် သူကြွယ်မျိုး၌ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် အိမ်ရာထောင်ခြင်းကို ယူ၏။ ထိုဘုရားလောင်း၏ မယားသည် သီလမရှိသည်ဖြစ်၍ ရှာသူကြီးနှင့် တကွ ယုတ်မာသောအကျင့်ကို ကျင့်၏။ ဘုရားလောင်းသည် ထိုအကြောင်းကို သိ၍ စုံစမ်းလျက် သွား၏။ ထိုအခါ၌ကား မိုးဃ်းတွင်းကာလဝယ် ပဲမျိုးတို့ကို ပျိုးအပ်ကုန်ပြီးသည်ရှိသော် ငတ်မွတ်ခြင်းသည် ဖြစ်၏။ ကောက်တို့၏ အဖုံးအလုံးသည် ထွက်သောကာလ ဖြစ်လတ်သည်ရှိသော် ရှာအလုံး၌ နေကုန်သော သူတို့သည် ဤလမှ နှစ်လဖြင့် ကောက်တို့ကို သိမ်းဆည်းကုန်၍ ကောက်တို့ကို ပေးကုန်အံ့ဟု တပေါင်းတည်း ဖြစ်ကုန်၍ ရှာသူကြီး၏ လက်မှ တခုသော နွားအိုကို ယူကုန်၍ အသားကို စားကြကုန်၏။

ထိုအခါ တနေ့သ၌ ရှာသူကြီးသည် ထိုခိုးစားသင့်သောဘဉ်ကို ကြည့်၍ ဘုရားလောင်း အပသို့ သွားသောကာလ၌ အိမ်သို့ ဝင်၏။ ထိုနှစ်ယောက်ကုန်သော သူတို့၏ စည်းဝေးကြသော ခဏ၌ သာလျှင် ဘုရားလောင်းသည် ရှာတံခါးဖြင့် ဝင်လာ၍ အိမ်သို့ ရှေးရှုလာ၏။ ထိုမိန်းမသည် ရှာတံငါးသွေး ရှေးရှုလာသော ထိုဘုရားလောင်းကိုမြင်၍ အဘယ်သူနည်းဟု တံခါးဝုံ့၌ ပြု၍ ကြည့်သည်ရှိသော် ငါ၏ယောကျ်ားပင်လျှင်တည်းဟု သိ၍ ရှာသူကြီးအား

www.dhammadownload.com

ကြား၏၊ ရွာသူကြီးသည် ကြောက်သည်ဖြစ်၍ တုန်လှုပ်၏၊ ထိုအခါ၌ ထိုရွာသူကြီးကို ထိုမိန်းမသည် မကြောက်လင့်၊ တခုသော ဥပါယ်တမျှဉ်သည် ရှိ၏၊ ငါတို့သည် သင်၏လက်မှ နွားသားကို စားအပ်၏၊ သင်သည် အမဲဘိုးကို တောင်းဟန်ပြုလော့၊ ငါကျိုသို့တက်၍ ကျိတံခါးဦးရပ်လျက် စပါးသည် မရှိဟု ဆိုအံ့၊ သင်သည် အိမ်လယ်၌ရပ်၍ ငါတို့အိမ်၌ သူငယ်တို့သည် ငတ်မွတ်ကုန်၏၊ အမဲဘိုးကို ပေးလော့၊ ဤသို့ အဖန်တလဲလဲတောင်းလော့ဟု ဆို၍ ကျိသို့တက်၍ ကျိတံခါးဦး နေ၏၊ ရွာသူကြီးသည် အိမ်လယ်၌ရပ်၍ အမဲဘိုးကို ပေးလော့ဟု ဆို၏၊ ထိုမိန်းမသည် ကျိတံခါးဦး နေလျက် စပါးသည် မရှိပါ၊ ကောက်ကို သိမ်းသောအခါမှသာလျှင် ပေးပါအံ့၊ ယခု သွားပါဦးလော့ဟု ဆို၏။

ဘုရားလောင်းသည် အိမ်သို့ဝင်၍ ထိုနွစ်ယောက်ကုန်သော သူတို့၏ အမူအရာကိုမြင်၍ ဤအမှုသည် ဤမိန်းမယုတ်ပြုအပ်သော ဥပါယ်တမျှဉ် ဖြစ်လတ္တံ့ဟု သိလျှင် ရွာသူကြီး ငါတို့သည် သင်၏ နွားအိုအသားကို စားကုန်သည်ရှိသော် ဤလမ္ဘ နွစ်လဖြင့် စပါးကို ပေးကုန်အံ့ဟု ဆို၍ စားကြကုန်၏၊ သင်သည် လခဲ့ကိုလည်း မလွန်စေမူ၍ ယခုပင်လျှင် အဘ်ယ်ကြောင့် တောင်းရဘိသနည်း သင်သည် ဤအမဲဘိုးကို တောင်းလိုခြင်းဟူသော အကြောင်းကြောင့် မလာ၊ တပါးသောအကြောင်းကြောင့် လာသည်ဖြစ်လတ္တံ့၊ ငါသည်သင်၏အမူအရာကို ပနွစ်သက်၊ ဤယုတ်မာသော အကျင့်ကို ကျင့်သော ယုတ်မာသော သဘော ရှိသော မိန်းမညစ်သည်လည်း ကျိ၌ စပါးမရှိသည်ကို သိ၏၊ ထိုမိန်းမညစ်သည် ကျိသို့တက်၍ စပါးသည် မရှိဟု ဆို၏၊ သင်သည်လည်း ပေးလော့ဟု ဆို၏၊ နွစ်ယောက်ကုန်သော သင်တို့၏ အမူအရာကို ငါသည် မနွစ်သက်ဟု ထိုအနက်ကို ပြလိုသည်ဖြစ်၍—

၉၇ ဉဘယံ မေ နာ ခမတိ၊ ဉဘယံ မေ နာ ရုစ္စတိ။
ယာစာယ ကောဋ္ဌမောတက္ကာ၊ နာ ဒဿံ ဣတာ ဘာသတိ။

၉၈ တံ တံ ဂါမပတိ ဗြူမိ၊ ကဒရေ အပ္ပသ္မိ ဇီဝိတေ။
ဒေ္ဓ မာသေ သင်္ဂံ ကတ္ဝာ၊ မံသံ ဇရဂ္ဂဝံ ကိသံ။
အပ္ပက္တကာလေ စောဒေသိ၊ တမ္မိ မယ္ဟံ နာ ရုစ္စတိ။

ဟူသော ဤဂါထာတို့ကို ဆို၏။

www.dhammadownload.com

ဂါမပတိ၊ ရှာသူကြီး။ ယေန ကာရဏေန၊ အကြင် အကြောင်းကြောင့်။ မေ၊ ငါသည်။ တုမ္ဟာကံ၊ သင်တို့၏။ ကိရိယံ၊ အမှုအရာကို။ နု ရုစ္စတိ၊ မနှစ်သက်။ တံ-တေန ကာရဏေန၊ ထိုအကြောင်းကြောင့်။ တံ၊ သင့်ကို။ အဟံ၊ ငါသည်။ ဗြူမိ၊ ဆိုအံ့။ အမှာကံ၊ ငါတို့၏။ ဇီဝိတေ၊ အသက်သည်။ ကဒရေ၊ ငြိုငြင်ဆင်းရဲသည်ရှိသော်။ အပ္ပသ္မိံ၊ နည်းသည်ရှိသော်။ မံသံ၊ နွားသားကို။ ဂဏှန္တာနံ၊ ဝယ်ကုန်သော။ အမှာကံ၊ ငါတို့အား။ ကိသံ၊ ကြုံသော။ ဇရဂ္ဂဝံ၊ နွားအိုကို။ ဒဒမာနော၊ ပေးသော။ တွံ၊ သင်သည်။ ဒ္ဒိဟိ မာသေဟိ၊ နှစ်လတို့ဖြင့်။ မူလံ၊ အဘိုးကို။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ဣတိဧဝံ၊ ဤသို့။ ဒ္ဒေ မာသေ၊ နှစ်လတို့ကို။ သင်္ဂဏှံ၊ ပိုင်းခြားခြင်းကို။ ကတ္ဝာ၊ ပြု၍။ အပ္ပတ္တကာလေ၊ ပိုင်းခြားသောကာလသို့ မရောက်မီ။ စောဒေသိ၊ အမဲအဘိုးကို တောင်းလော၏။ တမ္မိ၊ ထိုအမှုအရာကိုလည်း။ မယ္ဟံ၊ ငါသည်။ နု ရုစ္စတိ၊ မနှစ်သက်။ ယာစာယံ၊ အကြင် မိန်းမည်စ်သည်လည်း။ ကောဋ္ဌံ၊ ကျီသို့။ ဩတိဏ္ဏာ။ တက်၍။ ဝီဟိံ၊ စပါးကို။ နု ဒဿံ၊ မမြင်။ ဣတိ၊ ဤသို့။ ဘာသတိ၊ ဆို၏။ တမ္မိ၊ ထိုအမှုအရာကိုလည်း။ မယ္ဟံ၊ ငါသည်။ နု ရုစ္စတိ၊ မနှစ်သက်။ ဣတိ၊ ဤသို့။ ဉာဘယံ၊ နှစ်ပါးသော အမှုအရာကို။ မေ၊ ငါသည်။ နု ခမတိ၊ မနှစ်သက်။ ဉာဘယံ၊ နှစ်ပါးသော အမှုအရာကို။ မေ၊ ငါသည်။ နု ရုစ္စတိ၊ မကြိုက်။

ထိုဘုရားလောင်းသည် ဤသို့ဆိုလျက် ရှာသူကြီးကို ဥဿျောင်၌ ကိုင်ပြီးလျှင် ငင်၍ အိမ်လယ်၌ သတ်ပုတ်၍ ငါရှာသူကြီးဖြစ်၏ဟူ၍ သူတပါး၏စောင့်ရှောက်ထိန်းသိမ်းအပ်သော ဥစ္စာ၌ ပြစ်မှားကောင်းသလော၊ ဤသို့အစရှိသော စကားတို့ဖြင့် ဆဲရေးပုတ်သတ်၍ ဒါးနည်းသည်ကို ပြုပြီးလျှင် လည်၌ကိုင်၍ အိမ်မှထုတ်လိုက်၍ ထိုမိန်းမကိုလည်း ဆံပင်ကိုဆွဲ၍ ကျီမှချပြီးလျှင် သတ်ပုတ်၍ တဖန် ဤသို့သဘောရှိသောအမှုကို အကယ်၍ပြုပြန်အံ့ သိရလတ္တံ့ဟု ခြိမ်းချောက်၏၊ ထိုအခါမှစ၍ ရှာသူကြီးသည် ထိုအိမ်ကို ကြည့်အံ့သောငှါလည်း မဝံ့လေ၊ ထိုမိန်းပသည်လည်း တဖန် စိတ်ဖြင့်လည်း လွန်ကျူး၍ ကျင့်ခြင်းငှါ မဝံ့လေ။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ လူ၏အဖြစ်သို့ လည်တမော့မော့ မျော်ခြင်းရှိသော ရဟန်းသည် ဧသောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းဟော်မူသနည်း ဤကား ရဟန်းတို့ ယခုအခါ ဖေဝဒတ်သည် ထိုအခါ ရှာသူကြီး

www.dhammadownload.com

ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ နှိပ်စက်ခြင်းကို ပြုတတ်သော အိမ်ရှင် ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မိန်းမမမည်လတ်၊ လှည့်ပတ်တတ်၊ စောင့်အပ်မနိုင်ပေ)

ကိုးခုမြောက်သော ဂဟပတိဇာတ်သည် ပြီး၏။

၅၀-သာခုသီလဇာတ်

ကိုယ်ကျင့်သီလ

ပဓူပပွန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "သရီရဒဗ္ဗ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ သာခုသီလဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **မထင်ရှားသော ပုဏ္ဏား**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုပုဏ္ဏားအား လေးယောက်ကုန်သော သမီးတို့သည် ရှိကုန်သတတ်၊ ထိုလေးယောက်ကုန်သော သမီးတို့ကို လေးယောက်ကုန်သော သူတို့သည် တောင်းလာကုန်၏၊ ထိုလေးယောက်ကုန်သော သူတို့တွင် တယောက်သော သူသည် အဆင်းလှ၏၊ တင့်အပ်သောကိုယ်နှင့် ပြည့်စုံ၏၊ တယောက်သော သူသည် အရွယ်သို့ရောက်၏၊ ကြီးရင့်၏၊ တယောက်သောသူသည် မြတ်သော အမျိုးနှင့် ပြည့်စုံ၏၊ တယောက်သော သူသည် သီလရှိ၏၊ ပုဏ္ဏားသည် ကြံ၏၊ အဘယ်သို့ ကြံသနည်းဟူမူကား ဤလေးယောက်သော သူတို့တွင် အဘယ်သူအားလျှင် ငါ၏သမီးကို အလိုဌ် တည်စေသောအားဖြင့် ပေးအပ်သနည်း၊ အဆင်းနှင့် ပြည့်စုံသောသူအား ပေးအပ်သလော၊ ထိုသို့ မဟုတ်မူကား ကြီးသောအရွယ်သို့ ရောက်သောသူ, မြတ်သောအမျိုးနှင့်ပြည့်စုံသောသူ, သီလရှိသော သူတို့တွင် တယောက်ယောက်သော သူအား ပေးအပ်သလော၊ ဤသို့ ကြံ၏၊ ကြံသော်လည်း မသိ၍ ဤအကြောင်းကို မြတ်စွာဘုရားသည် သိတော်မူလတ္တံ့၊ ထိုမြတ်စွာဘုရားကို မေး၍ ထိုလေးယောက်ကုန်သော သူတို့၏ အတွင်း၌လျော်သောသူအား ပေးပါအံ့ဟု နှလုံးသွင်း၍ နံသာပန်းအစရှိသည်ကို

www.dhammadownload.com

ယူခဲ့စေ၍ ကျောင်းတော်သို့ သွားပြီးလျှင် မြတ်စွာဘုရားကိုရှိခိုး၍ လျောက်ပတ်စွာနေလျက် အစမှစ၍ ထိုအကြောင်းကို လျှောက်၏၊ အရှင်ဘုရား ဤလေးယောက်ကုန်သော သူတို့တွင် အဘယ်သူအား ပေးအံ့သောဋ္ဌါ သင့်ပါအုံးနည်းဟု မေး၏၊ သမ္မာသည် မြတ်စွာဘုရားသည် ပုဏ္ဏား၊ ရှေးဦးလည်း ပညာရှိတို့သည် ပြဿနာကို ဖြေဘူးကုန်ပြီ၊ ထို့သို့ ဖြေဘူးကုန်သော်လည်း ဘဝဖုံးလွှမ်းသည်၏ အဖြစ်ကြောင့် မှတ်အံ့သောဋ္ဌါ မစွမ်းနိုင်ဟု မိန့်တော်မူ၍ ထိုပုဏ္ဏားသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ပုဏ္ဏား လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် တက္ကသိုလ်ပြည်၌ အတတ်ကို သင်ပြီးလျှင် လာလတ်၍ ဗာရာဏသီပြည်၌ ဒိသာပါမောက္ခဆရာ ဖြစ်၏၊ ထိုအခါ တယောက်သော ပုဏ္ဏားအား လေးယောက်ကုန်သော သမီးတို့သည် ရှိကုန်၏၊ ထိုလေးယောက်ကုန်သော သမီးတို့ကို ယခုအခါ လေးယောက်ကုန်သော လူတို့သည် တောင်းကုန်သကဲ့သို့ ဤအတူသာလျှင် လေးယောက်ကုန်သော သူတို့သည် တောင်းကုန်၏၊ ထိုပုဏ္ဏားသည် အဘယ်သူအားလျှင် ပေးအပ်ကုန်သနည်းဟု မသိသည်ဖြစ်၍ ဆရာကို မေးပြီးလျှင် ပေးသင့်သော သူအား ပေးအံ့ဟု နှလုံးသွင်းပြီး၍ ထိုဆရာ၏ အထံသို့ သွား၍ ထိုအကြောင်းကို မေးလို့ရကား—

၉၉ သရီရဒဗ္ဗံ ဝုစ္စတ္တံ၊ သောဇံ သာဓုသီလိယံ။
ဗြာဟ္မဏံတေ ဝဓိ ပုစ္ဆာမ၊ ကန္နု တေသံ ဝနိမ္ဗသေ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဗြာဟ္မဏ၊ ဆရာပုဏ္ဏား။ မေ၊ အကျွန်ုပ်၏။ ဓီတရော၊ သမီးတို့ကို။ စတ္တာရော ဇနာ၊ လေးယောက်ကုန်သော သူတို့သည်။ ပတ္ထေန္တိ၊ တောင်းကုန်၏၊ တေသု၊ ထိုလေးယောက်ကုန်သော သူတို့တွင်။ ကော်ဿ၊ တယောက်သော သူအား။ သရီရဒဗ္ဗံ၊ အဆင်းလှသည်၏ အဖြစ်သည်။ သံဝိဇ္ဇတိ၊ ရှိ၏။ ကော်ဿ၊ တယောက်သော သူအား။ ဝုစ္စတ္တံ၊ အရွယ်ကြီးသည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ကော်ဿ၊ တယောက်သော သူအား။ သောဇံ၌၊ အမျိုးမြတ်သည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ကော်ဿ၊ တယောက်သောသူအား။ သာဓုသီလိယံ၊

www.dhammadownload.com

ကောင်းသော သီလနှင့် ပြည့်စုံသည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ တေသု၊ ထိုလေးယောက်ကုန်သော သူတို့တွင်။ အသုကာဿ၊ ဤအမည်ရှိသောသူအား။ မေ၊ ငါ၏။ တာ၊ ထိုသို့မိုးတို့ကို။ ဒါတဗ္ဗာ၊ ပေးအပ်ကုန်၏။ ဣတိ၊ ဤသို့။ အဇာနန္တာ၊ မသိကုန်သည်ဖြစ်၍။ ဗြာဟ္မဏံတေ့ဝ၊ အရှင် ပုဏ္ဏားကိုသာလျှင်။ ပုစ္ဆာမ၊ မေးကုန်၏။ တေသံ၊ ထိုလေးယောက်ကုန်သော သူတို့တွင်။ ကန္နု၊ အဘယ်သူကိုလျှင်။ မယံ၊ ငါတို့သည်။ ဝနိမ္မသေ၊ ဖြေလိုရှိမကုန်အံ့နည်း။

ဆရာသည် ပုဏ္ဏား၏စကားကို ကြား၍ အဆင်းနှင့် ပြည့်စုံခြင်း အစရှိကုန်သော ဂုဏ်တို့သည် ရှိပါကုန်သော်လည်း သံလပျက်သောသူင့် ကဲ့ရဲ့အပ်၏၊ ထို့ကြောင့် ထိုအဆင်းနှင့် ပြည့်စုံခြင်းစသည်သည် ပမာဏမဟုတ်၊ ငါတို့သည် သီလရှိသည်၏အဖြစ်ကိုသာလျှင် နှစ်သက်၏ဟု ဤအနက်ကိုပြလိုရကား—

၁၀၀ အတ္ထော အတ္ထိ သရီရသ္မိံ၊ ဝုဠှဗျသနမော ကရေ။
အတ္ထော အတ္ထိ သုဇာတသ္မိံ၊ သီလံ အသ္မာကံ ရုစ္စတိ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ဗြာဟ္မဏ၊ ပုဏ္ဏား။ သရီရသ္မိံ၊ တင့်တယ်သော အဆင်းနှင့်ပြည့်စုံသော ကိုယ်၌လည်း။ အတ္ထော၊ အကျိုးစီးပွားသည်။ အတ္ထိ၊ ရှိပေသလျှင် ကတည်း။ ဝုဠှဗျသ၊ အရွယ်ကြီးသော သူအားကား။ နမော၊ ရှိခိုးခြင်းကိုလျှင်။ ကရေ၊ ပြုအပ်ပေသလျှင်ကတည်း။ သုဇာတသ္မိံ၊ မြတ်သော အမျိုးနှင့် ပြည့်စုံသော ယောကျ်ား၌လည်း။ အတ္ထော၊ အကျိုးစီးပွားသည်။ အတ္ထိ၊ ရှိပေသလျှင် ကတည်း။ အသ္မာကံ ပန၊ ငါတို့သည်တမူကား။ သီလံ၊ သီလရှိသော သူကို။ ရုစ္စတိ၊ နှစ်သက်အပ်၏။

ပုဏ္ဏားသည် ထိုဘုရားလောင်း၏ စကားကို ကြား၍ သီလရှိသောသူအား သာလျှင် သို့မိုးတို့ကို ပေး၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာကိုပြသည်၏ အဆုံး၌ ပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ပုဏ္ဏားသည် ထိုအခါ

www.dhammadownload.com

ကျိပုဏ္ဏားသည်ပင်လျှင်ဖြစ်ဘူးလေပြီ၊ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဒိသာပါမောက္ခဆရာ ဖြစ်ဘူးလေပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(လှ,ကြီး,မြင့်သူ၊ ကိုယ်ကျင့်ထူ၊ ငါမူကျင့်တွက် လွန်နှစ်သက်)

ဆယ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သာဓုသီလဇာတ်သည် ပြီး၏။

---

၆ နတံဒဋ္ဌဝဂ် ၅၁ ဗန္ဓနသုတ်

ကိုလေသာနှောင်အိမ်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "နတံ ဒဋ္ဌံ ဗန္ဓနမာဟု ဓီရာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဗန္ဓနသုတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **နှောင်အိမ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုကာလ၌ များစွာကုန်သော အိမ်ခြံစပ်ကို ဖြတ်၍ ခိုးကုန်သောသူ, ခရီးသွားတို့ကို သတ်ပုတ်၍ ခိုးကုန်သောသူတို့ကို ဆောင်ခဲ့ကုန်၍ ကောသလမင်းအား ပြကုန်သတတ်၊ ထိုခိုးသူတို့ကို ကောသလမင်းသည် ထောင် အနှောင်အဖဲ့, ကြိုးအနှောင်အဖဲ့, သံခြေကျဉ်း အနှောင်အဖဲ့တို့ဖြင့် နှောင်ဖဲ့စေ၏၊ သုံးကျိပ်မျှလောက်ကုန်သော ဇနပုဒ်၌နေကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးလိုရကား လာလတ်ကုန်၍ ဖူးမြင်ကုန်လျက် ရှိခိုး၍ နက်ဖြန်၌ ဆွမ်းခံသွားကုန်သည် ရှိသော် နှောင်အိမ်သို့ ရောက်ကုန်၍ ခိုးသူတို့ကို မြင်ကုန်၍ ဆွမ်းခံရာမှ ဖဲခဲ့ကုန်၍ ညချမ်းအခါ၌ မြတ်စွာဘုရားသို့ ကပ်ကုန်၍ အရှင်ဘုရား ယနေ့ ဆွမ်းခံသွားကုန်သော အကျွန်ုပ်တို့သည် ထိတ် အနှောင်အဖဲ့ အစရှိသည်ဖြင့် နှောင်ဖဲ့ကုန်သော ကြီးစွာသော ဆင်းရဲကို ခံရကုန်သော များစွာကုန်သော ခိုးသူတို့ကို နှောင်အိမ်၌ မြင်ခဲ့ကုန်၏၊ ထိုခိုးသူတို့သည် ထိုအနှောင်အဖဲ့တို့ကို ဖြတ်ကုန်၍ ပြေးအံ့သောငှါ မစွမ်းနိုင်ကုန်၊ ထိုအနှောင်အဖဲ့တို့ထက် သာလွန်၍မြဲသော အနှောင်အဖဲ့ မည်သည်ကား ရှိသလောဟု လျှောက်ကြကုန်၏၊ မြတ်စွာဘုရားသည်ရဟန်းတို့ ထိုအနှောင်အဖဲ့တို့သည် အဘယ်မှာလျှင်

www.dhammadownload.com

အနှောင်အဖွဲ့ မည်ကုန်ဦးအုံနည်း၊ ဥစ္စာ စပါး သားမယား အစရှိသည်တို့၌ တဏှာဟူ၍ဆိုအပ်သော အကြင် ကိလေသာတည်းဟူသော အနှောင်အဖွဲ့သည် ရှိ၏၊ ထိုကိလေသာတည်းဟူသော အနှောင်အဖွဲ့သည် ထိုသံခြေကျဉ်း အစရှိကုန်သော အနှောင်အဖွဲ့တို့ထက် အဆ အရာအားဖြင့်ဌင်း အဆ အထောင် အားဖြင့်ဌင်း သာလွန်၍ မြဲ၏ ဤသို့ သာလွန်၍ မြဲသော်လည်း ဖြတ်နိုင်ခဲသော ထိုကိလေသာတည်းဟူသော အနှောင်အဖွဲ့ကို ရှေးပညာရှိ တို့သည် ဖြတ်ကုန်၍း ဟိမဝန္တာသို့ ဝင်ကုန်၍ ရဟန်းပြုကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တဦးသော သူဆင်းရဲ အမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် အဘသည် လွန်၏၊ ထိုဘုရားလောင်းသည် အခစားလုပ်၍ အမိကို ကျေးမွေး၏၊ ထိုအခါ၌ ထိုဘုရားလောင်း၏ အမိသည် သားအလိုမရှိဘဲလျက်လျင် တယောက်သော အမျိုးသို့မှ ကိုယ်ကို ဆောင်ယူ၍ပေး၏၊ နောက်အဘို့၌ အမိသည် သေလွန်၏၊ ထိုဘုရားလောင်း၏ မယားဝမ်း၌လည်း ပဋိသန္ဓေတည်၏၊ ဘုရားလောင်းသည် ပဋိသန္ဓေတည်သည်၏ အဖြစ်ကို မသိသည်ဖြစ်၍ နှမ သင်သည် အခစားလုပ်၍ အသက်မွေးရစ်လော၊ ငါကား ရဟန်းပြုအံ့ဟု ဆို၏၊ အရှင် ငါသည် ပဋိသန္ဓေ တည်၏၊ ငါသည် သားဖွားပြီးသည်ရှိသော် သူငယ်ကိုရှု၍ သင်သည် ရဟန်းပြုရလတ္တံ့ဟု ထိုမိန်းမသည် ဆို၏၊ ထိုဘုရားလောင်းသည် ကောင်း၏ဟု ဝန်ခံ၍ ထိုမိန်းမ၏ သားဖွားသောကာလ၌ နှမ သင်သည် ချမ်းသာစွာ သားဖွားလေပြီ၊ ယခုအခါ ငါသည် ရဟန်းပြုအံ့ဟု ပန်၏၊ ထိုအခါ၌ ထိုဘုရားလောင်းကို ထိုမိန်းမသည် သားငယ်ကို နို့ကွာသည် ကာလတိုင်အောင် ငံ့ပါဦးလော့ဟု ဆို၍ တဖန် ပဋိသန္ဓေကို ယူပြန်၏။

ထိုဘုရားလောင်းသည် ဤမိန်းမကို ဝန်ခံစေ၍ သွားအံ့သောငှါ မတတ်ကောင်း၊ ဤသို့ မိန်းမအား အကြောင်းမကြားမူ၍ ပြေး၍သာလျှင် ရဟန်းပြုအံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုဘုရားလောင်းသည် ထိုမယားအား မကြားမူ၍ ညဉ့်အဘို့၌ ထ၍ ပြေး၏၊ ထိုအခါ၌ ထိုဘုရားလောင်းကို မြို့စောင့်တို့သည် ဖမ်းကုန်၏၊ ထိုဘုရားလောင်းသည် အရှင်တို့ ငါသည် အမိကို မွေးကျေးသောကြောင်း၊ သင်တို့သည် ငါ့ကို လွှတ်ပါကုန်လော့ဟု ဆို၍ ထိုမြို့စောင့်

www.dhammadownload.com

တို့ကို မိမိကိုယ်ကို လွှတ်စေ၍ တခုသောအရပ်၌နေ၍ မြတ်သောတံခါးဖြင့်လျှင် ထွက်၍ ဟိမဝန္တာသို့ဝင်၍ ရသေ့ ရဟန်းပြု၍ အဘိညာဉ်တို့ကိုဌင်း သမာပတ်တို့ကိုဌင်း ဖြစ်စေ၍ စျာန်ဖြင့် ပျော်ပါးခြင်းဖြင့် ပျော်ပါးလျက် နေ၏၊ ထိုဘုရားလောင်းသည် ထိုဟိမဝန္တာ၌ နေလျက် ငါသည် ဖြတ်နိုင်ခဲသော ဤသို့စင်သဘောရှိသည်လည်း ဖြစ်သော သားမယားတို့၌ ချစ်ခြင်း အနှောင် အဖွဲ့ဟူဆိုအပ်သော ကိလေသာ အနှောင်အဖွဲ့ကို ဖြတ်နိုင်၏ဟု ဥဒါန်းကျူးရင့် လိုရကား—

၁၀၁ နတံ ဒဠှံ ဗန္ဓနမာဟု ဓီရာ၊
ယဒါယသံ ဒါရဇဉ္စ ပဗ္ဗဇဉ္စ။
သာရတ္တရတ္တာ မဏိကုဏ္ဍလေသု၊
ပုတ္တေသု ဒါရေသု စ ယာ အပေက္ခာ။

၁၀၂ ဧတံ ဒဠှံ ဗန္ဓနမာဟု ဓီရာ၊
ဩဟာရိနံ သိထိလံ ဒုပ္ပမုဉ္စံ။
ဧတမ္ပိ ဆေတ္ဝာန ဝဇန္တိ ဓီရာ၊
အနပေက္ခိနော ကာမသုခံ ပဟာယ။

ဟူသော နှစ်ဂါထာတို့ကို ဆို၏။

အယသံ၊ သံဖြင့် ပြုအပ်သော။ ယံ ဗန္ဓနဉ္စ၊ အကြင် သံခြေကျဉ်းဟု ဆိုအပ်သော အနှောင် အဖွဲ့သည်ဌင်း။ ဒါရဇံ၊ သစ်သားဖြင့် ဖြစ်သော။ ယံ ဗန္ဓနဉ္စ၊ အကြင် ထောင်ဟု ဆိုအပ်သော အနှောင် အဖွဲ့ သည်ဌင်း။ ပဗ္ဗဇံ၊ ဖြူဆံ မြက်လျှော် အစရှိသည်တို့ဖြင့် ပြုအပ်သော။ ယံ ဗန္ဓနဉ္စ၊ အကြင် ကြိုးဟု ဆိုအပ်သော အနှောင်အဖွဲ့သည်ဌင်း။အတ္ထိ၊ ရှိ၏။ တံ ဗန္ဓနံ၊ ထိုအနှောင် အဖွဲ့ကို။ ဒဠှံ၊ မြဲ၏ဟူ၍။ ဓီရာ၊ ပညာရှိတို့သည်။နအာဟု၊ မဆိုကုန်။မဏိကုဏ္ဍ—လေသု၊ ပတ္တမြားနားဆောင်းတို့၌။ **တနည်းကား** မဏိကုဏ္ဍလေသု၊ ပတ္တမြား စီအပ်ကုန်သော ရွှေနားဆောင်းတို့၌။ ယေ၊ အကြင်သူတို့သည်။ သာရတ္တရတ္တာ၊ လွန်စွာ ရာဂ ရှိကုန်သည်ဖြစ်၍ တပ်စွန်းကုန်၏။ တေသံ၊ ထိုသူတို့၏။ ယော သာရာဂေါစ၊ အကြင် လွန်စွာ တပ်စွန်းခြင်းသည်ဌင်း။ တေသံ၊ ထိုသူတို့၏။ ပုတ္တေသု ဒါရေသု၊ သားမယားတို့၌။ ယာ အပေက္ခာ စ၊ အကြင်လောဘတည်း ဟူသော ၎ကွက်ခြင်း အနှောင်အဖွဲ့သည်ဌင်း။ အတ္ထိ၊ရှိ၏။

www.dhammadownload.com

ဧတေ ဗန္ဓနံ၊ ထိုလောဘဝယည်းဟူသော အနှောင်အဖွဲကို။ ဒဠှံ၊ မြဲစွာ၏ဟူ၍။ ဓီရာ၊ ပညာရှိတို့သည်။ အာဟု၊ဘိုးတော်မူကုန်၏။ ဆြဟာရိနံ၊ အောက်အပါယ် ငလေးဘုံတို့သို့ ဆောင်တတ်ထသော။ သိထိလံ၊ နှောင်ဖွဲရာအရပ်တို့၌ အပေါ်ရေ အတွင်းရေ အသားတို့ကိုလည်း မဖြတ်တတ် သွေးကိုလည်း မထွက်စေတတ် နှောင်ဖွဲသည်၏ အဖြစ်၌လည်း မသိစေတတ် ကုန်းကြောင်းခရီး ရေကြောင်း ခရီး အစရှိသည်တို့၌ အမှုတို့ကို ပြုစိမ့်သောငှါ ပေးတတ်သည်၏ အဖြစ်ကြောင့် လျော့သော အနှောင်အဖွဲရှိထသော။ ဒုပ္ပမုဉ္စံ၊ ဖြေနိုင်ခက်ထသော။ ဧတမ်ပိ၊ ထိုတကား အနှောင်အဖွဲကိုစင်လျက်လည်း။ ဓီရာ၊ ပညာရှိတို့သည်။ ဆေတ္တွာန၊ ဖြတ်၍။ ကာမသုခံ၊ ကာမဂုဏ်ချမ်းသာကို။ အနပေက္ခိနော၊ ငဲ့ကွက်ခြင်း မရှိ ကုန်ဘဲ။ ပဟာယ၊ စွန့်ကုန်၍။ ဝဇန္တိ၊ သွားနိုင်ကုန်၏။

ဤသို့ ဘုရားအလောင်းသည် ဤဥဒါန်းကို ကျူးရင့်လျက် မယုတ်သော စျာန်ရှိသည်ဖြစ်၍ ဖြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူလျက် သစ္စာဂိုကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ အချို့ကုန်သော ရဟန်းတို့သည် သောတာပန် ဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် သကဒါဂါမ် ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် အနာဂါမ် ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် ရဟန္တာ ဖြစ်ကုန်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ရဟန်းတို့ ယမုအခါမဟာမာယာဒေဝီသည် ထိုအခါ အမိဖြစ်ဘူးပြီ၊ ယခုအခါ သုဒ္ဓါဒန မင်းမြတ်သည် ထိုအခါ အဘ ဖြစ်ဘူးပြီ၊ ယခုအခါ ရာဟုလာ မယ်တော်သည် ထိုအခါမယား ဖြစ်ဘူးပြီ၊ ယခုအခါ ရာဟုလာသည် ထိုအခါ သားဖြစ်ဘူးပြီ၊ ယခုအခါငါဘုရားသည်ဘာလျှင် ထိုအခါ သားမယားကိုစွန့်၍ ရဟန်းပြုသော ယောကျ်ားဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(တဆောင့်ငါးရာ၊ ကိလေသာ၊ ကြီးစွာ နှောင်အိမ်မှတ်)
ရွေးဦးစွာသော ဗန္ဓနာဂါရဇာတ်သည် ပြီး၏။

---

www.dhammadownload.com

၅၂-ကေဋိသီလဇာတ်

ကစားသန်သောမင်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဟံသာ ကောဉ္စာ မယူရာ စ" အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကေဋိသီလဇာတ်ကို ဇေတဝန်ကျောင်းတော် ၌ သီတင်းသုံး နေတော်မူစဉ် **အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်**[1]ကို အကြောင်း ပြု၍ ဟောတော်မူ၏၊ ရှည်သော သက်တော်ရှိသော ထိုလကုဏ္ဍကဘဒ္ဒိယမထေရ် သည် မြတ်စွာဘုရား သာသနာတော်၌ ထင်ရှား ကျော်စောသည် ဖြစ်၏၊ သာယာသော အသံရှိသည် ဖြစ်၏၊ သာယာစွာသောတရားကို ဟောတတ်သည် ဖြစ်၏၊ ပဋိသမ္ဘိဒါကို ရသည်ဖြစ်၏၊ ရဟန္တာကြီးဖြစ်၏၊ အသီတိမဟာထေရ်တို့၏ အတွင်း၌ တည်သည်ဖြစ်၏၊ ပမာဏအားဖြင့်သော်ကား ငယ်၏ ကွ၏ ငယ်သော သာမဏေသည် ကစားအံ့သောငှါ သွားသကဲ့သို့ ဖြစ်၏၊ ထိုလကုဏ္ဍကဘဒ္ဒိယ မထေရ်သည် တနေ့သ၌ မြတ်စွာဘုရားကို ရှိခိုး၍ ဇေတဝန်ကျောင်း တံခါး မုတ်သို့ သွားစဉ် ဇနပုဒ်မှ လာကုန်သော သုံးကျိပ် အတိုင်းအရှည် ရှိကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားကို ရှိခိုးကုန်အံ့ဟူ၍ ဇေတဝန်ကျောင်းတော်သို့ ဝင်ကုန်သည်ရှိသော် ကျောင်းတံခါးမုတ်၌ မထေရ်ကို မြင်ကုန်၍ ဤသူကား သာမဏေတည်းဟူသော အမှတ်ဖြင့် မထေရ်ကို သက်နှံးစွန်း၌ ဆဲကုန်လျက် လက်တို့ကို ဆဲကုန်လျက် ဦးခေါင်းကို ကိုင်ကုန်၍ နှာခေါင်း၌ သုံးသပ်ပြီးလျှင် နားတို့၌ ကိုင်လှုပ်ကုန်၍ လက်ဆော့ခြင်းကို ပြုကုန်လျက် သပိတ် သင်္ကန်းကို သိမ့်မှီးကုန်၍ မြတ်စွာဘုရားသို့ ကပ်ကုန်ပြီးလျှင် ရှိခိုးလျက် နေကုန်၍ မြတ်စွာ ဘုရားသည် သာယာစွာ ပဋိသန္ဓာရကို ပြုတော်မူသည်ရှိသော် အရှင်ဘုရား အရှင်ဘုရားတို့၏တပည့်တော်ဖြစ်သော သာယာစွာသော တရားကို ဟောတတ် သော တပါးသော လကုဏ္ဍကဘဒ္ဒိယ အမည်ရှိသော မထေရ်သည် ရှိသတတ်၊ ထိုမထေရ်သည် ယခုအခါ အဘယ်အရပ်၌ နေသနည်းဟု လျှောက်ကုန်၏၊ ရဟန်းတို့ သင်တို့သည် ဖူးမြင်လိုကုန် သလောဟု မိန့်တော်မူသည် ရှိသော် အရှင်ဘုရား ဖူးမြင် လိုပါကုန်၏ဟု နားတော် လျှောက်ကုန်၏၊ ရဟန်းတို့ သင်တို့သည် ကျောင်းတံခါးမုတ်၌ အကြင်မထေရ်ကို မြင်ကုန်၍ သင်္ကန်းစွန်း

---

၁ လကုဏ္ဍကဘဒ္ဒိယ (သီ)

www.dhammadownload.com

အစရှိသည်တို့၌ ဆွဲကုန်လျက် လက်ဆော့ခြင်းကို ပြုကြကုန်၍ လာကြကုန်၏၊ ထိုမထေရ်သည် လကုဏ္ဍက ဘဒ္ဒိယ မထေရ်တည်းဟု မြတ်စွာ ဘုရားသည် မိန့်တော်မူ၏၊ အရှင်ဘုရား ဤသို့သဘောရှိသော တောင်းအပ်ပြီးသော ပတ္ထနာရှိသော ကုသိုလ်ကံနှင့်ပြည့်စုံသော သာဝကသည် အဘယ် အကြောင်းကြောင့် ဘုန်းတန်ခိုး နည်းသနည်းဟု ရဟန်းတို့သည်လျှောက်ကုန်၏၊ မြတ်စွာဘုရားသည် ရဟန်းတို့ မိမိသည် ပြုအပ်သော မကောင်းမှုကံကို အမှီပြု၍ ဘုန်းတန်ခိုး နည်းသည်ဖြစ်၏ဟု မိန့်တော်မူ၍ ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိကြားမင်းဖြစ်၏၊ ထိုအခါ၌ ဗြဟ္မဒတ်မင်းအား ကိုယ်ခန္ဓာဟောင်းမြင်းသော အိုခြင်းသို့ရောက်ပြီးသော ဆင်ကိုငင်း မြင်းကိုငင်း နွားကိုငင်း မြင်စိမ့်သောငှါ မတတ်ကောင်း၊ မင်းသည် ကစားတတ်သော အလေ့ရှိသည်ဖြစ်၍ ထိုသို့ သဘောရှိသော ဆင်အို, မြင်းအို အစရှိသည်တို့ကို မြင်လျှင် • လိုက်စေ၏၊ လှည်းအိုကို မြင်၍ ဖျက်စေ၏၊ မိန်းမအိုကို မြင်၍လည်း ခေါ်စေ၍ ဝမ်း၌တွန်း၍ လည်းစေ၏၊ တဖန် ထပြန်စေ၍ ထိတ်လန့်စေ၏၊ ယောကျ်ားအိုတို့ကို မြင်၍ ကျမ်းသမားတို့ကဲ့သို့ မြေ၌ ကျမ်းထိုးခြင်း အစရှိသည်တို့ဖြင့် **ကစား**ခြင်းကို ကစားစေ၏၊ မမြင်သည်ရှိသော် ဤမည်သော အိမ်၌ သူအိုသည် **ရှိ၏**၊ ဤသို့ ကြား၍လည်း ခေါ်၍ ကစား၏၊ လူတို့သည် ရှက်ကုန်သည်ဖြစ်၍ မိမိတို့၏ **မိဘတို့ကို** တိုင်းတပါးတို့သို့ ပို့ကုန်၏၊ အမိကိုလုပ်ကျွေးသောတရားသည်ငင်း အဘကိုလုပ်ကျွေးသောတရားသည်ငင်း ပြတ်၏၊ မင်းခစားတို့သည် ကစားလေ့ရှိကုန်သည် သာလျှင်ဖြစ်ကုန်၏၊ သေတိုင်း သေတိုင်းကုန်သော သူတို့သည် အပါယ်**လေး**ဘုံတို့ကို ပြည့်စေကုန်၏၊ နတ်၏ပရိသတ်တို့သည် ယုတ်ကုန်၏။

သိကြားမင်းသည် အသစ်ဖြစ်ကုန်သော နတ်သားတို့ကို မမြင်သည်ဖြစ်၍ အကြောင်း အဆို့ရှိသနည်းဟု ဆင်ခြင်သည်ရှိသော် ထိုအကြောင်းကို သိ၍ ထိုဗြဟ္မဒတ်မင်းကို ဆုံးမအံ့ဟု လူအို၏သဏ္ဌာန်ကို ဖန်ဆင်း၍ လှည်းအို၌ ရက်တက်အိုးနှစ်လုံးတို့ကိုတင်၍ နှစ်ကောင်သောနွားအိုတို့ကို က,၍ တပါးသော ပဲလမ်းသဘင်နေ၌ ဗြဟ္မဒတ်မင်းသည် တန်ဆာဆင်အပ်သော ဆင်ကို တက်စီးပြီးလျှင် တန်ဆာဆင်အပ်သော မြို့ကို လက်ျာရစ် လှည့်လည်ခြင်းကို ပြုလတ်

www.dhammadownload.com

သော် ဟောင်းနွမ်းသောအဝတ်ကို ဝတ်ဆင်ယင်လျက် ထိုလှည်းအိုကို မောင်းနှင်လျက်ဗြဟ္မဒတ် မှင်းကြီး၏ ရွှေရှူသွား၏၊ ဗြဟ္မဒတ် မင်းကြီးသည် ထိုလှည်းအိုကို မြင်၍ ထိုလှည်းအိုကို ပယ်ကြကုန်လော့ဟု ဆို၏၊ လူတို့သည် မင်းမြတ် အဘယ်မှာနည်း အကျွန်ုပ်တို့သည် မမြင်ကုန်ဟု ဆိုကုန်၏၊ သိကြားသည် မိမိ၏ အာနုဘော်အားဖြင့် မင်းအားသာလျှင် ပြ၏၊ ထိုအခါ၌ ထိုအရပ်သို့ အမျှားရောက်လတ်သည်ရှိသော် ထိုလှည်းအိုကို ထိုမင်း၏ အထက်အဘို့ဖြင့် နှင်လျက် မင်း၏ ဦးခေါင်းထက်၌ တလုံးသော ရက်တက်အိုးကို ခွဲ၍ ပြန်လည်လတ်သည်ရှိသော် နှစ်ခုမြောက်သော ရက်တက်အိုးကို ခွဲ၏၊ ထိုအခါ၌ ထိုမင်း၏ ဦးခေါင်းမှစ၍ ထိုမှ ဤမှ ရက်တက်ရည်သည် စီး၏၊ ထိုမင်းသည် ထိုသို့ ရက်တက်ရည် စီးခြင်းကြောင့် ငြီးငွေ့၏ ရှက်၏ စက်ဆုပ် ရွံရှာ၏၊ ထိုအခါ၌ ထိုမင်း၏ ထိုပင်ပန်း ဆင်းရဲသည်၏ အဖြစ်ကို သိ၍ သိကြားသည် လှည်းကို ကွယ်စေ၍ သိကြား၏ကိုယ်ကို ဘန်ဆင်း၍ ဝရဇိန် လက်နက်စွဲလျက် ကောင်းကင်၌ တည်၍ ယုတ်မာသော တရားမစောင့်သောမင်း သင်သည် မအိုလတ္တံ့လော၊ သင်၏ကိုယ်ကို အိုခြင်းသည် မည့်ဉီးဆဲလတ္တံ့လော၊ သင်သည် ကစားလေ့ရှိသည်ဖြစ်၍ သူအိုတို့အား နှိပ်စက်ညှဉ်းဆဲသော အမှုကို ပြု၏၊ တယောက်ထည်းသော သင့်ကို မှီကုန်၍ ထိုအမှုကို ပြုကုန်ကြသဖြင့် သေတိုင်း သေတိုင်းကုန်သော သူတို့သည် အပါယ်တို့ကို ပြည့်စေကုန်၏၊ လူတို့သည် မိဘတို့ကို လုပ်ကျေးအံ့သောငှါ မရကုန်၊ သင်သည် ဤအမှုမှ အကယ်၍ မကြဉ်အံ့၊ ဤဝရဇိန်လက်နက်ဖြင့် ဦးခေါင်းကို ခွဲအံ့၊ ဤနေ့မှစ၍ ထိုအမှုကို မပြုလင့်၊ ဤသို့ ခြိမ်းချောက်၍ မိဘတို့၏ ကျေးဇူးကို ဟော၍ ကြီးကုန်သောသူတို့အား အရိုအသေပြုသော ကောင်းမှု၏ အကျိုးဆက်ကို ပြ၍ ဆုံးမပြီးလျှင် တာဝတိံသာနတ်ပြည်သို့ ပြန်သွား၏၊ မင်းသည် ထိုအခါမှစ၍ ထိုသို့သဘောရှိသော အမှုကို ပြုအံ့သောငှါ စိတ်ကိုလည်း မဖြစ်စေ။

မြတ်စွာဘုရားသည် ဤလွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီး၍—

၁၀၃ ဟံသာ ကောဥ္စာ မယူရာ စ၊ ဟတ္ထယော ပသဒါမိဂါ။
သမ္မေ သီဟာသ ဘာယန္တိ၊ နတ္ထိ ကာယသ္မိံ တုလ္ယတာ။

၁၀၄ ဧဝမေဝ မနုဿေသု၊ ဒဟရော စေပိ ပညဝါ။
သော ဟိ တတ္ထ မဟာ ဟောတိ၊ နေဝ ဗာလော သရီရဝါ။

ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။

www.dhammadownload.com

ဘိက္ခဝေ၊ ရဟန်းတို့။ ကာယသို့ ၊ ကိုယ်၌။ တုလျတာ၊ နှိုင်းယှဉ်အပ်သည်၏ အဖြစ်သည်။ ယသ္မာ၊ အကြင်ကြောင့်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ ဟံသာ စ၊ ဟသ်ာတို့သည်၎င်း။ ကောဥ္စာ စ၊ ကြုံးကြာတို့သည်၎င်း။ မယူရာ စ၊ ဉဒေါင်းတို့သည်၎င်း။ ဟတ္ထယော စ၊ ဆင်တို့သည်၎င်း။ ပသဒါ၊ ချေဟုဆိုအပ် ကုန်သော။ မိဂါ စ၊ သားတို့သည်၎င်း။ **တနုည်းကား** ပသဒါစ၊ချေတို့သည်၎င်း။ မိဂါစ၊ ဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော သားတို့သည်၎င်း။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော သတ္တဝါတို့သည်။ သီဟဿ၊ခြင်္သေ့မှ။ ဘာယန္တိ၊ ကြောက်ကုန်၏။

ဧဝမေဝ၊ ဤအတူသာလျှင်။ မနုဿေသု၊ လူတို့တွင်။ ယော၊ အကြင် သူသည်။ ဒဟရောပိ၊ ငယ်သော်လည်း။ ပညဝါ၊ ပညာရှိသည်။ စေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ သော ဟိ၊ ထိုသူသည်သာလျှင်။ တတ္ထ၊ ထိုလူတို့၌။ မဟာ၊ ကြီးသည်။ ဟောတိ၊ ဖြစ်၏။ ဗာလော၊ ပညာမရှိသောသူသည်။ သရီရဝါ၊ ကိုယ်ကြီးသော်လည်း။ မဟာ နာဂမ၊ ကြီးသောမည်သည်။ နေဝ ဟောတိ၊မဖြစ်သလျှင်ကတည်း။ ကသ္မာ၊ ထို့ကြောင့်။ တုမ္ဟေ၊ သင်တို့သည်။ လကုဏ္ဍက-ဘဒ္ဒိယော၊ လကုဏ္ဍက ဘဒ္ဒိယသည်။ သရီရေန၊ ကိုယ်အားဖြင့်။ ခုဒ္ဒကော၊ ငယ်၏။ ဣတိ၊ ထို့ကြောင့်။ တံ၊ ထိုလကုဏ္ဍကဘဒ္ဒိယကို။ ဉာဏေနပိ၊ ဉာဏ်အားဖြင့်လည်း။ ခုဒ္ဒကောတိ၊ ငယ်၏ဟူ၍။ မာ မညိတ္ထ၊ မမှတ်ကြကုန်လင့်။

ဇာတ်ပေါင်း သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူပြီးလျှင် ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ထိုရဟန်းတို့တွင် အချို့ကုန်သော ရဟန်းတို့သည် သောတာပန် ဖြစ်ကုန်၏၊အချို့ကုန်သောရဟန်းတို့သည် သကဒါဂါမ်ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် အနာဂါမ် ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် ရဟန္တာဖြစ်ကုန်၏ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ရဟန်းတို့ ထိုသို့အိုမင်းကုန်သော သူတို့အား ကစားလေ့ရှိဘူးသည်၏ အဖြစ်ကြောင့် ယခုအခါ၌ သူတပါးတို့၏ ကစားခြင်း တည်ရာဖြစ်သော ထိုသို့သဘောရှိသောလကုဏ္ဍကဘဒ္ဒိယသည် ထိုအခါ မင်းဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ သိကြားမင်း ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ဘယ်သူမပြု၊ မိမိမှု၊ ကြည့်ရှုဆင်ခြင်ရာ)

နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကေဠိသီလဇာတ်သည် ပြီး၏။

www.dhammadownload.com

၅၃-ခန္ဓဇာတ်

မေတ္တာနှစ်ပါး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဝိရူပက္ခေဟိ မေ မေတ္တံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤခန္ဓဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **မထင်ရှားသေရဟန်း** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဇရုံးအိမ်တံခါး၌ ထင်းတို့ကို ခဲသော ထိုရဟန်းကို သစ်ဆွေးကြားမှထွက်၍ တခုသောမြွေသည် ခြေချောင်း၌ ခဲသတတ်၊ ထိုရဟန်းသည် ထိုမြွေခဲရာ အရပ်၌ ပင်လျှင် သေ၏၊ ထိုရဟန်း၏ ထိုသို့သော အခြင်းအရာ အားဖြင့် သေသည်၏ အဖြစ်သည် အလုံးစုံသော ကျောင်း၌ ထင်ရှားသည် ဖြစ်၏၊ တရားသဘင်၌ ရဟန်းတို့သည် ငါ့သျှင်တို့ ဤအမည်ရှိသော ရဟန်းသည် ဇရုံးအိမ်တံခါး၌ ထင်းခဲသည်ရှိသော် မြွေသည်ခဲ၍ ထိုမြွေခဲရာအရပ်၌လျှင် သေသတတ်ဟု စကား ကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခု အခါ အဘယ်မည်သောစကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ လတ်၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ထိုရဟန်းသည် လေးပါးကုန်သော မြွေတို့ကို အာရုံပြု၍ မေတ္တာကို အကယ်၍ပွားစေငြားအံ့၊ မြွေသည် ထိုရဟန်းကို မခဲလေရာ၊ထိုစကား သည် မှန်၏၊ ရဲသေ့ ဖြစ်ကုန်သော ရွေးပညာရှိတို့သည်လည်း ဘုရားဖြစ်တော် မမူမီ လေးပါးကုန်သော မြွေမျိုးတို့၌ မေတ္တာကို ပွားစေကုန်၍ ထိုထိုမြွေမင်း အမျိုးတို့ကို မှီ၍ဖြစ်သော ဘေးမှ လွတ်ဘူးကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိတိုင်းဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ကာမတို့ကို ပယ်၍ ရသေ့ ရဟန်းအဖြစ်သို့ ကပ်၍ အဘိညာဉ်တို့ကိုဌင်း သမာပတ်တို့ကိုဌင်း ဖြစ်စေ၍ ဟိမဝန္တာအရပ်ဝယ် တခုသော မြစ်ကမ်း၌ အရိပ်သာမ်းကို ဘန်ဆင်း၍ စျာန်ဖြင့် မေ့လျော့ပျော်ပါးခြင်းဖြင့် မေ့လျော့ပျော်ပါးလျက် ရသေ့အပေါင်း ခြံရံ၍ နေ၏၊ ထိုအခါ၊ ဂင်္ဂါနား၌ အထူးထူး အပြားပြား မျှားကုန်သော ရှည်သော

www.dhammadownload.com

အမျိုးဌ ဖြစ်ကုန်သော တိရစ္ဆာန်တို့သည် ရသေ့အပေါင်းတို့အား ဘေးရန် ပြုကုန်၏၊ များသောအားဖြင့် ရသေ့အပေါင်းတို့သည် ,အလာက်ကုန်ခြင်းသို့ ရောက်ကုန်၏၊ ရသေ့တို့သည် ထိုအကြောင်းကို ဘုရားလောင်းအား ကြား၏၊ ဘုရားလောင်းသည် ခပ်သိမ်းကုန်သော ရသေ့တို့ကို စည်းဝေးစေ၍ ရသေ့တို့ သင်တို့သည် ဇလေးပါးကုန်သော မြေမျိုးတို့ဌ မေတ္တာကို အကယ်၍ ပွားစေ ငြားအံ့ သင်တို့ကို မြွေတို့သည် မခဲကုန်ရာ၊ ထို့ကြောင့် ဤနေ့မှစ၍ လေးပါး ကုန်သော မြေတို့ဌ ဤသို့ မေတ္တာကို ပွားဇစကုန်လော့ဟု ဆို၍—

၁၀၅ ဝိရူပက္ခေဟိ ဓမေ မေတ္တံ၊ မေတ္တံ ဧရောပထေဟိ ဓမေ။
ဆဗျာပုတ္တေဟိ ဓမေ မေတ္တံ၊ မေတ္တံ ကဏှာဂေါတမကေဟိ စ။
အပါဒကေဟိ ဓမေ မေတ္တံ၊ မေတ္တံ ဒ္ဝိပါဒကေဟိ ဓမေ။
စတုပ္ပဒေဟိ ဓမေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေဟိ ဓမေ။
မာ မံ အပါဒကော ဟိံသိ၊ မာ ပံ ဟိံသိ ဒ္ဝိပါဒကော။
မာ မံ စတုပ္ပဒေါ ဟိံသိ၊ မာ မံ ဟိံသိ ဗဟုပ္ပဒေါ။
သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ စ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု၊ မာကိဉ္စိ ပါပမာဂမာ။

၁၀၆ အပ္ပမာဏော ဗုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊ ပမာဏဝန္တာနိ သရီသပါနိ။
အဟိ ဝိစ္ဆိကာ သတပဒီ၊ ဥဏ္ဏနာဘီ သရဋ္ဌ မူသိကာ။
ကတာ မေ ရက္ခာ ကတာ မေ ပရိတ္တာ၊ ပဋိက္ကမန္တု ဘူတာနိ။
သောဟံ နမော ဘဂဝတော၊ နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

ဟူသော ဤဂါထာတို့ကို ဆို၏။

ဘောန္တော တာပသာ၊ အို ရသေ့တို့။ တုမ္ဟေ၊ သင်တို့သည်။ ဝိရူပက္ခေဟိ၊ ဝိရူပက္ခ နတ်မင်း၏ အမျိုးတို့နှင့်။ သဒ္ဓိံ၊ တကွ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဧရောပထေဟိ စ၊ ဧရောပထနတ်မင်း၏ အမျိုးတို့နှင့်လည်း။ သဒ္ဓိံ၊ တကွ။ မေ၊ ငါ၏၊ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဆဗျာပုတ္တေဟိ စ၊ ဆဗျာပုတ္တနတ်မင်း၏ အမျိုးတို့နှင့်လည်း။ သဒ္ဓိံ၊ တကွ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

www.dhammadownload.com

ကဏ္ဍာဂေါတမကေဟိ စ၊ ကဏ္ဍာဂေါတမနတ်မင်း၏ အမျိုးတို့နှင့်လည်း။ သဒ္ဒိ၊ တက္ခ။ မေ၊ ငါ၏၊ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဣတိ၊ ဤသို့။ မေတ္တံ၊ မေတ္တာကို။ ဘာဝေထ၊ ပွားစေကြကုန်လော့။

ဘောန္တော တာပသာ၊ အို ရဿေတို့။ တုမ္ဟေ၊ သင်တို့သည်။ အပါဒကေဟိ၊ အခြေမရှိကုန်သော သတ္တဝါတို့နှင့်။ သဒ္ဒိ၊ တက္ခ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ဒ္ဝိပါဒကေဟိစ၊ အခြေနှစ်ချောင်းရှိကုန်သော သတ္တဝါတို့နှင့်လည်း။ သဒ္ဒိ၊ တက္ခ။ မေ၊ ငါ၏။ မေတ္တံ၊ချစ်ခြင်းသည်၊ ဟောတု၊ ဖြစ်စေသတည်း။ စတုပ္ပဒေဟိ စ၊ အခြေလေးချောင်းရှိကုန်သော သတ္တဝါတို့နှင့်လည်း။ သဒ္ဒိ၊ တက္ခ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဗဟုပ္ပဒေဟိ စ၊ များသော အခြေရှိကုန်သော သတ္တဝါတို့နှင့်လည်း။ သဒ္ဒိ၊ တက္ခ။ မေ၊ ငါ၏။ မေတ္တံ၊ ချစ်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဣတိ၊ ဤသို့။ မေတ္တံ၊ မေတ္တာကို။ ဘာဝေထ၊ ပွားစေကြကုန်လော့။

ဘောန္တော တာပသာ၊ အို ရဿေတို့။ တုမ္ဟေ၊ သင်တို့သည်။ မံ၊ငါ့ကို။အပါဒကော၊ အခြေမရှိသော သတ္တဝါသည်။ မာ ဟိံသိ၊ မညှဉ်းဆဲစေသတည်း။ ဒ္ဝိပါဒကော စ၊ အခြေနှစ်ချောင်းရှိသော သတ္တဝါသည်လည်း။ မံ၊ ငါ့ကို။ မာ ဟိံသိ၊ မညှဉ်းဆဲစေသတည်း။ စတုပ္ပဒေါစ၊ အခြေလေးချောင်းရှိသော သတ္တဝါသည်လည်း။ မံ၊ ငါ့ကို။ မာ ဟိံသိ၊ မညှဉ်းဆဲစေသတည်း။ဗဟုပ္ပဒေါစ၊ များသော အခြေရှိသော သတ္တဝါသည်လည်း။ မံ၊ ငါ့ကို။ မာဟိံသိ၊ မညှဉ်းဆဲစေသတည်း။ ဣတိ၊ ဤသို့။ မေတ္တံ၊ မေတ္တာကို။ ဘာဝေထ၊ ပွားစေကြကုန်လော့။

ဘောန္တော တာပသာ၊ အို ရဿေတို့။ တုမ္ဟေ၊ သင်တို့သည်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ စ၊ ဝဋ်တရား ခန္ဓာငါးပါးတို့၌ ငြိစွန်းတတ်ကုန်သော သတ္တဝါတို့သည်ရင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပါဏာ စ၊ ထုက်သက် ဝင်သက်နှင့် ပြည့်စုံကုန်သော သတ္တဝါတို့သည်ရင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဘူတာ စ၊ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော သတ္တဝါတို့သည်ရင်း။ သန္တိ၊ ရှိကုန်၏။ ကေဝလာ-သကလာ၊ အစိတ်နှင့်တကွ ဖြစ်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့သည်။ ဘဒြာနိ၊ ကောင်းသောအာရုံတို့ကို သာလျင်။ ပဿန္တု၊ မြင်စေကုန်သတည်း။ ကိဉ္စိ၊ တစုံအဘုသော။ ပါပံ၊

www.dhammadownload.com

ယုတ်မာသော ဆင်းရဲခြင်းသို့။ မာ ဂမာ-မာဂစ္ဆန္တု၊ မရောက်စေကုန်သတည်း။ ဣတိ၊ ဤသို့။ မေတ္တံ၊ မေတ္တာကို။ ဘာဝေထ၊ ပွားစေကြကုန်လော့။

ဘောန္တော တာပသာ၊ အို ရသေ့တို့။ ဗုဒ္ဓေါ၊ ဘုရားသည်။ အပ္ပမာဏော၊ ကိလေသာ မရှိ။ **တနည်းကား** ဗုဒ္ဓေါ-ဗုဒ္ဓဂုဏော၊ ဘုရား၏ကျေးဇူးတော်သည်။ အပ္ပမာဏော၊ အတိုင်းအရှည် မရှိ။ ဓမ္မော၊ တရားတော်သည်။ အပ္ပမာဏော၊ ကိလေသာ မရှိ။ **တနည်းကား** ဓမ္မော၊ တရားတော်၏ ဂုဏ်သည်။ အပ္ပမာဏော၊ အတိုင်းအရှည် မရှိ။ သံဃော၊ သံဃာတော်သည်။ အပ္ပမာဏော၊ ကိလေသာ မရှိ။ **တနည်းကား** သံဃော၊ သံဃာတော်၏ဂုဏ်သည်။ အပ္ပမာဏော၊ အတိုင်းအရှည် မရှိ။ ဣတိ၊ ဤသို့။ တုမ္ဟေ၊ သင်တို့သည်။ တိဏ္ဏန္နံ ရတနာနံ၊ ရတနာသုံးပါးတို့၏။ ဂုဏေ၊ ကျေးဇူးတို့ကို။ အနုဿရထ၊ အောက်မေ့ကြကုန်လော့။

ဘောန္တော တာပသာ၊ အို ရသေ့တို့။ တုမ္ဟေ၊ သင်တို့သည်။ အဟိ ဝိစ္ဆိကာ သတပဒီ၊ မြွေ, ကင်းမြီးကောက်, ကင်းခြေမျှားတို့ဝင်း။ ဥဏ္ဏနာဘီ၊ ပင့်ကူဝင်း။ သရဗူ မူသိကာ တက်တူ, ကြွက်တို့ဝင်း။ ဣမာနိ၊ ဤသို့ သဘော ရှိကုန်၏သော။ သရီသပါနိ၊ ရွရွတွားခြင် သွားတတ်ကုန်သော သတ္တဝါတို့သည်။ **တနည်းကား** သရီသပါနိ၊ ကိုယ်ဖြင့် သွားတတ်ကုန်သော သတ္တဝါတို့သည်။ ပမာဏဝန္တာနိ၊ ကိလေသာရှိကုန်၏။ ဣမေ သတ္တာ၊ ဤကိလေသာရှိကုန်သော သတ္တဝါတို့သည်။ အပ္ပမာဏာနံ၊ ကိလေသာ မရှိကုန်သော။ တိဏ္ဏံ၊ သုံးပါးကုန်သော။ ရတနာနံ၊ ရတနာတို့၏။ အာနုဘာဝေန၊ အာနုဘော်အားဖြင့်။ ရတ္တိ ဒိဝံ၊ ည၌နေ့ပတ်လုံး။ ပရိတ္တကမ်ံ၊ စောင့်ရှောက်သောအမှုကို။ ကရောန္တု၊ ပြုစေကုန်သတည်း။ ဣတိ၊ ဤသို့။ အာသိသထ၊ တောင့်တကြကုန်လော့။

ဘောန္တော တာပသာ၊ အို ရသေ့တို့။ တုမ္ဟေ၊ သင်တို့သည်။ မေ၊ ငါသည် ရတနတ္တယဂုဏော၊ ရတနာသုံးပါးတို့၏ ကျေးဇူးတော်တို့ကို။ အနုဿရန္တေန၊ အောက်မေ့သောအားဖြင့်။ ရက္ခာ၊ အစောင့်အရှောက်ကို။ ကတာ၊ပြုအပ်ပြီ။ မေ၊ ငါသည်။ ရတနတ္တယဂုဏော၊ ရတနာသုံးပါးတို့၏ ကျေးဇူးတို့ကို။ အနုဿရန္တေန၊ အောက်မေ့သောအားဖြင့်။ ပရိတ္တာ၊ အရံအတားကို။ ကတာ။ ပြုအပ်ပြီ။ ဟူတာနိ၊ ငါ၏အကျိုးမဲ့ကို အလိုရှိကုန်သော သတ္တဝါတို့သည်။ ပင့်ကူမန္တာ၊ ဖဲစေကုန်သတည်း။ ဣတိ၊ ဤသို့။ အာသိသထ၊ တောင့်တ

www.dhammadownload.com

ကုန်လေ၄။ သော အဟံ၊ ထိုင၊သည်။ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားအား။ နမော၊ ရှိခိုးခြင်းကို။ ကရောမိ၊ ပြုပါ၏။ သော အဟံ၊ ထိုင၊သည်။ သတ္တာန်၊ ခုနစ်ဆူကုန်သော။ သမ္မာသမ္ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့အား။ နမော၊ ရှိခိုးခြင်းကို။ ကရောမိ၊ ပြုပါ၏။ ဣတိ၊ ဤသို့။ နမက္ကာရံ၊ ရှိခိုးခြင်းကို။ ကရောထ၊ ပြုကြကုန်လေ၄။

ဤသို့ ဘုရားလောင်းသည် ရသေ့အပေါင်းအား ဤပရိတ်ကို ဖွဲ့၍ ပေး၏၊ ထိုအခါမှစ၍ ရသေ့အပေါင်းသည် ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ မေတ္တာကို ပွားစေ၏၊ ဘုရားကျေးဇူးတော်တို့ကို အောက်မေ့၏၊ ထိုရသေ့တို့သည် ဘုရားကျေးဇူးတော်တို့ကို အောက်မေ့ကုန်သည်ရှိသော် ခပ်သိမ်းကုန်သော မြေမျိုးတို့သည် ဖဲကုန်၏၊ ဘုရားလောင်းသည်လည်း ဗြဟ္မဝိဟာရတို့ကို ပွားစေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ရသေ့အပေါင်းတို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့အပေါင်းတို့၏ဆရာ ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

အစမှကား နှစ်ဂါထာတို့ဖြင့် မြွေမင်းမျိုးလေးပါးတို့၌ မေတ္တာကို ပြသည်၏ အဖြစ်ကြောင့် တနည်းကား သြဒိဿက, အနောဒိဿကတို့၏ အစွမ်းအားဖြင့် နှစ်ပါးကုန်သော မေတ္တာဘာဝနာတို့ကို ပြသည်၏ ဤဖြစ်ကြောင့် ဤခန္ဓပရိတ်ကို ဤဒုကနိပါတ်၌ ဟောအပ်၏။ ဤသို့ သိအပ်၏။

(မေတ္တာမှန်းထုံ၊ ဘေးမျိုးလုံ၊ အကုန် ချမ်းသာရ)
သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ခန္ဓဇာတ်သည် ပြီး၏။

၅၄-ဝီရကဇာတ်

တင်ကျိုး နှင့် ကျိုးကန်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "အပိ ဝီရက ပသေသိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝီရကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်

www.dhammadownload.com

မူစဉ် **ဒေဝဒတ်သည်မြတ်စွာဘုရား၏အတုပြုခြင်း**ကို အကြောင်းပြု၍ဟောတော်မူ၏၊ထိုစကားကို ခွဲဦးအံ့၊ သာရိပုတ္တရာ,မောဂ္ဂလန်မထေရ်တို့သည် ဒေဝဒတ်၏ပရိသတ်ကို ယူကုန်၍ လာကုန်သည်ရှိသော် မြတ်စွာဘုရားသည် သာရိပုတ္တရာ ဒေဝဒတ်သည် သင်တို့ကို မြင်၍ အသို့ပြုသနည်း ဤသို့ မေးတော်မူ၍ အရှင်ဘုရား ဘုရားသဗ္ဗညု အတုကို ပြု၏ဟု နားတော် လျှောက်သည် ရှိသော် သာရိပုတ္တရာ ယခုအခါ၌သာလျှင် ဒေဝဒတ်သည် ငါ၏အတုဖြစ်သော အမှုအရာကိုပြုခြင်းကြောင့် ပျက်စီးခြင်းသို့ရောက်သည် မဟုတ်သေး၊ ရှေး၌လည်း ပျက်စီးခြင်းသို့ ရောက်ဘူးပြီဟု မိန့်တော်မူ၍ သာရိပုတ္တရာမထေရ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ သာရိပုတ္တရာ လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်ဝယ် တင်ကျီးမျိုး၌ဖြစ်၍ တခုသော အိုင်ကို အမှီပြု၍ နေ၏၊ ထိုဘုရားလောင်းအား **ဝိရက** ဟူသော အမည်သည် ဖြစ်၏၊ ထိုအခါ ကာသိတိုင်း၌ ငတ်မွတ်ခြင်းသည် ဖြစ်၏၊ လူတို့သည် ကျီးစွာထမင်းကို ပေးအံ့သောငှာငင်းဘိလူး,နဂါးတို့အား ပူဇော်, ပသခြင်းအမှုကို ပြုအံ့သောငှာငင်း မစ္ဆမ်းနိုင်ကုန်၊ ငတ်မွတ်သောတိုင်းမှ ကျီးတို့သည် များသောအားဖြင့် တောသို့ ဝင်ကုန်၏၊ ထိုတော၌ ဗာရာဏသီ ပြည်နေ **သဝိဋ္ဌက** အမည်ရှိသော တခုသောကျီးသည် ကျီးမကို ခေါ်ခဲ့၍ ဝိရက၏နေရာအရပ်သို့ ရောက်၍ ထိုအိုင်ကိုမှီ၍ လျှောက်ပတ်သောအရပ်၌ နေ၏၊ ထိုသဝိဋ္ဌကသည် တနေ့သ၌ ထိုအိုင်၌ အစာကိုယူလတ်သည်ရှိသော် အိုင်သို့ သက်၍ ငါးတို့ကို စား၍ အိုင်မှတက်၍ ကိုယ်ကိုခြောက်စေသော ဝိရကကို မြင်၍ ဤတင်ကျီးကို အမှီပြု၍ များစွာကုန်သော ငါးတို့ကို ရစိမ့်သောငှါ တတ်ကောင်း၏၊ ဤတင်ကျီးကို ခစားအံ့ဟု နှလုံးသွင်း၍ ထိုဝိရကသို့ကပ်၍ အဆွေ အဘယ်အလိုရှိသနည်းဟု ဆိုလတ်သည်ရှိသော် အရှင် ငါသည် အရှင့်ကို ခစားအံ့သောငှါ အလိုရှိ၏ဟု ဆို၍ ကောင်းပြီဟု ထိုဝိရကသည် ဝန်ခံအပ်သည်ဖြစ်၍ ထိုအခါမှစ၍ ခစား၏၊ ဝိရက သည်လည်း ထိုအခါမှစ၍ မိမိ မျှလောက်ရုံကိုသာ စား၍ ငါးတို့ကို ဆယ်၍ သဝိဋ္ဌကအား ပေး၏၊ ထိုသဝိဋ္ဌကသည်လည်း မိမိမျှလောက်ရုံကိုသာ စား၍ အကြွင်းကို ကျီးမအား ပေး၏။

ထိုသဝိဋ္ဌကအား နောက်အဘို့၌ မာနသည်ဖြစ်၏၊ အဘယ်သို့ ဖြစ်သနည်းဟူမူကား ဤ တင်ကျီးသည်လည်း မည်းသော အမျင်းရှိ၏၊ ငါသည်လည်း

www.dhammadownload.com

မည်းသောအဆင်းရှိ၏၊မျက်စိ,နှုတ်သီး,ခြေသည်းတို့ဖြင့်လည်း ထိုတင်ကျီး၏ငင်း ငါ၏ငင်း အထူးသည် မရှိ၊ ဤနေ့မှ စ၍ ဤ တင်ကျီးသည် ယူအပ်ကုန်သော ငါးတို့ဖြင့် ငါ့အား စားခြင်းအမှုသည် မရှိ၊ ငါသည်သာလျှင် ယူအံ့၊ ဤသို့ မာနသည် ဖြစ်၏၊ ဖြစ်ပြီး၍ ထိုဝီရကသို့ ကပ်၍ အဆေ့ ဤနေ့မှစ၍ ငါသည်သာလျှင် အိုင်သို့ဆင်း၍ ငါးတို့ကို ယူအံ့ဟု ဆို၏၊ အဆေ့ သင်သည် ရေသို့ သက်၍ ငါးတို့ကို ဖမ်းသော အမျိုးဌ် မဖြစ်ချေ၊ မပျက်စီးစေလင့်ဟု တားမြစ်သော်လည်း ဝီရက စကားကို မယူမူ၍ အိုင်သို့ သက်၍ ရေသို့ဝင်၍ ငုပ်သည်ရှိသော် မှော်ကို ဘောက်၍ ထုတ်အံ့သောဌာ၊ မစုမ်းနိုင် မှော်ကြားဌ် ငြိ၏၊ နှုတ်သီးဖျားမျှသာလျှင် ထင်၏၊ ထိုသဝိဋ္ဌကသည် အသက်မရှူနိုင်သည် ဖြစ်၍ ရေထဲဌ်ပင်လျှင် အသက်ကုန်ခြင်းသို့ရောက်၏၊ ထိုအခါဌ် သဝိဋ္ဌက၏ မယားသည် လာလတ်သည်သို့ မမြင်သည်ရှိသော် အကြောင်းကိုသိစိမ့်သောဌာ၊ ဝီရက၏ အထံသို့သွား၍ အရှင် သဝိဋ္ဌကသည် မထင်၊ ထိုသဝိဋ္ဌကသည် အတီမှာလျှင် ရှိလေသနည်း ဤသို့ မေးလိုသည်ဖြစ်၍—

၁၀၇ အပိ ဝီရက ပဿေသိ၊ သကုဏံ မဥ္ဇုဘာဏိကံ။
မယူရဝိဝ သက်ာသံ၊ ပတိ ံ မယ့ံ သဝိဋ္ဌကံ။
ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဝီရက၊ အရှင်ဝီရက။ မဥ္ဇုဘာဏိကံ၊ သာယာသော အသံ ရှိထသော။ မယူရဝိဝသက်ာသံ၊ ဥဒေါင်းလည်နှင့်တူသော အဆင်းရှိထသော။ မယ့်၊ ငါ၏။ ပတိ ံ၊ လင်ဖြစ်သော။ သဝိဋ္ဌကံ၊ သဝိဋ္ဌက အမည်ရှိသော။ သကုဏံ၊ ငှက်ကို။ တံ့၊ အရှင်သည်။ ပဿေသိ အပိ၊ မြင်ပါ၏လော။

ထိုစကားကိုကြား၍ ဝီရကသည် သင်၏လင် သွားရာအရပ်ကို ငါသိ၏ဟု ဆိုလိုရကား—

၁၀၈ ဥဒကထလစရဿ ပက္ခီနော၊
နိစ့ံ အာမကမစ္ဆဘောဇနော။
တဿာနုကရံ သဝိဋ္ဌကော၊
သေဝါလေ ပလိဂုဏ္ဌိမတော။
ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

ကာကီ၊ ကျီးမ။ ဥဒကထလစရဿ၊ ရေကြည်းအရပ်၌ ကျက်စားခြင်းငှါ စွမ်းနိုင်ထသော။ ပက္ခီနော၊ ငှက်ဃည်။ နံစုံ၊ အမြဲ။ အာမကမစ္ဆဘောဇနော၊ ဆယ်၍ပေးအပ်သော ငါးစိမ်းကို စား၏သော။ သဝိဋ္ဌကော၊ သဝိဋ္ဌကသည်။ တဿ၊ ထိုရေကြည်အရပ်၌ ကျက်စားခြင်းငှါ စွမ်းနိုင်သောငှက်၏။ အနုကရုံ-အနုကရောန္တော၊ အတူပြုခြင်းကြောင့်။ သေဝါလေ၊ မှော်၌။ ပလိဂုဏ္ဌိတော၊ လွှမ်းအပ်သည်ဖြစ်၍။ မတော၊ သေလေပြီ။

ထိုစကားကို ကြား၍ ကျီးမသည် ငို၍ ဗာရာဏသီပြည်သို့လျှင် သွား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မှူ၍ သာရိပုတ္တရာ ယခုအခါ ဒေဝဒတ်သည် ထိုအခါ သဝိဋ္ဌက ဖြစ်ဘူးပြီ၊ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါဝိရက ဖြစ်ဘူးလေပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကိုယ်မစွမ်းပေါင်၊ မာနထောင်၊ ကျီးကောင် ဟုက်စီးသို့)

လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဝိရကဇာတ်သည် ပြီး၏။

၅၅- ဂင်္ဂေယျဇာတ်

အလှပြိုင် ငါးနှင့် လိပ်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "သောဘတိ မစ္ဆော ဂင်္ဂေယျော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဂင်္ဂေယျဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သိတင်းသုံး နေတော်မူစဉ် **ပဉ္စင်းငယ်နှစ်ယောက်**တို့ကို အကြောင်းပြု၍ ဟောတော်မူ၏၊ သာဝတ္ထိပြည်၌နေကုန်သော အမျိုးကောင်းသား ဖြစ်ကုန်သော နှစ်ယောက်ကုန်သောရဟန်းတို့သည် သာသနာတော်၌ ရဟန်းပြုကုန်၍ အသုဘဘာဝနာကို အားမထုတ်မူ၍ အဆင်းကို ချီးမွမ်းတတ်ကုန်သည်ဖြစ်၍ အဆင်းကို တင့်တယ်စေကုန်လျက် သွားကုန်သတတ်၊ ထိုနှစ်ယောက်ကုန်သော ရဟန်းတို့သည် တနေ့သ၌ သင်္ဃသည် မတင့်တယ် ငါသည်တင့်တယ်၏၊ ဤသို့ အဆင်းကို မှီ၍ ငြင်းခုံခြင်း ဖြစ်ကုန်လတ်သော် အနီး၌နေသော တပါးသော မထေရ်အိုကို မြင်၍ ဤရဟန်းအိုသည် ငါတို့၏ တင့်တယ်သည် မတင့်တယ်သည်၏ အဖြစ်ကို

www.dhammadownload.com

သိလတ္တံ့ဟု ဆိုကုန်၍ ထိုရဟန်းအိုသို့ ကပ်ကုန်၍ အရှင်ဘုရား ငါတို့တွင် အဘယ်သူသည်လျှင် တင့်တယ်သနည်းဟု မေးကုန်၏၊ ထိုရဟန်းအိုသည် ငါ့သျှင်တို့ သင်တို့ထက် ငါသည်သာလျှင် လွန်၍ တင့်တယ်၏ဟု ဆို၏၊ ပဉ္စင်းငယ်တို့သည် ဤရဟန်းအိုကား ငါတို့ မေးအပ်သည်ကို မဖြေမူ၍ မမေးအပ်သည်ကို ဆို၏ဟု ထိုရဟန်းအိုကို ဆဲရေး ကုန်၍ သွားကုန်၏၊ ထိုရဟန်းတို့၏ ထိုအမူအရာသည် ရဟန်းသဃ်ာဋ္ဌ ထင်ရှား၏၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ ဤအမည်ရှိသော မထေရ်အိုသည် အဆင်းကိုမှီကုန်သော ထိုရဟန်းငယ်တို့ကို ရှက်စေသတတ်ဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြသနည်းဟု မေးတော်မူလတ်၍ အရှင်ဘုရား ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟုနှားတော်လျှောက်သည်ရှိသော် ရဟန်းတို့ နှစ်ယောက်ကုန်သော ရဟန်းငယ်တို့သည် ယခုအခါ၌သာလျှင် မိမိတို့၏ အဆင်းကို ချီးမွမ်းတတ်သည် မဟုတ်ကုန်သေး၊ ရှေး၌လည်း ထိုရဟန်းငယ်တို့သည် မိမိတို့၏ အဆင်းကိုသာလျှင် ချီးမွမ်းကုန်လျက် သွားဘူးကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဂင်္ဂါမြစ်နား၌ ရက္ခစိုဝ် နတ် ဖြစ်၏၊ ထိုအခါ၌ ဂင်္ဂါ,ယမုနာမြစ်တို့၏ ဆုံရာအရပ်၌ ဂင်္ဂါငါး, ယမုနာငါး ဤငါးနှစ်ခုတို့သည် ငါသည် တင့်တယ်၏၊ သင်သည် မတင့်တယ်ဟု အဆင်းကို အမှီပြုကုန်၍ ငြင်းခုံသည်ရှိသော် အနီ ဖြစ်သော ဂင်္ဂါကမ်းနား၌ နေသော လိပ်ကို မြင်ကုန်၍ ဤလိပ်သည် ငါတို့၏ တင့်တယ်သည် မတင့်တယ်သည်၏ အဖြစ်ကို သိလတ္တံ့ဟု ဆိုကုန်၍ ထိုလိပ်သို့ ကပ်ကုန်၍ အဆွဲလိပ် ဂင်္ဂါငါးသည်တည်း တင့်တယ်လေသလော၊ ထိုသို့မဟုတ်မူကား ယမုနာငါးသည် တည်းပင် တင့်တယ်သလောဟု မေးကုန်၏၊လိပ်သည်လည်း ဂင်္ဂါငါးသည်လည်း တင့်တယ်ပေ၏၊ ယမုနာငါးသည်လည်း တင့်တယ်ပေ၏၊ နှစ်ခုလည်း ဖြစ်ကုန်သော သင်တို့ထက်ကား ငါသည်သာလျှင် အတိုင်းထက်အလွန် တင့်တယ်၏၊ ဤသို့သော အနက်ကို ပြလိုရကား—

၁၀၉ သောဘတိ မစ္ဆော ဂင်္ဂေယျော၊ အထော သောဘတိ ယာမုနော။
စတုပ္ပဒေါယံ ပုရိသော နိဂ္ဂြောဓပရိမဏ္ဍလော။
ဤသကာယတဂီဝေါ စ၊ သဗ္ဗေဝ အတိရောစတိ။

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

ဂင်္ဂေယျော မစ္ဆော၊ ဂင်္ဂါမြစ်ငါးသည်လည်း။ သောဘတိ၊ တင့်တယ်လှပေ၏။ အထော၊ ထိုမှတပါး။ ယာမုနော၊ ယမုနာ ငါးသည်လည်း။ သောဘတိ၊ တင့်တယ်လှပေ၏။ စတုပ္ပဒေါ၊ အခြေလေးချောင်းရှိထသော။ နိဂြောဓပရိမဏ္ဍလော၊ ပညောင်ပင်၏အဝန်းကဲ့သို့ ဝန်းသော ကိုယ်ရှိထသော။ ဤသကာယတဂီဝေါ စ၊ ရထားသံကဲ့သို့ ရှည်သော လည်ရှိထသော။ အယံ ပုရိသော၊ ဤယောကျ်ားသည်ကား။ သဗ္ဗေဝ၊ အလုံးစုံသော သင်တို့ကိုလျှင်။ အတိရောစတိ၊ လွန်၍ တင့်တယ်သေး၏။

ငါးတို့သည် ထိုလိပ်၏ စကားကို ကြားကုန်၍ အို လိပ်ယုတ်မာ ငါတို့သည် မေးအပ်သည်ကို မဖြေမူ၍ တပါးကိုသာလျှင် ဆို၏ဟု ဆိုလို၍-

၁၁၀ ယံ ပုစ္ဆိတော နာ တံ အက္ခာသိ၊ အညံ အက္ခာသိ ပုစ္ဆိတော။
အတ္တာပ္ပသံသကော ပေါသော၊ နာယံ အမ္ဟာက ရုစ္စတိ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

အမ္ဟော ပါပ ကစ္ဆပ၊ အို လိပ်ယုတ်မာ။ ပုစ္ဆိတော၊ မေးအပ်သော လိပ်သည်။ ယံ၊ အကြင် ပြဿနာကို။ အမ္ဟေဟိ၊ ငါတို့သည်။ ပုစ္ဆိတော၊ မေးအပ်သော။ တံ၊ ထိုမေးအပ်သော ပြဿနာကို။ နာ အက္ခာသိ၊ မဖြေ။ အညံ၊ တပါးကို။ အက္ခာသိ၊ ဖြေဆို၏။ အတ္တာပ္ပသံသကော၊ မိမိကိုယ်ကို ချီးမွမ်းတတ်သော။ အမ္ဟေဟိ၊ ငါတို့သည်။ ပုစ္ဆိတော၊ မေးအပ်သော။ အယံပေါသော၊ ဤယောကျ်ားသည်။ အမ္ဟာကံ၊ ငါတို့အား။ နာ ရုစ္စတိ၊ မနှစ်သက်စေ။

ဤသို့ ဆိုကုန်၍ လိပ်၏အပေါ်သို့ ရေကို ပက်ခဲ့ကုန်၍ မိမိတို့၏ နေရာ အရပ်သို့သာလျှင် သွားကုန်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ၌ နှစ်ယောက်ကုန်သော ပဉ္စင်းငယ်တို့သည် ထိုအခါ ငါးနှစ်ကောင်ကို ဖြစ်ဘူးကုန်ပြီ၊ယခုအခါရဟန်းအိုသည် ထိုအခါလိပ်ဖြစ်ဘူးပြီ၊ ယခုအခါငါဘုရားသည်သာလျှင် ထိုအခါ ဤဆိုအပ်ပြီးသော အကြောင်းကို မျက်မှောက်ပြုခဲ့ရသော ဂင်္ဂါမြစ်နား၌ ဖြစ်သော ရက္ခစိုဝ်းနတ် ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ရူပအဆင်း၊ ချီးမွမ်းခြင်း၊ အငြင်းပွားကာ ရှက်ရွှာ)

ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော ဂင်္ဂေယျဇာတ်သည် ပြီး၏။

www.dhammadownload.com

၅၆-ကုရုဂ်မိဂဇာတ်

မိတ်ဆွေသုံးဦး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် “လ္ကဏ် ဝဠုမယံ ပါသံ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ ကုရုဂ်မိဂဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ဒေဝဒတ်** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကို ခဲ့ပြီးအံ့၊ ထိုအခါ၌ **မြတ်စွာဘုရား**အား ဒေဝဒတ်သည် သတ်အံ့သောငှါ လုံ့လပြု၏ဟု မြတ်စွာဘုရားသည် ကြားတော်မူ၍ ရဟန်းတို့ **ဒေဝဒတ်** သည် ယခုအခါ၌သာလျှင် ငါ့**အား သတ်**အံ့သောငှါ လုံ့လပြုသည် **မဟုတ်သေး**၊ ရှေး၌လည်း လုံ့လပြုသလျှင်**ကတည်း**ဟု မိန့်တော်မူ၍ အတိတ်ကို **ဆောင်**တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ **လွန်**လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် **မင်း**ပြုလတ်သည်ရှိသော် ဘုရားလောင်းသည် ကုရုဂ် မည်သော သမင်ဖြစ်၍ **တော**ဝယ် တခုသော ရေအိုင်၏**အနီး** တခုသော ချုံ၌ **နေ**၏၊ **ထိုအိုင်၏အနီး** တခုသော သစ်ပင်ဖျား၌ ခေါက်ရှာငှက်သည် **နေ**၏၊ ရေအိုင်၌ လိပ်သည် နေ၏၊ ဤသို့ သုံးခုကုန်သော တိရစ္ဆာန်တို့သည် အဆွေခင်ပွန်း ဖြစ်ကုန်၏၊ အချင်းချင်း ချစ်သောနေခြင်းဖြင့် နေကုန်၏၊ ထိုအခါ၌ တယောက်သော သားမုဆိုးသည် တော၌ လှည့်လည်သည်ရှိသော် ရေဆိပ်၌ ဘုရားလောင်း၏ခြေရာကို မြင်၍ သံချောင်းနှင့် တူသော လုံး၍ ပြုအပ်သော သားရေ ကျော့ကွင်းကို ထောင်၍ သွား၏၊ ဘုရားလောင်းသည် ရေကို သောက်အံ့သောငှါ လာသည်ရှိသော် ညဉ့်ဦးယာမ်ကပင်လျှင် ကျော့ကွင်း၌ မိခြင်းကြောင့်ဖြစ်သော မြည်သံကိုမြည်၏၊ ထိုဘုရားလောင်း၏ အသံကြောင့် သစ်ပင်မှ ခေါက်ရှာငှက်သည်ရင်း ရေမှလိပ်သည်ရင်း လာလတ်ကုန်၍ အသို့လျှင် ပြုအပ်သနည်း ဤသို့ တိုင်ပင်ကြကုန်၏၊ ထိုအခါ၌ ခေါက်ရှာငှက်သည် **လိပ်**ကို ခေါ်၍ အဆွေလိပ် အင့်အား သွားတို့သည်ရှိကုန်၏၊ သင်သည် ကျော့ကွင်း**ကို** ဖြတ်လော့၊ ငါသည် သွား၍ အကြင်သို့ ပြုအပ်သည်ရှိသော် **ထို**မှ**ဆို**း**သည်** မလာလတ္တံ့ ထိုသို့ပြုခြေအံ့ ဤသို့နှစ်ယောက်ကုန်သော ငါတို့သည် ပြုအပ်သော လုံ့လဖြင့် ငါတို့၏ အဆွေသည် အသက်ကို ရလတ္တံ့၊ ဤသို့သော အနက်ကို ပြလိုသည်ဖြစ်၍–

www.dhammadownload.com

၁၁၁ ကျွန်ုပ် ဝဋ္ဋမယံ ပါသံ၊ ဆိန္ဒ ဒန္ဆေဟိ ကစ္ဆပ။
အဟံ တထာ ကရိဿာမိ၊ ယထာ နေဟိတိ လုဒ္ဒကော။

ဟူသော ရွေးဦးစွာသော ဤဂါထာကို ဆို၏။

ကစ္ဆပ၊ အဆွေလိပ်။ ကျွန်ုပ်၊ ငါတို့က်တဉ်း၏။ တံ့၊ သင်သည်။ ဝဋ္ဋမယံ၊ လုံးရှည်ပြုအပ်သော။ ပါသံ၊ သားရေကျော့ကွင်းကို။ ဒန္ဆေဟိ၊ သွားတို့ဖြင့်။ ဆိန္ဒ၊ ဖြတ်လော။ အဟံ၊ ငါသည်ကား။ ယထာ၊ အကြင်သို့ပြုအပ်သည်ရှိသော်။ လုဒ္ဒကော၊ မုဆိုးသည်။ နေဟိတိ၊ မလာလတ္တံ့။ တထာ၊ ထို့သို့။ ကရိဿာမိ၊ ပြုချေအံ့။

ထိုအခါ၌ လိပ်သည် သားရေဖြင့် ပြီးသော လုံးသော ကျော့ကွင်းကို ကိုက်အံ့သောငှါ အားထုတ်၏၊ ခေါက်ရှာငှက်သည်ကား မုဆိုး၏နေရာရှာသို့ ပြန်လေ၍ အနီးဖြစ်သော သစ်ပင်၌ နေ၏၊ မုဆိုးသည် မိုးသောက်ထ ကာလ၌လျင် လုံကိုယူ၍ ထွက်၏၊ ခေါက်ရှာငှက်သည် ထိုမုဆိုး ထွက်သည်၏အဖြစ်ကို သိ၍ မြည်လျက် အတောင်ကို ခါပြီးလျင် •အရှေ့တံခါးဖြင့် ထွက်လာသော ထိုမုဆိုးကို မျက်နှာ၌ပုတ်၏၊ မုဆိုးသည် ငှက်ယုတ်မာသည် ပုတ်ခတ်အပ်သည်ဟု ပြန်၍ အတန်ငယ် အိပ်၍ တဖန် လုံကို ယူ၍ ထ၏၊ ခေါက်ရှာငှက်သည် ဤမုဆိုးသည် ရှေးဦးစွာ အရှေ့တံခါးဖြင့် ထွက်လတ်၏၊ ယခုအခါ၌ အနောက်တံခါးမှ ထွက်လတ္တံ့ဟု သွား၍ အိမ်၏ အနောက်၌ နေ၏၊ မုဆိုးသည်လည်း အရှေ့တံခါးဖြင့် ထွက်သော ငါသည် ငှက်ယုတ်မာကို မြင်အပ်၏၊ ယခုအခါ၌ အနောက်တံခါးဖြင့် ထွက်အံ့ဟု ကြံလျက် ထွက်၏၊ ငှက်သည် မြည်လျက် ပြေးလာ၍ မျက်နှာ၌ ပုတ်ခတ်၏၊ မုဆိုးသည် ငှက်ယုတ်မာသည် ပုတ်ခတ်ပြန်၏၊ ယခုအခါ၌ ဤငှက်ယုတ်မာသည် ငါ့အား ထွက်စိမ့်သောငှါ မပေးဟု ပြန်၍ အရုဏ်တက်သည် တိုင်အောင် အိပ်၍ အရုဏ်တက်သော အခါ၌ လုံကို ယူ၍ ထွက်၏၊ ငှက်သည် လျင်မြန်စွာ ပြန်သွား၍ မုဆိုးသည် လာချေပြီဟု ဘုရားလောင်းအား ပြောဆို၏။

ထိုခဏ၌ လိပ်သည် သားရေ တလုန်းမျှကိုသာလျင် ထား၍ ကြွင်းသော အလုန်းကို ခဲအပ်ပြီးသည်ဖြစ်၍ ထိုလိပ်၏ သွားတို့သည်ကား ကြေလုသော အခြင်းအရာသို့ ရောက်ကုန်၏၊ ခံတွင်းသည် သွေးအလိမ်းအလိမ်း ကပ်၏၊ ဘုရားလောင်းသည် လုံကိုကိုင်၍ မိုးယံးကြိုးကဲ့သို့သောအဟုန်ဖြင့် လာလတ်သော



ကုရဂ်မိဂဇာတ်၊ ခေါက်ရာဌက်, သမင်, လိပ်–မိတ်ဆွေသုံးဦး တစ်ဦးနှင့်တစ်ဦး ကူညီပုံ။ (၂၁၃)

www.dhammadownload.com

www.dhammadownload.com

မုဆိုးကိုမြင်၍ ထိုအနှောင်အဖွဲကို ဖြတ်လေ၍ တောသို့ဝင်၏၊ခေါက်ရှာငှက်သည် သစ်ပင်ဖျားဌ်နေ၏၊ လိပ်သည်ကား အားနည်းသည်၏အဖြစ်ကြောင့် ထိုအရပ်ဌ် သာလျှင် ဝပ်၏၊ မုဆိုးသည် လိပ်ကိုယူ၍ အိတ်ဌ်ထည့်၍ တခုသော သစ်ငုတ်ဌ် ဆဲ့၏၊ ဘုရားလောင်းသည် ပြန်၍ ကြည့်လတ်သည်ရှိသော် လိပ်ကို ယူသည်၏ အဖြစ်ကိုသိ၍ ငါ၏အဆွေအား အသက်အလှူကို ပေးအံ့ဟု အားနည်းဟန်ပြု၍ မုဆိုးအား ကိုယ်ကိုပြ၏၊ ထိုမုဆိုးသည် ဤကုရုဂ်သမင်သည်ကား အားနည်း သည် ဖြစ်လတ္တံ့၊ ထိုကုရုဂ်သမင်ကို သတ်အံ့ဟု လုံ့ကိုယူ၍ လိုက်၏၊ ဘုရား လောင်းသည် မဝေးလွန်း မနီးလွန်းသဖြင့် သွားလျက် ထိုမုဆိုးကိုသွေးဆောင်၍ တော့သို့ဝင်၏၊ အဝေးသို့ ရောက်သည်၏အဖြစ်ကို သိ၍ ခြေရာလှည့်စား၍ ခရီး တပါးဖြင့် လေကဲ့သို့ လျင်မြန်သော အဟုန်ဖြင့် ပြေးလေ၏၊ ချီဖြင့် အိတ်ကို ချီ၍ မြေဌ်ချ၍ ဘောက်၍ လိပ်ကိုထုတ်၏၊ ခေါက်ရှာငှက်သည်လည်း သစ်ပင်မှ သက်လာ၏၊ ဘုရားလောင်းသည် နှစ်ခုကုန်သော ငှက်,လိပ်တို့အား အဆုံးအမ ကိုပေးလျက် ငါသည့် သင်တို့ကိုမှီ၍ အသက်ကို ရပေ၏၊ သင်တို့သည် အဆွေ ဖြစ်သော ငါ၏ပြုအပ်သော ကိစ္စကိုပြုပေ၏၊ ယခုအခါဌ် မုဆိုးသည် လာလတ်၍ သင်တို့ကို ဖမ်းရာ၏၊ ထို့ကြောင့် ဤဆွေခေါက်ရှာငှက် သင်သည် မိမိ၏သားငယ် တို့ကိုယူ၍ တပါးသောအရပ်သို့ သွားလော့၊ အဆွေလိပ် သင်သည်လည်း ရေသို့ ဝင်လော့ဟု ဆို၏၊ ထိုငှက်,လိပ်တို့သည် ထိုဘုရားလောင်းဆိုတိုင်း ပြုကုန်၏။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍—

၁၁၂ ကစ္ဆပေါပါဝိသီ ဝါရိ၊ ကုရုင်္ဂါ ပါဝိသီ ဝနံ။
သတပတ္တော ဒုမဂ္ဂမှာ၊ ဒူရေ ပုတ္တေ အပါနယိ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တဒါ၊ ထိုအခါဌ်။ မယိ၊ ငါသည်။ ဩဝါဒေ၊ အဆုံး အမကို။ ဒိန္နေ၊ ပေးအပ်သည်ရှိသော်။ ကစ္ဆပေါ၊ လိပ်သည်။ ဝါရိ၊ ရေသို့။ ပါဝိသိ၊ ဝင်၏။ ကုရုင်္ဂေါ၊ ကုရုဂ်မည်သော သမင်သည်ကား။ ဝနံ၊ တောသို့။ ပါဝိသိ၊ ဝင်၏။ သတပတ္တော၊ခေါက်ရှာငှက်သည်ကား။ ဒုမဂ္ဂမှာ၊ သစ်ပင်ဖျားမှ။ ဒူရေ၊ ဝေးသောအရပ်သို့။ ပုတ္တေ၊သားတို့ကို။ အပါနယိ၊ ဆောင်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မုဆိုးဖြစ်ဘူးပြီ၊ ယခုအခါ သာရိ

www.dhammadownload.com

ပုတ္တရာသည် ထိုအခါ ခေါက်ရှာငှက် ဖြစ်ဘူးပြီ၊ ယခုအခါ မောဂ္ဂလာန်သည် ထိုအခါ လိပ်ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ကုရုဂ် မည်သော သမင်ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။။

(ဗောဓိလောင်းလျာ၊ သေစိမ့်ငှါ၊ ဖြာဖြာလုံ့လ ကျိုးမရ)
ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကုရုဂ်မိဂဇာတ်သည် ပြီး၏။။

၅၇-အာသကဇာတ်

နွားဓနုပိုး

ဟစ္ဆုပ္ပန်ဝတ္ထု **နတ်နှင့်တကွသော** လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရား**သည်** "**အယဓမ္မာသကရာဇေန**" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော **ဤ အာသကဇာတ်**ကို ဇေတဝန် ကျောင်း**တော်၌** သီတင်းသုံး နေတော်မူစဉ် **မယားဟောင်း ဖြားယောင်းသော** ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ **ထိုစကားကို ဆွေးနွေးအံ့၊ ထိုရဟန်း**ကို ရဟန်းသင်သည် ငြီးငွေ့၏ဟူ၍ ကြားရသည်ကား မှန်သလောဟု မြတ်စွာဘုရားသည် မေးတော်မူသည်ရှိသော် အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်၏၊ ရဟန်းသင့်ကို အဘယ်သူသည် ငြီးငွေ့စေအပ်သနည်းဟု မိန့်တော်မူသည်ရှိသော် အရှင်ဘုရား မယားဟောင်းသည် ငြီးငွေ့စေအပ်၏ဟု လျှောက်၏၊ ထိုအခါ၌ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း သင်၌ ထိုမိန်းမ၏ ချစ်ခြင်းသည် မရှိ၊ ရှေး၌လည်း ထိုမိန်းမကိုမှီ၍ သင်သည် ကြီးစွာသော ဆင်းရဲသို့ ရောက်ဘူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။။

အတိတ်ဝတ္ထု ရဟန်း လွန်လေပြီးသောအခါ ကာသိတိုင်းဝယ် ပါဠလိမြို့၌ အဿက အမည်ရှိသောမင်းသည် မင်းပြု၏၊ ထိုအဿကမင်းအား ဥပရီ[၁] အမည်ရှိသော ချစ်မြတ်နိုးစွာသော မိဖုယားသည်ရှိ၏၊ ထိုဥပရီသည် အလွန် အဆင်းလှ၏၊ ရှုချင်ဘွယ်ရှိ၏၊ ကြည်ညိုဘွယ်ရှိ၏၊လူမိန်းမ၏ အဆင်းကိုလွန်၏၊ နတ်သမီး

---

၁ ပေါတလိမြို့ (သီ)၊ ပေါတလိမြို့ (ဇ)၊ ၂ ဥပ္ပရီ (သီ၊ ဇ၊ သျှ)

www.dhammadownload.com

အဆင်းကို မမြိတတ်၊ ထိုဥပရီ မိဖုယားသည် သေ၏၊ ထိုဥပရီမိဖုယား သေခြင်းကြောင့် အဿကမင်းသည် သောကဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ပင်ပန်းသည်ဖြစ်၏၊ နှလုံးမသာသည်ဖြစ်၏၊ ထိုအဿကမင်းသည် ထိုဥပရီ မိဖုယား၏ အလောင်းကို တလား၌ လျောင်းစေ၍ ဆီနှစ်ကို ထည့်စေ၍ ညောင်စောင်းနေရာအောက်၌ ထားစေ၍ အာဟာရကင်းလျက် မျက်ရည်ယိုး၍ ငိုကြွေးလျက် အိပ်၏၊ မယ်တော်, ခမည်းတော်တို့သည်ၜင်း ကြင်းကုန်သော အဆွေအမျိုး, အဆွေခင်ပွန်း အမှူးအမတ်တို့သည်ၜင်း ပုဏ္ဏား, သူကြွယ် အစရှိကုန်သော သူတို့သည်ၜင်း မင်းမြတ် စိုးရိမ်တော်မမူလင့် သခ်ါရတို့သည် အနိစ္စသာလျှင် ဖြစ်ကုန်၏၊ ဤသို့ အစရှိသည်တို့ကို ဆိုကုန်လျက် ကောင်းစွာ သိစိမ့်သောဉာဏ်မတတ်နိုင်ကုန်၊ ထိုအဿကမင်း၏ ငိုကြွေးမြည်တမ်းစဉ်ပင်လျှင် ခုနစ်ရက်တို့သည် လွန်ကုန်၏၊ ထိုအခါ၌ဘုရားလောင်းသည် ငါးပါးသောအဘိညာဉ်, ရှစ်ပါးသော သမာပတ်တို့ကို ရသော ရဟေ့ဖြစ်၍ ဟိမဝန္တာအရပ်၌ နေလျက် အလင်းကို ပွားစေ၍ ဒိဗ္ဗစက္ခု၊ဖြင့် ဇမ္ဗူဒိပ်ကို ကြည့်လတ်သည်ရှိသော် ထိုအဿကမင်း ငိုကြွေးလျက်နေသည်ကိုမြင်၍ ငါသည် ထိုအဿကမင်း၏ကိုးကွယ်ရာဖြစ်ခြင်းငှါ သင့်၏ဟု နှလုံးသွင်း၍ တန်ခိုးအာနုဘော်အားဖြင့် ကောင်းကင်၌ပျံ၍ မင်း၏ ဥယျာဉ်၌သက်၍ မင်္ဂလာကျောက်ဖျာ၌ ရှေဆင်းတုကဲ့သို့ နေ၏။

ထိုအခါ၌ တယောက်သော ပါဠလိမြို့၌ နေသော ပုဏ္ဏားလုလင်သည် ဥယျာဉ်သို့ ရောက်လတ်သော် ဘုရားလောင်းကို မြင်၍ ရှိခိုး၍ နေ၏၊ ဘုရားလောင်းသည် ထိုပုဏ္ဏားလုလင်နှင့်တကွ စကားစေ့စပ်ခြင်းကို ပြုလေ၏၊ လုလင်မင်းသည် တရားစောင့်ပါ၏လောဟု မေး၏၊ အရှင်ဘုရား မင်းသည် တရားကားစောင့်၏၊ ထိုသို့တရားစောင့်သော်လည်း ထိုမင်း၏ မိဖုယားသည် သေ၏၊ ထိုမင်းသည် ထိုမိဖုယား၏ ကိုယ်ကို တလားငယ်၌ ထည့်စေပြီး၍ ငိုကြွေးမြည်တမ်းလျက် အိပ်သည်ကား ယနေ့ ခုနစ်ရက်ရှိလေပြီ၊ အရှင်ဘုရားတို့သည် မင်းကို ဤသို့သဘောရှိသော ဆင်းရဲမှု အဘယ်ကြောင့် မလွတ်စေကုန်သနည်း၊ အရှင်ဘုရားတို့ကဲ့သို့သော သီလရှိကုန်သော အရှင်မြတ်တို့သည် ရှိကုန်လျက် မင်းအား ဤသို့သဘောရှိသော ဆင်းရဲဒုက္ခကို ခံရအံ့သောငှါ သင့်သလောဟု ပုဏ္ဏားလုလင်သည် လျောက်သည်ရှိသော် လုလင် ငါသည် မင်းကို မသိသလျှင်ကတည်း၊ ထိုသို့မသိသော်လည်း ထိုမင်းသည် လာလတ်၍ ငါ့ကို အကယ်၍ မေးငြားအံ့၊ ငါသည်လျှင် ထိုမိဖုယား၏ ဖြစ်ရာအရပ်ကို ထိုမင်းအားကြား၍ မင်း၏အထံ၌သာလျှင် ထိုမိဖုယားကို စကားဆိုစေအံ့ဟု

www.dhammadownload.com

ဘုရားလောင်းသည် ဆို၏၊ အရှင်ဘုရား ထိုသို့တပြိုးကား အကြင်မျှလောက်သော ကာလပတ်လုံး မင်းကို ဆောင်ပါအံ့၊ ထိုမျှလောက်သော ကာလပတ်လုံး ဤအရပ်၌သာလျှင် နေပါကုန်လော့ဟု ပုဏ္ဏားလုလင်သည် ဘုရားလောင်း၏ ဝန်ခံခြင်းကို ယူ၍ မင်း၏အထံသို့သွား၍ ထိုအကြောင်းကိုကြား၏၊ ဒိဗ္ဗစက္ခုနှင့် ပြည့်စုံသော ရသေ့၏အထံသို့ သွားအံ့သောငှါ သင့်၏ဟု လျှောက်၏။

အဿကမင်းသည် ဥပရီမိဖုယားကိုမြင်အံ့သောငှါ ရအံ့ဟူ၍ ကြားရပေ၏ဟု နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ ရထားကိုစီး၍ ထိုဥယျာဉ်သို့ သွား၍ ဘုရားလောင်းကို ရှိခိုး၍ တင့်အပ် လျှောက်ပတ်သော အရပ်၌ နေလျက် အရှင်ဘုရား အရှင်ဘုရားတို့သည် မိဖုယား၏ ဖြစ်ရာအရပ်ကို သိကုန်၏ ဟူ၍ အကျွန်ုပ် ကြားရသည်ကား မှန်သလောဟု မေး၏၊ မင်းမြတ် မှန်၏ဟုဆိုသည် ရှိသော် အရှင်ဘုရား အဘယ်အရပ်၌ ဖြစ်သနည်းဟု လျှောက်၏၊ မင်းမြတ် ထိုဥပရိမိဖုယားသည် အဆင်းကြောင့် ယစ်သည်ဖြစ်၍ မေ့လျော့ခြင်းကိုစွဲ၍ ကုသိုလ်ကောင်းမှု မပြုမူ၍ ဥယျာဉ်၌လျှင် နွားချေးပိုး၏အမျိုး၌ ဖြစ်၏ဟုဆို၏၊ အရှင်ဘုရား အကျွန်ုပ်သည် မယုံဟု ဆိုသည်ရှိသော် ထိုသို့တပြိုးကား ထိုနွားချေးပိုးမကို သင်မင်းမြတ်အား ပြ၍ ဆိုစေအံ့ဟု ဆို၏၊ အရှင်ဘုရား ကောင်းပြီ၊ ဆိုစေကုန်လော့ဟု ဆိုသည်ရှိသော် ဘုရားလောင်းသည် မိမိ၏ အာနုဘော်အားဖြင့် နှစ်ခုကုန်သော နွားချေးပိုးဖို့မတို့သည် နွားချေးစိုင်ကို ဘောက်ကုန်လျက် မင်း၏ရှေ့သို့ လာစေကုန်သတည်းဟု ထိုနှစ်ခုကုန်သော နွားချေးပိုးဖို့မတို့၏ လာခြင်းကို ပြု၏၊ ထိုနှစ်ခုသော နွားချေးပိုး ဖို့မတို့သည် ဘုရားလောင်း ဓိဋ္ဌာန်တိုင်းလျှင် လာလတ်ကုန်၏၊ ဘုရားလောင်းသည် ထိုနွားချေးပိုးမကို ပြလျက် မင်းမြတ် နွားချေးပိုးမသည် သင်မင်းမြတ်၏ ဥပရိမည်သော မိဖုယားတည်း၊ သင့်ကို စွန့်၍ နွားချေးပိုးဖို၏ နောက်မှ နောက်မှ လိုက်၏၊ ထိုနွားချေးပိုးမကို ရှုကုန်လော့ဟု ဆို၏၊ အရှင်ဘုရား ဥပရိမိဖုယားစင်လျက် နွားချေးပိုး၏ အမျိုး၌ ဖြစ်လတ္တံ့ဟူ၍ အကျွန်ုပ်သည် မယုံဟုဆိုသည်ရှိသော် မင်းမြတ် ထိုနွားချေးပိုးမကို ဆိုစေအံ့ဟု ဆို၍ အရှင်ဘုရား ဆိုစေကုန်လော့ဟု လျှောက်သည်ရှိသော်—

ဘုရားလောင်းသည် မိမိ၏ အာနုဘော်အားဖြင့် ထိုနွားချေးပိုးမသည် ဆိုစေသတည်းဟု ဓိဋ္ဌာန်၍ ဥပရိဟူ၍ ခေါ်၏၊ နွားချေးပိုးမသည် လူ့ဘာသာဖြင့် အရှင်ဘုရား အဘယ်ပြုအံ့နည်းဟု ဆို၏၊ သင်သည် လွန်လေပြီးသော ဘဝ၌

www.dhammadownload.com

အဘယ် အမည်ရှိသနည်းဟု ဆိုသည်ရှိသော် အရှင်ဘုရား အဿက မင်း၏ မိဖုယားကြီးဖြစ်သော ဥပရီ အမည်ရှိသည်ဖြစ်၏ဟု ဆို၏၊ ယခုအခါ၌ သင်သည် အဿကမင်းကိုတည်း ချစ်သလော၊ ထိုသို့ မဟုတ်မူကား နွားချေးပိုးဖိုကိုတည်း ချစ်သလောဟု မေး၏၊ အရှင်ဘုရား ထိုအဿကမင်းသည် ရှေးဘဝ၌ အကျွန်ုပ်၏ လင်ဖြစ်၏၊ ထိုအခါ၌ အကျွန်ုပ်သည် ဤဥယျာဉ်၌ အဿကမင်းနှင့် တကွ ရှုပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ကို ခံစားလျက် သွားရ၏၊ ယခုတမူကား ဘဝဖုံးလွှမ်းခြင်းဖြစ်သော ကာလမှစ၍ ထိုအဿကမင်းသည် အကျွန်ုပ်အား အသို့တော်သနည်း၊ ထို့ကြောင့် ယခုအခါ အကျွန်ုပ်သည်အဿကမင်းကို သတ်၍ ထိုအဿကမင်း၏ လည်ချောင်း သွေးဖြင့် အကျွန်ုပ်၏ လင်ဖြစ်သော နွားချေးပိုးဖို၏ခြေတို့ကို လိမ်းချင်၏ဟုဆို၍ ပရိသတ်၏ အလယ်၌ လူ၏ဘာသာဖြင့်—

၁၁၃ အယ မဿကရာဇေန၊ ဒေသော ဝိစရိတော မယာ။
အနုကာမယကာမေန၊ ပ်ယေန ပတိနာ သဟ။

၁၁၄ နဝေန သုခဒုက္ခေန၊ ပေါရာဏံ အပိဓိယတိ။
တသ္မာ အဿက ရညော၀၊ ကိဉ္စော ပိယတရော မမ။

ဟူသော နှစ်ဂါထာတို့ကို ဆို၏။

ဘန္တေ၊ အရှင်ဘုရား။ အယံ ဒေသော၊ ဤမေ့လျော်ဘွယ်ရှိသော ဥယျာဉ် အရပ်သည်။ အနုကာမယကာမေန၊ နှစ်သက်ထသော။ ပိယေန၊ ချစ်စွာထသော။ ပတိနာ၊ လင်ဖြစ်သော။ အဿကရာဇေန၊ အဿကမင်းနှင့်။ သဟ၊ တကွ။ မယာ၊ အကျွန်ုပ်သည်။ ပိစရိတော၊ သွားလာဘူးသော။ ဒေသော၊ အရပ်တည်း။

ဤဒါနိ၊ ယခုအခါ၌။ နဝေန၊ အသစ်ဖြစ်သော။ သုခဒုက္ခေန၊ ချမ်းသာဆင်းရဲခြင်းဖြင့်။ ပေါရာဏံ၊ အဟောင်းဖြစ်သော ချမ်းသာခြင်း ဆင်းရဲခြင်းကို။ ယသ္မာ၊ အကြင့်ကြောင့်။ အပိဓိယတိ၊ ဖုံးလွှမ်းအပ်၏။ တသ္မာ၊ ထို့ကြောင့်။ အဿကရညော၊ အဿကမင်းထက်။ ကိဉ္စော၀၊ နွားချေးပိုးဖိုကိုလျှင်။ မမ၊ အကျွန်ုပ်သည်။ ပိယတရော၊ အလွန်ချစ်အပ်၏။

www.dhammadownload.com

ထိုစကားကို ကြား၍ အဿကမင်းသည် နှလုံးမသာသည်ဖြစ်၍ ထိုအရပ်၌ တည်လျက် အကောင်ပုပ်ကို ထုတ်စေ၍ ဦးခေါင်းလျှော်၍ ဘုရားလောင်းကို ရှိခိုး၍ မြို့သို့ဝင်၍ တပါးသော မိန်းမကို မိဖုယားကြီးအရာ၌ထား၍ တရားသဖြင့် မင်းအဖြစ်ကို ပြု၏၊ ဘုရားလောင်းသည်လည်း မင်းကို ဆုံးမ၍ သောကမရှိသည်ကိုပြု၍ ဟိမဝန္တာသို့လျှင် သွား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာကို ပြသည်၏ အဆုံး၌ ငြိုးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ မယားဟောင်းသည် ထိုအခါ ဥပရီမည်သော မိဖုယား ဖြစ်ဘူးပြီ၊ ယခုအခါ ငြိုးငွေ့သော ရဟန်းသည် ထိုအခါ အဿကမင်း ဖြစ်ဘူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ပုဏ္ဏားလုလင် ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ၌ ရသေ့ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အချစ်တရာ၊ လွန်ကဲပါ၊ ကိုယ်သာ ဆင်းရဲဘိ)
ဒုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော အဿကဇာတ်သည် ပြီး၏။

၅၈- သုသုမာရဇာတ်

မျောက် နှင့် မိကျောင်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အလမေတေဟိ အမေ့ဟိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုသုမာရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဒေဝဒတ်သည် ဘုရားသဗ္ဗညုအား **သတ်အံ့သောငှါ လုံ့လပြုခြင်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကို ခွဲဦးအံ့၊ ထိုအခါ မြတ်စွာဘုရားသည် ဒေဝဒတ်သည် သတ်အံ့သောငှါ လုံ့လပြု၏ဟု ကြားတော်မူ၍ ရဟန်းတို့ ယခုအခါ၌သာလျှင် ဒေဝဒတ်သည် ငါ့အား သတ်အံ့သောငှါ

www.dhammadownload.com

လုံ့လပြုသည် မဟုတ်သေး၊ ရှေးဦးလည်း လုံ့လပြုသည်သာလျှင်တည်း၊ ထိုသို့ လုံ့လပြုသော်လည်း ထိတ်လန့်ခြင်းမျက်စိုလည်း ပြုအံ့သောငှါ မစွမ်းနိုင်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဟိမဝန္တာအရပ်၌ ဘုရားလောင်းသည် မျောက်အမျိုးဦးဖြစ်၍ ဆင်ပြောင်အားကိုဆောင်နိုင်သည် အစွမ်းနှင့် ပြည့်စုံသည် ကြီးသောကိုယ်ရှိသည် တင့်တယ်ခြင်း အစုသို့ ရောက်သည်ဖြစ်၍ မြစ်ကွေ့ဖြစ်သော တောနေရာ၌ နေ၏၊ ထိုအခါ ဂင်္ဂါဌ် မိကျောင်းသည် နေ၏၊ထိုအခါ ထိုမိကျောင်း၏ မယားသည် ဘုရားလောင်း၏ ကိုယ်ကိုမြင်၍ ဘုရားလောင်း၏ နှလုံးသား၌ ချင်ခြင်းကိုဖြစ်စေ၍မိကျောင်းဖို့ကို အရှင် ငါသည် ထိုမျောက်မင်း၏ နှလုံးသားကို စားလို၏ဟု ဆို၏၊ ရှင်မ ငါတို့သည် ရေ၌ ကျက်စားကုန်၏၊ ထိုမျောက်မင်းသည် တမူကား ကုန်းကြည်း၌ ကျက်စား၏၊ ထို့ကြောင့် ထိုမျောက်မင်းကို ဖမ်းအံ့သောငှါ မစွမ်းနိုင်ဟု ဆိုသည်ရှိသော် အရှင် တစုံတခု သော ဥပါယ်တမျဉ်ဖြင့် ဖမ်းလော့၊ အကယ်၍ မရအံ့ သေအံ့ဟု ဆို၏၊ နှုမ မစိုးရိမ်လင့်၊ တခုသော ဥပါယ်တမျဉ်သံ့ည်ရှိ၏၊ ထို့ကြောင့် ထိုမျောက်မင်း၏ နှလုံးသားကို စားစေပါအံ့ဟု မိကျောင်းမကို နှစ်သိမ့်စေ၍ ဘုရားလောင်းသည် ဂင်္ဂါဌ် ရေကိုသောက်၍ ဂင်္ဂါနားဌ်နေသောကာလ၌ ဘုရားလောင်း၏အထံသို့ သွား၍ မျောက်မင်း ဤအရပ်၌ ငှက်ပျောသီးတို့ကို စားလျက် ကျက်စားမြဲ အရပ်၌ သာလျှင် သင်သည် အဘယ်ကြောင့် ကျက်စားဘိသနည်း၊ ဂင်္ဂါ၏ တဘက်ကမ်း၌ သရက်, ပိန္နဲ အစရှိကုန်သော ချိုကုန်သော သစ်သီးတို့၏အဆုံးသည် မရှိ၊ သင်သည် ထိုဂင်္ဂါတဘက်သို့ သွား၍ သစ်သီးကြီးငယ်တို့ကို စားအံ့သောငှါ မသင့်လောဟု ဆို၏၊ မိကျောင်းမင်း ဂင်္ဂါသည် ရေများ၏၊ အပြာကျယ်၏၊ ထိုဂင်္ဂါဘက်သို့ အသို့သွားအံ့နည်းဟု မျောက်မင်း ဆိုသည်ရှိသော် မျောက်မင်း သင်သည်အကယ်၍သွားလိုအံ့၊ ငါသည်သင့်ကိုငါ၏ကျောက်ကုန်း၌ တင်၍ ဆောင်အံ့ဟု မိကျောင်းသည် ဆို၏၊ ဘုရားလောင်းသည် ယုံကြည်၍ ကောင်းပြီဟု ဝန်ခံ၏၊ ထိုသို့တပြီးကား လာလော၊ ငါ၏ကျောက်ကုန်းသို့ တက်လော့ဟု မိကျောင်းဆိုသည်ရှိသော် မျောက်မင်းသည် တက်၏၊ မိကျောင်းသည် အတန်ငယ်ဆောင်၍ ရေ၌ နှစ်၏။

ဘုရားလောင်းသည် အဆွေ သင်သည် ငါ့ကို ရေ၌မှုန်းစေ၏၊ ထိုသို့ မှုန်းစေခြင်းသည် အကြောင်းအသို့နည်းဟု ဆို၏ မျောက်မင်း ငါသည် သင့်ကို

www.dhammadownload.com

ကောင်းသော သဘောရှိသည်၏ အဖြစ်ဖြင့် ယူ၍ မသွား၊ စင်စစ်ကား သင်၏ နှလုံးသား၌ ငါ၏မယားအား ချင်ခြင်းသည် ဖြစ်၏၊ ငါ၏မယားကို ငါသည် သင်၏နှလုံးသားကို စားစေလို၏၊ ထို့ကြောင့် သင့်ကိုယူ၍ သွား၏ဟုမိန့်ကြောင်း သည် ဆိုး၏၊ အဆွေ အသို့မူ၍ သင်သည် ကောင်းစွာမမှတ်သနည်း၊ ထိုစကား သည် မှန်၏၊ ငါတို့၏ရင်၌ နှလုံးသည် အကယ်၍ ရှိသည်ဖြစ်ငြားအံ့၊ သစ်ပင် ဖျားတို၌ ပြေးသွားလတ်သည်ရှိသော် မှုန့်မှုန့်ညက်ညက် ကြေသည် ဖြစ်ရာ၏ဟု ဘုရားလောင်းသည် ဆို၏၊ မျောက်မင်း အဘယ်အရပ်၌ကား သင်သို့သည် နှလုံးကို ထားကုန်သနည်းဟု မိန့်ကြောင်း ဆိုသည်ရှိသော် ဘုရားလောင်းသည် အနီး၌မြင်သော အင်း အပင့်နှင့် ပြည့်စုံသောရေသဖန်းတပင်ကိုပြ၍ ရှုပါလော့၊ ငါတို့၏ နှလုံးတို့ကို ထိုရေသဖန်းပင်၌ ဆဲအပ်ကုန်၏ဟု ဆို၏၊ မျောက်မင်း သင်သည် ငါ့အား နှလုံးကို အကယ်၍ ပေးအံ့၊ ငါသည် သင့်ကို မသတ်အံ့ဟု မိန့်ကြောင်းသည် ဆို၏၊ ထိုသို့တပြိုးကား ထိုအရပ်သို့ ငါ့ကို ဆောင်လော့၊ ငါ သင့်အား သစ်ပင်၌ ဆဲ၍ထားသောနှလုံးကို ပေးပါအံ့ဟု ဘုရားလောင်းသည် ဆို၏၊ ထိုမိန့်ကြောင်းသည် ထိုဘုရားလောင်းကို ယူ၍ ထိုရေသဖန်းပင်သို့ သွား၏၊ ဘုရားလောင်းသည် ထိုမိန့်ကြောင်း၏ ကျောက်ကုန်းမှခုန်၍ ရေသဖန်းပင်၌ ထိုင်၍ အချင်း ပဲကြောင်းမိုက် သင်သည် ဤသတ္တဝါတို့၏ နှလုံးမည်သည်ကား သစ်ပင် ဖျား၌ ဖြစ်၏ဟု အမှတ်ရှိသည် ဖြစ်၏၊ မိုက်လေစွတကား၊ ငါသည် သင့်ကို လှည့်စား၏၊ သင့်အား ကိုယ်သည်သာလျှင် ကြီး၏၊ ပညာသည်တမူကား မရှိ၊ ဤသို့သော အနက်ကို ပြလိုရကား—

၁၁၅ အလံ မေတေဟိ အမွေဟိ၊ ဇမ္မုဟ် ပနသေဟိ စ။
ယာနိ ပါရံ သမုဒ္ဒဿ၊ ဝဂံ မယ့် ဥဒုမ္ဗရော။

၁၁၆ မဟာတီ ဝဇ တေ ဗောန္ဒိ၊ န စ ပညာ တဒူပိကာ။
သုသုမာရ ဝဠ္ဍိတော မေသိ၊ ဂစ္ဆ ဒါနိ ယထာသုခံ။

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

သုသုမာရ၊ မိကျောင်း။ သမုဒ္ဒဿ၊ ဂင်္ဂါ၏။ ပါရံ၊ ကမ်းတဘက်၌။ ယာနိ၊ အကြင် သရက်သီး အစရှိသည်တို့ကို။ တယာ၊ သင်သည်။ ဒိဋ္ဌာနိ၊ မြင်အပ်ကုန်၏။ ဇမ္ဗုတေဟိ အမွေဟိ စ၊ ထိုသရက်သီးတို့ဖြင့်၎င်း။ ဇမ္ဗုတေဟိ ဇမ္မုဟိ စ၊ ထိုသပြေသီးတို့ဖြင့်၎င်း။ ဇမ္ဗုတေဟိ ပနသေဟိ စ၊ ထိုပိန္နဲသီးကိုဖြင့်၎င်း။ မေ၊

www.dhammadownload.com

ငါ့အား။ အလံ၊ အလိုမရှိ။ မယှံ၊ ငါ့အား။ ဥဒုမ္ဗရော၊ ရေသဖန်းသည်သာလျှင်။ ဝရံ၊ ကောင်း၏။

သုသုမာရ၊ မိကျောင်း။ ဝတ၊ စင်စစ်။ တေ၊ သင်အား။ ဗောန္ဒိ၊ ကိုယ်သည်ကား။ မဟာတီ၊ ကြီး၏။တဒုပိကာ၊ ထိုကိုယ်အား လျော်ပတ်သော။ ဟညာ စ၊ ပညာသည်တမူကား။ နု၊ မရှိ။ တွံ၊ သင့်ကို။ မေ၊ ငါသည်။ ဝဠ္ဠိတောသိ၊ လှည့်စားရလေပြီ။ ဣဒါနိ၊ ယခုအခါ၌။ ယထာသုခံ အလိုအလျောက်။ ဂစ္ဆ၊ သွားလော။

မိကျောင်းသည် ဥစ္စာတထောင်မှ ရှုံးသောသူကဲ့သို့ ဆင်းရဲခြင်းရှိသည်ဖြစ်၍ နှလုံးမယာယာသည်ဖြစ်၍ မှိုင်လျက်လျှင် မိမိ၏နေရာသို့ သွား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မိကျောင်း ဖြစ်ဘူးပြီ၊ ယခုအခါ စိဉ္စမာဏဝိကာသည် ထိုအခါ မိကျောင်းမ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ မျောက်မင်း ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ပညာဥာဏ်သာ၊ အရာရာ၊ လွန်စွာ အားကိုးသင့်)
ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သုသုမာရဇာတ်သည် ပြီး၏။

၅၉-ကုက္ကုဋ္ဌဇာတ်

မုဆိုး နှင့် တောကြက်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သမ္ဗညူ မြတ်စွာဘုရားသည် "ဒီဋ္ဌာ မယာ ဝနေ ရက္ခာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ကုက္ကုဋ္ဌဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာထေရ်၏ **အတူနေတပည့်ဖြစ်သော** ပဉ္စင်းငယ်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုပဉ္စင်းငယ်သည် မိမိ၏ကိုယ်ကို စောင့်ရှောက်ခြင်းအမှု၌ လိမ္မာသည်

www.dhammadownload.com

ဖြစ်သတတ်၊ ငါ၏ကိုယ်အားချမ်းသာခြင်းသည် မဖြစ်ဟု ကြောက်သောကြောင့် အလွန်အေးသည်ကိုဌင်း အလွန်ပူသည်ကိုဌင်း သုံးဆောင်ခြင်းကိုမပြု၊ အချမ်းအပူတို့ဖြင့် ကိုယ်သည် ပင်ပန်းရာ၏ဟု ကြောက်သောကြောင့် အပသို့ မထွက်၊ အလွန်ပြော့သောဆွမ်း,မနပ်သောဆွမ်း အစရှိသည်တို့ကို မစား၊ ထိုပဉ္စင်းငယ်၏ ကိုယ်ကို စောင့်ရှောက်ခြင်း၌ လိမ္မာသည်၏အဖြစ်သည် သဃ်ာ့အလယ်၌ ထင်ရှားစွာ ဖြစ်၏၊ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ ဤအမည်ရှိသော ငယ်သော ရဟန်းသည် ကိုယ်ကို စောင့်ရှောက်ခြင်းအမှု၌ လိမ္မာသတတ်ဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သောစကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ အရှင်ဘုရား ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ဤ ပဉ္စင်းငယ်သည် ယခုအခါ၌ သာလျှင် ကိုယ်ကို စောင့်ရှောက်ခြင်း အမှု၌ လိမ္မာသည် မဟုတ်သေး ရှေး၌လည်း လိမ္မာသည်သာလျှင် ဖြစ်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဇာတာနေရာ၌ သစ်ပင်စောင့်နတ် ဖြစ်၏၊ထိုအခါ၌ တယောက်သော ငှက်မုဆိုးသည် တခုသော တိန်ညင်ဖြစ်သော ကြက်ကို ယူ၍ သားမြီးဖြင့် ကျစ်အပ်သော ကျော့ကွင်း ကြိုးကိုဌင်း ကျော့ကွင်းတံကိုဌင်း ယူ၍ တော၌ ကြက်တို့ကို ထောင်လတ်သည် ရှိသော် ပြေးမျှ တောသို့ ဝင်လေသော တခုသော ကြက်ဟောင်းကို ထောင်အံ့သောငှါ အားထုတ်၏၊ ထိုကြက်သည် သားမြီးကျော့ကွင်း၌ လိမ္မာသည်၏ အဖြစ်ကြောင့် ကိုယ်ကို မိစိမ့်သောငှါ မပေး ပုံ၍ ပုံ၍ နား၏၊ မုဆိုးသည် ကိုယ်ကို သစ်ခက်ရွက်နုတို့ဖြင့် ဖုံးလွှမ်း၍ အဖန်တလဲလဲ ကျော့ကွင်းတံကိုဌင်း ကျော့ကွင်းကိုဌင်း ထောင်၏၊ ကြက်သည် ထိုမုဆိုးကို ရှက်စေလိုသည်ဖြစ်၍ လူ၌ဖြစ်သော စကားကို မြွက်လို၍—

၁၁၇ ဒိဋ္ဌာ မယာ ဝနေ ရုက္ခာ၊ အဿကဏ္ဏာ ဝိဘီဋကာ။
နတာနိ ဧဝံ သက္ကစ္စံ၊ ယထာ တံ့ ရုက္ခ သက္ကသိ။

ဟူသော ရွှေးဦးစွာသော ဤဂါထာကို ဆို၏။။

သမ္မ ရုက္ခ၊ အချင်း သစ်ပင်။ ဝနေ၊ တော၌။ အဿကဏ္ဏာ ရုက္ခာ စ၊ အင်ကြင်းပင်တို့ကိုဌင်း။ ဝိဘီဋကာ ရုက္ခာ စ၊ သစ်ဆိမ့်ပင်တို့ကိုဌင်း။ မယာ၊

www.dhammadownload.com

ငါသည်။ ဒိဋ္ဌာ၊ မြင်ဘူးကုန်ပြီ၊ တာနိ၊ ထိုသစ်ပင်တို့သည်ကား။ တုံ၊ သင် သစ်ပင်သည်။ သက္ကသိ ယထာ၊ ထိုမှ ဤမှ ရွေ့သကဲ့သို့။ ဧဝံ-တထာ၊ ထိုအတူ။ န သက္ကန္တိ၊ ထိုမှ ဤမှ မရွေ့ကုန်။

ဤသို့ဆို၍ ထိုကြွက်သည် ပြေး၍ တပါးသော အရပ်သို့ သွား၏၊ ထိုကြွက်၏ ပြေး၍ သွားသောကာလ၌ မုဆိုးသည်—

၁၁၈ ပေါရာဏကုက္ကုဋော အယံ၊ ဘေတ္တာ ပဇ္ဇရမာဂတော။
ကုသလော ဝါလပါသာနံ၊ အပက္ကမတိ ဘာသတိ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ပဇ္ဇရံ၊ လျှောင်သော ဆောင်းကို။ ဘေတ္တာ၊ ဘောက်၍။ အာဂတော၊ လာသော။ အယံ ပေါရာဏကုက္ကုဋော၊ ဤကြွက်ဟောင်းသည်။ ဝါလပါသာနံ၊ သားမြီး ကျော့ကွင်းတို့၌။ ကုသလော၊ လိမ္မာသည်ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ဗန္ဓိတုံ၊ မိစိမ့်သောငှါ။ အဒတ္တာ၊ မပေးမူ၍။ အပက္ကမတိ စ၊ ကျော့ကွင်းမှရှောင်လည်းရှောင်၏။ ဘာသတိ စ၊ ငါ့ကိုလည်းဆို၏။ဘာသိတ္တာ၊ ဆိုပြီး၍လည်း။ ပလာတော၊ ပြေး၏။

ဤသို့ဆို၍ မုဆိုးသည် တောင်္ခ လှည့်ပတ်၍ ရသမျှကိုယူ၍ အိမ်သို့လျှင် ပြန်သွား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော် မူ၍ ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မုဆိုးဖြစ်ဘူးပြီ၊ ယခုအခါ ကိုယ်ကို စောင့်ခြင်း၌ လိမ္မာသော ငယ်သော ရဟန်းသည် ထိုအခါ ကြွက်ဖြစ်ဘူးပြီ၊ ယခု အခါ ငါဘုရားသည်သာလျှင် ထိုအခါ ဆိုခဲ့ပြီးသော အကြောင်းကို မျက်မှောက် ပြုသော ရဂ္ဂစိုပ်းနတ် ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ချင့်ချိန်သင့်စွာ၊ အရာရာ၊ ကိုယ်မှာစောင့်လတ် ဘေးမကပ်)
ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော ကုက္ကုဋ္ဌဇာတ်သည် ပြီး၏။

www.dhammadownload.com

ပုံတော်စုံ-ငါးရာငါးဆယ်ဇာတ်ဝတ္ထု၊

၆၁-ကန္ဒဂလကဇာတ်

သစ်တောက်ငှက်

၁စ္စုပ္ပန်ဝတ္ထု၊ နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "အမ္ဟော ကော နာမာယံ ရုက္ခော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ ကန္ဒဂလက ဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ဘုရားအတုပြုခြင်း**ကိုအကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကိုချဲဉီးအံ့၊ ထိုအခါ ဒေဝဒတ်သည် ဘုရားအတုကို ပြု၏ဟု ဘုရားသခင်သည် ကြားတော်မူ၍ ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌ သာလျှင် ငါ၏ အတုဖြစ်သော အမူအရာကို ပြုခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်သည် မဟုတ်ဇသေး၊ ရှေး၌လည်း ရောက်ဘူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ဖြစ်ဖွားဒတ် မည်သောမင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်၌ သစ်တောက်လောက် ငှက်မျိုး၌ ဖြစ်၏၊ ဘုရားလောင်းအား **ခဒိရဝနိယ** ဟူသော အမည်သည် ဖြစ်၏၊ ရွားတော်၌လျှင်အစာကိုယူ၏ ထိုခဒိရဝနိယအား တခုသော **ကန္ဒဂလက**အမည်ရှိသောအဆွေခင်ပွန်းသည် ဖြစ်၏၊ ထိုကန္ဒဂလက သည် လက်ပံတော, ကသစ်တော၌ အစာရှာယူ၏၊ ထိုကန္ဒဂလကသည် တနေ့သ၌ ခဒိရဝနိယ၏ အထံသို့သွား၏ ခဒိရဝနိယသည် ငါ၏အဆွေခင်ပွန်းသည် လာ၏ဟူ၍ ကန္ဒဂလကကို ခေါ်၍ ရွားတော်သို့ဝင်၍ ရွားပင်တုံးကိုနှုတ်သီးဖြင့် ပေါက်၍ ရွားပင်မှပိုးတို့ကို ထုတ်၍ ထိုကန္ဒဂလကအားပေး၏၊ ကန္ဒဂလကသည် ပေးတိုင်းပေးတိုင်းကုန်သော ပိုးတို့ကို ချိုစွာကုန်သောမှုတို့ကဲ့သို့ ဖြတ်၍ဖြတ်၍ စား၏၊ ထိုကန္ဒဂလကအား စားစဉ်ပင်လျှင် မာနသည်ဖြစ်၏၊ အဘယ်သို့ ဖြစ်သနည်းဟူမူကား ဤ ခဒိရဝနိယသည်လည်း သစ်တောက်လောက် အမျိုး၌ ဖြစ်သော ငှက်တည်း၊ ငါသည်လည်း သစ်တောက်လောက်အမျိုး၌ ဖြစ်သော ငှက်တည်း၊ ငါ့အား ထိုခဒိရဝနိယသည် ပေးအပ်သောအစာဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ အလိုလိုသာလျှင် ရွားတော်၌ အစာကို ငါယူအံ့ဟု မာနသည်ဖြစ်၏၊ ဖြစ်ပြီး၍ ထိုကန္ဒဂလကသည် ခဒိရဝနိယကို အဆွေ သင်သည် ဆင်းရဲကို မခံပါလင့်၊ ငါသည်ပင်လျှင် ရွားတော်၌ အစာကိုယူအံ့ဟု ဆို၏။

www.dhammadownload.com

ထိုအခါဠာကန္ဒဂလကကိုခဒိရဂနိယသည်အဆွေသင်သည်လက်ပံတော့ကသစ်တောဝယ် အနှစ်မရှိသော သစ်ပင်၌ အစာယူသော အမျိုးဠာဖြစ်၏၊ ရှားပင်တို့မည်သည်ကား ဇာတ်အားဖြင့် အနှစ်ရှိကုန်၏၊ ချင်ချင်မာကုန်၏၊ သင်သည်ကျွဲသို့အလိုလိုအစာယူခြင်းကို မနှစ်သက်လင့်ဟု ဆို၏၊ ကန္ဒဂလကသည် ငါသည်သစ်တောက်လောက် အမျိုးဠာဖြစ်သော ငှက်မဟုတ်ပါလောဟု ခဒိရဝနိယ၏စကားကို မယူမူ၍ လျင်မြန်စွာ ပုံ၍ ရှားပင်ကို နှုတ်သီးဖြင့် ပေါက်၏၊ ထိုခဏာဠလျင်ထိုကန္ဒဂလက၏ နှုတ်သီးသည်ပြတ်၏၊ မျက်လုံးတို့သည် ထွက်သော အခြင်းအရာသို့ ရောက်ကုန်၏၊ ဦးခေါင်းသည် ကဲ့၏၊ ထိုကန္ဒဂလကသည် ပင်စည်၌ တည်အံ့သောငှါ မစွမ်းနိုင်သည်ဖြစ်၍ မြေသို့ကျ၍—

၁၁၉ အမ္ဘော ကော နာမယံ ရုက္ခော၊ သိန္နပတ္တော သကဏ္ဏကော။
ယတ္ထ ကေပွဟာရေန၊ ဥတ္တမင်္ဂံ ဝိဘိဇ္ဇိတံ။

ဟူသော ရှေးဦးစွာသော ဂျိဂါထာကို ဆို၏။

အမ္ဘော၊ အဆွေ ခဒိရဝနိယ။ ယတ္ထ၊ အညှင်သစ်ပင်၌။ ကေပွဟာရေန၊ တချက်တည်းသာ ပေါက်မိသဖြင့်။ ဥတ္တမင်္ဂံ၊ဦးခေါင်းသည်။ ဝိဘိဇ္ဇိတံ၊ကဲ့၏။ သကဏ္ဏကော၊ အဆူးရှိထသော။ သိန္နပတ္တော၊ သေးသောအရွက်ရှိထသော။ အယံ ရုက္ခော၊ဤသစ်ပင်သည်ကား။ကောနာမ၊ အဘယ်မည်သောသစ်ပင်နည်း။

ထိုကန္ဒဂလက၏ စကားကို ကြား၍ ခဒိရဝနိယသည်—

၁၂၀ အစာရိ ဝတာယံ ဝိတုဒံ ဝနာနိ၊ ကဋ္ဌဂ္ဂရုက္ခေသု အသာရကေသု။
အထာသဒါ ခဒိရံ ဇာတသာရံ၊ ယတ္ထဇ္ဈိဒါ ဂရုဠော ဥတ္တမင်္ဂံ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဂျိဂါထာကိုဆို၏။

ဘော ကန္ဒဂလက၊ အို ကန္ဒဂလက။ ဂရုဠော၊ ငှက်မြတ်ဖြစ်သော။အယံ၊ ဤဒိသော၊ဤသို့သဘောရှိသော။ တုံ၊ သင်သည်။ ဝနာနိ၊ အနှစ်မရှိကုန်သော လက်ပံတော့ ကသစ်တောတို့ကို။ ဝိတုဒံ-ဝိတုဒန္တော၊ ထွင်းလျက်။ ကဿ--ရကေသု၊ အနှစ်မရှိကုန်သော လက်ပံ့ကသစ် အစရှိကုန်သော။ ကဋ္ဌဂ္ဂရုက္ခေသု၊ ထင်းအစုသာ ဖြစ်ကုန်သော သစ်ပင်တို့၌။ ဝတ၊ စင်စစ်။ အစာရိ၊ ကျက်စား လှုံလေပြီ။ အထ၊ ထိုနောင်မှ။ ဇာတသာရံ၊ ဇာတ်အားဖြင့် အနှစ်ရှိသော။

www.dhammadownload.com

ခဒိရုံ၊ ရှားတောသို့။ အာသဒါပါပုဏ်၊ရောက်လာ၏။ပါပုဏ်တ္ဝာ၊ရောက်လာ၍။ ယတ္ထ၊ အကြင်သစ်ပင်၌။ ဥတ္တမင်္ဂံ၊ ဦးခေါင်းကို။ အဇ္ဈဒါ၊ခဲ့၏၊သော သာရရုက္ခော၊ ထိုအနှစ်ရှိသောသစ်ပင်သည်။ ခဒိရော နာမ၊ ရှားပင်မည်၏။

ထိုကန္ဒဂလကသည် ထိုအရပ်၌လျှင် အသက်ကုန်ခြင်းသို့ ရောက်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ကန္ဒဂလက ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရား သည်လျှင် ထိုအခါ ခဒိရဝနိယ ဖြစ်ဘူးပြီဟု ဇာတ်ကို ဧပါင်းတော်မူ၏။

(အထင်ကြီးက၊ ပျက်စီးရ၊ ဒုက္ခ ကိုယ်ပင်တွေ)

ဆယ်ခုဂို့၏ပြည့်ကြောင်းဖြစ်သော ကန္ဒဂလကဇာတ်သည် ပြီး၏။

၇-ဗိရကာထမ္ဘကဝဂ် ၆၁-သောမဒတ္တဇာတ်

ကြောက်တတ်သော ပုဏ္ဏား

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အကာသိ ယောဂံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသောမဒတ္တဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေဆဲတော်မူစဉ် **လာဠုဒါယီ မထေရ်**ကို အကြောင်းပြု၍ ဟောတော် မူ၏။ထိုစကားကိုခဲ့ပြီးအံ့၊ထိုလာဠုဒါယီသည် နှစ်ယောက် သုံးယောက်ကုန်သော သူတို့၏ အတွင်း၌ တခွန်းသော စကားကိုမျှလည်း ပြည့်စုံစေ၍ ဆိုအံ့သောငှါ မစွမ်းနိုင်၊ ရုံ့ရှားခြင်းများသည်ဖြစ်၍ တပါးကို ဆိုအံ့ဟူ၍ တပါးကိုသာလျှင် ဆိုမိ၏၊ ထိုလာဠုဒါယီ မထေရ်၏ ထိုအကြောင်းကို ရဟန်းတို့သည် တရားသဘင်၌ ပြောဟောကုန်လျက် နေကုန်၏၊ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ အရှင်ဘုရား ဤမည်သော စကားဖြင့် စည်းဝေးပါ

www.dhammadownload.com

ဂျုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ လာဋ္ဌဒါယီသည် ယခု အခါဤသာလျှင် ရှဲ့ရှာခြင်းမျှားသည် မဟုတ်သေး၊ ရှေးဦးလည်း ရှဲ့ရှာခြင်းမျှားသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိတိုင်းဝယ် တဦးသော ပုဏ္ဏားမျိုးဦးဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် တက္ကသိုလ်ပြည်၌ အတတ်ကိုသင်၍ တဖန် အိမ်သို့ လာလတ်၍ အမိအဘတို့၏ ဆင်းရဲသည်၏ အဖြစ်ကိုသိ၍ ယုတ်မာသော အမျိုးမှ မြတ်သောအမျိုးကို ဖြစ်စေအံ့ဟူ၍ အမိအဘတို့ကို ပန်၍ ဗာရာဏသီသို့ သွား၍ မင်းကို ခစား၏၊ မင်းသည် ချစ်မြတ်နိုးသည် ဖြစ်၏၊ ထိုအခါ သောမဒတ္တ၏ နွားနှစ်ခုတို့ဖြင့်လျှင် ထွန်၍ အသက်ကို မွေးသော အဘ၏ ထိုနွားနှစ်ခုတို့တွင် နွားတခုသည် သေ၏၊ ထိုပုဏ္ဏားသည် ဘုရားလောင်းသို့ ကပ်၍ ချစ်သား တခုသော နွားသည် သေ၏၊ ထွန်ခြင်းအမှုသည် မဖြစ်နိုင်၊ ထို့ကြောင့် သင်သည် မင်းကို နွားတခုကို တောင်းလော့ဟု ဆို၏၊ ဘခင် ငါသည် မင်းကို မြင်ရသည်ကား မမြင့်သေး၊ ယခုအခါ၌လျှင် ငါသည် မင်းကို နွားတောင်းအံ့သောငှါ မသင့်၊ သင်တို့ပင်လျှင် တောင်းကုန်လော့ဟု ဘုရားလောင်းသည် ဆို၏၊ ချစ်သား သင်သည် ငါ၏ရှက်ကြောက်ရှဲ့ရှာခြင်းမျှားသည်၏အဖြစ်ကိုမသိ၊ ထိုစကားသည်မှန်၏၊ ငါသည် နှစ်ယောက်သုံးယောက်ကုန်သော သူတို့၏ မျက်မှောက်၌ စကားကို ပြည့်စုံစိမ့်သောငှါ မစွမ်းနိုင်၊ ငါသည် မင်း၏အထံသို့ နွားကိုတောင်းအံ့သောငှါ အကယ်၍ သွားအုံ၊ ဤနွားကိုလည်း ပေးခဲ့မိ၍ လာလတ္တံ့ဟု ပုဏ္ဏားသည် ဆို၏၊ ဘခင် ဖြစ်လိုရာရာဖြစ်စေ၊ ငါသည် မင်းအား နွားကို တောင်းအံ့သောငှါ မစွမ်းနိုင်၊ စင်စစ်သော်ကား ငါသည် သင်တို့ကို အတတ်ပညာ သင်ခြင်းကို ပြုအံ့ဟု ဘုရားလောင်းသည် ဆို၏၊ ထိုသို့တပြီးကား ကောင်း၏၊ ငါ့ကို အတတ်ပညာ သင်ခြင်းကို ပြုလော့ဟု ဆိုသည်ရှိသော်-

ဘုရားလောင်းသည် အဘကို ခေါ်၍ ဗီရဏထမ္ဘက အမည်ရှိသော သုသာန်သို့ သွား၍ ထိုထိုအရပ်၌ မြက်စုတို့ကိုစည်း၍ ဤကား မင်းတည်း၊ ဤကား အိမ်ရှေမင်းတည်း၊ ဤကား စစ်သူကြီးတည်း၊ ဤသို့ အမည်ကိုပြု၍ အစဉ်အားဖြင့်ပြု၍ ဘခင် သင်သည် မင်း၏အထံသို့သွား၍ မင်းမြတ် အရှင်သည် အောင်တော်မူစေသတည်းဟု ဆိုလော့၊ ဆိုပြီး၍—

www.dhammadownload.com

ဇဒ္ဒ မေ ဂဂါဏာ မဟာရာဇ၊ ယေဟိ ခေတ္တံ ကာသာမသော။
တေသု ဧကော မတော ဇဒဝ၊ ဒုတိယံ ဒေဟိ ခတ္တိယ။

ဟူသော ဂါထာကိုရွတ်၍ နွားကို တောင်းလောဟု ဂါထာကို သင်စေ၏။

ပဟာရာဇ၊ မင်းမြတ်။ ပေ၊ ဘက္ကန်ပ်အား။ ဒဒ္ဒ ဂေါဏာ၊ နွားနှစ်ခုတို့သည်။ သည်။ သန္တိ၊ ရှိကုန်၏။ ယေဟိ၊ အကြင် နွားနှစ်ခုတို့ဖြင့်။ မယံ၊ အကျွန်ုပ် တို့သည်။ ခေတ္တံ၊ လယ်ကို။ ကာသာမသော၊ ထွန်ကုန်၏။ ဒေဝ၊ မင်းမြတ်။ တေသု၊ ထိုနွားနှစ်ခုတို့တွင်။ ဧကော၊ နွားတခုသည်။ မတော၊ သေ၏။ ခတ္တိယ၊မင်းမြတ်။ ဒုတိယံ၊ အဘော်ဖြစ်သော နွားကို။ ဒေဟိ၊ ပေးတော်မူပါလော့။

ဤသို့ ပုဏ္ဏားသည် တနှစ်လည်သဖြင့် ဂါထာကို ဓလ့လာသည်ကို ပြု၍ ဘုရားလောင်းကို ချစ်သား သောမဒတ် ဂါထာသည် လေ့လာသည်ဖြစ်ပြီ၊ ယခု အခါ ငါသည် အမှတ်မရှိသောသူ၏ အထံ၌ ဆိုအံ့သောငှါ စွမ်းနိုင်၏၊ ငါ့ကို မင်း၏အထံသို့ ဆောင်လော့ဟု ဆို၏၊ ဘုရားလောင်းသည် ဘခင် ကောင်းပြီဟု ဆို၍ သင့်တင့်လျောက်ပတ်သော လက်ဆောင်ကို ယူစေ၍ အဘကို မင်း၏ အထံသို့ ဆောင်၏၊ ပုဏ္ဏားသည် မင်းမြတ် အရှင်သည် အောင်စေသတည်းဟု ဆို၍ လက်ဆောင်ကို ဆက်၏၊ မင်းသည်လည်း သောမဒတ် ဤပုဏ္ဏားသည် သင်နှင့်ဓနဘယ်သို့ တော်ကြသနည်းဟု မေး၏၊ မင်းမြတ် အကျွန်ုပ်၏ အဘ တည်းဟု သောမဒတ်သည် လျှောက်၏၊ အဘယ်အမှုကြောင့် လာသနည်းဟု မင်းသည် မေး၏၊ ထိုခဏ၌ ပုဏ္ဏားသည် နွားကိုတောင်းအံ့သောငှါ—

ဒဒ္ဒ မေ ဂဂါဏာ မဟာရာဇ၊ ယေဟိ ခေတ္တံ ကာသာမသော။
တေသု ဧကော မတော ဒေဝ၊ ဒုတိယံ ဂဏှ ခတ္တိယ။

ဟူသော ဤဂါထာကိုဆို၏။

မဟာရာဇ၊ မင်းမြတ်။ မေ၊အကျွန်ုပ်အား။ ဒဒ္ဒ ဂေါဏာ၊ နွားနှစ်ခုတို့သည်။ သန္တိ၊ ရှိကုန်၏။ ယေဟိ၊ အကြင် နွားနှစ်ခုတို့ဖြင့်။ မယံ၊ အကျွန်ုပ်တို့သည်။ ခေတ္တံ၊ လယ်ကို။ ကာသာမသော၊ ထွန်ပါကုန်၏။ ဒေဝ၊ မင်းမြတ်။ တေသု၊ ထိုနွားနှစ်ခုတို့တွင်။ ဧကော၊ နွားတခုသည်။မတော၊သေ၏။ ခတ္တိယ၊ မင်းမြတ်။ ဒုတိယံ၊ နှစ်ခုမြောက်ဖြစ်သောနွားကို။ ဂဏှ၊ ယူတော်မူလော့။

မင်းသည် ပုဏ္ဏား ချွတ်ယွင်း၍ ဆိုသည်၏ အဖြစ်ကို သိ၍ ရယ်ခြင်းကို ပြုလျက် သောမဒတ် သင်တို့၏အိမ်၌ နွားတို့သည် များကုန်ယောင်တကားဟု

www.dhammadownload.com

ဆိုသည်ရှိသော် မင်းမြတ် နွားတို့ကို အရှင်မင်းမြတ်သည် ပေးတော်မူအပ်ကုန်သည်ဖြစ်၍ များကုန်လတ္တံ့ဟု သောမဒတ် လျှောက်၏၊ မင်းသည် ဘုရားလောင်းအား နှစ်သက်၍ ပဏ္ဏားအား တဆဲ့ခြောက်ခုသော နွားတို့ကိုငင်း ထိုပဏ္ဏား၏ နေသောရွာကိုငင်း မြတ်သောပေးခြင်းဖြင့် ပေးလိုက်၍ များသော အခြံအရံဖြင့် ပဏ္ဏားကို လွှတ်လိုက်၏၊ ပဏ္ဏားသည် ကိုယ်လုံးဖြူသော သိန္ဓော မြင်းတိုဖြင့် ကအပ်သော ရထားကိုစီး၍ များစွာသော အခြံအရံဖြင့် ရှာသို့သွား၏၊ ဘုရားလောင်းသည် အဘနှင့်တကွ ရထားစီး၍ သွားသည်ရှိသော် ဘခင် ငါသည် သင်တို့ကို တနှစ်ပတ်လုံး လေ့ကျက်ခြင်းကို ပြုစေ၏၊ ထိုသို့ပြုစေပါလျက် တောင်းခြင်းကို ပြီးစေသော ကာလ၌ သင်တို့၏ နွားကို မင်းအား ပေး၏ဟု ဆိုလို၍—

၁၂၁ အကာသိ ယောဂံ ဓုဝမပ္ပမတ္တော၊
သံဝစ္ဆရံ ဗီရဏထမ္ဘကသ္မိံ၊
ဗျာကာသိ အညံ ပရိသံ ဝိဂယှ၊
န နိယျမော ဇာယတိ အပ္ပပညံ။

ဟူသော ရှေးဦးစွာသော ဂျိဂါထာကို ဆို၏။

တာတ၊ ဘခင်။ ဓုဝံ၊ မပြတ်။ အပ္ပမတ္တော၊ မမေ့မလျော့။ သံဝစ္ဆရံ၊ တနှစ်ပတ်လုံး။ ဗီရဏထမ္ဘကသ္မိံ၊ ဗီရဏထမ္ဘကသုသာန်၌။ ယောဂံ၊ လေ့ကျက်ခြင်းကို။ ဗျာကာသိ၊ ပြု၏။ ပန၊ ထိုသို့လျက်။ ပရိသံ၊ ပရိသတ်သို့။ ဝိဂယှ၊ ဝင်၍။ အညံ၊ တပါးကို။ ဗျာကာသိ၊ ဆို၏။ အပ္ပပညံ၊ ပညာနည်းသောသူကို။ နိယမော၊ အမြဲလေ့ကျက်ခြင်းသည်။ န တာယတိ၊ မစောင့်မရှောက်။

ထိုအခါ ဘုရားလောင်း၏ စကားကိုကြား၍ ပဏ္ဏားသည်—

၁၂၂ ဒဋ္ဌယံ ယာစကော တာတ၊ သောမဒတ္တ နိဂစ္ဆတိ။
အလာဘံ ဓန လာဘံ ဝါ၊ ဧဝံ ဓမ္မာ ဟိ ယာစနာ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဂျိဂါထာကို ဆို၏။

တာတ သောမဒတ္တ၊ ချစ်သား သောမဒတ်။ ဓနံ၊ ဥစ္စာကို။ ယာစကော၊ တောင်းသောသူသည်။ အလာဘံ ဝါ၊မရခြင်းကိုငင်း။လာဘံဝါ၊ရခြင်းကိုငင်း။ ဣတိ၊ ဤသို့။ ဒဋ္ဌယံ၊ နှစ်ပါးသော အပြားသို့။ နိဂစ္ဆတိ၊ရောက်တတ်၏။ ဟိ-သစ္စံ၊ မှန်၏။ ယာစနာ၊ တောင်းခြင်းသည်။ ဧဝံ ဓမ္မာ၊ ဤသို့ သဘောရှိ၏။

www.dhammadownload.com

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ရဟန်းတို့ လာဋ္ဌဒေဝီသည် ယခုအခါ၌ သာလျှင် ကြောက်ရွံ့ ရုံရွံးဟတ်သော အဖြစ်မျှားသည် မဟုတ်သေး၊ ရှေး၌လည်း ကြောက်ရွံ့ ရုံရွံးတတ်သောအဖြစ် မျှားသည်သာလျှင်တည်းဟု မိန့်တော်မူ၍ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါအာနန္ဒာသည် ထိုအခါ မင်းဖြစ်ဘူးပြီ၊ ယခုအခါ လာဋ္ဌဒေဝီသည် ထိုအခါ သောမဒတ် အဘ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ သောမဒတ် ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကြောက်တတ်မျှားဟ၊ မှားတတ်လှ၊ သူရ နွေစဉ်လေ့)

ရှေးဦးစွာသော သောမဒတ္တဇာတ်သည် ပြီး၏။

၆၂-ဥစ္ဆိန္နဘတ္တဇာတ်

စားကြွင်းစားပုဏ္ဏား

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသောလောကကို ဆုံးပတော်မူတတ်သော သမ္ဗညူ မြတ်စွာဘုရားသည် "အညော ဥပရိမော ဝဏ္ဏော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤဥစ္ဆိဒ္ဒဘတ္တဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **မယားဟောင်း ဖြားယောင်းသော ရဟန်း** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုရဟန်းကို ရဟန်း သင်သည် ငြီးငွေ့သည် ဟူ၍ ငါကြားရသည်ကား မှန်သလောဟု မြတ်စွာဘုရားသည် မေးတော်မူ လတ်သည်ရှိသော် မှန်ပေ၏ဟု နားတော်လျှောက်၏၊ သင့်ကို အဘယ်သူသည် ငြီးငွေ့စေသနည်းဟု မိန့်တော်မူသည်ရှိသော် အရှင်ဘုရား မယားဟောင်းသည် ငြီးငွေ့စေအပ်၏ဟု နားတော်လျှောက်၏၊ ထိုအခါ၌ ထိုရဟန်းကို မြတ်စွာဘုရား သည် ရဟန်း ဤမိန်းမသည် သင်၏ အကျိုးစီးပွား မဲ့ကိုသာ ပြုတတ်၏၊ ရှေး၌လည်း မိမိ၏ တယောက်လင်၏ စားကြွင်းထမင်းကို ကျွေးဘူးပြီတကားဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသော်အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တဦးသော

www.dhammadownload.com

ထမင်းကို လှည့်ပတ်တောင်းစား၍ အသက်မွေးရသော နင်္ဂဲအမျိုးဌ် ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ဆင်းရဲသည် မကောင်းသော အဆင်းနှင့်ပြည့်စုံသည်ဖြစ်၍ ထမင်းကို လှည့်ပတ်တောင်းစား၍ အသက်ကို မွေး၏၊ ထိုအခါ ကာသိတိုင်းဝယ် တခုသောရွာငယ်၌ တယောက်သော ပုဏ္ဏား၏ ပုဏ္ဏေးမသည် သီလမရှိသည် ဖြစ်၏ ထိုပုဏ္ဏေးမသည် ထိုသယောက်လင်နှင့်တကွ အလွန်အကျူးကိုကျင့်၍ အတန်ငယ်နေဦးလော့ ဦးသောအစာ၌သာလျှင် စားရလတ္တံ့ဟုဆို၍ ထမင်းကို ပြည့်စုံစေ၍ အမဲဟင်းလျာနှင့် ပြည့်စုံသော နွေးသော ထမင်းကိုခူး၍ စားလော့ဟု ထိုသယောက်လင်အား ပေး၍ မိမိသည် ပုဏ္ဏား၏ လာခြင်းကို မျော်လျက် တံခါး၌ ရပ်၏၊ ဘုရားလောင်းသည် ပုဏ္ဏေးမ၏ သယောက်လင် စားရာအရပ်၌ ထမင်းကို တောင့်တလျက် ရပ်၏၊ ထိုခဏ၌ ပုဏ္ဏားသည် အိမ်သို့ ရှေးရှုလာ၏၊ ပုဏ္ဏေးမသည် ထိုပုဏ္ဏား လာလတ်သည်ကို မြင်၍ လျင်မြန်စွာ ဝင်၍ ထလော့ ပုဏ္ဏားသည် လာ၏ဟု သယောက်လင်ကို ကျိတ်ဝှက်သို့ သွင်း၏၊ ပုဏ္ဏားသည်ဝင်၍ နေသောကာလ၌ ဆေးရေခံခွက်ကိုဆောင်၍ လက်ဆေးရေကိုပေး၍ သယောက်လင်၏ စားကြွင်းဖြစ်သော အေးသောထမင်း၏အပေါ်၌ နွေးသော ထမင်းကို ခူး၍ ပုဏ္ဏားအား ပေး၏၊ ထိုပုဏ္ဏားသည် ထမင်း၌ လက်ကိုချ၍ အထက်၌ ပူသော အောက်၌ အေးသော ထမင်းကို မြင်၍ ဤထမင်းသည်ကား တပါးသောလူ၏ စားကြွင်းဖြစ်ရာ၏ဟု ကြံ၏၊ ကြံပြီး၍ ထိုပုဏ္ဏားသည် ပုဏ္ဏေးမကို မေးလိုရကား—

၁၂၃ အညော ဥပရိမော ဝဏ္ဏော၊ အညော ဝဏ္ဏော အဓောဋ္ဌိမော။
ဗြာဟ္မဏီ တေ့ဝ ပုစ္ဆာမိ၊ ကိံ ဟေဋ္ဌာ ကိဉ္စ ဥပ္ပရိ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဗြာဟ္မဏီ၊ ပုဏ္ဏေးမ။ ဘတ္တာဿ၊ ထမင်း၏။ ဥပရိမော ဝဏ္ဏော၊ အထက်ဖြစ်သော အခြင်းအရာ သည်ကား။ အညော၊ တပါးတည်း။ အဓောဋ္ဌိမော၊ အောက်ဖြစ်သော။ ဝဏ္ဏော၊ အခြင်းအရာသည်ကား။ အညော၊ တပါးတည်း။ တေ့ဝ၊ သင့်ကိုသာလျှင်။ ပုစ္ဆာမိ၊ ငါမေး၏။ ဟေဋ္ဌာ၊ အောက်ထမင်းကား၊ ကိံ၊ အသို့နည်း။ ဥပ္ပရိ၊ အထက်ထမင်းကား။ ကိဉ္စ၊ အသို့နည်း။

ပုဏ္ဏေးမသည် မိမိသည် ပြုအပ်သော အမှု၏ ထင်ရှားအံ့သည်မှ ကြောက်သောကြောင့် ပုဏ္ဏားသည် အဖန်တလဲလဲ မေးသော်လည်း ဆိတ်ဆိတ်နေသည်

www.dhammadownload.com

သာလျှင် ဖြစ်၏၊ ထိုခဏ၌ နဋ္ဌအမျိုးသားအား ကျိုဋ္ဌနေစေအပ်သောယောကျ်ား သည် သယောက်လင် ဖြစ်၏၊ ဤပုဏ္ဏားသည် အိမ်ရှင်ဖြစ်ရာ၏၊ ပုဏ္ဏေးမသည် တမူကား မိမိပြုအပ်သောအမှု၏ ထင်ရှားအံ့သည်အဖြစ်မှ ကြောက်သောကြောင့် တစုံတခုသော စကားကို မဆို၊ ယခု ငါသည် ဤပုဏ္ဏေးမသည် ပြုအပ်သော အမှုကို ထင်ရှားပြ၍ သယောက်လင်ကို ကျိထဲ၌ နေစေသည်၏ အဖြစ်ကို ပုဏ္ဏားအားဆိုအံ့၊ဤသို့အကြံသည်ဖြစ်၏ ကြံပြီး၍ ထိုနဋ္ဌအမျိုးသားဖြစ်သော သူသည် ပုဏ္ဏား၏ အိမ်မှထွက်သော ကာလမှစ၍ သယောက်လင်သည် အိမ်သို့ ဝင်ခြင်းကိုဌင်း အလွန်အကျူးကျင့်ခြင်းကိုဌင်း ထမင်းစားခြင်းကိုဌင်း ပုဏ္ဏေးမ သည် တံခါး၌ ရပ်၍ ခရီးကို မျှော်ခြင်းကိုဌင်း သယောက်လင်သည် ကျိသို့ ဝင်သည်၏ အဖြစ်ကိုဌင်း အလုံးစုံသော ထိုအကြောင်းကို ကြားလို၍—

၁၂၄ အဟံ နဋ္ဌောသ္မိ ဘဒ္ဒန္တေ၊ ဘိက္ခကောသ္မိ ဣဓာဂတော။
အယံ ဟိ ကောဋ္ဌမောတိဏ္ဏော၊ အယံ သော ယံ ဂဝေသသိ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဥ၏ဂါထာကို ဆို၏။

ဘဒ္ဒန္တေ၊ အိုအရှင်ပုဏ္ဏား။ အဟံ၊ငါသည်။ နဋ္ဌော၊ နဋ္ဌအမျိုးသည်။ အသ္မိ၊ ဖြစ်၏။ ဘိက္ခကော၊ ထမင်းတောင်းလို၍။ ဣဓ၊ ဤအရပ်သို့။ အာဂတော၊ လာသည်။ အသ္မိ၊ ဖြစ်၏။ တံ၊ သင်သည်။ ယံ၊ အကြင်သူကို။ ဣမိနာ၊ ဤထမင်းသည်။ ကဿ နုခေါ၊ အဘယ်သူ၏လျှင်။ ဥစ္စိဋ္ဌကေန၊ စားကြွင်း ထမင်းသည်။ဘဝိတဗ္ဗံ၊ ဖြစ်လေရာသနည်း။ဣတိ၊ဤသို့။ ဂဝေသသိ၊ရှာ၏။ ဣမံ ဘတ္တံ၊ ဤထမင်းကို။ ဘုဉ္ဇန္တော၊ စားသော။အယံဟိ၊ ဤပုဏ္ဏေးမ၏ သယောက် လင်သည်ကား၊ တဝ၊ သင်မှာ။ ဘယေန၊ ကြောက်သောကြောင့်။ ကောဋ္ဌံ၊ ကျိထဲသို့။ ဩတိဏ္ဏော၊ ဝင်၏။ အယံ၊ ဤသူသည်။ သော၊ထိုသူပင်တည်း။

ထိုသူကို ဥသျှောင်ကိုဆဲ၍ ကျိမှထုတ်၍ နောင်တဖန် ဤသို့ သဘောရှိသောယုတ်မာသောအကျင့်ကို မကျင့်ဝံ့အောင် ဆုံးမလော့ဟုဆို၍ ဖဲ၏၊ ပုဏ္ဏား သည် ထိုနှစ်ယောက်သော သူတို့ကိုလည်း ခြိမ်းမောင်းခြင်း သတ်ပုတ်ခြင်းတို့ဖြင့် အကြင်သို့ ပြုသည်ရှိသော် တဖန် ဤသို့သဘောရှိသော အမှုကို မပြုဝံ့ကုန်၊ ထိုသို့သော အခြင်းအရာအားဖြင့် ပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာကို ပြတော်မူသည်၏

www.dhammadownload.com

အဆုံးဌ္ဌ ငြိုးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်ဌ္ဌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပျေါင်းတော်မူသနည်း ဟူမူကား ယခုအခါ မယားဟောင်းသည် ထိုအခါ ပုဏ္ဏားမ ဖြစ်ဘူးပြီ၊ ယခုအခါ ငြိုးငွေ့သောရဟန်းသည် ထိုအခါပုဏ္ဏား ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ နဋ္ဌအမျိုးသားဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(သင့်ကိုဖြားယောင်း၊ မယားဟောင်း၊ နောက်နှောင်းဝတ္ထု ကျိုးမဲ့ပုံ)

နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဥစ္ဆိဋ္ဌဘတ္တဇာတ်သည် ပြီး၏။

---

၆၃ ဘရဏဇာတ်

လာဘ်စားသောမင်း

ပစ္စုပ္ပန်ဝတ္ထု ,နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဣသိနမန္တရံ ကတ္ဝာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဘရဏဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ကောသလမင်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကို ချဲဉီးအံ့၊ မြတ်စွာဘုရားအား၎င်း ရဟန်းအပေါင်းအား၎င်း ပစ္စည်းလေးပါး တည်းဟူသော လာဘ်ပူဇော်ဝတ်သေတည်းဟူသော သက္ကာရသည် များစွာဖြစ်၏၊ ငါသည် ဆိုအပ်သော စကား၏ သက်သေဖြစ်သော အဘယ်သို့သော စကားကို ဟောတော်မူသနည်း ဟူမူကား "ထိုအခါ မြတ်စွာဘုရားကို ကောင်းစွာ ပြုအပ်သည်ဖြစ်၏ အလေးအမြတ် ပြုအပ်သည်ဖြစ်၏ မြတ်နိုးအပ်သည်ဖြစ်၏၊ ပူဇော်အပ်သည်ဖြစ်၏ အရိုအသေပြုသည်ဖြစ်၏ သက်နှံ့,ဆွမ်း, ကျောင်း, သူနာတို့၏အထောက်အပံ့ဖြစ်သော ဆေးတည်းဟူသော အာသက်၏ အရံအတားတို့ကို ရတော်မူသည်ဖြစ်၏ ရဟန်းအပေါင်းကိုလည်း ကောင်းစွာ ပြုအပ်သည်ဖြစ်၏ အလေးအမြတ် ပြုအပ်သည်ဖြစ်၏ မြတ်နိုးအပ်သည် ဖြစ်၏ ပူဇော်အပ်သည်ဖြစ်၏ အရိုအသေပြုအပ်သည်ဖြစ်၏ ရဟန်းအပေါင်းသည် သက်နှံ့, ဆွမ်း,ကျောင်း, သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေးတည်းဟူသော အရံအတားတို့ကို ရသည်ဖြစ်၏ အညတိတ္ထိယဖြစ်ကုန်သော ပရဝိုင်တို့သည်ကား ကောင်းစွာ ပြုအပ်ကုန်သည် မဖြစ်ကုန် အလေးအမြတ် ပြုအပ်

www.dhammadownload.com

ကုန်သည် မဖြစ်ကုန် မြတ်နိုးအပ်ကုန်သည်မဖြစ်ကုန် ပူဇော်အပ် အရိုအသေ ပြုအပ်ကုန်သည် မဖြစ်ကုန် ပရိဗိုဇ်တို့သည် သက်နှံး, ဆွမ်း, ကျောင်း, သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေးတည်းဟူသော အရံအတားတို့ကို ရကုန်သည် မဖြစ်ကုန်"ဟု ဟောတော်မူဘူး၏။

ထိုတိတ္ထိတို့သည် ဤသို့ လာဘ်ပူဇော် သက္ကာရမှ ယုတ်ကုန်၍ နေ့ညဉ့် ပတ်လုံး လွန်စွာ စည်းဝေးခြင်းကို ပြုကုန်၍ အရှင်တို့ ရဟန်းဂေါတမ၏ ဖြစ်ထွန်းသော ကာလမှစ၍ ငါတို့သည် ပြတ်သော လာဘသက္ကာရ ရှိကုန်သည် ဖြစ်ကုန်၏၊ ရဟန်းဂေါတမသည်ကား လာဘအစု အကျော်အစော အခြံ အရံ အစုကို ရသည် ဖြစ်၏၊ အဘယ်အကြောင်းကြောင့်လျှင် ထိုရဟန်း ဂေါတမအား ထိုပြည့်စုံခြင်းသည် ဖြစ်သနည်းဟု တိုင်ပင်ကြကုန်၏၊ ထိုသို့ တိုင်ပင်ကြရာ၌ အချို့ကုန်သော အညတိတ္ထိယ တို့သည် အရှင်တို့ ရဟန်း ဂေါတမသည် ဇမ္ဗူဒိပ်ကျွန်း အလုံး၏ မြတ်သော ဌာနဖြစ်သော မြေတို့၏ အထွတ်အထိပ်၌နေရ၏၊ထိုကြောင့် ထိုရဟန်းဂေါတမအား လာဘသက္ကာရသည် ဖြစ်၏ဟု ဆိုကုန်၏၊. ကြင်းကုန်သော အညတိတ္ထိယတို့သည်ကား အရှင်တို့ ထိုအရှင်တို့ ဆိုသော အကြောင်းသည် ရှိ၏၊ ငါတို့သည် ဇောတဝန်အပြင်၌ တိတ္ထိတို့၏ အရံကို ပြုကြကုန်အံ့ ဤသို့ ပြုကုန်သည်ရှိသော် လာဘရှိကုန်သည် ဖြစ်လတ္တံ့ဟု ဆိုကုန်၏၊ ထိုအလုံးစုံသော တိတ္ထိတို့သည်လည်း ထိုစကား သည် ကောင်းပြီဟု အပြီးသတ်ခြင်းကို ပြုကုန်၍ ငါတို့သည် မင်းအား မကြား ကုန်မူ၍ အရံကို အကယ်၍ ပြုကုန်အံ့ ရဟန်းတို့သည် မြစ်ကုန်လတ္တံ့ တံစိုးကို ရ၍ မပျက်သောမည်သည်ကား မရှိ၊ ထိုကြောင့် မင်းအား တံစိုးကို ပေးကုန်၍ အရံရာကို ယူကုန်အံ့ဟု တိုင်ပင်ကြကုန်၍ အလုပ်အကျွေးတို့ကို တောင့်းကုန်၍ မင်းအား တသိန်းသော လက်ဆောင်ကို ပေးကုန်၍ မင်းမြတ် ငါတို့သည် ဇောတဝန်အပြင်၌ တိတ္ထိတို့၏အရံကို ပြုကုန်အံ့၊ ရဟန်းတို့သည် ပြုစိမ့်သောငှါ မပေးကုန်အံ့ဟူ၍ အရှင်မင်းကြီးတို့အား အကယ်၍ ကြားလာကုန်အံ့၊ ထိုရဟန်း တို့အား စကားကို မပေးပါလင့်ဟု ဆိုကုန်၏ မင်းသည် တံစိုး၌ တပ်မက်မောခြင်း ကြောင့် ကောင်းပြီဟု ဝန်ခံ၏။

တိတ္ထိတို့သည် မင်းမိန့်ကို ကောင်းစွာ ယူကုန်၍ လက်သမားတို့ကို ခေါ်စေ ကုန်၍ အမှုတို့ကို ဖြစ်စေကုန်၏၊ ကျယ်စွာသော ဒါသံရှိသည် ဖြစ်၏၊ မြတ်စွာ ဘုရားသည် အာနန္ဒာ ကျယ်စွာသော အသံရှိကုန်သော ထိုသူတို့သည်ကား

www.dhammadownload.com

အဘယ်သူတို့နည်းဟု မေးတော်မူ၏၊ အာနန္ဒာသည် အရှင်ဘုရား အညတိတ္ထိယတို့သည် ဇောတ္ထာဝန်အပြင်၌ တိတ္ထိတို့၏ အရံကို ပြုကုန်၏၊ ထိုအသံသည်ကား ထိုအရံပြုရာ၌ ဖြစ်သော အသံတည်းဟု လျှောက်၏၊ အာနန္ဒာ ထိုအရပ်သည်ကား တိတ္ထိတို့၏ အရုံအား မလျှောက်ပတ်၊ တိတ္ထိတို့သည် ကျယ်သော အသံကို အလိုရှိကုန်၏၊ ထိုတိတ္ထိတို့နှင့် တကွ နေအံ့သောငှါ မတတ်ကောင်းဟု မိန့်တော်မူ၍ ရဟန်းအပေါင်းကို စည်းဝေးစေ၍ ရဟန်းတို့ သင်တို့သည် သွားကြကုန်၍ မင်းအား ကြားကုန်၍ အညတိတ္ထိယတို့၏ အရုံပြုခြင်းကို မြစ်ကုန်လော့ဟု မိန့်တော်မူ၏၊ ရဟန်းအပေါင်းသည် သွား၍ မင်း၏ နန်းတံခါး၌ ရပ်၏၊ မင်းသည် သဃ်ာလသည်၏ အဖြစ်ကို ကြား၍လည်း အညတိတ္ထိယတို့၏ အရုံကို မှီကုန်၍ လာကုန်သည် ဖြစ်ကုန်လတ္တံ့ဟု နှလုံးသွင်း၍ တံစိုးကို ယူမိသည်၏ အဖြစ်ကြောင့် မင်းသည် နန်းတော်၌မရှိဟု ဆိုစေ၏၊ ရဟန်းတို့သည် လာကုန်၍ မြတ်စွာဘုရားအား လျှောက်ကုန်၏၊ မြတ်စွာဘုရားသည် တံစိုးကို အမှီပြု၍ မင်းသည် ဤသို့ ပြု၏ဟု သိတော်မူ၍ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့ကို စေတော်မူ၏၊မင်းသည် ထိုနှစ်ပါးကုန်သောအဂ္ဂသာဝကတို့၏လည်း လာသည်၏ အဖြစ်ကိုလည်းသိ၍ ထိုအဟူငှင်းလျှင် ဆိုစေ၏၊ထိုနှစ်ပါးကုန်သော အဂ္ဂသာဝကတို့သည်လည်း လာလတ်ကုန်၍ မြတ်စွာဘုရားအား လျှောက်ကုန်၏၊ မြတ်စွာဘုရားသည် သာရိပုတ္တရာ ယခုအခါ၌ မင်းသည် နန်း၌ နေအံ့သောငှာ ငါသည် မရရာဟု နှလုံးသွင်း၍ အပသို့ ထုတ်၏ဟု မိန့်တော်မူ၍ နှုက်ဖြန်နံနက်အခါ၌ သင်းပိုင်ကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူတော်မူ၍ ငါးရာကုန်သော ရဟန်းတို့နှင့်တကွ မင်း၏ နန်းတံခါးသို့ ကြွတော်မူ၍ မင်းသည် ကြား၍ ပြာသာဒ်မှသက်၍ သပိတ်ကိုယူ၍ မြတ်စွာဘုရားကို ပင့်၍ ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ယာဂုခဲဘွယ်ကိုလှူ၍ မြတ်စွာဘုရားကိုရှိခိုး၍တင့်အပ်သော အရပ်၌ နေ၏၊ မြတ်စွာဘုရားသည် မင်းအား တပါးသောအကြောင်းအားဖြင့် ဖြစ်သော ဓမ္မဒေသနာတော်ကို ဟောတော်မူလို၍ မင်းမြတ် ရှေးမင်းတို့သည် တံစိုးကိုယူကုန်၍ သီလရှိကုန်သောသူမြတ်တို့ကိုတယောက်သည် တယောက်အား အငြင်းအခုံကို ပြုစေကုန်၍ မိမိတို့နိုင်ငံကို အစိုးမရသည် ဖြစ်ကုန်၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ဘူးကုန်၏ဟု မိန့်တော်မူ၍ ထိုကောသလမင်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ မင်းမြတ် လွန်လေပြီးသောအခါ ဘရုတိုင်း၌ ဘရုမည်သော မင်းသည်* မင်းပြု၏၊ ထိုအခါ၌ ဘုရားလောင်းသည် ငါးပါးသော အဘိညာဉ်

* ကုရုတိုင်း၌ ကုရုမည်သော မင်းသည် (က)

www.dhammadownload.com

ရှစ်ပါးသော သမာပတ်ကိုရသော ရသေ့အပေါင်းတို့၏ဆရာဖြစ်သော ရသေ့ဖြစ်၍ ဟိမဝန္တာအရပ်၌ ကြာမြင့်စွာ နေ၍ ချဉ်ဆားမှီဝဲအံ့သောငှါ ရသေ့ငါးရာခြံလျက် ဟိမဝန္တာမှသက်၍ အစဉ်သဖြင့် ဘရုမြို့သို့ ရောက်၍ ထိုဘရုမြို့၌ ဆွမ်းခံ၍ မြို့မှထွက်၍ မြောက်တံခါးအနီး၌ အခက်အခဲနှင့် ပြည့်စုံသော ပညောင်ပင်အရင်း၌ နေ၍ ဆွမ်းစားခြင်းကိစ္စကို ပြု၍ ထိုပညောင်ပင်အရင်း၌လျင် နေခြင်းကိုပြု၏၊ ဤသို့ ထိုရသေ့အပေါင်းသည် ထိုပညောင်ပင်ရင်း၌လျင် နေသည်ရှိသော် လခဲ့လွန်သဖြင့် တပါးသော ငါးရာအခြံအရံရှိသော ရသေ့အပေါင်းတို့၏ ဆရာသည် လာလတ်၍ မြို့တွင်း၌ ဆွမ်းခံ၍ မြို့မှထွက်၍ တောင်တံခါး၌တည်၍ ထိုသို့ သဘောရှိသည် သာလျှင်ဖြစ်သော ပညောင်ပင်ရင်း၌ နေခြင်းကို ပြု၏၊ ဤသို့ ထိုနှစ်ဦးကုန်သော ရသေ့အပေါင်းတို့သည်လည်း ဘရုမြို့၌ မွေ့လျော်ပျော်ပိုက်သရွေ့နေကုန်၍ ဟိမဝန္တာသို့လျှင် သွားကြကုန်၏။

ထိုရသေ့တို့၏ သွားသော ကာလ တောင်တံခါး၌ ပညောင်ပင်သည် ခြောက်၏၊ နောက်တကြိမ်၌ ထိုရသေ့တို့သည် ရှေးဦးစွာ လာလတ် ကုန်၍ မိမိတို့၏ ပညောင်ပင်သည် ခြောက်သည်၏အဖြစ်ကို သိကုန်၍ ဆွမ်းခံကုန်၍ မြို့မှထွက်ကုန်၍ မြောက်တံခါးအနီး၌ ပညောင်ပင်အရင်းသို့ သွားကုန်၍ ဆွမ်းစားခြင်း ကိစ္စကိုပြုကုန်၍ ထိုမြောက်တံခါး၏ အနီးဖြစ်သော ပညောင်ပင်ရင်း၌ နေခြင်းကိုပြုကုန်၏၊ ဤမှတပါးသော ရသေ့တို့သည်ကား နောက်မှလာလတ်ကုန်၍ မြို့၌ဆွမ်းခံကုန်၍ မိမိ၏ ပညောင်ပင်ရင်းသို့သာလျှင် သွားကုန်၍ ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုကုန်၍ နေခြင်းကိုပြုကုန်၏၊ ထိုရသေ့တို့သည် သင်တို့၏ သစ်ပင်လော ငါတို့၏ သစ်ပင်တကား ဤသို့ သစ်ပင်ကိုမှီကုန်၍ တယောက်သည် တယောက်ဘား ခိုက်ရန်ကိုပြုကြကုန်၏၊ ထိုခိုက်ရန်သည် ကြီးသည်ဖြစ်၏၊ အချို့ကုန်သော ရသေ့တို့သည် ငါတို့၏ရှေးဦးစွာနေသောအရပ်ကိုသင်တို့သည် မရလတ္တံ့ဟု ဆိုကုန်၏၊ အချို့ကုန်သောရသေ့တို့သည် ငါတို့သည် ဤအရပ်၌ ရှေးဦးစွာလာ၍ နေကုန်၏၊ သင်တို့သည် မရကုန်လတ္တံ့ဟု ဆိုကုန်၏၊ ဤသို့ ထိုနှစ်ဦးကုန်သောရသေ့တို့သည် ငါတို့သည်သာ အရှင်ဖြစ်ကုန်၏၊ငါတို့သည်သာ အရှင်ဖြစ်ကုန်၏ဟု ငြင်းခုံခြင်းကို ပြုကုန်လျက် ရုက္ခမူ၏ အကျိုးငှါ မင်းအိမ်သို့ သွားကြကုန်၏၊ မင်းသည် ရှေးဦးစွာ နေဘူးသော ရသေ့အပေါင်းကို သာလျှင်၊ အရှင်ပြု၏၊ နောက်မှနေလာကုန်သော ရသေ့တို့သည် ယခုအခါ၌ ငါတို့သည် ဤရသေ့တို့မှ မရှုံးသင့်ကုန်သေး ငါတို့ကို သာလျှင် ပေးစေကုန်ဦးအံ့ဟု ဒီဗ္ဗစက္ခုဖြင့် ကြည့်ကုန်၍ တခုသော စကြဝတေးမင်း၏ အသုံး အဆောင်

www.dhammadownload.com

ဖြစ်သော ရထားချိုင့်ကို မြင်ကုန်၍ ဆောင်ကုန်၍ မင်းအား တံစိုးကိုပေးကုန်၍ မင်းမြတ် ငါတို့ကိုလည်း အရှင်တို့ကို ပြုဦးလော့ဟု ဆိုကုန်၏။

မင်းသည် တံစိုးကိုယူ၍ နှစ်ဦးသော ရသေ့တို့သည်လည်း နေကြကုန်လော့၊ ဤသို့နှစ်ဦးသောရသေ့တို့ကိုလည်း အရှင်တို့ကိုပြုကုန်၏၊ ဤမှ တပါးကုန်သော ရသေ့တို့သည် ထိုရထားချိုင့်၏ ရထားလှည်းဘီးတို့ကို ထုတ်ကုန်၍ တံစိုးကို ပေးကုန်၍ မင်းမြတ် ငါတို့ကိုသာလျှင် အရှင်တို့ကို ပြုပါလော့ဟု ဆိုကုန်၏၊ မင်းသည် ထိုရသေ့တို့ဆိုတိုင်းပြု၏၊ရသေ့အပေါင်းတို့သည် ဝတ္ထုကာမတို့ကိုဌင်း ကိလေသာကာမတို့ကိုဌင်း စွန့်၍ ရဟန်းပြုကုန်သော ငါတို့သည် ရဂ္ဂမူ၏ အကြောင်းကြောင့် ငြင်းခုံခြင်းကို ပြုကုန်သဖြင့် တံစိုးကိုပေးလျက် မသင့်သည်ကို ပြုအပ်၏ဟု နှလုံးမသာကုန်သည် ဖြစ်ကုန်၍ လျင်မြန်စွာ ပြေးလေကုန်၍ ဟိမဝန္တာသို့သာလျှင် သွားကြလေကုန်၏၊ အလုံးစုံသော ဘရုတိုင်း၌ နေကုန်သော နတ်တို့သည် တပေါင်းတည်း ဖြစ်ကုန်၍ သီလ ရှိကုန်သော ရသေ့တို့ကို ငြင်းခုံခြင်းကို ပြုစေသဖြင့် မင်းသည် မသင့်သည်ကို ပြုအပ်၏ဟု ဘရုမင်းအား အမျက်ထွက်ကုန်၍ ယူဇနာသုံးရာရှိသောဘရုတိုင်းကို သမုဒ္ဒရာသို့ ရောက်စေ၍ တိုင်းမဟုတ်သည်ကို ပြုကုန်၏၊ ဤသို့လျှင် တယောက်သော ဘရုမင်းကို အမှီပြု၍ တိုင်းအလုံး၌ နေကုန်သော သူတို့သည်လည်း ပျက်စီးခြင်းသို့ ရောက်လေကုန်၏ဟု မြတ်စွာဘုရားသည် လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူ၍-

၁၂၅ ဣသီနမန္တရံ ကတွာ၊ ဘရုရာဇာတိ မေ သုတံ။
ဥစ္ဆိန္နော သဟရဋ္ဌေဟိ၊ သရာဇာ ဝိဘဝင်္ဂတော။

၁၂၆ တသ္မာ ဟိ ဆန္ဒာဂမနံ၊ နပ္ပသံသန္တိ ပဏ္ဍိတာ။
အဒုဋ္ဌစိတ္တော ဘာသေယျ၊ ဂိရံ သစ္စူပသံဟိတံ။

ဟူသော ဤနှစ်ဂါထာတို့ကို ဟောတော်မူ၏။

မဟာရာဇ၊ မင်းမြတ်။ ပုဗ္ဗေ၊ ရှေး၌။ဘရုရာဇာတိ၊ ဘရုမင်းဟူ၍။တေ ဝစနံ၊ ထိုစကားကို။ မေ၊ငါသည်။ သုတံ၊ကြားဘူး၏။ သော ရာဇာ၊ ထိုဘရုမင်းသည်။ ဣသီနံ၊ ရသေ့တို့ကို။ အန္တရံ၊ ရန်တိုက်ခြင်းကို။ ကတွာ၊ ပြု၍။ ရဋ္ဌေဟိ၊ တိုင်း

www.dhammadownload.com

နိုင်ငံသူတို့နှင့်။ သဟ၊ တက္ခ။ ဥစ္ဆိုန္နော၊ အမြစ်အရင်း ပြတ်လေ၍။ ဝိဘဝံ၊ ပျက်စီးခြင်းသို့။ ဂတော၊ ရောက်ဘူး၏။။

တသ္မာ၊ ထို့ကြောင့်။ ဆန္ဒာဂမနံ၊ ဆန္ဒာဂတိ အစရှိသည်သို့ လိုက်ခြင်းကို။ ပဏ္ဍိတာ၊ပညာရှိတို့သည်။နပ္ပသံသန္တိ သည်၊မချီးမွမ်းကုန်၊အဒုဋ္ဌစိတ္တော၊ကိလေသာတို့သည် မဖျက်ဆီးအပ်သော စိတ်ရှိသည်ဖြစ်၍။ သစ္စ။။ပသံဟိတံ၊ မှန်သည်နှင့်စပ်သော။ ဂိရံ၊ စကားကိုသာ။ ဘာသေယျ၊ ဆိုရာ၏။။

ဇာတ်ပေါင်း သဗ္ဗညု၊မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ မင်းမြတ် ဆန္ဒ၏အလိုသို့ လိုက်သော မည်သည့် မဖြစ်ရာ၊ နှစ်ဦးသော ရဟန်းတို့ကို ငြင်းခုံခြင်းကို ပြုစိမ့်သောငှါ မသင့်ဟု မိန့်တော်မူ၍ မင်းမြတ် ယခုအခါငါဘုရားသည် ထိုအခါ ရသေ့ကြီး ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏၊ မင်းသည် မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြု၍ ကြွတော်မူသော ကာလ၌ လူတို့ကိုစေ၍ အညတိတ္ထိယတို့၏ အရံကို ဖျက်ဆီးစေ၏၊ အညတိတ္ထိယတို့သည် တည်ရာ မရကုန်သည် ဖြစ်ကုန်၏။

(သိလရှိသူ၊ ဖျက်ဆီးဟူ၊ ကိုယ်မူဘေးဒဏ်ကပ်)

သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဘရုဇာတ်သည် ပြီး၏။

၆၄-ပုဏ္ဏနဒီဇာတ်

ပုရောဟိတ် နှင့် မင်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ပုဏ္ဏံ နဒိံ ယေန စ ပေယျမာဟု" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ ပုဏ္ဏနဒီဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ပညာပါရမီ**ကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုစကားကို ခဲ့ပြီးအံ့၊ တနေ့သ၌ တရားသဘင်ဝယ် ရဟန်းတို့သည် ငါ့သျှင်တို့ မြတ်စွာဘုရားသည် ကျယ်သောပညာ ရှိတော်မူ၏၊

www.dhammadownload.com

ကြီးသောပညာ ရှိတော်မူ၏၊ ရှင်သောပညာ ရှိတော်မူ၏၊ လျင်သော ပညာ ရှိတော်မူ၏၊ ထက်သောပညာ ရှိတော်မူ၏၊ နက်နဲသောပညာ ရှိတော်မူ၏၊ ထိုးထွင်းသောပညာ ရှိတော်မူ၏၊ အကြောင်းကိုသိသော ပညာနှင့် ပြည့်စုံတော်မူ၏၊ ဤသို့ မြတ်စွာဘုရား၏ စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ငါဘုရားသည် ယခုအခါ၌သာလျှင် ပညာရှိသည် အကြောင်း၌ လိမ္မာသည် မဟုတ်သေး၊ ရှေး၌လည်း ငါဘုရားသည် ပညာရှိသည်သာလျှင်တည်း၊ အကြောင်း၌ လိမ္မာသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုရောဟိတ်မျိုး၌ ဖြစ်၍ အဘလွန်သဖြင့် ပုရောဟိတ်အရာကို ရ၍ ဗာရာဏသီမင်း၏ အကျိုး အကြောင်းကို ဆုံးမတတ်သော အမတ်ဖြစ်၏၊ နောက်အဘို့၌ မင်းသည် ဂုံးချောတတ်ကုန်သော သူတို့၏ စကားကိုယူ၍ ဘုရားလောင်းအား အမျက် ထွက်၍ ငါ၏အထံ၌ မနေလင့်ဟူ၍ ဘုရားလောင်းကို ဗာရာဏသီပြည်မှ နှင်ထုတ် လိုက်၏၊ ဘုရားလောင်းသည် သားမယားကိုယူ၍ တခုသော လယ်ထွန်မျိုးတို့၏ ရွာ၌ နေ၏၊ နောက်အဘို့၌ မင်းသည် ထိုဘုရားလောင်း၏ ကျေးဇူးကို အောက်မေ့၍ တစုံတယောက်သော သူကို စေ၍ ဆရာကို ခေါ်အံ့သောငှါ ငါ့အား မလျှောက်ပတ်၊ စင်စစ်သော်ကား တခုသောဂါထာကိုဖွဲ့၍ထန်းရွက်၌ ရေး၍ ကျီးသားကိုချက်စေ၍ စာခေ့ကိုငင်း ကျီးသားကိုငင်း ပုဝါဖြူဖြင့်ထုပ်၍ မင်း၏တံဆိပ်ဖြင့် ခတ်၍ ပို့စေအံ့၊ ထိုဆရာသည် ပညာရှိသည်ဖြစ်အံ့၊ မှာစာကို ဘတ်၍ ကျီးသား၏အဖြစ်ကို သိ၍ လာလတ္တံ့၊ ပညာမရှိသည်ဖြစ်အံ့၊ မလာလတ္တံ့ဟု ကြံ၍ ထိုမင်းသည်—

၁၂၇ ပုဏ္ဏံ နဒိံ ယေန စ ပေယျမာဟု၊
ဇာတံ ယဝံ ယေန စ ဂုယျမာဟု။
ဒူရံ ဂတံ ယေန စ အဝှယန္တိ၊
သော တျာဂတော ဟန္ဒ နံ ဘုဉ္ဇ ဗြာဟ္မဏာ။

ဟူသော ဤဂါထာကို ထန်းရွက်၌ ရေး၏။

www.dhammadownload.com

ဗြာဟ္မဏ၊ ပုဏ္ဏား။ ယေန၊ အကြင်ဌာကြောင့်။ ပုဏ္ဏံ၊ ရေဖြင့်ပြည့်သော။ နဒီ စ၊ မြစ်ကိုလည်း။ ပေယျ၊ ကမ်းနား၌ ရပ်၍ သောက်ခြင်းငှါ စုံမ်းနိုင်ကောင်းသော ရေရှိသော မြစ်ဟူ၍။ အာဟု၊ ဆိုကြကုန်၏။ ယေန၊ အကြင်ဌာကြောင့်။ ဇာတံ၊ ရောက်သော။ ယဝံ စ၊ မုယော အစရှိသော စပါးပင်နှုကိုလည်း။ ဂုယျံ၊ ဖုံးလွှမ်းနိုင်ပြီးသော စပါးပင်ဟူ၍။ အာဟု၊ ဆိုကြကုန်၏။ ယေန၊ အကြင်ဌာကြောင့်။ ဒုရုံ၊ ဝေးသောအရပ်သို့။ ဂတံ၊ သွားလတ်သော အဆွေခင်ပွန်းကို။ အဝှယန္တိ၊ ရောက်အံ့ဟူ၍ ဆိုကုန်၏။ သော၊ ထိုဌာကို။ တေ၊ သင်ဘို့၊ အာဂတော၊ ပို့လာစေ၏။ဟန္ဒ၊ ယူလော့။ နံ၊ ထိုဌာသားကို။ ဘုဥ္ဇ၊ စားလေလော့။

မင်းသည် ဤဂါထာကိုထန်းရွက်၌ ရေး၍ ဘုရားလောင်းအား ပို့စေ၏။ ဘုရားလောင်းသည် မှာစာကိုဘတ်၍ မင်းသည် ငါ့ကိုမြင်လိုပြီဟု သိ၍—

၁၂၈ ယတော မံ သရတီ ရာဇာ၊ ဝါယသမိဂို ပဟေတဝေါ။
ဟံသာ ကောဥ္စာ မယူရာ စ၊ အသတီပ္ပေဝ ပါပိယာ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ရာဇာ၊ မင်းသည်။ ယတော-ယဒါကာလေ၊ အကြင်ကာလ၌။ ဝါယသမံသံ၊ ကျီးသားကို။ လဘိတ္ဝာ၊ ရ၍။ ဝါယသမိဂို၊ ကျီးသားကို စင်လျက်လည်း။ ပဟေတဝေ၊ ပို့လာခြင်းငှါ။ မံ၊ ငါ့ကို။သရတိ၊အောက်မေ့သေး၏။ဟံသာ စ၊ ဟသ်ာသားတို့ကိုလှ်း။ ကောဥ္စာ စ၊ ကြိုးကြာသားတို့ကိုလှင်း။ မယူရာ စ၊ ဥဒေါင်းသား တို့ကိုလှင်း။ ဥပနိတာ၊ ဆက်လာကုန်သည်ရှိသော်။ တာနိ၊ ထို ဟသ်ာသား အစရှိသည်တို့ကို။ ပဟေတဝေ၊ ပို့လာခြင်းငှါ။မံ၊ ငါ့ကို။ကသ္မာ၊ အဘယ်ကြောင့်။ နု သရိဿတိ၊ မအောက်မေ့လတ္တံ့နည်း။ သရိဿတိဝေ၊ အောက်မေ့လတ္တံ့သည်သာလျှင်တည်း။လောကသ္မိံ၊လောကဌ်။ အသတီယေဝ၊ မအောက်မေ့ခြင်းသည်သာလျှင်။ ပါပိယာ၊ ယုတ်မာ၏။ သတိ၊ အော်က်မေ့ခြင်းသည်ကား။ သေဋ္ဌာ၊မြတ်၏။

မင်းသည် ငါ့ကိုအောက်မေ့၏၊ ငါ၏လာခြင်းကို တောင့်တ၏၊ ထိုကြောင့် ငါသည် သွားအံ့ဟု လှည်းကိုက,စေ၍ မင်းကိုဖူးမြင်လေ၏၊ မင်းသည်နှစ်သက်၍ ပုရောဟိတ်အရာ၌လျှင် တည်စေ၏။

www.dhammadownload.com

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်း ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပုရောဟိတ်ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဗောဓိလောင်းလျာ၊ နုစဉ်ခါ၊ ပညာရည်ဖြင့် ကျိုးစည်တင့်)

လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော ပုဏ္ဏနဒီဇာတ်သည် ပြီး၏။

၆၅- ကစ္ဆပဇာတ်

ဟသ်ာ နှင့် လိပ်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အဝမိ ဝတ အတ္တာနံ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကစ္ဆပဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ကောကာလိက**ကို အကြောင်းပြု၍ ဟောတော်မူ၏။ ပစ္စုပ္ပန်ဝတ္ထုသည်ကား မဟာတဏှာရိဇာတ်၌ ထင်စွာဖြစ်လတ္တံ့၊ အထူးကား ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ ကောကာလိကကို ယခုအခါ၌သာလျှင်၊ မိမိ စကားသည် သတ်သည် မဟုတ်သေး၊ ရှေး၌လည်း မိမိစကားသည် သတ်ဘူးသလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် အမတ်မျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ထိုဗြဟ္မဒတ်မင်း၏ အကျိုး အကြောင်းကို ဆုံးမတတ်သော အမတ်သည် ဖြစ်၏၊ ထိုဗြဟ္မဒတ်မင်းသည်ကား စကားများသည် ဖြစ်၏၊ ထိုဗြဟ္မဒတ်မင်းသည် ပြောဆိုသည်ရှိသော် တပါးကုန်သော သူတို့အား စကား၏ အခွင့်မသည်သည် မရှိ၊ ဘုရားလောင်းသည် ထို ဗြဟ္မဒတ်မင်း၏ စကားများသည် အဖြစ်ကို မြစ်လိုသည်ဖြစ်၍ တခုသော အကြောင်းကို စုံစမ်းလျက် သွား၏၊ ထိုကာလ၌လည်း ဟိမဝန္တာအရပ်ဝယ် တခုသော အိုင်၌ လိပ်သည် နေ၏၊ ဟသ်ာငယ်နှစ်ခုတို့သည် အစာရှာအံ့သောငှါ သွားကုန်သည်

www.dhammadownload.com

ရှိသော် ထိုလိပ်နှင့်တကွ အကျွမ်းဝင်ခြင်းကို ပြုကုန်၏၊ ထိုဟသ်ာလိပ်တို့သည် မြဲစွာ အကျွမ်းဝင်ကုန်သည်ဖြစ်၍ တနေ့သ၌ လိပ်ကို အဆွေလိပ် ငါတို့၏ ဟိမဝန္တာ၌ စိတ္တကူဋ္ဌတောင်အပြင်ဝယ် ရွှေဂူ၌ နေရာအရပ်သည် ရှိ၏၊ ထိုအရပ်သည် မွေ့လျော်ဘွယ်ရှိ၍ ငါတို့နှင့်တကွ လိုက်ခဲ့လောဟု ဆိုကုန်၏၊ ငါသည် အဘယ်သို့ပြု၍ သွားနိုင်အံ့နည်းဟု လိပ်သည် ဆိုသည်ရှိသော် အဆွေသင်သည် နှုတ်ကို စောင့်အံ့သောငှါ အကယ်၍ စုမ်းနိုင်သည်ဖြစ်အံ့ တစုံတယောက်သော သူအား တစုံတခုသော စကားကို အကယ်၍ မဆိုလတ္တံ့ ငါတို့သည် သင့်ကို ယူ၍ သွားကုန်အံ့ဟု ဆိုကုန်၏၊ အရှင်တို့ စောင့်ပါအံ့ အရှင်တို့သည် ငါ့ကိုယူ၍ သွားကြကုန်လောဟု လိပ်ဆိုသည်ရှိသော် ထိုဟသ်ာတို့သည် ကောင်းပြီဟု ဆိုကုန်၍ တခုသော တုတ်တံကို လိပ်ကိုက်စေ၍ မိမိတို့သည် ထိုတုတ်တံ၏ အစွန်းနှစ်ဘက်တို့ကို ကိုက်၍ ကောင်းကင်သို့ ပျံကုန်၏၊ ထိုလိပ်ကို ထိုသို့သော အခြင်းအရာအားဖြင့် ဟသ်ာတို့သည် ဆောင်လတ်သည်တို့ကို ရွာသူသားငယ်တို့သည် မြင်ကုန်၍ ဟသ်ာနှစ်ခုတို့သည် လိပ်ကိုထုတ်တံဖြင့် ဆောင်ကုန်၏ဟု ဆိုကုန်၏။

လိပ်သည် "ငါ့ကို အဆွေခင်ပွန်းတို့သည် ဆောင်ကုန်၏၊ သူငယ်ပျက်တို့ ဤသို့ ဟသ်ာတို့သည် ငါ့ကိုဆောင်ကုဋ္ဌ သင်တို့အား အဘယ်ပြုသနည်း" ဟု ဆိုလိုသည်ဖြစ်၍ ဟသ်ာတို့၏ လျင်မြန်သောအဟုန် ရှိသည်၏ အဖြစ်ကြောင့် ဗာရာဏသီမြို့၌ မင်းအိမ်၏ အထက်အာဘိသို့ ရောက်သောကာလ၌ ကိုက်ရာ အရပ်မှ တုတ်တံကိုလွှတ်သော် ကောင်းကင်ပြင်မှ ကျ၍ နှစ်စိတ်ကဲ့လေ၏၊ လိပ်သည် ကောင်းကင်မှ ကျ၍ နှစ်စိတ် ကဲ့လေ၏ဟု တပြိုင်နက် အုတ်အုတ် ကျက်ကျက် ဖြစ်၏၊ မင်းသည် ဘုရားလောင်းကို ခေါ်၍ အမတ်အပေါင်း ခြံရံလျက် ထိုအရပ်သို့ သွား၍ လိပ်ကိုမြင်၍ ဘုရားလောင်းကို ပညာရှိ ဤလိပ်သည် အသို့ပြု၍ ကျသနည်းဟု မေး၏၊ ဘုရားလောင်းသည် ငါသည် မင်းကို ဆုံးမလိုသည်ဖြစ်၍ အကြောင်းကို စုံစမ်းလျက် ကြာမြင့်စွာသော ကာလပတ်လုံးလျင် သွား၏၊ ဤလိပ်သည် ဟသ်ာတို့နှင့်အကဲ အကျွမ်းတဝင် ရှိခြင်းကို ပြုအပ်သည်ဖြစ်လတ္တံ့၊ ထိုဟသ်ာတို့သည် ဤလိပ်ကို ဟိမဝန္တာသို့ ဆောင်ကုန်အံ့ဟု တုတ်တံကို ကိုက်စေ၍ ကောင်းကင်သို့ ပျံသည် ဖြစ်ရာ၏၊ ထိုသို့ပျံကုန်သည်ရှိသော် ဤလိပ်သည် တစုံတယောက်သောသူ၏ စကားကို ကြားလေ၍ နှုတ်မစောင့်သည်၏ အဖြစ်ဖြင့် တစုံတခုသော စကားကို ဆိုလိုခြင်းကြောင့် တုတ်တံကို လွှတ်သည် ဖြစ်လတ္တံ့၊ ဤသို့ လွှတ်သည်ရှိသော်

www.dhammadownload.com

ကောင်းကင်မှကျ၍ အသက်ကုန်ခြင်းသို့ ရောက်သည်သာလျှင် ဖြစ်ရာ၏၊ ဤသို့ကြံ၍ မင်းမြတ် အလွန်နူတ်ကြမ်းကုန်သော အဆုံးမရှိ ပြောဆိုတတ်သော သူတို့မည်သည်ကား ဤသို့သဘောရှိသော ဆင်းရဲခြင်းသို့ ရောက်ကုန်သလျှင် ကတည်းဟု ဆို၍–

၁၂၉ အဝဓီ ဝတ, အတ္တာနံ၊ ကစ္ဆပေါ ဗျာဟရံ ဂိရံ။
သုဂဟီတသ္မိံ ကဋ္ဌသ္မိံ၊ ဝါစာယ သကိယာဝဓိ။

၁၃၀ တေမှိ ဒိသ္ဝာ နရဝီရိယသေဋ္ဌ၊ ဝါစံ ပမုဉ္စေ ကုသလံ နာတိဝေလံ။
ပဿသိ ဗဟုဘာဏေန၊ ကစ္ဆပံ ဗျသနံ ဂတံ။

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

မဟာရာဇ၊ မင်းမြတ်။ ကစ္ဆပေါ၊ လိပ်သည်။ သုဂဟီတသ္မိံ၊ ကောင်းစွာကိုက်၍ ချီအပ်သော။ ကဋ္ဌသ္မိံ၊ တုတ်တံ၌။ ဗျာဟရံ-ဗျာဟာရန္တော၊ စကားဆိုခြင်းကြောင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ အဝဓိ ဝတ၊ သတ်လေ၏တကား။ သကိယာ၊ မိမိဥစွာဖြစ်သော။ ဝါစာယ၊ စကားဖြင့်။ အဝဓိ၊ မိမိကိုယ်ကို မိမိသတ်၏။

နရဝီရိယသေဋ္ဌ၊ လူတို့တွင်မြတ်သော ပိယဗျိုးတော်မူသော အရှင်မင်းမြတ်။ ပဏ္ဍိတော၊ ပညာရှိသော သူသည်။ ဟောမို့၊ ကိုးအကြောင်းကိုလည်း။ ဒိသ္ဝာ၊ မြင်၍။ ကုသလံ ဝါစံ၊ အပြစ်မရှိသောစကားကိုသာလျှင်။ ပမုဉ္စေ၊ ပြောဆိုရာ၏။ တဥ္စ၊ ထိုအပြစ်မရှိသောစကားကိုလည်း။ဒုတိဝေလံ၊ အဝါလေးမြင့်။ နံ ပမုဉ္စေ၊ မပြောဆိုရာ။ ဗဟုဘာဏေန စကားများသော ကိုခြင်းကြောင့်။ ဗျသနံ၊ ပျက်စီးခြင်းသို့။ ဂတံ၊ ရောက်သော။ ကစ္ဆပံ၊ လိပ်ကို။ပဿသိ၊ မြင်၏လော။

မင်းသည် ငါ့ကိုရည်၍ ဆို၏ဟု သိ၍ပညာရှိ သင်သည် ငါတို့ကို ရည်၍ ဆို၏ဟု ဆို၏၊ ဘုရားလောင်းသည် မင်းမြတ် အရှင်မင်းမြတ်သည်မူလည်း ဖြစ်စေ တပါးသော သူသည်မူလည်း ဖြစ်စေ အမှတ်မရှိသော သူသည် ပမာဏကို လွန်သော စကားကို ဆိုသည်ရှိသော် ဤသို့ သဘောရှိသော ပျက်စီးခြင်းသို့ ရောက်၏ဟု ထင်ရှားစွာပြု၍ဆို၏၊ မင်းသည် ထိုအခါမှစ၍ များစွာဆိုခြင်းမှ ကြဉ်ရှောင်၍ စကားနည်းသည် ဖြစ်၏။

www.dhammadownload.com

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော် မူ၍ ရဟန်းတို့ ယခုအခါ ကောကာလိကသည် ထိုအခါ လိပ် ဖြစ်ဘူးပြီ၊ ယခုအခါ နှစ်ပါးကုန်သော သာရိပုတ္တရာ, မောဂ္ဂလာန် ဖြစ်ကုန်သော မဟာထေရ်တို့သည် ထိုအခါ နှစ်ခုကုန်သော ဟသ်ာငယ်တို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါအာနန္ဒာ သည် ထိုအခါ မင်းဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ပညာရှိအမတ် ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။။

(စောင့်အပ်စက ၊၊ ပြောဆိုခြင်း၊ စကားကိုသ်ကိုသတ်)

ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော ကစ္ဆပဇာတ်သည် ပြီး၏။။

၆၆- မစ္ဆဇာတ်

ငါးဖို၏ အပူမီး

ပစ္စုပ္ပန်ဝတ္ထု၊ နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "နမာယမဂ္ဂိတပတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမစ္ဆဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ပယာဂဟောင်း **ဖြားယောင်းသောရဟန်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကိုဆွေးဦးအံ့၊ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း သင်းသည် ငြီးငွေ့၏ဟူ၍ကြားရသည်ကား မှန်သလောဟုမေးတော်မူ၏၊ အရှင် ဘုရား မှန်ပေ၏ဟု နားတော်လျောက်သည်ရှိသော် သင့်ကို အဘယ်သူသည် ငြီးငွေ့စေသနည်းဟု မေးတော်မူ၏၊ အရှင်ဘုရား မယားဟောင်းသည် ငြီးငွေ့ စေ၏ဟု လျှောက်၏၊ ထိုအခါ ထိုရဟန်းကို မြတ်စွာဘုရားသည်၊ ရဟန်း ဤမိန်းမ သည် သင်၏အကျိုးမဲ့ကို ပြုတတ်၏၊ ရှေးဦးလည်း သင်သည် ထိုမိန်းမကို အမှီ ပြု၍ တံစို့ဖြင့်လျှို၍ မီးကျီးဦးကင်၍ စားအပ်သည်၏အဖြစ်သို့ရောက်၍ ပညာရှိ တို့ကို အမှီရ၍ အသက်ကိုရဘူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။။

အတိတ်ဝတ္ထု၊ ရဟန်း လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဦး ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏

www.dhammadownload.com

ပုရောဟိတ် ဖြစ်၏၊ ထိုအခါ တနေ့သ၌ တံငါတို့သည် ကွန်၌မိသော ငါးကို ဆယ်ကုန်၍ ပူသော သဲအပြင်၌ ထားကုန်၍ မိုးကျိုးတို့၌ ထိုငါးကိုကင်၍ စားကုန် အံ့ဟု တံစို့ကို ချန်သည်ရှိသော် ငါးဖိုသည် ငါးမကို အာရုံပြု၍ ငိုလျက်—

၁၃၁ နမာယမဂ္ဂိ တပတိ၊ နသူလော သာဓုတစ္ဆိတော။
ယဉ္စ မံ မညတေ မစ္ဆီ၊ အည့ံသော ရတိယာ ဂတော။

၁၃၂ သော မံ တပတိ ရာဂဂ္ဂိ၊ စိတ္တံ စူပတပေတိ မံ။
ဇာလိနော မဥ္ဆထာယိရာ မံ၊ နကာမေ ဟညတေ ကွစိ။

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

ဇာလိနော၊အရှင်တံငါတို့။ အယံ အဂ္ဂိ၊ ဤမီးသည်။ မံ၊ ငါ့ကို။ နတပတိ၊ မပူစေ။ သာဓုတစ္ဆိတော၊ကောင်းစွာ ချန်အပ်သော။ အယံ သူလော၊ ဤတံစို့သည်လည်း။ မံ၊ ငါ့ကို။ နတပတိ၊ မပူစေ။ သော၊ ထိုငါ့လင် ငါးဖိုသည်။ ရတိယာ၊ ငါးပါးသော ကာမဂုဏ်၌ မွေ့လျော်သဖြင့်။ အည့ံ၊ တပါးသော ငါးမနောက်သို့။ ဂတော၊လိုက်လေပြီ။ ဣတိ၊ ဤသို့။မစ္ဆီ၊ငါ့မယား ငါးမသည်။ မံ၊ ငါ့ကို။ ယံ စ မညတေ၊ အကြင် အောက်မေ့ခြင်းကို ပြုလတ္တံ့။ တဒေဝ၊ ထိုမယား ငါးမ၏ အောက်မေ့ခြင်းသည်သာလျှင်။ မံ၊ ငါ့ကို။ တပတိ၊ ပူစေ၏။

သော ရာဂဂ္ဂိ၊ ထိုငါးမကို တပ်စွန်းခြင်း တည်းဟူသော ရာဂမီးလျှံသည် သာလျှင်။ မံ၊ ငါ့ကို။ တပတိ၊ ပူစေ၏။ စိတ္တဉ္စ၊ ရာဂနှင့်ယှဉ်သော ငါ့စိတ်သည် သာလျှင်။ မံ၊ ငါ့ကို။ ဥပတပေတိ၊ ပူပန်စေ၏။ ကာမေ၊ ကာမတို့ကို။ ပတ္ထိတော၊ တောင့်တသော သတ္တဝါကို။ ကွစိ၊ တရံတဆစ်၌။ နဟညတေ၊ မသတ်အပ်။ အယိရာ၊ အရှင်တံငါတို့။ မံ၊ ငါ့ကို။ မဥ္ဆထ၊ လွှတ်ကြပါကုန်လော။

ထိုခဏ၌ ဘုရားလောင်းသည် မြစ်ကမ်းနားသို့ ရောက်၍ ထိုငါး၏ ငိုကြွေးသော အသံကို ကြားရ၍ တံငါတို့သို့ ကပ်လေ၍ ထိုငါးကို လွှတ်စေ၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကိုပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြိမ်ဝင်သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို

www.dhammadownload.com

အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ မယားဟောင်းသည် ထိုအခါ ငါးမ ဖြစ်ဘူးပြီ၊ ယခုအခါ ငြိုးငွေ့သော ရဟန်းသည် ထိုအခါ ငါးဖို ဖြစ်ဘူးပြီ၊ ယခုအခါ ဘုရားသည်သာလျှင် ထိုအခါ ပုရောဟိတ် ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။။

(ရာဂလောင်မီး၊ အပူကြီး၊ ညီးညီးပြောင်လှသည်)

ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော မစ္ဆဇာတ်သည် ပြီး၏။

၆၇-သေဋ္ဌဇာတ်

သီလရှိသော သတ္တိသို့း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သဗ္ဗော လောကော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသေဋ္ဌဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တယောက်သော **ဟင်းရွက်သည် ဖြစ်သော ဒါယကာ**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ပစ္စုပ္ပန်ဝတ္ထုကို **ဇကကနိပါတ်**၌ ခဲ့ပြုအပ်ပြီး သလျှင်ကတည်း၊ ဤဒုကနိပါတ်၌လည်း မြတ်စွာဘုရားသည် ထိုဒါယကာကို ဒါယကာ သင်သည် ကြာမြင့်စွာမှ လာသလော်ဟု မေးတော်မူ၍ အရှင်ဘုရား အကျွန်ုပ်အား အမြဲရှင်သော မျက်နှာရှိသော သို့းသည် ရှိ၏၊ ထို သို့းကို အကျွန်ုပ်သည် စုံစမ်း၍ တယောက်သော အမျိုးသားအား ပေး၏၊ ထိုထိမ်းမြား မင်္ဂလာ အမှုကိစ္စကို ဆောင်အပ်သည်၏ အဖြစ်ကြောင့် အရှင်ဘုရားတို့အား အဖူးအမြင် လာအံ့သောငှါ အခွင့်ကို မရဟု လျှောက်၏၊ ထိုအခါ၌ ဒါယကာကို မြတ်စွာဘုရားသည် ဒါယကာ ယခုအခါ၌သာလျှင် ထိုသတ္တိသို့းသည် သီလ ရှိသည် မဟုတ်သေး၊ ရှေး၌လည်း သီလရှိသည်သာလျှင်တည်း၊ သင်သည်လည်း ယခုအခါ၌ သာလျှင် ထိုသတ္တိသို့းကို စုံစမ်းသည် မဟုတ်သေး၊ ရှေး၌လည်း စုံစမ်းဘူးသလျှင် ကတည်းဟု မိန့်တော်မူ၍ ထိုဒါယကာသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

www.dhammadownload.com

အတိတ်ဝတ္ထု ဒါယကာ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ဖြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ရဟန္တစိုဝ်းနတ်ဖြစ်၏၊ ထိုအခါ၌ ဤဟင်းရွက်သည်သည်သာလျှင် သို့းကို စုံစမ်းအံ့ဟူ၍ တောသို့ဆောင်၍ ကိုလေသာ၏ အစုမ်းအားဖြင့် အလိုရှိသကဲ့သို့ပြု၍ လက်၌ ကိုင်၏၊ ထိုအခါ၌ ငိုလတ်သော် ထိုသို့မ်းကို အဘသည်–

၁၃၃ သဗ္ဗော လောကော အတ္တမနော အဟောသိ။
အကောဝိဒါ ဂါမဓမ္မဿ သေဂ္ဂု။
ကောမာရိကော နာမ တဝဇ္ဇ ဓမ္မော။
ယံ တံ့ ဂဟိတာ ပဝနေ ပရောဒေသိ။

ဟူသော ဂရှးဉီးစ့ဝါသော ဤဂါထာကို ဆို၏။။

အမ္မ၊ အမိ။ သဗ္ဗော၊ အလုံးစုံသော။ လောကော၊ သတ္တဝါသည်။ တေသာ ကာမသေဝနာယ၊ ထိုကာမကို မှီဝဲခြင်း၌။ အတ္တမနော၊ ဝမ်းမြောက်ဝမ်းသာ ရှိခြင်းသည်။ အဟောသိ၊ ဖြစ်၏။ သေဂ္ဂု၊ သို့း သေဂ္ဂု၊ တံ့ ပန၊ သင်သည်တမူကား။ ဂါမဓမ္မဿ၊ ရွာသူ၏ အကျင့်၌။ အကောဝိဒါ၊ အဘယ်ကြောင့် မလိမ္မာဘိသနည်း။ တံ့၊ သင်သည်။ ပဝနေ၊ တောအရပ်၌။ မယာ ဂါသည်။ သန္ဆဝဝသေန၊ ပေါင်းဘော်လိုသည်၏ အစုမ်းအားဖြင့်။ ဂဟိတာ၊ လက်ကို ကိုင်လတ်သည်ရှိသော်။ ယံ ပရောဒေသိ၊ အကြင်ငို၏။ အင်္ဒ၊ ယခုဠ်။ သေ-ဧသော၊ ဤသို့ငိုခြင်းဟုဆိုအပ်သော။ တဝ၊သင်၏။ဓမ္မော၊ သဘောသည်။ ကော၊ အသို့နည်း။ တ့ံ၊ သင်သည်။ ကောမာရိနာမ၊ သူငယ်မ မည်သည် မဟုတ်တုံလော။

ထိုစကားကိုကြား၍ သူငယ်မသည် ဘခင် ကျန်ုပ်သည် သူငယ်မဟုတ်သလျှင် ကတည်း၊ကျန်ုပ်သည် မေထုန်အကျင့်မည်သည်ကို မသိဟု ဆို၍ ငိုကြွေးလျက်–

၁၃၄ ယော ဒုက္ခဖုဋ္ဌာယ ဘဝေယျ တာဏံ၊
သော မေ ပိတာ ဒုဇ္ဇိ ဝနေ ကရောတိ။
သာ ကဿ ကန္ဒာမိ ဝနဿ မဇ္ဈေ
ယော တာယိတာ သော သဟသံ့ ကရောတိ။

ယူသော နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

တာတ၊ ဘခင်။ ယော ပိတာ၊ အကြင်အဘသည်။ ဒုက္ခဖုဋ္ဌာယ၊ ဆင်းရဲခြင်း တွေ့လတ်သည်ရှိသော်။ ကာဏံ၊ စောင့်ရှောက်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ မေ၊ ငါ၏။ သော ပိုတာ၊ ထိုအဘသည်။ ဝနေ၊ တောအရပ်၌။ ဒုဗ္ဘိ၊ ကိုယ်မှ ဖြစ်သောသို့မဟုတ် လွန်ကျူးခြင်းကို။ ကရောတိ ကတံ မည်တိ၊ ပြုအပ်၏ဟု ထင်မှတ်၏။ သာဟံ၊ ထိုငါသည်။ ဝနဿ၊ တောအရပ်၏။ မဇ္ဈေ၊ အလယ်၌။ ကဿ၊ အဘယ်သူ၏။ တာဏဂုဟဏတ္ထာယ၊ စောင့်ရှောက်ခြင်းကို ယူအံ့သောငှါ။ ကန္ဒာမိ၊ ငိုရအံ့နည်း။ ယော ပိတာ၊ အကြင် အဘသည်။ တာယိတာ၊ စောင့်ရှောက်ထိုက်၏။ သော ပိုတာ၊ ထိုအဘသည်လျှင်။ သဟသံ၊ ရွှန့်ရင်းသောအမှုကို။ ကရောတိ၊ ပြု၏။

ထိုဟင်းရွက်သည် ဒါယကာသည် ထိုအခါ၌ သို့မဟုတ်ကို စုံစမ်း၍ အိမ်သို့ဆောင်၍ အမျိုးသားအား ပေး၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော် မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏၊ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ ဟင်းရွက်သည်သည် သောတာပတ္တိဖိုဏ်၌ တည်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ဒါယကာ ယခုအခါ သင့်သို့သည်လျှင် ထိုအခါ သင့်သို့ ဖြစ်ဘူးပြီ၊ ယခုအခါ သတို့သို့၏ အဘသည်လျှင် ထိုအခါ သတို့သို့၏ အဘ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ထိုအကြောင်းကို မျက်မှောက် ပြုခဲ့ရသော ရဟန္တစိုဝ်းနတ် ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကျင့်မြတ်စာဂီ၊ ပြည့်စုံညီ၊ ထုံဝသိကဝ် သို့မဟုတ်)

ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သေဂ္ဂါဇာတ်သည် ပြီး၏။

၆၈-ကုဋ္ဌဝါဏိဇဇာတ်

သံကြွက်စား သားစွန်ခြီ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သဋ္ဌသ သာဋ္ဌေယျမိဒံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ ကုဋ္ဌဝါဏိဇဇာတ်ကို ဇေတဝန် ကျောင်းတော်၌

www.dhammadownload.com

သီတင်းသုံးနေတော်မူစဉ် တယောက်သော **ကုန်သည်စဉ်းလဲ**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကို ခဲ့ဦးအံ့၊ သာဝတ္ထိပြည်၌ နေကုန်သော ကုန်သည်စဉ်းလဲလည်း တယောက်, ကုန်သည်ပညာရှိလည်း တယောက် ဤနှစ်ယောက်ကုန်သော ကုန်သည်တို့သည် မိတ်ဘွဲ့ကြကုန်၍ လှည်းငါးရာတို့ကို ဘဏ္ဍာဖြင့် ပြည့်စေကုန်၍ အရွှေအစုန်းမှ အနောက်အစုန်းသို့ သွားကုန်လျက် ကုန်သွယ်ခြင်းကို ပြုကုန်၍ မျှားစွာသော လာဘ်ကိုရကုန်၍ သာဝတ္ထိပြည်သို့ ပြန်လာကြကုန်၏၊ ပညာရှိသော ကုန်သည်သည် စဉ်းလဲသောကုန်သည်ကို အဆွေ ဥစ္စာကို ဝေကြကုန်အံ့ဟု ဆို၏၊ ကုန်သည် စဉ်းလဲသည် ဤသူသည် ရှည်မြင့်စွာသော ကာလပတ်လုံး ဆင်းရဲငြိုငြင်သော အိပ်ရခြင်းဖြင့်ၾကင်း မကောင်းသောဘောဇဉ်ကို စားရခြင်းဖြင့်ၾကင်း ပင်ပန်း၏၊ မိမိအိမ်၌ အထူးထူး မြတ်သော အရသာရှိသော ထမင်းကိုစား၍ အစာမကျေခြင်းကြောင့် သေလတ္တံ့၊ ထိုသို့ သေလတ်သည်ရှိသော် အလုံးစုံလည်းဖြစ်သော ထိုဥစ္စာသည် ငါ့ဘို့သာလျှင် ဖြစ်လတ္တံ့ဟု ကြံ၍ ယနေ့ နက္ခတ်သည် မကောင်းသေး၊ ရက်သည်လည်း မကောင်းသေး၊ နက်ဖြန်မှ သိရကုန်အံ့၊ သံဘက်နေ့မှ သိရကုန်အံ့ဟု ဆို၍ ကာလကို လွှန်စေ၏၊ ထိုအခါ၌ ထိုကုန်သည်စဉ်းလဲကို ပညာရှိသောကုန်သည်သည်နှိပ်၍ ဝေစေ၍ နှံသာပန်းကိုယူ၍ မြတ်စွာဘုရား၏အထံတော်သို့သွား၍ မြတ်စွာဘုရားကိုရှိခိုးပူဇော်၍ တင့်အပ်လျောက်ပတ်အပ်သော အရပ်၌နေ၏၊ မြတ်စွာဘုရားသည် ဒါယကာ သင်သည် အဘယ်အခါ၌ လာခဲ့သနည်းဟု မေးတော်မူ၍ အရှင်ဘုရား လာသောအကျွန်ုပ်အား လခဲ့မျှရှိပြီဟု လျှောက်၏၊ ထိုသို့ လခဲ့မျှရှိလျက် အဘယ်ကြောင့်ကြာမြင့်ခြင်းကိုပြု၍ ဘုရား၏ အနီးဖြစ်သော အရပ်သို့ လာခဲ့သနည်းဟု မေးအပ်သည်ရှိသော် ထိုအကြောင်းကိုလျှောက်၏၊ မြတ်စွာဘုရားသည် ဒါယကာ ထိုကုန်သည် သည်ကား ယခုအခါ၌သာလျှင် စဉ်းလဲသည် မဟုတ်သေး၊ ရှေး၌လည်း ထိုကုန်သည်သည် စဉ်းလဲခြင်းဖြစ်ဘူးသလျှင် ကတည်းဟု မိန့်တော်မူ၍ ထို ဒါယကာသည် ဓတောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ဒါယကာ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် အမတ်မျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ထိုဗြဟ္မဒတ်မင်း၏ တရားဆုံးဖြတ်သော အမတ်ဖြစ်၏၊ ထိုအခါ ရွာနေ ကုန်သည်လည်း တယောက်, မြို့နေကုန်သည်လည်း တယောက် ဤနှစ်ယောက်ကုန်သော ကုန်သည်တို့သည် အဆွေခင်ပွန်းဖြစ်ကုန်၏၊ ရွာနေကုန်သည်သည် မြို့နေကုန်သည်၏အထံ၌ သံထွန်သွား ငါးရာ

www.dhammadownload.com

တို့ကို အပ်ထား၏ ထိုမြို့နေကုန်သည်သည် ထိုဏန်သွားတို့ကို ရောင်းချ အဘိုးကို ယူ၍ ထွန်သွားတို့ကို ထားရာအရပ်၌ ကြွက်တို့၏မစင်ကို ကြဲ၍ထား၏၊ နောက် အဘိုး၌ ရှာနေကုန်သည်သည် လာလတ်၍ ငါ၏ထွန်သွားတို့ကို ပေးလော့ဟုဆို၏၊ ကုန်သည်စဉ်းလဲသည် သင်၏ထွန်သွားတို့ကိုကြွက်တို့သည် စားအပ်ကုန်ပြီဟုဆို၍ ကြွက်တို့၏မစင်ကို ပြ၏၊ ရှာနေ ကုန်သည်သည် ကြွက်ခဲအပ်သည် သာလျှင် ဖြစ်စေကုန်၊ကြွက်တို့သည်ခဲအပ်ကုန်သည်ရှိသော်အသို့ပြုအံ့သောဋ္ဌါတတ်ကောင်း အံ့နည်းဟုဆို၍ ရေချိုးအံ့သောဋ္ဌါထိုကုန်သည်စဉ်းလဲ၏သားကိုယူ၍ သွားသည် ရှိသော် တယောက်သော အဆွေခင်ပွန်း၏အိမ်၌ ဤသူငယ်အား တစုံတခုသော အရပ်သို့ သွားစိမ့်သောဋ္ဌါမပေးပါလင့်ဟု ဆို၍ တိုက်တွန်း၌နေစေ၍ မိမိသည် ရေချိုး၍ ကုန်သည်စဉ်းလဲ၏ အိမ်သို့ သွား၏၊ ထိုကုန်သည်စဉ်းလဲသည် ငါ၏သားကား အဘယ်မှာနည်းဟု ဆို၏၊ အဆွေ သင်၏ သားကို ကမ်းနား၌ထား၍ ငါရေငုတ်သော ကာလ၌ တခုသော စုန်သည် လာလတ်၍ သင်၏ သားကို ခြေသည်းချိုင့်ဖြင့် ခို၍ ကောင်းကင်သို့ ပျံ၏၊ ငါသည် လက်ခုပ်တီးလျက် ကြော်ငြာ၍ လုံ့လပြုသော်လည်း လွှတ်စိမ့်သောဋ္ဌါမတက်နိုင်ဟု ဆိုသည်ရှိသော် အချင်း သင်သည် မမှန်သောစကားကို ဆို၏၊ သူငယ်တို့ကို ခိုကုန်၍ ပျံအံ့ သောဋ္ဌါစုန်းနိုင်ကုန်သော စုန်တို့မည်သည်ကား မရှိကုန်ဟု ကုန်သည်စဉ်းလဲသည် ဆို၏၊ အဆွေ သင့်သည်မူလည်း ဖြစ်စေ မသင့်သည်မူလည်း ဖြစ်စေ စုန်သည် သာလျှင် သင်၏သားကို ခိုလေ၏၊ ငါသည် အသို့ပြုအံ့နည်းဟု ဆိုသည်ရှိသော် ဟယ်....ခိုးသူပျက် ဟယ်... သူငယ်ခိုး ယခုအခါ၌ သင့်ကို တရားဆုံးဖြတ်ရာသို့ သွား၍ ဆုံးဖြတ်စေအံ့ဟုဆို၍ထွက်၏၊ ထို့ရှာနေကုန်သည်သည် ငါနှစ်သက်သော အမှုကိုသာလျှင် သင်သည် ပြု၏ဟု ဆို၍ ထိုကုန်သည်စဉ်းလဲနှင့်တကွ တရားဆုံးဖြတ်ရာအရပ်သို့ သွား၏။

ကုန်သည်စဉ်းလဲသည် ဘုရားလောင်းကို အရှင် ဤသူသည် အကျွန်ုပ်၏ သားကို ယူ၍ ရေချိုးအံ့သောဋ္ဌါ သွား၏၊ အကျွန်ုပ်သည် ငါ၏သားကား အဘယ်မှာနည်းဟု ဆိုလတ်သော် စုန်သည် ခိုလေ၏ဟု ဆို၏၊ အကျွန်ုပ်၏ တရားကို ဆုံးဖြတ်တော်မူကုန်လော့ဟု ဆို၏၊ ဘုရားလောင်းသည် ရှာနေကုန်သည်ကို အချင်း မှန်သလောဟု မေး၏၊ ထို့ရှာနေ ကုန်သည်သည် သခင်ဟုတ်၏၊ သခင် အကျွန်ုပ်သည် ထိုလူငယ်ကို ခေါ်၍ သွားလတ်သည်ရှိသော် စုန်သည် ခိုသည်၏ အဖြစ်သည် မှန်သလျှင်ကတည်းဟု ဆို၏၊ အချင်း လောက၌ စုန်တို့မည်သည်ကား သူငယ်ကို ခိုနိုင်သည် မရှိဟု ဆိုသော် အရှင်

www.dhammadownload.com

အကျွန်ုပ်သည်လည်း အရှင်တို့ကို မေးဦးအံ့၊ စွန်တို့သည် သူငယ်တို့ကို ချီကုန်၍ ကောင်းကင်၌ ပျံအံ့သောငှါ မိတတ်နိုင်ကုန်၊ ကြွက်တို့သည်တမူကား သံထွန်သွားတို့ကို စားနိုင်ကုန်အံ့လောဟု ဆိုသည်ရှိသော် သင်၏ ဤစကားသည် အဘယ်မည်သော စကားနည်းဟုဆို၏၊ အရှင် အကျွန်ုပ်သည် ထိုသူ၏အိမ်၌ သံထွန်သွားငါးရာတို့ကို ထားအပ်ကုန်၏၊ ထိုသူသည် သင်၏ ထွန်သွားတို့ကို ကြွက်တို့သည် စားအပ်ကုန်၏ဟု ဆို၍ ဤသည်ကား သင်၏ ထွန်သွားတို့ကို စားကုန်သော ကြွက်တို့၏ မစင်တည်းဟု မစင်ကို ပြ၏၊ အရှင် ကြွက်တို့သည် သံထွန်သွားတို့ကို အကယ်၍ စားနိုင်ကုန်အံ့၊ စွန်တို့သည်လည်း သူငယ်တို့ကို ချီနိုင်ကုန်လတ္တံ့၊ ကြွက်တို့သည် သံထွန်သွားတို့ကို အကယ်၍မစားနိုင်ကုန်အံ့၊ စွန်တို့သည်လည်း ထိုသူငယ်ကို မချီနိုင်ကုန်လတ္တံ့၊ ဤသူသည်ကား သင်၏ထွန်သွားတို့ကို ကြွက်တို့သည် ခဲအပ်ကုန်၏ဟူ၍ ဆို၏၊ ထိုကြွက်တို့၏ ခဲသည်၏ အဖြစ်ကိုငင်း မခဲသည်၏ အဖြစ်ကိုငင်း သိတော်မူပါကုန်လော့ တရားကို ဆုံးဖြတ်တော် မူပါကုန်ဟုလောဟု ဆို၏၊ ဘုရားလောင်းသည် ထိုကုန်သည်၏ အတု စဉ်းလဲသည်၏ အဖြစ်ကို သိစေအံ့ဟူ၍ ဤကုန်သည် ပြုသည်ဖြစ်လတ္တံ့ဟုသိ၍ သင်သည် ကောင်းစွာ ကြံအပ်၏ဟု ဆို၍—

၁၃၅ သဌဿ သာဒ္ဝေယျမိဒံ သုစီန္တိတံ။
ပစ္စောဠိတံ ပဋိကူဋဿ ကူဋံ။
ဖာလံ စေ ခါဒေယျုံ မူသိကာ။
ကဿာ ကုမာရံ ကုလလာ နာ ဟရေယျုံ။

၁၃၆ ကူဋဿ ဟိ သန္တိ ကူဋံကူဋာ။
ဘဝန္တိ စာပိ နိကတိနော နိကတျာ။
ဒေဟိ ပုတ္တာနဌ ဖာလနဌဿ ဖာလံ။
မာ တေ ပုတ္တမဟာသိ ဖာလနဋ္ဌော။
ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

ဘဏ္ဍော၊ အချင်း။ တယာ၊ သင်သည်။ သဌဿ၊ စဉ်းလဲသောသူ၏။ ဣဒံ သာဒ္ဝေယျံ၊ ဤ အတုစဉ်းလဲသည်၏အဖြစ်ကို။ သုစီန္တိတံ၊ ကောင်းစွာကြံအပ်၏။ ကူဋဿ၊ ကောက်ကျစ်သောသူ၏။ ပဋိကူဋံ၊ အတုကောက်ကျစ်သည်၏ အဖြစ်ကို။ ပစ္စောဠိတံ၊ တူစွာပြု၍ ကျေ့အပ်၏။ ဖာလံ၊ ထွန်သွားကို။ မူသိကာ၊

www.dhammadownload.com

ကြွက်တို့သည်။ စေခါဒေယျံု၊ အကယ်၍ စားနိုင်ကုန်အံ့။ ကုမာရံု၊ သူငယ်ကို။ ကုလလာ၊ စွန်တို့သည်။ ကဿပ၊ အဘယ်ကြောင့်။ နု ဟရေယျံု၊ မချီနိုင်စေကုန်အံ့နည်း။ ဟရေယျံုဧဝ၊ ချီနိုင်ကုန်ရာသည်သာလျှင်တည်း။

ဣမ လောကေ၊ ဤလောကဌ်။ ကူဋဌာ၊ ကောက်သောသူ၏။ ကူဋံကူဋဌာ၊ ကောက်တုံ့ ကောက်ကုန်သော သူတို့သည်။ သန္တိ၊ ရှိကုန်၏။ နိကတိနော၊ လှည့်စားတတ်သောသူကို။ နိကတျာ၊ လှည့်စားတတ်သောသူတို့သည်။ ဘဝန္တိ စာပိ၊ ဖြစ်ကုန်သလျှင်ကတည်း။ ပုတ္တနဌ၊ သားပျောက်သောသူ။ ဖာလနဌဿ၊ ထွန်သွားပျောက်သောသူအား။ ဖာလံ၊ ထွန်သွားကို။ ဒေဟိ၊ ပေးပေလော့။ ဖာလနဌော၊ ထွန်သွားပျောက်သောသူသည်။ တေ၊ သင်၏။ ပုတ္တံ၊ သားကို။ မာ အဟာသိ၊ မဆောင်စေလင့်။

အရှင် ငါ၏သားကို အကယ်၍ ပေးအံ့ ထွန်သွားကို ပေးအံ့ဟု သားပျောက်သောသူသည် ဆို၏၊ အရှင် ငါ၏ထွန်သွားတို့ကို အကယ်၍ပေးအံ့ သူငယ်ကို ပေးအံ့ဟု ထွန်သွားပျောက်သော သူသည် ဆို၏၊ ဤသို့ သားပျောက်သော သူသည် သားကို ထွန်သွားပျောက်သောသူသည် ထွန်သွားကို ရကြကုန်၍ နှစ်ယောက်ကုန်သော သူတို့သည်လည်း ကံအားလျော်စွာ လားကြကုန်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ ယခုအခါကုန်သည်စဉ်းလဲသည် ထိုအခါ ကုန်သည်စဉ်းလဲ ဖြစ်ဘူးပြီ၊ ယခုအခါ ကုန်သည်ပညာရှိသည်သာလျှင် ထိုအခါ ကုန်သည်ပညာရှိ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ တရားဆုံးဖြတ်သော အမတ်ကြီး ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကောက်ကျစ်သည်မှု၊ ကိုယ်ကပြု၊ အတုပေါလိမ့်မည်)

ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကူဋဝါကိဇာတ်သည် ပြီး၏။

www.dhammadownload.com

၆၉-ဂရဟိတဇာတ်

လူအရေး မျောက်တွေး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တတ္ထသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဟိရညံ မေ သုဝဏ္ဏံ မေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ဂရဟိတဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **တယောက်သော သာသနာတော်၌ ငြိုးငွေ့သော** ရဟန်း ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားသည် မှန်၏၊ထိုရဟန်းအား အသီးယူအပ်သော အာရုံမည်သည်ကား မရှိ၊ မမွေ့လျော်သော နေခြင်း ရှိသည် ဖြစ်၍ နေသော ထိုရဟန်းကို မြတ်စွာဘုရား အထံတော်သို့ ဆောင်ကုန်၍ ထိုရဟန်းကို ရဟန်း သင်သည် ငြီးငွေ့လေသည်ဟု ဝါကြားရသည်ကား မှန်သလော်ဟု မြတ်စွာဘုရားသည် မေးအပ်သည်ရှိသော် အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်၍ အဘယ်အကြောင်းကြောင့် ငြီးငွေ့ဘိသနည်းဟု မိန့်တော်မူသည်ရှိသော် အရှင်ဘုရား ကိလေသာ၏အစွမ်းကြောင့် ငြီးငွေ့၏ဟုလျှောက်၏၊ ထိုအခါ၌ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း ဤကိလေသာ မည်သည် ရှေးဦး တိရစ္ဆာန်တို့ ကဲ့ရဲ့ ဘူး၏၊သင်သည်ကျိုသို့သဘောရှိသော သာသနာတော်၌ ရဟန်းပြုလျက် အဘယ့်ကြောင့် တိရစ္ဆာန်တို့သည် ကဲ့ရဲ့ အပ်သော ကိလေသာ၏ အစွမ်းအားဖြင့်ငြီးငွေ့ဘိသနည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။။

အတိတ်ဝတ္ထု ရဟန်း လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်၌ မျောက်မျိုး၌ဖြစ်၍ ဟိမဝန္တာ၌ နေ၏၊ ထိုဘုရားလောင်း မျောက်ကို တယောက်သော မုဆိုးသည် ဖမ်း၍ ဆောင်၍ မင်းအား ဆက်၏၊ ထိုဘုရားလောင်း မျောက်သည် ကြာမြင့်စွာ မင်းအိမ်၌ နေလတ်သည်ရှိသော် ဝတ်နှင့်ပြည့်စုံ၏၊ လူ့ပြည်၌ဖြစ်သော အမူအရာကို သိ၏၊ မင်းသည် ထိုဘုရားလောင်း မျောက်အား ဝတ်နှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် ကြည်ညို၍ မုဆိုးကို ခေါ်စေ၍ ဤ မျောက်ကို ဖမ်းရာအရပ်၌လျှင် လွှတ်ချေဟု စေ၏၊ ထိုမုဆိုးသည် ထိုသို့စေတိုင်း ပြု၏၊ မျောက်အပေါင်းသည် ဘုရားလောင်း၏ လာသည်၏ အဖြစ်ကို သိ၍ ထိုဘုရားလောင်းအား ဖူးမြင်ခြင်းအကျိုးငှါ ကြီးစွာသော ကျောက်ဖျာအပြင်၌ စည်းဝေးကုန်၏၊ ဘုရားလောင်းနှင့်တကွ ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော

www.dhammadownload.com

စကားကို ပြောကုန်၍ အရှင် သင်သည် ဤမျှလောက်သော ကာလပတ်လုံး အဘယ်အရပ်၌ နေခဲ့သနည်းဟု မေးကြကုန်၏၊ ဗာရာဏသီပြည်- မင်း၏အိမ်၌ နေရ၏ဟု ဆိုသည်ရှိသော် ထိုသို့ မင်းအိမ်၌ နေရသော် အသို့မူ၍ လွှတ်သနည်းဟု မေးကုန်၏၊ မင်းသည် ငါ့ကို အပျော်မျောက်ပြု၍ ဝတ်နှင့်ပြည့်စုံသည်၏ အဖြစ်ကြောင့် ငါ့အား ကြည်ညိုသည်ဖြစ်၍ ငါ့ကို လွှတ်၏ဟု ဆိုပေ၏။

ထိုအခါ၌ ထိုဘုရားလောင်းကို ထိုမျောက်တို့သည်လူ့ပြည်၌လူတို့၏ ဖြစ်သော အမှုအရာမည်သည်ကို သင်တို့သည် သိကုန်လတ္တံ့၊ ငါတို့အားလည်း ပြောဆိုကုန်လော့၊ ငါတို့သည် နာလိုကုန်၏ဟု ဆိုကြကုန်၏၊ လူတို့၏ အမှုအရာကို သင်တို့သည် ငါ့ကို မမေးကြကုန်လင့်ဟု ဘုရားလောင်းသည် ဆိုလတ်သည်ရှိသော် ဆိုပါကုန်ဦးလော့ နာလိုကုန်၏ဟု မျောက်တို့သည် ဆိုကုန်၏၊ ဘုရားလောင်းသည်လည်း အချင်းတို့ လူတို့မည်သည်ကား မင်းတို့သည်ၚင်း ပုဏ္ဏားတို့သည်ၚင်း ငါ့ဥစ္စာ, ငါ့ဥစ္စာ ဟူ၍သာလျှင် ဆိုကုန်လျက် ဖြစ်ကုန်၍ အတည်မရှိသော သဘောကြောင့် အနိစ္စ၏ အဖြစ်ကို မသိကြကုန်၊ ယခုအခါ၌ အလွန်မိုက်ကုန်သော လူတို့၏ အကြောင်းကို သင်တို့သည် နားထောင်ကုန်လောဟု ဆို၍—

၁၃၇ ဟိရညံ မေ သုဝဏ္ဏံ မေ၊ သော ရတ္တိံ ဒိဝါ ကထာ။
ဒုမ္မေဓာနံ မနုဿာနံ၊ အရိယဓမ္မမပဿတံ။

၁၃၈ ဒွေ ဒွေ ဂဟပတယော ဂေဟေ၊ ဧကော တတ္ထ အမဿုကော။
လမ္မတ္ထနော ဝေဏိကတော၊ အထော အင်္ဂိတကဏ္ဍကော။
ကိတော ဓနေန ဗဟုနာ၊ သော တံ ဝိတုဒတေ ဇနံ။

ဟူသော ဤဂါထာတို့ကို ဆို၏။

ဘောန္တော၊ အချင်းတို့။ ဒုမ္မေဓာနံ၊ ပညာမရှိကုန်ထသော။ အရိယဓမ္မံ၊ ဘုရားအစရှိကုန်သော အရိယာတို့၏တရားကို။ **တနည်းကား** အရိယဓမ္မံ၊ အပြစ်မရှိသော ကိုးပါးသော လောကုတ္တရာတရားကို။ အပဿတိ၊ မမြင်ကုန်ထသော။ မနုဿာနံ၊ လူတို့၏။ ရတ္တိံ၊ ညဉ့်၌ၚင်း။ ဒိဝါ၊ နေ့၌ၚင်း။ ကထာ၊ မပြတ်ပြောသော စကားသည်ကား။ မေ၊ ငါ၏။ ဟိရညံ၊ သုံးဆောင်ပြီးသောရွှေ။

www.dhammadownload.com

မေ၊ ငါ၏။ သုဝဏ္ဏံ၊ မသုံးဆောင်သေးသောရွှေ။ သော၊ ဤသည် သာလျှင်တည်း။

ဂေဟေ၊ အိမ်၌။ ဒွေ ဒေ့ ဂဟပတယော၊နှစ်ယောက် နှစ်ယောက်ကုန်သော အိမ်ရှင်တို့သည်။ သန္တိ၊ရှိကုန်၏။ တတ္ထ၊ထိုနှစ်ယောက်ကုန်သော အိမ်ရှင်တို့တွင်။ ဇကော၊ တယောက်သော အိမ်ရှင် သည်ကား။ အမသုကော၊ မုတ်ဆိတ်ကြင်စုယ်လည်း မရှိ။ လမ္မတ္ထနော၊ ရှည်သော သားမြတ်လည်း ရှိ၏။ ဝေဏိကတော၊ အထူးထူး အပြားပြားသော အခြင်းအရာအားဖြင့် ထုံးအပ်သော ဆံထုံးလည်းရှိ၏။ အထော၊ ထိုမြို့။ အင်္ဂကိတကဏ္ဏကော၊ ထွင်းအပ်သော နံ့သာလည်းရှိ၏။ ဗဟုနာ ဗဟုံ၊ များစွာသော။ ဓနေန—ဓနံ၊ ဥစ္စာကို။ ကိတော၊ မိဘတို့အားပေး၍။ အာနီတော၊ ဆောင်အပ်သော။ သော၊ ထိုအိမ်ရှင်သည်။ ဇနံ၊ ကျွန်အမှုလုပ် အစရှိသောသူကို။ ဝိတုဒတော၊ ဟယ်....ကျွန်ပျက် နင်သည် အမှုကို မပြုကောင်းလောဟု နှုတ်သိမ်းလှံတို့ဖြင့် ထိုးတတ်၏။

ထိုစကားကို ကြားကုန်၍ ခပ်သိမ်းကုန်သော မျောက်တို့သည် မဆိုကုန်လင့် မဆိုကုန်လင့် မကြားသင့်သော စကားကို ကြားရကုန်၏ဟု လက်နှစ်ဘက်တို့ဖြင့် နားကို ကြပ်ကြပ် ပိတ်ကြကုန်၏၊ ဤအရပ်၌ ငါတို့သည် မသင့်သော စကားကို ကြားအပ်၏ဟု ဤအရပ်ကို ကဲ့ရဲ့ကုန်၍ တပါးသောအရပ်သို့ သွားကြကုန်၏၊ ကျောက်ဖျာသည် ကဲ့ရဲ့ရာကျောက်ဖျာဟု တွင်သည်သာလျှင် ဖြစ်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာကို ပြသည်၏အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော် မူသနည်း ဟူမူကား ရဟန်း ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ မျောက်အပေါင်းတို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ မျောက်မင်းဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ငါ့အိမ်ငါ့ယာ၊ ငါ့ဥစ္စာ၊ အာသာစွဲလတ် မမြဲမှတ်)

ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဂရဟိတဇာတ်သည် ပြီး၏။

www.dhammadownload.com

၇၀- ဓမ္မဓဇဇာတ်

အင်္ဂါ၄-ပါးရှိ ဥယျာဉ်မှူး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "သုခံ ဇီဝိတရူပေါသိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဓမ္မဓဇဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ဒေဝဒတ်၏ သတ်အုံသောဌာလုံ့လပြုခြင်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကို ခဲ့ဦးအုံ၊ ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါ၌ သာလျှင် ဒေဝဒတ်သည် ငါ့အား သတ်အုံသောဌာလုံ့လပြုသည် မဟုတ်သေး၊ ရှေး၌လည်း ဒေဝဒတ်သည် ငါ့အား သတ်အုံသောဌာလုံ့လ ပြုသလျှင်ကတည်း၊ ထိုသို့ပြုသော်လည်း ထိတ်လန့်ခြင်းကိုမျှလည်း ပြုအုံ့သောဌာ မစုန်းနိုင်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်၌ ယသပါဏိ[1] မည်သော မင်းသည် မင်းပြုလေ၏၊ စစ်သူကြီးသည် ကာဠကအမည် ရှိ၏၊ ထိုအခါ၌ ဘုရားလောင်းသည် ထိုယသပါဏိမင်း၏ပုရောဟိတ်ဖြစ်၏၊ အမည် အားဖြင့် ဓမ္မဓဇမည်၏၊ ထိုယသပါဏိမင်း၏ ဦးခေါင်းကို တန်ဆာဆင်တတ်သော ဆေတ္တာသည်သည်ကား ဆတ္တပါဏိ အမည်ရှိ၏၊ မင်းသည် တရားသဖြင့်မင်းပြု၏၊ ထိုယသပါဏိမင်း၏ စစ်သူကြီးသည် တမူကား အဆုံးအဖြတ်ကို ပြုလတ်သည် ရှိသော် တံစိုးကို ယူ၍စား၏၊ သူတပါးတို့၏ ကျောက်ကုန်းသားကို စားတတ်သော စစ်သူကြီးသည် တံစိုးကိုယူ၍ အရှင် မဟုတ်ကုန်သော သူတို့ကို ဥစ္စာရှင်ပြု၏၊ ထိုအခါ၌ တနေ့သ၌ တရားအဆုံးအဖြတ်မှ ရုံးသော လူသည် လက်တို့ကို မြှောက်၍ ငိုလျက် တရားဆုံးဖြတ်ရာမှ ထွက်သည်ရှိသော် မင်းခစားရာသို့ သွားသော ဘုရားလောင်းကို မြင်၍ ထိုဘုရားလောင်း၏ ခြေတို့၌ ဝပ်၍ အရှင် မင်း၏ အကျိုးကိုငင်း အကြောင်းကိုငင်း ဆုံးမတတ်ကုန်သော အရှင်တို့ကဲ့သို့သော သူတို့သည် ထင်ရှားရှိကုန်စဉ်လျက် ကာဠက စစ်သူကြီးသည် တံစိုးကိုယူ၍ ဥစ္စာရှင်တို့ကို အရှင်မဟုတ်သည်ကို ပြု၏ဟုဆို၍ မိမိရုံးသည်၏ အဖြစ်ကို ဘုရားလောင်းအား ပြောဆို၏၊ ဘုရားလောင်းသည် သနားခြင်းကို ဖြစ်စေ၍ အချင်း လာလှည့် သင်၏တရားကို ငါဆုံးဖြတ်အုံ့ဟု ထိုတရာ ရုံးသော

---

၁ ပါဠိသယပါဏိ အမည်ရှိသော (သီ)

www.dhammadownload.com

သူကို ယူ၍ တရားဆုံးဖြတ်ရာအရပ်သို့ သွား၏၊ လူများသည် စည်းဝေးသည် ရှိသော် ဘုရားလောင်းသည် ထိုတရားကို တဖန် ဆုံးဖြတ်၍ ဥစ္စာရှင်ဟုတ်သော သူကို ဥစ္စာရှင်ပြု၏။

လူများသည် ကောင်းချီးပေးသော အသံသည် သည်းထန်စွာ ဖြစ်၏၊ မင်းသည် ထိုကောင်းချီးပေးသောအသံကို ကြား၍ ဤအသံသည် အဘယ်မည်သော အသံနည်းဟု မေး၏၊ မင်းမြတ် ဓမ္မဓဇပညာရှိသည် မကောင်းသဖြင့် ဆုံးဖြတ်အပ်သော တရားကို ကောင်းစွာ ဆုံးဖြတ်အပ်၏၊ ဤအသံသည် ထိုတရားဆုံးဖြတ်ရာအရပ်၌ ကောင်းချီးပေးသော အသံတည်းဟု လျှောက်သည် ရှိသော် မင်းသည် နှစ်သက်သည်ဖြစ်၍ ဘုရားလောင်းကို ခေါ်စေ၍ ဆရာသင်သည် တရားကို ဆုံးဖြတ်၏ဟူ၍ ငါကြားရသည် မှန်သလောဟု မေး၏၊ မင်းမြတ် မှန်၏၊ ကာဠကသည် မကောင်းသဖြင့် ဆုံးဖြတ်အပ်သောတရားကို ဆုံးဖြတ်အပ်၏ဟု လျှောက်သည်ရှိသော် ဤနေ့မှစ၍ သင်တို့သည် သာလျှင် တရားကို ဆုံးဖြတ်ကုန်လော့ ငါ၏ နားချမ်းသာခြင်းသည်လည်း ဖြစ်လတ္တံ့၊ လူ၏အစီးအပွားသည်လည်းဖြစ်လတ္တံ့ဟု ဆို၍ အလိုမရှိသည်လည်း ဖြစ်သော ထိုဘုရားလောင်းကို သတ္တဝါတို့အား သနားသဖြင့် တရားဆုံးဖြတ်သော အရာ၌ နေကုန်လော့ဟု တောင်းပန်၍ ဝန်ခံစေ၏၊ ထိုနေ့မှစ၍ ဘုရားလောင်းသည် တရားဆုံးဖြတ်သော အရာ၌ နေ၏၊ ဥစ္စာရှင် ဖြစ်ကုန်သော သူတို့ကိုသာလျှင် ဥစ္စာရှင်ကို ပြု၏။

ကာဠကသည် ထိုအခါမှစ၍ တံစိုးကို မရလဟ်သော် လာဘ်မှ ယုတ်၍ ဘုရားလောင်းအား ရန်ငြိုးဖွဲ့၍ မင်းမြတ် ဓမ္မဓဇပညာရှိသည် အရှင်၏ မင်းအဖြစ်ကို တောင့်တ၏ဟု ဘုရားလောင်းကို မင်း၏စိတ်၌ အချစ်ဖျက်၏၊ မင်းသည် မယုံကြည်သည်ဖြစ်၍ ဤသို့မဆိုလင့်ဟုပယ်၍ တဖန် ထိုကာဠကသည် မင်းမြတ် အကျွန်ုပ်၏ စကားကို အကယ်၍ ယုံကြည်တော် မမူကုန်အံ့၊ ထိုဓမ္မဓဇသည် လာသော ကာလ၌ လေသွန်တံခါးပေါက်ဖြင့် ကြည့်တော်မူလော့၊ ထိုသို့ကြည့်တော်မူလတ်သည်ရှိသော် ဤဓမ္မဓဇသည် မြို့အလုံးကို မိုးမိ၏ လက်သို့ရောက်စေသည်၏အဖြစ်ကို မြင်တော်မူကုန်လတ္တံ့ဟု . လျှောက်သည်ရှိသော် မင်းသည် ထိုဓမ္မဓဇ၏အထံ၌ တရားတော့သော ပရိသတ်ကို မြင်၍ ထိုဓမ္မဓဇ၏ ပရိသတ်ဟူ၍ ထင်မှတ်သဖြင့် အချစ်ပျက်၍ စစ်သူကြီး အသို ပြုကုန်အံ့နည်းဟု မေး၏၊ မင်းမြတ် ထိုဓမ္မဓဇကို သတ်အံ့သောငှါ သင့်၏ဟု လျှောက်သည်ရှိသော်

www.dhammadownload.com

ရှုန့်ရင်းသော အပြစ်ကိုမမြင်ဘဲ အသို့သတ်အံ့နည်းဟု ဆို၏၊ မင်းမြတ် တခုသော ဥပါယ်တမျဉ်သည် ရှိ၏ဟု လျှောက်သည်ရှိသော် အဘယ်မည်သော ဥပါယ်တမျဉ်နည်းဟု ဆို၏၊မင်းမြတ် ထိုဓမ္မဧာအား ဆောင်ရွက်ခြင်းငှါမစ္ဆမ်းနိုင်သော အမှုကိုတင်၍ အမှုကို ပြုအံ့သောငှါ မစ္ဆမ်းနိုင်ငြားအံ့ ထိုအပြစ်ဖြင့် သတ်ကြကုန်အံ့ဟု လျှောက်သည်ရှိသော် ထိုဓမ္မဧာ၏ ဆောင်ရွက်ခြင်းငှါ မစ္ဆမ်းနိုင်သော အမှုသည်ကား အဘယ်အမှုနည်းဟု ဆို၏၊ မင်းမြတ် ဥယျာဉ်မည်သည်ကား ကောင်းမြတ်သောမြေ၌ စိုက်ပျိုးအပ်သည်ဖြစ်၍ ပြုပြင်အပ်သည်ရှိသော် သုံးနှစ်လေးနှစ်တို့ဖြင့် အသီးကိုပေး၏၊ အရှင်မင်းမြတ်တို့သည် ထိုဓမ္မဧာကို ခေါ်စေ၍ နက်ဖြန် ဥယျာဉ်ကစားကုန်အံ့၊ ငါ့အဘို့ ဥယျာဉ် ဘန်ဆင်းလော့ဟု ဆိုတော်မူကုန်လော့၊ ထိုမွေဧာသည် ဘန်ဆင်းအံ့သောငှါ မစ္ဆမ်းနိုင်လတ္တံ့၊ ထိုသို့ မစ္ဆမ်းနိုင်သည်ရှိသော် ထိုဓမ္မဧာကို ထိုအပြစ်ဖြင့် သတ်ကြကုန်အံ့ဟုလျှောက်၏။

မင်းသည် ဘုရားလောင်းကို ခေါ်၍ ပညာရှိ ငါတို့သည် ဥယျာဉ်ဟောင်း၌ ကစားရသည်ကား ကြာကုန်ပြီ၊ ယခုအခါ၌ ဥယျာဉ်သစ်၌ ကစားလိုကုန်၏၊ နက်ဖြန် ကစားကုန်အံ့ ငါတို့ဘို့ ဥယျာဉ်ကို ဘန်ဆင်းလော့၊ **ဘန်ဆင်းအံ့**သောငှါ အဘယ်၍ မစ္ဆမ်းနိုင်လျှင် သင်၏ အသက်သည် **မရှိလတ္တံ့ဟု ဆို၏၊** ဘုရားလောင်းသည် ကာဠကသည် တံစိုးကို မရခြင်းကြောင့် မင်း၏အတွင်း၌ အချစ်ဖျက်အပ်သည်ဖြစ်လတ္တံ့ဟု သိ၍ မင်းမြတ် စွမ်းနိုင်ပါမူကား သိရလတ္တံ့ဟု ဆို၍ အိမ်သို့သွား၍ ကောင်းသောဘောဇဉ်ကို စား၍ ကြံလျက် အိပ်ရာ၌ အိပ်၏၊ သကြားမင်း၏နေရာသည် ပူသောအခြင်းအရာကိုပြ၏၊ သိကြားသည် ဆင်ခြင်လတ်သော် ဘုရားလောင်း၏ စိတ်ကို သိ၍ လျင်မြန်စွာ သွား၍ ကြက်သရေရှိသော တိုက်တို၌ ဝင်၍ ကောင်းကင်၌ တည်၍ ပညာရှိ အဘယ်ကို ကြံသနည်းဟု မေး၏။ သင်သည် အဘယ်သူနည်းဟု ဆိုလတ်သည်ရှိသော် ငါသိကြားတည်းဟု ဆို၏၊ သိကြားမင်း မင်းသည် ငါ့ကို ဥယျာဉ်ကို ဘန်ဆင်းလော့ဟု ဆို၏၊ ငါသည် အသို့ပြု၍ ဘန်ဆင်းရအံ့နည်းဟု ကြံ၏၊ကျိသို့ ဆိုသည်ရှိသော် ပညာရှိ မကြံလင့် ငါသည် သင့်ဘို့ နန္ဒဝန်ဥယျာဉ်,စိတ္တလတာဥယျာဉ်နှင့် တူသောဥယျာဉ်ကို ဘန်ဆင်းအံ့ အဘယ်အရပ်၌ ဘန်ဆင်းရအံ့နည်းဟု ဆို၏၊ သိကြားမင်း ကျိမည်သောအရပ်၌ ဘန်ဆင်းလော့ဟု ဆိုသည်ရှိသော် သိကြားသည် ဘန်ဆင်း၍ နတ်ပြည်သို့လျှင် သွား၏။

နက်ဖြန်နေ့၌ ဘုရားလောင်းသည် ဥယျာဉ်ကို မျက်မှောက်အားဖြင့် မြင်၍ သွား၍ မင်းအား မင်းမြတ် ဥယျာဉ်သည် ပြီးပြီ ကစားတော်မူပါလော့ဟု

www.dhammadownload.com

လျှောက်၏၊ မင်းသည် သွားရှု့ တဆဲ့ ရှစ်တောင်ရှိသော ဆေးဒါန်းမြင်းသီလာ အဆင်းနှင့်တူသော အဆင်းရှိသော တံတိုင်းဖြင့် ခြံရံအပ်သော တံခါး ပစ္စင်နှင့် ပြည့်စုံသော အပ္ပင့်အသီးတို့ဖြင် ပြည့်သော အထူးထူးသော သစ်ပင်တို့ဖြင့် တန်ဆာဆင်အပ်သော ဥယျာဉ်ကို မြင်၍ ကာဠကကို ကာဠက ပညာရှိသည် ငါတို့၏ စကားကို ပြုလေပြီ၊ ယခုအခါ၌ အသို့ပြုရကုန်အံ့နည်းဟု မေး၏၊ မင်းမြတ် တည်ခိုင်းဖြင့် ဥယျာဉ်ကို ဘန်ဆင်းအံ့သောငှါ စွမ်းနိုင်သောသူသည် မင်းအဖြစ်ကို ယူအံ့သောငှါ အဘယ်မှာ မစွမ်းနိုင်ရှိအံ့နည်းဟု ကာဠက,ကဆို၏၊ ထိုသို့ ဆိုသည်ရှိသော် ယခုအခါ၌ အသို့ပြုရကုန်အံ့နည်းဟု ဆို၏၊ မင်းမြတ် ထိုပညာရှိကို တပါးလည်းဖြစ်သော မဆောင်ရွက် မစွမ်းနိုင်သောအမှုကို ပြုစေကုန်အံ့ဟု လျှောက်၏၊ အဘယ်မည်သော အမှုကို ပြုစေရကုန်အံ့နည်းဟု ဆို၏၊ မင်းမြတ် ရတနာခုနစ်ပါးဖြင့်ပြီးသော ဧရကန်ကို ဘန်ဆင်းစေကုန်လော့ဟု လျှောက်၏၊ မင်းသည် ကောင်းပြီဟု ဘုရားလောင်းကို ခေါ်၍ ဆရာ ဥယျာဉ်ကို သင်သည် ဘန်ဆင်းအပ်လေပြီ၊ ထိုဥယျာဉ်အား လျှောက်ပတ်သော ရတနာခုနစ်ပါးဖြင့် ပြီးသော ရေကန်ကို ဘန်ဆင်းဦးလော့၊ ဘန်ဆင်းအံ့သောငှါ အကယ်၍ မစွမ်းနိုင်သည်ဖြစ်အံ့. သင်၏ အသက်သည် မရှိရလတ္တံ့ဟု ဆို၏၊ ဘုရားလောင်းသည် မင်းမြတ် ကောင်းပြီ စွမ်းနိုင်ပါမူကား ဘန်ဆင်းပါအံ့ဟု ဆို၏၊ ထိုအခါ၌ ဘုရားလောင်း၏ အကျိုးငှါ သိကြားသည် ရေကန်ကို ဘန်ဆင်း၏၊ ဘန်ဆင်းသည် ရှိသော်လည်း တင့်တယ်ခြင်း အစုသို့ ရောက်သော ဆိပ်တရာရှိသော အကောက်တထောင်ရှိသော ငါးပါးသော အဆင်းရှိသော ပဒုမာတို့ဖြင့် ဖုံးလွှမ်းသော နန္ဒာရေကန်နှင့် တူသော ရေကန်ကို ဘန်ဆင်း၏။

နက်ဖြန်နေ့၌ ဘုရားလောင်းသည် ထိုရေကန်ကိုလည်း မျက်မှောက်ပြု၍ မင်းအား မင်းမြတ် အကျွန်ုပ်သည် ရေကန်ကို ဘန်ဆင်းအပ်ပြီဟု လျှောက်၏၊ မင်းသည် ထိုရေကန်ကိုလည်းမြင်၍ ကာဠက ယခုအခါ၌ အသို့ပြုရကုန်အံ့နည်းဟု ကာဠကကို မေး၏၊ မင်းမြတ် ဥယျာဉ်အား လျှောက်ပတ်သော အိမ်ကို ဘန်ဆင်းစိမ့်သောငှါ စေလောဟု လျှောက်၏၊ မင်းသည် ဆရာ ဤဥယျာဉ်အားငင်း ဤရေကန်အားငင်း လျှောက်ပတ်သော အလုံးစုံ ဆင်စွယ်ဖြင့် ပြီးသော အိမ်ကို ဘန်ဆင်းဦးလော့၊ အကယ်၍ မဘန်ဆင်းနိုင်အံ့၊ သင်၏ အသက်သည် မရှိရလတ္တံ့ဟု ဆို၏၊ ထိုအခါ၌ ထိုဘုရားလောင်း၏ အကျိုးငှါ သိကြားသည် အိမ်ကိုလည်း ဘန်ဆင်း၏၊ ဘုရားလောင်းသည် နက်ဖြန်နေ့၌ မျက်မှောက်ပြု၍ မင်းအား လျှောက်၏၊ မင်းသည်လည်း ထိုအိမ်ကို မြင်၍

www.dhammadownload.com

ယခုအခါ၌ အသို့ပြုရကုန်အံ့နည်းဟု ကဋ္ဌာကကို မေး၏၊ မင်းမြတ် အိမ်အား လျော်ပတ်သော ပတ္တမြားကို ဘန်ဆင်းစိမ့်သောငှါ စေလော့ဟု လျှောက်၏၊ မင်းသည် ဘုရားလောင်းကို ခေါ်၍ ပညာရှိ ကျွဲဆင်စွယ်ဖြင့်ပြီးသော အိမ်အား လျော်ပတ်သော ပတ္တမြားကိုဘန်ဆင်းလော့၊ပတ္တမြားရောင်ဖြင့် သွားကုန်အံ့၊ ဘန်ဆင်းအံ့သောငှါ အကယ်၍ မစုံမ်းနိုင်အံ့၊ သင်၏အသက်သည် မရှိရလတ္တံ့ဟု ဆို၏၊ ထိုအခါ၌ ဘုရားလောင်း၏ အကျိုးငှါ သိကြားသည် ပတ္တမြားကိုလည်း ဘန်ဆင်း၏။

ဘုရားလောင်းသည် နက်ဖြန်နေ့၌ ထို ပတ္တမြားကို မျက်မှောက်ပြု၍ မင်းအားလျှောက်၏၊ မင်းသည် ထိုပတ္တမြားကိုလည်း မြင်၍ ယခုအခါ၌ အသို့ပြုရကုန်အံ့နည်းဟု ကာဋ္ဌကကို မေး၏၊ မင်းမြတ် ဓမ္မဓဇ ပုဏ္ဏားအား အလိုရှိတိုင်းပေးတတ်သော နတ်သည် ရှိယောင်တကား၊ ယခုအခါ၌ အကြင် အမှုကို နတ်သည်လည်း ဘန်ဆင်း၍ ပြုအံ့သောငှါ မတတ်ကောင်း၊ ထိုအမှုကို စေလော့ဟု လျှောက်၍ မင်းမြတ် အင်္ဂါလေးပါးနှင့်ပြည့်စုံသော လူမည်သည်ကို နတ်တို့သည်လည်း ဘန်ဆင်းအံ့သောငှါ မတတ်နိုင်ကုန်၊ ထို့ကြောင့် အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဥယျာဉ်စောင့်ကို ငါ့ဘို့ ဘန်ဆင်းလော့၊ ဤသို့ဆိုလော့ဟု လျှောက်၏၊ မင်းသည် ဘုရားလောင်းကို ခေါ်၍ ဆရာ သင်သည် ငါတို့ဘို့ ဥယျာဉ်ကိုလည်း ရေကန်ကိုလည်း ဆင်စွယ်ဖြင့်ပြီးသော ပြာသာဒ်ကိုလည်း ထိုပြာသာဒ်၏ အလင်းကို ပြအံ့သောငှါ ပတ္တမြားရတနာကိုလည်း ဘန်ဆင်းအပ်ကုန်ပြီ၊ ယခုအခါ၌ ငါ့ဘို့ ဥယျာဉ်ကို စောင့်တတ်သော အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဥယျာဉ်စောင့်ကို ဘန်ဆင်းလော၊ အကယ်၍ မဘန်ဆင်းနိုင်အံ့၊ သင်၏အသက်သည် မရှိရလတ္တံ့ဟု ဆို၏၊ ဘုရားလောင်းသည် ထိုသို့ပင် ဖြစ်စေရမူကား သိရလတ္တံ့ဟု အိမ်သို့သွား၍ ကောင်းသော ဘောဇဉ်ကို စားပြီး၍ အိပ်သည်ရှိသော် မိုးသောက်ထသောကာလ၌ နိုး၍ အိပ်ရာအပြင်၌ နေလျက် သိကြားနတ်မင်းသည် အကြင်အမှုကို ဘန်ဆင်းအံ့သောငှါ စုံမ်းနိုင်၏၊ ထိုအမှုကို ဘန်ဆင်းလေပြီ၊ လေးပါးသော အင်္ဂါနှင့်ပြည့်စုံသော ဥယျာဉ်စောင့်ကို တမူကား ဘန်ဆင်းအံ့သောငှါ မတတ်ကောင်းလေ၊ ဤသို့ ဘန်ဆင်းခြင်းငှါ မတတ်ကောင်းသည်ဖြစ်သော် သူတပါးတို့၏လက်၌ သေရသည်ထက် တော၌ ကိုးကွယ်ရာမရှိ သေရခြင်းသည်သာလျှင် ကောင်းမြတ်၏ဟု ကြံ၏၊ ကြံပြီး၍ ဘုရားလောင်းသည် တစုံတယောက်သောသူအား မကြားမူ၍ ပြာသာဒ်မှ သက်၍ မြတ်သော တံခါးဖြင့်လျှင် မြို့မှထွက်၍ တောသို့ဝင်၍ တခုသော

www.dhammadownload.com

သစ်ပင်ရင်းဌ သူတော်ကောင်းတို့၏ **လောကဓံတရားရှစ်ပါး နှိပ်စက်လတ်သော် မတုန်မလှုပ်ခြင်း**ဟု ဆိုအပ်သော သဘောကို ဆင်ခြင်လျက်နေ၏။

သိကြားမင်းသည် ထိုအကြောင်းကို သိ၍ တောသူးမုဆိုးကဲ့သို့ ဖြစ်၍ ဘုရားလောင်းသို့ ကပ်လေ၍ ပုဏ္ဏား သင်္ဘသည် နူးညံ့သိမ်မွေ့သော သဘောရှိလျက် အလွန်ဆင်းရဲသော သဘောရှိသကဲ့သို့ ဤတောသို့ဝင်၍ အဘယ်ကို ပြုလျက်နေသနည်း၊ ဤသို့ မေးလိုရကား—

၁၃၉ သုခံ ဇီဝိတရူပေါသိ၊ ရဋ္ဌာ ဝိဝနမာဂတော။
သော ကေကော ရုက္ခမူလေ၁၊ ကပဏော ဝိယ ဈာယသိ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဗြာဟ္မဏ၊ ပုဏ္ဏား။ တွံ၊ သင်သည်။ သုခံ၊ ချမ်းသာစွာ။ ဇီဝိတရူပေါ၊ အသက်ရှည်သော သဘောရှိသည်။ အသိ၊ ဖြစ်၏။ သော တွံ၊ ထိုသင်သည်။ ရဋ္ဌာ၊ ပြည့်သောလူရှိရာ အရပ်မှ။ ဝိဝနံ၊ ရေမရှိသော တောအရပ်သို့။ အာဂတော၊ လာ၍ ရုက္ခမူလေ၊ သစ်ပင်ရင်းဌ။ ကေကော၊ တယောက်တည်း အထီးတည်း။ ကပဏော ပိယ၊ အထီးကျန်သောသူကဲ့သို့။ နိသိန္နော၊ နေလျက်။ ဈာယသိ၊ အဘယ်ကိုကြံဘိသနည်း။

ထိုစကားကိုကြား၍ ဘုရားလောင်းသည်—

၁၄၀ သုခံ ဇီဝိတရူပေါသွိ၊ ရဋ္ဌာ ဝိဝနမာဂတော။
သော ကေကော ရုက္ခမူလေ၁၊ ကပဏော ဝိယ ဈာယာမိ၊
သတံ ဓမ္မံ အနုဿရံ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

သမ္မ၊ အဆွေ။ အဟံ၊ ငါသည်။ သုခံ၊ ချမ်းသာစွာ။ ဇီဝိတရူပေါ၊ အသက်မွေးရသော သူကဲ့သို့။ အသ္မိ၊ ဖြစ်၏။ သော အဟံ၊ ထိုငါသည်။ ရဋ္ဌာ၊ ပြည့်သောလူတို့၏ နေရာအရပ်မှ။ ဝိဝနံ၊ ရေမရှိသော တောအရပ်သို့။ အာဂတော၊ ဝင်လာ၍။ ရုက္ခမူလေ၊ သစ်ပင်ရင်းဌ။ ကပဏော ဝိယ၊ အထီးကျန်သောသူကဲ့သို့။ ကေကော၊ တယောက်အထီးတည်း။ နိသိန္နော၊ နေလျက်။

---

၁ အရညသ္မိံ ရုက္ခမူလေ (သီ၊ သျာ၊ ဇ)

www.dhammadownload.com

သတံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကဟု ဆိုအပ်ကုန်သော သူတော်ကောင်းတို့၏။ ဓမ္မံ၊ လောကဓံ တရား ရှစ်ပါးသည် နှိပ်စက်၍ တုန်လှုပ်ခြင်းမရှိသောသဘောကို။ အနုဿရံ-အနုဿရန္တော၊ အောက်မေ့လျက်။ စျာယာမိ၊ ကြံ၏။။

ထိုအခါ၌ ထိုဘုရားလောင်းကို သိကြားမင်းသည် ပုဏ္ဏား ဤသို့ သူတော်ကောင်းတို့၏သဘောကို ဆင်ခြင်သည် ဖြစ်လတ်သော် သင်သည် ဤအရပ်၌ အဘယ်ကြောင့် နေဘိသနည်းဟု ဆို၏၊ အဆွေ မင်းသည် လေးပါးသော အင်္ဂါနှင့်ပြည့်စုံသော ဥယျာဉ်စောင့်ကို ဆောင်စေ၏၊ ထိုသို့ သဘောရှိသော ဥယျာဉ်စောင့်ကို ရအံ့သောငှါ မစဉ်းနှိုင် ထိုငါသည် သူတပါး၏လက်၌ သေသဖြင့် အဘယ်ပြုအံ့နည်း တောသို့ဝင်၍ ကိုးကွယ်ရာမရှိသော သေခြင်းဖြင့် သေအံ့ဟုကြံ၍ ဤသို့လာ၍ နေ၏ဟု ဘုရားလောင်းသည် ဆို၏၊ပုဏ္ဏား ငါသည် သိကြားနတ်မင်းတည်း ငါသည် သင့်ဘို့ ဥယျာဉ်အစရှိသည်တို့ကို ဘန်ဆင်းအပ်ကုန်ပြီ၊အင်္ဂါလေးပါးနှင့်ပြည့်စုံသော ဥယျာဉ်စောင့်ကို ဘန်ဆင်းအံ့သောငှါ မတတ်ကောင်း သင်တို့၏ မင်း၏ဦးခေါင်းကိုတန်ဆာဆင်တတ်သော် ဆတ္တာသည် သည် ဆတ္တာပါဏိမည်၏၊ ထိုဆတ္တာပါဏိသည် အင်္ဂါလေးပါးနှင့် ပြည့်စုံ၏၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဥယျာဉ်စောင့်ဖြင့် အလိုရှိသည် ရှိသော် ထိုဆတ္တာသည်ကို ဥယျာဉ်စောင့်ပြုစိမ့်သောငှါ ဆိုလေလော့ဟု သိကြားမင်းသည် ဘုရားလောင်းအား အဆုံးအမကိုပေး၍ မကြောက်လင့်ဟု နှစ်သိမ့်စေ၍ မိမိ၏ နတ်ပြည်သို့လျှင် သွား၏။။

ဘုရားလောင်းသည် အိမ်သို့သွား၍ နံနက်စာစားပြီးသော် မင်းအိမ်တံခါးသို့ သွား၍ ဆတ္တာပါဏိကိုလည်း ထိုမင်းအိမ်တံခါးဦးလျှင် မြင်၍ လက်ဦးကိုင်၍အဆွေ ဆတ္တာပါဏိ သင်သည် လေးပါးသောအင်္ဂါနှင့် ပြည့်စုံသလောဟု မေး၏၊ ငါ၏ အင်္ဂါလေးပါးနှင့် ပြည့်စုံသည်၏အဖြစ်ကို သင့်အား အဘယ်သူသည် ကြားသနည်းဟု ဆိုသည်ရှိသော် သိကြားနတ်မင်းသည် ကြား၏ဟု ဆို၍ အဘယ်အကြောင်းကြောင့် ကြားသနည်းဟု မေးအပ်သည် ရှိသော် ဤမည်သော အကြောင်းကြောင့် ကြား၏ဟု အလုံးစုံကို ပြောဆို၏၊ ထိုဆတ္တာပါဏိသည် ငါသည် လေးပါးသော အင်္ဂါနှင့် ပြည့်စုံသည်မှန်၏ဟု ဆို၏၊ ထိုအခါ၌ ဆတ္တာပါဏိကို ဘုရားလောင်းသည် လက်ဦးကိုင်၍ မင်း၏အထံသို့ သွား၍မင်းမြတ် ဤဆတ္တာပါဏိသည် အင်္ဂါလေးပါးနှင့် ပြည့်စုံ၏၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဥယျာဉ်စောင့်ဖြင့် အလိုရှိသည်ရှိသော် ဤ ဆတ္တာပါဏိကို ဥယျာဉ်စောင့် ပြုစေတော်မူကုန်လော့ဟု ဆို၏၊ ထိုအခါ၌ ဆတ္တာပါဏိကို မင်းသည် အချင်း သင်သည်

www.dhammadownload.com

အင်္ဂါလေးပါးနှင့် ပြည့်စုံသလောဟု မေး၏၊ မင်းမြတ် ဟုတ်၏ဟု ဆိုသည် ရှိသော် အချင်း သင်သည် အဘယ်မည်ကုန်သော **အင်္ဂါလေးပါး** တို့နှင့် ပြည့်စုံသနည်းဟု မေး၏ "မင်းမြတ် အကျွန်ုပ်သည် ငြူစူခြင်းမရှိ မင်းမြတ် အကျွန်ုပ်သည် ယစ်မျိုးကိုလည်း မသောက်၊ မင်းမြတ် အကျွန်ုပ်သည် ချစ်ခြင်းလည်း မရှိ၊ မင်းမြတ် အကျွန်ုပ်သည် အမျက်မထွက်ခြင်းကို ဆောက်တည်အပ်၏၊ ထိုစကား သည် မှန်၏၊ မင်းမြတ် အကျွန်ုပ်အား ငြူစူခြင်း မည်သည်ကား မရှိ အကျွန်ုပ် သည် သေကိုလည်း မသောက်စဘူး၊ သူတပါးတို့၌ အကျွန်ုပ်သည် ချစ်ခြင်း သည်ၵင်း အမျက်ထွက်ခြင်းသည်ၵင်း မဖြစ်စဘူး၊ ဤသို့ အင်္ဂါလေးပါးတို့နှင့် ပြည့်စုံ၏" ဟု ဆို၏၊ ထိုအခါ၌ မင်းသည် အို ဆတ္တပါးကို သင်သည် ငါငြူစူခြင်း မရှိသောသူ **ဖြစ်၏**ဟု ဆိုသလောဟု ဆို၏၊ မင်းမြတ် အကျွန်ုပ် ငြူစူခြင်း မရှိသောသူဖြစ်၏ဟူ၍ဆိုသည် ဟုတ်၏ဟု လျှောက်သည်ရှိသော် **အဘယ်** အာရုံကို မြင်၍ ငြူစူခြင်း မရှိသနည်းဟု ဆို၏၊ မင်းမြတ် နာတော်မူလေ့ဟု လျှောက်၍ မိမိ၏ငြူစူခြင်း မရှိသည်၏အဖြစ်ကို ဆိုလိုရကား-

(က) ဣတ္ထိယာ ကာရဏာ ရာဇ၊ ဗန္ဓာပေသိ ပုရောဟိတံ။
သော မံ အတ္ထေ နိဝေဒေသိ၁၊ တသ္မာဟံ အနုသူယကော။

ဟူသော ဤဂါထာကို ရွတ်၏။

ရာဇ၊ မင်းမြတ်။ အဟံ၊ အကျွန်ုပ်သည်။ ပုဗ္ဗေ၊ ရှေး၌။ ဣမသ္မိံ ယေဝ ဗာရာဏသိနဂရေ၊ ဤဗာရာဏသီပြည်၌ သာလျှင်။ ရာဇာ၊ မင်းဖြစ်ဘူး၏။ ဣတ္ထိယာ၊ မိန်းမ၏။ ကာရဏာ၊ အကြောင်းကြောင့်။ ပုရောဟိတံ၊ ပုရောဟိတ်ကို။ ဗန္ဓာပေသိ၊ နှောင်ဖွဲ့စေ၏။ သော၊ ထိုပုရောဟိတ်သည်။ မံ၊ အကျွန်ုပ်ကို။ အတ္ထေ၊ အကျိုးစီးပွားတို့ကို။ နိဝေဒေသိ၊ ကြားပေ၏။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ အနုသူယကော၊ ငြူစူခြင်းမရှိ။

အဗဒ္ဓါ တတ္ထ ဗဇ္ဈန္တိ၊ ယတ္ထ ဗာလာ ပဘာသရေ။
ဗဒ္ဓါပိ တတ္ထ မုစ္စန္တိ၊ ယတ္ထ ဓီရာ ပဘာသရေ။

ဟူသော **ဗန္ဓနမောက္ခဇာတ်*** ၌ လာသော နည်းဖြင့်သာလျှင် တပါးသော ကာလ၌ ဤ ဆတ္တပါးကိုသည် မင်းဖြစ်၍ ခြေရင်း၌ မြဲကုန်သော **ခြောက်ကျိပ်**

---

၁ နိဝေသေသိ (သီ၊ သျှာ၊ ဇ)
* **ဗန္ဓနမောက္ခဇာတ်** ကေကနိပါတ်မှာ ပါသည်။

www.dhammadownload.com

လေးယောက်ကုန်သော အမတ်တို့နှင့်တကွ ချုတ်ယှင်းပြီး၍ မိမိ၏ နှလုံးအလိုကို မဖြည့်သော ဘုရားလောင်းကို ဖျက်ဆီးလိုသော မိဖုယားသည် ချောပစ်၍ နှောင်ဖွဲ့စေ၏၊ ထိုအခါ၌ ထိုဘုရားလောင်းကို နှောင်ဖွဲ့၍ ဆောင်သည်ရှိသော် ဘုရားလောင်းသည် မိဖုယား၏ အဟုတ်အမှန်ဖြစ်သော အပြစ်ကို ကြား၍ မိမိသည် လွတ်သည်ရှိသော် မင်းသည် နှောင်ဖွဲ့စေအပ်ကုန်သော အလုံးစုံလည်း ဖြစ်ကုန်သော ခြေရင်း၌ မြဲစွဲကုန်သော အမတ်တို့ကို လွတ်စေ၍ မင်းမြတ် ထိုခြောက်ကျိပ် လေးယောက်ကုန်သော အမတ်တို့၏ဌင်း မိဖုယား၏ဌင်း အပြစ်ကို အရှင်မင်းမြတ်သည် သည်းခံတော်မူကုန်လော့ဟု ဆုံးမ၏၊ အလုံးစုံကို အောက်၌ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် အကျယ်အားဖြင့် သိအပ်၏၊ ထိုစကားကို ရည်၍ -

ဣတ္ထိယာ ကာရဏာ ရာဇ၊ ဗန္ဓာပေသိ ပုရောဟိတံ။
သော မံ အတ္ထေ နိဝေဒေသိ၊ တသ္မာဟံ အနုသ္သယကော။
ဟူ၍ ဆို၏။

ထိုအခါ၌ကား ထိုမင်းသည် ငါသည် တသောင်းခြောက်ထောင်ကုန်သော မိန်းမတို့ကို စွန့်ပစ်၍ ထိုတယောက်ထည်းသော မိန်းမကိုသာလျှင် ကိလေသာ၏ အစွမ်းအားဖြင့် ထောက်ပံ့ပါသော်လည်း ရောင့်ရဲစိမ့်သောငှါ မစွမ်းနိုင်၊ ဤသို့ အလိုဆန္ဒ ပြည့်နိုင်ခဲကုန်သော မိန်းမတို့အား အမျက်ထွက်ခြင်း မည်သည်ကား ဝတ်သော အဝတ်သည် ညစ်နွမ်းလတ်သည်ရှိသော် အဘယ့်ကြောင့် နှင်ညစ်နွမ်း ဘိသနည်းဟု အမျက်ထွက်သည်နှင့် ဟူ၏၊ ထိုစားသော ထမင်းသည် မစင်၏ အဖြစ်သို့ရောက်လတ်သည်ရှိသော် အဘယ့်ကြောင့် မစင်၏ အဖြစ်သို့ နှင်ရောက်ရ ဘိသနည်းဟူ အမျက်ထွက်သည်နှင့် တူ၏၊ ယခုအခါ ယနေ့မှစ၍ အကြင် မျလောက်သော ကာလပတ်လုံး အရဟာတ္တဖိုလ်သို့ မရောက်သေး၊ ထိုမျလောက် သော ကာလပတ်လုံး ကိလေသာကိုမှီ၍ ငါ၌ ပြုစုခြင်းတို့သည် မဖြစ်စေကုန် သတည်းဟု ဓိဋ္ဌာန်၏၊ ထိုအခါမှစ၍ ပြုစုခြင်းမရှိသည်ဖြစ်၏၊ ဤအကြောင်းကို ရည်၍ "တသ္မာဟံ အနုသ္သယကော" ဟူ၍ ဆို၏။

ထိုအခါ၌ ထိုဆတ္တပါဏိကို မင်းသည် အချင်း ဆတ္တပါဏိ အဘယ်အာရုံကို မြင်၍ ယစ်မျိုးကိုမသောက်သနည်းဟု မေး၏၊ ထိုဆတ္တပါဏိသည် ထိုအကြောင်း ကို ကြားလိုရကား—

www.dhammadownload.com

(ခ) မတ္တော အဟံ မဟာရာဇ၊ ပုတ္တမံသာနိ ခါဒယိံ။
တဿ သောကေနာဟံ ဖုဋ္ဌော၊ မဇ္ဇပါနံ ဝိဝဇ္ဇယိံ။

ဟူသော ဤဂါထာကို ဆို၏။

မဟာရာဇ၊ မင်းမြတ်။ အဟံ၊ အကျွန်ုပ်သည်။ မတ္တော၊ ယစ်သည်ဖြစ်၍။ ပုတ္တမံသာနိ၊ သား၏အသားတို့ကို။ ခါဒယိံ၊ စားဘူး၏။ အဟံ၊ အကျွန်ုပ်သည်။ တဿ၊ ထိုသေလေသောသားအား။ သောကေန၊ အောက်မေ့စိုးရိမ်ခြင်းသည်။ ဖုဋ္ဌော၊ နှိပ်စက်အပ်သည်ဖြစ်၍။ မဇ္ဇပါနံ၊ သေသောက်ခြင်းကို။ ဝိဝဇ္ဇယိံ၊ ကြဉ်ရှောင်၏။

မင်းမြတ် အကျွန်ုပ်သည် ရှေးဌ ထိုသို့သဘောရှိသော ဗာရာဏသီမင်းဖြစ်၍ ယစ်မျိုးနှင့် ကင်း၍ ဖြစ်အံ့သောငှါ မစွမ်းနိုင်၊ အမဲမရှိသော ထမင်းကိုလည်း စားအံ့သောငှါ မစွမ်းနိုင်၊ မြို့ဌ ဥပုသ်နေ့တို့ဌ အသက်သတ်ခြင်းသည် မဖြစ်စေလင့်ဟု စည်ကိုလည်စေ၏၊ စားတော်ချက်သည် ပက္ခ၏ တဆဲ့သုံးရက်နေ့ဌလျှင် အမဲကိုယူ၍ ထား၏၊ မကောင်းသဖြင့် ထားအပ်သော ထိုအမဲကို ခွေးတို့သည် စားကုန်၏၊ စားတော်ချက်သည် ဥပုသ်နေ့ဌ အမဲကိုမရ၍ မင်းအား အထူးထူးအပြားပြား မြတ်သော အရသာရှိသော ဘောဇဉ်ကိုချက်၍ ပြာသာဒ်ထက်သို့ တင်၍ ကပ်အံ့သောငှါ မဝံ့ရကား မိဖုယားသို့ ကပ်လေ၍ အရှင်မိဖုယား ယနေ့ အကျွန်ုပ်သည် အမဲကိုမရ၊အမဲမရှိသော စားတော်မည်သည်ကို ဆက်ကပ်အံ့သောငှါ မဝံ့၊ အသို့ ပြုရအံ့နည်းဟု လျှောက်၏၊ အမောင် စားတော်ဆက် ငါ၏သားကို မင်းသည် ချစ်လေးမြတ်၏ နှစ်သက်၏ ငါ၏သားကိုမြင်၍ မင်းသည် ထိုသားတော်ကိုလျှင် နမ်းတော်မူလျက် ဘက်တော်မူလျက် မိမိ၏ ရှိသည်၏ အဖြစ်ကိုလည်း မသိ၊ ငါသည် သားကို တန်ဆာဆင်၍ မင်း၏ပေါင်ပေါ်၌ နေစေအံ့ မင်းအား သားတော်နှင့်တကွမွေ့လျော်ပျော်ပါးကစား စဉ် ကာလ၌ သင်သည် စားတော်ထမင်းကို တည်လေလော့ဟု ဆို၏၊ ထိုမိဖုယားသည် ဤသို့ဆို၍ မိမိ၏သားကို ဆင်အပ်သော တန်ဆာကို ဆင်ယင်၍ မင်း၏ပေါင်ပေါ်၌ နေစေ၏၊ မင်းအား သားတော်နှင့်တကွ ကစားမွေ့လျော်ရွှင်ပျော်စဉ်ကာလ၌ စားတော်ချက်သည် စားတော်ကို တည်၏၊ မင်းသည် သုရာယစ်သည်ဖြစ်၍ စားတော်ခွက်၌ အမဲဟင်းလျာကို မမြင်၍ အမဲဟင်းလျာကား အဘယ်မှာနည်းဟု မေး၍ မင်းမြတ် ယနေ့ ဥပုသ်နေ့ဖြစ်ရကား အသက်မသတ်စေလင့်ဟု စည်လည်သည်၏အဖြစ်ကြောင့် အမဲကို မရဟု လျှောက်သည်

www.dhammadownload.com

ရှိသော် ငါ့ဘို့ အမဲမည်သည်ကို ရခဲသလောဟု ဆို၍ ပေါင်ပေါ်၌ နေသော ချစ်စ၀ါသောသား၏ လည်ကိုလိမ်၍ အသက်ကုန်ခြင်းသို့ရောက်စေ၍ စားတော် ချက်၏ ရှေ့သို့ ပစ်လိုက်၍ လျင်မြန်စွာ ပြည့်စုံစေ၍ ဆောင်ခဲ့လေ့ဟု ဆို၏၊ စားတော်ချက်သည် ထိုမင်း အမိန့်ရှိတိုင်းပြု၏၊ မင်းသည် သား၏ အသားဖြင့် ထမင်းကို စား၏၊ မင်းမှကြောက်ခြင်းကြောင့် ငိုအံ့သောဌဂင်း မျက်ရည် ထွက်စိမ့်သောဌဂင်း ဆိုအံ့သောဌဂင်း စွမ်းနိုင်သော တယောက်သော်သူ မည်သည်လည်း မရှိ။

မင်းသည် စားပြီး၍ အိပ်ရာအပြင်၌ အိပ်ပျော်ခြင်းသို့ရောက်၍ မိုးသောက် သောကာလ၌ နိုးလတ်၍ သုရာယစ်ခြင်း ပြေလတ်သော် ငါ၏ သားတော်ကို ဆောင်ခဲ့ကြကုန်လော့ဟု ဆို၏၊ ထိုကာလ၌ မိဖုယားသည် ငိုကြွေးလျက် ခြေရင်း၌ ဝပ်၏၊ ရှင်မ အသို့နည်းဟု ဆိုသည်ရှိသော် မင်းမြတ် ယမန်နေ့က အရှင်မင်းမြတ်သည် သားကိုသတ်၍ သား၏အသားဖြင့် စားတော် ထမင်းကို စားအပ်၏ဟု လျှောက်၏၊ မင်းသည် စိုးရိမ်ခြင်းကြောင့် မျက်ရည်ယို၍ ငိုကြွေး၍ ငါ့အား ဤဆင်းရဲသည် သေသောက်ခြင်းကို အမှီပြု၍ ဖြစ်၏ဟု သုရာသောက်ခြင်း၌ အပြစ်ကိုမြင်၍ ဤနေ့မှစ၍ အကြင်မျှလောက် အရဟာတ္တ ဖိုလ်သို့ မရောက်သေး ထိုမျှလောက် ဤသို့သဘောရှိသော ပျက်စီးခြင်းကို ပြုတတ်သော သုရာမည်သည်ကို မသောက်အံ့ဟု မြေမှုန့်ကို ယူ၍ မျက်နှာကို ပုတ်၍ မိဋ္ဌာန်၏၊ ထိုအခါမှစ၍ ယစ်မျိုးမည်သည်ကို မသောက်စဘူး ဤကိုရည်၍ "မတ္တော အဟံ မဟာရာဇ" အစရှိသော ဂါထာကို ရွတ်၏။

ထိုအခါ၌ ထိုဆတ္တပါဏိကို မင်းသည် အခြင်းဆတ္တပါဏိ အဘယ်အာရုံကို မြင်၍ ချစ်ခြင်းမရှိသနည်းဟု မေး၏၊ ထိုဆတ္တပါဏိသည် ထိုအကြောင်းကို ကြားလိုရကား—

(ဂ) ကိတဝါသော နာမဟံ ရာဇ၊ ပုတ္တော ပစ္စေကဗောဓိ မေ။
ပတ္တံ ဘိန္ဒိတ္ဝာ စဝိတော၊ နိသ္သေဟော တဿ ကာရဏာ။

ဟူသော ဂါထာကို ရွတ်၏။

ရာဇ၊ မင်းမြတ်။ အဟံ၊ အကျွန်ုပ်သည်။ ပုမ္မေ၊ ရှေး၌။ ဗာရာဏသိယေဝ၊ ဗာရာဏသီပြည်၌သာလျှင်။ ကိတဝါသော နာမ၊ ကိတဝါဿ အမည်ရှိသော။

www.dhammadownload.com

ရာဇာ၊ မင်းဖြစ်ဘူး၏။ တဒါ၊ ထိုအခါ၌။ မေ၊ အကျွန်ုပ်၏။ ပုတ္တော၊ သားသည်။ ပန္ဓစ္စကဗောဓိ-ပစ္စေကဗောဓိသာ၊ ပစ္စေကဗုဒ္ဓါ၏။ ပတ္တုံ၊ သပိတ်တော်ကို။ ဘိန္ဒိတ္ဝာ၊ ခွဲ၍။ စဝိတော၊ စုတေ၏။ တဿ၊ ထိုသား၏။ကာရဏာ၊ အကြောင်းကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ နိဿေဟော၊ ချစ်ခြင်း မရှိ။

မင်းသည် ထိုအကြောင်းကို ကြား၍ သားကိုစွဲ၍ဖြစ်သော စိုးရိမ်ခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ငါ့အား ဤစိုးရိမ်ခြင်းသည် ချစ်သောသူကြောင့်ဖြစ်၏၊ ချစ်ခြင်းသည် အကယ်၍ မဖြစ်ငြားအံ့ စိုးရိမ်ခြင်းသည် မဖြစ်လတ္တံ့ဟု ကြံ၏၊ ကြံပြီး၍ ယခုအခါ၌ ဤကာလမှစ၍ သဝိညာဏကဘဝင်း အဝိညာဏကဘဝင်း တစုံတခုသော ဝတ္ထု၌ ချစ်ခြင်းမည်သည်ကား ငါ့အား မဖြစ်စေသတည်းဟု မိဠာန်၏၊ ထိုအခါမှစ၍ ချစ်ခြင်းမည်သည်ကား မရှိ ထိုအကြောင်းကို ရည်၍ "ကိတဝါသော နာမဟံ" အစရှိသော ဂါထာကို ရွတ်၏။

ထိုအခါ၌ မင်းသည် ဆတ္တပါဏိကို အချင်း ဆတ္ထပါဏိ အဘယ် အာရုံကို မြင်၍ အမျက်ထွက်ခြင်း မရှိလေသနည်းဟု မေး၏၊ ထို ဆတ္တပါဏိသည် ထိုအကြောင်းကို ကြားလိုရကား—

(ဃ) အရကော ဟုတ္ဝာ မေတ္တစိတ္တံ၊ သတ္တဝဿာနိ ဘာဝယိံ။
သတ္တကပ္ပေ ဗြဟ္မလောကေ၊ တသ္မာ အက္ကောဓနော အဟံ။

ဟူသော ဤဂါထာကို ရွတ်၏။

မဟာရာဇ၊ မင်းမြတ်။ အဟံ၊ အကျွန်ုပ်သည်။ အရကော၊ အရကအမည် ရှိသော ရသေ့သည်။ ဟုတ္ဝာ၊ ဖြစ်၍။ သတ္တဝဿာနိ၊ ခုနစ်နှစ်တို့ပတ်လုံး။ မေတ္တစိတ်၊ မေတ္တာနှင့်ယှဉ်သောစိတ်ကို။ဘာဝယိံ၊ ပွားစေဘူး၏။ ဘာဝေတ္ဝာ၊ ပွားစေသောကြောင့်။ သတ္တကပ္ပေ၊ ခုနစ်ပါးကုန်သော သံဝဋ္ဋ ဝိဝဋ္ဋကပ်တို့ပတ်လုံး။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ပြည်၌။ ဝသိံ၊ နေခဲ့၏။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ အက္ကောဓနော၊ အမျက်ထွက်ခြင်း မရှိ။

ဤသို့ ဆတ္တပါဏိသည်မိမိ၏လေးပါးကုန်သော အင်္ဂါတို့ကို ဆိုအပ်ကုန်သည် ရှိသော် မင်းသည် ပရိသတ်အား မျက်စိမှိတ်ခြင်း လည်ညိတ်ခြင်း အမှတ်ကို ပေး၏၊ ထိုခဏ၌ပင်လျှင် အမတ်, ပုဏ္ဏား, သူကြွယ် အစရှိကုန်သော သူတို့သည်

www.dhammadownload.com

ထကုန်၍ ဟယ်....တံစိုးစားတတ်သော ခိုးသူပျက် သင်သည် တံစိုးကို မရ၍ ပညာရှိကိုစွပ်စွဲ၍ ဇသစေလို၏ဟု ကာဋ္ဌကစစ်သူကြီးကို လက်ခြေတို့ဌ် ကိုင်ကုန်၍ မင်းအိမ်မှ ချကုန်၍ ကိုင်မိတိုင်း ကိုင်မိတိုင်းသာလျှင် ဖြစ်ကုန်သော ကျောက်ဆောက်ပုတ်တို့ဖြင့် ဦးခေါင်းကို ခွဲကုန်၍ အသက်ကုန်ခြင်းသို့ ရောက်စေကုန်၍ ခြေတို့ဌ် ကိုင်ကုန်၍ ငင်ကုန်လျက် တံမြက်ခြေး အမှိုက်စွန့်ရာ အရပ်၌ စွန့်ကုန်၏၊ သိုဒ ၃ ါမှစ၍ မင်းသည် တရားသဖြင့် မင်းအဖြစ်ကိုပြုလျက် ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော် မူ၍ ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ကာဋ္ဌကစစ်သူကြီး ဖြစ်ဘူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဆတ္တပါဏိ အမည်ရှိသော ဆေတ္တာသည် ဖြစ်ဘူးပြီ၊ ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ သိကြားမင်းဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဓမ္မဓဇ ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(သူများမကောင်းကြံ၊ ကိုယ့်ပြန်ဘေးဒဏ်ထိ၊ ရှေးထုံးရှိ၊ သတိမူမိစေ)

ဆယ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဓမ္မဓဇဇာတ်သည် ပြီး၏။

ဂ-ကာသာဝဝဂ် ၇၁-ကာသာဝဇာတ်

ဆင်မင်းနှင့် မုဆိုး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အနိုက္ကသာဝေါ ကာသာဝံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ **ကာသာဝဇာတ်**ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဝတ္ထု သည်ကား ရာဇဂြိုဟ်ပြည်၌ ဖြစ်၏၊ တပါးသောအခါ၌ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာသည် ငါးရာကုန်သော ရဟန်းအပေါင်းတို့နှင့်တကွ ဝေဠုဝန်

www.dhammadownload.com

ကျောင်းတော်၌ နေ၏၊ဒေဝဒတ်သည်လည်း မိမိအားလျော်သော သီလမရှိသော ပရိသတ်ဖြင့်ခြံရုံလျက် ဂယာသီသ၌ နေ၏၊ ထိုအခါရာဇဂြိုဟ်ပြည်၌ နေကုန်သော သူတို့သည် ဆန္ဒကို တပေါင်းတည်း ပြုကုန်၍ အလှူကို စီရင်ကုန်၏၊ ထိုအခါ၌ တယောက်သော ကုန်ပြုအံ့သောငှါ လာသော ကုန်သည်သည် ဤ ပုဆိုးကို စွန့်ကုန်၍ ငါ့ကိုလည်း ကုသိုလ်၏ အဘို့ရှိသည်ကို ပြုပါကုန်လော့ဟု မျှားစွာ အဘိုးထိုက်သော မွေးကြိုင်သော သင်္ကန်းလျာပုဆိုးကို ပေး၏၊ ပြည်သူတို့သည် အလှူကြီးကို ဖြစ်စေကုန်၏၊ အလုံးစုံသော အလှူဝတ္ထုသည် ဆန္ဒကူသောအားဖြင့် စုရုံးအပ်ကုန်သော အသပြာတို့ဖြင့်သာလျှင် ပြီး၏၊ ထိုမွေးသော အနုံရှိသော ပုဆိုးသည် လွန်ကဲသည်ဖြစ်၏၊ လူမျှားသည် စည်းဝေးကုန်၍ မွေးကြိုင်သော ပုဆိုးသည် လွန်ကဲ၏ အဘယ်အရှင်အား လှူရကုန်အံ့နည်း သာရိပုတ္တရာမထေရ်အားတည်း လှူရကုန်အံ့လော ထိုသို့ မဟုတ်မူကား အရှင်ဒေဝဒတ်အားတည်း လှူရကုန်အံ့လောဟု စည်းဝေးတိုင်ပင်ကြကုန်၏။

ထိုအစည်းအဝေး၌ အချို့ကုန်သော သူတို့သည် သာရိပုတ္တရာ မထေရ်အား လှူကုန်အံ့ဟု ဆိုကုန်၏၊ တပါးကုန်သော သူတို့သည် သာရိပုတ္တရာမထေရ်သည် နှစ်ရက် သုံးရက်နေ၍ အလိုအလျောက် သွားလိမ့်မည် သတည်း၊ အရှင်ဒေဝဒတ်သည်တမူကား အမြဲငါတို့၏မြို့ကိုသာလျှင် အမှီပြု၍ နေကုန်လတ္တံ့ သတည်း၊ သေမှ,ရှင်မှတို့၌ အရှင်ဒေဝဒတ်သည်သာလျှင် ငါတို့၏ ကိုးကွယ်ရာဖြစ်လတ္တံ့၊ ဒေဝဒတ်အား လှူကုန်အံ့ဟု ဆိုကြကုန်၏၊ အကြိမ်များစွာ ဆိုကုန်သော်လည်း အရှင်ဒေဝဒတ်အား လှူကုန်အံ့ဟု ဆိုကုန်သော သူတို့သည်သာလျှင် များကုန်၏၊ ထိုအခါ၌ ထိုမွေးကြိုင်သောပုဆိုးကောင်းကို ဒေဝဒတ်အား လှူကုန်၏၊ထိုပုဆိုးကို ဖြတ်၍ စနစ်ကို ချုပ်စေ၍ ဆိုးစေ၍ ရွှေပြားအဆင်းနှင့်တူသော အဆင်းရှိသည် ကိုပြု၍ ရုံ၏၊ ထိုကာလ၌ သုံးကျိပ် အတိုင်းအရှည် ရှိကုန်သော ရဟန်းတို့သည် ရာဇဂြိုဟ်မှ ထွက်ကုန်၍ သာဝတ္ထိပြည်သို့ လာလတ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုးကုန်၍ ပြုအပ်သော ပျူငှါလောကဝတ် ရှိကုန်သည်ဖြစ်၍ ထိုအကြောင်းကို ကြားကုန်၍ အရှင်ဘုရား ဤသို့ဒေဝဒတ်သည် မိမိအား မလျော်မပတ်သော ရဟန္တာတို့၏ တံခွန်သဘုယ် ဖြစ်သော သင်္ကန်းကို ရုံ၏ဟု လျှောက်ကုန်၍၊ မြတ်စွာဘုရားသည် ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် မိမိအား မလျော်မပတ်သော ရဟန္တာတို့၏ တံခွန်သဘုပ်ဖြစ်သော သင်္ကန်းကိုဝတ်သည် မဟုတ်သေး၊ ရှေး၌လည်း ဝတ်ဘူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

www.dhammadownload.com

အာတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောဒုခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာ အရပ်ဝယ် ဆင်မျိုး၌ဖြစ်၍ တောနက်ရာ၌ နေ၏၊ ထိုအခါ၌ တယောက်သော ဗာရာဏသီပြည်၌ နေသော ဆင်းရဲသောလူသည် ဆင်စွယ်လုပ်ကုန်သောသူတို့၏လမ်းခရီး၌ ဆင်စွယ်တို့ကို ဆင်စွယ်လက်ကောက် အစရှိသည်တို့ကို လုပ်အပ်ကုန်သည်တို့ကို မြင်၍ အရှင်တို့ ဆင်စွယ်တို့ကို ရကုန်သော် ယူကြကုန်လတ္တံ့လော ဟု မေး၏ ထို ဆင်စွယ်သွားတို့သည်ယူကြကုန်အံ့ဟု ဆိုကုန်၏၊ ထိုဆင်းရဲသောယောကျ်ားသည် ကောင်းပြီဟု လက်နက်ကိုယူ၍ ဖန်ရည်စွန်းသော သက်န်းကိုဝတ်လျက် ပစ္စေကဗုဒ္ဓါအသွင်ကို ယူ၍ ဦးခေါင်းကို ခွုံ၍ ဆင်တို့၏ခရီး၌ ရပ်၍ လက်နက်ဖြင့် ဆင်ကိုသတ်၍ အစွယ်တို့ကို ယူ၍ ဗာရာဏသီပြည်၌ ရောင်းလျက် အသက်မွေးခြင်းကို ပြု၏၊ ထိုယောကျ်ားသည် နောက်အဘို့၌ ဘုရားလောင်း၏ အခြံအရံဖြစ်ကုန်သော ဆင်တို့တွင် အလုံးစုံသောဆင်တို့၏ နောက်ဆုံးဖြစ်သော ဆင်ကိုသတ်အံ့သောဌါ အားထုတ်၏၊ ဆင်တို့သည် နေ့တိုင်း နေ့တိုင်း လျော့ကုန်သည်ရှိသော် အဘယ် အကြောင်းကြောင့်လျင် ဆင်တို့သည် လျော့ကုန်ဘိသနည်းဟု ဘုရားလောင်းအား ကြားလျှောက်ကုန်၏။

ဘုရားလောင်းသည် စုံစမ်းသည်ရှိသော် ပစ္စေကဗုဒ္ဓါ၏ အသွင်ကို ယူ၍ ဆင်တို့သွားရာလမ်းနား၌ ယောကျ်ားတယောက်သည် ရှိ၏၊ ထိုယောကျ်ားသည် သတ်လေသလော၊ ထိုယောကျ်ားကို စုံစမ်းအံ့ဟု တနေ့သ၌ အခြံအရံ ဖြစ်ကုန်သော ဆင်တို့ကို ရှေ့ထား၍ မိမိသည် နောက်မှလိုက်၏၊ ထိုယောကျ်ားသည် ဘုရားလောင်းကိုမြင်၍ လက်နက်ကိုကိုင်၍ ပြေးလာ၏၊ ဘုရားလောင်းသည် ပြန်လည်တည့်၍ ကြည့်လျက် ထိုယောကျ်ားကို မြေ၌ ရိုက်ပုတ်၍ သတ်အံ့ဟု နှာမောင်းကို ဆန့်၍ ထိုယောကျ်ားသည် ဝတ်အပ်ကုန်သော သက်န်းတို့ကိုမြင်၍ ဤရဟန္တာတို့၏ တံခွန်ဖြစ်သော သက်န်းတော်ကို ငါသည် အလေးအမြတ် ပြုအံ့သောဌါသင့်၏ဟု နှာမောင်းကို တဖန် သိမ်းဆည်းပြန်၍ အို ယောကျ်ား ဤ ရဟန္တာတို့၏ တံခွန်ဖြစ်သော သက်န်းတော်သည် သင့်အား မလျောက်ပတ်သည် မဟုတ်တုံလော၊ အဘယ့်ကြောင့် ထိုသက်န်းကို နင် ဝတ်ဘိသနည်းဟု ဆို၍—

၁၄၁ အနိက္ကသာဝေါ ကာသာဝံ၊ ယော ဝတ္ထံ ပရိဒဟိဿတိ။
အပေတော ဒမသစ္စေန၊ န သော ကာသာဝ မရဟတိ။

www.dhammadownload.com

၁၄၂ ယော စ ဝန္တကသာဝဿ၊ သီလေသု သုသမာဟိတော။
ဥပေတော ဒမသစ္စေန၊ သ ဝေ ကာသာဝ မရဟတိ။

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

အမ္ဘော ပုရိသ၊ အို ယောကျ်ား။ အနိဂ္ဂသာဝေါ၊ မနှင်ထုတ်အပ်သော တထောင့်ငါးရာ ကိလေသာရှိထသော။ ဒမသစ္စေန၊ ဣန္ဒြေကို ဆုံးမခြင်းဟု ဆိုအပ်သော ဒမ, နိဗ္ဗာန်ဟုဆိုအပ်သော ပရမတ္ထသစ္စာမှ။ **တနည်းကား** ဒမသစ္စေန၊ ဣန္ဒြေကို ဆုံးမခြင်းဟု ဆိုအပ်သော ဒမ, လေးပါး အပြားရှိသော သစ္စာမှ။ အပေတော၊ ကင်းသော။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ကာသာဝံ၊ ဖန်ရည်စွန်းသော။ ဝတ္ထုံ၊ သင်္ကန်းတော်ကို။ ပရိဒဟိဿတိ၊ ဝတ်ရုံဘိ၏။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ကာသာဝံ၊ သင်္ကန်းကို။ န အရဟတိ၊ မဝတ်ရုံထိုက်။

ယော၊ အကြင် ပုဂ္ဂိုလ်သည်ကား။ ဝန္တကသာဝဿ၊ အန်အပ်ပြီးသော တထောင့်ငါးရာ ကိလေသာရှိသော ပုဂ္ဂိုလ်မြတ်၏။ သီလေသု၊ မဂ်,ဖိုလ်သီလ တို့၌။ သုသမာဟိတော၊ ကောင်းစွာ ဆောင်ရွက်၍ ထားဘိသကဲ့သို့ တည်၏။ ဒမသစ္စေန၊ ဣန္ဒြေကို ဆုံးမခြင်းဟု ဆိုအပ်သော ဒမ, နိဗ္ဗာန်ဟု ဆိုအပ်သေါ ပရမတ္ထသစ္စာနှင့်လည်း။ ဥပေတော၊ပြည့်စုံ၏။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဝေ၊ စင်စစ်။ ကာသာဝံ၊ သင်္ကန်းတော်ကို။ အရဟတိ၊ ဝတ်ရုံထိုက်၏။

ဤသို့ ဘုရားလောင်းသည် ထိုယောကျ်ားအား ဤအကြောင်းကို ဆို၍ ဤနေ့မှစ၍ ဤအရပ်သို့ မလာလင့် အကယ်၍ လာအံ့ သင်၏ အသက်သည် မရှိရလတ္တံ့ဟု ခြိမ်းချောက်၍ ပြေးစေ၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ဆင်သတ်သော ယောကျ်ား ဖြစ်ဘူးပြီ၊ယခုအခါငါဘုရားသည်သာလျှင် ထိုအခါ ဆင်အပေါင်းတို့၏ အကြီး ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မတန်သည့်ဟာ၊ မသုံးရာ၊ စိတ်မှာခွဲဝေချင့်)

ရွေးဦးစွာသော ကာသာဝဇာတ်သည် ပြီး၏။

www.dhammadownload.com

၇၂- ဂိုဠိနန္ဒိယဇာတ်

သနားမဲ့ပုဏ္ဏား

ပစ္စုပ္ပန်ဝတ္ထု၊ နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဣဒံ တဒါစရိယဝစော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ စူဠနန္ဒိယဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ဒေဝဒတ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထို စကားကို ခဲ့ပြီးအံ့၊ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ ဒေဝဒတ်သည် ကြမ်းတန်း၏၊ ရုန့်ရင်း၏၊ နိုင်ထက်ကလူ မူတတ်၏၊ မြတ်စွာဘုရား၌ လေးသမားတို့ကို လုံ့လပြုစေ၏၊ ကျောက်ဖျာကို လိုမ့်၏၊ နာဠာဂိရိဆင်ကို လွှတ်လိုက်၏၊ မြတ်စွာဘုရား၌ ထို့ဒေဝဒတ်၏ အနည်းငယ်သော သည်းခံခြင်း မေတ္တာ သနားခြင်းသည်လည်းမရှိ၊ ဤသို့ စကားကိုဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ကြမ်းတန်းသည် ရုန့်ရင်းသည် သနားခြင်း မရှိသည် မဟုတ်သေး၊ ရှေး၌လည်း ဒေဝဒတ်သည် ကြမ်းတန်းသည် ရုန့်ရင်းသည် သနားခြင်းမရှိသည် ဖြစ်ဘူးသလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်၌ **မဟာနန္ဒိယ** အမည်ရှိသော မျောက်ဖြစ်၏၊ ညီငယ်ဖြစ်သော မျောက်သည်ကား **စူဠနန္ဒိယ**မည်၏၊ ထိုညီနောင် မျောက်နှစ်ခုတို့သည်လည်း ရှစ်သောင်းသော မျောက် အခြံအရံရှိကုန်သည်ဖြစ်၍ ဟိမဝန္တာအရပ်၌ အမိ မျက်မမြင်ကို မွေးမြူလျက် နေကုန်၏၊ ထိုစူဠနန္ဒိယ, မဟာနန္ဒိယတို့သည် အမိကို နေရာချုံ၌ ထားခဲ့ကုန်၍ တောသို့ ဝင်ကုန်၍ ချိုမြိန်ကောင်းမြတ်သော သစ်သီးတို့ကို အမိသို့ ပို့စေကုန်၏၊ ဆောင်ကုန်သော မျောက်တို့သည် ထိုအမိအား မပေးကုန်၊ ထို မျက်မမြင်ဖြစ်သော မျောက်မသည် ငတ်မွတ်ခြင်း နှိပ်စက်အပ်သည်ဖြစ်၍ ခရိုး အရေမျှသာ ကြွင်းသည် ဖြစ်၏၊ ထိုအခါ၌ ထိုအမိကို ဘုရားလောင်းသည် မိခင်

www.dhammadownload.com

သင်တို့ကို ချုပ်မြိန်မြတ်ကုန်သော သစ်သီးကြီးငယ်တို့ကို ငါတို့ ပို့လာစေကုန်၏ သင်တို့သည် အဘယ်ကြောင့် ညှိုးနွမ်းရဘိသနည်းဟု ဆို၏၊ ချစ်သား ငါသည် မရဟု ဆိုသည်ရှိသော် ဘုရားလောင်းသည် ကြံ၏၊ အဘယ်သို့ ကြံသနည်း ဟူမူကား ငါသည် မျောက်အပေါင်းကို ရွက်ဆောင်သည်ရှိသော် ငါ၏အမိသည် ပျက်စီးလတ္တံ့၊ မျောက်အပေါင်းကို စွန့်၍ အမိကိုသာလျှင် လုပ်ကျွေးအံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုဘုရားလောင်းသည် စူဠဇနန္ဒိယကို ခေါ်၍ ညီထွေး သင်သည် မျောက်အပေါင်းကို ဆောင်လော့၊ ငါသည် အမိကို လုပ်ကျွေးအံ့ဟု ဆို၏၊ ထို စူဠဇနန္ဒိယသည်လည်း ထိုဘုရားလောင်းကို အစ်ကိုကြီး အကျွန်ုပ်အား မျောက်အပေါင်းကို ဆောင်ခြင်းဖြင့် အမှုသည် မရှိ၊ ကျွန်ုပ်သည်လည်း အမိကိုသာလျှင် လုပ်ကျွေးအံ့ဟု ဆို၏၊ ဤသို့ ထိုနှစ်ယောက်ကုန်သော ညီနောင်တို့သည်လည်း တူသော ဆန္ဒရှိကုန်ရကား မျောက်အပေါင်းကို စွန့်ခဲ့ပြီးလျှင် အမိကို ဆောင်ယူကုန်လျက် ဟိမဝန္တာဝမ္မ သက်ကုန်၍ အရပ်စွန်ဖြစ်သော ပညောင်ပင်၌ နေကုန်၍ အမိကို လုပ်ကျွေးကုန်၏။

ထိုအခါ ဗာရာဏသီပြည်၌နေသော တယောက်သော ပုဏ္ဏားလုလင်သည် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဖြစ်သော ဆရာ၏အထံ၌ ခပ်သိမ်းသော အတတ်တို့ကို သင်ပြီးလျှင် သွားအံ့ဟူ၍ ဆရာကို ပန်၏၊ ဆရာသည် အင်္ဂါဝိဇ္ဇာ၏ အာနုဘော်အားဖြင့် ထိုပုဏ္ဏားလုလင်၏ ကြမ်းတန်းသည်၏ အဖြစ် ရုန့်ရင်းသည်၏ အဖြစ် နိုင်ထက်ကလူ မူတတ်သည်၏အဖြစ်ကို သိ၍ လုလင် သင်သည် ကြမ်းတန်း၏၊ ရုန့်ရင်း၏၊ နိုင်ထက်ကလူ မူတတ်၏၊ ဤသို့ သဘောရှိသော သူတို့အား အခါခပ်သိမ်း အတူအမျှသာလျှင် မပြည့်စုံတတ်၊ ကြီးစွာသော ပျက်စီးခြင်းသို့ ကြီးစွာသော ဆင်းရဲခြင်းသို့ ရောက်လတ္တံ့၊ သင်သည် ကြမ်းတန်းသည် မဖြစ်စေလင့်၊ နောင်တပူပန်ခြင်းကို ပြုတတ်သော အမှုကို မပြုလေလင့်ဟု ဆုံးမ၍ လွှတ်လိုက်၏၊ ထိုပုဏ္ဏား လုလင်သည် ဆရာကို ရှိခိုး၍ ဗာရာဏသီပြည်သို့ သွား၍ အိမ်ရာထောင်ခြင်းကိုယူ၍ တပါးကုန်သော အတတ်တို့ဖြင့် အသက်မွေးခြင်းကို ပြုအံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ လေးအတတ်ကို မှီ၍ အသက်မွေးအံ့ မူဆိုးတို့၏အမှုကိုပြု၍ အသက်မွေးခြင်းကို ပြုအံ့ဟု ဗာရာဏသီပြည်မှ ထွက်၍၊ အရပ်စွန်ဖြစ်သော ရွာငယ်၌ နေလျက် လေးတောင့်လွယ်လျက် တောသို့ဝင်၍ အထူးထူးသော သားတို့ကို သတ်၍ အသားကို ရောင်းသဖြင့် အသက်မွေးခြင်းကို ပြု၏၊ ထိုပုဏ္ဏားလုလင်သည် တနေ့သ၌ တောဝယ် တစုံတခုကို မရမူ၍ လာလတ်သည်ရှိသော် အစွန်၌ တည်သော

www.dhammadownload.com

ပညောင်ပင်ကိုမြင်၍ ဤပညောင်ပင်၌ တစုံတခုရှိသည် ဖြစ်ငြားအံ့လည်းမသိဟု ပညောင်ပင်သို့ ရှေးရှုသွား၏။

ထိုခဏ၌ နှစ်ခုကုန်သော မျောက်ညီနောင်တို့သည်လည်း အမိကို သစ်သီး စားစေကုန်၍ ရွှေမှဆားကုန်၍ သစ်ခွကြား၌ နေကုန်လျက် လာလတ်သော မုဆိုးကို မြင်ကုန်၍ အမိကို အသို့ပြုလတ္တံ့နည်းဟု သစ်ခက်ကြား၌ ပုန်းအောင်း ကြကုန်၏။ ထိုနိုင်ထက်ကလူ မူတတ်သော ယောကျ်ားသည်လည်း ပညောင်ပင် ရင်းသို့ လာလတ်၍ ထိုမျောက်ညီနောင်တို့၏ အိုသည်ဖြစ်၍ အားနည်းသော ကန်းသော ထိုအမိမျောက်မကို မြင်၍ ငါ့အား လက်ချည်းစည်း သွားသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ဤမျောက်မကိုပစ်ယူ၍သွားအံ့ဟုထိုကြမ်းကြုတ်သော ယောကျ်ားသည် ထိုမျောက်မအား ပစ်အံ့သောဌာ လေးကို ကိုင်၏၊ ထိုအခြင်း အရာကို မြင်၍ ဘုရားလောင်းသည် ညီထွေး စုဥဒနန္ဒိယ ဤယောကျ်ားသည် ငါတို့၏အမိကို ပစ်လို၏၊ ငါသည် ဇီဝိတဒါနကို လှူအံ့၊ သင်သည် ငါလွန်သဖြင့် အမိကို လုပ်ကျွေးရစ်လော ဟု ဆို၍ သစ်ခက်ကြားမှ ထွက်၍ အို ယောကျ်း သင်သည် ငါ၏အမိကို မပစ်ပါလင့်၊ ဤမျောက်မသည် ကန်းလည်း ကန်း၏၊ အိုလည်းအို၏၊ အားလည်းနည်း၏၊ ငါသည် ထိုမျောက်မအိုအား ဇီဝိတဒါနကို ပေးအံ့၊ သင်သည် ထိုမျောက်မအိုကို မသတ်မူ၍ ငါ့ကို သတ်လော့ဟု ထိုယောကျ်းအား ဝန်ခံခြင်းကို ယူ၍ မြား၏အနီးဖြစ်သော အရပ်၌ နေ၏၊ သနားခြင်းမရှိသော ထိုယောကျ်းသည် ဘုရားလောင်းကို ပစ်၍ ကျစေ၍ ထိုဘုရားလောင်း၏ အမိကိုလည်း ပစ်အံ့သောဌာ တဖန် လေးကို တင်ပြန်၏၊ စုဥဒနန္ဒိယသည် ထိုအခြင်းအရာကို မြင်၍ ဤယောကျ်းသည် ငါ၏ အမိကို ပစ်လို၏၊ တနေ့မျှလည်း ငါ၏အမိသည် အသက်ရှင်လတ်သော် အသက်ကို ရသောမည်သည်သာလျှင် ဖြစ်၏၊ ထိုအမိအား ဇီဝိတဒါနကို လှူအံ့ဟု သစ်ခက်ကြားမှ ထွက်၍ အို ယောကျ်း သင်သည် ငါ၏အမိကို မပစ်ပါလင့်၊ ငါသည် ထိုအမိအား ဇီဝိတဒါနကို လှူအံ့၊ သင်သည် ငါ့ကိုပစ်၍ ငါတို့ ညီနောင် နှစ်ခု တို့ကိုယူ၍ ငါတို့၏အမိအား ဇီဝိတဒါနကို ပေးလော့ဟု ထိုယောကျ်းအား ဝန်ခံခြင်းကိုယူ၍ မြား၏အနီးဖြစ်သော အရပ်၌ နေ၏၊ ထိုယောကျ်းသည် ထိုစုဥဒနန္ဒိယကိုလည်းပစ်၍ ကျစေပြီးလျှင် ဤမျောက်မအိုသည် အိမ်၌သူငယ် တို့ဘို့ ဖြစ်လတ္တံ့ဟု ထိုမျောက်ညီနောင်တို့၏ အမိကိုလည်း ပစ်၍ ကျစေ၍ မျောက်သုံးခုတို့ကိုလည်း ထမ်းပိုးဖြင့် ထမ်း၍ အိမ်သို့ ရှေးရှုသွား၏။

ထိုအခါ ထိုယုတ်မာသော ယောကျ်း၏အိမ်ကို မိုးသည်းကြိုးသည် ကျ၍ မယား ကိုဂင်း သားငယ် နှစ်ယောက် တို့ကိုဂင်း အိမ်နှင့်သာလျှင် တကွ လောင်၏၊

www.dhammadownload.com

ခေါင်အုပ်ဝါး၏ဖွဲရာတိုင်မျှသည်ကြွင်း၏၊ ထိုအခါထိုယောကျ်ားအားရွာတံခါးဦး လျှင် တယောက်သော ယောကျ်ားသည် မြင်၍ ထိုအကြောင်းကို ကြား၏၊ ထိုယောကျ်ားသ်ည် သားမယားတို့ကို စွဲ၍ဖြစ်သော စိုးရိမ်ခြင်းသည် နှိပ်စက် အပ်သည်ဖြစ်၍ ထိုအရပ်ဦးလျှင် အမဲနှင့်တကွသော ထမ်းပိုးကိုငှင်း လေးကိုငှင်း စွန့်ခဲ့၍ ပုဆိုးကိုပစ်၍ ကိုယ်ချည်းစည်း မောင်းတို့ကို မြောက်၍ ငိုကြွေးလျက် သွားလေ၍ အိမ်သို့ဝင်၏၊ ထိုအခါ ထိုယုတ်မာသောယောကျ်ား၏ ဦးခေါင်းဦး ခေါင်တိုင်တို့သည် လည်း၍ ဦးခေါင်းကိုခွဲ၏၊မြေသည် ဟင်းလင်းသော အခြင်း အရာကို ပေး၏၊ အငိုစိမ့် မီးလျှံသည် တက်၏၊ ထိုယောကျ်ားသည် မြေမျိုလတ်သည်ရှိသော် ဆရာ၏အဆုံးအမကို အောက်မေ့၍ စင်စစ် ဤအကြောင်းကို မြင်၍ ရှေးဆရာဖြစ်သော ပုဏ္ဏားသည် ငါ့အား အဆုံးအမကို ပေး၏ဟု ငိုကြွေး လို့ရကား—

၁၄၃ ဣဒံ တဒါစရိယဝစော၊ ပါရာသရိယော^ ဗြဝိ။
မာသု တုံ အကရီ ပါပံ၊ ယံ တုံ ပစ္ဆာ ကတံ တပေ။

၁၄၄ ယာနိ ကရောတိ ပုရိသော၊ တာနိ အတ္ထာနိ ပဿတိ။
ကလ္လာဏကာရီ ကလ္လာဏံ၊ ပါပကာရီ စ ပါပကံ။
ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟာရတေ ဖလံ။

ဟူသော ဤဂါထာနှစ်ခုတို့၏အပေါင်းကို ဆို၏။

မာဏဝ၊ လုလင်။ တုံ၊ သင်သည်။ ပါပံ၊ မကောင်းမှုကို။ မာ အကရီ၊ မပြုလေလင့်။ ကတံ၊ ပြုအပ်သော မကောင်းမှုသည်။ ပစ္ဆာ၊ နောက်ကာလ၌။ တုံ၊ သင့်ကိုသာလျှင်။ တပေ၊ လောင်ရာ၏။ ဣတိ၊ ဤသို့။ ယံ ဝစနံ၊ အကြင် စကားကို။ပါရာသရိယော၊တိုင်းထွာဆင်ခြင် အောက်မေ့မြင်သောပုဏ္ဏားသည်။ အဗြဝိ၊ ဆိုဘူးပေ၏။ ဣဒံ ဝစနံ၊ ဤစကားသည်။ အာစရိယဝစော၊ ဆရာ၏ စကားတည်း။

ပုရိသော၊ ယောကျ်ားသည်။ ယာနိ၊ အကြင်အမှုတို့ကို။ ကရောတိ၊ ပြု၏။ တေသံ၊ ထိုအမှုတို့၏။ ဝိပါကံ၊ အကျိုးကို။ပဋိလဘန္တော၊ ရလတ်သည်ရှိသော်။ တာနိ၊ ထိုအကျိုးတို့ကို။ အတ္တာနိ၊ မိမိ၌။ ပဿတိ၊ မြင်ရ၏။ လောကေ၊ လောက၌။ ယာဒိသံ၊ အကြင်သို့သော သဘောရှိသော။ ဗီဇံ၊ မျိုးစေ့ကို။

www.dhammadownload.com

ဝပတေ၊ စိုက်ပျိုးအံ့။ တာဒိသံ၊ ထိုသို့ သဘောရှိသော။ ဖလံ၊ အသီးကို။ ဟရတေ ယထာ၊ ဆောင်သကဲ့သို့။ ဧဝံ-တထာ၊ ထို့အတူ။ ကလျာဏကာရီ၊ ကုသိုလ်ကောင်းမှုကို ပြုလေ့ရှိသော သူသည်။ ကလျာဏံ၊ ကောင်းကျိုးကို။ အနုဘောတိ၊ ခံစားရ၏။ ပါပကာရီ စ၊ မကောင်းမှုကို ပြုလေ့ရှိသော သူသည်လည်း။ ပါပကံ၊ မကောင်းကျိုးကို။ အနုဘောတိ၊ ခံစားရ၏။

ထိုယောကျ်ားသည် ငိုကြွေးလျက် မြေသို့ ဝင်ရလေ၏၊ အဝီစိငရဲကြီး၌ ဖြစ်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌ သာလျှင် ကြမ်းတန်းရှုန့်ရင်းသည် သနားခြင်းမရှိသည်မဟုတ်သေး၊ ရှေး၌လည်း ကြမ်းတန်းသည် သာလျှင်တည်း၊ ရှုန့်ရင်းသည် သာလျှင်တည်း၊ သနားခြင်း မရှိသည်သာလျှင်တည်းဟု မိန့်တော်မူ၍ ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်း ယခုအခါ ဒေဝဒတ်သည် ထိုအခါ ရှုန့်ရင်းကြမ်းတန်းသော ယောကျ်း ဖြစ်ဘူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဒိသာပါမောက္ခဖြစ်သောဆရာ ဖြစ်ဘူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ စူဠဥနန္ဒိယ ဖြစ်ဘူးပြီ၊ ယခုအခါ မဟာပဏာပတိ ဂေါတမီသည် ထိုအခါ အမိ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ မဟာနန္ဒိယ ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အကျိုးဟူက၊ ကံမူလ၊ မူဝတ္ထုသည်သာ)

နှစ်တို့၏ပြည့်ကြောင်းဖြစ်သော စူဠဥနန္ဒိယဇာတ်သည် ပြီး၏။

၇၃-ပုဉ္ဇာဇ္ဇာဇာတ်

လင်ချစ်မယား

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "နမေ နမန္တဿ ဘဂဝေ ဘဂဝန္တံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ပုဋ္ဌဘတ္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **တယောက်သော သူကြွယ်** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ သာဝတ္ထိပြည်၌ နေသော တယောက်သော သူကြွယ်သည် :

www.dhammadownload.com

ဇနပုဒ်နေဖြစ်သော တယောက်သော သူကြွယ်နှင့်တကွ ကုန်ဘိုးမြိပေးခြင်းကို ပြု၏၊ ထိုသာဝတ္ထိမြို့နေ သူကြွယ်သည် မိမိ၏ မယားကိုခေါ်၍ ထိုမြို့ဆောင်သော သူ၏ အထံသို့ သွား၏၊ ထိုမြို့ကို ဆောင်သောသူသည် ပေးအံ့သောဌါ မတတ်နိုင်သေးဟူ၍ တစုံတခုကို မပေး၊ မြို့ရှင်သည် အမျက်ထွက်၍ ထမင်းကို မစားမူ၍ ထွက်၏၊ ထိုအခါ ခရီးအကြွေးဌ အလွန်ဆာမွတ်သော ကိုယ်ရှိသော ထိုယောကျ်ားကို မြင်ကုန်၍ ခရီးသွားကုန်သော ယောကျ်ားတို့သည် မယား အားသည်း ပေး၍ စားလောဟု ထမင်းထုပ်ကို ပေးကုန်၏၊ ထိုယောကျ်ားသည် ထိုထမင်းထုပ်ကိုယူ၍ ထိုမယားအားမပေးလိုသည်ဖြစ်၍ နှမ ဤအရပ်သည်ကား ခိုးသူတို့၏ တည်ရာအရပ်တည်း၊ သင်သည် ရှေ့မှ သွားလော့ဟု လှတ်လိုက်၍ အလုံးစုံသော ထမင်းကို စား၍ အချည်းနှီးသော ထမင်းထုပ်ကို ပြ၍ နှမ မကောင်းသော အချည်းနှီးသော ထမင်းကိုသာလျှင် ပေးကြ၏ဟု ဆို၏၊ ထိုမိန်းမသည် တယောက်ထည်းသာလျှင် ဖြစ်သော ထိုယောကျ်ားသည် စားအပ်သည်၏ အဖြစ်ကို သိ၍ နှလုံးမသာယာခြင်းသို့ ရောက်သည်ဖြစ်၏၊ ထိုနှစ်ယောက်ကုန်သော သို့မဟုတ် ခင်ပွန်းတို့သည်လည်း ဇောတဝန် ကျောင်းတော်၏ နောက်အဘို့ဖြစ်သော ကျောင်းသို့ သွားကြလေကုန်သည်ရှိသော် ရောက်သောကုန်အံ့ဟူ၍ ဇောတဝန်ကျောင်းတော်သို့ ဝင်ကုန်၏။

မြတ်စွာဘုရားလည်း ထိုသို့မဟုတ် ခင်ပွန်းနှစ်ယောက်တို့၏သာလျှင် လာခြင်းကို ကြည့်တော်မူလျက် ခရီးကိုယူ၍ သမင်ကို ဖမ်းလို၍ စောင့်နေသော မုဆိုးကဲ့သို့ ဂန္ဓကုဋီအရိပ်၌ နေတော်မူ၏၊ ထိုနှစ်ယောက်ကုန်သော သို့မဟုတ် ခင်ပွန်းတို့သည် မြတ်စွာဘုရားကို မြင်ကုန်လျှင် ကပ်ကုန်၍ ရှိခိုးကုန်လျက် နေကုန်၏၊ မြတ်စွာဘုရားသည် ထိုဒါယိကာ ဒါယိကာမတို့နှင့်တကွ စကားစေ့စပ်ခြင်းကိုပြု၍ ဒါယိကာမ သင်၏လင်သည် သင်၏အစီးအပွားကိုအလိုရှိသလော မရှိသလောဟု မေးတော်မူ၏ အရှင်ဘုရား အကျွန်ုပ်သည် ထိုယောကျ်ားအား အလွန်ချစ်၏၊ ဤယောကျ်ားသည်ကား အကျွန်ုပ်အား ချစ်ခြင်းမရှိ တပါးသောနွေတို့ကိုလည်း ထားဘိဦး၊ ယနေ့ ဤယောကျ်ားသည် ခရီးအကြွေးဌ ထမင်းထုပ်ကိုရ၍ အကျွန်ုပ်အား မပေးမူ၍ မိမိချည်းသာလျှင် စား၏ဟု လျှောက်၏၊ ဒါယိကာမ သင်သည် အခါခပ်သိမ်းလည်း ထိုယောကျ်ား၏ အစီးအပွားကို အလိုရှိ၏၊ အလွန်ချစ်၏၊ ဤယောကျ်ားသည်ကား သင့်အား ချစ်ခြင်းမရှိသည်သာတည်း၊ အကြင်အခါ၌ကား ပညာရှိတို့ကိုမှီ၍ သင်၏ ကျေးဇူးတို့ကို သိ၏၊ ထိုအခါ၌ သင့်အား အလုံးစုံသော စည်းစိမ်ချမ်းသာကို အစိုးရသည်၏အဖြစ်ကို ဆောင်နှင်း

www.dhammadownload.com

ဘူး၏ဟု မိန့်တော်မူ၍ ထိုဒါယိကာမသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ဒါယိကာမ လှန်လေ ပြီးသော အခါ၌ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပို့သည်ရှိသော် ဘုရားလောင်းသည် အမတ်မျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ထို ဗြဟ္မဒတ်မင်း၏ အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်ဖြစ်၏၊ ထိုအခါ၌ မင်းသည် ဤငါ၏ သားတော်သည် ငါ့အား ပြစ်မှားငြားအံ့လည်း မသိဟု သားကို ရှံရှာနှိုး၍ နှင်ထုတ်လိုက်၏၊ ထိုမင်းသားသည် မိမိ၏ မယားကို ယူ၍ မြို့မှထွက်၏၊ တခုသော လယ်လုပ်၍ အသက်မွေးကုန်သော သူတို့၏ရွာ၌ နေ၏၊ ထိုမင်းသားသည် နောက်အဘို့၌ အဘသေသည်၏အဖြစ်ကိုသိ၍ အမျိုးတို့၏ ဥစ္စာဖြစ်သော မင်းအဖြစ်ကို ယူအံ့ဟူ၍ ဗာရာဏသီပြည်သို့ ပြန်၏၊ ထိုအခါ ခရီးအကြာ၌ မယားအားလည်း ပေး၍ စားလေလော့ဟု ဆို၍ ပေးအပ်သော ထမင်းထုပ်ကို ရ၍ ထိုမယားအား မပေးမူ၍ မိမိချည်းသာလျှင် စား၏၊ ထိုမိန်းမသည် ဤယောကျ်ားသည် ကြမ်းတန်းရှန့်ရင်းစုတကားဟု နှလုံးမသာသော အဖြစ်သို့ ရောက်၏၊ ထိုမင်းသားသည် ဗာရာဏသီပြည်၌ မင်းအဖြစ်ကိုယူ၍ ထိုမယားကို မိဖုယားကြီးအရာ၌ထား၍ ထိုမိန်းမအား ဤမျှသည်ပင်လျှင် သင့်ပြီဟု တပါးသော လာဘသက္ကာရကိုဂုဏ်း မြတ်နိုးတနာကိုဂုဏ်း မပြု၊ အဘယ်သို့မျှ ရသနည်းဟူ၍မျှလည်း မမေး။

ဘုရားလောင်းသည်ကြံ၏၊ အဘယ်သို့ကြံသနည်းဟူမူကား ဤမိဖုယားသည် မင်းအား ကျေးဇူးမျှား၏၊ အလှန်ချစ်၏၊ မင်းသည်တမူကား ထိုမိဖုယားကို အနည်းငယ်မျှလည်းမအောက်မေ့၊ ငါသည် ထိုမိဖုယားအား လာဘသက္ကာရကိုဂုဏ်း မြတ်နိုးတနာကိုဂုဏ်း ပြုစေအံ့ဟုကြံ၏၊ ကြံးပြီး၍ ဘုရားလောင်းသည် ထိုမိဖုယားသို့ကပ်၍ ခစားခြင်းကို ပြု၍ မိဖုယားသည် အမောင် အသို့နည်းဟု မေးသည်ရှိသော် စကားကိုဖြစ်စိမ့်သောငှါ ရှင်မိဖုယား အကျွန်ုပ်တို့သည် အရှင်တို့ကို ခစားပါကုန်၏၊ သက်ကြီး မိဘတို့အား အဝတ်အထည် ပိုင်းကိုမျှဂုဏ်း ထမင်းဆုပ်ကိုမျှဂုဏ်း ပေးအံ့သောငှါ မသင့်လောဟု ဆို၏၊ ဘခင် အကျွန်ုပ်သည် မိမိ၏အကျိုးငှါ တစုံတခုကိုမျှ မရပါ၊ သင်တို့အား အဘယ်သို့ ပေးရပါအံ့နည်း ရသောကာလ၌ ပေးအံ့သည်မဟုတ်တုံလော၊ ယခုတမူကား မင်းသည် ငါ့အား တစုံတခုကိုမျှ မပေး တပါးကို ပေးခြင်းကို ထားဘိဦး မင်းအဖြစ်ကို ယူအံ့

www.dhammadownload.com

သော်ငှါ လာလတ်သည်ရှိသော် ခရီးအကြားဌ် ထမင်းထုပ်ကိုရ၍ ထမင်းကို မျှလည်း ငါ့အား မပေးမူ၍ မိမိချည်းသာလျှင် စား၏ဟု ဆို၏၊ အမိ အသို့နည်း မင်း၏အထံဌ် ဤသို့ဆိုအံ့သောငှါ စုမ်းနိုင်အံ့လောကု ဆိုသည်ရှိသော် အမောင် စုမ်းနိုင်လတ္တံ့ဟု ဆို၏၊ အမိ ထိုသို့တပြီးကား ယနေ့ပင်လျှင် ကျွန်ုပ်မင်း၏ အထံဌ် တည်စဉ်ကာလဌ် ကျွန်ုပ် မေးလတ်သည်ရှိသော် ဤသို့ ဆိုကုန်လော ယနေ့ပင်လျှင် သင်တို့၏ ကျေးဇူးကိုသိစေအံ့ဟု ဆို၍ ဘုရားလောင်းသည် ရှေးဦး စွာသွား၍ မင်း၏အထံဌ် နေ၏၊ ထိုမိဖုယားသည် မင်း၏အနီးဌ် နေလာ၏။

ထိုအခါဌ် ထိုမိဖုယားကို ဘုရားလောင်းသည် အမိ အရှင်တို့သည်အလွန်လျှင် ရက်ရောကုန်၏၊ အဘတို့အား အဝတ်ပိုင်းကိုမျှငင်း ထမင်းကိုမျှငင်း ပေးပါအံ့ သောငှါ သင့်သည် မဟုတ်တုံလောဟု ဆို၏၊ အမောင် အကျွန်ုပ်သည်ပင် မင်း၏ အထံမှ တစုံတခုကိုမရပါ သင်တို့အား အဘယ်ကို ပေးရပါအံ့နည်းဟု ဆိုသည် ရှိသော် အရှင်သည် မိဖုယားမြတ်အရာကို ရသည် မဟုတ်တုံလောဟု ဆို၏၊ အမောင် တစုံတခုသော ပူဇော်သက္ကာရကို ရခြင်းသည် မရှိသော် မိဖုယားမြတ် အရာသည် အဘယ်ပြုလတ္တံ့နည်းဟု ဆို၍ ယခုအခါဌ် သင်တို့၏ မင်းသည် ငါ့အား အဘယ်ကို ပေးလတ္တံ့နည်း ထိုမင်းသည် ခရီးအကြားဌ် ထမင်းထုပ်ကို ရ၍ ထိုထမင်းထုပ်မှ တစုံတခုကိုမျှ မပေးမူ၍ မိမိချည်းသာလျှင် စား၏ဟု ဆိုသည် ရှိသော် ဘုရားလောင်းသည် မင်းမြတ် ကြားရသည်ကား ဤသို့ ကြားတိုင်းပင် ဟုတ်သလောဟု မေး၏၊ မင်းသည်လည်း သည်းခံ၏၊ ဘုရား လောင်းသည် ထိုမင်း၏သည်းခံခြင်းကို သိ၍ အမိ ထိုသို့တပြီးကား မင်းသည် မချစ် မလေးမြတ်သော ကာလမှစ၍ အရှင်တို့အား ဤအရပ်ဌ် နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း လောကဌ် မချစ်သောသူတို့နှင့် ပေါင်းဘော် ရခြင်း သည်လည်း ဆင်းရဲ၏၊ သင်တို့သည် ဤအရပ်ဌ် နေသည်ရှိသော် မင်းအားလည်း မချစ်သောသူနှင့်ပေါင်းဘော်ရခြင်းသည် ဖြစ်၏၊ ဆင်းရဲခြင်းသည် ဖြစ်လတ္တံ့၊ ဤသတ္တဝါတို့မည်သည်ကား မိမိကို မပေါင်းဘော်သည်၏ အဖြစ်ကို သိကုန်၍ တပါးသော အရပ်သို့ သွားအပ်ကုန်၏ လူတို့နေရာသည် ကျယ်၏ဟု ဆို၍ ဤဂါထာတို့ကို ဆို၏။

၁၄၅ နမေ နမန္တဿ ဘဂေ ဘဇန္တံ၊
ကိစ္စာနုကြုဗ္ဗဿ ကရေယျ ကိစ္စံ။
နာနတ္ထကာမဿ ကရေယျ အတ္ထံ၊
အသမ္ဘဇန္တံပိ န သမ္ဘဇေယျ။

www.dhammadownload.com

၁၄၆ စင္ေ စင္ခန္ဓံ ဝနထံ နဲ ကယိရာ၊
အေပတစိတ္တေနဲ နဲ သမ္ဘင္ေယ်။
ဒိင္ေဟာ ဒုမံ ခိဏဖလန္တိ ဥ တ္ဝာ၊
အညံ သမေက္ခေယ်ု မဟာ ဟိ သေ လောကော။

ဟူသော နှစ်ဂါထာတို့ကို ဆို၏။

အမ္မ၊ အမိ။ နမန္တိသ၊ မိမိသို့ညွတ်သော သူအားသာလျှင်။ နမေ၊ ညွတ်တုံ့ ညွတ်ရာ၏။ ဘင္ခန္ဓံ၊ မိမိသို့ဆည်းကပ်သောသူကိုသာလျှင်။ ဘင္ေ၊ ဆည်းကပ်ရာ၏။ ကိစ္စာနုက္ကြုဗ္ဗသ၊ မိမိကိစ္စအမှုကို ဆောင်ရွက်သော သူ၏ သာလျှင်။ ကိစ္စံ၊ ကိစ္စကို။ ကရေယ်ု၊ ဆောင်ရွက်ရာ၏။ အနတ္ထကာမသ၊ မိမိအကျိုးစီးပွားကို အလိုမရှိသော သူ၏။ အတ္ထံ၊ အမှုကိစ္စကို။ နဲ ကရေယ်ု၊ မဆောင်ရွက်ရာ။ အသမ္ဘင္ခန္ဓံပိ၊ အတူတကွမဆည်းကပ်သောသူကိုလည်း။ နဲ သမ္ဘင္ေယ်ု၊ အတူတကွ မဆည်းကပ်ရာ။

စင္ခန္ဓံ၊ မိမိကိုစွန့်သောသူကို။ စင္ေ၊ စွန့်ရာ၏။ ဝနထံ၊ မိမိကိုစွန့်သောသူ၌ တပ်စွန်းခြင်းကို။ နဲ ကယိရာ၊ မပြုရာ။ အပေတစိတ္တေနဲ၊ ချစ်ခြင်း ကင်းသော စိတ်ရှိသောသူနှင့်။ နဲ သမ္ဘင္ေယ်ု၊ မပေါင်းဘော်ရာ။ ဒိင္ေဟာ၊ ငှက်သည်။ ဒုမံ၊ သစ်ပင်ကို။ ခိဏဖလန္တိ၊ အသီးကုန်လေပြီဟု။ ဥ တ္ဝာ၊ သိ၍။ အညံ၊ တပါးသော သစ်ပင်သို့။ သမေက္ခတိ ယထာ၊ ရှာသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ အညံ၊ တပါးသော အရပ်ကို။ သမေက္ခယ်ု၊ ရှာရာ၏။ ဟိ—သစ္စံ၊ မှန်၏။ သေ—လောကော၊ ဤလူတို့နေရာအရပ်သည်။ မဟာ၊ ကျယ်၏။

သင်တို့သည် အလွန်ချစ်သော တယောက်သော ယောကျ်ားကို ရကုန်လတ္တံ့ဟု ဆိုသည်ရှိသော် ထိုစကားကို ကြား၍ ဗာရာဏသီမင်းသည် အလုံးစုံသော စည်းစိမ်ကို ပေး၏။ ထိုအခါမှစ၍ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ နေကြကုန်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်ကော် ယူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ လင်မယား နှစ်ယောက်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ဤလင်မယား နှစ်ယောက်တို့သည် ထိုအခါ လင်မယားနှစ်ယောက် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ

www.dhammadownload.com

ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိသောအမတ်ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။။

(သူကမချစ်၊ ကိုယ်ကချစ်၊ အသစ်သာရှာ ၄က်ပမာ)

သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ပုဋ္ဌဘတ္တဇာတ်သည် ပြီး၏။။

၇၄-ကုမ္ဘီလဇာတ်

မျောက် နှင့် မိခြောင်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယသော်တေ စတုရော ဓမ္မာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကုမ္ဘီလဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ဒေဝဒတ်** ကို အကြောင်းပြု၍ ဟောတော်မူ၏။။

၁၄၇ ယသော်တေ စတုရော ဓမ္မာ၊ ဝါနရိန္ဒ ယထာ တဝ။။
သစ္စံဓမ္မော ဓိတိ စာဂေါ၊ ဒိဋ္ဌံ သော အတိဝတ္တတိ။။

၁၄၈ ယဿ စေ တေ နဝိဇ္ဇန္တိ၊ ဂုဏာ ပရမ ဘဒ္ဒက။။
သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ ဒိဋ္ဌံ သော နာတိဝတ္တတိ။။

ဝါနရိန္ဒ၊ အို မျောက်မင်း။။ တဝ၊ သင်မျောက်မင်းအား။။ သစ္စံ၊ အမှန်ကို ဆိုခြင်း ဝစီသစ္စာဂုဏ်း။။ ဓမ္မော၊ ပညာဂုဏ်း။။ ဓိတိ၊ အားထုတ်ခြင်း လုံ့လကိုဂုဏ်း။။ စာဂေါ၊ စွန့်ကြဲခြင်းဂုဏ်း။။ ဣတိ၊ ဤသို့။။ စတုရော၊ လေးပါး ကုန်သော။။ ဓမ္မာ၊ တရားတို့သည်။။ သန္တိ ယထာ၊ ရှိကုန်၏သို့။။ ယဿ၊ အကြင်သူအား။။ စေတော၊ ထိုလေးပါး ကုန်သော တရားတို့သည်။။ သန္တိ၊ ရှိကုန်ငြားအံ့၊ တံ့၊ သင်သည်။။ မံ၊ ငါ့ကို။။ အတိဝတ္တတိ ယထာ၊ လွန်၍ ဖြစ်နိုင်၏သို့။။ သော၊ ထိုလေးပါးသောတရားရှိသော သူသည်။။ ဒိဋ္ဌံ၊ ရန်သူကို။။ အတိဝတ္တတိ၊ လွန်၍ ဖြစ်နိုင်၏။။

www.dhammadownload.com

ပရမဘဒ္ဒက၊ အလွန်ကောင်းသော မိကျောင်းမင်း။ ယဿ စ၊ အကြင် သူအားကား။ သစ္စံ၊ အမှန်ကိုဆိုခြင်း ဝစီသစ္စာဌင်း။ ဓမ္မော၊ ပညာဌင်း။ ဓီတိ၊ အားထုတ်ခြင်းလုံ့လဌင်း။ စာဂေါ၊ စွန့်ကြဲခြင်းဌင်း။ ဇာတိ၊ ဤသို့။ ဧဟေ ဂုဏာ၊ ထိုတရားအစုတို့သည်။ နဝိဇ္ဇန္တိ၊ မရှိကုန်။ သော၊ ထိုသူသည်။ ဒီဋ္ဌံ၊ ရန်သူကို။ နာတိဝတ္တတိ၊ မလွန်မြောက်နိုင်။

ဤကုမ္မိလဇာတ်၌ ဇာတ်ပေါင်းနှင့်တကွ ကြွင်းသော အလုံးစုံသောစကားကို အောက်ဖြစ်သော **ကုမ္မိလဇာတ်*** ၌ ဆိုအပ်ပြီးသောနည်းဖြင့်သာ သိအပ်၏။

(စကားမှန်စွာ၊ ပညာ ဝိရိယ၊ စွန့်စာဂ၊ လေးဝရန်ဒေါင်ကြွေင်း)

လေးခုတို့၏ပြည့်ကြွင်းဖြစ်သော ကုမ္မိလဇာတ်သည် ပြီး၏။

၇၅- ခန္ဓိဝဏ္ဏဇာတ်

အိမ်ရာမှား အမတ်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "အတ္ထိ မေ ပုရိသော ဒေဝ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤခန္ဓိဝဏ္ဏဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ကောသလမင်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုကောသလမင်း၏ နန်းဘွင်း၌ တယောက်သော ကျေးဇူးမျှားသော အမတ်သည် နန်းတွင်းသူ၌ မှားယွင်း၏၊ မင်းဘည် ဤသူသည် ငါ့အား ကျေးဇူးမျှား၏ဟု သိ၍လည်း သည်းခံ၍ မြတ်စွာဘုရားအားလျှောက်၏၊ မြတ်စွာဘုရားသည် မင်းမြတ် ရှေးမင်းတို့သည်လည်း ဤကဲ့သို့ သည်းခံသည်လျှင် ကတည်းဟု မိန့်တော်မူ၍ ထိုကောသလမင်းသည် ကောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

---

* ကုမ္မိလသဒ္ဒါနှင့် သုသုဟာရသဒ္ဒါ မိကျောင်းဟောချည်းဖြစ်၍ ကုမ္မိလဇာတ်ဟူသည် သုသုမာရ ဇာတ်ကိုဆိုသည်။

www.dhammadownload.com

အတိတ်ဝတ္ထု။ မင်းမြတ် လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုလတ်သည်ရှိသော် ထိုဗြဟ္မဒတ်မင်း၏ နန်းတော် တွင်း၌ တယောက်သောအမတ်သည် အိမ်ရာပြစ်မှား၏၊ အမတ်ကိုလည်း ခစား သောသူသည် ထိုအမတ်၏အိမ်ရာကိုပြစ်မှား၏၊ ထိုအမတ်သည် ထိုယောကျ်ား၏ အပြစ်ကို သည်းခံအံ့သောငှ့၊ မတတ်နိုင်သည်ဖြစ်၍ ထိုယောကျ်ားကိုယူ၍ မင်း၏အထံသို့သွား၍ မင်းမြတ် အကျန့်ပ်၏ တယောက်သော အလုပ်အကျေး ဖြစ်သော အလုံးစုံသောကိစ္စကို ဆောင်ရွက်သော ဤယောကျ်ားသည် အိမ်ရာ ပြစ်မှား၏၊ ထိုယောကျ်ားအား အသို့ပြုအံ့သောငှ့၊ သင့်သနည်းဟု မေးလိုသည် ဖြစ်၍—

၁၄၉ အတ္ထိ မေ ပုရိသော ဒေဝ၊ သမ္မကိစ္စေသု ဗျာဝဋော။
တ**ဿ** စေကောပရာဓတ္ထိ၊ တတ္ထ တုံ ကိန္တိ မညသိ။

ဟူသော ရွေးဦးစွာသော ဤဂါထာကို ဆို၏။

ဒေဝ၊ မင်းမြတ်။ မေ၊ အကျန့်ပ်အား။ သမ္မကိစ္စေသု၊ခပ်သိမ်းသော ကိစ္စ တို့၌။ ဗျာဝဋော၊ လုံ့လပြုတတ်သော။ ပုရိသော၊ ယောကျ်ားသည်။ အတ္ထိ၊ ၏။ တဿ၊ ထိုယောကျ်ားအား။ ဧကော၊ တခုသော။ အပရာဓော၊ အိမ်ရာ ပြစ်မှားသော အပြစ်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုအိမ်ရာပြစ်မှားသော အပြစ် ကြောင့်။ ကိန္တိ၊ အသို့ပြုအပ်၏ဟူ၍။ တုံ၊ အရှင်မင်းမြတ်သည်။ မညသိ၊ အောက်မေ့တော်မူသနည်း။

ထိုစကားကိုကြား၍ မင်းသည်—

၁၅၀ အမှာကမ္မတ္ထိ ပုရိသော၊ ဒေဝ ဧသော ကုမ္ဘဒါသီတိ။
ဒုလ္လဘော အက်ဍမ္ဘန္နော၊ ခန္တိ ဂမှာက ဂျုစ္ဆတိ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ဘော အမစ္စ၊ အို အမတ်။ အမှာကမ္ပိ၊ ငါတို့အားလည်း။ ဧဒိသော၊ ဤသို့ သဘောရှိသော။ ပုရိသော၊ အိမ်ရာပြစ်မှားတတ်သော ယောကျ်ားသည်။ အတ္ထိ၊ ရှိ၏။ ဧဒိသော၊ ဤသို့သဘောရှိသော ယောကျ်ားသည်။ ကုမ၊ ဤအရပ် ၌ပင်လျှင်။ ဝိဇ္ဇတိ၊ ရှိ၏။ အက်ဍမ္ဘန္နော၊ ကျေးဇူးအင်နှင့် ပြည့်စုံသော

www.dhammadownload.com

ယောကျ်ားကို။ ဒုလ္လဘော၊ ရခဲ၏။ တေန၊ ထို့ကြောင့်။ ခန္တီ၊ သည်းခံခြင်းကိုသာ။ အမှာကံ၊ ငါတို့သည်။ ရုစ္စတိ၊ နှစ်သက်၏။

ထိုအမတ်သည် မိမိကိုယ်ကိုရည်၍ မင်းဆိုသည်၏အဖြစ်ကို သိ၍ ထိုအခါမှ စ၍ နှန်းတွင်း၌ ပြစ်မှားအံ့သောငှာ ပဝံ့၊ ထိုအမတ်ကို ခစားသော ယောကျ်းသည်လည်း မင်းအား ကြားသည်၏အဖြစ်ကို သိ၍ ထိုအခါမှစ၍ ထိုအမှုကို ပြုအံ့သောငှာ မဝံ့။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ မင်းမြတ် ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဘူး ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏၊ ထိုအမတ်သည် ကောသလမင်း မြတ်စွာဘုရားအား လျှောက်သည်၏အဖြစ်ကို သိ၍ ထိုအခါမှစ၍ ထိုအမှုကို ပြုအံ့သောငှာ မဝံ့။

(ကျေးဇူးရှိလေ၊ ထိုသူတွေ၊ မသွေ သည်းခံသင့်)
ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော ခန္ဓိဝဏ္ဏဇာတ်သည် ပြီး၏။

၇၆-ကောသိယဇာတ်

ခင်ပုပ် နှင့် ကျီး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ကာလေ နိက္ခမနာ သာဓု" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကောသိယဇာတ်ကိုဇေတဝန်ကျောင်းတော်၌ သတင်းသုံး နေတော်မူစဉ် **ကောသလမင်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ကောသလမင်းသည် ပစ္စန္တရစ်ကို ငြိမ်းစိမ့်သောငှါ အခါမဟုတ်သည်၌ ထွက်၏၊ **ဝဏ္ဏုသည် အောက်*** ၌ ဆိုအပ်ပြီးသော နည်းရှိသလျှင်ကတည်း၊ မြတ်စွာဘုရား သည်ကား လွန်လေပြီးသောအကြောင်းကို ဆောင်တော်မူ၍ ဟောတော်မူ၏။

---

* ကဉ္စာယမုဠ္ဍဇာတ်မှာ ပါသည်။



ကောသိယဇာတ်၊ ခင်ပုတ်ဌက်ကို ကျီးများဝိုင်းထိုးဆိတ်သည့်အကြောင်း ဘုရင်က
ပညာရှိအမတ်ကြီးအား မေးနေပုံ။ (၂၈၅)

www.dhammadownload.com

www.dhammadownload.com

အတိတ်ဝတ္ထု။ မင်းမြတ် လွန်လေ ပြီးသောအခါ ဗာရာဏသီ မင်းသည် အခါမဟုတ်သည်၌ ထွက်၍ ဥယျာဉ်ဝယ် သစ်ခက်တပ်၌ နေ၏၊ ထိုကာလ၌ တခုသော ခင်ပုပ်ဌက်သည် ဝါးရုံချုံသို့ ဝင်၍ ပုန်းအောင်း၏၊ ကျီးအပေါင်း တို့သည် လာလတ်ကုန်၍ ထွက်လာသော ခင်ပုပ်ဌက်ကို ဖမ်းကုန်အံ့ဟူ၍ ခြံရုံကုန်၏၊ ထိုခင်ပုပ်ဌက်သည် နေဝင်ခြင်းကို မကြည့်မူ၍ အခါမဲ့၌သာလျှင်ထွက်၍ ပြေးအံ့သောငှါ အားထုတ်၏၊ ထိုအခါ၌ ထိုခင်ပုပ်ဌက်ကို ကျီးတို့သည်ခြံရုံကုန်၍ နှုတ်သီးတို့ဖြင့် ထိုးကုန်၍ ကျစေကုန်၏၊ မင်းသည် ဘုရားလောင်းကို ခေါ်၍ ပညာရှိ ကျီးတို့သည် ခင်ပုပ်ကို အဘယ်ကြောင့်လျှင် ကျစေ ဘိသနည်းဟု မေး၏၊ ဘုရားလောင်းသည် မင်းမြတ် အခါမဟုတ်သည်၌ မိမိ၏နေရာ အရပ်မှ ထွက်ကုန်သောသူတို့သည် ဤသို့သဘောရှိသော ဆင်းရဲကို ခံရကုန်မြဲ သာလျှင်တည်း၊ ထို့ကြောင့် အခါမဟုတ်သည်၌ မိမိ၏နေရာအရပ်မှ ထွက်အံ့သောငှာ မသင့်ဟု ပြလိုရကား—

၁၅၁ ကာလေ နိက္ခမနာ သာဓု၊ နာကာလေ သာဓု နိက္ခမော။
အကာလေန ဟိ နိက္ခမ္မ၊ ကေကမ္မိ ဗဟုဇ္ဇနော။
န ကိဉ္စိ အတ္ထံ ဇောတေတိ၊ ဓင်္ကံသေနာဝ ကောသိယံ။

၁၅၂ ဓီရော ဝိဓိဝိဓာနညူ၊ ပရေသံ ဝိဝရာနုဂူ။
သဗ္ဗာမိတ္တော ဝသီကတ္တာ၊ ကောသိယောဝ သုခီ သိယာ။

ဟူသော နှစ်ဂါထာတို့ကို ဆို၏။

မဟာရာဇ၊ မင်းမြတ်။ ကာလေ၊ ကာလ၌သာ။ နိက္ခမနာ၊ ထွက်ခြင်း လုံ့လပြုခြင်းသည်။ သာဓု၊ ကောင်း၏။ အကာလေ၊ အခါ မဟုတ်သည်၌။ နိက္ခမော၊ ထွက်ခြင်း လုံ့လပြုခြင်းသည်။ န သာဓု၊ မကောင်း။ ကောစိဟိ၊ တစုံတယောက်သော။ ပုရိသော၊ ယောကျ်ားသည်။ အကာလေ၊ အခါမဟုတ်သည်၌။ နိက္ခမ္မ၊ ထွက်၍။ ကိဉ္စိ၊ တစုံတခုသော။ အတ္ထံ၊ အကျိုးစီးပွားကို။ န ဇောတေတိ၊ မထွန်းပစေနိုင်။ အထခေါ၊ စင်စစ်သော်ကား။ ကေကမ္မိ၊ တယောက်ထည်းသော သူကိုလည်း။ ဗဟုဇ္ဇနော၊ များစွာသော ရန်သူသည်။ အကာလေ၊ အခါ မဟုတ်သည်၌။ နိက္ခမန္တော၊ ထွက်လတ်သည် ရှိသော်။ ပရိဝါရေတွာ၊ ခြံရုံ၍။ မဟာဝိနာသံ၊ ကြီးစွာသော ပျက်စီးခြင်းသို့။ ပါပေတိ၊ ရောက်စေတတ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဓင်္ကသေနာ၊ ကျီး

www.dhammadownload.com

အပေါင်းတို့သည်။ ကောသိယံ၊ ခင်ပုပ်ကို။ တုဏ္ဍေဟိ၊ နှုတ်သီးတို့ဖြင့်။ ဝိတုဒန္တိ ဣဝ၊ ထိုးကုန်ဘိသကဲ့သို့တည်း။

မဟာရာဇ၊ မင်းမြတ်။ ကောသိယော၊ အခါဟုတ်သည်၌သာ ထုတ်သော ခင်ပုပ်လိမ္မာသည်။ သုခီ၊ ချမ်းသာခြင်းရှိသည်။ သိယာ ဣဝ၊ ဖြစ်သကဲ့သို့။ ဧဝံ·တထာ၊ ထို့အတူ။ ဝိဓိဝိဓာနညူ၊ ရှေးပညာရှိတို့သည် ထားအပ်သော ထုံးပဝေဏီ အစီအရင်ကို သိထသော။ ပရေသံ၊ တပါးကုန်သော သူတို့၏။ ဝိဝရာနုဂူ၊ လစ်ဟင်းခြင်းကို သိထသော။ ဓီရော၊ ပဲညာရှိသည်။ သဗ္ဗာမိတ္တော၊ ခပ်သိမ်းသော ရန်သူတို့ကို။ ဝသီကတ္ဝာ၊ မိမိအလိုသို့ လိုက်သည်ကိုပြု၍။ သုခီ၊ ချမ်းသာခြင်းနှင့်ပြည့်စုံသည်။ သိယာ၊ ဖြစ်ရာ၏။

မင်းသည် ဘုရားလောင်း၏စကားကိုကြား၍ ပြန်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ မင်းမြတ် ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိသော အမတ်ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အခါမဟုတ်၊ စွမ်းအားထုတ်၊ ခင်ပုပ်ငှက်နှယ်ပ)

ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကောသိယဇာတ်သည် ပြီး၏။

၇၇- ဂုဏပါဏဇာတ်

ချေးပိုး နှင့် ဆင်ပြောင်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "သူရော သူရေန သင်္ဂ်မ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဂုဏပါဏဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **မထင်ရှားသော ရဟန်း**ကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုကာလ၌ ဇေတဝန်ကျောင်းတော်မှ သုံးဂါဝုတ် ယူဇနာခွဲ

www.dhammadownload.com

ရှိသော အရပ်၌ တခုသော နိုဂုံးရွာသည် ရှိ၏၊ ထိုနိုဂုံးရွာ၌ မျှားစွာကုန်သော စာရေးတံဆွမ်နှင့်လဆန်းပက္ခ လဆုတ်ပက္ခ လူအပ်သော ဆွမ်းတို့သည် ရှိကုန်၏၊ ထိုရွာ၌ တယောက်သော ပြဿနာကို မေးတတ်သော ငတုံးသည် နေ၏၊ ထိုငတုံးသည် သလာကဘတ်, ပက္ခိကဘတ်တို့၏ အကျိုးငှါ သွားကုန်သော ပဉ္စင်းငယ်တို့ကိုလည်း, သာမဏေတို့ကိုလည်း, အချို့ကုန်သော ပဉ္စင်းသာမဏေတို့ကို ခဲကုန်စဉ်, အချို့ကုန်သောပဉ္စင်းသာမဏေတို့ကိုသောက်ကုန်စဉ်, အချို့ကုန်သော ပဉ္စင်းသာမဏေတို့ကို စားကုန်စဉ် ပြဿနာကိုမေး၍ ဖြေအံ့သောငှါ မစွမ်းနိုင်ကုန်သည်ရှိသော် ရှက်စေ၏၊ ထိုပဉ္စင်း သာမဏေတို့သည် ငတုံးမှ ကြောက်ခြင်းကြောင့် သလာကဘတ်, ပက္ခိကဘတ်တို့၏ အကျိုးငှါ ထိုရွာသို့ မသွားကြကုန်၊ ထိုအခါ တနေ့သ၌ တပါးသော ရဟန်းသည် စာရေးတံချရာသို့ သွား၍ အရှင်ဘုရားတို့ ဤအမည်ရှိသော ရွာ၌ သလာကဘတ်သည်ရင်း, ပက္ခိကဘတ်သည်ရင်း ရှိသလောဟုမေး၍ ငါ့သျှင် ရှိ၏၊ ထိုသို့ရှိသော်လည်း ထိုရွာ၌ တယောက်သော ငတုံးသည် ပြဿနာကို မေးသတတ် ဖြေအံ့သောငှါ မတတ်နိုင်ကုန်သော ရဟန်းသာမဏေတို့ကို ဆဲရေး၏၊ ငတုံးမှ ကြောက်သောကြောင့် တစုံတယောက်သော ရဟန်းသာမဏေသည် သွားအံ့သောငှါမဝံ့ဟု ဆိုသည်ရှိသော် အရှင်ဘုရားတို့ ထိုရွာ၌ဆွမ်းတို့ကို ငါသို့ရောက်စေကုန်လော့ ငါသည်ထိုငတုံးကို ဆုံးမ၍ မာနမရှိသည်ကိုပြု၍ ထိုအခါမှစ၍ သင်တို့ကို မြင်၍ ပြေးအောင်ပြုခဲ့အံ့ဟု ဆို၏၊ ရဟန်းတို့သည် ကောင်းပြီဟု ဝန်ခံ၍ ထိုရဟန်းသို့ ထိုရွာ၌ ဆွမ်းတို့ကို ရောက်စေကုန်၏။

ထိုရဟန်းသည် ထိုရွာသို့သွား၍ ရွာတံခါး၌ သက်န်းကို ရုံ၏၊ ထိုရဟန်းကို မြင်၍ ငတုံးသည် ကြမ်းသော ဆိတ်ကဲ့သို့ လျင်မြန်စွာ ကပ်လာတည့်၍ ရဟန်း ငါ၏ပြဿနာကို ဖြေလော့ဟု ဆို၏၊ ဒါယကာ ရွာ၌ ဆွမ်းခံ၍ ယာဂုကိုယူ၍ ဆွမ်းစားစရပ်သို့ အကြင်မျှလောက် လာခြင်းသည်ရှိ၏၊ ထိုမျှလောက်သော အခွင့်ကို ပေးဦးလော့ဟု ဆို၏၊ ထိုငတုံးသည် ထိုရဟန်းသည် ယာဂုကိုယူ၍ ဆွမ်းစားစရပ်သို့ လာသော်လည်း ထိုအတူသာလျှင်ဆို၏၊ ထိုရဟန်းသည်လည်း ထိုငတုံးကို ငါ့အား ယာဂုကို သောက်စိမ့်သောငှါ အခွင့်ပေးဦးလော့, ဆွမ်းစားစရပ်ကို တံမြက်လှည်းအံ့သောငှါ အခွင့်ပေးဦးလော့, စာရေးတံဆွမ်းကို ဆောင်အံ့သောငှါ ငါ့အား အခွင့်ပေးဦးလော့ဟု ဆို၍ စာရေးတံဆွမ်းကို ဆောင်ခဲ့၍ ထိုငတုံးကိုပင်လျှင် သပိတ်ကို ကိုင်စေ၍ လာလော့ ပြဿနာကို မေးလတ်သော် လျောက်ပတ်သော အခါကို သိသည်ဖြစ်၍ ဖြေအံ့ဟု ရွာတံခါး

www.dhammadownload.com

အပသို့ ဆောင်၍ သင်္ကန်းကို ခေါက်၍ ပခုံးဌိတင်၍ ထိုင်တုံး၏လက်မှ သပိတ်ကို ယူ၍ ရပ်၏၊ ထိုအရပ်ဌိလည်း ထိုရဟန်းကို ထိုင်တုံးသည် ရဟန်း ငါ၏ပြဿနာကို ဖြေလောဟု ဆို၏၊ ထိုအခါဌိ ထိုင်တုံးကို ထိုရဟန်းသည် သင်၏ ပြဿနာကို ဖြေအံ့ဟု ဆို၍ တချက်တည်းဖြင့်သာလျှင် လည်းစေ၍ အရိုးတို့ကို ကြေစေဘိ သကဲ့သို့ သတ်ပုတ်၍ ခံတွင်းဌိ မစင်ကိုထည့်၍ ယခုအခါဌိ ဤနေ့မှစ၍ ဤရှာသို့ လာသော ရဟန်းကို တစုံတခုသော ပြဿနာကို မေးသောကာလဌိ သိစေအံ့ဟု ခြိမ်းချောက်၍ သွား၏၊ ထိုင်တုံးသည် ထိုအခါမှစ၍ ရဟန်းတို့ကို မြင်လျှင် ပြေး၏၊ နောက်အဘို့ဌိ ထိုရဟန်း၏ ထိုအမူအရာသည် ရဟန်းသဃ်ာဌိ ထင်ရှားသည် ဖြစ်၏၊ ထိုအခါ တနေ့သဌိ ရဟန်းတို့သည် တရားသဘင်ဝယ် ငါ့သျှင်တို့ ဤအမည်ရှိသော ရဟန်းသည် ငတုံး၏ခံတွင်းဌိ မစင်ကိုထည့်၍ သွားသတတ်ဟု စကားကို ဖြစ်စေ၏၊ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်သော် ဤ မည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ထိုရဟန်းသည် ယခုအခါဌိသာလျှင် ထိုင်တုံးကို မစင်ကို စားစေသည် မဟုတ်သေး၊ ရှေးဌိလည်း စားစေဘူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ အင်္ဂတိုင်း မဂဓတိုင်းဌိ နေကုန်သော သူတို့သည် တဦးသည် တဦး၏ တိုင်းသို့ သွားကုန်လတ်သော် တနေ့သဌိ ထိုတိုင်းနှစ်တိုင်း၏ **သီမန္တရိက်*** ဌိ တခုသော အိုင်ကို မှီကုန်၍ သုရာကို သောက်ကုန်၍ ငါးအမဲကို စားကုန်၍ စောစောကလျှင် လှည်းတို့ကို က, ကုန်၍ သွားကုန်၏၊ ထိုသူတို့သည် သွားသောကာလဌိ တခုသော မစင်စားသော ပိုးသည် မစင်နှံ့နံသောကြောင့် လာလတ်၍ ထိုသူတို့၏ သောက်ရာ အရပ်ဌိ စွန့်အပ်သော သုရာကိုမြင်၍ ချင်ခြင်းကြောင့်သောက်၍ ယစ်သည်ဖြစ်၍ မစင်ပုံသို့ တက်၏၊ ထိုပိုးသည် တက်လတ်သော် မစင်စိုသည်အတန်ငယ်ညှတ်၏၊ ထိုမစင်ပိုးသည် ငါ့ကို ခံအံ့သောငှာ မစွမ်းနိုင်ဟု ကြုံးဝါး၏၊ ထိုခဏဌိသာလျှင် အမုန်ယစ်သော ဆင်ပြောင် တစီးသည် ထိုအရပ်သို့ လာလတ်၍ မစင်နှံ့နံခြင်းကြောင့် စက်ဆုပ် ရွံရှာ၍ ဖဲ၏၊ ထိုမစင်ပိုးသည် ထိုဆင်ပြောင်ကြီးကို

---

* သီမန္တရိက်=သီမ+အန္တရိက။ သီမ=အပိုင်းအခြား+အန္တရိက=အကြား ဖြစ်သော အရပ်၊ တိုင်းနှစ်ခုတို့၏အကြားဖြစ်သော အရပ်ကို သီမန္တရိက်ဟု ခေါ်၏။

www.dhammadownload.com

မြင်၍ ဤဆင်ပြောင်ကြီးသည် ငါမှ ကြောက်သောကြောင့် ပြေး၏ဟု အမှတ်ရှိသည်ဖြစ်၍ ဤဆင်ပြောင်ကြီးနှင့်တကွ စစ်ထိုးခြင်းကို ပြုအံ့သောငှါ သင့်၏ဟု နှလုံးသွင်း၍ ဒေါလိုရကား—

၁၅၃ သူရော သူရေန သင်္ဂမ့၊ ဝိက္ကန္တေန ပဟာရိနာ။
ဗေဟိ နာဂ နိဝတ္တာသု၊ ကိံ နု ဘီတော ပလာယသိ။
ပဿန္တု အင်္ဂမာဂဓာ၊ မမ တုယ္ဟဉ္စ ဝိက္ကမံ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။။

ဘော နာဂ၊ အို ဆင်ပြောင်။ သူရော၊ ရဲရင့်သောသင်သည်။ ဝိက္ကန္တေန၊ ကြီးသော လုံ့လရှိထသော။ ပဟာရိနာ၊ စစ်ထိုးခြင်းငှါ စွမ်းနိုင်ထသော။ သူရေန၊ ရဲရင့်သောငါနှင့်။ သဒ္ဓိံ၊ တကွ။ သင်္ဂမ့၊ ဆိုင်မိကြ၍။ ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ အသင်္ဂါမေတ္ထ၊ စစ်မထိုးဘဲ။ ဂစ္ဆိတိ၊ သွားဘိသနည်း။ ဧကပဟာရောပိ၊ တကြိမ်လော ထိုးခြင်းကိုလည်း။ ဒါတဗ္ဗော နနု၊ ပေးအပ်သည် မဟုတ်လော။ နာဂ၊ ဆင်ပြောင်။ ဗေဟိ၊ လာလှည့်ဦး။ နိဝတ္တာသု၊ ပြန်ခဲ့ဦး။ ဘီတော၊ ကြောက်သည်ဖြစ်၍။ ပလာယသိ ကိံ နု၊ ပြေးသလော။ မမ စ၊ ငါ၏ရင်း။ တုယ္ဟဉ္စ၊ သင်၏ရင်း။ ဝိက္ကမံ၊ လုံ့လကို။ အင်္ဂမာဂဓာ၊ အင်္ဂတိုင်းသား, မဂဓတိုင်းသားတို့သည်။ ပဿန္တု၊ မြင်စေကုန်သတည်း။

ထိုဆင်သည် နားထောင်၍ ထိုမစင်ပိုး၏ စကားကို ကြား၍ ထိုမစင်ပိုး၏ အထံသို့ သွား၍ ထိုမစင်ပိုးကို ခြိမ်းမောင်းလိုရကား—

၁၅၄ နု တံ ပါဒါ ဝမိဿာမိ၊ နု ဒန္တေဘိ နု သောဏ္ဍိယာ။
မီဠ္ဆေန တံ ဝမိဿမိ၊ ပူတိ ဟညတု ပူတိနာ။

ဟူသော နှစ်ခုတ်၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ဂူထပါဏ၊ မစင်ပိုး။ တံ၊ သင့်ကို။ ပါဒါ-ပါဒေဟိ၊ ခြေတို့ဖြင့်။ နု ဝမိဿာမိ၊ ငါမသတ်အံ့။ ဒန္တေဟိ၊ အစွယ်တို့ဖြင့်လည်း။ နု ဝမိဿာမိ၊ ငါမသတ်အံ့။ သောဏ္ဍိယာ၊ နှာမောင်းဖြင့်။ နု ဝမိဿာမိ၊ ငါမသတ်အံ့။ မီဠ္ဆေန၊ မစင်ဖြင့် သာလျှင်။ တံ၊ သင့်ကို။ ဝမိဿာမိ၊ သတ်လိုက်အံ့။ ပူတိ၊ မစင်ပိုးသည်။ ပူတိနာ၊ မစင်ဖြင့်။ ဟညတု၊ သေစေသတည်း။

F.37 ၁၁၀-၃

www.dhammadownload.com

ဤသို့ မစင်ပိုးသည် မစင်ဖြင့်သာလျှင် သေစေသတည်းဟု ဆို၍ ထိုမစင်ပိုး၏ ထိပ်ထက်၌ ကြီးစွာသော ထိုမစင်တုံးကို ချလိုက်၍ ကျင်ငယ်ကို စွန့်လိုက်၍ ထိုအရပ်၌လျှင် ထိုမစင်ပိုးကို အသက်ကုန်ခြင်းသို့ ရောက်စေ၍ ကြိုးကြာသံနှင့် တူသော ဆင်သံကို ဟီလျက် တောသို့ဝင်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါငတုံးသည် ထိုအခါမစင်ပိုးဖြစ်ဘူးပြီ၊ ယခုအခါထိုရဟန်းသည် ထိုအခါ ဆင်ပြောင်ကြီး ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ထိုအကြောင်းကို မျက်မှောက်ပြုခဲ့ရသော ထိုတောအုပ်၌ နေသောနတ် ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အံ့မတုသင့်၊ ဖက်ပြိုင်လင့်၊ ဘေးနှင့် လက်ငင်းတွေ့)

ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဂူထပါဏဇာတ်သည် ပြီး၏။

၇၈-ကာမနီတဇာတ်

လောဘကြီးသောမင်း

ပစ္စုပ္ပန် နှင့် အတိတ်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "တယော ဂိရိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ ကာမနီတဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ကာမနီတ အမည်ရှိသော ပုဏ္ဏား** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ပစ္စုပ္ပန်ဝတ္ထု အတိတ်ဝတ္ထုသည် ဒုဒ္ဒဒသက နိပါတ် ကာမဇာတ်၌ ထင်စွာဖြစ်လတ္တံ့၊ အထူးကား နှစ်ယောက်ကုန်သော ထိုမင်းသားတို့တွင် မင်းသားကြီးသည် လာလတ်၍ ဗာရာဏသီပြည်၌ မင်းဖြစ်၏၊ မင်းသားငယ်သည် အိမ်ရှေ့မင်း ဖြစ်၏၊ ထိုနှစ်ယောက်ကုန်သော မင်း, အိမ်ရှေ့မင်းတို့တွင် မင်းသည် ဝတ္ထုကာမ, ကိလေသာကာမတို့၌ မရောင့်ရဲ ဥစ္စာ၌ လောဘရှိသည် ဖြစ်၏၊ ထိုအခါ ဘုရားလောင်းသည် သိကြား နတ်မင်း ဖြစ်၍ ဇမ္ဗူဒိပ်သို့ ကြည့်လတ်သည်ရှိသော် ထိုမင်း၏ နှစ်ပါးကုန်သော ဝတ္ထု

www.dhammadownload.com

ကာမ, ကိလေသာကာမတို့၌လည်း မရောင့်ရဲသည်၏အဖြစ်ကို သိလျှင် မင်းကို နှိပ်၍ ရှက်စေအံ့ဟု ပုဏ္ဏားလုလင်၏ အသွင်ဖြင့် လာလတ်၍ မင်းကို ဖူးမြင်၏၊ မင်းသည်လည်း လုလင် အဘယ်ကိစ္စကြောင့် လာသနည်းဟု မေးလတ်သည် ရှိသော် မင်းမြတ် အကျွန်ုပ်သည် ဘေးကင်းကုန်သော ဝပြောကုန်သော များစွာသော ဆင်, မြင်း, ရထား, ခြေသည်, ဥစ္စာ ရွှေငွေတန်ဆာတို့ဖြင့် ပြည့်ကုန်သော သုံးပြည်ထောင်တို့ကို မြင်ခဲ့၏၊ ထိုသုံးပြည်ထောင်တို့ကိုကား အနည်းငယ်မျှသာလျှင် ဖြစ်သောစစ်သည်ဗိုလ်ပါဖြင့်ယှဉ်အံ့သောငှါတတ်ကောင်း၏၊ အကျွန်ုပ်တို့သည် အရှင်မင်းမြတ်အား ထိုသုံးပြည်ထောင်တို့ကို ယူ၍ ပေးအံ့သောငှါ လာခဲ့၏ဟု ဆို၏၊ လုလင် အဘယ်အခါ၌ သွားအံ့နည်းဟု ဆိုသည် ရှိသော် မင်းမြတ် နက်ဖြန်သွားအံ့ဟုဆို၏၊ ထိုသို့တပြီးကား သွားလေဦးလော့၊ စောစောကလျှင် ပြန်လာလှည့်ဦးလော့ဟု ဆိုသည်ရှိသော် မင်းမြတ် ကောင်းပြီဟု ဝန်ခံ၍ လျှင်မြန်စွာ ဗိုလ်ပါကို စီရင်ခန့်ထားလော့ဟု ဆို၍ မိမိနေရာတဝတိံသာသို့သာလျှင် သွား၏။

မင်းသည် နက်ဖြန်နေ့၌ စည်ကို လည်စေ၍ ဗိုလ်ပါစီရင်ခြင်းကို ပြုစေ၍ အမတ်တို့ကို ခေါ်စေ၍ ယမန်နေ့က တယောက်သော ပုဏ္ဏားလုလင်သည် ဥတ္တရပဉ္စာလမြို့၌ဌင်း ဣန္ဒပတ္တမြို့၌ဌင်း ကေကကမြို့၌ဌင်း ဤသုံးမြို့တို့၌ မင်းအဖြစ်ကို ယူ၍ ပေးအံ့ဟု ဆို၏၊ ထိုလုလင်ကို ဆောင်ယူ၍ သုံးပြည်ထောင်တို့၌ မင်းအဖြစ်ကို ယူကုန်အံ့၊ လျင်မြန်စွာ ထိုလုလင်ကို ခေါ်ကြကုန်လော့ဟု ဆိုသည်ရှိသော် မင်းမြတ် ထိုလုလင်အား နေရာကို အဘယ်အရပ်၌ ပေးစေအပ်သနည်းဟု ဆိုကုန်၏၊ ထိုလုလင်အား ငါသည် နေရာဒေါမ်ကို မပေးစေအပ်ဟု ဆိုသည်ရှိသော် အဝတ်ရိက္ခာကိုကား ပေးအပ်၏လောဟုဆိုကြကုန်၏၊ ထိုအဝတ်ရိက္ခာကိုလည်း မပေးအပ်ဟု ဆိုသည်ရှိသော် ထိုသို့ မပေးအပ်သည်ရှိသော် ထိုလုလင်ကို အဘယ်မှာ မြင်ရကုန်အံ့နည်းဟု ဆိုကြကုန်၏။ မြို့လမ်းတို့၌ ကြည့်ကြကုန်လော့ဟု ဆိုသည်ရှိသော် ကြည့်၍ မမြင်သောကြောင့် မင်းမြတ် မမြင်ပါကုန်ဟုဆိုကြကုန်၏၊ လုလင်ကို မမြင်သောမင်းအား ဤသို့ကြီးစွာသော စည်းစိမ်ချမ်းသာ အစိုးရသည်၏ အဖြစ်မှ ယုတ်၏ဟု ကြီးစွာသော စိုးရိမ်ခြင်းသည်ဖြစ်၏၊ ဟဒယဝတ္ထုသည် ပူ၏၊ နှလုံးသွေးသည် ပျက်၏၊ ဝမ်းသွေးသည် သွန်ခြင်းသည် ဖြစ်၏၊ ဆေးသမားတို့သည် ဆေးကုအံ့သောငှာ မမှီမ်းနိုင်ကုန်။

ထို့နောင်မှ သုံးလေးရက်လွန်သဖြင့် သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုမင်း၏ ထိုအနာကို သိ၍ ထိုမင်းကို ဆေးကုအံ့ဟု ပုဏ္ဏားအသွင်ဖြင့်

www.dhammadownload.com

လာလတ်၍ တံခါးဦ့်တည်၍ ဆေးသမား ပုဏ္ဏားသည် အရှင်မင်းမြတ်တို့အား ဆေးကုအံ့သောငှါ လာ၏ဟု ကြားစေ၏၊ မင်းသည် ထိုစကားကို ကြား၍ လျင်မြန်စွာ ကြီးမြတ်ကုန်သော မင်း၏ ဆေးသမားတို့သည် ကုစားအံ့သောငှါ မစွမ်းနိုင်ကုန်၊ ထိုဆေးသမားအား ရိက္ခာကို ပေး၍ လွှတ်လိုက်ကုန်လေဟု ဆို၏၊ သိကြားသည် ထိုစကားကို ကြား၍ ငါသည် ဆေးကုအံ့ အဝတ်ရိက္ခာဖြင့် အလိုမရှိသလျှင်ကတည်း၊ ဆေးခကိုလည်း မယူအံ့၊ တဖန် မင်းသည် ငါ့ကို ရှုစေသတည်းဟု ဆို၏၊ မင်းသည် ထိုစကားကို ကြား၍ ထိုသို့တပြီးကား လာစေသတည်းဟု ဆို၏၊ သိကြားသည် ဝင်၍ အောင်စေသတည်းဟု ဆို၍ လျောက်ပတ်စွာ ရပ်၏၊ မင်းသည် သင်သည် ငါ့ကို ဆေးကုအံ့လော့ဟု မေး၏၊ မင်းမြတ် ကုအံ့ဟု ဆိုသည်ရှိသော် ထိုသို့တပြီးကား ကုလော့ဟု ဆို၏၊ မင်းမြတ် ကောင်းပြီဟူ၍ ယခု အနာ၏လက္ခဏာကို ဆိုကုန်လော့၊ အဘယ်အကြောင်း ကြောင့် ဖြစ်သနည်း ခဲဘွယ်ကိုဌင်း သောက်ဘွယ်ကိုဌင်း အမှီပြု၍ ဖြစ်သလော၊ ထိုသို့မဟုတ်မူကား မြင်ခြင်းကိုဌင်း ကြားခြင်းကိုဌင်း အမှီပြု၍ ဖြစ်သလောဟု ဆိုသည်ရှိသော် အရှင်ပုဏ္ဏား ငါ၏ အနာသည် သုတကို အမှီပြု၍ ဖြစ်၏ဟု ဆို၏၊ အရှင်မင်းမြတ်သည် အဘယ်သို့ ကြားသနည်းဟု ဆို၏၊တယောက်သော လူလင်သည် လာလတ်၍ ငါ့အား သုံးပြည်ထောင်တို့၌ မင်းအဖြစ်ကို ယူ၍ ပေးအံ့ဟု ဆို၏၊ ငါသည် ထိုလူလင်အား နေရာအရပ်ကိုဌင်း အဝတ်ရိက္ခာကိုဌင်း မပေးစေမီ၊ ထိုလူလင်သည် ငါ့အား အမျက်ထွက်၍ တပါးသော မင်း၏အထံသို့ သွားလတ္တံ့၊ ထိုသို့သွားသည်ရှိသော် ဤသို့ ကြီးစွာသော စည်းစိမ်ချမ်းသာ အစိုးရသည်၏အဖြစ်မှ ငါယုတ်ရခေါ်လိမ့်သတည်းဟု ကြံသောငါ့အား ဤအနာသည် ဖြစ်၏ဟုဆို၍ သင်သည် ငါ၏လောဘနှင့်ယှဉ်သော စိတ်ကို မှီ၍ ဖြစ်သော အနာကို ဆေးကုအံ့သောငှါ အကယ်၍ စွမ်းနိုင်အံ့ ကုစားလော့ဟု ထိုအနက်ကို ထင်စွာ ပြလိုရကား—

၁၅၅ တယော ဂိရိ အန္တရံ ကာမယာမိ၊
ပဉ္စာလာ ကုရုယော ကေကကေ စ။
တတုတ္တရိ ဖြာဟမ္မဏ ကာမယာမိ၊
တိကိစ္ဆ မံ ဖြာဟမ္မဏ ကာမနီတံ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဖြာဟမ္မဏ၊ ပုဏ္ဏား။ တယော ဂိရိ၊ တုန်လှုပ်စေခြင်းငှာ စွမ်းနိုင်ခဲသည်၏ အဖြစ်ကြောင့် တောင်သဘွယ် ဖြစ်ကုန်သော မြို့သုံးလုံးတို့ကိုဌင်း။ ပဉ္စာလာ၊

www.dhammadownload.com

ဥတ္တာရပဥ္ဆာလတိုင်းငင်း။ ကုရုယော၊ ကုရုတိုင်းငင်း။ ကေကကေစ၊ ကေကက တိုင်းငင်း။ ဣတိ၊ ဤသို့။ အန္တရဥ္ဆ၊ တိုင်းသုံးတိုင်းကိုငင်း။ ကာမယာမိ၊ လိုချင်၏။ ဗြာဟ္မဏာ၊ ပုဏ္ဏား။ တတုတ္တရိံ ပိ၊ ထိုဗာရာဏသီမင်း အဖြစ်ထက် အလွန်ဖြစ်သော သုံးပြည်ထောင်ကိုလည်း။ ကာမယာမိ၊ လိုချင်၏။ ဗြာဟ္မဏာ၊ ပုဏ္ဏား။ ကာမနိုတ်၊ ဝတ္ထုကာမ, ကိလေသာကာမတို့သည် နှိပ်စက်အပ်သော။ မံ၊ ငါ့ကို။ သစေ သဏ္ဌောသိ၊ အကယ်၍ ကုစားနိုင်အုံ။ တိကိစ္ဆ၊ ကုလော့။

ထိုအခါ၌ ထိုမင်းကို သိကြားမင်းသည် မင်းမြတ် သင်မင်းမြတ်ကို သစ်မြစ်ဆေး အစရှိသည်တို့ဖြင့် မကုစားကောင်း၊ဥာဏ်တည်းဟူသော ဆေးဖြင့်သာလျှင် ကုစားအပ်၏ဟု ဆိုလို၍ -

၁၅၆ ကဏ္ဌာဟိ ဒဠ္ဌဿ ကရောန္တိ ဟေကေ၊
အဲမနုဿ ပဝိဒ္ဓဿ သရောန္တိ ပဏ္ဍိတာ။
နု ကာမနီတဿ ကရောန္တိ ကေစိ၊
သြက္ကန္တသုက္ကဿ ဟိ ကာ တိကိစ္ဆာ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

မဟာရာဇ၊ မင်းမြတ်။ ဧကေ၊ အချို့ကုန်သော။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ကဏ္ဌာဟိ၊ မည်းသော အဆင်းရှိကုန်သော မြွေတို့သည်။ ဒဠ္ဌဿ၊ ခဲအပ်သော သူအား။ တိကိစ္ဆံ၊ ဆေးကုခြင်းကို။ ကရောန္တိ၊ ပြုကုန်၏။ ဧကေ၊ အချို့ကုန်သော။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ အမနုဿပဝိဒ္ဓဿ၊ ဘီလူးဖမ်းစားသော သူအား။ တိကိစ္ဆံ၊ ဆေးကုခြင်းကို။ ကရောန္တိ၊ ပြုကုန်၏။ ကေစိ၊ အချို့ကုန်သော သူတို့သည်။ ကာမနီတဿ၊ ကာမနှိပ်စက်သော သူအား။ တိကိစ္ဆံ၊ ဆေးကုခြင်းကို။ နု ကရောန္တိ၊ မပြုနိုင်ကုန်။ ကိံ ကာရဏာ၊ အဘယ့်ကြောင့်။ နု ကရောန္တိ၊ မပြုနိုင်ကုန် သနည်း ဟူမူကား။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ သြက္ကန္တသုက္ကဿ၊ အကုသိုလ် တရားသို့ သက်ဝင်သော သူအား။ မန္တောသဓာ-ဒီဟိ၊ မန္တရား ဆေးဝါး အစရှိသည်တို့ဖြင့်။ ကာ တိကိစ္ဆာ၊ အဘယ်မှာ ကုစားနိုင်တုံအံ့နည်း။ တသ္မာ၊ ထို့ကြောင့်။ ကေစိ၊ အချို့ကုန်သော သူတို့သည်။ ကာမနီတဿ၊ ကာမသည် နှိပ်စက်အပ်သော သူအား၊ တိကိစ္ဆံ၊ ဆေးကုစားခြင်းကို။ နု ကရောန္တိ၊ မပြုကုန်။

www.dhammadownload.com

ဤသို့ ထိုမင်းအား ဘုရားလောင်းသည် ဤ အကြောင်းကိုပြ၍ အလွန် ဤသို့ဆို၏။ မင်းမြတ် သင်သည် ထိုသုံးပြည်ထောင်တို့ကို အကယ်၍ ရအုံ့ ဤလေးမြို့တို့၌ မင်းအဖြစ်ကို ပြုလတ်သော် တပြိုင်နက်ခြင်းသာလျှင် လေးထည့် ကုန်သော ပုဆိုးအစုံတို့ကို ဝတ်အုံ့လော၊ လေးခုကုန်သော ရွှေခွက်တို့၌လည်း တပြိုင်နက်ပင် စားအုံ့လော၊ လေးခုကုန်သော မြွတ်သောအိပ်ရာတို့၌ တပြိုင် နက်ပင် အိပ်အုံ့လော၊ မင်းမြတ် တဏှာအလိုသို့ လိုက်သောမည်သည် ဖြစ်ခြင်းငှါ မသင့်၊ ထိုတဏှာမည်သည်ကား ပျက်စီးခြင်း၏ အကြောင်းဖြစ်၏၊ ထိုတဏှာ သည် ပွားလတ်သည်ရှိသော် စိုးရိမ်ခြင်းကို ပွားစေ၏၊ ထိုတဏှာ၏ တည်ရာ ဖြစ်သော ပုဂ္ဂိုလ်ကို ရှစ်ထပ်ကုန်မသော ငရဲကြီးတို့၌ချင်း ဉာဏငရဲ တဆဲ ခြောက် ထပ်တို့၌ချင်း အထူးကူးအပြားပြားဖြင့် များကုန်သော ငရဲမှ ကြဉ်ကုန်သော အပါယ်တို့၌ချင်း ပစ်ချတတ်၏ဟု ဆို၏၊ ဤသို့ ဘုရားလောင်းသည် မင်းကို ငရဲ အစရှိသော ဘေးဖြင့် ခြိမ်းခြောက်၍ ဤတရားကို ဟော၏၊ မင်းသည်လည်း ထိုဘုရားလောင်း၏ တရားကို နာရ၍ စိုးရိမ်ခြင်းကင်းသည်ဖြစ်၍ ထိုဓဏ္ဍလျှင် အနာမရှိသည်၏ အဖြစ်သို့ ရောက်၏၊ သိကြားသည်လည်း ထိုမင်းအား အဆုံး အမကိုပေး၍ သီလတို့၌ တည်စေ၍ နတ်ပြည်သို့လျှင် သွား၏၊ ထိုမင်းသည်လည်း ထိုအခါမှစ၍ ဒါနအစရှိသည်တို့ကို ပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ကာမဒိတ ပုဏ္ဏားသည် ထိုအခါ မင်းဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါသိကြားဖြစ်ဘူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(တဏှာညွှန်နစ်၊ ရောဂါဖြစ်၊ ဆေးမြစ် မစွမ်းနိုင်)

ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကာမဒိတဇာတ်သည် ပြီး၏။

၇၉-ပလာယိတဇာတ်

စစ်ပြေးမင်း

ပစ္စုပ္ပန်စတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဂင်္ဂမဟေဿိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ ပလာယိတဇာတ်ကို ဇေတဝန် ကျောင်းတော်၌

www.dhammadownload.com

သီတင်းသုံး နေတော်မူစဉ် **ပြေးသေပရိဗိုဇ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုပရိဗိုဇ်သည် စကားပြောဆိုပြိုင်ဆိုင်ခြင်း အကျိုးငှါ ဇမ္ဗူကျွန်းအလုံးကို လှည့်လည်၍ တစုံတယောက်သော ပြောဆိုဘက်ကိုမရ၍ အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်၍ ငါနှင့်တကွ ပြောဆိုခြင်းကို ပြုခြင်းငှာ စွမ်းနိုင်သော တစုံတယောက်သော သူသည် ရှိသလောဟု လူတို့ကို မေး၏၊ လူတို့သည် ထိုသို့သဘောရှိကုန်သော သူတို့၏ တထောင်နှင့်လည်း တကွပြောဆိုခြင်းငှာ စွမ်းနိုင်သော ခပ်သိမ်းသောတရားကို သိတော်မူသော အခြေနှစ်ချောင်းရှိကုန်သော သူတို့ထက် မြတ်သော တရားဖြင့် လူနတ်တို့ကို အစိုးရသော သူတပါးတို့၏ အယူဝါဒကို ဖျက်ဆီးခြင်းငှါ တတ်နိုင်သော မဟာဂေါတမသည် ရှိ၏၊ ဇမ္ဗူကျွန်းလုံး၌လည်း ဖြစ်စေသော တပါးသော ဝါဒရှိသော ထိုမြတ်စွာဘုရားကို လွန်အံ့သောငှါ စွမ်းနိုင်သော သူမည်သည် မရှိ၊ ကမ်းနားသို့ ရောက်ကုန်၍ လိုင်းတံပိုးတို့သည် ပျောက်ကုန်ဘိသကဲ့သို့ ခပ်သိမ်းကုန်သော ဝါဒတို့သည် ထိုမြတ်စွာဘုရား၏ ခြေတော်ရင်းသို့ ရောက်၍ ပျောက်ကုန်၏ဟု ဘုရားကျေးဇူးတော်တို့ကို ဆိုကြကုန်၏၊ ပရိဗိုဇ်သည် ထိုဘုရားသည်ကား ယခုအခါ၌ အဘယ်မှာနည်းဟု မေး၍ ဇေတဝန် ကျောင်းတော်မှာတည်းဟု ကြား၍ ယခုအခါ၌ ထိုဘုရားအား အမေးပုစ္ဆာကို တင်အံ့ဟု လူများဖြင့် ခြံရံလျက် ဇေတဝန်ကျောင်းတော်သို့ သွားလတ်သည်ရှိသော် ဇေတမင်းသားသည် ကိုးကုဋေသောဥစ္စာကိုစွန့်၍ ဆောက်အုပ်သော ဇေတဝန်ကျောင်းတော် တံခါးမုခ်ကို မြင်၍လျှင် ဤပြာသာဒ်သည်ကား ရဟန်းဂေါတမ၏ နေရာပြာသာဒ်လောဟု မေး၍ ဤပြာသာဒ်သည်ကား တံခါးမုခ်သာတည်းဟု ကြား၍ တံခါးမုခ်သည်ပင် ဤသို့စဉ်ရှိသေး၏၊ နေရာကျောင်းတော်သည်ကား အဘယ်သို့ သဘောရှိသည်ဖြစ်လတ္တံ့နည်းဟု ဆို၍ ဂန္ဓကုဋီတော်မည်သည်ကား နှိုင်းယှဉ်ဘွယ် မရှိဟု ဆိုလတ်သော် ဤသို့စဉ်သဘောရှိသော ရဟန်းတို့နှင့်တကွ ပြိုင်ဆိုင်ပြောဆိုခြင်းကို အဘယ်သူ ပြုနိုင်ချေအံ့နည်းဟု ဆို၍ ထိုအရပ်မှလျှင် ပြေးလေ၏၊ လူတို့သည် ကြော်ငြာလျက် လိုက်ကုန်၍ ဇေတဝန်ကျောင်းတော်သို့ ဝင်ကုန်၍ မြတ်စွာဘုရားသည် အခါမဲ့၌ အဘယ်ကြောင့်လာကြကုန်သနည်းဟု မိန့်တော်မူသည်ရှိသော် ထိုအကြောင်းကို လျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည် ဒါယကာတို့ ဤပရိဗိုဇ်သည် ယခုအခါ၌သာလျှင် ငါ၏နေရာအရပ်၏တံခါးမုခ်ကို မြင်၍ ပြေးသည်မဟုတ်သေး၊ ရှေးဦးလည်း ငါ၏နေရာအရပ်၏ တံခါးမုခ်ကိုမြင်၍ ပြေးဘူးသလျှင်ကတည်းဟု မိန့်တော်မူ၍ ထို ဒါယကာတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

www.dhammadownload.com

အတိတ်ဝတ္ထု ဒါယကာတို့ လွန်လေပြီးသောအခါ ဂန္ဓရတိုင်း တက္ကသိုလ်ပြည်၌ ဘုရားလောင်းသည် မင်းပြု၏၊ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု၏၊ ထိုဗြဟ္မဒတ်မင်းသည် တက္ကသိုလ်ပြည်ကို ယူအံ့ဟု မျှားစ့ဉာဿော ဗိုလ်ပါအပေါင်းဖြင့် သွား၍ မြို့မှ မနီးမဝေးသော အရပ်၌တည်၍ ဤသို့သော အမှတ်ဖြင့် ဆင်တို့ကို စေကုန်လော့၊ ဤသို့သောအမှတ်ဖြင့် မြင်းတို့ကို စေကုန်လော့၊ ဤသို့သောအမှတ်ဖြင့် ရထားတို့ကိုစေကုန်လော့၊ ဤသို့သောအမှတ်ဖြင့် ခြေသည်တို့ကို စေကုန်လော့၊ ဤသို့ပြေးကုန်၍ လက်နက်တို့ဖြင့် ထိုးပစ်ကြကုန်လော့၊ တခဲနက်ရွာကုန်သော မိုးဃ်းတို့ကဲ့သို့ မြှားမိုးဃ်းကို ရွာစေကုန်လော့ဟု စစ်သည်ကို စီရင်လိုရကား—

၁၅၇ ဂဇဂ္ဂမေဃေဘိ ဟယဂ္ဂမာလိဘိ၊
ရထ္ထုမိဇာတေဘိ သရာဘိဝဿေဘိ။
ထရ္ဂဟာဝဠ္ဍဒဠ္ဍပဟာရိဘိ၊
ပရိဝါရိတာ တက္ကသိလာ သမန္တတော။

၁၅၈ အဘိမာဝထ စူပမာဝထ စ၊
ဝိဝိမာ ဝိနာဒိတာ ဝဒန္တိဘိ။
ဝတ္တတဇ္ဇ တုမုလော ဃောသော ယထာ၊
ဝိဇ္ဇုလတာ ဇလဓရဿ ဂဇ္ဇတော။

ဟူသော ဤဂါထာနှစ်ခုတို့၏အပေါင်းကို ဆို၏။

ဘောန္တော၊ အချင်းတို့။ ဂဇဂ္ဂမေဃေဘိ၊ ကြိုးကြာသံကဲ့သို့သော ဆင်တို့၏ ဟီသံကို ဟီကုန်သော အမုန်ယစ်ကုန်သော မြတ်ကုန်သော ဆင်တည်းဟူသော မိုးဃ်းတို့ဖြင့်ငင်း။ ဟယဂ္ဂမာလိဘိ၊ မြတ်ကုန်သော သိန္ဓောအမျိုး၌ ဖြစ်ကုန်သော မြင်းကိုစီးကုန်သော သူရဲတို့ဖြင့်ငင်း။ ထရ္ဂဟာဝဠ္ဍဒဠ္ဍပဟာရိဘိ၊ ထိုမှ ဤမှ လှည့်လည်၍ ပြင်းစွာထိုးခုတ်ကုန်သော ရတနာတို့ဖြင့် တန်ဆာ ဆင်အပ်သော အရိုးတပ်သော သန်လျက်ကို စွဲကိုင်အပ်သော ခြေသည်သူရဲတို့ဖြင့်ငင်း။ သရာဘိဝဿေဘိ၊ တခဲနက်သောမိုးဃ်းကို ရွာစေဘိသကဲ့သို့ မြှားမိုးဃ်းကိုရွာစေကုန်တတ်ထသော။ ရထ္ထုမိဇာတေဘိ၊ ကောင်းစွာဖြစ်သော လှိုင်းတံပိုးအဟုန်ရှိကုန်သော သမုဒ္ဒရာရေတို့ ကဲ့သို့သော ရထားစီးသူရဲ အပေါင်း တို့ဖြင့်ငင်း။ သမန္တတော၊ ထက်ဝန်းကျင်မှ။ တက္ကသိလာ၊ တက္ကသိုလ်ပြည်ကို။ ယထာ၊

www.dhammadownload.com

အကြင်သို့သော အခြင်းအရာဖြင့်။ ပရိဝါရိတာ၊ ခြံရုံအပ်သည်။ ဟောတိ၊ ဖြစ်၏။ တထာ၊ ထိုသို့သောအခြင်းအရာဖြင့်။ သီဃံ၊ လျင်စွာ။ကရောထ၊ ပြုကြကုန်လော။ ပရိဝါရိတာ၊ ခြံရုံကြကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော။

ဘောန္တော၊ အချင်းတို့။ တုမ္ဟေ၊သင်တို့သည်။ အဘိဓာဝထ စ၊ ရှေးမှလည်း ပြေးကြကုန်လော့။ ဥပဓာဝထစ၊ ချဉ်းလည်း ချဉ်းကပ်ကြကုန်လော။ ဝဒန္တိဘိ၊ ဆင်မြတ် ဆင်ကောင်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဝိဝိဓာ၊သေလိတ, ဂဇ္ဇိတ, ဝါဒိတ ဟူသော အထူးထူး အပြားပြားအားဖြင့်။ ဝိနာဒိတာ အသံးသံးသော အသံရှိကုန်သည်။ အတ္ထာ၊ ဖြစ်ကုန်လော့။ အင်္ဂ၊ ယနော့။ တုမှလော၊ သည်းစွာသော။ ဃောသော ယထာ၊ မိုဃ်းကြိုးသံကဲ့သို့။ ဝတ္တာတု၊ ဖြစ်စေလော့။ ဂဇ္ဇတော၊ ကြိုးထသော။ ဇလဓရဿ၊ မိုဃ်းတိမ်၏။ မုခတော၊ အဝမှ။ နိဂ္ဂတာ၊ ထွက်ကုန်သော။ ဝိဇ္ဇုလတာ၊ လျှပ်စစ်နွယ်တို့သည်။ စရန္တိ ယထာ၊ ပြေးသွားကုန်ဘိသကဲ့သို့။ ဧဝံ၊ ဤအတူ။ ဝိစရန္တာ၊ ပြေးသွားကုန်လျက်။ နဂရံ၊ တက္ကသိုလ်ပြည်ကို။ ပရိဝါရေတွာ၊ ဝန်းရံကုန်၍။ ရာဇာနံ၊ မင်းကို။ ဂဏှထ၊ ဖမ်းကြကုန်လော့။

ဤသို့ မင်းသည် ကြုံးဝါး၍ စစ်သည်တို့ကို စီရင်၍ မြို့တံခါး၏ အနီးသို့ရောက်၍ တံခါးမုခ်ကိုမြင်၍ ဤသည်ကား မင်း၏နေရာ နန်းလောဟု **မေး၏**၊ ဤသည်ကား မြို့တံခါးမုခ်သည်သာတည်းဟုဆိုသည်ရှိသော် မြို့တံခါးမုခ်သည်ပင် ဤသို့စဉ် သဘောရှိသည်ဖြစ်၏၊ မင်း၏နေရာ နန်းပြာသာဒ်သည်ကား အသို့သဘောရှိသည်ဖြစ်လတ္တံ့နည်းဟု ဆို၍ ဝေဇယန္တာပြာသာဒ်နှင့်တူ၏ဟု ကြား၍ ဤသို့အခြံအရံ စည်းစိမ်ချမ်းသာ ဘုန်းကြက်သရေနှင့် ပြည့်စုံသော မင်းနှင့်တကွ စစ်ထိုးအံ့သောငှါ မစွမ်းနိုင်ကုန်အံ့ဟု တံခါးမုခ်ကိုမြင်၍ ပြန်၍ပြေးလေ၍ ဗာရာဏသီပြည်သို့ လျင်စွာ သွား၏။

ဤသို့ မင်းသည် ကြုံးဝါး၍ စစ်သည်တို့ကို စီရင်၍ မြို့တံခါး၏ အနီးသို့ရောက်၍ တံခါးမုခ်ကိုမြင်၍ ဤသည်ကား မင်း၏နေရာ နန်းလောဟု **မေး၏**၊ ဤသည်ကား မြို့တံခါးမုခ်သည်သာတည်းဟုဆိုသည်ရှိသော် မြို့တံခါးမုခ်သည်ပင် ဤသို့စဉ် သဘောရှိသည်ဖြစ်၏၊ မင်း၏နေရာ နန်းပြာသာဒ်သည်ကား အသို့သဘောရှိသည်ဖြစ်လတ္တံ့နည်းဟု ဆို၍ ဝေဇယန္တာပြာသာဒ်နှင့်တူ၏ဟု ကြား၍ ဤသို့အခြံအရံ စည်းစိမ်ချမ်းသာ ဘုန်းကြက်သရေနှင့် ပြည့်စုံသော မင်းနှင့်တကွ စစ်ထိုးအံ့သောငှါ မစွမ်းနိုင်ကုန်အံ့ဟု တံခါးမုခ်ကိုမြင်၍ ပြန်၍ပြေးလေ၍ ဗာရာဏသီပြည်သို့ လျင်စွာ သွား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ဒါယကာတို့ယခုအခါ ပြေးသောပရိဗိုဇ်သည် ထိုအခါ ဗာရာဏသီမင်းဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ တက္ကသိုလ်မင်း ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အသဒိသ၊ ဟူသမျှ၊ တုပ မနိုင်ရာ)

ကိုးခုတို့၏ပြည့်ကြောင်းဖြစ်သော ပလာယိတဇာတ်သည် ပြီး၏။

F.38: ၁၁၀-၃

www.dhammadownload.com

၇၀-ဒုတိယပလာယိတဇာတ်

စစ်ပြိုင် မင်းနှစ်ပါး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သမ္မာသ်ု မြတ်စွာဘုရားသည် "ဧဇမပရိမိတံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ဒုတိယ ပလာယိတ ဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **တယောက်သော ပြေးသော ပရိဗိုဇ်**ကို ပင်လျှင် အကြောင်းပြု၍ ဟောတော်မူ၏။ ဤဝတ္ထု၌ကား ထိုပရိဗိုဇ်သည် ဇေတဝန် ကျောင်းတော်သို့ ဝင်၏၊ ထိုခဏ၌ မြတ်စွာဘုရားသည် လူမျှားဖြင့် ခြံရံအပ်သည်ဖြစ်၍ တန်ဆာဆင်အပ်သော တရားဟောနေရာတော်၌ နေတော်မူလျက် ဆေးဒန်း မြင်းသဖွယ်အပြင်၌ ခြေသံ့သံကို ကြွေးကြော်သော ခြေသံ့ပျိုကဲ့သို့ တရားကို ဟောတော်မူ၏။ ပရိဗိုဇ်သည် အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ဗြဟ္မာမင်း၏ ကိုယ်နှင့်တူသော ကိုယ်တော်ကိုလည်း လပြည့်ဝန်း ကဲ့သို့ တင့်တယ်ခြင်းရှိသော မျက်နှာတော်ကိုလည်း ရွှေပြားနှင့်တူသော နဖူးတော် ကိုလည်း မြင်၍ ဤသို့သဘောရှိသော ယောကျ်ားမြတ်ကို အောင်အံ့သောဌာ အဘယ်သူ တတ်နိုင်ချေအံ့နည်းဟု ပြန်၍ ပရိသတ်အတွင်းသို့မဝင်မူ၍ ပြေးလေ၏။ လူမျှားသည် ထိုပရိဗိုဇ်ကို လိုက်၍ ပြန်၍ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်၏၊မြတ်စွာဘုရားသည် ဒါယကာတို့ ထိုပရိဗိုဇ်သည် ယခုအခါ၌သာလျှင် ငါ၏ ရွှေအဆင်းနှင့် တူသော အဆင်းရှိသော မျက်နှာကို မြင်၍ ပြေးသည် မဟုတ်သေး၊ ရှေးဘဝလည်း ငါ၏ ရွှေအဆင်းနှင့် တူသော အဆင်းရှိသော မျက်နှာကို မြင်၍ ပြေးဘူး သလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ဒါယကာတို့ လွန်လေပြီးသောအခါ ဘုရားလောင်းသည် ဗာရာဏသီပြည်၌ မင်းပြု၏၊ တက္ကသိုလ်ပြည်၌ တယောက်သော ဂန္ဓာရမင်းသည် မင်းပြု၏၊ ထိုဂန္ဓာရမင်းသည် ဗာရာဏသီပြည်ကို ယူအံ့ဟူ၍ အင်္ဂါလေးပါး ရှိသော စစ်သည်ဖြင့် လာလတ်၍ မြို့ကိုဝန်းရံ၍ မြို့တံခါး၏အနီး၌ တည်လျက် မိမိ၏ ဗိုလ်ပါစစ်သည်ကိုကြည့်၍ ဤမျှအတိုင်းအရှည်ရှိသော စစ်သည်အပေါင်း ကို အောင်အံ့သောဌာ အဘယ်သူ စွမ်းနိုင်လတ္တံ့နည်းဟု မိမိ၏ စစ်သည်ကို ချီးမွမ်းလို၍—

www.dhammadownload.com

၁၅၉ ဓဇမပရိမိတံ အနန္တ္ပပါရံ၊ ဒုပ္ပသဟံ ဓကေ်ဟိ သာဂရံဝ။
ဂိရိမိဝ အနိလေန ဒုပ္ပသယ္ပော၊ ဒုပ္ပသဟော အဟမဇ္ဇ တာဒိသေန။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ရထေသု၊ ရထားတို့၌။ မောရစ္ဆဒေ၊ ဒေါင်းတောင်တို့ကို။ ထပေတ္ဝာ၊ စိုက်၍။ ဓဇံဓဇမေဝ၊ ထောင်အပ်သော တံခွန်သည်ပင်လျှင်။ အပရိမိတံ၊ မနှိုင်းယှဉ်နိုင်မျှား၏။ အနန္တပါရံ၊ဆင်ကားဤမျှမြင်းဤမျှဟု ရေတွက်ခြင်း၏ အပိုင်းအခြားကို လွန်သည်ဖြစ်၍ အဆုံးမရှိသော ကမ်းရှိ၏။ ဓကေ်ဟိ၊ ကျိုးတို့သည်။ သာဂရံ၊ သမုဒ္ဒရာကို။ ဒုပ္ပသဟံ ဤဝ လွှမ်းမိုးခြင်းငှါ မစွမ်းနိုင်ဘိ သကဲ့သို့။ မေ၊ ငါ၏။အယံ ဗလကာယော၊ ဤဗိုလ်ပါအပေါင်းကို။ဒုပ္ပသဟော၊ ဆန့်ကျင်ဘက်ဖြစ်ကုန်သော ရန်သူတို့သည် နှိပ်စက်လွှမ်းမိုးခြင်းငှါ မစွမ်းနိုင်။ အနိလေန၊ လေသည်။ ဂိရိံ၊ တောင်ကို။ ဒုပ္ပသယ္ပော ဤဝ စ၊ တုန်လှုပ်စိမ့် သောငှါမစွမ်းနိုင်ဘိသကဲ့သို့လည်း။ အဟံ၊ ဤသို့ဗိုလ်ပါအပေါင်းနှင့် ပြည့်စုံသော ငါ့ကို။ အဇ္ဇ၊ ယခု။ တာဒိသေန၊ ထိုသို့သဘောရှိသော ဗိုလ်ပါအပေါင်းသည်။ ဒုမ္မဿဟော၊ လွှမ်းမိုးခြင်းငှါ မစွမ်းနိုင်။

ထိုအခါ၌ ထိုဂန္ဓာရမင်းအား ထိုဘုရားလောင်းသည် လပြည့်ဝန်းကဲ့သို့ အသရေရှိသော မိမိ၏မျက်နှာကိုပြ၍ ဟယ်....ငမိုက် သင်သည် မယောင်ယမ်း မမြည်တမ်းလင့်၊ ယခုအခါ၌ အမုန်ယစ်သော ဆင်ပြောင်သည် ကျူးတောကို နင်းဘိသကဲ့သို့ ထိုအတူ သင်၏စစ်သည်အပေါင်းကို ဖျက်ဆီးလိုက်အံ့ဟု ခြိမ်းချောက်၍—

၁၆၀ မာ ဗာလိယံ ဝိလပိ နု ဟိဿ တာဒိသံ၊
ဝိဒ္ဓဿသေ နု ဟိ လဘသေ နိသေဓကံ။
အာသဇ္ဇသိ ဂဇမဝ ဧကောရုန၊
ယော တံ ပါဒါ နဋ္ဌမိဝ ပေါထယိဿတိ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ဟရေ ဗာလ၊ ဟယ်....ငမိုက်။ တွံ၊ သင်သည်။ အတ္တာနော၊ မိမိ၏။ ဗာလိယံ၊ မိုက်သည်၏အဖြစ်ကို။ မာ ဝိလပိ၊ မမြည်တမ်းလင့်။ ဟိ-သစ္စံ၊ ထိုစကားသည် မှန်၏။ တဝ၊ သင်၏။ ဗလကာယော၊ ဗိုလ်ပါအပေါင်းသည်။ တာဒိသံ-တာဒိသော၊ ထိုသို့ သင်ကြုံသောအတိုင်း သဘောရှိသည်။ နု ဟိဿ၊ မဖြစ်

www.dhammadownload.com

သလျင်ကတည်း။ တုံ့၊သင့်ကို။ ကေဝလံ၊ စင်စစ်။ဝိဒူယ္ဟသေ ရာဂ,ဒေါသ အစ ရှိသော အပူသည် လောင်အပ်၏။ တုံ့၊ သင်သည်။ နိသေဓကံ၊ ဧကဲ့သို့သဘော ရှိသော နှိပ်စက်လွှမ်းမိုး၍ တားမြစ်တတ်သော သူကို။ နဟိ လဘသေ၊ မရ သလျင်ကတည်း။ အာသင့်သည်၊ ချဉ်းခဲ့လော့။ ကေစာရိနံ-ကေစာရိ၊ တစိုးထည်း သာ သွားလေ့ရှိသော။ ဂဇံ-ဂဇော၊ ဆင်ပြောင်ကြီးသည်။ နဠံ၊ ကျူတောကို။ ပါဒါ ခြေတို့ဖြင့်။ ပေါထယိ ဣဝ၊ နင်းချိုးသကဲ့သို့။ ဧဝံ-တထာ၊ ထို့အတူ။ ယော ရာဇာ၊ အကြင်ဗာရာဏသီမင်းသည်။ တံ၊ သင့်ကို။ ပေါထယိသတိ၊ နင်းနှိပ်လတ္တံ့။

ဤသို့ခြိမ်းချောက်သော ထိုဘုရားလောင်း၏စကားကို ကြား၍ ဂန္ဓာရ မင်းသည် ကြည့်မျော်လေသည်ရှိသော် ရှေ့ပြားနှင့်တူသော မြတ်သော နဖူးကို မြင်၍ မိမိကိုဖမ်းအံ့သည်မှ ကြောက်ရကား ပြန်၍ပြေးလျက် မိမိမြို့သို့သာလျှင် သွား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ဒါယကာတို့ ယခုအခါပြေးသော ပရိဗိုဇ်သည် ထိုအခါ ဂန္ဓာရမင်း ဖြစ်ဘူးပြီ၊ ယခုအခါငါဘုရားသည်သာလျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဘူးပြီဟုဇာတ်ကို ပေါင်းတော်မူ၏။

(ငါနှုန်းပြင်၊ မြင်ခဲ့ကျင်၊ ခြေလျှင်ပြေးသည်သာ)

ဆယ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဒုတိယပလာယိတဇာတ်သည် ပြီး၏။

၉- ဥမဂါဟနဝဂ် ၈၁- ဥပါဟနဇာတ်

ဆရာကိုတုသောတပည့်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော, သမ္ဗညူ မြတ်စွာဘုရားသည် "ယထာပိ ကိတာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်ဇသော ဤဥပါဟနဇာတ်ကို ဇေတဝန် ကျောင်းတော်၌* သီတင်းသုံး နေတော်မူစဉ် **ဒေဝဒတ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊

---

* ဝေဠုဝန်ကျောင်းတော်၌ (ဋ္ဌ)

www.dhammadownload.com

ထိုစကားကို ခဲ့ပြီးအံ့၊ တရားသဘင်၌ ရဟန်းတို့သည် ငါ့သျှင်တို့ ဒေဝဒတ်သည် ဆရာဖြစ်သော ဘုရားကို စွန့်၍ မြတ်စွာဘုရား၏ ဆန့်ကျင်ဘက် ရန်သူသည် ဖြစ်၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်၏ဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ ငါလာတော်မူသောအခါ၌ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မိန့်တော်မူ၍ အရှင်ဘုရား ဤမည်သော စကားဖြင့် စည်းဝေး ပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာ ဆရာဖြစ်သော ငါဘုရားကို စွန့်၍ ဆန့်ကျင်ဘက်ဖြစ်၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်သည် မဟုတ်သေး၊ ရှေး၌လည်း ရောက်ဘူး သလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဆင်ဆရာအမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ဆင်အတတ်၌ အပြီးသို့ ရောက်၏၊ ထိုအခါ ကာသိကရွာ၌ နေသော တယောက်သော လုလင်ငယ်သည် လာလတ်၍ ထိုဘုရားလောင်း၏ အထံ၌ အတတ်ကို သင်၏၊ ဘုရားလောင်းတို့ မည်သည်ကား အတတ်ကို သင်ကုန်သည်ရှိသော် ဆရာကြွင်းထားခြင်းကို မပြုကုန် မိမိတတ်သောအမှတ်ဖြင့် အကြွင်းမရှိသာလျှင် သင်ကုန်၏၊ ထို့ကြောင့် ထိုလုလင်သည် ဘုရားလောင်း တတ်သမျှ အတတ်ကို အကြွင်းမရှိ သင်၍ ဘုရားလောင်းကို ဆရာ ကျွန်ုပ်သည် မင်းကို ခစားအံ့ဟု ဆို၏၊ ဘုရားလောင်းသည် အမောင် ကောင်းပြီဟု ဆို၍ မင်းအား ကြား၏၊ အဘယ်သို့ ကြားသနည်းဟူမူကား မြတ်သောမင်းကြီး အကျွန်ုပ်၏တပည့်သည် အရှင်မင်းမြတ်တို့ကို ခစားအံ့သောငှါ အလိုရှိ၏ဟု ကြား၏၊ မင်းသည် ကောင်းပြီ ခစားစေလောဟု ဆို၏၊ မင်းမြတ် ထိုသို့ တပြီးကား ထိုယောကျ်ားအား ရိက္ခာကို သိတော်မူကုန်လော့ဟု လျှောက်၏၊ သင်တို့၏တပည့်သည် သင်တို့နှင့်တူမျှသော ရိက္ခာကို မရလတ္တံ့၊ သင်တို့သည် တရာသောရိက္ခာကို ရကုန်သည်ရှိသော် သင်တို့၏ တပည့်သည် ငါးဆယ်သော ရိက္ခာကို ရလတ္တံ့၊ သင်တို့သည် နှစ်ခုတို့ကို ရကုန်သည် ရှိသော် သင်တို့၏ တပည့်သည် တခုကို ရလတ္တံ့ဟု ဆို၏၊ ဘုရားလောင်းသည် အိမ်သို့ သွား၍ ထိုအကြောင်းကို တပည့်အား ကြား၏၊ တပည့်သည် ဆရာ အကျွန်ုပ်သည် သင်တို့နှင့်အမျှ အတတ်ကို တတ်၏၊ အမျှသာလျှင် ဖြစ်သော ရိက္ခာကို အကယ်၍ ရအံ့ ခစားအံ့၊ အကယ်၍ မရအံ့ မခစားအံ့ဟု ဆို၏၊ ဘုရားလောင်းသည်

www.dhammadownload.com

ထိုအကြောင်းကို မင်းအားကြား၏၊မင်းသည် သင်တို့နှင့် အမျှသောဆုလာဘ်ကို ယူလိုသော် သင်တို့နှင့်အမျှသာလျှင်ဖြစ်သောအတတ်ကိုပြအံ့သောငှါ အကယ်၍ စွမ်းနိုင်အံ့ အမျှဖြစ်သော ရိက္ခာကို ရလတ္တံ့ဟု ဆို၏၊ ဘုရားလောင်းသည် ထိုအကြောင်းကို တပည့်အား ကြား၍ ထိုသို့တပြီးကား ကောင်းပြီ ပြအံ့ဟု ဆိုသည်ရှိသော် မင်းအား ကြား၏၊ မင်းသည် ထိုသို့တပြီးကား နက်ဖြန် အတတ်ကို ပြကြကုန်လော့ဟု ဆို၏၊ ကောင်းပြီ ပြကုန်အံ့ဟု ဆိုသည်ရှိသော် မြို့၌ စည်လည်စေကုန်လော့ဟု ဆို၍ နက်ဖြန်၌ တပည့်သည်ငင်း ဆရာသည်ငင်း နှစ်ယောက် ကုန်သော သူတို့သည် ဆင်အတတ်ကို ပြကုန်လတ္တံ့ မင်းယင်ပြင်၌ စည်းဝေးကုန်၍ ရှုလိုကုန်သော သူတို့သည် ရှုစေကုန်သတည်းဟု မင်းသည် စည်လည်စေ၏။

ဆရာသည် ငါ၏တပည့်သည် ငါ၏ဥပါယ်တမျှ၌ လိမ္မာသည်၏ အဖြစ်ကို မသိလေဟု ဆင်တစီးကိုယူ၍ တည့်ခြင်းသာလျှင် ဘောက်ပြန်သောအတတ်ကို သင်၏၊ ထိုဘုရားလောင်းသည် ထိုဆင်ကို သွားလော့ဟု ဆိုသည် ရှိသော် နောက်သို့ ဆုတ်စိမ့်သောငှါ, နောက်သို့ဆုတ်လော့ဟု ဆိုသည်ရှိသော် သွားစိမ့်သောငှါ, ရပ်လော့ဟု ဆိုသည်ရှိသော် ဝပ်စိမ့်သောငှါ, ဝပ်လော့ဟု ဆိုသည် ရှိသော် ရပ်စိမ့်သောငှါ, ယူလော့ဟု ဆိုသည် ရှိသော် ထားစိမ့်သောငှါ, ထားလော့ဟု ဆိုသည်ရှိသော် ယူစိမ့်သောငှါ သင်၍ နက်ဖြန်နေ့၌ ထိုဆင်ကို စီး၍ မင်းယင်ပြင်သို့ သွား၏၊ တပည့်သည် တစီးသော နှစ်သက်ဘွယ်သော ဆင်ကို စီး၏၊လူမျှားသည် စည်းဝေး၏၊ ဆရာတပည့် နှစ်ယောက်တို့သည်လည်း အမျှအတတ်ကို ပြကုန်၏၊ တဖန် ဘုရားလောင်းသည် မိမိဆင်ကို ဘောက်ပြန်သော အတတ်ကို ပြုစေ၏၊ ထိုဆင်သည် သွားလော့ဟု ဆိုသည် ရှိသော် နောက်သို့ ဆုတ်၏၊ နောက်သို့ ဆုတ်လော့ဟု ဆိုသည်ရှိသော် ရှေ့သို့ပြေး၏၊ ရပ်လော့ဟု ဆိုသည်ရှိသော် ဝပ်၏၊ ဝပ်လော့ဟု ဆိုသည်ရှိသော် ရပ်၏။ ယူလော့ဟု ဆိုသည်ရှိသော် ချလိုက်၏၊ ချလော့ဟု ဆိုသည်ရှိသော် ယူ၏၊ လူမျှားသည် ဟယ်....ပြစ်မှားတတ်သော တပည့် သင်သည် ဆရာနှင့်တကွ ပြိုင်ခြင်းကို ပြု၏၊ မိမိ၏ ပမာဏကို မသိ ဆရာနှင့်တကွ အမျှ ဖြစ်သော အတတ်ကို ကိုယ်၏ဟု အမှတ်ရှိ၏ဟု ဆို၍ ခဲ့လုံတံ အစရှိသည်တို့ဖြင့် ပုတ်ခတ်ကုန်၍ ထိုပဲ့အလယ်၌သာလျှင် အသက်ကုန်ခြင်းသို့ ရောက်စေ၏။

ဘုရားလောင်းသည် ဆင်မှသက်၍ မင်းသို့ကပ်၍ မြတ်သောမင်းကြီး အတတ်မည်သည်ကို မိမိကိုယ်ကို ချမ်းသာစေခြင်း အကျိုးငှါ သင်၏၊ ထိုသို့

www.dhammadownload.com

မိမိကိုယ်ကို ချမ်းသာစေခြင်း အကျိုးငှါ သင်ငြားသော်လည်း အချို့သော သူအား သင်အုပ်သော အတတ်သည် မကောင်းသဖြင့် လုပ်အပ်သော ဘိနပ်ကဲ့သို့ ပျက်စီးခြင်းသို့သာလျှင် ဆောင်ရွက်တတ်၏ဟု ဆို၍—

၁၆၁ ယထာပိ ကီတာ ပုရိသဿုပါဟနာ၊
သုခဿ အတ္ထာယ ဒုခံ ဥဒပ္ပဟေ။
ဃမ္မာဘိတတ္တာ တလသာ ပဗိဠိတာ၊
တဿေဝ ပါဒေ ပုရိသဿ ခါဒရေ။

၁၆၂ ဧဝမေဝ ယော ဒုက္ကုလီနော အနရိယော၊
တမ္မာက ဝိဇ္ဇဉ္ဇ သုတဉ္ဇ အာဒိယ။
တမေဝ သော တတ္ထ သုတေန ခါဒတိ၊
အနရိယော ဝုစ္စတိ ပါနဒုပမော[1]။

ဟူသော ဤနှစ်ဂါထာတို့၏အပေါင်းကို ဆို၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ သုခဿ၊ ချမ်းသာခြင်း၏။ အတ္ထာယ၊ အကျိုးငှါ။ ကီတာ၊ ဝယ်၍။ ပါဒေသု၊ ခြေတို့၌။ ပဋိမုက္ကာ၊ စွပ်အပ်သော၊ ဥပါဟနာ၊ မကောင်းသဖြင့် လုပ်အပ်သော ဘိနပ်သည်။ ပုရိသဿ၊ ယောကျ်း၏။ ဒုခံ၊ ဆင်းရဲကို။ ဥဒပ္ပဟေ၊ ဆောင်ရာ၏။ ဃမ္မာဘိတတ္တာ၊ အပူသည်နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်။ တလာသာစ၊ ခြေဘဝါးအပြင်သည်လည်း။ ပဗိဠိတာ၊ ကျင်နာသည်ဖြစ်၍။ ကီတာ၊ ဝယ်၍။ပါဒေသု၊ ခြေတို့၌။ ပဋိမုက္ကာ၊ စွပ်အပ်ကုန်သော။ဥပါဟနာ၊ ဘိနပ်တို့သည်။တဿေဝ ပုရိသဿ၊ထိုယောကျ်း၏သာလျှင်။ ပါဒေ၊ ခြေတို့ကို။ ခါဒရေ-ခါဒန္တိယထာ၊ ခဲကုန်သကဲ့သို့။ဧဝမေဝ၊ ဤအတူသာလျှင်။ ဒုက္ကုလီနော၊ ယုတ်မာသော အမျိုးရှိသော။ ယော အနရိယော၊ အကြင်မသူတော်သည်။ တမ္မာက တမ္မာကာ၊ ထိုအတတ်ကို သင်ပေးတတ်သော ဆရာမှ။ ဝိဇ္ဇဉ္ဇ၊ အတတ်ကိုငှင်း။ သုတဉ္ဇ၊ အကြားအမြင်ကိုငှင်း။ အာဒိယ-အာဒိယတိ၊ သင်ယူ၏။ အာဒိယ၊ သင်ပြီး၍။ သော၊ ထိုမသူတော်သည်။ တတ္ထ၊ ထိုဆရာအထံ၌။ သုတေန၊ အကြားအမြင်ဖြင့်။ တမေဝ၊ ထိုမိမိကိုယ်ကိုသာလျှင် ခါဒတိ၊ ခဲ၏။ သော ဒုက္ကုလီနော၊ ထိုအမျိုးယုတ်သော သူကို။ ပါနဒုပမော၊ ခဲတတ်သော ဘိနပ်နှင့်တူသော။

---

၁ ပါဒုပါဟနူပမော (သျှာ၊ က)

www.dhammadownload.com

အနရိယော၊ မသူတော်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ **တနည်းကား** ပါနဒူပမော၊ ခြေကို ခဲတတ်သော ဘိန်ပဆိုးရှိသော ယောကျ်ားနှင့်တူသော။ အနရိယော၊ မသူတော်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

မင်းသည် နှစ်သက်သည် ဖြစ်၍ ထိုဘုရားလောင်းအား မျှားစွာသော စည်းစိမ်ကို ပေး၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ တပည့် ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ဆရာ ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဆရာအံ့တု၊ ဆန့်ကျင်ပြု၊ မိုက်မှုသေရန္ဂါ)

ရှေးဦးစွာသော ဥပဟာနဇာတ်သည် ပြီး၏။

၈၂- ဒီဃာဝုကုဇာတ်

ဘို့ရှိလျှင် ဥသဘလော

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ကေစိန္တိတော ယမတ္ထော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒီဃာဝုကုဇာတ်ကိုဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **တယော်က်သော သူငယ်မ**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ သာဝတ္ထိပြည်၌ တယောက်သော သူဌေးသမီးသည် မိမိ၏အိမ်၌ နွားမင်း ဥသဘအား ချီးမြှောက်ခြင်းကို ပြုလတ်သည်ကိုမြင်၍ အမိကို မိခင် ဤသို့ နွားမင်းသည် အချီးအမြှောက်ကို ရ၏၊ အဘယ်အမည် ရှိသနည်းဟု မေး၏၊ ချစ်သမီး နွားမင်းသည် ဥသဘမည်၏ဟု ဆို၏၊ ထိုသူဌေးသမီးသည် တနေ့သ၌ ပြာသာဒ်၌ ရပ်၍ ခရီးလမ်းလယ်ကို ကြည့်လတ်သည် ရှိသော် တယောက်သော လူကုန်းကို မြင်၍ ဤနွားတို့၏ အလယ်၌ နွားမင်းကြီး၏ ကျောက်ကုန်း၌ လဘို့သည်ရှိ၏၊ လူမင်းကြီး၏လည်း ကျောက်ကုန်း၌ ထိုလဘို့

www.dhammadownload.com

သည် ဖြစ်ရာ၏၊ ဤသူသည် လူတို့တွင် ယောကျ်ားး ဥသဘသည် ဖြစ်လတ္တံ့၊ ငါသည် ထိုယောကျ်ားး ဥသဘ၏ ခြေရင်းဦ့ အလုပ်အကျေးဖြစ်ခြင်းငှါသင့်၏ဟု ကြံ၏၊ ကြံပြီး၍ ထိုသူဌေးသမီးသည် ကျွန်မကို စေလိုက်၍ သူဌေးသမီးသည် သင်နှင့်တကွ သွားလို၏၊ ဤမည်သော အရပ်သို့ သွား၍ နေနှင့်လောဟု ထိုလူကုန်းအား ကြားစေ၍ မြတ်သောဥစ္စာကိုယူ၍ မထင်ရှားသော အသွင်ဖြင့် ပြာသာဒ်မှဆင်းသက်၍ ထိုလူကုန်းနှင့်တကွ ပြေး၏၊ နောက်အခါ ထိုအမှုသည် မြို့သူအပေါင်းဦ့ဌင်း ရဟန်းအပေါင်းဦ့ဌင်း ထင်ရှားသည် ဖြစ်၏၊ တရားသဘင်၌ ရဟန်းတို့သည် ငါ့သျှင်တို့ ဤအမည်ရှိသော သူဌေးသမီးသည် ငကုန်းနှင့်တကွ ပြေးသတတ်ဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခု ငါလာတော်မူသော အခါ၌ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ အရှင်ဘုရား ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ထိုသူဌေးသမီးသည် ယခုအခါ၌သာလျှင် ငကုန်းကို တပ်စွန်းသည် မဟုတ်သေး၊ ရှေး၌လည်း တပ်စွန်းဘူးသာလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တခုသောနိဂုံး၌ သူဌေးမျိုး၌ ဖြစ်၍ အရွယ်သို့ရောက်၍ အိမ်ရာထောင်သည်ရှိသော် သားသမီးတို့ဖြင့် ပွားလတ်၍ မိမိသား၏အကျိုးငှါ ဗာရာဏသီသူဌေး၏သမီးကိုတောင်း၍ နေ့ကိုမှတ်၏၊ သူဌေးသမီးသည် မိမိအိမ်၌ နွားမင်းဥသဘအား ကောင်းစွာပြုပြင်ခြင်း မြတ်နိုးတနာပြုခြင်းကို မြင်၍ ဤသူကား အဘယ် အမည်ရှိသနည်းဟု မေး၍ နွားမင်းဥသဘဟု ကြား၍ ခရီးအလယ်ဖြင့် သွားသော တယောက်သော လူကုန်းကို မြင်၍ ဤယောကျ်ားသည် ယောကျ်ားဥသဘ ဖြစ်လတ္တံ့ဟု ကြံ၍ မြတ်သော ဥစ္စာကိုယူ၍ ထိုလူကုန်းနှင့်တကွ ပြေး၏၊ ဘုရားလောင်းသည် သူဌေးသမီးကို ဆောင်အံ့ဟူ၍ မျှားစွာ အခြံအရံဖြင့် ဗာရာဏသီပြည်သို့ သွားသည်ရှိသော် ထိုသူဌေးသမီး ပြေးလာသော ခရီးသို့လျှင် သွား၏၊ ထိုနှစ်ယောက်ကုန်သော သူဌေးသမီး ငကုန်းတို့သည်လည်း တညဉ့်ပတ်လုံး ခရီးကိုသွားကုန်၏၊ ထိုအခါ တညဉ့်ပတ်လုံး မအိပ်ရသော ငကုန်း၏ကိုယ်၌ အရုဏ်တက်သောအခါ လေသည် ထ၏၊သည်းစွာသောဝေဒနာတို့သည်ဖြစ်ကုန်၏၊ ထိုငကုန်းသည် သည်းစွာသော ဝေဒနာသို့ ရောက်သည်ဖြစ်၍ အညှိုပြတ်ပြီးသော ကောက်သော အရိုးရှိသော

www.dhammadownload.com

စောင်းကဲ့သို့ ကွေးလျက်အိပ်၏၊ သူဌေးသမီးသည် ထိုငကုန်း၏ ခြေရင်းခွ် နေ၏၊ ဘုရားလောင်းသည် သူဌေးသမီးကို ငကုန်း၏ ခြေရင်းခွ် နေသည်ကို မြင်၍ သိသည်ရှိသော် ကပ်လေ၍ သူဌေးသမီးနှင့်တကွ စကားပြောလို၍-

၁၆၃ ကေစိန္တီတော ယမတ္ထော၊ ဗာလော အပရိဏာယကော။
နဟိ ခုဇ္ဈေန ဝါမေန၊ ဘောတိ သင်္ဂန္တုမရဟသိ။

ဟူသော ရွှေးဦးစွာသော ဤဂါထာကိုဆို၏။

အမှ၊ ချစ်သမီး။ အယံ၊ ဤသို့သဘောရှိသော။ အတ္ထော၊ အမှုကို။ ကေစိန္တီတော၊ တယောက်ထည်းသောသင်သည်သာလျှင်ကြံအပ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဗာလော၊ မိုက်သော ငကုန်းသည်။ အပရိဏာယကော၊ အကြီးအကဲမဟုတ်။ ဘောတိ၊ ရှင်မ။ ဝါမေန၊ ကွထသော။ ခုဇ္ဈေန၊ ငကုန်းနှင့်။ သင်္ဂန္တုံ၊ ပေါင်းဘော်အံ့သောငှါ။ တုံ၊ သင်သည်။ န အရဟသိ၊မထိုက်။

ထိုအခါ ဘုရားလောင်း၏စကားကို ကြား၍ သူဌေးသမီးသည်-

၁၆၄ ပုရိသူသဘံ မညမာနာ၊ အဟံ ခုဇ္ဈမကာမယိံ။
သောယံ သံကုဋိကော သေတိ၊ ဆိန္နတန္တိ ယထာကုဏာ၁။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

အယျ၊ အရှင်။ အဟံ၊ အကျွန်ုပ်သည်။ ဧကံ၊ တခုသော။ ညဘံ၊ နွားမင်းညဘကို။ ဒီဿာ၊ မြင်၍။ ဂုန္နံ၊ နွားတို့၏။ ဇေဋ္ဌကဿ၊ အကြီးဖြစ်သော နွားမင်း၏။ ပိဋ္ဌိယံ၊ ကျောက်ကုန်းဌ။ ကကုဓံ၊ လဘို့သည်။ ဟောတိ၊ ရှိသည်ဖြစ်၏။ ဣမဿဓိ၊ ဤ ယောကျ်းအားလည်း။ တံ၊ ထိုလဘို့သည်။ အတ္ထိ၊ ရှိ၏။ ဣမိနာ၊ ဤယောကျ်းသည်။ ပုရိသညဘေန၊ ယောကျ်းညဘသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ဣတိ ဧဝံ၊ ဤသို့။ အဟံ၊ အကျွန်ုပ်သည်။ ခုဇ္ဈံ၊ ငကုန်းကို။ ပုရိသူသဘမညမာနာ၊ ယောကျ်းညဘဟု ထင်မှတ်မိ၍။ အကာမယိံ ၊ တပ်စွန်းမိ၏။ သော အယံ၊ ထိုငကုန်းသည်။ ဣဒါနိ၊ ယခု အခါဌ်။ ဆိန္နတန္တိ၊ အညို့ပြတ်ပြီးသော။ ထုဏာ ယကာ၊ စောင်းကဲ့သို့။ သံကုဋိကော၊ ကွေးလျက်။ သေတိ၊ အိပ်၏။

---

၁ ဗိဏာ (သျှာ၊က)

www.dhammadownload.com

ဘုရားလောင်းသည် ထိုသူဌေးသမီး၏ မသိ မလိမ္မာသည်၏ အဖြစ်ကြောင့် အိမ်မှထွက်သည်၏အဖြစ်ကို သိ၍ ထိုသူဌေးသမီးကို ရေချိုးစေ၍ တန်ဆာဆင်အပ်သော ရထားသို့တင်၍ အိမ်သို့လျှင် သွား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ သူဌေးသမီးသည် ထိုအခါ သူဌေးသမီး ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဗာရာဏသီသူဌေး ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အသိအလိမ္မာ၊ လွန်ကင်းကွာ၊ ကိုယ်သာ ဒုက္ခတွေ့)

နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဝိဏာထူဏဇာတ်သည် ပြီး၏။

၈၃-ဝိကဏ္ဏကဇာတ်

အရွက်မဲ့မြှား

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ကာမံ ယဟိံ ကုစ္ဆိသိ တေန ဂစ္ဆ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝိကဏ္ဏကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **တပါးသော ငြိုးငွေ့သောရဟန်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကို ခဲ့ဦးအံ့၊ တရားသဘင်သို့ ဆောင်အပ်သော ထိုရဟန်းကို ရဟန်း သင်သည် ငြိုးငွေ့ခြင်းရှိသတတ်ဟူသည် မှန်သလောဟု မြတ်စွာဘုရားသည် မေးကျော်မူလတ်သည်ရှိသော် အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်၍ အဘယ့်ကြောင့် ငြိုးငွေ့သနည်းဟု မိန့်တော်မူသည်ရှိသော် အရှင်ဘုရား ကာမဂုဏ်ဟူသော အကြောင်းကြောင့် ငြိုးငွေ့ခြင်းရှိ၏ဟု လျှောက်၏၊ ထိုအခါ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း ကာမဂုဏ်တို့မည်သည်ကား အရွက်မရှိသော မြှားတို့နှင့် တူကုန်၏၊ တကြိမ် နှလုံး၌ တည်ရာကို ရကုန်သော်လည်း အရွက်မရှိသော မြှားကဲ့သို့ စူးကုန်၏၊

www.dhammadownload.com

အရွက်မရှိသော မြှားသည် မိကျောင်းကို သေခြင်းသို့သာလျှင် ရောက်စေဘူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဘုရားလောင်းသည် ဗာရာဏသီပြည်၌ တရားသဖြင့် မင်းပြုသည်ရှိသော် တနေ့သ၌ ဥယျာဉ်သို့ ထွက်၍ ရေကန်နားသို့ ရောက်၏၊ ကခြင်း သီခြင်းတို့၌ လိမ္မာကုန်သော သူတို့သည် ကခြင်း သီချင်းတို့ကိုသီကုန်၏၊ ရေကန်၌ ငါး, လိပ်တို့သည် သီချင်းသံ၌ တပ်စွန်းသည်၏ အဖြစ်ကြောင့် စည်းဝေးကုန်၍ မင်းနှင့်သာလျှင်တက္ခ လိုက်ကြကုန်၏၊ မင်းသည် ထွန်တုံးပမာဏရှိသော ငါးအပေါင်းကို မြင်၍ ဤငါးတို့သည် ငါနှင့်တက္ခ အဘယ့်ကြောင့် လိုက်လာကုန်သနည်းဟု အမတ်တို့ကို မေး၏၊ အမတ်တို့သည် အရှင်မင်းကြီး ထိုငါးတို့သည် အရှင်မင်းကြီးကို ခန့်စားကုန်၏ဟု လျှောက်ကုန်၏၊ မင်းကြီးသည် ငါ့ကို ထိုငါးတို့သည် ခန့်စားကုန်သတတ်ဟု နှစ်သက်၍ ထိုငါးတို့အား ထမင်းဝတ်ကို တည်စေ၏၊ နေ့တိုင်း နေ့တိုင်း တအမှဏမျှသော ဆန်ကို ချက်စေ၏၊ ထမင်းကျွေးသော ကာလ၌ အချို့ကုန်သော ငါးတို့သည် လာကုန်၏၊ အချို့ကုန်သော ငါးတို့သည် မလာကုန်၊ ထမင်းသည် ပျက်စီး၏၊ မင်းအား ထိုအကြောင်းကို ကြားကုန်၏၊ မင်းသည် ဤနေ့မှစ၍ ထမင်းကျွေးသော အခါ၌ စည်ကိုတီး၍ စည်သံအမှတ်ဖြင့် ငါးတို့သည် စည်းဝေးကုန်သည်ရှိသော် ထမင်းကို ပေးကြကုန်လော့ဟု ဆို၏၊ ထိုအခါမှစ၍ အမှုရွက်ဆောင်သော သူတို့သည် စည်ကို တီးစေ၍ စည်းဝေးကုန်သော ငါးတို့အား ထမင်းကို ပေး၏၊ ထိုငါးတို့သည်လည်း စည်သံအမှတ်ဖြင့် စည်းဝေးကုန်၍ စားကုန်၏။

ထိုငါးတို့သည် ဤသို့ စည်းဝေးကုန်၍ စားကုန်သည်ရှိသော် တခုသော မိကျောင်းသည် လာလတ်၍ ငါးတို့ကို စားကုန်၏၊ ထမင်းကျွေးခြင်း အမှုဌ ရွက်ဆောင်သောသူသည် မင်းအား ကြား၏၊ ထိုမင်းသည် ထိုစကားကိုကြား၍ မိကျောင်းကို ငါးတို့ကို စားကုန်သော ကာလ၌ အရွက်မတပ်သော မြှားဖြင့် ပစ်၍ ဖမ်းလော့ဟု ဆို၏၊ ထမင်းကျွေးခြင်းအမှုကို ရွက်ဆောင်သောသူသည် ကောင်းပြီဟု သွားလျက် လှေ၌စီး၍ ငါးတို့ကို စားအံ့သောဌာ လာသော မိကျောင်းကို အရွက်မတပ်သော မြှားဖြင့် ပစ်၏၊ မြှားသည် မိကျောင်း၏ ကျောသို့ ဝင်၏၊ ထိုမိကျောင်းသည် ဝေဒနာသို့ ရောက်သည်ဖြစ်၍ ထိုမြှားကို ယူ၍လျှင် ပြေး၏၊ ထမင်းကျွေးခြင်းအမှုကို ရွက်ဆောင်သော သူသည် ထိုမိကျောင်းကို မြှားစူးသည်၏အဖြစ်ကို သိ၍ ထိုမိကျောင်းကိုခေါ်လျက်—

www.dhammadownload.com

၁၆၅ ကာမံ ယဟိံ ဣစ္ဆသိ တေန ဂစ္ဆ၊
ဝိဒ္ဒါသိ မမမ္ပိ ဝိကဏ္ဌကေန။
ဟတောသိ ဘတ္တေန သုဝါဒိတေန၊
လောလော စ မစ္ဆေ အနုပန္ဓမာနော။

ဟူသော ရွေးဦးစွာသော ဤဂါထာကို ဆို၏။

ဟရေ သုသုမာရ၊ ဟယ်....မိကျောင်း။ တုံ့၊ သင်သည်။ ကာမံ၊ စင်စစ်။ ယဟိံ၊ အကြင်အရပ်သို့။ ဣစ္ဆသိ၊ ပြေးသွားလို၏။ တေန၊ ထိုအလိုရှိရာ အရပ်သို့။ ဂစ္ဆ၊ သွားလေ။ အသ်ံ၊ ထိုအရပ်၌။ မမ၊ ငါ၏။ ဝိကဏ္ဌကေန၊ အရွက်မတပ်သော မြွားသည်။ တုံ့၊ သင့်ကို။ ဝိဒ္ဓါ၊ စူးလေသည်။ အသိ၊ ဖြစ်၏။ ဘံ သင်သည်။ လောလော၊ လျှပ်ပေါသည်။ ဟုတ္ဝာ၊ ဖြစ်၍။ မစ္ဆေ၊ ထမင်းစားအံ့သောငှါ လာကုန်သော ငါးတို့ကို အနုပန္ဓမာနော၊ စားအံ့သောငှါ လိုက်၏။ တေန စ၊ ထို့ကြောင့်လျှင်။ သုဝါဒိတေန၊ကောင်းစွာတီးမှုတ်ခြင်းရှိသော။ ဘတ္တေန စ၊ ထမင်းသည်လည်း။ တုံ့၊ သင့်ကို။ ဟတော၊ သတ်အပ်သည်။ အသိ၊ ဖြစ်၏။

ထိုမိကျောင်းသည် မိမိနေရာသို့သွား၍ အသက်ကုန်ခြင်းသို့ ရောက်လေ၏၊ မြတ်စွာဘုရားသည် ဤအကြောင်းကို ပြတော်မူလျက် ဘုရားဖြစ်တော်မူပြီး၍—

၁၆၆ ဧဝံ လောကမိသံ သြပတန္တော၊
ဝိဟညတိ စိတ္တဝသာနုဝတ္တိ။
သော ဟညတိ ဉာတိသခါနမဇ္ဈေ၊
မစ္ဆာနုဂေါ သောရိဝ သုသုမာရော။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ မစ္ဆာနုဂေါ၊ ငါးသို့ အစဉ်လိုက်သော။ သော သုသုမာရော၊ ထိုမိကျောင်းသည်။ ဟညတိ ဣဝ၊ ပျက်စီးခြင်းသို့ရောက်သကဲ့သို့။ ဧဝံ-တထာ၊ ထို့အတူ။ လောကာမိသံ၊ ကာမဂုဏ် ငါးပါးသို့။ သြပတန္တော၊ ကျသော။ စိတ္တဝသာနုဝတ္တိ၊ ကိလေသာ၏ အစွမ်းအားဖြင့် စိတ်၏အလိုသို့ အစဉ်လိုက်သော။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဉာတိသခါနံ၊ အဆွေ အမျိုး အဆွေခင်ပွန်းတို့၏။ မဇ္ဈေ၊ အလယ်၌။ ဝိဟညတိ၊ ပင်ပန်းရ၏။

www.dhammadownload.com

ဇာတ်ဝေငါး ဤသို့ မြတ်စွာဘုရားသည် ဤမမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကိုပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြသည်၏ အဆုံး၌ ငြိုင်္ဂေသောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ဒေဝဒတ်သည် ထိုအခါ မိကျောင်းဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ ငါးတို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ရွက်မဲ့မြွားပမာ၊ ကိလေသာ၊ ရှောင်ခွါချမ်းသာ၌)

သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဝိကဏ္ဍကဇာတ်သည် ပြီး၏။

၈၄ အသိတာဘူဇာတ်

မ,လိုက်မင်း

ပဓူပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သမ္မာညူ မြတ်စွာဘုရားသည် "တွမေဝ ကဒါနိ မကရ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ အသိတာဘူဇာတ်ကို ဧတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **မထင်ရှားသော သတို့ယို့** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ သာဝတ္ထိပြည်၌ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့၏ တခုသော အလုပ်အကျွေးအိမ်၌ တယောက်သော သတို့သိုးသည် အလှန် အဆင်းလှ၏၊ မြတ်သောတင့်တယ်ခြင်းသို့ ရောက်၏၊ ထိုသတို့သိုးသည် အရှယ်သို့ရောက်သည် ရှိသော် တူသောအမျိုးရှိသော အိမ်သို့ ရောက်၏၊ လင်သည် သတို့သိုးကို တစိုး တစိမျှ မမြင်နိုးသည်ဖြစ်၍ တပါးသော မိန်းမ၌ စိတ်လိုလိုက်သည်၏ အစွမ်းအားဖြင့် ကျင့်၏၊ ထိုသတို့သိုးသည် ထိုယောကျ်ား၏ မိမိ၌ ထိုသို့ မရိုမသေ ကျင့်ခြင်းကို မရေမတွက်မူ၍ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့ကို ဘိတ်၍ အလှူကိုလှူ၍ တရားကို နာသည်ရှိသော် သောတာပတ္တိဖိုလ်၌ တည်၏၊ ထိုအမျိုးသိုးသည် ထိုအခါမှစ၍ မက်ဖိုလ်ချမ်းသာဖြင့်လွန်စေလျက် လင်သည်လည်း ငါ့ကို အလိုမရှိ ငါ့အား အိမ်ရာထောင်ခြင်းဖြင့် အလိုမရှိ ငါသည် ရဟန်းပြုအံ့ဟု

www.dhammadownload.com

ကြုံ၍ မိဘတို့အား ကြား၍ ရဟန်းပြု၍ ရဟန္တာ အဖြစ်သို့ ရောက်၏၊ ထိုအမျိုးသမီး၏ ထို အမူ အရာသည် ရဟန်းတို့၌ ထင်ရှားသည် ဖြစ်၏၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ ဤအမည်ရှိသော အမျိုးသမီးသည် အကျိုးစီးပွားကို ရှာမှီးတတ်၏၊ လင်၏အလိုမရှိသည်အဖြစ်ကို သိ၍ အဂ္ဂသာဝကတို့၏ တရားကိုနာရ၍ သောတာပတ္တိဖိုလ်၌, တည်၍ တဖန် မိဘတို့ကိုပန်၍ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်၏၊ ဤသတို့သမီးသည် အကျိုးစီးပွားကို ရှာမှီးတတ်၏ဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌ သာလျှင် ထိုအမျိုးသမီးသည် အကျိုးစီးပွားကို ရှာမှီးတတ်သည် မဟုတ်သေး၊ ရှေး၌လည်း အကျိုးစီးပွားကို ရှာမှီးသည်သလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ရသေ့ ရဟန်းအဖြစ်သို့ ကပ်၍ အဘိညာဉ်တို့ကိုဌင်း သမာပတ်တို့ကိုဌင်း ဖြစ်စေ၍ ဟိမဝန္တာအရပ်၌ နေ၏၊ ထိုအခါ ဗာရာဏသီမင်းသည် မိမိ၏သားဖြစ်သော ဗြဟ္မဒတ်မင်းသား၏ အခြံအရံနှင့် ပြည့်စုံခြင်းကိုမြင်၍ ဖြစ်သော ရုံရှာခြင်းသို့ ရောက်၍ မိမိ၏သားကို တိုင်းနိုင်ငံမှ နှင်လိုက်၏၊ ထိုဗြဟ္မဒတ်မင်းသားသည် အသိတာဘူ အမည်ရှိသော မိမိ၏မိဖုယားကိုယူ၍ ဟိမဝန္တာသို့ ဝင်၍ ငါး, အမဲ, သစ်သီးငယ်, သစ်သီးကြီးတို့ကို စားလျက် သစ်ရွက်မိုးသော ဇရပ်၌ နေ၏၊ ထိုဗြဟ္မဒတ်မင်းသားသည် တခုသော ကိန္နရီမကို မြင်၍ တပ်စွန်းသောစိတ် ရှိသည်ဖြစ်၍ ဤကိန္နရီမကို မယားပြုအံ့ဟု အသိတာဘူမိဖုယားကို မရောင့်မရဲ၍ ထိုကိန္နရီမ၏ ခြေရာ အစဉ်သို့ လိုက်၏၊ ထိုအသိတာဘူ မိဖုယားသည် ကိန္နရီမသို့ အစဉ်လိုက်သော ထိုဗြဟ္မဒတ်မင်းသားကို မြင်လေ၍ ထိုဗြဟ္မဒတ်မင်းသားသည် ငါ့ကို မရေတွက်မူ၍ ကိန္နရီမသို့ အစဉ်လိုက်၏၊ ဤမင်းသားဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်းဟု တပ်စွန်းခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍ ဘုရားလောင်းသို့ ကပ်လေ၍ ရှိခိုး၍ မိမိအား ကသိုဏ်းပရိကံကို ပေးစေ၍ ကသိုဏ်းကို ကျင့်လျက် အဘိညာဉ်တို့ကိုဌင်း သမာပတ်တို့ကိုဌင်း ဖြစ်စေ၍ ဘုရားလောင်းကို ရှိခိုး၍ လာလတ်၍ မိမိ၏သစ်ရွက်မိုးသော ဇရပ်တံခါး၌ တည်၏၊ ဗြဟ္မဒတ်မင်းသား

www.dhammadownload.com

သည်လည်း ကိန္နရီမသို့ လိုက်လျက် လှည့်လည်၍ ထိုကိန္နရီမ၏ အစဉ်သွားသော ခရီးကိုလည်း မမြင်၍ အာသာပြတ်သည်ဖြစ်၍ သစ်ရွက်ဖြင့် မိုးသော ဇရပ်သို့ သာလျှင် ရွေးရွှေလာလတ်၏၊ အသိတာဘူမိဖုယားသည် ထိုဖြဟ္မာဒတ်မင်းသားလာသည်ကိုမြင်၍ ကောင်းကင်သို့ ပျံတက်၍ ပတ္တမြားညို အဆင်းနှင့်တူသော အဆင်းရှိသော ကောင်းကင်ပြင်၌ ရပ်လျက် အရှင်သား အရှင်သားကိုမှီ၍ ငါသည် ဤစျာန်ချမ်းသာကို ရပေ၏ဟု ဆိုလို၍—

၁၆၇ တုမေဝ ဒါနိ မကရ၊ ယံ ကာမော ဗျဂမာ တယိ။
သောယံ အပဉ္ဇိသန္ဓိကော၊ ခရာ ဆိန္ဒံဝ ရေနုကံ[1]။

အယျပုတ္တ၊ အရှင်သား။ ဒါနိ၊ ယခုအခါ၌။ တုမေဝ၊ သင်သည်ပင်လျှင်။ မမံ၊ ငါ၏။ ဣဒံ၊ ဤစျာန်ချမ်းသာကို။ အကရ၊ ပြုပေ၏။ ဒါနိ၊ ယခုအခါ၌။ တယိ၊ သင်၌။ မမ၊ ငါ၏။ အယံ ကာမော၊ တပ်စွန်းခြင်းကာမသည်။ ဗျဂမာ၊ ကင်းလေပြီ။ ခရာ၊ လှဖြင့်။ ဆိန္နံ၊ ဖြတ်အပ်သော။ ရေနုကံဣဝ၊ ဆင်စွယ်ကဲ့သို့။ သော အယံ၊ ထိုသင်၌ တပ်စွန်းခြင်းကာမသည်။ အပဉ္ဇိသန္ဓိကော၊ တဖန်စပ်ခြင်းသဘော မရှိပြီ။

ဤသို့ ဆို၍ ထိုဖြဟ္မဒတ်မင်းသား၏ မြင်စဉ်ပင်လျှင် ပျံ၍ တပါးသော အရပ်သို့ သွား၏၊ ထိုဖြဟ္မဒတ်မင်းသားသည် ထိုအသိတာဘူမင်းသို့မူ သွားသော ကာလ၌ ငိုကြွေးလျက်-

၁၆၈ အတြိစ္ဆံ[2] အတိလောဘေန၊ အတိလောဘံ မဒေန စ။
ဧဝံ ဟာယတိ အတ္ထမ္ပာ၊ အဟဉ္စ အသိတာဘုယာ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

အဟံ၊ ငါသည်။ အသိတာဘုယာ၊ အသိတာဘူမင်းသို့မှ။ ဟာယတိ ယထာ၊ ယုတ်သကဲ့သို့။ဧဝံ·တထာ၊ထို့အတူ။ အတြိဂစ္ဆံ·အတြိဂစ္ဆာဝသေန၊ထိုထိုအာရုံ၌ အလိုရှိတတ်သော အဆုံးမရှိသော တဏှာ၏အစွမ်းအားဖြင့်။ အတြိစ္ဆမာနော၊ ထိုထိုအာရုံ၌ လိုချင်မက်မောတတ်သော ပုဂ္ဂိုလ်သည်။ အတိလောဘေန စ၊ အလွန် လောဘကြီးခြင်းကြောင့်ဌင်း။ အတိလောဘ မဒေန စ၊ ပုရိသမာန်ကိုလည်း ဖြစ်စေတတ်သော အလွန်လောဘဖြင့်ယစ်ခြင်းကြောင့်ဌင်း။ အတ္ထမ္ပာ၊ အကျိုးစီးပွားမှ။ ဟာယတိ၊ ယုတ်၏။

---

၁ ရေရုကံ (သီ၊ ဋ္ဌ)　　၂ အတြိဆ္ဆာ (သီ၊ ဋ္ဌ)

www.dhammadownload.com

ထိုဗြဟ္မဒတ်မင်းသည် ဤဂါထာဖြင့် ဝိုကြွေး၏၊ တယောက်အထီးတည်း သာလျှင် တောခဲ့နေ၍ အဘလွန်သဖြင့် သွား၍ မင်းအဖြစ်ကို ယူ၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ၌ ဤနှစ်ယောက်ကုန်သော သူတို့သည် ထိုအခါ မင်းသားငယ်း မင်းသို့ငင်း ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသေ့ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကိုယ်၏အကျိုး၊ ကိုယ်သည်ပိုး၊ အဘိုးတန်လှသည်)

လေးခုတို့၏ပြည့်ကြောင်းဖြစ်သော အသိတာဘူဇာတ်သည် ပြီး၏။

၈၅- ဝစ္ဆနခဇာတ်

ကာမဘိတ်သူငှေး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "သုခါဃရာ ဝစ္ဆနခ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝစ္ဆနခဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ရောဇမည်သော မလ္လာမင်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုရောဇအမည်ရှိသော မလ္လာမင်းသည် အရှင်အာနန္ဒာ၏ လူ အဆွေခင်ပွန်း ဖြစ်သတတ်၊ ထိုရောဇမည်သော မလ္လာမင်းသည် တနေ့သ၌ ကြွလာစိမ့်သောဌါ အရှင်အာနန္ဒာမထေရ်အား သတင်းစကားကို မှာကြားလိုက်၏၊ အရှင်အာနန္ဒာ မထေရ်သည် မြတ်စွာဘုရားကိုပန်၍သွား၏၊ ထိုရောဇမည်သော မလ္လာမင်းသည် အရှင်အာနန္ဒာမထေရ်ကို အထူးထူးသော မြက်သော အရသာရှိသော ဘောဇဉ် ကိုဘုဉ်းပေးစေ၍ တင့်အပ်သောနေရာ၌ နေ့လျက် မထေရ်နှင့်တကွ ပျူငှါသော လောကဝတ်ကိုပြု၍ အရှင်အာနန္ဒာမထေရ်ကို လူတို့၏စည်းစိမ်ဖြင့်ငင်း ငါးပါး ကုန်သောကာမဂုဏ်တို့ဖြင့်ငင်းဘိတ်၍ အရှင်အာနန္ဒာ အကျွန်ုပ်၌ မျှားစွာသော အသက်ရှိသော ရတနာသည်ငင်း အသက်မရှိသော ရတနာသည်ငင်း ရှိ၏၊ ဤရတနာတို့ကိုအလယ်၌ခဲ့၍ အရှင်အား ပေးအံ့၊ လာလှည့်လော့ နှစ်ယောက်

www.dhammadownload.com

ကုန်သော ငါတို့သည် အိမ်၌ နေကြကုန်အံ့ဟု ဆို၏၊ အရှင်အာနန္ဒာမထေရ်သည် ထိုရောဇမည်သောမလ္လာမင်းအား ကာမဂုဏ်တို့၌ အပြစ်ကိုဆို၍ နေရာမှထ၍ ကျောင်းသို့သွား၍ အာနန္ဒာ သင်သည် ရောဇမည်သော မလ္လာမင်းကို မြင်ခဲ့၏လောဟု မြတ်စွာဘုရား မေးသည်ရှိသော် အရှင်ဘုရား မြင်ခဲ့ပါ၏ဟု လျှောက်၏၊ ထိုရောဇမည်သော မလ္လာမင်းကို အသို့ဆိုခဲ့သနည်းဟု မိန့်တော်မူသည်ရှိသော် အရှင်ဘုရား ထိုရောဇမည်သော မလ္လာမင်းသည် အကျွန်ုပ်အား ဃရာဝါသဖြင့် ဘိတ်၏၊ ထိုအခါ ထိုရောဇမည်သော မလ္လာမင်းအား အိမ်ရာထောင်ခြင်းမှငြင်း ကာမဂုဏ်တို့၌ငြင်း အပြစ်ကို ဟောခဲ့၏ဟု လျှောက်၏၊ မြတ်စွာဘုရားသည် အာနန္ဒာ ရောဇမည်သော မလ္လာမင်းသည် ယခုအခါ၌သာလျှင် ရဟန်းတို့ကို ဃရာဝါသဖြင့် ဘိတ်သည်မဟုတ်သေး၊ ရှေး၌လည်း ဘိတ်ဘူးသဲ့လျှင်ကတည်းဟု မိန့်တော်မူ၍ အာနန္ဒာ မထေရ်သည် တောင်းပန် အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ပဋ္ဌာန် အာနန္ဒာ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သည်ရှိသော် ထိုအခါ ဘုရားလောင်းသည် တခုသော နိဂုံး၌ ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ရသေ့ရဟန်း အဖြစ်သို့ ကပ်၍ ဟိမဝန္တာအရပ်၌ ကြာမြင့်စွာ နေ၏၊ ချဉ်ဆားမြိုဝဲအံ့သောငှာ ဗာရာဏသီပြည်သို့ ရောက်၍ မင်း၏ဥယျာဉ်၌ နေ၍ နက်ဖြန်နေ့၌ ဗာရာဏသီပြည်သို့ဝင်၏၊ ထိုအခါ ဗာရာဏသီသူဌေးသည် ထိုဘုရားလောင်း၏ ဣရိယာပုထ်၌ ကြည်ညို၍ အိမ်သို့ပင့်ပြီးလျှင် ဆွမ်းကျွေး၍ ဥယျာဉ်၌ နေစိမ့်သောငှါ ဝန်ခံခြင်းကို ယူစေ၍ ထိုဘုရားလောင်းကို လုပ်ကျွေး၍ ဥယျာဉ်၌ နေစေ၏၊ ထိုရသေ့, သူဌေးတို့သည် အချင်းချင်းဖြစ်သော ချစ်ခြင်းရှိကုန်၏။

ထိုအခါ တနေ့သ၌ ဗာရာဏသီ သူဌေးသည် ဘုရားလောင်း၌ ချစ်ခြင်း အကျွမ်းဝင်ခြင်း၏အစွမ်းအားဖြင့် ရဟန်းအဖြစ်မည်သည်ကား ဆင်းရဲငြိုငြင်၏၊ ငါ၏ အဆွေခင်ပွန်းဖြစ်သော ဝစ္ဆနခပရိဗိုဇ်ကို လူထွက်စေ၍ အလုံးစုံသော စည်းစိမ်ကို အလယ်၌ခဲ့၍ ထိုဝစ္ဆနခပရိဗိုဇ်အား ပေး၍ နှစ်ယောက်ကုန်သော ငါတို့သည်လည်း အညီအညွတ် နေခြင်းကို နေကြကုန်အံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုဗာရာဏသီ သူဌေးသည် တနေ့သ၌ ဆွမ်းဘုဉ်းပေးခြင်း ကိစ္စ၏ အဆုံး၌ ထိုဝစ္ဆနခ ပရိဗိုဇ်နှင့်တကွ သာယာစွာသော ပျူငှါလောကဝတ် စကားကို ပြောဟောပြီး၍ အရှင်ဝစ္ဆနခ ရဟန်းအဖြစ် မည်သည်ကား ဆင်းရဲငြိုငြင်၏၊

www.dhammadownload.com

အိမ်ဦးနေခြင်းသည် ချမ်းသာ၏၊ အရှင်ဝစ္ဆနခ အရှင်သည် လာလှည့်ဖန်လာ၊ နှစ်ဦးကုန်သော် ငါတို့သည် အညီအညွတ် ကာမဂုဏ်တို့ကို သုံးဆောင် ခံစားကုန်လျက် နေကြကုန်အံ့ ဤသို့ဆိုး၍ -

၁၆၉ သုခါ ဃရာ ဝစ္ဆနခ၊ သဟိရညာ သဘောဇနာ။
ယတ္ထ ဘုတ္ဝာ ပိဝိတ္ဝာ စ၊ သယေယျာထ အနုဿုကော။
ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဝစ္ဆနခ၊အရှင်ဝစ္ဆနခ။ယတ္ထ၊အကြင်ရတနာခုနစ်ပါးစားဘွယ်ဘောဇဉ်တို့နှင့် ပြည့်စုံသောအိမ်၌။ အနုဿုကော၊ လုံ့လမပြုဘဲ။ ဘုတ္ဝာ စ၊ စား၍သော်၎င်း။ ပိဝိတ္ဝာ စ၊ သောက်၍ သော်၎င်း။ သယေယျာထ၊ နေလာလှည့်လော့။ သဟိရညာ၊ ရှေအစရှိသော ရတနာခုနစ်ပါးနှင့် ပြည့်စုံထသော။ သဘောဇနာ၊ စားဘွယ်ဘောဇဉ်နှင့် ပြည့်စုံထသော။ ဃရာ၊ အိမ်၌နေခြင်းသည်သာ။ သုခါ၊ ချမ်းသာ၏။

ထိုအခါ ဘုရားလောင်းသည် ထိုဗာရာဏသီ သူဌေး၏ စကားကို ကြား၍ သူဌေးကြီး သင်သည် မသိသည်၏အဖြစ်ကြောင့် ကာမဂုဏ်၌ မက်မောသည် ဖြစ်၍ အိမ်၌ နေခြင်း၏ ကျေးဇူးကို ဆို၏၊ သင်အား အိမ်၌ နေခြင်း၏ ကျေးဇူးမဲ့ကို ငါဆိုအံ့၊ ယခုအခါ သင်နာလော့ဟု ဤသို့ဆို၍--

၁၇၀ ဃရာ နာနီဟမာနဿ၊ ဃရာ နာဘဏတော မုသာ။
ဃရာ နာဒိန္နဒဏ္ဍဿ၊ ပရေသံ အနိကုဗ္ဗတော[1]။
ဧဝံ ဆိဒ္ဒံ ဒုရဘိသမ္ဘဝံ[1]၊ ကော ဃရံ ပဋိပဇ္ဇတိ။
ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

မဟာသေဋ္ဌိ၊ သူဌေးကြီး။ အနီဟမာနဿ၊ အစဉ်မပြတ် လယ်ယာထွန်ခြင်း နွားကျောင်းခြင်း အစရှိသောအမှုဖြင့် လုံ့လမပြုသော သူ၏။ ဃရာ၊ အိမ်မည်သည်ကား။ နတ္ထိဒုတိ၊ မတည်နိုင်။ မုသာ အဘဏတော၊ လယ်ယာ, ဥစ္စာ, ရွှေငွေ အစရှိသည်တို့၏ အကျိုးငှါ မုသားမဆိုသော သူ၏လည်း။ ဃရာ၊

---

၁ ဒုရဘိဘဝံ (သီ၊ ဇ)

www.dhammadownload.com

အိမ်မည်သည်ကား။ နတို့ဗြဟ္မာတို့၊ မတည်နိုင်။ နာဒိန္နဒဏ္ဍာသ၊ ဒဏ် ပေးခြင်းကို မယူထသော။ ပရဲသံ၊ သူတပါးတို့အား။ အနိုကုဗ္ဗတော၊ နှိပ်စက်ခြင်းကို မပြုသော သူ၏လည်း။ ဃရာ၊ အိမ်မည်သည်ကား။ နတို့ဗြဟ္မာတို့၊ မတည်နိုင်။ ဧဝံ၊ ဤသို့။ ဆိဒ္ဓံ၊ အပေါက်ရှိထသော။ ဒုရဘိသမ္ဘဝံ၊ ဖြစ်နိုင်ခဲသော သဘော ရှိထသော။ ဃရံ၊ အိမ်ကို။ ကော၊ အဘယ်သူသည်။ ပဋိပဇ္ဇတိ၊ အုပ်စိုးရှေ နေချင်ဘိအံ့နည်း။

ဤသို့ ဘုရားလောင်းသည် အိမ်၌ နေခြင်း၏အပြစ်ကို ဆို၍ ဥယျာဉ်သို့ သွား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ရောဇမည်သော မလ္လာမင်းသည် ထိုအခါ ဗာရာဏသီသူဌေးဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဝစ္ဆနခ ပရဗိုဇ်ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(လုံ့လမုသား၊ ဒဏ်မထား၊ အိမ်ကား မတည်နိုင်)

ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော ဝစ္ဆနခဇာတ်သည် ပြီး၏။

၈၆- မကဇာတ်

ဗျိုင်းသီလကြောင်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သမ္ဗညူ မြတ်စွာဘုရားသည် "ဘဒ္ဒကော ဝတာယံ ပက္ခီ" အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဗကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တယောက်သော **အုံဘွယ်သရဲကို ဖြစ်စေတတ်သော ရဟန်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကို ခွါဦးအုံ၊ မြတ်စွာဘုရားသည် ဆောင်ခဲ့သော ရဟန်းကို မြင်တော်မူ၍ ရဟန်းတို့ ဤရဟန်းသည် ယခုအခါ၌သာလျှင် အုံဘွယ်သရဲကို ဖြစ်စေတတ်သည်မဟုတ်သေး၊ ရှေး၌လည်း

www.dhammadownload.com

ဤရဟန်းသည် အံ့ဘွယ်သရဲကို ဖြစ်စေဘူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်၌ တခုသော အိုင်ငယ် ငါးဖြစ်၍ များစွာသော အခြံအရံရှိလျက် နေ၏၊ ထိုအခါ တခုသော ဗျိုင်းသည် ငါးတို့ကိုစားအံ့ဟု အိုင်၏အနီးဖြစ်သောအရပ်၌ ဦးခေါင်းကို ချ၍ အတောင်ကိုဖြန့်၍ အလွန်သိမ်မွေ့သကဲ့သို့ ငါးတို့ကို ကြည့်လျက် ထိုငါးတို့၏ မေ့လျော့ခြင်းကို ငံ့လျက်ရပ်၏၊ ထိုခဏ၌ ဘုရားလောင်းသည် ငါးအပေါင်း ခြံရံလျက် အစာကို ယူလတ်သော် ထိုအရပ်သို့ ရောက်၏၊ ငါးအပေါင်းသည် ထိုဗျိုင်းကို မြင်၍—

၁၇၁ ဘဒ္ဒကော ဝတာယံ ပက္ခီ၊ ဒိဇော ကုမုဒသန္နိဘော။
ဝုပသန္တေဟိ၊ မန္ဒမန္ဒေဝ စျာယတိ။
ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဘော၊ အချင်းတို့။ ကုမုဒသန္နိဘော၊ ကြာဖြူအဆင်းနှင့် တူထသော။ ပက္ခီ၊ အတောင်ရှိထသော။ အယံ ဒိဇော၊ ဤငှက်သည်။ ဝုပသန္တေဟိ၊ ငြိမ်းချမ်းကုန်သော။ ပက္ခေဟိ၊ အတောင်တို့ဖြင့်။ ဘဒ္ဒကော ဝတ၊ ကောင်းလေစွ။ မန္ဒမန္ဒေဝ၊ ညံ့ညံ့ပျော်းပျော်းကဲ့သို့။ စျာယတိ၊ မှိုင်လျက်နေ၏။

ထိုအခါ ထိုဗျိုင်းကို ဘုရားလောင်းသည် ကြည့်၍—

၁၇၂ နာဿ သီလံ ဝိဇာနာထ၊ အနညာယ ပသံသထ။
အမေ့ ဒိဇော နု ပါလေတိ၊ တေန ပက္ခီ နု ဖန္ဒတိ။
ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ဘောန္တော၊ အချင်းတို့။ တုမ္ဟေ၊ သင်တို့သည်။ အဿ၊ ထိုဗျိုင်း၏။ သီလံ၊ သီလကို။ နု ဝိဇာနာထ၊ မသိကြကုန်။ အနညာယ၊ မသိကုန်ဘဲလျက်။ ပသံသထ၊ ချီးမွမ်းကြကုန်၏။ အမေ့၊ ငါတို့ကို။ ဒိဇော၊ ဗျိုင်းငှက်သည်။ နု ပါလေတိ၊ မစောင့်။ တေန၊ ထိုမစောင့်သောကြောင့်။ ပက္ခီ၊ ဗျိုင်းသည်။ နု ဖန္ဒတိ၊ မတုန်မလှုပ်နေ၏။

www.dhammadownload.com

ဤသို့ဆိုသည်ရှိသော် ငါးအပေါင်းသည် ရေကိုချောက်ချားစေ၍ ပြေး၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော် မူ၍ ယခုအခါ အံ့ဘွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းသည် ထိုအခါ ဗျိုင်း ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ငါးမင်း ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အကျင့်ရှိယောင်၊ သီလကြောင်၊ ဗျိုင်းကောင် ပုံပမာ)
ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဗကဇာတ်သည် ပြီး၏။

၈၇- သာကေတဇာတ်

မြင်လျှင်မြင်ခြင်း ချစ်ခင်ပြင်း

ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ကော နု ခေါ ဘဂဝါ ဟောတု" အစ ရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသာကေတဇာတ်ကို ဧတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **သာကေတအမည်ရှိသော ပုဏ္ဏား**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဤ သာကေတဇာတ်၌ အတိတ်ပစ္စုပ္ပန် ဖြစ်သော ဝတ္ထုကား အောက် **ကနိပါတ်*** ၌ ဆိုအပ်ပြီးသလျှင် ကတည်း၊ မြတ်စွာဘုရားသည် ကျောင်းဦးသို့ ကြွတော်မူသော ကာလ၌ ရဟန်းတို့သည် အရှင်ဘုရား ဤချစ်ခြင်းမည်သည်ကား အဘယ်အကြောင်းကြောင့် တည် သနည်းဟု မေးလိုကုန်သည်ဖြစ်၍—

၁၇၃ ကော နု ခေါ ဘဂဝါ ဟောတု၊ ကေစ္ဆေ ဣဓ ပဂ္ဂလေ။
အတီဝ ဟဒယံ နိဗ္ဗာတိ၊ စိတ္တဉ္စာပိ ပသီဒတိ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဘဂဝါဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဣဓ လောကေ၊ ဤလောက၌။ ကေစ္ဆေ၊ အချို့သော။ ပဂ္ဂလေ၊ပုဂ္ဂိုလ်၌။ဒိဋ္ဌမတ္တေယေဝ၊ မြင်ကာမျှသာလျှင်။

---

* ကနိပါတ် သာကေတဇာတ်မှာ ပါသည်။

www.dhammadownload.com

ဟဒယံ၊ နှလုံးသည်။ အတီဝ၊ အလွန်လျှင်။ နိဗ္ဗာတိ၊ ငြိမ်းချမ်း၏။ စိတ္တဥ္စာပိ၊ စိတ်သည်လည်း။ ပသီဒတိ၊ ကြည်ညို၏။ ဟေတု၊ အကြောင်းကား။ ကောနုဓေါ၊ အဘယ်နည်း။

ထိုအခါ ထိုရဟန်းအား မြတ်စွာဘုရားသည် ချစ်ခြင်း၏ အကြောင်းကို ပြတော်မူလို၍ -

၁၇၄ ပုဗ္ဗေဝ သံနိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို မိန့်တော်မူ၏။
(ဤဂါထာ၌ ဝါ နှစ်လုံးကား ရဿ ရောက်သည်။)

ဘိက္ခဝေ၊ ရဟန်းတို့။ ဥပ္ပလံ ဝါ၊ ကြာသည်ၜင်း။ သေသံ၊ ကြာမှကြွင်းသော။ ဇလဇပုပ္ဖံ ဝါ၊ ရေ၌ဖြစ်သော ပန်းသည်ၜင်း။ ဥဒကေ၊ ရေ၌။ ဇာယမာနံ၊ ဖြစ်လတ်သည်ရှိသော်။ ဥဒကဋ္ဌ၊ ရေကိုၜင်း။ ပလ္လလဋ္ဌ၊ ညွန်ကိုၜင်း။ ဤမာနိ ဒ္ဒေ ကာရဏာနိ၊ ဤနှစ်ခုသော အကြောင်းတို့ကို။ နိဿာယ၊ မှီ၍။ ဇာယတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ တံ ပေမံ၊ ထိုချစ်ခြင်းသည်။ ဇာယမာနံ၊ ဖြစ်လတ်သည်ရှိသော်။ ပုဗ္ဗေ၊ ရှေးဘဝ၌။ သန္နိဝါသေနဝါ၊ အကျူတကွ နေဘူးခြင်းကြောင့်ၜင်း။ ပစ္စုပ္ပန္နဟိတေန ဝါ၊ ပစ္စုပ္ပန်ဘဝ၌ အစီးအပွားကို ဆောင်ခြင်းကြောင့်ၜင်း။ဤမေဟိ ဒ္ဒိဟိကာရဏေဟိ၊ ဤနှစ်ပါးသော အကြောင်းတို့ကြောင့်။ ဇာယတေ၊ ဖြစ်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ဤနှစ်ယောက်ကုန်သော သူတို့သည် ထိုအခါ ပုဏ္ဏားသည်ၜင်း ပုဏ္ဏေးမသည်ၜင်း ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ မဘောက်မပြန် ကိုယ်တော်တိုင် သာလျှင် ခပ်သိမ်းသော တရားကိုသိပြီးသော ငါဘုရားသည်သာလျှင် ထိုအခါသား ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အတူနေဘူး၊ ကျေးဇူးဆောင်လင့်၊ မေတ္တာသင့်၊ ရေနှင့်ကြာပမာ)
ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သာကေတဇာတ်သည် ပြီး၏။

www.dhammadownload.com

၈၈- ဇကပဒဇာတ်

စီးပွားရေး ပြဿနာ

ပစ္စုပ္ပန်ဝတ္ထု၊ နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဣဿ ဇကပဒံ တာတ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ဇကပဒဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **တယောက်သော** သူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ သာဝတ္ထိပြည်၌ နေသော တယောက်သော သူကြွယ်သည် ရှိသတတ်၊ ထိုအခါ ထိုသူကြွယ်အား တနေ့သ၌ ရင်ခွင်၌နေသော သားသည် အကျိုးအကြောင်းကိုမှီသော ပြဿနာကို မေး၏၊ ဤပြဿနာသည်ကား ဘုရား အထူတည်း၊ ထိုပြဿနာကို တပါးသော သူသည် ဖြေအံ့သောငှါ မစွမ်းနိုင်လတ္တံ့ဟု ထိုသူကြွယ်သည် သားကို ယူ၍ ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ရှိခိုး၍ အရှင်ဘုရား ဤသူငယ်သည် အကျွန်ုပ် ရင်ခွင်၌ နေလျက် အကျိုးစီးပွား ဖြစ်ခြင်းအကြောင်းကိုမှီသော ပြဿနာကို မေး၏၊ အကျွန်ုပ်သည် ထိုပြဿနာကို မသိသည်ဖြစ်၍ အရှင်ဘုရားအထံသို့ လာ၏၊ အရှင်ဘုရား ဤပြဿနာကိုဖြေတော်မူလေ့ဟု လျှောက်၏၊ မြတ်စွာဘုရားသည် ဒါယကာ ဤသူငယ်သည် ယခုအခါ၌သာလျှင် အကျိုးစီးပွားကို ရှာသည် မဟုတ်သေး၊ ရှေး၌လည်း အကျိုးစီးပွားကို ရှာသည်သာလျှင်ဖြစ်၍ ပညာရှိတို့ကို မေးဘူး၏၊ ရှေးပညာရှိတို့သည်လည်း ထိုသူငယ်အား ဖြေဘူးကုန်၏၊ ထိုသို့ မေးဘူး ဖြေဘူးသော်လည်း ဘဝဖုံးလွှမ်းသည်၏ အဖြစ်ကြောင့် မမှတ်မိဟု မိန့်တော်မူ၍ ထို ဒါယကာသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သူဋ္ဌေးမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် အဘလွန်သဖြင့် သူဋ္ဌေးအရာကိုရ၏၊ ထိုအခါ ထိုသူဋ္ဌေးအား ငယ်သော ပျိုနုသော သားသည် ရင်ခွင်၌နေ၍ ဘခင် ငါ့အား တခုသော ပုဉ်ရှိသော အကျိုးကိုမှီသော အကြောင်းကိုဆိုပါလော့ဟု မေးလိုသည် ဖြစ်၍-

၁၇၅ ဣဿ ဇကပဒံ တာတ၊ အနေကတ္ထပဒနိဿိတံ။
ကိဉ္စိ သင်္ဂါဟိကံ ဗြူဟိ၊ ယေနတ္ထော သာဓယေမသေ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

www.dhammadownload.com

တာတ၊ ဘခင်။ ဣဃံ၊ တိုက်တွန်း၏။ ယေန၊ အကြင် များစ္ဒာသော အကျိုး ကိုမြဲသော တခုသောပုဒ်ဖြင့်။ အတ္ထော၊ အကျိုးတို့ကို။ မယံ၊ အကျွန်ုပ်တို့သည်။ သာဓယေမသေ၊ ပြီးစေကုန်အံ့။ အနေကတ္ထပဒနိဿိတံ၊ များစ္ဒာသော အကျိုး အကြောင်းကို ပြတတ်သောပုဒ်ကို မြိထသော။ ကိဿ သင်္ဂါဟိကံ၊ အလုံးစုံ အနည်းအများဖြစ်သော အကျိုးကို သင်္ဂဟိထသော။ ကေပဒံ၊ တခုသော ပုဒ်ကို။ ဗြူဟိ၊ ဟောတော်မူပါလော့။

ထိုအခါ ထိုသူငယ်၏ အဘသည် ဖြေလိုသည်ဖြစ်၍-

၁၇၆ အက္ခေယျကပဒံ တာတ၊ အနေကတ္ထပဒနိဿိတံ။
တဉ္စ သိလေန သညူတ္တံ၊ ခန္တိယာ ဥပပါဒိတံ။
အလံ မိတ္တေ သုခါပေတုံ၊ အမိတ္တာနံ ဒုခါယ စ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဂျိဂါထာကို ဆို၏။

တာတ၊ ချစ်သား။ ဒက္ခေယျကပဒံ၊ လာဘ်ကို ဖြစ်စေခြင်း၌ လိမ္မာသော သူ၏အဖြစ်ဟု ဆိုအပ်သော ဉာဏ်နှင့်ယှဉ်သော တခုသော ပုဒ်ရှိထသော။ အနေကတ္ထပဒနိဿိတံ၊ များစ္ဒာသော အကျိုးအကြောင်းကို ပြတတ်သော ပုဒ်ကို မြိထသော။ တံ၊ ထိုဝိရိယသည်။ သိလေန၊ သိလနှင့်၊ သညူတ္တံ၊ ယှဉ်လတ်သော်။ ခန္တိယာ၊ သည်းခံခြင်းနှင့်။ ဥပပါဒိတံ၊ ပြည့်စုံလတ်သည် ရှိသော်။ မိတ္တေ၊ အဆွေ ခင်ပွန်းတို့ကို။ သုခါပေတုံ စ၊ ချမ်းသာ စိမ့်သောငှါငုံး။ အမိတ္တာနံ၊ ရန်သူတို့ကို။ ဒုခါယ စ၊ ဆင်းရဲစိမ့်သောငှါငုံး။ အလံ၊ ဇွမ်းနိုင်၏။

ဤသို့ ဘုရားလောင်းသည် သားအား ပြဿနာကို ဖြေ၏၊ ထိုသူငယ် သည်လည်း အဘဖြေအပ်သော နည်းဖြင့်သာလျှင် မိမိအကျိုးစီးပွားကိုပြီးစေ၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော် မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာကို ပြသည်၏အဆုံး၌ အဘသည်ဌင်း သားသည်ဌင်း သောတာပတ္တိဖိုလ်၌ တည်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ဤသားသည် ပင်လျှင် ထိုအခါ သား ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဗာရာဏသီ သူဌေး ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ဝိရိယရသည်၊ ဉာဏ်ကိုမှီ၊ လိလိချမ်းသာကြောင်း)

ရွှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကေပဒဇာတ်သည် ပြီး၏။

www.dhammadownload.com

၈၃-ဟရိတမဏ္ဍူကဇာတ်

မြေနှင့် ဘားညို

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္မာညူ မြတ်စွာဘုရားသည် "အာသီဝိသမို မံ သန္တံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ဟရိတမဏ္ဍူကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **အဇာတသတ်မင်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ကောသလမင်း၏ အဘဖြစ်သော မဟာကောသလမင်းသည် ဗိမ္ဗိသာရမင်းအား သမီးကို ပေးလတ်သည် ရှိသော် သမီး၏ ကသယ်မှုန့်ဘိုး အကျိုးငှါ ကာသိက အမည်ရှိသော ရွာငယ်ကို ပေးလိုက်၏၊ ထိုမိဖုယားသည် အဇာတသတ်မင်းသည် ပိတုဃာတကံကို ပြုသည်ရှိသော် မင်းအား ချစ်ခြင်းကြောင့် မကြာမြင့်မီလျှင် သေ၏၊ အဇာတသတ်မင်းသည် အမိသေလတ်သည် ရှိသော် ထိုကာသိကရွာကို စားသလျှင် ကတည်း၊ ကောသလမင်းသည် အဘသတ် သူခိုးအား ငါ၏ဥစ္စာဖြစ်သော ရွာကို မပေးအံ့ဟု ထိုအဇာတသတ် မင်းနှင့် တကွ စစ်ထိုး၏၊ ရံခါ ဦးရီး၏အောင်ခြင်းသည် ဖြစ်၏၊ ရံခါ တူ၏အောင်မြင်ခြင်းသည် ဖြစ်၏၊ အကြင်အခါ၌ကား အဇာတသတ် မင်းသည် အောင်၏၊ ထိုအခါ၌ ရထား၌ တံခွန်ကိုစိုက်၍ များစွာသော အခြံအရံဖြင့် မြို့သို့ဝင်၏၊ အကြင်အခါ၌ရှုံး၏၊ ထိုအခါ နှလုံးမသာယာခြင်းသို့ ရောက်သည်ဖြစ်၍ တစုံတယောက်သောသူကို မသိစေမူ၍သာလျှင် ဝင်၏၊ ထိုအခါ တနေ့သ၌ တရားသဘင်၌ ရဟန်းတို့သည် ငါ့သျှင်တို့ အဇာတသတ်မင်းသည် ဦးရီးကို အောင်၍ နှစ်သက်ဝမ်းသာရှိ၏၊ ဦးရီးကိုရှုံး၍ နှလုံးမသာယာခြင်းသို့ရောက်၏ဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သောစကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ဤ အဇာတသတ်မင်းသည် အောင်၍ နှစ်သက်သည်၊ရှုံး၍နှလုံးမသာယာခြင်းသို့ ရောက်သည်မဟုတ်သေး၊ ရှေး၌လည်း ဤအဇာတသတ်မင်းသည်အောင်၍ နှစ်သက်ဝမ်းသာရှိ၏၊ ရှုံး၍နှလုံးမသာယာခြင်းသို့ ရောက်သည်ဖြစ်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဘားညိုအမျိုး၌ ဖြစ်၏၊ ထိုအခါ

www.dhammadownload.com

လူတို့သည် မြစ်ချောင်း အစရှိသည်တို့တွင် ထိုထိုအရပ်၌ ငါးကို ဖမ်းအံ့သောငှါ မြုံးတို့ကို ထောင်ကုန်၏၊ တခုသော မြုံး၌ ငါးတို့သည် ဝင်ကုန်၏၊ ထိုအခါ တခုသော ရေမြေ့သည် ငါးတို့ကို စားလိုရကား ထိုမြုံးသို့ ဝင်လေ၏၊ များစွာကုန်သော ငါးတို့သည် တပေါင်းတည်း ဖြစ်ကုန်၍ ထိုရေမြေ့ကို ခဲကုန်၏၊ တကိုယ်လုံး သွေးခြင်းခြင်းနီသည်ကို ပြုကုန်၏၊ ထိုရေမြေ့သည် ကိုးကွယ်ရာ မမြင်ရကား သေဘေးမှ ကြောက်သည်ဖြစ်၍ မြုံးပေါက်ဝဖြင့် ထွက်၍ ဒုက္ခဝေဒနာသို့ ရောက်သည် ဖြစ်၍ ရေ၏အဆုံး၌ အိပ်၏၊ ဘားညိုသည်လည်း ထိုခဏ၌ ခုန်၍ မြုံးတံ၏ထိပ်၌ ဝပ်၏၊ ရေမြေ့သည် ဆုံးဖြတ်ရာအရပ်ကို မရသည်ဖြစ်၍ ထိုမြုံးတံထိပ်၌ ဝပ်သော ဘားညိုကို မြင်၍ အဆွေဘားညို ဤငါးတို့၏ အမှုအရာကို သင်သည် နှစ်သက်သလောဟု မေးလိုသည်ဖြစ်၍—

၁၇၇ အာသီဝိသမို့ မံ သန္တံ၊ ပဝိဋ္ဌံ ကုမိနာ မုခံ။
ရုစ္စတေ ဟရိတာမာတာ၊ ယံ မံ ခါဒန္တိ မစ္ဆကာ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

သမ္မ ဟရိတာမာတာ၊ အဆွေ ဘားညို။ ကုမိနာမုခံ၊ မြုံးဝသို့။ ပဝိဋ္ဌံ၊ ဝင်သော။ အာသီဝိသမို့၊ ရေမြေ့သည်လည်း။ သန္တံ၊ ဖြစ်လတ်သော။ မံ၊ငါ့ကို။ မစ္ဆကာ၊ ငါးအပေါင်းတို့သည်။ ခါဒန္တိ၊ ခဲကုန်၍။ တေ-တယာ၊ သင်အဆွေသည်ယံ၊ အကြင်ခဲခြင်းကို။ ရုစ္စတေ၊ နှစ်သက်၏လော။

ထိုအခါ ရေမြေ့ကို ဘားညိုသည် အချင်းရေမြေ့ ငါသည် နှစ်သက်၏၊ အဘယ့်ကြောင့်နည်း ဟူမူကား သင်သည် သင်၏နေရာသို့ လာကုန်သော ငါးတို့ကို စား၏၊ ငါးတို့သည်လည်း မိမိအရပ်သို့ လာသော သင့်ကို ခဲကုန်၏၊ မိမိ၏အရာဖြစ်သော အရပ်၌ မိမိ၏ ကျက်စားရာမြေ၌ အားမရှိသော သူမည်သည်ကား မရှိ၊ ထို့ကြောင့် ငါသည် နှစ်သက်၏ဟု ဆို၍—

၁၇၈ ဝိလုမ္ပတေ ဝ ပုရိသော၊ ယာဝဿ ဥပကပ္ပတိ။
ယဒါ စညေ ဝိလုမ္ပန္တိ၊ သော ဝိလုတ္တော ဝိလုမ္ပတိ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

သမ္မ၊ အချင်းရေမြေ့။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဝိလုမ္ပတော၊ လုယက်သော။ အဿ၊ ထိုယောကျ်ားအား။ ဣဿရိယံ၊ အစိုး

www.dhammadownload.com

ရသော အဖြစ်သည်။ ဥပကပ္ပတိ–ဣဇ္ဈတိ၊ ပြည့်စုံ၏။ ကာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ သော ပုရိသော၊ ထိုယောကျ်ားသည်။ အညံ၊ တပါးသော သူကို။ ဝိလုမ္ပတေဝ၊ လုယက် ဖျက်ဆီးသည်သာတည်း။ ယဒါ၊ အကြင်အခါ၌။ အညေ၊ တပါးကုန်သော သူတို့သည်။ တဿ ပုရိသဿ၊ ထိုယောကျ်ားအား။ ဣဿရာ၊ အစိုးရကုန်သည်။ ဟုတ္ဝာ၊ ဖြစ်ကုန်၍။ ဝိလုမ္ပန္တိ၊ လုယက် ဖျက်ဆီးကုန်၏။ အထ၊ ထိုအခါ၌။ သော ဝိလုတ္တော၊ ထိုသူတပါးကို လုယက်ဖျက်ဆီးတတ်သော ယောကျ်ားသည်။ ဝိလုမ္ပတိ၊ အစိုးရကုန်သော တပါးကုန်သော သူတို့ကြောင့် ပျက်စီးရ၏။

ဤသို့ ဖျက်ဆီး တတ်သော သူသည် တဖန် ပျက်စီးခြင်းသို့ ရောက်၏ဟု ဘုရားလောင်းသည် ဆုံးဖြတ်သည်ရှိသော် ရေမြေ၏ အားနည်းသည်၏ အဖြစ်ကို သိ၍ ရန်သူကို ဖမ်းကုန်အံ့ဟု ငါးအပေါင်းတို့သည် မြို့ဝမှ ထွက်ကုန်၍ ထိုအရပ် ဦးလျှင် ထိုရေမြေကို အာသက်ကုန်ခြင်းသို့ ရောက်စေ၍ ခဲကြကုန်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ အဇာတသတ် မင်းသည် ထိုအခါ ရေမြေ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဘားညို ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(စည်းလုံးစိတ်တူ၊ ရှိတုံမူ၊ ရန်သူပျက်ယွင်း အောင်ပွဲခင်း)

ကိုးခုတို့၏ပြည့်ကြောင်းဖြစ်သော ဟရိတမဏ္ဍူကဇာတ်သည် ပြီး၏။

၉၀ မဟာဒိဂံလဇာတ်

မတရားမင်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "သဗ္ဗော ဇနော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ မဟာပိဂံလဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ဒေဝဒတ်** ကို အကြောင်းပြု၍ ဟောတော်မူ၏၊

www.dhammadownload.com

ဒေဝဒတ်သည် မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့ခြင်းကြောင့် ကိုးလလွန်သဖြင့် ဇေတဝန် ကျောင်းတော်တံခါးမုခ်ဦး၌ မြေမျိုး၏၊ ဇေတဝန် ကျောင်းတော်၌ နေကုန်သော သူတို့သည်၎င်း တိုင်းအလုံး၌ နေကုန်သော သူတို့သည်၎င်း ဘုရားသခင်၏ ရန်ဆူးရန်ငြောင့်ဖြစ်သော ဒေဝဒတ်ကို မြေမျိုး၏၊ ယခု မြတ်စွာဘုရားသည် ပျောက်ကင်းသော ရန်သူရှိ၏ဟု နှစ်သက် ရွှင်လန်းခြင်း ဖြစ်ကုန်၏၊ ထိုသူတို့၏ စကားကို အဆင့်ဆင့်သော အသံဖြင့် ကြားကုန်၍ ဇမ္ဗူဒီပါကျွန်းအလုံး၌ နေကုန်သော ဘီးလူး, ဘုမ္မစိုဝ်း, ရက္ခစိုဝ်း နတ်အပေါင်းတို့သည်လည်း နှစ်သက်ရွှင်လန်းကုန်သည်သာလျှင် ဖြစ်ကုန်၏၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ ဒေဝဒတ်ကို မြေမျိုသည်ရှိသော် ဘုရားသခင်၏ ရန်ဆူးရန်ငြောင့်ဖြစ်သော ဒေဝဒတ်ကို မြေမျိုး၏ဟု လူများသည် နှစ်သက်သော စိတ်ရှိသည် ဖြစ်၏ဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌ သာလျှင် ဒေဝဒတ်သည် ယေသည်ရှိသော် လူအများသည် နှစ်သက် ရွှင်လန်းသည် မဟုတ်သေး၊ ရှေး၌လည်း ဒေဝဒတ်သည် သေသည်ရှိသော် လူများသည် နှစ်သက် ရွှင်လန်းသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ မဟာပိဂ်လအမည်ရှိသော မင်းသည် မတရား မညီညွတ်သဖြင့် မင်းပြု၏၊ ချစ်ခြင်းအစရှိသည်တို့၏ အစွမ်းအားဖြင့် မကောင်းမှုကို ပြုလျက် ရာဇဝတ် မင်းဒဏ်ပေးခြင်း အခွန် အတုတ်ယူခြင်း ရွှေရွားစေခြင်း အသပြာယူခြင်း အစရှိသည်ကို ပြုသဖြင့် ကြုံညစ် ယန္တရားတို့ဖြင့် ကြုံကိုညစ်ဘိသကဲ့သို့ လူများကို နှိပ်စက်ညှဉ်းဆဲ၏၊ ကြမ်းတန်းရုန့်ရင်း၏၊ နိုင်ထက်ကလူ မူတတ်၏၊ သူတပါးတို့၌ ထိုမဟာပိဂ်လမင်း၏ အနည်းငယ်မျှသော သနားခြင်းမည်သည် မရှိ၊ အိမ်၌ မိန်းမတို့သည်၎င်း သားသမီးတို့သည်၎င်း အမတ်, ပုဏ္ဏား, သူကြွယ်တို့သည်၎င်း မချစ် မနှစ်သက်အပ်သည် ဖြစ်၏၊ မျက်စိ၌ကျသော မြူကဲ့သို့ရင်း ထမင်းဆုပ်၌ကျသော ကျောက်စရစ်ကဲ့သို့ရင်း ဖနောင့်ကို စူး၍ဝင်သော ဆူးကဲ့သို့ရင်း ဖြစ်စေ၏၊ ထိုအခါ ဘုရားလောင်းသည် မဟာပိဂ်လမင်း၏သား ဖြစ်၏၊ မဟာပိဂ်လမင်းသည်အခါလေးမြင့် မင်းအဖြစ်ကိုပြု၍ သေ၏ ထိုမဟာပိဂ်လမင်းသည် သေသည်ရှိသော် ဗာရာဏသီပြည်၌ နေသော သူတို့သည် နှစ်သက် ရွှင်လန်း

www.dhammadownload.com

ကုန်သည်ဖြစ်၍ သည်းစွာသော ရယ်ခြင်းကို ရယ်ကုန်၏၊ လှည်း အထောင်တို့ဖြင့် မဟာပိဂ်လမင်း၏အလောင်းကို သဂြိုဟ်ကုန်၍ များစွာကုန်သော ရေအိုး အထောင်တို့ဖြင့် သင်းချိုင်းမီးကို ငြိမ်းစေကုန်၍ ဘုရားလောင်းကို မင်းအဖြစ်၌ အဘိသိက် သွန်းကုန်၍ ငါတို့သည် တရားစောင့်သော မင်းကို ရကုန်ပြီဟု နှစ်သက် ရွှင်လန်းကုန်သည် ဖြစ်၍ မြို့၌ ပဲခံခြင်းကို ပြုကုန်၍ စည်လည်စေ၍ စိုက်အပ်သော တံခွန်ကုကားရှိသည်ဖြစ်၍ မြို့ကို တန်ဆာဆင်ကုန်၍ တံခါးတိုင်း တံခါးတိုင်း မဏ္ဍပ်ကို ဆောက်စေ၍ ဖရိုဖရဲ ကြဲအပ်သော ပေါက်ပေါက် ပန်းတို့ဖြင့် တန်ဆာဆင်အပ်သော အပြင်ရှိကုန်သော တန်ဆာဆင်အပ်သော မဏ္ဍပ်တို့၌ နေကုန်၍ ခဲလည်းခဲကုန်၏၊ သောက်လည်း သောက်ကုန်၏။။

ဘုရားလောင်းသည်လည်း တန်ဆာဆင်အပ်သော ပြာသာဒ်၌ စိုက်အပ်သော ထီးဖြူရှိသော မြတ်သော ပလ္လင်၏အလယ်၌ မျှားစွာသော စည်းစိမ်ကို ခံစားလျက်နေ၏၊ အမတ်, ပုဏ္ဏား, သူကြွယ်တို့သည်၎င်း တိုင်း၌ နေသောသူ, တံခါးစောင့် အစရှိသော သူတို့သည်၎င်း မင်းကိုခြံရံ၍ တည်ကုန်၏၊ ထိုအခါ တယောက်သော တံခါးစောင့်သည် မဝေးလွန်းသော အရပ်၌တည်၍ ပြင်းစွာသော ထွက်သက်ကို ဖြစ်စေလျက် ပြင်းစွာသောဝင်သက်ကို ဖြစ်စေလျက် ငို၏၊ ဘုရားလောင်းသည် ထိုတံခါးစောင့်ကို မြင်၍ ငါ၏အဘသည် သေသည်ရှိသော် ခပ်သိမ်းကုန်သော သူတို့သည် နှစ်သက် ရွှင်လန်းကုန်သည် ဖြစ်၍ ပဲလမ်းသဘင်ကို ကစားကုန်၏၊ သွားလာကုန်၏၊ သင်တန်းမူကား ငိုလျက်တည်၏၊ ငါ၏ ခမည်းတော်ကို သင်သည် ချစ်မြတ်နိုးသလောဟု မေးလိုရကား—

၁၇၉ သဗ္ဗော ဇနော ဟိ သိတော ပိဂ်လေန၊
တသ္မိ မတေ ပစ္စယာ ဝေဒယန္တိ။
ပိယော နု တေ အာသိ အကဏ္ဍုနေတ္တော၊
ကသ္မာ နု တွံ ရောဒသိ ဒ္ဒါရပါလ။

ဟူသော ရှေးဦးစွာသော ဂါထာကို ဆို၏။

ဘော ဒ္ဒါရပါလ၊ အို တံခါးစောင့်။ ပိဂ်လေန၊ ပိဂ်လမင်းသည်။ သဗ္ဗော၊ အလုံးစုံသော။ ဇနော၊ လူအပေါင်းကို။ ဟိ သိတော၊ ညွှဉ်းဆဲအပ်၏။ တသ္မိ၊ ထိုပိဂ်လမင်းသည်။ မတေ၊ သေသည်ရှိသော်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဇနာ၊ လူတို့သည်။ ပစ္စယာ၊ နှစ်သက်ခြင်းတို့ကို။ ဝေဒယန္တိ၊ ခံစားကုန်၏။

www.dhammadownload.com

တော၊ သင်သည်ကား။ အကဏ္ဍနေတွော ကြောင်သောမျက်စိ ရှိသည်၏ အဖြစ်ကြောင့် အကဏ္ဍနေတွဟု ဆိုအပ်သော ပိဂ်္ဂလမင်းကို။ ပိယော၊ချစ်သည်။ အာသိ နု၊ ဖြစ်သလော။တုံ၊ သင်သည်။ ကသ္မာ၊ အဘယ့်ကြောင့်။ ရောဒသိ နု၊ ငိုဘိသနည်း။

ထို တံခါးစောင့်သည် ထို ဘုရားလောင်း၏ စကားကို ကြား၍ မြတ်သော မင်းကြီး အကျွန်ုပ်သည် သေသော ပိဂ်္ဂလမင်းကို အောက်မေ့၍မငို၊အကျွန်ုပ်၏ ဥစ္စာခေါင်းအား ချမ်းသာခြင်းသည် ဖြစ်ပေပြီ၊ ထိုစကားသည် မှန်၏၊ ပိဂ်္ဂလမင်းသည် ပြာသာဒ်မှ သက်သော်၎င်း တက်သော်၎င်း ပန်းဘဲတို့၏ပေဋ္ဌ တူဖြင့် ရိုက်ဘိသကဲ့သို့ အကျွန်ုပ်၏ ဥစ္စာခေါင်းဋ္ဌ ရှစ်ချက် ရှစ်ချက် ရိုက်ခြင်းကို ပေး၏၊ ထိုပိဂ်္ဂလမင်းသည် တမလွန်ဘဝဋ္ဌ ငရဲသို့လား၍လည်း ငါ၏ဥစ္စာခေါင်းဋ္ဌရိုက်ခြင်းကို ပေးဘိသကဲ့သို့ ငရဲစောင့်တို့၏ ဥစ္စာခေါင်းဋ္ဌ ရိုက်ခြင်းကိုပေးလတ္တံ့၊ထိုငရဲထိန်းတို့၏ ဥစ္စာခေါင်းဋ္ဌ ရိုက်ခြင်းကိုပေးလတ်သည်ရှိသော် ထိုပိဂ်္ဂလမင်းကို ငရဲထိန်းတို့သည် ကျိမင်းသည်ကား ငါတို့ကို အလွန်လျင် ညှဉ်းဆဲ၏ဟု ကျိုအရပ်သို့ သာလျင် တဖန်ပို့လိုက်ကုန်၍ လွှတ်လာရာ၏၊ ထိုသို့ လွှတ်လာသည် ရှိသော် ထိုပိဂ်္ဂလမင်းသည် တဖန်လည်း အကျွန်ုပ်၏ ဥစ္စာခေါင်းဋ္ဌ ရိုက်ခြင်းကို ပေးပြန်ရာ၏ဟု ကျိသို့ကြောက်သောကြောင့် ငိုး၏ဟု ဆိုလို၍—

၁၈၀ နု မေ ပိယော အာသိ အကဏ္ဍနေတ္တော၊
ဘာယာမိ ပစ္စာဂမနာယ တဿ။
ကွတော ဂတော ဟိံ သေယျ့ မစ္စုရာဇံ၊
သော ဟိံ သိတော အာနေယျ့ ပုန ကွဓ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကျိဂါထာကိုဆို၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ မေ၊ အကျွန်ုပ်သည်။ အကဏ္ဍနေတ္တော၊ ပိဂ်္ဂလမင်းကို။ ပိယော၊ ချစ်အပ်သည်။ နု အာသိ၊ မဖြစ်။ သော၊ ထိုပိဂ်္ဂလမင်းသည်။ ကွတော၊ ကျိဘဝမှ။ ဂတော၊ တမလွန်ဘဝသို့ ရောက်လေသည်ရှိသော်။ မစ္စုရာဇံ၊ သေမင်းကို။ ဟိံ သေယျ့၊ ညှဉ်းဆဲရာ၏။ သော၊ ထိုပိဂ်္ဂလမင်းသည်။ ဟိံ သိတော၊ ညှဉ်းဆဲခြင်းကြောင့်။ တံ၊ ထိုပိဂ်္ဂလမင်းကို။ ကွဓ၊ ကျိအရပ်သို့။ ပုန၊ တဖန်။ မစ္စုရာဇာ၊ သေမင်းသည်။ အာနေယျ့၊ ပို့လာပြန်ရာ၏။ တဿ၊ ထိုပိဂ်္ဂလမင်း၏။ ပစ္စာဂမနာယ၊ တဖန်လာပြန်ခြင်းမှ။ ဘာယာမိ၊ ကြောက်၏။

www.dhammadownload.com

ထိုအခါ ထိုတံခါးစောင့်ကို ဘုရားလောင်းသည် ထိုပိုဂ်လမင်းကို ထင်းတို့၏ လှည်းအထောင်တိုက်ဖြင့် သင်္ဂြိဟ်အပ်လေပြီ၊ သင်္ဂိုဟ်အပ်ပြီးသော် ပိဂ်လမင်း၏ သင်းချိုင်းမြေကိုလည်း ထက်ဝန်းကျင်မှ တူးအပ်ပြီ၊ ပြကတေ့အားဖြင့်လည်း တမလွန်ဘဝသို့ သွားကုန်သော သူတို့မည်သည် တပါးသောဘဝ၌ တည်ရာ နေရာ ရလေကုန်၏၊ တဖန် ထိုကိုယ်ဖြင့်လျှင် မလာနိုင်ကုန်၊သင်သည် မကြောက် လင့်ဟု တံခါးစောင့်ကို နှစ်သိမ့်စေလျက်—

ဒဈော ဝံ ဟာသဟသေဿိ၊ သိတ္တော ဃဋ္ဋသတေဟိ သော။
ပရိက္ခတာ စ သာ ဘူမိ၊ မာ ဘာယိ နာဂမိဿတိ။

ဟူသော ဤဂါထာကို ဆို၏။

ဒေါဝါရိက၊ တံခါးစောင့်။ သော၊ ထိုပိဂ်လမင်းကို။ ဝံ ဟာသဟသေဿိ၊ ထင်းလှည်း အထောင်တိုက်တို့ဖြင့်။ ဒဈော၊ မီးတိုက်အပ်ပြီး။ ဃဋ္ဋသတေဟိ၊ ရေအိုးတရာတို့ဖြင့်။ သိတ္တော၊ ရေသွန်းအပ်ပြီ။ သာ စ ဘူမိ၊ ထိုသင်းချိုင်းရာ မြေကိုလည်း။ ပရိက္ခတာ၊ တူးအပ်ပြီ။ တွံ၊ သင်သည်။ မာ ဘာယိ၊ မကြောက် လင့်။ ပိဂ်လော၊ ပိဂ်လမင်းသည်။ နာဂမိဿတိ၊ မလာလတ္တံ့။

ထိုအခါမှစ၍ တံခါးစောင့်သည် သက်သာရာကို ရလေ၏၊ ဘုရားလောင်း သည်လည်း တရားသဖြင့် မင်းပြု၍ အလှူအစရှိသော ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ပိဂ်လမင်း ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ပိဂ်လမင်း၏သား ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(နိဒ်ထက်ကလူ၊ ပြုတတ်သူ၊ ဗိုလ်လူမတောင့်တ)

ဆယ်ခုတို့၏ပြည့်ကြောင်းဖြစ်သော မဟာပိဂ်လဇာတ်သည် ပြီး၏။

www.dhammadownload.com

၁၀-သိင်္ဂါလဝါဒ ၉၁-သမ္မဒါဌောတ်

ပထဝီဇယမန္တန်

ပစ္ဆုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သမ္မာသမ္ဗုဒ္ဓါ မြတ်စွာဘုရားသည် "သိင်္ဂါလော မာနတ္ထဒ္ဓေါ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသမ္မဒါဌောတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ဒေဝဒတ်** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဒေဝဒတ်သည် အဇာတသတ်မင်းကို ကြည်ညိုစေ၍ ဖြစ်စေအပ်သော လာဘသက္ကာရကို ကြာမြင့်စွာတည်သည်ကို ပြုအံ့သောငှါ မစွမ်းနိုင်၊ နာဠာဂိရိဆင်ဖြင့် တိုက်သောပွဲ၌ တန်ခိုးပြာဋိဟာကို မြင်သော အခါမှစ၍ ထိုဒေဝဒတ်၏ ထိုလာဘသက္ကာရသည် ကွယ်၏၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ ဒေဝဒတ်သည် လာဘသက္ကာရကို ဖြစ်စေ၍ ကြာမြင့်စွာတည်ခြင်းကို ပြုအံ့သောငှါ မစွမ်းနိုင်ဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြ ကုန်သနည်းဟု မိန့်တော် မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌ သာလျှင် မိမိ၌ဖြစ်ပြီးသော လာဘသက္ကာရကို ကွယ်စေသည် မဟုတ်သေး၊ ရှေး၌လည်း ကွယ်စေ ဘူးသလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ဖြစ်၍ ဗေဒင်သုံးပုံတို့၏ဌင်း တဆဲ့ရှစ်ပါးသော အတတ်တို့၏ဌင်း ကမ်းတဘက်သို့ ရောက်၏၊ ထိုပုရောဟိတ် ပုဏ္ဏားသည် ပထဝီဇယ အမည်ရှိသော မန္တရားကို တတ်၏။

မြေအပြင်၌ ရန်ကိုလည်စေတတ်သော မန္တရားကို ပထဝီဇယမန္တရားဟု ဆိုအပ်၏။

ထိုအခါ တနေ့သ၌ ဘုရားလောင်းသည် ထိုပထဝီဇယမန္တရားကို သရဇ္ဈာယ်အံ့ဟု တခုသောအပြင်ရှိသော ကျောက်ဖျာ၌နေ၍ သရဇ္ဈာယ်ခြင်းကို ပြု၏။

www.dhammadownload.com

ထိုပထဝီဇယမန္တရားကို တပါးသော တည်ကြည်ခြင်းကင်းသောသူကို ကြားစိမ့်သောငှါ မတတ်ကောင်းသတတ်၊ ထို့ကြောင့် ထိုပထဝီဇယမန္တရားကို ထိုပုရောဟိတ်သည် ထိုသို့ သဘောရှိသော ကာလ၌ သရဇ္ဈာယ်၏။။

ထိုအခါ ပုရောဟိတ် သရဇ္ဈာယ်သော ကာလ၌ တခုသော မြေခွေးသည် တခုသောတွင်း၌ ဝပ်လျက် ထိုပထဝီဇယမန္တရားကို ကြား၍ လေ့ကျက်သည်ကို ပြု၏၊ ထိုမြေခွေးသည် အခြားမဲ့ဖြစ်၍ လွန်လေပြီးသော ကိုယ်၏ အဖြစ်၌ ပထဝီဇယမန္တရားကို လေ့လာသော တယောက်သော ပုဏ္ဏား ဖြစ်ဘူးသတတ်၊ ဘုရားလောင်းသည် သရဇ္ဈာယ်ခြင်းကို ပြု၍ ထ၍ ငါ့အား ဤမန္တရားသည် နှုတ်တက်ပေ၏ဟု ဆို၏၊ မြေခွေးသည် တွင်းမှထွက်၍ အို ပုဏ္ဏား ဤ မန္တရားသည် သင့်ထက်လည်း ငါ့အား သာလျှင် နှုတ်တက်၏ဟု ဆို၍ ပြော၏၊ ဘုရားလောင်းသည် ဤမြေခွေးသည် မျှားစ့ာသော အကုသိုလ်ကို ပြုလတ္တံ့၊ ဖမ်းလော့,ဖမ်းလော့ဟု ဆို၍ အတန်ငယ် လိုက်၏။။မြေခွေးသည် ပြေး၍ တောသို့ ဝင်လေ၏၊ ထိုမြေခွေးသည် သွားလေ၍ မြေခွေးမတခုကို အတန်ငယ် ကိုယ်၌ ကိုက်၏၊ သခင် အသို့နည်းဟု မေးသည်ရှိသော် သင်သည် ငါ့အား သိ၏လော, မသိလောဟု မေး၏ မြေခွေးမသည် သခင် သိပါ၏ဟု ဆို၏၊ ထိုမြေခွေးသည် ပထဝီဇယ မန္တရားကို မန်း၍ မျှားစ့ာကုန်သော မြေခွေး အရာတို့ကို စေ၍ ဤအလုံးစုံလည်းဖြစ်ကုန်သော ဆင်, မြင်း, ခြင်္သေ့, ကျား, ဝက်, သမင် အစရှိကုန်သော ခြေလေးချောင်းရှိကုန်သော သတ္တဝါတို့ကို မိမိကို ခြံရံစေ၏၊အခြံအရံပြုပြီး၍ သဗ္ဗဒါဠှ အမည်ရှိသော မင်းဖြစ်၍ မြေခွေးမတခုကို မိဖုယားကြီးပြု၍ ဆင်နှစ်စီးတို့၏ ကျောက်ကုန်း၌ ခြင်္သေ့သည် စီး၏၊ ခြင်္သေ့၏ ကျောက်ကုန်း၌ သဗ္ဗဒါဠှအမည်ရှိသော မြေခွေးမင်းသည် မြေခွေးမမိဖုယားကြီးနှင့်တကွစီး၏၊ အခြံအရံမျှားသည် ဖြစ်၏၊ ထိုသဗ္ဗဒါဠှမြေခွေးသည် အခြံအရံမျှားဖြင့် မာနကို ဖြစ်စေ၏၊ ဗာရာဏသီမင်းအဖြစ်ကို ယူအံ့ဟု အလုံးစုံသော အခြေလေးချောင်း သတ္တဝါသော သားအပေါင်းခြံရံလျက် ဗာရာဏသီပြည်၏ အနီးဖြစ်သော အရပ်သို့ ရောက်လာ၏၊ ပရိသတ်တို့သည် တဆဲ့နှစ်ယူဇနာ ရှိကုန်၏၊ ထိုသဗ္ဗဒါဠှမြေခွေးမင်းသည် အနီး၌တည်လျက်လျှင် မင်းအဖြစ်ကိုတည်း ပေးအံ့လော၊ စစ်ကိုတည်း ယိုးအံ့လောဟု ဗာရာဏသီမင်းအား စေလိုက်၏၊ ဗာရာဏသီပြည်၌ နေကုန်သော သူတို့သည် ကြောက်ရွံ့ ထိတ်လန့်ကုန်သည် ဖြစ်၍ မြို့တံခါးတို့ကို ပိတ်၍ နေကုန်၏။။

www.dhammadownload.com

ဘုရားလောင်းသည် မင်းသို့ကပ်၍ မြတ်သောမင်းကြီး သဗ္ဗဒါဋ္ဌမည်သော မြေခွေးနှင့် စစ်ထိုးခြင်းသည် အကျွန်ုပ်၏ ဝန်တည်း၊ အကျွန်ုပ်ကို ထား၍ ထိုသဗ္ဗဒါဋ္ဌမြေခွေးနှင့်တကွ စစ်ထိုးအံ့သောငှါ စွမ်းနိုင်သောသူမည်သည် မရှိဟု ဆို၍ ဘုရားလောင်းသည် မင်းကိုဌင်း မြို့သူတို့ကိုဌင်း နှစ်သိမ့်စေ၍ အသို့ပြု၍ သဗ္ဗဒါဋ္ဌသည် မင်းအဖြစ်ကို ယူလတ္တံ့နည်းဟု ရှေးဦးစွာ ထိုသဗ္ဗဒါဋ္ဌမြေခွေးကို မေးဦးအံ့ဟု ဆို၍ တံခါးပစ္စင်သို့တက်၍ အချင်း သဗ္ဗဒါဋ္ဌ အသို့ပြု၍ ဤပြည်ကို ယူအံ့နည်းဟု မေး၏၊ ခြင်္သေ့ကိုဟောက်စေ၍ လူမျှားကို ခြင်္သေ့သံဖြင့် ထိတ်လန့်စေ၍ ယူအံ့ဟု ဆို၏၊ ဘုရားလောင်းသည် ထိုအကြောင်းသည် ရှိ၏ဟု သိ၍ ပစ္စင်မှ ဆင်းသက်၍ အလုံးစုံတဆယ့်နှစ်ယူဇနာရှိသောဗာရာဏသီပြည်၌ နေကုန်သောလူတို့သည် နားပေါက်တို့ကို ပဲကြီး, မုံညက်တို့ဖြင့် ပိတ်စေကုန် သတည်းဟု စည်လည်စေ၏၊ လူမျှားသည် စည်သံကို ကြား၍ အယုတ်သဖြင့် ကြောင်တို့ကို အစပြု၍ အလုံးစုံသော အခြေလေးချောင်းရှိသော သားတို့၏ငှင်း မိမိတို့၏ငှင်း နားပေါက်တို့ကို အကြင်အခြင်းဖြင့် ဆို့ပိတ်သည်ရှိသော် သူတပါး၏ အသံကို ကြားအံ့သောငှါ မတတ်ကောင်း ထိုအခြင်းဖြင့် ပဲကြီး,မုံညက်ဖြင့် ပိတ်၏။

ထိုအခါ ဘုရားလောင်းသည် တဖန် ပစ္စင်သို့တက်၍ သဗ္ဗဒါဋ္ဌဟု ခေါ်၏၊ ပုဏ္ဏား အသို့နည်းဟု ဆိုသည်ရှိသော် ဤပြည်ကို အသို့ပြု၍ ယူအံ့နည်းဟု ဆို၏၊ ခြင်္သေ့ကို ဟောက်စေ၍ လူတို့ကို ပျက်စီးစေ၍ အသက်ကုန်ခြင်းသို့ ရောက်စေ၍ ယူအံ့ဟု ဆိုသည်ရှိသော် ခြင်္သေ့ကို ဟောက်စေခြင်းငှါ မစွမ်းနိုင်လတ္တံ့၊ ထိုစကားသည် မှန်၏၊ မြတ်သော အမျိုးနှင့် ပြည့်စုံကုန်သော တင့်တယ်စွာသော နီသော လက်ခြေရှိကုန်သော ကေသရာဇာ ခြင်္သေ့မင်းတို့သည် ထိုသို့သဘောရှိသော မြေခွေးအိုး၏ အာဏာကို မပြုကုန်လတ္တံ့ဟု ဆိုသည်ရှိသော် မြေခွေးသည် မာန်ဖြင့် ခိုင်မာသည်ဖြစ်၍ တပါးကုန်သော ခြင်္သေ့တို့ကို ထားဘိဦး ငါသည် အကြင် ခြင်္သေ့၏ ကျောက်ကုန်း၌ နေ၏၊ ထိုခြင်္သေ့ကိုပင်လျှင် ဟောက်စေဦးအံ့ဟု ဆို၏၊ အကယ်၍ စွမ်းနိုင်သည်ဖြစ်အံ့ ထိုသို့ စွမ်းနိုင်တပြီးကား ဟောက်စေလောဟု ဆိုသည်ရှိသော် ထိုသဗ္ဗဒါဋ္ဌ မြေခွေးသည် အကြင်ခြင်္သေ့၌ စီး၏၊ ထိုခြင်္သေ့အား ဟောက်လော့ဟု ခြေဖြင့် အမှတ်ပေး၏၊ ခြင်္သေ့သည် ဆင်ဦးကင်း၌ မျက်နှာကိုမော်၍ သုံးကြိမ်တားမြစ်ခြင်းငှါ မစွမ်းနိုင်သော ခြင်္သေ့သံကို ဟောက်၏၊ ဆင်တို့သည် ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍ မြေခွေးကို ခြေရင်း၌ ကျစေကုန်၍ ထိုမြေခွေး၏ ဦးခေါင်းကို ခြေဖြင့်နင်းကုန်၍ မှုန့်မှုန့်ညက်ညက်ကြေသည်ကို ပြုကုန်၏၊ သဗ္ဗဒါဋ္ဌမြေခွေးသည် ထိုအရပ်၌လျှင်

www.dhammadownload.com

အသက်ကုန်ခြင်းသို့ ရောက်၏၊ ဆင်တို့သည်လည်း ခြသေ့သံကို ကြားကုန်၍ သေဘေးမှ ကြောက်ကုန်သောကြောင့် အချင်းချင်း တိုးမိကြကုန်၍ ထိုအရပ်၌လျှင် သေခြင်းသို့ ရောက်ကုန်၏။ ခြသေ့တို့ကို ထားကုန်၍ ကြွင်းကုန်သော သမင်, ဝက် အစရှိကုန်သော ယုန်, ကြောင် အဆုံး ရှိကုန်သော ခပ်သိမ်းကုန်သော အခြေလေးချောင်းရှိကုန်သော သားတို့သည် အသက်ကုန်ခြင်းသို့ ရောက်ကုန်၏၊ ခြသေ့တို့သည် ပြေးကုန်၍ တောသို့ ဝင်ကုန်၏၊ အသားစုသည် တဆဲ့နှစ်ယူဇနာရှိသည် ဖြစ်၏၊ ဘုရားလောင်းသည် ပစ္စင်မှဆင်း၍ မြို့တံခါးတို့ကို ဖွင့်စေ၍ ခပ်သိမ်းကုန်သော ပြည်သူတို့ကို မိမိ၏နားတို့၌ ပဲကြီး, မုံညက်တို့ကို ပယ်စေ၍ အသားဖြင့် အလိုရှိကုန်သောသူတို့သည် အသားကို ဆောင်စေကုန်သတည်းဟု မြို့၌ စည်လည်စေ၏၊ လူတို့သည် အသားစိုင်ကို စားကုန်၍ ကြွင်းကုန်သော အသားတို့ကို အခြောက်လှန်းကုန်၍ အမဲညှင်းကို ပြုကုန်၏၊ ထိုကာလ၌ အမဲညှင်းပြုခြင်းသည် ထင်ရှားသည် ဖြစ်၏ဟု ဆိုကုန်သတတ်၊ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍—

၁၈၃ သိင်္ဂါလော မာနတ္ထဒ္ဒေါ စ၊ ပရိဝါရေန အတ္ထိကော။
ပါပုဏိ မဟတိံ ဘူမိံ၊ ရာဇာသိ သဗ္ဗဒါဋ္ဌိနံ။

၁၈၄ ဧဝ မေဝ မနုဿသု၊ ယော ဟောတိ ပရိဝါရဝါ။
သော ဟိ တတ္ထ မဟာ ဟောတိ၊ သိင်္ဂါလော ဝိယ ဒါဋ္ဌိနံ။

ဟူသော ဤနှစ်ဂါထာတို့ကို ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ယော သိင်္ဂါလော၊ အကြင်မြေခွေးသည်။ သဗ္ဗဒါဋ္ဌိနံ၊ အလုံးစုံအစွယ်ရှိကုန်သော သတ္တဝါတို့၏။ ရာဇာ၊ မင်းဖြစ်၍။ မဟတိံ ဘူမိံ၊ ကြီးမြတ်သော စည်းစိမ်ကို။ လဒ္ဓေါ၊ ရသည်။ အသိ၊ ဖြစ်၏။ သော သိင်္ဂါလော၊ ထိုမြေခွေးသည်။ မာနတ္ထဒ္ဒေါ စ၊ အခြံအရံကိုမှီ၍ ဖြစ်သော မာနဖြင့် ခိုင်မာသည် ဖြစ်၍။ ပရိဝါရေန၊ ရပြီးသော အခြံအရံထက် အလွန်ဖြစ်သော အခြံအရံဖြင့်။ အတ္ထိကော၊ အလိုရှိသည်ဖြစ်၍။ ဝိနာသံ၊ ပျက်စီးခြင်းသို့။ ပါပုဏိ၊ ရောက်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သိင်္ဂါလော၊ မြေခွေးသည်။ ဒါဋ္ဌိနံ၊ အစွယ်ရှိကုန်သော သတ္တဝါတို့ထက်။ မဟာ၊ မြတ်သည်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ မနုဿေသု၊ လူတို့တွင်။ ယော၊ အကြင်သူသည်။ ပရိဝါရဝါ၊

www.dhammadownload.com

အခြံအရံနှင့်ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ သောဟိ၊ ထိုသူသည်သာလျှင်။ တတ္ထ၊ ထိုလူအား ပေါင်း၌။ မဟာ၊ မြတ်သည်။ ဟောတိ၊ ဖြစ်၏။ အထ-ပစ္ဆာ၊ ထိုနောင်မှ။ သော၊ ထိုသူသည်။ သိင်္ဂါလော ဝိယ၊ မြေခွေးကဲ့သို့။ ပမာဒံ၊ မေ့လျော့ခြင်းသို့။ အာပဇ္ဇိတ္ဝာ၊ ရောက်၍။ တံ ပရိဝါရံ၊ ထိုအခြံအရံကို နိဿာယ၊ အမှီပြု၍။ ဝိနာသံ၊ ပျက်စီးခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မြေခွေးဖြစ်ဘူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါမင်းဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပုရောဟိတ်ပုဏ္ဏား ဖြစ်ဘူးပြီဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မန္တန်တတ်မှု၊ အကြောင်းပြု၊ သားစု သေဖျက်ပြုန်း)

ရှေးဦးစွာသော သဗ္ဗဒါဌဇာတ်သည် ပြီး၏။

၉၂-သုနခဇာတ်

ခွေးလိမ္မာ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဗာလော ဝတာယံ သုနခေါ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုနခဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **နေရာဇရပ်ဝယ် ခွေးစားခွက်၌ ထမင်းကို စားသော ခွေး**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ထိုခွေးကို မေးဦးစ ကာလမှစ၍ ရေခပ်ကုန်သောသူတို့သည် ယူကုန်၍ ထိုဇရပ်၌ မေးကုန်သတတ်၊ နောက်အဘို့၌ ထိုဇရပ်၌ ထမင်းကိုစားလျက် ဆူဖြိုးသောကိုယ်ရှိသည် ဖြစ်၏၊ ထိုအခါ တနေ့သ၌ ရှာ၌နေသော ယောကျ်ားတို့သည် ထိုဇရပ်သို့ ရောက်လေသော် ခွေးကို မြင်၍ ရေခပ်ကုန်သောသူတို့အား အပေါ်ရုံပုဆိုးကိုဌင်း အသပြာကိုဌင်း ပေး၍ တောက်ဖြင့်ဖွဲ့၍ ထိုခွေးကို ယူ၍ သွား၏၊ ထိုခွေးသည် ယူဆောင်သည်ရှိသော် မမြည် ပေးတိုင်း ပေးတိုင်းသောအစာကို စားလျက် နောက်မှလိုက်၏၊ ထိုအခါ

www.dhammadownload.com

ထိုယောကျ်ားသည် ဤခွေးသည် ယခုအခါ ငါ့ကို အကျမ်းဝင်၏ဟု တောက်ကို ဖြေ၏၊ ထိုခွေးသည် လွတ်ထည့်ကာမျှဖြင့် တဟုန်တည်း နေရာဇရပ်သို့လျှင် ပြေးလာ၏၊ ရဟန်းတို့သည် ထိုခွေးကို မြင်ကုန်၍ ထိုခွေးသည် ပြုအပ်သော အကြောင်းကို သိကုန်၍ ညချမ်းသောအခါ တရားသဘင်၌ ငါ့သျှင်တို့ နေရာဇရပ်၌ ခွေးသည် အနှောင်အဖွဲမှ လွတ်ခြင်း၌ လိမ္မာသည်ဖြစ်၍ လွတ်ထည့်ခြင်းလျှင် တဖန် ပြန်လာ၏ဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြ ကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ထိုခွေးသည် ယခုအခါ၌ သာလျှင် အနှောင်အဖွဲမှ လွတ်ခြင်း၌ လိမ္မာသည် မဟုတ်သေး၊ ရှေး၌လည်း လိမ္မာသလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိတိုင်း၌ တဦးသော မျှားသော စည်းစိမ်ရှိသောအမျိုး၌ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် အိမ်ရာထောင်ခြင်းကိုယူ၏၊ ထိုအခါ ဗာရာဏသီပြည်၌ တယောက်သောလူအား ခွေးသည် ရှိ၏၊ ထိုခွေးသည် ထမင်းဆုပ်ကို ရခြင်းကြောင့် ဆူဖြိုးသော ကိုယ်ရှိ၏၊ ထိုအခါ တယောက်သော ရွာသားသည် ဗာရာဏသီပြည်သို့ လာသည်ရှိသော် ထိုခွေးကို မြင်၍ ထိုခွေးရှင်ယောကျ်ားအား အပေါ်ရုံပုဆိုးကိုငင်း အသပြာကိုငင်း ပေး၍ ခွေးကိုယူ၍ သားရေလွန်ဖြင့် ချည်၍ လွန်စွန်း၌ ကိုင်၍ သွားသည် ရှိသော် တောဝ၌ တခုသောဇရပ်သို့ ဝင်၍ ခွေးကိုချည်၍ ပျဉ်၌လျောင်း၍ အိပ်ပျော်ခြင်းသို့ ရောက်၏၊ ထိုအခါ ဘုရားလောင်းသည် တစုံတခုသော ပြုဘွယ်ကိစ္စကြောင့် တောဝသို့ ရောက်သည်ရှိသော် လွန်ဖြင့်ချည်၍ ထားအပ်သော ခွေးကို မြင်၍—

၁၀၅ ဗာလော ဝတာယံ သုနခေါ၊ ယော ဝရတ္တံ် နာ ခါဒတိ။
ဗန္ဓနာ စ ပမုဉ္စေယျ၊ အသိတော စ ဃရံ ဝဇေ။
ဟူသော ရှေးဦးစွာသော ဂျိဂါထာကို ဆို၏။

---

၁ ဍော စ ဍောတ္တံ (က)

www.dhammadownload.com

ယော သုနခေါ၊ အကြောင်ခွေးသည်။ ဝရတ္တံ၊ သားရေလွှနှ်ကို။ နံ ခါဒတိ၊ မစား။ အယံ သုနခေါ၊ ကျွေးသည်။ ဗာလော ဝတ၊ မိုက်စွတကား။ ဗန္ဓနာ စ၊ အနှောင်အဖွဲ့မှလည်း။ ပမုဉ္စတိယှ၊ လွှတ်စေ၍။ အသိတော စ၊ ဝသည်ဖြစ်၍ လည်း။ ဃရံ၊ မိမိနေရာအရပ်သို့။ ဝဇေ၊ ပြေးလေလော့။

ထိုစကားကို ကြား၍ ခွေးသည်—

၁၈၆ အဓိဋ္ဌိတံ မေ မနသ္မိံ မေ၊ အထော မေ ဟဒယေ ကတံ။
ကာလဉ္ဉ ပဋိကင်္ခါမိ၊ ယာဝ ပဿုပတူ ဇနော။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

သာမိ၊ အရှင်။ တုမှေ၊ သင်တို့သည်။ ယံ ဝစနံ၊ အကြောင်စကားကို။ ကထေထ၊ ဆိုကုန်၏။ တံ ဝစနံ၊ ထိုစကားကို။ မေ၊ ငါ၏။ မနသ္မိံ၊ စိတ်၌။ မေ၊ ငါသည်။ အဓိဋ္ဌိတံ၊ ဆောက်တည်အပ်၏။ အထော၊ ထို့မှို့။ မေ၊ ငါသည်။ ဟဒယေ၊ နှလုံး၌။ ကတံ ကတော၊ ပြုအပ်သလျှင်ကတည်း။ ဇနော၊ လူမျှားသည်။ ယာဝ၊ အကြောင်မျှလောက်သော ကာလပတ်လုံး။ ပဿုပတု၊ အိပ်စေသတည်း။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ နိသီဒိဿာမိတိ၊ နေဦးအံ့ဟူ၍။ ကာလဉ္ဉ၊ ကာလကိုလည်း။ ပဋိကင်္ခါမိ၊ ငံ့လင့်၏။

ထိုခွေးသည် ဤသို့ဆို၍ လူအမျှားသည် အိပ်ပျော်ခြင်းသို့ ရောက်သည်ရှိသော် လွှန်ကိုစား၍ ဝသည်ဖြစ်၍ ပြေးလေ၍ မိမိ၏ အရှင်တို့၏ အိမ်သို့လျှင် သွား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခု အခါခွေးသည်သာလျှင် ထိုအခါ ခွေးဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ပညာရှိယောကျ်ားဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကိုယ်ရေးကိုယ်တာ၊ လွှတ်ကြောင်းရှာ၊ မျက်နှာရွှင်ရွှင်သုံး)

ဆယ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သုနခဇာတ်သည် ပြီး၏။

www.dhammadownload.com

၉၃- ဂုတ္တိလဇာတ်

ဇောင်းဝိဇ္ဇာ

ပစ္စုပ္ပန်ဝတ္ထု၊ နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် "သတ္တတန္တိံ သုမဓုရံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤဂုတ္တိလဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ဒေဝဒတ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကို ခဲ့ပြီးအံ့၊ တရားသဘင်၌ ရဟန်းတို့သည် ဒေဝဒတ်ကို ငါ့သျှင် ဒေဝဒတ် မြတ်စွာဘုရားသည် ငါ့သျှင်၏ ဆရာတည်း၊ ငါ့သျှင်သည် မြတ်စွာဘုရားကိုမှီ၍ ပိဋကတ်သုံးပုံတို့ကိုသင်၏၊ လေးပါးကုန်သော စျာန်တို့ကိုဖြစ်စေ၏၊ ဆရာ၏ရန်သူဖြစ်ခြင်းသည် မသင့်ဟု ဆိုကုန်၏၊ ဒေဝဒတ်သည် ငါ့သျှင်တို့ ရဟန်းဂေါတမသည် အဘယ်မှာလျှင် ငါ၏ဆရာ ဟုတ်အံ့နည်း ငါသည် မိမိ၏ အစွမ်းအားဖြင့်သာလျှင် ပိဋကတ်သုံးပုံတို့ကိုဌင်း လေးပါးကုန်သော စျာန်တို့ကို ဌင်း ဖြစ်စေအပ်သည်ဟု ဆို၍ ဆရာကို စွန့်၏၊ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ ဒေဝဒတ်သည် ဆရာကိုစွန့်၍ ဆရာဖြစ်သော ဘုရား၏ရန်သူဖြစ်၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်၏ဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်သော် အရှင်ဘုရား ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နှားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ဒေဝဒတ်လည် ယခုအခါ၌သာလျှင် ဆရာဖြစ်သော ငါ့ကိုစွန့်၍ ငါ၏ရန်သူဖြစ်၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်သည်မဟုတ်သေး၊ ရှေး၌လည်း ရောက်ဘူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဇောင်းသမားအမျိုး၌ ဖြစ်၏၊ ထိုဘုရားလောင်းအား **ဂုတ္တိလသတို့သား** ဟူသော အမည်ကို မှည့်ကုန်၏၊ ထိုဂုတ္တိလသည် အရွယ်သို့ ရောက်သည်ရှိသော် ဇောင်းအတတ်၌ အပြီးသို့ ရောက်၍ ဇမ္မူကျွန်းအလုံး၌ မြတ်သောဇောင်းသမား ဖြစ်၏၊ ထိုဂုတ္တိလ ဇောင်းသမားသည် သားမယားမွေးခြင်းကို မပြုမူ၍ မိဘမျက်မမြင်တို့ကို မွေးကျွေး၏၊ ထိုအခါ ဗာရာဏသီပြည်သားတို့သည် ကုန်သွယ်အံ့သောငှါ ဥဇ္ဇေနီ

www.dhammadownload.com

ပြည်သို့ သွားကုန်၍ ပဲ့သဘင်ကြွေးကြော် လတ်ကုန်သည်ရှိသော် ဆန္ဒကို တပေါင်းတည်း ပြည့်ကုန်၍ မျှားစွာသော ပန်း, နံ့သာ, နံ့သာပျော်းတို့ကိုဝင်း ခဲဘုယ်, ဘောဇဉ်အစရှိသည်တို့ကိုဝင်း ယူကုန်၍ ကစားရာ အရပ်၌ စည်းဝေး ကုန်၍ အခဖြင့် တယောက်သော စောင်းသမားကို ဆောင်ချေကုန်လျောဟု ဆိုကုန်၏၊ ထိုအခါ ဥဇ္ဇေနီပြည်၌ မူသိလအမည်ရှိသော စောင်းသမားကြီးသည် ရှိ၏၊ ထိုကုန်သည်တို့သည် **မူသိလ** စောင်းသမားကို ခေါ်စေကုန်၍ မိမိ၏ စောင်းတီးခြင်းအတတ်ကို ပြုစေကုန်၏။

မူသိလသည် စောင်းကိုတီးလတ်သည်ရှိသော် အမြတ်ဖြစ်သော တီးခြင်းဖြင့် တီး၍ မြည်စေ၏၊ ဂုတ္တိလ စောင်းသမား၏ စောင်းသံ၌ဖြစ်ဘူးသော လေ့ကျက်ခြင်းရှိကုန်သော ထိုကုန်သည်တို့အား ထိုမူသိလ၏ စောင်းသံသည် ဝါးခြမ်းစိပ် အတံ စောင်းကို တီးသကဲ့သို့ဖြစ်၍ ထင်၏၊ တယောက်သော ဿသည်မူလည်း ရှင်သော အခြင်းအရာကို မပြု၊ မူသိလသည် ထိုကုန်သည်တို့သည် နှစ်သက်သော အခြင်းအရာကို မပြုကုန်သည်ရှိသော် ငါသည် အလွန်ကြမ်းသည်ကို ပြု၍ တီးမိ ယောင်တကား၊ ဟု အလတ်ဖြစ်သော တီးခြင်းဖြင့် တီး၍ အလတ်ဖြစ်သော အသံကို မြည်စေသည်ရှိသော် ထိုအလတ်ဖြစ်သော အသံတို့၌ လျစ်လျူ တည်ကုန်သည်သာလျှင် ဖြစ်ကုန်၏- ထိုအခါထိုမူသိလသည် ဤသူတို့သည် တစုံ တခုကို မသိကုန်ယောင်တကား၊ မိမိသည်လည်း မသိသကဲ့သို့ဖြစ်၍ ညှို့တို့ကို လျော့သည်ကိုပြု၍ တီး၏၊ ထိုကုန်သည်တို့သည် ထိုသို့တီးရာ၌လည်း တစုံတခုကို မဆိုကုန်၊ ထိုအခါ ထိုကုန်သည်တို့ကို မူသိလသည် အို ကုန်သည်တို့ ငါသည် စောင်းကို တီးလတ်သော် သင်တို့သည် အဘယ်ကြောင့် မနှစ်သက်ကြကုန်သနည်းဟု မေး၏၊ သင်သည် စောင်းကိုဘီးသလော၊ ငါတို့သည်ကား ဤမူသိလသည် စောင်းကို တီး၏ဟူသော အမှတ်ကို မပြုကုန်ဟု ကုန်သည်တို့သည် ဆိုကုန်၏၊ သင်တို့သည် ငါ့ထက် လွန်မြတ်သော ဆရာကို သိကုန်သလော၊ ထိုသို့မဟုတ်မူကား မသိမလိမ္မာသည်၏အဖြစ်ကြောင့် မနှစ်သက်ကုန်သလောဟု ဆိုသည်ရှိသော် ကုန်သည်တို့သည် ဗာရာဏသီပြည်၌ ဂုတ္တိလ စောင်းသမား၏ စောင်းသံကို ကြားဘူးကုန်သော ငါတို့အား သင်၏စောင်းသံသည် မိန်းမ တို့သည် သူငယ်တို့ကို နှစ်သိမ့်စေသော အသံကဲ့သို့ ထင်ကုန်၏ဟု ဆိုကုန်၏၊ ထိုသို့တပြီးကား သင်တို့သည် ငါ့အား ပေးအပ်သော ရိက္ခာကို ခံယူကြကုန်လော့ ငါ့အား ထိုရိက္ခာဖြင့် အလိုမရှိ စင်စစ်သော်ကား ဗာရာဏသီပြည်သို့ သွားကုန်သည်ရှိသော် ငါ့ကိုဆောင်၍ သွားကုန်လော့ဟု မူသိလသည် ဆို၏၊ ထိုကုန်သည်

www.dhammadownload.com

တို့သည် ကောင်းပြီဟု ဝန်ခံကုန်၍ သွားသောကာလ၌ ထိုမူသိလကို ခေါ်၍ ဗာရာဏသီပြည်သို့ သွားကုန်၍ ထိုမူသိလအား ဂုတ္တိလ၏ နေရာအရပ်ကား ထိုအရပ်တည်းဟု ကြားကုန်၍ မိမိ မိမိတို့၏ အိမ်သို့ သွားကုန်၏။

မူသိလသည် ဘုရားလောင်း၏ အိမ်သို့ဝင်၍ ဆွဲ၍ထားအပ်သော စောင်းကို မြင်၍ ယူ၍ တီး၏၊ ထိုအခါ ဘုရားလောင်း၏ မိဘတို့သည် စက္ခုအလင်းမရသည်၏ အဖြစ်ကြောင့် ထိုမူသိလကို မမြင်ကုန်သည်ဖြစ်၍ ကြွက်တို့သည် စောင်းကို ကိုက်ကုန်၏ဟု ထင်ကုန်၍ သုသုဟု ဆိုကုန်၏၊ ထိုအခါ မူသိလသည် စောင်းကို ထား၍ ဘုရားလောင်း၏ မိဘတို့ကို ရှိခိုး၍ မိခင် ဘခင်တို့ စောင်းတီးသည်ကား ငါတည်းဟု ဆို၍ သင်သည် အဘယ်အရပ်မှ လာသနည်းဟု ဆိုသည် ရှိသော် ဆရာ၏အထံ၌ အတတ်ကို သင်အံ့သောငှါ ဥဇ္ဇေနီပြည်မှ လာ၏ဟု ဆို၏၊ ထိုဘုရားလောင်း၏ မိဘတို့သည် ကောင်းပြီဟု ဆိုသည်ရှိသော် ဆရာအဘယ်အရပ်မှာနည်းဟု မေး၍ အမောင် တပါးသို့ သွားသေး၏၊ ယခုအခါ ရောက်လတ္တံ့ဟု ဆိုသော စကားကို ကြား၍ ထိုအရပ်၌ပင်လျှင်နေ၍ ဘုရားလောင်းလာလတ်သည်ကိုမြင်၍ ထိုဘုရားလောင်းသည်ပြုအပ်သော အစေအစပ်ရှိသည်ဖြစ်၍ မိမိ၏ လာသောအကြောင်းကို ကြား၏၊ ဘုရားလောင်းသည် အင်္ဂဝိဇ္ဇာကို တတ်သည်ဖြစ်၍ ထိုမူသိလ၏ သူတော်မဟုတ်သည်၏ အဖြစ်ကို သိ၍ ညီထွေး သွားလေ၊ သင့်ဘို့ အတတ်သည် မရှိဟု ပယ်၏၊ ထိုမူသိလသည် ဘုရားလောင်း၏ မိဘတို့၏ ခြေတို့ကို ကိုင်၍ ဆုပ်နယ်ခြင်းကို ပြုလျက် ထိုမိဘတို့ကို ကြား၍ အကျွန်ုပ်အား အတတ်ကို ပေးပါစေကုန်လော့ဟု တောင်းပန်၏၊ ဘုရားလောင်းအား မိဘတို့သည် အဖန်တလဲလဲ ဆိုအပ်သည်ရှိသော် ထိုမိဘတို့ကို လွန်အံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ အတတ်ကို ပေး၏၊ ထိုမူသိလသည် ဘုရားလောင်းနှင့်တကွ မင်းအိမ်သို့ သွား၏၊ မင်းသည် မူသိလကို မြင်၍ ဆရာကျိသူကား အဘယ်သူနည်းဟုမေး၏ မြတ်သောမင်းကြီး ကျိသူကား အကျွန်ုပ်၏ တပည့်တည်းဟု လျှောက်၏၊ ထိုမူသိလသည် အစဉ်သဖြင့် မင်းအား အကျွမ်းဝင်ခြင်းသည် ဖြစ်၏၊ ဘုရားလောင်းသည် ဆရာ၏ လက်ဆုပ်ကို မပြုမူ၍ မိမိသိသော အမှတ်ဖြင့် အလုံးစုံသော အတတ်ကို သင်စေ၍ အမောင် အတတ်သည် ပြီး၏ဟု ဆို၏။

ထိုမူသိလသည် ငါသည် အတတ်ကို လေ့လာအပ်ပြီ၊ ဤဗာရာဏသီမြို့သည်လည်း ဇမ္ဗူကျွန်းအလုံး၌ မြတ်သော မြို့တည်း၊ ဆရာသည်လည်း အိုမင်းပြီ၊ ဤဗာရာဏသီမြို့၌လျှင် ငါသည် နေခြင်းငှါ သင့်၏ဟု ကြံ၏၊ ကြံပြီး၍

www.dhammadownload.com

ထိုမူသိလသည် ဆရာကို ဆရာ ကျွန်ုပ်သည် မင်းကိုခ,စားအံ့ဟု ဆို၏၊ ဆရာသည် အမောင် ကောင်းပြီ မင်းအား လျှောက်ဦးအံ့ဟု ဆို၍ သွားပြီးလျှင် မြတ်သော မင်းကြီး အကျွန်ုပ်၏တပည့်သည် အရှင်မင်းကြီးကို ခ,စားခြင်းငှါ အလိုရှိ၏၊ ထိုသူအား ပေးဘွယ်ဝတ္ထုကို သိတော်မူကုန်လော့ဟု မင်းအား လျှောက်၍ မင်းသည် သင်တို့အား ပေးအပ်သော ဝတ္ထုမှ ထက်ဝက်ကို ရလတ္တံ့ဟု ဆိုသည် ရှိသော် ထိုအကြောင်းကို မူသိလအား ကြား၏၊ မူသိလသည် ဆရာ ငါသည် သင်တို့နှင့်အမျှသော ဆုလာဘ်ကို ရသည်ရှိသော် ခ,စားအံ့၊ မရသည်ရှိသော် မခ,စားအံ့ဟု ဆို၏၊ အဘယ်ကြောင့်နည်းဟု ဆိုသည်ရှိသော် ငါသည် ဆရာတတ်သော အလုံးစုံသောအတတ်ကို တတ်သည် မဟုတ်တုံလောဟုဆို၏၊ တတ်၏ဟု ဘုရားလောင်းဆိုသည်ရှိသော် ဤသို့ဆရာနှင့်အမျှတတ်လျက်အဘယ်ကြောင့် ငါ့အား ထက်ဝက်သောဥစ္စာကိုသာပေးလတ္တံ့နည်းဟု ဆို၏၊ဘုရားလောင်းသည် မင်းအား ကြား၏၊ မင်းသည် ဆရာ ဤသို့ဖြစ်သည်ရှိသော် သင်တို့နှင့်အမျှ အတတ်ကို ပြခြင်းငှါ စုံမ်းနိုင်မူကား အမျှဖြစ်သော ဆုလာဘ်ကို ရလတ္တံ့ဟု ဆို၏၊ဘုရားလောင်းသည် မင်း၏ စကားကို မူသိလအား ကြား၍ ထိုမူသိလသည် ကောင်းပြီ ပြအံ့ဟု ဆိုသည်ရှိသော် မင်းအား ထိုအကြောင်းကို လျှောက်၍ ဆရာ ကောင်းပြီ ပြစေလော အဘယ်နေ၌ ဆေးနွေး ပြိုင်ဆိုင်ကြခြင်းသည် ဖြစ်လတ္တံ့နည်းဟု ဆိုသည်ရှိသော် မြတ်သောမင်းကြီး ခုနစ်ရက်မြောက်သော နေ့၌ ဖြစ်စေလော့ဟု လျှောက်၏။

မင်းသည် မူသိလကိုခေါ်စေ၍ မူသိလ သင်သည် ဆရာနှင့်တကွ အတတ်ပညာ ဆေးနွေးပြိုင်ဆိုင်ခြင်းကို ပြုလတ္တံ့ဟူ၍ကြားရသည်ကား မှန်သလောဟု မေး၍ မှန်ပေ၏ဟု လျှောက်သည်ရှိသော် မူသိလ ဆရာနှင့်တကွ ပြိုင်ဆိုင်ခြင်းမည်သည်ကား မအပ် မပြုလင့်ဟု မြစ်သော်လည်း မြတ်သောမင်းကြီး မသင့်အကျွန်ုပ်၏ ဆရာနှင့်တကွ ခုနစ်ရက်မြောက်သောနေ့၌ ပြိုင်ဆိုင်ဆေးနွေးခြင်းသည် ဖြစ်ပါစေသတည်း၊ ဆရာတပည့်နှစ်ယောက်တို့တွင် တယောက်ယောက်တတ်သည်၏အဖြစ်ကို သိရလတ္တံ့ဟု ဆို၏၊ မင်းသည် ကောင်းပြီဟု ဝန်ခံ၍ ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ဆရာ ဂုတ္တိလသည်၎င်း တပည့် မူသိလသည်၎င်း မင်းအိမ်တံခါး၌ အချင်းချင်း ပြိုင်ကြကုန်၍ အတတ်ကို ပြကုန်လတ္တံ့၊ မြို့သူတို့သည် စည်းဝေးကုန်၍ အတတ်ကို ကြည့်ကုန်လော့ဟု စည်လည်စေ၏၊ ဘုရားလောင်းသည် ကြံ၏၊ အသို့ကြံသနည်း ဟူမူကား ဤမူသိလသည် ငယ်နုပျိုမျစ်၏၊ ငါကား ကြီးရင့်ချေပြီ၊ အားအစုမ်း လျော့ချေဖြီ၊ သူအို၏ အမူအရာ

www.dhammadownload.com

မည်သည်ကား မပြည့်စုံ တပည့်မည်သည်ကား ရှုံးသော်လည်း အထူးမရှိ၊ တပည့်အား အောင်ခြင်းသည် ရှိလတ်သော် ဆရာသည် အရှက်ရချေ၏၊ တောသို့ဝင်၍သေခြင်းသည် ကောင်းမြတ်၏ဟု ကြံ၏၊ ကြံပြီး၍ ဘုရားလောင်းသည် တောသို့ဝင်၍ သေရအံ့သည်မှ ကြောက်သောကြောင့် ပြန်၏၊ ရှက်ရအံ့သည်မှ ကြောက်သောကြောင့် သွား၏၊ ဤသို့ ဘုရားလောင်းသည် သွားခြင်း လာခြင်းကို ပြုစဉ်သော်လျှင် ခြောက်ရက်တို့သည် လွန်ကုန်၏၊ မြက်တို့သည် သေကုန်၏၊ ခြေကြောင်းခရီးသည် ဖြစ်၏၊ ထိုခဏ သိကြားမင်း၏ နေရာ ကျောက်ဖျာသည် ပူသော အခြင်းအရာကို ပြ၏၊ သိကြားမင်းသည် ဆင်ခြင်လတ်သည်ရှိသော် ထိုအကြောင်းကို သိ၍ ဂုတ္တိလ စောင့်းသမားသည် တပည့်မှ ကြောက်ခြင်းကြောင့် တော၌ ကြီးစွာသောဆင်းရဲကိုခံရ၏၊ ငါသည် ထိုဂုတ္တိလ စောင်းသမား၏ ကိုးကွယ်ရာ ဖြစ်ခြင်းငှါ သင့်၏ဟု ကြံ၍ လျင်စွာလာလတ်၍ ဘုရားလောင်း၏ ရှေ့မှရပ်၍ ဆရာ ဆရာသည် အဘယ်ကြောင့် တောသို့ဝင်လေသနည်းဟု မေး၍ သင်သည် ဘယ်သူနည်းဟု မေးလတ်သည်ရှိသော် ငါသည် သိကြားမင်းဖြစ်၏ဟု ဆို၏၊ ထိုအခါ ထိုသိကြားမင်းကို ဘုရားလောင်းသည် သိကြားမင်း ငါသည်လျှင် တပည့်မှ ရှုံးအံ့သည်ကို ကြောက်ခြင်းကြောင့် တောသို့ ဝင်၏ဟု ဆို၍-

၁၀၇ သတ္တတန္တိံ သုမဓုရံ၊ ရာမဏေယျံ အဝါစယိံ။
သော မံ ရဂ်မှိ အဝေ့တိ၊ သရဏံ မေ ဟောဟိ ကောသိယ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဒေဝရာဇ၊ သိကြားမင်း။ အဟံ၊ ငါသည်။ မူသိလံ နာမ၊ မူသိလမည်သော။ အန္တေဝါသိကံ၊ တပည့်ကို။ သတ္တတန္တိံ၊ ညှို့ခုနစ်ချောင်းရှိထသော။ သုမဓုရံ၊ သုမဓုရ အမည်ရှိတသော။ ရာမဏေယျံ၊ မွေ့လျော်ဘွယ်ရှိထသော။ ဝိဏံ၊ စောင်းကို။ အဝဒန်၊ မိမိ၏။ ဇာနနနိယာမေန၊ သိသော အမှတ်ဖြင့်။ အဝါစယိံ၊ သင်၏။ သော၊ ထိုမူသိလသည်။ မံ၊ ငါ့ကို။ ဣဒါနိ၊ ယခုအခါ၌။ ရဂ်မှိ၊ ပဲ့သဘင်၏အလယ်သို့။ အဝေ့တိ၊ ခေါ်၏။ ကောသိယ၊ ကောသိယအနွယ်ဖြစ်သော သိကြားမင်း။ တံ၊ သင်သည်။ တသ္မာ-မေ၊ ထို့ငါ၏။ သရဏံ၊ ကိုးကွယ်ရာသည်။ ဟောဟိ၊ ဖြစ်ပါလော့။

သိကြားမင်းသည် ထိုဂုတ္တိလ၏ စကားကို ကြား၍ ဆရာ ဆရာသည် မကြောက်လင့်၊ ငါသည် ဆရာ၏ကိုးကွယ်ရာ မှီခိုရာဖြစ်အံ့ဟု ဆို၍-

www.dhammadownload.com

၁၈၈ အဟံ တံ သရဏံ သမ္မ၊ အဟမာစရိယ ပူဇကော။
နံ တံ ဇယိဿတိ သိဿော၊ သိဿမာစရိယ ဇေဿသိ။

ဟူသော နှစ်ခုတို့၏ပြည့်ဝကြောင်းဖြစ်သော ဂျိုဂါထာကို ဆို၏။

သမ္မ အာစရိယ၊ ကောင်းသောဆရာ။ အဟံ၊ ငါသည်။ တဝ၊ သင်၏။ သရဏံ၊ ကိုးကွယ်ရာဖြစ်၍။ တံ၊ သင့်ကို။ တာယိဿာမိ၊ ကယ်အံ့။ အာစရိယ၊ ဆရာ။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ ပူဇကော၊ ပူဇော်အံ့။ အာစရိယ၊ ဆရာ။ တံ၊ သင့်ကို။ သိဿော၊ တပည့် မူသိလသည်။ နံ ဇယိဿတိ၊ မအောင်လတ္တံ့။ အာစရိယ၊ ဆရာ။ ကံ့၊ သင်သည်။ သိဿံ၊ တပည့်မူသိလကို။ ဇေဿသိ၊ အောင်လတ္တံ့။


စင်စစ်သော်ကား သင်သည် စောင်းကို တီးလတ်သည်ရှိသော် ညို့တချောင်း ကိုဖြတ်၍ ညို့ခြောက်ချောင်းတို့ကို တီးလော့၊ သင့်စောင်းသည် ပကတိသော အသံသည် ဖြစ်လတ္တံ့၊ မူသိလသည်လည်း စောင်းညို့ကို ဖြတ်လတ္တံ့၊ ထိုအခါ ထို မူသိလ၏စောင်းသံသည် မဖြစ်လတ္တံ့၊ ထိုကဲ့ဒ် ထိုမူသိလသည် ရှုံးခြင်းသို့ ရောက်လတ္တံ့၊ ထိုအခါ ထိုမူသိလ၏ ရှုံးသည်၏အဖြစ်ကို သိ၍ နှစ်ခုမြောက် ဖြစ်သော ညို့ကိုဂင်း သုံးခုမြောက်ဖြစ်သော ညို့ကိုဂင်း လေးခုမြောက် ဖြစ်သော ညို့ကိုဂင်း ငါးခုမြောက်ဖြစ်သော ညို့ကိုဂင်း ခြောက်ခုမြောက် ဖြစ်သော ညို့ကိုဂင်း ခုနစ်ခုမြောက် ဖြစ်သော ညို့ကိုဂင်း ဖြတ်၍ စောင်းရိုး သက်သက်ကိုသာလျှင် တီးလော့ ဖြတ်အပ်သော စောင်းညို့စွန်းတို့မှ အသံသည် ထွက်လတ်၍ အလုံးစုံ တဆဲ့နှစ်ယူဇနာရှိသော ဗာရာဏသီမြို့ကို လွှမ်း၍ တည်လတ္တံ့ဟု ဤသို့ဆို၍ သိကြားမင်းသည် ဘုရားလောင်းအား စောင်း သုံးလက်တို့ကို ပေးလိုက်၍ တီးအပ်သော စောင်းသံဖြင့် မြို့အလုံးကို လွှမ်းသည်ရှိသော် ဤစောင်းသုံးလက်မှ စောင်းတလက်ကို ကောင်းကင်သို့ ပစ်လော့၊ ထိုသို့ပစ်သည်ရှိသော် သင်၏ရှေ့မှ သက်လာကုန်၍ နတ်သမီးသုံးရာ တို့သည် ကခုလာကုန်လတ္တံ့၊ ထိုနတ်သမီးတို့၏ ကသောကာလ၌ နှစ်ခုမြောက် သော စောင်းလက်ကို ပစ်ဦးလော့ ထိုသို့ပစ်သည်ရှိသော် တပါးလည်းဖြစ်ကုန် သော နတ်သမီး သုံးရာတို့သည်လည်း သင်၏ စောင်းဦး၌ ကကုန်လတ္တံ့၊ ထိုနောင်မှ သုံးခုမြောက်သော စောင်းလက်ကို ပစ်ဦးလော့၊ ထိုသို့ပစ်သည် ရှိသော် တပါးလည်းဖြစ်ကုန်သော နတ်သမီးသုံးရာတို့သည်လည်း သက်လာကုန်၍ ပဲ့သဘင်အပြင်၌ ကကုန်လတ္တံ့၊ ငါသည်လည်း ထိုပဲ့သဘင်ကို ရှုကုန်သော

www.dhammadownload.com

သူတို့၏ အဆံသို လာအံ့ သွားလေ မကြောက်လင့်ဟုဆို၏၊ ဘုရားလောင်းသည် နံနက်အခါ အိမ်သို့သွား၏၊ မြို့သူတို့သည် တံခါး၏အနီး၌ မကွယ်ကို ပြုကုန်၍ မင်း၏ နေရာကို ခင်းကုန်၏၊ မင်းသည် ပြာသာဒ်မှ သက်၍ တန်ဆာဆင်အပ်သော မကွယ်ဝယ် ပလ္လင်၏အလယ်၌ နေ၏၊ တသောင်းနှစ်ထောင်ကုန်သော တန်ဆာဆင်အပ်ကုန်သော မိန်းမတို့သည်ဌင်း အမတ်, ပုဏ္ဏား, သူကြွယ် အစရှိကုန်သော သူတို့သည်ဌင်း မင်းကိုခြံရံကုန်၏၊ ခပ်သိမ်းကုန်သော မြို့သူတို့သည် စည်းဝေးကုန်၏၊ မင်းယင်ပြင်၌ လှည်း အဆင့်ဆင့်တို့ကိုဌင်း ညောင်စောင်း အဆင့်ဆင့်တို့ကိုဌင်း ဖွဲ့ကုန်၏။

ဘုရားလောင်းသည် ရေချိုး၍ လျော်စွာ လိမ်းကျံ၍ အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်တို့ကို စား၍ စောင်းကိုယူခဲ့စေ၍ မိမိဘို့ ခင်းအပ်သော နေရာ၌ နေ၏၊ လူများသည် ခြံရံ၏၊ သိကြားမင်းသည် မထင်ရှားဟော ကိုယ်ဖြင့် လာလတ်၍ ကောင်းကင်၌ တည်၏၊ ဘုရားလောင်းသည် သာလျှင် သိကြားမင်းကိုမြင်၏၊ မူသိလသည်သည်း လာလတ်၍ မိမိနေရာ၌ နေ၏၊ လူများသည် ခြံရံ၏၊ အစမှလျှင် ဆရာတပည့်နှစ်ယောက်တို့သည်လည်း အမျှထပ်တူ တီးကြကုန်၏၊ လူအပေါင်းတို့သည်လည်း ဆရာတပည့်နှစ်ယောက်တို့အားလည်း စောင်းတီးခြင်းကို နှစ်သက်သည်ဖြစ်၍ များစွာ ကုန်သော ကြွေးကြော်ခြင်းတို့ကို ဖြစ်စေ၏၊ သိကြားမင်းသည် ကောင်းကင်၌ တည်၍ ဘုရားလောင်းကိုသာလျှင် ကြားစေလျက် ညှို့တခြောင်းကို ဖြတ်လော့ဟုဆို၏၊ ဘုရားလောင်းသည် စောင်းညှိုကို ဖြတ်၏၊ ထိုစောင်းညှို့သည် ပြတ်သော်လည်း ပြတ်သောအစွန်းမှ အသံထွက်သလျှင်ကတည်း၊ နတ်စောင်းသံကဲ့သို့ ဖြစ်၏၊ မူသိလလည်း စောင်းညှို့ကို ဖြတ်၏၊ ထိုဖြတ်အပ်သော စောင်းညှို့မှ အသံသည်မထွက်၊ ဆရာသည် နှစ်ခုမြောက်ဖြစ်သော စောင်းညှို့ကိုဌင်း သုံးခုမြောက်ဖြစ်သော စောင်းညှို့ကိုဌင်း လေးခုမြောက်ဖြစ်သော စောင်းညှို့ကိုဌင်း ငါးခုမြောက်ဖြစ်သော စောင်းညှိုကိုဌင်း ခြောက်ခုမြောက် ဖြစ်သော စောင်းညှို့ကိုဌင်း ခုနစ်ခုမြောက်ဖြစ်သော စောင်းညှို့ကိုဌင်း ဖြတ်၏၊ သက်သက်သော စောင်းရိုးကို ဟိုးသော ဘုရားလောင်း၏ စောင်းသံသည် ဗာရာဏသီမြို့ကို လွှမ်း၍ တည်၏၊ ပုဆိုးပစ်လွှားခြင်း အထောင်တို့ကိုဌင်း ကြွေးကြော်ခြင်း အထောင်တို့ကိုဌင်း ဖြစ်စေကုန်၏၊ ဘုရားလောင်းသည် စောင်းလက်တခုကို ကောင်းကင်သို့ ပစ်၏၊ နတ်သံုးသုံးရာတို့သည် သက်လာကုန်၍ က,ကုန်၏ ဤအတူ နှစ်ခုမြောက်သော စောင်းလက်ကိုဌင်း သုံးခုမြောက်သော စောင်း

(၂၄၄) ။ဝံဒဒ္ဒါဇာတ်ကို ယလွန်၏ ဦးဂဝထ ပို့ယဖဆေးဒဂဖ လတ်ပိ ဂဲဝဒ္ဒရြယဆ ၊ဌဝဇာလဘ်ပိ



www.dhammadownload.com

လက်ကိုဂုင်း ကောင်းကင်သို့ ပစ်သည်ရှိသော် သုံးရာ,သုံးရာကုန်သော နတ်သမီး တို့သည် သက်လာကုန်၍ က,ကုန်၏။

ထိုခဏ၌ မင်းသည် လူအပေါင်းအား မျက်စိကိုမှိတ်ခြင်း လည်ကိုညိတ်ခြင်း အမှတ်ကိုပေး၍၊ လူအပေါင်းသည် ထ၍ သင်သည် ဆရာနှင့်တကွ ဆန့်ကျင်ဘက် ပြု၍ တူမျှသော လာဘသက္ကာရ ရှိသည်ကို ပြုအံ့ဟူ၍ လုံ့လပြု၏၊ ပမာဏကို မသိဟု မူသိလကိုခြိမ်းချောက်၍ ကိုင်မိတိုင်း ကိုင်မိတိုင်းသာလျှင် ဖြစ်ကုန်သော ကျောက်ခဲ, လုံတံ အစရှိသည်တို့ဖြင့် မှုန့်မှုန့်ညက်ညက် ကြေစေ၍ အသက်ကုန် ခြင်းသို့ ရောက်စေ၍ ခြေတို့ကိုကိုင်၍ တံမြက်ခြေး အမှိုက်စုရာအရပ်၌ စွန့်ပစ်၏၊ မင်းသည် နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ တခဲနက်သော မိုးကို ရွာစေဘိ သကဲ့သို့ ဘုရားလောင်းအား များစွာသော ဥစ္စာကို ပေး၏၊ ထို့အဘူ မြို့သူ တို့သည် များစွာသော ဥစ္စာတို့ကို ပေးကုန်၏၊ သိကြားမင်း သည်လည်း ဘုရားလောင်းနှင့်တကွ စေ့စပ်ခြင်းကိုပြု၍ ပညာရှိ ငါသည် သင့်ဘို့ အာဇာနည် မြင်းတထောင် က,သော ရထားကိုယူ၍ သွားချေဟု မာတလိ နတ်သားကို စေလိုက်အံ့၊ အာဇာနည်မြင်း တထောင် က,သော ဝေဇယန္တာ ရထားမြတ်ကို စီး၍ နတ်ပြည်သို့ လိုက်လာခဲ့လော့ဟု ဆို၍ ဖွဲ့၏။

ထိုအခါ၌ သွား၍ ပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌ နေသော ထိုသိကြား မင်းကို မြတ်သော မင်းကြီး အရှင်တို့သည် အဘယ်သို့ ကြွကုန်သနည်းဟု နတ်သမီးတို့သည် မေးကုန်၏၊ သိကြားမင်းသည် ထိုနတ်သမီးတို့အား ထို အကြောင်းကို အကျယ်အားဖြင့်ဆို၍ ဘုရားလောင်း၏ သီလကိုဂုင်း ကျေးဇူးကို ဂုင်း ချီးမွမ်း၏၊ နတ်သမီးတို့သည် မြတ်သော မင်းကြီး အကျွန်ုပ်တို့သည်လည်း ဆရာကို ဖူးလိုကုန်၏၊ ထိုဆရာကို ဤနတ်ပြည်သို့ ပင့်ဆောင်တော်မူပါကုန် လောဟု လျှောက်ကုန်၏၊ သိကြားမင်းသည် မာတလိနတ်သားကို ခေါ်၍ အမောင် မာတလိ နတ်သမီးတို့သည် ဂုတ္တိလ စောင်းသမားကို ဖူးလိုကုန်၏၊ သွားခေျ ထိုဂုတ္တိလ စောင်းသမားကို ဝေဇယန္တာ ရထား၌ စီးစေ၍ ပင့်ဆောင် ခေျလော့ဟု ဆို၍ မာတလိ နတ်သားသည် ကောင်းပြီးဟု သွား၍ ဘုရား လောင်းကို ပင့်ဆောင်၏၊သိကြားမင်းသည် ဘုရားလောင်းနှင့်တကွ ဝမ်းမြောက် ဝမ်းသာ ပြောဟော၍ ဆရာ ဆရာ၏စောင်းသံကို နတ်သမီးတို့သည် နားထောင် လိုကုန်သတည်းဟု ဆို၏၊ မြတ်သော မင်းကြီး အကျွန်ုပ်တို့ စောင်းသမားတို့ မည်သည်ကား အတတ်ကို မှီကုန်၍ အသက်မွေးရကုန်၏၊ အဘိုးရကုန်သည်

www.dhammadownload.com

ရှိသော် တီးရချေကုန်အံ့ဟု ဆို၏၊ဆရာ တီးလော့၊ သင့်အား အဘိုးကို ပေးအံ့ဟု ဆိုသည်ရှိသော် ငါ့အား တပါးသော အဘိုးဖြင့် အလိုမရှိ၊ ဤနတ်သမီးတို့သည်ကား မိမိ၏ကောင်းမှုကံကို ဆိုစေကုန်သတည်း၊ ဤသို့ ဆိုသည်ရှိသော် ငါသည် တီးအံ့ဟု ဆို၏၊ ထိုအခါ ဂုတ္တိလ စောင်းသမားကို နတ်သမီးတို့သည် ဆရာ ငါတို့သည် ပြုအပ်သော ကောင်းမှုကံကို နောက်မှ သင့်အား ဆိုကုန်အံ့၊ စောင်းကို တီးလော့ဟု ဆိုကုန်၏၊ ဘုရားလောင်းသည် ခုနစ်ရက်ပတ်လုံးနတ်တို့၏ အကျိုးငှါ စောင်းကို တီး၏ ထိုစောင်းသည် နတ်စောင်းကို လွှမ်းမိုး၍ ဖြစ်၏၊ ခုနစ်ရက်မြောက်သောနေ့၌ အစမှစ၍ နတ်သမီးတို့၏ ကောင်းမှုကံကို မေး၏၊ တယောက်သော နတ်သမီးသည် ကဿပဘုရား ပွင့်တော်မူသော ကာလ၌ တပါးသော ရဟန်းအား မြတ်သောအဝတ်ကို လှူသောကြောင့် သိကြားမင်း၏ အလုပ် အကျွေးဖြစ်၏၊ ဂုတ္တိလ စောင်းသမားသည် ထိုနတ်သမီးကို နတ်သမီး သင်သည် ရှေးဘဝ၌ အဘယ်ကောင်းမှုကို ပြုသောကြောင့် နတ်သမီးတထောင် အခြွေအရံကို ဆောင်သော မြတ်သော အဝတ်ရှိသော နတ်သမီးဖြစ်သနည်းဟု မေး၏၊ ထိုဂုတ္တိလ စောင်းသမား၏ မေးသော အခြင်းအရာသည်ဌင်း နတ်သမီးတို့၏ ဖြေသော အခြင်းအရာသည်ဌင်း ဝိမာနဝတ္ထု၌ လာသလျှင်ကတည်း၊ ထိုစကားသည် မှန်၏၊ ထိုဝိမာနဝတ္ထု၌-

အဘိက္ကန္တေန ဝဏ္ဏေန၊ ယာ တုံ တိဋ္ဌသိ ဒေဝတေ။
ဩဘာသန္တီ ဒိသာ သဗ္ဗာ၊ ဩသဓီ ဝိယ တာရကာ။

ကေန တေတာဒိသော ဝဏ္ဏော၊ ကေန တေ ဣဓ မိဇ္ဈတိ။
ဥပပဇ္ဇန္တိ စ တေ ဘောဂါ၊ ယေ ကေစိ မနသော ပိယာ။

ပုစ္ဆာမိ တံ ဒေဝိ မဟာနုဘာဝေ၊
မနုဿဘူတာ ကမကာသိ ပုညံ။
ကေနသိ ဧဝံ ဇလိတာနုဘာဝါ၊
ဝဏ္ဏော စ တေ သဗ္ဗဒိသာ ပဘာသတိ။

ဝတ္ထုတ္တမဒါယိကာ နာရီ၊ ပဝရာ ဟောတိ နရေသု နာရိသု။
ဧဝံ ပိယရူပဒါယိကာ မနာပံ၊ ဒိဋ္ဌံ သာ လဘတေ ဥပေစ္စ ဋ္ဌာနံ။

တဿာ မေ ပဿ ဝိမာနံ၊ အစ္ဆရာ ကာမဝဏ္ဏိနီဟမသ္မိ။
အစ္ဆရာသဟဿဿာဟံ၊ ပဝရာ ပဿ ပုညာနံ ဝိပါကံ။

www.dhammadownload.com

တေန မေ တာဒိသော ဝဏ္ဏော၊ တေန ဖေ ဣဓ မိဇ္ဈတိ။
ဥပပဇ္ဇန္တိ စ မေ ဘောဂါ၊ ယေ ကေစိ မနသော ပိယာ။
တေ နမ္မိ ဧဝံ ဇလိတာနုဘာဝါ၊
ဝဏ္ဏော စ မေ သဗ္ဗာ ဒိသာ ပဘာသတိ။
ဟူ၍ ဆိုအပ်၏။

ဒေဝတေ၊ နတ်သမီး။ ယာတ္ထံ၊ အကြင် သင်သည်။ ဩသဓီ၊ ဩသဓီ အမည် ရှိသော။ တာရကာ ဝိယ၊ ကြယ်ကဲ့သို့။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဒိသာ၊ အရပ်မျက်နှာတို့ကို။ ဩဘာသန္တီ၊ ထွန်းပစေလျက်။ အဘိက္ကန္တေန၊ အလွန်လှသော။ ဝဏ္ဏေန၊ အဆင်းဖြင့်။ တိဋ္ဌသိ၊ တည်၏။

ကေန၊အဘယ့်ကြောင့်။ တေ၊ သင်၏။ ဝဏ္ဏော၊ အဆင်းသည်။တာဒိသော၊ ထိုသို့ သာဘောရှိသနည်း။ ကေန၊ အဘယ့်ကြောင့်။ တေ၊ သင့်အား။ ဣဓ၊ ဤနတ်ပြည်၌။ ဣဇ္ဈတိ၊ ပြည့်စုံသနည်း။ ကေန၊ အဘယ့်ကြောင့်။ တေ၊ သင့်အား။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ မနသော၊ စိတ်အား။ ပိယာ၊ ချစ်အပ် ကုန်သော။ ဘောဂါ စ၊ စည်းစိမ်တို့သည်လည်း။ ဥပပဇ္ဇန္တိ၊ ဖြစ်ကုန်သနည်း။

မဟာနုဘာဝေ၊ ကြီးသောအာနုဘော်ရှိသော။ ဒေဝိ၊နတ်သမီး။တံ၊ သင့်ကို။ ပုစ္ဆာမိ၊ ငါမေး၏။ မနုဿဘူတာ၊ လူဖြစ်၍ဖြစ်သော သင်သည်။ ကိံ ပုညံ၊ အဘယ်ကောင်းမှုကံကို။ အကာသိ၊ ပြုဘူးသနည်း။ တွံ၊ သင်သည်။ ကေန၊ အဘယ်ကောင်းမှုကြောင့်။ ဧဝံ၊ ဤသို့။ ဇလိတာနုဘာဝါ၊ ထွန်းပသော အာနုဘော်ရှိသည်။ အသိ၊ ဖြစ်သနည်း။ ကေန၊ အဘယ်ကောင်းမှုကြောင့်။ တေ၊ သင်၏။ ဝဏ္ဏော စ၊ အဆင်းသည်လည်း။သဗ္ဗဒိသာ၊ ခပ်သိမ်းကုန်သော အရပ်မျက်နှာတို့ကို။ ပဘာသတိ၊ ထွန်းပသနည်း။ ဣတိ၊ ဤသို့။ ပုဋ္ဌော၊ မေးအပ်သည်ရှိသော်။

ဘဂ္ဂေ၊ အရှင်ဘုရား။နရေသု စ၊ ယောကျ်ားတို့တွင်၎င်း။ နာရီသု စ၊ မိန်းမတို့ဘွင်၎င်း။ဝတ္ထုတ္တမဒါယိကာ၊မြတ်သောအဝတ်ကိုလူသော်။နာရီ၊ မိန်းမသည်။ ပဝရာ၊ မြတ်သည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ပိယရူပဒါယိကာ၊ ချစ်ဘွယ်သော သဘောရှိသော ဝတ္ထုကိုလှူသော။ သာ နာရီ၊ ထိုမိန်းမသည်။ ဌာနံ၊

www.dhammadownload.com

နတ်ပြည်အရပ်သို့။ ဥပေစ္ခ၊ ကပ်၍။ ဒီဗ္ဗံ၊ နတ်၌ဖြစ်သော။ မနာပံ၊ နှစ်လိုဘွယ်သောဝတ္ထုကို။ လဘတေ၊ ရ၏။

ဘန္တေ၊ အရှင်ဘုရား။တွံ၊ အရှင်ဘုရားသည်။ တဿာ မေ၊ ထိုအကျွန်ုပ်၏။ ဝိမာနံ၊ ဗိမာန်ကို။ ပဿ၊ ရှုပါလော့။ အဟံ၊ အကျွန်ုပ်သည်။ကာမဝဏ္ဏိနိ၊ နှစ်လိုဘွယ်သော အဆင်းရှိသည်။ အသ္မိ၊ ဖြစ်၏။ အဟံ၊ အကျွန်ုပ်သည်။ အစ္ဆရာသဟဿ-အစ္ဆရာသဟဿာနံ၊ နတ်သမီးတထောင်တို့ထက်။ ပဝရာ၊ မြတ်သော။ အစ္ဆရာ၊ နတ်သမီးသည်။ အသ္မိ၊ ဖြစ်၏။ ပုညာနံ။ ကောင်းမှုတို့၏။ ဝိပါကံ၊ အကျိုးကို။ ပဿ၊ ရှုတော်မူပါလော့။

ဘန္တေ၊ အရှင်ဘုရား။ တေန၊ ထိုမြတ်သော အဝတ်အလှူကြောင့်။ မေ၊ အကျွန်ုပ်၏။ ဝဏ္ဏော၊ အဆင်းသည်။ တာဒိသော၊ ထိုသို့သဘောရှိ၏။ တေန၊ ထိုမြတ်သောအလှူကြောင့်။ မေ၊ အကျွန်ုပ်အား။ ဣဓ၊ ဤနတ်ပြည်၌။ ဣဒ္ဓိတိ၊ ပြည့်စုံ၏။ကေန၊ ထိုမြတ်သော အဝတ်အလှူကြောင့်။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ မနသော၊ စိတ်အား။ ပိယာ၊ ချစ်အပ်ကုန်သော။ ဘောဂါ၊ စည်းစိမ်တို့သည်။ မေ၊ အကျွန်ုပ်အား။ ဥပဋ္ဌန္တိ၊ ဖြစ်ကုန်သလျင်ကတည်း။

တေန၊ထိုမြတ်သောအဝတ်အလှူကြောင့်။အဟံ၊အကျွန်ုပ်သည်။ ဧဝံ၊ ဤသို့။ ဇလိတာနုဘာဝဝါ၊ ထွန်းပသော အာနုဘော် ရှိသည်။ အသ္မိ၊ ဖြစ်၏။ မေ၊ အကျွန်ုပ်၏။ ဝဏ္ဏော စ၊ အဆင်းသည်လည်း။ သဗ္ဗာဒိသာ၊ ခပ်သိမ်းကုန်သော အရပ်မျက်နှာတို့ကို။ ပဘာသတိ၊ ထွန်းပ၏။ ဣတိ၊ ဤသို့။ ဝိသဇ္ဇေတိ၊ ဖြေ၏။

တယောက်သောနတ်သမီးသည် ဆုမ်းခံသူးသော ရဟန်းအား ပူဇော်အံ့သောငှါ ပန်းတို့ကို လှူ၏၊ တယောက်သော နတ်သမီးသည် စေတီ၌ နံ့သာလက်ငါးချောင်းရာကို လှူပါကုန်၏ဟု ဆို၍ နံ့သာတို့ကို လှူ၏။ တယောက်သော နတ်သမီးသည် ချို့သော အရသာရှိကုန်သော သစ်သီး ကြီးငယ်တို့ကို လှူ၏၊ တယောက်သော နတ်သမီးသည် မြတ်သောအရသာတို့ကို လှူ၏၊ တယောက်သောနတ်သမီးသည် ကဿပမြတ်စွာဘုရား စေတီတော်၌ နံ့သာလက်ငါးချောင်းရာတို့ကို လှူ၏၊ တယောက်သောနတ်သမီးသည် ဒါယကာအိမ်၌ နားလာ နေကုန်သော ခရီးသွား ရဟန်းယောကျ်ား, ရဟန်းမိန်းမတို့၏ အထံ၌ တရားကိုနာ၏၊

www.dhammadownload.com

တယောက်သော နတ်သမီးသည် လှေ၌ ဆုံမ်းဘုဉ်းပေးသော ရဟန်းအား ရေကို ကပ်လှူ၏၊ တယောက်သောနတ်သမီးသည် အိမ်၏ အလယ်၌ နေလျက် အမျက် မထွက်သည်ဖြစ်၍ ယောကျ်ားသူ, ယောကျ်ားမိန်းမသူတို့၏ ဝတ်ကို ပြု၏၊ တယောက်သောနတ်သမီးသည် မိမိရသောအဘို့မှ ခဲ့ခြမ်းဝေဘန်၍ သီလ ရှိသောပုဂ္ဂိုလ်အား လှူ၏၊တယောက်သောနတ်သမီးသည် သူ့အိမ်၌ ကျွန်မဖြစ်၍ အမျက်မာန် မရှိသည်ဖြစ်၍ မိမိရအပ်သောအဘို့မှ ခဲ့ခြမ်းဝေဘန်၍ ပေးလှူ ခြင်းကိုပြု၍ သိကြားမင်း၏အလုပ်အကျေးအားဖြင့် ဖြစ်၏၊ ဤသို့အစရှိသော အပြားအားဖြင့် ဂုတ္တိလဝိမာန၀တ္ထု၌ လာကုန်သော အလုံးစုံသော သုံးကျိပ် ခြောက်ယောက်ကုန်သော နတ်သမီးတို့သည် အကြင်အကြင်ကောင်းမှုကိုပြုကုန်၍ ထိုနတ်ပြည်၌ ဖြစ်ကုန်၏၊ ထိုအလုံးစုံသော ကောင်းမှုကို ဘုရားလောင်းသည် မေး၏၊ နတ်သမီးတို့သည်လည်း ထိုဘုရားလောင်းအား မိမိတို့သည် ပြုအပ်သော ကောင်းမှုကို ဂါထာတို့ဖြင့်သာလျှင် ဖြေကုန်၏၊ ထိုစကားကိုကြား၍ ဘုရား လောင်းသည် အကြင်ဂါသည် ဤနတ်ပြည်သို့ရောက်၍ အနည်းငယ်မျှလည်း ဖြစ်သော ကောင်းမှုကြောင့် ရအပ်ကုန်သော စည်းစိမ်တို့ကို ကြားရပေပြီ၊ ထို၀ါ၏ လူ၏အဖြစ်ကို ရခြင်းသည်ကား ကောင်းသောရခြင်း ပေတကားဟု ဤအခါမှစ၍ လူ့ပြည်သို့သွား၍ ဒါန အစရှိသော ကုသိုလ်ကံတို့ကိုသာလျှင် ပြုအံ့ဟု ဆို၍ ယခု ဂါ၏လာခြင်းသည်ကား ကောင်းသောလာခြင်းပေတကား၊ မိုးသောက်ခြင်းသည်ကား ကောင်းသော မိုးသောက်ခြင်းပေတကား၊ ဂါသည် အစ္ဆရာဟု ဆိုအပ်ကုန်သော နှစ်လိုဘွယ် အဆင်းရှိကုန်သော နတ်သမီးတို့ကို မြင်ရပေပြီ၊ ဤနတ်သမီးတို့၏ တရားကို နာရ၍ ဂါသည်သာ မျှားစ့ဲသော ကုသိုလ်ကို ပြုအံ့၊ သတ္တ၀ါတို့သည် အကြင်နတ်ပြည်သို့ရောက်ကုန်၍ မစိုးရိမ်ကုန်၊ ထို၀ါသည် အလှူပေးသဖြင့်၎င်း ညီညွတ်စ့ဲသာ ကျင့်သဖြင့်၎င်း ကိုယ်နှုတ်နှလုံးကို စောင့်ရှောက်ခြင်းဖြင့်၎င်း စကြ၀ဠာသည်ကို ဆုံးမသဖြင့်၎င်း နတ်ပြည်သို့ လားရပေအံ့ဟု ဤဥဒါန်းကို ကျူးရင့်၏။

ထိုအခါ ထိုဘုရားလောင်းကို ခုနစ်ရက်လွန်သဖြင့် သိကြားနတ်မင်းသည် မာတလိအမည်ရှိသော နတ်သားကိုခေါ်၍ ရထား၌ စီးစေပြီးသော် ဗာရာဏသီ ပြည်သို့ ပို့စေ၏၊ ဘုရားလောင်းသည် ဗာရာဏသီပြည်သို့ ရောက်၍ နတ်ပြည်၌ မိမိသည် မြင်ခဲ့ရသော အကြောင်းကို လူတို့အား ပြောကြား၏၊ ထိုအခါမှစ၍ လူတို့သည် အားကုတ်ခြင်း ရှိကြကုန်၍ ကောင်းမှုတို့ကို ပြုအံ့ဇလာဌာ အောက်မေ့ကုန်၏။

www.dhammadownload.com

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုဘဝ၌ မူသိလစောင်းသမား ဖြစ်ဘူးပြီ၊ ယခုအခါ အနုရုဒ္ဓါသည် ထိုဘဝ၌ သိကြား ဖြစ်ဘူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ဂုတ္တိလ စောင်းသမား ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အတတ်ပညာ၊ သင်ဆရာအား၊ ပညာအန်တု၊ ဖက်ပြိုင်ပြု၊ လူထုရွံကာမှုန်း)
သုံးပုဒ်တို့၏ပြည့်စေကြာင်းဖြစ်သော ဂုတ္တိလဇာတ်သည် ပြီး၏။

၉၄-ဝိဂတိဆ္ဆဇာတ်

ပရိဗိုဇ်ပြေး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ယံ ပဿတိ တံ န လ္ဟစ္ဆတိ" အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ဝိဂတိစ္ဆဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **တယောက်သော ပြေးသောပရိဗိုဇ်**ကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုပရိဗိုဇ်သည် ဇမ္ဗူကျွန်းအလုံး၌ ပြောဆိုဘက်ကိုမရ၍ သာဝတ္ထိပြည်သို့ လာပြီးသော် ငါနှင့်ကွ ပြောဆိုခြင်းကို ပြုအံ့သောငှါ အဘယ်သူသည် စွမ်းနိုင်အံ့နည်းဟု မေး၍ ဘုရားရှိ၏ဟုကြား၍ လူအများ ခြံရံလျက် ဇေတဝန် ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ပရိသတ် လေးပါးအလယ်၌ တရားကိုဟောစဉ် ပြဿနာကို မေးသတတ်၊ ထိုအခါ မြတ်စွာဘုရားသည် ထိုပရိဗိုဇ်၏ ပြဿနာကို ဖြေတော်မူ၍ တခုမည်သည်ကား အဘယ်နည်းဟု ပြဿနာကို မေး၏၊ ထိုပရိဗိုဇ်သည် ပြဿနာကို ဖြေအံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ ထ၍ ပြေးလေ၏၊ စည်းဝေးကုန်သော ပရိသတ်တို့သည် အရှင်ဘုရား အရှင်ဘုရားသည် တပုဒ်ထည်းဖြင့်သာလျှင် ပရိဗိုဇ်ကို နှိပ်မိ၏ဟု လျှောက်ကုန်၏၊ မြတ်စွာဘုရားသည် ဒါယကာတို့ ငါသည် ယခုအခါ၌သာလျှင် ထိုပရိဗိုဇ်ကို တပုဒ်တည်းဖြင့်သာလျှင် နှိပ်မိသည် မဟုတ်သေး၊ ရှေး၌လည်း နှိပ်ဘူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

www.dhammadownload.com

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသံ့ မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိတိုင်းဝယ် ပုဏ္ဏားမျိုးဥစ္စာဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ဝတ္ထုကာမ, ကိလေသာကာမတို့ကို စွန့်၍ ရဿေ့ရဟန်း အဖြစ်သို့ကပ်၍ ရှည်စွာသော ကာလပတ်လုံး ဟိမဝန္တာ၌ နေ၏၊ ထိုဘုရားလောင်းသည် တောင်မှသက်၍ တခုသောနိုဂုံးရွာကို အမှီပြု၍ မြစ်ကွေ့၌ သစ်ရွက်မိုးသော သခ်ိမ်း၌ နေ၏၊ ထိုအခါ တယောက်သော ပရိဗိုဇ်သည် အလုံးစုံသော ဇမ္မူဒိပ်၌ ပြောဆိုဘက်ကိုမရ၍ ထိုနိဂုံးသို့ရောက်၍ ငါနှင့်တကွ ပြောဆိုခြင်းငှါ စွမ်းနိုင်သော တစုံတယောက်သော သူသည် ရှိသလောဟုမေး၍ ရှိ၏ဟု ဘုရားလောင်း၏ အာနုဘော်ကို ကြား၍ လူမျှားခြံရံလျက် ထိုဘုရားလောင်း၏ နေရာအရပ်သို့ သွား၍ ပဋိသန္ထာရကိုပြု၍ နေ၏၊ ထိုအခါ ထိုပရိဗိုဇ်ကို ဘုရားလောင်းသည် အဆင်း, အနံ့တို့နှင့် ပြည့်စုံသော ပန်းတို့ကို ထုံအပ်သော ဂန္ဓကုဋီရောက်သို့ သောက်လတ္တံ့လောဟု မေး၏၊ ပရိဗိုဇ်သည် ဝါဒဖြင့် လွှမ်းမိုး၍ ဂန္ဓကုဋီသည်ကား အဘယ်နည်း၊ ဂန္ဓကုဋီ၏ ဤမှာဘက်ကမ်းကား အဘယ်နည်း၊ ဂန္ဓကုဋီ၏ ထိုမှာဘက်ကမ်းကား အဘယ်နည်းဟု မေး၏၊ ဘုရားလောင်းသည်ကား "ပရိဗိုဇ် သင်သည် ရောက်ဉင်း သဲကိုဉင်း ဤမှာဘက်ကမ်းကိုဉင်း ထိုမှာဘက်ကမ်းကိုဉင်း ထား၍ ဂန္ဓကုဋီကို အဘယ်မှာ ရလတ္တံ့နည်း" ဟုဆို၏၊ ပရိဗိုဇ်သည် ဆိုဘွယ်မဲ့လျှင်း ပညာကင်းသည်ဖြစ်၍ ထ၍ ပြေး၏၊ ထိုပရိဗိုဇ်သည် ပြေးသည်ရှိသော် ဘုရားလောင်းသည် စည်းဝေးသော ပရိသတ်အား တရားဟောလိုသည်ဖြစ်၍–

၁၈၉ ယံ ပဿတိ တံ နှ ဣစ္ဆတိ၊ ယဉ္စ နှ ပဿတိ တံ တိရိစ္ဆတိ။
မညာမိ စိရံ စရိဿတိ၊ နှ ဟိ တံ လစ္ဆတိ ယံ သ ဣစ္ဆတိ။

၁၉၀ ယံ လဘတိ နှ တေန တုဿတိ၊ ယံ စ ပတ္ထေတိ လဒ္ဓံ ဟိဋ္ဌေတိ။
ဣစ္ဆာ ဟိ အနန္တကေ ဓေစရာ၊ ဝိဂတိစ္ဆာနံ[1] နုမော ကရောမသေ။

ဟူသော ဤဂါထာတို့ကို ဆို၏။

ဘောန္တော၊ အချင်းတို့။ ယော ပရိဗ္ဗာဇကော၊ အကြင်ပရိဗိုဇ်သည်။ ယံ၊ အကြင် ရေအစရှိသည်ကို။ ပဿတိ၊ မြင်၏။ တံ၊ ထိုရေအစရှိသည်ကို။ နှ ဣစ္ဆတိ၊ ဂန္ဓကုဋီဟူ၍ အလိုမရှိ။ ယဉ္စ၊ အကြင်ရေ အစရှိသည်တို့မှ လွတ်သော

---

၁ ဝိတိစ္ဆာနံ (သီ၊ ဋ္ဌ)

www.dhammadownload.com

ဝတ္ထုကိုလည်း။ နပသာထိ၊ မမြင်။ တံ၊ ထိုရေအစရှိသည်တို့မှ လွတ်သော ဝတ္ထုကို။ ဣစ္ဆတိ ကိရ၊ ဂင်္ဂါဟူ၍ အလိုရှိသတတ်။ အယံ ပရိဗ္ဗာဇကော၊ ဤ ပရိဗိုဇ်သည်။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဂင်္ဂံ၊ ဂင်္ဂါကို။ ပရိယေသန္တော၊ ရှာလျက်။ စိရံ၊ ကြာမြင့်စွာ။ စရိဿတိ မညာမိ၊ သွားရလတ္တံ့ဟု ထင်မိ၏။ အယံ ပရိဗ္ဗာဇကော၊ ဤပရိဗိုဇ်သည်။ ဥဒကာဒိဝိနိမုတ္တံ၊ ရေအစရှိသည်မှ လွတ်သော။ ဂင်္ဂံ၊ ဂင်္ဂါကို ပရိယေသတိ ယထာ၊ ရှာသကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ရူဂါဒိဝိမုတ္တံ၊ ရုပ်အစရှိသည်မှလွတ်သော။ အတ္တာနံပိ၊ ကိုယ်ကိုလည်း။ ပရိယေသန္တော၊ ရှာလျက်။ သံသာရေ၊ သံသရာ၌။ စိရံ၊ ကြာမြင့်စွာ။ စရိဿတိ မညာမိ၊ ကျင်လည်ရလတ္တံ့ဟုထင်မိ၏။စိရံ၊ ကြာမြင့်စွာ။ စရန္တောပိ၊ လှည့်ပတ်ကျင်လည်သော်လည်း။ သ-သော၊ ထိုပရိဗိုဇ်သည်။ ယံ၊ အကြင်သို့ သဘောရှိသော ဂင်္ဂါအတ္တဇောကို။ ဣစ္ဆတိ၊ အလိုရှိ၏။ တံ၊ ထိုသို့ သဘောရှိသော ဂင်္ဂါအတ္တဘောကို။ နဟိ လစ္ဆတိ၊ မရလတ္တံ့သလျင်ကတည်း။

ယံ၊ အကြင်သို့ သဘောရှိသော ရေအစရှိသော ဝတ္ထု ရူပါရုံအစရှိသည်ကို။ လဘတိ၊ ရ၏။ တေန၊ ထိုရေအစရှိသောဝတ္ထု ရူပါရုံ အစရှိသည်ဖြင့်။ နတုဿတိ၊ မနှစ်သက်။ ဧဝရူပံ၊ ဤသို့သဘောရှိသော ဝတ္ထုကို။ လဒ္ဓေန၊ ရသဖြင့်။ အတုဿန္တော၊ မနှစ်သက်သောသူသည်။ ယံ၊ အကြင်စည်းစိမ်ကို။ ပတ္ထေတိ၊ တောင့်တ၏။ တံ၊ ထိုစည်းစိမ်ကို။ လဒ္ဓံ၊ရ၍။ တောယ၊ထိုစည်းစိမ်ဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဣတိ၊ ဤသို့။ ဟိဋ္ဌေတိ မထေမဲ့မြင် အောက်မေ့၏။ ဣစ္ဆာ၊ တဏှာသည်။ အနန္တဂေါစရာ၊ အဆုံးမရှိသော အာရုံရှိသည်။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ ဝိဂတိစ္ဆာန-ဝိဂတိစ္ဆာနံ။ တဏှာကင်းတော်မူကုန်ပြီးသော ဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့အား။ မယံ၊ ငါတို့သည်။ နမော၊ ရှိခိုးခြင်းကို။ ကရောမသေ၊ ပြုပါကုန်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ခမမဒေသနာကို ဆောင်တော်မူ၍ ဒါယကာတို့ ယခုအခါပရိဗိုဇ်သည် ထိုအခါ ပရိဗိုဇ်ဖြစ်ဘူးပြီ။ယခုအခါ ငါဘုရားသည်သာလျင် ထိုအခါ ရဿဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မတူထဲ့သူ၊ တူခဲ့မူ၊ ထိုသူ အနှက်ကွဲ)

လေးခုတို့၏ပြည့်ကြောင်းဖြစ်သော ဝိဂတိစ္ဆဇာတ်သည် ပြီး၏။

www.dhammadownload.com

၉၅- မူလပရိယာယဇာတ်

မာန်ယစ်ပုဏ္ဏားများ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သမ္ဗညူ မြတ်စွာဘုရားသည် "ကာလော ဃသတိ ဘူတာနိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမူလပရိယာယဇာတ်ကို ဥက္ကဋ္ဌတိုင်းကို အမှီပြု၍ မွေ့လျော်ခြင်းကို ဖြစ်စေတတ်သော တော၌ သီတင်းသုံးနေတော်မူစဉ် **ဟောတော်မူအပ်သော မူလပရိယာယသုတ္တန်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုအခါ ဗေဒင်သုံးပုံတို့၏ ကမ်းတဘက်သို့ ရောက်ကုန်သော ငါးရာ ကုန်သော ပုဏ္ဏားတို့သည် သာသနာတော်၌ ရဟန်းပြုကုန်၍ ပိဋကတ်သုံးပုံတို့ကို သင်ကုန်၍ မာနမာန်ဖြင့် ယစ်ကုန်၍ မြတ်စွာဘုရားသည်လည်း ပိဋကတ်သုံးပုံကို တတ်ကုန်၏၊ ငါတို့သည်လည်း ပိဋကတ်သုံးပုံကို တတ်ကုန်၏၊ ဤသို့ ဖြစ်သည် ရှိသော် ထိုမြတ်စွာဘုရားသည် ငါတို့နှင့် အဘယ်မှာ ထူးခြားခြင်း ရှိအံ့နည်းဟု ဘုရားအား ခ,စားခြင်းကို မပြုကုန်၊ ဆန့်ကျင်ဘက် ဖြစ်ကုန်၍ သွားကုန်၏။

ထိုအခါ တနေ့သ၌ မြတ်စွာဘုရားသည် ထိုရဟန်းတို့သည် လာကုန်၍ အထံတော်၌ နေကုန်သည်ရှိသော် ရှစ်ပါးကုန်သော ဘူမိတို့ဖြင့် တန်ဆာဆင်၍ မူလပရိယာယသုတ္တန်ကို ဟောတော်မူ၏၊ ထိုရဟန်းတို့သည် စိုးစဉ်းမျှ မမှတ်နိုင်ကုန်၊ ထိုအခါ ရဟန်းတို့အား ငါတို့နှင့်တူကုန်သော ပညာရှိတို့သည် မရှိကုန်ဟု ငါတို့သည်မာနကို ပြုကုန်၏၊ ယခုအခါ၌ကား တစုံတခုကိုမျှ မသိနိုင်ကုန်၊ ဘုရားတို့နှင့်တူသော ပညာရှိမည်သည်ကား မရှိ၊ ဘုရားကျေးဇူးတော်တို့သည် အံ့ဘွယ်သရဲရှိကုန်၏ဟု ဤသို့သောအကြံသည်ဖြစ်၏၊ထိုရဟန်းတို့သည် ထိုအခါမှစ၍ ပယ်အပ်သော မာနရှိကုန်သည်ဖြစ်၍ နုတ်အပ်သော အစွယ်ရှိကုန်သော မြွေတို့ကဲ့သို့ မာန်ထောင်လွှားခြင်း ကင်းကုန်သည်ဖြစ်၏၊ မြတ်စွာဘုရားသည် ဥက္ကဋ္ဌ၌ မွေ့လျော်တော်မူသမျှ နေတော်မူ၍ ဝေသာလီပြည်သို့ ကြွတော်မူပြီးလျှင် ဂေါတမနတ်၏ နေရာ၌ ဆောက်အပ်သော ကျောင်း၌ ဂေါတမက အမည်ရှိသော သုတ္တန်ကို ဟောတော်မူ၏၊ တသောင်းသော လောကဓာတ်သည် တုန်လှုပ်၏၊ မူလပရိယာယ သုတ္တန်ကိုကား နာရကုန်၍ ထိုရဟန်း တို့သည် ရဟန္တာအဖြစ်သို့ ရောက်ကုန်၏၊ မူလပရိယာယ သုတ္တန်၏အဆုံး၌ကား မြတ်စွာဘုရားသည် ဥက္ကဋ္ဌ၌ နေတော်မူစဉ်လျှင် ရဟန်းတို့သည်တရားသဘင်၌ ငါ့သျှင်တို့-

www.dhammadownload.com

ဘုရားရှင်တို့၏ အာနုဘော်တော်သည် အံ့ဘွယ်သရဲရှိစွ၊ ရဟန်းပြုကုန်၍ ထိုထို သို့သော အခြင်းအရာအားဖြင့် မာန်ယစ်ခြင်းဖြင့် ယစ်ကုန်သော ပုဏ္ဏားတို့ကို ထိုမြတ်စွာဘုရားသည် မူလပရိယာယ ဒေသနာတော်ဖြင့် ပယ်အပ်သော မာန ရှိသည်တို့ကို ပြုအပ်ကုန်၏ဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန် သနည်းဟု မေးတော်မူလတ်၍ အရှင်ဘုရား ဤမည်သောစကားဖြင့် စည်းဝေး ပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ငါသည် ယခုအခါ၌ သာလျှင် ဤသို့ မာန်ထောင်လွှားခြင်း အလေ့ရှိကုန်၍သွားကုန်သော ဤရဟန်း တို့ကို ပယ်အပ်သော မာနရှိသည်တို့ကို ပြုသည် မဟုတ်သေး၊ ရှေး၌လည်း ငါသည် ဤသို့ မာန်ထောင်လွှားခြင်းအလေ့ရှိကုန်သည် ဖြစ်၍ သွားကုန်သော ဤ ရဟန်းတို့ကို ပယ်အပ်သော မာနရှိသည်တို့ကို ပြုဘူးသလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက် သည်ရှိသော် ဗေဒင်တို့၏ ကမ်းတဘက်သို့ ရောက်သော ဒိသာပါမောက္ခဆရာ ဖြစ်၍ လုလင် ငါးရာတို့ကို ဗေဒင်သင်၏၊ ထိုငါးရာကုန်သော လုလင်တို့သည် အပြီးသို့ရောက်သော အတတ်ရှိကုန်သည်ဖြစ်၍ အတတ်၌ မေးစီစစ်၍ အကြင် မျှလောက်သော အတတ်ကို ငါတို့တတ်ကုန်၏၊ ဆရာသည်လည်း ထိုမျှလောက် သော အတတ်ကိုသာလျှင် တတ်၏၊ အထူးမရှိပြီဟု မာနဖြင့် ခိုင်မာကုန်သည် ဖြစ်၍ ဆရာ့အထံသို့ မသွားကုန်၊ ဝတ်ကြီးဝတ်ငယ်ကို မပြုကုန်၊ ထိုငါးရာ ကုန်သော လုလင်တို့သည် တနေ့သ၌ ဆရာသည် ဆီးပင်ရင်း၌ နေသည်ရှိသော် ဆရာကို ကဲ့ရဲ့လိုကုန်သည်ဖြစ်၍ ဆီးပင်သို့ လက်သီးဖြင့်ခေါက်ကုန်၍ ဤသစ်ပင် သည် အနှစ်မရှိသလျှင် ကတည်းဟု ဆိုကုန်၏၊ ဘုရားလောင်းသည် မိမိအား ကဲ့ရဲ့သည်၏အဖြစ်ကိုသိ၍ တပည့်တို့ သင်တို့အား ငါသည် တခုသောပြဿနာကို မေးအံ့ဟု ဆို၏၊ တပည့်တို့သည် နှစ်သက် ရွှင်လန်းကုန်၍ မေးကုန်လော့ ဖြေကုန်အံ့ဟု ဆိုကြကုန်၏၊ ဆရာသည် ပြဿနာကို မေးလိုသည်ဖြစ်၍–

၁၉၁ ကာလော ဃသတိ ဘူတာနိ၊ သဗ္ဗာနေဝ သဟတ္တနာ။။
ယော စ ကာလဃသော ဘူတော၊ သ ဘူတပစနိံ ပစိ။။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။။

www.dhammadownload.com

အန္တေဝါသိကာ၊တပည့်တို့။ ကာလော၊ ကာလသည်။ အတ္တနာ၊ မိမိနှင့်။ သဟာ၊တကွ။ ဘဗ္ဘာနေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဘူတာနိ၊ သတ္တဝါတို့ကို။ ဃသတိ၊ စား၏။ ယော စ ဘူတော၊ အကြင် သတ္တဝါသည်ကား။ ကာလဃသော၊ ကာလကို စား၏။ သ သော ဘူတော၊ ထိုသတ္တဝါသည်။ ဘူတပစနိ ံ၊ သတ္တဝါတို့ကို ကျက်စေတတ်သော တဏှာတည်းဟူသော မီးကို။ ပစိ၊ ဥာဏ်တည်းဟူသော မီးဖြင့် လောင်မြိုက်စေ၏။ ကော၊ အဘယ် သတ္တဝါနည်း။

ဤပြဿနာကို ကြား၍ လုလင်တို့တွင် တယောက်မျှလည်း သိအံ့သောဉာဏ် စွမ်းနိုင်သော သူမည်သည် မရှိ၊ ထိုအခါ လုလင်တို့ကို ဘုရားလောင်းသည် လုလင်တို့ သင်တို့သည် ဗေဒင်သုံးပုံတို့၌ ရှိ၏ဟူသော အမှတ်ကို မပြုကြကုန်လင့် သင်တို့သည် အကြင်အတတ်ကိုဆရာသည်သိ၏၊ ထိုအလုံးစုံကို ငါတို့သိကုန်၏ဟူ၍ အောက်မေ့ကုန်သည်ဖြစ်၍ ငါ့ကို ဆီးပင်နှင့်တူသည်ကို ပြုကုန်၏၊ သင်တို့ထက် တယောက်သော ငါ၏ မျှားသောအနက်ကို သိသည်၏အဖြစ်ကို သိရကုန်အံ့ သွားကြလေကုန် ခုနစ်ရက်မြောက်သောနေ့၌ ကာလကို ပေး၏၊ ဤမျှသော ကာလဖြင့် ဤပြဿနာကို ကြံလေကုန်ဟု ဆိုသည်ရှိသော် ထိုလုလင်တို့သည် ဘုရားလောင်းကို ရှိခိုးကုန်၍ မိမိတို့၏နေရာအရပ်သို့သွားကုန်၍ ခုနစ်ရက်ပတ်လုံး ကြံကုန် သော်လည်း ပြဿနာ၏ အဆုံးအစကို မမြင်ကုန်သလျှင် ကတည်း၊ ခုနစ်ရက် မြောက်သောနေ့၌ ဆရာ့အထံသို့ သွားကုန်၍ ရှိခိုးလျက် နေကုန်၏၊ ကောင်းသော မျက်နှာရှိကုန်သော လုလင်တို့ ပြဿနာကို သိကုန်၏လော ဟူမေးသည် ရှိသော် မသိနိုင်ဟု ဆိုကြကုန်၏၊ ထိုအခါ ဘုရားလောင်းသည် ထိုလုလင်တို့ကို ကဲ့ရဲ့လိုသည်ဖြစ်၍–

၁၉၂ ဗဟူနိ နရသီသာနိ၊ လောမသာနိ ဗြဟာနိ စ။
ဂိဝါသု ပဋိမုက္ကာနိ၊ ကောစိဒေဝေတ္ထ ကဏ္ဏဝါ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ဂိဝါသု၊ လည်တို့၌။ ပဋိမုက္ကာနိ၊ စွပ်အပ်ကုန်သော။ဗြဟာနိ၊ ပွားကုန်သော။ လောမသာနိ၊ အမွေးရှိကုန်သော။ ဗဟူနိ၊ များစွာကုန်သော။ နရသီသာနိ၊ လူတို့၏ဦးခေါင်းတို့သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ ဧတ္ထ၊ ဤဦးခေါင်း အများတို့တွင်။ကောစိဒေဝ၊တခုသော ဦးခေါင်းသည်သာလျှင်။ ကဏ္ဏဝါ၊သိတတ်သော နားရှိ၏။

45 A

www.dhammadownload.com

ထိုလုလင်တို့သည် ကြားကုန်၍ ဆရာမည်သည် အံ့ဘွယ်ရှိစွတကား မြတ်စွာတကားဟု ကန်တော့၍ ပယ်အပ်သောမာန် ရှိကုန်သည်ဖြစ်၍ ဘုရားလောင်းကို လုပ်ကျွေးကုန်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ဤငါးရာကုန်သောရဟန်းတို့သည် ထိုအခါ လုလင်ငါးရာ ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဆရာ ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဆရာဟုက၊ ဘယ်တော့မှ၊ မတုပလေရာ)

ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော မူလပရိယာယဇာတ်သည် ပြီး၏။

၉၆- ဗာလေဝါဒဇာတ်

ကျွေးပြီး ပြစ်တင်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဟန္ဒာ ဆေတ္တာ ဝဓိတ္တာ စ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဗာလောဝါဒဇာတ်ကို ဝေသာလီပြည်ကို အမှီပြု၍ စုလစ်မှန်းချွန်တပ်သော ဇရပ်၌ သီတင်းသုံး နေတော်မူစဉ် **သီဟစစ်သူကြီး**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားသည် မှန်၏၊ ထိုသီဟစစ်သူကြီးသည် မြတ်စွာဘုရားကို ကိုးကွယ်ခြင်းကိုပြု၍ ဘိတ်ပြီးလျှင် နက်ဖြန်နေ့၌ သားပြွမ်းဆွမ်းကို လှူ၏၊ နိဂဏ္ဌတို့သည် ထိုစကားကို ကြား၍ အမျက်ထွက်၍ နှလုံးမသာယာသည်ဖြစ်၍ မြတ်စွာဘုရားကို ညှဉ်းဆဲလိုသည် ဖြစ်၍ ရဟန်းဂေါတမသည် သိလျက် ရည်၍ ပြုအပ်သော အသားကို စား၏ဟု ဆဲရေးကုန်၏၊ ရဟန်းတို့သည် နာဠ၏သားဖြစ်သော နိဂဏ္ဌသည် ရဟန်းဂေါတမသည် သိလျက် ရည်၍ပြုအပ်သော အသားကို စား၏ဟု ပရိသတ်နှင့် တကွ ဆဲရေးလျက် လှည့်လည်၏ဟု စကားကို ဖြစ်စေကုန်၏၊ ထိုစကားကို ကြားတော်မူ၍ ရဟန်းတို့ နာဠ၏သား ဖြစ်သော နိဂဏ္ဌသည် ယခုအခါ၌ သာလျှင် ရည်၍ပြုအပ်သော အသားကို စားသောအားဖြင့် ငါ့ကို ကဲ့ရဲ့သည်

www.dhammadownload.com

မဟုတ်သေး၊ ရှေးဦးလည်း ကဲ့ရဲ့ဘူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုးဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ရသေ့ ရဟန်းပြု၍ ချဉ်ဆားမြံဝအံ့သောငှါ ဟိမဝန္တာမှ ဗာရာဏသီပြည်သို့သွား၍ နက်ဖြန်နေ့၌ မြို့သို့ဆွမ်းခံအံ့သောငှါဝင်၏၊ ထိုအခါ တယောက်သော သူကြွယ်သည် ရသေ့ကို ညှဉ်းဆဲအံ့ဟု၍ အိမ်တွင်းသို့ ပင့်၍ ခင်းအပ်သော နေရာ၌ နေစေ၍ ငါးအမဲဖြင့် လုပ်ကျွေး၍ ဆွမ်းဘုဉ်းပေးသော ကိစ္စအဆုံး၌ လျောက်ပတ်သော အရပ်၌နေ၍ ရှင်ရသေ့ သင်တို့ကိုသာလျှင် ရည်၍ သတ္တဝါတို့ကို သတ်၍ ဤအမဲကိုပြုအပ်၏၊ဤအကုသိုလ်သည် ငါတို့အား သာလျှင် မဖြစ်စေလင့် သင်တို့အားလည်း ဖြစ်စေသတည်းဟု ဆို၍—

၁၉၃ ဟန္ဒာ ဆေတ္တာ[1] ဝမိတ္တာစ၊ ဒေတိ ဒါနံ အာသညတော။
ဧဒိသံ ဘတ္တံ ဘုဉ္ဇာနော၊ သပါပေန ဥပလိပ္ပတိ[2]။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

တာပသ၊ ရှင်ရသေ့။ အာသညတော၊ သီလမရှိသော သူသည်။ ဟန္ဒာစ၊ ပုတ်ခတ်၍၎င်း။ဆေတ္တာစ၊ ဖြတ်၍၎င်း။ဝမိတ္တာစ၊သတ်၍၎င်း။ ဒါနံ၊ အလှူကို။ ဒေတိ၊ လှူ၏။ ဧဒိသံ၊ ဤသို့သဘောရှိသော။ ဘတ္တံ၊ ဆွမ်းကို။ ဘုဉ္ဇာနော၊ စားသော။ သ-သော သမဏော၊ ထိုရဟန်းသည်။ ပါပေန၊ မကောင်းမှုဖြင့်။ ဥပလိပ္ပတိ၊ လိမ်းကျံ၏။

ဘုရားလောင်းသည် ထိုစကားကို ကြား၍—

၁၉၄ ပုတ္တာ ဒါရံပိ စေ ဟန္ဒာ၊ ဒေတိ ဒါနံ အာသညတော။
ဘုဉ္ဇမာနောပိ သပ္ပညော၊ နပါပေန ဥပလိပ္ပတိ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။
ဥပါသက၊ ဒါယကာ။ အာသညတော၊ သီလမရှိသောသူသည်။ ပုတ္တာဒါရံပိ၊ သားမယားကိုသော်လည်း။ ဟန္ဒာ၊ သတ်၍။ ဒါနံ၊ အလှူကို။ စေ ဒေတိ၊

---

[1] ဆတ္တာ (သီ)၊ ဆတ္တာ (သျာ) [2] သပါပမုပလိမ္ပတိ (က)

www.dhammadownload.com

အကယ်၍ လွှစေကာမူ။ သပ္ပဉော၊ ပညာရှိသောပုဂ္ဂိုလ်သည်။ တံ၊ ထိုဆွမ်းကို။ ဘုဥ္ဇမာနောပိ၊ စားသော်လည်း။ ပါပေန၊ မကောင်းမှုဖြင့်။ နဥပလိပ္ပတိ၊ မလိမ်းကျံ။

ဤသို့ ထိုဒါယကာအား ဘုရားလောင်းသည် တရားကိုဟော၍ နေရာမှ ထ၍ ဖဲ့၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ နာဠ၏ သားဖြစ်သော နိဂဏ္ဌသည် ထိုအခါ သူကြွယ်ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသေ့ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(သူများသက်သတ်၊ ပေးလှူလတ်၍၊ ခံအပ်သူများ၊ အပြစ်များ၊ မလားမကပ်ငြို)
ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဗာလောဝါဒဇာတ်သည် ပြီး၏။

---

၉၇ ပါဒဉ္ဇလိဇာတ်

နှုတ်ခမ်းကိုက်မင်းသား

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အဒ္ဓါ ပါဒဉ္ဇလိ သဗ္ဗေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပါဒဉ္ဇလိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **လာဠုဒါယီမထေရ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ တနေ့သ၌ နှစ်ပါးကုန်သော သာဝကတို့သည် ပြဿနာကို ဆုံးဖြတ်ကုန်၏၊ ရဟန်းတို့သည် ပြဿနာကို ကြားနာရကုန်သည်ဖြစ်၍ မထေရ်တို့ကို ချီးမွမ်းကုန်၏၊ လာဠုဒါယီမထေရ်သည်ကား ပရိသတ်တို့၏ အလယ်၌ နေလျက် ထိုသာရိပုတ္တရာ, မောဂ္ဂလာန်တို့သည် ငါတို့နှင့်အမျှ တတ်ကုန်သလောဟု နှုတ်ခမ်းကို ကိုက်၏၊ မထေရ်တို့သည် ထိုလာဠုဒါယီ မထေရ်ကို မြင်ကုန်၍ ဖဲကြကုန်၏ ပရိသတ်သည် ပျက်၏၊ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ လာဠုဒါယီမထေရ်သည် နှစ်ပါးကုန်သော အဂ္ဂသာဝကတို့ကိုကဲ့ရဲ့၍ နှုတ်ခမ်းကို

www.dhammadownload.com

ကိုက်၏ဟု စကားကို ဖြစ်စေကုန်၏၊ ထိုစကားကို ကြားတော်မူ၍ ရဟန်းတို့ ယခုအခါ၌ သာလျှင် လာဠုဒါယီသည် နှုတ်ခမ်းကို ကိုက်ခြင်းကိုထား၍ ထိုထက်အလွန်ဖြစ်သော တပါးသောအမှုကို မသိသည်မဟုတ်သေး၊ ရှေးဘဝလည်း လာဠုဒါယီသည် နှုတ်ခမ်းကို ကိုက်ခြင်းကိုထား၍ ထိုထက် အလွန်ဖြစ်သော တပါးသောအမှုကို မသိကုန်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်ဖြစ်၏၊ မင်း၏ ပါဒဥ္စလိ အမည်ရှိသော သားသည် လျှပ်ပေါ်၏၊ ညံ့သောလုံ့လရှိ၏၊ နောက်အဘို့၌ မင်းသည် သေ၏၊ အမတ်တို့သည် မင်း၏သေမှုကို ပြုကုန်၍ အဘယ်သူကို မင်းအဖြစ်၌ အဘိသိက် သွန်းကြကုန်အံ့နည်းဟု တိုင်ပင်ကုန်သည်ရှိသော် ပါဒဥ္စလိမင်းသားကို အဘိသိက် သွန်းကုန်အံ့ဟု ဆိုကုန်၏၊ ဘုရားလောင်းသည်ကား ဤမင်းသားသည် လျှပ်ပေါ်၏၊ ညံ့သောလုံ့လရှိ၏၊ စုံစမ်း၍ ထိုမင်းသားကို အဘိသိက် သွန်းကုန်အံ့ဟု ဆို၏၊ အမတ်တို့သည် အဆုံးအဖြတ်ကို စီရင်ကုန်၍ မင်းသားကို အနီး၌ နေစေကုန်၍ တရားကို ဆုံးဖြတ်ကုန်သည်ရှိသော် ကောင်းစွာ မဆုံးဖြတ်ကုန်၊ ထိုအမတ်တို့သည် အရှင်မဟုတ်သော သူကို အရှင်ပြုကုန်၍ မင်းသား အသို့သဘောရှိသနည်း၊ အကျွန်ုပ်တို့သည် ကောင်းစွာ ဆုံးဖြတ်ကုန်၏ လောဟုမင်းသားကို မေးကုန်၏၊ ထိုပါဒဥ္စလိမင်းသားသည် နှုတ်ခမ်းကိုကိုက်၏၊ ဘုရားလောင်းသည် ပညာရှိယောင်တကား ထိုမင်းသားသည် ကောင်းစွာ မဆုံးဖြတ်သည်၏ အဖြစ်ကို သိသည် ဖြစ်လတ္တံ့ဟု အောက်မေ့သည်ဖြစ်၍-

၁၉၅ အဒ္ဓါ ပါဒဥ္စလိ သဗ္ဗေ၊ ပညာယ အတိရောစတိ။
တထာ ဟိ သြဋ္ဌံ ဘဉ္ဇတိ၊ ဥတ္တရိံ နုန ပဿတိ။

ဟူသော ရှေးဦးစွာသော ဂါထာကို ဆို၏။

ဘောန္တော၊ အချင်းတို့။ ပါဒဥ္စလိ၊ ပါဒဥ္စလိမင်းသားသည်။ အဒ္ဓါ၊ စင်စစ်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သောသူတို့ကို။ ပညာယ၊ ပညာဖြင့်။ အတိရောစတိ၊ လွန်၍ ထွန်းပ၏ တထာဟိ၊ ထို့ကြောင့်လျှင်။ သြဋ္ဌံ၊ နှုတ်ခမ်းကို။ ဘဉ္ဇတိ၊ ကိုက်၏။ ဥတ္တရိံ။ အလွန်ဖြစ်သောအကြောင်းကို ပဿတိ နုန၊ မြင်ယောင်တကား။

အမတ်တို့သည် တပါးသောနေ့၌လည်း အဆုံးအဖြတ်ကိုစီရင်ကုန်၍ တရားကို ကောင်းစွာ ဆုံးဖြတ်ကုန်၍ မြတ်သောမင်းကြီး အဆုံးအဖြတ်ကို အဘယ်သို့

www.dhammadownload.com

သဘောရှိသနည်းဟု မေးကုန်၏၊ ထိုပါဒဥလိမင်းသားသည် တဖန်လည်းနှုတ်ခမ်း ကိုသာလျှင် ကိုက်၏၊ ထိုအခါ ထိုပါဒဥလိ မင်းသား၏ အလွန်မိုက်သည်၏ အဖြစ်ကို သိ၍ ဘုရားလောင်းသည်—

၁၉၆ နာယံ ဓမ္မံ အဓမ္မံ ဝါ အတ္ထာနတ္ထံ နဗျတိ။
အညတြ သြဋ္ဌနိဇ္ဇာဂဂါ၊ နာယံ ဇာနာတိ ကိဉ္စနံ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကိုဆို၏။

ဘောဇန္တာ၊ အချင်းတို့။အယံ၊ဤပါဒဥလိမင်းသားသည်။ဓမ္မံ ဝါ၊သင့်သော အကြောင်းကိုဂုဏ်း။ အဓမ္မံ ဝါ၊မသင့်သော အကြောင်းကိုဂုဏ်း။အတ္ထာနတ္ထံ ဝါ၊ အကျိုးရသည် မရှိသည်ကိုဂုဏ်း။ နဗျတိ၊ မသိ။ အယံ၊ ဤ ပါဒဥလိမင်းသား သည်။ သြဋ္ဌနိဇ္ဇာဂဂါ၊ နှုတ်ခမ်းကို ကိုက်ခြင်းကို။ အညတြ၊ ကြဉ်၍။ ကိဉ္စနံ၊ တစုံတခုကို။ နဇာနာတိ၊ မသိ။

အမတ်တို့သည် ပါဒဥလိမင်းသား၏ မိုက်သည်၏အဖြစ်ကို သိကုန်၍ ဘုရား လောင်းကို မင်းအဖြစ်၌ အဘိသိက် သွန်းကုန်၏။

ဇာတ်ပေါင်း မြတ်စွာ ဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ လာဋုဒါယီသည် ထိုအခါ ပါဒဥလိမင်းသားဖြစ်ဘူးပြီ၊ယခု အခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိသော အမတ်ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(နှုတ်ခမ်းကိုက်ထား၊ လွှဲ၍သာ၊ ဘယ်ဟာ ဘာမသိ)
ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ပါဒဥလိဇာတ်သည် ပြီး၏။

၉၇-ကိံသုကော ပ ဓဇာတ်

မင်းသားလေးယောက် ပေါက်လေးပင်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သဗ္ဗေဟိ ကိံသုကော ဒိဋ္ဌော" အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကိံသုကောပမဇာတ်ကို ဇေတဝန် ကျောင်း

www.dhammadownload.com

တော်၌ သီတင်းသုံး နေတော်မူစဉ် **ကိ ံသုကောပမသုတ္တန်** ကို အကြောင်းပြု၍ ဟောတော်မူ၏။ လေးယောက် ကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားသို့ ကပ်၍ ကမ္မဋ္ဌာန်းကို တောင်းကုန်၏၊ သပ္ပဉ္ဉ မြတ်စွာဘုရားသည် ထိုရဟန်းတို့အား ကမ္မဋ္ဌာန်းကို ဟော ခဲတော်မူ၏၊ ထိုရဟန်းတို့သည် ကမ္မဋ္ဌာန်းကိုယူကုန်၍ မိမိတို့၏ ညဉ့်သန့်ရာ နေ့သန့်ရာအရပ်ကိုသို့ ကပ်ကုန်၏၊ ထိုရဟန်းတို့တွင် တပါး သောရဟန်းသည် ခြောက်ပါးကုန်သော ဖဿာယတနတို့ကို သိမ်းဆည်း၍ ရဟန္တာအဖြစ်သို့ ရောက်၏၊ တပါးသော ရဟန်းသည် ငါးပါးကုန်သော ခန္ဓာတို့ကို, တပါးသောရဟန်းသည် လေးပါးကုန်သော မဟာဘုတ်တို့ကို, တပါးသော ရဟန်းသည် တဆဲ့ ရှစ်ပါးကုန်သော ဓာတ်တို့ကို သိမ်းဆည်း၍ ရဟန္တာအဖြစ်သို့ ရောက်၏၊ ထိုရဟန်းတို့သည် မိမိတို့သည် ရအပ်သော တရားအထူးကို မြတ်စွာဘုရားအား လျှောက်ကုန်၏၊ ထိုအခါ တပါးသော ရဟန်းအား ဤရဟန်းတို့၏ ကမ္မဋ္ဌာန်းတို့သည် ထူးကုန်၏၊ နိဗ္ဗာန်သည် တူ၏၊ အဘယ့်ကြောင့် ခပ်သိမ်းကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်ကို ရအပ်သနည်းဟု အကြံသည်ဖြစ်၏၊ ထိုရဟန်းသည် မြတ်စွာဘုရားကို လျှောက်၏၊ မြတ်စွာဘုရားသည် ရဟန်းပေါက်ပင်ကို မြင်ဘူးကုန်သော မင်းသားညီနောင် လေးယောက်တို့နှင့်တကွ သင့်အား ထူးသောအဖြစ်သည် အသို့ရှိအံ့နည်းဟု မိန့်တော်မူ၍ အရှင်ဘုရား၌ အကြောင်းကို အကျန်ုပ်တို့အား ဟောတော်မူပါ ကုန်လော့ဟု ရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။။

အတိတ်ဝတ္ထု၊ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ထိုဗြဟ္မဒတ်မင်းအား လေးယောက်ကုန်သော သားတို့သည် ဖြစ်ကုန်၏၊ ထိုမင်းသားတို့သည် တနေ့သ၌ ရထားထိန်းကို ခေါ်၍ အချင်း ရထားထိန်း ငါကိုသည် ပေါက်ပင်ကို မြင်လိုကုန်၏၊ ငါတို့အား ပေါက်ပင်ကို ပြလော့ဟု ဆိုကုန်၏၊ ရထားထိန်းသည် ကောင်းပြီ ပြအံ့ဟုဆို၍ လေးယောက်ကုန်သော မင်းသားတို့အားလည်း တပေါင်းတည်း မပြုမူ၍ မင်းသားကြီးကို ရှေးဦးစွာ ရထား၌ စီးစေ၍ တော သို့ဆောင်၍ ဤသည်ကား ပေါက်ပင်တည်းဟု မည်းသောကာလ၌ ပေါက်ပင်ကို ပြ၏၊ တယောက်သော မင်းသားအား ထူသောအရွက်ရှိသောကာလ၌ ပြ၏၊တယောက်သော မင်းသားအား ပွင့်သောကာလ၌ ပြ၏၊ တယောက်သော မင်းသားအား သီးသောကာလ၌ ပြ၏၊ နောက်အဘို၌ လေးယောက်ကုန်သော မင်းသားညီနောင်တို့သည်လည်း တပေါင်းတည်း နေကြကုန်လျက် ပေါက်ပင် မည်သည်ကား

www.dhammadownload.com

အဘယ်သို့ သဘောရှိသနည်းဟု စကားကို ဖြစ်စေကုန်၏၊ ထိုနောင်မှ တယောက်သော မင်းသားသည် မီးလောင်ငုတ်ကဲ့သို့ ရှိ၏ဟု ဆို၏၊ နှစ်ယောက်မြောက်သော မင်းသားသည် ပညောင်ပင်ကဲ့သို့ ရှိ၏ဟု ဆို၏၊ သုံးယောက်မြောက်သော မင်းသားသည် သားတစ်ကဲ့သို့ ရှိ၏ဟု ဆို၏၊ လေးယောက်မြောက်သော မင်းသားသည် ကုက္ကိုပင်ကဲ့သို့ ရှိ၏ဟု ဆို၏၊ ဤသို့ ထိုမင်းသားတို့သည် အချင်းချင်း စကားဖြင့် မနှစ်သက်ကုန်သည်ဖြစ်၍ အဘ၏အထံသို့သွားကုန်၍ ခမည်းတော်မင်းမြတ် ပေါက်ပင်မည်သည်ကား အဘယ်သို့သဘောရှိသနည်းဟု မေး၍ သင်တို့သည် အသို့ဆိုအပ်သနည်းဟု ဆိုသည်ရှိသော် ဆိုအပ်ကုန်သော အမှတ်ကို မင်းအား လျှောက်ကြကုန်၏၊ မင်းသည် လေးယောက်ကုန်သော သင်တို့သည်လည်း ပေါက်ပင်ကို မြင်ဘူးကြကုန်၏၊ စင်စစ် သင်တို့သည် ပေါက်ပင်ကို ပြုလတ်သည်ရှိသော် ရထားထိန်းကို ဤမည်သောကာလ၌ ပေါက်ပင်သည် အသို့သဘောရှိသနည်း၊ ဤမည်သော ကာလ၌ကား အဘယ်သို့သဘောရှိသနည်းဟု ခဲခြမ်းဝေဘန်၍ မမေးအပ်၊ ထို့ကြောင့် သင်တို့အား ယုံမှားခြင်းသည် ဖြစ်၏ဟု ဆို၍—

၁၉၇ သဗ္ဗေဟိ ကိ သုကော ဒိဋ္ဌော၊ ကိ နေတ္ထ ဝိစိကိစ္ဆထ။
န ဟိ သဗ္ဗေသု ဌာနေသု၊ သာရထိ ပရိပုစ္ဆိတော။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

တာတ၊ ချစ်သားတို့။ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော သင်တို့သည်။ ကိ သုကော၊ ပေါက်ပင်ကို။ ဒိဋ္ဌော၊ မြင်ဘူးကြ၏။ ဧတ္ထ၊ ဤပေါက်ပင်၌။ တေ-တုမှေ၊ ထိုသင်တို့သည်။ ကိ နု ဝိစိကိစ္ဆထ၊ အဘယ်ကြောင့် ယုံမှားရှိကုန်သနည်း ဟူမူကား။ တုမှေဟိ၊ သင်တို့သည်။ သဗ္ဗေသု၊ ခပ်သိမ်းကုန်သော။ ဌာနေသု၊ အရာတို့၌။ သာရထိ၊ ရထားထိန်းကို။ န ပရိပုစ္ဆိတော၊ မမေးအပ်။ တေန၊ ထိုသို့ မမေးအပ်သောကြောင့်။ ဝိစိကိစ္ဆထ၊ ယုံမှားရှိကုန်၏။

မြတ်စွာဘုရားသည် ဤအကြောင်းကို ပြတော်မူ၍ ရဟန်းတို့ ထိုမင်းသားညီနောင် လေးယောက်တို့သည် ခဲခြမ်းဝေဘန်ခြင်းကို မပြုကုန်၍ မမေးအပ်သည်၏အဖြစ်ကြောင့် ပေါက်ပင်၌ ယုံမှားခြင်းကို ဖြစ်စေကုန်သကဲ့သို့ ထို့အတူ သင်သည်လည်း ဤတရား၌ ယုံမှားခြင်းကို ဖြစ်စေ၏ဟု မိန့်တော်မူပြီး၍ မြတ်စွာဘုရားသည်—

www.dhammadownload.com

၁၉၈ ဝေံ သဗ္ဗေဟိ ဉာဏေဟိ၊ ယေသံ ဓမ္မာ အဇာနိတာ။
တေ ဝေ ဓမ္မေသုကခ်ိန္တိ၊ ကိံ သုကသ္မိံ ဝ ဘာတရော။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဟောတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘာတရော၊ လေးယောက်ကုန်သော မင်းသားညီနောင်တို့သည်။ကိံ သုကသ္မိံ၊ပေါက်ပင်၌။ ကခ်ိန္တိဣဝ၊ ယုံမှားကုန်သကဲ့သို့။ ဝေံ-တထာ၊ ထို့အတူ။ ယေသံ၊ အကြင်သူတို့သည်။ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော။ ဉာဏေဟိ၊ ဝိပဿနာဉာဏ်တို့ဖြင့်။ ဓမ္မေ၊ ဖဿ အာယတန အစရှိသော တရားတို့ကို။ အဇာနိတာ၊ မသိအပ်ကုန်။ တေ၊ ထိုသူတို့သည်။ ဝေ၊ စင်စစ်။ ဓမ္မေသု၊ ဖဿအာယတန အစရှိကုန်သော တရားတို့၌။ ကခ်ိန္တိ၊ ယုံမှားကုန်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါဗာရာဏသီမင်းဖြစ်ဘူး ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ရည်မှန်းဆွက်မှာ၊ တူတုံပါလည်း၊ လုပ်ရာအမှု၊ ကွဲပြားပြု၍၊
ဘယ်ဟုဘယ်ပင်၊ ပြစ်မတင်သင့်)
ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကိံသုကောပမဇာတ်သည် ပြီး၏။

၉၉- သာလကဇာတ်

ရှင်ကြီးနှိပ်စက်- ရှင်ငယ်ထွက်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ကေပုတ္တကော ဘဝိဿတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသာလကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **မထင်ရှားသော မထေရ်ကြီး**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ထိုမထေရ်ကြီးသည် သူငယ်တယောက်ကို ရှင်ပြု၍ နှိပ်စက်လျက်

www.dhammadownload.com

ဇေတဝန်ကျောင်းတော်၌ နေသတတ်၊ သာမဏေသည် နှိပ်စက်ခြင်းကို သည်းမခံနိုင်သည်ဖြစ်၍ လူထွက်၏၊ မထေရ်ကြီးသည် သွား၍ သူငယ် သင်၏သက်နှံးသင်၏ သပိတ်သည် သင့်ဘို့သာလျှင်ဖြစ်လတ္တံ့၊ ငါ၏ဥစ္စာဖြစ်သော သပိတ်, သက်နှံးသည်လည်း သင့်ဘို့သာလျှင် ဖြစ်လတ္တံ့ဟု ထိုသူငယ်ကို ဖြားယောင်း၏၊ ထိုသူငယ်သည် ငါရှင်မပြုအံ့ဟု ဆို၍လည်း အဖန်တလဲလဲ ဖြားယောင်းဆိုလတ်သည်ရှိသော် ရှင်ပြုပြန်၏၊ ထိုအခါထိုသူငယ်ကို ရှင်ပြုသောနေ့မှစ၍ တဖန် မထေရ်ကြီးသည် ညှဉ်းဆဲ၏၊ ထိုသာမဏေသည် ညှဉ်းဆဲခြင်းကို သည်းမခံနိုင်သည်ဖြစ်၍ တဖန်ထွက်၍ အကြိမ်များစွာ တောင်းပန်သော်လည်း အရှင်ဘုရား သင်သည် ငါ့ကိုသည်းခံသော်လည်း မခံနိုင်သလျှင်ကတည်း၊ ငါနှင့်ကင်း၍ နေအံ့သောငှါလည်း မစွမ်းနိုင်သလျှင်ကတည်း၊ သွားလေ ငါရှင်မပြုပြီဟု ဆို၍ ရှင်မပြုဘဲနေ၏၊ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ စင်စစ်လိမ္မာသော စိတ်ရှိသော ထိုသူငယ်သည် မထေရ်ကြီး၏ အလိုကို သိ၍ ရှင်မပြုဘဲ နေ၏ဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ အရှင်ဘုရား ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ဤသူငယ်သည် ယခုအခါ၌သာလိမ္မာသောစိတ်ရှိသည်မဟုတ်သေး၊ ရှေး၌လည်း လိမ္မာသောစိတ်ရှိသည်ဖြစ်၍ သာလျှင် တကြိမ်ထိုသူ၏ အပြစ်ကို မြင်၍ တဖန် မပေါင်းဘော်ပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည်သူကြွယ်မျိုး၌ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် စပါးရောင်းခြင်းဖြင့် အသက်မွေးခြင်းကို ပြု၏၊ တယောက်သော အလမ္ဘာယ်သည် မျောက်ဗာခုကိုသင်၍ ဆေးကိုကိုင်စေ၍ ထိုမျောက်ကို ခြေမြှောင်းကစားစေ၍ အသက်မွေးခြင်းကို ပြု၏၊ ထိုအလမ္ဘာယ်သည် ဗာရာဏသီပြည်၌ ပွဲလမ်းသဘင် ကြွေးကြော်သည်ရှိသော် ပွဲလမ်းသဘင်ကို ကစားလို၍ ဤမျောက်ကို မမေ့မလျော့ပါလင့်ဟု ဆို၍ ထိုမျောက်ကို စပါးကုန်သည်၏ လက်၌ ထား၍ ပွဲလမ်းသဘင်ကစား၍ ခုနစ်ရက်မြောက်သောနေ့၌ ထိုစပါးကုန်သည်၏ အထံသို့ သွား၍ မျောက်သည် အဘယ်မှာနည်းဟု မေး၏၊ မျောက်သည် အရှင်၏အသံကို ကြား၍လျှင် စပါးစိမ့် လျင်မြန်စွာ ထွက်လာ၏၊ ထိုအခါ ထိုမျောက်ကို ထိုအလမ္ဘာယ်သည် ဝါးခြမ်းပြားနှင့် ကျောက်၌ ရိုက်၍

www.dhammadownload.com

ယူလေပြီးလျှင် ဥယျာဉ်သို့သွား၍ လျောက်ပတ်သော အရပ်၌ချည်၍ အိပ်ပျော်လေ၏၊ မျောက်သည် ထိုအလမ္ဗာယ် အိပ်ပျော်သည်၏အဖြစ်ကို သိ၍ မိမိ၏အနှောင်အဖွဲ့ကိုဖြေ၍ သရက်ပင်သို့တက်၍ သရက်သီးမှည့်ကိုစားပြီးလျှင် အစေ့တို့ကို အလမ္ဗာယ်၏ ကိုယ်ပေါ်သို့ချ၏၊ အလမ္ဗာယ်သည် နိုး၍ ကြည့်လတ်သည် ရှိသော် မျောက်ကိုမြင်၍ ချိုသာနာဘွယ်သောစကားနှင့် လှည့်ပတ်၍ သရက်ပင်မှသက်စေ၍ ဖမ်းအံ့ဟု ကြံလျက် ထိုမျောက်ကို ဖြားယောင်းလိုရကား-

၁၉၉ ကေပုတ္တကော ဘဝိဿတိ၊
တုဠ္ဍ နော ဟေဿသိ ဣဿရော ကုလေ။
ဩရောဟ ဒုမသ္မာ သာလက၊
ဟေ ဒါနိ ဃရကံ ဝဇေမသေ။

ဟူသော ရှေးဦးစွာသော ဂျိုဂါထာကို ဆို၏။

သာလက၊ သာလက။ တုံ၊ သင်သည်။ နော၊ ငါတို့၏။ ဃရေ၊ အိမ်၌။ ကေ·ပုတ္တကော၊ တယောက်ထည်းသော သားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ မေ၊ ငါ၏။ ဘောဂါနံ၊ စည်းစိမ်တို့ကို။ ဣဿရော၊ အစိုးရသည်။ ဟေဿသိ၊ ဖြစ်ရလတ္တံ့။ ဒုမသ္မာ၊ သရက်ပင်မှ။ ဩရောဟ၊ ဆင်းခဲ့လော့။ ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ အမှာကံ၊ ငါတို့၏။ ဃရကံ၊ အိမ်သို့။ ဝဇေမသေ၊ သွားကြကုန်အံ့။ ဟေ၊ လာလော။

မျောက်သည် ထိုစကားကို ကြား၍-

၂၀၀ နနု မံ သုဟဒယော်တိ မညသိ၁၊
ယဒ္ဓ ဟနသိ မံ ဝေဋ္ဌယိတ္ဝါယာ။
ပဉ္ဇမ္ပမ္ပဝနေ ရမာမသေ၊
ဂစ္ဆ တုံ ဃရကံ ယထာသုခံ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဂျိုဂါထာကို ဆို၏။

ဘော အဟိတုဏ္ဍိက၊ အိုအလမ္ဗာယ်သမား။ တုံ၊ သင်သည်။ မံ၊ ငါ့ကို။ သုဟဒယော်တိ မညသိ နနု၊ လိမ္မာသောစိတ်ရှိ၏ဟူ၍ အောက်မေ့သည် မဟုတ်

၁ ဟဒယေတိ မညသိ (သီ၊ ဋ္ဌ)

www.dhammadownload.com

တုံလော။ တုံ၊ သင်သည်။ မံ၊ ငါ့ကို။ ဝေဠုယဋ္ဌိယာ၊ ဝါးခြမ်းပြားဖြင့်။ ယဉ္စ ဟနသိ၊ အကြင်ကြောင့် ရိုက်၏။ တေန၊ ထို့ကြောင့်။ မယံ၊ ငါတို့သည်။ ပက္ကမ္မဝနေ၊ သရက်သီးမှည့်သော တောဋ္ဌ။ ရမာမသေ၊ မွေ့လျော်ကုန်အံ့။ တုံ၊ သင်သည်။ ဃရကံ၊ အိမ်သို့။ ယထာသုခံ၊ အလိုအတိုင်း။ ဂစ္ဆ၊ သွားလေလော့။

ဤသို့ဆို၍ တောသို့ဝင်၏၊ အလမ္ဗာယ်သည်လည်း နှုလုံးမသာသည်ဖြစ်၍ အိမ်သို့ သွား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ သာမဏေသည် ထိုအခါ မျောက် ဖြစ်ဘူးပြီ၊ ယခုအခါ မဟာထေရ်သည် ထိုအခါ အလမ္ဗာယ် ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ စပါးကုန်သည် ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(တကြိမ်ပြစ်မြင်၊ သူမခင်၊ ခုတွင်မက ရှေးဘဝ)

ကိုးခုတို့၏ပြည့်ကြောင်းဖြစ်သော သာလကဇာတ်သည် ပြီး၏။

၁၀၀-ကဖိဇာတ်

ရသေ့သွင်မျောက်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အယံ ဣသီ ဥပသမသံယမေ ရတော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကပိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **တယောက်သော အုံဘွယ်သရဲကို ဖြစ်စေတတ်သော ရဟန်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကို ခွဲခြဲအံ့၊ ထိုရဟန်း၏ အုံဘွယ်သရဲကို ဖြစ်စေသည်၏ အဖြစ်သည် ရဟန်းတို့၌ ထင်ရှားဖြစ်၏၊ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ ဤအမည်ရှိသော ရဟန်းသည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာဖြစ်သော ဘုရားသခင်၏ သာသနာတော်၌ ရဟန်းပြု၍ အုံဘွယ်သရဲကို ဖြစ်စေတတ်သော အကြောင်းကို ပြည့်စုံစေ၏ဟု စကားကို

www.dhammadownload.com

ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ အရှင်ဘုရား ဤ မည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ဤရဟန်းသည် ယခုအခါ၌သာလျှင် အုံဘွယ် သရဲကို ဖြစ်စေသည် မဟုတ်သေး၊ ရှေး၌လည်း မီးဟူသော အကြောင်းကြောင့် မျောက်ဖြစ်၍ အုံဘွယ်သရဲ၏အဖြစ်ကို ပြုဘူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်စွဆို့ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ထိုအခါ ဘုရားလောင်းသည် ကာသိတိုင်းဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် သားသည် ရှေးရှုထက်ဝန်း ကျင်ပြား၍ သုဉ်နိုင်သောကာလ၌ ပုဏ္ဏေးမသည် သေလတ်သည်ရှိသော် သားကိုရင်ခွင်ဖြင့် ချီ၍ ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းအဖြစ်အားဖြင့် ရဟန်း ပြု၍ ထိုသားငယ်ကိုလည်း ရသေ့ငယ်ပြု၍ သစ်ရွက်မိုးသော သခိမ်း၌နေခြင်းကို ပြု၏၊ မိုဃ်းလအခါ အယဉ်မပြတ်စီးသော မိုဃ်းသည် စေ့လတ်သည်ရှိသော် မျောက်သည် အချမ်းနှိပ်စက်သည်ဖြစ်၍၊ သူ့ဖြင့် သူ့တို့ကိုခဲလျက် တုန်လှုပ် လျက် သူ့၏၊ ဘုရားလောင်းသည် ကြီးစွာသော ထင်းတုံးတို့ကို ဆောင်၍ မီးညှိ၍ ညောင်စောင်း၌ လျောင်း၏၊ ထိုဘုရားလောင်း၏ သားငယ်သည်လည်း ထိုဘုရားလောင်း၏ ခြေတို့ကို ဆုပ်နယ်လျက်နေ၏၊ ထိုမျောက်သည် တပါးသော သေလေသောရသေ့၏ ဥစ္စာဖြစ်ကုန်သော လျှော်တေသင်္ကန်းတို့ကို ဝတ်ရုံ၍ သစ်နက်ရေကို ပခုံး၌တင်၍ ထမ်းပိုးကရားကို ယူ၍ ရသေ့အသွင်ဖြင့် လာလတ်၍ သစ်ရွက်မိုးသော သခိမ်းတံခါး၌ မီးဟူသောအကြောင်းကြောင့် အုံဘွယ်သရဲသော အမှုကိုပြု၍ ရပ်၏၊ ရသေ့ငယ်သည်လည်း မြင်၍ ဘခင် ရသေ့တယောက်သည် အချမ်းနှိပ်စက်အပ်သည်ဖြစ်၍ တုန်လှုပ်လျက် ရပ်၏၊ ဤမီးဖိုသို့ ထိုရသေ့ကို ခေါ်ကုန်လော့၊ မီးလုံလတ္တံ့ဟု အဘကို တောင်းပန်လိုသည်ဖြစ်၍–

၂၀၁ အယံ ဣသိ ဥပသမသံယမေ ရတော၊
သ တိဋ္ဌတိ သီသိရဘာယေန အဋ္ဌိတော။
ဟန္ဒ အယံ ပဝိသတု မံ အဂါရကံ၊
ဝိနေတု သီတံ ဒရထဉ္စ ကေဝလံ။

ဟူသော ရှေးဦးစွာသော ဂါထာကို ဆို၏။

www.dhammadownload.com

တာတ၊ ဘခင်။ ဥပသမသံယမေ၊ ရာဂအစရှိသည်တို့ကို ငြိမ်းစေခြင်း, သီလကို ထိန်းသိမ်းခြင်း၌။ ရတော၊ မွေ့လျော်ထသော။ သ—သော အယံ ဣသီ၊ ဤရသေ့သည်။ သိသိရဘယေန၊ လေနှင့်တကွ ရွာသောမိုးသည် ဖြစ်စေအပ်သော ချမ်းအေးခြင်း ဘေးသည်။ ဒဋ္ဌိတော၊ နှိပ်စက်အပ်သည်ဖြစ်၍။ တိဋ္ဌတိ၊ ရပ်၏။ ဟဒ္ဒ၊ ယခု။ အယံ၊ ဤရသေ့သည်။ ဣမံ ဒဂါရကံ၊ ဤကျောင်းသို့။ ပဝိသတု၊ ဝင်စေသတည်း။ ကေဝလံ၊ အလုံးစုံသော။ သိတဉ္စ၊ ချမ်းခြင်းကိုလည်း။ ဒရထဉ္စ၊ ဆင်းရဲခြင်းကိုလည်း။ ဝိနေတု၊ ဖျောက်စေသတည်း။

ဘုရားလောင်းသည် သားတို့စကားကို ကြား၍ ထ၍ ကြည့်သည် ရှိသော် မျောက်၏အဖြစ်ကို သိ၍—

၂၀၂ နာယံ ဣသီ ဥပသမသံယမေ ရတော၊
ကပိ အယံ ဒုမဝရသာခဂေါစရော။
သော ဒဋ္ဌကော ရောသကော စာပိ ဇမ္မော၊
သစေ ဝဇေမံပိ ဒဋ္ဌေယျဂါ၊
ဟဋ္ဌသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

တာတ၊ ချစ်သား။ အယံ၊ ဤသတ္တဝါသည်။ ဥပသမသံယမေ၊ ရာဂအစရှိသည်တို့ကိုငြိမ်းစေခြင်း, သီလကိုစောင့်စည်းခြင်း၌။ ရတော၊ မွေ့လျော်သော။ ဣသီ၊ရသေ့သည်။ နဲ၊မဟုတ်။ အယံ၊ ဤသတ္တဝါသည်။ ဒုမဝရသာခဂေါစရော၊ မြတ်သော သစ်ပင်တို့၏အခက်၌ ကျက်စားတတ်သော။ ကပိ၊ မျောက်တည်း။ သော၊ ထိုမျောက်သည်။ ဒဋ္ဌကော စ၊ ဖျက်လည်း ဖျက်ဆီး တတ်၏။ ရောသကော စာပိ၊ ချုတ်လည်း ချုတ်ချယ်တတ်၏။ ဇမ္မော စ ယုတ်လည်း ယုတ်မာ၏။ ဣမံပိ၊ ဤကျောင်းသို့လည်း။ သစေ ဝဇေ၊ အကယ်၍ ဝင်ငြားအုံ။ အဂါရံ၊ ကျောင်းကို။ ဒဋ္ဌေယျ၊ ဖျက်ဆီးရာ၏။

ဤသို့ဆိုပြီးလျှင် ဘုရားလောင်းသည် မီးစကိုကိုင်၍ ထိုမျောက်ကို ချောက်လိုက်၍ ပြေးစေ၏၊ ထိုမျောက်သည် ခုန်လွှားကာ တောသို့ဝင်၍ ပြေး၏၊ တဖန် ထိုအရပ်သို့ မလာပြီ၊ ဘုရားလောင်းသည် အဘိညာဉ်တို့ကိုလည်း သမာပတ်တို့ကိုလည်း ဖြစ်စေ၍ ရသေ့ငယ်အား ကသိုဏ်းပရိကံကို ကြား၏၊ ထိုရသေ့ငယ်သည်လည်း အဘိညာဉ်,သမာပတ်တို့ကို ဖြစ်စေ၏၊ ထိုနှစ်ဦးသော ရသေ့တို့သည်လည်း မယုတ်သော စျာန်ရှိကုန်သည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လားကုန်၏။

www.dhammadownload.com

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ရဟန်းတို့ ဤရဟန်းသည် ယခုအခါ၌ သာလျှင် အံ့ဘွယ်သရဲကို ဖြစ်စေတတ်သည်မဟုတ်၊ ရှေးကာလမှ စ၍လည်း ဤရဟန်းသည် အံ့ဘွယ်သရဲကို ဖြစ်စေသလျှင်ကတည်းဟု ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြသည်၏အဆုံး၌ အချို့ကုန်သော ရဟန်းတို့သည် သောတာပန် ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် သကဒါဂါမ် ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် အနာဂါမ် ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် ရဟန္တာ ဖြစ်ကုန်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ အံ့ဘွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းသည် ထိုအခါ မျောက် ဖြစ်ဘူးပြီ၊ ယခုအခါ ရာဟုလာသည် ထိုအခါ သား ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ အဘရသေ့ ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။။

(ဝါသနာဘာဂိ၊ ထုံဝသီ၊ အညီအံ့ဘွယ်ပြ)

ဆယ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကပိဇာတ်သည် ပြီး၏။။

ဇောဝတာ–

မင်္ဂလာဘူမိကိတ္တိခ္ချေ၊ ဝသတာ မန္ဒိရေ ရမ္မေ။
ဂုရုနာ မြမ္မဘာသာယ၊ ဝုတ္တဂန္ဓော ဂတော နိဋ္ဌံ။

ဇောဝတာ၊ ဤမျှလောက်သော စကားအစဉ်ဖြင့်။ ရမ္မေ၊ နှလုံးမွေ့လျော်ဘွယ်ရှိသော။ မင်္ဂလာဘူမိကိတ္တိခ္ချေ၊ မင်္ဂလာဘုံကျော် အမည်ရှိသော။ မန္ဒိရေ၊ အမရပုရ ရွှေမြို့တော်တည်ရာ ဆင်ဖြူမျှားရှင် တရားမင်းမြတ်၏ မိဖုယားမြတ်သည် ဆောက်လုပ်အပ်သော ကျောင်းတော်၌။ ဝသတာ၊ သီတင်းသုံးနေသော။ ဂုရုနာ၊ ဆရာတော်သည်။ မြမ္မဘာသာယ၊ မြမ္မာတိုင်းသူတို့၏ အဆို အမိန့်ဖြင့်။ ဝုတ္တဂန္ဓော၊ ဆိုအပ်သော ဆယ်ဝင် ဇာတ်တရာ. အတိုင်းအရှည် ရှိသော ဒုကနိပါတ်ကျမ်းသည်။ နိဋ္ဌံ၊ ပြီးခြင်းသို့။ ဂတော၊ ရောက်၏။။

ဒုကနိပါတ် ဇာတ်ဝတ္ထု ပြီး၏။။

www.dhammadownload.com

ငါးရောငါးဆယ် ဇာတ်ဝတ္ထု

တိကနိပါတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

၁- သက်ပွဝ်၊ ၁- သက်ပွဇာတ်

ဝတီလဲလျှော့ပြေ ဗျာန်ယာဉ်ကြွေ

ပစ္ဆုပ္ပန်ဝတ္ထု နတ်နှင့်တကွသော. လောကကို ဆုံးမတော်၊ မူတတ်သော သပ္ပဉ္ဉူ မြတ်စွာဘုရားသည် "သက်ပွရာဂဓောတေန" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသက်ပွဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ရဟန်းအဖြစ်၌ ငြီးငွေ့သောရဟန်း**ကိုအကြောင်းပြု၍ ဟောတော်မူ၏၊ သာဝတ္ထိပြည်၌ နေသော တယောက်သော အမျိုးသားသည် သာသနာတော်၌ အသက်ကိုလှူသဖြင့် ရဟန်းပြု၍ တနေ့သ၌ သာဝတ္ထိပြည်ဝယ် ဆွမ်းခံသွားသည်ရှိသော် တန်ဆာဆင်အပ်သော မိန်းမတယောက်ကို မြင်၍ ကာမရာဂဖြစ်ရကား မမွေ့လျော်သည် ဖြစ်၍ နေသတတ်၊ မမွေ့လျော်သော ထိုရဟန်းကို ဆရာဥပဇ္ဈာယ် အစရှိသည်တို့ သိမြင်၍ မမွေ့လျော်သော အကြောင်းကို မေးပြီးလျှင် ထိုရဟန်း၏ လူထွက်လိုသော အဖြစ်ကိုသိ၍ ငါ့သျှင် ဘုရားမည်သည်ကား ကာမရာဂ အစရှိသော ကိလေသာတို့သည် နှိပ်စက်အပ် ကုန်သော သူတို့၏ ကိလေသာတို့ကို ခွါ၍ သစ္စာတို့ကို ပြတော်မူပြီးလျှင် သောတာပတ္တိဖိုလ် အစရှိသည်တို့ကို ပေးတတ်၏၊ လာလေ့ သင့်ကို မြတ်စွာဘုရားထံသို့ ဆောင်ကုန်အံ့ဟုဆို၍ ထိုရဟန်းကို ခေါ်၍သွားကုန်၏၊ သပ္ပဉ္ဉူ မြတ်စွာဘုရားသည် ရဟန်းတို့ အလိုမရှိသည်လျှင်ဖြစ်သော ဤရဟန်းကိုခေါ်၍

www.dhammadownload.com

အဘယ် ့ကြောင့်လာကြကုန်သနည်းဟု မေးတော်မူလတ်သော် ထိုအကြောင်းကို ကြားလျှောက်ကုန်၏၊ သင်္ဘာဉ္ဇ မြတ်စွာဘုရားသည် ရဟန်း သင်္ကား ရဟန်း အဖြစ်၌ ငြီးငွေ့သတတ်ဟူသည် မှန်သလောဟု မေးတော်မူ၏၊ ဘုန်းတော် ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် အဘယ် ကြောင့် ငြီးငွေ့သနည်းဟု မေးတော်မူ၏၊ ထိုရဟန်းသည် ထိုအကြောင်းကို နားတော်လျှောက်၏။

ထိုအခါ ထိုရဟန်းကို သင်္ဘာဉ္ဇမြတ်စွာဘုရားသည် ရဟန်း မိန်းမတို့မည်သည် ကား ရွေးကာလ၌ စျာန်၏အာနုဘော်အားဖြင့် ခွါအပ်ပြီးသော ကိလေသာ ရှိကုန်သော စင်ကြယ်ကုန်သော သူတို့အားလည်း ကိလေသာကို ဖြစ်စေကုန်ပြီ၊ သင်္ကဲ့သို့ အချည်းနှီးသောသူကို အဘယ် ့ကြောင့် မညစ်ညူးစေကုန်လတ် ့နည်း၊ စင်ကြယ်ကုန်သော သူတို့သည်လည်း ညစ်ညူးကုန်သေး၏၊ မြတ်သော အကျော် အစောနှင့်ပြည့်စုံကုန်သောသူတို့သည်လည်း အကျော်အစော မဲ ့သည်၏အဖြစ်သို့ ရောက်ကုန်လေး၏၊ မစင်ကြယ်သော သူတို့သည်ကား အဘယ်ဆိုဘဉ်ရာ ရှိအံ့နည်း၊ မြင်းမိုရ်တောင်ကို လှုပ်စေနိုင်သော လေသည် ဟောင်းလေပြီးသော သစ်ရွက်ခြောက်ကို အဘယ်မူ၍ မလှုပ်စေနိုင်ငြားအံ့နည်း၊ ဗောဓိအပြင်၌ နေ၍ သစ္စာတို့ကို သိအံ့သော သူကိုလည်း ဤ ကိလေသာသည် နှိပ်စက်နိုင်ဘိ၏၊ သင်္ကဲ့သို့သော သူကိုကား ထိုကိလေသာသည် အဘယ်မူ၍ မနှိပ်စက်နိုင်ကုန် အံ့နည်းဟု မိန့်တော်မူ၍ ထိုရဟန်းတို့သည် တောင်းပန်အပ်ရကား အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကုဋေ့ရှစ်ဆယ် ကြွယ်ဝသော ဗြာဟ္မဏမဟာသာလ အမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ် ပြည်၌ ခပ်သိမ်းသော အတတ်တို့ကိုသင်၍ ဗာရာဏသီပြည်သို့ ပြန်၍ သားမယား မေး၏၊ မိဘလွန်သဖြင့် မိဘတို့အား သင်္ဂြိဟ်ခြင်းကိစ္စကိုပြု၍ ရှေငဉ်စွာတို့ကို ကြည့်လတ်သော် ဤဥစ္စာသည်ကား ထင်၏၊ ဤဥစ္စာရှင်တို့သည်ကား မထင်ဟု ဆင်ခြင်လျက် သံဝေဂရ၏၊ ကိုယ်မှခွေးတို့သည်ယိုကုန်၏ ထိုဘုရားလောင်းသည် လူတို့ဘောင်၌ ကြာမြင့်စွာ နေလျက် အလှူပေး၍ ကာမတို့ကို ပယ်ပြီးလျှင် မျက်ရည်စွတ်သော မျက်နှာရှိသော ဆွေမျိုးအပေါင်းတို့ကို စွန့်လျက် ဟိမဝန္တာ သို့ဝင်၍ ရဿေ ့ရဟန်းပြုပြီးလျှင် မေ့လျော့ဘွယ် ရှိသော အရပ်၌ ကျောင်း

www.dhammadownload.com

ဆောက်၍ သစ်မြစ်,သစ်သီးအစရှိကုန်သော အာဟာရတို့ဖြင့် မျှတလျက် မကြာမြင့်မီလျှင် အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေ၍ စျာန်ကစားခြင်းကိုကစားလျက် ကြာမြင့်စွာနေ၍ ချဉ်ဆားမှိဝဲအံ့သောဌါ လူတို့ပြည်ကို မှီ၍ နေရမူကား ငါ၏ ကိုယ်သည်လည်း ခိုင်ခံ့သည် ဖြစ်လတ္တံ့၊ ငါသည် သွားခြင်းဖြင့် ဣရိယာပုထ်ကို ဆောင်ခြင်းပြုရသည်လည်း ဖြစ်လတ္တံ့၊ အကြင်သူတို့သည် ငါကဲ့သို့ သီလနှင့် ပြည့်စုံသော ရဟန်းအား ဆွမ်းကိုမူလည်း လှူကုန်လတ္တံ့၊ ရှိခိုးခြင်းအစရှိသည်ကိုလည်း ပြုကုန်လတ္တံ့၊ ထိုသူတို့သည် နတ်ပြည်ကို ပြည့်စေကုန်လတ္တံ့ဟု ကြံ၏၊ ဤသို့ ကြံပြီး၍—

ထိုဘုရားလောင်းသည် ဟိမဝန္တာဝမှ သက်ခဲ့၍ အစဉ်သဖြင့် ဒေသစာရီသွားလတ်သော် ဗာရာဏသီပြည်သို့ ရောက်၍ နေဝင်သောအခါ၌ နေရာအရပ်ကိုကြည့်လျှင် ဥယျာဉ်ကိုမြင်၍ ဤဥယျာဉ်ကား နေခြင်းငှါ လျောက်ပတ်၏၊ ဤဥယျာဉ်၌ နေအံ့ဟု ဥယျာဉ်သို့ဝင်၍ တခုသော သစ်ပင်ရင်း၌ နေလျက် စျာန်ချမ်းသာဖြင့် ညဉ့်ကိုကုန်စေ၍ မိုးသောက်လတ်သော် ကိုယ်လက် သုတ်သင်၍ နံနက်အခါ၌လျှင် ဆံကျစ်, သစ်နက်ရေ လျှော်တော်သက်နှံး တို့ကို ကောင်းမွန်စွာ ပြုပြင်၍ သပိတ်ကိုပိုက်လျက် ငြိမ်သက်သော ဣန္ဒြေ ငြိမ်သက်သောစိတ်, ငြိမ်သက်သော ဣရိယာပုထ်နှင့် ပြည့်စုံစွာ ထမ်းပိုးတပြန်မျှကြည့်၍ ခပ်သိမ်းသော အခြင်းအရာနှင့် ပြည့်စုံသော မိမိ၏ အဆင်း အသရေဖြင့် လူအပေါင်း၏ မျက်စိတို့ကို ငင်ဘိသကဲ့သို့ မြို့သို့ဝင်၍ ဆွမ်းခံသွားလျက်ပင် မင်းအိမ်တံခါးသို့ ရောက်၏၊ မင်းသည် မြတ်သော အပြင်၌ စင်္ကြံသွားလျက် လေသာပြူတင်းပေါက်ဖြင့် ဘုရားလောင်းကို မြင်၍ ဣရိယာပုထ်၌လျှင် ကြည်ညို၍ သူတော်ကောင်းတရားမည်သည် အကယ်၍ ရှိငြားအံ့ ဤရသေ့၏ကိုယ်တွင်း၌ ရှိသည်ဖြစ်ရာ၏ဟု ကြံ၍ သွားချေ ရှင်ရသေ့ကို ပင့်ချေဟု တယောက်သော အမတ်ကို စေ၏၊ ထိုအမတ်သည် သွား၍ ရှိခိုးလျက် သပိတ်ကို လှမ်း၍ အရှင်ဘုရား အရှင်ဘုရားကို မင်းသည် ပင့်ခေါ်၏ဟု ဆို၏၊ ဘုရားလောင်းသည် ဘုန်းတန်းကြီးသော ဒါယကာ ငါတို့ကို မင်းသည် မသိဟု ဆို၏၊ အရှင်ဘုရား ထိုသို့ဘပြီးကား အကြင် မျှလောက်သော ကာလပတ်လုံး လာပါအံ့၊ ထိုမျှလောက်သောကာလပတ်လုံး အရှင်ဘုရားတို့သည် ဤအရပ်၌သာလျှင် နေတော်မူပါကုန်လော့ဟု ဆိုလျက် သွား၍ မင်းအား ကြားလျှောက်၏၊ မင်းသည် ငါတို့အားကား ဆရာရသေ့သည် မရှိ၊ သွားချေ ထိုရသေ့ကို ပင့်ဆောင်ချေဆို၍ မိမိသည်လည်း လေသာနန်းတံခါးပေါက်ဖြင့် လက်ကိုဖြန့်လျက် ရှိခိုး၍ အရှင်

www.dhammadownload.com

ဘုရား ဤအရပ်သို့ အရှင်ဘုရား ကြွတော်မူပါကုန်လော့ဟု ဆို၏၊ ဘုရားလောင်းသည် အမတ်၏လက်၌ သပိတ်ကိုပေး၍ မြတ်သောပြာသာဒ်အပြင်သို့ တက်၏။

ထိုအခါ မင်းသည် ဘုရားလောင်းကို ရှိခိုးလျက် ရာဇပလ္လင်၌ နေစေ၍ မိမိဘို့ ကောင်းစွာ စီရင်အပ်သော ယာဂု, ခဲဘွယ်, ဆွမ်းတို့ဖြင့် လုပ်ကျွေး၍ ဆွမ်းဘုဉ်းပေးပြီးသော် ဘုရားလောင်းကို ပြဿနာမေး၏၊ ပြဿနာကိုဖြေသဖြင့် လွန်စွာကြည်ညို၍ ရှိခိုးလျက် အရှင်ဘုရား အရှင်ဘုရားတို့သည် အဘယ်အရပ်၌ သီတင်းသုံး နေကုန်သနည်း၊ အဘယ်အရပ်မှ ကြွလာကုန်သနည်းဟု မေး၏၊ မြတ်သောမင်းကြီး ငါတို့သည် ဟိမဝန္တာ၌ နေကုန်၏ဟု ပြောဆိုလတ်သော် တဖန် အဘယ့်ကြောင့် ကြွလာကုန်သနည်းဟု မေး၍ မြတ်သော မင်းကြီး မိုးယံးကာလ၌ အမြဲနေရာမည်သည်ကို ရခြင်းငှါ သင့်၏၊ ထို့ကြောင့် လာကုန်၏ဟု ဆိုလတ်သော် အရှင်ဘုရား ထိုသို့တပြီးကား မင်း၏ဉယျာဉ်၌ နေတော်မူပါကုန်လော့၊ အရှင်ဘုရားတို့သည် လေးပါးသော ပစ္စည်းတို့ဖြင့် မပင်မပန်းကုန်လတ္တံ့၊အကျွန်ုပ်သည်လည်း နတ်ပြည်၌ ဖြစ်စေတတ်သော ကောင်းမှုကို ပွားစေရအံ့ဟု ဆိုလေသဖြင့် ဝန်ခံခြင်းကို ယူ၍ နံနက်စာစားပြီးသော် ဘုရားလောင်းနှင့်တကွ ဉာဏျာဉ်သို့သွား၍ သစ်ရက်မိုးသော ကျောင်းစကြံတို့ကို ဆောက်စေ၍ ညဉ့်သန့်ရှင်း နေ့သန့်ရာ အရပ် အစရှိသည်တို့ကို ဖြစ်စေ၍ ရဟန်းတို့၏ ပရိက္ခရာတို့ကို လှူပြီး၍ အရှင်ဘုရား အရှင်ဘုရားတို့သည် ချမ်းသာသဖြင့် နေပါကုန်လော့ဟု ဆို၍ ဉယျာဉ်စောင့်ကို အပ်၏၊ ဘုရားလောင်းသည် ထိုအခါမှ စ၍ တဆယ့်နှစ်နှစ်တို့ပတ်လုံး ထိုဉယျာဉ်၌သာလျှင် နေ၏။

တိုအခါတနေ့သ၌ မင်း၏ပစ္စန္တရစ်ကို ခိုးသူတို့သည်ဖျက်ဆီးအပ်၏၊ မင်းသည် ပစ္စန္တရစ်ကို ငြိမ်စိမ့်သောငှါ သွားလိုရကား မိဖုယားကို ခေါ်၍ မိဖုယားသင်သည် မြို့၌ နေရစ်ခြင်းငှါ သင့်၏ဟု ဆို၏၊ မြတ်သောမင်းကြီး အဘယ်ကို မှီ၍ ဆိုကုန် သနည်းဟု လျှောက်လတ်သော် မိဖုယား သီလ ရှိသောရသေ့ကို မှီ၍ ဆို၏ဟု မင်းသည် ဆို၏၊ မြတ်သောမင်းကြီး အကျွန်ုပ်သည် ရှင်ရသေ့၌ မမေ့ မလျော့သည် ဖြစ်အံ့ ရှင်ရသေ့အား လုပ်ကျွေးခြင်းသည် အကျွန်ုပ်၏ ဝန်ဖြစ်စေ၊ အရှင်မင်းကြီးတို့သည် ရှိရှာခြင်း ကင်းကုန်သည်ဖြစ်၍ ကြွတော်မူလော့ဟု မိဖုယားသည် ဆို၏၊ မင်းသွားသည်ရှိသော် မိဖုယားသည်လည်း ဘုရားလောင်းကို မင်းဆိုတိုင်းသာလျှင် ရှိသေစွာ လုပ်ကျွေး၏၊ ဘုရားလောင်းသည်ကား မင်း၏သွားသောကာလ၌ အမြဲအခါ၌ သွား၍ မိမိအလိုရှိသော ကာလ၌ ဆွမ်းစားခြင်းကိစ္စကို ပြု၏။

www.dhammadownload.com

ထိုအခါ တနေ့သ၌ ဘုရားလောင်းသည် အလွန်ကြာမြင့်လတ်သော် မိဖုယားသည် ခပ်သိမ်းသော ခဲဘွယ်,ဘောဇဉ်ကို စီရင်၍ ရေချိုး၍ တန်ဆာဆင်၍ ညောင်စောင်းငယ်ကိုခင်း၍ ဘုရားလောင်း၏ လာခြင်းကို မျှော်လျက် ပြေပြစ်သောအဝတ်ကို အလျော့လျော့ဝတ်၍အိပ်၏၊ ဘုရားလောင်းသည်လည်း အခါကို မှတ်၍ သပိတ်ကို ယူ၍ ကောင်းကင်ဖြင့်သွား၍ လေသွန်တံခါးသို့ ရောက်၏၊ ထိုဘုရားလောင်း၏ လျှော်တေသက်န်းသံကို ကြား၍ အဆောတလျင် ထ,သော မိဖုယား၏ကိုယ်မှ ပြေပြစ်သောအဝတ်သည် လျှောကျ၏၊ ဘုရားလောင်းသည် ဝိသဘာဂအာရုံကိုမြင်၍ ဣန္ဒြေကိုဖျက်၍ တင့်တယ်၏ဟု နှလုံးသွင်းလျက် ကြည့်၏၊ ထိုအခါ ဘုရားလောင်းအား စျာန်၏ အစွမ်းအားဖြင့် ငြိမ်စွာသော ကိလေသာသည်လည်း ကြုတ်၌ထည့်အပ်သော မြေဟောက်သည် ပါးပျဉ်းထောင်၍ ထ,သကဲ့သို့ရင်း အစေးရှိသော သစ်ပင်ကို ပဲခွပ်ဖြင့် ပေါက်သော ကာလကဲ့သို့ရင်း ဖြစ်၏၊ ကိလေသာဖြစ်သည်နှင့်တကွ စျာန်အင်္ဂါတို့သည် ကွယ်ကုန်၏၊ ဣန္ဒြေတို့သည် မပြည့်စုံသည် ဖြစ်ကုန်၏၊ မိမိသည် အတောင်ပြတ်သော ကျီးကဲ့သို့ ဖြစ်၏၊ ထိုဘုရားလောင်းသည် ရှေးဌာနကဲ့သို့ ထိုင်၍ ဆွမ်းဘုဉ်းပေးခြင်းကို ပြုအံ့သောငှါ မတတ်နိုင်၍ ထိုင်ပါလေ့ဟု ဆိုငြားသော်လည်း မထိုင်၊ ထိုအခါ မိဖုယားသည် ခပ်သိမ်းသော ခဲဘွယ် ဘောဇဉ်ကို ဘုရားလောင်း၏ သပိတ်၌လျှင်ထည့်၏၊ ရှေးဌ ဆွမ်းဘုဉ်းပေးခြင်းကို ပြု၍ ခြသော် ခံသောပြုတင်းပေါက်ကိုဘွင့်၍ကောင်းကင်၌သာလျှင်သွားသကဲ့သို့ ထို့အတူ ထိုနေ့၌သွားခြင်းငှါမတတ်နိုင်၊ သပိတ်ကိုယူ၍ စောင်းတန်းမဖြင့်လျှင် သက်၍ ဥယျာဉ်သို့ သွား၏၊ မိဖုယားသည်ကား မိမိ၌ ဘုရားလောင်း၏ တပ်စွန်းသောစိတ်ကို သိ၏၊ ဘုရားလောင်းသည် ဥယျာဉ်သို့သွား၍ ဆွမ်းကို မစား မူ၍လျှင် ညောင်စောင်းအောက်၌သာလျှင် သပိတ်ကို ထား၏၊ မိဖုယား၏ ဤသို့သဘောရှိသော လက်တို့သည် တင့်တယ်ကုန်၏၊ ခြေတို့သည် တင့်တယ်ကုန်၏၊ ဤသို့သဘောရှိသော ခါးသည် တင့်တယ်၏၊ ဤသို့သဘောရှိသော ပေါင်တို့သည် တင့်တယ်ကုန်၏၊ ဤသို့ အစရှိသည်တို့ကို မြည်တမ်းလျက် ခုနစ်ရက် အိပ်၏၊ ဆွမ်းသည်ကား ပုပ်သိုး၏၊ ယင်ညိုတို့ဖြင့် ပြည့်၏။

ထိုအခါ မင်းသည် ပစ္စန္တရစ်ကို ငြိမ်စေ၍ ပြန်လာလတ်သော် တန်ဆာဆင်သောမြို့ကို လက်ျာရစ်လှည့်၍ မင်းအိမ်သို့ မသွားမီ ဘုရားလောင်းကို ဖူးအံ့ဟု ဥယျာဉ်သို့သွား၍ အမှိုက်တို့ဖြင့်ပြည့်သော ကျောင်းကိုမြင်၍ အရပ်တပါးသို့ ကြွသည်ဖြစ်လတ္တံ့ဟု ကျောင်းတံခါးကိုဘွင့်၍ ကျောင်းသို့ ဝင်လတ်

www.dhammadownload.com

သော် လျောင်းရှိနေသော ဘုရားလောင်းကိုမြင်၍ တစုံတခုသော မချမ်းသာခြင်းရှိလတ္တံ့ဟု ပုပ်သိုးသောဆွမ်းကို စွန့်စေ၍ ကျောင်းကို သုတ်သင်စေ၍ အရှင်ဘုရားအား အဘယ်ရောဂါရှိသနည်းဟု မေး၏၊ မြတ်သောမင်းကြီး ငါ့ကို ထိုးမိ၏ဟု ဆို၏၊ မင်းသည် ငါ၏ရန်သူတို့သည်ကား ငါ့အား အခွင့်မရကုန်၍ ဤရသေ့အား အားနည်းခြင်းကို ပြုကုန်အံ့ဟု လာ၍ ဤရသေ့ကိုထိုးအပ်သည် ဖြစ်လတ္တံ့ဟု အောက်မေ့၍ ကိုယ်ကိုပြစေ၍ စူးရာအရပ်ကို မမြင်လတ်သော် အရှင်ဘုရား အဘယ်၌ ထိုးမိသနည်းဟု မေး၏၊ ဘုရားလေခင်းသည် မြတ်သောမင်းကြီး ငါ့ကို တပါးသောသူသည်မထိုးပေအပ်၊ ငါသည်သာလျှင် ငါ၏နှလုံး၌ ငါ၏ကိုယ်ကို ထိုး၏ဟု ဆို၍ ထိုင်လျက်-

၁ သက်ပွဂဂေါတေန၊ ဝိတက္ကနိသိတေန စ။
နလက်တေန ဘဒြေန၊ ဥသုကာရကတေန စ။

၂ နကဏ္ဏာယတ မုတ္တေန၊ နာပိ မောရူပသေဝိနာ။
တေနမှိ ဟဒယေ ဝိဒ္ဓေါ၊ သဗ္ဗင် ပရိဒါဟိနာ။

၃ အာဝေဓဉ္စ နပဿာမိ၊ ယတော ရုဟိရမဿဝေ။
ယာဝ အယောနိသော စိတ္တံ၊ သယံ မေ ဒုက္ခမာဘတံ။

ဟူသော ဤဂါထာတို့ကို ဆို၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ သက်ပွဂဂေါတေန၊ ကာမဝိတက်နှင့် ယှဉ်သော ရာဂရဖြင့် ဆေးအပ်ထသော။ ဝိတက္ကနိသိတေန စ၊ ကာမဝိတက် ဟူသော ကျောက်၌ သွေးအပ်သည်လည်းဖြစ်ထသော။ဘဒြေန၊ ကောင်းသော။ နာလက်တေန၊ တန်ဆာဆင်ခြင်းလည်း ကင်းထသော။ ဥသုကာရကတေန စ၊ မြှားသမားတို့သည်လည်း မချွန်အပ်ထသော။ နကဏ္ဏာယတမုတ္တေန၊ လက်ျာနားစွန်း၌ ဝင်သည်ဖြစ်၍ မလွှတ်အပ်ဆသော။ နာပိ မောရူပသေဝိနာ၊ဥဒေါင်း, လင်းတတောင် စသည်တို့ဖြင့် မြှားလွှတ်မကပ်အပ်ထသော။ သဗ္ဗင်ပရိဒါဟိနာ၊ ခပ်သိမ်းသော ကိုယ်အင်္ဂါတို့ကို လောင်စွမ်းနိုင်သော။ တေန၊ ထိုကိလေသာမြှားသည်။ မေ၊ ငါ၏။ ဟဒယေ၊ စိတ်၌။ ဝိဒ္ဓေါ၊ စူးဝင်သည်။ အမှိ၊ ဖြစ်၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ယတော အာဝေဓာ၊ အကြင်ကိလေသာမြှားစူးဝင်ခြင်းကြောင့်။ ရုဟိရံ၊ သွေးသည်။ အဿဝေ ယိုစီးရာ၏။ တံ အာဝေဓဉ္စ၊ ထိုစူးရာအရပ်ကိုလည်း။ န ပဿာမိ၊ မမြင်။ ယာဝ အတိဝိယ၊ အလွန်လျှင်။

www.dhammadownload.com

အယောနိသော၊ မသင့်သောအားဖြင့်။ စိတ္တံ၊ ရာဂစိတ်သည်။ ဝဓိတံ၊ ပွား၏။ မေ၊ ငါသည်။ သယံ၊ ကိုယ်တိုင်။ ဒုက္ခံ ဆင်းရဲကို။ အာဘာတံ၊ ဆောင်မိချေ၏။

ဤသို့ ဘုရားလောင်းသည် ဤဂါထာတို့ဖြင့် မင်းအားတရားဟော၍ မင်းကို ကျောင်းမှ အပသို့ထွက်စေ၍ ကသိုဏ်းပရိကံကိုပြု၍ ပျော်ပြီးသော စျာန်ကို ဖြစ်စေ၍ ကျောင်းမှ ထွက်လတ်၍ ကောင်းကင်၌ နေလျက် မင်းကိုဆုံးမ၍ မြတ်သောမင်းကြီး ငါသည် ဟိမဝန္တာသို့ သွားတော့အံ့ဟု ဆို၏။ အရှင်ဘုရား ဟိမဝန္တာသို့ သွားခြင်းငှာ မသင့်ဟု ဆိုငြားသော်လည်း မြတ်သောမင်းကြီး ငါသည် ဤအရပ်၌ နေခြင်းကြောင့် ဤသို့သဘောရှိသော ဘောက်ပြန်ခြင်းသို့ ရောက်၏၊ ယခု ဤအရပ်၌နေခြင်းငှါ မသင့်ဟု ဆို၍ မင်း၏ တောင်းပန်စဉ်လျှင် ကောင်းကင်၌ပျံ၍ ဟိမဝန္တာသို့ ပြန်သွား၍ အသက်ထက်ဆုံးတည်၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ရဟန်းအဖြစ်၌ ငြိုးငွေ့သော ရဟန်းသည် အရဟတ္တဖိုလ်၌ တည်၏၊ အချို့ကုန်သော ရဟန်းတို့သည် သောတာပန် ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည်သကဒါဂါမ်ဖြစ်ကုန်၏၊အချို့ကုန်သော ရဟန်းတို့သည် အနာဂါမ် ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် ရဟန္တာ ဖြစ်ကုန်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်ကား ထိုအခါ ရသေ့ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(သူတော်သူမြတ်၊ ဖြစ်တုံလတ်လည်း၊ မ-ဓာတ်စိတ်ဖက်၊ အကျိုးပျက်၊
လျှာသက် စျာန်ယာဉ်ကြွေ)

ရှေးဦးစွာသော သက်ပ္ပဇာတ်သည် ပြီး၏။

www.dhammadownload.com

၂-တိလမုဋ္ဌိဇာတ်

နှမ်းတဆုပ် ဒုတ်သုံးချက်

ပစ္စုပ္ပန်ဝတ္ထု၂ နတန္နင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အင်္ဂါပိ မေ တံ သရသိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ တိလမုဋ္ဌိဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **မထင်ရှားသော အမျက်ထွက်တတ်သော ရဟန်း** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ မထင်ရှားသော ရဟန်းတပါးသည် အမျက်ထွက်တတ်၏၊ ပင်ပန်းခြင်းများတတ်သော သဘောရှိ၏၊ အနည်းငယ် ဆိုငြား သော်လည်း ပြင်းစွာ အမျက်ထွက်တတ်၏၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်ငယ် ငါ့သျှင်တို့ ဤမည်သော ရဟန်းသည် အမျက်ထွက်တတ်၏၊ ပင်ပန်းခြင်းများသော သဘောရှိ၏၊ ခုံလောက်၌ ထည့်အပ်သော ဆားကဲ့သို့ ဖျစ်ဖျစ်မြည်လျက် သွားတတ်၏၊ ဤသို့ သဘောရှိသော အမျက်ကင်းသော သာသနာတော်၌ ရဟန်းပြုလျက် အမျက်မျက်ကိုလည်း နှိပ်အံ့သောငှါ မတတ်နိုင်ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စကားကို ကြား၍ ထိုရဟန်းကို ရဟန်းတပါးအား ခေါ်စေ၍ ရဟန်း သင်သည် အမျက် ထွက်တတ်သော်ဟူသည် မှန်သလောဟု မေးတော်မူ၏၊ ဘုန်းတော် ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ဤရဟန်း သည် ယခုအခါ၌ သာလျှင် အမျက်ထွက်တတ်သည် မဟုတ်သေး၊ ရှေး၌လည်း အမျက် ထွက်တတ်သည် သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၂ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ထိုဗြဟ္မဒတ် မင်းအား ဗြဟ္မဒတ္တမည်သော မင်းသားသည် ဖြစ်၏၊ ရှေးမင်းတို့သည် မိမိ၏သားတို့ကို ဤသို့စေသည်ရှိသော် မင်းသားတို့သည် မာနကင်းကုန်လတ္တံ့ အချမ်းအပူကို သည်းခံနိုင်ကုန်လတ္တံ့ လောကစရိုက်ကိုလည်း သိကုန်လတ္တံ့ဟု မိမိတို့၏မြို့၌ ဒီသာပါမောက္ခဆရာ ရှိငြားသော်လည်း အတတ်ကို သင်စိမ့်သောငှါ ဝေးစွာသော တိုင်းတပါးသို့ မင်းသားတို့ကို စေကုန်၏၊ ထို့ကြောင့် ဗြဟ္မဒတ်မင်းသည် တဆဲ့ခြောက်နှစ် ရှိသော သားကို ခေါ်စေ၍ တလွဘိနပ်, သစ်ရွက်ထီး အသပြာတထောင်ကို ပေး၍ အမောင် သင်သည် တက္ကသိုလ်ပြည်သို့ သွား၍ အတတ်ကို သင်ချေဟု

www.dhammadownload.com

စေ၏၊ ထိုဗြဟ္မဒတ်မင်းသားသည် ကောင်းပြီဟု မိဘတို့ကို ရှိခိုးလျက် ထွက်၍ အစဉ်သဖြင့် ဓာက္ကသိုလ်ပြည်သို့ ရောက်လျှင် ဆရာ့အိမ်ကို မေး၍ ဆရာသည် တပည့်လုလင်ငယ်တို့အား အတတ်ကို သင်ပြီးလျှင် ထ၍ အိမ်တံခါးဦး စကြံ်သွားလျက် နေ၏၊ ထိုအိမ်သို့ ရောက်၍ အကြင်အရပ်၌ ရပ်လျက် ဆရာကို မြင်၏၊ ထိုအရပ်၌လျှင် ဘိနပ်တို့ကို ချွတ်၍ ထီးကိုပယ်၍ ဆရာကိုရှိခိုး၍ ရပ်၏၊ ဆရာလည်း ဗြဟ္မဒတ်မင်းသား၏ပင်ပန်းလာသောအဖြစ်ကိုသိ၍ ညှော်သည်တို့အား ခြိုးမြောက်ခြင်းကို ပြုစေ၏၊ မင်းသားသည် ထမင်းစားပြီးသော် အတန်ငယ် အပင်အပန်းဖြေ၍ ဆရာ့အထံသို့ ချဉ်းကပ်၍ ရှိခိုးလျက် နေ၏၊ အမောင် အဘယ်အရပ်မှ လာသနည်းဟု မေးလတ်သော် ဗာရာဏသီပြည်မှ လာ၏ဟု ဆို၏၊ အဘယ်သူ၏ သားနည်းဟု မေးလတ်သော် ဗာရာဏသီမင်း၏ သားတည်းဟု ဆို၏၊ အဘယ်ကိစ္စကြောင့် လာသနည်းဟု မေးသည်ရှိသော် အတတ်သင် အံ့သောငှါ လာပါသည်ဟု ဆိုလျှင် ဆရာ့အဘို့ကို ဆောင်ခဲ့သလော၊ သို့တည်း မဟုတ်မူ ပညာသင် တပည့် (ဓမ္မန္တေဝါသိက[1]) ခံလိုသလောဟု မေးသည်ရှိသော် အကျွန်ုပ်သည် ဆရာ့အဘို့ကို ဆောင်ခဲ့သတည်းဟု ဆို၍ ဆရာ့ခြေရင်းဦး အသပြာတထောင်ထုပ်ကိုထားလျက် ရှိခိုး၍ လျှောက်ပတ်သောအရပ်၌ နေ၏။

ပညာသင်တပည့် (ဓမ္မန္တေဝါသိက) လုလင်တို့သည် နေ့အခါ ဆရာ့အမှုကို လုပ်၍ ညဉ့်၌ အတတ်ကို သင်ကုန်၏၊ ဆရာ့အဘို့ကို ပေးကုန်သော တပည့် လုလင်တို့သည်ကား အိမ်၌ သားကြီးတို့ကဲ့သို့ ဖြစ်၍ အတတ်ကိုသာလျှင် သင်ကုန်၏၊ ထို့ကြောင့် ထိုတက္ကသိုလ် ဆရာသည်လည်း အလွယ်တကူသာလျှင် ကောင်းသော နက္ခတ်ဖြင့် ဗြဟ္မဒတ်မင်းသားအား အတတ်ကို သင်စေ၏၊ မင်းသားသည်လည်း အတတ်ကိုသင်စဉ် တနေ့သ၌ ဆရာနှင့်တကွ ရေချိုးအံ့သောငှါ သွား၏၊ ထိုအခါ တယောက်သော မိန်းမအိုသည် နှမ်းတို့ကို အဖြူချွတ်၍ ဖြန့်ပြီးလျှင် စောင့်လျက် နေ၏၊ မင်းသားသည် နှမ်းဖြူတို့ကို မြင်၍ စားလိုသည်ဖြစ်၍ နှမ်းတဆုပ်ကို ယူ၍ စား၏၊ မိန်းမအိုသည်ကား ဤလုလင်သည် ချင်ခြင်းတပ်သောသူ ဖြစ်၏ဟု အောက်မေ့လျက် တစုံတခု မဆို၊ မင်းသားသည် နောက်တနေ့၌လည်း ထိုအချိန်၌ ထို့အတူသာလျှင် ပြု၏၊ ထိုမိန်းမအိုသည် ထိုမင်းသားကို တစုံတခုမဆို၊ တပါးသောသူသည် သုံးရက် မြောက်သောနေ့၌လည်း ထို့အတူသာလျှင် ပြု၏၊ ထိုအခါ မိန်းမအိုသည် မြင်၍ ဒိသာပါမောက္ခ ဆရာသည် မိမိတပည့်တို့ကို ငါ့ကို လုယက်စေ၏ဟု ဆို၍

---

၁ အမှုလုပ် တပည့် (က)

www.dhammadownload.com

လက်တို့ကိုမြှောက်၍ ငိုမြည်တမ်း၏၊ ဆရာသည် ပြန်၍ မိခင် ဤအမှုကား အသို့နည်းဟု မေး၏၊ သခင် အရှင့်တပည့်သည် ယနေ့ နှမ်းတဆုပ်, ယမန်နေ့က နှမ်းတဆုပ်, တမြန်နေ့က နှမ်းတဆုပ်ကို စား၏၊ ဤသို့ စားသော် အကျွန်ုပ်၏ ဥစ္စာအလုံးကို ကုန်စေလတ္တံ့သည် မဟုတ်လော့ဟု ဆို၏၊ မိခင် မငို့လင့် သင့်အား အဘိုးကို ပေးစေအံ့ဟု ဆို၏၊ သခင် အကျွန်ုပ်ကား အဘိုးဖြင့် အလိုမရှိ ဤလုလင်ကို တဖန် ဤသို့ မပြုအောင်သာ ဆုံးမလောဟု မိန်းမအိုသည် ဆို၏၊ ဆရာသည် မိခင် ထိုသို့တပြီးကား ကြည့်လော့ကု ဆို၍ ထိုမင်းသားကို နှစ်ယောက်ကုန်သော လုလင်တို့ကို လက်ခြေတို့၌ ကိုင်စေ၍ ဝါးခြမ်းစိတ်ကို ကိုင်၍ တဖန် ဤသို့ မပြုလင့်ဟု သုံးကြိမ် ကျော၌ ရိုက်၏၊ မင်းသားသည် အမျက်ထွက်၍ မျက်စိတို့ကို နီစွာပြု၍ ခြေဘမိုးမှ ဆံဖျားတိုင်အောင် ဆရာကို ကြည့်၏၊ ဆရာသည် မင်းသား၏ အမျက်ထွက်၍ ကြည့်သောအဖြစ်ကို သိ၏၊ မင်းသားသည် အတတ်ကို အပြီးသို့ရောက်စေ၍ ဤဆရာကို ငါသည် သတ်အံ့ဟု ဆရာပြုသောအပြစ်ကို နှလုံး၌ထား၍ သွားသောကာလ၌ ဆရာကို ရှိခိုး၍ ဆရာ အကြင်အခါ၌ အကျွန်ုပ်သည် ဗာရာဏသီမင်း အဖြစ်သို့ ရောက်၍ ဆရာတို့၏အထံသို့ စေလိုက်အံ့၊ ထိုအခါ ဆရာတို့သည် လာကုန်လော့ဟု ချစ်ခြင်း ရှိသကဲ့သို့ ဝန်ခံခြင်းကိုယူ၍ ဖဲသွား၏။

ထိုအခါ မင်းသားသည် ဗာရာဏသီပြည်သို့ ရောက်၍ မိဘတို့ကိုရှိခိုး၍ အတတ်ကိုပြ၏၊ မင်းကြီးသည် အသက်ရှင်သဖြင့် ငါ့သားကို မြင်ရပြီ၊ အသက်ရှင်စဉ် ငါ့သား၏ မင်းအာသရေကို ကြည့်အံ့ဟု မင်းအဖြစ်၌ ထား၏၊ ထိုဗြဟ္မဒတ်မင်းသည် မင်း၏အာသရေကို ခံစားလျက် ဆရာပြုသောအပြစ်ကို အောက်မေ့၍ အမျက်ထွက်သဖြင့် ထိုဆရာကို သတ်အံ့ဟု ခေါ်စိမ့်သောငှာ ဆရာ့ထံသို့ လက်ဆောင်ပဏ္ဏာကာရန္ဒင့်တက္ခ တမန်ကို စေ၏၊ ဆရာသည် ငယ်စဉ်ကာလ၌ ဗာရာဏသီမင်းကို မှတ်စိမ့်သောငှါ မတတ်ကောင်းဟု မသွားမူ၍ ထိုမင်း၏ မင်္ဂလာမအရွယ်၌ ယခုအခါ ထိုမင်းကို သိစိမ့်သောငှါ တတ်ကောင်းပြီဟု သွား၍ မင်းအိမ်တံခါး၌ ရပ်လျက် တက္ကသိုလ်ဆရာ လာ၏ဟု ကြားလျှောက်စေ၏ မင်းသည် နှစ်သက်စွာ ပုဏ္ဏားကို ခေါ်စေ၍ မိမိအထံသို့လာသော ပုဏ္ဏားကို မြင်လျှင် အမျက်ကို ဖြစ်စေ၍ မျက်စိတို့ကို နီစွာပြု၍ အမတ်တို့ကို ခေါ်၍ အို အမတ်တို့ ယနေ့ထက်တိုင်အောင်လည်း ငါ့အား ဆရာသည် ရိုက်အပ်သော အရာကို နာကျင်အပ်၏၊ ယနေ့ဆရာသည် နဖူးပြင်ဖြင့် သေမင်းကိုယူ၍ သေအံ့ဟု လာ၏၊ ယနေ့ ဆရာ၏အသက်သည် မရှိဟု ဆိုလို၍—

www.dhammadownload.com

၄ အဇ္ဇာပိ မေ တံ မနသိ၁၊ ယံ မံ တွံ တိလမုဋ္ဌိယာ။
ဗာဟာယ မံ ဂဟေတ္ဝာန၊ လဋ္ဌိယာ အနုတာဋ္ဌယိ။

၅ နနု ဇီဝိတေန ရမသိ၊ ယေနာသိ ဗြာဟ္မဏာဂတော။
ယံ မံ ဗာဟာ ဂဟေတ္ဝာန၊ တိက္ခတ္တုံ အနုတာဋ္ဌယိ။

ဟူသော ဤဂါထာတို့ကို ဆို၏။

ဗြာဟ္မဏ၊ ပုဏ္ဏား။ တုံ၊ သင်သည်။ တိလမုဋ္ဌိယာ၊ နှမ်းတဆုပ်ကြောင့်။ မံ၊ ငါ့ကို။ ဗာဟာယ၊ မောင်းဌ်။ ဂဟေတ္ဝာန၊ ကိုင်စေ၍။ လဋ္ဌိယာ၊ ဝါးခြမ်းစိတ်ဖြင့်။ မံ၊ ငါ့ကို။ ယံ အနုတာဋ္ဌယိ၊ အကြင်ရိုက်ခြင်းကိုပြု၏။ တံအနုတာဋ္ဌနံ၊ ထိုရိုက်ခြင်းကို။ အဇ္ဇာပိ၊ ယနေ့တိုင်အောင်လည်း။ မေ၊ ငါသည်။ မနသိ၊ စိတ်၌ အောက်မေ့မိ၏။

ဗြာဟ္မဏ၊ ပုဏ္ဏား။ ယေန၊ အကြင်ကြောင့်။ တွံ၊ သင်သည်။ မမ၊ ငါ၏။ သန္တိကံ၊ အထံသို့။ အာဂတော၊ လာသည်။ အသိ၊ ဖြစ်၏။ ယံ၊ အကြင်ကြောင့်။ မံ၊ ငါ့ကို။ ဗာဟာယ၊ မောင်းဌ်။ ဂဟေတ္ဝာန၊ ကိုင်စေ၍။ တိက္ခတ္တုံ၊ သုံးကြိမ်။ အနုတာဋ္ဌယိ၊ ရိုက်၏။ တဿ၊ ထို့ကြောင့်။ တွံ၊ သင်သည်။ ဇီဝိတေ၊ အသက်၌။ န ရမသိ နနု၊ မမွေ့လျော်ယောင်တကား။

ဤသို့ သေဘေးဖြင့် ခြိမ်းချောက်၍ ဆိုသော စကားကိုကြား၍ ဆရာသည်—

၆ အရိယော အနရိယံ ကုဗ္ဗန္တံ၂၊ ယော ဒဏ္ဍေန နိသေဓတိ။
သာသနံ တံ န တံ ဝေရံ၊ ဣတိ နံ ပဏ္ဍိတာ ဝိဒု။

ဟူသော သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ အရိယော၊ မြတ်သော အကျင့်ရှိသော။ ယော၊ အကြင်သူသည်။ အနရိယံ၊ မမြတ်သောအကျင့်ကို။ ကုဗ္ဗန္တံ၊ ကျင့်သောသူကို။ ဒဏ္ဍေန၊ ဒဏ်ဖြင့်။ နိသေဓတိ၊ တားမြစ်၏။ တံ၊ ထိုတားမြစ်ခြင်းသည်။ သာသနံ၊ အဆုံးအမမည်၏။ တံ၊ ထိုတားမြစ်ခြင်းသည်။ န ဝေရံ၊ ရန်မဟုတ်။ ဣတိ၊ ဤသို့။ နံ၊ ထိုတားမြစ်ခြင်းကို။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဝိဒု၊ သိကုန်၏။

---

၁ သရသီ (က) ၂ ကုဗ္ဗာနံ (သီ၊ ဋ္ဌ)

www.dhammadownload.com

မြတ်သောမင်းကြီး ဤသို့သဘောရှိသောအရာ၌ ရန်ငြိုးဖွဲ့ခြင်းငှါ မထိုက်၊ မြတ်သောမင်းကြီး သင်မင်းကြီးကို အကယ်၍ အကျွန်ုပ်မဆုံးမငြားအံ့၊ ထိုနောင်ကာလ၌ ပဲကြီးမုံ နှမ်းဖြင့်ပြုအပ်သော ခဲဘုယ် အစရှိသည် တို့ကိုငှင်း သစ်သီးကြီးငယ် အစရှိသည် တို့ကိုငှင်း လုယက်ခြင်း အစရှိသည်ဖြင့် အိမ်ခြံစပ်ကို ဖြတ်ခြင်း ခရီးသွားတို့ကို လုယက်ခြင်း ရွာနိုဂုံးတို့ကို တိုက်ခြင်း အစရှိသည် တို့ကိုပြု၍ မင်း၏ ဆန့်ကျင်ဘက် ခိုးသူတည်းဟု ဥစ္စာနှင့်တကွဖမ်း၍ မင်းအား ပြလတ်သည်ရှိသော် သွားချေ ထိုခိုးသူအား လျော်သောဒဏ်ကို ဆောင်ကြကုန်ဟု မင်းစေ၍ ဒဏ်ပေးခြင်းသို့ ရောက်ရာ၏၊ သင်မင်းကြီးအား အဘယ်မှာ ဤသို့သဘောရှိသော စည်းစိမ်သည် ဖြစ်ရာအံ့နည်း၊ ဆရာဖြစ်သော အကျွန်ုပ်ကိုမှီ၍ ဤစည်းစိမ်ကို သင်မင်းကြီး ရ၏ဟု ဆရာသည် မင်းကို သိစေ၏၊ ခြံရံ၍ နေကုန်သော အမတ်တို့ သည်လည်း ဆရာ့စကားကို ကြား၍ အရှင်မင်းကြီး အရှင်မင်းကြီး၏ ဤစည်းစိမ်သည် ဆရာ့ဥစ္စာလျှင်တည်းဟု ဆိုကြကုန်၏၊ ထိုဓာ၌ မင်းသည် ဆရာ့ကျေးဇူးကို မှတ်နိုင်၍ ဆရာ သင့်အား အလုံးစုံသော စည်းစိမ်ကို ပေး၏ဟု ဆို၏၊ ဆရာသည် မြတ်သောမင်းကြီး အကျွန်ုပ်အား မင်းအဖြစ်ကို အလိုမရှိဟု ပယ်၏၊ မင်းသည် တက္ကသိုလ်ပြည်သို့ စေ၍ ဆရာ၏သား,မယားကို ဆောင်စေ၍ များစွာသော အခြံအရံစည်းစိမ် တို့ကို ပေး၍ ထိုဆရာကိုလျှင် ပုရောဟိတ်ပြု၍ အဘအရာ၌ ထား၍ ဆရာ၏ အဆုံးအမ၌ တည်လျက် ဒါနအစရှိသော ကောင်းမှုတို့ကို ပြု၍ နတ်ပြည်သို့ လား၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာကို ပြသည်၏အဆုံး၌ အမျက်ထွက်တတ်သော ရဟန်းသည်အနာဂါမိဖိုလ်၌တည်၏၊ များစွာကုန်သော ရဟန်းတို့သည် သောတာပန်, သကဒါဂါမ် ဖြစ်ကုန်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ အမျက်ထွက်တတ်သော ရဟန်းသည် ဆိုအခါမင်း ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ဆရာ ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(တပည့်တွက်တာ၊ နောင်ကျိုးရှာလစ်၊ဆရာဖြစ်လည်း၊ ကြောင်းနည်းဆင်ခြင်၊ ရိုက်ပုတ်သင်၊ ရန်လျှင်ဖွဲ့တတ်၏)

နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော တိလမုဋ္ဌိဇာတ်သည် ပြီး၏။

www.dhammadownload.com

၃-မဏိကဏ္ဍဇာတ်

လည်ဆဲ့ ပတ္တမြား

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "မမန္ဒပါနံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဏိကဏ္ဍဇာတ်ကို အာဠဝိပြည်ကို အမှီပြု၍ အဂ္ဂါဠဝစေတီဠ်ဿိတင်းသုံး နေတော်မူစဉ် **ကုဋိကာရသိက္ခာပုဒ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကို ခွါဦးအံ့၊ အာဠဝိတိုင်းသား ရဟန်းတို့သည် ကိုယ်တိုင် အဆောက်အဦတို့ကိုဆောက်၍ ကုဋိတို့ကိုပြုအပ်ကုန်သည်ရှိသော် ယောကျ်ားကို ပေးကြ ကုန်လော့၊ ယောကျ်ားတို့၏ လက်အမှုကို ပေးကြ ကုန်လော့၊ ဤသို့ အစရှိသော စကားတို့ကို ဆိုကုန်လျက် တောင်းခြင်း ဝိညတ်များ ကုန်သည် ဖြစ်လတ်၍ နေကုန်၏၊ လူတို့သည် တောင်းခြင်း ဝိညတ်နှင့် နှိပ်စက်အပ်ကုန်ရကား ရဟန်းတို့ကိုမြင်၍ ပြေးကုန်၏၊ ထိုအခါ ရှင်မဟာကဿပသည် အာဠဝိပြည်သို့ ကြွတော်မူ၍ ဆွမ်းခံဝင်တော်မူ၏၊ လူတို့သည် အရှင်မဟာကဿပကို မြင်၍လည်း ရှေးအတူသာလျှင် ကျွံကုန်၏၊ အရှင်မဟာကဿပ မထေရ်သည် ဆွမ်းဘုဉ်းပေးပြီးသည်ရှိသော် ဆွမ်းဝံရှာမှု ဖဲခွဲ၍ ငါ့သျှင်တို့ ဤအာဠဝိပြည်သည် ရှေးဦး ရလွယ်သော ဆွမ်းရှိ၏၊ ယခု အဘယ်ကြောင့် ရခဲသော ဆွမ်းရှိသနည်းဟု ရဟန်းတို့ကို မေးလေ၍ ထိုအကြောင်းကို ကြား၍ သဗ္ဗညု မြတ်စွာဘုရားသည် အာဠဝိပြည်သို့ ကြွတော်မူ၍ အဂ္ဂါဠဝစေတီဠ်ဿိတင်းသုံး နေတော်မူသည်ရှိသော် မြတ်စွာဘုရား အထံတော်သို့ ဆည်းကပ်၍ ထိုအကြောင်းကို နားတော် လျှောက်ကြ၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ထိုအခါဠ် ရဟန်းသံဃာတို့ကို စည်းဝေးစေ၍ အာဠဝိတိုင်းသား ရဟန်းတို့ကို သင်တို့သည် ကိုယ်တိုင်တောင်းအပ်သော အဆောက်အဦဖြင့် ကုဋိတို့ကို ပြုကြကုန်သောဟူသည် မှန်သလောဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ကို ကဲ့ရဲ့တော်မူ၍ ရဟန်းတို့ ဤတောင်းခြင်းမည်သာည်ကို ရတနာဒုနစ်ပါးနှင့် ပြည့်စုံသော နဂါး ပြည်ဠ် နေကုန်သော နဂါးမင်းတို့ စင်လျက် မနှစ်သက်ကုန်သေး၊ လူတို့အား အဘယ် ဆိုဘွယ်ရာ ရှိအံ့နည်း၊ တသပြာကို ဝါ-တကျပ်ကို ဖြစ်စေကုန်သော် သူတို့အား ကျောက်ဖျာမှ ကျောက်ချပ် ကျောက်သားကို ခွါစေသော ကာလကဲ့သို့ ဖြစ်၏ဟု မိန့်တော်မူ၍ ဆိတ်ဆိတ် နေတော်မူ၏၊ ရဟန်းတို့သည် တောင်းပန်လတ်သော် အတိတ်ကို ဆောင်တော်မူ၏။

www.dhammadownload.com

ကျောက်ဖျာမှ ကျောက်ချပ် ကျောက်သားတို့ ဖွဲ့ရသကဲ့သို့ လူတို့သည် တကျပ်သားတသပြာသော်လည်း အလှန်ရခဲ၏ ဟူလိုသည်။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် များစွာသော စည်းစိမ်ရှိသော ပုဏ္ဏားမျိုး၌ဖြစ်၏၊ ဘုရားလောင်းသည် ရှေးရှုထက်ဝန်းကျင် ပြေးသွားနိုင်သော ကာလ၌ ဘုန်းရှိသော တပါးသော သတ္တဝါသည်လည်း ဘုရားလောင်း၏ မယ်တော်ဝမ်း၌ ဖြစ်၏၊ ထိုနှစ်ယောက်ကုန်သော ညီနောင်တို့သည် အရွယ်သို့ ရောက်ကုန်လတ်သော် မိဘတို့၏ သေလွန်ခြင်းကြောင့် ထိတ်လန့်သော နှလုံးရှိ၍ ရသေ့ရဟန်းပြုလျက် ဂင်္ဂါမြစ်နား၌ သစ်ရွက်မိုးသော ကျောင်းကို ဆောက်လုပ်၍ နေကုန်၏၊ ထိုရသေ့ညီနောင်တို့တွင် အစ်ကိုကြီး ရသေ့၏ ကျောင်းသည်ကား ဂင်္ဂါ၏အညာ၌ ညီတော်ရသေ့၏ ကျောင်းသည်ကား ဂင်္ဂါ၏အကြေ၌ ရှိ၏၊ ထိုအခါ တနေ့သ၌ မဏိကဏ္ဍ နဂါးမင်းသည် နဂါးပြည်မှတက်၍ ဂင်္ဂါကမ်းနား၌ လုလင်၏အသွင်ဖြင့် သွားသည်ရှိသော် ညီတော်ရသေ့၏ ကျောင်းသို့ ရောက်၍ ရှိခိုးလျက် တင့်တယ်စွာနေ၏၊ အချင်းချင်း ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော စကားကို ပြောဆို၍ အကျမ်းဝင်ကုန်၏၊ ကင်း၍နေအံ့သောင့် မတတ်နိုင်ကုန်၊ မဏိကဏ္ဍ နဂါးမင်းသည် မပြတ်ညီတော်ရသေ့အထံသို့လာ၍ စကားပြောလျက်နေ၍ သွားသောကာလ၌ ရသေ့အား ချစ်ခြင်းကြောင့် လုလင်ငယ်၏ အတ္တဘောကို စွန့်၍ အခွေတိုဖြင့် ရသေ့ကို ပတ်လျက် သုံးသပ်၍ ဦးခေါင်းထက်၌ ကြီးစွာသော ပါးပျဉ်းကို ဆောင်း၍ အတန်ငယ်နေ၍ ထိုချစ်ခြင်းကို ဖြေဖျောက်၍ အခွေတိုကိုဖြေ၍ ရသေ့ကိုရှိခိုး၍ မိမိနေရာသို့လျင် သွား၏၊ ရသေ့သည် မဏိကဏ္ဍနဂါးမှ ကြောက်သောကြောင့် ကြုံလို၏၊ အဆင်းမလှသည် ဖြစ်၏၊ ဖက်ရွက်ရော်ကဲ့သို့ ဖျော့တော့သော အဆင်းရှိသည်ဖြစ်၏၊ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိသည် ဖြစ်၏။

ထိုညီတော် ရသေ့သည် တနေ့သ၌ နောင်တော်အထံသို့သွား၏၊ ထို နောင်တော် ရသေ့သည် ရှင်ရသေ့ သင်သည် အဘယ်ကြောင့် ကြုံလိုသနည်း၊ အဆင်းမလှသနည်း၊ ဖက်ရွက်ရော်ကဲ့သို့ ဖျော့တော့ခြင်းရှိသနည်း၊ အကြောပြိုင်းပြိုင်း ထသော ကိုယ်ရှိသနည်းဟု မေး၏၊ ညီတော် ရသေ့သည်လည်း နောင်တော်ရသေ့အားထိုအကြောင်းကိုကြား၍သင်သည် ထိုနဂါး၏လာခြင်းကို အလိုမရှိသလောဟု မေးလတ်သော် အလိုမရှိဟု ဆို၍ သင့်အထံသို့လာသော

www.dhammadownload.com

ထိုနဂါးမင်းသည် အဘယ်တန်ဆာကို ဆင်၍ လာသနည်းဟု မေးလတ်သော် ပတ္တမြားရတနာကိုဆင်၍ လာ၏ဟု ဆို၏၊ ဆိုသို့တပြီးကား ထိုနဂါးမင်းသည် သင့်အထံသို့ လာ၍ မထိုင်မီ ရွှေမှလာစဉ်လျှင် ထိုနဂါးမင်းအား ပတ္တမြားကို ပေးလော့ဟု တောင်းလော့၊ ဤသို့ တောင်းသည် ရှိသော် ထိုနဂါးမင်းသည် အခွေတို့ဖြင့် သင့်ကိုမပတ်မူ၍သာလျှင် သွားလတ္တံ့၊နက်ဖန်နေ့၌ ကျောင်းတံခါး၌ရပ်၍ လာစဉ်လျှင် ပတ္တမြားကို တောင်းလော့၊ သုံးရက်မြောက်သောနေ့၌ ဂင်္ဂါကမ်းနား၌ တည်၍ ရေမှပေါ်စဉ်လျှင် ပတ္တမြားကို တောင်းလော့၊ ဤသို့ တောင်းသည်ရှိသော် ထိုနဂါးသည် သင်၏အထံသို့ တဖန် မလာလတ္တံ့ဟုဆို၏။

ညီတော်ရဿေ့သည် ကောင်းပြီဟု ဝန်ခံ၍ မိမိ၏ကျောင်းသို့သွား၍ နက်ဖြန်လာလတ်၍ ရပ်စဉ်လျှင် နဂါးမင်းကို သင်၏ တန်ဆာဖြစ်သော ဤပတ္တမြားကို ငါ့အား ပေးလော့ဟု တောင်း၏၊ ထိုနဂါးမင်းသည် မထိုင်မူ၍လျှင် ပြေး၏၊ ထိုနောက် နှစ်ရက်မြောက်သော နေ့၌ ကျောင်းတံခါး၌ ရပ်၍ လာစဉ်လျှင် ထိုနဂါးမင်းကို ယမန်နေ့က ငါ့အား ပတ္တမြားရတနာကို သင်မပေး၊ ယနေ့ပေးလော့ဟု ဆို၏၊ နဂါးမင်းသည် ကျောင်းသို့မဝင်မူ၍သာလျှင်ပြေး၏၊ သုံးရက်မြောက်သောနေ့၌ကား ရေ၌ရပ်၍ ပေါ်စဉ်လျှင် ထိုနဂါးမင်းကို ယနေ့ပတ္တမြားကိုတောင်းသော ငါ့အား သုံးရက်ရှိပြီ၊ ယခု ငါ့အား ထိုပတ္တမြားရတနာကို ပေးလော့ဟု ဆို၏၊ နဂါးမင်းသည် ရေ၌ရပ်၍ ရဿေ့ကို ပယ်လိုရကား—

၇ မမန္နပါနံ ဝိပုလံ ဥဠာရံ၊
ဥပပဇ္ဇတီမဿ မဏိဿ ဟေတု။
တံ တေ နဒဿံ အဘိယာစကောသိ၊
နစာပိ တေ အဿမ မာဂမိဿံ။

၈ သုသူ ယထာ သက္ခရဓောတပါဏိ၊
တာသေသိမံ သေသိ ယာစမာနော။
တန္တေ နဒဿံ အဘိယာစကောသိ၊
နစာပိ တေ အဿမ မာဂမိဿံ။

ဟူသော ဤဂါထာတို့ကို ဆို၏။

၎ဘာ တာပသ၊ အို ရဿေ့။ ဣမဿ မဏိဿ၊ ဤပတ္တမြား၏။ ဟေတု၊ အကြောင်းကြောင့်။ မမ၊ ငါ့အား။ ဝိပုလံ၊ပြန့်ပြောသော။ဥဠာရံ၊မြတ်သော။

www.dhammadownload.com

အန္နပါနံ၊ နတ်ထမင်း နတ်အဖျော်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။တံ၊ ထိုပတ္တမြားကို။ တေ၊ သင်အား။ နဒဿံ၊ မပေးအံ့။ တွံ၊ သင်သည်။ အတိယာစကော၊ အလွန်တောင်းတတ်သည်။ အသိ၊ ဖြစ်၏။ တေ၊ သင်၏။ အဿမံ စာပိ၊ ကျောင်းသို့လည်း။ နအာဂမိဿံ၊ ငါမလာ။

ဘော တာပသ၊ အို ရသေ့။ ယထာ၊ ဥပမာမည်သည်ကား။ သက္ခရဓောတ-ပါဏိ၊ ဆီဖြင့် ကျောက်ဥသွေးအပ်သော သန်လျက် လက်ဥရှိသော။ သုသူ၊ လုလင်ပျိုသည်။ တာသေသိ ယထာ၊ ခြိမ်းခြောက်သကဲ့သို့။ တထာ၊ ထို့အတူ။ ဇုမံ သေလံ၊ ဤပတ္တမြားကို။ ယာစမာနော၊ တောင်းသော သင်သည်။ မံ၊ ငါ့ကို။ တာသေသိ၊ ခြိမ်းခြောက်ဘိ၏။ အတိယာစကော၊ အလွန်တောင်းတတ်သည်။ အသိ၊ ဖြစ်၏။ တံ၊ ထိုပတ္တမြားကို။ တေ၊ သင့်အား။ နဒဿံ၊ ငါမပေး။ တေ၊ သင်၏။ အဿမံ စာပိ၊ ကျောင်းသခ်မ်းသို့လည်း။ နအာဂမိဿံ၊ ငါမလာပြီ။

ဤသို့ဆို၍ နဂါးမင်းသည် ရေဥငုပ်၍ မိမိနေရာ နဂါးဘုံသို့လျှင် သွား၍ တဖန်မလာ၊ ထိုအခါ ထိုရသေ့သည် ရှုဘွယ်ရှိသော ထိုနဂါးမင်းကို မမြင်ရခြင်းကြောင့် လွန်စွာကြုံလှိုက်၍ အဆင်းမလှသည်ဖြစ်၏၊ ဖက်ရက်ရော်ကဲ့သို့ ဖြောတော့သည် ဖြစ်၏၊ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိသည် ဖြစ်၏၊ ထိုအခါ နောင်တော်ရသေ့သည် ညီတော်ရသေ့၏ အကြောင်းအရာကို သိရအောင် ညီတော်ရသေ့၏အထံသို့ သွား၏၊ လွန်စွာလျှင် ဖြောတော့ခြင်းရှိသော ညီတော်ရသေ့ကို မြင်၍ ရှင်ရသေ့ သင်သည် အဘယ်ကြောင့် လွန်စွာဖြောတော့ခြင်း ဖြစ်သနည်းဟု ဆို၍ ရှုဘွယ်ရှိသော ထိုနဂါးကို မမြင်ရခြင်းကြောင့် လွန်စွာလျှင် ဖြောတော့ခြင်း ဖြစ်၏ဟူသောစကားကို ကြား၍ ဤရသေ့သည် နဂါးမင်းနှင့် ကင်းအံ့သောငှါလည်း မတတ်နိုင်ဟု မှတ်၍—

၉ နံ တံ ယာစေ ယဿ ပိယံ ဇီဂီသေ၊
ဒေဿော ဟောတိ အတိယာစနာယ။
နာဂေါ မဏိ် ယာစိတော ဗြာဟ္မဏေန၊
အဒဿနံယေဝ တဒါစ္ဆဂမာ။

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏၊ (ယဿကို-ယော-အဿဟု ပုဒ်ဖြတ်)။

www.dhammadownload.com

ကနိဋ္ဌ၊ ငါ့ညီ။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ အဿ၊ ထိုပုဂ္ဂိုလ်၏။ ပိယံ၊ ချစ်အပ်သောညီမျာကို။ ပိယန္တိ၊ ချစ်အပ်၏ဟူ၍။ ဇီဂီသေ၊ သိရာ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ တံ၊ ထိုညီမျာကို။ နံ ယာစေ၊ မတောင်းရာ။ အတိယာစနာယ၊ အလွန်တောင်းခြင်းကြောင့်။ ဒေဿော၊ မုန်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဖြာဟ္မဏေန၊ ငါ့ညီရသေ့သည်။ မဏိံ ပတ္တမြားကို။ ယာစိတော၊ တောင်းအပ်သော။ နာဂေါ၊ နဂါးမင်းသည်။ တဒါ၊ ထိုတောင်းသောအခါမှ။ ပဋ္ဌာယ၊ စ၍။ အဒဿနံယေဝ၊ ငါ့ညီရသေ့ မမြင်ရာ အရပ်သို့သာလျှင်။ အဇ္ဈဂမာ၊ သွားလေပြီ။

ဤသို့ကား ထိုညီတော်ရသေ့ကို ဆို၍ ယနေ့မှစ၍ ဟခု သင်မစိုးရိမ်လင့်ဟု နှစ်သိမ့်စေ၍ နောင်တော်ရသေ့သည် မိမိကျောင်းသို့လျှင်သွား၏၊နောက်အဘို့၌ နှစ်ဦးကုန်သော ညီနောင် ရသေ့တို့သည်လည်း အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လားကုန်၏။

ဇာတ်ပေါင်း သင်္ဘည္ဘူ မြတ်စွာဘုရားသည် ရဟန်းတို့ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော နဂါးဘုံ၌ နေကုန်သော ခပ်သိမ်းသော နဂါးတို့စင်လျက်လည်း တောင်းခြင်းမည်သည်ကို မနှစ်သက် လူတို့အားကား အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်းဟု ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါညီတော်ရသေ့ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါနောင်တော်ရသေ့ ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ပစ္စည်းရတနာ၊ တောင်းတုံးပါ၊ မေတ္တာမဲ့တတ်လှ)

သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော မဏိကဏ္ဍဇာတ်သည် ပြီး၏။

၄-ကုလ္လကသိန္ဓဝဇာတ်

သိန္ဓော်မြင်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သင်္ဘည္ဘူ မြတ်စွာဘုရားသည် "ဘုတ္တာ တိဏပရိဃာသံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤကုလ္လကသိန္ဓဝဇာတ်ကို ဧဇတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **အရှင်သာရိပုတ္တရာ မဓဏ်ကို**

www.dhammadownload.com

အကြောင်းပြု၍ ဟောတော်မူ၏ ထိုစကားကို ခဲ့ပြီးအံ့၊ တရံရောအခါ သဗ္ဗညူ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ ဝါဆိုတော်မူပြီး၍ ဒေသစာရီ ကြွတော်မူ၍ တဖန် ပြန်လာသည်ရှိသော် လူတို့သည် အာဂန္တုကတို့အား ပူဇော်ခြင်းကိုပြုကုန် အံ့ဟု ဘုရားအမှူးရှိသော သဃ်ာတို့အား အလှူကြီးကိုပေးကြကုန်၏ ကျောင်း၌ တပါးသော ဓမ္မဃောသကရဟန်းကို ထား၏၊ ထိုရဟန်းသည် အကြင်အကြင် သူတို့သည် အကြင်မျှလောက်သော ရဟန်းတို့ကို အလိုရှိကုန်၏၊ ထိုသူတို့အား ထိုမျှလောက်သော ရဟန်းတို့ကို စီရင်၍ ပေး၏။

ထိုအခါ တယောက်သော ဆင်းရဲစွာသော မိန်းမအိုသည် တပါးစာကို စီရင်၍ ထိုထိုသူတို့အား ရဟန်းတို့ကို စီရင်၍ ပေးကုန်သည်ရှိသော် နေမြင့်သော အခါ၌ ဓမ္မဃောသက ရဟန်း၏အဆံသို့ သွား၍ အကျွန်ုပ်အား တပါးသော ရဟန်းကို ပေးပါကုန်လော့ဟု ဆို၏၊ ထိုရဟန်းသည် ငါးဖာသား ခပ်သိမ်းသော ရဟန်းတို့ကို စီရင်၍ ပေးအပ်ကုန်ပြီ၊ အရှင်သာရိပုတ္တရာ မထေရ်သည်ကား ကျောင်း၌ လျှင်ရှိ၏။ အရှင်သာရိပုတ္တရာအား ဆွမ်းကို လှူခြေလော့ဟု ဆို၏၊ ထိုမိန်းမ အိုသည် ကောင်းပြီဟူ၍နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ ဇေတဝန်ကျောင်းတော် တံခါးမုခ်၌ ရပ်၍ အရှင်သာရိပုတ္တရာမထေရ် လာသောကာလ၌ ရှိခိုး၍ လက်မှ သပိတ်ကို ယူ၍ အိမ်သို့ ပင့်ဆောင်၍ နေစေ၏၊ တယောက်သော မိန်းမအိုသည် အရှင်သာရိပုတ္တရာမထေရ်ကို မိမိအိမ်သို့ ပင့်ဆောင်၍ နေစေသတတ်ဟု မျှားစွာ ကုန်သော သဒ္ဓါတရားနှင့်ပြည့်စုံကုန်သော အမျိုးတို့သည် ကြားကုန်၏၊ ထိုအမျိုး တို့တွင် ပသေနဒီကောသလမင်းသည် ထိုအကြောင်းကိုကြား၍ ထိုမိန်းမအိုအား ပုဆိုး ဥစွာ ထောင်ကုပ်နှင့်တကွ သိမ်မွေ့ ကောင်းမြတ်သော ဘောဇဉ်တို့ကို ငါးအရှင်အား လုပ်ကျွေးသည်ရှိသော် ဤအဝတ်ကို ဝတ်၍ ဤအသပြာတို့ကို သုံးဆောင်၍ လုပ်ကျွေးပါဟု ဆို၍ ပို့စေ၏၊ ပသေနဒီ ကောသလမင်း ပို့စေ သကဲ့သို့ ထို့အတူ မဟာအနာထပိဏ်, စူဠအနာထပိဏ်, ဝိသာခါ သိဒတ်းသည် မကြီးတို့သည်လည်း ပို့စေကုန်၏၊ တပါးကုန်သော အမျိုးတို့သည် မိမိတို့၏ အစ္ဆမ်းအား လျော်စွာ တရာ, နှစ်ရာစသည်တို့၏ အစ္ဆမ်းအားဖြင့် အသပြာတို့ကို ပေးစေကုန်၏၊ ဤသို့ တရက်ခြင်းသာလျှင် ထိုမိန်းမအိုသည် တသိန်းသော အသပြာကို ရ၏၊ အရှင်သာရိပုတ္တရာသည်ကား ထိုမိန်းမအိုသည် လှူအပ်သော ယာဂုကိုလျှင်, သောက်၍ ထိုမိန်းမအိုသည် စီရင်အပ်သော ခဲဘွယ်, ဘောဇဉ် ကိုသာလျှင် ဘုဉ်းပေး၍ အနုမောဒနာပြု၍ မိန်းမအိုကို သောတာပတ္တိဖိုလ်၌ တည်စေ၍ ကျောင်းသို့သာလျှင် ကြွသွားတော်မူ၏။

www.dhammadownload.com

တရားသဘင်၌ ရဟန်းတို့သည် ငါ့သျှင်တို့ အရှင်သာရိပုတ္တရာ မထေရ်သည် အိုမင်းပြီးသော အိမ်ရှင်မကို ဆင်းရဲမှလွတ်စေ၏၊အိုမင်းပြီးသော အိမ်ရှင်မသည် လူအပ်သော အာဟာရကို မရှိမရှာ ဘုဉ်းပေးတော်မူ၏ဟု အရှင်သာရိပုတ္တရာ မထေရ်၏ ကျေးဇူးစကားကို ပြောဆိုကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ၌ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေး ပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ သာရိပုတ္တရာသည် ယခုအခါ၌ သာလျှင် ထိုမိန်းမအို၏ ကိုးကွယ်ရာ ဖြစ်သည် မဟုတ်၊ ယခုအခါ၌ သာလျှင် ထိုမိန်းမအိုသည် ပေးအပ်သော အာဟာရကို မရှိမရှာ စားသည်မဟုတ်၊ ရှေး၌လည်း စားဘူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဥတ္တရာပထ မြင်းကုန်သည် အမျိုး၌ ဖြစ်၏၊ ဥတ္တရာပထဇနပုဒ်မှ ငါးရာကုန်သော မြင်းကုန်သည်တို့သည် မြင်းတို့ကို ဗာရာဏသီပြည်သို့ ဆောင်၍ ရောင်းကုန်၏၊ တယောက်သော မြင်းကုန်သည်လည်း မြင်းငါးရာတို့ကို ယူ၍ ဗာရာဏသီပြည်ခရီးသို့ သွား၏၊ ဗာရာဏသီပြည်၏ ခရီးအကြားမှ မနီးလွန်း မဝေးလွန်းသော အရပ်ဝယ် တခုသော နိဂုံးသည် ရှိ၏၊ ထိုနိဂုံး၌ ရှေးသရောအခါ မျှားစွာသော စည်းစိမ်ရှိသော သူဌေးသည် ဖြစ်ဘူး၏၊ ထိုသူဌေး၏ အိမ်သည် ကြီး၏၊ အမျိုးသည် တမူကား အစဉ်သဖြင့် ကုန်ခြင်းသို့ ရောက်၏၊ တယောက်သော မိန်းမအိုသည် သာလျှင် ကြွင်း၏၊ ထိုမိန်းမအိုသည် ထိုအိမ်၌ နေ၏၊ ထိုအခါ ထိုမြင်းကုန်သည် သည် ထိုနိဂုံးသို့ရောက်၍ အခ, ပေးအံ့ဟု ဆို၍ ထိုမိန်းမအို၏ အိမ်၌ နေရာကို ယူ၍ မြင်းတို့ကို တင့်အပ်ရာအရပ်၌ထား၏၊ထိုနေ့၌လည်း တခုသောအာဇာနည် မြင်းမအား သားဖွားခြင်းသည် ဖြစ်၏၊ ထိုမြင်းကုန်သည်သည် နှစ်ရက်, သုံးရက် တို့ပတ်လုံး နေ၍ မြင်းတို့ကို အားယူစေ၍ မင်းကို ဖူးမြင်အံ့ဟု မြင်းတို့ကိုယူ၍ ဃွား၏၊ ထိုအခါ ထိုမြင်းကုန်သည်ကို မိန်းမအိုသည် အိမ်၌ တည်းနေခကို ပေးလော့ဟု ဆို၍ မိခင် ကောင်းပြီ ပေးအံ့ဟု ဆိုသည် ရှိသော် အမောင် အခ,ပေးသည်ရှိသော် ဤမြင်းငယ်ကို ပေးလော့ဟု ဆို၏၊ မြင်းကုန်သည်သည် မိန်းမအိုဆိုတိုင်း မြင်းငယ်ကိုပေး၍ သွား၏၊ မိန်းမအိုသည် ထိုမြင်းငယ်၌ သားကဲ့သို့ ချစ်ခြင်းကိုဖြစ်စေ၍ ဆန့်ခဲ့, ထမင်းချိုး, စားဝတ်မြက်တို့ကို ပေး၍ မြင်းငယ်ကို လုပ်ကျွေး၏။

www.dhammadownload.com

ထိုအခါ နောက်အဘို့၌ ဘုရားလောင်းသည် မြင်းငါးရာတို့ကို ယူ၍ သွားလတ်သော် ထိုအိမ်၌ တည်နေခြင်းကို ပြု၏၊ ဆန်ခဲစားသော သိန္ဓော မြင်းငယ်၏နေရာ အရပ်မှ အနုံနုံ၍ တခုသော မြင်းသည်လည်း အိမ်သို့ မဝင်ဝံ့၊ ဘုရားလောင်းသည် မိခင် ဤအိမ်၌ တခုသောမြင်းသည် ရှိသလောဟု မေး၏၊ အမောင် တပါးသောမြင်းကား မရှိ၊ ငါသည် သားပြု၍ တခုသောမြင်းငယ်ကို မွေး၏၊ ထိုမြင်းငယ်သည် ရှိ၏ဟု ဆို၏၊ မိခင် ထိုမြင်းငယ်သည် အဘယ်မှာနည်းဟု မေး၏၊ အမောင် အစာစား၌သောငှာ သွား၏ဟု ဆို၏၊ မိခင် အဘယ် အခါ၌ လာသနည်းဟု မေးသည်ရှိသော် အမောင် ညချမ်းသော အခါ၌ လာလတ္တံ့ဟု ဆို၏၊ ဘုရားလောင်းသည် ထိုမြင်းငယ်၏ လာခြင်းကို မျော်လျက် မြင်းတို့ကို အပ၌ ထားချလျှင် နေ၏၊ သိန္ဓော မြင်းငယ်သည်လည်း ကျက်စား၍ ညချမ်းအခါ၌လျှင် လာ၏၊ ဘုရားလောင်းသည် ဆန်ခဲကိုစားသော သိန္ဓော မြင်းငယ်ကို မြင်၍ လက္ခဏာတို့ကို ဆင်ခြင်၍ သိန္ဓောမြင်းငယ်သည် အဘိုး မပြတ်နိုင်အောင် ထိုက်သော မြင်းတည်းဟု သိ၍ မိန်းမအိုအား အဘိုးကို ပေး၍ ယူခြင်းငှါ သင့်၏ဟု ကြံ၍ သိန္ဓောမြင်းငယ်သည်လည်း အိမ်သို့ဝင်၍ မိမိနေရာ အရပ်၌ နေ၏၊ ထိုခဏ၌ ထိုမြင်းတို့သည် အိမ်သို့ဝင်ခြင်းငှာ တတ်နိုင်ကုန်၏။

ဘုရားလောင်းသည် နှစ်ရက်, သုံးရက် နေ၍ မြင်းတို့ကို အားယူစေပြီး၍ သွားအံ့ဟု ပြင်ဆင်လတ်သည်ရှိသော် မိခင် မြင်းငယ်၏အဘိုးကို ယူ၍ အကျွန်ုပ် အား မြင်းငယ်ကို ပေးလော့ဟု ဆို၏၊ အမောင် မြင်းကုန်သည် သင် အသို့ဆို သနည်း၊ သားကို ရောင်းစားသော မိန်းမမည်သည် ရှိသလောဟု မိန်းမအိုသည် ဆို၏၊ မိခင် သင်သည် ဤမြင်းငယ်ကို အဘယ်အစာကို စား၍ ကျွေးမွေး သနည်းဟု ဘုရားလောင်းသည် မေး၏၊ အမောင်မြင်းကုန်သည် ဆန်ခဲထမင်းချိုး စားဝတ်မြက်တို့ကို စား၍ ဆန်ခဲယာဂုကို သောက်စေ၍ ငါကျွေးမွေး၏ဟု မိန်းမအိုဆို၏၊ မိခင် ကျွန်ုပ်သည် ဤမြင်းငယ်ကိုရသော် ထမင်းကို စားစေအံ့၊ မြင်းနေရာအထက် ပုဆိုးဗိတာန်ကို ကြက်၍ အင်းပျဉ်အပေါ်၌ထားအံ့ဟု ဘုရား လောင်းဆို၏၊ အမောင်မြင်းကုန်သည် ဤသို့ပြုစုမူကား ငါ့သားသည် ချမ်းသာ ခံရလတ္တံ့၊ ငါ့သားကို ယူ၍ သွားလော့ဟု ဆို၏၊ ထိုအခါ ဘုရားလောင်းသည် သိန္ဓောမြင်းငယ်၏ အခြေလေးချောင်း, အမြီး, နှုတ်သီးတို့၌ ခြောက်ထောင်သော အသပြာတို့ကို ထား၍ မိန်းမအိုကို ဘဝတ်သစ် ဝတ်စေ၍ သိန္ဓောမြင်းငယ်၏ ရှေ့၌ ရပ်စေ၏၊ သိန္ဓောမြင်းငယ်သည် မျက်စိတို့ကို ဖွင့်၍ အမိကို ကြည့်လျက် မျက်ရည်ယိုး၏၊ မိန်းမအိုသည်လည်း သိန္ဓောမြင်းငယ်၏ ကျောက်ကို သုံးသပ်၍

www.dhammadownload.com

ချစ်သား ငါသည် သားမွေးကျွေးကို ရပြီ၊ ငါ့သား လိုက်လေတော့ဟု ဆို၍ ပေး၏၊ သိန္ဓော့မြင်းငယ်သည် လိုက်၏။

ဘုရားလောင်းသည် နက်ဖြန် သိန္ဓောမြင်းငယ်၏ ထမင်းအစာကို စီရင်၍ သိန္ဓော မြင်းငယ်သည် မိမိ၏ကိုယ်အစွမ်းကို သိသလော၊ ထိုသို့မဟုတ် မသိ သလော၊ ထိုသိန္ဓောမြင်းငယ်ကို စုံစမ်းအံ့ဟု မြင်းစာကျင်း၌ ဆန်ခဲ့ယာဂုကို လောင်း၍ ပေး၏၊ သိန္ဓောမြင်းငယ်သည် ထိုဘောဇဉ်ကို ငါးမစား၊ ယာဂုကို သောက်ခြင်းငှါ ငါအလိုမရှိဟု ဆို၏၊ ဘုရားလောင်းသည် သိန္ဓောမြင်းငယ်အား စုံစမ်းလိုသောအားဖြင့်—

၁၀ ဘုတ္တာ တိဏပရိဿာသံ၊ ဘုတ္တာ အာစာမကုဏ္ဍကံ။
ဇတံ တေ ဘောဇနံ အာသိ၊ ကဿာ ဒါနိ နု ဘုဉ္ဇသိ။

ဟူသော ပဌမဂါထာကို ဆို၏။

အဿပေါတက၊ မြင်းငယ်။ တုံ၊ သင်သည်။ တိဏပရိဿာသံ၊ စားကြွင်း မြက်ကို။ ဘုတ္တာ၊ စား၍။ အာစာမကုဏ္ဍကံ၊ ထမင်းချိုး ဆန်ခဲ့ညှာကို။ ဘုတ္တာ၊ စား၍။ ဝမိတော၊ ကြီး၏။ တေံ၊ ဤဆန်ခဲ့ယာဂုဘောဇဉ်သည်။ တေ၊ သင်၏။ ဘောဇနံ၊ အစာသည်။ အာသိ၊ ဖြစ်၏။ ကဿ၊ အဘယ်ကြောင့်။ ဒါနိ-ဣဒါနိ၊ ယခု။ တေံ၊ ဤဆန်ခဲ့ယာဂုကို။ နု ဘုဉ္ဇသိ၊ မစားသနည်း။

ဤသို့ဆိုသော ထိုစကားကို ကြား၍ သိန္ဓောမြင်းငယ်သည်—

၁၁ ယတ္ထ ပေါသံ နု ဇာနန္တိ၊ ဇာတိယာ ဝိနယေန ဝါ။
ဗဟု တတ္ထ မဟာဗြဟ္မေ၊ အပိ အာစာမကုဏ္ဍကံ။

၁၂ တုဉ္ဆေ ခေါမံ ပဇာနာသိ၊ ယာဒိသာယံ ဟယုတ္တမော။
ဇာနန္တော ဇာန မာဂမ္မ၊ နု တေ ဘက္ခာမိ ကုဏ္ဍကံ။

ဟူသော ဤဂါထာတို့ကို ဆို၏။

မဟာဗြဟ္မေ၊ မြတ်သောကုန်သည်ကြီး။ ယတ္ထ၊ အကြောင်အရပ်၌။ ဇာတိယာ ဝါ၊အမျိုးအားဖြင့်၎င်း။ဝိနယေန ဝါ၊အကျင့်အားဖြင့်၎င်း။ပေါသံ၊မြေးခြင်းငှါ။ ဝါ၊ မွေးအပ်သော ဥစ္စာကို။ နု ဇာနန္တိ၊ မသိကုန်။ တတ္ထ၊ ထိုအရပ်၌။ ဗဟု၊

www.dhammadownload.com

များစွာ။ အာစာမကုလ္လကံ၊ ထမင်းချိုးဆန်ခွဲကို။ အပိ၊ စင်စစ်။ ဘက္ခာမိ၊ ငါစား၏။

ယာဒိသော၊ အကြင်သို့သဘောရှိသော။ အယံ ဟယော၊ ဤမြင်းသည်။ ဥတ္တမော၊ မြင်းမြတ်တည်း။ ဣတိ၊ ဤသို့။ တဉ္ဉေဝ၊သင်သည်လည်း။ ခေါ၊ စင်စစ်။ မံ၊ ငါ့ကို။ ပဇာနာသိ၊ သိ၏။ ဇာနန္တော၊ အစွမ်းကိုသိသော ငါသည်။ ဇာနံ၊ အစွမ်းကိုသိသော သင့်ကို။ အာဂမ္မ၊ စွဲ၍။ တေ၊ သင်၏။ ကုလ္လကံ၊ ဆန်ခဲ့ယာဂုကို။ န ဘက္ခာမိ၊ မစား၌။

သင်သည် ဆန်ခဲ့ယာဂုကို စားစေလိုသဖြင့် အသပြာ ခြောက်ထောင်တို့ကို ပေး၍ ငါ့ကို မဝယ် ဤသို့ဆိုသော် ထိုစကားကို ကြား၍ ဘုရားလောင်းသည် သင့်ကို စုံစမ်းအံ့သောငှါ ငါသည် ထိုအမှုကို ပြု၏၊ အမျက်မထွက်လင့်ဟု ဆို၍ ထိုသိန္ဓောမြင်းငယ်ကို ကောင်းသော ဘောဇဉ်ကို စားစေလျက် ယူ၍ မင်းယင်ပြင်ဝယ်တခုသောအရပ်၌ မြင်းငါးရာတို့ကိုထား၍ တခုသောအရပ်၌ ဆန်းကြယ်သော တင်းတိမ်ကို ကာရံ၍ အောက်၌အခင်းကိုခင်း၍ အထက်၌ ပုဆိုးဗိတာန်ကြက်၍ သိန္ဓောမြင်းငယ်ကို ထား၏။

မင်းသည် လာလတ်၍ မြင်းကိုကြည့်လျက် ဤမြင်းကို အဘယ်ကြောင့်အသိုး ထားသနည်းဟု မေး၏၊ မြတ်သောမင်းကြီး ဤမြင်းကား သိန္ဓောမြင်းတည်း၊ ဤမြင်းတို့တွင် ထူးသော မြင်းတည်းဟု လျှောက်လတ်သော် အချင်းမြင်းကုန်သည် သိန္ဓောမြင်းသည် ကောင်းသလောဟုမေး၏၊ ဘုရားလောင်းသည် မြတ်သောမင်းကြီး ကောင်း၏ဟု ဆို၍ မြင်း၏လျင်မြန်ခြင်းကို ကြည့်လို၏ဟု ဆိုလတ်သော် ထိုမြင်းကို က,၍ တက်စီး၍ မြတ်သောမင်းကြီး ကြည့်တော်မူလေဟုဆို၍ လူတို့ကိုရှားစေ၍ မင်းယင်ပြင်၌ မြင်းကို မောင်းနှင်၏၊ အလုံးစုံသော မင်းယင်ပြင်သည် မြင်းအစာဖြင့် ခြံရံဘိသကဲ့သို့ ဖြစ်၏၊ တဖန် ဘုရားလောင်းသည် မြတ်သော မင်းကြီး သိန္ဓော မြင်းငယ်၏ လျင်မြန်ခြင်းကို ကြည့်တော်မူလေဟု လွှတ်ပြန်၏၊ တယောက်သောသူသည်မျှလည်း သိန္ဓောမြင်းငယ်ကို မမြင်သည်ဖြစ်၏၊ တဖန် နီသောအဝတ်ကို ရင်၌ပတ်၍ လွှတ်ပြန်၏၊ နီသောအဝတ်ကိုသာလျှင် မြင်ကုန်၏၊ ထိုနောင်မှ ထိုသိန္ဓောမြင်းကို မြို့တွင်းဝယ် တခုသော ဥယျာဉ်ရေကန် အပြင်၌ လွှတ်၏၊ ထိုရေကန်၌ပြေးသော သိန္ဓောမြင်း၏ ခွဲဖျားတို့ကိုလည်း ရေတို့သည် မစွတ်ကုန်၊ ပဒုမာ ကြာရွက်တို့၏

www.dhammadownload.com

အပေါ်သို့ ပြေးသည်ရှိသော် တခုသောပဒုမာကြာရွက်ကိုလည်း ရေဌ်မနစ်စေ၊ ဤသို့ ထိုမြင်း၏ လျင်မြန်ခြင်းနှင့် ပြည့်စုံခြင်းကို ပြပြီး၍ မြင်းမှ ဆင်းသက်၍ လက်ခုပ်တီး၍ လက်ဝါးအပြင်ကိုပြ၏၊ မြင်းသည်လာလတ်၍ အခြေ လေးဘက်တို့ကို တပေါင်းတည်းပြု၍ လက်ဝါးအပြင်၌ ရပ်၏၊ ထိုအခါ ဘုရားလောင်းသည် မင်းကို မြတ်သောမင်းကြီး ဤမြင်းငယ်သည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် လျင်မြန်ခြင်းကို ပြသည်ရှိသော် သမုဒ္ဒရာ အဆုံးရှိသော တိုင်းသည် လျင်မြန်ခြင်းအဟုန်ကို ချထားခြင်းငှါ မလောက်ဟု မင်းကို ဆို၏၊ မင်းသည် ထိုမြင်း၏ လျင်မြန်ခြင်းကို မြင်၍ ဘုရားလောင်းအား ထက်ဝက်သော ပြည်ကို ပေး၍ သိန္ဓောမြင်းငယ်ကိုလည်း အဘိသိက်သွန်း၍ မင်္ဂလာမြင်း ပြု၏။

ထိုမင်္ဂလာမြင်းကို မင်းသည်ချစ်မြတ်နိုး၏၊ မင်္ဂလာမြင်းအား ပူဇော်သက္ကာရများ၏၊ မင်း၌တန်ဆာဆင်အပ်သော နေရာတိုက်ခန်းကဲ့သို့ မြင်း၏နေရာသည် ဖြစ်၏၊ လေးပါးသော နံ့သာမျိုးတို့ဖြင့် မြေကို လိမ်းကျံကုန်၏၊ နံ့သာဆိုင်း, ပန်းဆိုင်းတို့ကို ဆွဲကုန်၏၊ အထက်၌ ရွှေကြယ်စီသောဗိတာန်ကြက်၏ ထက်ဝန်းကျင်မှ ဆန်းကြယ်သော တင်းတိမ်ဖြင့် ကာရံ၏၊ အမြဲ နံ့သာဆီတို့ဖြင့် ဆီမီးကို ထွန်းကုန်၏၊ မင်္ဂလာမြင်း၏ ကျင်ကြီး, ကျင်ငယ်သွားရာ အရပ်၌လည်း ရွှေအိုးကို ခံထားကုန်၏၊ အမြဲလျှင် မင်းစားသော ဘောဇဉ်ကို သာလျှင် စားစေ၏၊ ထိုမင်္ဂလာမြင်း ရောက်သောကာလမှစ၍ ဇမ္ဗူဒီပ်အလုံးဥ၌ မင်းအဖြစ်သည် ဗာရာဏသီမင်း၏ လက်သို့ရောက်သည်သာလျှင် ဖြစ်၏၊ ဗာရာဏသီမင်းသည် ဘုရားလောင်း၏ အဆုံးအမ၌တည်၍ အလှူပေးခြင်းအစရှိသော ကောင်းမှုတို့ကို ပြု၍ နတ်ပြည်သို့လား၏။

ဇာတ်ပေါင်း သမ္မာသမ္ဗုဒ္ဓဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြသည်၏ အဆုံး၌ မျှားစွာကုန်သော ရဟန်းတို့သည် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်ကြကုန်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါသူအိုမသည် ထိုအခါ သူအိုမဖြစ်ဘူးလေပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ သိန္ဓောမြင်း ဖြစ်ဘူးလေပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဘူးလေပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ မြင်းကုန်သည် ဖြစ်ဘူးလေပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အမယ်အိုကပ်၊ ပိဏ္ဍပါတ်၊ ထေရ်မြတ် သုံးဆောင်သည့်)

လေးခုတို့၏ပြည့်ကြောင်းဖြစ်သော ကုဏ္ဍကသိန္ဓောဝဇာတ်သည် ပြီး၏။

www.dhammadownload.com

၅၅ သုကဇာတ်

စားပိုးနှင်သောကျေး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယာဝ သော မတ္တာမညာသိ" အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **များစွာစား၍ အစာမကြွခြင်းကြောင့် သေလွန်ရသော ရဟန်းတပါး** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုအခါ ထိုရဟန်း သေလွန်သည်ရှိသော် တရားသဘင်၌ ရဟန်းတို့သည် ငါ့သျှင်တို့ ဤမည်သော ရဟန်းသည် ဝမ်း၏ပမာဏကို မသိမူ၍ များစွာစား၍ အစာ ကြွစိမ့်သောငှါ မတတ်နိုင်ရှိရကား သေလွန်၏ဟု ထိုရဟန်း၏ ကျေးဇူးမဲ့ စကားကို ပြောဆိုကုန်သတတ်၊ သဗ္ဗညု မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခု အခါ အဘယ်စကားဖြင့်စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၏။ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌ သာလျှင် ဤရဟန်းသည် အလွန် စားခြင်းကြောင့် သေသည် မဟုတ်သေး၊ ရှေး၌လည်း ဤရဟန်းသည် အလွန် စားခြင်းကြောင့် သေဘူး သလျှင်ကတည်းဟု မိန့်တော်မူ၍ ဆိတ်ဆိတ် နေတော်မူ၏၊ ရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်စဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်ဝယ် ကျေး အမျိုး၌ဖြစ်၍ ဟိမဝန္တာအရပ်၌ နေကုန်သော အထောင်မကကုန်သော ကျေး တို့၏ မင်းဖြစ်၏၊ထိုဘုရားလောင်းအား တခုသော သားသည် ရှိ၏၊ ထိုသားသည် အားနှင့် ပြည့်စုံလတ်သော် ဘုရားလောင်းသည် မျက်စိအားနည်းသည် ဖြစ်၏၊ ကျေးတို့အား လျင်မြန်သော အဟုန်ရှိသတတ်၊ ထို့ကြောင့် ထိုကျေးတို့အား အိုသောကာလ၌ ရှေးဦးစွာ မျက်စိအားနည်းသည်လျှင် ဖြစ်၏၊ ဘုရားလောင်း၏ သားသည် မိဘတို့ကို အသိုက်၌ထား၍ အစာကိုဆောင်ယူ၍ မွေးမြူ၏၊ ထိုဘုရား လောင်း၏သားသည် တနေ့သ၌ ကျက်စားရာအရပ်သို့သွား၍ တောင်ထိပ်ဖျား၌ နေ၍ သမုဒ္ဒရာကို ကြည့်လတ်သော် တခုသောကျန်းငယ်ကို မြင်၏၊ ထိုကျန်းငယ် ၌ကား ရွှေအဆင်းနှင့် တူသော အဆင်းရှိသော အသီးနှင့်ပြည့်စုံသော သရက်

www.dhammadownload.com

တောသည် ရှိ၏၊ ထိုကျေးသားသည် နက်ဖြန် အစာရှာသောအခါ၌ ပုံ၍ ထိုသရက်တောဋ္ဌ သက်၍ သရက်အရသာကိုခံစား၍ သရက်သီးမှည့်ကို ယူလျက်လာ၍ မိဘတို့အား ပေး၏၊ ဘုရားလောင်းသည် ထိုသရက်သီးကို စားလတ်သော် အရသာကိုမှတ်မိ၍ အမောင် ဤသရက်သီးမှည့်ကား ဤမည်သော ကျန်းငယ်၌ သရက်သီးမှည့် မဟုတ်လောဟု ဆို၏၊ ဘခင် ဟုတ်၏ဟုဆိုလတ်သော် အမောင် ကျန်းငယ်သို့ သွားကုန်သော ကျေးတို့မည်သည်ကား ရှည်မြင့်စွာ အသက်ကို စောင့်နိုင်ကုန်သည် မရှိကုန်၊ သင်သည် တဖန် ထိုကျန်းငယ်သို့ မသွားလင့်ဟု ဆို၏၊ ထိုကျေးသားသည် ဘုရားလောင်း၏ စကားကို မယူမူ၍ သွားသည် သာလျှင် ဖြစ်၏။

ထိုအခါ တနေ့သ၌ များစွာသော သရက်သီးရည်ကို သောက်၍ မိဘတို့၏ အကျိုးငှါ သရက်သီးအမှည့်ကို ယူ၍ သမုဒ္ဒရာ၏အထက် အပြင်ဖြင့် လာလတ်သည်ရှိသော် အလွန်လေးသည်၏အဖြစ်ကြောင့် ပင်ပန်းသောကိုယ်ရှိသည်ဖြစ်၍ အိပ်ချင်ခြင်း နှိပ်စက်ရကား ငိုက်မျဉ်းလျက်လည်း လာလတ်သည် သာလျှင် ဖြစ်၏၊ နှုတ်သီးဖြင့် ချိအပ်သော သရက်သီးမှည့်သည် ကျ၏၊ထိုကျေးသားသည် အစဉ်သဖြင့် လာသောလမ်းခရီးကိုစွန့်၍ ရေအပြင်၌ လာလတ်သော် ရေ၌လျှင် ကျ၍နစ်၏၊ ထိုအခါတခုသော ငါးသည် ထိုကျေးကို ဖမ်း၍ စား၏၊ ဘုရားလောင်းသည် ထိုကျေးသားသည် လာချိန်အခါ၌လျှင် မရောက်သည် ရှိသော် သမုဒ္ဒရာသို့ ကျ၍ သေသည် ဖြစ်လတ္တံ့ဟုသိ၏၊ ထိုအခါ ထိုကျေးသား၏ မိဘတို့သည်လည်း အာဟာရကို မရကုန်ရကား ခြောက်၍ သေကုန်၏။

သဗ္ဗညူ မြတ်စွာဘုရားသည် ဤအတိတ်ကို ဆောင်တော်မူ၍—

၁၃ ယာဝ သော မတ္တမညာသိ၊ ဘောဇနဿိ ဝိဟာဂ်မော။
တာဝ အဒ္ဓါန မာပါဒိ၊ မာတရဉ္စ အပေါသယိ။

၁၄ ယတော စ ခေါ ဗဟုတရံ၊ ဘောဇနံ အဇ္ဈဝါဟရိ[1]။
တတော တတ္ထေဝ သံသီဒိ၊ အမတ္တညူ ဟိ သော အဟု။

၁၅ တသ္မာ မတ္တညုတာ သာဓု၊ ဘောဇနဿိ အဂိဒ္ဓတာ။
အမတ္တညူ ဟိ သီဒန္တိ၊ မတ္တညူ စ န သီဒရေ။

ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။

---

၁ အဇ္ဈဝါဟရိ (သီ၊ ဋ္ဌ)

www.dhammadownload.com

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝ၊ အကြင်မျှလောက်။ သော ဝိဟင်္ဂမော၊ ထိုငှက်သည်။ ဘောဇနသ္မိံ၊ အစာ၌။ မတ္တံ၊ အတိုင်းအရှည်ကို။ အညာသိ၊ သိ၏။ တာဝ၊ ထိုမျှလောက်။ အဒ္ဓါနံ၊ အသက်ရှည်သော ကာလကို။အာပါဒိ၊ ရ၏၊ မာတရဉ္စ၊ မိဘကိုလည်း။ အပေါဿယိ၊ မွေးမြူရ၏။

ယတော စ ခေါ၊ အကြင်အခါ၌ကား။ သော၊ ထိုငှက်သည်။ ဗဟုတရံ၊ အလွန် များစွာ။ ဘောဇနံ၊ သရက်သီးရည် ဘောဇဉ်ကို။ အဇ္ဈဝါဟရိ၊ စား၏။ တတော စ ခေါ၊ ထိုအခါ၌ကား။ တတ္ထဝ၊ ထိုသမုဒ္ဒရာဇ်သာလျှင်။ သံသီဒိ၊ နစ်၏။ ဟိ၊ ထိုစကားမှန်၏။ အမတ္တညူ၊ အတိုင်းအရှည်ကိုမသိသည်။ အဟု၊ ဖြစ်၏။

တသ္မာ၊ ထို့ကြောင့်။ ဘောဇသ္မိံ၊ ဘောဇဉ်၌။ မတ္တညုတာ၊ အတိုင်း အရှည်ကို သိသည်၏အဖြစ်သည်။ အဂိဒ္ဓတာ၊ မမက်မောသည်၏ အဖြစ်သည်။ သာဓု၊ ကောင်း၏။ ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ အမတ္တညူ၊ ဘောဇဉ်၌ အတိုင်းအရှည်ကို မသိကုန်သော သူတို့သည်။ သီဒန္တိ၊ နစ်ကုန်၏။ မတ္တညူ စ၊ အတိုင်းအရှည်ကို သကုန်သော သူတို့ကား။ န သီဒရေ၊ မနစ်ကုန်။

ဇာတ်ပေါင်း သမ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ မျှားစွာကုန်သော ရဟန်းတို့သည် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်ကုန်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ၌ ဘောဇဉ်၌ အတိုင်းအရှည်ကို မသိသော ရဟန်းသည် ထိုအခါ ကျေးမင်း၏သား ဖြစ်ဘူးပြီ၊ယခုအခါ ငါဘုရားသည်သာလျှင်ထိုအခါ ကျေးမင်းဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အလွန်မျှားစွာ၊ စားတုံပါ၊ ခန္ဓာပျက်ပြိုန်းရ)

ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော သုကဇာတ်သည် ပြီး၏။

www.dhammadownload.com

၆- ဇရူဒပါနဇာတ်

တွင်းဟောင်းကြီး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမဟော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဇရူဒပါနံ ခဏမာနာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ဇရူဒပါန ဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **သာဝတ္ထိပြည်၌ နေကုန်သော ကုန်သည်တို့ကို** အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုကုန်သည် တို့သည် သာဝတ္ထိပြည်၌ ဘဏ္ဍာတို့တို့ ယူ၍ လှည်းတို့ကို ပြည့်စေ၍ ကုန်သွယ်အံ့သောငှါ သွားအံ့သော ကာလ၌ မြတ်စွာဘုရားကို ပင့်ဘိတ်၍ သရဏဂုံတို့ကို ယူ၍ သီလတို့၌ တည်၍ မြတ်စွာဘုရားကို ရှိခိုး၍ ဘုန်းတော်ကြီးသော အရှင်ဘုရား အကျွန်ုပ်တို့သည် ကုန်သွယ်သွားအံ့သောငှါ ရှည်စွာသော ခရီးကို သွားပါကုန်အံ့၊ ဘဏ္ဍာကို ရောင်း၍ အပြီးသို့ ရောက်ကုန်သော် ချမ်းသာသဖြင့် ပြန်လာ၍ တဖန် အရှင်ဘုရားတို့ကို ရှိခိုးပါကုန်အံ့ဟု ဆို၍ ခရီးသို့ သွားကြကုန်၏၊ ထိုကုန်သည်တို့သည် ကန္တာရခရီး၌ ရေတွင်းဟောင်းကို မြင်၍ ဤရေတွင်း၌ ရေသည် မရှိ၊ ငါတို့သည်လည်း ရေငတ်ကုန်၏၊ ထိုရေတွင်းကို တူးကြကုန်အံ့ဟု တူးကုန်လတ်သော် အစဉ်သဖြင့် သလဲစင် သလဲပုပ် ကြေးပုပ် ကြေးနီ ကြောင်မျက်ရွဲအပေါင်းတို့ကို ရကုန်၏၊ ထိုသို့ဥစ္စာကို ရသဖြင့်သာလျှင် ရောင့်ရဲကုန်၏၊ ထိုရတနာတို့ဖြင့် လှည်းတို့ကို ပြည့်စေ၍ ချမ်းသာသဖြင့် သာဝတ္ထိပြည်သို့ ပြန်လာကြကုန်၏၊ ထိုကုန်သည်တို့သည်လည်း ထိုဥစ္စာကိုသိမ့်၍ ငါတို့သည် အပြီးသို့ ရောက်ကုန်ရကား ဆွမ်းကိုလှူကုန်အံ့ဟု မြတ်စွာဘုရားကို ဘိတ်၍ အလှူကို လှူ၍ ရှိခိုးကုန်လျက် တင့်အပ်လျောက်ပတ်စွာ နေကုန်၍ မိမိတို့သည် ဥစ္စာရသော အကြောင်းကို မြတ်စွာဘုရားအား ကြားလျောက်ကုန်၏၊ သဗ္ဗညုမြတ်စွာဘုရား သည် သီတင်းသည်တို့ သင်တို့သည်ကား ထိုဥစ္စာဖြင့် ရောင့်ရဲကုန်၍ ပမာဏကို သိကုန်၍ ဥစ္စာကိုငင်း အသက်ကိုငင်း ရကုန်၏၊ ရှေးသူဟောင်းတို့သည်ကား မရောင့်ရဲကုန်၍ အတိုင်း အရှည်ကို မသိကုန်၍ ပညာရှိတို့၏ စကားကို နားမထောင်ကုန်၍ အသက် ကုန်ခြင်းသို့ ရောက်ကုန် သလျှင်ကတည်းဟု မိန့်တော်မူ၍ ထိုကုန်သည်တို့သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ဒါယကာတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗာရာဏသီ

www.dhammadownload.com

ပြည်ဝယ် ကုန်သည်အမျိုးဌ် ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် လှည်း ကုန်သည်မှူးဖြစ်၏၊ ထိုဘုရားလောင်းသည် ဗာရာဏသီပြည်ဌ် ဘက္ကာကိုယူ၍ လှည်းတို့ကို ပြည့်စေ၍ များစွာကုန်သော ကုန်သည်တို့ကိုခေါ်၍ ထိုကန္တာရသို့ သာလျှင် သွားလတ်သော် ထိုရေတွင်းကိုလျှင် မြင်၏၊ ထိုအရပ်ဌ် ထိုကုန်သည် တို့သည် ရေသောက်ကုန်အံ့ဟု ထိုရေတွင်းကို တူးကုန်လတ်သော် အစဉ်သဖြင့် များစွာကုန်သော ရတနာတို့ကို ရကုန်၏၊ ထိုကုန်သည်တို့သည် များစွာသော ရတနာတို့ကိုလည်းရ၍ ထိုရတနာတို့ဖြင့် မရောင့်ရဲကုန်သည်ဖြစ်၍ ရေတွင်းဌ် ဤထက်ကောင်းမြတ်သော တပါးသော ရတနာသည် ရှိလတ္တံ့ဟု အလွန် အားဖြင့် ထိုရေတွင်းကို တူးကြကုန်သည် သာလျှင်တည်း၊ ထိုအခါ ဘုရား လောင်းသည် ထိုကုန်သည်တို့ကို "အို ကုန်သည်တို့ ဤလောဘမည်သည်ကား ပျက်စီးခြင်း၏ အကြောင်းတည်း၊ ငါတို့သည် များစွာသော ဥစ္စာကို ရအပ်ပေ၏၊ ဤမျှဖြင့်သာလျှင် ရောင့်ရဲကြကုန်လော့၊ အလွန်မတူးကြကုန်လင့်" ဟု ဆို၏၊ ဘုရားလောင်းသည် ထိုကုန်သည်တို့ကို မြစ်ကုန်သော်လည်း တူးကြကုန် သည်သာလျှင် ဖြစ်ကုန်၏၊ ထိုရေတွင်းကိုလည်း နဂါးသည် သိမ်းဆည်းအပ်၏၊ ထိုအခါ ရေတွင်းအောက်ဌ်ခြေနေသော နဂါးမင်းသည် မိမိ၏ဗိမာန် ပျက်လတ်၍ ခဲ့, မြေမှုန့် ကျလတ်ကုန်သော် အမျက်ထွက်၍ ဘုရားလောင်းကို ထား၍ ကြွင်းကုန်သော ခပ်သိမ်းသော သူတို့ကိုလည်း နှာခေါင်းလေဖြင့်မှုတ်၍ အသက် ကုန်ခြင်းသို့ ရောက်စေ၍ နဂါးဘုံမှထွက်၍ လှည်းတို့ကို က,၍ ခပ်သိမ်းသော ရတနာတို့ဖြင့် ပြည့်စေ၍ ဘုရားလောင်းကို ချမ်းသာစွာသော ယာဉ်ငယ်ဌ် စီးစေ၍ နဂါးလုလင်တို့ကို လှည်းတို့ကို နှင်စေ၍ ဘုရားလောင်းကို ဗာရာဏသီ ပြည်သို့ ဆောင်၍ အိမ်သို့ဝင်စေ၍ ထိုဥစ္စာတို့ကို သိုမှီးခဲ့၍ မိမိနေရာ နဂါးဘုံ သို့သာလျှင် သွား၏၊ ဘုရားလောင်းသည် ထိုဥစ္စာတို့ကိုစွန့်ကြဲ၍ အလုံးစုံသော ဇမ္ဗူဒိပ်ကို လယ်ထွန်လုပ်ခြင်း မရှိသည်ကိုပြု၍ အလှူပေးလျက် ဥပုသ် သီလ ဆောက်တည်၍ အသက်၏အဆုံးဌ် နတ်ပြည်ကို ပြည့်စေ၏။

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သဗ္ဗညူ ဘုရား ဖြစ်တော်မူပြီး၍—

၁၆ ဇရူပဒါနံ ခဏမာနာ၊ ဝါဏိဇာ ဥဒကတ္ထိကာ။
အဇ္ဈာဂမုံ အယသံ လောဟံ၊ တိပုသီသဉ္စ ဝါဏိဇာ။
ရဇတံ ဇာတရူပဉ္စ၊ မုတ္တာဝေဠုရိယာ ဗဟူ။

www.dhammadownload.com

၁၇ တေ စ တေန အသန္တုဋ္ဌာ၊ ဘိယျော ဘိယျော အခါဏိသုံ။
တတ္ထသိပ်သော ဃောရော၊ တေဇသီ တေဇသာ ဟန်။
၁၈ တသ္မာ ခဏော နာတိမဏ္ဍေ၊ အတိခါတံ ဟ်ပါပကံ။
ခါတေန စ မနံ လဒ္ဓံ၊ အတိခါတေန နာသိတံ။
ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။။

ဥပါသကာ၊ သီတင်းသည်တို့။ ဥဒဂတ္တိကာ၊ ရေဖြင့် အလိုရှိကုန်သော။ ဝါဏိဇာ၊ ကုန်သည်တို့သည်။။ ဇရူဒပါနံ၊ ရေတွင်းဟောင်းကို။ ခဏမာနာ၊ တူးကုန်သော်။။ ဒါယသံ၊ မည်းသော အဆင်းရှိသော ကြေးကိုဌင်း။။ လောဟံ၊ ကြေးနီကိုဌင်း။။ တိပု သီသဉ္စ၊ သလဲဖြူ သလဲပုပ်ကိုဌင်း။။ အဒ္ဒုဂမုံ၊ ရကုန်၏။။ တေ စ ဝါဏိဇာ၊ ထိုကုန်သည်တို့သည်လည်း။။ ဗဟူ၊ များစွာ ကုန်သော။။ ရဇတဉ္စ၊ ငွေကိုဌင်း။။ ဇာတရူပဉ္စ၊ ရွှေကိုဌင်း။။ မုတ္တာ စ၊ ပုလဲတို့ကိုဌင်း။။ ဓဝဉ္စ၊ ရိယာ စ၊ ကြောက်မျက်ရွဲဘို့ကိုဌင်း။။ အဒ္ဓဂမုံ၊ ရကုန်၏။။

တေ ဝါဏိဇာ၊ ထိုကုန်သည်တို့သည်။။ တေန ထိုရအပ်သော ရုတနာဖြင့်။။ အသန္တုဋ္ဌာ၊ မရောင့်ရဲကုန်သည်ဖြစ်၍။။ ဘိယျော ဘိယျော၊ လွန်စွာ လွန်စွာ။။ အခါဏိသုံ၊ တူးကြကုန်၏။။ တေ၊ ထိုကုန်သည်တို့ကို။ တတ္ထ၊ ထိုတွင်း၌။ အာသီဝိသော၊ လျင်သော အဆိပ်ရှိသော။။ ဃောရော၊ ပြင်းသော အဆိပ်ရှိသော။။ တေဇသီ၊ အဆိပ်တန်ခိုးနှင့် ပြည့်စုံသော။ နာဂေါ၊ နဂါးသည်။။ တေဇသာ၊ အဆိပ်တန်ခိုးဖြင့်။ ဟန်၊ သတ်ပြီ။။

တသ္မာ၊ ထို့ကြောင့်။။ ခဏော၊ လျော်ပတ်ရုံသာ တူးရာ၏။။ နာတိခဏော၊ လွန်စွာမတူးရာ။။ ဟိ-သစ္စံ၊ မှန်၏။။ အတိခါတံ၊ အလွန်ကူးခြင်းသည်။။ ပါပကံ၊ ယုတ်မာ၏။။ ခါတေန စ၊ လျော်ပတ်ရုံသာ တူးသဖြင့်လည်း။။ မနံ၊ ဥစ္စာကို။ လဒ္ဓံ ရ၏။။ အတိခါတေန၊ အလွန်တူးသဖြင့်။ နာသိတံ၊ သေကြေပျက်စီး၏။။

ဇာတ်ပေါင်း သမ္ဗတ္ထု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ သာရိပုတ္တရာသည် ထိုအခါ နဂါးမင်း ဖြစ်ဘူးလေပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါလှည်းကုန်သည်မှူး ဖြစ်ဘူးလေပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။။

(လေးဘ လောဘ၊ ကြီးလွန်းက၊ မုချ ဒုက္ခတွေ့)

ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဇရူဒပါနဇာတ်သည် ပြီး၏။။

www.dhammadownload.com

၇-ဂါမဏိစန္ဒဇာတ်

အမေး ၁၀-ထွေ အဖြေ ၁၀ လွှာ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "နာယံ ဃရာနံ ကုသလော" အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သောဤဂါမဏိစန္ဒဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးနေတော်မူစဉ် **ပညာတော်ကိုချီးမွမ်းခြင်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကိုဆိုဦးအံ့၊ တရားသဘင်၌ ရဟန်းတို့သည်ငါ့သျှင်တို့ မြတ်စွာဘုရားသည် ကြီးသော ပညာရှိတော်မူ၏၊မြေကြီးအထုနှင့်တူသောပညာရှိတော်မူ၏၊ ရှင်သော ပညာရှိတော်မူ၏၊ လျင်သောပညာ ရှိပေတော်မူ၏၊ ထက်သောပညာ ရှိတော်မူ၏၊ ထိုး ထွင်းသော ပညာ ရှိတော်မူ၏၊ နတ်ပြည်နှင့် တကွသော လောကကို ပညာဖြင့် လွှမ်းမိုးတော်မူ၏ဟု သဗ္ဗညူ မြတ်စွာဘုရား၏ ပညာတော်ကို ချီးမွမ်း ကုန်လျက် နေကုန်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော် မူလတ်၍ ဤမည်သောစကားဖြင့်စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ငါဘုရားသည် ပုညာရှိတော်မူသည် မဟုတ်သေး၊ ရှေး၌လည်း ငါဘုရားသည် ပညာရှိတော်မူသလျှင် ကတည်းဟု မိန့်တော်မူ၍ ဆိတ်ဆိတ်နေကော်မူ၏။ ထိုရဟန်းတို့သည် တောင်းပန်အပ်သည် ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ဇနသန္ဓ မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထို ဇနသန္ဓ မင်း၏ မိဖုယားကြီး၏ ဝမ်းတိုက်၌ ဖြစ်၏၊ ထိုဘုရားလောင်း၏ မျက်နှာသည် ကောင်းစွာ ပတ်အပ်သော ရွှေကြေးမုံအပြင်ကဲ့သို့ စင်ကြယ်လှ၏၊ အလွန်လျှင် တင့်တယ်ခြင်းအစုသို့ ရောက်လေ၏၊ ထို့ကြောင့် ဘုရားလောင်းအား အမည် မှည့်သော နေ့၌ **အာဒါသမုခ သတ္တိသား** ဟူသော အမည်ကို မှည့်ကုန်၏၊ ထိုအခါ အာဒါသမုခ မင်းသားကို ခုနစ်နှစ်အတွင်း၌လျှင် ခမည်းတော်သည် လောက၌ တတ်အပ်သော ဗေဒင်သုံးပုံ အတတ်မျိုး အပေါင်းကို သင်စေ၍ အာဒါသမုခ မင်းသား ခုနစ်နှစ်ရှိသော ကာလ၌ ခမည်းတော် သေလွန်၏၊ အမတ်တို့သည် ကြီးစွာသော ပူဇော်သက္ကာရဖြင့် မင်း၏အလောင်းကို သင်္ဂြိုဟ်၍

www.dhammadownload.com

(၁၉၉၄)　။ နှစ်ဂုဏ်ထူးဆောင် မြတ်ဘုရားအလောင်းတော်၏ ဇာတ်တော်ဂုံးဆို ကြယ်စုံတောရနေသီလဝန္တ ပါမောက္ခချုပ်ကြီးမှူး



www.dhammadownload.com

မတကဒါန အစရှိသည်တို့ကို ပြုပြီး၍ ခုနစ်ရက်မြောက်သောနေ့၌ မင်းယင်ပြင်ဝယ် စည်းဝေး၍ မင်းသားသည် အလွန်ငယ်၏၊ မင်းအဖြစ်၌ အဘိသိက်သွန်းအံ့သောငှါ မတတ်ကောင်း၊ မင်းသားကို စုံစမ်း၍ အဘိသိက်သွန်းကြကုန်အံ့ဟု တနေ့သ၌ မြို့ကို တန်ဆာဆင်စေ၍ တရားစီရင်ရာအရပ်ကိုလည်း တန်ဆာဆင်၍ ပလ္လင်ကို ခင်းစေ၍ မင်းသား၏နေရာအရပ်သို့ သွား၍ အရှင်မင်းကြီး တရားစီရင်ရာ အရပ်သို့ လာခြင်းငှါ သင့်၏ဟု လျှောက်ကုန်၏၊ မင်းသားသည် ကောင်းပြီဟု များစွာသော အခြံအရံဖြင့် သွား၍ ပလ္လင်ထက်၌ နေ၏။

မင်းသားနေသော ကာလ၌ အမတ်တို့သည် တခုသော အခြေနှစ်ချောင်းတို့ဖြင့် သွားတတ်သော မျောက် အိမ်မြေကိုသိသော ဆရာအသွင်ကို ယူစေ၍ တရားစီရင်ရာ အရပ်သို့ ဆောင်၍ အရှင်မင်းမြတ် ဤယောကျ်ားကား ခမည်းတော်မင်းကြီး လက်ထက်တော်၌ အိမ်ရာမြေကို သိသော ဆရာတည်း၊ အတတ်၌ လေ့လာပုန်းတီးသော ဆရာတည်း၊ မြေ၏ အတွင်း၌ ခုနစ်တောင်ရှိသော အရပ်၌လည်း အကျိုးအပြစ်ကို သိမြင်သောသူတည်း၊ မင်းမျိုးတို့၏ အိမ်ရာကို ဤဆရာသည်သာလျှင် ယူအပ်၏၊ အရှင်မင်းမြတ်သည် ဤဆရာကို ချီးမြှောက်တော်မူ၍ အရာအထူး၌ ထားတော်မူပါလော့ဟု လျှောက်ကုန်၏၊ မင်းသားသည် ထိုမျောက်ကို အောက်အထက်၌ ကြည့်၍ ဤသတ္တဝါကား လူမဟုတ် ဤသတ္တဝါသည် မျောက်တည်းဟု သိ၍ မျောက်တို့မည်သည်ကား လူတို့ ပြုတိုင်း ပြုတိုင်းကို ဖျက်တတ်ကုန်၏၊ မပြုအပ်သေးသည်ကို ပြုခြင်းငှါ ၎င်း စီရင်ခြင်းငှါ၎င်း မသိကုန်ဟုကြံ၍ အမတ်တို့အား—

၁၉ နာယံ ဃရာနံ ကုသလော၊ လောလော အယံ ဝလိမုခေါ။
ကတံ ကတံ ခေါ ဒူသေယျ၊ ဧဝံ ဓမ္မမိဒံ ကုလံ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဘောန္တော အမစ္စာ၊ အို အမတ်တို့။ အယံ၊ ဤမျောက်သည်ကား။ ဃရာနံ၊ အိမ်တို့ကို။ဂိစာရေတုံ ဝါ၊ စီရင်အံ့သောငှါ၎င်း။ ကာတုံ ဝါ၊ပြုအံ့သောငှါ၎င်း။ န ကုသလော၊ မလိမ္မာ။ အယံ၊ ဤမျောက်သည်။ လောလော၊ လျှပ်ပေါသော အလေ့ရှိ၏။ ဝလိမုခေါ၊ တွန့်သော မျက်နှာရှိသော မျောက်သည်။ ကတံ ကတံ ခေါ၊ ပြုတိုင်း ပြုတိုင်းကိုသာလျှင်။ ဒူသေယျ၊ ဖျက်ဆီးရာ၏။ ဣဒံ ကုလံ၊ ဤမျောက်မျိုးသည်။ ဧဝံမမ္မံ၊ ဤသို့ ပြုတိုင်း ပြုတိုင်းကို ဖျက်ဆီးတတ်သော သဘောရှိ၏။

www.dhammadownload.com

ဤသို့ ဆိုသောအခါ အမတ်တို့သည် အရှင်မင်းမြတ် အမိန့်တော်ရှိတိုင်း ဖြစ်လတ္တံ့ဟု ဆို၍ ထိုမျောက်ကို ပယ်၍ တရက်, နှစ်ရက် လွန်သဖြင့် တဖန် ထိုမျောက်ကိုပင်လျှင် တန်ဆာဆင်၍ တရားစီရင်ရာ အရပ်သို့ ဆောင်၍ အရှင်မင်းမြတ် ဤသူသည် ခမည်းတော်မင်းကြီး လက်ထက်တော်၌ တရားစီရင်သော အမတ်တည်း၊ တရားအဆုံးအဖြတ်၌ လေ့လာပွန်းတီးသော သူတည်း၊ ဤသူကို ချီးမြှောက်တော်မူ၍ တရားဆုံးဖြတ်သော အမှုကို ပြုစေခြင်းငှါ သင့်၏ဟု လျှောက်ကုန်၏၊ မင်းသားသည် ထိုမျောက်ကိုကြည့်၍ ပညာနှင့်ယှဉ်သော စိတ်ရှိသောသူ၏ အမှေးကား ဤသို့ သဘောရှိသည်မဟုတ်၊ ဤသတ္တဝါကား ပညာနှင့် ယှဉ်သောစိတ် မရှိသော မျောက်တည်း၊ တရား အဆုံးအဖြတ် အမှုကို ပြုခြင်းငှါ မတတ်ကောင်းဟု သိ၍—

၂၀ နံ ယိဒံ စိတ္တဝတော လောမံ၊ နာယံ အဿာသိကေ မိဂေါ။
သိင်္ဃီ မေ ဇနသန္ဓေန၊ နာယံ ကိဉ္စိ ဝိဇာနတိ။

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

ဘောန္တော အမစ္စာ၊ အို အမတ်တို့။ ဣဒံ လောမံ၊ ဤအမှေးသည်ကား။ စိတ္တာတော၊ ပညာနှင့်ယှဉ်သော စိတ်ရှိသောသူ၏။ နံ လောမံ၊ အမှေးမဟုတ်။ အယံ၊ ဤသတ္တဝါသည်ကား။ နံ အဿာသိကော၊ သက်သာကု ရစေခြင်းငှါ တတ်နိုင်သော သတ္တဝါမဟုတ်။ မိဂေါ၊ သားတည်း။ ဧဝံ၊ ဤသို့။မေ၊ ငါ၏။ ဇနသန္ဓေန၊ ခမည်းတော် ဇနသန္ဓ မင်းသည်။ သိင်္ဃီ၊ ဆုံးမအပ်၏။ အယံ၊ ဤမျောက်သည်။ ကိဉ္စိ၊ တစုံတခုသော အဆုံးအဖြတ်ကို။ နံ ဇာနာတိ၊ မသိ။

ဤသို့ဆိုသော စကားကိုလည်း ကြား၍ အမတ်တို့သည် အရှင်မင်းမြတ် အမိန့်တော်ရှိတိုင်း ဖြစ်လတ္တံ့ဟု ဆို၍ ထိုမျောက်ကိုပယ်၍ တဖန်လည်း တနှစ်သ၌ ထိုမျောက်ကိုပင်လျှင် တန်ဆာဆင်၍ တရားစီရင်ရာ အရပ်သို့ ဆောင်၍ အရှင်မင်းမြတ် ဤယောကျ်ားသည် ခမည်းတော်လက်ထက်တော်၌ မိဘတို့အား လုပ်ကျွေးသော အမျိုး၌ ကြီးသောသူအား အရိုအသေ အမှုကို ပြုတတ်သော သူတည်း၊ ဤသူအား ချီးမြှောက်တော်မူခြင်းငှါ သင့်၏ဟု လျှောက်ကုန်၏၊ မင်းသားသည် ထိုမျောက်ကိုကြည့်၍ မျောက်တို့မည်သည်ကား လျှပ်ပေါသော စိတ်ရှိကုန်၏၊ ဤသို့သဘောရှိသောအမှုကို ပြုခြင်းငှါ မစွမ်းနိုင်ကုန်ဟု ကြံ၍—

---

၁ သတ္တံ (သီ၊ သျာ၊ ဇ)

www.dhammadownload.com

၂၁ နမာတရံ ပိတရံ ဝါ၊ ဘာတရံ ဘဂိနိံ သကံ။
ဘရေယျ တာဒိသော ပေါသော၊ သိဋ္ဌံ ဒဿထေန မေ။

ဟူသော သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ဘောန္တော အမစ္စာ၊ အို အမတ်ကို့။ တာဒိသော၊ ထိုသို့သဘောရှိသော။ ပေါသော၊ယောကျ်ားသည်။ သကံ မာတရံ ဝါ၊ မိမိအမိကိုဂင်း။ သကံ ပိတရံဝါ၊ မိမိအဘကိုဂင်း။ သကံ ဘာတရံ ဝါ၊ မိမိအစ်ကိုကိုဂင်း။ သကံ ဘဂိနိံ ဝါ၊ မိမိနှမကိုဂင်း။ နံ ဘရေယျ၊ မမွေးမြူရာ။ ဧဝံ၊ ဤသို့။ မေ၊ ငါ၏။ ဒဿထေန၊ ခမည်းတော် ဒဿရထမင်းကြီးသည်။ သိဋ္ဌံ ဆုံးမအပ်၏။

ထိုအခါ အာဒါသမုခမင်းသား၏ ခမည်းဖတော်မင်းသည် လေးပါးကုန်သော သင်္ဂဟဝတ္ထုတို့ဖြင့် လူတို့ကို သင်္ဂဟိတ်တော်သောကြောင့် ဇနသန္ဓမည်၏၊ ဆယ်ဆူသောရထားတို့ဖြင့် ပြုအပ်သောကိစ္စကိုရထား တခုဖြင့်သာလျှင် ပြုတတ်သောကြောင့် ဒဿရထမည်၏၊ ထိုမင်း၏အထံမှ ဤသို့သဘောရှိသော အဆုံးအမကို ကြားဘူးသည်၏ အဖြစ်ကြောင့် အာဒါသမုခမင်းသားသည် ဤသို့ဆို၏၊ အမတ်တို့သည်အရှင်မင်းမြတ် အမိန့်တော်ရှိတိုင်း ဖြစ်လတ္တံ့ဟု ဆို၍ မျောက်ကို ပယ်၍ မင်းသားသည် ပညာရှိ၏၊ မင်းပြုခြင်းငှါ စွမ်းနိုင်လတ္တံ့ဟု ဘုရားလောင်းကို မင်းအဖြစ်၌ အဘိသိက်သွန်း၍ အာဏာတည်းဟူ မြို့ဥစည်လည်စေကုန်၏၊ ထိုအခါမှစ၍ ဘုရားလောင်းသည် တရားသဖြင့် မင်းပြု၏၊ ဘုရားလောင်း၏ ပညာရှိသော အဖြစ်သည် အလုံးစုံသော ဇမ္မူဒိပ်ကို နှံ့၍သွား၏၊ ထိုအခါ ဘုရားလောင်း၏ ပညာရှိသောအဖြစ်ကို ပြအံ့သောငှာ နွားသား, မြင်း, ဒေါင်းရှေသမား, ရွာစား ပြည့်တန်ဆာမ, ပျိုသောမိန်းမ, မြွေ, သမင်, ခါ, ရုက္ခစိုးနတ်,နဂါး,ရသေ့,ပုဏ္ဏားလုလင် ဟူကုန်သော တဆဲ့လေးပါး ကုန်သောဝတ္ထုတို့ကိုဆောင်ကုန်၏၊ထိုဝတ္ထုတို့၌ဤဆိုလတ္တံ့သောအစဉ်ဖြစ်သော စကားကို သိအပ်၏၊ ဘုရားလောင်းကို မင်းအဖြစ်၌ အဘိသိက်သွန်းသည်ရှိသော် အမည်အားဖြင့် ဂါမဏိစန္ဒမည်သော ဇနသန္ဓမင်း၏ ခြေရင်း၌ မြဲစွာသော အမတ်တယောက်သည် အရွယ်တူဖြစ်ကုန်သော မင်းတို့အား ခစားရခြင်းသည် တင့်တယ်၏၊ ငါသည်လည်း လူကြီးပြီ၊ ငါသည် သတို့သားကို မခစားအံ့၊ ဇနပုဒ်၌ လယ်ထွန်ခြင်း အမှုကိုပြု၍ အသက်မွေးအံ့ဟု ကြံ၏၊ ဤသို့ ကြံ၍ ထိုဂါမဏိစန္ဒသည် မြို့မှသုံးယူဇနာ အတိုင်းအရှည်ရှိသော အရပ်သို့ သွား၍ တခုသောရွာငယ်၌ နေ၏။

F.51 ၁၁၀-၃

www.dhammadownload.com

၁ ဂါမဏိစန္ဒအား အမှုလုပ်ဆောင်အံ့သောငှါ နွားတို့သည်လည်း မရှိကုန်၊ ဂါမဏိစန္ဒသည် မိုဃ်းရွာလတ်သော် တယောက်သော အဆွေခင်ပွန်းကို နွားနှစ်ခု တို့ကိုတောင်း၍ တနေ့ပတ်လုံးထွန်၍ မြက်ကိုစားစေပြီး၍ နွားရှင်အားအပ်ကုန် အံ့သောငှါ အိမ်သို့သွား၏၊ ထိုခဏ၌ နွားရှင်သည် မယားနှင့်တကွ အိမ်၏ အလယ်၌ နေ၍ ထမင်းစား၏၊ နွားတို့သည်လည်း လေ့ကျက်မြဲ အားဖြင့် အိမ်သို့ ဝင်ကုန်၏၊ထိုနွားတို့သည် ဝင်ကုန်လတ်သော် နွားရှင်သည်ထမင်းခွက်ကို ချီ၏၊မယားသည် ထမင်းခွက်ကို ပယ်၏၊ဂါမဏိစန္ဒသည် ထမင်းဖြင့် ငါ့ကိုဘိတ်ရာ ၏ဟုကြည့်၍ နွားတို့ကိုမအပ်ဘဲလျှင် သွား၏၊ခိုးသူသည် ညဉ့်၌ ခြံကို ဖောက်၍ ထိုနွားတို့ကိုလျှင် ခိုး၏၊ နွားရှင်သည် နံနက်စောစောကလျှင် ခြံသို့ ဝင်၍ နွားတို့ကို မမြင်သော် ခိုးသူတို့သည် ခိုးယူသောအဖြစ်ကို သိလျက်လည်း ဂါမဏိစန္ဒအား လျော်စေအံ့ဟု ဂါမဏိစန္ဒအထံသို့ ချဉ်းကပ်၍ အရှင် ဂါမဏိစန္ဒ နွားတို့ကို ပေးလော့ဟု ဆို၏၊ နွားတို့သည် အိမ်သို့ ဝင်ကုန်ပြီ မဟုတ်လောဟု ဂါမဏိစန္ဒသည် ဆို၏၊ သင်သည် ငါ့အား နွားတို့ကို အပ်ကုန်သလောဟု နွားရှင်သည် ဆို၏၊ ငါသည် မအပ်ကုန်ဟု ဂါမဏိစန္ဒ ဆိုသည်ရှိသော် ထိုသို့ တပြီးကား ဤကား သင့်အားခေါ်သော မင်းတမန်တည်း၊ လာလော့ဟု နွားရှင်သည် ဆို၏၊ ထိုဇနပုဒ်တို့၌ တစုံတခုသော ကျောက်စရစ်ကိုဌင်း အိုးခြမ်းခဲကိုဌင်း ပစ်ချ၍ ဤကား သင့်အား ခေါ်သော မင်းတမန်တည်း၊ လာလော့ဟု ဆိုသည်ရှိသော် အကြင်သူသည် မသွား ထိုသူအား ရာဇဒဏ်ကို အကြောင်းပြု၏၊ ထို့ကြောင့် ထို ဂါမဏိစန္ဒသည် မင်း၏အမိန့်ဟူသော စကားကို ကြား၍လျှင် ထွက်၏။

၂ ဂါမဏိစန္ဒသည် နွားရှင်နှင့်တကွ မင်း၏မြို့သို့ သွားလတ်သော် အဆွေ ခင်ပွန်း၏ နေရာဖြစ်သော တခုသော နိုဂုံးသို့ ရောက်၍ အလွန်လျှင် ဆာမွတ်၏၊ ရွာသို့ဝင်၍ ထမင်းစား၍ လာသည်တိုင်အောင် ဤအရပ်၌လျှင် နေလင့်ပါဦးဟု ဆို၍ မိမိ၏ အဆွေခင်ပွန်း၏ အိမ်သို့ ဝင်လေ၏၊ ဂါမဏိစန္ဒ၏ အဆွေခင်ပွန်း ယောကျ်ားသည်ကား အိမ်၌ မရှိ၊ ခင်ပွန်း၏ မယားသည် မြင်၍ အရှင် ချက်ပြီးသော ထမင်းသည် မရှိ၊ အတန်ငယ် ငံ့ဦးလော့၊ ယခုပင်လျှင် ချက်၍ ပေးအံ့ဟု ဆို၍ လှေကားဖြင့် လျှင်မြန်စွာ ကျီသို့ တက်လတ်သော် မြေသို့ကျ၏၊ ထိုခဏ၌လျှင် ထိုမိန်းမ၏ ခုနစ်လရှိသော ကိုယ်ဝန်သည် ကျ၏၊ ထိုခဏ၌ ထိုမိန်းမ၏လင်သည်လာ၍ဂါမဏိစန္ဒကိုမြင်၍ သင်သည် ငါ့မယားကို ပုတ်ခတ်၍ ကိုယ်ဝန်ကို ကျစေ၏၊ ဤကား သင့်အား ခေါ်သော မင်းတမန်တည်း၊

www.dhammadownload.com

လာလေ့ဟု ဂါမဏိစန္ဒကို ခေါ်၍ ထွက်၏၊ ထိုအခါမှစ၍ နှစ်ယောက်သော သူတို့သည် ဂါမဏိစန္ဒကို အလယ်၌ထား၍ သွားကုန်၏။

၃ ထိုအခါ တခုသော ရွာတံခါး၌ တယောက်သောမြင်းထိန်းသည် မြင်းကို လည်စိမ့်သောငှါ မတတ်နိုင်၊ မြင်းသည်လည်း ဂါမဏိစန္ဒ၏ အထံသို့ သွား၏၊ မြင်းထိန်းသည် ဂါမဏိစန္ဒကို မြင်၍ ဦးရိုး ဂါမဏိစန္ဒ ထိုမြင်းကို တစုံတခုဖြင့် သာလျှင် ပစ်ခတ်၍ လည်၍ လာပါစေလော့ဟုဆို၏၊ ဂါမဏိစန္ဒသည် တခုသော ကျောက်ခဲကို ကိုင်၍ပစ်၏၊ ကျောက်ခဲသည် မြင်းခြေ၌ ကျ၍ ကြက်ဆူရိုးကို ချိုးဘိသကဲ့သို့ မြင်းခြေကို ချိုး၏၊ ထိုအခါ ဂါမဏိစန္ဒကို မြင်းထိန်းသည် ငါ၏ မြင်းကို သင်သည်ချိုး၏၊ ဤကား သင့်အား ခေါ်သော မင်းတမန်တည်းဟု ဆို၍ ယူ၏။

၄ ထို ဂါမဏိစန္ဒကိုလည်း ထိုသုံးယောက်သော သူတို့သည် ဆောင်ယူအပ်သည်ရှိသော် ဤသူတို့သည် ငါ့ကို မင်းအား ပြကုန်လတ္တံ့၊ ငါသည် နွားဘိုးလည်း မပေးနိုင်၊ ကိုယ်ဝန်ကျအလျော်ကို အဘယ်မှာလျှင် ပေးနိုင်အံ့နည်း၊ မြင်းဘိုးကိုကား အဘယ်မှာ ရအံ့နည်း၊ ထို့ကြောင့် သေခြင်းသည် သာလျှင်ကောင်းမြတ်၏ဟု ကြံ၏၊ ကြံပြီး၍သွားသည်ရှိသော် လမ်းခရီးအကြား တောအုပ်ခရီး၏ အနားဌာလျှင် တဘက်မှပြတ်သော ကမ်းရှိသော တခုသော တောင်ကို မြင်၏၊ ထိုတောင်၏အရိပ်၌ နှစ်ယောက်ကုန်သော ဒေါင်းရွှေသမား သားအဘတို့သည် ဖျာရက်ကြကုန်၏၊ ဂါမဏိစန္ဒသည် အရှင်တို့ ကိုယ်လက် သုတ်သင်လို့၏၊ အတန်ငယ် ကျိဌ်လျှင် နေလင့်ကြဦးလော့၊ ပြန်လာအံ့ဟု ဆို၍ တောင်သို့တက်၍ ကမ်းပါးပြတ် နံပါးဖြင့် ဆင်းခုန်လတ်သော် ဒေါင်းရွှေသမား ကျောပေါ်၌ ကျ၏၊ ဒေါင်းရွှေသမားသည် ကျသည်နှင့် တပြိုင်နက် အသက်ကုန်ခြင်းသို့ ရောက်၏၊ ဂါမဏိစန္ဒသည်ကား ရပ်လျက် နေ၏၊ ဒေါင်းရွှေသမားသည် သင်ကား ငါ၏အဘသတ် ခိုးသူတည်း၊ ဤကားသင့်အားခေါ်သော မင်းတမန်တည်းဟုဆို၍ ဂါမဏိစန္ဒကိုလက်၌ကိုင်၍ ချုံမှထွက်စေ၍ ဤအမှုကား အသို့နည်းဟု ဆိုသည်ရှိသော် ဤသူသည် ငါ၏ အဘသတ် ခိုးသူတည်းဟု ဆို၏၊ ထိုအခါမှစ၍ ဂါမဏိစန္ဒကို အလယ်၌ထား၍ လေးယောက်သော သူတို့သည် ခြံရံ၍ ဆောင်ကုန်၏။ (ဤကား တရားလေးချက်)

၁ ထိုအခါ တခုသော ရွာတံခါး၌ တယောက်သော ရွာစားသည် ဂါမဏိစန္ဒကိုမြင်၍ ဦးရိုး ဂါမဏိစန္ဒ အဘယ်သို့ သွားအံ့နည်းဟု မေး၍ မင်းကို

www.dhammadownload.com

ဖူးမြင်အံ့သောငှါ သွားအံ့ဟု ဆိုသည်ရှိသော် ဦးရီး သင်သည် စင်စစ် မင်းကို ဖူးမြင်လတ္တံ့ အကျွန်ုပ်သည် မင်းအား သတင်းစကားကို ပေးလို၏၊ ဆောင်ပါလော့ဟု ဆို၏၊ ဆောင်အံ့ဟုဆိုသည်ရှိသော် ကျွန်ုပ်သည် ရှေး၌ ပကတိအားဖြင့် အဆင်းလှ၏၊ ဥစ္စာရှိ၏၊ အခြံအရံနှင့်ပြည့်စုံ၏၊ ရောဂါကင်း၏၊ ယခုတမူကား ဆင်းရဲသည်လည်း ဖြစ်၏၊ ဖြောတော့သောရောဂါ စွဲသည်မူလည်း ဖြစ်၏၊ ထိုသို့ဖြစ်ရာ၌ အကြောင်း အသို့ရှိကုန်သနည်းဟု မင်းကို မေးပါလော့၊ မင်းသည် ပညာရှိသတတ်၊ သင့်အား ဖြေဆိုလတ္တံ့၊ မင်း၏ သတင်းစကားကို တဖန် ကျွန်ုပ်အား ပြောဆိုပါလော့ဟု ဆို၏၊ ဂါမဏိစန္ဒသည် ကောင်းပြီဟု ဝန်ခံ၏။

၂ ထိုနောင် ရှေ့မှ တခုသော ရွာတံခါး၌ တယောက်သော ပြည်တန်ဆာမသည် ဂါမဏိစန္ဒကိုမြင်၍ ဦးရီးဂါမဏိစန္ဒ အဘယ်သို့ သွားအံ့နည်းဟု မေး၍ မင်းကို ဖူးမြင်အံ့သောငှါ သွားအံ့ဟု ဆိုသည်ရှိသော် မင်းသည် ပညာရှိသတတ်၊ ကျွန်ုပ်သတင်းစကားကို ဆောင်ပါလော့ဟု ဆို၍ ရှေး၌ ကျွန်ုပ်သည် မျှားစွာသော အခကို ရ၏၊ ယခုတမူကား ကွမ်းဘိုးမျှလည်း မရ၊ ကျွန်ုပ်ထံသို့ လာသော တစုံတယောက်သော သူမျှလည်း မရှိ၊ ထိုသို့ဖြစ်ရာ၌ အကြောင်းအဘသို့နည်းဟု မင်းကို မေး၍ တဖန်ပြန်၍ ကျွန်ုပ်အား ပြောဆိုပါလော့ဟု ဆို၏။

၃ ထိုနောင် ရှေ့မှ တခုသော ရွာတံခါး၌ တယောက်သော ပျိုသောမိန်းမသည် ဂါမဏိစန္ဒကို မြင်၍ ရှေးအတူသာလျှင် မေး၍ ကျွန်ုပ်သည် လင်၏အိမ်၌ နေခြင်းငှါလည်း မတတ်နိုင် မိဘအိမ်၌ နေခြင်းငှါလည်း မတတ်နိုင် ထိုသို့ဖြစ်ရာ၌ အကြောင်း အသို့နည်းဟု မင်းကို မေး၍ တဖန်ပြန်၍ ကျွန်ုပ်အား ပြောဆိုပါလော့ဟု ဆို၏။

၄ ထိုနောင် ရှေ့သို့ သွား၍ ခရီးလမ်းမ၏အနီး တခုသော တောင်ပို့၌ နေသော မြေသည် ဂါမဏိစန္ဒကိုမြင်လေ၍ ဦးရီး ဂါမဏိစန္ဒ အဘယ်သို့ သွားအံ့နည်းဟု မေး၍ မင်းကို ဖူးမြင်အံ့သောငှါ သွားအံ့ဟု ဆိုသည်ရှိသော် မင်းသည် ပညာရှိသတတ် သတင်းစကားကို ဆောင်ပါလော့ဟု ဆို၍ အစာရှာအံ့သောငှါ သွားသော ကာလ၌ ဆာမွတ်သောကိုယ် ညှိုးသောကိုယ်ရှိလျက် တောင်ပို့မှ ထွက်လတ်သော် ကိုယ်သည် တုန်းကို ပြည့်စေ၍ ကိုယ်ကိုငင်လျှင် ငြိုငြင်သဖြင့် ထွက်ရ၏၊ အစာစား၍ လာလတ်သော်ကား ဝလင်ပြည့်ဖြိုးသော ကိုယ်ရှိ၍လျှင်

www.dhammadownload.com

တွင်းနံပါးကို မထိစေဘဲ အဆောတလျင် ဝင်နိုင်၏၊ ထိုသို့ဖြစ်ရာ၌ အကြောင်း အသို့နည်းဟု မင်းကိုမေး၍ ကျွန်ုပ်အား ပြောဆိုပါလော့ဟု ဆို၏။

၅ ထို့နောင်မှ ရှေ့သို့သွား၍ တခုသော သမင်သည် ဂါမဏိစန္ဒကို မြင်၍ ရှေးအတူသာလျှင် မေး၍ ကျွန်ုပ်သည် တပါးသောအရပ်၌ မြက်ကိုစား၍ငှါ မတတ်နိုင် တခုသော သစ်ပင်ရင်း၌သာလျှင် မြက်တို့ကို စားနိုင်၏၊ ထိုသို့ဖြစ်ရာ၌ အကြောင်း အသို့နည်းဟု မင်းကို မေးပါလေလော့ဟု ဆို၏။

၆ ထို့နောင်မှ ရှေ့သို့သွားပြီး၍ တခုသော ခါသည် ဂါမဏိစန္ဒကို မြင်၍ ထိုရှေးအတူသာလျှင် မေး၍ ကျွန်ုပ်သည် တခုသော တောင်ပို့ခြေရင်း၌လျှင် နေ၍တွန်သည်ရှိသော် နှစ်သက်ဘွယ် တွန်ခြင်းငှါစွမ်းနိုင်၏၊ ကြွင်းသော အရပ်တို့၌ နေ၍ တွန်သော်ကား နှစ်သက်ဘွယ် တွန်ခြင်းငှါ မစွမ်းနိုင်၊ ထိုသို့ဖြစ်ရာ၌ အကြောင်းအသို့နည်းဟု မင်းကို မေးပါလေလော့ဟု ဆို၏။

၇ ထို့နောင်မှရှေ့သို့သွား၍တယောက်သော ရုက္ခစိုးနတ်သည်ဂါမဏိစန္ဒကို မြင်၍ ဦးရီး ဂါမဏိစန္ဒ အဘယ်သို့ သွားမည်နည်းဟု မေး၍ မင်း၏အထံသို့ သွားအံ့ဟု ဆိုသည်ရှိသော် မင်းသည် ပညာရှိသတတ် ကျွန်ုပ်သည် ရှေး၌ ပူဇော်သက္ကာရကို ရ၏၊ ယခုတမူကား ပန်းတဆုပ်ကိုမျှလည်း မရ ထိုသို့ဖြစ်ရာ၌ အကြောင်းအသို့နည်းဟု မင်းကို မေးပါလေလော့ဟု ဆို၏။

၈ ထိုမှ နောက်အဘို့၌ တခုသော နဂါးမင်းသည် ဂါမဏိစန္ဒကို မြင်၍ ထိုရှေးအတူသာလျှင် မေး၍ မင်းသည် ပညာရှိသတတ်၊ ရှေး၌ ဤရေကန်ဝယ် ရေသည် ကြည်၏၊ မြအဆင်းနှင့်တူ၏၊ ယခုတမူကား နောက်၏၊ မှော်ကြီး မှော်သေး မြွေးရှက်၏၊ ထိုသို့ဖြစ်ရာ၌ အကြောင်းအသို့နည်းဟု မင်းကို မေးပါလေလော့ဟု ဆို၏။

၉ ထို့နောင်မှ ရှေ့သို့သွား၍ မြို့၏အနီးဖြစ်သော တခုသောအရပ်၌ နေကုန်သော ရသေ့တို့သည် ဂါမဏိစန္ဒကို မြင်၍ ထိုရှေးအတူသာလျှင် မေး၍ မင်းသည် ပညာရှိသတတ်၊ ရှေး၌ ဤအရပ်ဝယ် သစ်သီး ကြီးငယ်တို့သည် ချိုကုန်၏၊ ယခုတမူကား ဩဇာမရှိသည် ဖြစ်ကုန်၏၊ ထိုသို့ဖြစ်ရာ၌ အကြောင်း အသို့နည်းဟု မင်းကို မေးပါလေလော့ဟု ဆိုကုန်၏။

၁၀ ထိုနောင်မှ ရှေ့သို့ သွား၍ မြို့တံခါး၏အနီး တခုသော ဇရပ်၌ ပုဏ္ဏား လုလင်ငယ်တို့သည် ဂါမဏိစန္ဒကို မြင်၍ အရှင် ဂါမဏိစန္ဒ အဘယ်သို့

www.dhammadownload.com

သွားအံ့နည်းဟု မေးရ၍ မင်း၏အထံသို့ သွားအံ့ဟု ဆိုသည်ရှိသော် ဘိုသို့ တပြီးကား ငါတို့၏စကားကို ယူ၍သွားပါလော့ ငါတို့အား ရှေးဦးသင်အပ်သော ဗေဒင်သည် ထင်၏၊ယခုမူကား ကဲ့သော အိုးဦး ရေမတည်သကဲ့သို့ သင်အပ်သော ဗေဒင်သည် မထင် အမိုက်ကဲ့သို့ ဖြစ်၏၊ ထိုသို့ဖြစ်ရာ၌ အကြောင်းအသို့နည်းဟု မင်းကို မေးပါလေလော့ဟု ဆို၏။ (ဤကား အမေးဆယ်ထွေ)

ဂါမဏိစန္ဒသည် **ဤဆယ်ပါးကုန်သော**[1] **သတင်းစကားတို့ကို** ယူ၍ မင်း အထံသို့ သွား၏၊ မင်းသည် တရားဆုံးဖြတ်ရာအရပ်၌ နေ၏၊ နွားရှင်သည် ဂါမဏိစန္ဒကို ခေါ်၍ မင်းအထံသို့ ချဉ်းကပ်၏၊ မင်းသည် ဂါမဏိစန္ဒကို မြင်လျှင်သိ၍ ဤသူသည် ငါ၏ ခမည်းတော်မင်း၏ အလုပ်အကျွေးတည်း၊ ငါ့တို့ကိုချီ၍ ရွက်ဆောင်ဘူး၏၊ ဤမျှလောက်သော ကာလပတ်လုံး အဘယ်အရပ်၌ နေသနည်းဟု ကြံ၍ "အို ဂါမဏိစန္ဒ ဤမျှလောက်သော ကာလပတ်လုံး အဘယ်၌လျှင် နေလေသနည်း၊ ကြာမြင့်စွာသော ကာလမှစ၍ မထင်.အဘယ် ကိစ္စကြောင့် လာသနည်းဟု ဆို၏၊ အရှင်မင်းမြတ် အမိန့်တော်ရှိတိုင်း ဟုတ်မှန်ပေ၏၊ အကျွန်ုပ်သည် ခမည်းတော်မင်းကြီး နတ်ရွာလားတော်မူသည်မှ၍ ဇနပုဒ်သို့ သွား၍ လယ်လုပ်၍ အသက်မွေး၏၊ ထိုဇနပုဒ်မှ အကျွန်ုပ်ကို ဤယောကျ်ားသည် နွားမှုဟူသော အကြောင်းကြောင့် မင်းတမန်ကိုပြု၍ အရှင်မင်းမြတ်တို့၏ အထံတော်သို့ အကျွန်ုပ်ကို ငင်၏ဟု လျှောက်၏၊ မငင် အပ်သည်ရှိသော် သင်သည် မလာရာ၊ ငင်သောအဖြစ်သည်လျှင် ကောင်းပေ၏၊ ယခု အခါ၌ ငါသည် သင့်ကို မြင်ခြင်းငှါ ရပေ၏၊ သင့်ကို ငင်သော ထိုယောကျ်ားသည် အဘယ်မှာနည်းဟု မင်းသည် မေး၏၊ အရှင်မင်းမြတ် ဤသူလျှင်တည်းဟု ဆို၏၊ အချင်းယောကျ်ား ငါတို့၏ စန္ဒအား တမန်ကို ပြုသောဟူသည် မှန်သလောဟု မေး၏၊ အရှင်မင်းကြီး မှန်၏ဟု လျှောက်၏၊ အဘယ်ကြောင့် တမန်ကို ပြုသနည်းဟု မေး၏။

၁ အရှင်မင်းကြီး ဤစန္ဒသည် အကျွန်ုပ်၏ နွားနှစ်ခုတို့ကို အကျွန်ုပ်အား မပေး၊ထို့ကြောင့် တမန်ကိုပြု၏ဟု လျှောက်၏၊ စန္ဒ မှန်သလောဟု မေး၏၊ အရှင်မင်းမြတ် အကျွန်ုပ် တောင်းပန်ပါ၏၊ ထိုစကားကို နာတော်မူပါဟုဆို၍ အလုံးစုံသော အကြောင်းကို လျှောက်၏၊ ထိုစကားကို ကြား၍ မင်းသည် နွားရှင်ကို အချင်း သင့်အိမ်သို့ ဝင်သောနွားတို့ကို မြင်၏လောဟု မေး၏၊ အရှင်

---

၁ တဆဲ့ ၄-ပါး ကုန်သော (သီ၊ ဋ္ဌ၊ က)

www.dhammadownload.com

မင်းမြတ် မမြင်ဟု လျှောက်၏၊ အချင်း ငါ့ကို အာဒါသမုခ မင်းမည်၏ဟု ပြောဆိုကြကုန်သော သူတို့၏ စကားကို သင်မကြားဘူးသလော မှန်စွာ ဆိုလော့ဟု ဆို၏၊ အရှင်မင်းမြတ် မြင်သည် မှန်ပေ၏ဟု ဆိုပြန်၏၊ မင်းသည် စန္ဒ သင်သည် နွားတို့ကို မအပ်သည်၏ အဖြစ်ကြောင့် လျော်ထိုက်၏၊ ဤယောကျ်ားသည်ကား မြင်လျက်လျှင် မမြင်ဟူ၍ မုသာဝါဒကို ဆို၏၊ ထို့ကြောင့် သင်သည်ပင်လျှင် မင်းမှဆောင်လုပ်၍ ဤယောကျ်ားလင်မယား၏ မျက်စိတို့ကို ထုတ်၍ သင်သည် နွားဘိုးနှစ်ဆဲ့လေးသပြာတို့ကို ပေးဟုဆိုလတ်သော် နွားရှင်ကို အပသို့ ထုတ်ကြကုန်၏၊ နွားရှင်သည် မျက်စိတို့ကို ထုတ်အပ်ကုန်သည်ရှိသော် နှစ်ဆဲ့လေးသပြာတို့ဖြင့် အဘယ်မူအံ့နည်း၊ ဂါမဏိစန္ဒ၏ ခြေရင်းတို့၌ ရှိခိုး၍ အရှင်စန္ဒ နွားဘိုးအသပြာတို့သည် အရှင်ဘို့သာလျှင် ဖြစ်ပါစေကုန်လော့ ဤအသပြာတို့ကိုလည်း ယူပါလော့ဟု တပါးသော အသပြာတို့ကိုလည်း ပေး၍ပြီး၏။

၂ ထို့နောင်မှ နှစ်ယောက်မြောက်ဖြစ်သော အမှုသည်သည် အရှင်မင်းမြတ် ဤစန္ဒသည် အကျန်ပ်၏မယားကို သတ်၍ ကိုယ်ဝန်ကို ကျစေ၏ဟု လျှောက်၏၊ စန္ဒ မှန်သလောဟု မင်းသည် မေး၏၊ မြတ်သောမင်းကြီး နာတော်မူလော့ဟု ဆို၍ ထိုအလုံးစုံတို့ကို ခဲ့၍ ဂါမဏိစန္ဒသည် လျှောက်၏၊ ထိုအခါ ဂါမဏိစန္ဒကို မင်းသည် သင်သည် ဤသူ၏မယားကို သတ်၍ ကိုယ်ဝန်ကို ကျစေသလောဟု မေး၏၊ အရှင်မင်းကြီး မကျပါစေဟု ဂါမဏိစန္ဒသည် လျှောက်၏၊ အချင်းယောကျ်ား စန္ဒသည် သတ်၍ ကိုယ်ဝန်ကျစေသည်၏အဖြစ်ကို ပြအံ့သောငှါ သင်သည် တတ်နိုင်သလောဟု မင်းဆို၏၊ အရှင်မင်းကြီး မတတ်နိုင်ပါဟု လျှောက်၏၊ ယခု အသို့ပြုလတ္တံ့နည်းဟုမင်းဆို၏၊ အရှင်မင်းကြီး အကျန်ပ်သည် သားကို ရခြင်းငှါ သင့်၏ဟု လျှောက်၏၊ အချင်းစန္ဒ ထိုသို့တပြီးကား သင်သည် ဤသူ၏မယားကို သင့်အိမ်၌ထား၍ အကြင်အခါ၌ သားဖွား၏၊ ထိုအခါ၌လျှင် ဆောင်၍ ဤသူအား ပေးလော့ဟု ဆို၏၊ ထိုအမှုသည်သည်လည်း ဂါမဏိစန္ဒ၏ ခြေတို့၌ ရှိခိုး၍ အရှင်စန္ဒ အရှင်သည် အကျန်ပ်၏အိမ်ကို မဖျက်ပါလင့်ဟု အသပြာကို ပေး၍ ပြီး၏။

၃ ထို့နောင် သုံးယောက်မြောက်သော အမှုသည်သည် သွား၍ မြတ်သောမင်းကြီး ဤစန္ဒသည် မြင်း၏ခြေ၌ပစ်ခတ်၍ မြင်း၏ခြေကိုချို၏ဟု လျှောက်၏၊ စန္ဒ မှန်သလောဟု မင်းသည် မေး၏၊ မြတ်သောမင်းကြီး နာတော်မူပါလောဟု

www.dhammadownload.com

ဆို၍ ဂါမဏိစန္ဒသည် အလုံးစုံသောအကြောင်းကို အကျယ်အားဖြင့်လျှောက်၏၊ ထိုစကားကို ကြား၍ မင်းသည် မြင်းထိန်းကို အချင်း သင်သည် မြင်းကိုပစ်၍ ပြန်လည်ပါစေ ဆိုသလောဟု မေး၏၊ အရှင်မင်းကြီး မဆိုဟု လျှောက်၏၊ ထိုမင်းကြီးသည် တကြိမ်ထပ်၍ မေးပြန်သော် ဆိုပေ၏ဟု လျှောက်၏၊ မင်းသည် ဂါမဏိစန္ဒကိုခေါ်၍ အချင်းစန္ဒ ဤမြင်းထိန်းသည်ဆိုလျက်လည်း မဆိုဟု မုသားဆို၏၊ သင်သည် မြင်းထိန်း၏လျှောကို ဖြတ်၍ မြင်းဘိုးကို ငါ၏ဥစ္စာ အသပြာတထောင်ကို ယူ၍ ပေးလော့ဟု ဆို၏၊ မြင်းထိန်းသည် အရှင်စန္ဒ အကျွန်ုပ်၏ လျှာကို မဖြတ်ပါလင့်ဟု ဂါမဏိစန္ဒအား တပါးကုန်သော အသပြာတို့ကိုလည်း ပေး၍ ပြေး၏။

၄ ထိုနောင်မှ ဇဒါင်းရွှေသမား၏သားသည် မြတ်သောမင်းကြီး ဤစန္ဒသည် အကျွန်ုပ်၏ အဘသတ် ခိုးသူတည်းဟု လျှောက်၏၊ စန္ဒမှန်သလောဟု မင်းသည် ဆို၏၊ အရှင်မင်းကြီး နာတော်မူပါလောဟု ဆို၍ ဂါမဏိစန္ဒသည် ထိုအကြောင်းကိုလည်း အကျယ်အားဖြင့် လျှောက်၏၊ တိုအခါ မင်းသည် ဒေါင်းရွှေသမားကို ခေါ်၍ ယခု အသို့ပြုလတ္တံ့နည်းဟု မေး၏၊ မြတ်သောမင်းကြီး အကျွန်ုပ်အား အဘကို ရခြင်းငှါ သင့်၏ဟု လျှောက်၏၊ အချင်းစန္ဒ ဤသူ၏အဘကို ရခြင်းငှါ သင့်၏၊ သေလေပြီးသော သူကိုကား ဆောင်၍ တဖန်ပေးအံ့သောငှါ မတတ်ကောင်း၊ သင်သည် ဤသူ၏အမိကို သင့်အိမ်၌ ထား၍ ဤသူ၏ အဘဖြစ်လော့ဟု ဆို၏၊ ဒေါင်းရွှေသမားသည် အရှင်စန္ဒ သေလေသော် အကျွန်ုပ် အဘ၏အိမ်ကို အရှင်သည် မဖျက်ပါလင့်ဟု ဂါမဏိစန္ဒအား အသပြာကို ပေး၍ ပြေး၏။ (ဤကား ဆုံးဖြတ်ချက် ၄-ခု)

၁ ဂါမဏိစန္ဒသည် တရားနိုင်၍ နှစ်သက်သောစိတ် ရှိလျက် မင်းကို မြတ်သောမင်းကြီး မင်းကြီး၏အထံတော်သို့ အချို့သူတို့သည် သတင်းစကားကို မှာလိုက်၏၊ ထိုသတင်းစကားကိုလျှောက်ပါကုန်အံ့ဟုဆို၏။ စန္ဒ လျှောက်လော့ဟု မင်းသည် ဆို၏၊ ဂါမဏိစန္ဒသည် ပုဏ္ဏားလုလင်တို့၏ သတင်းစကားကို အစပြု၍ ပဋိလောမ အစဉ်အားဖြင့် တပါးစီသော စကားကို လျှောက်၏၊ မင်းသည် အစဉ်သဖြင့် ဖြေ၏။

အသို့ဖြေသနည်းဟူမူကား ရှေးဦးစွာသော ပဌမသတင်းစကားကို ကြား၍ ရှေး၌ ထိုပုဏ္ဏားလုလင်တို့၏ နေရာအရပ်၌ အခါကို သိ၍ တွန်သော ကြက်သည်

www.dhammadownload.com

ရှိ၏၊ ထိုပုဏ္ဏားလုလင်တို့သည် ထိုကြက်၏အသံဖြင့် အိပ်ရာမှထ၍ ဗေဒင်တို့ကို သရဇ္ဈာယ်ကုန်စဉ်လျှင် အရဏ်သည်တက်၏၊ ထိုကြောင့် ထိုပုဏ္ဏားလုလင်တို့အား သင်တို့၌ သင်တိုင်းသော ဗေဒင်တို့သည် မပျောက်၊ ယခုတမူကား ထိုပုဏ္ဏားလုလင်တို့၏ နေရာအရပ်၌ အခြိန်မဲ့တွန်တတ်သော ကြက်သည် ရှိ၏၊ ထိုကြက်သည် အလွန်စောစောမူလည်း တွန်၏၊ အလွန်လင်းမှမူလည်း တွန်၏၊ အလွန်စောစောတွန်သော ကြက်သံဖြင့် ထ၍ ဗေဒင်တို့ကို သရဇ္ဈာယ်ကုန်သော ပုဏ္ဏားတို့သည် အိပ်ချင်ခြင်း နှိပ်စက်အပ်ကုန်သည် ဖြစ်၍ သရဇ္ဈာယ်ခြင်းကို မပြုမူ၍သာလျှင် တဖန်ပြန်၍ အိပ်ပြန်ကုန်၏၊ အလွန်လင်းမှ တွန်သောကြက်၏ အသံဖြင့် ထ၍ သရဇ္ဈာယ်ခွင့်ကိုမရကုန်၊ ထို့ကြောင့် ပုဏ္ဏားလုလင်တို့အား သင့်အပ်သော ဗေဒင်သည် မထင်ဟု ဆို၏။

၂ ဒုတိယ သတင်းစကားကို ကြား၍ ထိုရသေ့တို့သည် ရှေးဦး ရဟန်းတရားကို ကျင့်ကုန်လျက် ကသိုဏ်းပရိကံဦး လုံ့လပြုအပ်သည်သာလျှင် ဖြစ်ကုန်၏၊ ယခုတမူကား ရဟန်းတရားကိုလွှတ်၍ မပြုအပ်သောအမှုတို့ဖြင့် လုံ့လပြုကုန်လျက် အရံဖြစ်သော သစ်သီးကြီးငယ်တို့ကို ဒါယကာတို့အား ပေး၍ ဆုံမ်းပေး၍ အတုံ့ယူခြင်းဟူသော မိစ္ဆာဇီဝဖြင့် အသက်ကို မွေးကြကုန်၏၊ ထို့ကြောင့် ထိုရသေ့တို့အား သစ်သီးကြီးငယ်တို့သည် မချို့ကုန်၊ ထိုရသေ့တို့သည် ရှေးဦးကဲ့သို့ ရဟန်းတရားဖြင့် လုံ့လပြုကုန်အံ့၊ တဖန် ထိုရသေ့တို့အား သစ်သီးကြီးငယ်တို့သည် ချို့ကုန်လတ္တံ့၊ ထိုရသေ့တို့သည် မင်း၏ပညာရှိသော အဖြစ်ကို မသိကုန်၊ ထိုရသေ့တို့အား ရဟန်းတရားကို ကျင့်စိမ့်သောငှါ ဆိုလေလော့ဟု ဆို၏။

၃ သုံးခုမြောက်ဖြစ်သော သတင်းစကားကို ကြား၍ ထိုနဂါးမင်းတို့သည် အချင်းချင်း ခိုက်ရန်ပြုကြကုန်၏၊ ထို့ကြောင့် ထိုနဂါးတို့၏ရေသည် နောက်၏၊ ထိုနဂါးတို့သည် ရှေးဦးကဲ့သို့ သင့်တင့်ပြန်ကုန်ငြားအံ့၊ တဖန် ရေသည် ကြည်လတ္တံ့ဟု ဆို၏။

၄ လေးခုမြောက်ဖြစ်သော သတင်းစကားကိုကြား၍ ထိုရက္ခစိုဝ်းနတ်သည် ရှေးအခါ တောအုပ်၌ ခရီးသွားကုန်သော လူတို့ကို စောင့်၏၊ ထိုကြောင့် အထူးထူး အပြားပြား ရှိသော ပူဇော် သက္ကာရကို ရ၏၊ ယခုတမူကား စောင့်ရှောက်ခြင်းကို မပြု၊ ထို့ကြောင့် ပူဇော် သက္ကာရကို မရ၊ ရှေးဦးကဲ့သို့ စောင့်ရှောက်ခြင်း ပြုပြန်အံ့၊ တဖန် မြတ်သောလာဘ်ကို ရသည် ဖြစ်လတ္တံ့၊

www.dhammadownload.com

မင်း၏ပညာရှိသောအဖြစ်ကို ရက္ခစိုဝ်းနတ် မသိလေ၊ ထို့ကြောင့် ထိုရက္ခစိုဝ်းနတ်ကိုတောသို့ ရောက်ကုန်သော လူတို့အား စောင့်ရှောက်ခြင်းကို ပြုစိမ့်သောငှါ ဆိုလေလော့ဟု ဆို၏။

၅ ငါးခုမြောက်သော သတင်းစကားကို ကြား၍ အကြင်တောင်ပို့ခြေရင်း၌ နေ၍ ထိုခါသည် နှစ်သက်ဘွယ် တုန်၏၊ ထိုတောင်ပို့ခြေရင်း၏ အောက်၌ ကြီးစွာကုန်သော ဥစ္စာတို့သည် ရှိကုန်၏၊ ထိုဥစ္စာတို့ကို ထုတ်ဘော်၍ သင်ယူလော့ဟု ဆို၏။

၆ ခြောက်ခုမြောက်သော သတင်းစကားကို ကြား၍ အကြင်သစ်ပင်၏ အောက်၌ ထိုသမင်သည် မြက်တို့ကို စားခြင်းငှာ တတ်နိုင်၏၊ ထိုသစ်ပင်၏ အဆက်၌ ကြီးစွာသော ပျားသည် ရှိ၏၊ ထိုသမင်သည် ပျားလူးမြက်တို့၌ တပ်မက်မောသည်ဖြစ်၍ တပါးသောမြက်တို့ကို စားခြင်းငှါ မတတ်နိုင်၊ သင်သည် ထိုပျားတို့ကို ယူ၍ ပျားဥကို ငါ့အား ပို့လာလော့၊ ကြင်းသော ပျားကို သင်စားလော့ဟု ဆို၏။

၇ ခုနစ်ခုမြောက်ဖြစ်သော သတင်းစကားကို ကြား၍ အကြင်တောင်ပို့၌ မြေသည် နေ့၏ ထိုတောင်ပို့၏အောက်၌ ကြီးစွာသော ရွှေအိုးသည် ရှိ၏၊ ထိုမြေသည် ထိုရွှေအိုးကို စောင့်လျက်နေရကား ထွက်သောကာလ၌ လောဘအားဖြင့် ကိုယ်ကိုလျော့စွာပြု၍ ကပ်ငြိလျက်ထွက်၏၊ အစာစားပြီး၍ကား ဥစ္စာ၌ ချစ်သဖြင့် မကပ်မငြို လျင်မြန်စွာ ဝင်၏၊ ထိုရွှေအိုးတို့ကို ထုတ်ဘော်၍ သင်ယူလေလော့ဟု ဆို၏။

၈ ရှစ်ခုမြောက်ဖြစ်သော သတင်းစကားကို ကြား၍ ထိုပျိုသော မိန်းမ၏ လင်နှင့် မိဘတို့၏ ရွာအကြားဝယ် တခုသော ရွာငယ်၌ သယောက်လင်သည် ရှိ၏၊ ထိုမိန်းမသည် ထိုသယောက်လင်ကို အောက်မေ့၍ ထိုသယောက်လင်၌ ချစ်သဖြင့် လင်၏အိမ်၌ နေအံ့သောငှါ မတတ်နိုင်၍ မိဘတို့ကို ဖူးမြင်ချေအံ့ဟု သွား၍ သယောက်လင်၏အိမ်၌ နှစ်ရက်သုံးရက်နေ၍ မိဘတို့၏အိမ်၌ နှစ်ရက်သုံးရက်နေ၍ တဖန် သယောက်လင်ကို အောက်မေ့၍ လင့်အိမ်ကို သွားအံ့ဟု သယောက်လင်၏ အိမ်သို့ သွားပြန်၏၊ ထိုမိန်းမအား မင်းရှိသည်၏ အဖြစ်ကို ကြား၍ လင်၏အိမ်၌သာ နေစေ၊ သင့်ကို မင်းဖမ်းငြားအံ့၊ သင်၏အသက်သည်

www.dhammadownload.com

မရှိသည်ဖြစ်အံ့၊ ထိုကြောင့် မမေ့မလျော့ ကြဉ်အံ့သောငှါ သင့်၏ဟု ထိုမိန်းမအား ဆိုလေလော့ဟုဆို၏။

၉ ကိုးခုမြောက်ဖြစ်သော သတင်းစကားကို ကြား၍ ထိုပြည့်တန်ဆာမသည် ရှေးဌ ဓာယောက်သော်သူ၏လက်မှ အဓယ္ယူ၍ ထိုအခကို မကျေစဘဲ တပါးသောယောကျ်ား၏လက်မှ အခကိုမယူ၊ထို့ကြောင့် ထိုပြည့်တန်ဆာမအား ရှေးဌ အခသည် များ၏၊ ယခုတမူကား မိမိ၏ သဘော်ကို စွန့်၍ တယောက်သော သူ၏လက်မှ ယူအပ်သော အခကို မကျေစဘဲလျှင် တပါးသော ယောကျ်ား၏လက်မှ အခကို ယူ၏၊ ရှေးယောကျ်ားအား အခွင့်ကို မယူမူ၍ နောက်ယောကျ်ားအား အခွင့်ကို ယူ၏၊ ထို့ကြောင့် ထိုပြည့်တန်ဆာမအား အခသည် မပြည့်စုံ၊ တစုံဟယောက်သော သူတို့သည် ထိုပြည့်တန်ဆာမကို မသွားကုန်၊ မိမိ၏ သဘော၌ အကယ်၍ တည်ငြားအံ့၊ ရှေးရှေးနှင့်တူသည်သာလျှင် ဖြစ်လတ္တံ့၊မိမိသဘော၌ တည်အောင်ဆိုလေလော့ဟု ဆို၏။

၁၀ ဆယ်ခုမြောက် ဖြစ်သော သတင်းစကားကို ကြား၍ ရွာစားသည် ရှေးဌ ဟုတ်မှန်သဖြင့် တရားကို ဆုံးဖြတ်၏၊ ထိုကြောင့် လူတို့သည် ချစ်မြတ်နိုး၏၊ ချစ်မြတ်နိုးသော ရွာစားအား လူတို့သည် များစွာသော လက်ဆောင်ပဏ္ဏာကို ပေးကုန်၏၊ ထို့ကြောင့် အဆင်းလှ၏၊ ဥစ္စာများ၏၊ အခြံအရံနှင့် ပြည့်စုံ၏၊ ယခုတမူကား တံစိုးစား၍ မဟုတ်မမှန်သဖြင့် တရားကို ဆုံးဖြတ်၏၊ ထို့ကြောင့် ဆင်းရဲသည် အထီးကျန်သည်ဖြစ်၍ ဖြေ့တော့သော ရောဂါသည် နှိပ်စက်၏၊ ရှေးဌကဲ့သို့ ဟုတ်မှန်သဖြင့် တရားကို ဆုံးဖြတ်ငြားအံ့၊ ရှေးနှင့်တူသည်သာလျှင် ဖြစ်လတ္တံ့၊ထိုရွာစားသည် မင်းရှိသည်၏အဖြစ်ကိုမသိ၊ ဟုတ်မှန်သဖြင့် တရားကို ဆုံးဖြတ်စိမ့်သောငှါ ရွာစားအား ဆိုလေလော့ဟု ဆို၏၊ (ဤကား အဖြေ ၁၀-လွှာ)

ဤသို့ ထိုဂါမဏိစန္ဒသည် ဤမျှလောက်ကုန်သော သတင်းစကားတို့ကို မင်းအား ကြားလျှောက်စေ၏၊ မင်းသည် မိမိ၏ပညာဖြင့် အလုံးစုံကုန်သော ထိုသတင်းစကားတို့ကို သဘ့ဉ္ဇာဘုရားကဲ့သို့ ဖြေဆိုပြီး၍ ဂါမဏိစန္ဒအား များစွာသော ဥစ္စာကိုပေး၍ ထိုဂါမဏိစန္ဒ၏နေရာ ရွာကို ထိုဂါမဏိစန္ဒအား သာလျှင် မြတ်သော ပေးခြင်းဖြင့်ပေး၍ လွှတ်လိုက်၏၊ ထိုဂါမဏိစန္ဒသည် မြို့မှထွက်၍ ဘုရားလောင်းသည် ပေးအပ်သော သတင်းစကားတို့ကို ပုဏ္ဏားလုလင်,

www.dhammadownload.com

ရသေ့, နဂါးမင်း, ရက္ခစိုင်းနတ်တို့အား ကြား၍ ခါ၏နေရာအရပ်၌မှ ဥစ္စာတို့ကို ယူ၍ သမင်၏ မြက်စားရာအရပ်၌ သစ်ပင်မှ ပျားကိုယူ၍ မင်းအား ပျားကို ပို့စေ၍ မြေတို့၏နေရာအရပ်၌ တောင်ပို့ကိုတူး၍ ဥစ္စာကိုယူ၍ ပျိုသောမိန်းမ, ပြည့်တန်ဆာမ, ရှာစားတို့အား မင်းဆိုသော အမှတ်ဖြင့်လျှင် သတင်းစကားကို ကြား၍ များစွာသော အခြံအရံဖြင့် ရှာသို့သွား၍ အသက်ထက်ဆုံးတည်၍ ကံအားလျော်စွာ လား၏၊ အာဒါသမုခမင်းသည်လည်း ဒါနအစရှိသော ကောင်းမှုတို့ကိုပြု၍ အသက်၏အဆုံး၌ နတ်ပြည်သို့လား၏။

ဇာတ်ပေါင်း သဗ္ဗညူဖြတ်စွာဘုရားသည် ရဟန်းတို့ ငါဘုရားသည်ကား ယခုအခါ၌သာလျှင် ကြီးသောပညာရှိသည်မဟုတ်သေး၊ ရှေး၌လည်း ပညာရှိသည်သာလျှင် တည်းဟု မိန့်တော်မူ၍ ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကိုပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကိုပြတော်မူသည်၏ အဆုံး၌ များစွာကုန်သောရဟန်းတို့သည် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်ကုန်၏၊ သမ္မညူဖြတ်စွာဘုရားသည် အဘယ်သို့ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါ ဂါမဏိစန္ဒ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ အာဒါသမုခမင်း ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ဖေဘမိလောင်းလျာ၊ ပညဝါ၊ လွန်စွာကြီးကျယ်ဘိ)

ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဂါမဏိစန္ဒဇာတ်သည် ပြီး၏။

ဂ-မန္ဓာတုဇာတ်

တကျာမြစ်ကြီး

ပစ္စုပ္ပန်ဝတ္ထု နုတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူမြတ်စွာဘုရားသည် "ယာဝတာ စန္ဒိမသူရိယာ" အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမန္ဓာတုဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **သဒ္ဓသနာဇတဝံဒီ ဗြိုးငွေ့သောရဟန်းတပါး**ကို အရင်ကြောင်းပြု၍ ဟောတော်မူ၏။ ထိုရဟန်းသည် သာဝတ္ထိပြည်၌ ဆွမ်းခံဝင်သည် ရှိသော်

www.dhammadownload.com

တယောက်သော တန်ဆာဆင်သော မိန်းမကိုမြင်၍ သာသနာတော်၌ ငြိုးငွေ့သတတ်၊ ထိုအခါ ရှဟန်းတို့သည် ထိုရဟန်းကို တရားသဘင်သို့ ဆောင်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား ဤရဟန်းသည် သာသနာတော်၌ ငြိုးငွေ့၏ဟု မြတ်စွာဘုရားအား ပြကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းသင်သည်ကား ငြိုးငွေ့သောဟူသည် မှန်သလောဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းသင်သည် အဘယ်အခါ၌ အိမ်၌နေလျက် တဏှာကို ပြည့်စေခြင်းငှါ တတ်နိုင်လတ္တံ့နည်း၊ ဤကာမတဏှာ မည်သည်ကား သမုဒ္ဒရာကဲ့သို့ ပြည့်စေခြင်းငှါ မတတ်ကောင်း၊ ရှေးမင်းတို့သည် ကျွန်းငယ်နှစ်ထောင် အခြံအုံရံ ရှိကုန်သော ကျွန်းကြီးလေးကျွန်းတို့၌ စကြဝတေးမင်းအဖြစ်ကိုပြု၍ လူ့အခြံအရံဖြင့်လျှင် စတုမဟာရာဇ်နတ်ပြည်၌ မင်းအဖြစ်ကိုပြု၍ တာဝတိံသာနတ်ပြည်၌ သုံးကျိပ်ခြောက်ယောက်သောသိကြားတို့၏နေရာအရပ်၌ နတ်မင်း၏အဖြစ်ကိုပြု၍လည်း မိမိ၏ကာမတဏှာကို ပြည့်စေခြင်းငှါ မတတ်နိုင်ကုန်သည်ဖြစ်၍လျှင် သေကုန်၏၊ သင်သည်ကား ကာမတဏှာကို အဘယ်အခါ၌ ပြည့်စေနိုင် လတ္တံ့နည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ကမ္ဘာဦး၌ မဟာသမ္မတမည်သောမင်းသည် မင်းပြုသည် ရှိသော် ထိုမင်း၏သားကား ရောဇမည်၏၊ ထိုမင်း၏သားကား ဝရရောဇမည်၏၊ ထိုမင်း၏သားကား ကလ္လာဏမည်၏၊ ထိုမင်း၏သားကား ဝရကလ္လာဏမည်၏၊ထိုမင်း၏သားကား ဥပေါသထမည်၏၊ ထိုမင်း၏သားကား မန္ဓာတုမည်၏၊ ထိုမန္ဓာတုမည်သော မင်းသည် ရတနာခုနစ်ပါး, တန်ခိုးလေးပါးတို့နှင့် ပြည့်စုံလျက် စကြဝတေးမင်း၏အဖြစ်ကို ပြု၏၊ မန္ဓာတုမင်းသည် လက်ဝဲလက်ကို ခွေ၍ လက်ျာလက်ဖြင့် ခတ်သောကာလ၌ ကောင်းကင်မှ နတ်၌ဖြစ်သော မိုးယိုးကဲ့သို့ ပုဆစ်ပမာဏရှိသော ရတနာခုနစ်ပါး မိုးယိုးကို ရွာစေ၏၊ ထိုမန္ဓာတုမင်းသည် ဤသို့သဘောရှိသော အံ့ဘွယ်သရဲသော လူသည်ဖြစ်၏၊ ထိုမန္ဓာတုမင်းသည် အနှစ်ရှစ်သောင်း လေးထောင်သော ကာလတို့ပတ်လုံး သူငယ်၏ကစားခြင်းကို ကစား၏၊ အနှစ် ရှစ်သောင်းလေးထောင် အိမ်ရှေ့မင်း၏အဖြစ်ကိုပြု၏၊ အနှစ်ရှစ်သောင်းလေးထောင် စကြဝတေးမင်း အဖြစ်ကိုပြု၏၊ အသက်ပမာဏကား အသင်္ချေယျဖြစ်၏။

ထိုမန္ဓာတုမင်းသည် တနေ့သ၌ ကာမတဏှာကို ပြည့်စေခြင်းငှါ မတတ်နိုင်၍ ငြီးငွေ့သော အခြင်းအထောကိုပြု၏၊ ထိုအခါ အမတ်တို့သည် မြတ်သောမင်းကြီး

www.dhammadownload.com

အဘယ်ကြောင့် ငြိုးငွေ့သနည်းဟု မေးကုန်၏၊ ကောင်းမှု အစုမ်းအားဖြင့် ကြည့်သည်ရှိသော် ဤမင်း၏ အဖြစ်သည် အဘယ်မူလတ္တံ့နည်း, အဘယ်မည်သော အရပ်၌လျှင် မွေ့လျော်ဘွယ် ရှိသနည်းဟု မန္ဓာတုမင်းသည် အမတ်တို့ကို မေး၏၊ မြတ်သောမင်းကြီး နတ်ပြည်သည် မွေ့လျော်ဘွယ် ရှိ၏ဟု လျှောက်ကုန်၏၊ ထိုမန္ဓာတုမင်းသည် စက်ရုတနာကို ရေဖြင့်ဖျန်း၍ ပရိသတ်နှင့်တကွ စာတုမဟာရာဇ်နတ်ပြည်သို့သွား၏၊ ထိုအခါမန္ဓာတုမင်းအား လေးယောက်ကုန်သော စာတုမဟာရာဇ် နတ်မင်းတို့သည် နတ်ပန်း, နတ်နံ့သာတို့ကို လက်စဲ့ကုန်လျက် ခရီးဦး ကြိုဆိုကုန်၏၊ မန္ဓာတုမင်းကို ယူကုန်၍ စာတုမဟာရာဇ် နတ်ပြည်သို့ သွားကုန်၍ နတ်မင်း၏အဖြစ်ကို ပေးကုန်၏၊ မိမိပရိသတ်ဖြင့်ခြံရံလျက်လျှင် စာတုမဟာရာဇ်နတ်ပြည်၌ မန္ဓာတ်မင်း မင်းပြုစဉ် ရှည်စွာသော ကာလသည် လွန်၏။

ထိုမန္ဓာတုမင်းသည် စာတုမဟာရာဇ် နတ်ပြည်၌လည်း တဏှာကို ပြည့်စေခြင်းငှါ မစုမ်းနိုင်ရကား ငြိုးငွေ့သော အခြင်းအရာကိုပြ၏၊ စာတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့သည် မြတ်သောမင်းကြီး အဘယ်ကြောင့် ငြိုးငွေ့ဟော်မူသနည်းဟု မေးကုန်၏၊ အဘယ်အရပ်သည်လျှင်စာတုမဟာရာဇ် နတ်ပြည်ထက်သာယာသနည်းဟု စာတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့ကို မန္ဓာတုမင်းသည် မေး၏၊ မြတ်သောမင်းကြီး အကျွန်ုပ်တို့သည် သူတပါးတို့၏ အလုပ်အကျေး ပရိသတ် ဖြစ်ကုန်၏၊ တဝတိံသာ နတ်ပြည်သည် မွေ့လျော်ဘွယ်ရှိ၏ဟု စာတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည် ဆိုကုန်၏၊ မန္ဓာတုမင်းသည် စက်ရုတနာကို ဧရဖျန်း၍ မိမိပရိသတ် ခြံရံလျက် တဝတိံသာသို့ ရွေးရွှေ့သွား၏၊ ထိုအခါ မန္ဓာတုမင်းအား သိကြားမင်းသည် နတ်ပန်း,နတ်နံ့သာ လက်စဲ့လျက် နတ်အပေါင်းခြံရံလျက်ခရီးဦးကြိုဆို၍မန္ဓာတုမင်းကို လက်ခံကိုင်၍ မြတ်သောမင်းကြီး ဤသို့ ကြွတော်မူလေဟု ဆို၏၊ နတ်အပေါင်းခြံရံလျက် မန္ဓာတုမင်းသည် သွားစဉ်ကာလ သားကြီးရတနာသည် စကြာရတနာကို ယူ၍ ပရိသတ်နှင့်တကွ လူ့ပြည်သို့သက်၍ မြို့တွင်းသို့ ဝင်၏၊ သိကြားမင်းသည် မန္ဓာတုမင်းကို တဝတိံသာသို့ ဆောင်၍ နတ်ပြည်တို့ကို နှစ်စုစု၍ နတ်မင်းကြီး၏ အဖြစ်ကို အလယ်၌ ပိုင်း၍ ပေး၏၊ ထိုအခါမှစ၍ မင်းနှစ်ပါးတို့သည် မင်းပြုကုန်၏၊ ဤသို့ ကာလလွန်လတ်သော် သိကြားမင်းသည် သုံးကုဋေခြောက်သန်းသော နှစ်တို့ကို ကုန်စေ၍ စုတေ၏၊ ကပါးသော သိကြားသည် ဖြစ်လာ၏၊ ထိုသိကြားသည်လည်း နတ်အဖြစ်ကိုပြု၍ စုတေ၏၊ ဤသို့သော

www.dhammadownload.com

နည်းဖြင့် သုံးကျိပ်ခြောက်ယောက်သော သိကြားတို့သည် စုတေကုန်၏၊ မန္ဒာတုမင်းသည်ကား လူ၏ကိုယ်ဖြင့်လျှင် နတ်မင်း၏အဖြစ်ကို ပြု၏။

ဤသို့ ကာလလွန်လတ်သော် ထိုမန္ဒာတုမင်းအား အတိုင်းထက် အလွန်လျှင် ကာမတဏှာသည် ဖြစ်၏၊ ထိုမန္ဒာတုမင်းသည် ထက်ဝက်သော မင်းအဖြစ်ဖြင့် အဘယ်ပြုအံ့နည်း သိကြားကိုသတ်၍ ဧကရာဇ်မင်းအဖြစ်ကို ငါပြုအံ့ဟု အကြံသည် ဖြစ်၏၊ အကြံဖြစ်၍ သိကြားမင်းကို သတ်အံ့သောငှါကား မတတ်နိုင်၍ တဏှာမည်သည်ကား ပျက်စီးခြင်း၏ အကြောင်းဖြစ်၏၊ ထို့ကြောင့် မန္ဒာတုမင်း၏ အာယုသင်္ခါရသည် ဆုတ်ယုတ်၏၊ အိုခြင်းတရားသည် ကိုယ်ကိုသတ်၏၊ လူတို့၏ကိုယ်မည်သည်ကား နတ်ပြည်၌ မပျက်စီးကောင်း၊ ထိုအခါ နတ်ပြည်မှ လျှောကျ၍ ဥယျာဉ်သို့ သွား၏၊ ဥယျာဉ်စောင့်သည် မန္ဒာတုမင်းသည် လာသည်၏အဖြစ်ကို မင်းမျိုးတို့အား ကြားလျှောက်၏၊ မင်းသည် လာလတ်၍ ဤဥယျာဉ်၌လျှင် နေရာကိုခင်းစေ၏၊ မန္ဒာတုမင်းသည် မထသော အိပ်ခြင်းဖြင့် အိပ်၏၊ အမတ်တို့သည် မြတ်သောမင်းကြီး အရှင်မင်းကြီးတို့၏ နောက်အဘို့၌ အဘယ်သို့ ပြောဆိုရအံ့နည်းဟု မေးကုန်၏၊ သင်တို့သည် ငါ၏နောက်ကာလ၌ မန္ဒာတုမင်းသည် ကျွန်းငယ်နှစ်ထောင် အခြံအရံရှိကုန်သော ကျွန်းကြီးလေးကျွန်းတို့၌ စကြဝတေးမင်း၏အဖြစ်ကို ပြု၍ ရှည်မြင့်စွာသော ကာလပတ်လုံး စာတုမဟာရာဇ်နတ်တို့၌ မင်း၏အဖြစ်ကိုပြု၍ သုံးကျိပ်ခြောက်ယောက်ကုန်သော သိကြားတို့၏ အသက်ပမာဏဖြင့် တာဝတိံသာ နတ်ပြည်၌ မင်းအဖြစ်ကိုပြု၍ တဏှာကို မပြည့်စေနိုင်သည် ဖြစ်၍ စုတေ သေလွန်၏ဟု ဤသတင်းစကားကို လူအများအား ပြောဆိုရစ်ကြကုန်လော ဟု ဆို၍ ကံအား လျော်စွာ လား၏။

သဗ္ဗညူ မြတ်စွာဘုရားသခင်သည် သဗ္ဗညူမြတ်စွာဘုရား ဖြစ်တော်မူသဖြင့် ဤအတိတ်ကို ဆောင်တော်မူ၍—

၂၂ ယာဝတာ စန္ဒိမသူရိယာ ပရိဟရန္တိ၊ ဒိသာ ဘန္တိ ဝရောစနာ။
သဗ္ဗေဝ ဒါသာ မန္ဓာတု၊ ယေ ပါဏာ ပထဝိဿိတာ။

၂၃ နကဟာပဏဝဿေန၊ တိတ္တိ ကာမေသု ဝိဇ္ဇတိ။
အပ္ပဿာဒါ ဒုခါ ကာမာ၊ ဣတိ ဝိညာယ ပဏ္ဍိတော။

---

၁ ပဝိရောစမာနာ (က) ၂ ပဇ္ဇဝိနိဿိတာ (သီ ဇ)

www.dhammadownload.com

၂၄ အပိ ဒိဗ္ဗေသု ကာမေသု၊ ရတိ ံ သော နာဓိဂစ္ဆတိ။
တဏှာက္ခယရတော ဟောတိ၊ သမ္မာသမ္ဗုဒ္ဓသာဝကော။

ဟူသော ဂါထာတို့ကို ဟောတော်မူ၏။

ယာဝတာ၊ အကြင်မျှလောက်သော အပိုင်းအခြားဖြင့်။ စန္ဒိမသူရိယာ၊ လ,နေတို့သည်။ ပရိဟာရန္တိ၊ မြင်းမိုရ်တောင်ကို လှည့်လည်ကုန်၏။ ဝိရောစနာ၊ တင့်တယ်ကုန်သော လ,နေတို့သည်။ ဒိသာ၊ အရပ်ဆယ်မျက်နှာတို့ကို။ ဘန္တိ၊ ထွန်းပကုန်၏။ တတ္တကော၊ ထိုမျှ အတိုင်းအရှည်ရှိသော အရပ်၌။ ပထဝိသိတာ၊ မြေ၌မှီကုန်သော။ ယေ ပါဏာ၊ အကြင်သတ္တဝါတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ တေ ပါဏာ၊ ထိုသတ္တဝါတို့သည်။ မန္ဒာတု၊ မန္ဒာတုမင်း၏။ ဒါသာ၊ ကျွန်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ကဟာပဏဝဿေန၊ ရတနာ ခုနစ်ပါး ဟူသော မိုဃ်းကို ရွာစေသဖြင့်။ ကာမေသု၊ ကာမတို့၌။ တိတ္တိ၊ ရောင့်ရဲခြင်းသည်။ နာဝိဇ္ဇတိ၊ မရှိ။ ကာမာ၊ ကာမတို့သည်။ အပ္ပသာဒါ၊ သာယာဘွယ်မရှိကုန်။ ဒုခါ၊ မျှားသောဆင်းရဲခြင်း ရှိကုန်၏။ ဣတိ၊ ဤသို့။ ပဏ္ဍိတော၊ ပညာရှိသော။ သမ္မာသမ္ဗုဒ္ဓသာဝကော၊ သဗ္ဗညူ မြတ်စွာဘုရား တပည့်သားသည်။ ဝိညာယ၊ သိ၍။ သော၊ ထိုသဗ္ဗညူ မြတ်စွာဘုရားတပည့်သည်။ ဒိဗ္ဗေသု ကာမေသု အပိ၊ နတ်၌ဖြစ်သော ကာမတို့၌လည်း။ ရတိ ံ၊ မွေ့လျော်ခြင်းသို့။ နာဓိဂစ္ဆတိ၊ မရောက်။ တဏှာက္ခယ-ရတော၊ နိဗ္ဗာန်၌မွေ့လျော်သည်။ ဟောတိ၊ ဖြစ်၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သာသနာတော်၌ ငြိုးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ တပါးသော မျှားစွာကုန်သော ရဟန်းတို့သည်ကား သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်ကုန်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ မန္ဒာတုမင်း ဖြစ်ဘူးပြီ၊ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

(ကာမတဏှာ၊ပြည့်စေရာဟု၊နှစ်ဖြာလူနတ်၊အမြတ်ကာမဂုဏ်၊
အာရုံနှင့်ဖြည့်၊သူမပြည့်ခဲ့)

ရှစ်ဦးတို့၏ပြည့်ကြောင်းဖြစ်သော မန္ဒာတုဇာတ်သည် ပြီး၏။

www.dhammadownload.com

၉- တိရိဋ္ဌဝစ္ဆဇာတ်

ရသေ့နှင့်မင်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တက္ကသော လောကကို ဆုံးမတော် မူတတ်သော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် "နယိမဿ ဝိဇ္ဇာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ တိရိဋ္ဌဝစ္ဆဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **အရှင်အာနန္ဒာ မဇ္ဈရိမအား ကောသလမင်း၏ မိဖုယားငါးရာလက်မှ ပုဆိုးငါးရာ, ကောသလမင်း၏လက်မှ ပုဆိုးငါးရာအား ဖြင့် ပုဆိုးတထောင်ရခြင်းစတို့**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဝတ္ထုသည် အောက် ဒုကနိပါတ် သတ္တမမြောက် ဂုဏဇာတ်၌ လာပြီးသလျှင်ကတည်း။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိတိုင်းဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍ အမည်မှည့်သော နေ့၌ **တိရိဋ္ဌဝစ္ဆ သတို့သား** ဟူသော အမည်ကို မှည့်၏၊ ထိုတိရိဋ္ဌဝစ္ဆသတို့သားသည် အစဉ်သဖြင့်အရွယ်သို့ရောက်လတ်သော် တက္ကသိုလ် ပြည်၌ ခပ်သိမ်းသောအတတ်တို့ကိုသင်၍ အိမ်၌နေသဖြင့် မိဘတို့သည် သေလွန် ခြင်းကြောင့် သံဝေဂရသောစိတ်ရှိရကား တောထွက်၍ ရသေ့ရဟန်းပြုပြီးလျှင် တောသစ်မြစ် သစ်သီး အာဟာရတို့သည်ဖြစ်၍ နေ၏၊ တိရိဋ္ဌဝစ္ဆရသေ့သည် တော၌နေစဉ် ဗာရာဏသီမင်း၏ ပစ္စန္တရစ်ကို ခိုးသူတို့ ဖျက်ဆီး၏ ဗာရာဏသီ မင်းသည် ပစ္စန္တရစ်သို့ သွား၍ စစ်ထိုးလတ်သော် ရှုံး၏၊ သဘေးမှ ကြောက် ရကား မြတ်သော ဆင်ကျောက်ကုန်း၌ စီးလျက် တခုသော အရပ်မျက်နှာဖြင့် ပြေး၍ တော၌ သွားသည်ရှိသော် နံနက်အခါ၌ တိရိဋ္ဌဝစ္ဆရသေ့၏ သစ်သီး ကြီးငယ်အကျိုးငှါ သွားစဉ် ကျောင်းသို့ ဝင်၏၊ ထိုမင်းသည် ရသေ့တို့၏ နေရာ အရပ်တည်းဟု ဆင်မှဆင်း၍ လေ, နေပူဖြင့် ပင်ပန်းရကား ရေတော်သည်ဖြစ်၍ သောက်ရေအိုးကို ကြည့်လတ်သော် မမြင်၍ စကြံဦး၌ ရေတွင်းကို မြင်၏၊ ရေခတ်အံ့သောငှါ ကြိုး, အိုးတို့ကို မမြင်၍ ရေတော်ခြင်းကို သည်းခံအံ့သောငှါ မတတ်နိုင်ရကား ဆင်၏ဝမ်း၌ ပတ်သော ကြိုးကိုယူပြီး၍ ဆင်ကို ရေတွင်းနား၌ ထား၍ ထိုဆင်၏ခြေ၌ ကြိုးကိုဖွဲ့၍ ကြိုးဖြင့် ရေးတွင်းသို့ သက်၍ ကြိုးမမှီ လတ်သော် တက်၍ အပေါ်ရုံပုဆိုးကို ကြိုးစွန်းဖြင့် ဆက်၍ တဖန် သက်လေ၏၊ ထိုသို့ပြုငြားသော်လည်း မမှီသည်သာလျှင်ဖြစ်၏၊ ထိုမင်းသည် ခြေဖျားတို့ဖြင့်

www.dhammadownload.com

ရေကိုထိ၍ အလှူန်မွတ်သိပ်ရကား ရေငတ်ခြင်းကို ဖျောက်၍ သေခြင်းသည် ကောင်းသော သေခြင်းဖြစ်၏ဟု ကြံလျက် ရေတွင်းသို့ဆင်း၍ အလိုရှိတိုင်း သောက်၏၊ တဖန် တက်အံ့သောငှါ မတတ်နိုင်ရကား ထိုရေတွင်း၌ တည်၏၊ ဆင်သည်လည်း ကောင်းစွာ သင်အပ်သော ဆင်ဖြစ်သောကြောင့် တပါးသို့ မသွားမူ၍ မင်းကို ကြည့်လျက် နေ၏၊ ဘုရားလောင်းသည် ညချမ်းသောအခါ၌ သစ်သီးကြီးငယ်တို့ကို ဆောင်ခဲ့၍ လာလတ်သော် ဆင်ကိုမြင်၍ မင်းလာသည်ဖြစ်လတ္တံ့၊ ချပ်မိန်ညိုဝတ်သော ဆင်သည်သာလျှင် ထင်၏၊ အကြောင်းအသို့နည်းဟု ဆင်၏အနီးသို့ သွား၏၊ ဆင်သည်လည်း ဘုရားလောင်း လာသော အဖြစ်ကိုသိ၍ တင့်အပ်လျောက်ပတ်သောအရပ်၌ တည်၏၊ ဘုရားလောင်းသည် ရေတွင်း ကမ်းနားသို့ သွား၍ မင်းကို မြင်၍ မြတ်သောမင်းကြီး မကြောက်လင့်ဟု ဆို၍ လှေကားကိုဖွဲ့၍ မင်းကို တက်စေ၍ မင်းကိုယ်ကို ဆုပ်နယ်၍ ဆီဖြင့်လိမ်း၍ သစ်သီးကြီးငယ်တို့ကို စားစေ၍ ဆင်၏ ချပ်တန်ဆာကို ဖြေ၏၊ မင်းသည် နှစ်ရက်, သုံးရက် အပင်ပန်းဖြေ၍ ဘုရားလောင်းကို မိမိအထံသို့ လာစိမ့်သောငှါ ဝန်ခံစေ၍ သွား၏၊ မင်း၏ဗိုလ်ပါတို့သည် မြို့၏အနီး၌ သစ်တပ်တည်၍ နေကြုန်လျက် မင်းလာသည်ကိုမြင်၍ ခြံရံ၏၊ မင်းသည် မြို့သို့ဝင်၍ နေလတ်၏။

ဘုရားလောင်းသည်လည်း လခွဲလွန်သဖြင့် ဗာရာဏသီပြည်သို့ ရောက်၍ ဥယျာဉ်သို့ဝင်၍ နက်ဖြန် ဆွမ်းခံသွားလျက် မင်းအိမ်တံခါးသို့ ရောက်၏၊ မင်းသည် လေလွန်တံခါးမကို ဖွင့်၍ မင်းယင်ပြင်သို့ ကြည့်လတ်သော် ဘုရားလောင်းကို မြင်သဖြင့် သိ၍ ပြာသာဒ်မှ ဆင်းလျက် ရှိခိုး၍ ကောင်းစွာ ဆောက်အပ်သော ထီးဖြူရှိသော ရာဇပလ္လင်၌ နေစေ၍ မိမိဘို့ စီရင်အပ်သော အာဟာရကို ဘုဉ်းပေးစေ၍ မိမိသည်လည်း စား၍ ဥယျာဉ်သို့ ပင့်ဆောင်၍ ဥယျာဉ်၌ ဘုရားလောင်းကို ကျောင်း စင်္ကြံ ညဉ့်သန့်ရာ နေ့သန့်ရာ အရပ်တို့ကို ပြုစေ၍ ခပ်သိမ်းသော ရဟန်း ပရိက္ခရာတို့ကို လှူ၍ ဥယျာဉ်စောင့်ကို အပ်၍ ရှိခိုး၍ ဖဲလေ၏၊ ထိုအခါမှစ၍ ဘုရားလောင်းသည် မင်းအိမ်၌သာလျှင် ဆွမ်းစား၏၊ မျှားစွာသော လာဘ်ပူဇော်သက္ကာရရှိ၏။

ထိုဘုရားလောင်းကို သည်းမခံနိုင်ကုန်သော အမတ်တို့သည် ဤသို့သဘောရှိသော ပူဇော်သက္ကာရကို ရသည်ရှိသော် အဘယ်မည်သော တယောက်သော သူရဲကောင်းသည်လည်း အဘယ်မည်သောအမှုကို မပြုဘဲရှိအံ့နည်းဟု ဆို၍

www.dhammadownload.com

အိမ်ရှေ့မင်းသို့ ကပ်၍ အရှင်မင်းမြတ် အကျွန်ုပ်တို့၏မင်းသည် တပါးသော ရသေ့ကို အလွန်လျှင် မြတ်နိုး၏၊ ထိုရသေ့၌ မင်းသည် အဘယ်မည်သော အမှုကို မြင်သနည်း၊ အရှင်တို့သည်လည်း မင်းနှင့် ပြောဆိုပါကုန်ဦးလော့ဟု ဆိုကုန်၏၊ အိမ်ရှေ့မင်းသည် ကောင်းပြီဟု ဝန်ခံ၍ အမတ်တို့နှင့်တကွ မင်းသို့ကပ်၍—

၂၅ နယိမဿ ဝိဇ္ဇာမယ မတ္ထိကိဉ္စိ၊
န ဗန္ဓဝေါ နော နပ တေ သဟာယော။
အထ ကေန ဝဏ္ဏေန တိရိဋ္ဌဝစ္ဆော၊
တေဒဏ္ဍိကော ဘုဉ္ဇတိ အဂ္ဂပိဏ္ဍံ။

ဟူသော ရှေးဦးစွာသော် ဂျိဂါထာတို့ကို ဆို၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ဣမဿ၊ ဤတိရိဋ္ဌဝစ္ဆရသေ့အား။ ကိဉ္စိ၊ တစုံတခုသော။ ဝိဇ္ဇာမယံ၊ အတတ်ဖြင့်ပြီးသော အမှုသည်။ န အတ္ထိ၊ မရှိ။ တေဒဏ္ဍိကော၊ တောင်ဝှေးသုံးခွကိုင်၍ သွားသော။ တိရိဋ္ဌဝစ္ဆော၊ တိရိဋ္ဌဝစ္ဆ ရသေ့သည်။ တေ၊ သင်မင်းကြီး၏။ နော ပန သဟာယော၊ ကစားဘက် အဆွေခင်ပွန်းလည်း မဟုတ်။ အထ၊ ထိုသို့ဖြစ်လျက်။ ကေန ဝဏ္ဏေန၊ အဘယ်အကြောင်းကြောင့်။ အဂ္ဂပိဏ္ဍံ၊ ထမင်းဦးကို။ ဘုဉ္ဇတိ၊ စားရသနည်း။

ထိုစကားကို ကြား၍ မင်းသည် သားကို ခေါ်၍ အမောင် ပစ္စန္တရစ်သို့ သွား၍ စစ်ထိုးရာမှရှုံးသော ငါ၏ နှစ်ရက်, သုံးရက် မလာသော အဖြစ်ကို အောက်မေ့မိ၏လောဟု ဆို၍ အောက်မေ့မိ၏ဟု ဆိုလတ်သော် ထိုအခါ ငါသည် ဤရသေ့ကို မှီ၍ အသက်ကို ရ၏ဟု အလုံးစုံသော အကြောင်းကို ကြား၍ အမောင် ငါ၏ အသက်ကို ပေးသောသူသည် ငါ၏အထံသို့ ရောက်သည် ရှိသော် မင်းအဖြစ်ကို ပေးငြားသော်လည်း ထိုရသေ့ပြုသော ကျေးဇူးအား လျော်စွာ ပေးခြင်းငှါ မတတ်နိုင်သေးဟု ဆို၍—

၂၆ အာပါသုံ မေ ယုဒ္ဓပရာဇိတဿ၊
ဧကဿ ကတ္တာ ဝိဝနဿံ ဃောရေ။
ပဿာရယီ ကိဉ္ဆဂတဿ ပါဏိံ၊
တေနဒတာရိံ ဒုခသမ္မရေတော။

www.dhammadownload.com

၂၇ ဧတေဿ ကိံစေ့နေ ဣဓာနုပတ္တော၊
ဝေသာယိနော ဝိသယာ ဇီဝလောကေ။
လာဘာရဟော တာတ တိရီဋ္ဌဝစ္ဆော၊
ဒေထဿ ဘောဂံ ယဇထဉ္ဉ ယညံ။

ဟူသော နှစ်ဂါထာတို့ကို ဆို၏။

တာတ၊ ချစ်သား။ အာပါသု၊ ဘေးရန်တို့ကြောင့်။ ယုဒ္ဓပရာဇိတဿ၊ စစ်ထိုးခြင်းမှ ရှုံးသော။ ဧကဿ၊ အဘော်မရှိ တယောက်ထည်းသာဖြစ်သော။ ကိစ္စဂတဿ၊ ရေတွင်းသို့ကျ၍ ပင်ပန်းခြင်းသို့ရောက်သော။ မေ၊ ငါ့အား။ အယံ၊ ဤရသေ့သည်။ ဃောရော၊ ကြမ်းကြုတ်သော။ ဝိဝနသ္မိံ၊ ရေမရှိသော တောဌ်။ ကတ္ဝာ၊ သနားခြင်းကိုပြု၍။ ပါဏိံ၊ ရေတွင်းမှ ဆယ်အုံ့သောငှါ ဝိရိယ နှင့်ယှဉ်သော လက်ကို။ ပသာရယိ၊ကောင်းစွာဖြန့်ကမ်း၏။ တေန ကာရဏေန၊ ထိုရှင်ရသေ့ လက်လှမ်းခြင်းဟူသော အကြောင်းကြောင့်။ အဟံ၊ ငါသည်။ ဒုခသမ္ဗဝေတော၊ ဒုက္ခသည် ဝန်းရံအပ်လျက်လည်း။ ဉဒတာရိံ၊ အထက်သို့ တက်နိုင်၏။

ဧတေဿ၊ ထိုတိရိဋ္ဌဝစ္ဆ ရသေ့၏။ ကိစ္စေန၊ ထုတ်ဆယ်သော ကိစ္စအာနုဘော်ဖြင့်။ ဝေသာယိနော၊ ယမမင်း၏။ ဝိသယာ၊ နိုင်ငံမှ။ ဣဓ ဇီဝလောကေ၊ ဤလူ့ပြည်သို့။ အနုပတ္တော၊ တဖန် လာရောက်ပြန်သည်။ အမ္မိ၊ ဖြစ်၏။ တိရိဋ္ဌဝစ္ဆော၊ တိရိဋ္ဌဝစ္ဆရသေ့သည်။ လာဘာရဟော၊ ပစ္စည်းလေးပါးဟူသော လာဘ်ကို ခံထိုက်၏။ အဿ၊ ထိုတိရိဋ္ဌဝစ္ဆရသေ့အား။ ဘောဂံ၊ အသုံးအဆောင်ကို။ ဒေထ၊ လှူကြကုန်လော့။ ယညဉ္စ၊ ယဇ်ကိုလည်း။ ယဇထ၊ ပူဇော်ကြကုန်လော့။

ဤသို့ မင်းသည် ကောင်းကင်ပြင်၌ လပြည့်ဝန်းကို ထင်စေ ဘိသကဲ့သို့ ဘုရားလောင်း၏ ဂုဏ်ကျေးဇူးကို ပြသည်ရှိသော် ဘုရားလောင်း၏ ဂုဏ်ကျေးဇူးသည် အလုံးစုံသောသူ၌ ထင်သည်ဖြစ်၏၊ ဘုရားလောင်းအား လာဘသက္ကာရသည်လည်း အလွန်များသည် ဖြစ်၏၊ ထိုအခါမှစ၍ အမတ်တို့သည်ငင်း အိမ်ရှေ့မင်းသည်ငင်း တပါးသော အမှတ်မရှိသော သူသည်ငင်း မင်းကိုဆိုခြင်းငှါ မဝံသည်ဖြစ်၏၊ မင်းသည် ဘုရားလောင်း၏ အဆုံးအမ၌တည်၍ အလှူပေးခြင်း

www.dhammadownload.com

အစရှိကုန်သော ကောင်းမှုတို့ကိုပြုကုန်၍ နတ်ပြည်ကို ပြည့်မစေ၏၊ ဘုရားလောင်း သည်လည်း အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း သဗ္ဗညု မြတ်စွာဘုရားသည် ရှေးပညာရှိတို့ သည်လည်း ကျေးဇူး၏ အစွမ်းအားဖြင့် ပြုဘူးကုန်၏ဟူ၍ ဤမမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်း ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ရသေ့ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အသက်သံခင်၊ ကျေးဇူးရှင်၊ အစဉ်ပူဇော်ချစ်)

ကိုးခုတို့၏ပြည့်ကြောင်းဖြစ်သော တိရိဋ္ဌဝစ္ဆဇာတ်သည် ပြီး၏။

၁၀-ဒူတဇာတ်

ဝမ်းပိုက်တမန်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ယဿတ္ထာ ဒူရမာယန္တိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒူတဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **လော်လည်သော ရဟန်းတပါး** ကို အကြောင်းပြု၍ ဟောဖြေတော်မူ၏၊ ဝတ္ထုသည်နဝကနိပါတ် အဋ္ဌမမြောက်စက္ကဝါကဇာတ်၌ ထင်စွာဖြစ်လတ္တံ့၊ သဗ္ဗညု မြတ်စွာဘုရားသည် ထိုရဟန်းကို ခေါ်တော်မူ၍ ရဟန်း သင်သည် ယခုအခါ၌သာလျှင် လော်လည်သည် မဟုတ်သေး၊ ရှေး၌လည်း လော်လည်ဘူး သလျှင် ကတည်း၊ လော်လည်ခြင်းကြောင့် သန်လျက်ဖြင့် ဦးခေါင်းဖြတ်ခြင်းကို ပြုလတ်သော် ပညာရှိမင်းကိုမှီ၍ ချမ်းသာရဘူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏သားဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသောအတတ်ကို သင်၍ အဘ

www.dhammadownload.com

လွန်သဖြင့် မင်းအဖြစ်၌တည်၍ စဉ်ကြယ်သော ဘောဇဉ်ရှိသည် ဖြစ်၏၊ ထိုအကြောင်းကြောင့် မင်းအား **ဇဘောဇနသုဒ္ဓိက** ဟူသော အမည်သည်ဖြစ်၏၊ ထိုဘောဇနသုဒ္ဓိကမင်းသည် တခုသော ထမင်းခွက်၌ အဘိုးတသိန်းထိုက်သည် သာလျှင်ဖြစ်သော အစီအရင်ဖြင့် ထမင်းကို စားသတတ်၊ စားသည်ရှိသော်ကား အိမ်တွင်း၌ မစား၊ မိမိစားသော အစီအရင်ကို မြင်သော လူမျှားကို ကုသိုလ်ကောင်းမှု ပြုစေလိုသောကြောင့် မင်းအိမ် တံခါး၌ မဏ္ဍပ်ကို ဆောက်စေ၍ စားသော အခါ၌ ထိုမဏ္ဍပ်ကို တန်ဆာ ဆင်စေ၍ ဆောင်းအပ်သော ထီးဖြူရှိသော ရှေဖြင့်ပြီးသော ရာဇပလ္လင်၌ မင်းသို့မဟိုတည် ခြံရံလျက် အဘိုးတသိန်းထိုက်သော ရှေခွက်၌ ခပ်သိမ်းသော အရသာရှိသော ဘောဇဉ်ကို စား၏၊ ထိုအခါတယောက်သော လော်လည်သော ယောကျ်ားသည် ထိုမင်း၏ စားသော အစီအရင်ကို ကြည့်၍ ထိုဘောဇဉ်ကို စားလိုသည်ဖြစ်၏ စားချင်ခြင်းကို သည်းခံအံ့သောငှါ မတတ်နိုင်ရကား တခုသော ဥပါယ်သည် ရှိ၏ဟု မြဲမြံစွာ ဝတ်၍ လက်တို့ကို မြှောက်၍ အို အချင်းတို့ ငါတမန်တည်းဟု ပြင်းစွာသော အသံကို ပြုလျက် မင်း၏ အထံသို့ သွားလေ၏၊ ထိုအခါ ထိုအရပ်၌ ငါတမန်တည်းဟု ဆိုသော် မတားမြစ်၊ ထို့ကြောင့် လူမျှားသည် နှစ်ဖြာကဲ့၍ လမ်းအခွင့်ကို ပေး၏၊ ထိုယောကျ်ားသည် လျင်မြန်သဖြင့် သွား၍ မင်း၏ခွက်၌ တခုသော ထမင်းဆုပ်ကိုယူ၍ ခံတွင်း၌ထည့်၏၊ ထိုအခါ သန်လျက်စဲ့သည် ထိုယောကျ်ား၏ ဦးခေါင်းကို ဖြတ်အံ့ဟု သန်လျက်ကိုကိုင်၏၊ မင်းသည် မဖြတ်လင့်ဟု တားမြစ်၏၊ မကြောက်လင့် စားလော့ဟု ဆို၍ လက်ကိုဆေး၍ မင်းသည်ထိုင်၏၊ ထိုယောကျ်ား စားပြီးသည်၏အဆုံး၌လည်း မိမိသောက်သော ရေကိုဂဠုံး ခွက်ကိုဂဠုံး ပေးစေ၍ အို ယောကျ်ား သင်သည် တမန်တည်းဟုဆို၏၊ အဘယ်သူ၏တမန်နည်းဟု မေးသည်ရှိသော် မြတ်သောမင်းကြီး အကျွန်ုပ်သည် တဏှာ၏ တမန်တည်း၊ ဝမ်း၏တမန်တည်း၊ တဏှာသည် အကျွန်ုပ်ကို စေခိုင်း၍ သင်သွားလော့ဟု တမန်ပြု၍ စေ၏ဟု ဆိုလိုရကား—

၂၀ ယဿတ္ထာ ဒုရမာယန္တိ၊ အမိတ္တမပိ ယာစိတုံ။
တဿုဒရဿဟံ ဒုတော၊ မာ မေ ကုဇ္ဈိ ရထေသဘ။

၂၉ ယဿ ဒိဝါ စ ရတ္တော စ၊ ဝသမာယန္တိ မာဏဝါ။
တဿုဒရဿဟံ ဒုတော၊ မာ မေ ကုဇ္ဈိ ရထေသဘ။

ဟူသော နှစ်ဂါထာတို့ကို ဆို၏။

www.dhammadownload.com

ဂ္ဂဏေသဘာ၊ မင်းမြတ်။ ယာသ ဥဒရသာ၊ အကြင်ဝမ်း၏။ အတ္ထာ၊အကျိုးငှါ။ သတ္တာ၊ သတ္တဂဒါတို့သည်။ အမိတ္တာမပိ၊ ရန်သူကိုလည်း။ ယာစိတုံ၊ တောင်းအံ့သောငှါ။ ဒူရုံ၊ ဝေးသော အရပ်သို့လည်း။ အာယန္တိ၊ သွားကုန်၏။ အဟံ၊ အကျွန်ုပ်သည်။ တာသာ ဥဒရသာ၊ ထိုမင်း၏။ ဒူတော၊ တမန်တည်း။ မေ၊ အကျွန်ုပ်အား။ မာ ကုဇ္ဈိ၊ အမျက်မထွက်လင့်။

ရထေ သဘာ၊ မင်းမြတ်။ မာဇာဝါ၊ သတ္တဝါတို့သည်။ ဒိဝါစ၊ နေ့၌ဌင်း။ ရတ္တာစ၊ ည၌ဌင်း။ ယာသ ဥဒရသာ၊ အကြင်ဝမ်း၏။ ဝသံ၊ အလိုသို့။ အာယန္တိ၊ လိုက်ကုန်၏။ အဟံ၊ အကျွန်ုပ်သည်။ တာသာ ဥဒရသာ၊ ထိုဝမ်း၏။ ဒူတော၊ တမန်တည်း။ မေ၊ အကျွန်ုပ်အား။ မာ ကုဇ္ဈိ၊ အမျက်မထွက်လင့်။

မင်းသည် ထိုယောကျ်ား၏ စကားကို ကြား၍ ထိုစကားသည် မှန်၏၊ ဤသတ္တဝါတို့သည် ဝမ်း၏တမန်ဖြစ်ကုန်၍ တဇာ၏အစွမ်းအားဖြင့် လှည့်လည်ရကုန်၏၊ တဇာသည်သာလျှင် သတ္တဝါတို့ကို စီရင်၏၊ ဤယောကျ်ားသည် အလွန်နှစ်သက်ဘွယ်သော စကားကို ဆို၏ဟု ထိုယောကျ်ားအား နှစ်သက်၍—

၃၀ ဒဒါမိ တေ ဗြာဟ္မဏ ရောဟိဏိနံ၊
ဂဝံ သဟဿံ သဟ ပုဂ်ဃနေန။
ဒူတော ဟိ ဒူတဿ ကထံ နု ဒဇ္ဇံ။
မယမ္ပိ တဿေဝ ဘဝါမ ဒူတာ။

ဟူသော သုံးခုမြောက်ဖြစ်သော ဤဂါထာကိုဆို၏။

ဗြာဟ္မဏ၊ ပုဏ္ဏားး။ တေ၊ သင့်အား။ ပုဂ်ဃနေန၊ ဥသဘနှင့်။ အဟ၊ တကွ။ ရောဟိဏိနံ နိသော အဆင်းရှိကုန်သော။ ဂဝံ၊ နွားတို့၏။ သဟဿံ၊ တထောင်ကို။ ဒဒါမိ ဧပေး၏။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ မယမ္ပိ၊ ငါတို့သည်လည်း။ တဿေဝ၊ ထိုဝမ်း၏သာလျှင်။ ဒူတာ၊ တမန်တို့သည်။ ဘဝါမ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဒူတော၊ တမန်သည်။ ဒူတဿ၊ တမန်အား။ ကထံ နု ဒဇ္ဇံ၊ အဘယ်မူ၍ မပေးရာသနည်း။ ဒဒေယျဧဝ၊ ပေးရာသလျှင်ကတည်း။

ဤသို့ဆို၍ သင်္ဂွဲသို့သော သူသည် မကြားစဘူးသော အကြောင်းကို ဆိုပေ၏ဟု နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ထိုယောကျ်ားအား များစွာသော စည်းစိမ်ကို ပေး၏။

www.dhammadownload.com

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤမမွေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြသည်၏ အဆုံး၌ လော်လည်သော ရဟန်းသည် အနာဂါမိဖိုလ်၌ တည်၏၊ တပါး ကုန်သော များစွာကုန်သော ရဟန်းတို့သည် သောတာပန် အစရှိသည် ဖြစ်ကုန်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ လော်လည်သော ရဟန်းသည် ထိုအခါ လော်လည်သောယောကျ်ား ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဘောဇနသုဒ္ဓိကမင်း ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(သတ္တဝါမှန်၊ တဏှာကျွန်၊ အမှန်ဖြစ်ပေသည်)

ဆယ်ခုတို့၏ပြည့်စေကြောင်းဖြစ်သော ဒုတဇာတ်သည် ပြီး၏။

၂ ပဒုမဝဂ် ၁၁-ပဒုမဇာတ်

ကြာပန်းခိုင်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူမြတ်စွာဘုရားသည် "ယထာ ကသာ စ မဿူ စ" အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပဒုမဇာတ်ကို **အာနန္ဒာဇော်ဓိဉ် ပန်းပူဇော်ခြင်းကို ပြုကုန်သောရဟန်း** တို့ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဝတ္ထုသည် တရားသကနိပါတ် ခြောက်ခုမြောက် ကာလိင်္ဂဇော်ဓိဇာတ်၌ ထင်စွာဖြစ်လတ္တံ့၊ ထိုဇော်ဓိသည်ကား အရှင်အာနန္ဒာမထေရ်သည် စိုက်ပျိုအပ်သည်၏ အဖြစ်ကြောင့် အာနန္ဒာဇော်ဓိ မည်၏၊ အရှင်အာနန္ဒာ မထေရ်သည် ဇေတဝန်ကျောင်းတော် တံခါးမုခ်နား၌ ဇော်ဓိပင်ကို စိုက်ပျိုးသည်၏ အဖြစ်သည် အလုံးစုံ ဇမ္မုဒိပ်၌ပြန့်နှံ့၏၊ ထိုအခါ အချို့ကုန်သော ဇနပုဒ်နေ ရဟန်းတို့သည် အာနန္ဒာဇော်ဓိ၌ ပန်းပူဇော်ကုန်အံ့ဟု ဇေတဝန် ကျောင်းတော်သို့ သွား၍ ဘုရားကို ရှိခိုး၍ နက်ဖြန်နေ့၌ သာဝတ္ထိပြည်သို့ဝင်၍ ကြာရောင်းသော စျေးသို့သွား၍ ကြာပန်းတို့ကိုမရဘဲလာကုန်၍ အရှင်အာနန္ဒာမထေရ်အား အရှင်ဘုရား အကျွန်ုပ်တို့သည် ပန်းပူဇော်ကုန်အံ့ဟု ကြာရောင်းသော စျေးသို့သွား၍ ပန်း

www.dhammadownload.com

တပ္ပင့်ကိုမျှလည်း မရခဲ့ကုန်ဟု ကြားလျှောတ်ကုန်၏၊ အရှင်အာနန္ဒာမထေရ်သည် ငါ့သျှင်တို့ သင်တို့အကျိုးငှါ ဆောင်ယူ ခဲ့ကြောင်းသော စေးသို့ သွား၍ ကြာညိုစည်းကို ချီ၍ လာလတ်၍ ထိုရဟန်းတို့အား ပေး၍ ထိုရဟန်းတို့သည် ထိုကြာကိုယူ၍ ဗောဓိအား ပူဇော်ကုန်၏၊ ထိုသတင်းစကားကို ကြား၍ တရားသဘင်၌ ရဟန်းတို့သည် ငါ့သျှင်တို့ ဇနပုဒ်နေ ရဟန်းတို့သည် ဘုန်းနည်းကုန်၏၊ ကြာရောင်းသော စေးသို့သွား၍ ပန်းကို မရကုန်၊ အရှင်အာနန္ဒာ မထေရ်သည်ကား သွား၍လျှင် ဆောင်ယူခဲ့၏ဟု အရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးစကားကို ပြောဆိုကြကုန်၏၊ သင်္ဃည္ဉ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြ ကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌ သာလျှင် စကားတတ် လိမ္မာကုန်သော သူတို့သည် ပန်းကို ရကုန်သည် မဟုတ်သေး၊ ရှေး၌လည်း စကားတတ် လိမ္မာကုန်သော သူတို့သည် ပန်းကို ရဘူးကုန်သလျှင် ကဘည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဗဟ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သူဋ္ဌေးသား ဖြစ်၏၊ မြို့တွင်း၌ တခုသော ရေကန်ဝယ် ပဒုမာ ကြာတို့သည်လည်း ပွင့်ကြကုန်၏၊ တယောက်သော နှာခေါင်းပြတ်သော ယောကျ်ားသည် ထိုရေကန်ကို စောင့်၏၊ ထိုအခါ တနေ့သ၌ ဗာရာဏသီပြည်ဝယ် ပဲ့သဘင် ကြွေးကြော်လတ်သော် ပန်းပန်၍ ပဲ့သဘင်ကစားလိုကုန်သော သုံးယောက်ကုန်သော သူဋ္ဌေးသားတို့သည် နှာခေါင်းပြတ်သော သူအား မဟုတ်မမှန်သဖြင့် ချီးမွမ်း၍ ပန်းကို တောင်းကုန်ဒဲ့ဟု ထိုနှာခေါင်းပြတ်သောသူ၏ ပဒုမာကြာတို့ကိုချီးစဉ် ရေကန်၏ အနီးသို့သွား၍ တင့်အပ်သော အရပ်၌ တည်နေကုန်၏၊ ထိုသူတို့တွင် တယောက်သော သူဋ္ဌေးသားသည် ရေကန်စောင့်ကို ခေါ်၍-

၃၁ ယထာ ကေသာ စ မဿူ စ၊ ဆိန္နံ ဆိန္နံ ဝိရူဟတိ။
ဧဝံ ရုဟတု တေ နာသာ၊ ပဒုမံ ဇဒဟ် ယာစိတော။

ဟူသော ရှေးဦးစွာသော ဂျိုဂါထာကို ဆို၏။

ကေသာ စ၊ ဆံတို့သည်ရင်း။ မဿူ စ၊ မုတ်ဆိတ်တို့သည်ရင်း။ ဆိန္နံ ဆိန္နံ၊ ဖြတ်တိုင်း ဖြတ်တိုင်း။ ဝိရူဟတိ ယထာ၊ ပေါက်ပြန်သကဲ့သို့။ ဧဝံ တထာ၊

www.dhammadownload.com

ထိုအတူ။ တေ၊ သင်၏။ နာသာ၊ နှာခေါင်းသည်။ ရူဟတု၊ တဖန်ပေါက်ပြန်ပါစေသတည်း။ ယာစိတော၊ ငါတောင်းအပ်သော သင်သည်။ မဒုမံ။ ကြာကို။ ဒေဟီ၊ ပေးလော့။

ထိုရောကန်စောင့်သည် ထိုသူ့ဌေးသားအား လျင် အမျက်ထွက်၍ ကြာကို မပေး၊ ထိုအခါ ရောကန်စောင့်အား နှစ်ယောက်မြောက် ဖြစ်သော သူ့ဌေးသားသည်—

၃၂ ယထာ သာရဒိကံ ဗိဇံ၊ ခေတ္တေ ဝုတ္တံ ဝိရူဟတိ။
ဧဝံ ရူဟတု တေ နာသာ၊ ပဒုမံ ဒေဟိ ယာစိတော။

ဟူသော နှစ်ခုမြောက်ဖြစ်သော ဂျိဂါထာကို ဆို၏။

ခေတ္တေ၊ လယ်၌။ ဝုတ္တံ၊ ပျိုးအပ်သော။ သာရဒိကံ၊ တန်ဆောင်မုန်းလ၌ ယူ၍ထားအပ်သော။ ဗီဇံ၊ မျိုးစပ်သည်။ ဝိရူဟတိ ယထာ၊ ပေါက်သကဲ့သို့။ ဧဝံ-တထာ၊ သို့အတူ။ တေ၊ သင်၏။ နာသာ၊ နှာခေါင်းသည်။ ရူဟတု၊ တဖန် ပေါက်ပါစေသတည်း။ ယာစိတော၊ ငါတောင်းအပ်သော သင်သည်။ ပဒုမံ၊ ကြာကို။ ဒေဟိ၊ ပေးလော့။

ထိုရောကန်စောင့်သည် ထိုသူ့ဌေးသားအားလည်း အမျက်ထွက်၍ ကြာကို မပေး၊ ထိုအခါ ထိုရောကန်စောင့်အား သုံးယောက်မြောက် ဖြစ်သော သူ့ဌေးသားသည်—

၃၃ ဥဘောပိ ပလပန္တေတေ၊ အပိ ပဒ္မာနိ ဒဿတိ။
ဝဇ္ဇုံ ဝါ တေန ဝါ ဝဇ္ဇုံ၊ နတ္ထိ နာသာယ ရူဟနာ။
ဒေဟိ သမ္မ ပဒုမာနိ၊ အဟံ ယာစာမိ ယာစိတော။

ဟူသော သုံးခုမြောက်ဖြစ်သော ဂျိဂါထာကို ဆို၏။

သမ္မ၊ အဆွေ။ ဧတေ ဥဘောပိ၊ ဤနှစ်ယောက်သော သူတို့သည်လည်း။ ပဒ္မာနိ၊ ကြာတို့ကို။ အပိ ဒဿတိ၊ ပေးလတ္တံ့ ဟုကြံ၍။ ပလပန္တိ၊ ဆိုယောင်ကုန်၏။ တေ၊ ထိုသူတို့သည်။ ဝဇ္ဇုံ ဝါ၊ ဆိုသည်မူလည်း ဖြစ်စေကုန်။ န ဝါ ဝဇ္ဇုံ၊ မဆိုသည်မူလည်း ဖြစ်စေကုန်။ နာသာယ၊ ပြတ်သောနှာခေါင်း၏။ ရူဟနာ၊ ပေါက်ပြန်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။ အဟံ၊ ငါသည်။ ပဒုမာနိ၊

www.dhammadownload.com

ကြာတို့ကို။ယာစာမိ၊ တောင်း၏။ ယာစိတော၊ ငါတောင်းအပ်သောသင်သည်။ ဒေဟိ၊ ပေးလော့။

ထိုစကားကိုကြား၍ ရောကန်စောင့်သည် ဤနှစ်ယောက်သော သူတို့ကား မုသာဝါဒကို ဆို၏၊ သင်သည် အဟုတ်အမှန်ကို ဆို၏၊ သင်အား ပဒုမာကြာတို့သည် လျှောက်ပတ်ကုန်၏ဟု ကြိုးသော ပဒုမာကြာစီးကို ယူ၍ ထိုသူ့ဌေးသားအား ပေး၍ မိမိကြာကန်သို့လျှင် သွား၏။

ဇာတ်ပေါင်း သမ္မည္ဇူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ကြာပန်းရသော သူဌေးသားဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(နှုတ်ခွန်းချီသာ၊ လိမ္မာစွာ၊ လိုရာအကျိုးပြီး)

ရှေးဦးစွာသော ပဒုမဇာတ်သည် ပြီး၏။

၁၂- မုဒုပါဏိဇာတ်

စောင့်ရှောက်ခက်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္မည္ဇူ မြတ်စွာဘုရားသည် "ပါဏိ စေ မုဒုကော စဿ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမုဒုပါဏိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **သာသနာတော်၌ ငြိုးငွေ့သော** ရဟန်းတပါးကို အကြောင်းပြု၍ ဟောတော်မူ၏၊ သမ္မည္ဇူ မြတ်စွာဘုရားသည် တရားသဘင်သို့ ဆောင်ခဲ့သော ထိုရဟန်းကို ရဟန်း သင်သည် သာသနာတော်၌ ငြိုးငွေ့သော ဟူသည် မှန်သလောဟု မေးတော်မူ၍ မှန်ပေ၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်း မိန်းမမည်သည်ကား ကိလေသာ၏အစွမ်းအားဖြင့် သွားခြင်းမှ စောင့်ရှောက်ခြင်းငှါ မတတ်နိုင်သော သဘောရှိ၏၊ ရှေးပညာရှိတို့သည်လည်း မိမိသို့မ်းကို စောင့်ရှောက်ခြင်းငှါ မတတ်နိုင်ဘူးကုန်၊ အဘယ်သည် လက်၌ကိုင်ထား

www.dhammadownload.com

သော သို့မဟုတ်လျှင် အဘကို မသိစေမူ၍ ကိုလေသာ၏ အစွမ်းအားဖြင့် မယောကျားနှင့် ပြေးဘူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ဖြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဖြဟ္မဒတ်မင်း၏ မိဖုယားကြီးဝမ်း၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ အဘလွန်သဖြင့် မင်းအဖြစ်၌ တည်၍ တရားသဖြင့် မင်းပြု၏။ ထိုဘုရားလောင်းသည် သို့, တူ နှစ်ယောက်တို့ကို နန်းတွင်း၌ ကြီးစေလျက် တနေ့သ၌ အမတ်တို့နှင့်ကကွ နေလျက် ငါလွန်သော် ငါ့တူ မင်းဖြစ်လတ္တံ့၊ ငါသို့မဟုတ် ငါ့တူ၏ မိဖုယားကြီး ဖြစ်ရလတ္တံ့ဟု ဆို၍ နောက်အဘို့၌ တူအရွယ်သို့ ရောက်သောကာလ၌ တဖန် အမတ်တို့နှင့်တကွ နေလျက် ငါတူဘို့ တပါးသော မင်းသို့မဟုတ် ငါသို့ကို တပါးသော မင်းမျိုး၌ ပေးကြကုန်အံ့၊ ငါသို့ပြုသော် ဆွမျိုးများကုန်အံ့ဟု ဆိုပြန်၏။ အမတ်တို့သည် ဝန်ခံကုန်၏။

ထိုအခါ မင်းသည် တူအား နန်းတော်မှအပ၌ အိမ်ကိုပေးစေ၏၊ နန်းတွင်းသို့ ဝင်ခြင်းကို မြစ်၏၊ ထိုမင်းသို့မဟုတ် မင်းသားတို့သည်ကား အချင်းချင်း တပ်စွန်းသော စိတ်ရှိကုန်၏၊ မင်းသားသည် အဘယ်ဥပါယ်ဖြင့် မင်းသို့ကို အုပသို့ ထုတ်ဆောင်ရအုံနည်းဟု ကြံလတ်သော် ဥပါယ်တခုသည် ရှိ၏ဟု အထိန်းမိန်းမအား တံစိုးပေး၍ အရှင့်သား အဘယ်ကိစ္စနည်းဟု မေးသည်ရှိသော် မိခင် အသို့မူ၍ မင်းသို့ကို ပြင်သို့ ထုတ်အံ့သောဌာ အခွင့်ရပါအုံနည်းဟု ဆို၍ မင်းသို့နှင့်တကွ တိုင်ပင်၍ သိရအံ့ဟု အထိန်းမိန်းမ ဆိုသည်ရှိသော် မိခင်ကောင်းပြီဟု ဆို၏၊ ထိုအထိန်းမိန်းမသည် သွား၍ ချစ်သို့ လာလော့၊ ခေါင်း၌ သန်းရှာအံ့ဟု မင်းသို့ကို နိမ့်သောအင်းပျဉ်၌ နေစေ၍ မိမိသည် မြင့်သော အင်းပျဉ်၌ နေ၍ မင်းသို့၏ ဦးခေါင်းကို မိမိပေါင်၌ ထား၍ သန်းကိုယူလျက် မင်းသို့ဦးခေါင်းကို လက်သည်းတို့ဖြင့် ထိုးကုန်၏၊ မင်းသို့ဘာည် ဤအထိန်းမိန်းမကား မိမိလက်သည်းတို့ဖြင့် မထိုး၊ ငါဦးရီးသား၏ လက်သည်းတို့ဖြင့် ထိုး၏ဟု သို၍ မိခင် သင်သည် မင်းသားအထံသို့ သွားချေသလောဟု မေး၏၊ မိခင် သွားချေ၏ဟု ဆိုလတ်သော် မင်းသားသည် အဘယ်စကားကို ပြောဆိုသနည်းဟု မေး၏၊ ချစ်သို့ သင်၏ အပသို့ ရောက်ကြောင်းကို မေး၏ဟု ဆိုလတ်သော် မင်းသို့သည် ပညာရှိမူကား သိလတ္တံ့ဟု—

www.dhammadownload.com

၃၄ ပါဏိ ဓစေ မုဒုကော စဿာ၊ နာဂေါ စဿ သုကာရိတော၊
အန္ဓကာရော စ ဝဿေယျ၊ အဟ နူန တဒါ သိယာ။
ဟူသော ဤဂါထာကို စီရုံး၍ မိခင် ဤဂါထာကို သင်၍ မင်းသားအား လျှောက်လေ့ဟု ဆို၏။

ထိုအထိန်းမိန်းမသည် ထိုဂါထာကို သင်၍ မင်းသားအထံသို့သွား၍ မိခင် မင်းသို့ အသို့ဆိုလိုက်သနည်းဟု မေးသည်ရှိသော် အရှင့်သား တစုံတခု တပါး သောစကားကို မဆိုမူ၍ ဤဂါထာကို ပို့လာစေ၏ဟု ပြောဆို၍ ထိုဂါထာကို ရွတ်၏၊ မင်းသားသည် ထိုဂါထာ၏ အနက်ကို သိ၍ မိခင် သွားလေလော့ဟု ဆို၍ ထိုအထိန်းမကို လွှတ်လိုက်၏၊ ထိုဂါထာ၏ အနက်ကား–

ဧကောယ၊ တယောက်သော။ စတုဋ္ဌပဋ္ဌာကာယ၊ အလုပ်အကျွေးမိန်းမငယ်၏။ ပါဏိ၊ လက်သည်။ မုဒုကော၊ ငါ့လက်ကဲ့သို့ နူးညံ့သည်။ စေ အဿ၊အကယ်၍ ဖြစ်ငြားအံ့။ သုကာရိတော၊ ကောင်းစွာ သင်အပ်ပြီးသော။ နာဂေါ စ၊ ဆင်သည်လည်း။ စေ အဿ၊ အကယ်၍ ရှိသည် ဖြစ်ငြားအံ့။ အန္ဓကာရော စ၊ အမိုက်မှောင်သည်လည်း။ စေ အဿ၊ အကယ်၍ဖြစ်ငြားအံ့။ စေ ဝဿေယျ၊ အကယ်၍ မိုးရွာငြားအံ့။ အထ၊ ထိုသို့ အကြောင်းလေးပါးစုံညီသည်ရှိသော်။ တာဒါ၊ ထိုအခါ၌။ တေ၊ သင်၏။ မနောရထဿ၊ နှလုံးအလို၏။ ဂမနံ၊သွားခြင်းသည်။ မတ္ထကံ၊ အပြီးသို့ရောက်ခြင်းသည်။ သိယာ နူန၊ ဖြစ်ရာ၏။

မင်းသားသည် ထိုအနက်ကို အမှန်အားဖြင့် သိ၍ တယောက်သော အဆင်းလှသော နူးညံ့သော လက်ရှိသော အလုပ်အကျွေး မိန်းမငယ်ကို သညာပေး၍ မင်္ဂလာဆင်ထိန်းအား တံစိုးပေး၍ ဆင်ကို မလှုပ်ရှားအောင် သင်စေ၍ အခါကို ငံ့လျက် နေ၏၊ ထိုအခါ လက္ခဏပက္ခ ဥပုသ်နေ့ သန်းခေါင်ယာမ်၏ အခြားမဲ့၌ တခဲနက်မည်းသော မိုးသည် ရွာ၏၊ ထိုမင်းသားသည် ယခုနေ့ကား မင်းသို့ ငါ့ကို မှာလိုက်သော နေ့တည်းဟု ဆင်ကိုစီး၍ နူးညံ့သော လက်ရှိသော အလုပ်အကျွေး မိန်းမငယ်ကို ဆင်ကျောက်ကုန်း၌ နေစေ၍ သွား၍ မင်းအိမ်၌ ကောင်းကင်ပြင်သို့ မျက်နှာပြုရာအရပ်၌ ဆင်ကို နံရံမကိုမှီ၍ လေသွန်တံခါး၏ အနီး၌ မိုးစွတ်လျက်လျှင် တည်၏၊ မင်းသည်လည်း သို့မိုးကို စောင့်ရှောက်ရကား တပါး၌ အိပ်စိမ့်သောငှါမပေး မိမိအထံဝယ်ငယ်သောအိပ်ရာ၌အိပ်စေ၏၊ မင်းသို့သည်လည်း ယနေ့ မင်းသား လာလတ္တံ့ဟု သိ၍ အိပ်ပျော်ခြင်းသို့

www.dhammadownload.com

မရောက်ဘဲ လျောင်းလျက် ခမည်းတော် အကျွန်ုပ် ရေချိုးလို၏ဟု ဆို၏၊ မင်းသည် ချစ်သို့ လာလော့ဟု ဆို၍ မင်းသို့ကို လက်ဦးကိုင်၍ နှလုံးတံခါး၏ အနီးသို့ဆောင်၍ ချစ်သို့ ရေချိုးလော့ဟု ခို၍ လုံးတံခါး၏ အပ ပဒုမာ အခံဦ ရပ်စေ၍ လက်တဘက်ဦ ကိုင်၍ နေ၏၊ ရေချိုးစဉ်လျင် မင်းသားသို့ လက်ကို ဆန့်၏၊ မင်းသားသည် မင်းသို့၏လက်မှ တန်ဆာတို့ကို ချွတ်၍ အလုပ်အကျွေး မိန်းပငယ်၏ လက်ဦ ဆင်၍ ထိုအလုပ်အကျွေး မိန်းမငယ်ကို ခို၍ မင်းသို့ကို မှီစေ၍ ပဒုမာအခံဦ ထား၏၊ ထိုမင်းသို့သည် ထိုအလုပ်အကျွေး မိန်းမငယ်၏ လက်ဦကိုင်၍ အဘမင်း၏လက်ဦ ထား၏၊ ထိုမင်းသည် ထိုအလုပ်အကျွေးမိန်းမငယ်၏ လက်ကိုကိုင်၍ သို့မဟုတ် လက်ကိုလွှတ်၏၊ မင်းသို့သည် လက်တဘက်မှ တန်ဆာတို့ကို ချွတ်၍ ထိုအလုပ်အကျွေး မိန်းမငယ်၏ နှစ်ခု မြောက်ဖြစ်သော လက်ဦ ဆင်၍ ခမည်းတော်လက်ဦ ထား၍ မင်းသားနှင့် တကွ သွား၏၊ မင်းသည်လည်း ငါ့သို့မင်းလျှင်တည်းဟူသောအမှတ်ဖြင့် ထိုသူငယ်မကို ရေချိုးပြီးသည်၏ အဆုံးဦ အသရေရှိသော တိုက်ခန်းဦ အိပ်စေ၍ တံခါး ပိတ်၍ တံကျဉ်ဖြင့် လှုပ်၍ အစောင့်အရှောက်ကို ပေး၍ မိမိအိပ်ရာသို့ သွား၍ အိပ်၏။။

ထိုမင်းသည် လင်းလတ်သော် တံခါးကိုဘွင့်၍ ထိုသူငယ်မကို မြင်၍ ဤသို့ ဖြစ်ခြင်းကား အသို့တုံနည်းဟု မေး၏၊ ထိုသူငယ်မသည် မင်းသို့၏ မင်းသားနှင့် တကွ သွားသည်၏ အဖြစ်ကို မင်းအား လျှောက်၏၊ မင်းသည် နှလုံးမသာ၍ ကိုင်၍ ထားသော်လည်း မာတုဂါမကို စောင့်ရှောက်ခြင်းငှါ မတတ်နိုင်သည် သာလျှင်တည်း၊ မိန်းမတို့မည်သည်ကား စောင့်ရှောက်ခြင်းငှါ မတတ်ကောင်းသော သဘောရှိ၏ဟု ကြံ၍—

၃၅ အနလာ မုဒုသမ္ဘာသာ၊ ဒုပ္ပဋိရာ တာ နဒီသမာ။
သီဒန္တိ နံ ဝိဒိတ္ဝာန၊ အာရကာ ပရိဝဇ္ဇယေ။

၃၆ ယံ တော ဥပသေဝန္တိ၊ ဆန္ဒသာ ဝါ ဓနေန ဝါ။
ဇာတဝေဒေါ သံဌာနံ၊ ခိပ္ပံ အနုဒဟန္တိ နံ။

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။။

တာ၊ ထိုမိန်းမတို့သည်။ အနလာ မုဒုသမ္ဘာသာ၊ နူးညံ့သော စကားဖြင့် ချိုးမြောက်ခြင်းငှါ မတတ်ကောင်းကုန်။ **တနည်းကား** အနလာ၊ ယောကျ်ား

www.dhammadownload.com

တို့နှင့် အတူတကွနေခြင်းကို မထိုက်ကုန်။ မုဒုသမ္ဘာသာ၊ နှလုံးခိုင်မာလျက် စကားနူးညံ့ကုန်၏။ ဒုပ္ပ္ဓရာ၊ ပြည့်နှိုင်ခဲကုန်၏။ နဒီသမာ၊ မြစ်နှင့်တူကုန်၏။ သီဒန္တိ၊ ငရဲ၌နစ်တတ်ကုန်၏။ ဧဝံ၊ ဤသို့။ ဝိဒိတ္ဝာန၊ သိ၍။ တာ၊ ထိုမိန်းမတို့ကို။ ပဏ္ဍိတော၊ ပညာရှိသည်။ အာရကာ၊ အဝေးမှ။ ပရိဝဇ္ဇယေ၊ ကြဉ်ရာ၏။

ဇေတော၊ ထိုမိန်းမတို့သည်။ ယံ၊ အကြင်ယောကျ်ားကို။ ဆန္ဒသာ ဝါ၊ ဆန္ဒ တူသဖြင့်၎င်း။ ဓနေန ဝါ၊ ဥစ္စာဖြင့်၎င်း။ ဥပသေန္တိ၊ မှီဝဲကုန်၏။ နံ ပုရိသံ၊ ထိုယောကျ်ားကို။ ခိပ္ပံ၊ လျင်စွာ။ အနုဒဟန္တိ၊ လောင်တတ်ကုန်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဇာတဝေဒေါ၊ မီးသည်။ သံဌာနံ၊ မိမိတည်ရာကို။ အနုဒဟတိ ဣဝ၊ လောင်သကဲ့သို့တည်း။

ဤသို့ဆို၍ ဘုရားလောင်းသည် တူကိုလည်း ငါသည်ပင် မွေးအပ်၏ဟု များစွာသော စည်းစိမ်ဖြင့် သို့မဟုတ် သို့ကို တူအားပေး၍ တူကို အိမ်ရှေအရာ၌ ထား၏၊ တူသည် ဦးရီးလွန်သဖြင့် မင်းအဖြစ်၌ တည်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကိုပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သာသနာတော်၌ ငြိုးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ မင်းဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကိုပေါင်းတော်မူ၏၊

(မိန်းမဖြာဖြာ၊ အရာရာ၊ မာယာများလှဘိ)

နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော မုဒုပါဏိဇာတ်သည် ပြီး၏။

၁၃-စူဠပလောဘနဇာတ်

မိန်းမစဉ်းအား

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အဘိဇ္ဇမာနေ ဝါရိသ္မိံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစူဠပလောဘန ဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် သာသနာတော်၌ **ငြိုးငွေ့သော ရဟန်းတပါးကို**

www.dhammadownload.com

အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကို ခွါဦးအံ့၊ သဗ္ဗညုမြတ်စွာဘုရားသည် တရားသဘင်သို့ ဆောင်အပ်သော ထိုရဟန်းကို ရဟန်း သင်သည် သာသနာတော်၌ ငြီးငွေ့သောဟူသည် မှန်ယလောဟု မေးတော်မူ၏၊ မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ထိုမိန်းမတို့ မည်သည်ကား စင်ကြယ်ကုန်သော ရွှေသူဟောင်းတို့ကိုလည်း ငြစ်ငြူးစေကုန်၏ဟု မိန့်တော်မူ၍ ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကိုဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် မင်းသည် သားမရှိသည်ဖြစ်၍ မိမိ မိန်းမတို့ကို သားဆုတောင်းကြကုန်လော့ဟု ဆို၏၊ ထိုမိန်းမတို့သည်လည်း သားဆုကို တောင်းကြကုန်၏၊ ဤသို့ သားဆုကို တောင်းသဖြင့် ကာလရှည်လတ်သည်ရှိသော် ဘုရားလောင်းသည် ဗြဟ္မာ့ပြည်မှ စုတေ၍ မိဖုယားကြီးဝမ်း၌ ဖြစ်၏၊ ထိုဘုရားလောင်းကို ဖွားကာမျှလျှင် ရေချိုး၍ နို့တိုက်စိမ့်သောငှါ အထိန်းမိန်းမတို့အား ပေးကုန်၏၊ ထိုဘုရားလောင်းသည် နို့တိုက်အပ်သည်ရှိသော် ငို၏၊ ထိုအခါ ဘုရားလောင်းကို တပါးသော မိန်းမအား ပေးကုန်၏၊ မာတုဂါမ၏ လက်သို့ ရောက်သည်ရှိသော် ဆိတ်ဆိတ် မနေသည်သာလျှင် ဖြစ်၏၊ ထိုအခါ ထိုဘုရားလောင်းကို တယောက်သော မင်း၏ခြေရင်း၌ ခုစားသော အမတ်အား ပေးကုန်၏၊ထိုအမတ်သည် ယူအပ်သည်ရှိသော်လျှင် ဆိတ်ဆိတ်နေ၏၊ ထိုအခါမှ စ၍ ယောကျ်ားတို့သည်သာလျှင် ထိုဘုရားလောင်းကို ယူ၍ ဘွားရကုန်၏၊ နို့တိုက်သည်ရှိသော်ကား ညှစ်၍ တိုက်ကြကုန်၏၊ တင်းတိမ်ကြားဖြင့် မူလည်း နို့ကို ခံတွင်း၌ ထည့်ကြကုန်၏၊ ထို့ကြောင့် ထိုဘုရားလောင်းအား **အနိဋ္ဌဂန္ဓသတ္တိသား** ဟူသောအမည်ကို မှည့်ကြကုန်၏၊ ထိုမှတပါး ပြေးဘွားတတ်သော်လည်း ဘုရားလောင်းအား မာတုဂါမ မည်သည်ကို မြင်ခြင်းငှါ မတတ်ကောင်း၊ ထို့ကြောင့် ဘုရားလောင်းကို မင်းသည် အသိုးသာလျှင် ကိုင်းရှောရအရပ် အစရှိသည်တို့ကိုဌင်း (စျာန်)အိမ်ကိုဌင်း ဧဆောက်လုပ်စေ၏။

ထိုမင်းသည် ဘုရားလောင်း၏ တဆယ့်ခြောက်နှစ် ရှိသောအခါ၌ ငါ့အား တပါးသော သားသည် မရှိ၊ ဤမင်းသားကား မာတုဂါမတို့ကို မသုံးဆောင်၊ မင်းအဖြစ်ကိုလည်း အလိုမရှိသည်ဖြစ်လတ္တံ့၊ ငါ့အား သားကိုရခဲ၏ဟု ကြံ၏၊ ထိုအခါ ထိုမင်းသားကို က,ခြင်း သီ,ခြင်း၌ လိမ္မာသော ယောကျ်ားအသွင်ဖြင့် လုပ်ကျွေး၍ မိမိအလိုသို့ လိုက်စေခြင်းငှါ စွမ်းနိုင်သော ပျိုသော ကချေသည်မ

www.dhammadownload.com

တယောက်သည် ချဉ်းကပ်၍ အရှင်မင်းကြီး အဘယ်သို့ ကြံသနည်းဟု မေး၏၊ မင်းသည် ထိုအကြောင်းကိုကြား၏၊ အရှင်မင်းကြီး ထိုသို့ဖြစ်စေကာမူ အကျွန်ုပ်သည် ထိုမင်းသားကို ဖြားယောင်း၍ ကာမ အရသာကို သိစေအံ့ဟု လျှောက်၏၊ ထိုအနိတ္ထိဂန္ဓ မည်သော ငါးသားကို ဖြားယောင်းအံ့သောငှါ အကယ်၍ သင်စွမ်းနိုင်အံ့၊ ငါးသားသည် မင်းဖြစ်လတ္တံ့၊ သင်သည် မိဖုယားကြီး ဖြစ်ရအံ့ဟု ဆို၏၊ ထိုကဲ့သို့သည်မသည် အရှင်မင်းကြီး သားဇာတ်ကိုဖြားယောင်းခြင်းသည် အကျွန်ုပ်အဘို့ဖြစ်စေ၊ အရှင်မင်းကြီးတို့သည် ကြံဖော် မမူကုန်လင့်ဟု ဆို၍ အစောင့်အရှောက်လူတို့သို့ ချဉ်းကပ်၍ အကျွန်ုပ်သည် မိုးသောက်ထ၍ လာ၍ အရှင့်သား၏ အိပ်ရာအရပ်ဝယ် (စျာန်) အိမ်၏ အပဋ္ဌရပ်၍ သီချင်းသီလာပါအံ့၊ အရှင့်သားသည် အကယ်၍ အမျက်ထွက်အံ့၊ အကျွန်ုပ်အား ပြောဆိုကြကုန်လော့ အကျွန်ုပ် ဖဿသားအံ့၊ အကယ်၍ အရှင့်သား နားထောင်ငြားအံ့၊ အကျွန်ုပ်အား ပြောဆိုကြပါကုန်လော့ဟု ဆို၏၊ ထိုအစောင့်အရှောက် တို့သည် ကောင်းပြီဟု ဝန်ခံကုန်၏။

ထိုကဲ့သို့သည်မ သည်လည်း မိုးသောက်ထ ကာလ၌ ထိုအရပ်၌ နေ၍ စောင်းသံဖြင့် သီချင်းသံကို,သီချင်းသံဖြင့် စောင်းသံကို မလွန်စေမူ၍ သာယာစွာသော အသံဖြင့် သီ၏၊ မင်းသားသည် နားထောင်လျက် လျှောင်း၏၊ နက်ဖြန်နေ့၌ အနီး၌တည်၍ သီစိမ့်သောငှါ စေ၏၊ တဖန် နက်ဖြန်နေ့၌ (စျာန်) အိမ်၌တည်၍ သီစိမ့်သောငှါ စေ၏၊ တဖန် နက်ဖြန်နေ့၌ မိမိအနီး၌ တည်၍ သီစိမ့်သောငှါ စေ၏၊ ဤသို့အစဉ်သဖြင့် တဏှာကိုဖြစ်စေ၍ လူတို့၏အကျင့်ကို မှီဝဲ၍ ကာမအရသာကို သိ၍ မာတုဂါမမည်သည်ကို တပါးသောသူတို့အားမပေးအံ့ဟု သန်လျက်ကိုင်၍ ခရီးအလယ်သို့ထွက်၍ ယောကျ်ားတို့ကို လိုက်၏၊ ထိုအခါ ထိုမင်းသားကို မင်းသည် ဖမ်းစေ၍ ထိုသတို့သမီးနှင့်တကွ မြို့မှ နှင်ထုတ်၏၊ နှစ်ယောက်သော သူတို့သည်လည်း တောသို့ဝင်၍ ဂင်္ဂါအကြေသို့ သွား၍ တဘက်၌ ဂင်္ဂါတဘက်၌ သမုဒ္ဒရာရှိသည်ကိုပြု၍ ဂင်္ဂါသမုဒ္ဒရာတို့၏ အကြား၌ ကျောင်းဆောက်၍ နေကုန်၏၊ သတို့သမီးသည် ကျောင်း၌နေ၍ သစ်ဥ, သစ်မြစ်တို့ကို ပြုတ်၏၊ ဘုရားလောင်းသည် တောမှ သစ်သီးကြီးငယ်တို့ကို ဆောင်၏။

ထိုအခါ တနေ့သ၌ ဘုရားလောင်းသည် သစ်သီး ကြီးငယ် အကျိုးငှါ ထွားသည်ရှိသော် သမုဒ္ဒရာကျွန်းငယ်၌ နေသော တပါးသော ရဿေ့သည် ဆွမ်းခံသောအခါနှင်၌ ကောင်းကင်ဖြင့် လာ၍ မီးခိုးကိုမြင်၍ ကျောင်း၌ သက်

www.dhammadownload.com

ဆင်း၏၊ ထိုအခါထိုရသေ့ကို ထိုသတ္ဆိုသို့မီးသည် ကျက်ရုံနေဦးလော့ဟု နေစေ၍ မိန်းမတို့အမူအရာဖြင့် ဖြားယောင်း၍ စျာန်မှယုတ်စေ၍ ရသေ့၏ မြတ်သော အကျင့်ကို ကွယ်စေ၏၊ ထိုရသေ့သည် အတောင်ပြတ်သော ကျီးကဲ့သို့ ဖြစ်၏၊ ထိုမိန်းမကို စွန့်ခြင်းငှါမတတ်နိုင်ရကား တနေ့ပတ်လုံး ထိုအရပ်၌လျှင် နေ၍ လာလတ်သော ဘုရားလောင်းကို မြင်၍ လျင်မြန်သဖြင့် သမုဒ္ဒရာသို့ ရှေးရှု ပြေး၏၊ ထိုအခါ ထိုရသေ့ကို ထိုဘုရားလောင်းသည် ဤသူကား ငါ၏ရန်သူ ဖြစ်လတ္တံ့ဟု သန်လျက်ကို ကိုင်၍ လိုက်၏၊ ရသေ့သည် ကောင်းကင်သို့ ပျံအံ့သော အခြင်းအရာကို ပြု၍ သမုဒ္ဒရာ၌ ကျ၏၊ ဘုရားလောင်းသည် ဤရသေ့ကား ကောင်းကင်ဖြင့် လာသည်ဖြစ်လတ္တံ့၊ စျာန်မှယုတ်သည်၏ အဖြစ်ကြောင့် သမုဒ္ဒရာ၌ ကျ၏၊ ယခု ငါသည် ရသေ့၏ ကိုးကွယ်ရာဖြစ်ခြင်းငှါ သင့်၏ဟု ကြံလျက် သမုဒ္ဒရာကမ်းနား၌ ရပ်၍—

၃၇ အဘိဇ္ဇမာနေ ဝါရိသ္မိံ၊ သယံ အာဂမ္မ ဣဒ္ဓိယာ။
မိဿိ ဘာဝိတ္ထိယာ ဂန္ဓာ၊ သံသီဒသိ မဟဏ္ဏဝေ။

၃၈ အာဝဇ္ဇနီ မဟာမာယာ၊ ဗြဟ္မစရိယ ဝိကောပနာ။
သီဒန္တိ နံ ဝိဒိတ္ဝာန၊ အာရကာ ပရိဝဇ္ဇယေ။

၃၉ ယံ တော ဥပသေဝန္တိ၊ ဆန္ဒသာ ဝါ ဓနေန ဝါ။
ဇာတဝေဒေါ သံဂ္ဂဟနံ၊ ခိပ္ပံ အနုဒဟန္တိ နံ။

ဟူသော ဤဂါထာတို့ကို ဆို၏။

အယံ ဤရသေ့သည်။ ဣဒ္ဓိယာ၊တန်ခိုးဖြင့်။ ဝါရိသ္မိံ၊ရေကို။ အဘိဇ္ဇမာနေ၊ မလှုပ်စေဘဲ။ အာဂမ္မ၊ လာလတ်၍။ ဣတ္ထိယာ၊ မိန်းမနှင့်။ မိဿိဘာဝံ၊ ရောနှောသောအဖြစ်သို့။ ဂန္ဓာ၊ ရောက်၍။ မဟဏ္ဏဝေ၊ သမုဒ္ဒရာ၌။ သံသီဒသိ၊ နစ်၏။

ဣတ္ထိယော၊ မိန်းမတို့သည်။ အာဝဇ္ဇနီ၊ လည်စေတတ်ကုန်၏။ မဟာမာယာ၊ များစွာသော မာယာရှိကုန်၏။ ဗြဟ္မစရိယဝိကောပနာ၊ မြတ်သောအကျင့်ကို ဖျက်ဆီး တတ်ကုန်၏။ သီဒန္တိ၊ အပါယ်တို့၌ နစ်မြုပ်စေတတ်ကုန်၏။ နံ၊ ထိုအကြောင်းကို။ ဝိဒိတ္ဝာန၊ သိ၍။ ဧတေ၊ ထိုမိန်းမဘို့ကို။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ အာရကာ၊ အဝေးမှ။ ပရိဝဇ္ဇယေ၊ ကြဉ်ရှာ၏။

---

၁ အယံ (က) ၂ သံသီဒတိ (က)

www.dhammadownload.com

ဇာတဝေဒေါ မီးသည်။ သံဌာနံ၊ မိမိတည်ရာကို။ အနုဒဟတိုက္ကဝ၊ လောင်သကဲ့သို့။ ဧတာ၊ ထိုမိန်းမတို့သည်။ ယံ၊ အကြင်ယောကျ်ားကို။ ဆန္ဒသာ ဝါ ချစ်သဖြင့်ဌင်း။ ဓနေန ဝါ၊ ဥစ္စာဖြင့်ဌင်း။ ဥပသေဝန္တိ၊ မှီဝဲကုန်၏။ နံ၊ ထိုယောကျ်ားကို။ ခိပ္ပံ၊ လျင်စွာ။ အနုဒဟန္တိ၊ လောင်တတ်ကုန်၏။

ဤသို့ဆိုသော ဘုရားလောင်း၏ စကားကို ကြား၍ ရသေ့သည် သမုဒ္ဒရာအလယ်၌လျင် ပျောက်ပြီးသော ဈာန်ကို တဖန်ဖြစ်စေ၍ ကောင်းကင်ဖြင့်မိမိ၏နေရာသို့သာလျင်သွား၏၊ ဘုရားလောင်းသည် ဤရသေ့ကား ဤသို့လေးသောကိုယ်ရှိလျက် လက်ပံဂွမ်းစိုင်ကဲ့သို့ ကောင်းကင်ဖြင့်လျင် သွား၏၊ ငါသည်လည်း ရသေ့ကဲ့သို့ ဈာန်ကိုဖြစ်စေ၍ ကောင်းကင်၌ သွားခြင်းငှါ သင့်၏ဟု ကြံပြီး၍ ထိုဘုရားလောင်းသည် ကျောင်းသို့သွား၍ ထိုမိန်းမကို လူ့ပြည်သို့ဆောင်၍ သင်သည် သွားလေတော့ဟု လွှတ်လိုက်၏၊ တောသို့ဝင်၍ နှစ်သက်ဘွယ်ရှိသော မြေအဘို့၌ ကျောင်းဆောက်၍ ရသေ့ရဟန်းပြု၍ ကသိုဏ်းပရိကံကို စီးဖြန်း၍ အဘိညာဉ် သမာပတ်ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း သမ္မည္ဇ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သာသနာတော်၌ ငြိုးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ငါဘုရားသည်သာလျင် ထိုအခါ အနိတ္ထိဂန္ဓမင်းသား ဖြစ်ဘူးပြီ၊ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

(စင်ကြယ်သူငင်၊ မိန်းမညင်၊ စွန်းထင်မည်စွ ပျက်စီးရ)

သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော စူဠပလောဘနဇာတ်သည် ပြီး၏။

---

၁၄. မဟာပနာဒဇာတ်

ဖြစ်ပေါ်ရာဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္မည္ဇ မြတ်စွာဘုရားသည် "ပနာဒေါ နာမ သော ရာဇာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဟာပနာဒဇာတ်ကို ဂင်္ဂါနဒီ

www.dhammadownload.com

မူစဉ် ဘဒ္ဒဇိမထေရ်၏ အာနုဘော်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ တရုံရော အခါ သဗ္ဗညူ မြတ်စွာဘုရားသည် သာဝတ္ထိပြည်သို့ ဝင်တော်မူစဉ် ဘဒ္ဒဇိ သတို့သားအား သင်္ဂိုဟ်ခြင်းကိုပြုအံ့ဟု ရဟန်း သင်္ဃာအများ ခြံရုံလျက် ဒေသစာရီကြွတော်မူသည်ရှိသော် ဘဒ္ဒိယမြို့သို့ရောက်၍ အလိုလိုဖြစ်သောတာဠ် ဘဒ္ဒဇိသတို့သား၏ ဉာဏ်ရင့်ခြင်းကို ငံ့တော်မူလျက် သုံးလပတ်လုံး နေတော်မူ၏၊ ဘဒ္ဒဇိသတို့သားသည် များစွာသော အခြံအရုံရှိ၏၊ ကုဋေရှစ်ဆယ်ကြွယ်ဝသော ဘဒ္ဒိယ သူဌေး၏ တယောက်ထည်းသော သားဖြစ်၏၊ ထိုဘဒ္ဒိယသူဌေးသားအား ဥတုသုံးပါးအား လျောက်ပတ်သော ပြာသာဒ် သုံးဆောင်တို့သည် ဖြစ်ကုန်၏၊ တဆောင် တဆောင်သော ပြာသာဒ်၌ လေးလ, လေးလစီ နေ၏၊ တဆောင်သော ပြာသာဒ်၌ နေပြီး၍ ကချေသည်အပေါင်း ခြံရုံလျက် များစွာသော အခြံအရုံဖြင့် တဆောင်သော ပြာသာဒ်သို့ ခေါ်ဆောင်သွား၏၊ ထိုခဏ၌ သတို့သား၏ စည်းစိမ်ကို ကြည့်ကုန်အံ့ဟု မြို့အလုံးလည်း ချောက်ချား၏၊ ပြာသာဒ်တို့၏ အကြားအကြား၌လည်း လှည်းအဆင့်ဆင့် ည်ောင်စောင်းအဆင့်ဆင့် တို့ကိုဖဲ့ကုန်၏။

သဗ္ဗညူ မြတ်စွာဘုရားသည် သုံးလပတ်လုံး နေတော်မူပြီး၍ ငါတို့သွားကုန်အံ့ဟု မြို့သူတို့အား ကြားတော်မူ၏၊ မြို့သူတို့သည် ဘုန်းတော်ကြီးသော အရှင်ဘုရား နက်ဖြန် ကြွတော်မူပါဟု သဗ္ဗညူ မြတ်စွာဘုရားကို ပင့်ဘိတ်၍ နှစ်ရက် မြောက်သောနေ့၌ ဘုရားအမှူးရှိသော ရဟန်း သင်္ဃာအား အလှူကြီးကို စီရင်၍ မြို့လယ်၌ မဏ္ဍပ်ဆောက်၍ တန်ဆာဆင်၍ နေရာခင်း၍ ကာလကို ကြားလျောက်ကုန်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ရဟန်းသင်္ဃာ၊ ခြံရုံလျက် ထိုမဏ္ဍာပ်သို့ ကြွတော်မူ၍ နေတော်မူ၏၊ လူတို့သည် အလှူကြီးကို ပေးကုန်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးတော်မူပြီးသော် သာယာစွာသော အသံတော်ဖြင့် အနုမောဒနာ ပြုတော်မူ၏၊ ထိုခဏ၌ ဘဒ္ဒဇိသူဌေးသား သည်လည်း ပြာသာဒ်တဆောင်မှ ပြာသာဒ်တဆောင်သို့သွား၏၊ ထိုဘဒ္ဒဇိသူဌေးသား၏ စည်းစိမ်ကို ကြည့်အံ့သောငှါ ထိုနေ့၌ တစုံတယောက်သော သူသည်မလာမိမိလူတို့သည်သာလျှင် သူဌေးသားကို ခြံရုံကုန်၏၊ ဘဒ္ဒဇိ သူဌေးသားသည် တပါးသောကာလ၌ ငါသည် ပြာသာဒ် တဆောင်မှ ပြာသာဒ်တဆောင်သို့ သွားသော် မြို့အလုံးသည် ချောက်ချား၏၊ လှည်းအဆင့်ဆင့် ည်ောင်စောင်းအဆင့်ဆင့်တို့ကို ဖဲ့ကုန်၏ ယနေ့ကား ငါ၏ လူတို့ကိုထား၍ တပါးသော တစုံတယောက်သောသူသည် မရှိ၊ အကြောင်း အသို့နည်းဟု လူတို့ကို မေး၏၊

www.dhammadownload.com

အရှင့်သား သဗ္ဗညူ မြတ်စွာဘုရားသည် ဤဘဒ္ဒိယမြို့ကို မှီတော်မူ၍ သုံးလပတ်လုံး နေတော်မူပြီး၍ ယနေ့ပင် ကြွတော်မူအံ့၊ ထိုမြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီး၍ လူများအား တရားဟောတော်မူ၏၊ အလုံးစုံသော မြို့သူတို့သည်လည်း ဘုရား၏ တရားတော်ကို နာကုန်လတ္တံ့ဟု ဆိုကုန်၏၊ ဘဒ္ဒဇိသူဌေးသားသည် အချင်းတို့ ထိုသို့တပြီးကား လာကြကုန်လော့၊ ငါတို့သည် တရားတော်ကို နာကုန်အံ့ဟု ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက်သာလျှင် များစွာသောအခြံအရံဖြင့် ချဉ်းကပ်၍ ပရိသတ်အစုန်းဌိတည်၍ နာလျက်လျှင် ခပ်သိမ်းသော ကိလေသာတို့ကို ကုန်စေ၍ အရဟတ္တဖိုလ်သို့ ရောက်၏။

သဗ္ဗညူ မြတ်စွာဘုရားသည် ဘဒ္ဒိယသူဌေးကို ဝေါတော်မူ၍ သူဌေးကြီးသင်၏သားသည် တန်ဆာဆင်လျက်သာလျှင်တရားကိုနာသည်ရှိသော် အရဟတ္တဖိုလ်၌ တည်၏၊ ထို့ကြောင့် ဘဒ္ဒဇိအား ယနေ့လျှင် ရဟန်း ပြုအံ့သောငှါငင်း ပရိနိဗ္ဗာန် ပြုအံ့သောငှါငင်း သင့်၏ဟု မိန့်တော်မူ၏၊ ဘုန်းတော်ကြီးသော အရှင်ဘုရား အကျန်ရဟန်တော်၏သားအား ပရိနိဗ္ဗာန်ပြုခြင်းဖြင့် အလိုမရှိ၊ အကျန်ရဟန်သားကို ရဟန်းပြုပါကုန်၊ ရဟန်းပြုပြီး၍ အကျန်ရဟန်သားကို ခေါတော်မူ၍ နက်ဖြန် အကျန်ရဟန်အိမ်သို့ ကြွတော်မူပါကုန်ဟု လျှောက်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် ပင့်ဘိတ်ခြင်းကို သည်းခံတော်မူ၍ အမျိုးသားကို ခေါတော်မူ၍ ကျောင်းသို့ကြွတော်မူ၍ ရဟန်းပြုစေ၍ ပဉ္စင်းအဖြစ်ကို ပေးတော်မူ၏၊ ဘဒ္ဒဇိမထေရ်၏ မိဘတို့သည် ခုနစ်ရက်ပတ်လုံး ကြီးစွာသော ပူဇော်သက္ကာရကို ပြုကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး နေတော်မူ၏၊ အမျိုးကောင်းသားကို ခေါတော်မူ၍ ဒေသစာရီကြွတော်မူသည်ရှိသော် ကောင်ရှာသို့ ရောက်တော်မူ၏၊ ကောင်ရှာ၌ နေကုန်သော သူတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူကြီးကို ပေးကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသော ကိစ္စအဆုံး၌ အနုမောဒနာ ပြုတော်မူ၏၊ အမျိုးကောင်းသားသည် ဘုရားအနုမောဒနာ ပြုသောကာလ၌ ရှာအပသို့သွား၍ ဘုရားကြွတော်မူလာသော ကာလ၌ စျာန်မှထအံ့ဟု ဂင်္ဂါကမ်းနား၏အနီး တခုသော သစ်ပင်ရင်း၌ စျာန်ဝင်စား၍နေ၏၊ မထေရ်ကြီးတို့သည် လာကုန်သော်လည်း၊ မထမူ၍ ဘုရားကြွလာသော အခါ၌သာလျှင် စျာန်မှ ထ၏၊ ပုထုဇဉ်ရဟန်းတို့သည်ကား ဤဘဒ္ဒဇိသည် ရှေး၌ ရဟန်းပြုဘိသကဲ့သို့ ယမန်နေ့၌ ရဟန်းပြုလျက် လာကုန်သော မထေရ်တို့ကိုမြင်၍လည်း မထဟု အမျက်ထွက်ကုန်၏။

www.dhammadownload.com

ကောင်ရွာ၌ နေကုန်သော သူတို့သည် လှေဖောင်ကို ဘွဲ့ကုန်၏၊ သင်္ဘာသည့် မြတ်စွာဘုရားသည် လှေဖောင် စီးသော သဿာအလယ်၌ တည်တော်မူ၍ ဘဒ္ဒဇိသည် ဘယ်မှာနည်းဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးသော အရှင်ဘုရား ဤဘဒ္ဒဇိသည် ဤမှာလျှင်တည်းဟု လျှောက်ကုန်၏၊ ဘဒ္ဒဇိလာလေ့ ငါတို့နှင့် အတူ တစင်းတည်းသော လှေကို စီးလေ့ဟု မိန့်တော်မူ၏၊ ဘဒ္ဒဇိမထေရ်သည် သွား၍ သင်္ဘာသည့် မြတ်စွာဘုရားရှင်နှင့် အတူ တစင်းတည်းသော လှေ၌ စီး၏၊ ထို့နောင်မှ ထိုဘဒ္ဒဇိမထေရ်ကို ဂင်္ဂါအလယ်သို့ ရောက်သောကာလ၌ သင်္ဘာသည့် မြတ်စွာဘုရားသည် ဘဒ္ဒဇိ သင်သည်မဟာပနာဒမင်းဖြစ်သောကာလ၌နေသော ပြာသာဒ်သည် အဘယ်မှာနည်းဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးသော အရှင်ဘုရား ဤအရပ်၌နေ၏ဟု လျှောက်၏၊ ပုထုဇဉ်ရဟန်းတို့သည် ဘဒ္ဒဇိမထေရ်ကား တပါးကို ပြောဆို၏ဟု ဆိုကုန်၏ သင်္ဘာသည့် မြတ်စွာဘုရားသည် ဘဒ္ဒဇိ ထိုသို့ တပြီးကား ရဟန်းတို့၏ ယုံမှားခြင်းကို ဖျောက်လေ့ဟု မိန့်တော်မူ၏၊ ထိုခဏ၌ ဘဒ္ဒဇိမထေရ်သည် သင်္ဘာသည့် မြတ်စွာဘုရားကို ရှိခိုး၍ တန်ခိုးအစွမ်းဖြင့် သွား၍ ပြာသာဒ်ထုပိကာကို ခြေချောင်းဖြင့် ညှပ်၍ နှစ်ဆဲ့ငါးယူဇနာရှိသော ပြာသာဒ်ကိုယူ၍ ကောင်းကင်သို့ပျံ၏၊ ကောင်းကင်သို့ပျံသော အရှင် ဘဒ္ဒဇိမထေရ်သည် ပြာသာဒ်အောက်၌ တည်ကုန်သော သူတို့အား ပြာသာဒ်ကို ဘောက်၍ထင်၏၊ အရှင် ဘဒ္ဒဇိမထေရ်သည် တယူဇနာ, နှစ်ယူဇနာ, သုံးယူဇနာ စသည်ဖြင့် ယူဇနာ နှစ်ဆယ်တိုင်အောင် ရေမှ ပြာသာဒ်ကို ချီ၏၊ ထိုအခါ အရှင်ဘဒ္ဒဇိမထေရ်၏ ရှေးဘဝ၌ ဆွေမျိုးတို့သည် ပြာသာဒ်၌ တပ်စွန်းသဖြင့် ငါး, လိပ်, နဂါး, ဘားတို့၏အဖြစ်ဖြင့် ထိုပြာသာဒ်၌ ဖြစ်ကုန်၏၊ ပြာသာဒ်ကို ချီလတ်သော် ခုန်၍ ရေ၌လျင် ကျကုန်၏၊ သင်္ဘာသည့် မြတ်စွာဘုရားသည် ရေ၌ကျကုန်သော ထိုသတ္တဝါတို့ကို မြင်တော်မူ၍ ဘဒ္ဒဇိ သင့်ဆွေမျိုးဟို့သည် ပင်ပန်းကုန်၏ဟု မိန့်တော်မူ၍ ဘဒ္ဒဇိမထေရ်သည် ထိုစကားကို ကြား၍ ပြာသာဒ်ကို လွှတ်၏၊ ပြာသာဒ်သည် တည်မြဲတိုင်း၌လျင်တည်၏၊ ဂင်္ဂါကမ်းနား၌လျင် မြတ်စွာဘုရား၏ နေရာတော်ကို ခင်းကုန်၏၊ သင်္ဘာသည့် မြတ်စွာဘုရားသည် ခင်းအပ်သော မြတ်သော ဘုရားနေရာတော်၌ တက်သစ်သော နေလုလင်ကဲ့သို့ ရောင်ခြည်တော်တို့ကို လွှတ်လျက် နေတော်မူ၏၊ ထိုအခါ သင်္ဘာသည့် မြတ်စွာဘုရားကို ရဟန်းတို့သည် ဘုန်းတော်ကြီးသော အရှင်ဘုရား အဘယ်ကာလ၌ ဘဒ္ဒဇိမထေရ်သည် သုံးဆောင်ဘူးပါသနည်းဟု လျှောက်ကုန်၏၊ သင်္ဘာသည့် မြတ်စွာဘုရားသည် မဟာပနာဒမင်းဖြစ်သော ကာလ၌ ဘဒ္ဒဇိမထေရ်သည် သုံးဆောင်ဘူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

www.dhammadownload.com

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဝိဒေဟတိုင်း မိထိလာပြည်၌ သုရုစိမည်သော မင်းသည် မင်းပြု၏၊ ထိုသုရုစိမင်း၏သားသည်လည်း သုရုစိမည်သည်သာလျှင်ကတည်း၊ ထိုသုရုစိမင်း၏ သားသည် မဟာပနာဒမည်၏၊ ထိုမင်းတို့သည် ဤပြာသာဒ်ကို ရဘူးကုန်၏၊ ရခြင်းအကျိုးကား လွန်လေပြီးသောအခါ နှစ်ယောက်ကုန်သော သား, အဘတို့သည် ကျူးထရံ ရေသဖန်းသား သစ်တို့ဖြင့် ပမ္ဖေးဇုဒ္ဓါ၏ နေရာကျောင်းကို ဆောက်လုကုန်၏၊ ဤဇာတ်၌ အလုံးစုံသော အတိတ်ဝတ္ထုသည် ပက်ဏ္ဏကနိပါတ် ခြောက်ခုမြောက် **သုရုစိဇာတ်**၌ ထင်စွာဖြစ်လတ္တံ့၊ သင်္ဘည၊ မြတ်စွာဘုရားသည် ဤအတိတ်ကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီး၍ -

၄၀ ပနာဒေါ နာမ သော ရာဇာ၊ ယဿ ယူပေါ သုဝဏ္ဏမယော။
တိရိယံ သောဠသုဗ္ဗေဓော၊ ဥဒ္ဓမာဟုသဟဿဓော။

၄၁ သဟဿ ကဏ္ဍော သတဂေဏ္ဍု၊ ဓဇာလု ဟရိတာမယော။
အနစ္ဆုံ တတ္ထ ဂန္ဓဗ္ဗာ၊ ဆသဟဿာနိ သတ္ထဓော။

၄၂ ဧဝမေဝ တဒါအာသိ၊ ယထာ ဘာသသိ ဘဒ္ဒဇိ။
သက္ကော အဟံ တဒါ အာသိံ၊ ဝေရာဝစ္ဆကရော တဝေ၊

ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။

ယဿ၊ အကြင်မင်း၏။ ယူပေါ၊ ပြာသာဒ်သည်။ သုဝဏ္ဏမယော၊ ရွှေဖြင့်ပြီး၏။ တိရိယံ၊ အပြန့်အားဖြင့်။ သောဠသုဗ္ဗေဓော၊ တဆဲ့ခြောက်ကဏ္ဍဂမန ပြန့်၏၊ ဥဒ္ဓံ၊ အရပ်အားဖြင့်။ သဟဿဓော၊ ကဏ္ဍဂမန တထောင်မြင့်သည်။ အဟု၊ ဖြစ်၏။ သော ရာဇာ၊ ထိုမင်းသည်။ ပနာဒေါ နာမ၊ ပနာဒမည်၏။

ထိုပြာသာဒ်သည် တဆဲ့ငါးယူဇနာ အမြင့်, ရှစ်ယူဇနာ အပြင် အကျယ်ရှိသည် ဟူလိုသည်။

သဟဿကဏ္ဍော၊ ကဏ္ဍဂမန တထောင်မြင့်သော ပြာသာဒ်သည်။ သတဂေဏ္ဍု၊ ဘုံဆင့်တရာရှိ၏။ ဓဇာလု၊ မျှားသော တံခွန်ရှိ၏။ ဟရိတာမယော၊ ပတ္တမြားစိမ်းတို့ဖြင့် ပြီး၏။ တတ္ထ၊ ထိုပြာသာဒ်၌။ ဆသဟဿာနိ၊ ခြောက်ထောင်ကုန်သော။ ဂန္ဓဗ္ဗာ၊ ကချေသည်တို့သည်၊ သတ္တဓော၊ ခုနစ်ဌာနတို့၌။ အနစ္ဆုံ၊ ကကုန်၏။

www.dhammadownload.com

ဤသို့ ကကုန်သော်လည်း မင်းကို ရှင်စေခြင်းငှါ မတတ်နိုင်ကုန်၊ ထိုအခါ သိကြားမင်းသည် နတ်ကချေသည်ကို စေလွှတ်၍ သဘင်ပြုစေ၏၊ ထိုအခါ မဟာပနာဒမင်းသည် ရှင်၏။

ဘဒ္ဒဇီ၊ ဘဒ္ဒဇီ။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ တံ့၊ သင်သည်။ ဘာသသိ၊ ဆို၏။ တထာ၊ ထိုအခြင်းအရာ အားဖြင့်။ ဧဝံ မေဝံ၊ ဤသို့ သင်ဆိုတိုင်း သာလျှင်။ အာသိ၊ ဖြစ်၏။ အဟံ၊ ငါသည်။ တဒါ၊ ထိုအခါ၌။ တဝံ၊ သင်၏။ ဧဝယျာဝစ္စကရော၊ အမှုကြီးငယ်ကိုဆောင်ရွက်သော။ သက္ကော၊ သိကြားသည်။ အာသိ ံ၊ ဖြစ်၏။

ဤသို့ ဟောတော်မူသော ခဏ၌ ပုထုဇဉ် ရဟန်းတို့သည် ယုံမှားခြင်း ကင်းကုန်၏။

ဇာတ်ပေါင်း သမ္ဗုဒ္ဓါ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဘဒ္ဒဇီမထေရ်သည် ထိုအခါ မဟာပနာဒမင်းဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ သိကြားမင်း ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဒါနဟူက၊ အာဒိကိုးရ၊ ဤမျှတန်ခိုးကြွယ်)
လေးခုတို့၏ ပြည့်စုံကြောင်းဖြစ်သော မဟာပနာဒဇာတ်သည် ပြီး၏။

၁၅-ခုရပ္ပဇာတ်

သေဝံ့မှ သူရဲကောင်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္ဗုဒ္ဓါ မြတ်ဘုရားသည် "ဒိသွာ ခုရပေ့ပွ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤခုရပွဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **လျှံသာ ဝီရိယရှိသော ရဟန်းတပါး**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကို ခဲ့ညီးအုံ၊ ထိုရဟန်းကို သမ္ဗုဒ္ဓါ မြတ်စွာဘုရားသည် ရဟန်း

www.dhammadownload.com

သင်္ကား လျော့သော ဝီရိယရှိသောဟူသည် မှန်သလောဟု မေးတော်မူ၏၊ မှန်ပေ၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်း အဘယ့်ကြောင့် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြု၍ ဝီရိယကို လျော့ဘိသနည်း ရှေးပညာရှိတို့သည် ဝဋ္ဋဆင်းရဲမှ မထွက်မြောက်စေတတ်သော အရာ၌လည်း ဝီရိယကို ပြုကုန်သလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တခုသော တောအုပ်စောင့် အမျိုး၌ ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ငါးရာသော အခြံအရံရှိသည်ဖြစ်၍ တောအုပ်စောင့်တို့တွင် အကြီးဖြစ်၍ တောအုပ်ဝယ် တခုသောရွာ၌ နေ၏၊ ထိုတောအုပ်စောင့်သည်ကား အခယ္ယူ၍ လူတိုင်းကို တောအုပ်ကို လွန်စေ၏၊ ထိုအခါ တနေ့သ၌ ဗာရာဏသီပြည်၌နေသော လှည်းကုန်သည်၏ သားသည် လှည်းငါးရာတို့ဖြင့် ထိုရွာသို့ ရောက်၍ အဆွေ တထောင်သော အသပြာကိုယူ၍ ငါ့အား တောအုပ်ကို လွန်စေလောဟု ဆို၏၊ ထိုတောအုပ်စောင့်သည် ကောင်းပြီဟု လှည်းကုန်သည်လက်မှ တထောင်သော အသပြာကို ယူ၏၊ အခကို ယူပြီးလျှင် လှည်းကုန်သည်အား အသက်ကို စွန့်၏၊ ထိုတောအုပ်စောင့် သည်လည်း ထိုကုန်သည်ကိုယူ၍ တောအုပ်သို့ ဝင်၏၊ တောအုပ်အလယ်၌ ငါးရာကုန်သော ခိုးသူတို့သည် ထကုန်၏၊ ခိုးသူတို့ကို မြင်၍ ဘုရားလောင်းမှ ကြွင်းသော သူတို့သည် ရင်ဖြင့် ဝပ်ကုန်၏၊ တောအုပ်စောင့် အကြီးသည်ကား တယောက်ထည်း သာလျှင် ဟစ်ကြွေး ကြော်ငြာလျက် ပစ်လွှတ်၍ ငါးရာသော ခိုးသူတို့ကို ပြေးစေ၍ လှည်းကုန်သည်သားကိုလည်း ချမ်းသာသဖြင့် ကန္တာရကို ကူးခပ်စေ၏။

လှည်းကုန်သည်သားသည် ကန္တာရတဘက်၌ လှည်းကိုရပ်စေ၍ တောအုပ်စောင့် အကြီးကို အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်ကို စားစေ၍ မိမိသည်လည်း နံနက်စာစား၍ ချမ်းသာစွာ နေလျက် ထိုတောအုပ်စောင့်အကြီးနှင့်တကွ စကားပြောလတ်သည် ရှိသော် အဆွေ ကြမ်းကြုတ်ကုန်သော ခိုးသူတို့၏ လက်နက်တို့ကို ကိုင်၍ လှုပ်မိုးသော ကာလ၌ အဘယ် အကြောင်းကြောင့် စိတ်ထိတ်လန့်ခြင်းမျှသည်လည်း မဖြစ်သနည်းဟု မေးလိုရကား—

www.dhammadownload.com

၄၃ ဒိသ္ဝာ ခုရပ္ပေ ဓနုဝေဂနုန္နေ၊
ခဂ္ဂေ ဂဟီတေ တိဒိဏ္ဏေ တေလဓောတေ။
တသ္မိံ ဘယသ္မိံ မရဏေ ဝိယူဠ္ဍေ၊
ကသ္မာ နု တေ နာဟု ဆမ္ဘီတတ္တံ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

သမ္မ၊ အဆွေ။ ဓနုဝေဂနုန္နေ၊ လေး၏အဟုန်ဖြင့် ပစ်လွှတ် အပ်ကုန်သော။ ခုရပ္ပေ၊ စဉ်းသွားတို့ကိုဆိုင်း။ ဂဟီတေ၊ ကိုင်စွဲအပ်ကုန်သော။ တိဒိဏ္ဏေ၊ ထက်စွာကုန်သော။ တေလဓောတေ၊ ဆီဖြင့်ဆေးအပ်ကုန်သော။ ခဂ္ဂေ၊ သန်လျက်တို့ကိုဆိုင်း။ ဒိသ္ဝာ၊ မြင်၍။ ဘယသ္မိံ၊ ကြောက်ဘွယ်ရှိသော။ တသ္မိံ မရဏေ၊ ထိုသေခြင်းသည်။ ဝိယူဠ္ဍေ၊ ရှေ့ရှုထင်လတ်သော်။ ကသ္မာ နု၊ အဘယ့်ကြောင့်လျှင်။ တေ သင်အား။ ဆမ္ဘီတတ္တံ၊ ကိုယ်တုန်လှုပ်ခြင်းသည်။ နာဟု၊ မဖြစ်သနည်း။

ထိုစကားကို ကြား၍ တောအုပ်စောင့် အကြီးသည်–

၄၄ ဒိသ္ဝာ ခုရပ္ပေ ဓနုဝေဂနုန္နေ၊
ခဂ္ဂေ ဂဟီတေ တိဒိဏ္ဏေ တလ ဓောတေ။
တသ္မိံ ဘယသ္မိံ မရဏေ ဝိယူဠ္ဍေ၊
ဝေဒံ အလတ္ထံ ဝိပုလံ ဥဠာရံ။

၄၅ သော ဝေဒဇာတော အဇ္ဈဘဝိံ အမိတ္တော၊
ပုဇ္ဇေဝ မေ ဇီဝိတ မာသိ စတ္တံ။
နု ဟိ ဇီဝိတေ အာလယံ ကုဗ္ဗမာနော၊
သူရော ကယိရာ သူရကိစ္စံ ကဒါစိ။

ဟူသော ဤမှတပါးကုန်သော နှစ်ဂါထာတို့ကို ဆို၏။

သမ္မ၊ အဆွေ။ အဟံ၊ ငါသည်။ ဓနုဝေဂနုန္နေ၊ လေး၏အဟုန်ဖြင့် ပစ်လွှတ် အပ်ကုန်သော။ ခုရပ္ပေ၊ စဉ်းသွားတို့ကိုဆိုင်း။ ဂဟီတေ၊ ကိုင်စွဲအပ်ကုန်သော။ တိဒိဏ္ဏေ၊ ထက်စွာကုန်သော။ တေလဓောတေ၊ ဆီဖြင့် ဆေးအပ်ကုန်သော။

www.dhammadownload.com

ခင်ဗျ၊ သန်လျက်တို့ကိုငင်း။ ဒိသ္ဒာ၊ မြင်၍။ ဘယသ္မိံ၊ ကြောက်မက်ဘွယ်ရှိသော။ တသ္မိံ မရဏေ၊ ထိုသေခြင်းသည်။ ဝိယူဋ္ဌေ၊ ရှေ့ ရှု ထင်သည်ရှိသော်။ ဝိပုလံ၊ များသော။ ဥဠာရံ၊ မြတ်သော။ ဝေဒံ၊ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းကို။ အလတ္ထံ၊ ရ၏။

ဝေဒဇာတော၊ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်း ရှိသော။ သော အဟံ၊ ထိုငါသည်။ အမိတ္တော၊ ရန်သူတို့ကို။ အဇ္ဈဘဝိံ၊ လွှမ်းမိုးပြီ။ ပုဗ္ဗေဝ၊ ရှေးဦးသာလျှင်။ မေ၊ ငါသည်။ ဇီဝိတံ၊ အသက်ကို။ စတ္တံ၊ စွန့်အပ်သည်။ အာသိ၊ ဖြစ်ပြီ။ ဟိ သစ္စံ၊ မှန်၏။ ဇီဝိတေ၊ အသက်၌။ အာလယံ၊ တပ်စွန်းခြင်းကို။ ကုဗ္ဗမာနော၊ ပြုသော။ သူရော၊ သူရဲသည်။ ကဒါစိ၊ တရံတဆစ်မျှ။ သူရကိစ္စံ၊ သူရဲကိစ္စကို။ န ကယိရာ၊ မပြုနိုင်ရာ။

ဤသို့ ထိုတောအုပ်စောင့် အကြီးသည် သူတပါးအား စွန့်အပ်သော အသက်၌ တပ်စွန်းခြင်းကို လွှတ်သဖြင့် မိမိ၏သူရဲကိစ္စကို သိစေ၍ လှည်းကုန်သည်သားကို လွှတ်လိုက်၍ မိမိရှာသို့သာလျှင် ပြန်၍ ဒါန အစရှိသော ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း သမ္မည္ဇ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ လျော့သော ဝီရိယရှိသော ရဟန်းသည် အရဟတ္တဖိုလ်၌တည်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ တောအုပ်စောင့် အကြီး ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အသက်ကိုစွန့်၊ မင်္ဂတွန့်၊ ရဲဝံ့အာဇာနည်)

ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော ခုရပ္ပဇာတ်သည် ပြီး၏။

www.dhammadownload.com

၁၆-ဝါတဂ္ဂသိန္ဓဝဇာတ်

အမှုလွန်သော,မ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော ဂလာကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ယေနာသိ ကိသိယာ ပဏ္ဍု" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝါတဂ္ဂသိန္ဓဝဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **သာဝတ္ထိပြည်၌ တယောက်သော သူကြွယ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ သာဝတ္ထိပြည်၌ အဆင်းလှသော တယောက်သော မိန်းမသည် အဆင်းလှသော တယောက်သော သူကြွယ်ကို မြင်၍ တပ်စွန်းသောစိတ်ရှိသတတ်၊ ကိုယ်အလုံးကိုမီးလောင်သကဲ့သို့ ထိုမိန်းမ၏ ကိုယ်တွင်း၌ ကိလေသာမီးသည် ဖြစ်၏၊ ထိုမိန်းမသည် ကိုယ်၏ ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်းကို မရ၊ ထမင်းကိုလည်း မစား ညောင်ဆောင်းပေါင်ကိုလျှင် ကိုင်၍ အိပ်၏၊ ထိုအခါ ထိုမိန်းမကို အလုပ်အကျွေးတို့သည်၎င်း အဆွေခင်ပွန်း တို့သည်၎င်း မိခင် သင်သည် အဘယ့်ကြောင့်လျှင် တုန်လှုပ်သော စိတ်ရှိသည် ဖြစ်၍ ညောင်ဆောင်းပေါင်ကို ကိုင်၍ အိပ်သနည်း၊ သင့်အား အဘယ် ရောဂါ ဝေဒနာ ဖြစ်သနည်းဟု မေးကုန်၏၊ ထိုသို့ မေးကုန်လတ်သော် အလုပ်အကျွေး အဆွေခင်ပွန်းတို့အား တကြိမ် နှစ်ကြိမ် မေးသောကာလ၌ မပြောမူ၍ အဖန် တလဲလဲ မေးအပ်သည်ရှိသော် ထိုအကြောင်းကို ကြား၏၊ ထိုအခါ ထိုမိန်းမကို အလုပ်အကျွေး အဆွေခင်ပွန်းဖြစ်ကုန်သော မိန်းမတို့သည် နှစ်သိမ့်စေ၍ ရှင်မ သင်သည် မကြံလင့် ငါတို့သည် ထိုသူကြွယ်ကို ဆောင်ကုန်အံ့ဟု ဆို၍ သွား၍ သူကြွယ်နှင့်တကွ ပြောဆိုကုန်၏၊ ထိုသူကြွယ်သည် ငြင်းပယ်၍ အဖန်တလဲလဲ ဆိုအပ်သည်ရှိသော် သည်းခံ၏၊ ထိုမိန်းမတို့သည် ဤမည်သောနေ့ ဤမည်သော အချိန် လာလေ့ဟု ထိုသူကြွယ်ကို ဝန်ခံခြင်းကို ယူစေ၍ သွား၍ ထိုမိန်းမအား ပြောဆိုကုန်၏၊ ထိုမိန်းမသည် မိမိနေရာတိုက်ခန်းကို ပြင်ဆင်၍ ကိုယ်ကို တန်ဆာဆင်၍ အိပ်ရာ အပြင်၌ နေလျက် သူကြွယ်သည် လာ၍ အိပ်ရာတပိုင်း၌ နေလတ်သော် ငါသည် ဤသူကြွယ်အားအလေးမပြုမူ၍ ယခုပင်လျှင် အကယ်၍ အခွင့်ပြုချေအံ့၊ ငါ့အား အစိုးရသော အဖြစ်သည် ယုတ်လတ္တံ့၊ လာသော နေ့၌လျှင် အခွင့်ပြုခြင်းမည်သည်ကား မလျော်မသင့်၊ ယနေ့ သူကြွယ်ကို မျက်နှာမသာအောင် ပြုလိုက်၍ တပါးသောနေ့မှ အခွင့်ပြုအံ့ဟု ကြံ၏၊ ထိုအခါ လက်ကိုကိုင်ခြင်း အစရှိသည်၏ အစွမ်းအားဖြင့် ကစားအံ့သောငှါ အားထုတ်

www.dhammadownload.com

သော သူကြွယ်ကို လက်၌ ကိုင်၍ ဖဲလေ ဖဲလေ ငါ့အား သင်ဖြင့် အလိုမရှိဟု မြစ်၏၊ သူကြွယ်သည် နောက်သို့ဆုတ်လျက် ရှက်၍ ထပြီးသော် မိမိအိမ်သို့လျှင် သွား၏။

တပါးကုန်သောမိန်းမတို့သည် ထိုမိန်းမသည် လက်ကိုင်မခံခြင်း အစရှိသော အဖြစ်တို့ကို သိ၍ သူကြွယ်ထွက်သွားသော် ထိုမိန်းမသို့ ချဉ်းကပ်၍ သင်သည် ထိုသူကြွယ်၌ တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ အစာအာဟာရတို့ကို ပယ်လျက် အိပ်၏၊ ထိုအခါ ငါတို့သည် ထိုသူကြွယ်ကို အဖန်တလဲလဲ တောင်းပန်၍ ဆောင်ကုန်၏၊ ထိုသူကြွယ်အား အဘယ်အကြောင်းကြောင့် ခွင့်မပြုသနည်းဟု မေးကုန်၏၊ ထိုမိန်းမသည် ထိုအကြောင်းကိုကြား၏၊ တပါးသော မိန်းမတို့သည် ထိုသို့တပြီးကား သင်သိလတ္တံ့ဟု ဆို၍ ဖဲကုန်၏၊ သူကြွယ်သည် တဖန်ပြန်၍ မကြည့်၊ ထိုမိန်းမသည် ထိုသူကြွယ်ကို မရ၍ အစာစားခြင်း ကင်းသည်ဖြစ်၍ အသက်ကုန်ခြင်းသို့ ရောက်၏၊ သူကြွယ်သည် ထိုမိန်းမ၏ သေသောအဖြစ်ကို သိ၍ များစွာသော ပန်း, နံ့သာပျော်ငှက်တို့ကိုယူ၍ ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ပူဇော်၍ တင့်အပ်လျောက်ပတ်စွာ နေ၏၊ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသည် သီတင်းသည် သင်္ကန်းအဘယ့်ကြောင့် မထင်လာသနည်းဟု မေးတော်မူ၏၊ ထိုအကြောင်းကို ကြားလျှောက်၏၊ ဘုန်းတော်ကြီးသော အရှင်ဘုရား ထိုမျှလောက်သော ကာလပတ်လုံး အကျွန်ုပ်သည် ရှက်၍ အရှင်ဘုရားသို့ ဆည်းကပ်အံ့သောငှါ မလာပေသည်ဟု လျှောက်လတ်သော် သီတင်းသည် ထိုမိန်းမသည် ယခုအခါ၌သာလျှင် ကိုလေသာ၏ အစုမ်းအားဖြင့် သင့်ကို ခေါ်စေ၍ လာသော ကာလ၌ အခွင့်ကို မပြုဘဲ ရှက်စေသည် မဟုတ်သေး၊ ရှေး၌လည်း ပညာရှိတို့၌ တပ်စွန်းသောစိတ်ရှိသည်ဖြစ်၍ ခေါ်စေ၍ လာသောကာလ၌ အခွင့်ကို မပြုမူ၍ ပင်ပန်းစေ၍ လွှတ်ဘူး၏ဟု မိန့်တော်မူ၍ ထိုဒါယကာသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိန္ဓောမျိုး၌ ဖြစ်၍ ဝါတဂ္ဂသိန္ဓဝမည်သော မင်္ကလာမြင်း ဖြစ်၏၊ မြင်းထိန်းတို့သည် ထိုဝါတဂ္ဂသိန္ဓဝမြင်းကို ဆောင်၍ ဂင်္ဂါနားဌ ရေချိုးကုန်၏၊ ထိုအခါ သိန္ဓောမြင်းကို ဘဒ္ဒလိမည်သော မြည်းမသည် မြင်၍ တပ်စွန်းသောစိတ် ရှိသည်ဖြစ်၍ ကိုလေသာ၏ အစုမ်း

www.dhammadownload.com

အားဖြင့် တုန်လှုပ်လျက် မြက်ကိုမစား ရေကို မသောက် ခြောက်တပ် ကြုံလို၍ အရိုးအရေမျှ ကြွင်းသည် ဖြစ်၏၊ ထိုအခါ သားမြည်းငယ်သည် ခြောက်တပ် ကြုံလိုသော အမိကိုမြင်၍ မိခင် သင်သည် အဘယ့်ကြောင့် မြက်ကို မစား ရေကို မသောက် ခြောက်တပ်ကြုံလိုသည်ဖြစ်၍ ထိုထိုသော အရပ်၌ တုန်လှုပ်လျက် အိပ်သနည်း၊ သင့်အား အဘယ်ရောဂါ ဝေဒနာ ဖြစ်သနည်းဟု မေး၏၊ထိုမြည်းမသည် မပြောမဆိုမူ၍သာလျှင် အဖန်တလဲလဲမေးမှ ထိုအကြောင်းကို ပြောဆို၏၊ ထိုအခါမြည်းမကို သားသည်နှစ်သိမ့်စေ၍ မိခင်သင်မစိုးရိမ်လင့်၊ငါသည် သိန္ဓော မြင်းကို ဆောင်၍ ပေးအုံဟု ဆို၍ ဝါတဂ္ဂသိန္ဓောမြင်း ရေချိုးအံ့ သောဌါလာ သောကာလ၌ ဆည်းကပ်၍ သခင် အကျွန်ုပ်၏အမိသည် သင်တို့၌ တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ အာဟာရစားခြင်းမှ ကင်းလျက် ခြောက်တပ်၍ သေလတ္တံ့၊ ထိုအမိအား အသက်အလှူကို ပေးပါကုန်လော့ဟု ဆို၏၊ ချစ်သား ကောင်းပြီ ပေးအုံဟု မြင်းထိန်းတို့သည် ငါ့ကို ရေချိုး၍ အတန်ငယ် ဂင်္ဂါမြစ်ကမ်းနား၌ ထား၍ ကျက်စားစိမ့်သောဌါ လွှတ်ကုန်လတ္တံ့၊ သင်သည် အမိဂုဏ်ခေါ်၍ ထိုအရပ်သို့ လာလော့ဟု သိန္ဓောမြင်း ဆို၏၊ မြည်းငယ်သည် သွား၍ အမိကို ဆောင်၍ ထိုအရပ်၌ လွှတ်၍ သင့်အပ်သောအရပ်၌ ပုန်းကွယ်လျက် နေ၏။

မြင်းထိန်း တို့သည်လည်း ဝါတဂ္ဂသိန္ဓောမြင်းကို ထိုအရပ်၌ လွှတ်ကုန်၏၊ ထို၀ါတဂ္ဂသိန္ဓောမြင်းသည် ထိုမြည်းမကို ကြည့်၍ ချဉ်းကပ်၏၊ထိုအခါ ထိုမြည်းမသည် ဝါတဂ္ဂသိန္ဓောမြင်း ချဉ်းကပ်လာ၍ မိမိကိုယ်ကို နမ်းသည်ရှိသော် ငါသည် အလေးမပြုမူ၍ လာသောဓဏ်၌လျှင် သိန္ဓောမြင်းအား အခွင့်ကို အာယ်၍ ပြုအုံ၊ ဤသို့ပြုသည်ရှိသော် ငါ့အား အခြံအရံ စည်းစိမ်ချမ်းသာသည် ယုတ်လတ္တံ့ အလိုမရှိသကဲ့သို့ ဖြစ်ခြင်းဌါ သင်၏ဟု ကြံ၍ သိန္ဓောမြင်း၏ အောက်မေး၌ ခြေဖြင့်ကျောက်ကန်၍ ပြေး၏၊ သိန္ဓောမြင်းအား သွားကျိုးအံ့သကဲ့သို့ ဖြစ်၏၊ ဝါတဂ္ဂသိန္ဓောမြင်းသည်လည်း ငါ့အား ထိုမြည်းမဖြင့် အလိုမရှိဟု ရှက်၍ ထိုအရပ်မှ ပြေး၏၊ ထိုမြည်းမသည် နှလုံးမသာသည်ဖြစ်၍ ထိုအရပ်၌လျှင် လည်း၍ စိုးရိမ်လျက် ဝပ်၏၊ ထိုအခါ သားသည် အမိထံသို့ ချဉ်းကပ်၍ မေးလိုရကား—

၄၆ ယေနာသိ ကိသိယာ ပဏ္ဍု၊ ယေန ဘတ္တံ နု ရုစ္စတိ။
အယံ သော အာဂတော ဘတ္တာ၁၊ ကသ္မာ ဒါနိ ပလာယသိ။

ဟူသော ရွေးဦးစွာသော ဤဂါထာကို ဆို၏။

---

၁ တာတော (သီ၊ သျာ၊ ဇ)

www.dhammadownload.com

အမ္မ၊ မိခင်။ ယေန၊ အကြင်သိန္ဓောမြင်းဌ် တပ်စွန်းသော စိတ်ရှိသော ကြောင့်။ တုံ၊ သင်သည်။ ကိသိယာ၊ ကုံလို့၏။ ပဏ္ဍု၊ ဖြောတောခြင်းရှိသည်။ အသိ၊ ဖြစ်၏။ ယေန၊ အကြင် သိန္ဓောမြင်းဌ် တပ်စွန်းသောစိတ် ရှိသော အကြောင်းကြောင့်။ တယာ၊ သင်သည်။ ဘတ္တံ၊ အစာကို။ န ရုစ္စတိ၊ မနှစ်သက်။ သော အယံ ဘတ္တာ၊ထိုသိန္ဓောမြင်းသည်။ အာဂတော၊ လာ၏။ ကဿ၊ အဘယ့်ကြောင့်။ ဒါနိ၊ ယခု။ ပလာယသိ၊ ပြေးစေဘိသနည်း။

မြည်းမည် သား၏စကားကို ကြား၍—

၄၇ သစေ် ပနာဒိကေနေဝ၊ သန္ဓဝေါ နာမ ဇာယတိ။
ယသော ဟာယတိ ဣတ္ထိနံ၊ တသ္မာ တာတ ပလာယဟံ'။

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

တာတ၊ ချစ်သား။ အာဒိကေနေဝ၊ အစဉ်သာလျှင်။ သန္ဓဝေါနာမ၊ ပေါင်းဘော်ခြင်း မည်သည်ကား။ သစေ ပန ဇာယတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ဣတ္ထိနံ၊ မိန်းမတို့အား။ ယသော၊ စည်းစိမ်ချမ်းသာ အခြံအရံသည်။ ဟာယတိ၊ ယုတ်တတ်၏။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ တံ၊ ထိုသိန္ဓောမြင်းကို။ ပလာယိံ၊ ပြေးစေ၏။

ထိုမြည်းမသည် သားအား ဤသို့ ပြုခြင်းသည် မိန်းမတို့၏ သဘောတည်းဟု ပြောဆို၏။

၄၈ ယသဿိနံ ကုလေ ဇာတံ၊ အာဂတံ ယာ နု ဣစ္ဆတိ။
သောစတိ စိရရတ္တာယ၊ ဝါတဂ္ဂမိဝ ဘဒ္ဒလိ။

ဟူသော သုံးခုမြောက်မသော ဤဂါထာကိုကား မြတ်စွာဘုရားသည် သစ္စာလေးပါးကို သိတော်မူပြီးသည်ဖြစ်၍ ဟောတော်မူ၏။

ယာ ဣတ္ထိ၊ အကြင်မိန်းမသည်။ အာဂတံ၊ ရောက်လာသော။ ကုလေ ဇာတံ၊ အမျိုးဌ်ဖြစ်သော။ ယသဿိနံ၊ စည်းစိမ်နှင့်ပြည့်စုံသော ယောကျ်ားကို။ န ဣစ္ဆတိ၊ အလိုမရှိ။ ဘဒ္ဒလိ၊ ဘဒ္ဒလိမည်သော မြည်းမ်သည်။ ဝါတဂ္ဂံ၊ ဝါတဂ္ဂသိန္ဓောမြင်းကို။ သောစတိ ဣဝ၊ စဲ့၍စိုးရိမ်စေဘိသကဲ့သို့။ သာ ဣတ္ထိ၊ ထိုမိန်းမသည်။ စိရရတ္တာယ၊ အခါလေးမြင့်။ သောစတိ၊ စိုးရိမ်ရ၏။

---

၁ နခေါ (သျှာ၊က) ၂ ပလာယိဟံ (သျှာ၊က)

www.dhammadownload.com

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ထိုမိန်းမသည် ထိုအခါ မြည်းမ ဖြစ်ဘူးလေပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဝါတဂ္ဂသိန္ဓောမြင်း ဖြစ်ဘူးလေပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အမှုလွန်က၊ ချစ်သူလွဲ၊ သေပွဲရောက်တော့သည်)

ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဝါတဂ္ဂသိန္ဓဝဇာတ်သည် ပြီး၏။

---

၁၇ ကဏ္ဍကဇာတ်

မ-သံ

ပန္ဒုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "သိဂီ မိဂေါ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကဏ္ဍကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **မထင်ရှားသော မိန်းမ**ကို အကြောင်းပြု၍ ဟောတော်မူ၏။ သာဝတ္ထိပြည်၌ တယောက်သော သူကြွယ်သည် မိမိ၏မယားကို ယူ၍ ကြွေးမြိုဆပ်အံ့သောငှါ ဇနပုဒ်သို့သွား၍ ကြွေးမြီကို ဆပ်၍ ပြန်လတ်သော် လမ်းအကြား၌ ခိုးသူတို့သည် ဖမ်း၏၊ ထိုသူကြွယ်၏ မယားသည်ကား အဆင်းလှ၏၊ ကြည်ညိုဘွယ်ရှိ၏၊ ခိုးသူကြီးသည် ထိုမိန်းမ၌ ချစ်သဖြင့် သူကြွယ်ကို သတ်အံ့သောငှါ အားထုတ်၏၊ ထိုမိန်းမသည်ကား သိလရှိ၏၊ အကျင့်နှင့်ပြည့်စုံ၏၊ လင်ကို နတ်ကဲ့သို့ ကိုးကွယ်သည်ဖြစ်၍ ထိုမိန်းမသည် ခိုးသူကြီး၏ခြေတို့၌ ရှိခိုး၍ အရှင်ခိုးသူကြီး အကျွန်ုပ်၌ အကယ်၍ ချစ်ခင်ခြင်းရှိငြားအံ့ အကျွန်ုပ်လင်ကို မသတ်ပါနှင့်၊ အကယ်၍ သတ်ငြားအံ့ အကျွန်ုပ်သည် အဘိုးပ်ကို စား၍ငင်းနှာဓခါင်းလေကို ချုပ်၍ငင်း သေအံ့၊ သင်နှင့်အတူ မလိုက်ရအံ့၊ အကျွန်ုပ်၏ လင်ကို အကြောင်းမရှိသဖြင့် မသတ်ပါလင့်ဟု တောင်းပန်၍ လင်ကိုလွှတ်စေ၏၊ ထိုလင်မယားနှစ်ယောက်တို့သည်လည်းအသက်ချမ်းသာသဖြင့် သာဝတ္ထိပြည်သို့

www.dhammadownload.com

ရောက်၍ ဇေတဝန်ကျောင်းတော်၏နောက်ဖြစ်သော ကျောင်းအစွန်းသို့ဝင်၍ မြတ်စွာဘုရားကို ရှိခိုးကုန်အံ့ဟု ဂန္ဓကုဋီ ပရိဝုဏ်သို့ သွား၍ မြတ်စွာဘုရားကို ရှိခိုး၍ တင့်အပ်လျောက်ပတ်စွာ နေကုန်၏၊ ထိုလင်မယား နှစ်ယောက်တို့ကို သီတင်းသည်တို့ အဘယ်သို့ သွားကြကုန်သနည်းဟု မြတ်စွာဘုရားသည် မေးတော်မူအပ်သည် ရှိသော် ကြွေးမြီဆပ်အံ့သောငှါ သွားပါကုန်၏ဟု လျှောက်ကုန်၏၊ ခရီးအကြွေး၌ ရောဂါ မရှိသဖြင့် လာရကုန်၏လောဟု မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးသော အရှင်ဘုရား ခရီးအကြွေး၌ အကျွန်ုပ်တို့ကို ခိုးသူတို့သည် ဖမ်းကုန်၏၊ အကျွန်ုပ်ကို သတ်လိုသောခိုးသူကြီးကို ဤမိန်းမသည် တောင်းပန်၍ လွှတ်စေ၏၊ဤမိန်းမကိုမှီ၍ အသက်ကို ရ၏ဟု သူကြွယ်သည် လျှောက်၏၊ သင်္ဃာတို့ မြတ်စွာဘုရားသည် သီတင်းသည် ဤမိန်းမသည် ဤသို့ သင့်အား ယခုအခါ၌သာလျှင် အသက်ကို ပေးဘူးသည် မဟုတ်သေး၊ ရှေး၌ ပညာရှိတို့အားလည်း အသက်ကို ပေးဘူးသည်သာလျှင်တည်းဟု သင်္ဃာတို့ မြတ်စွာဘုရားသည် မိန့်တော်မူ၍ ထိုသူကြွယ်သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဟိမဝန္တာ၌ ရောက်ကြီးသည် ရှိ၏၊ ထိုရောက်၌ ရွှေဗုဇ္ဈန်ကြီးသည် နေ၏၊ ရွှေဗုဇ္ဈန်ကြီး၏ နေရာဖြစ်သောကြောင့် ကုဋ္ဌိရ ရောက်ဟု ထင်ရှား၏၊ ထိုဗုဇ္ဈန်ကြီးသည် ကောက်နယ်တလင်းဝန်း ပမာဏရှိ၏၊ဆင်တို့သည် ထိုဗုဇ္ဈန်မှ ကြောက်ခြင်းကြောင့် ထိုရောက်၌ ကျက်စားအံ့သောငှါ မတတ်နိုင်ကုန်၊ ထိုအခါ ဘုရားလောင်းသည် ထိုကုဋ္ဌိရရောက်ကိုမှီ၍ နေသော ဆင်မင်းကိုစဲ၍ ဆင်မဝမ်း၌ ပဋိသန္ဓေနေ၏၊ ထိုအခါ ထိုဆင်မသည် ကိုယ်ဝန်ကို စောင့်အံ့ဟု တပါးသော အရပ်သို့သွား၍ ကိုယ်ဝန်ကို စောင့်၍ သားကို ဖွား၏၊ ထိုဆင်သည် အစဉ်သဖြင့် လိမ္မာသောအဖြစ်သို့ ရောက်လတ်သော် ကြီးသော ကိုယ်ရှိ၏၊ အစွမ်းနှင့်ပြည့်စုံ၏၊ တင့်တယ်ခြင်းအစုသို့ ရောက်၏၊ မျက်စဉ်းတောင့်ကဲ့သို့ ဖြစ်၏၊ ထိုဆင်သည် တခုသော ဆင်မ၌ ပေါင်းဘော်ခြင်းကိုပြု၍ ဗုဇ္ဈန်ကို ဖမ်းအံ့ဟု မိမိမယားကိုငင်း အမိကိုငင်း ယူ၍ ဆင်အပေါင်းသို့ ချဉ်းကပ်၍ အဘကို ဖူးမြင်၍ ဘခင် အကျွန်ုပ်သည် ဗုဇ္ဈန်ကို ဖမ်းအံ့ဟု ဆို၏၊ ထိုအခါ အဘဆင်သည် ချစ်သား ဗုဇ္ဈန်ကို ဖမ်းအံ့သောငှါ မတတ်နိုင် မဖမ်းလေလင့်ဟု မြစ်၏၊ အဖန်တလဲလဲ ဆိုသည်ရှိသော် သင်သည်လျှင် သိလတ္တံ့ဟု ဆို၏။

ထိုဆင်သည် ကုဋ္ဌိရရောက်ကိုမှီ၍နေကုန်သော ခပ်သိမ်းကုန်သော ဆင်တို့ကို စည်းဝေးစေ၍ ခပ်သိမ်းသော ဆင်တို့နှင့် တတူတကွ ရောက်၏ အနီးသို့ သွား၍

www.dhammadownload.com

ထိုဗုဇ္ဈန်သည် တက်သောကာလ၌ ဖမ်းသလော၊ အစာစားသော ကာလ၌ ဖမ်းသလောဟု မေး၏၊ တက်သော ကာလ၌ ဖမ်းသည်ဟု ကြား၍ ထိုသို့ တပြီးကား သင်တို့သည် ကုဋ္ဌိရရောဂါသို့ သက်၍ အလိုရှိတိုင်း အစာကိုယူပြီး၍ ရွေးဦးစွာ တက်ကြကုန်၊ ငါသည် နောက်၌ နေရစ်အံ့ဟု ဆို၏၊ ဆင်တို့သည် ဘရုဿလောင်းဆင် ဆိုတိုင်း ပြုကြကုန်၏၊ ဗုဇ္ဈန်သည် နောက်မှတက်သော ဘုရားလောင်းကို ညှပ်ဖြင့် ပန်းဘဲတို့၏ သံချောင်းကို ညှပ်ဘိသကဲ့သို့ တက်မ နှစ်ခုတို့ဖြင့် ခြေ၌ မြဲစွာကိုင်၏၊ ဆင်မသည် ဘုရားလောင်းကို မစွန့်မူ၍ အနီး၌ သာလျှင် နေ၏၊ ဘုရားလောင်းသည် ဆဲငင်အပ်သည်ရှိသော် ဗုဇ္ဈန်ကိုဆောင်အံ့ သောငှါ မတတ်နိုင်၊ ဗုဇ္ဈန်သည်ကား ဘုရားလောင်းကိုငင်လျက် မိမိသို့ ရွေးရှု သည်ကို ပြု၏၊ ဘုရားလောင်းသည် သေဘေးမှ ကြောက်သည်ဖြစ်၍ မိသော မြည်ခြင်းကို မြည်၏၊ ခပ်သိမ်းသော ဆင်တို့သည် ဘေးမှ ကြောက်ကုန်ရကား ကြိုးကြာသံနှင့်တူသော အသံကိုမြည်၍ ကျင်ကြီးကျင်ငယ်ကို စွန့်ကုန်လျက် ပြေးကုန်၏၊ ဆင်မသည်လည်း ကြောက်ခြင်းကို သည်းခံအံ့သောငှါ မတတ်နိုင်၍ ပြေးအံ့သောငှါ အားထုတ်၏၊ ထိုအခါ ထိုဆင်မကို ဘုရားလောင်းသည် မိမိအား ဗုဇ္ဈန်၏ ညှပ်မြဲသည်၏အဖြစ်ကို သိစေ၍ ထိုဆင်မကို မပြေးစိမ့်သောငှါ—

၄၉ သိဂ်ိမိဂေါ အာယတစက္ခုနေတ္တော၊
အဋ္ဌိတ္တစော ဝါရိသယော အလောမော။
တေနာဘိဘူတော ကပဏံ ရုဒါမိ၊
မာဟေဝ မံ ပါဏသမံ ဇဟေယျ။

ဟူသော ရွေးဦးစွာသော ဤဂါထာကို ဆို၏။

ကရေဏုကော၊ ဆင်မ။ သိဂ်ိမိဂေါ၊ ရွှေဗုဇ္ဈန်သည်။ အာယတစက္ခုနေတ္တော၊ ရှည်သော မျက်စိရှိ၏။ အဋ္ဌိတ္တစော၊ အရိုးဟူသော အရေရှိ၏။ ဝါရိသယော၊ ရေ၌နေ၏။ အလောမော၊ အမွေးမရှိ။ တေန၊ ထိုရွှေဗုဇ္ဈန်သည်။ အဘိဘူတော၊ နှိပ်စက်အပ်သည်ဖြစ်၍။ အဟံ၊ ငါသည်။ ကပဏံ၊ သနားဘွယ်။ ရုဒါမိ၊ ငို၏။ ပါဏသမံ၊ အသက်နှင့်တူသော။ မံ၊ ငါ့ကို။ မာဟေဝ ဇဟေယျ၊ မစွန့်ပါလင့်။

ထိုအခါ ဘုရားလောင်းအား ဆင်မသည် ပြန်၍ နှစ်သိမ့်စေလျက်—

၅၀ အယျ နတံ ဇဟိဿာမိ၊ ကုဉ္ဇရံ သဋ္ဌိဟာယနံ။
ပထဗျာ စာတုရန္တာယ၊ သုပိယော ဟောသိ မေ တုဝံ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

အယျ၊ အရှင်။ အဟံ၊ ငါသည်။ သင်္ခိဟာယနံ၊ အနုစ်ခြောက်ဆယ် ရှိသော ကာလ၌ အားယုတ်သော။ ကုဋ္ဌံ၊ ဆင်မင်း ဖြစ်သော။ တံ၊ သင့်ကို။ နု ဇဟိဿာမိ၊ မစွန့်အံ့။ စာတုရန္တာယ စ၊ သမုဒ္ဒရာလေးစင်း အဆုံးရှိသော။ ပထဗျာ၊ မြေ၌။ တုဝံ၊ သင့်ကို။ မေ၊ ငါသည်။ သုပိယော၊ အလွန်ချစ်သည်။ အဟောသိ၊ ဖြစ်၏။

ထိုအခါ ဘုရားလောင်းကို တောင်းပန်၍ အရှင် ယခု သင့်ကို ဗုဇ္ဈန်နှင့် တကွ အတန်ငယ် စကားပြောဆို၍ လွှတ်စေအံ့ဟု ဆို၍ ဗုဇ္ဈန်ကို တောင်းပန်လိုရကား—

၅၁ ယေ ကုဋ္ဌိရာ သမုဒ္ဒသ္မိံ၊ ဂင်္ဂါယ ယမုနာယ စ။
တေသံ တွံ ဝါရိဇော သေဋ္ဌော၊ မုဉ္စ ရောဒန္တိယာ မတိံ။

ဟူသော သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

အယျ၊ အရှင်ဗုဇ္ဈန်။ ဝါရိဇော၊ ရေ၌ဖြစ်သော။ တွံ၊ သင်သည်။သမုဒ္ဒသ္မိံ၊ သမုဒ္ဒရာ၌ဌင်း။ ဂင်္ဂါယ စ၊ ဂင်္ဂါ၌ဌင်း။ ယမုနာယ စ၊ ယမုနာ၌ဌင်း။ ယေ ကုဋ္ဌိရာ၊ အကြင်ဗုဇ္ဈန်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေသံ၊ ထိုဗုဇ္ဈန်တို့ထက်။ သေဋ္ဌော၊ မြတ်၏။ တွံ၊ သင်သည်။ ရောဒန္တိယာ၊ ငိုသော ငါ၏။ ပတိံ၊ လင်ကို။ မုဉ္စ၊ လွှတ်လော့။

ဗုဇ္ဈန်သည် ဆင်မအသံ၌ မိန်းမသံဟူသော အာရုံကိုယူ၍ မိန်းမသံသည် ငင်အပ်သော စိတ်ရှိသည်ဖြစ်၍ ဆင်ခြေမှ တက်မတို့ကို ဖြေသက့်သို့ လျော့စေလျက် ဤဆင်သည် လျော့သည်ရှိသော် ဤမည်သော အမှုကို ပြုလတ္တံ့ဟု တစုံတခုကို မသိသည်ဖြစ်၏၊ ထိုအခါ ဆင်သည် ခြေကိုခို၍ ဗုဇ္ဈန်၏ ကျောက်ကုန်းခြံနင်း၏၊ ထိုခဏခြံလျင် အရိုးတို့သည် ကွဲကုန်၏၊ ဆင်သည် ဝမ်းမြောက်သော အသံဖြင့် မြည်၏၊ ခပ်သိမ်းသော ဆင်တို့သည် စည်းဝေး၍ ဗုဇ္ဈန်ကို ထုတ်၍ ရေကန်၏အပဖြစ်သော အပြင်၌ ထားလျက် မှုန့်မှုန့်ညက်ညက် ကြေစေကုန်၏၊ ထိုဗုဇ္ဈန်၏ နှစ်ခုသော တက်မတို့ကို ကိုယ်မှခွဲ၍ လျော်ပတ်သောအရပ်၌ ထားကုန်၏၊ ထိုကုဋ္ဌိရ ရေကန်သည် ဂင်္ဂါမြစ်နှင့် တစင်တည်းဖြစ်၍ ဂင်္ဂါရေပြည့်သောကာလ၌ ရေဖြင့် ပြည့်၏၊ ဂင်္ဂါရေ နည်းသည်ရှိသော် ရေကန်မှ

www.dhammadownload.com

ရေသည် ဂင်္ဂါသို့ ဝင်၏၊ ထိုအခါ နှစ်ခုသော ထက်သော တက်မတို့သည်လည်း ဂင်္ဂါ၌ မျောကုန်၏၊ တခုသော တက်မသည် သမုဒ္ဒရာသို့ဝင်၍ တခုသော တက်မကိုကား ဒသဘာတိကမင်းတို့သည် ရေကန်၌ ကစားကုန်သော် ရကုန်၍ **အာလိင်္ဂမည်သော မရိုးစည်** ကို ပြုကုန်၏၊ သမုဒ္ဒရာသို့ဝင်သော တက်မကိုကား အသုရာတို့သည် ယူကုန်၍ **အာလမ္ဗရမည်သောစည်** ကို ပြုကုန်၏၊ ထိုအသုရာတို့သည် နောက်ကာလ၌ သိကြားမင်းနှင့် စစ်ထိုးကုန်လတ်သော် ရှုံးကုန်၍ အာလမ္ဗရ စည်ကို ပစ်၍ ပြေးကုန်၏၊ ထိုအခါ ထိုအာလမ္ဗရ စည်ကို သိကြားမင်းသည် မိမိအကျိုးငှါ ယူခဲ့စေ၏၊ ထိုစည်ကို ရည်၍ အာလမ္ဗရမိုးဃ်းကဲ့သို့ မြည်၏ဟု ဆိုကြကုန်၏။

ဇာတ်ပေါင်း မြတ်စွာဘုရားသခင်သည် ဤမမဒေသနာကို ဆောင်တော်မူ၍ သစ္စာကိုပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာကိုပြတော်မူသည်၏ အဆုံး၌ နှစ်ယောက်သော လင်မယားတို့သည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ သီတင်းသည်မသည် ထိုအခါ ဆင်မ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဆင် ဖြစ်ဘူးပြီ၊ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

(ပညာဥက္ကဋ္ဌကပ၊ မိန်းမမြတ်၊ ဖြစ်ရပ်အထူး သက်ကယ်ဘူး)

ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကက္ကဋကဇာတ်သည် ပြီး၏။

၁၀- အာရာမဒူသကဇာတ်

ဥယျာဉ်ဖျက်မျောက်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ယော ဝေ သဗ္ဗသမေတာနံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအာရာမဒူသကဇာတ်ကို **ဒက္ခိဏာဂိရိ ဇနပုဒ်၌ မထင်ရှားသော ဥယျာဉ်စောင့်၏သားကို** အကြောင်းပြု၍ ဟောတော်မူ၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ဝါကျတ်ပြီးသည်ရှိသော် ဇေတဝန်ကျောင်းတော်မှ

www.dhammadownload.com

ထွက်၍ ဒက္ခိဏာဂိရိဇနပုဒ်သို့ ဒေသစာရီကြွတော်မူသတတ်၊ ထိုအခါ တယောက်သော သီတင်းသည်သည် ဘုရားအမှူးရှိသော ရဟန်းသံဃာကိုဘိတ်၍ ဥယျာဉ်၌ သီတင်းသုံး နေစေ၍ ယာဂုခဲဘွယ်တို့ဖြင့် ရောင့်ရဲစေ၍ အရှင်ကောင်းတို့သည် ဥယျာဉ်၌ လှည့်လည်ကုန်သည်ရှိသော် ဥယျာဉ်စောင့်နှင့်တကွ လှည့်လည်စေကုန်သတည်းဟု ဆို၍ အရှင်ကောင်းတို့အား သစ်သီးကြီးငယ်တို့ကိုလည်း လှူရစ်လော့ဟု ဆို၍ ဥယျာဉ်စောင့်ကို စေ၏၊ ရဟန်းတို့သည် လှည့်လည်ကုန်သော် တခုသော သစ်ပင်ပြတ်ရာ အရပ်ကို မြင်၍ ဤအရပ်ကား သစ်ပင်ပြတ်၏၊ ဤအရပ်ကား သစ်ပင်သည် မရောက် အကြောင်း အသို့နည်းဟု မေးကုန်၏၊ ထိုအခါ ထိုရဟန်းတို့အား ဥယျာဉ်စောင့်သည် အရှင်ဘုရားတို့ တယောက်သော ဥယျာဉ်စောင့်သားသည် စိုက်ပျိုးအပ်ကုန်သော သစ်ပင်ငယ်တို့၌ ရေလောင်း သည်ရှိသော် အမြစ်ပမာဏဖြင့် ရေလောင်းအံ့ဟု နှုတ်၍ အမြစ်ပမာဏဖြင့် ရေကို လောင်း၏၊ ထိုအကြောင်းကြောင့် ဤအရပ်၌ သစ်ပင်ပြတ်၏ဟု လျှောက်၏၊ ရဟန်းတို့သည် မြတ်စွာဘုရား အထံသို့သွား၍ ထိုအကြောင်းကို လျှောက်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါ၌ သာလျှင် ထိုသူငယ်သည် ဥယျာဉ်ကို ဖျက်သည်မဟုတ်သေး၊ ရှေး၌လည်း ဥယျာဉ်ကို ဖျက်ဘူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်၌ ဝိဿသေနမည်သောမင်းသည် မင်းပြုသည်ရှိသော် ပဲ့သဘင်ကို ကြွေးကြော်သောအခါ၌ ဥယျာဉ်စောင့်သည် ပဲ့သဘင်ကစားအံ့ဟု ဥယျာဉ်၌ နေကုန်သော မျောက်တို့ကို ဤဥယျာဉ်သည် သင်တို့အား ကျေးဇူးများ၏၊ ငါသည် ခုနစ်ရက် ပဲ့သဘင် ကစားခြေအံ့၊ သင်တို့သည် ခုနစ်ရက်ပတ်လုံး စိုက်ပျိုးအပ်ကုန်သော သစ်ပင်တို့၌ ရေလောင်းရစ်ကုန်လော့ဟု ဆို၏၊ ထိုမျောက်တို့သည် ကောင်းပြီဟု ဝန်ခံကုန်၏၊ ထိုဥယျာဉ်စောင့်သည် မျောက်တို့အား ကြိုးအိုးတို့ကို ပေး၍ ဖဲသွား၏၊ မျောက်တို့သည် စိုက်ပျိုးအပ်သော သစ်ပင်ငယ်တို့၌ ရေလောင်းကုန်အံ့ဟု ဆို၏၊ ထိုအခါ မျောက်အပေါင်းကို မျောက်ကြီးသည် အချင်းတို့ ငုံကြဦးလော့ ရေမည်သည်ကို အခါခပ်သိမ်း ရခဲ၏၊ ထိုရေကို စောင့်ရှောက်အပ်၏၊ ထိုဥယျာဉ်၌သစ်ပင်ငယ်တို့သည် နှုတ်၍ အမြစ်ပမာဏကိုသိ၍ရှည်သော အမြစ်ရှိကုန်သော သစ်ပင်ငယ်တို့၌ များစွာသော ရေကို တိုသော အမြစ်ရှိကုန်သောသစ်ပင်တို့၌ အနည်းငယ်သောရေကိုလောင်းခြင်းငှါ သင့်၏ဟု ဆို၏၊ ထိုမျောက်တို့သည် ကောင်းပြီဟုဝန်ခံ၍လျှင် အချို့ကုန်သော မျောက်တို့သည်

www.dhammadownload.com

သစ်ပင်တို့ကို နုတ်၍ သွားကုန်၏၊ အချို့ကုန်သောမျောက်တို့သည် စိုက်ပျိုး၍ ရေလောင်းကုန်၏။

ထိုကာလ၌ ဘုရားလောင်းသည် ဗာရာဏသီပြည်၌ တယောက်သော အမျိုးသားဖြစ်၏၊ ထိုဘုရားလောင်းသည် တစုံတခုသော ပြဿဒယ်ကိစ္စဖြင့် ဥယျာဉ်သို့သွား၍ ထိုသို့ပြုကုန်သော ထိုမျောက်တို့ကို မြင်၍ အဘယ်သူသည် သင်တို့ကို ဤသို့ပြုစေသနည်းဟူမေး၏၊ မျောက်ကြီးသည် စီရင်အပ်သောကြောင့် ဤသို့ပြုအပ်၏ဟု ဆိုသည်ရှိသော် မျောက်ကြီးအား ပညာနည်း၏၊ သင်တို့အားကား အဘယ်သို့ သဘောရှိလေအံ့နည်းဟု အနက်ကို ပြလိုရကား—

၅၂ ယော ဝေ သမ္မသမေတာနံ၊ အဟုဝါ သေဋ္ဌသမ္မတော။
တဿာယံ ဇဒိသီ ပညာ၊ ကိမေဝ ဣတရာ ပဇာ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

သမ္မသမေတာနံ၊ အလုံးစုံဘူသော အမျိုးဋ္ဌဖြစ်ကုန်သော သတ္တဝါတို့တွင်။ ယော၊ အကြင်သတ္တဝါသည်။ ဝေ၊ စင်စစ်။ သေဋ္ဌသမ္မတော၊ မြတ်သည်ဟူသမုတ်အပ်သည်။ အဟုဝါ၊ ဖြစ်ပြီ။ တဿ၊ ထိုသတ္တဝါ၏။ အယံပညာ၊ ဤပညာသည်။ ဇဒိသီ၊ ဤသို့သဘောရှိ၏။ ဣတရာ၊ ဤမှတပါးသော။ ပဇာ၊ သတ္တဝါသည်ကား။ ကိမေဝ၊ အသို့လျှင် သဘောရှိအံ့နည်း။

ဘုရားလောင်း၏စကားကိုကြား၍ မျောက်တို့သည်—

၅၃ ဇဝမေဝ တုဝံ ပြဟ္မေ၊ အနညာယ ဝိနိန္ဒသိ။
ကထံ မူလံ အဒိဿာန၊ ရုက္ခံ ဇညာ ပတိဋ္ဌိတံ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ပြဟ္မေ၊ သူမြတ်။ တုဝံ၊ သင်သည်။ အနညာယ၊ မသိမူ၍။ ဇဝမေဝ၊ ဤအတူသာလျှင်။ အမှေ၊ ငါတို့ကို။ ဝိနိန္ဒသိ၊ ကဲ့ရဲ့၏။ မူလံ၊ အမြစ်ကို။ အဒိဿာန၊ မမြင်မူ၍။ ပတိဋ္ဌိတံ၊ တည်သော။ ရုက္ခံ၊ သစ်ပင်ကို။ အထံ ဇညာ၊ အသို့သိခြင်းဌာ တတ်ကောင်းအံ့နည်း။

www.dhammadownload.com

ထိုစကားကိုကြား၍ ဘုရားလောင်းသည်–

၅၄ နာဟံ တုမ္ဟေ ဝိနိန္ဒာမိ၊ ယေ စညေ ဝါနရာ ဝနေ။
ဝိဿသေနော၀ ဂါရယှော၊ ယဿတ္ထာ ရက္ခရောပကာ။

ဟူသော သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ဝါနရာ၊ မျောက်ဖြစ်ကုန်သော။ ယေ တုမ္ဟေ၊ အကြင်သင်တို့သည်။ ဝနေ၊ တော၌။ ဝသန္တိ၊ နေကုန်၏။ ဧတ တုမ္ဟေ၊ ထိုသင်တို့ကို။ အဟံ၊ ငါသည်။ န ဝိနိန္ဒာမိ၊ မကဲ့ရဲ့။ အညေ၊ တပါးကုန်သော။ တေဿ၊ ဤအရပ်၌၊ ယဿ၊ အကြင်ဝိဿသေနမင်း၏။ အတ္ထာ အတ္ထာယ၊ အကျိုးငှါ။ တုမှာဒိသာ၊ သင်တို့ကဲ့သို့ သဘောရှိကုန်သော သူတို့သည်။ ရက္ခရောပကာ၊ သစ်ပင်ပျိုးကုန်၏။ သော ဝိဿသေနော၀၊ ထိုဝိဿသေနမင်းကိုသာလျှင်။ ဂါရယှော၊ကဲ့ရဲ့အပ်၏။

ဇာတ်ပေါင်း သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဥပဟ္စာဉ်ကို ဖျက်သော သူငယ်သည် ထိုအခါ မျောက်ကြီးဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ မညာရှိသောယောကျ်ားဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(တမိုက်တထွာ၊ ဥာဏ်နုံခြာ၊ လျှင်စွာ ဥယျာဉ်ပျက်)
ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော အာရာမဒူသကဇာတ်သည် ပြီး၏။

၁၉- သုဇာတဇာတ်

နှုတ်ချိုကျိုး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "နဟိ ဝဏ္ဏေန သမ္ပန္နာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ သုဇာတဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **အနာထပိဏ်သူဌေး၏ချွးမ ဝန္ဓယသူဌေး၏ သွီး**

www.dhammadownload.com

ဝိသာခါ၏ ညီမဖြစ်သော သုဇာတာကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုသုဇာတာသည် မျှားစ့ဉာသော အခြံအရံဖြင့် အနာထပိဏ်သူဌေး၏ အိမ်ကို ပြည့်စေလျက် ဝင်သတတ်၊ ငါကား ဆွေကြီးမျိုးကြီး သို့မဟုတ်ဟု မာနဖြင့် ခိုင်မာ၏၊ အမျက်ထွက်တတ်၏၊ ကြမ်းကြုတ်၏၊ ယောက္ခမဝတ်, လင်ဝတ်တို့ကို မပြု၊ အိမ်သူအိမ်သားကို ခြိမ်းချောက်သည်ဖြစ်၍ ရိုက်ပုတ်လျက် လှည့်လည်၏၊ ထိုအခါ တနေ့သ၌ သဗ္ဗညု မြတ်စွာဘုရားသည် ငါးရာကုန်သော ရဟန်းတို့ဖြင့် ခြံရံလျက် အနာထပိဏ်သူဌေး၏အိမ်သို့ကြွ၍ နေတော်မူ၏၊ အနာထပိဏ်သူဌေးကြီးသည် တရားနာလိုသည်ဖြစ်၍ မြတ်စွာဘုရား အထံတော်သို့ ဆည်းကပ်၍ ရှိခိုး၍ နေ၏၊ ထိုခဏ၌ သုဇာတာသည် ကျွန်အမှုလုပ်တို့နှင့် ခိုက်ရန်တွေ့၏၊ သဗ္ဗညု မြတ်စွာဘုရားသည် တရားဟောတော်မူ၍လျှင် ဤအသံကား အဘယ်အသံနည်းဟု မိန့်တော်မူ၍ အရှင်ဘုရား တယောက်သော အမျိုး ချွေးမသည် ရိုသေခြင်းမဲ့၏၊ ထိုအမျိုးချွေးမအား ယောက္ခမဝတ်, လင်ဝတ်သည် မရှိ၊ သဒ္ဓါကြည်ညိုခြင်းမရှိ နှေးညှဉ်ပတ်လုံး ခိုက်ရန်ပြုလျက် သွား၏ဟု သူဌေးကြီးသည် နားတော် လျှောက်၏၊ ထိုသို့ တပြီးကား ထိုအမျိုး ချွေးမကို့ခေါ်ကုန်လော့ဟု ဘုရားမိန့်တော်မူ၏၊ ထိုအမျိုးချွေးမသည် လာ၍ ရှိခိုး၍တင့်အပ်လျှောက်ပတ်စွာ နေ၏။

ထိုအခါ သုဇာတာကို မြတ်စွာဘုရားသည် သုဇာတာ ယောကျ်ားဧ၏မယား တို့သည် ခုနစ်ယောက် ရှိကုန်၏၊ ထိုခုနစ်ယောက်တို့တွင် သင်သည် အဘယ်မယားနည်းဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးသော အရှင်ဘုရား အကျဉ်းအားဖြင့် ဟောအပ်သော တရား၏အနက်ကို အကျယ်အားဖြင့် အကျုန်ပ် မသိနိုင်ပါ ဟောတော်မူပါကုန်လော့ဟု လျှောက်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ထိုသို့တပြီးကား ချသော နားရှိသည်ဖြစ်၍ နာလော့ဟု မိန့်တော်မူ၏။

၁ သုဇာတာ အကြင်မယားသည် တပါးသော ယောကျ်ားတို့၌ တပ်စွန်းသောစိတ် ရှိသည်ဖြစ်၍ မိမိလင်အား ပြစ်မှားသောစိတ် ရှိ၏၊ အကျိုးစီးပွားမဲ့ကို အလိုရှိ၏၊ ဥစ္စာဖြင့် ဝယ်အပ်သော ကျွန်ကဲ့သို့ မဆထမဲ့မြင်ပြု၏ သတ်အံ့သောဟု လုံ့လပြု၏၊ ဤသို့ သဘောရှိသော ထိုမယားကို သူသတ်နှင့်တူသော မယားဟူ၍ ဆိုအပ်၏။

၂ အကြင်မယားသည် လယ်လုပ်ခြင်း, ကုန်သွယ်ခြင်းကိုပြု၍ ဥစ္စာရ၏၊ ထိုဥစ္စာကို အနည်းငယ်မျှသော်လည်း ခိုးယူခြင်းဟု မယားသည် အလိုရှိ၏၊ ထိုမယားကို ခိုးသူနှင့် တူသော မယားဟူ၍ ဆိုအပ်၏။

www.dhammadownload.com

၃ အကြင်မယားသည် အမှုလုပ်လေ့မရှိ ပျင်းရိ၏၊ အစားကြူး၏၊ ကြမ်းကြုတ်၏၊ အမျက်ထွက်တတ်၏၊ မကောင်းသဖြင့် ဆိုကတ်၏၊ လုပ်ဆောင်ကုန်သော သူတို့ကို နှိပ်စက်၍ ဆိုတတ်၏၊ ထိုသို့ သဘောရှိသော မယားကို အရှင်နှင့်တူသော မယားဟူ၍ ဆိုအပ်၏။

၄ အကြင်မယားသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် လင်၏ အကျိုးစီးပွားကို အလိုရှိ၏၊ အမိသည် သားကို စောင့်သကဲ့သို့ လင်ကိုစောင့်၏၊ လင်သည် ဆည်းပူးသော ဥစ္စာကို စောင့်၏၊ ထိုသို့ သဘောရှိသော မယားကို အမိနှင့်တူသော မယားဟူ၍ ဆိုအပ်၏။

၅ အကြင်မယားသည် နှမကြီး, နှမငယ်သည် မောင်၌ ရှိသေခြင်းရှိသကဲ့သို့ မိမိလင်၌ ရှိသေခြင်းရှိ၏၊ လင်၏အလိုသို့ လိုက်၏၊ ထိုသို့ သဘောရှိသော မယားကို နှမနှင့်တူသော မယားဟူ၍ ဆိုအပ်၏။

၆ အကြင်မယားသည် လင်ကိုမြင်၍ ကြာမြင့်စွာသော ကာလမှလာသော အဆွေခင်ပွန်းကိုမြင်၍ ဝမ်းမြောက် ဝမ်းသာရှိ၏သို့ ဝမ်းမြောက်၏၊ သိုလှန့် ပြည့်စုံ၏၊ လင်ကို လုပ်ကျွေးတတ်၏၊ ထိုသို့သဘောရှိသော မယားကို အဆွေခင်ပွန်းနှင့်တူသော မယားဟူ၍ ဆိုအပ်၏။

၇ အကြင်မယားသည် မိမိလင်သည် သတ်ခြင်းဒဏ်ဖြင့် ခြိမ်းချောက်အပ် သည်ရှိသော် လင်အား အမျက်မထွက် သည်းခံ၏၊ လင်၏အလိုသို့ လိုက်၏၊ ထိုသို့သကောရှိသော မယားကို ကျွန်မနှင့်တူသော မယားဟူ၍ ဆိုအပ်၏။ (ဤကား မယားအပြား ခုနစ်ပါးတည်း)

သုဇာတာ ယောကျွဲ၏ မယားတို့သည် ခုနစ်ယောက်တို့တည်း၊ ထိုခုနစ် ယောက်တို့တွင် သူသတ်နှင့်တူသောမယား, ခိုးသူနှင့်တူသောမယား, အရှင်နှင့် တူသောမယားတို့သည် ငရဲ၌ဖြစ်ကုန်၏၊ ဤမှတပါး လေးယောက်ကုန်သော မယားတို့သည် နိမ္မာနရုတိ နတ်ပြည်၌ ဖြစ်ကုန်၏ဟု ဟောတော်မူ၏၊ ဤသို့ သဗ္ဗညု မြတ်စွာဘုရားသည် ခုနစ်ယောက်ကုန်သော မယားတို့ကို ပြတော်မူ စဉ်လျှင် သုဇာတာသည် သောတာပတ္တိဖိုလ်၌ တည်၏၊ သုဇာတာ သင်သည် ဤခုနစ်ယောက်ကုန်သော မယားတို့တွင် အဘယ် မယားနည်းဟု မိန့်တော်

www.dhammadownload.com

မူသည်ရှိသော် ဘုန်းတော်ကြီးသော အရှင်ဘုရား အကျွန်ုပ်သည် ကျွန်မနှင့် တူသော မယားတည်းဟု မြတ်စွာဘုရားကို ရှိခိုး၍ ကန်တော့၏၊ ဤသို့ သဗ္ဗညု မြတ်စွာဘုရားသည် သုဇာတာမည်သော သူဌေးချွေးမကို တကြိမ်တည်းဖြင့် သာလျှင် ဆုံးမတော်မူ၍ ဆွမ်း ဘုဉ်းပေးပြီးသည် ရှိသော် ဇေတဝန် ကျောင်းတော်သို့ကြွတော်မူ၍ ရဟန်းအပေါင်းသည် ဝတ်ကို ပြုအပ်သည်ရှိသော် ဂန္ဓကုဋိသို့ဝင်တော်မူ၏၊ တရားသဘင်၌လည်း ရဟန်းတို့သည် ငါ့သျှင်တို့ မြတ်စွာ ဘုရားသည် တကြိမ်တည်းဖြင့်သာလျှင် သုဇာတာမည်သော သူဌေးချွေးမကို ဆုံးမ၍ သောတာပတ္တိဖိုလ်၌ တည်စေတော်မူ၏ဟု မြတ်စွာဘုရား၏ ကျေးဇူး စကားကို ဖြစ်စေကြကုန်၏၊ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြ ကုန်သနည်းဟု မေးတော်မူ၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် သုဇာတာကို တကြိမ်တည်းသော အဆုံးအမဖြင့် ဆုံးမအပ်သည် မဟုတ်သေး၊ ရှေး၌လည်း သုဇာတာကို တကြိမ်တည်းသော အဆုံးအမဖြင့်သာလျှင်ဆုံးမအပ်ပြီဟုမိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတီဘ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗာရာဏသီမင်း၏ မိဖုယားကြီး ဝမ်း၌ ဖြစ်၍ အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်ကို သင်၍ အဘလွန်သဖြင့် မင်းအဖြစ်၌တည်၍ ဟရားသဖြင့် မင်းပြု၏၊ ထိုဘုရား လောင်း၏ မယ်ဇတော်သည် အမျက်ထွက်တတ်၏၊ ကြမ်းကြုတ်၏၊ ဆဲရေးကြိမ်း မောင်းတတ်၏၊ ဘုရားလောင်းသည် မယ်တော်အား အဆုံးအမကို ပေးလို၍ လည်း အကြောင်းမရှိဘဲ ဆိုခြင်းငှါ မသင့်ဟု နှလုံးသွင်း၍ ထိုမယ်တော်အား ဆုံးမအံ့သောငှါ တခုသော ဥပမာကို ကြည့်လျှက်သွား၏၊ ထိုအခါ တနေ့သ၌ ဥယျာဉ်သို့ မင်းသွားသည်ရှိသော် မယ်တော်သည်လည်း သားနှင့်အတူလျှင် လိုက်၏၊ ထိုအခါ လမ်းအကြား၌ တိတိတုတ်ငှက်သည် မြည်၏၊ ဘုရားလောင်း၏ ပရိသတ်တို့သည်လည်း ထိုအသံကိုကြား၍ နားကိုပိတ်၍ အို ကြမ်းကြုတ်သော ငှက် ရုန့်ရင်းသော အသံရှိသောငှက် သင်မမြည်လင့်ဟု ဆိုကြကုန်၏၊ ဘုရား လောင်းသည် ကခေါ်သည်အပေါင်း ခြံရုံလျှက် မယ်တော်နှင့်တကွ ဥယျာဉ်သို့ လှည့်လည်သည်ရှိသော် ကောင်းစွာ ပွင့်သော တခုသော အင်ကြင်းပင်၌ နားလျှက် တခုသောဥဩသည် သာယာစွာသောအသံဖြင့် မြည်၏၊ လူများသည် ထိုဥဩ၏ သာယာစွာသော အသံဖြင့် ယစ်၍ လက်အုပ်ချီ၍ သိမ်မွေ့သော

www.dhammadownload.com

စကားရှိသောဌက် ပြေပြစ်သော စကားရှိသောဌက် နူးညံ့သော စကားရှိသောဌက် မြည်ဦးလော့ဟု လည်ကိုမော့၍ နားထောင်၍ ကြည့်လျက် ရပ်၏။

ထိုအခါ ဘုရားလောင်းသည် ထိုအကြောင်းနှစ်ပါးကိုမြင်၍ ယခုမယ်တော်ကို သိစေခြင်းငှါ တတ်ကောင်း၏ဟု ကြံ၍ မိခင် လမ်းအကြားဌ် တီတီတွတ်ဌက် အသံကိုကြား၍ လူမျှားသည် အသို့နည်း၊ ဤအသံကို မမြည်လင့် ဤအသံကို မမြည်လင့်ဟု နားတို့ကိုပိတ်၏၊ ကြမ်းကြုတ်သော စကားမည်သည်ကို တစုံတယောက်သောသူသည် မနှစ်သက်ဟု ဆိုလို၍—

၁၅ နဟိ ဝဏ္ဏေန သမ္ပန္နာ၊ မဠုကာ ပိယဒဿနာ။
ခရာ ဝါစာ ပိယာ ဟောတိ၊ အသ္မိံ လောကေ ပရမ္ပိ စ။

၁၆ နနု ပဿသိမံ ကာဠိံ၊ ဒုဗ္ဗဏ္ဏံ တိလကာဟတံ။
ကောကိလံ သက္ကာဘာဏေန၁၊ ဗဟူနံ ပါဏိနံ ပိယံ။

၁၇ တသ္မာ သခိလဝါစဿ၊ မန္တဘာဏိ အနုဒ္ဓတော။
အတ္ထံ ဓမ္မဉ္စ ဒီပေတိ၊ မဓုရံ တဿ ဘာသိတံ။

ဟူသော ဤဂါထာတို့ကို ဆို၏။

အမ္မ၊ မိခင်။ ဝဏ္ဏေန၊ အဆင်းနှင့်။ သမ္ပန္နာ၊ ပြည့်စုံစေကာမူ။ မဠုကာ၊ သာယာသောအသံ ဖြစ်စေကာမူ။ ပိယဒဿနာ၊ ချစ်ဘွယ်သောအသံ ဖြစ်စေကာမူ။ ယာ ဝါစာ၊ အကြင်စကားသည်။ ခရာ၊ ကြမ်းသည်။ ဟောတိ၊ ဖြစ်၏။ သာ ဝါစာ၊ ထိုစကားကို။ အသ္မိံ လောကေ စ၊ ဤလောကဌ်ဌင်း။ ပရမ္ပိ စ၊ တမလွန် လောကဌ်ဌင်း။ နပိယာ၊ မချစ်အပ်။

ကာဠိံ၊ မည်းသော။ ဒုဗ္ဗဏ္ဏံ၊ အဆင်းမလှသော။ တိလကာဟတံ၊ မွဲမည်းစွဲသော။ သက္ကာဘာဏေန၊ သိမ်မွေ့သောတွန်သံကြောင့်။ ဗဟူနံပါဏိနံ၊ များစွာကုန်သော သတ္တဝါတို့သည်။ ပိယံ၊ ချစ်အပ်သော။ ကောကိလံ၊ ဤဥဩကို။ ပဿသိ နနု၊ မြင်၏ မဟုတ်လော့။

တသ္မာ၊ ထို့ကြောင့်။ သခိလဝါစော၊ သိမ်မွေ့သောစကားရှိသည်။ အဿ၊ ဖြစ်ရာ၏။ မန္တဘာဏီ၊ ပညာဖြင့် ဆိုလေ့ရှိသော။ အနုဒ္ဓတော၊ မပျံ့လွင့်သော

---

၁ သက္ကဝါစေန (က)

www.dhammadownload.com

သူသည်။ အတ္ထဥ္ဇ၊ အနက်ကိုဌင်း။ ဓမ္မဥ္ဇ၊ ပါဠိုကိုဌင်း။ ဒီပေတိ၊ ပြ၏။ တဿ၊ ဆိုသူ၏။ ဘာသိတံ၊ စကားသည်။ မဓုရံ၊ ချို၏။

ဤသို့ ဘုရားလောင်းသည် ဤဂါထာတို့ဖြင့် မယ်တော်အား တရားဟော၍ မယ်တော်ကို သိစေ၏၊ ထိုအခါမှစ၍ မယ်တော်သည် အကျင့်နှင့် ပြည့်စုံ၏၊ ဘုရားလောင်းသည်လည်း မယ်တော်ကို တကြိမ်တည်းဖြင့်သာလျှင် အဆုံးအမဖြင့် မာနမရှိသည်ကိုပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ သုဇာတာသည် ထိုအခါ ငါ၏မယ်တော် ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ မင်းဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(နှုတ်ကြွမ်းမောက်စွာ၊ မဲ့မေတ္တာ၊ ချိုသာပြေပြစ် လူတိုင်းချစ်)

ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော သုဇာတဇာတ်သည် ပြီး၏။

၂၀-ဥလူကဇာတ်

ကျီး,ခင်ပုပ် ရန်စ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သဗ္ဗေဟိ ကိရ ဉာတီဟိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဥလူကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ကျီး ခင်ပုပ်တို့၏ ရန်ဖြစ်ခြင်း** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုကာလ၌ ကျီးတို့သည် နေ့အခါ ခင်ပုပ်တို့ကို ထိုးကုန်၏၊ ခင်ပုပ်တို့သည် နေဝင်သောအခါမှစ၍ ထိုထိုအရပ်၌ အိပ်ကုန်သော ကျီးတို့၏ ဦးခေါင်းတို့ကို ဖြတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေကုန်၏၊ ထိုအခါ ဇေတဝန်ကျောင်းတော်၏အစွန်း တခုသော ပရိဝုဏ်၌ နေသော တပါးသော ရဟန်းသည် တံမြက်လှည်းသော ကာလ၌ သစ်ပင်မှကျကုန်သော ခုနစ်ကွမ်းစား, ရှစ်ကွမ်းစား ရှိကုန်သော သွေးဖြင့် အလိမ်းအလိမ်း ကပ်ကုန်သော ကျီးဦးခေါင်းတို့ကို

www.dhammadownload.com

စွန့်အပ်ကုန်၏၊ ထိုရဟန်းသည် ထိုအကြောင်းကို ရဟန်းတို့အား လျှောက်၏၊ ရဟန်းတို့သည် တရားသဘင်၌ အရှင်တို့ ဤမည်သော ရဟန်း၏ နေရာအရပ်၌ နေ့တိုင်း နေ့တိုင်း ဤမျှလောက်ကုန်သော ကျိုးဦးခေါင်းတို့ကို စွန့်ရကုန်၏ဟု စကားကို ဖြစ်စေကုန်၏၊ သင့်ဥူ မြတ်စွာဘုရားသည် ကြွလာတော် မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော် မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ကျိုး,ခင်ပုပ်တို့သည် ခိုက်ရန် ပြုကြသည် မဟုတ်သေး၊ ရှေး၌လည်း ခိုက်ရန်ပြုကြသည် သာလျှင်တည်းဟု မိန့်တော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား အဘယ်အခါ၌ ကျိုး,ခင်ပုပ်တို့သည် ခိုက်ရန် ဖြစ်ကြပါသနည်းဟု နားတော် လျှောက်လတ်သော် ကမ္ဘာဦးကစ၍ ဖြစ်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသော အခါ ကမ္ဘာဦး လူတို့သည် စည်းဝေး၍ တယောက်သော အဆင်းလှသော တင့်တယ်ခြင်းသို့ ရောက်သော အကျင့်နှင့် ပြည့်စုံသော ခပ်သိမ်းသော အခြင်းအရာနှင့်ပြည့်စုံသော ယောကျ်ားကို ယူ၍ မင်းပြုကုန်၏၊အခြေလေးချောင်းတို့သည်လည်း စည်းဝေး၍တခုသောခြင်္သေ့ကို မင်းပြုကြကုန်၏၊ မဟာသမုဒ္ဒရာ၌ ငါးတို့သည် အာနုဘော အမည်ရှိသော ငါးကို မင်းပြုကြကုန်၏၊ ထို့နောက် ငှက်တို့သည် ဟိမဝန္တာ၌ တခုသော ကျောက်ဖျာ၌ စည်းဝေး၍ လူတို့တွင် မင်းသည် ရှိ၏၊ ထို့အတူ အခြေလေးချောင်းတို့၌ရှင်း ငါးတို့၌ရှင်း မင်းသည် ထင်၏၊ ငါတို့၏အတွင်း၌ကား မင်းသည် မရှိ၊ ရှိသေးတုံ့ ဝပ်ခြင်းမရှိသော နေခြင်းမည်သည် မသင့်၊ ငါတို့အားလည်း မင်းကိုရခြင်းငှါ သင့်၏၊ မင်းအရာ၌ ထားခြင်းငှါ လျောက်ပတ်သော တခုသော ငှက်ကို ကြည့်ကြကုန်လော့ဟု ဆို၍ ထိုသို့ သဘောရှိသောငှက်ကို ကြည့်လတ်သော် တခုသော ခင်ပုပ်ကို နှစ်သက်၍ ဤခင်ပုပ်ကို ငါတို့နှစ်သက်၏ဟု ဆို၏၊ ထိုအခါ တခုသော ငှက်သည် ခပ်သိမ်းသော ငှက်တို့၏အလိုကို ယူအံ့သောငှါ သုံးကြိမ် ကြားသိစေ၏၊ နှစ်ကြိမ် ကြားခြင်းတို့ကို သည်းခံ၍ သုံးကြိမ်ကြားသောအခါ၌ တခုသော ကျီးသည် ထ၍ အမျက်မထွက်သေးသော ဤခင်ပုပ်အား ရာဇ အဘိသေကကို ပြုသော ကာလ၌ပင် ဤသို့သဘောရှိသော မျက်နှာကို ကြည့်ပါလော့၊ အမျက်ထွက်သော ခင်ပုပ်၏ မျက်နှာသည် အသို့သဘောရှိသည် ဖြစ်လတ္တံ့နည်း ဤခင်ပုပ်သည် အမျက်ထွက်၍ ကြည့်လတ်သည် ရှိသော် ငါတို့သည် ပူစွာသော အိုးကင်း၌ ထည့်အပ်သော ဆားကဲ့သို့ ထိုကြည့်ရာ

www.dhammadownload.com

အရပ်၌လျှင် ပျက်စီးကုန်အံ့ ဤခင်ပုပ်ကို မင်းပြုအံ့သောငှါ မနှစ်သက်ဟူသော အနက်ကို ပြအံ့သောငှ?—

၅၀ သဗ္ဗေဟိ ကိရ ဉာတီဟိ၊ ကောသိယော ဇာသရော ကဇေတာ။
သစေ ဉာတီဟိ အနိညာဇေတာ၊ ဘဇေထယျာဟံ ဇေဝါစိကံ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော။ ဉာတီဟိ၊ အဆွေ အမျိုး တို့သည်။ ကောသိယော၊ ခင်ပုပ်ကို။ ဇာသရော၊ မင်းကို။ ကတော ကိရ၊ ပြုသတတ်။ ဉာတီဟိ၊ အဆွေအမျိုးတို့သည်။ သစေ အနုညာတော၊ အကယ်၍ခွင့်ပြုငြားအံ့။ အဟံ၊ ငါသည်။ ဇေဝါစိကံ၊ တခွန်းသော စကားကို။ ဘဇေထယျ၊ ဆိုလို၏။

ထိုအခါ ကျီးကို ခွင့်ပြုလိုကုန်သော ဌက်တို့သည်—

၅၉ ဘဇ သမ္မ အနုညာတော၊ အတ္တာ ဓမ္မဉ္စ ဇေဝလ။
သန္တိ ဟိ ဒဟရာ ပက္ခိ၊ ပညာဝန္တော ဇုတိန္ဓရာ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကိုဆို၏။

သမ္မ၊ အဆွေကျီး။ အနုညာတော၊ ငါတို့ခွင့်ပြု၏။ ကဲ့၊ သင်သည်။ဇေဝလံ၊ သက်သက်သော။ အတ္တာဉ္စ၊ အကျိုးကိုဂုဏ်း။ ဓမ္မဉ္စ၊ အကြောင်းကိုဂုဏ်း။ ဘဇ၊ ဆိုလော။ ဟိ သစ်၊ မှန်၏။ ဒဟရာ၊ ငယ်ကုန်သော။ ပညာဝန္တော၊ ပညာရှိကုန်သော။ ဇုတိန္ဓရာ၊ ထွန်းပခြင်းကို ဆောင်ကုန်သော။ ပက္ခိ၊ ဌက်တို့သည်။ သန္တိ၊ ရှိကုန်၏။

ဤသို့ ခွင့်ပြုအပ်သည်ရှိသော် ထိုကျီးသည်—

၆၀ န ဓေမ ရုစ္စတိ ဘဒ္ဒံ ဝေါ၊ ဥလူကဿာဘိသေစနံ။
အက္ကုဒ္ဓဿ မုခံ ပဿ၊ ကထံ ကုဒ္ဓေါ ကရိဿတိ။

ဟူသော သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ဝေါ၊ သင်တို့အား။ ဘဒ္ဒံ၊ ကောင်းခြင်းသည်။ ဟော့တု၊ဖြစ်ပါစေသတည်း။ မေ၊ ငါသည်။ ဥလူကဿ၊ ဤခင်ပုပ်အား။ အဘိသေစနံ၊ အဘိသိက်သွန်း

www.dhammadownload.com

လောင်းခြင်းကို။ နှ ရုစ္စတိ၊ မနုစ်သက်။ အက္ကုဒ္ဓဿ၊ အမျက် မထွက်သော ခင်ပုပ်၏။ မုခံ၊မျက်နှာကို။ ပဿ၊ ရှုပါလော့။ ကုန္ဒေါ၊ အမျက်ထွက်သော်ကား။ ကထံ ကရိဿတိ၊ အသို့ပြုလတ္တံ့နည်း။

ထိုကျီးသည် ဤသို့ဆို၍ ငါမနုစ်သက် ငါမနုစ်သက်ဟု မြည်လျက် ကောင်းကင်သို့ ပျံ၏၊ ခင်ပုပ်ငှက်သည်လည်း ထ၍ ထိုကျီးကို လိုက်၏၊ ထိုအခါမှစ၍ အချင်းချင်း ရန်ငြိုးဖွဲ့ကြကုန်၏၊ငှက်တို့သည်ရှေဟသ်ကို မင်းပြု၍ ဖဲကြကုန်၏။

ဇာတ်ပေါင်း သမ္မည္ဇ မြတ်စွာဘုရားသည် ဤမေမဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကိုပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ များစွာသော ရဟန်းတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့၌ တည်ကုန်၏။ အဘယ်သို့ဇာတ်ကိုပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါမင်းအဖြစ်၌ အဘိသိက် ဿန်းလောင်းသော ဟသ်ာငယ် ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ခင်ပုပ်နှင့်ကျီး၊ ရန်စမိုး၊ ဖြစ်နည်းမှတ်ပါ ကမ္ဘာဦးခါ)

ဆယ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဥလူကဇာတ်သည် ပြီး၏။

---

၄ ဥဒပါနဝဂ် ၂၁-ဥဒပါနဒူသကဇာတ်

မြေခွေးညစ်

ပစ္စုပ္ပန်ဝတ္ထု၊ နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သမ္မည္ဇ မြတ်စွာဘုရားသည် "အာရညိကဿပ္ပသိနော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်ဒုပ်သော ဤဥဒပါနဒူသကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ဇရတ္ထေရ်ကို ဖျက်ဆီးသော တခုသောမြေခွေး**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ တခုသော မြေခွေးသည် ရဟန်းသင်္ဃာ၏ သောက်ရေတွင်းကို ကျင်ကြီးစွန့်ခြင်း ကျင်ငယ်စွန့်ခြင်းကို ပြု၍ ဖျက်ဆီး၍

www.dhammadownload.com

သွား၏၊ ထိုအခါ တနေ့သ၌ ရေတွင်းအနီးသို့ ရောက်လာသော မြေခွေးကို သာမဏေတို့သည် ခဲ,အုတ်တို့ဖြင့် ပစ်ခတ်၍ ပင်ပန်းစေကုန်၏၊ ထိုမြေခွေးသည် ထိုအခါမှစ၍ ထိုအရပ်ကို ပြန်၍မကြည့်ဝံ့၊ ရဟန်းတို့သည် ထိုအကြောင်းကို သိ၍ တရားသဘင်၌ ငါ့သျှင်တို့ ရေတွင်းကို ဖျက်ဆီးသော မြေခွေးကို သာမဏေတို့သည် ပင်ပန်းစေအပ်သော ကာလမှစ၍ တဖန်ပြန်၍ ထိုအရပ်ကို မကြည့်ဝံ့ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ထိုမြေခွေးသည် ယခုအခါ၌ သာလျှင် ဖျက်ဆီးသည် မဟုတ်သေး၊ ရှေး၌လည်း ဖျက်ဆီးဘူးသလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဤဂူသိပတန အရပ်၌ ဤရေတွင်းသည် ဖြစ်၏၊ ထိုအခါဘုရားလောင်းသည် ဗာရာဏသီပြည်၌ အမျိုးအိမ်၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ရသေ့ ရဟန်းပြု၍ ရသေ့အပေါင်းခြံရံလျက် ဤသိပတနအရပ်၌ နေ၏၊ ထိုအခါ တခုသော မြေခွေးသည် ဤရေတွင်းကို ဖျက်ဆီး၍ သွား၏၊ ထိုအခါ တနေ့သ၌ ထိုမြေခွေးကို ရသေ့တို့သည် ဝန်းရံ၍ တည်ကုန်လျက် တခုသော ဥပါယ်တမျှဖြင့် ဖမ်း၍ ဘုရားလောင်း၏ အထံသို့ ဆောင်ခဲ့ကုန်၏၊ ဘုရားလောင်းသည် မြေခွေးနှင့်တကွ စကားဆိုလိုရကား—

၆၁ အာရညိကဿ ဤသိနော၊ စိရရတ္တ တပဿိနော။
ကိစ္ဆာကတံ ဥဒပါနံ၊ ကထံ သမ္မ အဝါဟသိ။

ဟူသော ဤဂါထာကို ဆို၏။။

သမ္မ၊ အချင်း မြေခွေး။။ အာရညိကဿ၊ တောဠ်နေထသော။။ ဤသိနော၊ သီလ အစရှိသော ကျေးဇူးကို ရှာတတ်ထသော။။ စိရရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။။ တပဿိနော၊ ခြိုးခြံသော ရသေ့အပေါင်းသည်။။ ကိစ္ဆာကတံ၊ ပြုပြင်သဖြင့် ပြုအပ်သော။။ ဥဒပါနံ၊ ရေတွင်းကို။။ ကထံ၊ အဘယ့်ကြောင့်။။ အဝါဟသိ၊ ကျင်ကြိုး ကျင်ငယ်စွန့်သဖြင့် ဖျက်ဆီးဘိသနည်း။။

www.dhammadownload.com

ထိုစကားကို ကြား၍ မြေခွေးသည်-

၆၂ သေ ဓမ္မော သိဂ်ါလာနံ၊ ယံ ပိက္ခ၊ သြဟဒါမဓေသေ။
ပိုတု ပိတာမဟံ ဓမ္မော၊ နကံ ဥဇ္ဈာတုမရဟာသိ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

သမ္မ တာပသ၊ အချင်းရသော့၊ ယံ၊ အကြင်ဓေတုင်းကို။ ပိတ္ဝာ၊ သောက်၍။ မယံ၊ငါတို့သည်။သြဟဒါမသေ၊ကျင်ကြီး ကျုင်ငယ်စွန့်ကုန်၏။ဓေသေ၊ ဤကျုင်ကြီး ကျင်ငယ် စွန့်ခြင်းသည်။ သိဂ်ါလာနံ၊ မြေခွေးတို့၏။ ဓမ္မော၊ သဘောတည်း။ ပိုတုပိတာမဟံ၊ အဘ အဘိုးတို့၏။ ဓမ္မော၊ သဘောတည်း။ တံ၊ ထိုအဘ အဘိုးတို့မှ လာသောအကျင့်ကို။ ဥဇ္ဈာတုံ၊ စွန့်အံ့သောဌ။ နအရဟာသိ၊မထိုက်။

ထိုအခါ မြေခွေးအား ဘုရားလောင်းသည်—

၆၃ ယေသံ ဝေါ ဧဒိသော ဓမ္မော၊ အဓမ္မော ပန ကီဒိသော။
မာ ဝေါ ဓမ္မံ အဓမ္မံ ဝါ၊ အဒ္ဒသာမ ကုဒါစနံ။

ဟူသော သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

သိဂ်ါလ၊ မြေခွေး။ ယေသံ ဝေါ၊ အကြင် သင်တို့၏။ ဓမ္မော၊ အကျင့် သဘောသည်။ ဧဒိသော၊ ဤသို့သဘောရှိ၏။ အဓမ္မော ပန၊ အဓမ္မသည် တမူကား။ ကီဒိသော၊ အဘယ်သို့ သဘောရှိလတ္တံ့နည်း။ ဝေါ၊ သင်တို့၏။ ဓမ္မံ ဝါ၊သဘောအကျင့်ကိုဌင်း။အဓမ္မံ ဝါ၊သဘောမဟုတ်သော အကျင့်ကိုဌင်း။ မယံ၊ ငါတို့သည်။ ကုဒါစနံ၊ တရံတဆစ်မျှ။ မာ အဒ္ဒသာမ၊ မမြင်လိုကုန်။

ဤသို့ ဘုရားလောင်းသည် ထိုမြေခွေးအား အဆုံးအမကို ပေး၍ တဖန် မလာလင့်ဟု ဆို၍ ထိုမြေခွေးသည် ထိုအခါမှစ၍ တဖန် ပြန်၍မျှလည်း မကြည့်။

ဇာတ်ပေါင်း သမ္မည္ဟု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ယခုအခါ ဤမြေခွေးသည် ထိုအခါ ရေတွင်းကို ဖျက်ဆီးသော မြေခွေး ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့ အပေါင်း၏ ဆရာ ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မြေခွေးဟူပေ့၊ အဓလေ့၊ ကောင်းတွေ့ ဖျက်ဆီးမည်)
ရှေးဦးစွာသော ဥဒပါနဒုဿကဇာတ်သည် ပြီး၏။

F.59 ၁၁၀-၃

www.dhammadownload.com

၂၂-ဗျဿဇာတ်

သားရဲထွက် တောပျက်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ယေန မိတ္တေန သံသဂ္ဂေါ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဗျဿဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ကောကာလိက**ကို အကြောင်းပြု၍ ဟောတော်မူ၏။ ကောကာလိက ဝတ္ထုသည် တေရသကနိပါတ် ရှစ်ခုမြောက် တက္ကာရိယဇာတ်၌ ထင်စွာဖြစ်လတ္တံ့၊ ကောကာလိကသည်ကား သာရိပုတ္တရာ, မောဂ္ဂလာန်တို့ကို ယူ၍ သွားအံ့ဟု ကောကာလိကတိုင်းမှ ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ရှိခိုး၍ မထေရ်တို့ကိုကပ်၍ ငါ့သျှင်တို့ ကောကာလိကတိုင်း၌ နေကုန်သော သူတို့သည် ငါ့သျှင်တို့ကို ပင့်ခေါ်ကုန်၏၊ လာကုန်လော့ သွားကြကုန်အံ့ဟု ဆို၏၊ အရှင် သွားကုန်လော့ ငါတို့မသွားကုန်ဟု မထေရ်တို့သည် ပယ်အပ်သည်ရှိသော် ထိုကောကာလိကသည် မိမိသည် သာလျှင် သွား၏၊ ထိုအခါ ဘုရားသခင်၌ ရဟန်းတို့သည် ငါ့သျှင်တို့ ကောကာလိကသည် သာရိပုတ္တရာ, မောဂ္ဂလာန်တို့နှင့် အတူတကွ နေအံ့သောငှါလည်း မတတ်နိုင် ကင်း၍ နေအံ့သောငှါလည်း မတတ်နိုင် တကွဖြစ်ခြင်းကိုလည်း သည်းမခံနိုင် ကွေကွင်းခြင်းကိုလည်း သည်းမခံနိုင်ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ၌ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းသု မေးတော်မူ၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ကောကာလိကသည် သာရိပုတ္တရာ,မောဂ္ဂလာန်တို့နှင့်အတူတကွနေအံ့သောငှါရင်း ကင်း၍နေအံ့သောငှါရင်း မတတ်နိုင်သည်မဟုတ်သေး၊ ရှေးဘဝလည်း တကွနေအံ့သောငှါရင်း ကင်း၍နေအံ့သောငှါရင်း မတတ်နိုင်သလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တခုသောတောင်၌ ရဂ္ဂစိုဝ်းနတ် ဖြစ်၏၊ ထိုရဂ္ဂစိုဝ်းနတ်၏ ဗိမာန်အနီး၌ တောစိုးသစ်ပင်စောင့် ဖြစ်သော တပါးသော ရဂ္ဂစိုဂ်းနတ်သည် နေ၏၊ထိုတောအုပ်၌ ခြင်္သေ့, ကျားတို့သည်လည်း နေကုန်၏၊

www.dhammadownload.com

ထိုခြင်္သေ့ ကျားတို့မှ ကြောက်ခြင်းကြောင့် တစုံတယောက်သော သူသည် ထိုတောအုပ်၌ လယ်ကိုမထွန်၊ သစ်ပင်ကိုမဖြတ်၊ ပြန်၍ကြည့်ဝံ့သောသူသည် မရှိ၊ ထိုခြင်္သေ့ ကျားတို့သည်ကား အထူးထူးအပြားပြားကုန်သော သားတို့ကိုသတ်၍ စားကုန်၏၊ စားကြွင်းတို့ကို ထိုတောအုပ်၌သာလျှင် စွန့်၍ သွားကုန်၏၊ ထိုစားကြွင်းအသားတို့၏အနံ့ဖြင့် ထိုတောအုပ်သည် အပုပ်နံ့ လိုင်သည်ဖြစ်၏၊ ထိုအခါ မထင်ရှားသော အလွန်မိုက်သော ဖျက်ခဲစိုဝ်းသည် အကြောင်းသင့်မသင့်ကို မသိဖြစ်၍ တနေ့သ၌ ဘုရားလောင်းကို အဆွေ ကျွဲခြင်္သေ့ ကျားတို့ကိုမှီ၍ ငါတို့၏ ကျွဲတောအုပ်သည် မစင်ကြယ်သော အပုပ်နံ့သည် ဖြစ်၏၊ ထိုခြင်္သေ့ ကျားထို့ကို ပြေးစေအံ့ဟု ဆို၏၊ ဘုရားလောင်းသည် အဆွေ နှစ်ခုကုန်သော ကျွဲခြင်္သေ့ ကျားတို့ကိုမှီ၍ ငါတို့သည် ဗိမာန်တို့ကို စောင့်အပ်ကုန်၏၊ ကျွဲခြင်္သေ့ ကျားတို့သည် ပြေးသွားကုန်သော် ငါတို့၏ ဗိမာန်တို့သည် ပျက်စီးကုန်လတ္တံ့၊ ခြင်္သေ့ ကျားတို့၏ ခြေရာကို မမြင်ကုန်သည် ရှိသော် လူတို့သည် အလုံးစုံသော တောကို ခုတ်ဖြတ်၍ တခုတည်းသော အပြင်ကိုပြု၍ လယ်တို့ကို ထွန်ကုန်လတ္တံ့၊ သင်သည် ခြင်္သေ့ ကျားတို့၏ ပြေးခြင်းကို မနှစ်သက်လင့်ဟု ဆိုလို၍—

၆၄ ယေန မိတ္တေန သံသဂ္ဂါ၊ ယောဂကွေမော ဝိဟိယတိ[၁]။
ပုဗ္ဗေဝဇ္ဈာဘဝံ တဿ၊ ရကွေ့ အက္ခီဝ ပဏ္ဍိတော။

၆၅ ယေန မိတ္တေန သံသဂ္ဂါ၊ ယောဂကွေမော ပဝမ္ဘတိ။
ကရေယျတ္တာသမံ ဝုတ္တိ၊ သဗ္ဗကိစ္စေသု ပဏ္ဍိတော။

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

သမ္မ၊ အဆွေ။ ယေန မိတ္တေန၊ အကြင် ယုတ်မာသော အဆွေခင်ပွန်းနှင့်။ သံသဂ္ဂါ၊ ပေါင်းဘော် ရခြင်းကြောင့်။ ယောဂကွေမော၊ ကိုယ်စိတ်ချမ်းသာခြင်းသည်။ ဝိဟိယျတိ၊ ဆုတ်ယုတ်၏။ တဿ မိတ္တဿ၊ ထိုအဆွေခင်ပွန်းသည်။ ပုဗ္ဗေဝ၊ ရှေးဦးသာလျှင်။ အဇ္ဈာဘဝံ၊ နှိပ်စက်အပ်သည်ကို။ ပဏ္ဍိတော၊ ပညာရှိသည်။ အက္ခီဝ၊ မျက်စိကဲ့သို့။ ရကွေ့၊ စောင့်ရှောက်၏။

သမ္မ၊ အဆွေ။ ယေန မိတ္တေန၊ အကြင်အဆွေခင်ပွန်းနှင့်။ သံသဂ္ဂါ၊ ပေါင်းဘော်ရသည်ဖြစ်၍။ ယောဂကွေမော၊ ကိုယ်စိတ်၏ ချမ်းသာ ခြင်းသည်။

---

၁ ဝိဟိံသတိ (သီ၊ ဋ္ဌ)

www.dhammadownload.com

ပဝနုတိ၊ ပွား၏။ တဿ၊ ထိုအဆွေခင်ပွန်း၏။ သဗ္ဗကိစ္စေသု၊ ခပ်သိမ်းသော ကိစ္စတို့၌။ ပဏ္ဍိတော၊ ပညာရှိသည်။ အတ္တာသမံ၊ မိမိကိစ္စနှင့်အမျှ။ ဝုတ္တံ၊ ကောင်းသောအကျင့်ကို။ ကရေယျ၊ ပြု၏။

ဤသို့ ဘုရားလောင်းသည် ထိုအကြောင်းကို ဆိုသော်လည်း ထိုမိုက်သော နတ်သည် မဆင်ခြင်မူ၍ တနေ့သ၌ ကြောက်မက်ဘွယ်သော အာရုံကိုပြ၍ ခြင်္သေ့,ကျားတို့ကို ပြေးစေ၏၊ လူတို့သည် ခြင်္သေ့,ကျားတို့ကို မမြင်၍ ခြင်္သေ့, ကျားတို့သည် တပါးသောတောသို့ သွားကုန်ပြီဟု သိ၍ တောအုပ်၏ နံပါးတဘက်ကို ဖြတ်ကုန်၏၊ ရဂ္ဂစိုဝ်းနတ်သည် ဘုရားလောင်းနှစ်သို့ ချဉ်းကပ်၍ အဆွေ အကျွန်ုပ်သည် အဆွေစကားကို မနာယူ၍ ထိုခြင်္သေ့,ကျားတို့ကို ပြေးစေ၏၊ထိုခြင်္သေ့,ကျားတို့သည် သွားသောအဖြစ်ကိုသိ၍ လူတို့သည် တောအုပ်ကို ဖျက်ဆီးကုန်၏၊ အဘယ်သို့ ပြုအပ်သနည်းဟု ဆိုသော် ယခု ထိုခြင်္သေ့, ကျားတို့သည် နေသောတောသို့ သွား၍ ခြင်္သေ့,ကျားတို့ကို ပင့်ဆောင်ချေလော့ဟု စေသည်ရှိသော် ထိုတောသို့သွား၍ ခြင်္သေ့,ကျားတို့၏ရှေ့မှ လက်အုပ်ချီ၍—

၆၆ ဇေ ဗျဂ္ဃါနံဝတ္တဝ္ဝေါ၊ ပစ္စုပေထ[1] မဟာဝနံ။
မာ ဝနံ ဆိန္ဒိ နိဗျန္ဓံ၊ ဗျဂ္ဃါ မာ ဟေသု နိဗ္ဗနာ။

ဟူသော သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ဗျဂ္ဃါ၊ ကျား,ခြင်္သေ့တို့။ တုမ္ဟေ၊ သင်တို့သည်။ ဇေ၊ လာတော်မူကြပါကုန်။ နိဝတ္တဝ္ဝေါ၊ ပြန်လည်လာကြကုန်လော့။ မဟာဝနံ၊ တောကြီးသို့။ ပစ္စုပေထ၊ တဖန်ပြန်ကြကုန်ဦးလော့။ နိဗျဂ္ဃံ၊ ကျား ခြင်္သေ့မရှိသော။ ဝနံ၊ တောကို။ မာဆိန္ဒိ၊ မဖျက်စေလင့်။ ဗျဂ္ဃါ၊ ကျား,ခြင်္သေ့တို့သည်။ နိဗ္ဗနာ၊ နေရာအရပ်မှ ကင်းကုန်သည်။ မာ ဟေသုံ၊ မဖြစ်စေကုန်လင့်။

ထိုကျား, ခြင်္သေ့တို့သည် ရဂ္ဂစိုဝ်းနတ် တောင်းပန် လတ်သော်လည်း သင်သည် သွားလေ ငါတို့သည် မလာကုန်သလျှင် ကတည်းဟု ပယ်ကုန်၏၊ ရဂ္ဂစိုဝ်းနတ်သည် တဖန်ယောက်ထည်းသာလျှင် ထိုတောအုပ်သို့ပြန်လာ၏၊ လူတို့သည်လည်း နှစ်ရက်, သုံးရက်ဖြင့်သာလျှင် အလုံးစုံသော တောအုပ်ကို ဖြတ်၍ လယ်ယာလုပ်၍ ထွန်ကုန်၏။

---

၁ ပစ္စုပေထ (သီ၊ ဋ္ဌ)

www.dhammadownload.com

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤမမဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ကောကာလိကသည် ထိုအခါ ပညာမရှိသော ရက္ခစိုဝ်းနတ် ဖြစ်ဘူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ခြင်္သေ့ဖြစ်ဘူးပြီ၊ ယခုအခါ မောဂ္ဂလ္လာန်သည် ထိုအခါ ကျီး ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိသောရက္ခစိုဝ်းနတ် ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ပုပ်နံ့သျှိန်၊ သည်းမခံ၊ ဗိမာန်ဓတာလုံးပျက်)

နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဇျလ္ဂဇာတ်သည် ပြီး၏။

၂၃-ကစ္ဆပဇာတ်

လိပ်ခဲတန်းလန်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ကောနု ဥဒ္ဓိတာဘတ္တောဝ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကစ္ဆပဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ကောသလ မင်းကြီး၏ အမတ်ကြီး နှစ်ယောက်တို့ ခိုက်ရန်ငြိမ်းခြင်း** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ပစ္စုပ္ပန် ဝတ္ထုကို ဒုက နိပါတ်၌ ဆိုအပ်ပြီးသလျှင်ကတည်း။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိတိုင်းဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်သို့ သွား၍ ခပ်သိမ်းဗသာ အတတ်တို့ကို သင်၍ ကာမတို့ကို ပယ်၍ ရသေ့ရဟန်းပြု၍ ဟိမဝန္တာအရပ်ဝယ် ဂင်္ဂါနားဌ ကျောင်းဆောက်၍ အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေ၍ စျာန်ကစားခြင်းကို ကစားလျက် နေ၏၊ ဤဇာတ်၌ကား ဘုရားလောင်းသည် အလွန်လျစ်လျူရှုသတတ်၊ ဥပေက္ခာပါရမီကို ဖြည့်သတတ်၊ ထိုဘုရားလောင်းသည်

www.dhammadownload.com

ကျောင်းတံခါးဦ့ နေစဉ် တခုသော သီလမရှိသော ပြစ်မှားတတ်သော မျောက်သည် လာလတ်၍ နားပေါက်တို့ဦ့ အင်္ဂါဇာတ်ကို သွင်းသောအမှုကို ပြု၏၊ ဘုရားလောင်းသည် မမြစ်မူ၍ လျစ်လျူရှုလျက် နေ၏၊ ထိုအခါ တနေ့သဦ့ တခုသော လိပ်သည် ရေမှုတက်၍ ဂင်္ဂါနားဦ့ ခံတွင်းကို ဘွင့်၍ နေပူခံလျက် အိပ်၏၊ ထိုလိပ်ကိုမြင်၍ လျှပ်ပေါ်သောမျောက်သည် လိပ်ခံတွင်းဦ့ အင်္ဂါဇာတ် သွင်းခြင်းကို ပြု၏၊ ထိုအခါ လိပ်သည် နိုးရှ်မျောက်၏အင်္ဂါဇာတ်ကို ကြပ်ဦ့ ထည့်ဘိသကဲ့သို့ ကိုက်၏၊ ပြင်းစွာသော ဝေဒနာသည် ဖြစ်၏၊ ထိုဝေဒနာကို သည်းခံအံ့သောငှါ မတတ်နိုင်ရကား အဘယ်သူသည်သာလျှင် ဤဆင်းရဲမှ ငါ့ကို လွတ်ပါစေအံ့နည်း၊ အဘယ်သူ၏ အထံသို့ ငါသွားရအံ့နည်းဟု ကြံ၍ ရသေ့ကိုထား၍ ငါ့ကို ဤဆင်းရဲမှ လွတ်စေနိုင်သော တပါးသောသူသည် မရှိ၊ ငါသည် ရသေ့အထံသို့ သွားခြင်းငှါ သင့်၏ဟု လိပ်ကို လက်နှစ်ဘက်တို့ဖြင့် ချီ၍ ဘုရားလောင်း အထံသို့ သွား၏၊ ဘုရားလောင်းသည် ထိုသီလမရှိသော မျောက်နှင့်တကွ ပြက်ရယ်ပြုလိုရကား—

၆၇ ကော နု ဥဒ္ဓိတဘတ္တောဝ၊ ပူရဟတ္ထောဝ ဗြာဟ္မဏော။
ကဟံ နု ဘိက္ခံ အစရိ၊ ကံ သဒ္ဒံ ဥပသင်္ကမိ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ယော၊ အကြင်သူသည်။ ကတ္တိကမာသေ၊ တန်ဆောင်မုန်းလ၌။ ဝါစနကံ၊ မင်္ဂလာရွတ်ရာမှဆွမ်းကို။ လဘိတ္ထ၊ ရ၍။ ပူရဟတ္ထော၊ ပြည့်သောလက်ရှိသော။ ဗြာဟ္မဏော ဣဝ၊ ပုဏ္ဏားကဲ့သို့။ ဥဒ္ဓိတဘတ္တောဝ၊ သပိတ်၌ ခူးလောင်းအပ်သော ပွားများသော ဆွမ်းရှိသကဲ့သို့ဖြစ်၍လျှင်။ အာဂစ္ဆတိ၊ လာ၏။ သော၊ ဤသူသည်။ ကော နု၊ အဘယ်သူနည်း။ တံ၊ သင်သည်။ ကဟံ နု၊ အဘယ်၌လျှင်။ ဘိက္ခံ၊ ဆွမ်းကို။ အစရိ၊ ခံချေသနည်း။ သဒ္ဒံ၊ သဒ္ဒါတရားနှင့် ပြည့်စုံသော။ ကံ၊ အဘယ်အမျိုးသို့။ ဥပသင်္ကမိ၊ ဆည်းကပ်ချေသနည်း။

ထိုစကားကိုကြား၍ သီလမရှိသော မျောက်သည်-

၆၈ အဟံ ကပိသ္မိ ဒုမ္မေဓော၊ အနာမသာနိ အာမသိံ။
တံ္ဌ မံ မောစယ ဘဒ္ဒံ တေ၊ မုတ္တော ဂစ္ဆယျ ပဇ္ဇတံ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

တေ၊ အရှင်ဘုရားအား။ ဘဒ္ဒံ၊ ကောင်းခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ အဟံ၊ အကျွန်ုပ်သည်။ ဒုမ္မေဓော၊ ပညာမရှိသော။ ကပိ၊ မျောက်သည်။ အသို့ ဖြစ်၏။ အဲဟံ၊ အကျွန်ုပ်သည်။ အနာမသာနိ၊ မသုံးသပ်အပ်သောအရာတို့ကို။အာမသိ ၊သုံးသပ်မိ၏။ တွံ၊ အရှင်ဘုရားသည်။ မံ၊ အကျွန်ုပ်ကို။ဣမမ္မာ ဒုက္ခာ၊ ဤဆင်းရဲမှ။ မောစယ၊ လွှတ်ပါစေလော့။ မုတ္တော၊ လွှတ်သည်ရှိသော်။ အဟံ၊ အကျွန်ုပ်သည်။ ပဗ္ဗတံ၊ တောင်သို့။ ဂစ္ဆေယျ၊ သွားပါအံ့။

ဘုရားလောင်းသည် ထိုမျောက်ကို သနားသဖြင့် လိပ်နှင့်တကွ စကားဆိုလိုရကား-

၆၉ ကစ္ဆပါ ကဿပါဟောန္ဒီ၊ ကောဏ္ဍညာ ဟောန္ဒီ မဏ္ဍူဒါ။
မဏ္ဍူ ကဿပ ကောဏ္ဍညံ၊ ကတံ မေဏုနကံ တယာ။

ဟူသော သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ကစ္ဆပါ၊ လိပ်တို့သည်။ ကဿပါ၊ ကဿပ အနွယ်တို့သည်။ ဟောန္ဒီ၊ ဖြစ်ကုန်၏။ မဏ္ဍဒါ၊ မျောက်တို့သည်။ ကောဏ္ဍညာ၊ ကောဏ္ဍည အနွယ်တို့သည်။ ဟောန္ဒီ၊ ဖြစ်ကုန်၏။ တဿာ၊ ထိုကြောင့်။ ကဿပ၊ ကဿပအနွယ်ဖြစ်သောလိပ်။ တယာ၊ သင်နှင့်။ မေထုနကံ၊ မေထုန်ကို။ ကတံ၊ ပြုသော။ ကောဏ္ဍညံ၊ ကောဏ္ဍညအနွယ်ဖြစ်သော မျောက်ကို။ မုဉ္စ လွှတ်လော့။

လိပ်သည် ဘုရားလောင်း၏ စကားကိုကြား၍ အကြောင်းအားဖြင့် ကြည်ညိုရကား မျောက်၏အင်္ဂါဇာတ်ကို လွှတ်၏၊ မျောက်သည် လွှတ်ထည့်ခြင်းလျှင် ဘုရားလောင်းကို ရှိခိုး၍ ပြေး၏၊ တဖန် ထိုအရပ်ကို ပြန်၍လည်း မကြည့်၊ လိပ်သည် ဘုရားလောင်းကို ရှိခိုး၍မိမိနေရာသို့လျှင် သွား၏၊ဘုရားလောင်းသည် စျာန်မှ မယုတ်သည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ အမတ်နှစ်ယောက်တို့သည် ထိုအခါ မျောက် လိပ်တို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသေ့ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကာမသေ့သွင်း၊ထင်ကိုင်းရမ်း၊ သေပန်းရွာ၏သို့)

သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ကစ္ဆပဇာတ်သည် ပြီး၏။

www.dhammadownload.com

၂၄-လေ၁လင၁တ်

အမဲမက် ကျီးပျက်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် "ကာယံ ဗလာကာ သိခိနံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤလောလင၁တ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **လျှပ်ပေါ်သော တပါးသောရဟန်း** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် တရားသဘင်သို့ ဆောင်အပ်သော ရဟန်းကို ရဟန်း သင်သည် ယခုမှသာလျှင် လျှပ်ပေါ် သည်မဟုတ်သေး၊ ရှေးဘဝလည်း လျှပ်ပေါ်သလျှင် ကတည်း၊ လျှပ်ပေါ်သည်၏ အဖြစ်ကြောင့် အသက်ကုန်ခြင်းသို့ ရောက်ဘူးပြီ၊ သင့်ကိုမှီ၍ ရှေးပညာရှိတို့သည် မိမိနေရာ အရပ်မှ ယုတ်ဘူးကုန်ပြီဟု အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဗာရာဏသီသူဌေး၏ စဖိုအိမ်၌ စဖိုသည်သည် ကောင်းမှု၏ အကျိုးဌ၀ါ ခိုတို့၏ အသိုက်တောင်းကို ထား၏၊ ထိုအခါ ဘုရားလောင်းသည် ခိုမျိုး၌ဖြစ်၍ ထိုတောင်း၌ နေ၏၊ ထိုအခါ တခုသော လျှပ်ပေါ်သော ကျီးသည် စဖိုအိမ် အထက်ဖြင့် သွားသည်ရှိသော် အထူးထူး အပြားပြားရှိသော ငါးအမဲခဲဘွယ်ကို မြင်၍ စားချင်ခြင်းနှိပ်စက်ရကား အဘယ်သူကိုမှီ၍အခွင့်ကို ရခြင်းဌ၀တတ်ကောင်းအံ့နည်းဟုကြံ၍ ဘုရားလောင်းကိုမြင်၍ ဤခိုကိုမှီ၍အခွင့်ရခြင်းဌ၀တတ်ကောင်း၏ဟု ဘုရားလောင်း ခို၏ အစာရှာအံ့သောဌ၀ါ တောသို့သွားသောကာလ၌ နောက်မှလိုက်၏၊ ထိုအခါ ကျီးကို ဘုရားလောင်းသည် အချင်းကျီး ငါတို့သည်ကား တပါးသော အစာကို စားကုန်၏၊ သင်သည်ကား တပါးသော အစာကို စား၏၊ အဘယ့်ကြောင့် နောက်သို့ လိုက်သနည်းဟု ဆို၏၊ အရှင် သင်တို့၏ အမှုအရာကို ငါနှစ်သက်၏၊ ငါသည်လည်း သင်တို့နှင့်တူသော အစာရှိသည်ဖြစ်၍ သင်တို့ကို လုပ်ကျွေးလို၏၊ ထို့ကြောင့် သင့်နောက်သို့ လိုက်၏ဟု ဆို၏၊ ဘုရားလောင်းသည် ဝန်ခံ၏၊ ကျီးသည် ဘုရားလောင်းနှင့်အတူ အစာရှာလျက် ကျက်စားဘိသကဲ့သို့ မြေ၌သက်၍ နွားချေးစုကို ပေါက်၍ ပိုးတို့ကို စား၍ ဝမ်းကို ပြည့်စေ၍ ဘုရားလောင်းထံသို့ ဆည်းကပ်၍ အရှင်တို့သည် ဤမျှလောက်သော ကာလပတ်လုံး ကျက်စားကုန်သည် သာလျှင်တည်း။

www.dhammadownload.com

ဘောဇဉ်မည်သည်ကား ပမာဏကို သိခြင်းဌာ သင့်သည်မဟုတ်လော၊ လာလော မိုးမချုပ်မီ လျင်စွာ သွားကြအံ့ဟု ကျီးသည် ဘုရားလောင်းကို ဆို၏။ ဘုရားလောင်းသည် ထိုကျီးကို ခေါ်၍ နေရာအရပ်သို့ သွား၏၊ စဖို့သည်သည် ငါတို့ခိုသည် အဘော်ခေါ်၍လာ၏ဟု ကျီး၏အလို့ငှါ တခုသော ဖဲ့တောင်းကိုထား၏၊ ကျီးသည် လေး,ငါးရက်နေခြင်းတို့ဖြင့်လျင် နေ၏။

ထိုအခါ တနေ့သ၌ သူဌေးဘို့ မျှားစွာသော ငါးအမဲကို ဆောင်၏၊ ကျီးသည် ထိုငါးအမဲကို မြင်၍ စားချင်ခြင်း နှိပ်စက်ရကား မိုးသောက်ထ ကာလမှစ၍ ညည်းညူလျက် အိပ်၏၊ ထိုအခါ ကျီးကို နောက်တနေ့၌ ဘုရားလောင်းသည် အဆွေ လာ့လော့ အစာရှာသွားကုန်အံ့ဟု ဆို၏၊ သင်တို့သည် သွားကုန်လော့ ငါ့အား အစာမကျေသော ရောဂါသည် ရှိ၏ဟု ဆို၏၊ အဆွေ ကျီးတို့အား အစာမကျေခြင်းမည်သည် မရှိ၊ သင်တို့၏ ဝမ်း၌ ဆီမီးစာမျှသာလျင် ဖြစ်သော အနည်းငယ်သော အာဟာရသည် တည်၏၊ ကြွင်းသော အာဟာရသည် မျိုထည့်ခြင်းလျင် ကျေ၏၊ ငါ့စကားကို နားထောင်လော့၊ ငါးအမဲအထူးကို မြင်၍ ဤသို့ မပြုလင့်ဟု ဘုရားလောင်းသည် ဆို၏၊ အရှင် အရှင်တို့သည် အဘယ်မည်သော စကားကို ဆိုကုန်သနည်း ငါ့အား အစာမကျေသော ရောဂါရှိ၏ဟု ကျီးသည် ဆို၏၊ ထိုသို့တပြီးကား မမေ့မလျော့ဖြစ်ရစ်လောဟု ကျီးကို ဆုံးမ၍ ဘုရားလောင်းသည် သွား၏။

စဖို့သည်သည် မျှားစွာကုန်သော ငါးအမဲအထူးကိုစီရင်၍ ကိုယ်မှ ချွေးကို သုတ်လျက် စဖို့အိမ် တံခါး၌ ရပ်၏၊ ကျီးသည် ယခုအခါ ငါးအမဲကို စားခြင်းငှာ အချိန်ကာလရောက်၏ဟု ပျံသွား၍ အမဲကို ချက်သော ဟင်းအိုးတို့၏ အထက်၌ နားနေ၏၊ စဖို့သည်သည် ကျီးသံကို ကြား၍ ကြည့်လတ်သော် ကျီးကို မြင်၍ ဖမ်းယူပြီးလျင် စဖို့အိမ်သို့ဝင်၍ ကိုယ်အလုံး၌ အမွေးတို့ကို နုတ်၍ ထိပ်၌ ဦးစွန်းထား၍ ချင်း,ငြုတ် စသည်တို့ကို ဖျော်၍ သင်သည် ငါတို့ အရှင်၏ ငါးအမဲကိုစားကြွင်းကိုပြု၏ဟု ကျီး၏ကိုယ်အလုံးကို ချင်း,ငြုတ် အစရှိသည်တို့၏ အရည်ဖြင့် လူး၍ အသိုက်တောင်း၌ ပစ်ချ၏၊ သည်းစွာသော ဝေဒနာသည် ဖြစ်၏၊ ဘုရားလောင်းသည် ကျက်စားရာအရပ်မှ လာ၍ ညည်းညူသောကျီးကို မြင်၍ ပြက်ရယ်ပြုလိုရကား–

၇၀ ကာယံ ဗလာကာ သိခိနီ၊ စောရီ လဿိ ပိတာမဟာ။
သြရံ ဗလာကေ အာဂစ္ဆ၊ စက္ကော မေ ဝါယသော သခါ။

ဟူသော ရှေးဦးစွာသော ဂျိုဂါထာကို ဆို၏။

www.dhammadownload.com

သိဒိန်၊ ဥိးစ္စန်းရှိထသော။ စောရိ၊ နေရာတောင်းကို ခိုးထသော။ လဿိ ပိတာမဟာ၊ မိုဃ်းဟူသောအဘိုးရှိထသော။ အယံ ဗလာကာ၊ ဤဗျိုင်းသည်။ ကာ၊ အသို့ပြုသနည်း။ ဗလာကေ၊ ဗျိုင်း။ မေ၊ ငါ၏။ သခါ၊ အဆွေခင်ပွန်းဖြစ်သော။ ဝါယသော၊ ကျိုးသည်။ စက္ကော၊ ကြမ်း၏။ သြရုံ၊ ဤအတွင်းသို့။ အာဂစ္ဆ၊ လာလော့။

ထိုစကားကိုကြား၍ ကျိုးသည်-

၇၁ နာဟံ ဗလာကာ သိဒိန်၊ အဟံ လောလသို့ ဝါယသော။
အကတ္ဌာ ဝစနံ တုယ္ဟံ၊ ပဿ လူနောသို့ အာဂတော။

ဟူသော နှစ်ခုတို့၏ပြည့်ဝကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

အဟံ၊ ငါသည်။ သိဒိန်၊ ဥိးစ္စန်းရှိသော။ ဗလာကာ၊ ဗျိုင်းသည်။ နု၊ မဟုတ်။ အဟံ၊ ငါသည်။လောဓလော၊ လျှပ်ပေါ်သော။ဝါယသော၊ ကျိုးသည်။ အသို့၊ ဖြင့်နည်း။ တုယ္ဟံ၊ သင်၏။ ဝစနံ၊ စကားကို။ အကတ္ဌာ၊ မလိုက်နာမူ၍။ လူနော၊ အမွေးကို နုတ်သည်။ အသို့၊ ဖြစ်၏။ အာဂတော၊ ကျက်စားရာအရပ်မှ လာသော သင်သည်။ မံ၊ ငါ့ကို။ ပဿ၊ ရှုလော့။

ထိုစကားကိုကြား၍ ဘုရားလောင်းသည်-

၇၂ ပုန ပါပဇ္ဇသိ သမ္မ၊ သိလံ ဟိ တဝ တာဒိသံ။
နဟိ မာနုသကာ ဘောဂါ၊ သုဘုဇ္ဇာ ဟောန္တိ ပက္ခိနော။

ဟူသော သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

သမ္မ၊ အဆွေ။ တွံ၊ သင်သည်။ ပုနပိ၊ တဖန်လည်း။ ဧဝရူပံ၊ ဤသို့သဘောရှိသော ဆင်းရဲခြင်းသို့။ အာပဇ္ဇသိ၊ ရောက်လတ္တံ့။ ဟိ-သစ္စံ၊ မှန်၏။ တဝ၊ သင်၏။ သိလံ၊ အလေ့အကျင့်သည်။ တာဒိသံ၊ ထိုဆင်းရဲသို့ ရောက်ခြင်းအားလျော်သော သဘောရှိ၏။ ပက္ခိနော၊ ငှက်သည်၊ မာနုသကာ ဘောဂါ၊ လူတို့၏ အသုံးအဆောင်တို့သည်။ သုဘုဇ္ဇာ၊ သုံးဆောင်လွယ်ကုန်သည်။ နဟိ ဟောန္တိ၊ မဖြစ်ကုန်သလျှင်ကတည်း။

www.dhammadownload.com

ဘုရားလောင်းသည် ဤသို့ဆို၍ ယနေ့မှစ၍ ဤအရပ်၌ ငါသည် နေခြင်းငှါ မတတ်ကောင်းဟု ပျံ၍ တပါးသို့ သွား၏၊ ကျီးသည်လည်း ညည်းညူလျက်လျှင် ထိုအရပ်၌ သေ၏။

ဇာတ်ပေါင်း သမ္မည္ဇုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌သာလျှင် လျှပ်ပေါ်သောရဟန်းသည် အနာဂါမိဖိုလ်၌တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ လျှပ်ပေါ်သော ရဟန်းသည် ထိုအခါ ကျီးဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ခို ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(**အစားငမ်းဘမ်း၊ ထိုကျီးကန်း၊ သေပန်းပွင့်ရှာသည်**)

လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော လောလဇာတ်သည် ပြီး၏။

၂၅- ရူစိရဇာတ်

ခိုတွဲ-အမဲမျှော်

ပစ္စုပ္ပန် နှင့် အတိတ်ဝတ္ထု၊ နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္မည္ဇုမြတ်စွာဘုရားသည် "ကာယံ ဗလာကာ ရူစိရာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤရူစိရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **လျှပ်ပေါ်သောရဟန်းတပါး**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ နှစ်ခုကုန်သော ဝတ္ထုတို့သည် ရှေးနှင့် တူကုန်သလျှင်ကတည်း၊ ဂါထာသည်ကား ထူး၏။

၇၃ ကာယံ ဗလာကာ ရူစိရာ၊ ကာကနီဋ္ဌသ္မိမစ္ဆတိ။
စဏ္ဍော ကာကော သခါမယ္ဘံ၊ ယဿ စေတံ ကုလာဝကံ။

၇၄ နနုမံ သမ္မ ဇာနာသိ၊ ဒိဇ သာမာကဘောဇန။
အကတ္ထာ ဝစနံ တုယ္ဘံ၊ ပဿ လူနောသ္မိ အာဂတော။

www.dhammadownload.com

၇၅ ပုန ပါပဇ္ဇသိ သမ္မ၊ သီလံ ဟိ တဝ တာဒိသံ။
နု ဟိ မာနုသကာ ဘောဂါ၊ သုဘုဇ္ဇာ ဟောန္တိ ပက္ခိနာ။

ရုစိရာ၊ ဖြူစင်သောအဆင်းရှိသော။ အယံ ဗလာကာ၊ ကျွဲဗျိုင်းသည်။ ကာ၊ အဘယ်သို့ သဘောရှိသော ဗျိုင်းနည်း။ ကာကနီဋ္ဌသို့ ၊ ကျိုးသိုက်၌။ အစ္ဆတိ၊ နေ၏။ မယ့်၊ ငါ၏။ ယဿ စ၊ အကြင်အဆွေခင်ပွန်းအား၊လည်း။ ဇေတံ ကုလာဝကံ၊ ကျွဲအသိုက်သည်။ အတ္ထိ၊ ရှိ၏။ ကာကော၊ ကျိုးဖြစ်သော။ သော သခါ၊ ထိုအဆွေခင်ပွန်းသည်။ စက္ကော၊ ကြမ်း၏။

သာမာကဘောဇန၊ မြက်သီးဟူသော အစာကိုစား၊သော။သမ္မဒိဇ၊အဆွေခို။ တွံ၊ သင်သည်။ မံ၊ ငါ့ကို။ ဇာနာသိ နနု၊ သိသည်မဟုတ်လော။ တုယ့်၊ သင်၏။ ဝစနံ၊ စကားကို။ အကတ္ဝာ၊ နား၊မထောင်မူ၍။ အဟံ၊ ငါ့ကို။ လူနော၊ နုတ်အပ်သည်။ အသို့၊ ဖြစ်၏။ အာဂတော၊ ကျက်စား၊ရာအရပ်မှ လာသော သင်သည်။ မံ၊ ငါ့ကို။ ပဿ၊ ရှုလော့။

သမ္မ၊ အဆွေ။ တွံ၊ သင်သည်။ ပုနပိ၊ တဖန်လည်း။ ဧဝရူပံ၊ ဤသို့သဘောရှိသော ဆင်း၊ရဲသို့။ အာပဇ္ဇသိ၊ ရောက်လတ္တံ့ ။ ဟိ-သစ္စံ၊ မှန်၏။ တဝ၊ သင်၏။ သီလံ၊ အမူအကျင့်သည်။ တာဒိသံ၊ ထိုသို့သဘောရှိသော ဆင်း၊ရဲခြင်းသို့ ရောက်အံ့၊သော သဘောရှိ၏။ ပက္ခိနာ၊ ငှက်သည်။ မာနုသကာဘောဂါ၊ လူတို့၏ အသုံးအဆောင်တို့သည်။ သုဘုဇ္ဇာ၊ သုံး၊ဆောင်လွယ်ကုန်သည်။ နု ဟိ ဟောန္တိ၊ မဖြစ်ကုန်သလျှင်ကတည်း။

ကျွဲဇာတ်၌လည်း ဘုရား၊လောင်း၊ခိုသည် ယနေ့မှစ၍ ငါသည် ကျွဲအရပ်၌ နေခြင်း၌ မသင့်ဟု ပျံ၍ တပါး၊သော အရပ်သို့ သွား၏။

ဇာတ်ပေါင်း သမ္ဗဉ္ဇု မြတ်စွာဘုရား၊သည် ကျွဲဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်း၊တော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ လျှပ်ပေါ်သော ရဟန်း၊သည် အနာဂါမိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်း၊တော်မူသနည်း ဟူမူကား ယခုအခါ လျှပ်ပေါ်သော ရဟန်း၊သည် ထိုအခါ လျှပ်ပေါ်သောကျီး ဖြစ်ဘူး၏၊ ယခုအခါ ငါဘုရား၊သည် သာလျှင် ထိုအခါ ခိုဖြစ်ဘူး၏၊ ကျွဲသို့ ဇာတ်ကို ပေါင်း၊တော်မူ၏။

(လျှပ်ပေါ်သူများ၊ သတိထား၊ ကျီး၊စား ဥပမာ)

ငါး၊ခတို့၏ပြည့်ကြောင်းဖြစ်သော ရုစိရဇာတ်သည် ပြီး၏။

www.dhammadownload.com

၂၆-ကုရုဓမ္မဇာတ်

အင်တ်ပြဿနာ ရှင်းရေး

ဟစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "တဝ သဒ္ဓဉ္စ သီလဉ္စ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကုရုဓမ္မဇာတ်ကိုဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ဟသ်ာသတ်သော ရဟန်းတပါး** ကို အကြောင်းပြု၍ ဟောတော် မူ၏၊ သာဝတ္ထိပြည်၌ နေကုန်သော အဆွေခင်ပွန်းတို့သည် ရဟန်းပြု၍ ပဉ္စင်း အဖြစ်ကို ရကုန်ပြီးသော် မျှားသောအားဖြင့် တပေါင်းတည်းသာလျှင် သွား လာကုန်၏၊ ထိုရဟန်းတို့သည် တနေ့သ၌ အစီရဝတီမြစ်သို့ သွား၍ ရေချိုး၍ သဲပြင်၌ နေပူခံကုန်လျက် အသက်ထက်ဆုံး အောက်မေ့အပ်သော စကားကို ပြောဆို၍ နေကြကုန်၏၊ထိုခဏ၌ နှစ်ခုသော ဟသ်ာတို့သည် ကောင်းကင်ပြင်သို့ သွားကုန်၏၊ ထိုအခါ တယောက်သော ပဉ္စင်းငယ်သည် ကျောက်စရစ်ကို ကောက်၍ တခုသော ဟသ်ာငယ်၏ မျက်စိကို ပစ်အံ့ဟု ဆို၏၊ တယောက်သော ပဉ္စင်းငယ်သည် မတတ်နိုင်လတ္တံ့ဟု ဆို၏၊ ဤဘက်မျက်စိကို ထားဦးလော့ ထိုဘက်မျက်စိကိုလည်း ပစ်အံ့ဟု ဆို၏၊ ထိုဘက်မျက်စိကိုလည်း မတတ်နိုင် သလျှင် ကတည်းဟု ဆို၏၊ ထိုသို့တပြိုင်းကား မှတ်လော့ဟု ဆို၍ ထက်စွာသော ကျောက်စရစ်ကိုကိုင်၍ ဟသ်ာ၏ နောက်အဘို့၌ ပစ်၏၊ ဟသ်ာသည် ကျောက် စရစ်သံကြား၍ ပြန်၍ ကြည့်၏၊ တခုသော လုံးသော ကျောက်စရစ်ကို ယူ၍ ထိုဘက်မျက်စို၌ ပစ်၍ ဤဘက်မျက်စိမှ ထွက်စေ၏၊ ဟသ်ာသည် မြည်လျက် ရဟန်းတို့၏ခြေရင်း၌သာလျှင်၊ ထိုထိုအရပ်၌ တည်ကုန်သောရဟန်းတို့သည် မြင်၍ လာလတ်၍ ငါ့သျှင် ဤသို့သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက် စေတတ်သော ဘုရားသာသနာတော်၌ ရဟန်းပြု၍ ပါဏာတိပါတကို ပြုသဖြင့် သင်တို့အား မလျောက်ပတ်ဟု ဆို၍ ရဟန်းတို့ကို ယူ၍ မြတ်စွာဘုရားအား ပြကုန်၏၊ မြတ်စွာဘုရားသည် ရဟန်း သင်သည် ပါဏာတိပါတကို ပြုသော ဟူသည် မှန်သလောဟု မေးတော်မူ၍ မှန်ပေ၏ဟု နားတော် လျှောက်သည် ရှိသော် ရဟန်း အဘယ့်ကြောင့် ဤသို့သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက် မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြု၍ ပါဏာတိပါတကို ပြုဘိ သနည်း၊ ရှေးပညာရှိတို့သည် ဘုရားမပွင့်မီ လူ၏ဘောင်၌ နေကုန်လျက် အနည်းငယ်သော အပူတို့၌လည်း ကုက္ကုစ္စကို ပြုကုန်၏၊ သင်သည် ဤသို့

www.dhammadownload.com

သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက် စေတတ်သော သာသနာတော်၌ ရဟန်းပြု၍ ကုက္ကုစ္စကိုလည်းမပြု၊ ရဟန်းမည်သည်ကား ကိုယ်,နှုတ်,စိတ်တို့ကို စောင့်ရှောက်ရသည် မဟုတ်တုံလောဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ကုရုတိုင်းဣန္ဒပတ္ထနဂိုရ်မြို့၌ ဓနဥယကောရဗျမင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏မိဖုယားကြီးဝမ်း၌ ပဋိသန္ဓေယူ၍ အစဉ်သဖြင့် အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ အဘသည် အိမ်ရှေ့အရာ၌ ထားအပ်သည်ဖြစ်၍ နောက် အဘလွန်သဖြင့် မင်းအဖြစ်သို့ရောက်၍ ဆယ်ပါးသော မင်းကျင့်တရားတို့ကို မပျက်စေမူ၍ ကုရုဓမ္မ၌[1] တည်၏၊ (ကုရုမှေမဟူသည်ကား ပဉ္စသီလတည်း)ဘုရားလောင်းသည် ပဉ္စသီလကို စင်ကြယ်စွာပြု၍ စောင့်ရှောက်သကဲ့သို့ ထို့အတူ ဘုရားလောင်း၏ မယ်တော် မိဖုယားကြီး, ညီတော် အိမ်ရှေ့မင်းပုရောဟိတ်ပုဏ္ဏား, ကြိုးတိုင်းအမတ်, ရထားထိန်း, သူငြေး, တင်းခြင်အမတ်ကြီး, တံခါးစောင့်,ပြည့်တန်ဆာမတို့သည်စင်ကြယ်စွာပြု၍ပဉ္စသီလတို့ကို စောင့်ရှောက်ကုန်၏၊ မင်းသည်မြို့တံခါးလေးမျက်နှာ, မြို့လယ်, နန်းတော်တံခါး ဤခြောက်ဌါနတို့၌ အလှူတင်းကုပ်တို့ကို ဆောက်စေကုန်၍ နေ့တိုင်း နေ့တိုင်း ခြောက်သိန်းသော ဥစ္စာတို့ကို စွန့်၍ အလုံးစုံသော ဇမ္ဗူဒိပ်ကို လယ်ယာ ထွန်ခြင်းပြတ်သည်ကိုပြု၍ အလှူပေး၏၊ ထိုဘုရားလောင်း၏ အလှူပေးခြင်း၌ မေ့လျော့သည်၏အဖြစ်သည် အလုံးစုံသော ဇမ္ဗူဒိပ်၌ ပြန့်နှံ့၏၊ ထိုအခါ ကာလင်္ဂတိုင်းဒန္တပုရမြို့၌ ကာလင်္ဂမင်းသည် မင်းပြု၏၊ ထိုမင်း၏တိုင်း၌ မိုးခေါင်းသည်ကား မရွာ၊ မိုးမရွာသည်ရှိသော် တိုင်းအလုံး၌ ငတ်မွတ်ခြင်းဘေးသည် ဖြစ်၏၊ အာဟာရဘောက်ပြန်ခြင်းကြောင့် လူတို့အား ရောဂါသည်လည်းဖြစ်၏၊ မိုးမရွာသောဘေး၊ ငတ်မွတ်သောဘေး,ရောဂါဘေး ဤဘေးသုံးပါးတို့သည် ဖြစ်ကုန်၏၊ လူတို့သည် ထွက်ကုန်၍ သူငယ်တို့ကို လက်တို့၌ ကိုင်ကုန်၍ ထိုထိုသောအရပ်သို့ သွားကုန်၏။

တိုင်းအလုံး၌ နေကုန်သော သူတို့သည် တပေါင်းတည်း ဖြစ်ကုန်၍ ဒန္တပုရမြို့သို့သွား၍ မင်းအိမ်တံခါး၌ ကြွေးကြော်ကုန်၏၊ မင်းသည် လေသာတံခါးကို မှီ၍ တည်လျက် ထိုအသံကိုကြား၍ အဘယ့်ကြောင့် ထိုသူတို့သည် ကြွေးကြော်

---

၁ ဣန္ဒပတ္ထနဂိုရ်မြို့၌ (သီ၊ဇု၊က) ဣန္ဒပန္ထနဂိုရ်မြို့၌(သျာ) ၂ ဂရုဓမ္မ၌(က)

www.dhammadownload.com

ကုန်သနည်းဟု မေး၏၊ မြတ်သောမင်းကြီး အလုံးစုံသောကိုင်းဌ ဘေးသုံးပါး တို့သည် ဖြစ်ကုန်၏၊ မိုဃ်းသည် မရွာ၊ ကောက်ပဲတို့သည် မပြည့်စုံကုန်၊ ငတ်မွတ် ခြင်းသည်ဖြစ်၏၊ လူတို့သည် မကောင်းသောအစာကို စားခြင်းကြောင့် ဧရောဂါ နှိပ်စက်ကုန်သော လူတို့သည် သားတို့ကို လက်ဦးကိုင်ကုန်၍ ရွာမှ ထွက်သွား ကုန်၏၊ မြတ်သောမင်းကြီး မိုဃ်းကို ရွာပါစေလော့ဟု ကြွေးကြော်ကုန်၏ဟု လျှောက်ကုန်၏၊ ရှေးမင်းတို့သည် မိုဃ်းမရွာသော် အသို့ ပြုကုန်သနည်းဟု မေး၏၊ မြတ်သောမင်းကြီး ရှေးမင်းတို့သည် မိုဃ်းမရွာသော် အလှူပေး၍ သီလဆောက်တည်၍ ဥပုသ်ကို ဓိဋ္ဌာန်၍ အသရေရှိသော တိုက်ခန်းသို့ ဝင်၍ မြေစာမြက်ကိုခင်း၍ အိပ်ကုန်၏၊ ထိုအခါ မိုဃ်းသည် ရွာ၏ဟု လျှောက်ကုန်၏၊ မင်းသည် ကောင်းပြီဟု ဝန်ခံ၍ ဆိုတိုင်းကို ပြု၏၊ ဤသို့ ပြုသော်လည်း မိုဃ်းသည် မရွာ။

ထိုအခါ မင်းသည် အမတ်တို့ကို ငါသည် ပြုအပ်သောကိစ္စကိုပြုပြီ၊ မိုဃ်းသည် မရွာ၊ အသို့ ပြုရကုန်အံ့နည်းဟု မေး၏၊ မြတ်သောမင်းကြီး ဣန္ဒပတ္ထနဂိုရ်မြို့၌ ဓနဥယ ကောရဗျမင်းအား အဥ္ဇနဝဏ္ဏမည်သောမင်္ဂလာဆင်သည်ရှိ၏၊ ထိုဆင်ကို ဆောင်ကုန်အံ့၊ ဤသို့ဆောင်သည်ရှိသော် မိုဃ်းသည် ရွာလတ္တံ့ဟု ဆိုကုန်၏၊ မင်းသည် ဗိုလ်ပါဆင်မြင်းနှင့် ပြည့်စုံ၏၊ စစ်ထိုး၍ နှိပ်စက်ခြင်းငှါ ခက်ခဲ၏၊ အဘယ်သို့လျှင် ထိုမင်း၏ မင်္ဂလာဆင်ကို ဆောင်ကုန်အံ့နည်းဟု မင်းသည် ဆို၏၊ မြတ်သောမင်းကြီး ကောရဗျမင်းနှင့် စစ်ထိုးခြင်းမည်သည်မရှိ၊ ဓနဥယကောရဗျ မင်းသည် အလှူဒါနဌ် အလွန်မွေ့လျော်သည် ဖြစ်၍ တောင်းသည် ရှိသော် တန်ဆာဆင်သော ဦးခေါင်းကိုလည်း ဖြတ်၍ လှူရာ၏၊ ကြည်ခြင်းနှင့် ပြည့်စုံ ကုန်သော မျက်စိတို့ကိုလည်း ထုတ်၍ လှူရာ၏၊ အလုံးစုံသော မင်းအဖြစ် ကိုလည်း ဆောင်နှင်း၍ ပေးရာ၏၊ ဆင်ဌကား ဆိုဘွယ် မရှိသည်သာလျှင် ဖြစ်၏၊ မချုတ် တောင်းသော် ပေးကုန်လတ္တံ့ဟု အမတ်တို့သည် ဆိုကုန်၏၊ အဘယ်သူတို့အားကား ထိုဆင်ကို တောင်းခြင်းငှါ စွမ်းနိုင်ကုန် အံ့နည်းဟု မင်းသည် ဆို၏၊ မြတ်သောမင်းကြီး ပုဏ္ဏားတို့သည် စွမ်းနိုင်ကုန်၏ဟု အမတ် တို့သည် ဆိုကုန်၏၊ မင်းသည် ပုဏ္ဏားအပေါင်းမှ ရွှစ်ယောက်သော ပုဏ္ဏားတို့ကို ခေါ်စေ၍ ချီးမြှောက် ပေးကမ်းခြင်းကိုပြု၍ ဆင်ကို တောင်းစိမ့်သောငှါ စေ၏၊ ထိုပုဏ္ဏားတို့သည် ရိက္ခာကို ယူပြီးသော် ခရီးသွားအသွင်ကို ယူ၍ ခပ်သိမ်းသော အရပ်တို့၌ တည့်တို့သာ အိပ်သဖြင့် လျင်မြန်စွာ သွား၍ နှစ်ရက်, သုံးရက်ဖြင့် မြို့တံခါး အလှူတင်းကုပ်၌ စားကုန်၍ ကိုယ်ကို ဆောင့်ရဲစေ၍ အဘယ်အခါ၌

www.dhammadownload.com

မင်းသည် အလှူတင်းကုပ်သို့ လာလတ္တံ့နည်းဟု မေးကုန်၏၊ လူတို့သည် ပက္ခ၏ စတုဒ္ဒသီ, ပန္နရသီ, အဋ္ဌမီ ဟူကုန်သော သုံးရက်တို့၌ မင်းသည် လာ၏၊ နာက်ဖြန် ပုဏ္ဏမီနေ့ ဖြစ်၏၊ ထို့ကြောင့် နာက်ဖြန် လာလတ္တံ့ဟု ဆိုကြကုန်၏။

ပုဏ္ဏားတို့သည် နာက်ဖြန် စောစောကလျင် သွား၍ အရှေ့တံခါး၌ နေကြကုန်၏၊ဘုရားလောင်းသည် စောစောကရေချိုး၍ ကိုယ်ကို နံ့သာဖြင့် လိမ်းကျံ၍ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်၍ တန်ဆာဆင်သော ဆင်ကျောက်ကုန်း၌ စီး၍ များစွာသော အခြံအရံဖြင့် ခြံရံအပ်သည်ဖြစ်၍ အရှေ့တံခါးဖြင့် အလှူတင်းကုပ်သို့သွား၍ ဆင်မှဆင်းသက်၍ ခုနစ်ယောက်, ရှစ်ယောက်ကုန်သော သူတို့အား ကိုယ်တိုင်ထမင်းပေး၍ ရှေးနည်းဖြင့်လျင် လှူကြကုန်လေ့ဟု ဆို၍ ဆင်ကိုစီး၍ တောင်တံခါးသို့ သွား၏၊ ပုဏ္ဏားတို့သည် အရှေ့တံခါး၌ အစောင့်အရှောက် အားကြီးသည်၏ အဖြစ်ကြောင့် အခွင့်ကိုမရ၍ တောင်တံခါးသို့သာလျင် သွား၍ လာလတ်သောမင်းကို မြော်ကုန်လျက် တံခါးမှ မနီးလွန်းမဝေးလွန်းသော မြင်ရာအရပ်၌တည်၍ မင်းရောက်လာသော် လက်ကိုမြောက်၍ “ဇယတု ဘဝံ မဟာရာဇ”ဟု အောင်ဆုပေးကုန်၏၊ မင်းသည် ဝရဇိန်ချန်းဖြင့် ဆင်ကို နစ်စေ၍ ထိုပုဏ္ဏားတို့၏ အထံသို့ သွား၍ အို ပုဏ္ဏားတို့ သင်တို့သည် အဘယ်ကို အလိုရှိကုန်သနည်းဟု မေး၏၊ ပုဏ္ဏားတို့သည် ဘုရားလောင်း၏ ကျေးဇူးကို ချီးမွမ်းလိုရကား—

၇၆ တဝ သဒ္ဓဥ္စ သီလဥ္စ၊ ဝိဒိတ္ဝာန ဇနာဓိပ။
ဝဏ္ဏံ အဉ္ဇနဝဏ္ဏေန၊ ကလိင်္ဂမှိ နိမိမ္ဟသေ[1]။

ဟူသော ရွှေးဦးစွာသော ဂျိဂါထာကို ဆို၏။

ဇနာဓိပ၊ လူတို့ကို အစိုးရသော ကောရဗျမင်း။ မယံ၊ ငါတို့သည်။ တွဝ၊ သင်မင်းကြီး၏။ သဒ္ဓဥ္စ၊ သဒ္ဓါကိုလည်း။ သီလဥ္စ၊ သီလကိုလည်း။ ဝိဒိတ္ဝာန၊ သိ၍။ ကလိင်္ဂမှိ၊ ကာလိင်္ဂရာဇ်၌။ အဉ္ဇနဝဏ္ဏေန၊ အဉ္ဇနဝဏ္ဏ ဆင်တော်ဖြင့်။ ဝဏ္ဏံ၊ ရှေ့ကို။ နိမိမ္ဟ၊ လဲလိုကုန်၏။ **တနည်းကား** ကလိင်္ဂမှိ၊ ကာလိင်္ဂမင်း၏ အထံသို့။ အဉ္ဇနဝဏ္ဏေန၊ အဉ္ဇနဝဏ္ဏဆင်ဖြင့်။ တဝ၊ သင်မင်းကြီး၏။ ဝဏ္ဏံ၊ ကျေးဇူးကို။ နိမိမ္ဟ၊ ချီးမွမ်းကုန်အံ့။

---

၁ ဝိနိမ္ဟသေ (သျာ) ဝနိမ္ဟသေ (က)

www.dhammadownload.com

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ပုဏ္ဏားတို့ သင်တို့သည် ဤဆင်ကို ရောင်း၍ ဥစ္စာကို ပြုလိုကုန်သည်ဖြစ်အံ့၊ မစိုးရိမ်ကုန်လင့်၊ တန်ဆာဆင်တိုင်း သောဆင်ကို သင်တို့အား ပေးအံ့ဟု နှစ်သိမ့်စေ၍—

၇၇ အန္နဘစ္စာ စဘဇ္ဇာ စ၊ ယောဓ ဥဒ္ဒိဿ ဂစ္ဆတိ။
သဗ္ဗေ တေ အပ္ပဋိကွိပ္ပါ၊ ပဋ္ဌာစရိယဝစော ကုဒံ။
၇၈ ဒဒါမိ ဝေါ ဗြာဟ္မဏာ နာဂမေကံ၊
ရာဇာရဟံ ရာဇဘောဂ္ဂံ ယသဿိနံ။
အလင်္ကတံ ဟေမဇာလာဘိဆန္နံ၊
သသာရထိံ ဂစ္ဆထ ယေန ကာမံ။

ဟူသော ဤဂါထာတို့ကို ဆို၏။

ဗြာဟ္မဏာ၊ ပုဏ္ဏားတို့။ အန္နဘစ္စာ စ၊ ထမင်းကျေးအပ်ကုန်သော သူတို့ သည်၎င်း။ အဘစ္စာ စ၊ ထမင်းမကျေးအပ်ကုန်သော သူတို့သည်၎င်း။ ကုဓ၊ ဤလောက၌။ သန္တိ၊ ရှိကုန်၏။ တေသု၊ ထိုသူတို့တွင်။ ယော၊ အကြင်သူသည်။ ယံ၊ အကြင်သူကို။ ဥဒ္ဒိဿ၊ ရည်၍။ ဂစ္ဆတိ၊ သွား၏။ သဗ္ဗေ၊ ခပ်သိမ်းကုန် သော။ တေ၊ ထိုရည်၍ သွားကုန်သော သူတို့ကို။ တေန၊ ထိုသူသည်။ အပ္ပဋိကွိပ္ပါ၊ မပယ်အပ်ကုန်။ ကုဒံ၊ ဤစကားသည်။ ပဋ္ဌာစရိယဝစော၊လက်ဦး ဆရာဖြစ်သော မိဘတို့စကားတည်း။

ဝေါ၊ သင်တို့အား။ ရာဇာရဟံ၊ မင်းအားလျောက်ပတ်သော။ရာဇဘောဂ္ဂံ၊ မင်း၏ အသုံးအဆောင်ဖြစ်သော။ ယသဿိနံ၊ အမျိုးငါးရာဟူသော အခြံအရံ ရှိသော။ အလင်္ကတံ၊ အထူးထူးသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော။ ဟေမဇာလာဘိဆန္နံ၊ ရွှေကွန်ယက်ဖြင့် လွှမ်းအပ်သော။ သသာရထိံ၊ ဆင်ထိန်း နှင့်တကွသော။ တေံ နာဂံ၊ ဤဆင်ကို။ ဝေါ၊ သင်တို့အား။ ဒဒါမိ၊ ငါပေးအံ့။ ယေန၊ အကြင်အရပ်ဖြင့်။ ကာမံ၊ အလိုရှိ၏။ တေန၊ ထိုအရပ်ဖြင့်။ ဂစ္ဆထ၊ သွားကြကုန်လော။

ဤသို့ ဘုရားလောင်းသည် မြတ်သော ဆင်ကျောက်ကုန်း၌ စီးလျက်လျှင် စကားဖြင့်လှူပြီး၍ ဆင်ကျောက်ကုန်းမှဆင်းသက်၍ တန်ဆာမဆင်ရာ ရှိငြားအံ့၊ တန်ဆာဆင်၍လျှင် လှူအံ့ဟုဆို၍ သုံးကြိမ် လက်ျာရစ်လှည့်လည်လျက် ကြည့်

www.dhammadownload.com

လတ်သော် တန်ဆာမဆင်ရာ အရပ်ကို မမြင်၍ ထိုဆင်၏နှာမောင်းကို ပုဏ္ဏား ကို၏ လက်၌ထား၍ ရှေကရားဖြင့် ပန်း, နှံသာ ထုံအပ်သောရေကို သွန်း၍ လူ၏၊ ပုဏ္ဏားတို့သည် အခြံအရံနှင့်တကွသော ဆင်ကို အလှူခံ၍ ဆင်ကျောက်ကုန်း၌ စီး၍ ဒန္တာပုရမြို့သို့သွား၍ မင်းအား ပေးကုန်၏၊ ဆင်သည် ရောက်ငြားသော် လည်း မိုဃ်းသည် မရွာ၊ မင်းသည် အကြောင်း အသို့တုံနည်းဟု မေးပြန်၏၊ မနုဇ္ဇယ ကောရဗျမင်းသည် ကုရုဓမ္မကို ကျင့်၏၊ ထို့ကြောင့် မင်း၏တိုင်း၌ လခဲ တကြိမ်, ဆယ်ရက်တကြိမ် မင်း၏အာနုဘော်ဖြင့် မိုဃ်းသည် ရွာ၏၊ ကျိတိရစ္ဆာန် အား ကျေးဇူးသည် မရှိကုန်ဟု ကြား၍ ထိုသို့တပြီးကား တန်ဆာဆင်မြဲ သာလျှင်ဖြစ်သော အခြံအရံနှင့်တကွ ဆင်ကို မင်းအား ပေးအပ်စေ၍ အကြင် ကုရုဓမ္မကို မင်းသည် စောင့်၏၊ ထိုကုရုဓမ္မကို ရှေပြား၌ ရေး၍ ဆောင်ကြကုန် လော်ဟု ပုဏ္ဏားတို့ကိုဂင်း အမတ်တို့ကိုဂင်း စေ၏၊ ထိုအမတ်, ပုဏ္ဏားတို့သည် သွား၍ မင်းဒါား ဆင်ကို အပ်နှင်း၍ မြတ်သောမင်းကြီး ဤဆင်သည် ရောက်လာငြားသော်လည်း အကျွန်ုပ်တို့၏ တိုင်း၌ မိုဃ်းမရွာ၊ အရှင်မင်းကြီး တို့သည် ကုရုဓမ္မကို စောင့်ရှောက်ကုန်သတတ်၊ အကျွန်ုပ်တို့၏ မင်းသည်လည်း ထိုကုရုဓမ္မကို စောင့်ရှောက်လိုသည် ဖြစ်၍ ဤရှေပြား၌ ရေး၍ ဆောင်ကြ စေကုန်ဟု စေ၏၊ ကျွန်ုပ်တို့အား ကုရုဓမ္မကို ပေးပါကုန်လော်ဟု လျှောက် ကုန်၏၊အဓမောင်တို့ ငါသည် ထိုကုရုဓမ္မကို စောင့်ရှောက်သည်မှန်၏၊ ထိုသို့စောင့် ရှောက်ငြားသော်လည်း ယခုအခါ ထိုကုရုဓမ္မ၌ ငါ့အား ကုက္ကုစ္စရှိ၏၊ ထိုကုရုဓမ္မ သည် ငါ၏စိတ်ကို မနှစ်သက်စေနိုင်၊ ထို့ကြောင့် သင်တို့အား ပေးခြင်းငှါ မတတ်နိုင်ဟု မင်းသည် ဆို၏။

အဘယ့်ကြောင့် ထိုသီလသည် မင်းကို မနှစ်သက် စေနိုင်သနည်း ဟူမူကား ထိုအခါ မင်းတို့အား သုံးနှစ်မြောက်လျှင် တန်ဆောင်မုန်းလ၌ ပဲသဘင်ဖြစ်၏၊ ထိုသဘင်ကို ကစားကုန်သော် မင်းတို့သည် ခပ်သိမ်းသော တန်ဆာဖြင့် ကန်ဆာဆင်ကုန်လျက် နတ်အသွင်ကို ယူကုန်၍ စိတ္တရုဇာမည်သော နတ်၏ အထံ၌ တည်ကုန်၍ အရပ်လေးမျက်နှာတို့သို့ ပန်းတို့ဖြင့် တန်ဆာဆင်အပ် ကုန်သော ဆန်းကြယ်သော မြားတို့ကို ပစ်လွှတ်ကုန်၏၊ ဤကောရဗျမင်းသည် လည်း ထိုပဲသဘင်ကို ကစားလတ်သော် တခုသော ရေကန်ဝယ် စိတ္တရုဇာ နတ်၏ အထံ၌တည်၍ အရပ်လေးမျက်နှာတို့သို့ ဆန်းကြယ်သော မြားတို့ကို ပစ်လွှတ်၍ ထိုမြားတို့တွင် ကြွင်းကုန်သော အရပ်လေးမျက်နှာတို့သို့ သွားကုန် သော မြားသုံးစင်းတို့ကို မြင်၍ ရေအပြင်သို့ ပစ်အပ်သော မြားကိုကား

www.dhammadownload.com

မမြင် ငါပစ်အပ်သော မြှားသည် ငါး၏ကိုယ်သို့ ကျလေသလော ဟု မင်းအား ကုက္ကုစ္စဖြစ်၏၊ ဤသို့ ပါဏာတိပါတကံဖြင့် သီလပျက်ခြင်းကို အာရုံပြုသော ကြောင့် ထိုသီလသည် မင်းကို မနှစ်သက်စေ၊ ထိုမင်းသည် အမောင်တို့ ငါ့အား ကုရုဓမ္မဋ္ဌကုက္ကုစ္စရှိ၏၊ ငါ၏မယ်တော်သည်ကား ကောင်းစွာစောင့်၏၊ ထို့ကြောင့် မယ်တော်အထံဋ္ဌ ယူကြကုန်လော ဟု ဆို၏၊ မြတ်သောမင်းကြီး သင်မင်းကြီး တို့အား သတ္တဝါကို သတ်အံ့ဟူသော စေတနာသည် မရှိ၊ စေတနာကိုကြဉ်၍ ပါဏာတိပါတမည်သည်မရှိ၊ ရှင်မင်းကြီးစောင့်ရှောက်သော ကုရုဓမ္မကိုအကျွန်ုပ် တို့အား ပေးပါကုန်လော ဟု အမတ်တို့သည် ဆိုကုန်၏၊ ထိုသို့တပြီးကား ရေးကြ ကုန်လော ဟုဆို၍ ရှေ့ပြေးဋ္ဌ "သတ္တဝါကို မသတ်အပ်၊ အရှင်မပေးသောဥစ္စာကို မခိုးယူအပ်၊ ကာမတို့ဋ္ဌ မှားသောအကျင့်ကို မကျင့်အပ်၊ မုသာဝါဒကိုမဆိုအပ်၊ ယစ်မျိုးကို မသောက်အံ့" ဟု ရေးစေ၏၊ ရေးစေပြီး၍ကား ဤသို့ စေခြားသော်လည်း ငါ့ကို သီလသည် မနှစ်သက်စေ၊ ငါ၏မယ်တော်အဆံသို့ သွားကြလေကုန်ဟု ဆို၏။

တမန်တို့သည် မင်းကို ရှိခိုး၍ မယ်တော်အထံသို့ သွား၍လျှင် အရှင်မိဖုယား သင်တို့သည် ကုရုဓမ္မကိုစောင့်ရှောက်ကုန်သတတ်၊ ထိုကုရုဓမ္မကို အကျွန်ုပ်တို့အား ပေးပါကုန်လော ဟု ဆိုကုန်၏၊ မယ်တော်မိဖုယားသည် အမောင်တို့ ငါသည် ကုရုဓမ္မကို စောင့်ရှောက်သည်ကား မှန်၏၊ ထိုသို့စောင့်ရှောက်ခြားသော်လည်း ထိုကုရုဓမ္မဋ္ဌ ယခုငါ့အား ကုက္ကုစ္စဖြစ်၏၊ ထိုကုရုဓမ္မသည် ငါ့အားမနှစ်သက်စေနိုင်၊ ထို့ကြောင့် သင်တို့အား ပေးခြင်းငှါ မတတ်ကောင်း ဟု ဆို၏၊ ထိုမယ်တော် မိဖုယားအား သားနှစ်ယောက်တို့သည် ရှိကုန်သတတ်၊ သားကြီးသည် မင်းဖြစ်၏ သားငယ်သည် အိမ်ရှေ့မင်းဖြစ်၏၊ ထိုအခါ မင်းတပါးသည် ဘုရားလောင်းအား အဘိုးတသိန်းထိုက်သော စန္ဒကူးနှံ့သာနှစ်, အဘိုးတထောင်ထိုက်သော ရွှေပန်း ကို ဆက်လာ၏၊ ဘုရားလောင်းသည် မယ်တော်ကို ပူဇော်အံ့ဟု ထိုအလုံးစုံကို မယ်တော်အား ပို့စေ၏၊ မယ်တော်သည်ကား ငါသည် နှံသာကိုလည်း မလိမ်း ပန်းကိုလည်းမပန် ချွေးမတို့အား ပေးအံ့ဟု ကြံ၏၊ ထိုအခါ မယ်တော်အား ငါ၏ချွေးမကြီးသည် မင်းမိဖုယားကြီးအရာဋ္ဌ တည်၏၊ ချွေးမကြီးအား ရွှေပန်းကို ပေးအံ့၊ ချွေးမငယ်သည် ဆင်းရဲ၏၊ ချွေးမငယ်အား စန္ဒကူးနှံ့သာနှစ်ကို ပေးအံ့ဟု အကြံဖြစ်၏၊ ဤသို့အကြံဖြစ်၍ မင်း၏ မယ်တော်သည် မင်း၏မိဖုယားအား ရွှေပန်းကိုပေး၍အိမ်ရှေ့မင်းမယားအားစန္ဒကူးနှံ့သာနှစ်ကိုပေး၏၊ ပေးပြီး၍ကား ငါသည် ကုရုဓမ္မကို စောင့်၏၊ ထိုချွေးမတို့၏ အစိုးရသော အဖြစ် ဆင်းရဲသော

www.dhammadownload.com

အဖြစ်သည် ငါ့အား ပမာဏမဟုတ် အမျိုးဥ္ဇာကြီးသော သူတို့အား အရိုအသေ ပြုခြင်း အမှုကိုသာလျှင် ပြုခြင်းငှါ ငါ့အား လျောက်ပတ်၏၊ ငါ့အား မပြုအပ်သည်ကို ပြုခြင်းကြောင့် သီလသည် ပျက်၏ဟု မယ်တော်အား ကုက္ကုစ္စဖြစ်၏၊ ထို့ကြောင့် တမန်တို့ကို ဤသို့ဆို၏၊ ထိုအခါ မယ်တော်ကို တမန်တို့သည် မိမိ ဥစ္စာမည်သည်ကို အလိုရှိတိုင်း ပေးအပ်၏၊ အရှင်မိဖုယားကြီးတို့သည် ဤမျှ ဖြင့်လည်း ကုက္ကုစ္စကို ပြုကုန်၏၊ တပါးသော မကောင်းသော အမှုကို အသို့ပြု ကုန်အံ့နည်း သီလမည်သည်ကား ဤသို့သော အမှုဖြင့် မပျက် အကျွန်ုပ်တို့အား ကုရုဓမ္မကို ပေးပါကုန်လော့ဟု ဆို၍ မယ်တော် မိဖုယား၏ အထံ၌လည်း ယူ၍ ထိုကုရုဓမ္မတို့ကို ရွတ်ပြား၌ ရေးကုန်၏။

မယ်တော်မိဖုယားသည် အမောင်တို့ ဤသို့ ပေးငြားသော်လည်း ကုရုဓမ္မသည်ငါ့ကိုမနှစ်သက်စေနိုင်၊ ငါ၏ချွေးမသည်ကားကောင်းစွာစောင့်၏၊ ငါ့ချွေးမအထံ၌ ယူကြလေကုန်ဟု ဆိုအပ်ကုန်သော် တမန်တို့သည် မိဖုယားကြီးအထံသို့ ကပ်၍ ရှေးနည်းသာလျှင် ကုရုဓမ္မကို တောင်းကုန်၏။ မိဖုယားကြီးသည်လည်း ရှေးနည်းဖြင့်သာလျှင် ဆို၏၊ ယခု ငါ့ကို သီလသည် မနှစ်သက်စေနိုင်၊ ထို့ကြောင့် သင်တို့အား ငါမပေးဟု ဆို၏၊ ထိုမိဖုယားကြီးသည် တနေ့သ၌ ခြင်္သေ့ခံသော လေသာပြတင်းနား၌ ရပ်လျက် မြို့ကို လက်ျာရစ်လှည့်သော မင်း၏နောက်မှ ဆင်ကျောက်ကုန်း၌စီးသော အိမ်ရှေ့မင်းကို မြင်၍ လောဘကို ဖြစ်စေ၍ ငါသည် အကယ်၍ အိမ်ရှေ့မင်းနှင့် အဆွေခင်ပွန်းဖွဲ့ငြားအံ့ အစ်ကိုလွန်သဖြင့် မင်းအဖြစ်၌တည်သော အိမ်ရှေ့မင်းသည် ငါ့ကို သိမ်းယူငြားအံ့ဟု ကြံသတတ်၊ ထိုအခါ မိဖုယားအား ကုရုဓမ္မကိုစောင့်သောငါသည် လင်ရှိသည်ဖြစ်လျက် ကိလေသာ၏ အစွမ်းအားဖြင့် တပါးသော ယောကျ်ားကို ကြည့်မိ၏၊ ထို့ကြောင့် ငါ့သီလ ပျက်သည် ဖြစ်ကုန်၏ဟု ကုက္ကုစ္စဖြစ်၏၊ ထိုကြောင့် ဤသို့ဆို၏၊ ထိုအခါ မိဖုယား ကြီးကို ထိုတမန်တို့သည် အရှင်မ စိတ်ဖြစ်ကာမျှဖြင့် လွန်ကျူးခြင်း မည်သည် မဖြစ်၊ သင်တို့သည်လည်း ဤမျှဖြင့်လည်း ကုက္ကုစ္စကို ပြုကုန်၏၊ လွန်ကျူးခြင်းကို အသို့လျှင် ပြုကုန်လတ္တံ့နည်း၊ ဤမျှဖြင့် သီလသည်မပျက်၊ အကျွန်ုပ်တို့အား ကုရုဓမ္မကို ပေးကုန်လော့ဟုဆို၍ မိဖုယားကြီး၏ အထံ၌လည်း ကုရုဓမ္မကို ရွတ်ပြား၌ ရေးယူကြကုန်၏။

မိဖုယားကြီးသည် အမောင်တို့ ဤသို့ပေးငြားသော်လည်း ငါ့ကို သီလသည် မနှစ်သက်စေ၊ အိမ်ရှေ့မင်းသည် ကောင်းစွာ စောင့်၏၊ အိမ်ရှေ့မင်း၏ အထံ၌

www.dhammadownload.com

ယူကြာကုန်လော့ဟု ဆိုအပ်ကုန်သော် တမန်တို့သည် အိမ်ရှေ့မင်း၏ အထံသို့ ကပ်၍ ရှေးနည်းဖြင့်သာလျှင် ကုရုဓမ္မကို တောင်းကုန်၏၊ ထိုအိမ်ရှေ့မင်း သည်ကား ညချမ်းသောအခါ မင်း၏အထံသို့ သွားသည်ရှိသော် ရထား ဖြင့်လျှင် မင်းယင်ပြင်သို့ ရောက်၍ မင်း၏အထံ၌ ခစား၍ မင်း၏အထံ၌ အိပ်လိုသည်ရှိသော် ကြိုးနှင်တံတို့ကို ရထားဦး၌ ထားခဲ့၏၊ ထိုအမှတ်ဖြင့် လူမျှားတို့သည် ဖဲ၍ နက်ဖြန် နံနက်စောစော၌ လာလတ်၍ အိမ်ရှေ့မင်း၏ ထွက်ခြင်းကို မြော်လျက်လျှင် တည်၏၊ ရထားထိန်းသည်လည်း ရထားကို စောင့်ရှောက်၍ နက်ဖြန် နံနက် စောစောကလျှင် ရထားကိုယူ၍ မင်းအိမ် တံခါး၌ တည်၏၊ ထိုခဏ၌သာလျှင် ထွက်လိုသည်ဖြစ်အံ့ ကြိုးနှင်တံတို့ကို ရထား၏အတွင်း၌ သာလျှင် ထားခဲ့၍ မင်းအထံသို့ သွား၏၊ လူမျှားတို့သည် ထိုအမှတ်ဖြင့် ယခုလျှင် ထွက်လတ္တံ့ဟု မင်းအိမ်တံခါး၌သာလျှင် တည်၏၊ အိမ်ရှေ့မင်းသည် တမနေ့သ၌ ဤသို့ပြု၍ မင်းအိမ်သို့ ဝင်၏၊ ဝင်ကာမျှလျှင် မိုးသည် ချာ၏၊ မင်းသည် မိုးရွာ၏ဟု အိမ်ရှေ့မင်းအား ထွက်ခြင်းကိုမပေး၊ အိမ်ရှေ့မင်းသည် မင်းအိမ်၌သာလျှင် ခစား၍ အိပ်၏၊ လူမျှားသည် ယခု ထွက်လတ္တံ့ဟု တညဉ့်ပတ်လုံး မိုးစွတ်လျက် တည်၏၊ အိမ်ရှေ့မင်းသည် နက်ဖြန်မှထွက်၍ မိုးစွတ်လျက်တည်သော လူမျှားကိုမြင်၍ ကုရုဓမ္မကို စောင့် ရှောက်သော ငါသည် ဤမျှလောက်သောလူကို ပင်ပန်းစေပြီ၊ ငါ၏သီလသည် ပျက်စီးရာ၏ဟု ကုက္ကုစ္စဖြစ်၏၊ ထို့ကြောင့်ထိုတမန်တို့အား ငါသည် ကုရုဓမ္မကို စောင့်ရှောက်သည်ကား မှန်၏၊ ထိုသို့ စောင့်ရှောက်ခဲသော်လည်း ယခု ငါ့အား ကုက္ကုစ္စရှိ၏၊ ထို့ကြောင့် သင်တို့အား ပေးခြင်းငှါ မတတ်ကောင်းဟု ဆို၍ ထိုဒေကြောင်းကိုကြား၏၊ ထိုအခါအိမ်ရှေ့မင်းကို တမန်တို့သည် အရှင်မင်းမြတ် သင်မင်းကြီးသည် ထိုသူတို့အား ပင်ပန်းစေကုန်သတည်း ဟူသော စိတ်သည်မရှိ စိတ်မရှိသော်ကံမမြောက် ဤအမှုဖြင့်လည်းကုက္ကုစ္စကိုပြုကုန်သေး၏၊ အဘယ်မှာ လျှင်အရှင်မင်းကြီးတို့အားလွန်ကျူးခြင်းဖြစ်ကုန်အံ့နည်းဟုဆို၍ အိမ်ရှေ့မင်း၏ အထံမှလည်း သီလကိုယူ၍ ရှေ့ပြား၌ ရေးကုန်၏။

ဤသို့ ပေးငြားသော်လည်း သီလသည် ငါ့ကို မနှစ်သက်စေနိုင်၊ ပုရောဟိတ် သည်ကား ကောင်းစွာ စောင့်ရှောက်၏၊ ပုရောဟိတ်၏အထံ၌ ယူကြာကုန်ဟူ၍ ဆိုအပ်ကုန်သော် တမန်တို့သည် ပုရောဟိတ်၏ အထံသို့သွား၍ တောင်းကုန်၏၊ ထိုပုရောဟိတ်သည်လည်း တနေ့သ၌ မင်းအား ခစားခြင်းငှါ မင်းအထံသို့ သွားလတ်သော် မင်းတပါးသည် ထိုကောရဗျမင်းအား ဆက်အပ်သော အသစ်

www.dhammadownload.com

ဖြစ်သော ထွန်းပသော အရောင်အဆင်းရှိသော ရထားကို လမ်းအကြားဌိမြင်၍ အဘယ်သူ၏ရထားနည်းဟု မေး၍ မင်းဒုံအား ဆက်သအပ်သော ရထားတည်းဟု ကြား၍ ငါသည်အိုမင်းပြီ မင်းသည်ကျိရထားကို ငါ့အား အကယ်၍ ပေးငြားအံ့ ငါသည် ကျိရထားကိုစီး၍ ချမ်းသာစွာ လှည့်လည်ရရာ၏ဟု ကြံ၍ မင်း၏အထံသို့ သွား၏၊ ထိုပုရောဟိတ်၏ "ဇယတု ဘဝံ မဟာရာဇ" ဆို၍ တည်သောကာလ၌ မင်းအား ရထားကို ဆက်ကုန်၏၊ မင်းသည် မြင်၍ ကျိရထားသည် အလွန်လျင်ကောင်း၏၊ ကျိရထားကို ဆရာအား ပေးကြကုန်လော့ဟု ဆို၏၊ပုရောဟိတ်သည် အလိုမရှိ အဖန်တလဲလဲ ဆိုအပ်သော်လည်း အလိုမရှိသည် သာလျှင် ဖြစ်၏၊ အဘယ့်ကြောင့် ထိုပုရောဟိတ်အား ကျိသို့ အလိုမရှိခြင်းသည် ဖြစ်သနည်း ဟူမူကား ကုရုဓမ္မကို ဓောင့်သော ငါသည် သူတပါးဥစ္စာ၌ တပ်စွန်းခြင်းကိုပြု၏၊ ငါ့ဩဝါဒသည် ပျက်၏၊ ကျိသို့သော အကြံသည် ဖြစ်၏၊ ထို့ကြောင့် အလိုမရှိခြင်းသည် ဖြစ်၏၊ ထိုပုရောဟိတ်သည် ထိုအကြောင်းကို ကြား၍ ကုရုဓမ္မ၌ ကုက္ကုစ္စသည် ငါ့အား ရှိ၏၊ ငါ့ကို ကုရုဓမ္မသည် မနှစ်သက်စေနိုင်၊ ထို့ကြောင့် ပေးခြင်းငှါ မတတ်ကောင်းဟု ဆို၏၊ ထိုအခါ ထိုပုရောဟိတ်ကို တမန်တို့သည် လောဘဖြစ်ကာမျှနှင့် သိလသည်မပျက် သုင်တို့သည် ကျိမျှဖြင့်လည်း ကုက္ကုစ္စကို ပြုကုန်သေး၏၊အဘယ်မှာလွန်ကျူးခြင်းကို ပြုကုန်အံ့နည်းဟုဆို၍ ပုရောဟိတ်၏ အထံ၌လည်း သိလကိုယူ၍ ရှေ့ပြေး၌ ရေးကုန်၏။

ကျိသို့ပေးငြားသော်လည်း ငါ့ကို သိလသည် မနှစ်သက်စေနိုင်၊ ကြိုးတိုင်းအမတ်သည်ကား ကောင်းစွာ စောင့်၏၊ ထိုကြိုးတိုင်းအမတ်၏ အထံ၌ ယူကြကုန်လော့ဟု ဆိုကုန်သော် တမန်တို့သည် ကြိုးတိုင်းအမတ်၏ အထံသို့လည်း သွား၍ တောင်းကုန်၏၊ ထိုကြိုးတိုင်းအမတ်သည်လည်း တနေ့သ၌ ဇနပုဒ်ဝယ်လယ်ကို တိုင်းလတ်သည်ရှိသော် ကြိုးစွန်းကို လုံတံ၌ဖွဲ့၍ တခုသော အစွန်းကို လယ်ရှင်ကို ကိုင်စေ၍ တခုသော အစွန်းကို မိမိသည်ကိုင်၏၊ ထိုကြိုးတိုင်းအမတ်သည် ကိုင်အပ်သော ကြိုးစွန်းဖြင့် ဖွဲ့အပ်သော လုံတံသည် တခုသော ဗုဇ္ဈန်တွင်းအလယ်သို့ ရောက်၏၊ ထိုကြိုးတိုင်းအမတ်သည် အကယ်၍ လုံတံကို ဗုဇ္ဈန်တွင်း၌ စိုက်အံ့ တွင်း၏အထဲ၌ ဗုဇ္ဈန်သည် ပျက်စီးလတ္တံ့၊ အကယ်၍ တွင်းမှ ထိုမှာဘက်၌စိုက်အံ့၊ မင်း၏ဥစ္စာသည် ပျက်စီးလတ္တံ့၊ အကယ်၍ တွင်း၏ ကျိမှာဘက်၌စိုက်အံ့ သူကြွယ်၏ဥစ္စာသည် ပျက်စီးလတ္တံ့၊ အဘယ်သို့ပြုအပ်သနည်း ဟူသော အကြံသည် ဖြစ်၏၊ ထိုအခါ ထိုကြိုးတိုင်းအမတ်အား တွင်း၌ ဗုဇ္ဈန်သည် မရှိတန်ရာ အကယ်၍ ရှိငြားအံ့ ထင်ရှားရာ၏၊ ဗုဇ္ဈန်တွင်း

www.dhammadownload.com

၌သာလျှင် လုံတံကို စိုက်အံ့ဟု အကြံသည် ဖြစ်၏၊ ဤသို့ အကြံဖြစ်၍ တွင်း၌ လုံတံကို ချ၏၊ ဗုဇ္ဈန်သည် ကိရိဟူသော အသံကို ပြု၏၊ ထိုအခါ ကြိုးတိုင်း အမတ်သည် လုံတံသည် ဗုဇ္ဈန်၏ကျောက်ကုန်း၌ ကျသည် ဖြစ်လတ္တံ့၊ ဗုဇ္ဈန် သေလတ္တံ့၊ ငါလည်း ကုရုဓမ္မကိုစောင့်၏၊ ဆိုစောင့်သော သီလသည် ပျက်စီးရာ၏ဟူသော အကြံသည် ဖြစ်၏၊ ထိုကြိုးတိုင်းအမတ်သည် ထိုအကြောင်းကို ကြား၍ ထိုကုရုဓမ္မ၌ ငါ့အား ကုက္ကုစ္စသည် ဖြစ်၏၊ ထို့ကြောင့် ပေးခြင်းငှါ မတတ်ကောင်းဟု ဆို၏၊ ထိုအခါ ထိုကြိုးတိုင်းအမတ်ကို တမန်တို့သည် သင်တို့အား ဗုဇ္ဈန်သေစေသတည်း ဟူသော စေတနာသည် မရှိ၊ စေတနာမရှိသော် ကံမည်သည် မဖြစ်သင့်၊ ဤမျှဖြင့်လည်း ကုက္ကုစ္စဖြစ်သေး၏၊ အဘယ်မှာလျှင် လွန်ကျူးခြင်းကို ပြုလတ္တံ့နည်းဟုဆို၍ ထိုကြိုးတိုင်းအမတ်၏ အထံ၌လည်း သီလကိုယူ၍ ရှေပေ၌ ရေးကုန်၏။

ဤသို့ ပေးငြားသော်လည်း ငါ့ကိုသီလသည် မနှစ်သက်စေနိုင်၊ ရထားထိန်းသည်ကား ကောင်းစွာစောင့်ရှောက်၏၊ ရထားထိန်း၏အထံ၌ ယူကြလေကုန်ဟူဆိုအပ်ကုန်သော် တမန်တို့သည် ရထားထိန်းအထံသို့ သွား၍ တောင်းကုန်၏၊ ထိုရထားထိန်းသည် တနေ့သ၌ မင်းကိုရထားဖြင့် ဥယျာဉ်သို့ဆောင်၍ မင်းသည် ဥယျာဉ်၌ တနေ့ပတ်လုံး ကစား၍ ညချမ်းအခါ၌ ထွက်၍ ရထားစီး၍ မင်း၏မြို့သို့မရောက်မီလျှင် နေဝင်သောအခါ၌ မိုးသည် တက်၏၊ ထိုအခါ ရထားထိန်းသည် မင်းအား မိုးစွတ်အံ့သည်မှ ကြောက်သောကြောင့် သိန္နောမြင်းတို့အား နှင်တံအမှတ်ကို ပေး၏၊ သိန္နောမြင်းတို့သည် လျင်မြန်သဖြင့် ပြေးသွားကုန်၏၊ ထိုအခါမှစ၍ကား ထိုသိန္နောမြင်းတို့သည် ဥယျာဉ်သို့ သွားကုန်သော်၎င်း ဥယျာဉ်မှ လာကုန်သော်၎င်း ထိုအရပ်သို့ရောက်လျှင် လျင်မြန်သဖြင့် သွားကုန်လာကုန်၏၊ အဘယ့်ကြောင့် လျင်မြန်သဖြင့် သွားကုန်လာကုန်သနည်းဟူမူကား ဤအရပ်သည် ဘေးရန်ရှိသည်ဖြစ်ရာ၏၊ ထို့ကြောင့် ငါတို့အား ရထားထိန်းသည် နှင်တံအမှတ်ကို ပေး၏ဟု သိန္နောမြင်းတို့အား အကြံသည် ဖြစ်၏၊ ထို့ကြောင့် လျင်မြန်သဖြင့် သွားကုန် လာကုန်၏၊ ရထားထိန်းလည်း မင်းအား မိုးစွတ်သော်၎င်း မစွတ်သော်၎င်း အပြစ်မရှိ၊ ငါသည်ကား အရာမဟုတ်သည်တို့၌ သင်အပ်ပြီးသောသိန္နောမြင်းတို့အား နှင်တံအမှတ်ကို ပေးမိ၏၊ ထို့ကြောင့် ဤသိန္နောမြင်းတို့သည် ဤအခါ၌ အကြိမ်ကြိမ် ပြေးသွားရသဖြင့် ပင်ပန်းကုန်၏၊ ငါသည် ကုရုဓမ္မကိုစောင့်၏၊ ထို့ကြောင့် ငါ့အား သီလပျက်သည် ဖြစ်ရာ၏ဟု အကြံသည် ဖြစ်၏၊ ထိုရထားထိန်းသည် ထိုအကြောင်းကို ကြား၍

www.dhammadownload.com

ကုရုဓမ္မဌ် ငါ့အား ကုက္ကုစ္စသည်ရှိ၏၊ ထို့ကြောင့် သင်တို့အား ပေးခြင်းငှါ မတတ်ကောင်းဟု ဆို၏၊ ထိုအခါ ထိုရထားထိန်းကို တမန်တို့သည် သိဒ္ဓေါမြင်းတို့အား နှင်တံအမှတ်ကို ပေးကုန်သော် သင်တို့အား ပင်ပန်းစေကုန်သတည်းဟူသော စိတ်သည် မရှိ၊ စိတ်စေတနာမရှိသော် ကံမည်သည် မဖြစ်၊ ဤမျှဖြင့်လည်း သင်တို့သည် ကုက္ကုစ္စကိုပြုကုန်၏၊ အဘယ်သို့လျှင် လွန်ကျူးခြင်းကို ပြုကုန်လတ္တံ့နည်းဟု ဆို၍ ရထားထိန်း၏ အထံ၌ သီလကို ယူ၍ ရှေးပြား၌ ရေးကုန်၏။

ဤသို့ ပေးငြားသော်လည်း ထိုသီလသည် ငါ့ကို မနှစ်သက်စေနိုင်၊ သူဌေးသည်ကား ကောင်းစွာ စောင့်ရှောက်၏၊ သူဌေး၏အထံ၌ ယူကြလေကုန်ဟူ၍ ဆိုအပ်သော် တမန်တို့သည် သူဌေးအထံသို့ သွား၍ တောင်းကုန်၏၊ ထိုသူဌေးသည်လည်း တနေ့သ၌ မိမိသလေးလယ်သို့ သွား၍ အဖုံးအလုံးမှ ထုတ်သော သလေးနှံကို မဆင်ခြင်၍ အိမ်သို့ပြန်သည်ရှိသော် ကောက်နှံ ပန်းကို ပန်အံ့ဟု သလေးနှံတဆုပ်ကို ယူခဲ့စေ၍ ဥသျှောင်၌ ပန်၏၊ ထိုအခါ ထိုသူဌေးအား ဤလယ်မှ မင်း၏အဘို့ကို ငါသည် ပေးအပ်၏၊ မင်း၏အဘို့ကို မပေးသေးသော လယ်မှသလေးနှံတဆုပ်ကို ငါသည် ယူအပ်ပြီ၊ ငါသည်လည်း ကုရုဓမ္မကိုစောင့်၏၊ ထို့ကြောင့် ငါစောင့်သော သီလသည် ပျက်ရာ၏ဟု အကြံသည် ဖြစ်၏၊ ထိုသူဌေးသည် ထိုအကြောင်းကို ကြား၍ ဤအကြောင်းကြောင့် ကုရုဓမ္မဌ် ငါ့အား ကုက္ကုစ္စသည်ရှိ၏၊ထို့ကြောင့် သင်တို့အား ပေးခြင်းငှါ မတတ်ကောင်းဟု ဆို၏၊ထိုအခါ ထိုသူဌေးကို တမန်တို့သည် သင်တို့အား ခိုးလိုသော စိတ်သည်မရှိ၊ ခိုးလိုသောစိတ်နှင့် ကင်း၍ အဒိန္နာဒါန်မည်သည် မဖြစ်၊ ဤမျှဖြင့်လည်း ကုက္ကုစ္စကို ပြုကုန်၏၊ သူတပါးတို့၏ ဥစ္စာမည်သည်ကို သင်တို့သည် အဘယ်မှာလျှင် ယူကုန်လတ္တံ့နည်းဟုဆို၍ သူဌေး၏အထံ၌ သီလကို ယူ၍ရှေးပြား၌ ရေးကုန်၏။

ဤသို့ ပေးငြားသော်လည်း ငါ့ကို သီလသည် မနှစ်သက်စေနိုင်၊ သူဌေးသည်ကား ကောင်းစွာ စောင့်ရှောက်၏၊ သူဌေး၏အထံ၌ ယူကြလေကုန်လော့ဟု ဆိုအပ်သော် တမန်တို့သည် သူဌေးအထံသို့ သွား၍ တောင်းကုန်၏၊ ထိုသူဌေးသည် ထိုအကြောင်းကို ကြား၍ ဤအကြောင်းကြောင့် ကုရုဓမ္မဌ် ငါ့အား ကုက္ကုစ္စသည်ရှိ၏၊ထို့ကြောင့် သင်တို့အား ပေးခြင်းငှါ မတတ်ကောင်းဟု ဆို၏၊ထိုအခါ ထိုသူဌေးကို တမန်တို့သည် သင်တို့အား ခိုးလိုသော စိတ်သည်မရှိ၊ ခိုးလိုသောစိတ်နှင့် ကင်း၍ အဒိန္နာဒါန်မည်သည် မဖြစ်၊ ဤမျှဖြင့်လည်း ကုက္ကုစ္စကို ပြုကုန်၏၊ သူတပါးတို့၏ ဥစ္စာမည်သည်ကို သင်တို့သည် အဘယ်မှာလျှင် ယူကုန်လတ္တံ့နည်းဟုဆို၍ သူဌေး၏အထံ၌ သီလကို ယူ၍ရှေးပြား၌ ရေးကုန်၏။

ဤသို့ ပေးငြားသော်လည်း ငါ့ကို သီလသည် မနှစ်သက်စေနိုင်၊ တင်းခြင်အမတ်သည်ကား ကောင်းစွာ စောင့်ရှောက်၏၊ ထိုအမတ်၏အထံ၌ ယူကြလေကုန်လော့ဟု ဆိုအပ်သော် တမန်တို့သည် ထိုအမတ်၏အထံသို့ သွား၍ တောင်းကုန်၏၊ ထိုအမတ်သည် တနေ့သ၌ စပါးကျီ၏တံခါး၌ ထိုင်၍ မင်း၏အဘို့ဖြစ်ကုန်သော ကောက်တို့ကို ခြင်လင်းသော် မခြင်အပ်သော စပါးအစုမှ ကောက်တို့ကို ယူ၍ မှတ်စေ၏၊ထိုခဏ၌ မိုဃ်းသည်းစွာရွာ၏၊ အမတ်ကြီးသည် အမှတ်တို့ကို ရေတွက်၍ ခြင်ပြီးသော ကောက်တို့သည် ဤမျှရှိကုန်၏ဟု ဆို၍

www.dhammadownload.com

အမှတ်ကောက်စုကိုကိုင်၍ ခြင်ပြီးသော ကောက်စုဌ် တည်ဖေ၍ လျင်မြန်သဖြင့် သွား၍ တံခါးမုခ်ဌ် ရပ်၏၊ ငါသည် အမှတ်မဲ့ ကောက်တို့ကို ကောက်စုဌ် ထည့်အပ်ကုန်ပြီ ခြင်ပြီးသော ကောက်စုဌ် ထည့်အပ် ကုန်သလော၊ မခြင် သေးသော ကောက်စုဌ် ထည့်အပ်ကုန်သလောဟု ကြုံ၏၊ ထိုအခါ အမတ်အား ခြင်ပြီးသောကောက်စုဌ် ထည့်အပ်ကုန်ငြားအံ့ မသင့်သောအားဖြင့် သာလျှင် မင်း၏ ဥစ္စာကို ပွားစေအပ်၏၊ သူကြွယ်တို့၏ ဥစ္စာသည် ပျက်စီး၏။ ငါသည် ကုရုဓမ္မကို စောင့်ရှောက်၏၊ ထို့ကြောင့် ငါ၏ သီလသည် ပျက်စီးရာ၏၊ ထိုတင်းခြင်အမတ်သည် ထိုအကြောင်းကို ကြား၍ ဤအကြောင်းကြောင့် ကုရုဓမ္မဌ် ငါအား ကုက္ကုစ္စသည် ရှိ၏၊ ထို့ကြောင့် သင်တို့အား ပေးခြင်းငှါ မတတ်ကောင်းဟု ဆို၏၊ ထိုအခါ ထိုတင်းခြင် အမတ်ကို တမန်တို့သည် သင်တို့အား ခိုးလိုသောစိတ်သည် မရှိ၊ ခိုးလိုသောစိတ်နှင့်ကင်း၍ အဒိန္နာဒါန် မည်သည်ကို ပညတ်ခြင်းငှါ မတတ်ကောင်း၊ ဤမျှဖြင့်လည်း ကုက္ကုစ္စကို ပြုကုန်သေး၏၊ အဘယ်မှာလျှင် သူတပါး၏ ဥစ္စာကို ယူလတ္တံ့နည်းဟု ဆို၍ ထိုတင်းခြင်အမတ်၏ အထံဌ်လည်း သီလကို ယူ၍ ရှေပြားဌ် ရေးကုန်၏။။

ဤသို့ပေးငြားသော်လည်း သီလသည် ငါ့ကို မနှစ်သက်စေနိုင်၊တံခါးစောင့်သည်ကား ကောင်းစွာ စောင့်ရှောက်၏၊ တံခါးစောင့်၏ အထံဌ် ယူကြကုန်လော့ဟု ဆိုအပ်ကုန်သော် တမန်တို့သည် တံခါးစောင့်၏ အထံသို့ သွား၍ တောင်းကုန်၏၊ ထိုတံခါးစောင့်သည်လည်း တနေ့သဌ် မြို့တံခါးဝယ် ညချမ်းသော အခါဌ် သုံးကြိမ်အသံကို ကြွေးကြော်၏၊ ထိုအခါ တယောက်သော သူဆင်းရဲသည် မိမိနှစ်မငယ်နှင့်တကွ ထင်းခေအံ့သောငှါ တောသို့ သွား၍ ပြန်လည်လတ်သော် တံခါးစောင့်၏အသံကို ကြား၍ နှမကိုခေါ်၍ လျင်မြန်သဖြင့် ရောက်လာ၏၊ ထိုအခါ ထိုယောကျ်ားကို တံခါးစောင့်သည် မြို့ဌမင်းရှိသည်၏ အဖြစ်ကို မသိသလော အလုံးစုံသော မြို့တံခါးသည် ပိတ်လတ္တံ့ဟု မသိသလော မိမိမိန်းမကို ခေါ်၍ ကာမဌ် မေ့လျော့ကစားခြင်းကို ကစားလျက် တနေ့ပတ်လုံး တောဌ် ကျက်စား၏ဟု ဆို၏၊ ထိုအခါ တံခါးစောင့်အား ထင်းခေယောကျ်ားသည် ဤမိန်းမကား ငါ့မယား မဟုတ်၊ ငါ့နှမတည်းဟု ဆိုလတ်သော် ငါသည်ကား အကြောင်းမဟုတ်သည်ဌ ဆို၏၊ ငါသည်လည်း ကုရုဓမ္မကို စောင့်ရှောက်၏၊ သီလသည် ပျက်စီးရာ၏ဟု အကြံသည် ဖြစ်၏၊ ထိုတံခါးစောင့်သည် ထိုအကြောင်းကို ကြား၍ ဤအကြောင်းကြောင့် ကုရုဓမ္မဌ် ငါ့အား ကုက္ကုစ္စသည် ဖြစ်၏၊ ထို့ကြောင့် သင်တို့အား ပေးခြင်းငှါ မတတ်

www.dhammadownload.com

ကောင်းဟု ဆို၏၊ ထိုအခါ ထိုတံခါးစောင့်ကို တမန်တို့သည် သင်တို့သည်ကား ထိုသို့အမှတ်ရှိသဖြင့် ဆိုအပ်၏၊ သီလပျက်ခြင်းသည် မရှိ၊ ဤမျှဌ္ဌလည်း သင်တို့သည် ကုက္ကုစ္စကို ပြုကုန်သေး၏၊ သီလျက်နှင့် မုသားကို အဘယ်မူ၍ ဆိုကုန်လတ္တံ့နည်းဟု ဆို၍ တံခါးစောင့်၏အထံ၌ သီလကိုယူ၍ ရှေပြား၌ ရေးကုန်၏။

ဤသို့ပေးငြားသော်လည်း ငါ့ကိုသီလသည်မနှစ်သက်စေနိုင်၊ ပြည့်တန်ဆာမသည်ကား ကောင်းစွာ စောင့်ရှောက်၏၊ ပြည့်တန်ဆာမ၏အထံ၌ ယူလေကုန်ဟု ဆိုအပ်ကုန်သော် တမန်တို့သည် ပြည့်တန်ဆာမအထံသို့သွား၍ တောင်းကုန်၏၊ ထိုပြည့်တန်ဆာမသည် ရှေးနည်းဖြင့် သာလျှင် ပယ်၏၊ အဘယ့်ကြောင့် ပယ်သနည်းဟူမူကား သိကြားမင်းသည် ပြည့်တန်ဆာမ၏ သီလကို စုံစမ်းအံ့ဟု လုလင်ငယ်၏အသွင်ဖြင့် လာလတ်၍ အကျန့်ပ်လာပါအံ့ဟုဆို၍ တထောင်သောဥစ္စာကို ပေး၍ နတ်ပြည်သို့လျှင် သွား၍ သုံးနှစ်တို့ပတ်လုံး မလာ၊ မိမိ၏သီလပျက်အံ့သည်မှ ကြောက်သောကြောင့် သုံးနှစ်တို့ ပတ်လုံး တပါးသောယောကျ်ား၏ လက်မှ ကွမ်းကိုမျှလည်း မယူ၊ ထိုပြည့်တန်ဆာမသည် အစဉ်သဖြင့် ဆင်းရဲသည်ဖြစ်၍ ငါ့အား တထောင်သော ဥစ္စာကို ပေး၍ သွားသောယောကျ်ားသည် မလာသည်ကား သုံးနှစ် ရှိပြီ၊ ငါသည် ဆင်းရဲ၍ အသက်မွေးခြင်းငှါ ပြုအံ့သောဌာနမတတ်နိုင်၊ ယခုအခါမှစ၍ တရားဆုံးဖြတ်ကုန်သော အမတ်ကြီးတို့အား အကြောင်းကြား၍ ရိက္ခာကို ယူခြင်းငှါ သင့်၏ဟု ကြံ၏၊ ကြံပြီး၍ ထိုပြည့်တန်ဆာမသည် တရားဆုံးဖြတ်ရာ အရပ်သို့ သွား၍ အရှင်ရိက္ခာကို ပေး၍ သွားသော ယောကျ်ားသည် မလာသည်မှာ သုံးနှစ်ရှိပြီ၊ ထိုယောကျ်ား၏ ဃသောအဖြစ်ကို မသိ၊ အကျန့်ပ်သည် အသက်မွေးအံ့သောငှါ မတတ်နိုင်၍ အသို့ပြုရအံ့နည်းဟု ဆို၏၊သုံးနှစ် တိုင်အောင် မလာသော် အသို့ပြုရအံ့နည်း၊ ယနေ့မှစ၍ ရိက္ခာကိုယူလော့ဟု တရားစီရင်သော အမတ်ကြီးသည်ဆို၏၊ ဤသို့အဆုံးအဖြတ်ကိုရ၍ ဆုံးဖြတ်ရာအရပ်မှ ထွက်ခဲ့သော် ထိုပြည့်တန်ဆာမအားတယောက်သောယောကျ်ားသည် တထောင်သောဥစ္စာကိုပေး၏။

ဥစ္စာကို ယူအံ့သောငှါ ထိုပြည့်တန်ဆာမ၏ လက်ကို ဖြန့်သောကာလ၌ သိကြားမင်းသည် ကိုယ်ကို ပြ၏၊ ထိုပြည့်တန်ဆာမသည်ငါ့အားသုံးနှစ်အထက်၌ တထောင်သော ဥစ္စာကို ပေးသော ယောကျ်ားသည် လာ၏၊ အမောင့်အသပြာတို့ဖြင့် ငါ့အား အလိုမရှိဟုဆို၍ လက်ကို ခွ၏၊ သိကြားမင်းသည် မိမိကိုယ်ကို ဘန်ဆင်း၍လျှင် တက်သစ်သော နေလုလင်ကဲ့သို့ ထွန်းပလျက်

www.dhammadownload.com

ကောင်းကင်၌ တည်၏၊ မြို့အလုံး၌ လူမျှားသည် စည်းဝေး၏၊ သိကြားမင်းသည် လူမျှား၏အလယ်၌ ငါသည်ကား ဤမိန်းမအား စုံစမ်းသည်၏ အစွမ်းဖြင့် သုံးနှစ်အထက်၌ တထောင်သော ဥစ္စာကိုပေး၏၊ သီလစောင့်သော သူတို့မည်သည်ကား ဤသို့ သဘောရှိသည်ဖြစ်၍ စောင့်ကုန်လော့ဟု ပြည့်တန်ဆာမ၏ အိမ်ကို ရတနာခုနစ်ပါးတို့ဖြင့် ပြည့်စေ၍ ယနေ့မှစ၍ မမေ့မလျော့ ဖြစ်လော့ဟု ပြည့်တန်ဆာမကို ဆုံးမ၍ နည်ပြည်သို့လျင် သွား၏၊ ထိုပြည့်တန်ဆာမသည် ယူအပ်ပြီးသော အခကို မကျေစေမူ၍သာလျင် ယောကျ်ားတယောက်သည် ပေးအပ်သောအခကို ယူအံ့သောငှါလက်ဖြန့်၏၊ ဤအကြောင်းကြောင့် သီလသည် ငါ့ကို မနှစ်သက်စေနိုင်၊ ထို့ကြောင့် သင်တို့အား ပေးခြင်းငှါ မတတ်ကောင်းဟု ပယ်၏၊ ထိုအခါ ပြည့်တန်ဆာမကို တမန်တို့သည် လက်ဖြန့်ကာမျှဖြင့် သီလပျက်ခြင်းမည်သည် မရှိ၊ ဤသီလမည်သည်ကား အလွန်စင်ကြယ်သည် ဖြစ်၏ဟု ဆို၍ ထိုပြည့်တန်ဆာမ၏ အထံ၌ သီလကိုယူ၍ ရှေပြား၌ ရေးကုန်၏။

ဤသို့ တကျိပ်တယောက်သော သူတို့၏ သီလကို ရှေပြား၌ ရေးကုန်၍ ဒန္တပုရမြို့သို့ သွား၍ ကာလင်္ဂမင်းအား ရှေပြားကို ပေး၍ ထိုအကြောင်းကို ကြားကုန်၏၊ ကာလင်္ဂမင်းသည် ထိုကုရုဓမ္မ၌ တည်၍ ပဉ္စသီတို့ကို ဖြည့်၏၊ ထိုခဏ၌ အလုံးစုံသော ကာလင်္ဂတိုင်း၌ မိုးဃ်းသည် ရွာ၏၊ ဘေးသုံးပါးတို့သည် ငြိမ်းကုန်၏၊ တိုင်းနိုင်ငံသည် ဘေးဘျမ်းမရှိ ဝပြောသာယာ၏၊ ဘုရားလောင်းသည် အသက်ထက်ဆုံး ဒါန အစရှိသော ကောင်းမှုတို့ကိုပြု၍ ပရိသတ်နှင့်တကွ နတ်ပြည်ကို ပြည့်စေ၏။

ဇာတ်ဓပေါဒ်း သမ္မည္ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ အချို့ကုန်သော ရဟန်းတို့သည် သောတာပန် ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် သကဒါဂါမ် ဖြစ်ကုန်၏၊အချို့ကုန်သောရဟန်းတို့သည် အနာဂါမ် ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် ရဟန္တာ ဖြစ်ကုန်၏ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ဥပ္ပလဝဏ်သည် ထိုအခါပြည့်တန်ဆာမ ဖြစ်ဘူးပြီ၊ ယခုအခါ ပုဏ္ဏာမထေရ်သည် ထိုအခါ တံခါးစောင့် ဖြစ်ဘူးပြီ၊ ယခုအခါ ကစ္စည်းမထေရ်သည် ထိုအခါ ကြိုးတိုင်းအမတ် ဖြစ်ဘူးပြီ၊ ယခုအခါ မောဂ္ဂလ္လာန် မထေရ်သည် ထိုအခါ

www.dhammadownload.com

တင်းခြင်အမတ် ဖြစ်ဘူးပြီ၊ ယခုအခါ သာရိပုတ္တရာ မထေရ်သည် ထိုအခါ သူဌေး ဖြစ်ဘူးပြီ၊ ယခုအခါ အနုရုဒ္ဓါမထေရ်သည် ထိုအခါ ရထားထိန်း ဖြစ်ဘူးပြီ၊ ယခုအခါ ကဿပမထေရ်သည် ထိုအခါ ပုဏ္ဏား ဖြစ်ဘူးပြီ၊ ယခုအခါ နန္ဒပညာရှိ သည် ထိုအခါ အိမ်ရှေ့မင်း ဖြစ်ဘူးပြီ၊ အခုအခါ ရာဟုလမယ်တော်သည် ထိုအခါ မိဖုယားကြီး ဖြစ်ဘူးပြီ၊ ယခုအခါ မယ်တော်မာယာသည် ထိုအခါ မင်း၏ မယ်တော် ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ကောရဗျမင်း ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကုရုဓံငါး၊ ကိုယ်ကျင့်ထား၊ တိုင်းကာပြည်နယ် ဝဖြိုးကြွယ်)

ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကုရုဓမ္မဇာတ်သည် ပြီး၏။

၂၇-ရောမကဇာတ်

ခို နှင့် ရဿေ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဝဿာနိ ပညာသ သမာဓိကာနိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤရောမကဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ပြတ်စဉ်ဘုရားအား သတ်အံ့သောငှါ လုံ့လပြုခြင်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ပစ္စုပ္ပန်ဝတ္ထုသည် ထင်ရှား သလျှင်ကတည်း။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ခိုမျိုးဌာဖြစ်၍ များစွာသော ခိုတို့ဖြင့် ခြံရံလျက် တောအရပ်ဝယ် တောင်လိုက်၌နေ၏၊ မထင်ရှားသော သီလရှိသော ရဿေသည် ထိုခိုတို့၏နေရာအရပ်မှ မနီးမဝေးသောအရပ်၌ တခုသော ပစ္စန္တရစ် ရွာကိုမှီ၍ ကျောင်းဆောက်၍ တောင်လိုက်၌ နေ၏၊ ဘုရားလောင်းသည် ရံခါ ရံခါ ရဿေ၏အထံသို့သွား၍ တရားနာ၏၊ ရဿေသည် ထိုအရပ်၌ ကြာမြင့်စွာ နေ၍ ဖဲ၏၊ ထိုအခါ တပါးသော ကောက်ကျစ်သော ရဿေသည် လာလတ်၍

www.dhammadownload.com

ထိုလိုဏ်ဌာနေ၏၊ ဘုရားလောင်းသည်ခိုအပေါင်းခြံရံလျက် ထိုရသေ့ကိုဆည်းကပ်၍ ပဋိသန္ထာရပြု၍ ကျောင်းဌာကျက်စား၍ တောင်မြောင်ချောက်ကြား၏ အနီးဌာန အစာယူ၍ ညအခါ မိမိနေရာသို့ သွား၏၊ ကောက်ကျစ်သော ရသေ့သည် ထိုအရပ်ဌာ အနှစ်ငါးဆယ်ကျော် နေ၏။

ထိုအခါ တနေ့သဌာ ပစ္စန္တရစ်ရွာသားတို့သည် ခိုသားကို ကောင်းစွာစီရင်၍ လှုကုန်၏၊ ရသေ့သည် ခိုသားဌာ ရသတဏှာဖြင့် တပ်စွန်း၍ အဘယ်မည်သော အသားနည်းဟု မေး၍ ခိုသားတည်းဟု ကြား၍ ငါ၏ကျောင်းဌာ များစွာကုန်သော ခိုတို့သည် ကျက်စားလာကုန်၏၊ ထိုခိုတို့ကိုသတ်၍ အသားကို စားခြင်းငှါ သင့်၏ဟု ကြံ၏၊ ကြံပြီး၍ ထိုရသေ့သည် ဆန်, ထောပတ်, နို့ဓမ်း, နို့ရည်, ငြုတ်အစရှိသည်တို့ကို ဆောင်၍ လျောက်ပတ်သော အရပ်ဌာ ထား၍ ဆောက်ပုတ်ကို သက်နှံးစွန်းဖြင့် ဖုံး၍ ခိုတို့၏ လာခြင်းကို မြော်လျက် ကျောင်းတံခါးဌာ နေ၏၊ ဘုရားလောင်းသည် ခိုအပေါင်း ခြံရံလျက် လာ၍ ထိုရသေ့ကောက်၏ ပျက်သော အမူအရာကို မြင်၍ ဤရသေ့ပျက်သည် တပါးသော အခြင်းအရာဖြင့် နေ၏၊ ဂါတို့၏ ဆွေမျိုးတို့၏ အသားကို စားလိုသလော့ ထိုရသေ့ကို စုံစမ်းအံ့ဟု လေကြဌာရပ်၍ ရသေ့၏ကိုယ်မှ ခိုသားနှံနှံ၍ဤရသေ့သည် ငါတို့ကိုသတ်၍ အသားကို စားလို၏၊ ထိုရသေ့၏ အထံသို့ သွားခြင်းငှါ မသင့်ဟု ခိုအပေါင်းတို့ကိုခေါ်၍ ဖဲ၏၊ ရသေ့သည် ထိုခိုမလာသည်ကို မြင်၍ ခိုတို့နှင့်တကွ သာယာသောစကားကိုဆို၍ အကျမ်းဝင်သဖြင့် ကပ်လာကုန်သော ခိုတို့ကိုသတ်၍ အသားကို စားခြင်းငှါ သင့်၏ဟု ကြံ၍--

၇၉ ဝဿာန ပညာသ သမာဓိကာနိ၊
ဝသိမှ သေလဿ ဂုဟာယ ရောမက။
အသင်္ကမာနာ အဘုနိဗ္ဗုတတ္တာ၊
ဟတ္ထတ္တမာယန္တိ မမ လ္လာဇာ ပုရေ။

၈၀ တေ ဒါနိ ဝဏ္ဏံ ကိမတ္ထမုဿုကာ၊
ဘဇန္တိ အညံ ဂိရိကန္ဒရံ ဒီဃာ။
နာနုနာ မညန္တိ မမံ ယထာ ပုရေ၊
စိရပ္ပဝုတ္ထာ အထ ဝါနတေ လ္ဟမေ။

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

www.dhammadownload.com

ရောမက၊ ကောင်းစွာ သွေးအပ်သော သန္တာအဆင်းနှင့် တူသော မျက်စိ ရှိသောခို့။ မယံ၊ ငါတို့သည်။ ပညာသ သမာဓိကာနိ၊ ငါးဆယ် အလွန် ရှိကုန်သော။ ဝဿာနိ၊ နှစ်တို့ပတ်လုံး။ သေလဿ၊ တောင်၏။ ဂုဟာယ၊ လို့ဏ်၌။ ဝသိမှ၊ နေကုန်ပြီ။ ပုရေ၊ ရှေး၌။ အဏ္ဍဇာ၊ခို့တို့သည်။ အသက်မာနာ၊ ရှုံရှာခြင်းကင်းကုန်သည်ဖြစ်၍။ အဘိနိဗ္ဗုတတ္တာ၊ ငြိမ်းသောစိတ် ရှိကုန်သည် ဖြစ်၍။ မမ၊ ငါ၏။ ဟတ္ထတ္ထံ၊ လက်ဖြင့်မှီသော အရပ်သို့။ အာယန္တိ၊ လာကုန်၏။

ဝက္ကင်၊ ခို့။ ဂုဒါနိ၊ ယခု။ တေ ဒိဇာ၊ ထို့ခို့တို့သည်။ ကိမတ္ထံ၊ အဘယ် အကျိုးငှါ။ ဥဿုကာ၊ လုံ့လပြုကုန်သည်ဖြစ်၍။ အဉ်း၊ တပါးသော။ ဂိရိကန္ဒရံ၊ တောင်ချောက်သို့။ ဘဇန္တိ၊ ပို့ကုန်ဘိသနည်း။ မမံ၊ ငါ့ကို။ ဂ္ဂမေ၊ဤခို့တို့သည်။ ပုရေယထာ၊ ရှေး၌ကဲ့သို့။ နံ မညန္တိ နူန၊ မအောက်မေ့ကုန်သည်ထင်၏။ ဂ္ဂမေ၊ ဤခို့တို့သည်။ စိရပ္ပဝုတ္ထာ၊ ကြာမြင့်စွာ အရပ်တပါး၌ နေကုန်ပြီး၍။ အစ္ဆယေန၊ ရှည်စွာသောကာလကို လွန်သဖြင့်။ မံ၊ ငါ့ကို။ နံ ဇာနန္တိ နူန၊ မသိကြကုန် ယောင်တကား။ အထဝါ၊ ထို့သို့တည်း မဟုတ်မူကား။ ဂ္ဂမေ၊ ဤခို့တို့သည်။ ဇတ၊ ထိုကြာမြင့်စွာ နေကုန်သော ခို့တို့သည်။ နံ ဟောန္တိ နူန၊ မဟုတ်လေကုန်သလော။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် နောက်သို့ ဆုတ်၍တည်ပြီးလျှင်—

ဂဝ ဇာနာမ တံ နမယံ သမ္ဗမ္ဗဋ္ဌာ၊
သောယေဝ တုံ့ တေ မယ မဿုနာ အညော။
စိတ္တဉ္စ တေ အသို့ံ ဇနေ ပဒုဋ္ဌံ၊
အာဇီဝိကာ တေန တမုတ္တာသာမ။

ဟူသော သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဂျိဂါထာကို ဆို၏။

အာဇီဝိကာ၊ အသက်မွေးခြင်းဟူသော အကြောင်းကြောင့် ရဟန်းပြုသော ရှင်ရသေ့ပျက်။ မယံ၊ ငါတို့သည်။ တံ၊ သင့်ကို။ ဇာနာမ၊ သိကုန်၏။ မယံ၊ ငါတို့သည်။ နံ သမ္ဗမ္ဗဋ္ဌာ၊ မမိုက်မဲ မတွေဝေကုန်။ တုံ့၊ သင်သည်သာလျှင်။ သောယေဝ၊ ထိုရှေးက ရသေ့ပင်တည်း။ မယံ၊ ငါတို့သည်။ တေ၊ ထိုကြာမြင့်စွာ နေကုန်သော ခို့ကိုသည်သာလျှင်။ အသ္မ၊ ဖြစ်ကုန်၏။ အညေ၊ တပါးကုန်သော ခို့တို့သည်။ နံ အသ္မ၊ မဖြစ်ကုန်။ အသို့ံ ဇနေ၊ ဤခို့အပေါင်း၌။ တေ၊ သင်၏။

အာဇီဝိကာ၊ အသက်မွေးခြင်းဟူသော အကြောင်းကြောင့် ရဟန်းပြုသော ရှင်ရသေ့ပျက်။ မယံ၊ ငါတို့သည်။ တံ၊ သင့်ကို။ ဇာနာမ၊ သိကုန်၏။ မယံ၊ ငါတို့သည်။ နံ သမ္ဗမ္ဗဋ္ဌာ၊ မမိုက်မဲ မတွေဝေကုန်။ တုံ့၊ သင်သည်သာလျှင်။ သောယေဝ၊ ထိုရှေးက ရသေ့ပင်တည်း။ မယံ၊ ငါတို့သည်။ တေ၊ ထိုကြာမြင့်စွာ နေကုန်သော ခို့ကိုသည်သာလျှင်။ အသ္မ၊ ဖြစ်ကုန်၏။ အညေ၊ တပါးကုန်သော ခို့တို့သည်။ နံ အသ္မ၊ မဖြစ်ကုန်။ အသို့ံ ဇနေ၊ ဤခို့အပေါင်း၌။ တေ၊ သင်၏။

www.dhammadownload.com

စိတ္တာဠု၊ စိတ်သည်ကား။ ပဒုဋ္ဌံ၊ ပြစ်မှား၏။ တေန၊ ထို့ကြောင့်။ တံ၊ သင့်ကို။ မယံ၊ ငါတို့သည်။ ဥတ္တသာမ၊ ထိတ်လန့်ကုန်၏။

ကောက်ကျစ်သော ရသေ့သည် ငါ့ကို ဤခိုတို့သည် သိပြီဟု ဆောက်ပုတ်ကို လှုတ်၍ အချင်းခို သွားလေတော့ ချုတ်ယှင်းလေ၏ဟု ဆို၏၊ ထိုအခါ ရသေ့ကို ဘုရားလောင်းသည် ရှေးဦးစွာ ငါ့ကို ချုတ်ယှင်း၏၊ အပါယ်လေးပါးတို့ကိုကား မချုတ်ယှင်း၊ အကယ်၍ ဤကျောင်းဌ် နေဒဲ့ ရှာသား တို့အား ဤရသေ့သည် ခိုးသူတည်းဟု အကြောင်းကြား၍ သင့်ကို ဖမ်းစေအံ့၊ လျင်စွာ ပြေးလေလော့ဟု ရသေ့ကို ခြိမ်းချောက်၍ ဖဲလေ၏၊ ရသေ့ကောက်သည် ထိုကျောင်းဌ် နေခြင်းငှါ မတတ်နိုင်၍ တပါးသော အရပ်သို့ သွား၏။

ဇာတ်ပေါင်း သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကိုပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ကောက်ကျစ်သော ရသေ့ ဖြစ်ဘူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ရှေးဌ်နေသော သီလရှိသော ရသေ့ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ခိုတို့၏အကြီး ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(နဂိုစိတ်ထား၊ ပျက်စိတ်ငြား၊ အခြား သူငါသိ)
ခုနှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ရောမကဇာတ်သည် ပြီး၏။

၂၈-မဟိံသရာဇာတ်

မျောက်ယုတိမာ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ကိမတ္ထ မဘိသန္ဓာယ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဟိံသရာဇာတ်ကို ဇေတဝန် ကျောင်းတော်ဌ် သီတင်းသုံး နေတော်မူစဉ် **လျှပ်စပါးသော မျောက်တခု** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ သာဝတ္ထိပြည်ဌ် တဦးသော အမျိုးသားသည် မွေးကပ်သော မျောက်သည် ဆင်တင်းကုပ်သို့ သွား၍ သီလရှိသော တခုသော ဆင်၏

www.dhammadownload.com

ကျောက်ကုန်းဌ္ဌ နေ၍ ကျင်ကြီး ကျင်ငယ် စွန့်၏၊ ကျောက်ကုန်းဌ္ဌ စကြံ့သွား၏၊ ဆင်သည် သီလရှိသည်၏ အဖြစ်ကြောင့် သည်းခံခြင်းဖြင့် အမျက်မထွက်၊ တနေ့သဌ္ဌ ထိုဆင်၏နေရာဌ္ဌ တပါးသော ကြမ်းသော ဆင်ငယ်သည် နေ၏၊ ထိုမျောက်သည် ထိုဒီလရှိသောဆင်လျှင်တည်းဟူသော အမှတ်ဖြင့် ကြမ်းသော ဆင်၏ ကျောက်ကုန်းသို့ တက်၏၊ ထိုအခါ မျောက်ကို ဆင်သည် လျင်မြန်စွာ နှာမောင်းဖြင့် ယူ၍ မြေဌ္ဌ ချထား၍ ခြေဖြင့်နင်း၍ ကြေစေ၏၊ ထိုအကြောင်းသည် ရဟန်း သဃ်ာဌ္ဌ ထင်ရှားစွာ ဖြစ်၏၊ ထိုအခါ တနေ့သဌ္ဌ ရဟန်းတို့သည် တရားသဘင်ဌ္ဌ ငါ့သျှင်တို့ လျှပ်ပေါသော မျောက်သည် သီလရှိသော ဆင်ဟူသော အမှတ်ဖြင့် ကျောက်ကုန်းသို့ တက်၏၊ ထိုအခါ ထိုမျောက်ကို ထိုကြမ်းသောဆင်သည် အသက်ကုန်ခြင်းသို့ ရောက်စေ၏ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မိန့်တော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်လေသည်ရှိသော် ရဟန်းတို့ ယခုအခါဌ္ဌသာလျှင် ထိုမျောက်သည် လျှပ်ပေါသည် မဟုတ်သေး၊ ရှေးအခါဌ္ဌ လည်း ဤအတူသာလျှင် လျှပ်ပေါသည်သာတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဌ္ဌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်ဝယ် ကဲ့မျိုးဌ္ဌဖြစ်၍ အရွယ်သို့ ရောက်လတ်သော် အားနှင့် ပြည့်စုံ၏၊ ကြီးသောကိုယ်ရှိ၏၊ တောင်ခြေရင်း ချိုင့်ဝှမ်းရာ ခဲယဉ်းသော တောအုပ်တို့ဌ္ဌ ကျက်စားလျက် လှည့်လည်သော် တခုသော ချမ်းသာသော သစ်ပင်ရင်းကိုမြင်၍ အစာကို ယူပြီး၍ နေ့အခါ ထိုသစ်ပင်ရင်းဌ္ဌ နေ၏၊ ထိုအခါ တခုသော လျှပ်ပေါသော မျောက်သည် သစ်ပင်မှဆင်းသက်၍ ကဲ့၏ကျောက်ကုန်းသို့ တက်၏၊ ကျင်ကြီး ကျင်ငယ်စွန့်၍ ချိုတို့ဌ္ဌကိုင်၍ တဲ့လျားဆဲ့လျက် အမြီးတို့ဌ္ဌ ကိုင်၍ ပုခက်လဲ့သကဲ့သို့ ပြု၍ ကစား၏၊ ဘုရားလောင်းသည် သည်းခံခြင်း ချစ်ခြင်း သနားခြင်းနှင့် ပြည့်စုံသည်၏အဖြစ်ကြောင့် ထိုမျောက်သည် ထိုမရိုမသေ ကျင့်ခြင်းကို နှလုံးမပြု၊ မျောက်သည် အဖန်တလဲလဲ ထိုအတူသာလျှင် ပြုကျင့်၏၊ ထိုအခါ တနေ့သဌ္ဌ ထိုသစ်ပင်ရင်းဌ္ဌနေသော နတ်သည် သစ်ခွကြားဌ္ဌ တည်၍ ထိုကဲ့မင်းကို မျောက်ပျက်၏ မထေမဲ့မြင်ပြုခြင်းကို သည်းခံဘိ၏၊ ထိုမျောက်ပျက်ကို မြစ်လော့ဟု ဆို၍ ထိုအနက်ကို ပြလိုရကား—

www.dhammadownload.com

၈၂ ကိမတ္ထ အဘိသန္ဓာယ၊ လဟစိတ္တာဃ ဒုဇ္ဇီနော။
သဗ္ဗကာမဒဒဿေဝံ၊ ဣဒံ ဒုက္ခံ တိတိက္ခသိ။

၈၃ သိင်္ဂေန နိဟနာဟေတံ၊ ပဒသာ စ အဓိဋ္ဌဟာ။
ဘိယ္ယော ဗာလာ ပကုဗ္ဗေယျုံ၊ နော စသ္သ ပဋိသေဓကော။
ဟူသော နှစ်ဂ ါထာတို့ကို ဆို၏။

မဟိံသရာဇ၊ ကဲ့မင်း။ သဗ္ဗကာမဒဒဿ၊ အလုံးစုံသော အလိုကို ပေးတတ်သော အရှင်၏။ ဒုက္ခံ၊ ဆင်းရဲကို။ တိတိက္ခသိ ဣဝ၊ သည်းခံသကဲ့သို့။ ကိမတ္ထံ၊ အဘယ်အကျိုးကို။ အဘိသန္ဓာယ၊ ရည်၍။ လဟုစိတ္တာဃ၊ ပေါ့သောစိတ်ရှိသော။ ဒုဇ္ဇီနော၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်သောမျောက်၏။ ဣဒံ ဒုက္ခံ၊ ဤဆင်းရဲကို။ တိတိက္ခသိ၊ သည်းခံဘိသနည်း။

ဧတံ၊ ထိုမျောက်ကို။ သိင်္ဂေန စ၊ ချိုဖြင့်လည်း။ နိဟနာဟိ၊ သတ်လိုက်ပါလော။ ပဒသာ စ၊ ခဲဖြင့်လည်း။ အဓိဋ္ဌဟာ၊ သေအောင် သတ်လော့။ ပဋိသေဓကော၊ တားမြစ်ခြင်းသည်။ နော စဿ၊ မဖြစ်ငြားအံ့။ ဗာလာ၊ မိုက်ကုန်သော သတ္တဝ ါတို့သည်။ ဘိယ္ယော၊ အဖန်တလဲလဲ။ ပကုဗ္ဗေယျုံ၊ ညှဉ်းဆဲကုန်ရာ၏။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် သစ်ပင်စောင့်နတ် ငါသည် ဤမျောက်ထက် အမျိုးအနွယ် အစရှိသည်တို့ဖြင့် လွန်မြတ်သည် ဖြစ်လျက် ဤမျောက်၏အပြစ်ကို အကယ်၍ သည်းမခံအံ့၊ အဘယ်မှာ ငါ၏နှလုံးအလိုသည် ပြီးခြင်းသို့ ရောက်နိုင်အံ့နည်း၊ ဤမျောက်သည်ကား ငါ့ကိုကဲ့သို့ တပါးသော ကျွဲကိုလည်း ထင်မှတ်၍ မရှိသေသောအမှုကိုပြုလတ္တံ့၊ ထိုအခါ ကြမ်းကုန်သော ကျွဲတို့သည် ဤမျောက်ကား ဤသို့ပြု၏ဟု သတ်ကုန်လတ္တံ့၊ ထိုသို့သော တပါးသော ကျွဲတို့သည် သတ်၍ ထိုမျောက်၏ သေခြင်းကြောင့် ငါ့အား ဆင်းရဲမှုဂုဏ်း ပါဏာတိပတ်မှုဂုဏ်း လွတ်ခြင်းသည် ဖြစ်လတ္တံ့ဟု ဆိုလို၍–

၈၄ မမေဝါယံ မညမာနော၊ အညေပေဝံ ကရိဿတိ။
တေ နံ တတ္ထ ဝဓိဿန္တိ၊ သာ မေ မုတ္တိ ဘဝိဿတိ။

ဟူသော သုံးခုမြောက်ဖြစ်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

ရုက္ခဒေဝတာ၊ ရုက္ခစိုင်းနတ်မင်း။ အယံ၊ ဤမျောက်သည်။ မမေဝ၊ ငါ့ကို ကဲ့သို့။ ဧဝံ·တထာ၊ထို့အတူ။ မညမာနော၊အောက်မေ့၍။အညေပိ၊တပါးသော ကျွဲတို့ကိုလည်း။ ကရိဿတိ၊ ပြုလတ္တံ့။ တတ္ထ၊ ထိုအရပ်၌။ တေ၊ ထိုကျွဲတို့သည်။ နံ၊ ထို့မျောက်ကို။ ဝဓိဿန္တိ၊ သတ်ကုန်လတ္တံ့။ သာ၊ ထိုသတ်ခြင်းသည်။ မေ၊ ငါ့အား။ မုတ္တိ၊ ဆင်းရဲခြင်း ပါဏာတိပတ်ဖြစ်ခြင်းမှ လွတ်ခြင်းငှါ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

နှစ်ရက်သုံးရက်လွန်သဖြင့် ဘုရားလောင်းသည် တပါးသော အရပ်သို့သွား၏၊ တပါးသော ကြမ်းသော ကျွဲသည် ထိုအရပ်သို့ လာ၍ နေ၏၊ ပျက်ချော်သော မျောက်သည် ဤကျွဲကား ထိုကျွဲကောင်းလျှင်တည်းဟု အမှတ်ရှိသဖြင့် ထိုကျွဲ၏ ကျောက်ကုန်းသို့ တက်၍ ထိုအတူသာလျှင် မရိုမသေသော အကျင့်ကို ကျင့်၏၊ ထိုအခါ ထိုမျောက်ကို ထိုကျွဲသည် ခါလျက် မြေ၌ကျစေ၍ ခုံုဖြင့် ရင်၌ ဘောက်၍ ခြေတို့ဖြင့် နင်း၍ ကြေစေ၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ယခုအခါ ဤကြမ်းသောဆင်သည် ထိုအခါ ကြမ်းသောကျွဲ ဖြစ်ဘူးပြီ၊ ယခုအခါ ဤမျောက်သည် ထိုအခါ ပျက်ချော်သော မျောက် ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ သီလရှိသော ကျွဲမင်း ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မျိုးဇာတ်နွယ်မှာ၊ တူတုံပါလ သြ၊ မှတ်ရာတူဖြင့်၊ မူမကျင့်လင့်)

ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော မဟိံသရာဇာတ်သည် ပြီး၏။

၂၉-သတပတ္တဇာတ်

ရန်သူမိတ်ထင်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ယထာ မာဏာဝကော ပန္ဆေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသတပတ္တဇာတ်ကို ဇေတဝန်ကျောင်း၌တော်၌

www.dhammadownload.com

သီတင်းသုံး နေတော်မူစဉ် **ပဏ္ဍုကလောဟိတက ရဟန်း** တို့ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဆဗ္ဗဂ္ဂိရဟန်းတို့တွင် မေတ္တိယဘူမဇကရဟန်း နှစ်ပါးတို့သည် ရာဇဂြိုဟ်ပြည်ကို မှီ၍ နေကုန်၏၊ အဿဇိပုနဗ္ဗသုက ရဟန်းနှစ်ပါး တို့သည် ကီဋာဂိရိကို မှီ၍ နေကုန်၏၊ ဤပဏ္ဍုကလောဟိတကရဟန်း နှစ်ပါးတို့သည်ကား သာဝတ္ထိပြည်ကို မှီ၍ ဇေတဝန် ကျောင်းတော်၌ နေကုန်၏၊ တရားသဖြင့် ငြိမ်းပြီးသော အဓိကရဏ်းကို လှန်၍ ဖြစ်စေ ပြန်ကုန်၏၊ အကြင် ရဟန်း တို့သည် ထိုပဏ္ဍုကလောဟိတကတို့၏ တကွ မြင်ဘူး ဆည်းကပ်ဘူးသော အဆွေခင်ပွန်း ဖြစ်ကုန်၏၊ ထိုရဟန်းတို့အား လည်း ထောက်ပံ့ ခိုင်စေကုန်၍ ငါ့သျှင်တို့သည် ထိုရဟန်းတို့နှင့် အမျိုးအား ဖြင့်၎င်း အနှယ်အား ဖြင့်၎င်း သီလ အား ဖြင့်၎င်း ဝတ်အစရှိသည် တို့ဖြင့်၎င်း မတူကုန်၊ ထိုရဟန်း တို့သည် ငါ့သျှင်တို့အောက် ယုတ်ကုန်၏၊ သင်တို့သည် မိမိအယူကို စွန့်ကုန်ငြားအံ့၊ ထိုရဟန်းတို့သည် သင်တို့ထက် အလွန်ထင်စွာ ဖြစ်ကုန်လတ္တံ့၊ ဤသို့ အစရှိသည် တို့ကိုဆို၍ အယူကို လွှတ်စိမ့်သောငှါ မပေးကုန်၊ ထို့ကြောင့် ခိုက်ရန် ငြင်းခုံခြင်း အထူးထူး အပြားပြား ပြောဆိုခြင်းတို့သည် ဖြစ်ကုန်၏၊ ရဟန်းတို့သည် မြတ်စွာဘုရားအား ထိုအကြောင်းကို ကြားလျှောက်ကုန်၏၊ ထိုအခါ သဗ္ဗညု မြတ်စွာဘုရားသည် ထိုအရာ၌ ရဟန်းတို့ကို စည်းဝေးစေ၍ ပဏ္ဍုကလောဟိတက ရဟန်းတို့ကို ခေါ်စေ၍ ရဟန်းတို့ သင်တို့သည် မိမိ၏ငြိမ်းလေ့ပြီးသော အဓိကရဏ်းကို လှန်ကြကုန်သောဟူသည် တပါးကုန်သော ရဟန်းတို့အား လည်း အယူကို စွန့်စိမ့်သောငှါ မပေးကြကုန်သောဟူသည် မှန်သလောဟု မေးတော်မူ၍ မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ သင်တို့၏ အမူအရာသည် ခေါက်ရှာငှက်နှင့် လုလင်၏ အမူအရာကဲ့သို့ ဖြစ်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေ့ပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မကင်ရုဟ်းသော ကာသိရာဝယ် တဦးသော အမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် လယ်လုပ်ခြင်း ကုန်သွယ်ခြင်း အစရှိသည်ဖြင့် အသက်မွေးခြင်းကို မပြုမူ၍ ငါးရာကုန်သော ခိုးသူတို့ကို ယူ၍ ထိုခိုးသူတို့၏ အကြီးဖြစ်၍ ခရီးသွားတို့ကို လုယက်ခြင်း အိမ်ခိုးစပ်ကို ဖြတ်၍ ခိုးယူခြင်း အစရှိသည်တို့ကို ပြု၍ အသက်မွေးခြင်းကို ပြု၏၊ ထိုအခါ ဗာရာဏသီပြည်၌ တယောက်သော သူကြွယ်သည် တယောက်သော ဇနပုဒ် သားအား အသပြာတထောင် ပေး၍ တဖန် မယူမူ၍ သေ၏၊ ထိုသူကြွယ်၏

www.dhammadownload.com

မယားသည် နောက်အခါ နာ၍ သေရာ ညောင်စောင်းဌ အိပ်သည်ရှိသော် သားကိုခေါ်၍ ငါ့သား သင့်အဘသည် တယောက်သောသူအား တထောင်သော အသပြာကို ပေး၍ မယူမူ၍လျှင် သေ၏၊ ငါသည်လည်း အကယ်၍ သေငြားအံ့၊ ထိုသူသည် သင့်အား မပေးလတ္တံ့၊ သွားခေျ အသက်ရှိစဉ်လျှင် ထိုသူကိုပေးစေ၍ ယူခေျလောဟုဆို၏၊ထိုလုလင်သည် ကောင်းပြီဟု ထိုဇနပုဒ်သို သွား၍ အသပြာတို့ကို ရ၏၊ ထိုလုလင်၏ အမိသည် သေ၍ သား၌ ချစ်သဖြင့် သား၏လာရာလမ်း၌ ဥပဓါတ် မြေခွေးမ ဖြစ်၏။

ထိုအခါ ထိုခိုးသူကြီးသည် ခရီးသွားတို့ကို လုယက်လျက် ပရိသတ်နှင့် တကွ ထိုခရီး၌နေ၏၊ ထိုအခါ ထိုမြေခွေးမသည် သားတောအုပ်ဝသို့ ရောက်သည် ရှိသော် အမောင် တောအုပ်သို့ မသွားလင့်၊ ထိုတောအုပ်၌ ခိုးသူတို့သည် နေကုန်၏၊ ထိုခိုးသူတို့သည် သင့်ကို သတ်၍ အသပြာတို့ကို ယူကုန်လတ္တံ့ဟု အဖန်တလဲလဲ ခရီးသို့ ဖြတ်သန်း၍ တား၏၊ ထိုလုလင်သည် ထိုအကြောင်းကို မသိ၍ ယုတ်မာသော မြေခွေးမသည် ငါ၏လမ်းကို ဖြတ်သန်း၏ဟု ထိုမြေခွေးမကို ခဲ, လုံတံ ;ဝိုင်း၍ ပစ်ခတ်၍ ပြေးစေပြီးသော် တောအုပ်သို့သွား၏၊ ထိုအခါ တခုသော ခေါက်ရှာငှက်သည် ယောကျ်ား၏လက်၌ အသပြာ တထောင်ရှိ၏၊ ဤယောကျ်းကို သတ်၍ အသပြာကို ယူကုန်လော့ဟု မြည်လျက် ခိုးသူတို့သို့ ရှေးရှုပို့၏၊ လုလင်သည် ထိုခေါက်ရှာငှက် ပြုသောအကြောင်းကို မသိ၍ ဤငှက်ကား မင်္ဂလာငှက်တည်း ယခု ငါ့အား မင်္ဂလာဖြစ်လတ္တံ့ဟု ကြံ၍ အရှင် မြည်လော့ အရှင် မြည်လော့ဟု ဆို၍ လက်အုပ်ချီ၏။

ဘုရားလောင်းသည် ခပ်သိမ်းသော သတ္တဝါတို့၏ မြည်သံကို သိ၏၊ ထိုလုလင်နှင့် ခေါက်ရှာငှက်တို့၏ အမှုအရာကို မြင်၍ ဤမြေခွေးမသည် ဤလုလင်၏အမိ ဖြစ်ရာ၏၊ ထို့ကြောင့် မြေခွေးမသည် ဤလုလင်ကို သတ်၍ အသပြာတို့ကို ယူလတ္တံ့ဟု ကြောက်၍ လုလင်ကို မြစ်၏၊ ဤခေါက်ရှာငှက်သည်ကား လုလင်၏ ရန်သူ ဖြစ်ရာ၏၊ ထို့ကြောင့် ထိုခေါက်ရှာငှက်သည် ဤလုလင်ကို သတ်၍ အသပြာတို့ကို ယူကုန်လော့ဟု ငါတို့အား ကြား၏၊ ဤလုလင်သည်ကား ထိုအကြောင်းကို မသိ၍ အကျိုးစီးပွားကို အလိုရှိသော အမိကို ခြိမ်းချောက်၍ပြေးစေ၏၊ အကျိုးမဲ့ကို အလိုရှိသော ခေါက်ရှာငှက်အား ငါ၏အကျိုးကို အလိုရှိ၏ဟုအမှတ်ရှိသဖြင့် လက်အုပ်ချီ၏၊ ဤလုလင်သည်ကား သြော်....မိုက်လေစွဟု ကြံ၏၊ ထိုစကားသည် မှန်၏၊ ဘုရားလောင်းဖြစ်သော

www.dhammadownload.com

ယောကျ်ားမြတ်တို့အားလည်း မညီညွတ်သော ပဋိသန္ဓေယူခြင်း အစရှိသည်တို့၏ အစုမ်းအားဖြင့် ဤသို့ သူတပါးတို့၏ ဥစ္စာကို ခိုးယူခြင်းသည် ဖြစ်၏၊ နက္ခတ်အပြစ်ကြောင့် ဖြစ်သည်ဟူ၍လည်း ဆိုကုန်၏။

လုလင်သည် လာလတ်၍ ခိုးသူတို့၏ အပိုင်းအခြား အတွင်းသို့ ရောက်၏၊ ဘုရားလောင်းသည် ထိုလုလင်ကို ယူခဲ့စေ၍ အဘယ်အရပ်၌ နေသနည်းဟု မေး၏၊ ဗာရာဏသီပြည်၌ နေသတည်းဟု ဆို၏၊ အဘယ်သို့ သွားသနည်းဟု မေး၏၊ တခုသောရွာ၌ ရအပ်သော တထောင်သော အသပြာရှိ၏၊ ထိုအရပ်သို့ သွား၏ဟု ဆို၍ သင်သည် ရခဲ့သလောဟု မေးလတ်သော် ရခဲ့၏ဟု ဆို၏၊ အဘယ်သူသည် သင့်ကို စေသနည်းဟု မေး၏၊ အကျွန်ုပ်အဘ သေသည်ရှိသော် အမိသည်လည်း နာ၏၊ ထိုအမိသည် ငါသေလတ်သော် ဤသားသည် မရရစ်လတ္တံ့ဟုထင်မှတ်၍ အကျွန်ုပ်ကို စေ၏ဟု ဆို၏၊ ယခု သင့်အမိ၏ အကြောင်းကို သိ၏လောဟု မေး၏၊ အရှင် မသိဟု ဆို၏၊ သင့်အမိသည် သင်ထွက်သည် ရှိသော်လျှင် သေ၍ သား၌ ချစ်ခြင်းကြောင့် မြေခွေးမဖြစ်၍ သင်၏သေခြင်းမှ ကြောက်သောကြောင့် ခရီးအကြား၌ သင့်လမ်းကိုသန်း၍ သင့်ကို တားမြစ်၏၊ သင်သည် ထိုမြေခွေးမကို ခြိမ်းချောက်၍ ပြေးစေ၏၊ ခေါက်ရှာငှက်သည်ကား သင်၏ရန်သူဖြစ်၏၊ ထိုခေါက်ရှာငှက်သည် လုလင်ကို သတ်၍ အသပြာတို့ကို ယူကုန်လေ့ဟု ငါတို့အား ကြားလာ၏၊ သင်သည် မိမိ၏ မိုက်သည်၏ အဖြစ်ကြောင့် အကျိုးစီးပွားကို အလိုရှိသော အမိကို ငါ၏အကျိုးမဲ့ကို အလိုရှိ၏ဟု ထင်မှတ်၏၊ အကျိုးမဲ့ကို အလိုရှိသော ခေါက်ရှာငှက်ကို ငါ၏အကျိုးကို အလိုရှိ၏ဟု ထင်မှတ်၏၊ ထို့ကြောင့် သင်တို့အား ပြုအပ်သော ကျေးဇူးမည်သည် မရှိ သင့်အမိ၏ ကျေးဇူးတို့သည်ကား များကုန်၏၊ ထိုအမိကျေးဇူးတို့ကိုရည်၍ တထောင်သော အသပြာတို့ကို ယူ၍ သင်သွားလေလော့ဟု လွှတ်လိုက်လေ၏၊

သဗ္ဗညု မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီး၍–

၈၅ ယထာ မာဏဝကော ပန္ထေ၊ သိင်္ဂါလိ ဝနဂေါစရိ။
အတ္ထကာမံ ပဓေဒေန္တိ၊ အနတ္ထကာမာတိ မညတိ။
အနတ္ထ ကာမံ သတပတ္တံ၊ အတ္ထကာမောတိ မညတိ။

၈၆ ဧဝမေဝ ဣဓေကစ္စော၊ ပုဂ္ဂလော ဟောတိ တာဒိသော။
ဟိတေဘိ ဝစနံ ဝုတ္တော၊ ပဋိဂဏှာတိ ဝါမတော။

www.dhammadownload.com

၈၇ ယေ စ ခေါ နံ ပသံသန္တိ။ ဘယာ ဥက္ကံသယန္တိ ဝါ။
တဉ္စိ သော မညတေ မိတ္တံ၊ သတပတ္တံဝ မာဏဝေါ။
ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။

ပန္ထေ၊ ခရီး၌။ မာဏဝကော၊ လုလင်သည်။ ဝနဂေါစရံ၊ တော၌ ကျက်စားသော။ အတ္ထကာမံ၊ မိမိအကျိုးကို အလိုရှိ၍။ ပဝေဒေန္တံ၊ မိမိ အကျိုးကိုကြားသော။ သိင်္ဂါလိံ၊ မြေခွေးမကို။ အနတ္ထကာမာတိ၊အကျိုးမဲ့ကို အလိုရှိ၏ဟု။ မညကိ ယထာ၊ အောက်မေ့သကဲ့သို့။ အနတ္ထကာမံ၊ အကျိုးမဲ့ကို အလိုရှိသော။ သတ္တပတ္တံ၊ ခေါက်ရှာငှက်ကို။ အတ္ထကာမောတိ၊ အကျိုးကို အလိုရှိ၏ဟူ၍။ မညတိ ယထာ၊ အောက်မေ့သကဲ့သို့။

၉၀ မေဝ၊ ဤအတူသာလျှင်။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော။ တာဒိသော၊ ထိုသို့ သဘောရှိသော။ ပဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်၏။ တာဒိသော၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်သည်။ ဟိတေဘိ၊ အစီး အပွားတို့ဖြင့်။ ဝစနံ၊ အဆုံးအမစကားကို။ ဥဒ္ဓတော၊ ဆိုအပ်သည်ရှိသော်။ ဝါမတော၊ အယုတ်အားဖြင့်။ ပဋိဂ္ဂဏှာတိ၊ ယူ၏။

ယေ စ ခေါ၊ အကြင် ပုဂ္ဂိုလ်တို့သည်လည်း။ နံ၊ ထိုပုဂ္ဂိုလ်ကို။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ ဘယာ၊ ဘေးကိုပြသဖြင့်။ ဥက္ကံသယန္တိ ဝါ၊ ချီးမြောက်သည် မူလည်း ဖြစ်ကုန်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ တံ ဟိ၊ ထိုပုဂ္ဂိုလ်ကို့သာလျှင်။ မာဏဝေါ၊ လုလင်သည်။ သတပတ္တံ၊ ခေါက်ရှာငှက်ကို။ မိတ္တံ၊ မိတ်ဟူ၍။ မညတေ, ဣဝ၊ အောက်မေ့သကဲ့သို့တည်း။

ဇာတ်ပေါင်း သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်ဟော်မူ၍ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ခိုးသူတို့၏ အကြီး ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မိတ်စစ်ကိုပစ်၊ ရန်သူခုစ်၊ လူညစ် ထုံးဓလေ့)

ကိုးခုတို့၏ပြည့်ကြောင်းဖြစ်သော သတပတ္တဇာတ်သည် ပြီး၏။

www.dhammadownload.com

၃၀-ပုဋ္ဌဒူသကဇာတ်

အထုပ်ဖျက် မျောက်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အဒ္ဓါဟိ နူနမိဂရာဇာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤပုဋ္ဌဒူသကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **တယောက်သော အထုပ်ကို ဖျက်ဆီးတတ်သော သူငယ်** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ သာဝတ္ထိပြည်၌ တယောက်သော အမတ်သည် ဘုရားအားရှိသော ရဟန်းသံဃာကို ဘိတ်၍ ဉယျာဉ်၌ နေစေ၍ အသျှပေးသည်ရှိသော် ဆွမ်းမဘုဉ်းပေးမီ အကြာ၌ ဉယျာဉ်၌ လှည့်လည် လိုက်နုန်သော အရှင်တို့သည် လှည့်လည် စေကုန် သတည်းဟု ဇလျောက်၏၊ ရဟန်းတို့သည် ဉယျာဉ်၌ လှည့်လည်ကုန်၏၊ ထိုခဏ၌ ဉယျာဉ်စောင့်သည် အရှက်နှင့် ပြည့်စုံသော သစ်ပင်သို့တက်၍ ကြီးကုန် ကြီးကုန်သော အရှက်တို့ကို ခူး၍ ဤအထုပ်ကား ပန်းထုပ် ဖြစ်လတ္တံ့၊ ဤအထုပ်ကား သစ်သီးကုပ် ဖြစ်လတ္တံ့ဟု အထုပ်ကိုပြု၍ သစ်ပင်ရင်းသို့ ချ၏၊ ထိုဉယျာဉ်စောင့်၏ သားသူငယ်သည် ချတိုင်း ချတိုင်းသော အထုပ်တို့ကို ဖျက်ဆီး၏၊ ရဟန်းတို့သည် ထိုအကြောင်းကို ဘုရားအား လျှောက်ကြကုန်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါ၌သာလျှင် ဤသူငယ်သည် အထုပ်ကို ဖျက်ဆီးတတ်သည် မဟုတ်သေး၊ ရှေး၌လည်း အထုပ်ကို ဖျက်ဆီးဘူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗာရာဏသီပြည်၌ တဦးသော ပုဏ္ဏားမျိုးဥ၌ဖြစ်၍ အရွယ်ရောက်လတ်သော် အိမ်ဦးနေလျက် တနေ့သ၌ တစုံတခုသော ပြဿဝယ်ကိစ္စကြောင့် ဉယျာဉ်သို့ သွား၏၊ ထိုဉယျာဉ်၌ များစွာကုန်သော မျောက်တို့သည် နေကုန်၏၊ ဉယျာဉ်စောင့်သည် ဤနည်းဖြင့် သစ်ရွက်ထုပ်တို့ကို ချ၏၊ မျောက်ကြီးသည် ချတိုင်းချတိုင်းကုန်သော သစ်ရွက်ထုပ်တို့ကို ဖျက်ဆီး၏၊ ဘုရားလောင်းသည် ထိုမျောက်ကြီးကို ခေါ်၍ ဉယျာဉ်စောင့်သည် ချအပ်သော သစ်ရွက်ထုပ်ကို ဖျက်ဆီး၍ တပါးသော အလွန်နှစ်သက်ဘွယ်ရှိသော သစ်ရွက်ထုပ်ကို ပြုလိုယောင်တကား ဟု ဆို၍—

www.dhammadownload.com

၈၈ အဒ္ဓါဟိ နူန မိဂရာဇာ၊ ပဥ္စကမ္မဿ ကောဝိဒေါ။
တထာ ဟိ ပဋိ ဒူသေတိ၊ အညံ နူန ဂရိဿတိ။

ဟူသော ရှေးဦးဇာသော ဤဂါထာကို ဆို၏။

မိဂရာဇာ၊ မျောက်မင်းသည်။ အဒ္ဓါ ဟိ၊ စင်စစ်လျှင်။ ပဥ္စကမ္မဿ၊ သစ်ရွက်ထုပ်သေါဒမ္ဟ၌။ကောဝိဒေါ နူန၊ လိမ္မာပေါင်တကား။ တထာဟိ၊ ထို့ကြောင့်လျှင်။ ပဋိ၊ အထုပ်ကို။ ဒူသေတိ၊ဖျက်ဆီး၏။ အညံ၊ တပါးသော နှစ်သက်ဘွယ်ရှိသော အထုပ်ကို။ ဂရိဿတိ နူန၊ ပြုလတ္တံ့ ငလော။

ထိုစကားကိုကြား၍ မျောက်သည်--

၈၉ နမေ မာတာ ဝါ ပိတာ ဝါ၊ ပဥ္စကမ္မဿ ကောဝိဒေါ။
ကတံ ကတံ ဧေါ ဒူသေမ၊ ဧဝံ ဓမ္မမိဒံ ကုလံ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

အမ္ဟော ပုရိသ၊ အို ယောကျ်ား။ မေ၊ ငါ၏။ မာတာ ဂ ါ၊ အမိသည်ဌင်း။ ပိတာ ဝါ၊ အဘသည်ဌင်း။ ပဥ္စကမ္မဿ၊ သစ်ရွက်ထုပ်သော အမှုဌ်။ နကောဝိဒေါ၊ မလိမ္မာ။ မယံ၊ငါတို့သည်။ ကတံ ကတံ ဧဝါ၊ ပြုတိုင်းပြုတိုင်းသော သစ်ရွက်ထုပ်ကိုသာလျှင်။ဒူဟောမ၊ ဖျက်ဆီးကုန်၏။ ဤဒံ ကုလံ၊ ဤမျောက်မျိုးသည်။ ဧဝံ ဓမ္မံ၊ ဤသို့ ဖျက်ဆီးတတ်သော သဘောရှိ၏။

ထိုစကားကိုကြားလျှင် ဘုရားလောင်းသည်—

၉၀ ယေသံ ဧဝါ ဒေါသော မမ္မော၊ အဓမ္မော ပန ကိဒိသော။
မာ ဧဝါ ဓမ္မံ အဓမ္မံ ဝါ၊ အဒ္ဒသာမ ကုဒါစနံ။

ဟူသော သုံးခုမြောက်ဖြစ်သော ဤဂါထာကို ဆို၏။

မိဂရာဇာ၊ မျောက်မင်း။ ယေသံ ဧဝါ၊ အကြင် သင်တို့၏။ ဓမ္မော၊တရားသည်။ ဒေါသော၊ ဤသို့ သဘောရှိ၏။ အဓမ္မော ပန၊ တရားမဟုတ်သော အကျင့်မည်သည် တမူကား။ ကိဒိသော၊ အဘယ်သို့ သဘောရှိအံ့နည်း။ ဧဝါ၊ သင်တို့၏။ ဓမ္မံ ဝါ၊ တရားကိုဌင်း။ အဓမ္မံ ဝါ၊ တရားမဟုတ်သောအကျင့်ကိုဌင်း။ ကုဒါစနံ၊ တရံတဆစ်။ မာ အဒ္ဒသာမ၊ ငါတို့မမြင်လိုကုန်။

ဤသို့ဆို၍ မျောက်အပေါင်းကို ကဲ့ရဲ့၍ ဖဲ၏။

www.dhammadownload.com

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အထုပ်ကို ဖျက်ဆီးသော သူငယ်သည် ထိုအခါ မျောက်ကြီးဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိယောကျ်ားဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မျောက်သတ္တဝါ၊ ဓမ္မဟာ၊ မြင်ရာဘဝ့်တိုင်းဖျက်)

ဆယ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ပဋ္ဌဒုသကဇာတ်သည် ပြီး၏။

၄- အဗ္ဘန္တရဝဂ် ၃၁- အဗ္ဘန္တရဇာတ်

ကျေးစေတမန်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အဗ္ဘန္တရံ နာမ ဒုမော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ အဗ္ဘန္တရဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **အရှင်သာရိပုတ္တရာ မထေရ်သည် ယသောဓရာထေရီမ၏ား သရက်သီး** အရသာပေးခြင်း**ကို** အကြောင်းပြု၍ ဟောတော်မူ၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ဓမ္မစကြာတရားကို ဟောတော်မူပြီး၍ ဝေသာလီပြည်၊ ကူဋာဂါရကျောင်းတော်၌ သီတင်းသုံး နေတော်မူသည်ရှိသော် မဟာပဇာပတိ ဂေါတမီသည် သာကီဝင်မင်းသမီး ငါးရာတို့ကိုယူလျက် သွား၍ ရဟန်းအဖြစ်ကို တောင်းပန်၍ သာမဏေ၏ အဖြစ်ကိုငင်း ပဉ္စင်း၏အဖြစ်ကိုငင်း ရ၏၊ နောက်ကာလ၌ ငါးရာကုန်သော ထိုရဟန်းမိန်းမတို့သည် နန္ဒကောဝါဒသုတ်ကို နာရ၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည်ကား သာဝတ္ထိပြည်ကို မှီ၍ သီတင်းသုံး နေတော်မူသည်ရှိသော် ရာဟုလာမယ်တော် ဗိမ္မာဒေဝီ မိဖုယားသည် ငါ့လင်သည် ရဟန်းပြု၍ သဗ္ဗညူ ဘုရားအဖြစ်သို့ ရောက်ပြီ၊ ငါ့သားလည်း ရဟန်းပြု၍ ဘုရားအထံတော်၌ နေပြီ၊ ငါသည် အိမ်၌နေသဖြင့် အဘယ်ပြုအံ့နည်း၊ ငါလည်း ရဟန်းပြု၍ သာဝတ္ထိပြည်သို့ သွား၍ ဘုရားကိုငင်း သားတော်ကိုငင်း မပြတ်ဖူး၍ နေအံ့ဟု ကြံ၍ ရဟန်းမိန်းမတို့၏

www.dhammadownload.com

ကျောင်းသို့ သွား၍ ရဟန်းပြု၍ ဆရာဥပဇ္ဈာယ်တို့နှင့် တကွ သာဝတ္ထိပြည်သို့ သွား၍ ဘုရားကိုဂုင်း ချစ်စွာသော သားကိုဂုင်း ဖူးမြင်လျက် တခုသောရဟန်း မိန်းမတို့၏ကျောင်း၌ နေ၏၊ ရာဟုလာ သာမဏေသည် လာ၍ မယ်တော်ကို ဖူးမြင်၏။

ထိုအခါ တနေ့သ၌ ထေရိမအား ဝမ်း၌ လေထ၏၊ ထေရိမသည် သား သည် ဖူးမြင်အံ့သောငှါ လာလတ်သော် သားအား ဖူးမြင်ရန် ထွက်အံ့သောငှါ မတတ်နိုင် တပါးကုန်သော ရဟန်းမိန်းမတို့သည်သာလျှင် လာလတ်၍ မချမ်း သာသောအဖြစ်ကို ပြောဆိုကုန်၏၊ ရာဟုလာသာမဏေသည် မယ်တော်အထံသို့ သွား၍ အဘယ်ကို ရခြင်းငှါ သင့်သနည်းဟု မေး၏၊ အမောင် အိမ်၌နေစဉ် အကျွန်ုပ်အား သကာ သကြားတို့ဖြင့် ဖျော်သော သရက်သီးရည်ကိုသောက် သည်ရှိသော် လေနာသည် ငြိမ်ဘူး၏၊ ယခု ဆွမ်းခံ၍ အသက်မွေးရကုန်၏၊ အဘယ်မှာလျှင် သကာသကြားတို့ဖြင့် ဖျော်သောသရက်သီးရည်ကိုရအံ့နည်းဟု ဆို၏၊ သာမဏေသည် ရသော် ဆောင်ခဲ့အံ့ဟု ဆို၍ ထွက်သွား၏၊ ထိုအရှင် ရာဟုလာ၏ ဥပဇ္ဈာယ်ကား အရှင်သာရိပုတ္တရာမထေရ်တည်း၊ သရဏဂုံဆရာကား အရှင်မောဂ္ဂလာန်မထေရ်တည်း၊ ဘထွေးတော်ကားအရှင်အာနန္ဒာမထေရ်တည်း၊ ခမည်းတော်ကား သဗ္ဗညု မြတ်စွာဘုရားတည်း၊ အရှင်ရာဟုလာသည် ဤသို့ ကြီးစွာသောပြည့်စုံခြင်းရှိသည် ဖြစ်ငြားသော်လည်း တပါးသောသူ၏ အထံသို့ မသွားမူ၍ ဥပဇ္ဈာယ်ဆရာ၏အထံသို့ သွား၍ ရှိခိုးလျက် မျက်နှာမသာသော အခြင်းအရာဖြင့် ရပ်၏၊ ထိုအခါ ထိုရာဟုလာကို အရှင်သာရိပုတ္တရာမထေရ်သည် ရာဟုလာ အဘယ်ကြောင့် မျက်နှာမသာလျက် ရပ်သနည်းဟု ဆို၏၊ အရှင် ဘုရား အကျွန်ုပ်၏အမိ ထေရိမအား လေနာနှိပ်စက်၏ဟု လျှောက်၏၊ အဘယ် ကိုရခြင်းငှါ သင့်သလောဟု မေးသည်ရှိသော် သကာသကြားတို့ဖြင့် ဖျော်သော သရက်သီးရည်ဖြင့် ချမ်းသာ၏ဟု ဆို၏ဟူ၍ အရှင်ရာဟုလာသည် လျှောက်၏၊ ရာဟုလာ ထိုသို့ဖြစ်စေရအံ့ မကြံလင့်ဟု အရှင်သာရိပုတ္တရာသည် မိန့်တော်မူ၏၊ အရှင်သာရိပုတ္တရာမထေရ်သည် နက်ဖြန် အရှင်ရာဟုလာကိုခေါ်၍ သာဝတ္ထိ ပြည်ကိုဝင်၍ သာမဏေကို ဆွမ်းစားဇရပ်၌ နေစေ၍ မင်းအိမ်တံခါးသို့ ကြွ၏၊ ကောသလမင်းသည် အရှင်သာရိပုတ္တရာ မထေရ်ကို မြင်၍ နေစေ၏၊ ထိုခဏ၌လျှင် ဥယျာဉ်စောင့်သည် ချိုစွာသော သရက်သီးမှည့်အထုပ်ကို ဆက်လာ၏၊ မင်းသည် သရက်သီးခဲ့ကို ခွါ၍ သကာ သကြားကို ထည့်၍ မိမိကိုယ်တိုင်လျှင် နယ်၍ အရှင်သာရိပုတ္တရာ မထေရ်အား သပိတ်ကို ပြည့်စေ၍ လှူ၏၊ အရှင်

www.dhammadownload.com

သာရိပုတ္တရာမထေရ်သည် မင်းအိမ်မှထွက်၍ ဆွမ်းစားဇရပ်သို့ သွား၍ ရာဟုလာသာမဏေအား ပေး၏၊ သာမဏေသည် ထိုသရက်သီးရည်ကို ဆောင်၍ မယ်တော်အား ပေး၏၊ ထေရီမအား သုံးဆောင်ကာမျှနှင့် ပင်လျှင် လေနာသည် ငြိမ်း၏၊ မင်းသည်လည်း လူတို့ကို မထေရ်သည် ဤသို့နေ၍ သရက်သီးရည်ကို မသုံးဆောင် သွားကြခဲ့ဟု၊ တစုံတယောက်သောသူအား ပေးသောအဖြစ်ကို စုံစမ်းကြခဲ့ဟု စေ၏၊ ထိုလူလည်သည် အရှင်သာရိပုတ္တရာမထေရ်နှင့် တကွသာလျှင် လိုက်၍ ထိုအကြောင်းကိုသိ၍ မင်းအား လျှောက်၏၊ မင်းသည် ကြုံ၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် အကယ်၍ အိမ်၌နေငြားအံ့၊ စကြဝတေးမင်းဖြစ်လတ္တံ့၊ ရာဟုလာသာမဏေသည် သားကြီးရတနာဖြစ်လတ္တံ့၊ ယသောဓရာထေရီမသည် မိန်းမရတနာဖြစ်လတ္တံ့၊အလုံးစုံသောစကြဝဠာ၌ မင်းအဖြစ်သည် ဘုရား,သားတော်ရာဟုလာ,ယသောဓရာထေရီတို့အားသာလျှင် ဖြစ်ရာ၏၊ ငါတို့သည်ကား ဘုရား,သားတော်ရာဟုလာ,ယသောဓရာထေရီတို့၏ အလုပ်အကျွေးဖြစ်ရာ၏၊ယခု ရဟန်းပြု၍ ငါတို့ကိုမှီလျက် နေကုန်သော သဗ္ဗညူ ဘုရားရှင်တို့၌ မေ့လျော့ခြင်းသည် ငါတို့အား မသင့်ချေ၊ကုန် ကောသလမင်းကြီးကြုံ၏၊ကြုံပြီး၍ ကောသလမင်းသည် ထိုအခါမှ စ၍ မပြတ် ထေရီမအား သရက်သီးရည်ကို လူစေ၏၊အရှင်သာရိပုတ္တရာမထေရ်သည် ဗိမ္မာဒေဝီထေရီမအား သရက်သီးရည်ကို လူသောအဖြစ်သည် ရဟန်းသဃ်ာအား ထင်ရှားဇာ ဖြစ်၏၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ အရှင်သာရိပုတ္တရာမထေရ်သည် ဗိမ္မာဒေဝီ ထေရီမအား သရက်သီး ရည်ဖြင့် ရောင့်ရဲစေသတတ် ဟူ၍ စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် လာတော် မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေး ကြကုန် သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ရာဟုလာမယ်တော်ကို သာရိပုတ္တရာသည် သရက်သီးရည်ဖြင့် ရောင့်ရဲစေသည်မဟုတ်သေး၊ ရှေး၌လည်း ရောင့်ရဲစေဘူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိရာဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ အိမ်ထောင်ခြင်းကို ဖြစ်စေပြီး၍ မိဘတို့သည် လွန်လတ်သော် ရသေ့ရဟန်းပြု၍ ဟိမဝန္တာအရပ်၌ အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေ၍ ရသေ့

www.dhammadownload.com

အပေါင်း ခြံရုံလျက် ရသေ့အပေါင်းတို့၏ ဆရာဖြစ်၍ ကြာမြင့်သော ကာလ လွန်သဖြင့် ချဉ်ဆား မှီဝဲအံ့သောငှါ တောင်ခြေရင်းမှ သက်၍ ဒေသစာရီ လှည့်လည်လတ်သော် ဗာရာဏသီပြည်သို့ ရောက်၍ ဥယျာဉ်၌ နေ၏၊ ထိုအခါ ရသေ့အပေါင်း၏ သီလတန်ခိုးအားဖြင့် သိကြားနေရာသည် လှုပ်၏၊ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကို သိ၍ ဤရသေ့တို့အား နေရာ မရစိမ့်သောငှါ လုံ့လပြုအံ့၊ ထိုအခါ ထိုရသေ့တို့သည် နေရာပျက်သဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ စိတ်၏ တည်ကြည်ခြင်းကို မရကုန်လတ္တံ့၊ ဤသို့ ဖြစ်သည်ရှိသော် ငါ့အား ချမ်းသာခြင်းသည် ဖြစ်လတ္တံ့ဟု ကြံ၏၊ အကြောင်း အသို့ရှိသနည်းဟု ဆင်ခြင်လတ်သော် မဇ္ဈိမယာမ်၏အခြားမဲ့၌ မင်းမိဖုယားကြီး၏ ကြက်သရေတိုက်သို့ ဝင်၍ ကောင်းကင်၌ ရပ်၍ အရှင်မိဖုယားကြီး သင်သည် အကယ်၍ အဇ္ဈန္တရသရက်သီးမျည့်ကို စားရငြားအံ့ သားကို ရလတ္တံ့၊ ထိုသားသည် စကြဝတေးမင်း ဖြစ်လတ္တံ့ဟု ငါဆိုအံ့၊ မိဖုယားကြီးသည်လည်း မင်းအား ထိုအကြောင်းကို ကြားလတ္တံ့၊ မင်းသည် မိဖုယားစကားကို ကြား၍ သရက်သီးမျည့်အကျိုးငှါ ဥယျာဉ်သို့ စေလတ္တံ့၊ ထိုအခါ ငါသည် အရက်သီးကို ကွယ်စေအံ့၊ မင်းအား ဥယျာဉ်၌ သရက်သီးတို့၏ မရှိသော အဖြစ်ကို ကြားလျှောက်လတ္တံ့၊ အဘယ်သူဝှိသည် စားကုန်သနည်းဟု မေးလတ်သော်ရသေ့တို့သည် စားကုန်၏ဟု ဆိုလတ္တံ့၊ ထိုစကားကိုကြား၍ ရသေ့တို့ကိုပုတ်ခတ်၍ နှင်ထုတ်စေလတ္တံ့၊ ဤသို့ နှင်ထုတ်စေသည်ရှိသော် ထိုရသေ့တို့သည် ဥပဒ္ဒဝေါရှိသည်ဖြစ်ကုန်လတ္တံ့၊ ဤသို့ အကြောင်းကို မြင်၏၊ မြင်ပြီး၍ ထိုသိကြားမင်းသည် မဇ္ဈိမယာမ်၏ အခြားမဲ့၌ ကြက်သရေတိုက်သို့ ဝင်၍ ကောင်းကင်၌ ရပ်လျက် မိမိ၏သိကြားအဖြစ်ကို သိစေ၍ ထိုမိဖုယားနှင့်တကွစကားပြောလိုရကား—

၉၁ အဇ္ဈန္တရော နာမ ဒုမော၊ ယဿ ဒိဗ္ဗမိဒံ ဖလံ။
ဘုတ္တာ ဒေါဟဠိနီ နာရီ၊ စက္ကဝတ္တိံ ဝိဇာယတိ။

၉၂ တံ ဟိ ဘဒ္ဒေ မဟေသိသိ၊ သာ စာ ပိ ပတိနော ပိယာ။
အာဟရိဿတိ တေ ရာဇာ၊ ဣဒံ အဇ္ဈန္တရံ ဖလံ။

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

ဘဒ္ဒေ၊ ရှင်မိဖုယား။ ယဿ၊ အကြင်သရက်ပင်၏။ ဒိဗ္ဗံ၊ နတ်တို့သည် သုံးဆောင်ခြင်းငှါထိုက်သော။ ဣဒံ ဖလံ၊ ဤအသီးကို။ ဘုတ္တာ၊ စား၍။

www.dhammadownload.com

ဒေါဟဉ်ဦနီ၊ စား်ချင်ခြင်းရှိသော။ နာရီ၊ မိန်းမသည်။ စက္ကဝတ္တိ်၊ စကြဝတေး မင်းကို။ ဝိဇာယတိ၊ ဖွား၏။သော ဒုမော၊ ထိုသရက်ပင်သည်။အဗ္ဘန္တရော နာမ၊ အဗ္ဘန္တရမည်၏။

ဘဒ္ဒေ၊ ရှင်မိဖုယား။ တ္ဝံ၊ သင်သည်။ မဟေသီ၊ ရှင်မိဖုယားကြီးသည်။ ဟိ—ယသ္မာ၊ အကြင့်ကြောင့်။ အသိ၊ ဖြစ်၏။ သာ စာပိ၊ ထိုသင့်ကိုလည်း။ ပတိနော၊ လင်ဖြစ်သော ဗာရာဏသီမင်းသည်။ ပိယာ၊ ချစ်အပ်သည်။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ အသိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ တေ၊ သင်ဘို့။ ရာဇာ၊ မင်းသည်။ ဣဒံ အဗ္ဘန္တရဖလံ။ ဤအဗ္ဘန္တရသရက်သီးကို။ အာဟရိဿတိ၊ ဆောင်လတ္တံ့။

ဤသို့ သိကြားမင်းသည် မိဖုယားအား ဤနှစ်ဂါထာတို့ကို ဆို၍ သင်သည် မမေ့မလျော့ ဖြစ်လော့၊ ကြာမြင့်ခြင်းကို မပြုလင့်၊ နက်ဖြန် မင်းအား ကြားလျှောက်လော့ဟု ဆုံးမ၍ မိမိနေရာသို့လျှင် သွား၏၊ ထိုမိဖုယားသည် နက်ဖြန် နာသော အခြင်းအရာကို ပြု၍ အလုပ်အကျွေးတို့အား အမှတ်ပေး၍ အိပ်၏၊ မင်းသည် ကောင်းစွာဆောက်အပ်သော ထီးဖြူရှိသော မြတ်သော နေရာ၌ နေလျက် ကချေသည်တို့ကို ကြည့်လတ်သော် မိဖုယားကို မမြင်၍ မိဖုယား အဘယ်မှာနည်းဟု မေး၏၊ အလုပ်အကျွေးတို့သည် ရှင်မင်းကြီး မိဖုယား မကျန်းမမာရှိ၏ဟု လျှောက်ကုန်၏၊ မင်းသည် မိဖုယားအထံသို့ သွား၍ အိပ်ရာနံပါး၌ ထိုင်၍ ကျော၌ သုံးသပ်လျက် ရှင်မိဖုယား သင့်အား အဘယ်ရောဂါဝေဒနာ ဖြစ်သနည်းဟု မေး၏၊မြတ်သော မင်းကြီး အကျွန်ုပ်အား တပါးသော ရောဂါဝေဒနာမည်သည် မရှိ၊ အကျွန်ုပ်အား ချင်ခြင်းသည် ဖြစ်၏ဟု လျှောက်၏၊ ရှင်မိဖုယားသည် အဘယ်ကို အလိုရှိသနည်းဟု မေး၏၊ မြတ်သောမင်းကြီး အဗ္ဘန္တရမည်သော သရက်သည် အဘယ်မှာ ရှိသနည်းဟု လျှောက်၏၊ မိဖုယား အဗ္ဘန္တရ သရက် မည်သည်ကို ငါသည် မသိဟု မင်းသည် ဆို၏၊ ထိုအဗ္ဘန္တရမည်သော သရက်၏ အသီးကို မရသော် အကျွန်ုပ်သည် သေအံ့ဟု မိဖုယားလျှောက်၏၊ ထိုသို့တပြီးကား ဆောင်ယူစေအံ့၊ သင် မစိုးရိမ်လင့်ဟု မင်းသည် မိဖုယားကို နှစ်သိမ့်စေ၍ ထသွား၍ ရာဇပလ္လင်၌ နေလျက် အမတ်တို့ကို ခေါ်စေ၍ မိဖုယားအား အဗ္ဘန္တရသရက်၌ ချင်ခြင်းသည် ဖြစ်၏၊ အသို့ပြုရအံ့နည်းဟု မေး၏၊ မြတ်သောမင်းကြီး နှစ်ခုသော သရက်ပင်တို့၏ အကြား၌တည်သော သရက်သည် အဗ္ဘန္တရသရက်မည်၏၊ ဥယျာဉ်သို့ စေလွှတ်၍ နှစ်ခုသော သရက်ပင်တို့၏ အကြား၌ တည်သော သရက်ပင်မှ

www.dhammadownload.com

အသီးကို ဆောင်စေ၍ မိဖုယားအား ပေးကုန်လော့ဟု အမတ်တို့သည် လျှောက်ကုန်၏။

မင်းသည် ကောင်းပြီဟု ဆို၍ ထိုသို့သဘောရှိသော သရက်သီးကို ဆောင်ကြခဲ့ကုန်ဟု ဉယျာဉ်သို့စေ၏၊ သိကြားသည် မိမိအာနုဘော်အားဖြင့် ဉယျာဉ်၌ သရက်သီးကို စားအပ်ပြီးသည်နှင့် တူသည်တို့ကိုပြု၍ ကွယ်စေ၏၊ သရက်သီး အကျိုးငှါ သွားကုန်သော သူတို့သည် အလုံးစုံသော ဉယျာဉ်ကို လှည့်လည် ကုန်လျက် တလုံးသော သရက်သီးကိုမျှလည်း မရကုန်ဘဲသွားကုန်၍ ဉယျာဉ်၌ သရက်သီးတို့၏ မရှိသောအဖြစ်ကို မင်းအား လျှောက်ကုန်၏၊ အဘယ်သူတို့သည် သရက်သီးတို့ကို စားကုန်သနည်းဟု မင်းကြီးမေး၏၊ မြတ်သောမင်းကြီး ရသေ့တို့သည် စားကုန်၏ဟု လျှောက်ကုန်၏၊ ရသေ့တို့ကို ဉယျာဉ်မှ ရိုက်ပုတ်၍ နှင်ထုတ်ကြကုန်လော့ဟု မင်းကြီးဆို၏၊ လူတို့သည် ကောင်းပြီဟု ဝန်ခံကုန်၏၊ သိကြားမင်း၏ နှလုံးအလိုသည် အပြီးသို့ ရောက်၏၊ မိဖုယားသည် သရက်သီး အကျိုးငှါ မပြတ်လျှင် အိပ်၏၊ မင်းကြီးသည် ပြုအပ်သောကိစ္စကို မမြင်ရကား အမတ်, ပုဏ္ဏားတို့ကို စည်းဝေးစေ၍ အဇ္ဈန္တရသရက်သီး၏ ရှိသောအဖြင်ကို သိအောင် ပြုကြကုန်လော့ဟု ဆို၏၊ ပုဏ္ဏားတို့သည် မြတ်သောမင်းကြီး နတ်တို့၏ အသုံးအဆောင် ဖြစ်သော အဇ္ဈန္တရမည်သော သရက်သည် ဟိမဝန္တာဝယ် ဂန္ဓာ၏အတွင်း၌ ရှိ၏ဟု အဆင့်ဆင့်အားဖြင့် အကျန်ပ်တို့သည် ကြားဘူး၏ဟု လျှောက်ကုန်၏၊ ထိုအဇ္ဈန္တရသရက်သီးကို ဆောင်အံ့သောငှါ အဘယ်သူသည် တတ်နိုင်လတ္တံ့နည်းဟု မင်းကြီးမေး၏၊ မြတ်သောမင်းကြီး ထိုအရပ်သို့ လူဖြစ်သောသူသည် သွားခြင်းငှါ မတတ်ကောင်း၊ တခုသောကျေးငယ်ကို စေခြင်းငှါ သင့်၏ဟု လျှောက်ကုန်၏။

ထိုအခါ၌လည်း မင်းအိမ်၌ မွေးအပ်သော ကျေးငယ်သည် ကြီးသောကိုယ် ရှိ၏၊ သူငယ်တို့၏ လှည်းဘီးပုံတောင်း ပမာဏရှိ၏၊ အားနှင့်ပြည့်စုံ၏၊ ပညာ ရှိ၏၊ ဥပါယ်တမျှဉ်၌ လိမ္မာ၏၊ မင်းသည် ထိုကျေးကို ဆောင်ယူစေ၍ အမောင် ကျေးငယ် ငါသည် သင့်အား ကျေးဇူးပြု၏၊ ရွှေချိုင့်၌ နေစေ၏၊ ရွှေခွက်၌ ပျား ပေါက်ပေါက်တို့ကို စားစေ၏၊ သကြား, သကာ အဖျော်ကို သောက်စေ၏၊ သင်သည်လည်း ငါတို့၏ တခုသော ကိစ္စကို ဆောင်ရွက်ခြင်းငှါ သင့်၏ဟု ဆို၏ ရှင်မင်းကြီး ဘယ်ကိစ္စနည်းဟု လျှောက်၏၊ အမောင် မိဖုယားအား အဇ္ဈန္တရ သရက်သီး၌ ချင်ခြင်းဖြစ်၏၊ ထိုအဇ္ဈန္တရသရက်သီးသည်လည်း ဟိမဝန္တာ ဂန္ဓ

www.dhammadownload.com

တောင်အကြားဌ ရှိ၏၊ နတ်တို့၏ အသုံးအဆောင် ဖြစ်၏၊ ထိုအရပ်သို့ လူတို့သည် သွားခြင်းငှါ မတတ်ကောင်း၊ သင်သည် သွား၍ သရက်သီးကို ဆောင်ခြင်းငှါ သင့်၏ဟု ဆို၏၊ အရှင်မင်းကြီး ကောင်းပါပြီ ဆောင်အံ့ဟု ဆို၏၊ထိုအခါ ထိုကျေးကို မင်းသည် ရှေ့ဆက်ဌ ပျားပေါက်ပေါက်တို့ကို စားစေ၍ သကြား, သကာ အဖျော်တို့ကို သောက်စေ၍ အကြိမ်တရာ ချက်သောဆီဖြင့် ကျေးသား၏အတောင်ကြားတို့ကို လိမ်း၍ လက်နှစ်ဘက်တို့ဖြင့် ကိုင်၍ ခြသေ့ခံသော လေသာပြတင်းဌ၌ရပ်၍ ကောင်းကင်သို့ လွှတ်၏၊ ထိုကျေးသားသည် လည်း မင်းအား ရှိသေသော အခြင်းအရာကို ပြု၍ ကောင်းကင်သို့ ပျံလျက် လူ့ပြည်ကို လွန်၍ ဟိမဝန္တာဝယ် ရှေးဦးစွာသော တောင်၏အကြားဌ နေကုန်သော ကျေးတို့၏ အထံသို့ သွား၍ အဘိဓန္တရ မည်သော သရက်သီးသည် အဘယ်မှာရှိသနည်း၊ ထိုအဘိဓန္တရသရက်သီး၏ တည်ရာအရပ်ကို ဆိုကြကုန်လော့ဟု မေး၏၊ ငါတို့သည် မသိကုန်၊ နှစ်ခုမြောက်ဖြစ်သော တောင်ကြားဌ နေကုန်သော ကျေးတို့သည် သိကုန်လတ္တံ့ဟု ဆိုကုန်၏။

ထိုကျေးသည် ထိုစကားကို ကြား၍ ထိုပဌမတောင်ကြားမှ ပျံ၍ နှစ်ခုမြောက်သော တောင်ကြားသို့ သွား၏၊ ထိုအတူ သုံးခုမြောက်သော တောင်ကြား, လေးခုမြောက်သော တောင်ကြား, ငါးခုမြောက်သော တောင်ကြား, ခြောက်ခုမြောက်သော တောင်ကြားသို့ သွား၏၊ ထိုခြောက်ခုမြောက်သော တောင်ကြားဌ နေကုန်သော ကျေးသားတို့သည်လည်း ငါတို့သည် မသိကုန်၊ ခုနစ်ခုမြောက်သော တောင်ကြားဌ နေကုန်သောကျေးသားတို့သည် သိကုန်လတ္တံ့ဟုထိုကျေးသားကို ဆိုကုန်၏၊ထိုကျေးသားသည် ထိုခုနစ်ခုမြောက်သော တောင်ကြားသို့ သွား၍ အဘိဓန္တရမည်သော သရက်ပင်သည် အဘယ်ဌ ရှိသနည်းဟုမေး၏၊ ဤမည်သောအရပ်ဝယ် ရှေတောင်ကြားဌ ရှိ၏ဟု ဆိုကုန်၏၊ ငါသည် ထိုအဘိဓန္တရသရက်သီး၏အကျိုးငှါလော၏၊ ငါ့ကို ထိုအရပ်သို့ဆောင်၍ ငါ့အား ထိုသရက်ပင်မှ အသီးကို ပေးကြကုန်လော့ဟု ဆိုလတ်သော် ထိုကျေးကို ကျေးသားအပေါင်းတို့သည် အဆွေ အဘိဓန္တရသရက်ကာဝေဿဝဏ်နတ်မင်း၏ အသုံးအဆောင်တည်း၊ ချဉ်းကပ်အံ့သောငှါ မတတ်ကောင်း၊ အလုံးစုံသော အပင်ကို အမြစ်ရင်းမှစ၍ သံကွန်ယက် ခုနစ်ထပ်တို့ဖြင့် ဖုံးလွှမ်းအပ်၏၊ တထောင်ကုန်သော ကုမ္ဘဏ္ဍရက္ခိုဿ်တို့သည်[1] စောင့်ကုန်၏၊ ထိုကုမ္ဘဏ္ဍရက္ခိုဿ်တို့သည် မြင်အပ်သော သတ္တဝါအား အသက်မည်သည် မရှိ၊ ကမ္ဘာကို

၁ ကုဋေတထောင်သော ကုမ္ဘဏ္ဍရက္ခိုဿ်တို့သည် (သီ၊ ဋ္ဌ)

www.dhammadownload.com

လောင်သော မီးနှင့်တူသော အရပ်ဖြစ်၏၊ အဝီစိငရဲနှင့်တူသော အရပ်ဖြစ်၏၊ ထိုအရပ်သို့ သွားခြင်းကို မတောင့်တလင့်ဟု ဆိုကုန်၏၊ သင်တို့သည် အကယ်၍ မလိုက်ကုန်အံ့၊ ငါ့အား ထိုအရပ်သို့ ကြားကြကုန်ဟု ထိုကျေးသားသည် ဆိုလျှင် ဤမည်သောအရပ်ဖြင့် သွားလေလော့ဟု ကျေးသားတို့သည် ဆိုကုန်၏၊ ထိုကျေးသားသည် ထိုကျေးသားတို့ ကြားအပ်သည်၏ အစ္စမ်းဖြင့် ခရီးကို ကောင်းစွာမှတ်၍ ထိုအရပ်သို့သွား၍ နေ့အခါ၌ ကိုယ်ကိုမပြုမူ၍ မဇ္ဈိမယာမ်၏ အခြားမဲ့၌ ရက္ခိုဿ်တို့၏ အိပ်ပျော်ခြင်းသို့ ရောက်သောအခါ၌ အဇ္ဈန္တရသရုက်ပင်သို့ သွား၍ တခုသော အမြစ်ကြားမှ သာယာစွာ တက်အံ့သောငှါ အားထုတ်၏။ သံကွန်ယက်သည် ချင်ချင်ဟူသော အသံကို ပြု၏။

ရက္ခိုဿ်တို့သည် နိုးကုန်၍ ကျေးသားငယ်ကို မြင်ကုန်၍ ဤကျေးသားကား သရက်သီး ခိုးတည်းဟု ဖမ်း၍ ညှဉ်းဆဲခြင်း အစီအရင်ကို ဆိုကုန်၏၊ တယောက်သော ရက္ခိုဿ်သည်ကား ထိုကျေးသားငယ်ကို ခံတွင်း၌ထည့်၍ မျိုအံ့ဟု ဆို၏၊ တယောက်သော ရက္ခိုဿ်သည်ကား ထိုကျေးသားကို လက်တို့ဖြင့် နယ်၍ ချေအံ့ဟု ဆို၏၊ တယောက်သော ရက္ခိုဿ်သည် နှစ်ဖြာခွဲ၍ မီးကျီးဌာဂင်၍ စားအံ့ဟု ဆို၏၊ ထိုကျေးသားသည် ရက္ခိုဿ်တို့၏ ညှဉ်းဆဲအံ့သော အစီအရင်ကို ကြား၍ မထိတ်မလန့်မူ၍လျှင် ထိုရက္ခိုဿ်တို့ကို ဓေါ်၍ အရှင်ရက္ခိုဿ်တို့ သင်တို့သည် အဘယ်သူတို့၏ လူတို့နည်းဟု မေး၏၊ ဝေဿဝဏ်နတ်မင်းကြီး၏ လူတို့တည်းဟု ဆိုကုန်၏၊ အရှင်ရက္ခိုဿ်တို့ သင်တို့သည် မင်း တယောက်၏ လူဖြစ်ကုန်၏၊ ငါသည်လည်း မင်းတယောက်၏ လူဖြစ်၏၊ ဗာရာဏသီမင်းသည် ငါ့ကို အဇ္ဈန္တရသရက်သီးအကျိုးငှါ စေ၏၊ ငါသည် ဗာရာဏသီ၌လျှင် မင်းအား အသက်ကိုပေး၍ လာ၏၊ အကြင်သူသည် မိဘအရှင်တို့၏ အကျိုးငှါ အသက်ကို စွန့်၏၊ ထိုသူသည် နတ်ပြည်၌လျှင် အကြင်ကြောင့် ဖြစ်၏၊ ထိုကြောင့် ငါသည်လည်း ဤတိရိစ္ဆာန်အမျိုးမှ စုတေ၍ နတ်ပြည်၌ ဖြစ်အံ့ဟု ဆိုလို၍ -

၉၃ ဘတ္တာရတ္ထေ ပရက္ကန္တော၊ ယံ ဌာန မဓိဂစ္ဆတိ။
သူရော အတ္တာပရိစ္စာဂီ၊ လဘမာနော ဘဝါ မဟံ။

ဟူသော သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ဘတ္တာ ရတ္ထေ၊ မိဘအရှင်၏ အမှုကိုစွဲ၏။ ပရက္ကန္တော၊ လုံ့လပြု၏။ အတ္တာပရိစ္စာဂီ၊ကိုယ်ကိုစွန့်ကြဲသော၊သူရော၊သူရဲသည်။ ယံ ဌာနံ၊ အကြင်ချမ်းသာခြင်း

www.dhammadownload.com

အကြောင်းအရာကို။ အဓိဂစ္ဆတိ၊ ရ၏။တံ ဌါနံ၊ ထိုချမ်းသာခြင်းအကြောင်း အရာကို။ အဟံ၊ ငါသည်လည်း။ လဘမာနေ၁၊ ရသည်။ ဘဝါမိ၊ ဖြစ်အံ့။

ဤသို့ကျေးသားသည် ဤဂါထာဖြင့် ထိုရဂ္ဂါဒ်တို့အား တရားဟော၏၊ ထိုရဂ္ဂါဒ်တို့သည် ထိုကျေးသား၏ တရားကိုနာရ၍ ကြည်ညိုသောစိတ် ရှိကုန်၍ ဤကျေးသားကား တရားစောင့်၏၊ သတ်ခြင်းငှါမတတ်ကောင်း၊ ထိုကျေးသားကို လွှတ်ကြကုန်အံ့ဟု ဆို၍ ကျေးသား သင်သည် ငါတို့လက်မှ လွှတ်သည်ဖြစ်၍ ချမ်းသာသဖြင့် သွားလေလော့ဟု ဆိုကုန်၏၊အရှင်ရဂ္ဂါဒ်တို့ သင်တို့သည် ငါ၏ လားခြင်းကို အချည်းနှီး မပြုကြကုန်လင့်၊ ငါ့အား တလုံးသော သရက်သီးကို ပေးကြကုန်လော့ဟု ကျေးသားဆို၏၊ ကျေးသားငယ် သင့်အား တလုံးသော သရက်သီးကို ပေးခြင်းငှါ ငါတို့အား ဝန်မတို၊ ထိုသို့ဝန်မတိုငြားသော်လည်း ဤသရက်ပင်၌ သရက်သီးတို့ကို ရေတွက်၍ ထားအပ်ကုန်၏၊ တလုံးသော သရက်သီးကို မမြင်သည်ရှိသော် ငါတို့အား အသက်သည် မရှိ၊ ဝေဿဝဏ်နတ်မင်းသည် အမျက်ထွက်၍ တကြိမ်ကြည့်သည်ရှိသော် ပူစွာသော အိုးကင်း၌ ထည့်အပ်သော နှမ်းတို့ကဲ့သို့ ကုမ္ဘဏ်တထောင်တို့သည် ကဲ့ကြ၍ ဖရိုဖရဲ ရှိကုန်ရာ၏၊ ထို့ကြောင့် သင့်အား ငါတို့မပေးဝံ့ကုန်၊ ရရာအရပ်ကိုကား ကြားကုန်အံ့ဟု ဆိုကုန်၏၊ တစုံတယောက်သော သူသည် ပေးသည်ဖြစ်စေ ငါ့အား အသီးဖြင့် အလိုရှိသည်ဖြစ်၏၊ ရရာအရပ်ကိုကြားပါကုန်လော့ဟု ဆို၏၊ ဤရွှေတောင်၏အကြား၌ ဇောတိရသမည်သော ရသေ့သည် မီးပူဇော်လျက် ရွှေတောင်လိုဏ် သစ်ရက်မိုးသော ကျောင်း၌ နေ၏၊ ထိုရသေ့သည် ဝဿဝဏ်နတ်မင်း၏ ဆရာတည်း၊ ဝဿဝဏ်နတ်မင်းသည် ထိုရသေ့သို့ မပြတ် လေးလုံးသော သရက်သီးတို့ကို ပို့စေ၏၊ထိုရသေ့၏အထံသို့ သွားလေလော့ဟု ဆိုကုန်၏၊

ထိုကျေးသားသည် ကောင်းပြီဟု ဝန်ခံ၍ ထိုရသ့အထံသို့ သွား၍ ရှိခိုး၍ တင့်အပ်လျောက်ပတ်စွာ နေ၏၊ထိုအခါ ထိုကျေးသားကို ရသေ့သည် အဘယ်မှ လာသနည်းဟု မေး၏၊ ဗာရာဏသီမင်း၏ အထံမှ လာ၏ဟု လျှောက်၏၊ အဘယ် အကျိုးငှါ လာသနည်းဟု မေး၏၊ မြတ်သောရှင်ရသေ့ အကျွန်ုပ်တို့၏ မင်း၏ မိဖုယားအား အဘွန္တရသရက်သီး၌ ချင်ခြင်းသည် ဖြစ်၏၊ထို့ကြောင့် အဘွန္တရသရက်သီးကို ရစိမ့်သောငှါ လာ၏၊ ရကွဲ့ဂ်ါဒ်တို့သည်ကား အကျွန်ုပ်အား သရက်သီးကို မပေးမူ၍ အရှင်ဘုရားတို့၏အထံသို့ စေကုန်၏ဟု လျှောက်၏၊ ထိုသို့ တပြီးကား ရလတ္တံ့ဟု ရှင်ရသေ့ဆို၏၊ ထိုအခါ ရသေ့အား ဝဿဝဏ်နတ်မင်းသည် လေးလုံးသောသရက်သီးတို့ကိုပို့စေ၏၊အရှင်ရသေ့သည်ထိုသရက်

www.dhammadownload.com

သီးလေးလုံးမှ နွှစ်လုံးကို ဘုဉ်းပေး၏၊ တလုံးသောသရက်သီးကို ကျေးသား ငယ်အား စားစိမ့်သောငှါ ပေး၏၊ ထိုကျေးသားငယ်သည် ထိုသရက်သီးကို စားလတ်ပြီးသော် တလုံးသော သရက်သီးကို ဆိုင်းခွဲထည့်၍ ယခု သွားလေ လေ့ဟု ကျေးသားငယ်ကို လွှတ်၏၊ ထိုကျေးသားငယ်သည် ထိုသရက်သီးကို ဆောင်၍ မိဖုယားအား ပေး၏၊ ထိုမိဖုယားသည် ထိုသရက်သီးကို စား၍ ချင်ခြင်းကို ငြိမ်းစေ၏၊ ထိုသရက်သီးကို စားခြင်းဟူသော အကြောင်းကြောင့် ထိုမိဖုယားအား သားရသောမည်သည် မဖြစ်။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤမဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ရာဟုလာမယ်တော်သည် ထိုအခါ မိဖုယား ဖြစ်ဘူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ကျေးသား ဖြစ်ဘူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ သရက်သီးမှည့်ပေးသော ဇောတိရသရသေ့ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဥယျာဉ်၌နေသော ရသေ့ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကိုယ်ရေးတွက်တာ၊ ကြောင်းခြင်းရာကြောင့်၊ နတ်လာပေးချက်၊ မြင်အိပ်မက်၊ မှန်လျက် မရှိပါ)

ရှေးဦးစွာသော အဗ္ဘန္တရဇာတ်သည် ပြီး၏။

၃၂-သေယျဇာတ်

အဆိုးမှ အကျိုး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "သေယံ့သော သေယျသော ဟောတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသေယျဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ကောသလမင်း၏ တဖေယျာက်သော အမတ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုအမတ်သည် မျှားစွာကျေးဇူးပြု၏၊ မင်း၏

www.dhammadownload.com

ခပ်သိမ်းသော အမှုကိစ္စတို့ကို ပြီးစေ၏၊ မင်းသည် ဤအမတ်ကား ငါ့အား များစွာ ကျေးဇူးပြု၏ဟု ထိုအမတ်အား များစွာသော စည်းစိမ်ကို ပေး၏၊ ထိုအမတ်ကို သည်းမခံနိုင်ကုန်သော တပါးကုန်သော သူတို့သည် မင်းအား ဂုံးတိုက်၍ ဖျက်ဆီးကုန်၏၊ မင်းသည် ထိုသူတို့၏ စကားကို ယူ၍ အပြစ်ကို မဆင်ခြင်မူ၍သာလျှင် သီလရှိသော အပြစ်မရှိသော အမတ်ကို သံခြေကျဉ်း အနှောင်အဖွဲဖြင့် ဖွဲ့စေ၍ နှောင်အိမ်သို့ သွင်းစေ၏၊ ထိုအမတ်သည် နှောင်အိမ်၌ တယောက်ထည်းလျှင် နေလတ်သော် သီလ၏ ပြည့်စုံခြင်းကို မှီ၍ စိတ်၏တည်ကြည်ခြင်းကို ရ၍ သန်ဂါရတို့ကို သုံးသပ်၍ သောတာပတ္တိဖိုလ်ကို ရ၏၊ ထိုအခါ မင်းသည် နောက်ကာလ၌ ထိုအမတ်၏ အပြစ်မရှိသော အဖြစ်ကိုသိ၍ သံခြေကျဉ်း အနှောင်အဖွဲ့ကို လွှတ်စေ၍ ရွှေးစည်းစိမ်ထက် အလွန်ကြီးမြတ်သော စည်းစိမ်ကို ထိုအမတ်အား ပေး၏၊ ထိုအမတ်သည် ဘုရားသခင်ကို ရှိခိုးအံ့ဟု များစွာသောပန်း,နံ့သာ အစရှိသည်တို့ကို ယူ၍ ကျောင်းသို့ သွား၍ မြတ်စွာဘုရားကို ပူဇော်ရှိခိုး၍ တင့်အပ်လျောက်ပတ်စွာ နေ၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ထိုအမတ်နှင့်တကွ ပဋိသန္ဓာရ ပြုတော်မူ၍ သင့်အား အကျိုးမဲ့ဖြစ်သည်ဟု၍ ကြားရကုန်၏ဟု မိန့်တော်မူ၏၊ ဘုန်းတော်ကြီးသော အရှင်ဘုရား အကျိုးမဲ့ဖြစ်ခဲ့၏၊ ထိုအကျိုးမဲ့ဖြင့်ကား အကျိုးစီးပွားကို ပြု၏၊ နှောင်အိမ်၌နေ၍ သောတာပတ္တိဖိုလ်ကို ရစေ၏ဟု လျှောက်လေ၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ဒါယကာ သင်သည်သာလျှင် အကျိုးမဲ့ဖြင့် အကျိုးကိုဆောင်သည် မဟုတ်သေး၊ ရှေးပညာရှိတို့သည်လည်း အကျိုးမဲ့ဖြင့် အကျိုးစီးပွားကို ဆောင်ဘူးသလျှင် ကတည်းဟု မိန့်တော်မူ၍ ထိုအမတ်သည် တောင်းပန်အပ်သည်ရှိသော် အတိတ်ကို ဆောင်တော်မူ၏။။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ မိဖုယားကြီးဝမ်း၌ ဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ အဘလွန်သဖြင့် မင်းအဖြစ်၌ တည်၍ မင်းကျင့်တရားနှင့် ညီစွာ မင်းပြုလျက် အလှူပေး၏၊ ပဥ္စသီလ ဆောက်တည်၏၊ ဥပုသ်စောင့်၏၊ ထိုအခါ ဘုရားလောင်းမင်း၏ တယောက်သော အမတ်သည် နန်းတွင်း၌ ပြစ်မှား၏၊ ခြေရင်း၌ များစွာသော အမတ်အစရှိသည်တို့သည် သို၍ ဤအမည်ရှိသော အမတ်သည် နန်းတွင်း၌ပြစ်မှား၏ဟု မင်းအား လျှောက်ကုန်၏၊ မင်းသည်လည်း စုံစမ်းသည်ရှိသော် အဟုတ်အမှန်အား ဖြင့် သို၍ ခေါ်စေ၍ ယနေ့မှစ၍ ငါ့ကို

www.dhammadownload.com

မခစားလင့်ဟု နှင်ထုတ်ခြင်းကို ပြု၏၊ ထိုအမတ်သည် သွား၍ တပါးသော ပြည်နိုးချင်း မင်းကို ခစား၏၊ အလုံးစုံသော ဝတ္ထုသည် အောက် **မဟာသီလဝ ဇာတ်** ၌ ဆိုခဲ့ပြီးသည်နှင့် တူသလျှင်ကတည်း၊ ဤဇာတ်၌လည်း ထိုပြည်နိုးချင်း မင်းသည် သုံးကြိမ်စုံစမ်း၍ ထိုအမတ်၏ စကားကို ယုံကြည်၍ ဗာရာဏသီပြည်ကို ယူအံ့ဟု မျှားစွာသော အခြံအရံဖြင့် ပြည်အပိုင်းအခြားသို့ ရောက်လာ၏၊ ဗာရာဏသီမင်း၏ ခုနစ်ရာကုန်သော အမတ်တို့သည် ထိုအကြောင်းကို သိ၍ မင်းကြီး ဤမည်သောမင်းသည် ဗာရာဏသီပြည်ကို ယူအံ့ဟု ဇနပုဒ်ကို ဖျက်ဆီးလျက် လာသတတ် ထိုမင်းကို ဖမ်းကြကုန်အံ့ဟု ဆိုကုန်၏၊ ငါ့အား သူတပါးကို ညှဉ်းဆဲ၍ရအပ်သော မင်းအဖြစ်ဖြင့် အလိုမရှိ တစုံတခုကို မပြုကြကုန်လင့်ဟု ဆို၏။။

ထိုခိုးသူမင်းသည်လာ၍ မြို့ကိုရံ၏၊ အမတ်တို့သည် မင်းကိုကပ်၍ မြတ်သော မင်းကြီး ဤသို့ သည်းခံခြင်းကို မပြုလင့်၊ အကျွန်ုပ်တို့သည် ထိုမင်းကို ဖမ်းကြကုန်အံ့ဟု ဆိုကုန်၏။။ မင်းသည် တစုံတခုကို ပြုခြင်းငှါ မရအပ်၊ မြို့တံခါးတို့ကို ဖွင့်ကြကုန်လေဟု ဆို၍ မိမိသည် အမတ်အပေါင်းခြံရံလျက် မြတ်သော ပြာသာဒ်အပြင် ပလ္လင်၌ နေ၏၊ ခိုးသူမင်းသည် တံခါးလေးမျက်နှာတို့၌ လူတို့ကို ရိုက်ပုတ်လျက် မြို့သို့ဝင်၍ ပြာသာဒ်သို့ တက်၍ အမတ်ခုနစ်ရာ အခြံအရံရှိသော မင်းကို ဖမ်း၍ သံခြေကျဉ်းတို့ဖြင့် နှောင်ဖွဲ့၍ နှောင်အိမ်သို့ သွင်းစေ၏၊ ဗာရာဏသီမင်းသည် နှောင်အိမ်၌ နေလျက် ဤခိုးသူမင်းကို မေတ္တာပို့၍ မေတ္တာစျာန်ကို ဖြစ်စေ၏၊ ဗာရာဏသီမင်း၏ မေတ္တာ အာနုဘော်အားဖြင့် ခိုးသူမင်း၏ကိုယ်၌ ပူခြင်းသည် ဖြစ်၏၊ အလုံးစုံသော ကိုယ်သည် အစုံသော မီးရှူးတို့ဖြင့် လောင်စေဘိသကဲ့သို့ ဖြစ်၏၊ ထိုခိုးသူမင်းသည် ကြီးစွာသော ဆင်းရဲဖြင့် နှိပ်စက်ရကား အကြောင်း အသို့တုံနည်းဟု မေး၏၊ သင်မင်းကြီး တို့သည် သီလရှိသောမင်းကို နှောင်အိမ်၌သွင်းကုန်၏၊ထို့ကြောင့် ထိုဆင်းရဲသည် ဖြစ်လတ္တံ့ဟု လျှောက်ကုန်၏၊ ထိုခိုးသူမင်းသည် သွား၍ ဘုရားလောင်းကို ကန်တော့၍ ရှင်မင်းကြီးတို့၏ ပြည်သည် ရှင်မင်းကြီးတို့အား သာ ဖြစ်စေဟု မင်းအဖြစ်ကို ဘုရားလောင်းအား သာလျှင် အပ်၍ ယနေ့မှစ၍ ရှင်မင်းကြီးတို့၏ ရန်သူသည် အကျွန်ုပ်၏ တာဝန်ဖြစ်စေဟု ဆို၍ ပြစ်မှားသော အမတ်အား မင်းအာဏာကို ပြုစေ၍ မိမိ၏မြို့သို့လျှင် သွား၏၊ ဘုရားလောင်းသည် တန်ဆာဆင်အပ်သော မြတ်သော ပြာသာဒ်၌ ကောင်းစွာ ဆောက်အပ်သော ထီးဖြူရှိသော ပလ္လင်၌နေလျက် အမတ်တို့နှင့်တကွ ပြောဆိုလိုရကား-

www.dhammadownload.com

၉၄ သေယျံသော သေယျသော ဟောတိ၊ ယော သေယျမုပသေဝတိ။
ဧကေန သန္ဓိံ ကတ္ဝာန၊ သတံဝဇ္ဈ အမောစယိံ ။

၀ံ

၉၅ တသ္မာ သဇ္ဇေန လောကေန၊ သန္ဓိ ကတ္ဝာန ဧကော ။
ပေစ္စ သဂ္ဂံ နိဂစ္ဆေယျ၊ ဣဒံ သုဏာထ ကာသိယာ။

ဟူသော နှစ်ဂါထာတို့ကို ဆို၏။

ကာသိယာ၊ ကာသိတိုင်းသားအမတ်တို့။ သေယျံသော၊ မြတ်သောကုသိုလ် တရားဟု ဆိုအပ်သော အဘို့အစုရှိသော။ ယော၊ အကြင်သူသည်။ သေယျံ၊ မြတ်သောကုသိုလ်တရားကို။ ဝါ၊ မြတ်သောပုဂ္ဂိုလ်ကို။ ဥပသေဝတိ၊ မှီဝဲ၏။ သော၊ ထိုသူသည်။ သေယျသော၊ အလွန်မြတ်သည်။ ဟောတိ၊ဖြစ်၏။ ဧကေန၊ တယောက်သော ခိုးသူမင်းနှင့်။ သန္ဓိံ ကတ္ဝာန၊ စေ့စပ်ခြင်းကိုပြု၍။ သတံဝဇ္ဈ၊ သတ်ထိုက်ကုန်သော ခုနစ်ရာကုန်သောအမတ်တို့ကို။ အမောစယိံ ၊ လွှတ်စေရပြီ။

တသ္မာ၊ထို့ကြောင့်။ သဇ္ဇေန၊ ခပ်သိမ်းသော။ လောကေန၊ လောကနှင့်။ ဧကော၊ တပေါင်းတည်း။ သန္ဓိံ ကတ္ဝာန၊ စေ့စပ်ခြင်းကို ပြု၍။ ပေစ္စ၊ တမလွန်ဘဝ၌။ သဂ္ဂံ၊ နတ်ပြည် ဗြဟ္မာ့ပြည်သို့။နိဂစ္ဆေယျ၊ လားရာ၏။ ဣဒံ၊ ဤစကားကို။ ကာသိယာ၊ ကာသိတိုင်းသားဖြစ်ကုန်သော။ တုမ္ဟေ၊ သင်တို့သည်။ သုဏာထ၊ နာကြကုန်လော့။

ဤသို့ ဘုရားလောင်းသည် လူမျိုးအား မေတ္တာဘာဝနာ၏ ကျေးဇူးကို ချီးမွမ်း၍ တဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီပြည်၌ ထီးဖြူကို စွန့်ပစ်၍ ဟိမဝန္တာသို့ဝင်၍ ရသေ့ ရဟန်းပြု၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ -

၉၆ ဣဒံ ဝတ္ဝာ မဟာရာဇာ၊ ကံသော ဗာရာဏသိဂ္ဂဟော။
ဓနုံ ကဏ္ဍဉ္စ နိက္ခိပ္ပ၊ သံယမံ၊ အဇ္ဈုပါဂမိ။

ဟူသော သုံးခုမြောက်ဖြစ်သော ဤဂါထာကို ဆို၏။

ဗာရာဏသိဂ္ဂဟော၊ ဗာရာဏသီပြည်ကို သိမ်းပိုက်တော်မူသော ကံသော၊ ကံသ အမည်ရှိသော။ မဟာရာဇာ၊ မင်းကြီးသည်။ ဣဒံ၊ ဤဂါထာစကားကို။

www.dhammadownload.com

ဝတ္ထာ၊ ဆို၍။ဓနုဠ္ဟ၊ လေးကိုဌင်း။ ကဏ္ဍဠ္ဟ၊ မြားကိုဌင်း။ နိက္ခိပ္ပ၊ ချ၍။ သံယမံ၊ ရသေ့ ရဟန်းအဖြစ်သို့။ အဇ္ဈုပဂါဂမိ၊ ကပ်၏။။

ရဿေ့ပြုပြီး၍ကား စျာန်ကို ဖြစ်စေ၍ မယုတ်သော စျာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်၌ဖြစ်၏။

ဇာတ်ပေါင်း သဗ္ဗညု မြတ်စွာဘုရားသည် ဤမမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ခိုးသူမင်း ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။။

(ဘေးရန်နှင့်တွေ့၊ မေတ္တာမွေ့၊ ရန်ငွေ့ပျက်ပြန်းမည်)

နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သေယျဇာတ်သည် ပြီး၏။။

၃၃- ဝမ္မကီသူကရဇာတ်

ဝက်စစ်မိုလ်ကြီး

ပစ္စုပ္ပန်ဂတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဝရံ ဝရံ ဘဲ့" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝမ္မကီသူကရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ဓနုဂ္ဂဟတိဿမည်သော မထေရ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ပသေနဒီ ကောသလမင်း၏ ခမည်းတော် မဟာကောသလ မင်းသည် ဗိမ္မိသာရမင်းအား ဝေဒေဟီမည်သောသမီးတော်ကို ပေးသည်ရှိသော် မင်းသမီးအား ရေချိုးကသယ်မှုန့်ဘိုးပြု၍ အခွန်တသိန်းထွက်သော ကာသိရွာကို ပေးလိုက်၏၊ အဇာတသတ် မင်းသည်ကား ခမည်းတော်ကို သတ်သည်ရှိသော် ဝေဒေဟီမိဖုယားသည်လည်း သောကနှိပ်စက်သည်ဖြစ်၍ သေလွန်၏၊ ထို့နောင်မှ ပသေနဒီကောသလမင်းသည် အဇာတသတ်မင်းကား အဘကိုသတ်၏၊ ငါ့မသည် လင်သေလတ်သော် ထိုသောကဖြင့် နှိပ်စက်သည်ဖြစ်၍ သေ၏၊ အဘသတ် ခိုးသူအား ကာသိရွာကို ငါမပေးဟု ကြံ၏၊ ကြံပြီး၍ ကောသလမင်းသည် ထိုကာသိကရွာကို အဇာတသတ်မင်းအား မပေး၊ ထိုရွာကို အမှီပြု၍မင်းနှစ်ပါး

www.dhammadownload.com

တို့အားလည်း ရံခါရံခါ စစ်ထိုးခြင်းသည် ဖြစ်၏၊အဇာတသတ်သည်ကား ပျို၏၊ ပသေနဒီကား အို၏၊ ပသေနဒီမင်းသည် မပြတ်လျှင် ရှုံး၏၊ ပသေနဒီမင်း၏ လူတို့သည်လည်း ရှုံးကုန်၏၊ ထိုအခါပသေနဒီမင်းသည် ငါတို့သည် မပြတ်လျှင် ရှုံးကုန်၏၊ အသို့လျှင် ပြုကုန်အံ့နည်းဟု အမတ်တို့ကို မေး၏၊ မြတ်သောမင်းကြီး အရှင်ကောင်းတို့သည် ပညာရှိကုန်၏၊ ဇေတဝန်ကျောင်းတော်၌ ရဟန်းတို့၏ စကားကို နားထောင်ခြင်းငှါ သင့်၏ဟု လျှောက်ကုန်၏၊ မင်းသည် ထိုသို့ တပြီးကား ထိုအခါ၌ ရဟန်းတို့၏ စကားကို နားထောင်ကြ ကုန်လော ဟု သူလျှိယောကျ်ားတို့ကို စေ၏၊ ထိုသူလျှို ယောကျ်ားတို့သည် ထိုအခါမှစ၍ မင်းစေတိုင်း ပြုကုန်၏။

ထိုကာလ၌ကား ဒတ္တမဇထရ၊ ဓနုဂ္ဂဟတိဿမထေရ် ဟူကုန်သော နှစ်ပါးကုန်သော အိုမင်းကုန်သော မဇထရ်တို့သည် ကျောင်း၏ အစွန် ဖြစ်သော ကျောင်း၌ နေကုန်၏၊ ထိုနှစ်ပါးကုန်သော မထေရ်တို့တွင် ဓနုဂ္ဂဟတိဿမထေရ်သည် ပဌမယာမ်,မဇ္ဈိမယာမ်၌အိပ်၍ ပစ္ဆိမယာမ်၌ နိုး၍ မိုးစတို့ကို သုတ်သင်၍ မီးလှုံ၍ ထိုင်လျက် အရှင်ဒတ္တ အိပ်သဖြင့် အဘယ် အကျိုးရှိအံ့နည်း ထ၍ ထိုင်လော ဟု ဆို၏၊ထို ဒတ္တမထေရ်သည် ထ၍ ထိုင်သည်ရှိသော် ထိုဒတ္တမထေရ်ကို အရှင်ဒတ္တမထေရ် သင်၏ ဝမ်းပိုက်ကြီးသော ကောသလမင်းသည် အိုးစ့ရည်း မျှလောက်သော ထမင်းကိုသာလျှင် ပုပ်သည်ကို ပြုတတ်၏၊ တစုံတခုသော စစ်ထိုးခြင်း အစီအရင်ကိုကား မသိ ရှုံး၍သာလျှင် ပြေးရ၏ဟု ဆို၏၊ အဘယ်သို့ ပြုခြင်းငှါသင့်သနည်းဟု ဒတ္တမထေရ်သည် မေး၏၊ထိုခဏ၌ ထိုသူလျှိယောကျ်ား တို့သည် ထို နှစ်ပါးကုန်သော မထေရ်တို့၏ စကားကို နားထောင်လျက် ရပ်ကုန်၏။

ဓနုဂ္ဂဟတိဿမထေရ်သည် စစ်ထိုးခြင်းအစီအရင်ကို ဆို၏၊အရှင်ဘုရား စစ်ထိုးခြင်းမည်သည်ကား ပဒုမဗျူဟာ စစ်ထိုးခြင်း, စက္ကဗျူဟာစစ်ထိုးခြင်း, သကဋဗျူဟာစစ်ထိုးခြင်းဟူ၍ သုံးပါးအပြားရှိ၏၊ အဇာတသတ်ကို ဖမ်းလိုသော် ဤ မည်သော တောင်ဝှမ်းဝယ်နံရံနှစ်ဘက်တို့၌ လူတို့ကိုထား၍ ရှေ့မှအားနည်းသော စစ်သည်ကိုပြ၍ တောင်ကြားသို့ ဝင်သောအဖြစ်ကို မသိစေမူ၍ ဝင်သောခရီးကို ပိတ်ဆို့၍ ရှေ့နောက်နှစ်ဘက်ကုန်သော တောင်နံရံတို့၌ ကြော်ငြာကုန်၍ ကွန်ဒ်ထည့်အပ်သောငါးတို့ကဲ့သို့ဌင်း လက်ဆုပ်၌ရှိသောငုံးငယ်ကဲ့သို့ဌင်း ပြု၍ဖမ်းခြင်းငှါတတ်ကောင်း၏ဟုဆိုလတ်သော် သူလျှိယောကျ်းတို့သည် ထိုသတင်းစကား

www.dhammadownload.com

ကို မင်းအား ကြားလျှောက်ကုန်၏၊ မင်းသည် ထိုစကားကို ကြား၍ စစ်ထိုးခြင်းစည်ကို လည်စေ၍ သွား၍ သကဋမျှ်ဟာ စစ်ထိုးခြင်းကို စီရင်၍ အဇာတသတ်မင်းကို အရှင်ဖမ်းစေ၍ မိမိ၏သိမ်း ဝဇီရမည်သော မင်းသိမ်းကို တူအား ပေး၍ ကာသိမည်သောရွာကို ဝဇီရမည်သော မင်းသိမ်း၏ ကသယ်မှုန့်ဘိုး ပြု၍ ပေး၍ လွှတ်လိုက်၏၊ ထိုအကြောင်းသည် ရဟန်းသင်္ဃာ၌ ထင်ရှားစွာ ဖြစ်၏၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ ကောသလမင်းသည် ဓနုဂ္ဂဟာတိဿ မထေရ်၏ အစီအရင်ဖြင့် အဇာတသတ်မင်းကို အောင်ပေ၏ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ငါလာတော်မူသော အခါ၌ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သောစကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ယခုအခါ၌ သာလျှင် ဤဓနုဂ္ဂဟာတိဿသည် စစ်ထိုးခြင်း အစီအရင်၌ လိမ္မာသည်မဟုတ်သေး၊ ရှေး၌လည်း စစ်ထိုးခြင်း အစီအရင်၌ လိမ္မာသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တော၌ ရဟန်းတော် ဖြစ်၏၊ ထိုအခါ ဗာရာဏသီပြည်ကို မှီ၍နေသော လက်သမားရွာမှ တယောက်သောလက်သမားသည် အဆောက်အဦအကျိုးငှါ တောသို့သွား၍ တင်း၌ကျသော ဝက်ငယ်ကို မြင်၍ ထိုဝက်ငယ်ကို အိမ်သို့ဆောင်၍ မွေး၏၊ ထိုဝက်ငယ်သည် ကြီးလတ်သော် ကြီးသော ကိုယ်ရှိ၏၊ ကောက်သော အစွယ်ရှိ၏၊ အကျင့်နှင့် ပြည့်စုံ၏၊ လက်သမားသည် မွေးအပ်သည်၏ အဖြစ်ကြောင့်ကား **စမုကီသူကရ** ဟူ၍လျှင် ထင်ရှား၏၊ လက်သမားအား သစ်ရှေသော ကာလ၌ နှုတ်သီးဖြင့် သစ်ကို လှန်၍ပေး၏၊ နှုတ်သီးဖြင့် ကိုက်၍ ပဲခွပ်, ပုဆိန်, ဆောက်ပုတ်တို့ကို ဆောင်ယူ၍ ပေး၏၊ မျဉ်းကြိုးစွန်း၌ ကိုက်၏၊ ထိုအခါလက်သမားသည် တစုံတယောက်သော သူသည်လျှင် ဤဝက်ကို စားရာ၏ဟု ကြောက်သောကြောင့် ဆောင်၍ တော၌ လွှတ်၏၊ ထိုဝက်သည်လည်း တောသို့ ဝင်၍ ဘေးကင်းရာ ချမ်းသာရာ အရပ်ကို ကြည့်လတ်သော် တောင်ကြား၌ တခုသော ကြီးကျယ်စွာသော တောင်ချောက်ကြားကို မြင်လေ၏၊ ထိုတောင်ချောက်ကြား၌ ချမ်းသာသဖြင့် နေကုန်သော များစွာကုန်သော ဝက်တို့ဖြင့် ပြမ်း၏၊ ထိုဝက်တို့သည် ဝဈကီသူကရမည်သော ဝက်ကိုမြင်၍ ဝဈကီသူကရမည်သော ဝက်၏အထံသို့ သွားကုန်၏၊ ထိုဝဈကီ

www.dhammadownload.com

သူကရ ဝက်သည်လည်း ထိုဝက်တို့ကို ငါသည် သင်တို့ကိုသာလျှင် ကြည့်လျက် သွား၏၊ စင်စစ်သော်ကား သင်တို့ကို ငါသည် မြင်အပ်၏၊ ဤအရပ်သည် မွေ့လျော်ဘွယ်ရှိ၏၊ ဤအရပ်၌သာလျှင် ငါနေအံ့ဟု ဆို၏၊ ဤအရပ်သည် မွေ့လျော်ဘွယ်ရှိသည်မှန်၏၊ ထိုသို့မွေ့လျော်ဘွယ် ရှိငြားသော်လည်း ဤအရပ်၌ ဘေးရန်ရှိ၏ဟု ဆိုကုန်၏၊ ငါလည်း ထိုသင်တို့ကို မြင်၍လျှင် ဤသို့အစာနှင့် ပြည့်စုံသောအရပ်၌ နေကုန်သော ထိုဝက်တို့၏ ကိုယ်တို့၌ အသား, အသွေးသည် မရှိဟု အောက်မေ့မိ၏၊ ဤအရပ်၌ သင်တို့အား အဘယ်ဘေးရန် ရှိသနည်းဟု မေး၏၊ တခုသောကျားသည် စောစောကလျှင် လာလတ်၍ မြင်တိုင်း မြင်တိုင်း သော ဝက်ကိုယူ၍ သွား၏ဟု ဆိုကုန်၏၊ ထိုကျားသည် မပြတ်လာ၍ ယူသလော၊ ရံခါ ရံခါလာ၍ ယူသလောဟု မေး၏၊ မပြတ်လာ၍ ယူ၏ဟု ဆိုကုန်၏၊ထိုကျားတို့သည် အဘယ်မျှ ရှိကုန်သနည်းဟု မေး၏၊ တခုတည်းလျှင်တည်းဟု ဆိုကုန်၏၊ ဤမျှလောက်ကုန်သော သင်တို့သည် တခုတည်းသော ကျားအား စစ်ထိုးအံ့သောငှါ မတတ်နိုင်သလောဟု မေး၏၊ မတတ်နိုင်ကုန်ဟု ဆိုကုန်၏၊ ထိုကျားကို ငါဖမ်းအံ့၊ ငါ့စကားကို သင်တို့ လိုက်နာကြကုန်လော့၊ ထိုကျားသည် အဘယ်မှာ နေသနည်းဟု မေး၏၊ ဤတောင်၌ နေ၏ဟု ဆို၏။

ထိုဝဿကီသုကရမည်သော ဝက်သည် ညဉ့်၌လျှင် ဝက်တို့ကို ကျက်စားစေ၍ စစ်ထိုးအံ့သောငှါ အစီအရင်ကို စီရင်သည်ရှိသော် စစ်ထိုးခြင်းမည်သည်ကား ပဒုမဗျူဟာ, စက္ကဗျူဟာ,သကုဋဗျူဟာတို့၏အစွမ်းအားဖြင့် သုံးပါး အပြား ရှိ၏ဟု ဆို၍ ပဒုမဗျူဟာ၏ အစွမ်းအားဖြင့် စီရင်၏၊ ထိုဝက်သည် မြေ၏ဦးခေါင်းကို သိ၏ ထို့ကြောင့် ဤအရပ်၌ စစ်ထိုးခြင်းကို စီရင်ခြင်းငှါ သင့်၏ဟု ဝက်တို့၏ ဝက်ငယ်ကလေးတို့ကိုလည်း အမိအဘတို့ကိုလည်း အလယ်၌ ထား၏၊ ဝက်ငယ်ကလေးနှင့် မိဘတို့ကို ခြံရုံ၍ ဝက်မတို့ကို ထား၏၊ ဝက်မတို့ကို ခြံရုံ၍ ဝက်ငယ်တို့ကို ထား၏၊ ဝက်ငယ်တို့ကို ခြံရုံ၍ ဝက်အိုတို့ကို ထား၏၊ ဝက်အိုတို့ကို ခြံရုံ၍ အစွယ်ရှည်ကုန်သော ဝက်တို့ကို ထား၏၊ ထိုဝက်တို့ကို ခြံရုံ၍ စစ်ထိုးခြင်း၌ စွမ်းနိုင်ကုန်သော အားရှိကုန်သော တဆယ်,နှစ်ဆယ်, သုံးဆယ်ကုန်သော ဝက်တို့ကို ထိုထိုအရပ်၌ အစုအစုပြု၍ ထား၏၊ မိမိနေရာ၏ ရှေ့မှ တခုသော ဝန်းသော တွင်းကို တူးစေ၏၊ နောက်မှ တခုသော ဆောင်းသဏ္ဌာန်ရှိသော အစဉ်သဖြင့် ဝှမ်းသောလိုဏ်နှင့် တူသော တွင်းကို တူးစေ၏၊ ထိုဝဿကီသုကရမည်သော ဝက်၏ ခြောက်ဆယ်, ခုနစ်ဆယ်မျှကုန်သော စစ်ထိုးဝက်တို့ကို ယူ၍ ထိုထိုအရပ်၌ မကြောက်ကြကုန်လင့်ဟု အမှုကိုစီရင်စဉ် အရှေ့သည် တက်၏။

www.dhammadownload.com

ကျားသည် ထ၍ အခါနှစ်ရောက်ပြီဟု သိ၍ သွား၍ ထိုဝက်တို့၏ရှေ့ တောင်အပြင်၌ရပ်၍ မျက်စိတို့ကို ဘွင့်၍ ဝက်တို့ကို ကြည့်၏၊ ထိုဝဖုကိသူကရမည်သော ဝက်သည် ထိုကျားကို အတူကြည့်ကြကုန်လော့ဟု ထိုဝက်တို့အား အမှတ်သညာကိုပေး၏၊ ထိုဝက်တို့သည် အတူ ကြည့်ကြကုန်၏၊ကျားသည် မျက်နှာကို မော်၍ နားထောင်၏၊ ဝက်တို့သည်လည်း ထို့အတူပြုကြကုန်၏၊ ကျားသည် ကျင်ငယ်ကို စွန့်၏၊ ဝက်တို့သည်လည်း ထို့အတူ စွန့်ကုန်၏၊ ဤသို့ အကြင် အကြင် အမှုကို ကျားပြု၏၊ ထိုထိုအမှုကို ဝက်တို့သည် အတူပြုကုန်၏၊ ထိုကျားသည် ရှေးဦး ဝက်တို့သည် ငါကြည့်သော ကာလ၌ ပြေးကြကုန်၏၊ ကြည့်အံ့သောဌာလည်း မတတ်နိုင်ကုန်၊ ယနေ့ကား မပြေးမူ၍ ငါ၏ ဆန့်ကျင်ဘက် ရန်သူ ဖြစ်ကုန်၏၊ ငါပြုတိုင်းလျှင် အတူပြုကုန်၏၊ ကိုယ်မြဲဦးခေါင်းအရပ်၌ တည်သော ထိုဝက်တို့ကို စီရင်သော တခုသော ဝက်သည် ရှိရာ၏၊ယနေ့ သွားသော် ငါ့အား အောင်ခြင်းသည် မထင်ဟု ကြံ၍ ထိုကျားသည် ပြန်လည်၍ မိမိနေရာအရပ်သို့သာလျှင် သွား၏၊ ထိုကျားသည် ယူခဲ့သောအစာကို စားသော တယောက်သော ရသေ့စဉ်းလဲသည် ရှိ၏၊ ထိုရသေ့စဉ်းလဲသည် လက်ချည်းစည်း လာသော ထိုကျားကိုလျှင် မြင်၍ တိုကျားနှင့် တကွ စကားပြောဆိုလိုရကား—

၉၇ ဝရံ့ ဝရံ တံ့ နိဟနံ ပုဗ္ဗေ စရိ၊
အသ္မိ ပဒေသေ အဘဘုယျ့ သူကရော။
ဧသော ဒါနိ ဧကော ဗျပဂမ္မ စ္ဆာယသိ၊
ဗလံ နု တေ ဗျဿ နာ စဇ္ဇ ဝိဇ္ဇတိ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဗျဿ၊ ကျား။ ပုရေ၊ ရှေး၌။ တံ့၊ သင်သည်။ အသ္မိံ ပဒေသေ၊ ဤအရပ်၌။ သူကရော၊ ဝက်တို့ကို။ အဘိဘုယျ၊ နှိပ်စက်၍။ ဝရံ့ ဝရံ့၊ ကောင်းမြတ်သော ကောင်းမြတ်သော ဝက်ကို။ နိဟနံ့၊ သတ်လျက်။ စရိ၊ ကျက်စား၏။ ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ သော တံ့၊ ထိုသင်သည်။ ဧကော ဝ၊ တယောက်ထည်းသာလျှင်။ အပဂမ္မ၊ တိမ်းရှောင် ထွက်ပြေးခဲ့၍။ စ္ဆာယသိ၊ မှိုင်၏။ ဗျဿ၊ ကျား။ တေ၊ သင့်အား။ အဇ္ဇ၊ ယနေ့။ ဗလံ၊ အားသည်။ နု ဝိဇ္ဇတိ နု၊ မရှိသလော။

www.dhammadownload.com

ထိုစကားကိုကြား၍ ကျားသည်—

၉၉ ဣမေ သုဒံ[1] ယန္တိ ဒိသောဒိသံ ပုရေ၊
ဘယဋ္ဌိတာ လေဏဂဝေသိနော ပုထူ။
တေ ဒါနိ သဉ်္ဇမ ဝသန္တိ ကေတော၊
ယတ္ထဋ္ဌိတာ ဒုပ္ပသဟာဇမေ မယာ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ဣမေ သူကရာ၊ ဤဝက်တို့သည်။ ပုရေ၊ ရှေး၌။ မံ၊ ငါ့ကို။ ဒိသ္ဝာ၊ မြင်၍။ ဘယဋ္ဌိတာ၊ကြောက်ခြင်းဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ လေဏဂဝေသိနော၊ ပုန်းအောင်းရာကို ရှာကုန်လျက်။ ပုထူ၊ အသီး အသီးဖြစ်ကုန်၍။ ဒိသောဒိသံ၊ ထိုထိုအရပ်လေးမျက်နှာသို့။ ယန္တိ၊ ပြေးကုန်၏။ ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ ယတ္ထ၊ အကြင်အရပ်၌။ ဌိတာ၊ တည်ကုန်သော။ တေ၊ ထိုဝက်တို့ကို။ အဇ္ဇ၊ ယနေ့။မယာ၊ ငါသည်။ ဒုပ္ပသဟာ၊မဖအောင်ကုန်။ တတ္ထ၊ ထိုအရပ်၌။ သဉ်္ဇမ၊ စည်းဝေး၍။ ကေတော၊ တပေါင်းတည်း။ ဝသန္တိ၊ နေကုန်၏။

ထိုအခါ ကျားအား ရသေ့စဉ်းလဲသည် အားထုတ်ခြင်းကို ဖြစ်စေလို၍ မကြောက်လင့် သွားခေျ၊ သင် အသံပြု၍ သွားသည်ရှိသော် ခပ်သိမ်းသော ဝက်တို့သည် ကြောက်ကုန်ရကား ကဲ့၍ ပြေးကုန်လတ္တံ့ဟု ဆို၏။ ကျားသည် ထိုရသေ့စဉ်းလဲ အားထုတ်ခြင်းကို ဖြစ်စေသည်ရှိသော် ရဲသည်ဖြစ်၍ တဖန် သွား၍ တောင်မြင့်၌ရပ်၏၊ ဝမ္ဗကီသူကရမည်သော ဝက်သည် တွင်းနှစ်ခုတို့၏ အလယ်၌ နေ၏၊ ဝက်တို့သည် အရှင် ခိုးသူကြီး လာပြန်၏ဟု ဆိုကုန်၏၊ မကြောက်ကြလင့် ယခု ဖမ်းအံ့ဟု ဆို၏၊ ကျားသည် မြည်၍ ဝမ္ဗကီသူကရမည်သော ဝက်၏ အပေါ်သို့ ပြေးလာ၏၊ ဝက်သည် ကျား၏ မိုမို၏ အပေါ်သို့ ပြေးလာသောကာလ၌ ပြန်၍ လျင်မြန်သဖြင့် ဖြောင့်စွာ တူးသောတွင်းသို့ သက်၏၊ကျားသည်အဟုန်ကိုချုပ်အံ့သောငှါ မတတ်နိုင်ရကား အထက်အဘို့ဖြင့် သွား၍ ဆောင်းကဲ့သို့ မျက်နှာရှိသည်ဖြစ်၍ ဘီလာတူးအပ်သောတွင်း၏ အလွန် ကျဉ်းသော မျက်နှာဝန်ကျ၍ လက်အုပ်ချီသကဲ့သို့ နေ၏၊ ဝက်သည် တွင်းမှ ထွက်၍ မိုဃ်းကြိုးကဲ့သို့သော လျင်မြန်ခြင်းဖြင့် သွား၍ ကျား၏ ပေါင်ကြားဥ အစွယ်ဖြင့် မြှင်း၍ အညှိုတိုင်အောင် ခဲ၍ ကောင်းသော အသား ငါးပါးတို့ကို

---

၁ ဣမသ္မုတာ (သျှာ၊ က)

www.dhammadownload.com

အစ္စယ်ဖြင့် ထွင်း၍ ကျား၏ထိပ်ထက်၌ လှည့်လည်၍ သင်တို့ရန်သူကို ယူကြကုန်လော့ဟု ချီ၍ တွင်းဝသို့ ပစ်ချ၏၊ ရှေးဦးစွာ လာကုန်သော ဝက်တို့သည် ကျား၏အသားကို ရကုန်၏၊ နောက်မှလာသော ဝက်တို့သည် ကျားသားကား အသို့သဘောရှိသနည်းဟု ကျားသားကို စားသောဝက်တို့၏ နှုတ်းသီးကို နမ်း၍ သွားကုန်၏။

ဝက်တို့သည် ကျားသေကာမျှဖြင့် မနှစ်သက်ကုန်သေး၊ ဝဿကီသူကရသည် ထိုဝက်တို့၏ အရိပ်နိမိတ်ကိုမြင်၍ သင်တို့သည် အဘယ့်ကြောင့် မနှစ်သက်ကြကုန်သနည်းဟုဆို၏၊ အရှင် စားတတ်သော တခုသော ကျားသေသဖြင့် အဘယ်ပြုအံ့နည်း၊ တပါးကျားကိုစေခိုင်းခြင်းငှါ စွမ်းနိုင်သော ရသေ့စဉ်းလဲ ရှိသလျှင် ကတည်းဟု ဆိုကုန်၏၊ အဘယ်မည်သော ရသေ့နည်းဟု မေး၏၊ တယောက်သော သီလမရှိသော ရသေ့တည်းဟု ဆိုကုန်၏၊ ကျားကိုလျက်လည်း ငါသည် သတ်အပ်ပြီ၊ ထိုရသေ့ကိုကား အဘယ်မှာ သတ်လောက်အံ့နည်းဟု ဆို၍ လာကြကုန်၊ ထိုရသေ့ကို ဖမ်းကြကုန်အံ့ဟု ထိုဝက်အပေါင်းတို့နှင့်တကွသွား၏၊ ရသေ့စဉ်းလဲသည်လည်း ကျား ကြာမြင့်သည်ရှိသော် ဝက်တို့သည် ကျားကို ဖမ်းလေ့ရှိသလောဟု ခရီးဦးကြို သွားလတ်သော် လာကုန်သော ထိုဝက်တို့ကို မြင်၍ မိမိပရိဿရကို ယူ၍ ပြေး၏၊ ဝက်တို့သည် လိုက်လတ်သော် ပရိက္ခရာကို စွန့်၍ လျင်မြန်သဖြင့် ရေသဖန်းပင်သို့ တက်၏၊ ဝက်တို့သည် သခင် ယခု ရသေ့ပြေး၍ သစ်ပင်သို့ တက်၏ဟု ဆိုကုန်၏၊ အဘယ်သို့သော သစ်ပင်ကို တက်သနည်းဟု မေး၏၊ ရေသဖန်းပင်ကို တက်၏ဟု ဆိုကုန်၏၊ ထိုဝဿကီသူကရသည် ဝက်မတို့သည် ရေကို ဆောင်ကြကုန်၊ ဝက်ငယ်တို့သည် မြေကို တူးကြကုန်၊ အစ္စယ်ရှည်ကုန်သော ဝက်တို့သည် အမြစ်ကို ဖြတ်ကြကုန်၊ ကြွင်းသော ဝက်တို့သည် ခြံရံ၍ စောင့်ကြကုန်ဟု စီရင်၍ ထိုဝက်တို့သည် စီရင်တိုင်းပြုကုန်သော် မိမိသည် ရေသဖန်းပင်၏ ဖြောင့်စွာသွားသော အမြစ်ကို ပုဆိန်ဖြင့် ဖြတ်ဘိသကဲ့သို့ တချက်ထည်းဖြင့်လျင် ဖြတ်၍ ရေသဖန်းပင်ကို လည်းစေ၏၊ ခြံရံ၍ နေကုန်သော ဝက်တို့သည် ရသေ့စဉ်းလဲကို မြေသို့ကျစေ၍ အပိုင်းပိုင်းဖြတ်၍ အရိုးတိုင်အောင် စား၍ ဝဿကီသူကရမည်သောဝက်ကို ရေသဖန်းတုံး၌ နေစေ၍ ရသေ့စဉ်းလဲ၏ အသုံးအဆောင် ခရုသင်းဖြင့် ရေကိုဆောင်၍ အဘိသိက်သွန်း၍ မင်းပြုကုန်၏၊ တခုသော ပျိုသောဝက်မကိုလည်း ထိုဝက်မင်း၏ မိဖုယားကြီးပြုကြကုန်၏၊ ထိုကာလမှစ၍ ယနေ့ထက်တိုင် မင်းတို့ကို ရေသဖန်းပျဉ်၌လျင် နေစေ၍ ခရုသင်းသုံးခုတို့ဖြင့် အဘိသိက် သွန်းကုန်သတည်း၊ ထိုတောအုပ်၌

www.dhammadownload.com

နေသော နတ်သည် ထိုအံ့ဘွယ်သရဲကို မြင်၍ တခုသော သစ်ခွကြားဌ် ဝက်တို့ကို ရွေးရှုသည်ဖြစ်၍—

၉၉ နမတ္ထု သဃာန သမာဂတာန၊
ဒိသွာ သယံ သချ ဝဒါမိ အဇ္ဇုတံ။
ဗျန္တီ မိဂါ ယတ္ထ ဇိနိံသု ဒါဠှနော၊
သာမဂ္ဂိယာ ဒါဠဗလေသု မုစ္စရေ။

ဟူသော သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

သမာဂတာနံ၊ ညီညွတ်ကုန်သော။ သံဃာနံ၊ ဝက်အပေါင်းတို့အား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။အဇ္ဇုတံ၊ ရွေးဌ်မဖြစ်ဘူးသော။ သချံ၊ မိတ်ခင်ပွန်း၏အဖြစ်ကို။ သယံ၊ ကိုယ်တိုင်။ ဒိသွာ၊ မြင်၍။ အဟံ၊ ငါသည်။ ဝဒါမိ၊ ဆို၏။ ဒါဠှနော၊ အစွယ်ရှိကုန်သော။ ယတ္ထ၊ အကြင်သို့ သဘောရှိကုန်သော။ မိဂါ၊ ဝက်တို့စင်လျက်။ ဗျန္တံ၊ ကျားကို။ ဇိနိံသု၊ အောင်ကုန်၏။ ဒါဠဗလေသု၊ အစွယ်အားရှိကုန်သော ဝက်တို့ဌ်။သာမဂ္ဂိယာ၊ ညီညွတ်ခြင်းဖြင့်။ တေ၊ ထိုဝက်တို့သည်။ မုစ္စရေ၊ သေဘေးမှ လွတ်ကုန်၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဓနုဂ္ဂဟတိဿမထေရ်သည် ထိုအခါ ဝဇ္ဈကိသူကရမည်သော ဝက်ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရဂ္ဂစိုဝ်းနတ် ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ညီညွတ်သည်အား၊ ဝက်အများ၊ ကျား,ရဿေ့အောင် ဘိသိက်ဆောင်)

သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဝဇ္ဈကိသူကရဇာတ်သည် ပြီး၏။

www.dhammadownload.com

၃၄-သိရိဇာတ်


ကြက်သရေ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယံ ဉဿုကာ သဃ်ရန္တိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသိရိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တယောက်သော **ကြက်သရေကို ခိုးသောပုဏ္ဏား** ကို အကြောင်း ပြု၍ဟောတော်မူ၏၊ ဤသိရိဇာတ်၌ ပစ္စုပ္ပန်ဝတ္ထုကို အောက် **ခဒိရင်္ဂါရဇာတ်*** ၌ ခဲ့ပြီးအပ်သလျှင်ကတည်း၊ ယခုအခါ၌ကား ထိုအနာထပိဏ်သူဌေး၏ အိမ်၌ လေးခု မြောက်ဖြစ်သော တံခါးမုခ်၌နေသော မိစ္ဆာဒိဋ္ဌိနတ်သည် ဒဏ်အမှုကိုပြုသော အားဖြင့်ငါးဆဲ့လေးကုဋေသော ရွှေတို့ကိုဆောင်၍ ကျီတို့၌ပြည့်စေ၍ သူဌေးနှင့် တကွ အဆွေခင်ပွန်းဖြစ်၏။ ထိုအခါ ထိုနတ်ကို သူဌေးသည် ခေါ်၍ မြတ်စွာ ဘုရားအထံသို့ ဆောင်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ထိုနတ်အား တရား ဟောတော်မူ၏။ ထိုနတ်သည် တရားတော်ကို နာရ၍ သောတာပန် ဖြစ်၏၊ ထိုအခါမှစ၍ အနာထပိဏ်သူဌေးအား ရှေးဦးကဲ့သို့ စည်းစိမ်သည် ဖြစ်၏၊ ထိုအခါ သာဝတ္ထိပြည်၌နေသော ကြက်သရေလက္ခဏာကို သိသော တယောက် သောပုဏ္ဏားသည် အနာထပိဏ်ကား ရှေးဦး ဆင်းရဲသည်ဖြစ်၍ ယခု စည်းစိမ်ရှင် ဖြစ်၏၊ ငါသည် အနာထပိဏ်ကို ဖူးမြင်လိုသဖွဲ့သို့ ပြု၍ အနာထပိဏ်၏ အိမ်မှ ကြက်သရေကို ခိုးယူ၍ လာရမူကား ကောင်း၏ဟု ကြံ၏၊ ကြံ၍ ထိုပုဏ္ဏားသည် အနာထပိဏ်အိမ်သို့ သွား၍ အနာထပိဏ်သူဌေးသည် ချီးမြှောက်ပေးကမ်း ခြင်းကို ပြုအပ်သည်ဖြစ်၍ တသက်ပတ်လုံး အောက်မေ့အပ်သော စကားကို ပြောဟောပြီး၍ အဘယ်အကျိုးဌာ လာခဲ့သနည်းဟု မေးသည်ရှိသော် အဘယ် ဌာလျှင် ကြက်သရေ တည်သနည်းဟု ကြည့်၏၊ အနာထပိဏ် သူဌေးအားလည်း ကိုယ်လုံးဖြူသော ပုတ်အပ်သော ခရုသင်းနှင့်တူသော ရွှေချိုင့်ဌ ထည့်၍ ထားအပ်သော ကြက်သည် ရှိ၏၊ ထိုကြက်၏ အမောက်ဌ ကြက်သရေတည်၏၊ ပုဏ္ဏားသည် ကြည့်လတ်သော် ထိုကြက်၏ အမောက်ဌ ကြက်သရေတည်သည်၏ အဖြစ်ကို သိ၍ သူဌေးကြီး အကျန်ပ်သည် တပည့်လုလင် ငါးရာတို့ကို ပေဒင် သင်စေ၏၊ အချိန်မမှန်တန်တတ်သော တခုသောကြက်ကို အမှီပြု၍ ထိုတပည့်တို့ သည်ရင်း ကျန်ပ်တို့သည်ရင်း ပင်ပန်းကုန်၏၊ ဤကြက်သည်ကား အချိန်မှန်စွာ

---

* ခဒိရင်္ဂါရဇာတ် ဧကကနိပါတ်မှာ ပါသည်။

(၂၂၆) ။ ငယ်ဂါထာခန်းဒဏဖဖရထယ်ယ ဂံထုးဒခင်ယ်ဂထင်ခံစး ၊ဌဝဖမ်ဌင်



www.dhammadownload.com

www.dhammadownload.com

ဘုန်တော်၏ ကျွဲကြွက်၏ အကျိုးငှါ လာ၏၊ အကျွန်ုပ်အား ကျွဲကြွက်ကို ပေးလောဟု ဆို၏၊ ပုဏ္ဏား ယူလော့ သင့်အား ငါပေး၏ဟု ဆိုစဉ် ခဏ၌လျင် ကြွက်သရဲသည် ကြွက်၏အမောက်မှ ဖဲ၍ ဦးခေါင်းရင်း၌ ထားအပ်သော ပတ္တမြားတုံး၌ တည်၏။

ပုဏ္ဏားသည် ပတ္တမြား၌ ကြွက်သရဲ၏ တည်သောအဖြစ်ကို သိ၍ ပတ္တမြားကိုလည်း ဇော်ဂင်း၏၊ပတ္တမြားကိုလည်း ပေး၏ဟု ဆိုစဉ်ခဏ၌လျင် ကြွက်သရဲသည် ပတ္တမြားမှဖဲ၍ ဦးခေါင်းရင်း၌ ထားအပ်သော အစောင့်အရှောက် ဖြစ်သော တောင်ဝှေး၌ တည်၏၊ ပုဏ္ဏားသည် တောင်ဝှေး၌ ကြွက်သရဲတည်သောအဖြစ်ကို သိ၍ တောင်ဝှေးကိုလည်း တောင်း၏၊ ယူ၍သွားလော့ဟု ဆိုစဉ် ခဏ၌လျင် ကြွက်သရဲသည် တောင်ဝှေးမှဖဲ၍ ပုညလက္ခဏဒေဝီမည်သောမိဖုယား၏ ဦးခေါင်း၌ တည်၏၊ကြွက်သရဲခိုးပုဏ္ဏားဘည် မိဖုယားဦးခေါင်း၌ တည်သည်၏ အဖြစ်ကို သိ၍ မိဖုယားသည်ကား မစွန့်အပ်သော ဥစ္စာဖြစ်၏၊ ဤမိဖုယားကို ဓာတောင်းခံသောငှါ မတတ်ကောင်းဟု ကြံ၍ သူဌေးကြီး အကျွန်ုပ်သည် သင်တို့အိမ်၌ ကြွက်သရဲကို ခိုး၍ သွားအံ့ဟု လာ၏၊ ကြွက်သရဲသည်ကား ကြွက်၏အမောက်၌ဘည်၏၊ ထိုကြွက်ကို ကျွန်ုပ်အားပေးသည်ရှိသော် ကြွက်အမောက်မှဖဲ၍ ပတ္တမြားတုံး၌ တည်၏၊ ပတ္တမြားတုံးကို ပေးသည်ရှိသော် အစောင့်အရှောက်ဖြစ်သော တောင်ဝှေး၌ တည်၏၊ တောင်ဝှေးကို ပေးသည် ရှိသော် တောင်ဝှေးမှဖဲ၍ ပုညလက္ခဏဒေဝီ မိဖုယား၏ ဦးခေါင်း၌ တည်၏၊ ဤဥစ္စာသည်ကား မစွန့်အပ်သော ဥစ္စာတည်း၊ ထို့ကြောင့် ဤဥစ္စာကိုလည်း အကျွန်ုပ်ယူခြင်းငှါ မတတ်ကောင်း၊ သင်၏ ကြွက်သရဲကို ခိုးခြင်းငှါ မတတ်ကောင်း၊ သင်၏ဥစ္စာသည် သင်တို့အားသာလျင် ဖြစ်စေဟု ဆို၏၊ဆိုပြီး၍ နေရာမှထ၍ဖဲ၏၊ အနာထပိဏ်သူဌေးသည် ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်အံ့ဟု ကျောင်းတော်သို့ သွား၍ ဘုရားကို ရှိခိုး၍ တင့်အပ် လျှောက်ပတ်စွာ နေလျက် အလုံးစုံကို ဘုရားအား ကြားလျှောက်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် ထိုစကားကို ကြားတော်မူ၍ သူကြွယ် ယခုအခါ၌သာလျင် ကြွက်သရဲသည် တပါးသို့ သွားသည် မဟုတ်သေး၊ ရှေး၌လည်း ဘုန်းနည်းကုန်သော သူတို့သည် ဖြစ်စေအပ်သော ကြွက်သရဲသည် ဘုန်းရှိကုန်သော သူကို၏ခြေရင်းသို့ သွားဘူး၏ဟု မိန့်တော်မူ၍ သူဌေးသည် တောင်းပန်အပ်သည်ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

"အတိတ်ဘဝ၌ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိတိုင်း ပုဏ္ဏားမျိုး၌ ဖြစ်၍

www.dhammadownload.com

အရှယ်ရောက်လတ်သော် တက္ကသိုလ်ပြည့်၌ အတတ်သင်၍ အိမ်ရာထောင်သော် လူတို့ဘောင်၌နေလျက် မိဘလွန်သဖြင့် သံဝေဂရရကား တောထွက်၍ ဟိမဝန္တာ၌ ရသေ့ရဟန်းပြု၍ ငါးပါးသော အဘိညာဉ်, ရှစ်ပါးသော သမာပတ်တို့ကို ဖြစ်စေ၍ ရှည်မြင့်စွာ ကာလလွန်သဖြင့် ချဉ်ဆား မှီဝဲအံ့သောငှါ ဇနပုဒ်သို့ သွား၍ ဗာရာဏသီမင်း၏ ဥယျာဉ်၌ နေ၍ နက်ဖြန် ဆွမ်းခံသွားသည်ရှိသော် ဆင်ဆရာ၏ အိမ်တံခါးသို့ ရောက်၏၊ ထိုဆင်ဆရာသည် ဘုရားလောင်း၏ ငြိမ်သက်ခြင်း၌ ကြည်ညို၍ ဆွမ်းလှူ၍ ဥယျာဉ်၌ နေစေ၍ အမြဲလုပ်ကျွေး၏၊ ထိုအခါ တယောက်သော ထင်းခွေယောကျ်ားသည် တောမှထင်းတို့ကို ဆောင်ခဲ့သည်ရှိသော် အချိန်၌ မြို့တံခါးသို့ ရောက်အံ့သောငှါ မတတ်နိုင်၍ ညအခါ၌ တခုသော နတ်ကွန်းဝယ် ထင်းစည်းကို ဦးခေါင်းရင်း၌ ထား၍ အိပ်၏၊ နတ်ကွန်း၌ လွတ်အပ်ကုန်သော များစွာသော ကြက်တို့သည် နတ်ကွန်း၏အနီး တခုသောသစ်ပင်၌အိပ်ကုန်၏၊ ထိုကြက်တို့တွင် အထက်၌အိပ်သော ကြက်သည် မိုးသောက်ထ ကာလ၌ ကျင်ကြီးကို စွန့်ချသည်ရှိသော် အောက်၌အိပ်သော ကြက်၏ကိုယ်ပေါ်၌ ကျ၏၊ အဘယ်သူသည် ငါ၏ကိုယ်ပေါ်၌ ကျင်ကြီးကိုစွန့်ချသနည်းဟု ဆိုသည်ရှိသော် ငါသည် ချ၏ဟုဆို၏၊ အဘယ်ကြောင့် ချသနည်းဟု ဆိုသည်ရှိသော် မဆင်ခြင်မိ၍ ချ၏ဟုဆို၍ တဖန် ချပြန်၏၊ ထိုကြက်နှစ်ခုတို့သည်လည်း အချင်းချင်း ခိုက်ရန်ပြုကုန်လတ်သော် သင့်အစုမ်း အသို့နည်း သင့်အစုမ်း အသို့နည်းဟု ခိုက်ရန်ပြုကြကုန်၏၊ ထိုအခါ အောက်၌အိပ်သော ကြက်သည် ငါ့ကိုသတ်၍ မီးကျီး၌ကင်အပ်သော အသားတို့ကိုစားသောသူသည် စောစောကလျှင် အသပြာတထောင်ကို ရ၏ဟု ဆို၏၊ အထက်၌ အိပ်သော ကြက်သည် အချင်းကြက်ဤမျှဖြင့် ငါ့ကို မခြိမ်းခြောက်လင့်၊ ငါ၏ကြီးမြတ်သော အသားကို စားသော သူသည် မင်းဖြစ်၏၊ အပ၌ အသားကို စားသော သူသည် ယောကျ်ားဖြစ်အံ့ သေနာပတိအရာကို ရ၏၊ မိန်းမဖြစ်အံ့ မိဖုယားအရာကို ရ၏၊ အရိုးအသားကို စားသောသူသည် လူဖြစ်အံ့ ဘဏ္ဍာစိုးအရာကို ရ၏၊ ရဟန်းဖြစ်အံ့ မင်းဆရာအဖြစ်ကို ရ၏ဟုဆို၏။

ထင်းခွေယောကျ်ားသည် ထိုကြက်တို့၏ စကားကို ကြား၍ မင်းအဖြစ်သို့ ရောက်သော် တထောင်သော ဥစ္စာဖြင့် ကိစ္စသည် မရှိဟု သာယာစွာတက်၍ အထက်၌အိပ်သော ကြက်ကို ဖမ်းပြီးလျှင် သတ်၍ ခါးပိုက်၌ ထည့်၍ မင်းဖြစ်အံ့ဟုဆို၍ ဖုဉ်သောတံခါးဖြင့်လျှင် မြို့သို့ဝင်၍ ကြက်ကို အမွေးအတောင်နုတ်၍ ဝမ်းကိုသုတ်သင်၍ ဤကြက်သားကို ကောင်းစွာစီရင်လော့ဟု မယားအား

www.dhammadownload.com

ပေး၏၊ မယားသည် ကြက်သားကိုငုံး ထမင်းကိုငုံး ကောင်းစွာစီရင်၍ အရှင်စားလော့ဟု လင်အား တည်၏၊ လင်သည် ရှင်မ ဤအသားကား အာနုဘော်ကြီး၏၊ ဤကြက်သားကို စား၍ ငါမင်းဖြစ်အံ့ သင်သည် မိဖုယားဖြစ်လတ္တံ့၊ သင်သည် ထမင်းနှင့် ကြက်သားကိုယူခဲ့၍ ဂင်္ဂါသို့သွား၍ ရေချိုး၍ စားကြကုန်အံ့ဟုဆို၍ ထိုသူတို့သည် ထမင်းတောင်းကို ကမ်းနားဌာထား၍ ရေချိုးအံ့သောငှါ ဆင်းသက်ကုန်၏၊ ထိုခဏ၌ လေတ်ရကား ရေသည် လာ၍ ထမင်းတောင်းကိုယူ၍ သွား၏၊ မြစ်၌မျောသော ထိုထမင်းတို့ကိုလည်း အောက်ဆိပ်၌ဆင်ကို ရေချိုးသော တယောက်သော ဆင်ဆရာ အမတ်ကြီးသည် မြင်၍ ဆယ်စေ၍ ဖွင့်စေ၍ အဘယ်နည်းဟု မေး၏၊ အရှင် ထမင်းနှင့် ကြက်သားတည်းဟု ဆို၏၊ ထိုအမတ်ကြီးသည် ထိုထမင်းတောင်းကို ပိတ်ဖုံးစေ၍ ဘံဆိပ်ခပ်စေ၍ ငါမရောက်မီ မဖွင့်လင့်ဟု မှာလိုက်၍ မယားထံသို့ပို့စေ၏၊ ထိုထင်းခွေယောကျ်ားသည်လည်း ခံတွင်းသို့ ဝင်သော သဲရေဖြင့် ဖူးဖူးရောင်သော ဝမ်းရှိသည်ဖြစ်၍ ပြေး၏။

ထိုအခါဆင်ဆရာ၏ တပါးသော ဆရာဖြစ်သော ဒီဗ္ဗစက္ခုရှင်ရသေ့သည် ငါ၏ အလုပ်အကျွေးသည် ဆင်ဆရာ၏အရာကိုစွန့်၍ အဘယ်အခါ စည်းစိမ်ကို ရလတ္တံ့နည်းဟု ဒီဗ္ဗစက္ခုဖြင့် ကြည့်လတ်သော် ထိုယောကျ်ားကို မြင်၍ ထိုအကြောင်းကို သိ၍ ရှေးဦးစွာလျှင် သွား၍ ဆင်ဆရာ၏အိမ်၌ နေ၏၊ ဆင်ဆရာသည် လာလတ်၍ ရသေ့ကို ရှိခိုး၍ တင့်အပ်လျှောက်ပတ်စွာ နေလျက် ထိုထမင်းတောင်းကို ဆောင်ယူခဲ့စေ၍ ရှင်ရသေ့ကို ကြက်သားဆွမ်းဖြင့် လုပ်ကျွေးကြကုန်လော့ဟု ဆို၏၊ ထိုရသေ့သည် ဆွမ်းကိုယူ၍ ကြက်သားကို ကပ်လာသော် မယူမူ၍ ဤကြက်သားကို ငါစီရင်အံ့ဟုဆို၍ စီရင်တော်မူပါကုန်လော့ဟု ဆိုလတ်သော် ကြီးမြတ်သော အသားအစရှိသည်တို့ကို တစုတစုစီစုစေ၍ ကြီးမြတ်သော အသားကို ဆင်ဆရာအား ပေးစေ၏၊ အပဖြစ်သော အသားကို ဆင်ဆရာ၏မယားအား ပေးစေ၏၊ ဤအရိုးအသားကို မိမိသည် စား၏၊ ထိုရသေ့သည် ဆွမ်းစားပြီး၍ သွားသည်ရှိသော် သင်သည် ယနေ့မှ သုံးရက်မြောက်၌ မင်းဖြစ်လတ္တံ့၊ မမေ့ မလျော့လင့်ဟု ဆို၍ သွား၏၊ သုံးရက်မြောက်သောနေ့၌ တယောက်သော ပြည်နီးချင်းမင်းသည် လာလတ်၍ ဗာရာဏသီပြည်ကို ဝန်းရံ၏၊ ဗာရာဏသီမင်းသည် ဆင်ဆရာကို မင်း အာဏာကိုယူစေ၍ ဆင်စီး၍ စစ်တိုက်လော့ဟု စေ၏၊ မိမိသည် မထင်ရှားသော အာဏာကိုယူ၍ စစ်သည်၌ စီရင်သည်ရှိသော် ကြီးသော အဟုန်ရှိသော တစင်းသော

www.dhammadownload.com

မြားသည် မှန်၍ ထိုခဏ၌သာလျှင် သေ၏၊ ထိုဆင်ဆရာသည် မင်း၏ သေသည်၏ အဖြစ်ကိုသိ၍ များစွာသော အသပြာတို့ကို ထုတ်ယူစေ၍ ဥစ္စာဖြင့်အလိုရှိသော သူတို့သည် ရှေ့၌နေ၍ စစ်တိုးစေကုန်ဟု စည်ကိုလည်စေ၏၊ ဗိုတ်ပါအပေါင်းသည် ခဏချင်းဖြင့် ပြည်နီးချင်းမင်းကို အသက်ကုန်စေ၏၊ အမတ်တို့သည် မင်း၏ အလောင်းကို သင်္ဂြိဟ်၍ အဘယ်သူကို မင်းပြုကုန်အံ့ နည်းဟု တိုင်ပင်ကြကုန်သော် ငါတို့မင်းသည် အသက်ရှင်စဉ်လျှင် မိမိ၏အသွင်ကို ဆင်ဆရာအားပေး၏၊ ဆင်ဆရာသည်လျှင် စစ်ထိုး၍ ပြည်ကို ယူ၏၊ ထိုဆင်ဆရာအားသာလျှင် မင်းအဖြစ်ကို ပေးကြကုန်အံ့ဟု ဆင်ဘရာကို မင်းအဖြစ်၌ အဘိသိက်သွန်းကြကုန်၏၊ ဆင်ဆရာ၏ ယာဘို မိဘုယားကြီး ပြုကြကုန်၏၊ ဘုရားလောင်းသည် မင်းဘရာဖြစ်၏။

သဗ္ဗညုမြတ်စွာဘုရားသည် ကျိုက်ဘိတ်ကိုကြွကြောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီး၍—

၁၀၀ ယံ ဥဿုက္ကာ သဿံရန္တိ၊ အလဉ္ဇကာ ဇဟုံ မနုံ။
သိပ္ပဝန္တော ဒဿိပ္ပါဝါ၊ လက္ခိဝါ တာနိ ဘုဥ္ဇတိ။

၁၀၁ သဗ္ဗတ္ထ ကတပုညဿ၊ အကိစ္ဆညေဝ ပါဏိနော။
ဥပဇ္ဈန္တိ ဗဟူ ဘောဂါ၊ အပွ နာယာတနေသုပိ။

ဟူသော နှစ်ဂါထာတို့ကို ဟောတော်မူ၏။

သိပ္ပဝန္တော ဝါ၊ အတတ်ရှိသည်လည်းဖြစ်ကုန်သော။ အသိပ္ပါစ၊ အတတ်မရှိသည်လည်း ဖြစ်ကုန်သော။ အလက္ခိကာ၊ ဘုန်းကံ မရှိကုန်သော သူတို့သည်။ ဥဿုက္ကာ၊ လုံ့လပြုကုန်၍။ ယံ ဗဟုံ၊ မနုံ၊ အကြင် များစွာသော ဥစ္စာကို။ သဿံရန္တိ၊ ဆည်းပူးကုန်၏။တာနိ၊ ထိုဥစ္စာတို့ကို။ လက္ခိဝါ၊ ဘုန်းရှိသောသူသည်။ ဘုဥ္ဇတိ၊ ခံစားရ၏။

သဗ္ဗတ္ထ၊ ခပ်သိမ်းသောအရပ်၌။ အကြေ၊ ဘုန်းမရှိသောသူတို့ကို။ အတိစ္ဆဝေ၊ လွန်၍လျှင်။ အပွ နာယတနေသုပိ၊ ရတနာတို့၏ ဖြစ်ရာမဟုတ်သော အရပ်တို့၌လည်း။ ကတပုညဿ၊ ပြုအပ်သော ကောင်းမှုရှိသော။ ပါဏိနော၊ သတ္တဝါအား။ ဗဟူ၊ များစွာကုန်သော။ ဘောဂါ၊ စည်းစိမ် တို့သည်။ ဥပဇ္ဈန္တိ၊ ဖြစ်ကုန်၏။

www.dhammadownload.com

သဗ္ဗညုမြတ်စွာဘုရားသည်ကျွဂါထာတို့ကိုဟောတော်မူ၍သူကြွယ်ကျွသတ္တဝါတို့အား ကောင်းမှုနှင့်တူသော တပါးသော ဟည်ရာမည်သည် မရှိကုန်၊ ကောင်းမှုရှိသော သူတို့အားကား ဖြစ်ရာမဟုတ်သော အရပ်၌လည်း ရတနာတို့သည် ဖြစ်ကုန်သလျှင်ကတည်းဟု မိန့်တော်မူ၏။

“ကျွကောင်းမှု မည်သည်ကား လူနတ်တို့အား အလိုးစုံသော အလိုကို ပေးတတ်သော ဥစ္စာရွှေအိုးတည်း၊ လူနတ်တို့သည် အကြင် အကြင် ဆုကို တောင့်တကုန်၏၊ အလိုးစုံသော ထိုထိုဆုကို ကောင်းမှုဖြင့်လျှင် ရ၏။

အဆင်းကောင်းခြင်း, အသံကောင်းခြင်း,သဏ္ဌာန်ကောင်းခြင်း, အစိုးရခြင်း, အခြံအရံများခြင်းဟူသော အလိုးစုံကို ကောင်းမှုကြောင့် ရ၏။

ပဒေသရာဇ်, ကောရဗ်စည်းစိမ် စကြဝတေးမင်းချမ်းသာ နတ်တို့၌ဖြစ်သော နတ်မင်းချမ်းသာဟူသော အလိုးစုံကို ကောင်းမှုဖြင့် ရ၏။

လူ၌ဖြစ်သော စည်းစိမ် နတ်၌ဖြစ်သော မွေ့လျော်ခြင်း နိဗ္ဗာန် ချမ်းသာဟူသော ကျွအလိုးစုံကို ကောင်းမှုဖြင့် ရ၏။

အဆွေခင်ပွန်း၏ ပြည့်စုံခြင်းကို စဲ၍ အသင့်အားဖြင့် လုံလုပြုသော ပုဂ္ဂိုလ်အားဖြစ်သော ဝိဇ္ဇာဝိမုတ္တိဝသီဘော်ဟူသော အလိုးစုံကို ကောင်းမှုဖြင့် ရ၏။

ပဋိသမ္ဘိဒါ ဝိမောက္ခ သာဝကပါရမီဉာဏ်, ပစ္စေကဗောဓိဉာဏ်, သဗ္ဗညုတဉာဏ်ဟူသော အလိုးစုံကို ကောင်းမှုဖြင့် ရ၏။

ကျွသို့အကြင်ကောင်းမှု၏ ဖြစ်ခြင်းသည် ရှိ၏၊ ထိုကောင်းမှု၏ ဖြစ်ခြင်းသည် ကြီးမြတ်သော ပြည့်စုံခြင်းကို ဆောင်၏၊ ထို့ကြောင့် တည်ကြည်ကုန်သော ပညာရှိတို့သည် ပြုခဲ့ပြီးသော ကောင်းမှုရှိသောသူ၏အဖြစ်ကို ချီးမွမ်းကုန်၏”ဟု တရားဟောတော်မူ၏။

ယခုအခါ၌ အနာထပိဏ်သူဌေး၏ ကြက်သရေ တည်ရာ ရတနာတို့ကို ပြတော်မူအံ့သောငှါ—

၁၀၂ ကုက္ကုဋ္ဌော မဏဃော ဒက္ကော၊ ထိဃော စ ပုညလက္ခဏာ။
ဥပဓီနံ အပါပဿ၊ ကတပုညဿ ဇန္တုနော။

ဟူသော ကျွဂါထာကို ဟောတော်မူ၏။

www.dhammadownload.com

အပါပါဿ၊ မကောင်းမှုမရှိသော။ ကတပုညဿ၊ ပြုအပ်ပြီးသော ကောင်းမှုရှိသော။ ဇန္တုနော၊ အနာထပိဏ်သူဌေးအား။ ကုက္ကုဠော စ၊ ကြက်သည်ဂုဏ်း။ မဏ္ဍယော စ၊ ပတ္တမြားတို့သည်ဂုဏ်း။ ဒဏ္ဍော စ၊ တောင်ဝှေးသည်ဂုဏ်း။ ပုဉ္ဉ-လက္ခဏာ၊ ပုညလက္ခဏဒေဝီ မည်သော။ ထိယော စ၊ မိန်းမတို့သည်ဂုဏ်း။ ဥပဇ္ဈန်၊ ဖြစ်ကုန်၏။

ဇာတ်ပေါင်း ဤသို့ ဟောတော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ မင်း၏ဆရာ ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဘုန်းနည်းသူပြု၊ ကြက်သရေမှု၊ တခုမကျန် ဘုန်းရှိထံ)

လေးခုတို့၏ပြည့်ကြောင်းဖြစ်သော သိရိဇာတ်သည် ပြီး၏။

၃၅-မဏိသုကရဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဒရိယာ သတ္တဝဿာနိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဏိသုကရဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သုဒ္ဒရီ၏သေခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုအခါ၌ မြတ်စွာဘုရားကို ပူဇော်အပ်သည် အလေးဂရုပြုအပ်သည် ဖြစ်၏။ ပစ္စုပ္ပန်ဝတ္ထုသည် ဥဒါန်း၌လာသလျှင်ကတည်း၊ ဤဇာတ်၌ အကျဉ်းကား ဤသို့တည်း၊ မြတ်စွာဘုရားအား၎င်း ရဟန်းသံဃာအား၎င်း မြစ်ကြီးငါးစင်းတို့၏ ကြီးစွာသော ရေအယဉ်နှင့်တူသော လာဘ သက္ကာရသည် ဖြစ်သည်ရှိသော် သာသနာတော်မှ အပဖြစ်ကုန်သော တိတ္ထိတို့သည်ကား နေထွက်သောအခါ ပိုးစုန်းကြူးတို့ကဲ့သို့ အရောင်အဝါ မရှိကုန်သည်ဖြစ်၍ ရဟန်းဂေါတမ၏ဖြစ်သော

---

၁ သုန္ဒရီအစည်းအဝေးကို (သျှာ၊က)

www.dhammadownload.com

ကာလမှစ၍ ငါတို့သည် လာဘ သက္ကာရမှ ယုတ်ကုန်၏၊ တစုံတယောက်သော သူသည်မျှ ငါတို့၏ ရှိသောအဖြစ်ကိုလည်း မသိ၊ အဘယ်သူနှင့် တပေါင်းတည်း ဖြစ်၍ ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ကိုဖြစ်စေ၍ ရဟန်းဂေါတမ၏ လာဘသက္ကာရကို ငါတို့ကယ်စေကုန်ရအံ့နည်းဟု တပေါင်းတည်း စည်းဝေး၍ တိုင်ပင်ကုန်၏၊ ထိုအခါ တိတ္ထိတို့အား သုန္ဒရီနှင့် တပေါင်းတည်းဖြစ်၍ ကယ်စေအံ့ဟု အကြံသည် ဖြစ်၏။

ထိုတိတ္ထိတို့သည် တနေ့သ၌ တိတ္ထိတို့၏ အရံသို့ဝင်၍ တည်သော သုန္ဒရီကို စကားမဆိုဘဲ နေကြကုန်၏၊ သုန္ဒရီသည် အဖန်တလဲလဲ ဆိုငြားသော်လည်း စကားတုံ့ကို မဆို၍ အရှင်ကောင်းတို့ကို တစုံတယောက်သော သူသည် ညှဉ်းဆဲသလောဟု မေး၏၊ နှမ သင်သည် ငါတို့ကို နှိပ်စက်၍ လာဘ သက္ကာရ မရှိသည် ကို ပြု၍ သွားသော ရဟန်းဂေါတမကို မမြင်လောဟု ဆိုကုန်၏၊ ဤအရာ၌ အကျွန်ုပ်သည် အဘယ်သို့ ပြုရအံ့နည်းဟု သုန္ဒရီသည် ဆို၏၊ နှမ သင်သည် အဆင်းလှ၏ တင့်တယ်ခြင်းအစုသို့ ရောက်၏၊ ရဟန်းဂေါတမအား အကျော် အစောမဲ့ကို တင်၍ လူများကို သင့်စကားကို ယူစေ၍ လာဘ သက္ကာရ ပျောက်အောင် ပြုလော့ဟု တိတ္ထိတို့သည် ဆိုကုန်၏၊ သုန္ဒရီသည် ကောင်းပြီဟု ဝန်ခံ၍ ရှိခိုး၍ သွား၏၊ ထိုအခါမှစ၍ ပန်း, နံ့သာ, နံ့သာပျော်း, ပရုပ်, ဆောင်းမေးခါးသီး အစရှိသည်တို့ကို ယူ၍ ညချမ်းအခါ၌ လူများ၏ ဘုရား တရားတော်ကိုနာ၍ မြို့သို့ဝင်သောကာလ၌ ဇေတဝန်ကျောင်းတော်သို့ ရှေးရှု၍ သွား၏၊ အဘယ်သို့ သွားသနည်းဟု မေးသည်ရှိသော် ရဟန်းဂေါတမ၏ အထံသို့ သွားအံ့ ငါသည် ရဟန်းဂေါတမနှင့်အတူ ဂန္ဓကုဋိတိုက်၌ နေချေအံ့ဟုဆို၍တပါး သော တိတ္ထိတို့၏အရံ၌ အိပ်၍ နံနက်စောစောကလျှင် ဇေတဝန် ကျောင်းတော် ခရီးသို့ သက်၍ မြို့သို့ ရှေးရှု၍ သွား၏၊ သုန္ဒရီ အဘယ်မှ လာသနည်းဟု မေးသည် ရှိသော် ရဟန်းဂေါတမနှင့်အတူ တခုသော ဂန္ဓကုဋိ၌ နေ၍ ရဟန်းဂေါတမကို ကိလေသာဖြင့် မေ့လျော့စေ၍ လာခဲ့၏ဟု ဆို၏။

ထိုအခါ နှစ်ရက် သုံးရက် လွန်သဖြင့် သေသောက်ကြွေးတို့အား အသပြာ ပေး၍ သွားကြကုန် သုန္ဒရီကို သတ်၍ ရဟန်းဂေါတမ၏ ဂန္ဓကုဋိအနီး၌ ပန်းအမှိုက်ကြား၌ ပစ်၍ လာကြကုန်ဟု တိတ္ထိတို့သည် ဆိုကုန်၏၊ သေသောက်ကြွေးတို့သည် တိတ္ထိတို့ဆိုတိုင်း ပြုကုန်၏၊ ထိုနောက်မှ တိတ္ထိတို့သည် သုန္ဒရီကို မမြင်ကုန်ဟု အုတ်အုတ်ကျက်ကျက်ပြု၍ မင်းအား ကြား၍ အဘယ်အရပ်၌

www.dhammadownload.com

သင်တို့သည် တွေးတောခြင်းရှိကုန်သနည်းဟု ဆို၍ ဤမည်သော နှဋ်ဒု ဇေတဝန်ကျောင်းတော်၌ နေ၏၊ ထိုဇေတဝန် ကျောင်းတော်၌ သုန္ဒရီ၏ အကြောင်းကို ငါတို့မသိကုန်ဟု ဆို၍ ထိုသို့တပြီးကား သံဃာကြကုန်လော့ သုန္ဒရီကို ရှာကြကုန်လောဟု မင်းသည် ခွင့်ပြုအပ်သည်ဖြစ်၍ မိမိတို့၏ အလုပ်အကျွေးတို့ကို ခေါ်၍ ဇေတဝန်ကျောင်းတော်သို့ သွား၍ ရှာကုန်လတ်သော် ပန်းမိုက် အကြားဒ္ဒမြင်၍ ညောင်စောင်းသို့တင်၍ မြို့သို့ဝင်၍ အချင်းတို့ရဟန်းဂေါတမ၏ တပည့်တို့သည် ဆရာပြုသော ထိုမကောင်းမှုကို ဖုံးလွှမ်းလိုကုန်၍ သုန္ဒရီကို သတ်၍ ပန်းမိုက်အကြားဒ္ဒ ပစ်ကုန်၏ဟု မင်းအား ကြားလျှောက် စေကုန်၏၊ မင်းသည် ထိုသို့တပြီးကား သံဃာကြကုန်၊ မြို့ကို လှည့်လည်ကြကုန်လော့ဟု ဆို၏၊ ထိုတိတ္ထိတို့သည် မြို့လမ်းခရီးဦ၌ သာကီဝင်မင်းသား ရဟန်းတို့၏အမှုကို ကြည့်ကြကုန်လော့ အစရှိသောစကားတို့ကို ဆို၍ တဖန် မင်းအိမ်တံခါးသို့ လာကုန်၏။

မင်းသည် သုန္ဒရီ၏အကောင်ကို အစိမ်းပစ်ရာ သုသာန်၌ ညောင်စောင်းသို့တင်၍စောင့်စေ၏၊အရိယာတပည့်တို့ကို ထား၍ ကြွင်းကုန်သော သာဝတ္ထိပြည်၌ နေကုန်သော သူတို့သည် များသောအားဖြင့် သာကီဝင်မင်းသား ရဟန်းတို့၏ အမှုကို ကြည့်ကြကုန်လော့၊ ဤသို့အစရှိသောစကားတို့ကို ဆို၍ မြို့တွင်း၌ဌင်း မြို့ပ၌ဌင်း ရဟန်းတို့ကို ဆဲရေးကုန်၏၊ ရဟန်းတို့သည် ထိုအကြောင်းကို ဘုရားသခင်အား ကြားလျှောက်ကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့ ထိုသို့တပြီးကား သင်တို့သည် ထိုသူတို့ကို "မဟုတ်မမှန် စွပ်စွဲသော သူသည်ဌင်း, ပြုလျက် မပြုဟု ဆိုသောသူသည်ဌင်း ငရဲသို့ ရောက်၏၊တမလွန်၌ ယုတ်မာသော အမှုရှိကုန်သော ထိုသူနှစ်ယောက်တို့သည် တူကြကုန်၏၊ ဤသို့ စကားတို့ကို ဆိုကြကုန်လော့"ဟု မိန့်တော်မူ၏၊ မင်းသည် သုန္ဒရီကို တပါးသောသူတို့သည် သတ်သောအဖြစ်ကို သိအောင်ပြုကြကုန်လော့ဟု အချင်းတို့ကို စေ၏၊ ထိုအခါ၌ သေသောက် ကြူးသူတို့သည်လည်း အသပြာတို့ဖြင့် သေသောက် ကုန်လျက် အချင်းချင်း ခိုက်ရန်ဖြစ်ကြကုန်၏၊ ထိုသေသောက်ကြူးတို့တွင် ဗာယောက်သော သေသောက်ကြူးသည် သင်ကား သုန္ဒရီကို တချက်တည်းဖြင့်လျှင် သတ်၍ ပန်း အမိုက်ကြားဒ္ဒ ပစ်၍ ရသောအသပြာတို့ဖြင့် သေကို သောက်ရ၏၊ သင်တို့ကဲ့သို့သော သူတို့သည် အဘယ်လူ မည်ကုန်သနည်းဟု ဆို၏၊ မင်းချင်းယောကျ်ားတို့သည် ထိုသေသောက်ကြူးတို့ကို ဖမ်း၍ မင်းအား ပြကြကုန်၏၊ ထိုအခါ ထိုသေသောက်ကြူးတို့ကို မင်းသည် သင်တို့ သုန္ဒရီကို သတ်သလောဟု မေး၏၊ အရှင်မင်းကြီး သတ်၏ဟု ဆိုကုန်၏၊ အဘယ်သူတို့သည် သင်တို့ကို သတ်စေ

www.dhammadownload.com

သနည်းဟု မင်းသည် မေး၏၊ မြတ်သော မင်းကြီး သာသနာတော်မှ အပ ဖြစ်ကုန်သော တိတ္ထိတို့သည် သတ်စေ၏ဟု ဆိုကုန်၏၊ မင်းသည် တိတ္ထိတို့ကို ခေါ်စေ၍ သုန္ဒရီကို ညောင်စောင်းခွတင်၍ ဤသုန္ဒရီကို ရဟန်းဂေါတမအား ကျေးဇူးမဲ့ကို တင်လိုကုန်သော ငါတို့သည် သတ်စေ၏၊ ရဟန်းဂေါတမ၏တပည့်တို့အား အပြစ်မရှိပေ၊ ငါတို့အားသာလျှင် အပြစ်ရှိ၏ဟု ဆိုကုန်လျက် မြို့ကို လှည့်လည်ကြကုန်ဟု ဆို၏၊ တိတ္ထိတို့သည် မင်းဆိုတိုင်းပြုကြကုန်၏၊ မိုက်သော လူများသည် ထိုအခါမှ ယုံကြည်၏၊ တိတ္ထိတို့သည်လည်း လူသတ်ဒဏ်ဖြင့် နှောက်ရှက်ကုန်၏၊ ထိုအခါမှစ၍ သဗ္ဗညူ မြတ်စွာဘုရားတို့အား အတိုင်းထက် အလွန်ကြီးစွာသော လာဘ သက္ကာရသည် ဖြစ်၏။

ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် ငါ့သျှင်တို့ တိတ္ထိတို့သည် ဘုရားရှင်တို့၏ မည်းညစ်သည်၏အဖြစ်ကို ဖြစ်စေကုန်အံ့ဟု အမှုကို ပြုကုန်လျက် မိမိတို့သည်သာ မည်းညစ်သည်၏ အဖြစ်သို့ ရောက်၏ ဘုရားရှင် တို့အားကား ကြီးစွာသော လာဘသက္ကာရသည် ဖြစ်၏ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ယခုအခါ အဘယ်စကား ဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ဘုရားတို့၏ ညစ်နွမ်းခြင်းကို ပြုခြင်းမည်သည်ကား ပတ္တမြား၏ ညစ်နွမ်းခြင်းကို ပြုသည်နှင့် တူ၏၊ ရှေးသရောအခါ ဇောတိရသပတ္တမြား၏ ညစ်နွမ်းခြင်းကို ပြုကုန်အံ့ဟု သတ္တဝါတို့သည် လုံ့လပြုကုန်သော်လည်း ညစ်နွမ်းခြင်းကို ပြုအံ့သောငှါ မတတ် နိုင်ကုန်ဟု မိန့်တော်မူ၍ ရဟန်းတို့သည် တောင်းပန်အပ်သည်ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအါဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တခုသော်ရွာဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ကာမတို့၌ အပြစ်ကိုမြင်၍ တောထွက်၍ ဟိမဝန္တာ အရပ်၌ သုံးခုသော တောင်အရေးတို့ကို လွန်၍ ရသေ့ပြု၍ ကျောင်းဆောက်၍ နေ၏၊ ထိုကျောင်း၏ အနီး၌ ပတ္တမြားလိုဏ်သည် ရှိ၏၊ ထိုပတ္တမြားလိုဏ်၌ သုံးဆယ်ကုန်သော ဝက်တို့သည် နေကုန်၏၊ ပတ္တမြားလိုဏ်၏အနီး၌ တခုသော ခြသေ့သည် ကျက်စား၏၊ထိုခြသေ့၏အရိပ်သည် ပတ္တမြား၌ ထင်၏၊ ဝက်တို့သည် ခြသေ့အရိပ်ကိုမြင်၍ ထိတ်လန့်ကုန်ရကား နည်းသော အသားအသွေး ရှိကုန်၏၊

www.dhammadownload.com

ထိုဝက်တို့သည် ဤပတ္တမြား၏ ကြည်လင်သည်၏ အဖြစ်ကြောင့် ဤအရိပ်သည် ထင်၏၊ ဤပတ္တမြားကို ညစ်နွမ်းအောင် ပြုကြကုန်အံ့ဟု ကြံ၍ မနီးမဝေးသော အရပ်ဝယ် တခုသော ရေကန်သို့ သွား၍ ညှန့်ဌလူး၍ လာလတ်၍ ထိုပတ္တမြားကို ပွတ်ကုန်၏၊ ပတ္တမြားသည် ဝက်တို့၏ အမွေးတို့ဖြင့် ပွတ်အပ်သည် ရှိသော် အတိုင်းတက်အလွန်ကြည်လင်၏။ ဝက်တို့သည် အကြောင်းကို မမြင်နိုင်ကုန်၍ ပတ္တမြား၏ ညစ်နွမ်းခြင်းကို ပြုတတ်သော အကြောင်းကို ရဖွယ်ကို မေးကုန်အံ့ဟု ဘုရားလောင်းသို့ ဆည်းကပ်၍ လျှောက်ပတ်စွာ တည်ကုန်၍—

၁၀၃ ဒရိယာ သတ္တာ ဝဿာနိ၊ တိံ သမတ္တာ ဝသာမသေ။
ဟညာမ မဂ်နော အာဘံ၊ ဣတိ နော မန္တနံ အဟု။

၁၀၄ ယာဝတာ မဏိံ ၃ံသာမ၊ ဘိယျော ဝေဒိယမေတ မဏိံ။
ဣဒဉ္စ ဒါနိ ပုစ္ဆာမ၊ ကိံ ကိစ္စံ ဣဓ မညသိ။

ဟူသော ဤဂါထာတို့ကို ဆိုကုန်၏။

ဘော တာပသ၊ အို ရှင်ရသေ့။ ဒရိယာ၊ ပတ္တမြားဂူ၌။ သတ္တာဝဿာနိ၊ ခုနစ်နှစ်တို့ပတ်လုံး။ တိံ သမတ္တာ၊ သုံးဆယ်ကုန်သော။ ဟယံ၊ ငါတို့သည်။ ဝသာမဧသေ၊ နေကုန်၏။ မဂ်ိုနော၊ ပတ္တမြား၏။အာဘံ၊ အရောင်ကို။ ဟညာမ၊ သတ်ကုန်အံ့။ ဣတိ၊ ဤသို့။ နော၊ အကျွန်ုပ်တို့၏။ မန္တနံ၊ တိုင်ပင်ခြင်းသည်။ အဟု၊ ဖြစ်၏။

ယာဝတာ၊ အကြင်မျှလောက်သော ညှန့်ဖြင့်။ မယံ၊ ငါတို့သည်။ မဏိံ၊ ပတ္တမြားကို။ ၃ံသာမ၊ ပွတ်ကုန်၏။ မဏိ၊ ပတ္တမြားသည်။ ဘိယျော၊ လွန်စွာ။ ဝေဒိယတေ၊ အရောင်ထွက်၏။ ဣဒဉ္စ ဒါနိ၊ ယခုအခါ၌။ တံ၊ ထိုရှင်ရသေ့ကို။ ဣဒံ၊ ဤအကြောင်းကို။ ပုစ္ဆာမ၊ မေးကုန်၏။ ဣဓ၊ ဤအရာ၌။ ကိစ္စံ၊ ငါတို့၏ အမှုကိစ္စကို။ တံ၊ အရှင်ဘုရားသည်။ ကိံ မညသိ၊ အသို့ အောက်မေ့သနည်း။

ထိုအခါ ထိုဝက်တို့အား ကြားလိုရကား ဘုရားလောင်းသည်—

၁၀၅ အယံ မဏိ ဝေဠုရိယော၊ အကာစော ဝိပုလော သုဘော။
•နာဿ သက္ကာ သိရိံ ဟန္တုံ၊ အပက္ကမဏ သူကရာ။

ဟူသော သုံးတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

သူကရာ၊ ဝက်တို့။ အယံ မဏိ၊ ဤပတ္တမြားသည်။ ဝေဠုရိယော၊ ကြောင်မျက်ရွဲတည်း။ အကာစော၊ မကြမ်း။ ဝိပုလော၊ ပြန့်ပြောသော အရောင်ရှိ၏။ သုဘော၊ တင့်တယ်၏။ အဿ၊ ထိုပတ္တမြား၏။ သိရိံ၊ အရောင်အဝါကို။ ဟန့်၊ ဖျောက်အံ့သောငှါ။ နံ သက္ကာ၊ မတတ်ကောင်း။ တုမ္ဟေ၊ သင်တို့သည်။ အပဉ္စ မထ၊ ဖဲကြကုန်လော့။

ထိုဝက်တို့သည် ဘုရားလောင်းစကားကို ကြား၍ ဘုရားလောင်းဆိုတိုင်း ဖဲကြကုန်၏၊ ဘုရားလောင်းသည် ဈာန်ကို ဖြစ်စေ၍ ဗြဟ္မာပြည်သို့ လား၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရဿေ ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မလိုသူတပါး ဂုဏ်များယုတ်စေ၊ ပြုလေသူများ
သတိထား၊ မြဲသား အရောင်သစ်)

ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော မဏိစံသဇာတ်သည် ပြီး၏။

၃၆-သာလူကဇာတ်

လက်သုပ်ဟင်းလျာ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "မာ သာလူကဿ ပိဟယိ" အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသာလူကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး ဒေသတော်မူစဉ် အပျိုကြီးဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ ပစ္စုပ္ပန်ဝတ္ထုသည် တေရသကနိပါတ် လေးခုမြောက် စူဠနာရဒဇာတ်၌ ထင်စွာဖြစ်လတ္တံ့၊ မြတ်စွာဘုရားသည် ထိုရဟန်းကိုကား ခေါ်တော်မူ၍ ရဟန်း သင်သည် ငြီးငွေ့သတတ်ဟူသည် မှန်သလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်

www.dhammadownload.com

လျှောက်သည်ရှိသော် သင့်ကို အဘယ်သူသည် ငြီးငွေ့စေသနည်းဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးသော အရှင်ဘုရား အပျိုကြီးသည် ငြီးငွေ့စေ၏ဟု နားတော်လျှောက်သည်ရှိသော် သဗ္ဗညု၊ မြတ်စွာဘုရားသည် ရဟန်း ဂျှိမိန်းမသည် သင်၏ အကျိုးမဲ့ကို ပြု၏၊ ရှေးဦးလည်း သင်သည် ထိုမိန်းမအား ထိမ်းမြားသော ကာလ၌ လာသောပရိသတ်၏ လက်သုပ်ဟင်းလျာ ဖြစ်ဘူးပြီဟု မိန့်တော်မူ၍ ရဟန်းတို့သည် တောင်းပန်အပ်သည်ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် **မဟာလောဟိတ** မည်သော နွားဖြစ်၏၊ ဘုရားလောင်း၏ ညီဖြစ်သော နွားသည်ကား **စူဠလောဟိတ** မည်၏၊ နွားနှစ်ခု တို့သည်လည်း တဦးသော အမျိုးဌ အမှုကို ပြုကုန်၏၊ ထိုအမျိုးအား အရှယ်သို့ ရောက်သော တယောက်သောအမျိုးသို့သည် ရှိ၏၊ ထိုအမျိုးသို့ကို တဦးသော အမျိုးသားသည်းတောင်း၏ ထိုအခါ သို့ကို အမျိုးဌ ထိမ်းမြားသော ကာလ၌ လက်သုတ်ဟင်းလျာ ဖြစ်လတ္တံ့ဟု **သာလူက** မည်သောဝက်ကို ယာဂုထမင်းဖြင့် မွေး၏၊ ထိုသာလူကသည် ညောင်စောင်းအောက်၌ အိပ်ရ၏၊ ထိုအခါ တနေ့သ၌ စူဠလောဟိတမည်သော နွားသည် အစ်ကို နောင်တော် ငါတို့သည် ဤအမျိုးဌ အမှုကို ပြုကြကုန်၏၊ ငါတို့ကို မှီ၍ ဤအမျိုးသည် အသက်မွေး၏၊ ထိုသို့ဖြစ် လျက်လည်း ဤလူတို့သည် ငါတို့အား မြက်, ကောက်ရိုးကိုသာ ပေးကုန်၏၊ ဤဝက်ကိုကား ယာဂုထမင်းဖြင့် မွေးကုန်၏၊ ညောင်စောင်းအောက်၌ အိပ်စေကုန်၏၊ ဤသူတို့သည် အဘယ်သို့ ပြုလေကုန်သနည်းဟု ဆို၏၊ မဟာလောဟိတ နွားသည် ညီထွေး စူဠလောဟိတ သင်သည် သာလူကဝက်၏ ယာဂုထမင်းကို မတောင့်တလင့်၊ ထိုသတို့သို့ကို ထိမ်းမြားသော နေ့၌ သာလူကကို လက်သုပ်ဟင်းလျာပြု၍ အသား ပွဲးများစိမ့်သောဌ ထိုသူတို့သည် မွေးကုန်၏၊ နှစ်ရက်သုံးရက်လွန်သဖြင့် သာလူကကို ညောင်စောင်းအောက်မှ ထုတ်၍ သတ်၍ အပိုင်းပိုင်းဖြတ်၍ ညှော်သည်ဟို၏ အစာလုပ်သည်ကို မြင်ရကုန်အံ့ဟု ဆိုလို၍—

၁၀၆ မာ သာလူကဿ ပိဟယိ၊ အာတုရန္ဒာနိ ဘုဉ္ဇတိ။
အပ္ပေါဿုက္ကော ဘုသံ ခါဒ၊ တေံ ဒီဃာယုလက္ခဏံ။

၁၀၇ ဣဒါနိ သော ဣဓာဂန္ဒွာ၊ အတိထီ ယုတ္တသေဝကော။
အထ ဒက္ခသိ သာလူကံ၊ သယန္တံ မုသလုတ္တရံ။

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

www.dhammadownload.com

တာတ၊ ညီထွေး စူဠဇလောဟိတ။ တုံ၊ သင်သည်။ သာလူကဿ၊ သာလူက ဝက်၏။ ဘောဇနံ၊ အစာကို။ မာ ပိဟယိ၊ မချစ်လင့်။ သာလူကော၊ သာလူက သည်။ အာတုရန္နာနိ၊ သေအံ့သော အစာတို့ကို။ ဘုဥ္ဇတိ၊ စား၏။ တွံ၊ သင်သည်။ အပ္ပေါဿုက္ကော၊ ကြောင့်ကြမဲဖြစ်၍။ ဘုသံ၊ မြက်ကောက်ရိုးတို့နှင့် ရောသော ဖဲ့ကို။ ခါဒ၊ စားလော့။ တေါ၊ ဤအစာသည်။ ဒီဃာယုလက္ခဏံ၊ အသက်ရှည် ခြင်း၏ လက္ခဏာအကြောင်းတည်း။

ဣဒါနိ၊ ယခုအခါ၌။ သော၊ ထိုထိမ်းမြားသော ယောကျ်ားသည်။ ဣဓ၊ ဤအိမ်သို့။ ယုတ္တသေဝကော၊ ယှဉ်လာ မှီဝဲလာသော။ အဘိဏှံ၊ ညည်သည် ဖြစ်၍။ အာဂန္ဆာ အာဂတော၊ လာသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အထ၊ ထိုအခါ၌။ မုသလုတ္တရံ၊ ကျည်ပွေ့နှင့် တူသော အထက်နှုတ်ခမ်း ရှိသော။ သာလူကံ၊ သာလူကကို။ သယန္တံ၊ သတ်အံ့သောငှါ အိပ်သည်ကို။ ဒက္ခသိ၊ မြင်ရလတ္တံ့။

ထိုသို့ဆိုသော နေ့မှ နှစ်ရက် သုံးရက် လွန်လတ်၍ ထိမ်းမြားခြင်းသို့ ရောက်သည်ရှိသော် သာလူကကို သတ်၍ လက်သုပ်ဟင်းလျာ ပြုကုန်၏၊ ထိုနွားနှစ်ခု တို့သည် သာလူက၏ ထိုပျက်စီးခြင်းကို မြင်၍ ငါတို့၏ မြက်,ကောက်ရိုးဟူသော အစာသည်သာလျှင် ကောင်းမြတ်၏ဟု ကြံကုန်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ထိုအနက်ကိုပြအံ့သောငှါ-

၁၀၈ ဝိကန္တံ သူကရံ ဒိသွာ၊ သယန္တံ မုသလုတ္တရံ။
ဇရဂ္ဂဝါ ဝိဓိန္တေသုံ၊ ဝရမ္ဘာကံ ဘုသာမိဝ။

ဟူသော သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဟောတော်မူ၏။

ဝိကန္တံ၊ ငိုမြည်တမ်းသော။ မုသလုတ္တရံ၊ ကျည်ပွေ့နှင့်တူသော အထက် နှုတ်ခမ်းရှိသော။ သူကရံ၊ ဝက်ကို။ သယန္တံ၊ သတ်အံ့သောငှါ အိပ်သည်ကို။ ဒိသွာ၊ မြင်၍။ ဇရဂ္ဂဝါ၊ နွားအိုတို့သည်။ အမ္ဘာကံ၊ ငါတို့၏။ ဘုသံ ဣဝ၊ မြက်, ကောက်ရိုးတို့နှင့် ရောသော ဖဲ့သည်သာလျှင်။ ဝရံ၊ မြတ်၏ ဟူ၍။ ဝိဓိန္တေသုံ၊ ကြံကြကုန်၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်

www.dhammadownload.com

မူသည်၏ အဆုံးဌ ငြိုးငွေ့သော ရဟုန်းသည် သောတာပတ္တိဖိုလ်ဌ တည်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ အပျိုကြီးသည် ထိုအခါ အမျိုးသမီး ဖြစ်ဘူးပြီ၊ ယခုအခါ ငြိုးငွေ့သောရဟန်းသည် ထိုအခါ သာလူကဝက် ဖြစ်ဘူးပြီ၊ ယခုအခါအာနန္ဒာသည် ထိုအခါ စူဠလောဟိတန္ဒုး ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ မဟာလောဟိတန္ဒုး ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ဒေစားကောင်းကျွေး၊ ဤအရေး၊ ဉာဏ်တွေးယောက်ချင့် ဗူးစမ်းလင့်)
ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော သာလူကဇာတ်သည် ပြီး၏။

၃၇-လာဘကရဟဇာတ်

လာဘ်များဘို့

ပစ္စုပ္ပန်ဂတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "နာနုမ္မတ္တော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤလာဘကရဟာဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **အရှင်သာရိပုတ္တရာမထေရ်၏ အတူနေတပည့်** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ အရှင်သာရိပုတ္တရာမထေရ်၏ အတူနေတပည့်သည် အရှင်သာရိပုတ္တရာမထေရ်သို့ ဆည်းကပ်၍ ရှိခိုး၍ နေလျက် အရှင်ဘုရား အကျွန်ုပ်အား လာဘ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော အကျင့်ကို ဟောတော်မူပါလော့၊ အဘယ်သို့ပြုသောသူသည် သက်ဦးအစရှိသော လာဘ်တို့ကို ရသနည်းဟူမေး၏၊ ထိုအခါ ထိုရဟန်းအား အရှင်သာရိပုတ္တရာ မထေရ်သည် ငါသျှင် လေးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသော ရဟန်းအား လာဘသက္ကာရဖြစ်၏၊ မိမိကိုယ်တွင်း၌ ဟိရိသြတ္တပ္ပကို ဖျက်၍ ရဟန်းအဖြစ်ကို စွန့်၍ မရှုးသော်လည်း ရှုးသကဲ့သို့ ဖြစ်ရာ၏၊ ပိသုဏဝါစာကို ဆိုရာ၏၊ ကချေသည်နှင့် တူသည် ဖြစ်ရာ၏၊ ဖရိုဖရဲသော စကားရှိသည် ဖြစ်ရာ၏၊ ဤအကျင့်သည်ကား လာဘ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော အကျင့်တည်းဟု ဟော၏၊ ထိုရဟန်းသည် ထိုအကျင့်ကို ကဲ့ရဲ့၍ ထ၍ ဖဲသွား၏၊ အရှင်သာရိပုတ္တရာမထေရ်သည် မြတ်စွာဘုရားသို့

www.dhammadownload.com

ဆည်းကပ်၍ ရှိခိုး၍ ထိုအကြောင်းကို ကြား၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ထိုရဟန်းသည် ယခုအခါ၌သာလျှင် လာဘ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော အကျင့်ကို ကဲ့ရဲ့သည် မဟုတ်သေး၊ ရှေး၌လည်း ကဲ့ရဲ့ဘူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အရှင်သာရိပုတ္တရာမထေရ်သည် တောင်းပန်လတ်သော် အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တဆဲ့ခြောက်နှစ်ကပင်လျှင် ဗေဒင်သုံးပုံ တဆဲ့ရှစ်ပါးသော အတတ်တို့၏ အဆုံးသို့ရောက်၍ ဒိသာပါမောက္ခဆရာဖြစ်၍ လုလင်ငါးရာတို့ကို အတတ်သင်၏၊ လုလင်တို့တွင် တယောက်သော လုလင်သည် သီလအကျင့်နှင့် ပြည့်စုံ၏။ ထိုလုလင်သည် တနေ့သ၌ ဆရာသို့ ဆည်းကပ်၍ သတ္တဝါတို့အား အဘယ်အကြောင်းကြောင့် လာဘ်ဖြစ်သနည်းဟု လာဘ်ဖြစ်ခြင်း၏အကြောင်း ဖြစ်သော အကျင့်ကို မေး၏၊ ဆရာသည် အမောင် ဤသတ္တဝါတို့အား လေးပါး ကုန်ဟသော အကြောင်းတို့ဖြင့် လာဘ်သည် ဖြစ်၏ဟု ဆို၍-

၁၀၉ နာနုမ္မတ္တော နာပိသုဏော၊ နာနဇ္ဈော နာကုတူဟလော။
မုဇ္ဇေသု လဘတေ လာဘံ၊ သော တေ အနုသာသနီ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

တာတ၊ဒါမောင်။ နာနုမ္မတ္တော၊ မရူးဘဲလျက် ရူးသောသူတို့၏ အမူအရာကို ကျင့်သော။ နာပိသုဏော၊ ချောပစ်ဂုံးတိုက်တတ်သော အမျိုးမဟုတ်ဘဲလျက် ချောပစ်ဂုံးတိုက်သောအကျင့်ကို ကျင့်သော။ နာနဇ္ဈော၊ ကချေသည် မဟုတ်ဘဲလျက် ကခြေသည်တို့၏အမူအရာကို ကျင့်သော။ နာကုတူဟလော၊ ဖရိုဖရဲ ပြောဆိုတတ်သော အမျိုးမဟုတ်ဘဲလျက် ဖရိုဖရဲ ပြောဆိုတတ်သောသူတို့၏ အမူအရာကို ကျင့်သော။ သတ္တော၊ သတ္တဝါသည်။ မုဇ္ဇေသု၊ မိုက်မဲ တွေဝေကုန်သော သူတို့မှ။ဝ။ မိုက်မဲတွေဝေကုန်သော သူတို့ဆီက။ လာဘံ၊ လာဘ်ကို။ လဘတေ၊ ရ၏။ သော၊ ဤသည်ကား။ တေ၊ သင်အား။ ဒိန္နာ၊ ပေးအပ်သော။ အနုသာသနီ၊ အဆုံးအမတည်း။

တပည့်သည် ဆရာ၏စကားကိုကြား၍ လာဘ်ကို ကဲ့ရဲ့လိုရကား-

၁၁၀ မိရတ္ထု တံ ယသလာဘံ၊ ဓနလာဘဉ္စ ဗြာဟ္မဏ။
ယာ ဝုတ္တိ ဝိနိပါတေန၊ အဓမ္မစရဏေန ဝါ။

www.dhammadownload.com

၁၁၁ အပိ စေ ပတ္တမာဒါယိ၊ အနုဂါရော ပရိပ္ပဇေ။
သော၀ ဇိဝိကာ သေယျော[၁]၊ ယာ စာဓမ္မေန ဇီဝနာ။

ဟူသော ဤဂါထာတို့ကို ဆို၏။

ဗြာဟ္မဏ၊ ပုဏ္ဏား။ ဝိနိပါတေန ဝါ၊ ကိုယ်ကို ဖျက်ဆီးသဖြင့်၎င်း။ အဓမ္မစရဏေန ဝါ၊ အဓမ္မကို ကျင့်သဖြင့်၎င်း။ ယာ ဝုတ္တိ၊ အကြင် စည်းစိမ်ဥစ္စာရခြင်းသည်။ ဇေဟာတိ၊ ဖြစ်၏။ တံ ယသလာဘဥ္စ၊ ထိုစည်းစိမ်ရခြင်းကိုဂျင်း။ တံ ဇနလာဘဥ္စ၊ ထိုဥစ္စာ ရခြင်းကိုဂျင်း။ ဓိရတ္ထု၊ ငါစက်ဆုပ်၏။

အဓမ္မေန၊ အဓမ္မဖြင့်။ ယာ စ ဇေသနာ၊ အကြင် ဥစ္စာရှာခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ တတော၊ ထိုအဓမ္မဖြင့် ဥစ္စာရှာခြင်းထက်။ အနုဂါရော၊ နေရာမရှိသည်ဖြစ်၍။ ပတ္တံ၊ သပိတ်ကို။ အာဒါယ၊ ယူ၍။ ပရိပ္ပဇေအပိစေ၊ အကယ်၍ ဆွမ်းခံသွားငြားအံ့။ သော၀ ဇီဝိကာ၊ ဤအသက်မွေးခြင်းသည်။ သေယျော၊ မြတ်၏။

ဤလုလင်သည် ရဟုန်းအဖြစ်၏ ကျေးဇူးကိုဆို၍ တောထွက်၍ ရသေ့ရဟန်းပြု၍ တရားသဖြင့် ဆွမ်းကို ရှာလျက် အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေလျက် ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း သမ္ဗဉ္ဇု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ လာဘ်ရခြင်း၏ အကြောင်းဖြစ်သော အကျင့်ကို ကဲ့ရဲ့သော ရဟန်းသည် ထိုအခါ လုလင် ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ဆရာဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အရှေး,အဂ၊အုံဘွယ်ပြု၍၊ပြောကြားချေပစ်၊ ဤသနစ်၊ စင်စစ် လာဘ်များကြောင်း)

ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော လာဘဂရဟဇာတ်သည် ပြီး၏။

---

၁ သေယျော (သီ၊ သျာ၊ ဋ္ဌ)

www.dhammadownload.com

၃၈- မစ္ဆုဒ္ဒါနဇာတ်

မျဉ်းကျိုး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အဂ္ဃန္တိ မစ္ဆာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမစ္ဆုဒ္ဒါန ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူစဉ် တယောက်သော စဉ်းလဲသော ကုန်သည်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ပစ္စုပ္ပန်ဝတ္ထုကို အောက်၌ ဆိုအပ်ပြီး သလျှင်ကတည်း။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် သူကြွယ်မျိုး၌ဖြစ်၍ လိမ္မာသော အဖြစ်သို့ ရောက်သည်ရှိသော် ဥစ္စာကိုဖြစ်စေ၏၊ ဘုရားလောင်းအား ညီသည် လည်း ရှိ၏၊ နောက်ကာလ၌ ထိုညီအစ်ကိုတို့၏ အဘသည် သေလွန်၏၊ ထိုညီ အစ်ကိုတို့သည် တနေ့သ၌ အဘဥစ္စာကို ကုန်သွယ်ကုန်အံ့ဟု တခုသော ရွာသို့ သွား၍ တထောင်သော အသပြာကိုရ၍ လာကုန်လတ်သော် မြစ်ဆိပ်၌ လှေကို ဆိုက်ကုန်၍ ထမင်း စားကြကုန်၏၊ ဘုရားလောင်းသည် ထမင်းစားကြွင်းကို ဂင်္ဂါ၌ ငါးတို့အား ကျွေး၍ မြစ်စောင့်နတ်အား ဒါနအဘို့ကိုပေး၏၊ မြစ်စောင့် နတ်သည် ဒါနအဘို့ကို ဝမ်းမြောက်၍ နတ်စည်းစိမ် အခြံအရံဖြင့် ပွဲးများ၏၊ မိမိစည်းစိမ်ပွားခြင်းကို ဆင်ခြင်လတ်သော် အကြောင်းကို သိ၏၊ ဘုရားလောင်း သည်လည်း သဲပြင်၌ အပေါ်ရုံပုဆိုးကိုခင်း၍ လျောင်းလျက် အိပ်ပျော်ခြင်းသို့ ရောက်၏၊ ဘုရားလောင်း၏ ညီသည်ကား အတန်ငယ် ခိုးတတ်သော သဘော ရှိ၏၊ ထိုဘုရားလောင်း၏ ညီသည် ထိုအသပြာတို့ကို ဘုရားလောင်းအား မပေး မူ၍ မိမိချည်းသာ ယူလိုသည်၏ အဖြစ်ကြောင့် အသပြာထုပ်နှင့် တူသော တခုသော ကျောက်စရစ်ထုပ်ကို ပြု၍ နှစ်ခုသော အထုပ်တို့ကိုလည်း တပေါင်း တည်းထား၍ လှေစီး၍ ဂင်္ဂါလယ်သို့ ရောက်သည်ရှိသော် ညီသည် လှေကို လှုပ်စေ၍ ကျောက်ထုပ်ကို ရေ၌ချအံ့ဟု အသပြာတထောင်ထုပ်ကို ရေ၌ချ၍ အစ်ကို အသပြာတထောင်ထုပ်သည် ရေ၌ ကျ၏၊ အသို့ပြုအံ့နည်းဟု ဆို၏၊ ရေ၌ ကျသော် အသို့ပြုကုန်အံ့နည်း မစိုးရိမ်လင့်ဟု ဆို၏၊ မြစ်စောင့်နတ်သည် ဤသူသည် ပေးအပ်သော ဒါနတို့ကို ဝမ်းမြောက်၍ နတ်စည်းစိမ်ဖြင့် ငါ့အား ပွားများ၏၊ ထိုသူ၏ဥစ္စာကို စောင့်အံ့ဟု ကြံ၏၊ ကြံပြီး၍ မိမိ အာနုဘော်ဖြင့်

www.dhammadownload.com

ထိုဥစ္စာထုပ်ကို ငါးကြီးကို မျိုစေ၍ မိမိသည် စောင့်၏၊ ထိုဥစ္စာခိုး ညီသည်လည်း အိမ်သို့သွား၍ အစ်ကို ကို လှည့်စားအပ်ပြီဟု အထုပ်ကို ဖြေလတ်သော် ကျောက်စရစ်ထုပ်ကို မြင်၍ နှလုံးခြောက်တပ်သည်ဖြစ်၍ ညောင်စောင်း ပေါင်ကို ဘက်၍ အိပ်၏။

ထိုအခါ တံငါတို့သည် ငါးဖမ်းအံ့သောငှါ ကွန်ကိုပစ်ကုန်၏၊ ထိုငါးသည် နဟ်၏ အာနုဘော်အားဖြင့် ကွန်သို့ဝင်၏၊ တံငါတို့သည် ငါးကိုယူ၍ရောင်းအံ့သောငှါမြို့သို့ဝင်ကုန်၏၊ လူတို့သည် ငါးကြီးကိုမြင်ကုန်၍ အဘိုးကိုမေးကုန်၏၊ တံငါတို့သည် အသပြာတထောင်နှင့် ခုနစ်ပဲပေး၍ ယူကြကုန်လော့ဟု ဆိုကုန်၏၊ လူတို့သည် အသပြာတထောင်ထိုက်သော ငါးကို ငါတို့မမြင်စဘူးဟု ပြက်ရယ်ပြုကြကုန်၏၊ တံငါတို့သည် ငါးကိုယူ၍ ဘုရားလောင်း၏ အိမ်တံခါးသို့ သွား၍ ငါးဝယ်ကုန်လော့ဟု ဆိုကုန်၏၊ ငါးဘိုးအဘယ်မျှနည်းဟု မေး၏၊ ခုနစ်ပဲပေး၍ ယူကုန်လော့ဟု ဆိုကုန်၏၊ တပါးသော သူတို့အား ပေးကုန်သော် အသို့ သင်တို့ ပေးကုန်သနည်းဟု မေး၏၊ တပါးသော သူတို့အား အသပြာ တထောင်နှင့် ခုနစ်ပဲတို့ဖြင့် ပေးကုန်၏ဟု ဆိုကုန်၏၊သင်တို့သည်မူကား ခုနစ်ပဲမျှပေး၍ ယူကုန်လော့ဟု တံငါတို့သည် ဆိုကုန်၏၊ ဘုရားလောင်းသည် တံငါတို့အား ခုနစ်ပဲပေး၍ ငါးကို မယားထံသို့ ပို့စေ၏၊ ဘုရားလောင်း၏ မယားသည် ငါး၏ဝမ်းကို ခွဲ၍ အသပြာ တထောင်ထုပ်ကို မြင်၍ ဘုရားလောင်းအား ကြား၏၊ ဘုရားလောင်းသည် ထိုအသပြာထုပ်ကို မြင်၍ မိမိ၏ တံဆိပ်ကိုမြင်၍ မိမိဥစ္စာအဖြစ်ကို သိ၍ ယခု ဤတံငါတို့သည် ဤငါးကို သူတပါးတို့အား အသပြာတထောင်နှင့် ခုနစ်ပဲတို့ဖြင့် ပေးကုန်၏၊ ငါတို့အထံသို့ ရောက်၍ကား အသပြာတထောင်သည် ငါတို့၏ ဥစ္စာဖြစ်သောကြောင့် ခုနစ်ပဲတို့ကို သာလျှင် ယူ၍ ပေးကုန်၏၊ ဤအကြောင်းကို မသိသော တစုံတယောက်သောသူကို ယုံစေခြင်းငှါ မတတ်ကောင်းဟု ကြံ၍—

၁၁၂ အယ္လန္တီ မစ္ဆာ အဓိကံ သဟာသိ၊
နု သော အတ္ထိ ယော ဣမံ သဒ္ဒဟေယျ။
မယ္ဘဉ္စ အဿု ဣဓ သတ္တ မာသာ၊
အဟမ္ပိ တံ မစ္ဆဒ္ဒါနံ ကိဏေယျံ။

ဟူသော ရွှေးဦးစွာသော ဤဂါထာကို ဆို၏။

www.dhammadownload.com

မစ္ဆာ၊ ငါးတို့သည်။ အဓိကံ သဟာသံ၊ ခုနစ်ပဲ အလွန်ရှိသော အသပြာတထောင်ကို။ အဿန်တိ၊ ထိုက်ကုန်၏။ ဣတိ၊ ဤသို့။ ပုဏ္ဏိတာ၊ သူတပါးတို့သည် မေးအပ်ကုန်သော။ ကေဝဋ္ဋာ၊ တံငါတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။ ယော၊ အကြင်သူသည်။ ဣမံ၊ဤစကားကို။ သဒ္ဒဟေယျ၊ ယုံရာ၏။ သော၊ ထိုသူသည်။ နာ အတ္ထိ၊ မရှိ။ ဣဓ၊ ဤငါးအပေါင်း၌။ မယ္ဟာ၊ ငါ့အား။ သတ္တာ မာသာ၊ ခုနစ်ပဲတို့သည်။ အဿု၊ ဖြစ်ကုန်၏။ အဟမ္ပိ၊ ငါသည်လည်း။ တံ မစ္ဆုဒ္ဒါနံ၊ ထိုငါးအပေါင်းကို။ ကိဏေယျံ၊ ဝယ်၏။

ဤသို့ဆို၍ အဘယ်ကို အမှီပြု၍လျှင် ငါသည် ထိုအသပြာတို့ကို ရအပ်ကုန်သနည်းဟု ကြံ၏၊ ထိုခဏ၌ မြစ်ဧရာဝတီသည် ကောင်းကင်၌ ထင်သော အဆင်းဖြင့် ရပ်လျက် ငါကား ဂင်္ဂါဧရာဝတီတည်း၊ သင်သည် ငါတို့အား အကြင်းဖြစ်သော ထမင်းကို ပေး၍ ငါ့အား ဒါနအဘို့ကို ဝေပေ၏၊ထို့ကြောင့် ငါသည် သင်၏ဥစ္စာကို ဧရာဝတီဟု ပြလိုရကား—

၁၁၃ မစ္ဆာနံ ဘောဇနံ ဒတ္ဝာ၊ မမ ဒက္ခိဏမာဒိသိ။
တံ ဒက္ခိဏံ သရန္တိယာ၊ ကတံ အပစိတိ ံ တယာ။

ဟူသော ဤဂါထာကို ဆို၏။

မစ္ဆာနံ၊ ငါးတို့အား။ ဘောဇနံ၊ ထမင်းကို။ ဒတ္ဝာ၊ ပေး၍။ မမ၊ ငါ့အား။ ဒက္ခိဏံ၊ ဒါနအဘို့ကို။ အဒိသိ၊ သင် ပေးဝေ၏။ တယာ၊ သင်သည်။ ကတံ၊ ပြုအပ်သော။ ဒက္ခိဏံ၊ ဒါနအဘို့ကို ပေးဝေခြင်းဟူသော။ တံ အပစိတိ ံ၊ ထိုပူဇော်ခြင်းကို။ သရန္တိယာ၊ အောက်မေ့သော ငါသည်။ တဝ၊ သင်၏။ ဓနံ၊ ဥစ္စာကို။ ရက္ခိတံ၊ စောင့်အပ်၏။

ဤစကားကို ဆို၍ ထိုနတ်သားသည် ဘုရားလောင်းအား ညီသည် ပြုအပ်သော စဉ်းလဲသော အမှုအလုံးစုံကို ဆို၍ ဤသူသည် ယခု နှလုံးချောက်တပ်သဖြင့် အိပ်၏၊ ပြစ်မှားသောစိတ် ရှိသောသူအား စီးပွားမည်သည် မရှိ၊ ငါသည်ကား သင်၏ ဥစ္စာသည် မပျက်စီးစေလင့်ဟု ဥစ္စာကို ဆောင်ခဲ့၍ သင့်အား ပေး၏၊ ဥစ္စာကို ညီခိုးသူအား မပေးမူ၍ သင်သာလျှင် ယူလော့ဟု ဆိုလို၍—

www.dhammadownload.com

၁၁၄ ပဒုဋ္ဌစိတ္တာဿ နု ဖာတိ ဟောတိ၊
နု စာပိ တံ ဒေဝတာ ပူဇယန္တိ။
ယော ဘာတရံ ပေတ္တိကံ သာပတေယျံ၊
အဝဉ္စယိ ဒုက္ကဋကမ္မကာရိ။

ဟူသော သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

ဒုက္ကဋကမ္မကာရီ၊ မကောင်းသော အမှုကို ပြုလေ့ရှိသော။ ယော၊ အကြင် သူသည်။ ဘာတရံ၊ အစ်ကိုကို။ ပေတ္တိကံ၊ အဘိုရှိသော။ သာပတေယျံ၊ ဥစ္စာကို။ အဝဉ္စယိ၊ လှည့်စား၏။ ပဒုဋ္ဌစိတ္တာဿ၊ ပြစ်မှားသော စိတ်ရှိသော သူအား။ ဖာတိ၊ အစီးအပွားသည်။ နု ဟောတိ၊ မဖြစ်။ တံ၊ ထိုသူကို။ ဒေဝတာ စာပိ၊ နတ်တို့သည်လည်း။ နု ပူဇယန္တိ၊ မပူဇော်ကုန်။

ဤသို့ နတ်သည် အဆော့ခင်ပွန်း ပြစ်မှားသော ခိုးသူအား အသပြာကို ပေးဝေခြင်းငှါ အလိုမရှိ၍ဆို၏၊ ဘုရားလောင်းသည်ကား ဤသို့ ပြုအံ့သောငှါ မတတ်ကောင်းဟု ညီအားလည်း ငါးရာသော အသပြာတို့ကို ပို့စေသလျှင် ကတည်း။

ဇာတ်ပေါင်း သမ္ဗဉူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ကုန်သည်သည် ငသောတာပတ္တိဖိုလ်၌ တည်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ စဉ်းလဲသော ကုန်သည်သည် ထိုအခါ ညီ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ အစ်ကို ကုန်သည် ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(လှည့်စားကောက်ကျစ်၊ အကြံညစ်၊ မချစ် နတ်, လူများ)

ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော မစ္ဆုဒ္ဒါနဇာတ်သည် ပြီး၏။

www.dhammadownload.com

၃၉-နာနာဆန္ဒဇာတ်

ဆိုထူး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် “နာနာဆန္ဒာ မဟာရာဇ” အစရှိသော ဂါထာပုဒ် ဖြင့် တန်ဆာဆင်အပ်သော ဤနာနာဆန္ဒဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **အရှင်အာနန္ဒာမထေရ်၏ ဆုရှစ်ပါး ရခြင်း** ကို အကြောင်းပြု၍ ဟောတော်မူ၏။ ပစ္စုပ္ပန်ဝတ္ထုသည် ဧကာဒသကနိပါတ် နှစ်ခု မြောက် ဇုဏှဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ မိဖုယားကြီးဝမ်း၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ အဘလွန်သဖြင့် မင်းအဖြစ်သို့ ရောက်၏၊ ထိုဘုရားလောင်းအား အရာမှပယ်ချအပ်သော အဘ၏ ပုရောဟိတ်သည် ရှိ၏၊ ထိုပုရောဟိတ်သည် ဆင်းရဲ၍ တခုသော အိမ်အိုး၌ နေ၏၊ ထိုအခါ တနေ့သ၌ ဘုရားလောင်းသည် မထင်ရှားသော အသွင်ဖြင့် မြို့သို့ စုံစမ်းလျက် လှည့်လည်၏၊ ထိုဘုရားလောင်းကို ပြုအပ်ပြီးသော အမှုရှိကုန်သော ခိုးသူတို့သည် တခုသော သေတင်းကုပ်၌ သေသောက်၍ အိုးတို့ကို ယူ၍ မိမိအိမ်သို့ သွားကုန်လတ်သော် လမ်းခရီး အကြား၌ မြင်၍ အချင်း သင်ကား အသူနည်းဟု ဆို၍ ပုတ်ခတ်လတ်၍ အပေါ်ရုံ ပုဆိုးတို့ကို ယူ၍ အိုးကိုထမ်းစေ၍ သွားကြကုန်၏၊ ထိုပုဏ္ဏားသည် လည်း ထိုခဏ၌ ထွက်၍ ခရီးလမ်းလယ်၌ ရုပ်လျက် နက္ခတ်တို့ကို ကြည့်၍ မင်း၏ ရန်သူလက်သို့ ရောက်သောအဖြစ်ကိုသိ၍ ပုဏ္ဏေးမကိုခေါ်၏၊ ထိုပုဏ္ဏေးမသည် အရှင် အဘယ်နည်းဟု ဆို၍ လျင်မြန်စွာ ပုဏ္ဏားအထံသို့ သွား၏၊ ထိုအခါ ပုဏ္ဏေးမကို ပုဏ္ဏားသည် ရှင်မ ငါတို့မင်းသည် ရန်သူလက်သို့ ရောက်၏ဟု ဆို၏၊ အရှင် သင့်အား အဘယ်ပြုအံ့နည်း၊ မင်း၏အထံမှ စည်းစိမ်ကို ရကုန်သော ပုဏ္ဏားတို့သည် ဆိုကုန်လတ္တံ့ဟု ပုဏ္ဏေးမဆို၏။

မင်းသည် ပုဏ္ဏား၏ အသံကို ကြား၍ အတန်ငယ်လိုက်၍ သေသောက်ကြွေး တို့ကို အရှင်တို့ ကျွန်ုပ်လူဆင်းရဲတည်း၊ အပေါ်ရုံကို ယူ၍ အကျွန်ုပ်ကို လွှတ်ကြ

www.dhammadownload.com

ကုန်လေ့ဟု ဆို၏၊ သေသောက်ကြူးတို့သည် အဖန်တလဲလဲ ဆိုသော် သနား သဖြင့် လွှတ်ကုန်၏၊ မင်းသည် ပုဏ္ဏားး၏ နေရာအိမ်ကို မှတ်၍ ပြန်၏၊ ထိုအခါ ပုရောဟိတ်ဟောင်းဖြစ်သော ပုဏ္ဏားသည် ရှင်မ ငါတို့မင်းသည် ရန်သူလက်မှ လွတ်၏ဟု ဆို၏၊မင်းသည် ထိုစကားကိုလည်းကြား၍ အိမ်ကိုမှတ်၍ ပြာသာဒ်သို့ တက်၏၊ မင်းသည် လင်းသောအခါ၌ ပုဏ္ဏားတို့ကို ခေါ်စေ၍ ဆရာတို့ သင်တို့ သည် ညဉ့်၌ နက္ခတ်ကို ကြည့်ကြကုန်၏လောဟု မေး၏၊ ရှင်မင်းကြီး ကြည့်ကြ ကုန်၏ဟု ဆို၏၊ ကောင်း၏လောဟု မင်းကြီး မေးလေ၏၊ ရှင်မင်းကြီး ကောင်း၏ဟု ဆိုကုန်၏၊ တစုံတခုသော အန္တရာယ်သည် မရှိလောဟု မေး၍ ရှင်မင်းကြီး မရှိဟု ဆိုကုန်၏၊ မင်းသည် ဤမည်သော အိမ်မှ ပုဏ္ဏားကို ခေါ်စေကုန်ဟု ဆို၍ ပုရောဟိတ်ဟောင်းကို ခေါ်စေ၍ ဆရာ ညဉ့်က နက္ခတ် အသို့နည်း၊ သင် ကြည့်၏လောဟု မေး၏၊ ရှင်မင်းကြီး ကြည့်၏ဟု ဆို၏၊ တစုံတခုသော ဘေးရန် ရှိသလောဟု မေး၏၊ ရှင်မင်းကြီး ရှိ၏၊ ယနေ့ ညဉ့်လျှင် မင်းကြီး တို့သည် ရန်သူလက်သို့ ရောက်၍ ခဏခြင်းဖြင့်လျှင် လွတ်၏ဟု ဆို၏၊ မင်းသည် နက္ခတ်တတ်သော သူမည်သည်ကား ဤသို့ သဘောရှိသည် ဖြစ်ရာ၏ဟု ဆို၍ ကြင်းသော ပုဏ္ဏားတို့ကို မြို့တွင်းမှနှင်ထုတ်စေ၍ ပုဏ္ဏား သင့်အားငါကြည်ညို၏၊ ဆုကို ယူဟေ့ဟု ဆို၏၊မြတ်သောမင်းကြီး သားမယားနှင့်တိုင်ပင်၍ ယူပါအံ့ဟု ဆို၏၊ သူ့းချေ တိုင်ပင်၍ လာလော့ဟု မင်းကြီးဆို၏။

ပုဏ္ဏားသည် သွားး၍ ပုဏ္ဏေးမ, သား, ချွးမ, ကျွန်မတို့ကို ခေါ်စေ၍ မင်းသည် ငါ့အား ဆုကိုပေး၏၊ အဘယ်ဆုကို ယူကုန်အံ့နည်းဟု မေးလေ၏၊ ပုဏ္ဏေးမသည် ငါ့ဘို့ နွားမတရာကို ဆောင်ခဲ့လောဟု ဆို၏၊ ဆတ္တမာဏဝ မည်သော သားသည် ငါ့ဘို့ ကုမုဒြာ ကြာအဆင်းနှင့်တူသော အဆင်းရှိသော သိန္နောမြင်း လေးစီးတို့ဖြင့် က,အပ်သော ရထားကို ဆောင်ခဲ့လော့ဟု ဆို၏၊ ချွးမသည် ပတ္ထမြားနားခွောင်းကိုအစပြု၍ အလုံးစုံသောတန်ဆာကို ဆောင်ခဲ့ လော့ဟုဆို၏၊ပုဏ္ဏာမည်သောကျွန်မသည် ငါ့ဘို့ ဆုံ,ကျည်ပွေ့ကိုဂင်း မန်း(ဗန်း) ကိုဂင်း ဆောင်ခဲ့လော့ဟု ဆို၏၊ ပုဏ္ဏားသည်ကား မြတ်သောရှာကို ယူလို၏၊ ပုဏ္ဏားသည် မင်းအထံသို့သွား၍ ပုဏ္ဏား သင်သည် သား, မယားကို မေးခဲ့ပြီ လောဟု ဆို၏၊ မြတ်သောမင်းကြီး မေးခဲ့ပြီ၊ ထိုသူတို့သည် အထူးထူးသော အလိုရှိကုန်၏ဟု ဆို၍—

၁၁၅ နာနာဆန္နာ မဟာရာဇ၊ ကောဂါရေ ဝသာမသေ။
အဟံ ဂါမဝရံ ဂ္ဂစ္ဆေ၊ ဗြာဟ္မဏီ စ ဂဝံ သတံ။

www.dhammadownload.com

၁၁၆ ပုတ္တော စ အာဇညရထံ၊ ကညာ စ မဏိကုဏ္ဍလံ။
ယာ စေသာ ပုဏ္ဏိကာ ဇမ္မီ၊ ဥဒုက္ခလံ ဘိကခ်ိတိ။

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ နာနာဆန္ဒာ၊ အထူးထူးသော အလို ရှိကုန်သော။ မယံ၊ အကျွန်ုပ်တို့သည်။ ကောဂါရေ၊ တအိမ်တည်း၌။ ဝသာ-မသေ၊ နေကုန်၏။ အဟံ၊ အကျွန်ုပ်သည်။ ဂါမဝရံ၊ ရွာမြတ်ကို။ ဣဆ္ဆေ၊ အလို ရှိ၏၊ ဗြာဟ္မဏိ စ၊ ပုဏ္ဏေးမသည်ကား။ ဂဝံသတံ၊ နွားမတရာကို။အဘိကခ်ိတိ၊ အလိုရှိ၏။။

ပုတ္တော စ၊ သားသည်ကား။ အာဇညရထံ၊ အာဇာနည်မြင်းက,သော ရထားကို။ အဘိကခ်ိတိ၊ အလိုရှိ၏။။ ကညာ စ၊ ခွေးမသည်ကား။။ မဏိကုဏ္ဍလံ၊ ပဏ္ဍုမြားနားခွောင်းကို။ အဘိကခ်ိတိ၊ အလိုရှိ၏။။ ဇမ္မီ၊ ယုတ်မာသော။။ ပုဏ္ဏိကာ၊ ပုဏ္ဏာမည်သော။။ ယာ၊ အကြင်ကျွန်မသည်။ အတ္တိ၊ ရှိ၏။။ သော၊ ထိုကျွန်မသည်ကား။။ သုပ္ပမုသလေဟိ၊ ဗန်း,ကျည်ပွေ့တို့နှင့်။။ သဒ္ဒိံ၊ တကွ။။ ဥဒုက္ခလံ၊ ဆုံကို။။ အဘိကခ်ိတိ။။ အလိုရှိ၏။။

မင်းသည် ခပ်သိမ်းသော သူတို့အား အလိုရှိတိုင်း အလိုရှိတိုင်းကို ပေးကြကုန်ဟု စေလိုရကား—

၁၁၇ ဗြာဟ္မဏဿ ဂါမဝရံ၊ ဗြာဟ္မဏိယာ ဂဝံ သတံ။
ပုတ္တဿ အာဇညရထံ၊ သုဏ္ဏာယ မဏိကုဏ္ဍလံ။
ယာဠွေတံ ပုဏ္ဏိကံ ဇမ္မိံ၊ ပဒ္မိပါဒေထုဒုက္ခလံ။

ဟူသော ဤဂါထာကို ဆို၏။။

ဗြာဟ္မဏဿ၊ ပုဏ္ဏားအား။။ ဂါမဝရံ၊ ရွာမြတ်ကို။။ ဗြာဟ္မဏိယာ၊ ပုဏ္ဏေးမ ား။။ ဂဝံသတံ၊ နွားမတရာကို။။ ပုတ္တဿ၊ သားအား။။ အာဇညရထံ။။ အာဇာနည်မြင်း က,သော ရထားကို။။ သုဏ္ဏာယ၊ ခွေးမအား။။ မဏိကုဏ္ဍလံ၊ ပဏ္ဍုမြားနားခွောင်းကို။။ ဇမ္မိံ၊ ယုတ်မာသော။။ ယာဠွေတံ ပုဏ္ဏိကံ၊ အကြင် ပုဏ္ဏာမည်သော ကျွန်မကို။။ ဥဒုက္ခလံ၊ ဗန်းနှင့် ဆုံကျည်ပွေ့ကို။။ ပဒ္မိပါဒေထ၊ ပေးကြလေကုန်။။

www.dhammadownload.com

ဤသို့ မင်းသည် ပုဏ္ဏားသည် တောင့်တအပ်သော တပါးသော မျှားစာသော စည်းစိမ်ကိုလည်း ပေး၍ ဤယနေ့မှစ၍ ငါတို့၏ပြုအပ်သော ကိစ္စတို့၌ လုံ့လပြုလောဟု ဆို၍ ပုဏ္ဏားကို မိမိ၏အထံ၌ နေစေ၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ပုဏ္ဏားဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ မင်း ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အလိုဆန္ဒ၊ ဟူသမျှ၊ မုချ မဝူ၀ေ)

ကိုးခုတို့၏ပြည့်ကြောင်းဖြစ်သော နာနာဆန္ဒဇာတ်သည် ပြီး၏။

၄၀-သီလဝိမံသကဇာတ်

သီလစုံစမ်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "သီလံ ကိရေဝ ကလျာဏံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ သီလ ဝိမံသက ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် သီလကို စုံစမ်းသော **တယောက်** သော ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏၊ ပစ္စုပ္ပန်ဝတ္ထုကိုငင်း အတိတ်ဝတ္ထုကိုငင်း ဧအာက် ကေကနိပါတ် သီလဝိမံသကဇာတ်၌ ချဲ့အပ်ပြီးသလျှင် ကတည်း၊ ဤ သီလဝိမံသကဇာတ်၌ အထူးကား—

အတိတ်ဝတ္ထု ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ထိုဗြဟ္မဒတ်မင်း၏ ပုရောဟိတ်သည် မိမိသီလကို စုံစမ်းအံ့ဟု ရွှေပန်းထိမ်သည်၏ ပျဉ်မှ နှစ်ရက်ပတ်လုံး တသပြာ,တသပြာကိုယူ၏၊ ထိုအခါ သုံးရက်မြောက်သော နေ့၌ ထိုပုရောဟိတ်ကို ခဲ့သူတည်းဟု ဖမ်း၍ မင်း၏အထံသို့ ဆောင်ကုန်၏၊ ထိုပုရောဟိတ်သည် ခရီးအကြား၌ မြေကို ကစားသော အလမွာယ်ကို မြင်ခဲ့၏၊ ထိုအခါ မင်းသည် ထိုပုရောဟိတ်ကို အဘယ်ကြောင့် ဤသို့ သဘောရှိသော

www.dhammadownload.com

အမှုကို ပြုသနည်းဟု မေး၏၊ ပုရောဟိတ်သည် မိမိ၏သီလကို စုံစမ်းလိုသည်၏ အဖြစ်ကြောင့် ပြု၏ဟု ဆိုလို၍—

၁၁၈ သလ် ကရေဝ ကလျာဏ၊ သလ့ လောကေ အနုတ္တရ။
ပဿ ဃောရဝိသော နာဂေါ၊ သီလဝါတိ နု ဟညတိ။

၁၁၉ သောဟံသီလံ့ သမာဒိဿံ၊ လောကေ အနုမတံ သိဝံ။
အရိယဝုတ္တိသမာစာရော၊ ယေန ဝုစ္စတိ သီလဝါ။

၁၂၀ ဥတီနဉ္စ ပိယော ဟောတိ၊ မိတ္တေသု စ ဝိရောစတိ။
ကာယဿ ဘေဒါသုဂတိ်၊ ဥပပဇ္ဇတိ သီလဝါ။

ဟူသော ဤဂါထာတို့ကို ဆို၏။

လောကေ၊ လောကဒ်။ သီလံဧဝ၊ သီလသည်သာလျှင်။ ကလျာဏံ ကိရ၊ ကောင်းသတတ်။ သီလံ၊ သီလသည်။ အနုတ္တရံ ကိရ၊ မြတ်သတတ်။ ပဿ၊ ရှုပါလော့။ ဃောရဝိတော၊ ကြမ်းသော အဆိပ်ရှိသော။ နာဂေါ၊ မြွေကို။ သီလဝါတိ၊ သီလရှိ၏ဟူ၍။ နု ဟညတိ၊ မညှဉ်းဆဲအပ်။

ယေန၊ အကြောင် သီလကြောင့်။ အရိယဝုတ္တိသမာစာရော၊ အရိယာတို့၏ အကျင့်ကို ကျင့်သောသူကို။ လောကေ၊ လောကဒ်။ သီလဝါ၊ သီလရှိသော သူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သိဝံ၊ ဘေးမရှိဟူ၍။ အနုမတံ၊ ပညာရှိတို့သည် ဝန်ခံအပ်သော။ တံ သီလံ၊ ထိုသီလကို။ သော အဟံ၊ ထိုငါသည်။ သမာဒိဿံ၊ ဆောက်တည်အံ့။

သီလဝါ၊ သီလရှိသော သူကို။ ဥတီနဉ္စ၊ အဆွေအမျိုးတို့သည်လည်း။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ သီလဝါ၊ သီလရှိသော သူသည်။ မိတ္တေသု စ၊ အဆွေခင်ပွန်းတို့၌လည်း။ ဝိရောစတိ၊ တင့်တယ်၏။ ကာယဿ၊ကိုယ်၏။ဘေဒါ၊ပျက်သည်မှ။ ပရံ၊နောက်၌။ သုဂတိ်၊ သုဂတိသို့။ ဥပပဇ္ဇတိ၊ဖြစ်ရ၏။

ဤသို့ ဘုရားလောင်းသည် သုံးဂါထာတို့ဖြင့် သီလ၏ကျေးဇူးကို ပြလျက် မင်းအား တရားဟော၍ မြတ်သောမင်းကြီး အကျွန်ုပ်၏အိမ်၌ မိဘ၏ဥစ္စာ ဖြစ်သော ကိုယ်သည် ဖြစ်စေအပ်သော အရှင်မင်းကြီးသည် ပေးအပ်သော

www.dhammadownload.com

များစွာသော ဥစ္စာသည် ရှိ၏၊ ဥစ္စာ၏ အဆုံးမည်သည်ကား မထင်၊ အကျွန်ုပ်သည်လည်း သီလကို စုံစမ်းလို၍ ရွှေပန်းထိမ်သည်၏ ပျဉ်မှ အသပြာတို့ကို ယူ၏၊ ယခုအခါ အကျွန်ုပ်သည် ဤလောက၌ အမျိုးအနွယ် ဆွစဉ်မျိုးဆက်တို့၏ ယုတ်သော အဖြစ်ကိုငင်း သီလ၏သာလျှင် မြတ်သောအဖြစ်ကိုငင်း သိရပြီ၊ အကျွန်ုပ်သည် ရဟန်းပြုအံ့၊ အကျွန်ုပ်အား ရဟန်းအဖြစ်ကို ခွင့်ပြုလော့ဟု အခွင့်ပြုစေ၍ မင်းသည် အဖန်တလဲလဲ တောင်းပန်သော်လည်း တောထွက်၍ ဟိမဝန္တာသို့ ဝင်၍ ရသေ့ ရဟန်းပြု၍ အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါ့ငင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ သီလကို စုံစမ်းတတ်သော ပုရောဟိတ်ပဏ္ဍား ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အမျိုးနွယ်ဇာတ်၊ မမြင့်လတ်၊ အမြတ်သီလသာ)

ဆယ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သီလဝိမံသကဇာတ်သည် ပြီး၏။

၅- ကုန္ဓဝ်ဂ ၄၁-သုရာယဇ္ဇဇာတ်

လူမိုက်ခဲ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "သဗ္ဗကာမဒဒံ ကုမ္ဘံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤသုရာယဇ္ဇဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **အနာထပိဏ်သူဌေး၏** တူကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုအနာထပိဏ်သူဌေး၏ တူသည် မိဘတို့၏ ဥစ္စာဖြစ်ကုန်သော ကုဋေ့ လေးဆယ် ကုန်သော ရွှေတို့ကို သုရာ သောက်သဖြင့် ဖျက်ဆီး၍ အနာထပိဏ် သူဌေးအထံသို့ သွား၏၊ အနာထပိဏ်သူဌေးသည်လည်း တူအား ကုန်သွယ်လော့ဟု တထောင်သော ဥစ္စာကို ပေး၏၊ ထိုဥစ္စာကိုလည်း ဖျက်ဆီး၍ တဖန် သွားပြန်၏၊ တဖန် ထိုတူအား ငါးရာသော ဥစ္စာတို့ကို ပေး၏၊ ထိုဥစ္စာ

www.dhammadownload.com

တို့ကိုလည်း ဖျက်ဆီး၍ တဖန် လာသော်တူအား နှစ်ထည်သော ပုဆိုးကြီးတို့ကို ပေး၏၊ ထိုပုဆိုးကြီးတို့ကိုလည်း ဖျက်ဆီး၍ တဖန် လာသော တူကို လည်၌ ကိုင်စေ၍ နှင်ထုတ်စေ၏၊ ထိုသူသည် ကိုးကွယ်ရာ မရှိသည် ဖြစ်၍ သူတပါး တို်က်နံရံကို မှီ၍ သေ၏၊ ထိုတူကို ငင်ထုတ်၍ အပ်၌ စွန့်ပစ်ကုန်၏၊ အနာထပိဏ်သူဌေးသည်ကျောင်းတော်သို့သွား၍ တူ၏ထိုအလုံးစုံသောအကြောင်းကို သပ္ပဉ္ဉူမြတ်စွာဘုရားအား ကြားလျှောက်၏၊ သပ္ပဉ္ဉူ မြတ်စွာဘုရားသည်လည်း သူဌေးထိုတူကို အသို့ရောင့်ရဲစေနိုင်အံ့နည်း၊ ရှေးကာလ၌ ငါသည် ခပ်သိမ်းသောအလိုကို ပေးတတ်သော အိုးကိုပေး၍လည်း ရောင့်ရဲစိမ့်သောငှါ မတတ်နိုင်ဟုမိန့်တော်မူ၍ သူဌေးသည် ဓတောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သူဌေးမျိုး၌ဖြစ်၍ အဘလွန်သဖြင့် သူဌေးအရာကို ရ၏၊ ထိုသူဌေးကို အိမ်၌ မြေမြှုပ်ဥစ္စာ ကုဋေလေးဆယ် ရှိ၏၊ ထိုသူအား တယောက်ထည်းသာလျှင် ဖြစ်သော သားသည်လည်း ရှိ၏၊ ထိုဘုရားမလောင်းသည် ဒါနအစရှိသော ကောင်းမှုပွဲကို ပြု၍ သေလွန်သော် သိကြားဖြစ်၏၊ ထိုဘုရားလောင်း၏ သားသည် ခရီးကို ပိတ်၍[1] မဏ္ဍပ်ကို ဆောက်လုပ်စေ၍ လူအပေါင်းခြံရုံလျက် နေ့၍ သေသောက်အံ့သောငှါ အားထုတ်၏၊ ထိုသူဌေးသည် ကျမ်းထိုးခြင်း ပြေးခြင်း က,ခြင်း သီ,ခြင်း အစရှိသည်တို့ကို ပြုကုန်သော သူတို့အား တထောင် တထောင်သော ဥစ္စာကို ပေးလျက် မိန်းမကြူးခြင်း, သုရာကြူးခြင်း, အမဲစားကြူးခြင်း အစရှိသော အဖြစ်သို့ ရောက်၍ အဘယ်အရပ်၌ သီ,သနည်း၊ အဘယ်အရပ်၌ က,သနည်း၊ အဘယ်အရပ်၌ တီးမှုတ်သနည်းဟု ပဲ့ဆောင်ဖြင့် အလိုရှိလျက် မေ့လျော့သည် ဖြစ်၍ လှည့်လည်လတ်သော် မကြာမြင့်မီလျှင် ကုဋေလေးဆယ်သော ဥစ္စာအတွင်း အပ သသုံးအဆောင် အရှိသည်တို့ကို ဖျက်ဆီး၍ ဆင်းရဲသော အထီးကျန်သော သူဖြစ်၍ ပုဆိုးနွမ်းကို ဝတ်၍ သွားရ၏၊ သိကြားမင်းသည် ဆင်ခြင်လတ်သော် သား၏ ဆင်းရဲသော အဖြစ်ကို သိ၍ သား၌ ချစ်ခြင်းဖြင့် လာလတ်၏ အလုံးစုံသော အလိုကိုပေးတတ်သော အိုးကို ပေး၍ အမောင်ထိုအိုးကို မကဲ့ရအောင် စောင့်ရှောက်လော့၊ ဤအိုးရှိသော် ဥစ္စာ၏အပိုင်း အခြားမည်သည် မဖြစ်လတ္တံ့ မမေ့မလျော့ဖြစ်ရစ်လော့ဟု ဆုံးမ၍ နှုတ်ပြည့်သို့ သာလျှင် သွား၏၊ ထိုအခါမှစ၍ သေသောက်လျက် သွား၏၊ ထိုအခါတနေ့သ၌

၁ တစုံတခုသော အလုပ်တာဝန်ကို မဆောင်ခြင်းမူ၍ (သျှာ)၊ ခရီးသို့ သွား၍ (က)

www.dhammadownload.com

သေယစ်၍ ထိုအိုးကို ကောင်းကင်သို့မြောက်၍ ခံလတ်သော် တကြိမ်တည်းဖြင့် သာလျှင် ချော်လဲ၍ အိုးသည် မြေ၌ ကျ၍ ကဲ့၏၊ ထိုအိုးကဲ့သော အခါမှစ၍ တဖန်ဆင်းရဲ၍ ပုဆိုးနွမ်းကို ဝတ်၍ ခွက်လက်စဲ့၍ တောင်းစား၍ သူတပါးတို့ တိုက်နှံရံကို မှီ၍ သေလေ၏၊ သင့္ဘည့ မြတ်စွာဘုရားသည် ဤအတိတ်ကို ဆောင်တော်မူ၍—

၁၂၁ သင့္ဘကာမဒဒံ ကုမ္ဘံ၊ ကုဋ္ဌံ လဒ္ဓါန ဓုတ္တကော။
ယာဝ နံ အနုပါလေတိ၊ တာဝ သော သုခမေဓတိ။

၁၂၂ ယဒါ မတ္တော စ ဒိတ္တော စ၊ ပမာဒါ ကုမ္ဘမဘိဒါ။
တဒါ နဂ္ဂါ စ ပေါတ္ထော စ၊ ပစ္ဆာ ဇာလော ဝိဟညတိ။

၁၂၃ ဧဝမေဝ ယော ဓနံ လဒ္ဓါ၊ ပမတ္တော ပရိဘုဉ္ဇတိ။
ပစ္ဆာ တပ္ပတိ ဒုမ္မေဓော၊ ကုဋ္ဌံ ဘိတ္တာဝ ဓုတ္တကော။

ဟူသော သုံးဂါထာတို့ကို ဟောတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။

ဓုတ္တကော၊သေသောက်ကြွေးသည်။ သင့္ဘကာမဒဒံ၊ အလုံးစုံသောအလိုရှိတိုင်း ပေးတတ်သော။ ကုမ္ဘံ၊ ကုမ္ဘဟု ဆိုအပ်သော။ ကုဋ္ဌံ၊ အိုးကို။ လဒ္ဓါန၊ ရ၍။ ယာဝ၊ အကြင်မျှလောက်။ နံ၊ ထိုအိုးကို။ အနုပါလေဟိ၊ စောင့်ရှောက်၏။ တာဝ၊ ထိုမျှလောက်။ သော၊ ထိုသေသောက်ကြွေးသည်။ သုခံ၊ ချမ်းသာကို။ ဧတေ၊ ရ၏။

သော၊ ထိုသေသောက်ကြွေးသည်။ ယဒါ၊ အကြင်အခါ၌။ မတ္တော စ၊ ယစ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဒိတ္တော စ၊ ဟော့ရမ်း ကြမ်းတန်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌၊ ပမာဒါ၊ မေ့လျော့သဖြင့်။ ကုမ္ဘံ၊ အိုးကို။ အဘိဒါ၊ ခဲ၏။ ပစ္ဆာ၊ အိုးကိုခဲ့သော နောက်ကာလ၌။ ဇာလော၊ မိုက်စွာသော သေသောက်ကြွေးသည်။ နဂ္ဂါ စ၊ ရုံခါ အချည်းစည်းဖြစ်၍၎င်း။ ပေါတ္ထော စ၊ ရုံခါ ပုဆိုးနွမ်းကို ဝတ်၍၎င်း။ ဝိဟညတိ၊ ပင်ပန်း၏။

ဓုတ္တကော၊ သေသောက်ကြွေးသည်။ ကုဋ္ဌံ၊ အိုးကို။ ဘိတ္တွာ၊ ခဲ၍။ ပစ္ဆာ၊ နောက်၌။ တပ္ပတိ ဣဝ၊ ဆင်းရဲသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ယော

www.dhammadownload.com

ဒုမ္မေဓော၊ အကြင် သူမိုက်သည်။ ဓနံ၊ ဥစ္စာကို။ လဒ္ဓါ၊ ရ၍။ ပမတ္တော၊ မေလျော့လျက်။ ပရိဘုဥ္ဇတိ၊ သုံးဆောင်၏။ သော ဒုမ္မေဓော၊ ထိုသူမိုက်သည်။ ပစ္ဆာ၊ နောက်၌။ တပ္ပတိ၊ စိုးရိမ်ပူပန်ရ၏။

ဇာတ်ပေါင်း အဘယ်သို့ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ အနာထပိဏ်သူဌေး၏ တူသည် ထိုအခါ သုရာယစ်၍ အိုးကို ခဲသော သေသောက်ကြူး ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ သိကြားမင်း ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(သေးသောက်ကြူးငြား၊ ပျက်ဆုံးပါး၊ သိကြားကိုယ်တိုင်မကယ်နိုင်)

ရှေးဦးစွာသော သုရာယဒ္ဓဇာတ်သည် ပြီး၏။

၄၂-သုပတ္တဇာတ်

ကျိုးစစ်ဖိုလ်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဗာရာဏသျှံ မဟာရာဇ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုပတ္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ဗိမ္ဗာဒေဝီ ထေရီမအား အရှင်သာရိပုတ္တရာမထေရ်သည် ပေးအပ်သော ငါးကြင်းသား အရသာကို အသစ်ဖြစ်သော ထောပတ်နှင့် ရောသော သလေးဆွမ်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဝတ္ထုသည် အောက် **အဗ္ဘန္တရဇာတ်**ဝတ္ထုနှင့် တူသည်သာလျှင်ကတည်း၊ ထိုအခါ၌လည်း ဗိမ္ဗာဒေဝီ ထေရီမ၏ဝမ်း၌ လေသည် ထ၏၊ အရှင်ရာဟုလာသည် အရှင်သာရိပုတ္တရာမထေရ်အား ကြား၏၊ အရှင်သာရိပုတ္တရာ မထေရ်သည် အရှင်ရာဟုလာကို ဆွမ်းစားဇရပ်၌ နေစေ၍ ကောသလမင်း၏ နန်းတော်သို့ သွား၍ ငါးကြင်းသား အရသာကို အသစ်ဖြစ်သော ထောပတ်နှင့်ရောသော သလေးဆွမ်းကို ဆောင်၍ အရှင်ရာဟုလာအား ပေး၏၊ အရှင်ရာဟုလာသည် ဆောင်၍ မယ်တော် ထေရီမ

www.dhammadownload.com

အား ပေး၏၊ ဗိမ္မာဒေဝီထေရီမအား စားကာမျှဉ်သာလျှင် ဝမ်းလေသည် ငြိမ်း၏၊ မင်းသည် မင်းချင်းတို့ကိုစုံစမ်းစေ၍ ထိုအခါမှစ၍ ဗိမ္မာဒေဝီ ဃေရီမအား ထိုသို့သဘောရှိသောဆွမ်းကို လှူ၏၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရား သဘင်၌ ငါ့သျှင်တို့ အရှင်သာရိပုတ္တရာ မထေရ်သည် ဗိမ္မာဒေဝီ ဃေရီမအား ဤသို့သဘောရှိသော ဘောဇဉ်ဖြင့် ဧရောင့်ရဲဖေ၏ဟု စကားကို ဖြစ်ဖေကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ် စကားဖြင့် စည်းဝေးကြ ကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားဖတော်လျှောက်သည် ရှိသော် ရဟန်းတို့ သာရိပုတ္တရာသည် ယခုအခါ၌ သာလျှင် ရဟုလာမယ်တော်အား ဧတာဒံတ အပ်သော ဘောဇဉ်ကို ပေးသည် မဟုတ်သေး၊ ရှေး၌လည်း ပေးဘူးသည် သာလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ပြုဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကျီးအမျိုး၌ ဖြစ်၍ အရွယ်ရောက်လတ်သော် ကျီးရှစ်သောင်းတို့၏ အကြီးအမှူး ဖြစ်သော **သုပတ္တ** မည်သော ကျီးမင်းဖြစ်၏၊ သုပတ္တမည်သော ကျီးမင်း၏ မိဖုယားကား **သုဖဿာ**[1] မည်၏၊ စစ်သူကြီးကား **သုမုခ** မည်၏၊ ထိုကျီးမင်းသည် ကျီးရှစ်သောင်းတို့ဖြင့် ခြံရံလျက် ဗာရာဏသီပြည်ကို မှီ၍ နေ၏၊ ထိုကျီးမင်းသည် ဘနေ့သ၌ သုဖဿာမည်သော ကျီးမိဖုယားကိုခေါ်၍ အစာရှာလတ်သော် ဗာရာဏသီမင်း၏ စဖိုဒေါမ်အထက် ဖြင့် သွား၏၊ စဖိုသည်သည် မင်း၏ အထူးတူးသော ငါး, အမဲ ထူးထူးသော အခြုံအရုံရှိသော ဘောဇဉ်ကို အတန်ငယ် အိုးတို့ကို ဖွင့်၍ အငွေ့ကို လွှတ်လျှက် ရပ်၏၊ သုဖဿာ ကျီးမိဖုယားသည် ငါး, အမဲ အနှံနှံ၍ မင်း၏ ဘောဇဉ်ကို စားလို၍ ထိုနေ့၌ မပြောဆိုမူ၍ နှစ်ရက်မြောက်သောနေ့၌ ရှင်မ လာလော့ အစာရှာကုန်အံ့ဟု ဆိုသည်ရှိသော် သင်တို့သည် သွားကုန်လော့၊ ငါ့အား တခုသော ချင်ခြင်းသည် ရှိ၏ဟု ဘို၍ ရှင်မ အဘယ်ချင်ခြင်းနည်းဟု မေးသည် ရှိသော် ငါသည် ဗာရာဏသီမင်း၏ ဘောဇဉ်ကို စားလို၏၊ ရှင်မင်းကြီး ငါသည် ထိုဘောဇဉ်ကိုရခြင်းငှါ မတတ်ကောင်းအံ့၊ ထို့ကြောင့် အသက်ကိုစွန့်အံ့ဟု ဆို၏၊ ဘုရားလောင်းသည် ကြံလျက်နေ၏၊ သုမုခ စစ်သူကြီးသည် လာ၍ မြတ်သော မင်းကြီး အဘယ့်ကြောင့် နှလုံးမသာ ရှိသနည်းဟု မေး၏၊ ထိုကျီးမင်းသည် ထိုအကြောင်းကို ကြား၏၊ ကျီးစစ်သူကြီးသည် မြတ်သောမင်းကြီး မစိုးရိမ်

---

၁ သုပဿာ (သျှာ)

www.dhammadownload.com

လင့်ဟု ဆို၍ ထိုကျီးမင်း မိဖုယားတို့ကို နှစ်သိမ့်စေ၍ ယနေ့ သင်တို့သည် ဤနေရာ၌သာလျှင် နေကြကုန်လော့၊ အကျွန်ုပ်သည် ထမင်းကို ဆောင်ခဲ့ကုန်အံ့ဟု ဆို၍ ဖဲလေ၏။

ထိုကျီးစစ်သူကြီးသည် ကျီးတို့ကို စည်းဝေးစေ၍ ထိုအကြောင်းကို ဆို၍ လာကြကုန်လော ထမင်းကို ဆောင်ကုန်အံ့ဟု ကျီးတို့နှင့်တကွ ဗာရာဏသီသို့ ဝင်၍ စဖိုအိမ်၏အနီး၌ ကျီးတို့ကို အစု အစု နေစေ၍ ထိုထိုအရပ်၌ အစောင့် အရှောက် အကျိုးငှါ ထား၍ မိမိသည် ကျီးသူရဲ ရှစ်ခုတို့နှင့်တကွ စဖိုဒေါ်မ အမိုး၌ မင်း၏ စားတော်ကို မဆောင်သော ကာလကို မြော်လျှက်နေ၏။ ထိုကျီးတို့ကိုလည်း ငါသည် မင်း၏စားတော်ကို ဆောင်ပို့သည်ရှိသော် ခွက်တို့ကိုကျစေအံ့၊ ခွက်တို့သည် ကျကုန်သော် ငါ၏ အသက်သည် မရှိပြီ၊ လေးယောက်ကုန်သော သင်တို့သည် နှုတ်သီး၌ ပြည့်အောင် ထမင်းကိုယူ၍ လေးယောက်ကုန်သော သင်တို့သည်ကား နှုတ်သီး၌ ပြည့်အောင် ငါး, အမဲတို့ကိုယူ၍ ကျီးမင်းနှင့်တကွသော သုဖဿာမိဖုယားကို ကျွေးကြလေကုန်၊ စစ်သူကြီးကား အဘယ်မှာ နည်းဟု မေးသော် နောက်မှ လာအံ့ဟု ဆိုကြလေကုန် ဟူ၍ ဆို၏၊ ထိုအခါ စဖိုသည်သည် မင်း၏ ဘောဇဉ် အထူးကို ပြည့်စုံ စေ၍ ထမ်းပိုးဖြင့် ယူခဲ့စေ၍ မင်းအိမ်သို့ သွား၏၊ စဖိုသည်၏ မင်းယင်ပြင်သို့ ရောက်သောကာလ၌ ကျီးစစ်သူကြီးသည် ကျီးတို့အား အမှတ်ကိုပေး၍. မိမိသည် ပျံ၍ စဖိုသည်၏ရင်၌ နား၍ လက်သည်းချိုင့်ဖြင့် ခတ်၍ သံချောင်းနှင့်တူသော နှုတ်သီးဖြင့် စဖိုသည်၏ နှာခေါင်းဖျားကို ကိုက်လျက် အတောင်နှစ်ဘက်တို့ဖြင့် မျက်နှာကို ပိတ်၏၊ မင်းသည် မြတ်သော ပြာသာဒ်အပြင်၌ စင်္ကြံသွားလျက် လေသာတံခါးဖြင့် ကြည့်၍ ထိုကျီး၏ အမှုအရာကို မြင်၍ စဖိုသည်အား အသံပေး၍ အချင်း စဖိုသည် ထမင်းခွက်တို့ကို စွန့်၍ ကျီးကိုသာလျှင် ဖမ်းလော့ဟု ဆို၏၊ စဖိုသည်သည် ထမင်းခွက်တို့ကိုစွန့်၍ ကျီးကို မြဲစွာဖမ်း၏၊ မင်းသည်လည်း ထိုကျီးကို ဤသို့ ဆောင်ခဲ့ဟု ဆို၏။

ထိုခဏ၌ ကျီးတို့သည် လာလတ်၍ မိမိတို့သည် ဝအောင်စား၍ အကြွင်းကို စစ်သူကြီးဆိုသော အမှတ်ဖြင့်ယူ၍ သွားကုန်၏၊ ထိုနောင်မှ ကြွင်းသောကျီးတို့သည် လာ၍ အကြွင်းကို စားကုန်၏၊ ထိုရှစ်ခုသော ကျီးတို့သည်လည်း သွား၍ မိဖုယားနှင့်တကွသော ကျီးမင်းကို ကျွေးကုန်၏၊ သုဖဿာ ကျီးမိဖုယားအား ချင်ခြင်းသည် ငြိမ်း၏၊ စဖိုသည်သည် ကျီးစစ်သူကြီးကို မင်း၏အထံသို့ဆောင်၏၊

www.dhammadownload.com

ထိုအခါ ထိုစစ်သူကြီး ကျီးကို မင်းသည် ကျီး သင်သည် ငါ့ကိုလည်းမရှက်၊ စဖို သည်၏ နှာခေါင်းကိုလည်း ဖြတ်၏၊ ထမင်းခွက်တို့ကိုလည်းခွဲ၏၊ မိမိအသက်ကို လည်း မစောင့်၊ အဘယ့်ကြောင့် ဤသို့သဘောရှိသော အမှုကို ပြုသနည်းဟု မေး၏၊ ကျီးသည် မြတ်သောမင်းကြီး အကျွန်ုပ်တို့၏ ကျီးမင်းသည် ဗာရာဏသီ ပြည်ကို မှီ၍ နေ၏၊ အကျွန်ုပ်သည် ကျီးမင်း၏ စစ်သူကြီးတည်း၊ ထိုကျီးမင်း၏ သုဖဿမည်သော မိဖုယားသည် သင်မင်းကြီးတို့၏ စားတော်ကို စားလို၏၊ ကျီးမင်းသည် ကျီးမိဖုယား၏ ချင်ခြင်းကို အကျွန်ုပ်အား ကြား၏၊ အကျွန်ုပ် သည် ကျီးမင်းအတံ၌သာလျှင် အသက်ကို စွန့်၍ လာ၏၊ ယခု အကျွန်ုပ်သည် ကျီးမိဖုယား၏ စားဘွယ်ကို ပေးပို့စေအပ်ပြီ၊ အကျွန်ုပ်၏ နှလုံးအလိုသည် အပြီးသို့ ရောက်ပြီ၊ ဤအကြောင်းကြောင့် အကျွန်ုပ်သည် ဤသို့သဘောရှိသော အမှုကို ပြု၏ဟု ပြလိုရကား—

၁၂၄ ဗာရာဏသျှံ မဟာရာဇ၊ ကာကရာဇာ နိဝါသကော။
အသိတိယာ သဟဿေဟိ၊ သုပတ္တော ပရိဝါရိတော။

၁၂၅ တဿ ဒေါဟဋိနီ ဘရိယာ၊ သုဖဿာ ဘက္ခိတုမိစ္ဆတိ။
ရညော မဟာနသေ ပက္ကံ၊ ပစ္ဆဋ္ဌံ ရာဇဘောဇနံ။

၁၂၆ သေသာဟံ ပဟိတော ဒူတော၊ ရညော စမ္မိ ဣဓာဂတော။
ဘတ္တာ အပစတိ ကုမ္မာ၊ နာသာယ မကရ ဝဏ္ဏာ။

ဟူသော ဤဂါထာတို့ကို ဆို၏။

မဟာရာဇ၊ မြတ်သော မင်းကြီး။ ဗာရာဏသျှံ၊ ဗာရာဏသီ ပြည်၌။ သုပတ္တော၊ သုပတ္တမည်သော။ ကာကရာဇာ၊ ကျီးမင်းသည်။ အသီတိယာ သဟဿေဟိ၊ ရှစ်သောင်းကုန်သော ကျီးတို့ဖြင့်။ ပရိဝါရိတော၊ ခြံရုံလျက်။ နိဝါသကော၊ အမြဲနေ၏။

တဿ၊ ထိုသုပတ္တာကျီးမင်း၏။ သုဖဿာ၊ သုဖဿာမည်သော။ ဘရိယာ၊ မိဖုယားသည်။ ဒေါဟဋိနီ၊ ချင်ခြင်းဖြစ်၏။ ရညော၊ မင်း၏။ မဟာနသေ၊ စဖိုအိမ်၌။ ပက္ကံ၊ ချက်အပ်သော။ ပစ္ဆဋ္ဌံ၊ အသီးသီး အဘိုးမျှားစွာ ထိုက်သော။ ရာဇဘောဇနံ၊ မင်း၏ဘောဇဉ်ကို။ ဘက္ခိတုံ၊ စားခြင်းငှါ။ ဣစ္ဆတိ၊ အလိုရှိ၏။

အဟံ၊ အကျွန်ုပ်သည်။ တေသံ၊ ထိုကျီးမင်း, ကျီးမိဖုယားတို့၏။ အတ္ထ-ကာရော၊ အကျိုးစီးပွားကို ပြုတတ်သော။ ဒူတော၊ တမန်တည်း။ ရညော စ၊

www.dhammadownload.com

ကျီးမင်းသည်လည်း။ ပဟိတော၊ စေအပ်သော်သူသည်။ အမှိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဣစ၊ ဤအရပ်သို့။ အာဂတော၊ လာ၏။ ဘတ္တု၊ အရှင်ကျီးမင်း အား။ အပစိတိ်ံ၊ ပူဇော်ခြင်းကို။ ကုမ္ဘိ–ကရောမိ၊ ပြုပေ၏။ နာသာယ၊ စဖို သည်၏ နှာခေါင်းဦ။ ဝဏ်၊ အနာကို။ အကာရံ၊ ပြု၏။

ယခု ရှင်မင်းကြီးသည် အကြင်ဒဏ်ကို ပြုလို၏၊ ထိုဒဏ်ကို ပြုကုန်လော ဟူ၍ ဆို၏၊ မင်းသည် ထိုစစ်သူကြီး၏စကားကို ကြား၍ လူဖြစ်ကုန်သော ငါတို့ သည် ကြီးစွာသော စည်းစိမ်ကို ပေးကုန်လျက်လည်း ငါတို့အား ချစ်စိမ့်သောဌါ မတတ်နိုင်ကုန်၊ ရွာအစရှိသည်တို့ကို ပေးကုန်လျက်လည်း ငါတို့အား အသက်ကို ပေးသောသူကို မရကုန်၊ ဤသူမူကား ကျီးဖြစ်လျက် မိမိအသက်ကို ကျီးမငဲ့ အား စွန့်၏၊ အလွန်လျင် သူတော်ကောင်း ဖြစ်၏၊ သာယာစွာသော အသံရှိ၏၊ တရားဟောတတ်၏ဟု ဂုဏ်ကျေးဇူးဦ၍ ကြည်ညိုး၍ ထိုကျီးစစ်သူကြီးကို ထီးဖြူဖြင့် ပူဇော်၏၊ ကျီးစစ်သူကြီးသည် မိမိရသော ထီးဖြူဖြင့် မင်းကို တဖန်ပူဇော်၍ ဘုရားလောင်း၏ ကျေးဇူးတို့ကို ဆို၏၊ မင်းသည် ဘုရားလောင်းကို ခေါ်စေ၍ တရားနာ၍ နှစ်ပါးကုန်သော ကျီးစစ်သူကြီး, ကျီးမင်းတို့အားလည်း မိမိစား သောနည်းဖြင့် ထမင်းအစာကို မပြတ်ပေး၏၊ ကြင်းသော ကျီးတို့အား နေ့တိုင်း တအမှတ်ချက် ထမင်းကို ပေး၏၊ မိမိသည်လည်း ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ ခပ်သိမ်းသော သတ္တဝါတို့အား ဘေးမဲ့ပေး၍ ပဉ္စသီလတို့ကို စောင့်၏၊ သုပတ္တကျီးမင်း၏ အဆုံးအမသည်ကား အနှစ်ခုနှစ်ရာ တည်၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်း ဖြစ်ဘူးပြီ၊ ယခုအခါ သာရိပုတ္တရာ သည် ထိုအခါ သုမုခမည်သော ကျီးစစ်သူကြီး ဖြစ်ဘူးပြီ၊ ယခုအခါ ရာဟုလာ မယ်ဖတော်သည် ထိုအခါ သုဖဿာမည်သော ကျီးမိဖုယား ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရား သည်သာလျှင် ထိုအခါ သုပတ္တကျီးမင်း ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(သက်စွန့်ကြိုးပမ်း၊ မှုတော်ထမ်း၊ ခွင့်လမ်း မျိုးဆွေသာ)

နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သုပတ္တဇာတ်သည် ပြီး၏။

www.dhammadownload.com

၄၃-ကာယနိဗ္ဗိန္ဒဇာတ်

၎ ဘုယကုယ

ပစ္စုပ္ပန်ဝတ္ထု၂ နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဖုဋ္ဌဿ မေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကာယနိဗ္ဗိန္ဒဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **မထင်ရှားဧသာယောကျိုး** ကို အကြောင်းပြု၍ ဟောတော်မူ၏။ သာဝတ္ထိပြည်၌ တယောက်သော ယောကျိုးသည် ဖြောတော့သော ရောဂါနှိပ်စက်အပ်သည်ဖြစ်၍ ဆေးသွားတို့သည်လည်း ပယ်အပ်သည် ဖြစ်၍ သားမယားသည်လည်း လုပ်ကျွေးအံ့သောဌာမတတ်နိုင်သည်ဖြစ်၍ ငါသည် ရောဂါမှ လွတ်သည်ရှိသော် ရဟန်းပြုအံ့ဟု ကြံ၏။ ထိုယောကျိုးသည် နှစ်ရက်, သုံးရက် ဖြင့်သာလျှင် တစုံတခု လျော်ပတ် သင့်တင့်သော ဆေးကိုရ၍ ရောဂါကင်း၍ ဇေတဝန် ကျောင်းတော်သို့ သွား၍ သဗ္ဗညု မြတ်စွာဘုရားကို ရဟန်းအဖြစ်ကို တောင်းပန်၍ ဘုရားအထံတော်၌ သာမဏေအဖြစ်, ပဉ္စင်းအဖြစ်ကိုရ၍ မကြာ မြင့်မီပင်လျှင် ရဟန္တာအဖြစ်သို့ ရောက်၏။ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ ဤမည်သောသူသည် ဖြောတော့သော အနာစွဲ၍ ဤရောဂါမှ ထမြောက်လတ်သော် ရဟန်းပြုအံ့ဟု ကြံ၍ ရဟန်းပြု၍ ရဟန္တာအဖြစ်သို့ ရောက်၏ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌ သာလျှင် ဤသူသည်သာလျှင် ရောဂါမှ ထ၍ ရဟန်းပြု၍ မိမိစီးပွားကို ပြုသည်မဟုတ်သေး၊ ရှေး၌ ပညာရှိတို့သည်လည်း ဤအတူသာလျှင် ရောဂါမှထ၍ ရဟန်းပြု၍ မိမိစီးပွားကို ပြုဘူးကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်စတ္ထု၂ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ ဥစ္စာကိုဖြစ်စေ၍ နေလတ်သော် ဖြောတော့သော အနာစွဲ၍ ဆေးသွားတို့သည်လည်း ကုအံ့သောဌာ မတတ်နိုင်ကုန်၊ သား, မယားသည်လည်း နှလုံးမသာယာရှိ၏၊ထိုဘုရားလောင်းသည် ဤရောဂါမှ ထမြောက်လတ်သည်ရှိသော် ရဟန်းပြုအံ့ဟု ကြံ၍

အတိတ်စတ္ထု၂ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ ဥစ္စာကိုဖြစ်စေ၍ နေလတ်သော် ဖြောတော့သော အနာစွဲ၍ ဆေးသွားတို့သည်လည်း ကုအံ့သောဌာ မတတ်နိုင်ကုန်၊ သား,မယားသည်လည်း နှလုံးမသာယာရှိ၏၊ထိုဘုရားလောင်းသည် ဤရောဂါမှ ထမြောက်လတ်သည်ရှိသော် ရဟန်းပြုအံ့ဟု ကြံ၍

www.dhammadownload.com

တစုံတခုလျှင်ဖြစ်သော သင့်တင့်လျောက်ပတ်သော ဆေးကိုရ၍ ရောဂါကင်း၍ ဟိမဝန္တာသို့ ဝင်၍ ရသေ့ ရဟန်းပြု၍ အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေ၍ စျာန်ချမ်းသာဖြင့် နေလျက် ဤမျှ လောက်သော ကာလပတ်လုံး ဤသို့ သဘောရှိသော စျာန်ချမ်းသာ မည်သည်ကို မရစဘူး ရပေပြီဟု ဥဒါန်း ကျူးလိုရကား—

၁၂၇ ဖုဋ္ဌဿ မေ အညတရေန ဗျာဓိနာ၊
ရောဂေန ဗာဠှံ ဒုခိတဿ ရူပွတော။
ပရိသုဿတိ ခိပ္ပမိဒံ ကဋ္ဌဝရံ၊
ပုပ္ဖံ ယထာ ပံသုနိ အာတပေ ကတံ။

၁၂၈ အဇ္ဇေဝ ဇညသဒ္ဒါတံ၊ အသုစိ သုစိသမ္မတံ။
နာနာကုဏပပရိပူရံ၊ ဇညရူပံ အပဿတော။

၁၂၉ ဓိရတ္ထုမံ အာတုရံ ပူတိကာယံ၊
ဇေဂုစ္ဆိယံ အဿုစိ ဗျာဓိဓုံ။
ယတ္ထပ္ပမတ္တာ အဓိမုစ္ဆိတာ ပဇာ၊
ဟာပေန္တိ မဂ္ဂံ သုဂတူပပတ္တိယာ။

ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

အညတရေန၊ ကိုးဆဲ့ရှစ်ပါးသော ရောဂါတို့တွင် တပါးဖြစ်ထသော။ ဗျာဓိနာ၊နှိပ်စက်တတ်သော။ ရောဂေန၊ ရောဂါသည်။ ဗာဠှံ၊ပြင်းစွာ။ ဖုဋ္ဌဿ၊ နှိပ်စက်အပ်သည်ဖြစ်၍။ ဒုခိတဿ၊ ဆင်းရဲတမ်းသော။ ရူပွတော၊ စွန့်အပ်သော။ မေ၊ ငါ၏။ ဣဒံ ကဋ္ဌဝရံ၊ ဤအကောင်သည်။ အာတပေ၊ ပူသော။ ပံသုနိ၊ သဲပြင်၌။ ကတံ၊ ပြစ်ချအပ်သော။ ပုပ္ဖံ ယထာ၊ သိမ်မွေ့စွာသော ပန်းကဲ့သို့။ ခိပ္ပံ၊ လျင်စွာ။ ပရိသုဿတိ၊ ခြောက်တပ်၏။

အဇ္ဇေဝ၊ အကောင်သည်။ အဇ္ဇဉ်၊ နှစ်သက်ဘွယ်မရှိ။ ဇညသဒ္ဒါတံ၊ သူမိုက်တို့သည် နှစ်သက်ဘွယ် ရှိ၏ဟု သမုတ်အပ်၏။ အသုစိံ၊ မစင်ကြယ်ရှံရှာဘွယ်ဖြစ်လျက်။ သုစိသမ္မတံ၊ သူမိုက်တို့သည် စင်ကြယ်၏ဟု သမုတ်အပ်၏။ နာနာကုဏပ ပရိပူရံ၊ အထူးထူးသော အပုပ်တို့ဖြင့် ပြည့်၏။ အပဿတော၊ မမြင်သော ပုထုဇဉ် သူမိုက်အား။ ဇညရူပံ၊ နှစ်သက်ဘွယ်သော သဘောရှိ၏။

www.dhammadownload.com

ယတ္ထ၊ အကြင်အကောင်ပုပ်၌။ ပဇာ၊ သတ္တဝါကို့သည်။ ပမတ္တာ၊ မေ့လျော့ကုန်သည်ဖြစ်၍။ အဓိမုစ္ဆိတာ၊ အလွန်တပ်စွန်းကုန်သည်ဖြစ်၍။ သုဂတူပပတ္တိယာ၊ သုဂတိ၌ ဖြစ်ခြင်း၏။ မဂ္ဂံ၊ အကြောင်းကို။ ဟာပေန္တိ၊ ယုတ်စေကုန်၏။ အာတုရံ၊ ကျင်နာထသော။ ဇေဂုစ္ဆိယံ၊ စက်ဆုပ်ဘွယ်ရှိထသော။ အဿုစိ၊ မစင်ကြယ်ထသော။ ဗျာဓိဓမ္မံ၊ ဖျားနာတတ်သော သဘောရှိထသော။ ဣမံ ပူတိကာယံ၊ ဤကိုယ်ကောင်ပုပ်ကို။ ဓိရတ္ထု၊ စက်ဆုပ်စွ။

ဤသို့ ဘုရားလောင်းသည် ကိုယ်၌ အထူးထူး အပြားပြားအားဖြင့် မစင်ကြယ်သည်၏ အဖြစ်ကိုငဲ့အံ့ အမြဲ နာသည်၏ အဖြစ်ကိုငဲ့အံ့ ဆင်ခြင်လျက် ငြီးငွေ့၍ အသက်ထက်ဆုံး လေးပါးကုန်သော ဗြဟ္မဝိဟာရတို့ကိုပွားစေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း သဗ္ဗညု မြတ်စွာဘုရားသည် ဤခမမဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သံစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ များစွာကုန်သော ပုထုဇဉ်တို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့ကို ရကုန်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသေ့ ဖြစ်၏၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အနာဗျာဓိ၊ ဆင်ခြင်ဘိ၊ မိမိကောင်းကျိုးကြံ)

သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ကာယနိပ္ပိန္နဇာတ်သည် ပြီး၏။

၄၄-ဇမ္ဗုခါဒကဇာတ်

ကျိုး နှင့် မြေခွေး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ကောယံ ဗိန္ဒုဿရော ဝဂ္ဂု" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဇမ္ဗုခါဒကဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ဒေဝဒတ်, ကောကာလိက** တို့ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုအခါ ဒေဝဒတ်အား လာဘသက္ကာရ ဆုတ်ယုတ်သည်ရှိသော် ကောကာလိကသည် ဒါယကာတို့သို့ ဆည်းကပ်၍ ဒါယကာတို့ ဒေဝဒတ်

www.dhammadownload.com

မည်သော မထေရ်သည် မဟာသမ္မတမင်း၏ အစဉ်အဆက် ဩဿက္ကာကရာဇ် မင်းမျိုးဌ ဖြစ်၏၊ မရောရှက်သော မင်းမျိုးဌကြီး၏၊ ပိဋကတ်သုံးပုံကို ဆောင်၏၊ စျာန်ကို ရ၏၊ သာယာစွာသော အသံရှိ၏၊ တရားဟောတတ်၏၊ ဒေဝဒတ်အား လှူဒါန်းကြကုန်လော့ဟု ဒေဝဒတ်၏ ကျေးဇူးကို ပြောဆို၏၊ ဒေဝဒတ်သည် လည်း ကောကာလိက မထေရ်သည် ဥဒိစ္စပုဏ္ဏားမျိုးမှ တောထွက်၍ ရဟန်း ပြုသော သူတည်း၊ ဗဟုဿုတရှိ၏၊ တရားဟောတတ်၏၊ ကောကာလိက မထေရ် အား လှူဒါန်းကြကုန်လော့ဟု ကောကာလိက၏ ကျေးဇူးကို ဆို၏၊ ဤသို့ ဒေဝဒတ်, ကောကာလိကတို့သည် အချင်းချင်း ကျေးဇူးကိုဆို၍ ဒါယကာတို့၏ အိမ်တို့၌ စားကုန်လျက် လှည့်လည်ကုန်၏၊ ထိုအခါတနွေ့သ၌ တရားသဘင်၌ ရဟန်းတို့သည် ငါ့သျှင်တို့ ဒေဝဒတ်, ကောကာလိကတို့သည် အချင်းချင်း မဟုတ်မမှန်သော ကျေးဇူးစကားကို ဆိုကုန်၍ စားကုန်လျက် လှည့်လည် ကုန်၏ဟု စကားကို ဖြစ်စေကုန်၏၊ သမ္မည္ဇ မြတ်စွာဘုရားသည် လာတော် မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ထိုဒေဝဒတ်, ကောကာ လိကတို့သည် အချင်းချင်း မဟုတ်မမှန်သော ကျေးဇူးကို ဆို၍ စားကုန်သည် မဟုတ်သေး၊ ရှေး၌လည်း စားဘူးကုန်သလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မထင်ရှားသော သပြေတောအုပ်၌ ရုက္ခစိုင်းနတ် ဖြစ်၏၊ ထိုတောအုပ်၌ တခုသော ကျီးသည် သပြေခက်၌ နားလျက် သပြေသီးမှည့်တို့ကို စား၏၊ ထိုအခါ တခုသော မြေခွေးသည် လာလတ်၍ အထက်သို့ ကြည့်လတ်သော် ကျီးကို မြင်၍ ငါသည် ထိုကျီးအား မဟုတ်မမှန် သော ကျေးဇူးစကားကို ဆိုရသော် သပြေသီးတို့ကို စားရအံ့ဟု ထိုကျီး၏ ကျေးဇူးကို ဆိုလိုရကား—

၁၃၀ ကောယံ ဗိန္ဒုဿရော ဝဂ္ဂု၊ သရဝန္တာန မုတ္တမော။
အစ္ဆုကော ဇမ္ဗုသာခါယ၊ မောရစ္ဆာပေါဝ ကူဇတိ။

ဟူသော ဂါထာကို ဆို၏။

---

၁ ပဝဒန္တာန မုတ္တမော (သီ၊ ဋ္ဌ)

www.dhammadownload.com

အယံ၊ ကျိုင့်က်သည်။ ဗိန္ဒုဿရော၊ လုံးသောအသံရှိ၏။ ဝဂ္ဂု၊ သာယာသော အသံရှိ၏။ သရဝန္တာဒနံ၊ အသံနှင့်ပြည့်စုံကုန်သော ငှက်တို့ထက်။ ဥတ္တမော၊ မြတ်၏။ အစ္စုတော၊ ရွေ့လျောခြင်း မရှိ။ ဇမ္မုသာခါယ၊ သပြေခက်၌။ မောရဆ္ဆာပေါဝေ၊ ဥဒေါင်းငယ်ကဲ့သို့။ကူဇတိ၊တွန်၏။ ကော၊ အဘယ်ငှက်နည်း။ ထိုအခါ မြေခွေးကို ကျီးသည် ချီးမွမ်းတုံ့ ချီးမွမ်းလိုရကား

၁၃၁ ကုလပုတ္တော ပဇာနာတိ၊ ကုလပုတ္တံ ပသံသိတုံ။
ဗျဿ ဆ္ဆာပသရီဝဏ္ဏော၊ ဘဥ္ဇ ဿမွ ဒဒါမိ တေ။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဂျိဂါထာကို ဆို၏။

ကုလပုတ္တော၊ အမျိုးကောင်းသားသည်။ ကုလပုတ္တံ၊ အမျိုးကောင်းသားကို။ ပသံသိတုံ၊ ချီးမွမ်းအံ့သောငှါ။ ပဇာနာတိ၊ သိ၏။ ဗျဿ ဆ္ဆာပသရီဝဏ္ဏော၊ ကျားငယ်နှင့်တူသော ကိုယ်ရှိသော။ သမွ၊ အဆွေမြေခွေး။ တေ၊ သင့်အား။ အဟံ၊ ငါသည်။ ဒဒါမိ၊ ပေး၏။ တုံ၊ သင်သည်။ ဘဥ္ဇ၊ စားလော့။

ဤသို့ဆို၍ သပြေခက်ကိုလှုပ်၍ သပြေသီးတို့ကို ကျစေ၏၊ထိုအခါ ထိုသပြေပင်၌ ငန်သောနတ်သည် မဟုတ်မမှန်သော ဂုဏ်ကျေးဇူးကိုဆို၍ သပြေသီးတို့ကို စားကုန်သော မြေခွေးနှင့် ကျီးတို့ကို မြင်၍—

ဥ၃၂ စိရဿံ ဝတ ပဿာမိ၊ မုသာဝါဒီ သမာဂတေ။
ဝန္တာဒံ ကုဏပါဒဥ္စ၊ အညမညံ ပသံသကေ။

ဟူသော သုံးခုမြောက်သော ဂျိဂါထာကို ဆို၏။

မုသာဝါဒီ၊ မဟုတ်မမှန်သော စကားကို ဆိုလေ့ရှိကုန်သော။ သမာဂတေ၊ ဝေါင်ပိုကြကုန်သော။ ဝန္တာဒဥ္စ၊ အန်ဖတ်စား ကျီးလည်းဖြစ်သော။ ကုဏပါဒဥ္စ၊ အကောင်ပုပ်စား ခွေးလည်းဖြစ်သော။ အညမညံ၊ အချင်းချင်း။ ပသံသကေ၊ ချီးမွမ်းကုန်သော သတ္တဝါတို့ကို။ စိရဿံ၊ရှည်မြင့်မှ။ ဝတ၊ စင်စစ်။ ပဿာမိ၊ မြင်ရ၏။

ဂျိဂါထာကို ဆို၍ ထိုနတ်သားသည် ကြောက်မက်ဘွယ်သော အဆင်းကို ပြ၍ ထိုမြေခွေး,ကျီးတို့ကို သပြေပင်မှ ပြေးစေ၏။

www.dhammadownload.com

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤမမွေဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မြေခွေးဖြစ်ဘူးပြီ၊ ယခုအခါကောကာလိကသည် ထိုအခါ ကျီးဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရဂ္ဂစိုင်းနတ် ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဂုဏ်ရည်မဲ့ချင်း၊ အကဲသွင်း၊ ကြားပြင်း လူတိုင်းကပ်)
လေးခုတို့၏ပြည့်ကြောင်းဖြစ်သော ဇမ္မုခါဒက ဇာတ်သည် ပြီး၏။

၄၅- အန္တဇာတ်

ဂုဏ်မဲ့ချင်းဂုဏ်တင်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သောသဗ္ဗညူ မြတ်စွာဘုရားသည် "ဉသဘဿေဝ တေ ခန္ဓော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအန္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ထိုဒေဝဒတ်, ကောကာလိက**တို့ကို သာလျှင် အကြောင်းပြု၍ ဟောတော်မူ၏၊ ပစ္စုပ္ပန်ဝတ္ထုသည် ရှေးဝတ္ထုနှင့် တူသည်သာလျှင်ကတည်း။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တခုသောရွာ၏ ဥပစာ၌ ကြက်ဆူပင် စောင့်နတ် ဖြစ်၏၊ ထိုအခါ တခုသော ရွာ၌ သေသော နွားကို ငင်ထုတ်၍ ရွာတံခါး ကြက်ဆူတော၌ စွန့်ကုန်၏၊ တခုသော မြေခွေးသည် လာလတ်၍ ထိုနွားအိုး၏အသားကို စား၏၊ တခုသော ကျီးသည် လာလတ်၍ ကြက်ဆူပင်၌ နားလတ်သည်ရှိသော် ထိုမြေခွေးကို မြင်၍ မြေခွေးအား မဟုတ်မမှန်သော ကျေးဇူးကို ဆိုသော် အမဲကို စားရရာ၏ဟု ကြံ၍–

> ၁၃၃ ဉသဘဿေဝ တေ ခန္ဓော၊ သီဟဿေဝ ဝိဇမ္ဘိတံ။
> မီဂရာဇ နမောတ္ထုတ္ထု၊ အပိကဋ္ဌိ လဘာမသေ။

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

မိဂရာဇ၊ သားမင်း။ တေ၊ သင်၏။ ခန္ဓော၊ ပခုံးသဲ့သည်။ ဥသဘဿ၊ နွားလား ဥသဘ၏။ ခန္ဓော ဣဝ၊ ပခုံးကဲ့သို့။ ဟောတိ၊ ဖြစ်၏။ တေ၊ သင်၏။ ဝိဇမ္ဘိတံ၊ ကိုယ်၏တင့်တယ်ခြင်းသည်။ သီဟဿ၊ ခြင်္သေ့၏။ ဝိဇမ္ဘိတံ ဣဝ၊ တင့်တယ်ခြင်းကဲ့သို့။ ဟောတိ၊ ဖြစ့်၏။ တေ၊ သင်အား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ အပိ ကိဉ္စိ၊ စိုးစဉ်းအကြင်းဖြစ်သော အမဲကိုလည်း။ မယံ၊ ငါတို့သည်။ လဘာမသေ၊ ရလိုကုန်၏။

ထိုစကားကို ကြား၍ မြေခွေးသည်-

၁၃၄ ကုလပုတ္တော ပဇာနာတိ၊ ကုလပုတ္တံ ပသံသိတုံ။
မယ္ဟရိဝသက်ာသ၊ ဣတော ပရိယာဟိ ဝါယသ။

ဟူသော ဂါထာကို ဆို၏။

ကုလပုတ္တော၊ အမျိုးကောင်း သားသည်။ ကုလပုတ္တံ၊ အမျိုးကောင်းသားကို။ ပသံသိတုံ၊ ချီးမွမ်းအံ့သောငှါ။ ပဇာနာတိ၊ သိ၏။ မယ္ဟရိဝသက်ာသ၊ ဥဒေါင်း၏ လည်နှင့်တူသော အဆင်းရှိသော။ ဝါယသ၊ ကျီး။ တုံ၊ သင်သည်။ ဣတော၊ ဤအရပ်သို့။ ပရိယာဟိ၊ လာလော့။

ထိုကျီးနှင့် မြေခွေးတို့၏ အမူအရာကို မြင်၍ ရဟန္တာစိုဝ်းနတ်သည်-

၁၃၅ မိဂါနံ သိဂ်ါလော၊ အန္တော၊ ပက္ခိနံ ပန ဝါယသော။
ဧရေဏ္ဍော အန္တော ရုက္ခာနံ၊ တယော အန္တာ သမာဂတာ။

ဟူသော ဤဂါထာကို ဆို၏-

မိဂါနံ၊ သားတို့တွင်။ သိဂ်ါလော၊ မြေခွေးသည်။ အန္တော၊ ယုတ်မာ၏။ ပက္ခိနံ ပန၊ ငှက်တို့တွင်ကား။ ဝါယသော၊ ကျီးသည်။ အန္တော၊ ယုတ်မာ၏။ ရုက္ခာနံ၊ သစ်ပင်တို့တွင်။ ဧရေဏ္ဍော၊ ကြက်ဆူပင်သည်။ အန္တော၊ ယုတ်မာ၏။ တယော၊ သုံးခုကုန်သော။ အန္တာ၊ အယုတ်တို့သည်။ သမာဂတာ၊ ပေါင်းဆုံမိကြကုန်၏။

---

၁ ကုလပုတ္တော (သီ၊ ဋ္ဌ) ၂ ကောဏ္ဍကော (သီ၊ ဋ္ဌ) ကောဏ္ဍကော (သျှာ)

www.dhammadownload.com

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤမမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မြေခွေး ဖြစ်ဘူးပြီ၊ ယခုအခါ ကောကာလိကသည် ထိုအခါ ကျီး ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ကြက်ဆူပင်စောင့် ရဟန္တာ ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မရှိဂုဏ်ပုဒ်၊ ထင်တိုင်းထုတ်၊ အဟုတ် လူတိုင်းမှန်း)

ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော အန္တဇာတ်သည် ပြီး၏။

၄၆-သမုဒ္ဒဇာတ်

သမုဒ္ဒရာရေ ချဲတာသုံး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ကော နာယံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသမုဒ္ဒဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ဥပနန္ဒမဏေရ်** ကို အကြောင်းပြု၍ ဟောတော်မူ၏။ ဥပနန္ဒမဏေရ်သည် အစားကြီး၏၊ လောဘကြီး၏၊ လှည်းတို့၌ ပြည့်ကုန်သော ပစ္စည်းတို့ဖြင့် ရောင့်ရဲစေခြင်းငှါ မတတ်ကောင်း၊ ဝါဆိုသော ကာလ၌ ကျောင်းနှစ်ကျောင်း သုံးကျောင်းတို့၌ ဝါကပ်၍ တခုသောကျောင်း၌ ဘိနပ်ကိုထား၏၊ တခုသော ကျောင်း၌ တောင်ဝှေးကို ထား၏၊ တခုသောကျောင်း၌ ရေဗူးကို ထား၏၊ တခုသောကျောင်း၌ မိမိနေ၏၊ ဇနပုဒ်ကျောင်းသို့ သွား၍ ကောင်းမြတ်သော ပရိက္ခရာရှိကုန်သော ရဟန်းတို့ကို မြင်၍ အရိယဝံသတရားကို ဟော၍ ထိုရဟန်းတို့ကို ပံသုကူသင်္ကန်းတို့ကို ဆောင်စေ၍ ထိုရဟန်းတို့၏ သင်္ကန်းကို ယူ၍ မြေသပိတ်တို့ကို ဆောင်စေ၍ ထိုရဟန်းတို့၏ နှစ်သက်ဘွယ်ရှိသော သပိတ်ခွက်တို့ကို ယူ၍ လှည်းကို ပြည့်စေ၍ ဇေတဝန်ကျောင်းတော်သို့ လာ၏၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ သာကီဝင်မင်းသား ဥပနန္ဒသည် အစားကြီး၏ လောဘရမ္မက်ကြီး၏၊ တပါးသော ရဟန်းတို့အား ကျင့်ဝတ်ကို ဟော၍ ရဟန်းတို့၏ ပရိက္ခရာဖြင့် လှည်းကိုပြည့်စေ၍ လာ၏ဟု စကားကို

www.dhammadownload.com

ဖြစ်စေကုန်၏၊. သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော်လျှောက်သည်ရှိ သော် ရဟန်းတို့ ဥပနန္ဒသည် တပါးကုန်သော ရဟန်းတို့အား အရိယဝံသတရား စကားကို ဟောသဖြင့် မသင့်မလျော်သည်ကိုပြု၏၊ ရှေးဦးစွာ မိမိသည် အလိုနည်းသည်ဖြစ်၍ နောက်မှ သူတပါးတို့အား အရိယဝံသကို ဟောသင့်၏ဟု-

အတ္ထာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။
အထည မနုသာသေယျ၊ န ကိ လိဿေယျ ပဏ္ဍိတော။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ပဌမံ၊ ရှေးဦးစွာ။ ပဏ္ဍိတော၊ ပညာရှိသည်။ အတ္တာနမေဝ၊ မိမိကိုယ်ကို သာလျှင်။ ပတိရူပေ၊ လျောက်ပတ်သော တရား၌။ နိဝေသယေ၊ တည်စေရာ၏။ အထ ပစ္ဆာ၊ ထို့နောက်မှ။ အညံ၊ သူတပါးကို။ အနုသာသေယျ၊ ဆုံးမရာ၏။ န ကိလိဿေယျ၊ မပင်ပန်းစေရာသလျှင်ကတည်း။

ဓမ္မပဒ၌လာသော ဤဂါထာကို ပြတော်မူ၍ ဥပနန္ဒကို ကဲ့ရဲ့တော်မူ၍ ရဟန်းတို့ ဥပနန္ဒသည် ယခုအခါ၌ သာလျှင် အလိုကြီးသည် မဟုတ်သေး၊ ရှေး၌လည်း မဟာသမုဒ္ဒရာ ရေကိုလည်း စောင့်ရှောက်အပ်၏ဟု ထင်မှတ်ဘူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သမုဒ္ဒရာစောင့်နတ် ဖြစ်၏၊ ထိုအခါ တခုသော သမုဒ္ဒရာနား၌နေသော ကျီးသည် သမုဒ္ဒရာ၏ အထက်အဘို၌ သွားလတ်သည်ရှိသော် သမုဒ္ဒရာရေကို အတိုင်းအရှည်အားဖြင့် သောက်ကြကုန်၊ စောင့်ရှောက်သဖြင့် သောက်ကြကုန်ဟု ငါးအပေါင်း ငှက်အပေါင်းတို့ကို မြစ်လျက် သွား၏၊ ထိုကျီးကိုမြင်၍ သမုဒ္ဒရာစောင့်နတ်သည်-

၁၃၆ ကော နာယံ ဝိလောဏတောယသ္မိံ၊ သမန္တာ ပရိဓာဝတိ။
မစ္ဆေ မကရေ စ ဝါရေတိ၂၊ ဥဒမိသု စ ဝိဟညတိ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

---

၁ ကောန္နာယံ (သျှာ) ၂ ဝါရေန္တော (သျှာ)

www.dhammadownload.com

အယံ၊ ဤငှက်သည်။ လောကတောယသို့ံ၊ သမုဒ္ဒရာမရေဠု။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ပရိဓာဝတိ၊ ပြေး၏။ မစ္ဆော၊ ငါးတို့ကိုဂုဏ်း။ မကရော၊ မကရ်းတို့ကိုဂုဏ်း။ ဝါရေတိ၊ မြစ်၏။ ဤမိသု စ၊လျှင်းတံပိုးတို့ဠုလည်း။ဝိဟညတိ၊ ပင်ပန်း၏။ ကော နု၊ အဘယ်ဂုက်နည်း။

ထိုစကားကိုကြား၍ သမုဒ္ဒရာအနိုးဠု နေသော ကျီးသည်—

၁၃၇ အနန္တပါယီ သကုဏော၊ အတိတ္တောတိ ဒိသာသုတော။
သမုဒ္ဒံ ပါတုမိစ္ဆာမိ၊ သာဂရံ သရိတံ ပတိံ။

ဟူသော နှစ်ခုမြောက်သော ဂျိဂါထာကို ဆို၏။

အဟံ၊ ငါသည်။ အတိတ္တောတိ၊ မရောင့်ရဲသော ဂုက်ဟူ၍။ ဒိသာသုတော၊ အရပ်မျက်နှာတို့ဠုထင်ရှားသော။ အနန္တပါယီ၊ အဆုံးမရှိသော သမုဒ္ဒရာရေကို သောက်သော။ သကုဏော၊ ဂုက်တည်း။ အဟံ၊ ငါသည်။ သာဂရံ၊ ကောင်းမြတ်သော ရတနာတို့၏ တည်ရာဖြစ်သော။ သရိတံ ပတိံ၊ မြစ်တို့၏ အကြီးဖြစ်သော။ သမုဒ္ဒံ၊ သမုဒ္ဒရာရေကို။ ပါတုံ၊ သောက်ခြင်းဂု။ ဣစ္ဆာမိ၊ အလိုရှိ၏။

ထိုစကားကိုကြား၍ သမုဒ္ဒရာစောင့်နတ်သည်-

၁၃၈ သော အယံ ဟာယတိ စေဝ၊ ပူရတေ စ မဟောဒဓိ။
နဿ နာယတိ ပိတန္တော၊ အပေယျော ကိရ သာဂရော။

ဟူသော သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဂျိဂါထာကို ဆို၏။

သော အယံ မဟောဒဓိ၊ ထိုသမုဒ္ဒရာသည်။ ဟာယတိ စေဝ၊ ယုတ်လည်းယုတ်၏။ ပူရတေ စ၊ ပြည့်လည်းပြည့်၏။ အဿ၊ ထိုသမုဒ္ဒရာ၏။ နံ၊ ထိုရေကို။ ဆာကလလောကော၊ အလုံးစုံသော လူအပေါင်းသည်။သစေ ပိဝေယျ၊အကယ်၍သောက်ငြားအုံ။ တထာပိ၊ထိုသို့ပင်သောက်သော်လည်း။ ဣတော၊ ဤသမုဒ္ဒရာမှ။ တော်ကံ နာမ ဥဒကံ၊ ဤမျှသောရေကို။ ပိတံ၊ သောက်အပ်ပြီဟု။အန္တော၊ အဆုံးသည်။ နု နာယတိ၊မထင်။ သာဂရော၊ သမုဒ္ဒရာသည်။ အပေယျော ကိရ၊ တစုံတယောက်သောသူသည် ရေကိုကုန်စေ၍ သောက်ခြင်းဂု၊ မတတ်ကောင်းသတတ်။

www.dhammadownload.com

ဤစကားကိုဆို၍ ထိုနတ်သည် ကြောက်မက်ဘွယ်သော အဆင်းကို ပြ၍ သမုဒ္ဒရာ၏အနီးဌာနေသော ကျီးကို ပြေးစေ၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤမမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဥပနန္ဒသည် ထိုအခါ၊ သမုဒ္ဒရာ၏အနီးဌာ ကျီးဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ သမုဒ္ဒရာစောင့်နတ် ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(သူများကိုယ်က၊ ကျင့်ပုံပြု၊ ကိုယ်က ထင်ရာလုပ်
ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော သမုဒ္ဒဇာတ်သည် ပြီး၏။

၄၇-ကာမဝိလာပဇာတ်

ကာမပူ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဥစ္စေ သကုဏ ဥဒုမာန" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကာမဝိလာပဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **မယားဟောင်း ဖြားယောင်းသော ရဟန်း** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ပစ္စုပ္ပန်ဝတ္ထုကို **ပုပ္ဖရတ္တဇာတ်** ၌ ဆိုအပ်ပြီ၊ အတိတ်ဝတ္ထုသည်ကား အဋ္ဌကနိပါတ် ခုနစ်ခုမြောက် ဣန္ဒြိယဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု ထိုယောကျ်ားကိုကား အသက်ရှင်စဉ်လျှင် တံကျင်၌လျှို့ကုန်၏၊ ထိုယောကျ်ားသည် ထိုတံကျင်၌ နေလျက် ကောင်းကင်ဖြင့် လာသော တခုသော ကျီးကို မြင်၍ ပြင်းထန်စွာသော ဝေဒနာကိုလည်း မရေတွက်မူ၍ ချစ်စွာသော မယားသို့ သတင်းစကားကို ပို့စိမ့်သောငှါ ခေါ်လျက်—

၁၃၉ ဥစ္စေ သကုဏ ဥဒုမာန၊ ပတ္တယာန ဝိဟင်္ဂမ။
ဝဇ္ဇာသိ ခေါ တွံ ဝါမူရုံ၊ စိရံ ခေါ သာ ကရိဿတိ။

၁၄၀ ဣဒံ ခေါ သာ နု ဇာနာတိ၊ အသိံ သတ္တိဥ္ဆ ဩဒ္ဓိတံ။
သာ စဣ္ဆိ ကာဟတိ ကောဓံ၊ တံ မေ တပတိ နော ဣဒံ[၁]။

---

၁ သရိဿတိ (က) ၂ ဣဓ (သီ၊ သျာ၊ ဣ)

www.dhammadownload.com

၁၄၁ သော ဥပ္ပလသန္နာဟော၊ နိက္ခုဠ္ဍ[1]သီသကောဟိတံ၁။
ကာသိကဥ္စ မုဒုံ ဝတ္ထံ၊ တပ္ပေတု ဓနိကာ ပိယာ။

ဟူသော ဤဂါထာတို့ကို ဆို၏။

ဥစ္စေ၊ မြင့်သော ကောင်းကင်၌။ ဒုမာန၊ ပျံသွားတတ်သော။ ဝိဟင်္ဂမ၊ ကောင်းကင်ပြင်၌ ပျံသွားတတ်သော။ ပတ္တယာန၊ အတောင်ဟူသော ယာဉ် ရှိသော။ သကုဏ၊ အိုကျီး။ တံ၊ သင်သည်။ ဝါမူရုံ၊ ဌက်ပျော်တုံးနှင့်တူသော ပေါင်ရှိသော ငါ၏ မိန်းမကို။ဝဇ္ဇာသိ ခေါ၊ ပြောဆိုပါလေလော့။သာ၊ ထိုငါ၏ မိန်းမသည်။ စိရံ ခေါ၊ ကြာလေစွဟု။ ကရိဿတိ၊ ကြံအောက်မေ့လတ္တံ့။

သြဠိတံ၊ လျှို့ခြင်းငှါ ထောင်အပ်သော။ အသိံ စ၊ သန်လျက်နှင့် တူသည် လည်းဖြစ်သော။ သတ္တိံ စ၊ လုံမနှင့်တူသည်လည်းဖြစ်သော။ ဣဒံ ခေါ၊ဤတံကျင် ကိုလျှင်။ သာ၊ ထိုငါ့မယားသည်။ နဇာနာတိ၊မသိရာလေ။သာ၊ထိုမိန်းမသည်။ အတိစိရာယတီတိ၊ အလွန်ကြာလေစွဟူ၍။မယိ၊'ငါ့၌။ စဏ္ဍီ၊ ကြမ်းသောသဘော ရှိသော။ ကောဓံ၊ အမျက်ကို။ ကာဟတိ၊ ပြုလတ္တံ့။ တံ၊ ထိုမိန်းမ၏ အမျက် ထွက်ခြင်းသည်။ မံ၊ ငါ့ကို။ တပတိ၊ ပူပန်စေ၏။ ဣဒံ၊ ဤတံကျင်သည်။ နော တပတိ၊ မပူပန်စေ။

ဥပ္ပလသန္နာဟော၊ ကြာနှင့်တူသော တန်ဆာချပ်ကိုဝင်း။ နိက္ခုဠ္ဍ၊ ငါးသုဝဏ်အတိုင်းအရှည်ရှိသော ရွှေဖြင့် ဝယ်အပ်သော လက်စွပ်ကိုဝင်း။ ကာသိကံ၊ ကာသိတိုင်း၌ ဖြစ်သော။ မုဒုံ၊ နူးညံ့သော။ ဝတ္ထဉ္စ၊ ပုဆိုးအစုံကိုဝင်း။ ဧတ္တကံ၊ ဤမျှသော ဥစ္စာကို။ ဥဿီသကေ၊ ဦးခေါင်းရင်း၌။ သြဟိတံ၊ ထားအပ်၏။ တံ၊ ထိုဥစ္စာစုကို။ ဓနိကာ၊ ဥစ္စာဖြင့်အလိုရှိသော။ သေသ ပိယာ၊ ထိုမယားသည်။ ဂဟေတ္ဝာ၊ ယူ၍။ တပ္ပေတု၊ ရောင့်ရဲစေသတည်း။

ဤသို့ ထိုယောကျ်ားသည် ငိုကြွေးမြည်တမ်းလျက် သေ၍ ငရဲ၌ဖြစ်၏။

ဇာတ်ပေါင်း သမ္မာသည် မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်

---

၁ နိက္ခမုဿီသကေ ကတံ (သီ၊ ဇ) နိက္ခုဠ္ဍုဿီသကေ ကတံ (သာ၊ က)

www.dhammadownload.com

မူသည်၏အဆုံးဌ္ဌ ငြိုးငွေ့သောရဟန်းသည်သောတာပတ္တိဖိုလ်ဌ္ဌတည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ မယားသည်သာလျှင် ထိုအခါ မယား ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ အကြောင်းကို မြင်သောနတ် ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကာမဇာပူ၊ လောင်မြိုက်မူ၊ ထိုသူပန်းလှသည်)

ခုနှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ကာမဝိလာပဇာတ်သည် ပြီး၏။

၄၈- ဥဒုမ္ဗရဇာတ်

နေရာဂူလုမျောက်

ပစ္စုပ္ပန်ဟူ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဥဒုမ္ဗရာ စိမေ ပက္ခာ" အစရှိသော ဂါထာပုဒ်ဖြင့်တန်ဆာဆင်အပ်သော ဤဥဒုမ္ဗရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **မထင်ရှားသောရဟန်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ထိုရဟန်းသည် ပစ္စုန္ဒရစ်ရွာငယ်၌ ကျောင်းဆောက်၍ နေ၏၊ ကျောင်းသည် မမှဉ်လျော်ဘဲယဉ် ရှိ၏၊ ကျောက်ဖျာရင်း၌ တည်၏၊ တံမျက်လှည်းရာအရပ်နည်း၏၊ ရေဖြင့် ချမ်းသာ၏၊ ဆွမ်းခံရွာ မနီးလွန်း မဝေးလွန်းရှိ၏၊လူတို့ ချစ်မြတ်နိုးကုန်လျက်ဆွမ်းကို လှူကုန်၏၊ ထိုအခါ တပါးသော ရဟန်းသည် ဒေသစာရီ သွားလတ်သော် ထိုကျောင်းသို့ ရောက်၏၊ ကျောင်းနေရဟန်းသည် ထိုရဟန်းအား အာဂန္တုကဝတ်ကိုပြု၍ နက်ဖြန် အာဂန္တုကရဟန်းကိုခေါ်၍ရွာသို့ဆွမ်းခံဝင်၏၊ လူတို့သည် မှတ်မြတ်သော ဆွမ်းကိုလှူ၍ နက်ဖြန်အကျိုးငှါ ဘိတ်ကုန်၏၊ ထိုအာဂန္တုကရဟန်းသည် နှစ်ရက် သုံးရက်စာ၍ တခုသော ဥပါယ်ဖြင့် ကျောင်းနေရဟန်းကို လှည့်စား၍ နှင်ထုတ်၍ ဤကျောင်းကိုငါယူအံ့ဟု ကြံ၏၊ ထိုအခါ မထေရ်ကြီးကို ခစားလာသော ထိုကျောင်းနေရဟန်းကို ငါ့သျှင် သင်ကား ဘုရားအား ဆည်းကပ်ခြင်းကို အဘယ့်ကြောင့် မပြုသနည်းဟု မေး၏၊ အရှင်ဘုရား ဤကျောင်းကို စောင့်သောသူ မရှိ၊ ထိုကြောင့် ကျွန်ုပ်သည် ဘုရားအထံတော်သို့ မရောက်မဖူးရဟု ဆို၏၊ အကြင်မျှလောက် သင်သည် ဘုရားအထံတော်သို့

www.dhammadownload.com

သွားရှု လာ၏၊ ထိုမျှလောက် ငါစောင့်ရစ်အံ့ဟုဆို၏၊အရှင်ဘုရား ကောင်းပြီဟု ကျေငြိုးနေရဟန်းသည် ငါလာသည်တိုင်အောင် မထေရ်ကို မမေ့ရစ်ကြကုန်လင့်ဟု လူတို့ကို ဆိုရှု သွား၏။

ထိုအခါမှစ၍ အာဂန္တုက ရဟန်းသည် ဤသည် ဤသည်လည်း ထိုကျေငြိုးနေ ရဟန်း၏ အပြစ်တည်းဟု ဆိုရှု ထိုလူတို့ကို ဖျက်ဆီး၏၊ ကျေငြိုးနေရဟန်းသည်လည်း ဘုရားကိုရှိခိုးရှု တဖန်ပြန်လာ၏၊ ထိုအခါ ကျေငြိုးနေရဟန်းအား အာဂန္တုကရဟန်းသည် ကျေငြိုးကိုမပေး ထိုကျေငြိုးနေရဟန်းသည်တခုသော အရပ်၌နေရှု နက်ဖြန် ရှာသို့ဆွမ်းခံဝင်၏၊ လူတို့သည် အရှိအသေအမှုကိုမျှလည်း မပြုကြကုန်၊ ထိုကျေငြိုးနေ ရဟန်းသည် နှလုံးမသာယာ၍ တဖန် ဇေတဝန် ကျေငြိုးတော်သို့ သွားရှု ထိုအကြောင်းကို ရဟန်းတို့အား ကြားလျှောက်၏၊ ထိုရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ ဤမည်သော ရဟန်းသည် ဤမည်သော ရဟန်းကို ကျေငြိုးမှန့်ထုတ်၍ မိမိသည် ထိုကျေငြိုး၌ နေ၏ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခု အခါ၌ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ထိုရဟန်းသည် ဤရဟန်းကိုနေရာမှ နှင်ထုတ်သည် မဟုတ်သေး၊ ရှေး၌လည်းနေရာမှ နှင်ထုတ်ဘူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တောရှု ရဟန္တာဈာန်တ် ဖြစ်၏၊ ထိုတောရှု မိုးကာလဝယ် ခုနစ်ရက် ခုနစ်လီ မိုးရွာ၏၊ ထိုအခါ တခုသော နီသော မျက်နှာရှိသော မျောက်ငယ်သည် တခုသော မိုးမစွတ်သော ကျောက်ဂူ၌ နေလတ်သော် တနေ့သ၌ ဂူတံခါး မိုးမစွတ်သောအရပ်၌ ချမ်းသာသဖြင့် နေ၏၊ ထိုအရပ်၌ တခုသော မည်းသော မျက်နှာရှိသော မျောက်ကြီးသည် မိုးစွတ်၍ အချမ်းနှိပ်စက်လျက် လှည့်လည်လတ်သော် ထိုသို့ နေသော ထိုမျောက်ငယ်ကိုမြင်၍ ထိုမျောက်ငယ်ကို ဥပါယ်ဖြင့် နှင်ထုတ်၍ ထိုအရပ်၌ ငါနေအံ့ဟုကြံ၍ ဝမ်းကို တဲ့လျားကျစေ၍ ဝသော အခြင်းအရာကို ပြ၍ ထိုမျောက်ငယ်၏ ရှေ့၌ရပ်၍—

www.dhammadownload.com

၁၄၂ ဥဒုမ္ဗရာ စိမေ ပက္ကာ၊ နိဂ္ရောဓာ စ ကာပိတ္ထနာ။
ဧဟိ နိက္ခမ ဘုဥ္ဇဿု၊ ကိံ ဇီဃစ္ဆာယ မိယျသိ။

ဟူသော ရွေးဦးစွာသော ဤဂါထာကို ဆို၏။

ခုဒ္ဒကမက္ကဋ၊ အို မျောက်ငယ်။ ဤမေ ဥဒုမ္ဗရာ စ၊ ဤရေသဖန်းတို့သည်၎င်း။ ဤမေ နိဂ္ရောဓာစ၊ ဤပညောင်တို့သည်၎င်း။ ဤမေ ကပိတ္ထနာ စ၊ ဤညောင် ချဉ်တို့သည်၎င်း။ ပက္ကာ၊ မှည့်ကုန်၏။ ဧဟိ၊ လာလော့။ နိက္ခမ၊ ထွက်လော့။ ဘုဥ္ဇဿု၊ စားလှည့်လော့။ ဇီဃစ္ဆာယ၊ ငတ်မွတ်သဖြင့်။ ကိံ မိယျသိ၊ အဘယ်ကြောင့် သေလိုဘိသနည်း။

ထိုမျောက်ငယ်သည်လည်း ထိုမျောက်ကြီး၏ စကားကိုကြား၍ ယုံကြည်၍ အသီးတို့ကို စားလိုရကား ထွက်၍ ထိုထိုအရပ်သို့ လှည့်လည်၍ တစုံတခုသော သစ်သီးတို့ကို မရ၍ တဖန်ပြန်လာ၍ ကျောက်ဂူ၏အတွင်းသို့ ဝင်၍နေသော မျောက်ကြီးကို မြင်၍ ထိုမျောက်ကြီးကို ငါလှည့်စားအံ့ဟု မျောက်ကြီး၏ ရှေ့၌ရပ်၍—

၁၄၃ ဧဝံ သော သုဟိတော ဟောတိ၊ ယော ဝုဒ္ဓေ မပစာယတိ။
ယထာဟမဇ္ဇ သုဟိတော၊ ဒုမပက္ကာနိ မာသိတော။

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

အဟံ၊ ငါသည်။ အဇ္ဇ၊ ယနေ့။ ဒုမပက္ကာနိ၊ သစ်သီးမှည့်တို့ကို။ အာသိတော၊ စားရ၍။ သုဟိတော ယထာ၊ ဝသကဲ့သို့။ ဧဝံ၊ ဤအတူ။ ယော၊ အကြင် သူသည်။ ဝုဒ္ဓေ၊ ကြီးသောသူကို။ အပစာယတိ၊ ပူဇော်၏။ သော၊ ထိုသူသည်။ သုဟိတော၊ ဝသည်။ ဟောတိ၊ ဖြစ်၏။

ထိုစကားကိုကြား၍ မျောက်ကြီးသည်—

၁၄၄ ယံ ဝနေဇော ဝနေဇဿ၊ ဝဠ္ဠေယျ ကပိနော ကပိ။
ဒဟရော ကပိ သဒ္ဓေယျ[1]၊ နာ ဟိ ဇိဏ္ဏော ဇရာကပိ။

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

---

၁ ဒဟရောပိ တံ နာ သဒ္ဓေယျ (သီ) ဒဟရောပိ နာ သဒ္ဓေယျ (သျာ)

www.dhammadownload.com

ဝနေဇော၊ တောဠိဖြစ်သော။ ကပိ၊ မျောက်သည်။ ဝနေဇဿ၊ တောဠိဖြစ်သော။ ကပိနော၊ မျောက်အား။ ယံ၊ အကြင်စကားကို။ ဝဠွေယျ၊ လှည့်စားရာ၏။ တံ၊ ထိုစကားကို။ ဒဟရော ကပိ၊ မျောက်ငယ်သည်။သဒ္ဓေယျ၊ ယုံရာ၏။ ဇီဏ္ဏော၊ ရင့်ပြီးသော။ ဇရာကပိ၊ မျောက်အိုသည်ကား။ နဟိ သဒ္ဓေယျ၊ မယုံသလျင်ကတည်း။

အချင်း မျောက်ငယ် ဟိမဝန္တာဠဒ္ဓ သစ်သီး ကြီးငယ်သည် မိုးယံးစွတ်၍ ကြွေလေပြီ၊ တဖန် သင့်အား ကျိနေရာသည် မရှိပြီ သွားလေဟုဆို၏၊ ထိုမျောက်ငယ်သည် ထိုအရပ်မှ ဖဲသွားရ၏။

ဇာတ်ပေါင်း သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ကျောင်းနေရဟန်းသည် ထိုအခါ မျောက်ငယ် ဖြစ်ဘူးပြီ၊ ယခုအခါ အာဂန္တုက ရဟန်းသည် ထိုအခါ မည်းသောမျောက်ကြီး ဖြစ်ဘူးပြီ၊ယခုအခါ ငါဘုရားသည် သာလျင် ထိုအခါ ရုက္ခစိုဝ်းနတ် ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ရွေးဝါသနာ၊ အထုံပါ၊ လိမ်ကာ လှည့်စားပြီ)

ရှစ်ခုကို၏ ပြည့်ကြောင်းဖြစ်သော ဥဒုမ္ဗရဇာတ်သည် ပြီး၏။

၄၉- ကောမာရပုတ္တဇာတ်

ပေါင်းသင်းမှု

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ပုရေ တုံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကောမာရပုတ္တဇာတ်ကို ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကစားလေ့ရှိကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုရဟန်းတို့သည် သဗ္ဗညု မြတ်စွာဘုရားသည် အထက် ပြာသာဒ်၌

---

၁ ဇာတဝန်ကျောင်းတော်၌ (က)

www.dhammadownload.com

သီတင်းသုံး နေတော်မူသည်ရှိသော် အောက်ပြာသာဒ်၌ မြင်ဘူးကြားဘူးသော စကားအစရှိသည်တို့ကို ပြောဆိုကုန်လျက် ငြင်းခုံခြင်းကိုငင်း ပြောင်လှောင်ခြင်းကိုငင်း ပြုကုန်၍ နေကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် မဟာမောဂ္ဂလ္လာန်မထေရ်ကို ခေါ်တော်မူ၍ ထိုရဟန်းတို့ကို ထိတ်လန့်စေလော့ဟု မိန့်တော်မူ၏၊ အရှင်မောဂ္ဂလ္လာန်မထေရ်သည် ကောင်းကင်သို့ ပျံတက်တော်မူ၍ ခြေမဖြင့် ပြာသာဒ် ထုပိကာကို ခတ်၍ ရေအဆုံးရှိသည်တိုင်အောင် ပြာသာဒ်ကို လှုပ်စေ၏၊ ထိုရဟန်းတို့သည် သေဘေးဖြင့် ကြောက်ကုန်ရကား ထွက်၍ အပဒ္ဒတည်ကုန်၏၊ ထိုရဟန်းတို့၏ ထိုကစားတတ်သော အလေ့ သဘောသည် ရဟန်းတို့၌ ထင်ရှားစွာ ဖြစ်၏၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ အချို့ကုန်သော ရဟန်းတို့သည် ဤသို့ သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြု၍ ကစားတတ်သော အလေ့ရှိကုန်လျက် နေကုန်၏၊ အနိစ္စ,ဒုက္ခ,အနတ္တဟု ဝိပဿနာဉာဏ်ဖြင့် ကမ္မဋ္ဌာန်းကို မပြုကုန်ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခု အခါ အဘယ်မည်သောစကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ထိုရဟန်းတို့သည် ယခုအခါ၌ သာလျှင် ကစားတတ်သော အလေ့ရှိသည် မဟုတ်ကုန်သေး၊ ရှေး၌လည်း ကစားတတ်သော အလေ့ရှိကုန် သလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တခုသောရွာငယ်၌ပုဏ္ဏားမျိုး၌ ဖြစ်၏၊ ထိုဘုရားလောင်းကို **ကောမာရပုတ္တ**ဟု[1] မှည့်ကုန်၏၊ ထိုကောမာရပုတ္တသည် နောက်အဘို့၌ တောထွက်၍ ရသေ့ ရဟန်းပြု၍ ဟိမဝန္တာ အရပ်၌ နေ၏၊ ထိုအခါ တပါးကုန်သော ကစားတတ်သော အလေ့ရှိကုန်သော ရသေ့တို့သည် ဟိမဝန္တာအရပ်၌ ကျောင်းဆောက်၍ နေလာကုန်၏၊ ကစားတတ်သော အလေ့ရှိကုန်ရကား ထိုရသေ့တို့အား ကသိုဏ်း ပရိကံမျှသည်လည်း မရှိ၊ တောမှ သစ်သီး ကြီးငယ်တို့ကို ဆောင်ကုန်၍ ရယ်ကုန်လျက် အထူးထူး အပြားပြား အားဖြင့် ကစားသောအလေ့ ရှိကုန်သည်ဖြစ်၍ ကာလကို လွန်စေကုန်၏၊ ထိုရသေ့တို့၏ အထံ၌ တခုသော မျောက်သည် ရှိ၏၊ ထိုမျောက်သည်လည်း

---

၁ ကောမာယပုတ္တဟု (သီ)၊ ကောမာရိယပုတ္တဟု (သျှာ)

www.dhammadownload.com

ကစားတတ်သောအလေ့ ရှိသလျှင်ကတည်း၊ မျက်နှာဖောက်ပြန်ခြင်း အစ ရှိသည်တို့ကိုပြုလျက် ရသေ့တို့အား အထူးထူးသော ကစားခြင်းကို ပြုသလျှင် ကတည်း၊ ရသေ့တို့သည် ထိုအရပ်၌ ကြာမြင့်စွာနေ၍ ချဉ်ဆားမှီဝဲအံ့သောငှါ သွားကုန်၏၊ ထိုရသေ့တို့၏ သွားသော ကာလမှစ၍ ဘုရားလောင်းသည် ထိုအရပ်သို့ သွား၍ နေ၏၊ မျောက်သည် ထိုရသေ့တို့အား ကစားခြင်းကို ပြုသကဲ့သို့ ထိုအတူ ဘုရားလောင်းအားလည်း ကစားခြင်းကို ပြု၏။

ဘုရားလောင်းသည် လက်ဖျစ်တီး၍ ကောင်းစွာ ကျင့်သော ရဟန်းတို့၏ အထံ၌နေသော သူမည်သည်ကား အကျင့်နှင့်ပြည့်စုံခြင်း, ကိုယ်အစရှိသည်တို့ကို ကောင်းစွာစောင့်ရှောက်ခြင်း, စျာန်တရားတို့၌ လုံ့လပြုခြင်းငှါ ဖြစ်သင့်၏ဟု ထိုမျောက်အား အဆုံးအမကို ပေး၏၊ ထိုမျောက်သည် ထိုအခါမှစ၍ သီလ အကျင့်နှင့် ပြည့်စုံ၏၊ ဘုရားလောင်းသည်လည်း ထိုအရပ်မှ တပါးသောအရပ်သို့ သွား၏၊ ထိုအခါ ထိုရသေ့တို့သည် ချဉ်ဆား မှီဝဲပြီး၍ ထိုအရပ်သို့ လာကုန်၏၊ မျောက်သည် ရှေး၌ကဲ့သို့ ထိုရသေ့တို့အား ကစားခြင်းကို မပြု၊ ထိုအခါ ထိုမျောက်ကို ရသေ့တို့သည် သင်သည် ရှေး၌ငါတို့အား ကစားခြင်းကို ပြု၏၊ ယခုကား ကစားခြင်းကို မပြု၊ အဘယ့်ကြောင့် မပြုသနည်းဟု မေးလိုရကား–

၁၄၅ ပုရေ တုဝံ သီလဝတံ သကာသေ၊
သြက္ကန္တိကံ ကီဠသိ အဿမမှိ။
ကရောဟ' ရေ မင်္ကုဒ္ဒိယာနိ မင်္ကုဋ္ဌ၊
နတံ မယံ သီလဝတံ ရမာမ။

ဟူသော ရှေးဦးစွာသော ဂျိုဂါထာကို ဆို၏။

အရေ မင်္ကုဋ္ဌ၊အချင်းမျောက်။တုဝံ၊သင်သည်။ပုရေဝ၊ရှေး၌ကဲ့သို့။သီလဝတံ၊ ကစားလေ့ရှိကုန်သော ငါတို့၏။ သကာသေ၊ အထံ၌။ သြက္ကန္တိကံ၊ သက်ဝင်၍ ကစားခြင်းကို။ ကီဠသိ၊ ကစားလော့။ အဿမမှိ၊ ကျောင်း၌။ မင်္ကုဒ္ဒိယာနိ၊ မျောက်၏မျက်နှာ ဖောက်ပြန်ခြင်းတို့ကို။ ကရောဟိ၊ ပြုဦးလော။ မင်္ကုဋ္ဌ၊ အို မျောက်။ တံ သီလဝတံ၊ ထိုရှေး၌ ကစားမြဲဖြစ်သော အကျင့်ကို။ မယံ၊ငါတို့သည်။ တေရဟိ၊ ယခု။ နရမာမ၊ မမွေ့လျော်ရကုန်။ တုမှိ၊ သင်သည်လည်း။ နော၊ ငါတို့ကို။ နရမာပေသိ၊ မမွေ့လျော်စေ။ ကိံ၊ အဘယ့်ကြောင့်နည်း။

www.dhammadownload.com

ထိုစကားကို ကြား၍ မျောက်သည်-

၁၄၆ သုတာ ဟိ မယ္ဟံ ပရမာ ဝိသုဒ္ဓိ၊
ကောမာရပုတ္တာဿ ဗဟုဿုတဿ။
မာ ဒါနိ မံ မညိ တုဝံ ယထာ ပုရေ၊
စျာနာနုယုတ္တော ဝိဟရာမိ အာဝုသော။

ဟူသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကို ဆို၏။

အာဝုသော၊ ငါ့သျှင်။ မယ္ဟံ၊ ငါသည်။ ဗဟုဿုတဿ၊ များသော အကြား အမြင်ရှိသော။ ကောမာရပုတ္တာဿ၊ ကောမာရပုတ္တ ရှင်ရသေ့၏။ ပရမာ၊ မြတ်သော။ဝိသုဒ္ဓိ၊ စျာန်၏ အထူးသဖြင့် စင်ကြယ်ခြင်းကို။ သုတာ ဟိ-သုတာဧဝ၊ ကြားအပ်သည်သာလျှင်တည်း။ ဣဒါနိ၊ ယခု။ မံ၊ ငါ့ကို။ တုဝံ၊ သင်သည်။ ပုရေ ယထာ၊ ရှေး၌ကဲ့သို့။ မာ မညိ၊ မအောက်မေ့လင့်။ ဣဒါနိ၊ ယခု။ အဟံ၊ ငါသည်။ လဒ္ဓါ၊ ဆရာကောင်းကိုရသည်ဖြစ်၍။ စျာနာနုယုတ္တော၊ စျာန်ကို လုံ့လပြု၍။ ဝိဟရာမိ၊ နေ၏။

ထိုစကားကို ကြား၍ ရသေ့သည်-

၁၄၇ သစေပိ သေလသ္မိံ ဝပေယျ ဗီဇံ၊
ဒေဝေါ စ ဝဿေ နဟိ တံ ဝိရူဠှေ။
သုတာ ဟိ တေ သာ ပရမာ ဝိသုဒ္ဓိ၊
အာရာ တုဝံ မဏ္ဍဋ္ဌ စျာနဘူမိယာ။

ဟူသော သုံးခုတို့၏ ပြည့်ကြောင်းဖြစ်ဓသော ဤဂါထာကို ဆို၏။

မဏ္ဍဋ္ဌ၊ မျောက်။ သေလသ္မိံ၊ ကျောက်ဖျာ၌။ဗီဇံ၊ မျိုးစေ့ကို။ သစေပိ ဝပေယျ၊ အကယ်၍ ပျိုးငြားအုံ့။ ဒေဝေါ စ၊ မိုးသည်လည်း။ သစေပိ ဝဿေ၊ အကယ်၍ ရွာငြားအုံ့။ တံ၊ ထိုမျိုးစေ့သည်။ နဟိ ဝိရူဠှေ၊ မပေါက်ရာသည် သလျှင်ကတည်း။ တေ၊ သင်သည်။ ပရမာ၊ မြတ်သော။ ဝိသုဒ္ဓိ၊ စင်ကြယ်သော။ သာ၊ ထိုစျာန်အကျင့်ကို။ သုတာ ဟိ-သုတာဧဝ၊ ကြားရရုံသာဖြစ်၏။ တုဝံ၊ သင်သည်။ စျာနဘူမိယာ၊ စျာန်၏အရာမှ။ အာရာ၊ ဝေး၏။

---

၁ နေဝ ဟိတံ ရုဟေယျ (သီ၊ ၇)

www.dhammadownload.com

သင်သည် ဈာန်ကို ဖြစ်စေခြင်းငှါ မတတ်နိုင်ဟု မျောက်ကို ကဲ့ရဲ့ကြကုန်၏။။

ဇာတ်ပေါ့ဒိုင်း သဗ္ဗညူမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ရဟန်းတို့သည် ထိုအခါ ကစားလေ့ရှိကုန်သော ရသေ့တို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ကောမာရပုတ္တ ရသေ့ ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။။

(သူတော်ကောင်းနှင့်၊ ပေါင်းဖက်လင့်၊ ကိုယ်ကျင့်ကောင်းမွန်လာ)

ကိုးခုတို့၏ပြည့်ကြောင်းဖြစ်သော ကောမာရပုတ္တဇာတ်သည် ပြီး၏။။

၅၀-ဝကဇာတ်

ဝမ်းမဝ,သီလစောင့်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ပရပါဏရောမာ ဇီဝန္တော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **အခင်းနှိုးအဟောင်း** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ပစ္စုပ္ပန်ဝတ္ထုသည် ဝိနည်း၌ အကျယ်အားဖြင့် လာသလျှင်ကတည်း၊ ဤဇာတ်၌ကား အကျဉ်းအားဖြင့် ဤသို့ သိအပ်၏၊ အရှင်ဥပသေနသည် နှစ်ဝါရသည်ရှိသော် တဝါရသော အတူနေ တပည့်နှင့်တကွ မြတ်စွာဘုရား အထံတော်သို့ ဆည်းကပ်၍ သဗ္ဗညူ မြတ်စွာဘုရားသည် ကဲ့ရဲ့အပ်သည်ရှိသော် ရှိခိုး၍ ဖဲသွားပြီးလျှင် ဝိပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်း၍ အရဟတ္တဖိုလ်သို့ ရောက်၍ အလိုနည်းသည်အဖြစ် အစရှိသော ကျေးဇူးနှင့် ယှဉ်သည် ဖြစ်၍ တဆယ်သုံးပါးသော ဓုတင်တို့ကို ဆောက်တည်၍ ပရိသတ်ကိုလည်း ဓုတင်ကို ဆောက်တည်စေ၍ သဗ္ဗညူ မြတ်စွာဘုရားသည် သုံးလပတ်လုံး ကိုယ်တော် တပါးထည်း ကျိန်းအောင်းတော် မူသည်ရှိသော် ပရိသတ်နှင့် တကွ သဗ္ဗညူ မြတ်စွာဘုရား အထံတော်သို့ဆည်းကပ်၍ ရှေးဦးစွာ ပရိသတ်ကိုမှီ၍ ကဲ့ရဲ့ခြင်းကို ရ၍ အဓမ္မိကဖြစ်သော ကတိကသို့ အစဉ်မလိုက်သောအရာ၌ ချီးမွမ်းခြင်းကိုရ၍ "ဤနေ့မှစ၍ ဓုတင်ကိုဆောင်ကုန်သော ရဟန်းတို့သည် အလိုရှိတိုင်း ဆည်းကပ်

www.dhammadownload.com

၍ ငါဘုရားကို ဖူးမျှော်ကုန်”ဟု သဗ္ဗညုမြတ်စွာဘုရားသည် ပြုတော်မူအပ်သော အခွင့်လွှတ်ခြင်းရှိသည်ဖြစ်၍ ထွက်ခဲ့၍ ရဟန်းတို့အား ထိုအကြောင်းကို ကြား၏၊ ထိုအခါမှစ၍ ရဟန်းတို့သည် ဓုတင်ကိုဆောင်ကုန်သည်ဖြစ်၍ သဗ္ဗညု မြတ်စွာဘုရားအား ဖူးမြင်အံ့သောငှါ ဆည်းကပ်ကုန်၍ သဗ္ဗညု မြတ်စွာဘုရားသည် ကိုယ်တော်တပါးထည်း ကျိန်းအောင်းတော်မူရာမှ ထတော်မူသည်ရှိသော် ထိုထို အရပ်၌ ပံသုကူတို့ကို စွန့်၍ မိမိသပိတ်, သင်္ကန်းတို့ကိုသာလျှင် ယူကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် မျှားစွာကုန်သော ရဟန်းတို့နှင့် တကွ ကျောင်းစဉ်လှည့်လည်တော်မူသည်ရှိသော် ထိုထိုအရပ်၌ စွန့်ပစ်အပ်ကုန်သော ပံသုကူတို့ကို မြင်တော်မူ၍ မေးမြန်းတော်မူ၍ ထိုအကြောင်းကို ကြားတော်မူ၍ ရဟန်းတို့ ဤရဟန်းတို့၏ ဓုတင် ဆောက်တည်ခြင်းမည်သည်ကား ကြာမြင့်စွာ မတည်သော သစ်ကျုတ်၏ ဥပုသ်ဆောက်တည်ခြင်းနှင့် တူသည် ဖြစ်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိကြားမင်းဖြစ်၏၊ ထိုအခါ တခုသော သစ်ကျုတ်သည် ဂင်္ဂါကမ်းနား ကျောက်ဖျာအပြင်၌ နေ၏၊ ထိုအခါ ဂင်္ဂါ၌ ဆီးနှင်းရေသည် လာ၍ ထိုကျောက်ဖျာကို ခြုံရုံ၏၊ သစ်ကျုတ်သည် တက်၍ ကျောက်ဖျာအပြင်၌ အိပ်၏၊ သစ်ကျုတ်အား ကျက်စားရာသည်မရှိ၊ ကျက်စားရာသို့ သွားသော လမ်းသည်လည်း မရှိ၊ ရေသည် ပွားသည်သာလျှင် ဖြစ်၏၊ ထိုသစ်ကျုတ်သည် ငါ့အား ကျက်စားရာသည် မရှိ၊ ကျက်စားရာသို့ သွားသော လမ်းသည် မရှိ၊ ထွက်သော ငါ့အား ပျက်စီးခြင်းထက် ဥပုသ်ဆောက်တည်ခြင်းသည် မြတ်၏ဟုကြံ၏၊ ကြံပြီး၍ စိတ်ဖြင့်သာလျှင် ဥပုသ်ကိုဓိဋ္ဌာန်၍ သီလတို့ကို ဆောက်တည်၍ အိပ်၏၊ ထိုအခါ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုသစ်ကျုတ်၏ အားနည်းစွာသော ထိုသီလ ဆောက်တည်ခြင်းကို သိ၍ ထိုသစ်ကျုတ်ကို ညှဉ်းဆဲအံ့ဟု[1] ဆိတ်၏အသွင်ဖြင့် လာလတ်၍ သစ်ကျုတ်၏ အနီး၌ ရပ်၍ ကိုယ်ကိုပြ၏၊ သစ်ကျုတ်သည် ထိုဆိတ်ကိုမြင်၍ တပါးသောနေ့၌ ဥပုသ်မှုကို သိအံ့ဟု ထ၍ ထိုဆိတ်ကို ဖမ်းအံ့သောငှါ ပြေးလာ၏၊ ဆိတ်သည်လည်း ထိုမှဤမှ ပြေး၍ မိမိကိုယ်ကို ဖမ်းစိမ့်သောငှါ မပေး၊ သစ်ကျုတ်သည် ထိုဆိတ်ကို ဖမ်းအံ့သောငှါ မတတ်နိုင်၍ ပြန်လည်လာလတ်၍ ဥပုသ်အမှုသည် ငါ့အား မပျက်သေးဟု ရှေးအတူသာလျှင် တဖန် အိပ်၏၊ သိကြားမင်းသည်

---

၁ စုံစမ်းအံ့ဟု (သျှ၊က)

www.dhammadownload.com

သိကြားကိုယ်၏ အဖြစ်ဖြင့် ကောင်းကင်၌ ရပ်၍ ထိုသို့ သဘောရှိသော အားနည်းငဲ့သော ကုသိုလ်ဆန္ဒရှိသော သင့်အား ဥပုသ်ဆောက်တည်သဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သင်သည် ငါ့ကို သိကြားမင်းအဖြစ်ကို မသိ၍သာ ဆိတ်သားကို စားလို၏ဟု ထိုသစ်ကျုတ်ကို နှိပ်စက်ကဲ့ရဲ့၍ နတ်ပြည်သို့သာလျှင် သွား၏၊ သင့္ဘည္၊ မြတ်စွာဘုရားသည် ဤအတိတ်ကိုဆောင်တော်မူ၍ ဘုရား ဖြစ်တော်မူပြီး၍ -

၁၄၈ ပရပါဏရောဓာ ဇီဝန္တော၊ မံသလောဟိတဘောဇနေ၊
ဝကော ဝတံ သမာဒါယ၊ ဥပပဇ္ဇီ ဥပေါသထံ။

၁၄၉ တဿ သက္ကော ဝတညာယ၊ အဇ္ဈုပေနုပါဂမိ။
ဝိတတပေါ အဇ္ဈုပဂ္ဂော၊ ဘဥ္ဇီ လောဟိတပေါ တပံ။

၁၅၀ ဧဝမေဝ ဣဓေကစ္စေ၊ သမာဒါနမ္ပိ ဒုဗ္ဗလာ၊
လဟုံ ကရောန္တီ အတ္တာနံ၊ ဝကော၁ဝ အဇကာရဏာ။

ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။

ပရပါဏရောဓာ၊ သူ့အသက်ကို နှစ်သက်သောအမျိုး၌။ ဇီဝန္တော၊ အသက်ရှင်သော။ မံသလောဟိတဘောဇနော၊ အသားအသွေးကိုစားသော။ ဝကော၊ သစ်ကျုတ်သည်။ ဝတံ၊ သီလကို။ သမာဒါယ၊ ဆောက်တည်၍။ ဥပေါသထံ၊ ဥပုသ်ကို။ ဥပပဇ္ဇီ၊ သုံး၏။

ကက္ကော၊ သိကြားသည်။ တဿ၊ ထိုသစ်ကျုတ်၏။ ဝတံ၊ အကျင့်ကို။ အညာယ၊ သိသောကြောင့်။ အဇ္ဈုပေန၊ ဆိတ်၏အသွင်ဖြင့်။ ဥပဂမိ၊ ကပ်၏။ ဝိတတပေါ၊ ကင်းသော ဥပုသ်ရှိသည်ဖြစ်၍။ ဝကော၊ သစ်ကျုတ်သည်။ တံ၊ ထိုဆိတ်သို့။ အဇ္ဈုပဂ္ဂော၊ ကပ်လာ၏။ လောဟိတပေါ၊ သွေးကိုသောက်တတ်သော သစ်ကျုတ်သည်။ တပံ၊ ဥပုသ်ကို။ ဘဥ္ဇီ ယထာ၊ ဖျက်ဆီး၏သို့။

ဧဝမေဝ၊ ဤအတူသာလျှင်။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စေ၊ အချို့ကုန်သော သူတို့သည်။ သမာဒါနမ္ပိ၊ ဆောက်တည်အပ်သောကုသိုလ်၌။ ဒုဗ္ဗလာ၊ အားနည်းကုန်သည် ဖြစ်၍။ အဇကာရဏာ၊ ဆိတ်ဟူသောအကြောင်းကြောင့်။

www.dhammadownload.com

ဝကောဝ၊ သစ်ကျူဟ်ကဲ့သို့။ အတ္တာနုံ၊ မိမိကိုယ်ကို။ လဟုံ၊ ပေါ့သည်ကို။ ကရောန္တိ၊ ပြုကုန်၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ သိကြား ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဝမ်းရေးမလှ၊ စောင့်သိလ၊ ညီမျှသစ်ကျုတ်သာ)

ဆယ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဝကဇာတ်သည် ပြီး၏။

ဇောတဝတာ—

မင်္ဂလာဘူမိ ကိတ္တိဓေျ၊ ဝသတာ မန္ဒိရေ ရမ္မေ။
ဂုရုနာ မြမ္မဘာသာယ၊ ဝုတ္တဂန္ဓော ဂတော နိဋ္ဌံ။

ဇောတဝတာ၊ ဤမျှသောစကား၏အစဉ်ဖြင့်။ ရမ္မေ၊မွေ့လျော်ဘွယ်ရှိသော။ မင်္ဂလာဘူမိကိတ္တိဓေျ၊ မင်္ဂလာဘုံကျော် အမည်ရှိသော။ မန္ဒိရေ၊ အမရပုရရွှေမြို့ဇတ်တည် ဆင်ဖြူမျှားသျှင် တရားမင်းမြတ်၏ မိဖုယားမြတ်သည် ဆောက်အပ်သော ကျောင်းတော်၌။ ဝသတာ၊ သီတင်းသုံးနေသော။ ဂုရုနာ၊ ဆရာတော်သည်။ မြမ္မဘာသာယ၊ မြန်မာတိုင်းသူကို၏ အဆိုအမိန့်ဖြင့်။ ဝုတ္တဂန္ဓော၊ ဆိုအပ်သော ဝဂ်အားဖြင့် ၅-ပါး ဇာတ်အားဖြင့် ၅၀-ရှိသော တိကနိပါတ်ကျမ်းသည်။ နိဋ္ဌံ၊ ပြီးခြင်းသို့။ ဂတော၊ ရောက်ပြီ။

တိကနိပါတ်ဇာတ်ဝတ္ထု ပြီး၏။

www.dhammadownload.com

ငါးရာငါးဆယ် ဇာတ်ဝတ္ထု

စတုက္ကနိပါတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

၁- ကာလိင်္ဂဝင် ၁- ဒွိဇကာလိင်္ဂဇာတ်

လူဖြစ် လင်, ရဟန်းတွင် တပည့်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဝိဝရထိမာသံ ဒွါရံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ဒွိဇကာလိင်္ဂဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **လေးယောက်ကုန်သော ပရိပိုင်မိန်းမတို့၏ ရဟန်းပြုခြင်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဝေသာလီပြည်၌ ခုနစ်ထောင့် ခုနစ်ရာ့ ခုနစ်ယောက်ကုန်သော လိစ္ဆဝီမင်းသားတို့သည် နေကုန်သတတ်၊ ထိုခပ်သိမ်းကုန်သော မင်းတို့သည်လည်း မေးခြင်း, အတုံ့မေးခြင်းကို နှစ်သက်ကုန်၏၊ ထိုအခါ တယောက်သော ဝါဒငါးရာတို့၌ လိမ္မာသော နိဂဏ္ဌသည် ဝေသာလီသို့ ရောက်၏၊ ထိုလိစ္ဆဝီမင်းတို့သည် ထိုနိဂဏ္ဌအား ချီးမြှောက်ကုန်၏၊ ဤသို့သဘောရှိသော တယောက်သော နိဂဏ္ဌမသည်လည်း ရောက်လာ၏၊ လိစ္ဆဝီမင်းတို့သည် နှစ်ယောက်ကုန်သော နိဂဏ္ဌယောကျ်ား, နိဂဏ္ဌမိန်းမတို့ကိုလည်း မေးခြင်း, ဖြေခြင်း စကားကို ပြောဆိုစေကုန်၏၊ နှစ်ယောက်ကုန်သော သူတို့သည်လည်း အစ့မ်းသတ်တို့ တူသည်သာလျှင် ဖြစ်ကုန်၏၊ထို့နောင် လိစ္ဆဝီမင်းတို့အား ဤနှစ်ယောက်ကုန်သော သူတို့ကို စဲ၍ဖြစ်သောသားသည် လိမ္မာသည်

www.dhammadownload.com

ဖြစ်လတ္တံ့ဟု အကြံသည်ဖြစ်၏၊ အကြံဖြစ်၍ ထိုနှစ်ယောက်ကုန်သော နိဂဏ္ဌ မိန်းမ, နိဂဏ္ဌယောကျ်ားတို့အား ထိမ်းမြားခြင်းကို ပြု၍ အတူနေစေကုန်၏၊ ထိုအခါ ထိုနိဂဏ္ဌတို့အား သံဝါသကို စဲ၍ အစဉ်သဖြင့် သို့မဟုတ် သားတယောက် ဖွား၏၊ သို့တို့အား **သစ္စကာ** ဟူသောအမည်, **လောလာ** ဟူသောအမည်, **အဝခာရိကာ** ဟူသောအမည်, **ပဋိစ္ဆာဒါ** ဟူသောအမည်ကို မှည့်ကုန်၏၊ သားအား **သစ္စက**ဟူသော အမည်ကို မှည့်ကုန်၏၊ ထိုသားသို့မဟုတ် ငါးယောက်တို့သည်လည်း လိမ္မာသော အဖြစ်သို့ ရောက်ကုန်သည်ရှိသော် အမိအထံမှ ဝါဒငါးရာ, အဘအထံမှ ဝါဒငါးရာအားဖြင့် ဝါဒတထောင်ကို သင်ကုန်၏၊ မိဘတို့သည် သို့မဟုတ်အား တစုံတယောက်သောသူသည် သင်တို့၏ ဝါဒကို အကယ်၍ ဖျက်ဆီးနိုင်အံ့ ထိုသူ၏ခြေရင်းဦး အလုပ်အကျွေး ဖြစ်ရစ်ကြကုန်လော့၊ ရဟန်းဖြစ်သောသူသည် သင်တို့၏ဝါဒကို ဖျက်ဆီးနိုင်အံ့ ထိုရဟန်း၏ အထံ၌ ရဟန်းပြုရစ်ကြကုန်လောဟု ဆုံးမကုန်၏။

နောက်အဘို့၌ မိဘတို့သည် သေလွန်ကုန်၏၊ မိဘတို့သည် သေလွန်ကုန်သည်ရှိသော် သစ္စကနိဂဏ္ဌသည် ထိုဝေသာလီပြည်၌ လိစ္ဆဝီမင်းတို့အား အတတ်သင်လျက် နေ၏၊ နှမလေးယောက်တို့သည်ကား သပြေခက်ကို ကိုင်၍ ပုန္ဆာမေးခြင်း အကျိုးငှါ တမြို့မှသည် တမြို့သို့ လှည့်လည်ကုန်လတ်သော် သာဝတ္ထိပြည်သို့ရောက်၍ မြို့တံခါး၌ သပြေခက်ကိုစိုက်ထား၍ အကြင်သူသည် ငါတို့၏ ပုန္ဆာကို ဖြေခြင်းငှါ တတ်ကောင်း၏၊ လူဖြစ်စေ ရဟန်းဖြစ်စေ ထိုသူတို့သည် မြေမှုန့်စုကို ခြေတို့ဖြင့် ကြဲ၍ ခြေတို့ဖြင့်လျှင် သပြေခက်ကို နင်းစေသတည်းဟု သူငယ်တို့အား ဆို၍ ဆွမ်းခံအံ့သောငှါ မြို့သို့ ဝင်ကုန်၏၊ ထိုအခါ အရှင်သာရိပုတ္တရာသည် ကံမြက် မလှည်းရသေးသော အရပ်ကို တံမြက်လှည်း၍ ရေမရှိကုန်သော အိုးတို့၌ ရေခပ်၍ နာကုန်သော ရဟန်းတို့ကို လုပ်ကျွေး၍ နေမြင့်မှ သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်သည်ရှိသော် ထိုသပြေခက်ကိုမြင်၍ သူငယ်တို့ကို မေး၍ သူငယ်တို့သည် ထိုအကြောင်းကို ကြားကုန်သည်ရှိသော် အရှင်သာရိပုတ္တရာ မထေရ်သည် ထိုသူငယ်တို့ကိုသာလျှင် ဖျက်ဆီးစေ၍ အကြင်သူတို့သည် သစ်ခက်ကို ထားအပ်၏၊ ထိုသူတို့သည် ဆွမ်းစားကုန်ပြီးသည် ရှိသော် လာကုန်၍ ဇောတဝန်ကျောင်းတော် တံခါးမုခ်၌ ငါ့ကို ဖူးမြင်ကြစေကုန်ဟု သူငယ်တို့ကို ဆိုခဲ့ပြီး၍ မြို့သို့ ဆွမ်းခံဝင်၍ ဆွမ်းစားပြီးလတ်သော် ကျောင်းတံခါးမုခ်၌ နေတော်မူ၏၊ ထိုပရိဗိုဇ်မိန်းမတို့သည်လည်း ဆွမ်းခံရာမှ လာလတ်၍ သစ်ခက်ကိုနင်းသည်ကို မြင်၍ အဘယ်သူသည် ဤသစ်ခက်ကို နင်းသနည်းဟု

www.dhammadownload.com

မေး၏၊ အရှင်သာရိပုတ္တရာ မထေရ်သည် နင်း၏ဟုဆို၍ သင်တို့သည် မေးသော စကားဖြင့် အကယ်၍ အလိုရှိကုန်အံ့၊ ဇေတဝန်ကျောင်း တံခါးမုခ်သို့ သွားကြကုန်လော့ဟု သူငယ်တို့သည် ဆိုကြကုန်သည်ရှိသော် တဖန် မြို့သို့ ဝင်၍ လူများကို စည်းဝေး၍ ဇေတဝန်ကျောင်း တံခါးမုခ်သို့ သွား၍ အရှင်သာရိပုတ္တရာ မထေရ်အား ဝါဒတထောင်ကို မေးကုန်၏၊ အရှင်သာရိပုတ္တရာ မထေရ်သည် ဝါဒတထောင်ကို ဖြေ၍ ဤဝါဒမှ တပါး တစုံတခုကို သိကြကုန်သလောဟု မေး၏၊ အရှင် မသိပါကုန်ဟု ဆို၏၊ ငါသည်ကား သင်တို့အား တစုံတခုသော ပုစ္ဆာကို မေးအံ့ဟု ဆို၍ အရှင် မေးတော်မူလော့၊ သိကုန်သည် ရှိသော် ဖြေပါကုန်အံ့ဟု ဆို၏။

အရှင်သာရိပုတ္တရာ မထေရ်သည် တခုမည်သည်ကား အဘယ်နည်းဟု မေး၏၊ ထိုပရိဗိုဇ်မတို့သည် မသိကုန်၊ အရှင်သာရိပုတ္တရာမထေရ်သည် ဖြေ၏၊ ထိုပရိဗိုဇ်မိန်းမတို့သည် အရှင် အကျွန်ုပ်တို့အား ရှုံးခြင်း အရှင်ဘုရားအား အောင်ခြင်းသည် ဖြစ်၏ဟု ဆိုကုန်၏၊ ယခု အသို့ပြုကုန်လတ္တံ့နည်းဟု အရှင် သာရိပုတ္တရာမထေရ်သည် မိန့်တော်မူ၏၊ အရှင်ဘုရား အကျွန်ုပ်တို့၏ မိဘတို့သည် အကြင်လူသည် သင်တို့၏ ဝါဒကို အကယ်၍ ဖျက်ဆီးနိုင်အံ့၊ ထိုသူ၏ မယားဖြစ်ရစ်ကြကုန်၊ အကြင် ရဟန်းသည် အကယ်၍ ဖျက်ဆီးနိုင်အံ့၊ ထိုရဟန်း၏ အထံ၌ ရဟန်းပြုရစ်ကြကုန်ဟူ၍ အကျွန်ုပ်တို့အား အဆုံးအမကို ပေးအပ်ကုန်၏၊ အကျွန်ုပ်တို့သည် ရဟန်းပြုကုန်အံ့ဟု လျှောက်၏၊ အရှင်သာရိပုတ္တရာမထေရ်သည် ကောင်းပြီဟုဆို၍ ဥပဂုတ္တမထေရ်မ၏ အထံ၌ ရဟန်းပြုစေ၏၊ အလုံးစုံကုန်သော ရဟန်းမိန်းမတို့သည် မကြာမြင့်မီလျှင် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ အရှင်သာရိပုတ္တရာ မထေရ်သည် လေးယောက်ကုန်သော ပရိဗိုဇ်မိန်းမတို့၏ ကိုးကွယ်ရာဖြစ်၍ လေးယောက်ကုန်သော ပရိဗိုဇ်မိန်းမတို့ကို အရဟတ္တဖိုလ်သို့ ရောက်စေ၏ဟု စကားကို ဖြစ်စေကုန်၏၊ သင်္ဃာ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ယခုအခါအဘယ်မည်သောစကားဖြင့် စည်းဝေးကြကုန်သနည်းဟုမေးတော်မူလတ်၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌ သာလျှင် သာရိပုတ္တရာသည် ထိုမိန်းမတို့၏ ကိုးကွယ်ရာဖြစ်သည် မဟုတ်သေး၊ ရှေး၌လည်း ထိုမိန်းမတို့၏ ကိုးကွယ်ရာ ဖြစ်ဘူး၏၊ ယခုအခါ ရဟန်း၏ အဖြစ်ဟူသောအဘိသိက်ကို ပေး၏၊ ရှေး၌လည်း မင်းမိဖုယားအရာ၌ ထားဘူး၏ဟု မိန့်တော်မူ၍ ဆိတ်ဆိတ်

www.dhammadownload.com

နေတော်မူ၏၊ ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ကာလင်္ဂတိုင်း ဒန္တပုရမြို့၌ ကာလင်္ဂမင်းသည် မင်းပြုသည်ရှိသော် အဿကတိုင်း ပါဠလိမြို့၌ အဿကမင်းသည် မင်းပြု၏၊ ကာလင်္ဂမင်းသည် စစ်သည်ဗိုလ်ပါနှင့် ပြည့်စုံ၏၊ မိမိသည်လည်း ဆင်ပြောင်အားကို ဆောင်နိုင်၏၊ စစ်ထိုးဘက်ကိုမမြင်၊ ထိုကာလင်္ဂမင်းသည် စစ်ထိုးလို၍ အမတ်တို့အား ငါသည် စစ်ထိုးခြင်းငှါ အလိုရှိ၏၊ စစ်ထိုးဘက်ကို မမြင်၊ အသို့ပြုရအံ့နည်းဟု ဆို၏၊ အမတ်တို့သည် မြတ်သောမင်းကြီး တခုသော အကြောင်းဥပါယ်သည်ရှိ၏၊ ရှင်မင်းကြီး၏လေးယောက်ကုန်သော သွေးတို့သည် မြတ်သောအဆင်းကို ဆောင်ကုန်၏၊ ထိုလေးယောက်ကုန်သော သွေးတို့ကို တန်ဆာဆင်စေ၍ ယာဉ်ပေါင်းချုပ် စီးစေ၍ ဗိုလ်ပါအများခြံရုံလျက် ရှာ,နိုင်းမင်းနေပြည်တို့ကို လှည့်လည်စေ၍ အကြင်မင်းသည် ထိုမင်းသွေးတို့ကို ယူလိုအံ့၊ ထိုမင်းနှင့်တကွ စစ်ထိုးခြင်းကို ပြုကြကုန်အံ့ဟု ဆိုကြကုန်၏၊ ကာလင်္ဂမင်းသည် အမတ်တို့ဆိုင်း ပြုစေ၏၊ မင်းသွေးတို့သည် ရောက်တိုင်း ရောက်တိုင်းသော အရပ်၌ မင်းတို့သည် ကြောက်ခြင်းကြောင့် မင်းသွေးတို့အားမြို့သို့ပင်စိမ့်သောငှါ မပေးကုန်၊ လက်ဆောင်ကိုသာ ပို့စေ၍ မြို့ပဋ္ဌာန်လျှင် နေစေကုန်၏၊ ဤသို့ အလုံးစုံသော ဇမ္ဗူဒီပ်ကို လှည့်လည်၍ အဿကတိုင်း ပါဠလိမြို့သို့ ရောက်ကုန်၏၊ အဿကမင်းသည်လည်း မြို့တံခါးတို့ကို ပိတ်စေ၍ လက်ဆောင်ကို ပို့စေ၏၊ အဿကမင်း၏ နန္ဒိသေနအမည်ရှိသော အမတ်သည် ပညာရှိ၏၊ လိမ္မာ၏၊ အကြောင်း ဥပါယ်ကို သိ၏၊ ထိုနန္ဒိသေနအမတ်သည် ဤမင်းသွေးတို့သည် အလုံးစုံသော ဇမ္ဗူဒီပ်ကို လှည့်လည်၍ စစ်ထိုးဘက်ကို မရကုန်၊ ဤသို့ဖြစ်သည်ရှိသော် ဇမ္ဗူဒီပ်သည် အချည်းနှီးမည်သည်ဖြစ်၏၊ ငါသည်ကာလင်္ဂမင်းနှင့်တကွ စစ်ထိုးအံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုနန္ဒိသေန အမတ်သည် မြို့တံခါးသို့ သွား၍ တံခါးစောင့်ကို ခေါ်၍ ထိုမင်းသွေးတို့အား တံခါးကို ဖွင့်စိမ့်သောငှါ—

> ၁ ဝိဝရထိမာသံ ဒွါရံ၊ နဂရံ ပဝိသန္တု အရုဏရာဇ။
> သီဟေန သုသိဒ္ဓေန၊ သုရက္ခိတံ နန္ဒိသေနေန။

ဟူသော ရှေးဦးစွာသော ဂျိုဂါထာကို ဆို၏။

---

၁ ပေါတလိမြို့၌ (သီ)၊ ပေါတလမြို့၌ (သျှာ)

www.dhammadownload.com

ကွမာသံ၊ ဤမင်းသမီးတို့အား။ နဂရံ၊ မြို့သို့။ ပဝိသန္တု၊ ဝင်စေကုန်သတည်း။ အရုဏရာဇာဿ၊ အရုဏ မည်သောမင်း၏။ ဘီဟေန၊ ပုရိသသီဟဖြစ်သော။ သုသိဒ္ဓေန၊ ဆရာတို့သည် ကောင်းစွာဆုံးမအပ်ပြီးသော။ နန္ဒိသေနေန၊ နန္ဒိသေန မည်သော။ မယာ၊ ငါသည်။ ပေသိတာ၊ စေအပ်ကုန်သော။ တုမ္ဟေ၊ သင်တို့ သည်။ ဒုဂ်ရံ၊ တံခါးကို။ ဝိဝရထ၊ ဖွင့်ကြကုန်။

ထိုနန္ဒိသေနသည် ဤသို့ဆို၍ တံခါးကို ဖွင့်စေ၍ ထိုမင်းသမီးတို့ကို ယူ၍ အဿကမင်းအား ပေး၍ အရှင်မင်းကြီးတို့သည် မကြောက်ကြကုန်လင့် စစ်ထိုး သည်ရှိသော် ကျွန်ုပ်တို့ အောင်စေအံ့၊ ဤမင်းသမီးတို့သည် မြတ်သောအဆင်းကို ဆောင်ကုန်၏၊ မိဖုယားကြီး ပြုတော်မူပါလောဟု ဆို၍ ထိုမင်းသမီးတို့အား အဘိသိက်ကို ပေးစေ၍ မင်းသမီးတို့နှင့်တကွ လာကုန်သောသူတို့ကို သင်တို့သည် ပြန်ကြလေကုန်၊မင်းသမီးတို့အား အဿကမင်းသည် မိဖုယားအရာ၌ ထားသော အဖြစ်ကို သင်တို့မင်းအား ကြားလျှောက်ကြလေကုန်ဟု လွှတ်လိုက်၏၊ ထိုသူ တို့သည် ပြန်သွား၍ ကြားလျှောက်ကုန်၏၊ ကာလိင်္ဂမင်းသည် အဿကမင်းကား ငါ့အစ်မ်းကို မသိယောင်တကားဟုဆို၍ ထိုခဏ၌လျင် မျှားစွာသောစစ်သည်ဖြင့် ထွက်၏၊ နန္ဒိသေနသည် ကာလိင်္ဂမင်း၏ လာခြင်းကိုသိ၍ မိမိနိုင်ငံအပိုင်းအခြား၌ သာလျှင် နေစေ ငါတို့မင်း၏ နိုင်ငံအပိုင်းအခြားသို့ မကူးစေလင့် မင်းနှစ်ပါး တို့၏ တိုင်းနိုင်ငံအကြား၌ စစ်ထိုးခြင်းသည် ဖြစ်လတ္တံ့ဟု သတင်းစကားကို ပို့စေ၏၊ ကာလိင်္ဂမင်းသည် သတင်းစကားကို ကြား၍ မိမိနိုင်ငံအပိုင်းအခြား၌ သာလျှင် နေ၏၊ အဿကမင်းသည်လည်း မိမိနိုင်ငံ အပိုင်းအခြား၌ နေ၏၊ ထိုအခါ ဘုရားလောင်းသည် ရသေ့ပြု၍ ထိုမင်းနှစ်ပါးတို့ တိုင်းအကြား၌ ကျောင်းဆောက်၍ နေ၏၊ ကာလိင်္ဂမင်းသည် ရဟန်းမည်သည်ကား စိုးစဉ်း သိတတ်ကုန်၏၊ အသို့ဖြစ်အံ့သည်ကို အဘယ်သူ သိနိုင်အံ့နည်း၊ အဘယ်မင်း၏ အောင်ခြင်း အဘယ်မင်း၏ ရှုံးခြင်းသည် ဖြစ်လတ္တံ့နည်းဟု ရသေ့ကိုမေးအံ့ဟု မထင်ရှားသော အသွင်ဖြင့် ဘုရားလောင်းသို့ ကပ်၍ ပဋိသန္ထာရပြု၍ အရှင် ဘုရား ကာလိင်္ဂမင်း, အဿကမင်းတို့သည် စစ်ထိုးလိုကုန်၍ မိမိတို့၏ နိုင်ငံ အပိုင်းအခြား၌ တည်ကုန်၏၊ ထိုမင်းတို့တွင် အဘယ်မင်းသည် အောင်လတ္တံ့ နည်း အဘယ်မင်းသည် ရှုံးလတ္တံ့နည်းဟု မေး၏၊ ဘုန်းတန်းကြီးသော ဒါယကာ ငါသည် ဤအောင်ခြင်း ရှုံးခြင်းအဖြစ်ကို မသိ စင်စစ်သော်ကား သိကြားမင်း သည် ဤသို့ လာ၏၊ ထိုသိကြားမင်းကို ငါ့မေး၍ ဆိုအံ့ နက်ဖြန်မှ လာလောဟု ဆို၏၊ သိကြားမင်းသည်လည်း ဘုရားလောင်း၏အထံသို့လာ၍ နေ၏၊ ထိုအခါ

www.dhammadownload.com

ဘုရားလောင်းသည် သိကြားမင်းအား ထိုဒေကြောင်းကို မေး၏၊ အရှင်ဘုရား ကာလိင်္ဂမင်းသည် အောင်လတ္တံ့ အဿကမင်းသည် ရှုံးလတ္တံ့၊ ဤသို့သော ပဋ္ဌနိမိတ်သည်လည်း ထင်လတ္တံ့ဟု သိကြားဆို၏။

ကာလိင်္ဂမင်းသည် နက်ဖြန် လာလတ်၍ မေး၏၊ ဘုရားလောင်းသည်လည်း ကာလိင်္ဂမင်းအား ကြား၏၊ ထိုကာလိင်္ဂမင်းသည် အဘယ်မည်သော ပဋ္ဌနိမိတ် ဖြစ်လတ္တံ့နည်းဟု မမေးမူ၍သာလျှင် ငါ အောင်လတ္တံ့ဟု ဝမ်းမြောက်သဖြင့် သွား၏၊ တိုစကားသည် ပြန့်နှံ့၏၊ ထိုစကားကို ကြား၍ အဿကမင်းသည် နန္ဒိသေနကို ခေါ်၍ ကာလိင်္ဂမင်းသည် အောင်လတ္တံ့ ငါတို့သည် ရှုံးကုန်လတ္တံ့ အဘယ်သို့ ပြုအံ့နည်းဟု ဆို၏၊ နန္ဒိသေနသည် မြတ်သောမင်းကြီး အဘယ်မင်း၏ အောင်ခြင်း အဘယ်မင်း၏ ရှုံးခြင်းသည် ဖြစ်လတ္တံ့ဟု အဘယ်သူသိအံ့နည်း အရှင်မင်းကြီးတို့သည်မစိုးရိမ်ကုန်လင့်ဟု မင်းကိုနှစ်သိမ့်စေ၍ ဘုရားလောင်း အထံသို့ ဆည်းကပ်၍ ရှိခိုးလျက် တင့်အပ်လျောက်ပတ်စွာ နေ၏၊ အရှင်ဘုရား အဘယ်မင်းသည်အောင်လတ္တံ့ အဘယ်မင်းသည် ရှုံးလတ္တံ့နည်းဟု မေး၏၊ ကာလိင်္ဂမင်းသည် အောင်လတ္တံ့ အဿကမင်းသည် ရှုံးလတ္တံ့ဟု ဘုရားလောင်းဆို၏၊ အရှင်ဘုရား အောင်အံ့သော မင်း၏ ပဋ္ဌနိမိတ်သည် အသို့ဖြစ်လတ္တံ့နည်း၊ ရှုံးအံ့သောမင်း၏ ပဋ္ဌနိမိတ်သည် အသို့ဖြစ်လတ္တံ့နည်းဟု မေး၏၊ ဘုန်းတန်းကြီးသော ဒါယကာ အောင်အံ့သော မင်း၏ အစောင့် အရှောက် ဖြစ်သော နတ်သည် အလုံးစုံဖြူသော ဥသဘ ဖြစ်လတ္တံ့၊ ရှုံးအံ့သော မင်း၏ အစောင့်အရှောက် နတ်သည် အလုံးစုံမည်းသော ဥသဘ ဖြစ်လတ္တံ့၊ မင်းနှစ်ပါး တို့၏ အစောင့်အရှောက် နတ်တို့သည် စစ်ထိုး၍ အောင်ခြင်း ရှုံးခြင်းကို ပြုကုန်လတ္တံ့ဟု ဘုရားလောင်းသည် ဆို၏၊ နန္ဒိသေနသည် ထိုစကားကိုကြားလျှင် ထ၍ သွား၍ မင်း၏ အဆွေခင်ပွန်းဖြစ်ကုန်သော တထောင် အတိုင်းအရှည် ရှိကုန်သော သူရဲကြီးတို့ကို ခေါ်၍ အနီးရှိ တောင်သို့တက်၍ အချင်းတို့ သင်တို့သည် ငါတို့မင်းအား အသက်ကို ပေးအံ့သောငှါ တတ်နိုင် ကုန်လတ္တံ့လောဟု မေး၏၊ တတ်နိုင်ပါကုန်အံ့ဟု ဆိုကုန်၏၊ ထိုသို့ တပြီးကား ဤတောင် ကမ်းပါးပြတ်၌ ကိုယ်ကို ချကုန်လော့ဟု ဆို၏၊ ထိုသူရဲ တထောင်တို့သည် ချခြင်းငှါ အားထုတ်ကုန်၏၊ ထိုအခါ ထိုသူရဲတထောင်တို့ကို တားမြစ်၍ ဤတောင် ကမ်းပါးပြတ်၌ ကိုယ်ကို ချသဖြင့် ငါ အလိုမရှိပြီဟု ဆို၍ ငါတို့ မင်းအား ချစ်သောစိတ် ရှိကုန်လျက် မဆုတ်မနစ်ကုန်သည် ဖြစ်၍ စစ်ထိုးကြကုန်လောဟု ဆို၏၊ သူရဲတထောင်တို့သည် ဝန်ခံကုန်၏။

www.dhammadownload.com

ထိုအခါ စစ်ထိုးခြင်း ဖြစ်လတ်သော် ကာလိင်္ဂမင်းသည် ငါအောင်အံ့ဟု လုံ့လလျော့သော အဖြစ်သို့ ရောက်၏၊ ကာလိင်္ဂမင်း၏ ဗိုလ်ပါတို့သည်လည်း ငါတို့၏မင်းကြီးသည် အောင်အံ့ဟု လုံ့လလျော့သည်၏အဖြစ်သို့ ရောက်ကုန်၍ ဖဲ့ခြင်းကို မပြုမူ၍ အစုအစုဖြစ်ကုန်၍ အလိုအလျောက် သွားကြကုန်၏၊ ဝိရိယကို ပြုအပ်သော ကာလ၌ ဝိရိယကို မပြုကြကုန်၊ မင်းနှစ်ပါးတို့သည် မြင်းစီး၍ စစ်ထိုးကြကုန်အံ့ဟု တဦးသည် တဦးသို့ ချဉ်းကပ်ကြကုန်၏၊ မင်းနှစ်ပါးတို့၏ အစောင့်အရှောက် နတ်တို့သည် ရွှေမှလာကုန်၍ ကာလိင်္ဂမင်း၏ အစောင့်အရှောက်နတ်သည် အလုံးစုံဖြူသော ဥသဘ ဖြစ်၏၊ အဿကမင်း၏ အစောင့်အရှောက်နတ်သည် အလုံးစုံမည်းသော ဥသဘ ဖြစ်၏၊ ထိုနတ်တို့သည်လည်း တဦးသည် တဦးအား စစ်ထိုးအံ့သောငှါ အခြင်းအရာကို ပြုကုန်လျက် ချဉ်းကပ်ကြကုန်၏၊ ထိုဥသဘတို့သည်ကား မင်းနှစ်ပါးတို့အားသာလျှင် ထင်၏၊ တပါးသော သူတို့ကား မထင်ကုန်၊ နန္ဒိသေနသည် အဿကမင်းကို မြတ်သောမင်းကြီး သင်မင်းကြီးအား အစောင့်အရှောက်နတ်သည် ထင်၏လော ဟုမေး၏၊ ထင်၏ဟု ဆို၏၊ အဘယ်အခြင်းအရာဖြင့် ထင်သနည်းဟု မေး၏၊ ကာလိင်္ဂမင်း၏ အစောင့်အရှောက်နတ်သည် အလုံးစုံဖြူသော ဥသဘဖြစ်၍ ထင်၏၊ ငါ၏ အစောင့်အရှောက် နတ်သည် အလုံးစုံမည်းသော ဥသဘဖြစ်၍ ထင်၏၊ ဤသို့ ထင်၍ ညှိုးနွမ်းသည်ဖြစ်၍ တည်၏ဟု ဆို၏၊ မြတ်သောမင်းကြီး သင်မင်းကြီးတို့သည် မကြောက်ကုန်လင့် အကျွန်ုပ်တို့ အောင်စေကုန်အံ့၊ ကာလိင်္ဂမင်းသည် ရှုံးလတ္တံ့၊ သင်မင်းကြီးသည် မြင်း၏ကျောက်ကုန်းမှ သက်၍ ဤလှံကို ကိုင်၍ ကောင်းစွာ သင်အပ်ပြီးသော သိန္ဓောမြင်းကို ဝမ်း၏နံပါး၌ လက်ဝဲလက်ဖြင့် မြဲစွာဘက်ကိုင်၍ ဤသူရဲတထောင်နှင့် တကွ လျင်မြန်စွာ သွား၍ ကာလိင်္ဂမင်း၏ အစောင့်အရှောက်နတ်ကို လှံဖြင့်ထိုး၍ ကျစေကုန်လော့၊ထို့နောင်မှ တထောင်ကုန်သော အကျွန်ုပ်တို့သည် လှံတထောင်ဖြင့် ထိုးကုန်အံ့၊ ဤသို့ ထိုးအပ်သည်ရှိသော် ကာလိင်္ဂမင်း၏ အစောင့်အရှောက်နတ်သည် ပျက်စီးလတ္တံ့၊ထို့နောင်မှ ကာလိင်္ဂမင်းသည် ရှုံးလတ္တံ့၊ အကျွန်ုပ်တို့သည် အောင်ကုန်အံ့ဟု ဆို၏၊ အဿကမင်းသည် ဧကောင်းပြီဟု နန္ဒိသေနပေးသောအမှတ်ဖြင့်သွား၍ လှံဖြင့်ထိုး၏၊ သူရဲတထောင် ဖြစ်ကုန်သော အမတ်တို့သည်လည်း လှံတထောင်တို့ဖြင့် ထိုးကုန်၏၊ အစောင့် အရှောက်နတ်သည် ထိုအရပ်၌ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်၏၊ ထိုခဏ၌ သာလျှင် ကာလိင်္ဂမင်းသည် ရှုံး၍ ပြေး၏၊ ကာလိင်္ဂမင်း ပြေးသည်ကို မြင်၍ တထောင်ကုန်သော အမတ်တို့သည် ကာလိင်္ဂမင်း ပြေး၏ဟု ပဲ့တင်ထပ်အောင်

www.dhammadownload.com

ကြော်ငြာကုန်၏၊ ကာလိင်္ဂမင်းသည် သေဘေးဖြင့် ကြောက်၍ ပြေးလတ်သော် ထိုရဿေကို ဆဲရေးလိုရကား—

၂ ဇယော ကာလိင်္ဂါနု မသယ္ဟသာဟိနုံ၊
ပရာဇယော အနယော ံ အဿကာနုံ။
ဣစ္ဆေဝ တေ ဘာသိဘံ ဗြဟ္မစာရိ၊
နာဉ္ဇုဘူတာ ဝိတထံ ဘဏန္တိ။

ဟူသော နှစ်ခုမြောက်သော ဂျိဂါထာကို ဆို၏။

ဗြဟ္မစာရိ၊ မြက်သောအကျင့်ကို ကျင့်လေ့ရှိသောရဿေ။ တေ၊ သင်သည်။ အသယ္ဟသာဟိနုံ၊ သည်းခံနိုင်ခက်သော အရာတို့ကို သည်းခံခြင်းဌာ စွမ်းနိုင်ကုန်သော။ ကာလိင်္ဂါနုံ၊ ကာလိင်္ဂတိုင်းသားတို့အား။ ဇယော၊ အောင်ခြင်းသည်။ အနယော၊ ရောကအံ့။ အဿကာနုံ၊ အဿကတိုင်းသား တို့အား။ ပရာဇယော၊ ရှုံးခြင်းသည်။ အနယော၊ ရောက်အံ့။ ဣစ္ဆေဝ၊ ဤသို့လျှင်။ ဘာသိတံ၊ ဆိုအပ်၏။ ဉဇုဘူတာ၊ ဖြောင့်ကုန်သော သူတို့သည်။ ဝိတထံ၊ ချွတ်ယွင်းသောစကားကို။ န ဘဏန္တိ၊ မဆိုကုန်။

ဤသို့ ထိုကာလိင်္ဂမင်းသည် ရဿေကို ဆဲရေးလျက် ပြေး၍ မိမိမြို့သို့ လျှင်စွာသွား၏၊ ပြန်၍ကြည့်အံ့သောဌာ၌လည်း မဝံ့၊ ထို့နောင်မှ နှစ်ရက်သုံးရက်လွန်သဖြင့် သိကြားသည် ရဿေအထံသို့ လာ၏၊ ရဿေသည် သိကြားမင်းနှင့် တကွ စကားပြောလိုရကား—

၃ ဒေဝါ မုသာဝါဒမုပါတိဝတ္တာ၊
သစ္စံ ဓနံ ပရမံ ဇေဋ္ဌသက္က ၂။
တံ တေ မုသာ ဘာသိတံ ဒေဝရာဇ၊
ကိံ ဝါ ပဋိစ္စ မဃဝါ မဟိန္ဒ။

ဟူသော သုံးခုမြောက်ဖြစ်သော ဂျိဂါထာကို ဆို၏။

သက္က၊ သိကြားမင်း။ ဒေဝါ၊နတ်တို့သည်။မုသာဝါဒံ၊မုသာဝါဒကို။ ဥပါတိဝတ္တာ၊လွန်ကုန်၏မဟုတ်လော။ ဇေဋ္ဌ၊ထိုနတ်တို့၌။ သစ္စံ၊မှန်သောစကားသည်။

---

၁ အဇယော (သျှာ)၊ အန္ဓိတော (က)
၂ သစ္စ တထံ ပရမံ ကရံ နု သက္က (သျှာ)

www.dhammadownload.com

ပရမံ၊မြတ်သော။ ဓနံ၊ ဥစ္စာမည်၏။ ဒေဝရာဇာ၊ နတ်မင်း။ တေ၊သင်သည်။ တံ၊ ထိုစကားကို။မုသာ၊မဟုတ်မမှန်သဖြင့်။ ဘာသိတံ၊ဆိုအပ်၏။ မဃဝါ၊မဃအာနုယ် ဖြစ်သော။မဟိန္ဒ၊သိကြားမင်း။ ကိံ ဝါ၊အဘယ်ကိုမူလည်း။ပဋိစ္စ၊ စွဲ၍။ မုသာ၊ ချုတ်ယွင်းသောစကား။ တယာ၊သင်သည်။ ဘာသိတံ၊ ဆိုအပ်သနည်း။

ထိုစကားကိုကြား၍ သိကြားသည်-

၄ နနု တေ သုတံ ဗြာဟ္မဏာ ဘဉ္ဉမာနေ၊
ဒေဝါန ဣသန္တိ ပုရိသပရက္ကမဿ။
ဒမော သမာဓိမနသော အဘေဇ္ဇော၊
အဗျဂ္ဂတာ နိက္ကမနဉ္စ ကာလေ။
ဒဋ္ဌဉ္စ ဝရိယ ပုရိသပရက္ကမော စ၊
တေနေဝ အာသိ ဝိဇယော အဿကာနံ။

ဟူသော လေးခုမြောက်သော ဂျိဂါထာကို ဆို၏။

ဗြာဟ္မဏ၊ အရှင်ရဿေ့။ ဘဉ္ဉမာနေ၊ ဆိုအပ်သည်ရှိသော်။ ဒေဝါ၊ နတ်တို့သည်။ ပုရိသပရက္ကမဿ၊ယောကျ်ားတို့၏လုံ့လအား။ နဣသန္တိ၊ မငြူစူကုန်။ ဣဒံ ဝစနံ၊ ဤစကားကို။ တေ၊ သင်သည်။ သုတံ နနု၊ ကြားဘူးသည် မဟုတ်လော။ အဿကာနံ၊အဿကတိုင်းသား‌တို့အား။ ဒမော စ၊ ကိုယ်ကိုဆုံးမခြင်း သည်ရင်း။ မနသော၊ စိတ်၏။ အဘေဇ္ဇော၊ မကဲ့မပြိုသော်။ သမာဓိ စ၊ သမာဓိ သည်ရင်း။ ကာလေ၊ အဿကမင်း လုံ့လပြုသော ကာလ၌။ အဗျဂ္ဂတာ၊ပျံ့လွင့်ခြင်းမရှိသော အဖြစ်ဖြင့်။ နိက္ကမနဉ္စ၊ ထွက်ခြင်းသည်ရင်း။ ပုရိသပရက္ကမော၊ ယောကျ်ားတို့၏ အားထုတ်ခြင်းဟု ဆိုအပ်သော။ ဒဋ္ဌံ၊ မြဲမြံ တည်ကြည်စွာသော။ ဝီရိယဉ္စ၊ ဝီရိယရှိသည်ရင်း။ အဟောသိ ဖြစ်၏။ တေနေဝ၊ ထို့ကြောင့် သာလျှင်။ အဿကာနံ၊ အဿကမင်းတို့အား။ ဝိဇယော၊ အောင်ခြင်းသည်။ အာသိ၊ ဖြစ်၏။

ကာလိင်္ဂ်မင်း ပြေးသည်ရှိသော် အဿကမင်းသည် ပျက်စီးသည်ကို ယူခဲ့စေ၍ မိမိမြို့သို့ သွား၏၊ နန္ဒိသေနသည် ဤလေးယောက်ကုန်သော မင်းသွေးတို့၏ အမွေအစုကို ပို့လာစေ၊ အကယ်၍ မပို့စေငြားအံ့၊ ပြုအပ်သောအမှုကို ပြုအံ့ဟု ကာလိင်္ဂ်မင်းသို့ သတင်းကြားစေ၏၊ ကာလိင်္ဂ်မင်းသည် သတင်းစကား

www.dhammadownload.com

ကို ကြား၍ အလွန်ကြောက်လန့်ရကား မင်းသမီးတို့သည် ရသင့်သောအမွေကို ပို့စေ၏၊ ထိုအခါမှစ၍ မင်းနှစ်ပါးတို့သည် ညီညွတ်စွာ နေကုန်၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤမမဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဤရဟန်းမိန်းမငယ်တို့သည် ထိုအခါ ကာလိင်္ဂမင်း၏ သမီးတို့ ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ နန္ဒိသေနအမတ်ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ရသေ့ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဗိုလ်ပါရုံရွှေ၊စည်းကမ်းသေ၍၊စိတ်နေကြိုးခိုင်၊သက်စွန့်တိုင်သား၊ လွန်ကြိုးစား၍၊ အောင်သားအောင်သေ၊ သောက်နိုင်ပေရှင့်)

ရွှေးဦးစွာသော စူဠကာလိင်္ဂဇာတ်သည် ပြီး၏။

၂-မဟာအဿာရောဟဇာတ်

မင်း နှင့် တောတွင်းသား

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမဇတ် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အဒေယျသုဒဒံ ဒါနံ" အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဟာအဿာရောဟဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေဇတ်မူစဉ် **အရှင်အာနန္ဒာမထေရ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ (ပစ္စုပ္ပန်ဝတ္ထုကို အောက်၌ဆိုအပ်ပြီ) ဤမဟာအဿာရောဟဇာတ်၌လည်း ရှေးပညာရှိတို့သည်လည်း မိမိအား ကျေးဇူးပြုသည်၏ အစွမ်းအားဖြင့် သာလျှင် ကျေးဇူး ပြုဘူးကုန်၏သို့ ဟောတော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဘုရားလောင်းသည် ဗာရာဏသီမင်း ဖြစ်၍ တရားသဖြင့် မင်းပြု၏၊ အလှူပေး၏၊ သီလဆောက်တည်၏၊ထိုဗာရာဏသီမင်းသည် ခိုးသူဖျက်ဆီးသော ပစ္စန္တရစ်ကို ငြိမ်းစေအံ့ဟု ဗိုလ်ပါစစ်သည် ခြံရုံ၍

(၄၅၆) ။ဂုဏ်ထိခိုးကြောင့်ဒုစရိုက်ခံနေရပုံ၊ ပြောဆိုကျင့်ကြံရာတွင်သတိပြုရန်



www.dhammadownload.com

www.dhammadownload.com

သွား၏ စစ်ရှုံးလျှင်မြင်းစီး၍ပြေးသည်ရှိသော် တခုသောပစ္စန္တရစ်ရွာသို့ရောက်၏၊ ထိုပစ္စန္တရစ်၌ သုံးကျိပ်ကုန်သော မင်းခစား ယောကျ်ားတို့သည် နေကြကုန်၏၊ ထိုမင်းခစား ယောကျ်ားတို့သည် စောစောကသာလျှင် ရှာလယ်၌ စည်းဝေးကြကုန်၍ ရှာကိစ္စကိုပြုကြကုန်၏၊ ထိုခဏ၌မင်းသည် ချပ်မိန်တို့ဖြင့် ဆင်အပ်သော မြင်းကိုစီး၍ တန်ဆာဆင်ယင်လျက် ရှာတံခါးမှ ရှာတွင်းသို့ဝင်၏၊ ထိုရွာသားတို့သည် အကြောင်းအသို့တုံနည်းဟု ကြောက်ကုန်ရကား ပြေး၍ မိမိ မိမိတို့၏ အိမ်သို့ ဝင်ကြကုန်၏၊ ထိုလူတို့တွင် တယောက်သော သူသည်ကား မိမိအိမ်သို့ မသွားမူ၍ မင်းအား ခရီးဦးကြိုဆိုခြင်းကို ပြု၍ ကျွန်ုပ်တို့မင်းသည် ပစ္စန္တရစ်သို့ သွားသည်ဟု ကြား၏၊အဆွေသည် အဘယ်သူနည်း မင်းချင်းယောကျ်ားလော့ ခိုးသူယောကျ်ားလော့ဟု မေး၏၊ အဆွေ အကျွန်ုပ် မင်းချင်း ယောကျ်းတည်းဟု ဆို၏၊ ထိုသို့တပြီးကား လာကုန်လော့ဟု မင်းကို အိမ်သို့ ဆောင်၍ မိမိအင်းပျဉ်၌ နေစေ၍ ရှင်မ လာလော့ အဆွေခင်ပွန်း၏ခြေတို့ကိုဆေးမလော့ဟု မယားကိုဆို၍ မင်း၏ခြေတို့ကို ဆေးစေ၍ မိမိ၏အစွမ်းအားလျော်ပတ်သဖြင့် အာဟာရကို ပေး၍ အတန်ငယ် ပင်ပန်းဖြေကုန်လော့ဟု အိပ်ရာကို ခင်း၏၊ မင်းသည် အိပ်၏၊ အိမ်ရှင်သည် မြင်း၏ ကိုယ်တန်ဆာတို့ကို ဖြေ၍ ဆိုမှ ဤမှ သွား၍ ရေသောက်စေ၍ ကျောက်ကို ဆီလူး၍ မြက်ကို ပေး၏၊ ဤသို့ သုံးလေးရက် မင်းကို လုပ်ကျွေး၍ အဆွေ ကျွန်ုပ် သွားအံ့ဟု ဆိုသော် တဖန် မင်းအားငင်း မြင်းအားငင်း ပြုအပ်သော အလုံးစုံသောအမှုကို ပြု၏၊ မင်းသည် နှစ်သက်၍ သွားသည်ရှိသော် အဆွေ ကျွန်ုပ်သည် မြင်းစီးကြီးမည်၏၊ မြို့လယ်၌ ကျွန်ုပ်အိမ်ရှိ၏၊ တစုံတခုသော ကိစ္စကြောင့် မြို့သို့လာသော် တောင်တံခါး၌ ရပ်၍ တံခါးစောင့်ကို မေး၍ တံခါးစောင့်ကို ခေါ်၍ လာလော့ဟု ဆို၍ ဖဲသွား၏။

ဗိုလ်ပါအပေါင်းသည်လည်း မင်းကိုမတွေ့၍ မြို့ပ၌ သစ်ခက်တပ် တည်၍ နေလျက် မင်းကိုမြင်၍ ခရီးဦးကြိုဆို၍ခြံရံ၏၊ မင်းသည် မြို့သို့ ဝင်လတ်သော် တံခါးကြား၌ ရပ်၍ ·တံခါးစောင့်ကို ခေါ်၍ လူများကိုဖဲစေ၍ အမောင် တယောက်သော ပစ္စန္တရစ်ရွာသားသည် ငါ့ကို မြင်လိုသည်ဟု လာ၍ မြင်းစီးကြီးအိမ် အဘယ်မှာနည်းဟု မေးလတ္တံ့ ထိုပစ္စန္တရစ်ရွာသားကို သင်သည် လက်၌ကိုင်၍ ဆောင်၍ ငါ့ကို ပြလာလှည့်လော့ ထိုအခါ သင်သည် တထောင်သော ဥစ္စာကို ရလတ္တံ့ဟု ဆို၏၊ ထိုပစ္စန္တရစ်ရွာသားသည် မြို့သို့ မလာသည်ရှိသော် မင်းသည် ထိုယောကျ်ားနေသော ရွာ၌ အခွန်ကို တောင်း၏၊ ဤသို့

www.dhammadownload.com

အခွန် တောင်းသော်လည်း ထိုယောကျ်ားသည် မလာ၊ ဤအတူ နှစ်ကြိမ် သုံးကြိမ် အခွန် တောင်းစေ၏၊ ထိုယောကျ်ားသည်ကား မလာ၊ ထိုအခါ ထိုယောကျ်ားကို ရှာသားတို့သည် စည်းဝေး၍ အရှင် သင်၏ အဆွေခင်ပွန်း မြင်းစီးကြီးလာသော ကာလမှစ၍ အခွန်ဖြင့် နှိပ်စက်သည်ဖြစ်၍ ငါတို့သည် ဦးခေါင်းကို ချိအံ့သောငှါ မတတ်နိုင်ကုန်၊ အရှင်သည် သွားပါချေ၊ အရှင်၏ အဆွေခင်ပွန်း မြင်းစီးကြီးအား ဆို၍ ငါတို့အား အခွန်ကို လွှတ်ပါစေလော့ဟု ဆိုကုန်၏၊ ထိုယောကျ်ားသည် ကောင်းပြီ သွားအံ့ အကျန်ုပ်သည် လက်ချည်း သက်သက် သွားခြင်းငှါ မတတ်ကောင်း၊ အကျန်ုပ်၏ အဆွေ ခင်ပွန်းအား သားငယ် နှစ်ယောက်တို့သည် ရှိကုန်၏၊ ထိုသားငယ်တို့ကိုငင်း အဆွေခင်ပွန်း၏ မယားကိုငင်း အဆွေခင်ပွန်းကိုငင်း အဝတ်အရုံ တန်ဆာတို့ကို စီရင်ကြကုန်လော့ဟု ဆို၏၊ ကောင်းပြီ -စီရင်အံ့ဟု ထိုရှာသားတို့သည် အလုံးစုံသော လက်ဆောင်ကို စီရင်ကြကုန်၏။

ထိုယောကျ်ားသည် ထိုလက်ဆောင်ကိုငင်း မိမိအိမ်၌ ကြော်အပ်သော မုံ့ကိုငင်း ယူပြီးလျှင် မြို့သို့သွား၍ တောင်တံခါးသို့ ရောက်၍ တံခါးစောင့်ကို အဆွေ တံခါးစောင့် မြင်းစီးကြီးအိမ် အဘယ်မှာနည်းဟု မေး၏၊ ထိုတံခါးစောင့်သည် လာလော့ ပြအံ့ဟု ထိုယောကျ်ားကို လက်၌ကိုင်၍ မင်းအိမ်တံခါးသို့ သွား၍ တံခါးစောင့်သည် တယောက်သော ပစ္စန္တရစ်ရှာသားကို ယူ၍ လာ၏ဟု ကြားလျှောက်စေ၏၊ မင်းသည် ထိုစကားကို ကြား၍ နေရာမှထ၍ ငါ၏အဆွေခင်ပွန်းသည်ငင်း အဆွေခင်ပွန်းနှင့် အတူလာကုန်သော သူတို့သည်ငင်း ဝင်စေကုန်ဟုဆို၍ ခရီးဦးကြို၍ပို့၍ ချစ်ခြင်းကိုထင်စေ၍ ကျန်ုပ်၏ အဆွေခင်ပွန်းမသည်ငင်း သူငယ်တို့သည်ငင်း ရောဂါကင်းကြပါကုန်၏လောဟု မေး၍ လက်၌ကိုင်၍ မြတ်သောပြာသာဒ်အပြင်သို့တက်၍ထီးဖြူအောက် ရာဇပလ္လင်၌နေစေ၍ မိဖုယားကြီးကိုခေါ်စေ၍ ရှင်မိဖုယားကြီး အဆွေခင်ပွန်း၏ ခြေတို့ကို ဆေးလော့ဟုဆို၏၊ မိဖုယားသည် ထိုပစ္စန္တရစ်ရှာသား၏ ခြေတို့ကို ဆေး၏၊ မင်းသည် ရွှေကရားဖြင့် ရေသွန်း၏၊ မိဖုယားသည်လည်း ခြေတို့ကို ဆေး၍ နှံ့သာဆီဖြင့် လိမ်း၏၊ မင်းသည် အဆွေ တစုံတခု ငါတို့ဘို့ ခဲဘွယ် ပါသလောဟု မေး၏၊ထိုယောကျ်ားသည် ပါ၏ဟု အိတ်မှ မုံ့တို့ကိုထုတ်၏၊ မင်းသည် ရွှေခွက်ဖြင့် ခံ၍ ထိုယောကျ်ားအား သင်္ဂြိဟ်ခြင်းကို ပြုလိုသည်ဖြစ်၍ ငါ၏ အဆွေခင်ပွန်း ဆောင်ခဲ့သော ခဲဘွယ်ကို စားကြဟု မိဖုယားကိုငင်း အမတ်တို့ကိုငင်း စားစေ၍ မိမိလည်း စား၏၊ ပစ္စန္တရစ် ရှာသားသည် တပါးသော လက်ဆောင်ကိုလည်း ပြ၏၊

www.dhammadownload.com

မင်းသည် ထိုယောကျ်ားအား ချီးမြှောက်အံ့သောငှါ ကာသိကအဝတ်တို့ကို ပယ်၍ ထိုပစ္စန္တရစ်ရွာသားသည် ဆောင်ခဲ့သော ပုဆိုးစုံကို ဝတ်၏၊ မိဖုယားသည်လည်း ကာသိကအဝတ်ကိုဌင်း တန်ဆာတို့ကိုဌင်း ပယ်၍ ထိုပစ္စန္တရစ်ရွာသားသည် ဆောင်ခဲ့သော အဝတ်ကို ဆင်၏။

ထိုအခါ ပစ္စန္တရစ် ရွာသားကို မင်းသည် မင်းအားထိုက်သော ဘောဇဉ်ကို စားစေ၍ တယောက်သော အမတ်ကို သွားခေျ သင်သည် ဤသူအား ငါ့ကို ပြုပြင်သောနည်းဖြင့် မုတ်ဆိတ်ဆံကို ပြုပြင်ခစ၍ နှံသာရေဖြင့် ရေချိုးစေ၍ တသိန်းထိုက်သော ကာသိကအဝတ်ကိုဝတ်စေ၍ မင်း၏တန်ဆာဖြင့် တန်ဆာဆင်စေ၍ ဆောင်ခဲ့ဟု စေ၏၊ ထိုအမတ်သည် မင်းစေတိုင်းပြု၏၊ မင်းသည် စည်လည်စေ၍ အမတ်တို့ကိုစည်းဝေးစေ၍ ထီးဖြူ၏ အလယ်၌ ဟင်းပြဒါးစစ်ဖြင့် ဆိုးသော မျှဉ်းကြိုးကိုချစေ၍ ထက်ဝက်သော မင်းအဖြစ်ကို ပေး၏၊ ထိုအခါ မှစ၍ ထိုနှစ်ယောက်ကုန်သော မင်းတို့သည် တကွနက်လျှင် စားသောက်ကြကုန်၏၊ အိပ်ကြကုန်၏၊ အကျမ်းဝင်ခြင်းသည် အလွန်မြဲမြံ၏၊ တစုံတယောက်သော သူသည်လည်း မဖျက်ဆီးနိုင်၊ ထိုအခါ ထိုယောကျ်ား၏ သားမယား တို့ကိုလည်း ခေါ်စေ၍ မြို့တွင်း၌ အိမ်ကို ဆောက်စေ၍ ပေး၏၊ ထိုမင်းနှစ်ယောက်တို့သည် အညီအညွတ် ဝမ်းမြောက်ကုန်သည်ဖြစ်၍ မင်းပြုကုန်၏။

အမတ်တို့သည် အမျက်ထွက်၍ မင်းသားကို အရှင်မင်းသား တယောက်သော သူကြွယ်အား ထက်ဝက်သော မင်းအဖြစ်ကို ပေး၍ ထိုသူကြွယ်နှင့်တကွ စား၏ သောက်၏ အိပ်၏၊ သူငယ်တို့ကိုလည်း ရှိခိုးစေ၏၊ မင်းပြုအပ်သော အမှုကို အကျနှုပ်တို့သည်မသိပါကုန်၊မင်းသည် အသို့ပြုသနည်း၊ အကျနှုပ်တို့သည် ရှက်ကုန်၏ဟု သင်မင်းသားသည် မင်းအား ဆိုပါလေ့ဟု ဆိုကုန်၏၊ မင်းသားသည် ကောင်းပြီဟု ဝန်ခံ၍ ထိုအလုံးစုံသော စကားကို မင်းအား ကြား၍ မြတ်သောမင်းကြီး ဤသို့မပြုလင့်ဟု ဆို၏၊ အမောင် ငါစစ်ရုံး၍ အဘယ်၌နေသနည်းဟု စင်စစ် သိကုန်၏လောဟု ဆို၏၊ မြတ်သောမင်းကြီး မသိကုန်ဟု မင်းသားဆို၏၊ ငါသည် ထိုယောကျ်ား၏ အိမ်၌နေလျက် ရောဂါကင်း၍ လာ၍ မင်းပြုရ၏၊ ဤသို့ငါ့အား ကျေးဇူးပြုသောသူအား အဘယ်ကြောင့်စည်းစိမ်ကို မပေးဘဲ ရှိရအံ့နည်းဟု ဆို၍ ဘုရားလောင်းသည် အမောင် အကြင်သူသည် မပေးအပ်သောသူအား ပေး၏၊ ပေးအပ်သင့်သောသူအား မပေး၊ ထိုသူသည် ဘေးရန်သို့ရောက်၍ တစုံတခုကျေးဇူးပြုသောသူကိုလည်း မရဟု ပြလိုရကား–

www.dhammadownload.com

၅ အဒေယျသု ဒဒံ ဒါနံ၊ ဒေယျသု နပ္ပဝေစ္ဆတိ။
အာပါသု ဗျသနံ ပတ္တော၊ သဟာယံ နာဓိဂစ္ဆတိ။

၆ အဒေယျသု ဒဒံ ဒါနံ၊ ဒေယျသု ယော ပဝေစ္ဆတိ။
အာပါသဲ့ ဗျသနံ ပတ္တော၊ သဟာယမဓိဂစ္ဆတိ။

၇ သညောဂ သမ္ဘောဂ ဝိသေသဒဿနံ၊
အနရိယ မမ္မေသု သဒ္ဒေသု နဿတိ။
ကတဉ္ဉု အရိယေသု စ အဇ္ဇဝေသု၊
မဟပ္ဖလံ ဟောတိ အဏုမ္ပိ တာဒိသု။

၈ ယော ပုဗ္ဗေ ကတကလ္လာဏော၊ အကာ လောကေ သုဒုက္ကရ။
ပစ္ဆာ ကယိရ နဝါ ကယိရ၊ အစ္စန္တံ ပူဇနာရဟော။

ဟူသော ဤဂါထာတို့ကို ဆို၏။

တာတ၊ ဗာရာဏသီမောင်။ ယော၊ အကြင်သူသည်။ အဒေယျသု၊ မပေးအပ်ကုန်သော သူဟူအားဟု ဒါနံ၊ အလျှကို။ ဒဒံ၊ ပေးတတ်၏။ ဒေယျသု၊ ပေးအပ်ကုန်သော သူတို့အား။ နပ္ပဝေစ္ဆတိ၊ ပေး၏။ အာပါသု၊ ဘေးရန်ဖြစ်ကုန်လတ်သော်။ သော၊ ထိုသူသည်။ ဗျသနံ၊ ပျက်စီးခြင်းသို့။ ပတ္တော၊ ရောက်သည်ရှိသော်။ သဟာယံ၊ အဆွေခင်ပွန်းကို။ နာဓိဂစ္ဆတိ၊ မရ။

ယော၊ အကြင်သူသည်။ အဒေယျသု၊ မပေးအပ်ကုန်သော သူတို့အား။ ဒါနံ၊ အလျှကို။ နဒဒံ၊ မပေး။ ဒေယျသု၊ ပေးအပ်ကုန်သော သူတို့အား။ ပဝေစ္ဆတိ၊ ပေး၏။ အာပါသု၊ ဘေးရန်ဖြစ်ကုန်လတ်သော်။ သော၊ ထိုသူသည်။ ဗျသနံ၊ ပျက်စီးခြင်းသို့။ ပတ္တော၊ ရောက်သည်ရှိသော်။ သဟာယံ၊ အဆွေခင်ပွန်းကို။ အဓိဂစ္ဆတိ၊ ရ၏။

အနရိယဓမ္မေသု၊ မသူတော်တို့၏ အကျင့်ရှိကုန်သော။ သဒ္ဒေသု၊ စဉ်းလဲကုန်သော သူတို့၌။ ကတံ၊ ပြုအပ်သော။ သညောဂ သမ္ဘောဂ ဝိသေသဒဿနံ၊ အတူတကွ ပေါင်းဘော်ခြင်း အတူတကွ သုံးဆောင်ခြင်း၏ ကျေးဇူးအထူးကို မြင်ရခြင်းသည်။ နဿတိ၊ ပျက်စီး၏။ အရိယေသု၊ မြတ်ကုန်သော။ အဇ္ဇဝေသု၊ ဖြောင့်မတ်ကုန်သော။ တာဒိသု၊ ထိုသို့ သဘောရှိကုန်သော သူတို့၌။ အဏုမ္ပိ၊

www.dhammadownload.com

အနည်းငယ်လည်း ဖြစ်သော။ ကတံ၊ ပြုအပ်သော ကျေးဇူးသည်။ မဟပ္ပလုံ၊ အကျိုးကြီးသည်။ ဟောတိ၊ ဖြစ်၏။

ယော၊ အကြင်သူသည်။ ပုဗ္ဗေ၊ ရှေး၌။ ကတကလ္လာဏော၊ ကျေးဇူးကို ပြု၍။ လောကေ၊ လောက၌။ သုဒုက္ကရံ၊ အလွန်ပြုနိုင်ခဲသော အမှုကို။ အကာ၊ ပြု၏။ သော၊ ထိုသူသည်။ ပစ္ဆာ၊နောက်ကာလ၌။ ကယိရာ ဝါ၊ ကျေးဇူးပြုသည်မှုလည်း ဖြစ်စေ။ န ကယိရာ ဝါ၊ ကျေးဇူးမပြုသည်မှုလည်း ဖြစ်စေ။ အစ္ဆန္နံ၊ စင်စစ်။ ပုဏ္ဏဇနာရဟော၊ ပုဏ္ဏဇော်ခြင်းကို ခံထိုက်၏။

ဤစကားကို ကြား၍ အမတ်တို့သည်၎င်း မင်းသားသည်၎င်း တစုံတခု သော စကားကို မဆို။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤမမွေးဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ပစ္စန္တရစ်ရွာသား ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကျေးဇူးတုံ့မှု၊ ပြုထိုက်သူအား၊ ပြု၍ထား၊ ရန်ကားကြိုမှေ့ ကယ်သူတွေ့၏)

နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော မဟာအဿာရောဟဇာတ်သည် ပြီး၏။

၃-ကေရာဇာတ်

တရားစောင့်သောမင်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အနုတ္တရေ ကာမဂုဏေ သမိဒ္ဓေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ ကေရာဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **မထင်ရှားသော ဧကာသလမင်းကို ခစားသောအမတ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ (ပစ္စုပ္ပန်ဝတ္ထုကိုအောက် **သေယျဇာတ်**[1]၌ ဆိုအပ်ပြီ) ဤကေရာဇာတ်၌ကား သဗ္ဗညူ မြတ်စွာဘုရား

---

၁ သေယျဇာတ်သည် ဒုကနိပါတ်၌ ပါသည်။

www.dhammadownload.com

သည် ဒါယကာ သင်သည်သာလျှင် အကျိုးမဲ့ခြင်းဖြင့် အကျိုးကို ဆောင်သည် မဟုတ်သေး၊ ရှေးပညာရှိတို့သည်လည်း မိမိ အကျိုးမဲ့ခြင်းဖြင့် အကျိုးကို ဆောင်ဘူးကုန်သည် သလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင် တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသော အခါ ဗာရာဏသီ မင်း၏ အမတ်သည် နန်းတွင်း၌ ပြစ်မှား၏၊ မင်းသည် ပစ္စက္ခအားဖြင့်သာလျှင် ထိုအမတ်၏အပြစ်ကို မြင်၍ အမတ်ကို တိုင်းနိုင်ငံမှ နှင်ထုတ်စေ၏၊ ထိုအမတ်သည် ဒုဗ္ဘိသေန မည်သော ကောသလမင်းကို ခစား၏၊ (အလုံးစုံသော စကားကို **မဟာသီလဝ** ဇာတ်၌ ဆိုအပ်ပြီးသလျှင်ကတည်း) ဤ ကေရာဇဇာတ်၌ကား ဒုဗ္ဘိသေန မင်းသည် မြတ်သော ပြာသာဒ်အပြင်ဝယ် အမတ်တို့၏ အလယ်၌ နေသော ဗာရာဏသီမင်းကို ဘမ်း၍ ဆိုင်း၌ ထည့်စေ၍ မြောက်တံခါးခုံ၌ ဦးစောက် ဆွဲစေ၏၊ ဗာရာဏသီမင်းသည် ခိုးသူမင်းကို အာရုံပြုလျက် မေတ္တာကိုပွားစေ၍ ကသိုဏ်းပရိကံကိုပြု၍ ဈာန်ကိုဖြစ်စေ၏ အနှောင်အဖွဲ့သည်ပြတ်၏ ထို့နောင် မင်းသည် ကောင်းကင်၌ ထက်ဝယ်ဘွဲ့သဖြင့် နေ၏၊ ခိုးသူမင်း၏ကိုယ်၌ ပူပြင်း ခြင်းသည်ဖြစ်၍ ပူ၏ ပူ၏ဟု မြည်၌ ထိုမှ ဤမှ လူးလဲ၍ အဘယ်အမှုနည်းဟု ဆိုလတ်သော် မြတ်သောမင်းကြီး သင်မင်းကြီးတို့သည် ဤသို့သဘောရှိသော ဓာရုံးစောင့်သော အပြစ်မရှိသောမင်းကို မြောက်တံခါးခုံ၌ ဦးစောက်ဆွဲစေကုန်၏ဟု ဆိုကြကုန်၏၊ ထိုသို့တပြီးကား လျင်စွာ သွား၍ လွှတ်ကြကုန်ဟု ဆို၏၊ မင်းချင်းယောကျ်ားတို့သည် သွား၍ကောင်းကင်၌ ထက်ဝယ်ဘွဲ့သဖြင့် နေသော ဗာရာဏသီမင်းကို မြင်၍ လာ၍ ဒုဗ္ဘိသေနမင်းအား ကြားလျှောက် ကုန်၏၊ ဒုဗ္ဘိသေနမင်းသည် လျင်မြန်စွာသွား၍ ဗာရာဏသီမင်းကို ရှိခိုး၍ ကန်တော့အံ့ သောငှါ-

၀

၉ အနုတ္တရေ ကာမဂုဏေ သမဒ္ဓေ၊
ဘုတ္တာန ပုဗ္ဗေ ဝသီ ကေရာဇာ။
သော ဒါနိ ဒုဂ္ဂေ နရကမ္ဖိ ခိတ္တော၊
နပ္ပဋိဟေ ဝဏ္ဏဗလံ ပုရာဏံ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။။

---

၁. မဟာသီလဝဇာတ် ၈ကကနိပါတ်မှာ ပါသည်။

www.dhammadownload.com

ကေရာဇ၊ ရောင်္ဂမင်း။ သော တုံ၊ ထိုသင်သည်။ ပုဗ္ဗေ၊ ရှေး၌။ အနုတ္တရော၊ အလွန်မြတ်ကုန်သော။ သမိဒ္ဓေ၊ ပြည့်စုံကုန်သော။ ကာမဂုဏော၊ ကာမဂုဏ်တို့ကို။ ဘုတ္တဝန၊ ခံစား၍။ ဝသိ၊ နေ၏။ ဒါနိ၊ ယခုအခါ၌။ ဒုဂ္ဂေ၊ မည်ညှတ်သော။ နရကမ္ပိ၊ တွင်း၌။ ခိတ္တော၊ ဆွဲထားလျက်။ ပုရာဏံ၊ ရှေး၌ဖြစ်သော။ ဝဏ္ဏဗလံ၊ အဆင်းအားကို။ နပ္ပဋိဟေ၊ အဘယ်ကြောင့် မစွန့်သနည်း။

ထိုစကားကို ကြား၍ ဘုရားလောင်းသည်—

၁၀ ပုဗ္ဗေဝ ခန္တီ စ တပေါ စ မယှံ၊
သမ္ဗတ္ထိတာ ဒုဘ်ဘိသေန အဟောသိ။
တံ ဒါနိ လဒ္ဓါန ကထံ နု ရာဇ၊
ဇဟေ အဟံ ဝဏ္ဏဗလံ ပုရာဏံ။

၁၁ သဗ္ဗာ ကိရေဝံ ပရိနိဋ္ဌိတာနိ၊
ယသဿိနံ ပညဝန္တံ ဝိသယှ။
ယသော စ လဒ္ဓါ ပုရိမံ ဥဋ္ဌာရံ၊
နပ္ပဋိဟေ ဝဏ္ဏဗလံ ပုရာဏံ။

၁၂ ပနဇ္ဇ ဒုက္ခေန သုခံ ဇနိန္ဒ၊
သုခေန ဝါ ဒုက္ခ မသယှသာဟိ။
ဥဘယတ္ထ သန္တော အဘိနိဗ္ဗုတတ္တာ၊
သုခေ စ ဒုက္ခေ စ ဘဝန္တိ တုလျာ။

ဟူသော ဤဂါထာတို့ကို ဆို၏။

ဒုဘ်ဘိသေန၊ ဒုဿိသေနမင်း။ ပုဗ္ဗေဝ၊ ရှေး၌သာလျှင်။ မယှံ၊ ငါသည်။ ခန္တီစ၊ သည်းခံခြင်းကိုငင်း။ တပေါ စ၊ ခြိုးခြံသော အကျင့်ကိုငင်း။ သမ္ဗတ္ထိတာ၊ တောင့်တသည်။ အဟောသိ၊ ဖြစ်၏။ရာဇ၊ ဒုဘ်ဘိသေနမင်း။ ဣဒါနိ၊ ယခုအခါ၌။ အဟံ၊ ငါသည်။ တံ၊ ထိုတောင့်တအပ်သောသည်းခံခြင်း ခြိုးခြံခြင်းကို။လဒ္ဓါန၊ ရ၍။ ပုရာဏံ၊ ရှေး၌ဖြစ်သော။ ဝဏ္ဏဗလံ၊ အဆင်းအားကို။ ကထံ နု၊ အဘယ်အကြောင်းကြောင့်လျှင်။ ဇဟော၊ စွန့်ရာအံ့နည်း။

သဗ္ဗာ-သဗ္ဗာနိ၊အလုံးစုံကုန်သော ဒါန, သီလ, ဘာဝနာ,ဥပုသိသုံးခြင်း ကိစ္စတို့သည်။ ဧဝံ ပရိနိဋ္ဌိတာနိ ကိရ၊ ဤသို့ ပြီးကုန်သည်သာလျှင် ဖြစ်ကုန်သတတ်။

www.dhammadownload.com

ယသသိနံ-ယသသသိ၊ အခြံအရံရှိသော။ ပညဝန္တံ-ပညဝါ၊ ပညာရှိသော။ ဝိသယ္ဟ၊ သည်းခံနိုင်ခက်သော အရာ၌ သည်းခံနိုင်သောမင်းကြီး။ ယသော စ၊ စည်းစိမ်ရှိသော သူသည်လည်း။ အပုရိမံ၊ ရှေး၌ မရစဘူးသော။ ဥဋ္ဌာရံ၊ မြတ်မသော ချမ်းသာကို။ လဒ္ဓါ၊ ရ၍။ ပုရာဏံ၊ ရှေး၌ဖြစ်သော။ ဝဏ္ဏဗလံ၊ အဆင်းအားကို။ နပပဇ္ဇဟေ၊ မစွန့်ရာ။

ဇနိန္ဒ၊ ဒုဇ္ဇိသေနမင်း။ ဒုက္ခေန၊ သင်သည် ဖြစ်စေအပ်သော ဆင်းရဲဖြင့်။ သုခံ၊မင်းချမ်းသာကို။ပနုဇ္ဇ၊ပယ်၍။ သုခေန ဝါ၊ ချမ်းသာဖြင့်လည်း။ဒုက္ခံ၊ သင်သည်ဖြစ်စေအပ်သော ဆင်းရဲကို။ ပနုဇ္ဇ၊ ပယ်၍။ အသယ္ဟသာဟီ၊ သည်းခံနိုင်ခက်သောအရာကိုသည်းခံ၏။ သန္တော၊ သူတော်ကောင်းတို့သည်။ အဘိနိဗ္ဗုတတ္တာ၊ ငြိမ်းသောသဘောရှိကုန်သည်ဖြစ်၍။ ဥဘယတ္ထ၊ နှစ်ပါးစုံသော။ သုခေ စ၊ သုခဋ္ဌင်း။ ဒုက္ခေ စ၊ ဒုက္ခဋ္ဌင်း။ တုလျာ၊ တူကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ဤစကားကို ကြား၍ ဒုဇ္ဇိသေနမင်းသည် ဘုရားလောင်းကို ကန်တော့၍ သင်မင်းကြီးတို့၏ပြည်ကို သင်မင်းကြီးတို့သည်ပင်လျှင် မင်းပြု ကုန်လော့၊ ကျွန်ုပ်သည် သင်မင်းကြီးတို့၏ ခိုးသူတို့ကို ပယ်ဖျောက်အံ့ဟု ဆို၍ ထိုပြစ်မှားသော အမတ်အား မင်းအာဏာကို ပြု၍ သွား၏၊ ဘုရားလောင်းသည်လည်း မင်းအဖြစ်ကို အမတ်တို့အား အပ်နှင်း၍ ရသေ့ ရဟန်းပြု၍ ဗြဟ္မဒေဝပြည်သို့ လား၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ဒုဇ္ဇိသေနမင်း ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(တရားစောင့်သူ၊ လှည့်ပြန်ကူ၊ စောင့်ယူတရား၊ ကုပံ့ငြား၏)

သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဧကရာဇဇာတ်သည် ပြီး၏။

www.dhammadownload.com

၄- ဒဒ္ဒရဇာတ်

မစင်စွန့်မြေ သုံးနှစ်နေ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဣမာနိ မံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒဒ္ဒရဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **တပါးသော အမျက်ထွက်တတ်သော** ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ (ပစ္စုပ္ပန်ဝတ္ထုကို အောက်၌ ဆိုအပ်ပြီ)ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ ထိုရဟန်း၏ အမျက်ထွက်တတ်သော အဖြစ်ကို ပြောဆိုကုန်လတ်သော် သဗ္ဗညူ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့်စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ထိုရဟန်းကို ခေါ်စေ၍ ရဟန်း သင်သည် အမျက်ထွက်တတ်သော ဟူသည် မှန်သလောဟု မေးတော်မူ၏ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ဤရဟန်းသည် ယခုအခါ၌သာလျှင် အမျက်ထွက်တတ်သည် မဟုတ်သေး၊ ရှေး၌လည်း အမျက်ထွက်တတ်သည် သာလျှင်ဖြစ်၏၊ ထိုရဟန်း၏ အမျက်ထွက်သည်၏ အဖြစ်ကြောင့်သာလျှင် ရှေးပညာရှိတို့သည် စင်ကြယ်သော နဂါးမင်း၏ အဖြစ်၌ တည်ကုန်လျက်လည်း သုံးနှစ်တို့ပတ်လုံး ကျင်ကြီးဖြင့်ပြည့်သော မသန့်သောမြေ၌ နေရဘူးကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာ အရပ်ဝယ် ဒဒ္ဒရတောင်ခြေရင်း၌ ဒဒ္ဒရမည်သော နဂါးပြည်၌ မင်းပြုသော ဒဒ္ဒရ နဂါးမင်း၏သား မဟာဒဒ္ဒရမည်သော နဂါးဖြစ်၏၊ ထိုမဟာဒဒ္ဒရနဂါး၏ ညီသည်ကား စူဠဒဒ္ဒရမည်၏၊ စူဠဒဒ္ဒရနဂါးသည် အမျက်ထွက်တတ်၏၊ ကြမ်းကြုတ်၏၊ နဂါးလုလင်မတို့ကို ဆဲရေး ရိုတ်ပုတ်လျက် သွားတတ်၏၊ နဂါးမင်းသည် စူဠဒဒ္ဒရနဂါး၏ ကြမ်းသောအဖြစ်ကိုသိ၍ စူဠဒဒ္ဒရကို နဂါးပြည်မှ နှင်ထုတ်စိမ့်သောငှါ စေ၏၊ မဟာဒဒ္ဒရ နဂါးသည်ကား အဘကို သည်းခံစေ၍ တားမြစ်၏၊ နှစ်ကြိမ်မြောက်လည်း နဂါးမင်းသည် စူဠဒဒ္ဒရနဂါးအား အမျက်ထွက်၏၊ နှစ်ကြိမ်မြောက်လည်း

www.dhammadownload.com

သည်းခံစေ၏၊ သုံးကြိမ်မြောက်၌ကား သင်သည် ဤယုတ်မာသော အကျင့်ရှိသော နဂါးကို နှင်ထုတ်သည်ကို တားမြစ်၏၊နှစ်ယောက်ကုန်သောသင်တို့သည် နဂါးပြည်မှထွက်၍ ဗာရာဏသီပြည်၌ မစင်စွန့်ရာမြေ၌ သုံးနှစ်တိုပတ်လုံး နေကြကုန်ဟု နဂါးပြည်မှ နှင်ထုတ်၏၊ ထိုမဟာဒဒ္ဒရ,စူဠဒဒ္ဒရ နဂါးတို့သည်ထိုအရပ်သို့သွား၍ နေကုန်၏၊ ထိုအခါ မစင်စွန့်ရာမြေဝယ် ရေနားဦး အစာရှာကုန်သော ထိုနဂါးတို့ကို ရှာသူသားငယ်တို့ မြင်ကုန်၍ ပုတ်ခတ်ကုန်လျက် ခဲ,လုံးတံုးတို့ကို ပစ်ကုန်လျက် အချင်းတို့ ဘားစိမ်းစား ဖြစ်ကုန်သော ဤရေမြေတို့သည် ဦးခေါင်းကြီးကုန်၏၊ အပ်နှင့်တူသော အမြီးရှိကုန်၏၊ ဤသို့အစရှိသော စကားတို့ကို ဆို၍ ဆဲရေးကုန်၏။

စူဠဒဒ္ဒရနဂါးသည် ကြမ်းကြုတ်သည်၏ အဖြစ်ကြောင့် ထိုသူတို့၏ မထေမဲ့မြင်ပြုခြင်းကို သည်းခံနိုင်သည်ဖြစ်၍ အစ်ကို ဤသူငယ်တို့သည် ငါတို့ကို ပုတ်ခတ်ကုန်၏၊ ငါတို့၏ လျင်သော အဆိပ်ရှိသည်၏အဖြစ်ကို မသိကြကုန်၊ ငါသည် ထိုသူငယ်တို့၏ မထေမဲ့မြင် ပြုခြင်းကို သည်းခံခြင်းငှါ မတတ်နိုင်၊ ထိုသူငယ်တို့ကို နှာခေါင်းလေဖြင့် ပျက်စီးစေအံ့ဟု အစ်ကိုနှင့်တကွ ပြောလို ရကား—

၁၃ ဣမာနိ မံ ဒဒ္ဒရ တာပယန္တိ၊
ဝါစာဒုရုတ္တာနိ မနုဿလောကေ။
မဏ္ဍူကဘက္ခာ ဥဒကန္တသေဝိ၊
အာသီဝိသံ မံ အဝိသာ သပန္တိ။

ဟူသော ဧရုးဦးစွာသော ဤဂါထာကို ဆို၏။

ဘာတိက ဒဒ္ဒရ၊ အစ်ကိုကြီး ဒဒ္ဒရ။ မနုဿလောကေ၊ လူ့ပြည်၌။ ဣမာနိ ဝါစာဒုရုတ္တာနိ၊ ဤမကောင်းသဖြင့် ဆိုအပ်ကုန်သော စကားတို့သည်။ မံ၊ ငါ့ကို။ တာပယန္တိ၊ ဆင်းရဲစေကုန်၏။ အဝိသာ၊ အဆိပ်မရှိကုန်သော ရှာသူသားငယ်တို့သည်။ အာသီဝိသံ၊ လျင်ယောအဆိပ်ရှိသော။ မံ၊ ငါ့ကို။ မဏ္ဍူကဘက္ခာ၊ ဘားစိမ်းစားတို့ ဟူ၍ငင်း။ ဥဒကန္တသေဝိ၊ ရေနားကို မှီကုန်သော မြေတို့ဟူ၍ငင်း။ ဝဒန္တော၊ ဆိုကုန်လျက်။ သပန္တိ၊ ဆဲရေးကုန်၏။

ထို စူဠဒဒ္ဒရ နဂါး၏ စကားကို ကြား၍ မဟာဒဒ္ဒရ နဂါးသည်—

၁၄ သကာ ရဋ္ဌာ ပဗ္ဗာဇိတော၊ အညံ ဇနပဒံ ဂတော။
မဟန္တံ ကောဋ္ဌံ ကယိရာထ၊ ဒုရုတ္တာနံ နိဓေတဝေ။

www.dhammadownload.com

၁၅ ယတ္ထ ပေါသံ နု ဇာနန္တိ၊ ဇာတိယာ ဝိနယေန ဝါ။
နု တတ္ထ မာနံ ကယိရာထ၊ ဝသ မညာတကေ ဇနေ။
၁၆ ဝိဒေသဲဝါသံ ဝသတော၊ ဇာတဝေဒ သမေနုပိ။
ခမိတဗ္ဗံ သပညေန၊ အပိ ဒါသဿ တဇ္ဇိတံ။

ဟူသော ဤဂါထာတို့ကို ဆို၏။

သကာ ရဋ္ဌာ၊ မိမိတို့ငြိုးမှ။ ပဗ္ဗာဇိတော၊ နှင်ထုတ်အပ်သည်ဖြစ်၍။ အညံ ဇနပဒံ၊ တပါးသော ဇနပုဒ်သို့။ ဂတော၊ ရောက်သော သူသည်။ ဒုရုတ္တာနံ၊ မကောင်းသဖြင့် ဆိုအပ်ကုန်သော စကားတို့ကို။ နိဓေတဝေ၊ ချထားခြင်းငှါ။ မဟန္တံ၊ ကြီးစွာသော။ ကောဋ္ဌံ၊ ကျီကို။ ကယိရာထ၊ ပြုရာ၏။

ယတ္ထ၊အကြင်အရပ်၌။ပေါသံ၊ယောကျ်ားကို။ဇာတိယာဝ၊ အမျိုးအားဖြင့် ဂုဏ်း။ ဝိနယေန ဝါ၊ သိလအားဖြင့်ဂုဏ်း။ နု ဇာနန္တိ၊ မသိကုန်၊ တတ္ထ၊ထိုအရပ်၌။ မာနံ၊ ငါဟူသော မာန်ကို။ နု ကယိရာထ၊ မပြုရာ။ အညာတကေ ဇနေ၊ ဂုဏ်ကျေးဇူးကိုမသိသောသူအထံ၌။ ဝသံ၊ နေသောသူသည်။ခမေယျ၊ သည်းခံရာ၏။

ဝိဒေသဝါသံ၊ အရပ်တပါး၌ နေခြင်းကို။ ဝသတော၊ နေသော။ သပညေန၊ ပညာရှိသည်။ ဒါသဿ အပိ၊ ကျွန်၏လည်း။ ဇာတဝေဒ သမေန ပိ၊ မီးနှင့် တူသဖြင့်လည်း။ တဇ္ဇိတံ၊ ခြိမ်းချောက်ခြင်းကို။ ခမိတဗ္ဗံ၊ သည်းခံရာ၏။

ဤသို့ ထိုမဟာဒဒ္ဒရ, စူဠဒဒ္ဒရ နဂါးတို့သည် ထိုဗာရာဏသီပြည်ဝယ် မစင်စွန်ရာမြေ၌ သုံးနှစ်တို့ပတ်လုံး နေကုန်၏၊ သုံးနှစ် ရှိပြီးသောအခါ ထိုနဂါးညီနောင်တို့ကို အဘသည် ခေါ်စေ၏၊ ထိုအခါမှစ၍ မာန်ကင်းသည် ဖြစ်၏။

ဇာတ်ပေါင်း သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ အမျက်ထွက်တတ်သော ရဟန်းသည် အနာဂါမိဖိုလ်၌တည်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ အမျက်ထွက်သော ရဟန်းသည် ထိုအခါ စူဠဒဒ္ဒရနဂါး ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ မဟာဒဒ္ဒရနဂါး ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အမျက်သွမ်းသော့၊ ထင်တိုင်းနော့၊ သွားတော့ မစင်မြေ)
လေးခုတို့၏ပြည့်ကြောင်းဖြစ်သော ဒဒ္ဒရဇာတ်သည် ပြီး၏။

www.dhammadownload.com

၅- သီလဒိမံသနဇာတ်

သီလရှိသူ သို့မဟုတ်

ပစ္စုပ္ပန်ဝတ္ထု၂ နတ်နှင့် တက္ကသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "နတ္ထိ လောကေ ရဟော နာမ" အစ ရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသီလဝိမံသန ဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ကိလေသာကို** နှိပ်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ (ပစ္စုပ္ပန် ဝတ္ထုသည် ကောဒသကနိပါတ် ပါနီယဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့) ဤသီလဝိမံသနဇာတ်၌ကား အကျဉ်း ဖြစ်သော စကားကို ဤသို့ သိအပ်၏၊ ငါးယောက်ကုန်သော ရဟန်းတို့သည် ဇေတဝန် ကျောင်းတော်တွင်း၌ နေကုန်လျက် ညဉ့်သုံးယာမ် အတွင်း၌ ကာမဝိတက်ကိုကြံကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် ညဉ့်သုံးယာမ် နေ့သုံးယာမ် ဟူကုန်သော ခြောက်ပါးကုန်သော အာဘို့၌လည်း မျက်စိ တဘက်သာရှိသော သူသည် မမေ့မလျော့သဖြင့် မျက်စိကို စောင့်သကဲ့သို့, သားတယောက်သာ ရှိသောသူသည် မမေ့မလျော့ သားတယောက်ကို စောင့်သကဲ့သို့, စာမရှိသည် မမေ့မလျော့သဖြင့်အမြီးကိုစောင့်သကဲ့သို့ ထို့အတူ အခါခပ်သိမ်း ရဟန်းတို့ကို ကြည့်တော်မူ၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ညဉ့်အာဘို့၌ ဒိဗ္ဗစက္ခုဖြင့် ဇေတဝန် ကျောင်းကို ကြည့်တော်မူသည်ရှိသော် စကြဝတေးမင်း၏ နန်းတွင်း၌ဖြစ်သော ခိုးသူတို့ကဲ့သို့ ထိုရဟန်းတို့ကို မြင်တော်မူ၍ ဂန္ဓကုဋိကို ဖွင့်တော်မူ၍ အရှင် အာနန္ဒာမထေရ်ကို အာနန္ဒာဟု ခေါ်တော်မူ၍ အသပြာ ကုဋေတို့ကို ခင်း၍ ယူအပ်သော ဇေတဝန် ကျောင်းတော်တွင်း၌ နေကုန်သော ရဟန်းတို့ကို စည်းဝေးစေ၍ ဂန္ဓကုဋိတံခါး၌ နေရာကို ခင်းလော့ဟု မိန့်တော်မူ၏၊ အရှင် အာနန္ဒာသည် ဘုရား မိန့်တော်မူတိုင်း ပြု၍ သဗ္ဗညု မြတ်စွာဘုရားအား ကြားလျောက်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ခင်းအပ်သောနေရာ၌ နေတော် မူ၍ အလုံးစုံသော ရဟန်းတို့ကို ခေါ်တော်မူသည်၏အစွမ်းအားဖြင့် ရဟန်းတို့ဟူ ခေါ်တော်မူ၍ ရှေးပညာရှိ တို့သည် မကောင်းမှုကို ပြုရာ၌ ဆိတ်ကွယ်ရာ မည်သည် မရှိဟု မကောင်းမှုကို မပြုကုန်ဟု မိန့်တော်မူ၍ ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

အတိတ်စတ္ထု၂ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားအမျိုး၌ ဖြစ်၍ အရွယ်သို့

www.dhammadownload.com

ရောက်သည်ရှိသော် ဗာရာဏသီပြည်၌သာလျှင် ဒိသာပါမောက္ခဆရာ၏ အထံ၌ ငါးရာကုန်သော လုလင်တို့၏ အကြီးဖြစ်၍ အတတ်ကို သင်၏၊ ဆရာ၌ အရွယ်ရောက်သော သမီးသည်ရှိ၏၊ ထိုဆရာသည် ဤလုလင်တို့၏ သီလကိုစုံစမ်း၍ သီလနှင့်ပြည့်စုံသော လုလင်အား သမီးကို ပေးအံ့ဟု ကြံပြီး၍ ထိုဆရာသည် တနေ့သ၌ လုလင်တို့ကို ခေါ်၍ အမောင်တို့ ငါ့အား အရွယ်ရောက်သော သမီးသည် ရှိ၏၊ သမီးအား ထိမ်းမြားခြင်းကို ပြုအံ့ အဝတ်တန်ဆာကို ရခြင်းငှါသင့်၏၊ သွားကြကုန် မိမိ မိမိတို့၏ ဆွေမျိုးတို့၏ မမြင်ကုန်စဉ်လျှင် ခိုး၍ အဝတ်တန်ဆာတို့ကို ဆောင်ကြချေကုန်၊ တစုံတယောက်သောသူသည် မမြင်သော အဝတ်တန်ဆာကိုသာလျှင် ငါယူမည်၊ ပြ၍ယူခဲ့သော အဝတ်တန်ဆာကို ငါမယူဟု ဆို၏၊ တပည့်တို့သည် ကောင်းပါပြီဟုဝန်ခံ၍ ထိုအခါမှစ၍ ဆွေမျိုးတို့၏မမြင်ကုန်စဉ် ခိုး၍ အဝတ်တန်ဆာအစရှိသည်တို့ကို ဆောင်ခဲ့ကုန်၏၊ဆရာသည် ဆောင်ခဲ့တိုင်း ဆောင်ခဲ့တိုင်းသော အဝတ်တန်ဆာတို့ကို အသီးအသီးသာလျှင် ထားစေ၏၊ ဘုရားလောင်းသည်ကား တစုံတခုသော အဝတ်တန်ဆာကို မဆောင် ခဲ့ချေ၊ ထို့ဒဝါ ဘုရားလောင်းကို ဆရာသည် အမောင် သင်သည်ကား တစုံတခုသော ဝတ်စားတန်ဆာကို မဆောင်ခဲ့လောဟု ဆို၏၊ ဆရာ မဆောင်ခဲ့ဟု ဆို၏၊ အမောင် အဘယ်ကြောင့် မဆောင်ခဲ့သနည်းဟု မေး၏၊ ဆရာ သင်တို့သည် တစုံတယောက်သော သူ၏မြင်စဉ် ဆောင်ခဲ့ ယူခဲ့သော ဝတ်စားတန်ဆာကို မယူကုန် ကျွန်ုပ်သည်ကား မကောင်းမှုကိုပြုခြင်း၌ ဆိတ်ကွယ်ရာ မည်သည်ကို မမြင် ထို့ကြောင့် မဆောင်ခဲ့ဟု ပြလိုရကား—

၁၇ နတ္ထိ လောကေ ရဟော နာမ၊ ပါပကမ္မံ ပကုဗ္ဗတော။
ပဿန္တိ ဝနဘူတာနိ၊ တံ ဗာလော မညတီ ရဟော။

၁၈ အဟံ ရဟော နု ပဿာမိ၊ သုညံ ဝါပိ နု ဝိဇ္ဇတိ။
ယတ္ထ အညံ နု ပဿာမိ၊ အသုညံ ဟောတိ တံ မယာ။

ဟူသော ဤဂါထာတို့ကို ဆို၏။

လောကေ၊ လောက၌။ ပါပကမ္မံ၊ မကောင်းမှုကို။ ပကုဗ္ဗတော၊ ပြုသော သူအား။ ရဟော နာမ၊ ဆိတ်ကွယ်ရာ အရပ်မည်သည်။ နတ္ထိ၊ မရှိ။ ဝနဘူတာနိ၊ တောင်၌ဖြစ်ကုန်သော နတ်တို့သည်။ ပဿန္တိ၊ မြင်ကုန်၏။ တံ၊ ထိုမကောင်းမှုကို ပြုခြင်းသည်။ ဗာလော၊ သူမိုက်သည်။ မယာ၊ ငါသည်။ရဟော၊ ဆိတ်ကွယ်ရာ၌။ ကတံ၊ ပြုအပ်၏ဟူ၍။ မညတိ၊ အောက်မေ့၏။

www.dhammadownload.com

အဟံ၊ ငါသည်။ ရဟော၁၊ ဆိတ်ကွယ်ရာ အရပ်ကို။ နှ ပဿဲ၁မိ၊ မမြင်။ ယတ္ထ၊ အကြင်အရပ်၌။ အညံ၊ သတ္တဝါတို့မှ ဆိတ်သော တခြား တပါးကို။ နှ ပဿာမိ၊ ငါမမြင်။ သုညံ ဝါပိ၊ သတ္တဝါတို့မှ ဆိတ်သော အရပ်သည်လည်း။ နှ ဝိဇ္ဇတိ၊ မရှိ။ မယာ၊ ငါသည်။ ကတံ၊ ပြုအပ်သော။ တံ၊ ထိုမကောင်းမှုသည်။ အသုညံ၊ မဆိတ်သည်။ ဟောတိ၊ ဖြစ်၏။

ဆရာသည် ဘုရားလောင်းအား ကြည်ညိုု၍ အမောင် ငါ့အိမ်၌ ဥစ္စာမရှိသည် မဟုတ် ငါသည်ကား သီလနှင့်ပြည့်စုံသော သူအား သို့မဟုတ် သီးကို ပေးအံ့ဟု၍ လူလင်တို့ကို စုံစမ်းလိုရကား ဤသို့ပြု၏၊ သင့်အား ငါ့သို့မဟုတ် သီးသည် လျော်၏ဟု သို့မဟုတ် သီးကို တန်ဆာဆင်စေ၍ ဘုရားလောင်းအား ပေး၏၊ ကြွင်းသော လူလင်တို့ကို သင်တို့သည် ဆောင်ခဲ့တိုင်း ဆောင်ခဲ့တိုင်းသော အဝတ်တန်ဆာတို့ကို သင်တို့၏ အိမ်သို့ ဆောင်ကြကုန်လော့ဟု ဆို၏။

သဗ္ဗညူ မြတ်စွာဘုရားသည် ရဟန်းတို့ ထိုသီလ မရှိကုန်သော လူလင်တို့သည် မိမိတို့၏ သီလ မရှိသည်၏ အဖြစ်ကြောင့် ထိုမိန်းမကို မရကုန်၊ ပညာရှိသော လူလင်သည်ကား သီလနှင့် ပြည့်စုံသည်၏အဖြစ်ကြောင့် ရ၏ဟု မိန့်ဆင်တော်မူ၍ ဘုရားဖြစ်၍ -

၁၉ ဒဠ္ဍစ္စော စ သုဇစ္စော စ၊ နန္ဒော စ သုခဝမိတော။
ဝဇ္ဇော စ အဒ္ဓုဝသီလော စ၊ တေ ဓမ္မံ ဇဟုမတ္ထိကာ။

၂၀ ဗြာဟ္မဏော စ ကထံ ဇဟေ၊ သဗ္ဗဓမ္မာန ပါရဂူ။
ယော ဓမ္မမနုပါလေတိ၊ မိတ်မာ သစ္စနိက္ကမော။

ဟူသော ဤဂါထာတို့ကို ဟောဆင်တော်မူ၏။

ဒဠ္ဍစ္စော စ၊ ဒဠ္ဍစ္စလူလင်ငယ်း။ သုဇစ္စော စ၊ သုဇစ္စလူလင်ငယ်း။ နန္ဒော စ၊ နန္ဒလူလင်ငယ်း။ သုခဝမိတော စ၊ သုခဝမိတလူလင်ငယ်း။ ဝဇ္ဇော စ၊ ဝဇ္ဇလူလင်ငယ်း။ အဒ္ဓုဝသီလော စ၊ အဒ္ဓုဝသီလလူလင်ငယ်း။ တေ၊ ထိုခပ်သိမ်းကုန်သော လူလင်တို့သည်။ အတ္ထိကာ၊ မိန်းမဖြင့် အလိုရှိကုန်သည်ဖြစ်၍။ ဓမ္မံ၊ မိန်းမကို ရခြင်းသဘောကို။ ဇဟုံ၊ စွန့်ကုန်၏။

ယော ဗြာဟ္မဏော၊ အကြင်ပုဏ္ဏားသည်။ သဗ္ဗဓမ္မာနံ၊ ခပ်သိမ်းသော ပဥ္စသီ, ဒသသီ, သုံးပါးသော သုစရိုက်ဟူကုန်သော ခပ်သိမ်းသော တရားတို့၏။

www.dhammadownload.com

ပါရဂူ၊ ကမ်းတဘက်သို့ ရောက်၍။ ဓမ္မံ၊ တရားကို။ အနုပါလေတိ၊ စောင့်၏။ ဓိတိမာ၊ တည်ကြည်ခြင်းရှိ၏။ သစ္စနိက္ကမော၊ သစ္စာ, ဝီရိယနှင့် ပြည့်စုံ၏။ သော ဗြာဟ္မဏော၊ ထိုပုဏ္ဏားသည်။ ကထံ၊ အသို့မူ၍။ ဓမ္မံ၊ မိန်းမကို ရခြင်း သဘောကို။ ဇဟေ၊ စွန့်အံ့နည်း။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ငါးရာကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဆရာဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါပညာရှိသောလူလင် ဖြစ်ဘူးပြီ၊ ဤသို့-ဇာတ်ကို ပေါင်းတော်မူ၏။

(မကောင်းသည့်မှု၊ ပြုဘို့ရှိ၊ ဆိတ်မှုကွယ်ရာ မရှိပါ)
ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော သီလဝိမံသနဇာတ်သည် ပြီး၏။

၆-သုဇာတာဇာတ်

ဘာသီးလဲ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ကိမတ္ထကာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုဇာတာဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **မလ္လိကာ မိဖုယား**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ တနေ့သ၌ ကောသလမင်းအား မဒ္ဒလကာမိဖုယားနှင့်တကွ ကြက်သရေအရာ၌ အငြင်းအခုံဖြစ်သတတ်၊ (အိပ်ရာ၌ အငြင်းအခုံ ဖြစ်၏ဟူ၍လည်း ဆိုကုန်သလျှင်ကတည်း)၊ ကောသလမင်းသည် အမျက်ထွက်၍ မလ္လိကာ၏ရှိသည်၏အဖြစ်ကို မသိ မလ္လိကာမိဖုယားသည်လည်း ငါ၌ မင်း၏ အမျက်ထွက်သည်၏ အဖြစ်ကို ဘုရားမသိပါလေဟု ကြံ၏၊ သဗ္ဗညူ မြတ်စွာဘုရားသည်လည်း သိတော်မူ၍ ဤသူတို့၏ သင့်တင့် ညီညွတ်သော အဖြစ်ကို ပြုအံ့ဟု နံနက်အခါ၌ သင်းပိုင်တော်ကို

www.dhammadownload.com

ပြင်ဝတ်တော်မူ၍ သပိတ်, သင်္ကန်းကို ယူဆောင်၍ ရဟန်းငါးရာ ခြံရုံလျက် သာဝတ္ထိပြည်သို့ ဝင်တော်မူ၍ မင်းအိမ်တံခါးသို့ ကြွတော်မူ၏၊ မင်းသည် မြတ်စွာဘုရား၏ သပိတ်ကို ယူ၍ နန်းတွင်းသို့ သွင်း၍ ခင်းအပ်သော နေရာ၌ နေစေ၍ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့အား အလှူရေစက်ကို ချ၍ ယာဂု,ခဲဘွယ်ကို ဆောင်ခဲ့စေ၏၊ သပ္ပဲညူ မြတ်စွာဘုရားသည် လက်တော်ဖြင့် သပိတ်တော်ကို ပိတ်၍ မြတ်သောမင်းကြီး မိဖုယားကား အဘယ်မှာနည်းဟု မေးတော်မူ၏၊ မင်းသည် ဘုန်းတော်ကြီးသော အရှင်ဘုရား မိမိ၏ စည်းစိမ် အခြံအရံဖြင့် ယစ်သော ထိုမိန်းမဖြင့် အဘယ်ပြုအံ့နည်းဟု လျှောက်၏၊ သပ္ပဲညူ မြတ်စွာဘုရားသည် မြတ်သောမင်းကြီး သင်မင်းကြီးပင်လျှင် စည်းစိမ်ကိုပေး၍ မာတုဂါမကို ချီးမြှောက်၍ ထိုမာတုဂါမသည် ပြုအပ်သော အပြစ်ကို သည်း မခံခြင်းသည် မသင့်ဟု မိန့်တော်မူ၏၊မင်းသည် မြတ်စွာဘုရား၏ အမိန့်တော်ကို နာရှု၍ မလ္လိကာ မိဖုယားကို ခေါ်စေ၏၊ မလ္လိကာမိဖုယားသည် ဘုရားကို လုပ်ကျွေး၏၊ သပ္ပဲညူ မြတ်စွာဘုရားသည် အချင်းချင်း သင့်တင့်ညီညွတ်သည် ဖြစ်ရာ၏ဟု သင့်တင့်ညီညွတ်ခြင်း၏ ကျေးဇူးကို ဟော၍ကြွတော်မူ၏၊ထိုအခါမှ စ၍ မင်း, မိဖုယားတို့သည် ညီညွတ်စွာ နေကုန်၏၊ ရဟန်းတို့သည် တရား သဘင်၌ ငါ့သျှင်တို့ သပ္ပဲညူ မြတ်စွာဘုရားသည် တခွန်းတည်းသော စကား ဖြင့်ပင်လျှင် မင်း, မိဖုယား နှစ်ပါးတို့ကို သင့်တင့် ညီညွတ်အောင် ပြုတော်မူ၏ဟု စကားကို ဖြစ်စေကုန်၏၊ သပ္ပဲညူ မြတ်စွာဘုရားသည် လာ၌တော် မှုလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးဘော် မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ငါဘုရားသည် ထိုမင်း, မိဖုယားတို့ကို တကြိမ်တည်းဖြင့် သင့်တင့် ညီညွတ်အောင် ပြုသည်မဟုတ်သေး၊ ရှေး၌လည်း တကြိမ်တည်းသော အဆုံးအမဖြင့်ပင်လျှင် သင့်တင့်ညီညွတ်အောင် ပြုဘူးပြီဟု မိန့်တော်မူ၍ ရဟန်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင် တော်မူ၏။

အတိတ်ဝတ္ထု၂ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ အကျိုးအကြောင်းကို ဆုံးမသော အမတ် ဖြစ်၏၊ ထိုအခါ တနေ့သ၌ မင်းသည် လေသွန်ပြတင်းကို ဖွင့်၍ မင်းယင်ပြင်ကို ကြည့်လျက် ရပ်၏၊ ထိုအခါ တယောက်သော အဆင်းလှသော အရွယ်၌တည်သော သုဇာတာမည်သော ဟင်းရွက်သည် သို့မဟုတ် သည်

www.dhammadownload.com

ဆီးသီးတောင်းကို ရွက်၍ "ဆီးသီးဝယ်ကြကုန်, ဆီးသီးဝယ်ကြကုန်" ဟု ဆိုလျက် မင်းယင်ပြင်သို့ သွား၏၊ မင်းသည် သုဇာတာ၏အသံကို ကြား၍ သုဇာတာ၌ တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ အရှင်မရှိသည်၏ အဖြစ်ကိုသိ၍ ထိုသုဇာတာကို ခေါ်စေ၍ မိဖုယားကြီးအရာ၌ ထား၍ ကြီးစွာသော စည်းစိမ်ကို ပေး၏၊ ထိုသုဇာတာကို မင်းသည် ချစ်မြတ်နိုး၏၊ ထိုအခါ တနေ့သ၌ မင်းသည် ရှေခွက်၌ ထည့်၍ ဆီးသီးတို့ကို စားလျက် နေ၏၊ ထိုအခါ သုဇာကာ မိဖုယားသည် မင်းကြီး ဆီးသီးစားသည်ကို မြင်၍ မြတ်သောမင်းကြီး အရှင်မင်းကြီးတို့သည် အဘယ်မည်သော အသီးကို စားကုန်သနည်းဟု မေးလိုရကား-

ကိမတ္ထကာ ဣမေ ဒေဝ၊ နိက္ခို ဘ္ဘာ ကံသမလ္လကေ။
ဥပဓလောဟိတကာ ဝဂ္ဂူ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

ဟူသော ဤဂါထာကို ဆို၏။

ဒေဝ၊ မင်းကြီး။ ဥပလောဟိတကာ၊ နီသော အဆင်းရှိကုန်သော။ ဝဂ္ဂူ၊ အညစ်အကြေးမရှိကုန်ထသော။ ဣမေ ဖလာ၊ ဤအသီးတို့ကို။ ကံသမလ္လကေ၊ ရှေခွက်၌။ နိက္ခိတ္တာ၊ထည့်အပ်ကုန်၏။ အတ္ထကာ၊ဥကဲ့သို့လုံးသော အသီးတို့သည်။ ကိံ၊ အဘယ် အသီးတို့နည်း။ ပုစ္ဆိတော၊ မေးအပ်သော အရှင်မင်းကြီးသည်။ မေ၊ အကျွန်ုပ်အား။ တံ ဖလံ၊ ထိုအသီးကို။ အက္ခာဟိ၊ ပြောဆိုပါလော။

မင်းသည် အမျက်ထွက်၍ ဟင်းရွက်သည် အိမ်ရှင်သို့မဲ့ ဆီးသီးသည်မ (ဟင်းရွက်သည်မ) သင်သည်ကား သင့် အဆွေအမျိုးတို့၏ ဥစ္စာဖြစ်သော ဆီးသီးတို့ကိုလည်း မသိလော်ဟု ဆို၍-

၂၂ ယာနိ ပုရေ တုဝံ ဒေဝိ၊ ဘက္ခာ နန္တကဝါသိနီ။
ဥစ္ဆင်္ဂဟတ္ထာ ပစိနာသိ၊ တာသာ တေ ကောလိယံ ဖလံ။

၂၃ ဥဒ္ဓယှတေ နရမတိ၊ ဘောဂါ ဝိပွဇဟန္တိ တံ။
တတ္ထဝိမံ ပဋိနေထ၊ ယတ္ထ ကောလံ ပစိဿတိ။

ဟူသော ဤဂါထာတို့ကို ဆို၏။

ဒေဝိ၊ မိဖုယား။ တုဝံ၊ သင်သည်။ ပုရေ၊ ရှေး၌။ ယာနိ၊ အကြင်ဆီးသီးတို့ကို။ ဘက္ခာ၊ ဆံကို ဖားရားချသော ဦးခေါင်းရှိသည်ဖြစ်၍။ နန္တကဝါသိနီ၊

www.dhammadownload.com

အဝတ်နှမ်းကို ဝတ်၍၊ ဥစ္စာဂ်ဟတ္ထာ၊ ခါးပိုက်၌ထည့်သော လက်ရှိသည်ဖြစ်၍။ ပစိနာသိ၊ ဆွတ်ချေ၏။ ဣဒံ၊ ဤ ငါစားသော အသီးသည်ကား။တဿာ တေ၊ ထိုသင်၏။ ကောလိယံ ဖလံ၊ အမျိုးပေးသော ဆီးသီးတည်း။

အယံ ဇမ္မီ၊ ဤမိန်းမယုတ်သည်။ ရာဇကုလေ၊ မင်းအိမ်၌။ ဝသမာနာ၊ နေသည်ရှိသော်။ ဥဋ္ဌယ္ဘတေ၊ ပူ၏။။ နရမတိ၊ မမြေ့လျော်။ ဘောဂါ၊ မင်း၏ စည်းစိမ်တို့သည်။ တံ၊ ထိုမိန်းမယုတ်ကို။ ဝိပ္ပဇဟန္တိ၊ စွန့်ကုန်၏။။ ယတ္ထ၊ အကြင် အိမ်၌။ ကောလံ၊ ဆီးသီးကို။ ဝိက္ကဏန္တံ၊ ရောင်းလျက်။ ပစိဿတိ၊ အသက်မွေးလတ္တံ့။ တတ္ထဝ၊ ထိုအိမ်သို့သာလျှင်။ ဇမံ၊ ဤမိန်းမယုတ်ကို။ ပဠိနေထ၊ ပို့ဆောင်ကြကုန်လော့။

ဘုရားလောင်းသည် ငါ့ကိုထား၍ ငါမှတပါးသောသူသည် ဤမင်း မိဖုယားတို့ကို သင့်တင့် ညီညွတ်အောင် ပြုခြင်းငှါ မတတ်နိုင်လတ္တံ့၊မင်းကို နှစ်သိမ့်စေ၍ ထိုမိဖုယားအား မနှင်ထုတ်အောင် ပြုအံ့ဟု ကြံ၍—

၂၄ ဟောန္တိ ဟေ တေ မဟာရာဇ၊ ဣဒ္ဓိပ္ပတ္တာယ နာရိယာ။
ခမ ဒေဝ သုဇာတာယ၊ မာဿာ ကုစ္ဆ ရထေသဘာ။

ဟူသော ဤဂါထာကို ဆို၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။။ ဣဒ္ဓိပ္ပတ္တာယ၊ အခြံအရံကျော်စောခြင်းသို့ ရောက်သော။ နာရိယာ၊ မိန်းမ၏။။ တေဟမာဒ ဒေဝါသာ၊ ထိုမေ့လျော့ခြင်း အပြစ်တို့သည်။ဟောန္တိဟိ၊ ဖြစ်ကုန်သည်သာလျှင်တည်း။။ မဟာရာဇ၊ မြတ်သော မင်းကြီး။။ သုဇာတာယ သုဇာတာ မိဖုယားအား။။ ခမ၊ သည်းခံပါလော့။ ရထေသဘာ၊ ရထားစီးခြင်း မင်းတို့ထက် မြတ်သော အရှင်မင်းကြီး။ အဿာ၊ ထိုသုဇာတာ မိဖုယားအား။ မာကုစ္ဆ၊ အမျက် မထွက်ပါလင့်။

မင်းသည် ဘုရားလောင်း၏ စကားဖြင့် မိဖုယား၏ အပြစ်ကို သည်းခံ၍ မိဖုယားကို ထားမြဲတိုင်းသောနေရာ၌သာလျှင် ထား၏၊ ထိုအခါမှစ၍နှစ်ယောက်ကုန်သော မင်း,မိဖုယားတို့သည် ညီညွတ်စွာနေကုန်၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ကောသလမင်းသည် ထိုအခါ ဗာရာဏသီမင်းဖြစ်ဘူးပြီ၊ယခုအခါ

www.dhammadownload.com

မလ္လိကာသည် ထိုအခါ သုဇာတာမိဖုယား ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ အမတ်ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(စည်းစိမ်မာန်ယစ်၊ နှုတ်ဆိုလှစ်၊ အပြစ်ရောက်တတ်ပေ)
ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော သုဇာတာဇာတ်သည် ပြီး၏။

၇- ပလာသဇာတ်

လုပ်ကျွေးကျိုး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အစေတနံ ဗြာဟ္မဏ အဿုဏန္တံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ပလာသဇာတ်ကို **ပရိနိဗ္ဗာန်ပြုတော်မူရာ ညောင်စောင်းဘော်၌ လျောင်းတော်မူလျက် အရှင် အာနန္ဒာမထေရ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ အရှင်အာနန္ဒာမထေရ်သည် မိုးသောက်ထ၌ ဘုရားပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့ဟု သိ၍ ငါသည်လည်း ပြုဘွယ်ကိစ္စရှိသောသေက္ခသည်လျှင်ဖြစ်၏၊ ဘုရားသခင်သည်လည်း ပရိနိဗ္ဗာန်ပြုလတ္တံ့ သဗ္ဗညူ ဘုရားရှင်အား ငါသည် **နှစ်ဆယ့်ငါးနှစ်တို့ပတ်လုံး** လုပ်ကျွေးခြင်းသည် အကျိုးမရှိသည် ဖြစ်လတ္တံ့ဟု သောကနှိပ်စက်၍ ဥယျာဉ်ကျောင်းတိုက်ခန်း၌ တံခါးရွက်အပေါင်ကို ဆွဲ၍ ငိုနေ၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် အာနန္ဒာကို မြင်တော်မမူသည် ရှိသော် ရဟန်းတို့အား အာနန္ဒာ အဘယ်မှာနည်းဟု မေးတော်မူလတ်၍ ခေါ်တော်မူ၍ဆုံးမလို၍ အာနန္ဒာ သင်သည် ပြုခဲ့ဘူးသော ကောင်းမှုရှိ၏၊ မြတ်သော လုံ့လကို အားထုတ်လော့၊ လျင်စွာ ရဟန္တာဖြစ်လတ္တံ့ အာနန္ဒာ မစိုးရိမ်လင့်၊ ယခု သင်သည် ငါ့အား ပြုအပ်သော လုပ်ကျွေးခြင်းသည် အဘယ့်ကြောင့် အကျိုးမရှိ ဖြစ်အံ့နည်း၊ ရှေး ရာဂ ကိလေသာနှင့်တကွ ဖြစ်သော ကာလ၌လည်း ငါ့အား သင်ပြုအပ်သော လုပ်ကျွေး ခြင်းသည် သင့်အား အကျိုးမရှိသည် မဲဖြစ်ဘူး တကားဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗာရာဏသီပြည်မှ မနီးလွန်း မဝေး

www.dhammadownload.com

လွန်းသောအရပ်၌ ပေါက်ပင်စောင့် ရုက္ခစိုင်းနတ် ဖြစ်၏၊ ထိုအခါ ဗာရာဏသီပြည်သားတို့သည် နတ်တို့အား ကိုးကွယ်ကုန်၏၊ အမြဲ နတ်ပူဇော်ခြင်းတို့၌ လုံ့လပြုကုန်၏၊ ထိုအခါ ဇာယောက်သော ဆင်းရဲသား ပုဏ္ဏားသည် ငါသည် လည်း တပါးသောနတ်ကို လုပ်ကျွေးအုံဟု တခုသော မြင့်သောအရပ်၌ တည်သော ကြီးစွာသော ပေါက်ပင်၏အရင်း၌ ညီညွတ်စွာ မြက်မရှိသည်ကိုပြု၍ သဲကြဲ၍ ဘံမြက်လှည်း၌ ဘစ်ပင်ကို နှံ့သာလက် ငါးချောင်းရာ ပေး၍ ပန်း, သာ, ဒယုံတို့ဖြင့် ပူဇော်၍ ဆီမီးထွန်း၍ ချမ်းသာစွာ အိပ်ရပါ၏လောဟု သိုး၍ သစ်ပင်ကို လက်ျာရစ်လှည့်၍သွား၏၊ နှစ်ရက်မြောက်သောနေ့၌ စောစောက သွား၍ ချမ်းသာစွာ အိပ်ခဲခြင်းကို မေး၏၊ တနေ့သ၌ ရုက္ခစိုင်းနတ်သည် ဣန္ဒပုဏ္ဏားကား အလွန် ငါကို လုပ်ကျွေး၏၊ ဤပုဏ္ဏားကို စူးစမ်း၍ အကြင်အခါကြောင်းကြောင့် ငါ့ကို လုပ်ကျွေး၏၊ ထိုအကြောင်းကို မေးအုံဟု ကြံ၏၊ ကြံပြီး၍ ရုက္ခစိုင်းနတ်သည် ထိုခဏ၌ ပုဏ္ဏားလာ၍ ဘံမြက်လှည်းသည်ရှိသော် ပုဏ္ဏားအိုဏ်အသွင်ဖြင့် အနီး၌ ရပ်၍—

၁၅ အစေတနံ ဗြာဟ္မဏ အဿုဏန္တံ၊
ဇာနော အဇာနန္တမိမံ ပလာသံ။
အာရဒ္ဓဝီရိယော ဓုဝံ အပ္ပမတ္တော၊
သုခသေယျံ ပုစ္ဆသိ ကိဿ ဟေတု။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဗြာဟ္မဏ! ပုဏ္ဏား။ ကိဿ ဟေတု၊ အဘယ်အကြောင်းကြောင့်။ တုဝံ၊ သင်သည်။ ဇာနော၊ သိသောသူဖြစ်လျက်။ အဇေတနံ၊ စိတ်မရှိထသော။ ပဿဏ္ဏန္တံ၊ စိတ်မရှိသည်၏အဖြစ်ကြောင့် မကြားတတ်ထသော။ အဇာနန္တံ၊ ပသိဟတ်ထသော။ဤမံ ပလာသံ၊ ဤပေါက်ပင်ကို။ အာရဒ္ဓဝီရိယော၊ အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍။ ဓုဝံ၊ အမြဲ။ အပ္ပမတ္တော၊ မမေ့မလျော့သည်ဖြစ်၍။ သုခသေယျံ၊ ချမ်းသာစွာ အိပ်ရခြင်းကို။ ပုစ္ဆသိ၊ မေးသနည်း။

ထိုစကားကို ကြား၍ ပုဏ္ဏားသည်—

၂၆ ဒုရေ သုတော ဓေဝ ဗြဟာ စ ရုက္ခော၊
ဒေသေ ဌိတော ဘူတနိဝါသရူပေါ။
တသ္မာ နမဿာမိ ဥမံ ပလာသံ၊
ယေ စေတ္ထ ဘူတာ တေ ဓနဿ ဟေတု။

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

ဗြာဟ္မဏ၊ ပုဏ္ဏား။ အယံ ရုက္ခော၊ ဤပေါက်ပင်သည်။ ဒုရေ စ၊ အဝေး၌လည်း။သုတော၊ ထင်ရှား၏။ ဗြဟာ့ စ၊ ကြီးလည်းကြီး၏။ ဒေသေ၊ မြင့်သော ညီညွတ်သော မြေအရပ်၌။ ဌိတော၊ တည်၏။ ဘူတနိဝါသရှုပေါ၊ နတ်တို့၏ နေရာဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဣမံ ပလာသံ၊ ဤပေါက်ပင်ကို။ နမဿာမိ၊ ငါရှိခိုး၏။ ဇေဋ္ဌ၊ ဤပေါက်ပင်၌။ ယေ စ ဘူတာ၊ အကြင်ဘုန်းတန်ခိုးကြီးကုန်သော နတ်တို့သည်လည်း။ နိဝုဋ္ဌာ၊နေကုန်၏။ တေ စ၊ ထိုနတ်တို့ကိုလည်း။ မနသ ဟေတု၊ ဥစ္စာ၏အကြောင်းကြောင့်။ နမဿာမိ၊ ငါရှိခိုး၏။

ထိုစကားကို ကြား၍ ရုက္ခစိုင်းနတ်သည် ပုဏ္ဏားအား ကြည်ညို၍ ပုဏ္ဏား ငါသည် ဤပေါက်ပင်၌ဖြစ်သော နတ်တည်း၊ သင် မကြောက်လင့် သင့်အား ဥစ္စာကို ပေးအံ့ဟု ထိုပုဏ္ဏားကို နှစ်သိမ့်စေ၍ မိမိဗိမာန်တံခါး၌ ကြီးစွာသော နတ်၏အာနုဘော်အားဖြင့် ကောင်းကင်၌ ရပ်၍–

၂၇ သော တေ ကရိဿာမိ ယထာနုဘာဝံ၊
ကတညုတံ ဗြာဟ္မဏ ပေက္ခမာနော။
ကထဉ္ဇိ အာဂမ္ဘ သတ္တံ သကာသေ၊
မောဃာနိ တေ အဿု ပရိဖန္ဒိတာနိ။

၂၈ ယော တိန္နုကရုက္ခဿ ပရော ဝိလက္ခော၊
ပရိဝါရိတော ပုဗ္ဗယညော ဥဋ္ဌာရော။
တဿေသမ္ပလသ္မိံ နိဓိ နိဓါတော၊
အဒါယာဒေ၊ ဂစ္ဆ နံ ဥဒ္ဓရာဟိ။

ဟူသော ဤဂါထာတို့ကို ဆို၏။

ဗြာဟ္မဏ၊ ပုဏ္ဏား။ သော အဟံ၊ ထိုငါသည်။ ကတညုတံ၊ သင်ပြုသော ကျေးဇူးကို သိသည်၏အဖြစ်ကို။ ပေက္ခမာနော၊ ရှုလျက်။ ယထာနုဘာဝံ၊ အစွမ်းသတ္တိအားလျော်စွာ။ တေ၊ သင်အား။ ကရိဿာမိ၊ ကျေးဇူးပြုအံ့။ ဟိ-သစ္စံ၊ ထိုစကားသည်မှန်၏။ သတံ၊ သူတော်ကောင်းတို့၏။ သကာသေ၊ အထံ၌။ ကတံ၊ ကျေးဇူး ပြုခြင်းသို့။ အာဂမ္ဘ၊ ရောက်၍။ တေ၊ သင်၏။ ပရိဖန္ဒိတာနိ၊ ကိုယ်နှုတ်တို့ဖြင့် လုံ့လပြုခြင်းတို့သည်။ မောဃာနိ၊ အချည်းနှီး အကျိုးမရှိကုန်သည်။ ကထံ အဿု၊ အသို့ဖြစ်ကုန်အံ့နည်း။

---

၁ ပုဓော (က)

www.dhammadownload.com

သမ္မ ဗြာဟ္မဏ၊အချင်းပုဏ္ဏား။ တိန္ဒုကရုက္ခသဲ၊ တည်ပင်၏။ ပရော၊ နောက်၌ တည်သော။ ယော ပိလက္ခော၊ အကြင် ညောင်ကြတ်ပင်သည်။ အတ္ထိ၊ ရှိ၏။ တသော၀၊ ထိုညောင်ကြတ်ပင်၏လျှင်။ မူလသို့၊ အမြစ်ရင်း၌။ ပရိ၀ါရိတော၊ ညောင်ကြတ်ပင်ကို ၀န်းရံလျက်။ ပုဗ္ဗယညော၊ ရှေး၌ ယဇ်ဖြစ်ဘူးသော။ ဥဋ္ဌာရော၊ များစွာသော။ နိခါတော၊ မြုပ်အပ်သော။ သေ-သော နိဓိ၊ ဤရှိအိုးသည်။အဓါယာဒေါ်ယခုအမွေခံ မရှိပြီ။ဂစ္ဆ၊သွားချေ။ နံ၊ထိုဥစ္စာကို။ ဥဒ္ဓရာဟိ၊ ထုတ်ဘော်၍ ယူချေလော့။

ဤသို့ ဆိုပြီး၍ ထိုရက္ခစိုင်းနတ်သည် ပုဏ္ဏား သင်သည် ထိုဥစ္စာအိုးကို ထုတ်၍ ယူသည်ရှိသော် ပင်ပန်းလတ္တံ့၊ သင်သည် သွားလေလော့၊ ငါသည်သာလျှင် ထိုဥစ္စာတို့ကို သင့်အိမ်သို့ ဆောင်၍ ဤမည်သော ဤမည်သော အရပ်၌ မြုပ်ထားအံ့၊ သင်သည် ထိုဥစ္စာကို အသက်ထက်ဆုံး သုံးဆောင်လျက် အလှူပေးလော့ ဟိုလေဟောင့်လေလော့ဟု ပုဏ္ဏားအား ဆုံးမ၍ ထိုဥစ္စာကို မိမိအာနုဘော်ဖြင့် ပုဏ္ဏားအိမ်၌ တည်စေ၏။

ဇာတ်ပေါင်း သင်္ဃည္ဉ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ငဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ပုဏ္ဏား ဖြစ်ဘူးပြီ၊ ယခုဒေ၀ခါ ငါဘုရားသည်သာလျှင် ထိုအခါ ရက္ခစိုင်းနတ် ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(သူ့ကို ကိုယ်ပြု၊ ဟိုယ်ပါနှ၊ ရွာတဲ့ လာဘ်မိသားစွဲ)
ခုနှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ပလာသဇာတ်သည် ပြီး၏။

၈-သကုဏဇာတ်

ကျေးစွန့်သောခြင်္သေ့

ပစ္စုပ္ပန်၀တ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သင်္ဃည္ဉ မြတ်စွာဘုရားသည် "အကရမ္ပသ တေ ကိစ္စံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ သကုဏဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ဒေ၀ဒတ်၏ ကျေးဇူး မသိတတ်သော အဖြစ်**ကို

www.dhammadownload.com

အကြောင်းပြု၍ ဟောတော်မူ၏၊ ရဟန်းတို့ ယခုအခါ၌သာလျှင် ဒေဝဒတ်သည် ကျေးဇူး မသိတတ်သည် မဟုတ်သေး၊ ရှေးဘဝလည်း ကျေးဇူး မသိတတ်သည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာဌ် သစ်တောက် လောက်ငှက် ဖြစ်၏၊ ထိုအခါ အသားကိုစားသော တခုသော ခြင်္သေ့၏လည်၌ အရိုးသည် ငြိ၏၊ လည်သည် ဖူးဖူးယောင်၏၊အစာကို ယူအံ့သောငှါ မတတ်နိုင်၊ ကြမ်းတန်းသော ဝေဒနာသည် ဖြစ်၏၊ ထိုအခါ အစာရှာသော ထိုသစ်တောက် လောက်ငှက်သည် ခြင်္သေ့ကို မြင်၍ သစ်ခက်၌ နားလျက် အဆွေ ခြင်္သေ့ သင့်အား အဘယ်ဆင်းရဲနည်းဟု မေး၏၊ခြင်္သေ့သည် ထိုအကြောင်းကို ကြား၏၊ အဆွေ ခြင်္သေ့ သင်၏လည်၌ ပြိုသော် ထိုအရိုးကို ပယ်ငြားအံ့ ငါ့ကိုခဲရာ၏၊ သင့်ကို ကြောက်သောကြောင့် သင့်ခံတွင်းကိုဝင်ခြင်းငှါ မဝံ့ဟု သစ်တောက် လောက် ဆို၏၊ အဆွေ သစ်တောက်လောက် မကြောက်လင့် သင့်ကို ငါမခဲအံ့ ငါ့အား အသက်ကို ပေးလော့ဟု ခြင်္သေ့ ဆို၏၊ သစ်တောက်လောက်လည်း ကောင်းပြီဟု ခြင်္သေ့ကို လက်ျာနံပါးဖြင့် အိပ်စေ၍ အဘယ်သို့ ဖြစ်အံ့သည်ကို အဘယ်သူ သိနိုင်ချေအံ့နည်းဟု ကြံ၍ ခံတွင်းကို မပိတ်နိုင်အောင် ခြင်္သေ့၏ အောက်နှုတ်ခမ်း၌ငင်း အထက်နှုတ်ခမ်း၌ငင်း လှံတံကို ထောက်၍ ခံတွင်းသို့ ဝင်၍ အရိုးစွန်းကို နှုတ်သီးဖြင့် ခတ်၏၊ အရိုးသည် ကျ၍ ခြင်္သေ့ခံတွင်းမှ ထွက်လျက် ထောင်သောလှံတံကို နှုတ်သီးဖြင့် ခတ်၍ ကျစေပြီးသော် ထွက်၍ သစ်ခက်၌ နား၏၊ ခြင်္သေ့သည် ရောဂါကင်း၍ တနေ့သ၌ တခုသော တောကျဲကို သတ်၍ စား၏၊ သစ်တောက်လောက်ငှက်သည် ထိုခြင်္သေ့ကိုစုံစမ်းအံ့ဟု ခြင်္သေ့၏ အထက် သစ်ခက်၌နား၍ ခြင်္သေ့နှင့်တကွ ပြောဟောလိုရကား—

၂၉ အကရမ္ပသ တေ ကိစ္ဆံ၊ ယံ ဗလံ အဟုဝမ္ပသေ။
မိဂရာဇ နမော တျတ္တု၊ အပိ ကိဠိ လဘာမသေ။

ဟူသော ရှေးဦးစွာသော ဂျိုဂါထာကို ဆို၏။။

မိဂရာဇ၊ ခြင်္သေ့မင်း။။ တေ၊ သင်အား။။ နမော၊ ရှိခိုးခြင်းသည်။။ အတ္ထု၊ ဖြစ်စေ သတည်း။။ ယံ ဗလံ၊ အကြင် အစွမ်းသည်။။ အမ္ပာကံ၊ ငါတို့အား။။ အဟုဝမ္ပသေ-အဟောသိ၊ ဖြစ်၏။။ တေန ဗလေန၊ ထိုအစွမ်းဖြင့်။။ တေ၊သင်၏။။

www.dhammadownload.com

ကိစ္စံ၊ ကိစ္စကို။ မယံ၊ ငါတို့သည်။ အကရမ့သ၊ ပြုပါကုန်၏။ မယံ၊ ငါတို့သည်။ ကိုယ်အပိ၊ စည်းငယ်သော အမဲကိုလည်း။ လဘာမသေ၊ ရပါကုန်အံ့လော။

ထို့စကားကိုကြား၍ ခြင်္သေ့သည်-

၃၀ မမ လောဟိတဘက္ခဿ၊ နိစ္စံ လုဒ္ဒါနိ ကုဗ္ဗတော။
ဒန္တန္တရဂတော သန္တော၊ တံ ဗဟုံ ယဓိ ဇီဝသိ။

ဟူသော နှစ်ခုမြောက်သော ဂျိုဂါထာကို ဆို၏။

ဘော သကုဏ၊ အိုဋ္ဌက်။ ဒန္တန္တရဂတော၊ ငါသွားကြားသို့ ရောက်သည်။ သန္တော၊ ဖြစ်လျက်။ တုံ၊ သင်သည်။ ယဓိ ဇီဝသိ၊ အကြင် အသက်ရှည် ရခြင်းသည် ဖြစ်၏။ တံ၊ ထိုအသက်ရှည်ရခြင်းသည်။ လောဟိတဘက္ခဿ၊ သွေးကိုသောက်စားသော။ နိစ္စံ၊ အမြဲ။ လုဒ္ဒါနိ၊ ကြမ်းကြုတ်သောအမှုတို့ကို။ ကုဗ္ဗတော၊ ပြုသော သင်အား။ မမ၊ ငါ၏။ ဗဟုံ၊များစွာ ပူဇော်ခြင်းတည်း။

ထို့စကားကိုကြား၍ သစ်ဖေါက်လောက်ဉက်သည်-

၃၁ အကတညု မကတ္တာရံ၊ ကတဿ အပ္ပဋိကာရကံ။
ယသ္မိ ကတညုတာ နတ္ထိ နတ္ထိ ကတဿ သေဝနာ။

၃၂ ယဿ သမ္မုခစိတ္တေန၊ မိတ္တဓေမ္မော န လဗ္ဘတိ။
ဒါနုသ္သယ မနုဇ္ဇာသံ၊ သဏိကံ တမ္မာ အပက္ကမေ။

ဟူသော ဂျိုနှစ်ဂါထာတို့ကို ဆို၏။

ယသ္မိံ၊ အကြင်သူ၌။ ကတညုတာ၊ ကျေးဇူးသိသည်၏ အဖြစ်သည်။ နတ္ထိ၊ မရှိ။ တဿ၊ ထိုကျေးဇူး မသိသောသူအား။ သေဝနာ၊ မှီဝဲခြင်းသည်။ နိရတ္ထာ၊ အကျိုးမရှိ။ မိတ္တဓမ္မော၊ ကျေးဇူးပြုသောသူသည်။ ယဿ၊ အကြင်သူ၏။ သမ္မုခစိတ္တေန၊မျက်မှောက်ပြုသော ကျေးဇူးဖြင့်။ န လဗ္ဘတိ၊ အကျိုးကို မရ။ ကတဿ၊ ကျေးဇူးပြုသော သူအား။ အကတညုံ၊ ကျေးဇူးကိုမသိသော။ အကတ္တာရံ၊ တစုံတခုမပြုသော။ အပ္ပဋိကာရကံ၊ ကျေးဇူးတုံ့ပြန်ခြင်း မရှိသော သူကို။ အနုသ္သယံ၊ မငြူစူဘဲ။ အနက္ကောသံ၊ မဆဲရေးဘဲ။ တမ္မာ၊ ထိုကျေးဇူး မသိသောသူမှ။ သဏိကံ၊ ဖြည်းညှင်းသောယာစွာ။ အပက္ကမေ၊ ဖဲရာ၏။

www.dhammadownload.com

ဤသို့ဆို၍ သစ်တောက်လောက်ဌက်သည် ဖြစ်၏။

ဇာတ်ပေါင်း သဗ္ဗညုမြတ်စွာဘုရားသည် ဤမမ္မဒေသနာကိုဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ခြင်္သေ့ဖြစ်ဘူးပြီ၊ ယခုအခါငါဘုရားသည်သာလျှင် ထိုအခါ သစ်တောက်လောက်ဌက်ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကျေးဇူးရှိသူ၊ ကျေးဇူးမူ၊ ထိုသူယုတ်မာစွ)

ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သကုဏဇာတ်သည် ပြီး၏။

၉- ဆဝဇ္ဇာတ်

နေရာကိုရွေးပညာပေး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သဗ္ဗမိဒံ စရိမံ ကဝံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်ဘပ်သော ဤဆဝဇ္ဇာတ်ကို ဇေတဝန်ကျောင်းကောင်၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဘဋ္ဌိရဟန်းတို့ကို အကြောင်းပြု၍ ဟောကြော်မူ၏၊ (ပစ္စုပ္ပန်ဖြစ်ပေါ်သည်ဝိုးညီးခဲ့အကျယ်အားဖြင့်လာသလျှင်ကတည်း) ဤဆဝဇ္ဇာတ်ခဲ့ကား အကျဉ်းကို သိအပ်၏၊သဗ္ဗညု မြတ်စွာဘုရားသာည် ဆဗ္ဘဋ္ဌိရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ သင်တို့သည် နိမ့်သောနေရာ၌ နေကုန်၍ မြင့်သောနေရာ၌ နေသောသူအား တရားဟောကုန်သောဟူသည် မှန်သလောဟု မေးတော်မူ၍ မှန်ပေ၏ဟုလျှောက်သည်ရှိသော် ထိုဆဗ္ဘဋ္ဌိရဟန်းတို့ကို ကဲ့ရဲ့တော်မူ၍ ရဟန်းတို့ တရားတော်၌ အရိုအသေမပြုခြင်းသည် မသင့်၊ ရွေးပညာရှိတို့သည် နိမ့်သောနေရာ၌ နေ၍ ပေဒင်ကို သင်သောသူတို့ကိုလည်း ကဲ့ရဲ့ဘူးပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် စက္ကာလမျိုး၌ဖြစ်၍ အရွယ်သို့ရောက်

---

၁ မြင့်သောနေရာ၌မနေသောသူအား ဒေဒင်္ကို (က)

www.dhammadownload.com

လတ်သော် ဥစ္စာကို ဖြစ်စေ၏၊ ဘုရားလောင်း၏မယားသည် ချင်ခြင်းဖြစ်၍ ဘုရားလောင်းကို အရှင် အကျွန်ုပ်သည် သရက်သီးကိုစားခြင်းငှါ အလိုရှိ၏ဟု ဆို၏၊ ရှင်မ ဤကာလ၌ သရက်သီးသည် မရှိ၊ တပါးသော တစုံတခုသော ချဉ်သောအသီးကို ဆောင်အံ့ဟု ဘုရားလောင်းဆို၏၊ အရှင် သရက်သီးကိုရမှ အသက်ရှင်အံ့၊ မရသော် ငါသေအံ့ဟုဆို၏၊ဘုရားလောင်းသည် မိန်းမ၌တပ်စွန်း သောစိတ် ရှိသည်ဖြစ်၍ အဘယ်၌လျှင် သရက်သီးကို ရပါအံ့နည်းဟု ကြံ၏၊ ထိုအခါ၌ကား ဗာရာဏသီမင်း၏ ဥယျာဉ်၌ သရက်ပင်သည် မပြတ်သီး၏၊ ဘုရားလောင်းသည် ထိုသရက်သီးမှည့်ကိုဆောင်ယူ၍ မိန်းမအား ချင်ခြင်းကို ငြိမ်းစေအံ့ဟု ညဉ့်အခါ၌ ဥယျာဉ်သို့သွား၍ သရက်ပင်ကို တက်၍ပုန်းလျက် အောက်ကိုင်း အထက်ကိုင်း အသီးကိုကြည့်လျက် လှည့်လည်၏၊ ဘုရားလောင်း၏ ထိုသို့ပြုစဉ် ညဉ့်သည် လင်းသည်ဖြစ်၏၊ ထိုဘုရားလောင်းသည် ယခုအခါ၌လျှင် ဆင်းသက်၍ သွားသော် ငါ့ကိုမြင်၍ ခိုးသူဟု ဖမ်းကုန်လတ္တံ့၊ ညဉ့်အခါမှ သွားအံ့ဟု ကြံ၏၊ ကြံပြီး၍ ဘုရားလောင်းသည် တခုသော အခွံသို့ တက်၍ ပုန်းလျက်နေ၏။

ထိုအခါ၊ ဗာရာဏသီမင်းသည် ပုရောဟိတ်၏အထံ၌ ဗေဒင်တို့ကို သင်အံ့ဟု ဥယျာဉ်သို့ ဝင်၍ သရက်ပင်ရင်းဝယ် မြင့်သော နေရာ၌နေ၍ ဆရာကို နိမ့်သော နေရာ၌ နေစေ၍ ဗေဒင်တို့ကို သင်၏၊ ဘုရားလောင်းသည် အထက်၌ ပုန်းလျက် အကြင်မင်းသည် မြင့်သောနေရာ၌ နေ၍ ဗေဒင်တို့ကို သင်၏၊ ဤမင်းသည် တရားမစောင့်၊ အကြင် ပုဏ္ဏားသည် နိမ့်သောနေရာ၌ နေ၍ ဗေဒင်တို့ကို သင်စေ၏၊ ဤပုဏ္ဏားသည်လည်း တရားမစောင့်၊ အကြင် ငါသည် မိန်းမအလိုသို့ လိုက်၍ ကိုယ့်အသက်ကို မရေမတွက်ဘဲ သရက်သီးကို ခိုး၏၊ ထို ငါသည်လည်း တရားမစောင့်ဟု ကြံပြီး၍ ထိုဘုရားလောင်းသည် သရက်ပင်မှ သက်လတ်သော် တခုသော တွလျားကျသော နိမ့်သော အခက်ကိုကိုင်၍ မင်း, ပုဏ္ဏားနှစ်ပါးတို့၏ အလယ်၌ ရပ်၍ မြတ်သောမင်းကြီး ကျွန်ုပ်သည် ပျက်၏၊ သင်မင်းကြီးသည် တော့ဝေ၏၊ ပုရောဟိတ်သည် ရမ္မက်ကြီး၏ဟု ဆို၏၊ မင်းသည် အဘယ်အကြောင်း ကြောင့် ဤသို့ဆိုသနည်းဟု မေးအပ်သည်ရှိသော် ထိုဘုရားလောင်းသည်—

၃၃ သဗ္ဗမိဒံ စရိမံ ကတံ၊ ဥဘော ဓမ္မံ န ပဿရေ။
ဥဘော ပကတိယာ စုတာ၊ ယောစာယံ မန္ဒေဇ္ဈာပေတိ။
ယော စ မန္တံ အဓီယတိ။

ဟူသော ရွှေးဦးစွာသော ဤဂါထာကို ဆို၏။

www.dhammadownload.com

သဗ္ဗံ၊ အလုံးစုံသော။ ဣဒံ ကိစ္စံ၊ ဤသုံးယောက်သော ငါတို့ပြုအပ်သော အမှုသည်လည်း။ စရိမံ ကတံ၊ ယုတ်မာသောအမှုဖြစ်၏။ ယော စာယံ၊ အကြင် ပုဏ္ဏားသည်လည်း။ နီစာသနေ၊ နိမ့်သောနေရာ၌။ နိသိဒိတ္ဝာ၊ နေ၍။ မန္တေ၊ ဗေဒင်တို့ကို။ အဇ္ဈာပေတိ၊ သင်အံစေ၏။ ယော စ၊ အကြင် မင်းသည်လည်း။ ဥစ္စေ အာသနေ၊ မြင့်သောနေရာ၌။ နိသိဒိတ္ဝာ၊ နေ၍။ မန္တံ၊ ဗေဒင်ကို။ အဓီ—ယတိ၊ သင်အံ၏။ ဥဘော၊ နှစ်ပါးကုန်သော မင်း, ပုဏ္ဏားတို့သည်။ ဓမ္မံ၊ တရားကို။ န ပဿရေ၊ မမြင်ကုန်။ ဥဘော၊ နှစ်ပါးကုန်သော မင်း, ပုဏ္ဏားတို့သည်။ ပကတိယာ၊ တရားမှ။ စုတာ၊ ရွေ့လျောကုန်၏။

ထိုစကားကို ကြား၍ ပုဏ္ဏားသည်—

၃၄ သာလိနံ ဩဒနံ ဘုဥ္ဇေ၊ သုစိံ မံသူပသေစနံ။
တသ္မာ ဧတံ န သေဝါမိ၊ ဓမ္မံ ဣသီဟိ သေဝိတံ။

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

အဟံ၊ ငါသည်။ ရညော၊ မင်း၏။ သန္တိကံ၊ ဥစ္စာဖြစ်သော။ သုစိံ၊ ဖြူစင်စွာသော။ မံသူပသေစနံ၊ သားပြမ်းဖြစ်သော။ သာလိနံ၊ သလေးတို့၏။ ဩဒနံ၊ ထမင်းကို။ ဘုဥ္ဇေ၊ စား၏။ တသ္မာ ထို့ကြောင့်။ ဣသီဟိ၊ ဘုရား ပစ္စေကဗုဒ္ဓါတို့သည်။ သေဝိတံ၊ မှီဝဲအပ်သော။ ဧတံ ဓမ္မံ၊ ထိုတရားကို။ န သေဝါမိ၊ ငါမမှီဝဲ။

ထိုစကားကို ကြား၍ ဘုရားလောင်းသည်—

၃၅ ပရိဗ္ဗဇ မဟာလောကော၊ ပစ္စန္တေဉပိ ပါဏိနော။
မာ တံ အခမ္မော အာစရိတော၊ အသ္မာ ကုမ္ဘမိဝါဘိဒါ။

၃၆ ဓိရတ္ထု တံ ယသလာဘံ၊ ဓနလာဘဉ္စ ဗြာဟ္မဏ။
ယာ ဝုတ္တီ ဝိနိပါတေန၊ အဓမ္မစရဏေန ဝါ။

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

ဗြဟ္မေ၊ ပုဏ္ဏား။ လောကော နာမ၊ လောကမည်သည်ကား။ မဟာ၊ ကျယ်၏။ ပရိဗ္ဗဇ၊ တပါးသော အရပ်သို့ သွားလေလော့။ အဉ္ဉေပိ ပါဏိနော၊

www.dhammadownload.com

မင်းမှတပါးသော သတ္တဝါတို့သည်လည်း။ ဗစန္ဓိ၊ ထမင်းချက်ကုန်၏။ အသွာကျောက်သည်။ ကုမ္ဘံ၊ အိုးကို။ဘိန္ဒတိ ကွဝ၊ ခွဲသကဲ့သို့။ အာစရိတော၊ ကျင့်အပ်သော။ အဓမ္မော၊ အဓမ္မသည်။ တံ၊ သင့်ကို။ မာ အဘိဒါ၊ မခွဲစေလင့်။

ဗြာဟ္မဏ၊ပုဏ္ဏား။ ဝိနိပါတေန ဝါ၊အပါယ်သို့ ကျစေသဖြင့်၎င်း။ အဓမ္မစရဏေန ဝါ၊ အဓမ္မကို ကျင့်သဖြင့်၎င်း။ ယာ ဝုတ္တိ၊ အကြင်စည်းစိမ်ချမ်းသာကို ရခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ ယသလာဘဥ္စ၊ ထိုစည်းစိမ် ရခြင်းကိုဂုဏ်း။ တံ ဓနလာဘဥ္စ၊ ထိုဥစ္စာ ရခြင်းကိုဂုဏ်း။ ဓိရတ္ထု-ဂရဟာမ၊ ငါတို့ကဲ့ရဲ့ကုန်၏။

ထိုအခါ ဘုရားလောင်း၏ တရားစကား၌ မင်းသည် ကြည်ညိုး၍ အချင်းယောကျ်ားသဲ့သည် အဘယ်အမျိုးနည်းဟု မေး၏၊ အရှင် မင်းကြီး အကျွန်ုပ် စက္ကာလတည်းဟု ဆို၏၊ အချင်းယောကျ်ား အကယ်၍ သင်သည် အမျိုးနှင့် ပြည့်စုံပြားအံ့ သင့်အား ငါသည် မင်းအဖြစ်ကို ပေးရာ၏၊ ယခုနေ့မှစ၍ကား ငါသည် နေ့အခါ၌ မင်းဖြစ်အံ့၊ သင်သည် ညဉ့်၌ မင်းဖြစ်လော့ဟု ဆို၍ မိမိလည်၌ဆင်သော ပန်းဆိုင်းကို ဘုရားလောင်း၏ လည်၌ ဆင်စေ၍ ဘုရားလောင်းကို မြို့စောင့်အဖြစ်ကို ပြု၏၊ ဤအနှယ်သည်ကား မြို့စောင့်တို့၏ လည်၌နီသော ပန်းပေါင်းကို ဆင်သောအနှယ် ဖြစ်၏၊ ထိုအခါမှစ၍ကား မင်းသည် ဘုရားလောင်း၏ အဆုံးအမ၌တည်၍ ဆရာအား ရိုသေခြင်းကိုပြု၍ နိမ့်သော နေရာ၌ နေ၍ ဗေဒင်တို့ကို သင်၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းကြီး ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ စက္ကာလသား ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(တရားမွေ၊ ဟူတုံက၊ မုချရိုသေလေ)

ကိုးခုတို့၏ပြည့်စေကြောင်းဖြစ်သော ဆဝဇာတ်သည် ပြီး၏။

. . . . . .

၁၀-ဧသုကာရဇာတ်

ရာထူးမမင် တောချောင်ဝင်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "သသမုဒ္ဒပရိယာယံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသေယျဇာတ်ကို ဇေတဝန်ကျောင်းတော်၌သီတင်းသုံး

www.dhammadownload.com

နေတော်မူစဉ် **သာသနာ့ဒါယာဒ်ဖြစ်သော ရဟန်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုရဟန်းသည် သာ၀တ္ထိပြည်၌ ဆွမ်းခံသွားသည် ရှိသော် တယောက်သော အဆင်းလှသော တန်ဆာဆင်အပ်သော မိန်းမကို မြင်၍ သာသနာတော်၌ ငြိုးငွေ့၏၊ ထိုအခါ ရဟန်းတို့သည် သဗ္ဗညူ မြတ်စွာဘုရားအား လျှောက်ကုန်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ထိုရဟန်းကို ရဟန်း အသိုနည်း သင်ငြိုးငွေ့သောဟူသည် မှန်သလောဟု မေးတော်မူ၍ မှန်ပေ၏ဟု လျှောက်၍ အဘယ်သူသည် သင့်ကို ငြိုးငွေ့စေသနည်းဟု မိန့်တော်မူသည် ရှိသော် ထိုအကြောင်းကို ကြားလျှောက်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ရဟန်း အဘယ့်ကြောင့် သင်သည် ဤသို့သဘောရှိသော ဝင့်ဆင်းရဲမှု ထွက်မြောက် စေတတ်သော သာသနာတော်၌ ငြိုးငွေ့သနည်း ရှေးပညာရှိတို့သည် ပုရောဟိတ် အရာကို ရကုန်လျက်လည်း ထိုအရာကို ပယ်၍ ရဟန်းပြုကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ပစ္စုပ္ပန်၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုရောဟိတ်၏ ပုဏ္ဏားမ၀မ်း၌ပဋိသန္ဓေ ယူ၍ မင်း၏သားနှင့်တကွ တနေ့ချင်း ဖွား၏၊ မင်းသည် ငါ၏ သားနှင့်တကွ တနေ့ချင်းဖွားသော သူငယ်ရှိသလောဟု အမတ်တို့ကိုမေး၏၊ မြတ်သောမင်းကြီး ပုရောဟိတ်သား ရှိ၏ဟု လျှောက်ကုန်၏၊မင်းသည် ပုရောဟိတ်၏ သားကို ယူငင် စေ၍ အထိန်းတို့အား ပေး၍ မင်းသားနှင့် တကွနက် မွေးမြူစေ၏၊ နှစ်ယောက် ကုန်သော သူငယ်တို့အား ဆင်သော တန်ဆာ, အဖျော်, ဘောဇဉ် အစရှိသည် တို့သည် ထပ်တူသာလျှင် ဖြစ်ကုန်၏၊ ထိုသူငယ်တို့သည် အရွယ်သို့ ရောက်ကုန် လတ်သော် တကွနက်သာလျှင် တက္ကသိုလ်ပြည်သို့ သွား၍ ခပ်သိမ်းသော အတတ်တို့ကို သင်၍ ပြန်လာကုန်၏၊ မင်းသည် သားအား အိမ်ရှေမင်း အဖြစ်ကို ပေး၍ အိမ်ရှေ့မင်းသည် မျှားသော စည်းစိမ် အခြံအရံရှိ၏၊ ထိုအခါမှစ၍ ဘုရားလောင်းသည် မင်းသားနှင့် တကွနက် စား၏ သောက်၏ အိပ်၏ အချင်းချင်း အကျွမ်း၀င်ခြင်းသည် မြဲမြံ၏။

နောက်အခါ မင်းသားသည် အဘလွန်သဖြင့် မင်းအဖြစ်၌ တည်၍ ကြီးစွာ သော စည်းစိမ်ကို ခံစား၏၊ ဘုရားလောင်းသည် ငါ၏ အဆွေခင်ပွန်းကား ပြည်ကို ဆုံးမ၏၊မှတ်မိသော ခဏ၌လျှင် ငါ့အား ပုရောဟိတ်အရာကို ပေးလတ္တံ့၊ ငါ့အား အိမ်၌နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း ရဟန်းပြု၍ ဝိ၀ေကကိုပွားစေ

www.dhammadownload.com

အံ့ဟု ကြံ၏၊ ကြံပြီး၍ ဘုရားလောင်းသည် မိဘတို့ကို ရှိခိုး၍ ရဟန်းအဖြစ်ကို ခွင့်ပြုစေ၍ ကြီးစွာသော စည်းစိမ်ကို စွန့်၍ တယောက်ထည်း သာလျှင် တောထွက်၍ ဟိမဝန္တာသို့ဝင်၍နှလုံးမွေ့လျော်ဘွယ်ရှိသော မြေအဘို့၌ကျောင်း ဆောက်၍ ရသေ့ရဟန်းပြု၍ အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေ၍ စျာန်ကစား ခြင်းကို ကစားလျက်ငန၏၊ ထိုအခါ မင်းသည် ဘုရားလောင်းကို အောက်မေ့၍ ငါ၏အဆွေခင်ပွန်းသည်ပထင် အဘယ်မှာနည်းဟု မေး၏၊ အမတ်တို့သည် ဘုရား လောင်း၏ ရဟန်းပြုသော အဖြစ်ကို ကြား၍ မေ့လျော်ဘွယ် ရှိသော တောအုပ်၌ နေသတတ်ဟု လျှောက်ကုန်၏ မင်းသည် ဘုရားလောင်း၏နေရာ အရပ်ကို မေး၍ သေယျမည်သော အမတ်ကို သင်သွားခေျ၊ ငါ၏ အဆွေ ခင်ပွန်းကို ခေါ်၍လာခဲ့လော့ ငါ၏အဆွေခင်ပွန်းအား ပုရောဟိတ်အရာကို ပေးအံ့ဟု ဆို၏၊ ထို သေယျ အမတ်သည် ကောင်းပြီဟု ဝန်ခံ၍ ဗာရာဏသီမှ ထွက်၍ အစဉ်သဖြင့် ပစ္စန္တရစ်သို့ရောက်၍ ထိုရွာ၌ သစ်ခက်တပ် တည်နေ၍ မုဆိုးတို့နှင့်တကွ ဘုရားလောင်း၏ နေရာအရပ်သို့ သွား၍ ကျောင်းတံခါး၌ ရှေဆင်းတုကဲ့သို့ ထိုင်၍ နေသော ဘုရားလောင်းကို မြင်၍ ရှိခိုး၍ တင့်အပ် လျောက်ပတ်စွာနေ၍ သင့်သည်ရှိသော် အရှင်ဘုရား မင်းသည် အရှင်ဘုရားအား ပုရောဟိတ် အရာကို ပေးလို၍ အရှင်ဘုရား၏ လာခြင်းကို အလိုရှိ၏ဟု လျှောက်၏။

ဘုရားလောင်းသည်ကား ပုရောဟိတ် အရာကို ထားဘိဦး ကာသိတိုင်း, ကောသလတိုင်းနှင့် တကွသော ဇမ္ဗူဒီပါမင်း၏ အဖြစ်, စကြဝတေးမင်း၏ စည်းစိမ်ကိုပင် ရငြားသော်လည်း ငါမလိုက် ပညာရှိတို့သည် တကြိမ် စွန့်အပ်ပြီးသော ကိလေသာတို့ကို တဖန် မယူကုန်၊ တကြိမ်စွန့်အပ်ပြီးသော ကိလေသာသည် ထွေးအပ်ပြီးသော တံတွေးပေါက်နှင့် တူ၏ဟု ဆို၍—

၃၇ သသမုဒ္ဒပရိယာယံ၊ မဟိ သာဂရကုဏ္ဍလံ။
နက္ခစ္ဆ သဟ နိန္ဒာယ၊ ဧဝံ သေယျ ဝိဇာနဟိ။

၃၈ ဓိရတ္ထု တံ ယသလာဘံ၊ ဓနလာဘဉ္စ ဗြာဟ္မဏာ။
ယာ ဝုတ္တိ ဝိနိပါတေန၊ အဓမ္မစရဏေန ဝါ။

၃၉. အပိ စေ ပတ္တမာဒါယ၊ အနဂါရော ပရိဗ္ဗဇေ။
သာယေဝ ဇီဝိကာ သေယျော၊ ယာ စာဓမ္မေန ဧသနာ။

www.dhammadownload.com

၄၀ အပိ စေ ပတ္တမာဒါယိ၊ အနဂါရော ပရိပ္ပဇေ။
အညံ အဟိံ သယံ လောကေ၊ အပိ ရဇ္ဇေန တံ ဝရံ။
ဟူသော ဂါထာတို့ကို ဆို၏။

သေယျ၊ သေယျ။ သဟ နိန္ဒာယ၊ ကဲ့ရဲ့ခြင်းနှင့်တကွ ဖြစ်ခြင်းကြောင့်။ သသမုဒ္ဒပရိယာယံ၊ သမုဒ္ဒရာကို ရံ၍တည်သော စကြဝဠာနှင့် တကွသော။ သာဂရကုက္ကုလံ၊ သမုဒ္ဒရာ၏ နားခွောင်းသဘွယ်ဖြစ်သော။ မဟိံ၊ မြေကို။ န ကွစ္ဆေ၊ အလိုမရှိ။ ဧဝံ၊ ဤသို့။ ဝိဇာနာဟိ၊ လော့။

ပြာဟူဏ၊ ပုဏ္ဏား။ **ဝိနိပါတေန** ဝါ၊ အပါယ်သို့ ကျစေသဖြင့်၎င်း။ အဓမ္မစရဏေန ဝါ၊ အဓမ္မကို ကျင့်သဖြင့်၎င်း။ ယာဝုတ္တို၊ အကြင်စည်းစိမ်ဥစ္စာကို ရခြင်းသည်။ဥပပဇ္ဇတိ၊ဖြစ်၏။ တံယသလာဘဉ္စ၊ ထိုစည်းစိမ်ရခြင်းကိုလည်း။ တံ ဓနလာဘဉ္စ၊ ထိုဥစ္စာရခြင်းကိုလည်း။ ဓိရတ္ထု-ဂရဟာမ၊ ငါတို့ကဲ့ရဲ့ကုန်၏။

အဓမ္မေန၊ အဓမ္မဖြင့်။ ယာ စ သေနာ၊ အကြင်ဥစ္စာရှာခြင်းသည်။ အတ္ထိ၊ ရှိ၏။ တတော၊ ထို့ထက်။ အနဂါရော၊ နေရာမရှိသည်ဖြစ်၍။ ပပ္ဗဇ္ဇ၊ ရဟန်းပြု၍။ ပတ္တံ၊သပိတ်ကို။အာဒါယ၊ယူ၍။ ပရိပ္ပဇေ-အပိစေ၊ ဆွမ်းခံသွားငြားအံ့။ သာယေဝ ဇီဝိကာ၊ ထိုအသက်မွေးခြင်းသည်သာလျှင်။ သေယျော၊ မြတ်၏။

အနာဂါရော၊ နေရာအရပ်မရှိသည်ဖြစ်၍။ပပ္ဗဇ္ဇ၊ရဟန်းပြု၍။ ပတ္တံ၊သပိတ်ကို။ အာဒါယ၊ယူ၍။ လောကေ၊ လောက၌။ အညံ၊ သူတပါးကို။ အဟိံ သယံ၊ မည်ဉီးဆဲဘဲ။ ပရိပ္ပဇေ—အပိ စေ၊ ဆွမ်းခံသွားငြားအံ့။ တံ၊ ထိုအသက်မွေးခြင်းသည်။ ရဇ္ဇေန အပိ၊ မင်းအဖြစ်ထက်လည်း။ ဝရံ၊ မြတ်၏။

ဤသို့ ဘုရားလောင်းသည် အဖန် တလဲလဲ တောင်းပန်သော်လည်း ထိုတောင်းပန်ခြင်းကို ပယ်၏၊ သေယျသည်လည်း ဘုရားလောင်း၏ စိတ်ကိုမရ၍ ဘုရားလောင်းကို ရှိခိုး၍ သွား၍ ဘုရားလောင်း၏ မလာသောအဖြစ်ကို မင်းအား ကြားလျှောက်၏။

ဇာတ်ပေါင်း သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ သာသနာတော်၌ ငြိုးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ တပါးကုန်သော မျှားစွာကုန်သော ရဟန်းတို့သည်လည်း

www.dhammadownload.com

သောတာပတ္တိဖိုလ် အစရှိသည်တို့ကို မျက်မှောက်ပြုကုန်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါမင်းဖြစ်ဘူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ သေးကြီး အမည်ရှိသော အမတ် ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပုရောဟိတ်သား ရသေ့ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(လောကီ.ကိုပယ်၊ လောကုတ်နယ်၊ ကိုးကွယ်ရာကြဿည်)

ဆယ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သေယျဇာတ်သည် ပြီး၏။

၂-- ပုစိမန္ဒဝဂ် ၁၁- ပုစိမန္ဒဇာတ်

တမာပင်ရကွဲစိုင်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောက်ကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဥဇ္ဇဟိ စောရ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပုစိမန္ဒဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်မဟာမောဂ္ဂလ္လာန်မထေရ်ကို အကြောင်းပြု၍ ဟောဒေတော်မူ၏၊ အရှင်မဟာ မောဂ္ဂလ္လာန် မထေရ်သည် ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ တောကုဋိ၌ သီတင်းသုံးနေသည်ရှိသော် တယောက်သော ခိုးသူသည် မြို့တံခါး ရှာဝယ် ဘခုသောအိမ်၌ အစပ်ကိုဖြတ်၍ ဥစ္စာနှစ်ကို ယူ၍ပြေး၍ အရှင်မဟာ မောဂ္ဂလ္လာန် မထေရ်၏ ကုဋိပရိဝုဏ်အရံဘင်းသို့ ဝင်၍ ဤ၌ ငါ၏အစောင့် အရှောက်သည် ဖြစ်လတ္တံ့ဟု အရှင်မဟာမောဂ္ဂလ္လာန် မထေရ်၏ ကျောင်းဦး၌ အိပ်၏၊ အရှင်မောဂ္ဂလ္လာန် မထေရ်သည် ခိုးသူ ကျောင်းဦး၌ အိပ်သော အဖြစ်ကို သိ၍ ထိုခိုးသူ၌ ရှုရှာခြင်းကိုပြု၍ ခိုးသူနှင့်တကွ ရောနှောခြင်းမည်သည်ကား မအပ်ဟု ထုတ်၍ ဤကျောင်း၌ မအိပ်လင့်ဟု နှုတ်ကုတ်၏၊ ခိုးသူသည် ထိုကျောင်းမှ ထွက်၍ ခြေရာကိုဖျက်၍ ပြေး၏၊ လူတို့သည် မီးရှူးကို ယူ၍ ခိုးသူ၏ခြေရာသို့ လိုက်သဖြင့် ထိုကျောင်းသို့ လာ၍ ထိုခိုးသူ၏ လာရာအရပ်, ရပ်ရာအရပ်, ထိုင်ရာအရပ်, အိပ်ရာအရပ် အစရှိသည်တို့ကို မြင်၍ ခိုးသူသည် ဤကျောင်းမှ လာ၏၊ ဤ၌ ရပ်၏၊ ဤ၌ ထိုင်၏၊ ဤ၌ အိပ်၏၊ ဤအရပ်မှ ပြေး၏၊ ငါတို့သည် မမြင်ဟု ထိုမှ ဤမှသွား၍ မမြင်၍လျှင် ပြန်ကုန်၏၊

www.dhammadownload.com

နက်ဖြန်. အရှင်မဟာမောဂ္ဂလ္လာန် မထေရ်သည် နံနက်အခါ ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံ၍ ဆွမ်းခံရာမှ ဖဲ့ခဲ့သည်ရှိသော် ဝေဠုဝန် ကျောင်းတော်သို့သွား၍ ထိုအကြောင်းကို မြတ်စွာဘုရားအား ကြားလျှောက်၏၊ မောဂ္ဂလ္လာန် သင်သည်လျှင် ရှုရှာအပ်သည်နှင့် ယှဉ်သောသူကို ရှုရှာခြင်းပြုသည် မဟုတ်သေး၊ ရှေးပညာရှိတို့သည်လဲသည်း ရှုရှာခြင်းကို ပြုဘူးကုန်သည် သလျှင်ကတည်းဟု မိန့်တော်မူ၍ အရှင်မဟာ မောဂ္ဂလ္လာန်မထေရ်သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မြို့၏ သုသာန်တော၌ မတာပင်စောင့် နတ်ဖြစ်၏၊ ထိုအခါ တနေ့သ၌ မြို့တံခါးရှာ၌ ပြုအပ်ပြီးသော အမှုရှိသော ခိုးသူသည် သုသာန်တောသို့ ဝင်၏၊ ထိုအခါ ထိုသုသာန်၌ တမာပင်, ညောင်ဗုဒ္ဓဟေပင် ဟူကုန်သော သစ်ပင်ကြီး နှစ်ပင်တို့သည် ရှိကုန်၏၊ ခိုးသူသည် တမာပင်ရင်း၌ ဥစ္စာထုပ်ကိုထား၍ အိပ်၏၊ ထိုကာလ၌ ခိုးသူတို့ကို ဖမ်း၍ တမာသား တံကျင်၌ လျှိုကုန်၏၊ ထိုအခါ တမာပင်စောင့်နတ်သည် ဤအရပ်သို့ လူတို့သည် လာကုန်၍ ဤခိုးသူကို ဖမ်းကုန်သည်ရှိသော် ဤတမာပင်၏ အခက်ကိုဖြတ်၍ တံကျင်ပြု၍ ထိုခိုးသူကို လျှိုကုန်ရာ၏၊ ဤသို့ ပြုသည်ရှိသော် တမာပင်သည် ပျက်စီးလတ္တံ့၊ ယခုငါသည် ခိုးသူကို ဤတမာပင်မှ နှုတ်ထုတ်အံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုတမာပင်စောင့် နတ်သည် ထိုခိုးသူနှင့်တကွ စကားပြောလိုရကား—

၄၁ ညဋ္ဌေဟိ စောရ ကိံ သေသိ၊ ကော အတ္ထော သုပနေန တေ။
မာ တံ ဂဟေသုံ ရာဇာနော၊ ဂါမေ ကိဗ္ဗိသကာရကံ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။။

စောရ၊ ခိုးသူ။ ညဋ္ဌေဟိ၊ ထလော့။ ကိံ၊ အဘယ်ကြောင့်။ သေသိ၊ အိပ်သနည်း။ တေ၊ သင့်အား။ သုပနေန၊ အိပ်ခြင်းဖြင့်။ ကော အတ္ထော၊ အဘယ်အကျိုးရှိအံ့နည်း။ ဂါမေ၊ ရွာ၌။ ကိဗ္ဗိသကာရကံ၊ ကြမ်းကြုတ်သော အမှုကိုပြုသော။ တံ၊ သင့်ကို။ ရာဇာနော၊ မင်းချင်း ယောကျ်ားတို့သည်။ မာ ဂဟေသုံ၊ မဖမ်းစေကုန်လင့်။

ဤသို့ ထိုခိုးသူကိုဆို၍ မင်းချင်းယောကျ်ားတို့သည် သင့်ကို မဖမ်းကုန်မီ တပါးသော အရပ်သို့ သွားလေဟု ကြောက်စေ၍ ပြေးစေး၏၊ ခိုးသူ ပြေးသည်ရှိသော် ညောင်ဗုဒ္ဓဟေပင်စောင့် နတ်သည်—

www.dhammadownload.com

၄၂ ယံ နု စောရံ ဂဟေဿန္တိ၊ ဂါမေ ကိဗ္ဗိသကာရကံ။
ကိံ တတ္ထ ပုစိမန္ဒဿ၊ ဝနေ ဇာတဿ တိဋ္ဌတော။
ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

ဂါမေ၊ ရွာ၌။ ကိဗ္ဗိသကာရကံ၊ ခိုးသောအမှုကို ပြုသော။ စောရံ၊ ခိုးသူကို။ ယံ ဂဟေဿန္တိ၊ အကြင် ဖမ်းခြင်းကို ပြုကုန်လတ္တံ့။ တတ္ထ၊ ထိုခိုးသူကို ဖမ်းသည် ရှိသော်။ ဝနေ၊ တော၌။ ဇာတဿ၊ ဖြစ်ထခသော။ တိဋ္ဌတော၊ တည်ထသော။ ပုစိမန္ဒဿ၊ တမာပင်စောင့် နတ်အား။ ကိံ နု၊ အသို့ဖြစ်သနည်း။

ထိုစကားကို ကြား၍ တမာပင်စောင့် နတ်သည် -

၄၃ န တံ အဿတ္ထ ဇာနာသိ၊ မမ စောရဿ စန္တိရံ။
စောရံ ဂဟေတ္ဝာ ရာဇာနော၊ ဂါမေ ကိဗ္ဗိသကာရကံ။
အပေန္တိ နိမ္မဿုလသိံ၊ တသိံ မေ သက်တေ မနော့။
ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

အဿာတ္ထ၊ ညောင်ဗုဒ္ဓဟေပင်စောင့်နတ်။ တံ၊ သင်သည်။ မမ စ၊ ငါ၏ရင်း။ စောရဿ စ၊ ခိုးသူ၏ရင်း။ အန္တိရံ၊ တပေါင်းတည်း မနေသင့်သော အကြောင်းကို။ န ဇာနာသိ၊ မသိ။ ဂါမေ၊ ရွာ၌။ ကိဗ္ဗိသကာရကံ၊ ခိုးမှုကို ပြုသော။ စောရံ၊ ခိုးသူကို။ ရာဇာနော၊ မင်းချင်း ယောကျ်ားတို့သည်။ ဂဟေတ္ဝာ၊ ဖမ်းကုန်၍။ နိမ္မဿုလသိံ၊ တမာသား တံကျင်၌။ အပေန္တိ၊ လျှိုကုန်၏။ တသိံ၊ ထိုသို့ပြုခြင်း၌။ မေ၊ ငါ၏။ မနော၊ စိတ်သည်။ သက်တေ၊ ရှိရှာ၏။

ဤသို့ ရက္ခစိုဝ်းနတ်တို့၏ အချင်းချင်း ပြောဆိုကုန်စဉ်လျှင် ဥစ္စာရှင်တို့သည် မီးရှူးကိုင်ကုန်လျက် ခြေရာသို့လျှောက်သောအားဖြင့် လာကုန်၍ ခိုးသူ၏အိပ်ရာ အရပ်ကို မြင်ကုန်၍ အချင်းတို့ ယခုပင်လျှင် ခိုးသူထ၍ ပြေး၏၊ ငါတို့သည် ခိုးသူကို မရအပ်၊ အကယ်၍ ရကုန်အံ့ ဤတမာပင်၏ တံကျင်၌ ခိုးသူကို လျှို၍ တမာခက်၌ ဆွဲ၍ သွားကြကုန်အံ့ဟု ဆို၍ ထိုမှဤမှလိုက်၍ ခိုးသူကိုမမြင်၍လျှင် သွားကုန်၏၊ ထိုသူတို့၏ စကားကိုကြား၍ ညောင်ဗုဒ္ဓဟေပင်စောင့်နတ်သည်—

၄၄ သကေ်ယျ သင်္ကိတမ္ဗာနိ၊ ရက္ခေယျာနာဂတံ ဘယံ။
အနာဂတဘယာ မီဃော၊ ဥဘော လောကေ အဝေက္ခတိ။
ဟူသော် လေးခုမြောက်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

ဓိရော၊ ပညာရှိသည်။ သင်္ဃံ တမ္ဗာနိ၊ ရွံရှာအပ်သည်တို့ကို။ သင်္ကေယျ၊ ရွံရှာရာ၏။ အနာဂတံ ဘယံ၊ လာလတ္တံ့သော ဘေးကို။ ရဇကွေယျ၊ စောင့်ရှောက်ရာ၏။ အနာဂတဘယာ၊ လာလတ္တံ့သော ဘေးဖြင့်။ ဥဘော လောကေ၊ နှစ်ပါးသော လောကတို့ကို။ အဝေက္ခတိ၊ ကြည့်မြော်၏။

ဇာတ်ပေါင်း သမ္ဗဉ္ဇ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ညောင်ဗုဒ္ဓပေါပင်စောင့်နတ် ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင်. ထိုအခါ တမာပင်စောင့်နတ် ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ရွံ့ရှာသင့်သူ၊ ရွံ့ရှာမှု ထိုသူဘေး မရောက်)
ရှေးဦးစွာသော ပုစိမန္ဒဇာတ်သည် ပြီး၏။

၁၂-ကဿပမန္ဒိယဇာတ်

သက်ကြီးသည်းခံ

ပစ္စုပ္ပန်ဂတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္ဗဉ္ဇ မြတ်စွာဘုရားသည် "အပိ ကဿပ မန္ဒိယာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤကဿပမန္ဒိယ ဇာတ်ကို ဧဇတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **တပါးသော အသက်ကြီးသော ရဟန်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ သာဝတ္ထိပြည်၌ တယောက်သော အမျိုးကောင်းသား သည် ကာမတို့၌ အပြစ်ကိုမြင်၍ သမ္ဗဉ္ဇဘုရား အထံတော်၌ ရဟန်းပြု၍ ကမ္မဋ္ဌာန်းကိုအားထုတ်သည်ရှိသော် မကြာမြင့်မီလျှင် အရဟတ္တဖိုလ်သို့ရောက်၏၊ နောက်အဘို့၌ ထိုရဟန်း၏ အမိသည် သေလွန်၏၊ ထိုရဟန်းသည် အမိသေလွန်သည်ရှိသော် အဘနှင့် ညီငယ်ကိုရဟန်းပြုစေ၍ ဧဇတဝန် ကျောင်းတော်၌ နေ၍ ဝါဆိုခါနီး ကာလ၌ သက်န်းပစ္စည်း ရလွယ်သည်၏အဖြစ်ကို ကြား၍ တခုသော ရွာကျောင်းသို့ သွား၍သုံးပါးကုန်သော ရဟန်းတို့သည်လည်း ထိုကျောင်း၌သာလျှင် ဝါဆိုကုန်၍ ဝါကျွတ်ကုန်သော်ဧဇတဝန်ကျောင်းတော်သို့လျှင်လာကုန်၏၊

www.dhammadownload.com

ရဟန်းငယ်သည် ဇေတဝန်ကျောင်းတော်၏အနီးဖြစ်သော အရပ်၌ သာမဏေသင်သည် မထေရ်ကြီးကို အပင်အပန်းဖြေစေ၍ ဆောင်ခဲ့လော့ ငါသည် ရှေးဦးသွားလင့်၍ ကျောင်းကို သုတ်သင်ခြေအုံဟု ဆို၍ ဇေတဝန်ကျောင်းတော်သို့ ဝင်၏။ အသက်ကြီးသော မထေရ်သည် ဖြည်းဖြည်းသွား၏၊ သာမဏေသည် အဖန်တလဲလဲ ဦးခေါင်းဖြင့် နှိပ်ဘိသကဲ့သို့ အရှင်ဘုရား သွားလော့ အရှင်ဘုရား သွားလော့ဟု ထိုအသက်ကြီးသော မထေရ်ကို နှိုင်ထက်မူသဖြင့်ဆောင်၏၊ အသက်ကြီး မထေရ်သည် ငါ့ကို သင်သည် ကိုယ့်အလိုအတိုင်း ဆောင်၏ဟု တဖန်ပြန်၍ အစမှစ၍ သွား၏၊ ထိုနှစ်ပါးကုန်သော သားအဘတို့၏ အချင်းချင်း ခိုက်ရန်ပြုကုန်စဉ်လျှင် နေဝင်၍ မှောင်မိုက်၏။

ပဉ္စင်းငယ်သည်လည်း ပရိဝုဏ်ကို တံမြက်လှည်း၍ ရေခပ်၍ ထိုသားအဘတို့၏ လာခြင်းကို မမြင်၍ မီးရှူးကိုင်လျက် ခရီးဦးကြို၍ လာလတ်ကုန်သော ထိုသားအဘကို မြင်၍ အဘယ့်ကြောင့် ကြာမြင့်ကြကုန်သနည်းဟု မေး၏၊ အသက်ကြီးရဟန်းအိုသည် ထိုအကြောင်းကို ပြောဆို၏၊ ရဟန်းငယ်သည် ထိုနှစ်ပါးကုန်ဖသော ရဟန်းကြီး, သာမဏေတို့ကိုလည်း အပင်ပန်း ဖြစေ၍ ဖြည်းညင်းစွာ ဆောင်၏၊ ထိုနှေ့၌ ဘုရားကို ဆည်းကပ်ခွင့်ကို မရ၊ နှစ်ရက် မြောက်ဖေသောနေ့၌ ဘုရားအထံတော်သို့ လာ၍ ရှိခိုး၍နေသော် ထိုရဟန်းကို သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်း သင်သည် အဘယ်အခါ၌ လာရောက်သနည်းဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးလှသောဘုရား ယမန်နေ့က ရောက်၏၊ ယမန်နေ့က ရောက်လျှက် ယနေ့မှ ငါဘုရားအား ဆည်းကပ်ခြင်းကို ပြုသလောဟု မိန့်တော်မူ၏၊ ထိုရဟန်းသည် ဘုန်းတော်ကြီးသောဘုရား မှန်ပေ၏ဟု ဆို၍ ထိုအကြောင်းကို ကြားလျှောက်၏၊ သဗ္ဗညု မြတ်စွာဘုရား သည် အသက်ကြီးသော မထေရ်ကို ကဲ့ရဲ့၍ ရဟန်း ဤမထေရ်အိုသည် ယခု အခါ၌သာလျှင် ဤသို့သဘောရှိသော အမှုကို ပြုသည်မဟုတ်သေး၊ ရှေးဘဝလည်း ပြုဘူး၏၊ ယခုမူကား ထိုရဟန်းအိုသည် သင့်ကို ပင်ပန်းစေ၏၊ ရှေးဘဝ ပညာရှိတို့ကို ပင်ပန်းစေဘူး၏ဟု မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည် ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိနိုဂုံးဝယ် ပုဏ္ဏားမျိုးဘဝ ဖြစ်၏၊ ဘုရားလောင်းသည် အရွယ်ရောက်သော ကာလ၌ အမိသည် သေ၏၊ ဘုရား

www.dhammadownload.com

လောင်းသည် အမိ၏အလောင်းကိုသင်္ဂြိဟ်၍ လခွဲတလ လွန်လတ်သော် အိမ်၌ရှိသောဥစ္စာကိုအလှူပေး၍ အဘနှင့်ညီငယ်ကိုယူ၍ ဟိမဝန္တာအရပ်၌နှတ်ပေးသောလျှော်တော်သက်န်းကို ယူ၍ ရသေ့ရဟန်းပြု၍ သစ်မြစ် သစ်သီးကြီးငယ်တို့ဖြင့် မျှတလျက် မွေ့လျော်ဘွယ်ရှိသော တောအုပ်၌ နေ၏၊ ဟိမဝန္တာ၌ကား မိုးယံးကာလ၌ အစဉ်မပြတ် မိုးယံးရွာသည်ရှိသော် သစ်မြစ်ကို တူးအံ့သောငှါ မတတ်နိုင်၊ သစ်သီးကြီးငယ် သစ်ရွက်တို့သည်လည်း ကြွေကုန်၏၊ ရသေ့တို့သည် များသောအားဖြင့် ဟိမဝန္တာမှ ထွက်၍ လူ့ပြည်၌ နေကုန်၏၊ ထိုအခါ ဘုရားလောင်းသည် အဘနှင့်ညီကို ယူ၍ လူ့ပြည်၌ နေ၍ တဖန်လည်း ဟိမဝန္တာ၌ များစွာသော အသီးအပွင့်ရှိလတ်သော် အဘနှင့် ညီနှစ်ယောက်တို့ကို ခေါ်၍ ဟိမဝန္တာ၌ မိမိကျောင်းသို့ သွား၍ ကျောင်း၏အနီးဝယ် နေဝင်လတ်သော် သင်တို့သည် ဖြည်းဖြည်း လာကြကုန်လော့၊ ငါသည် ရှေးမှသွား၍ ကျောင်းကို သုတ်သင်ခြေအံ့ဟုဆို၍ သားအဘ နှစ်ယောက်တို့ကို နောက်၌ထားခဲ့၍ သွား၏၊ ရသေ့ငယ်သည် ရသေ့ကြီးနှင့်တကွ ဖြည်းဖြည်း သွားလတ်သော် ရသေ့ကြီးကို နှစ်ကြိမ်, သုံးကြိမ် ဦးခေါင်းဖြင့် နှိပ်ဘီသကဲ့သို့ သွား၏၊ ရသေ့ကြီးသည် ငါ့ကို သင်သည် မိမိအလိုအားဖြင့် ဆောင်၏ဟု ပြန်၍ အစမှစ၍ လာ၏၊ ဤသို့ ထိုရသေ့ကြီး ရသေ့ငယ်တို့၏ ခိုက်ရန်ပြုကုန်စဉ်လျှင် မှောင်မိုက်၏။

ဘုရားလောင်းသည်လည်း ကျောင်းကို တံမြက်လှည်း၍ ရေခပ်၍ မီးရှူးကိုင်လျက် ခရီးဦးကြိုလတ်သော် ထိုရသေ့ငယ် ရသေ့ကြီးတို့ကို မြင်၍ ဤမျှလောက်ကြာအောင် အဘယ်ကို ပြုခဲ့ကြကုန်သနည်းဟု ဆို၏၊ ရသေ့ငယ်သည် အဘပြုသောအကြောင်းကို ပြောဆို၏၊ ဘုရားလောင်းသည် နှစ်ယောက်ကုန်သော ရသေ့တို့ကိုလည်း ဖြည်းညှင်းစွာ ဆောင်၍ ပရိက္ခရာကို သိုမှီး၍ အဘကို ရေချိုးစေ၍ ခြေဆေးခြင်း, ကျောက်ကိုဆုပ်နယ်ခြင်း အစရှိသည်တို့ကို ပြု၍ မီးအိုးကင်းကို ထည့်၍ ပင်ပန်းခြင်းကို ငြိမ်းစေပြီးသော် အဘ၏အနီး၌ နေ၍ ခမည်းတော် သူငယ်တို့မည်သည်ကား မြေအိုးနှင့်တူကုန်၏၊ တခဏဖြင့်လျှင် ကဲ့တတ်ကုန်၏၊ ကဲ့သောကာလမှစ၍ တဖန် စေ့စပ်ခြင်းငှါ မတတ်နိုင်ကုန်၊ သူငယ်တို့သည် ဆဲဆိုကုန်ငြားသော်လည်း ကြီးသောသူတို့သည် သည်းခံအပ်ကုန်၏ဟုဆို၍ အဘကို ဆုံးမလိုရကား—

၄၅ အပိ ကဿပမန္ဒိယာ၊ ယုဝါ သပတိ ဟန္တိ ဝါ။
သဗ္ဗံ တံ ခမတေ ဓီရော၊ ပဏ္ဍိတော တံ တိတိက္ခတိ။

www.dhammadownload.com

၄၆ သစေပိ သန္တော ဝိဝဒန္တိ၊ ခိပ္ပံ သန္ဓိယရေ ပုန။
ဗာလာ ပတ္တာဝ ဘိဇ္ဇန္တိ၊ နာ တေ သမဏ မဇ္ဈဂူ။

၄၇ ဧတေ ဘယျော သမာယန္တိ၊ သန္ဓိ တေသ နာ ဇရတ။
ယော စာဓိပန္နံ ဇာနာတိ၊ ယော စ ဇာနာတိ ဒေသနံ။

၄၈ ဧတေဟိ ဉတ္တာရိတရော၊ ဘာရဝဟော ဓုရဒ္ဓရော။
ယော ပရေသာဓိပန္နာနံ၊ သယံ သန္ဓာတုမရဟတိ။

ဟူသော လေးဂါထာတို့ကို ဆို၏။

ကဿပ၊ ကဿပ။ အပို၊ စင်စစ်။ မန္ဒိယာ၊ ပညာနုန့်သည်၏အဖြစ်ကြောင့်။ ယုဝါ၊ သူငယ်သည်။ သပတိဝါ၊ ဆဲမှုလည်းဆဲ၏။ ဟန္တိဝါ၊ ပုတ်ခတ်မှုလည်း ပုတ်ခတ်၏။ ဓိရော၊ ပညာရှိသည်။ တံ သဗ္ဗံ၊ထိုအလုံးစုံကို။ ခမတော၊သည်းခံ၏။ ပဏ္ဍိတော၊ ပညာရှိသည်။ တံ၊ထိုဆဲရေးပုတ်ခတ်ခြင်းကို။ တိတိက္ခတိ၊ သည်းခံ၏။

သန္တော၊ သူတော်ကောင်းတို့သည်။ သစေပိ ဝိဝဒန္တိ၊ အကယ်၍ မှုလည်း ခိုက်ရန်ဖြစ်ကုန်အံ့။ ပုန၊ တဖန်။ ခိပ္ပံ၊ လျင်စွာ။ သန္ဓိယရေ၊ မိတ်ဖြစ်ပြန်ကုန်၏။ ဗာလာ၊ သူငယ်တို့သည်။ ပတ္တာဝ၊ မြေခွက်တို့ကဲ့သို့။ ဘိဇ္ဇန္တိ၊ ကဲ့တတ်ကုန်၏။ တေ၊ ထိုသူငယ်တို့သည်။ သမဏံ၊ ပြေငြိမ်းခြင်းသို့။ နာ အဇ္ဈဂူ၊ မရောက်ကုန်။

ယော စ၊ အကြင်သူသည်လည်း။ အဓိပန္နံ၊ အပြစ်ကို။ ဇာနာတိ၊ သိ၏။ ယော စ၊ အကြင် သူသည်လည်း။ ဒေသနံ၊ အပြစ်ကို ဖြေကြား ခြင်းကို။ ဇာနာတိ၊ သိ၏။ ဧတေ၊ ထိုသူတို့သည်။ ဘိယျော၊ ယူဖန်.. သမာယန္တိ၊ စေ့စပ် ကုန်၏။ တေသံ၊ ထိုသူတို့၏။ သန္ဓိ၊ ချစ်ခြင်းသည်။ နာ ဇီရတိ၊ မဆွေးမြည့်။

ယော၊ အကြင် သူသည်။ အဓိပန္နာနံ၊ အပြစ်ကို ပြုကုန်သော။ ပရေသံ၊ သူတပါးတို့အား။ သံယံ၊ မိမိသည်။ သန္ဓာတုံ၊ စေ့စပ်ခြင်းငှါ။ အရဟတိ၊ ထိုက်၏။ လုံ့လပြု၏။ သော၊ ထိုသူသည်။ ဧတေဟိ၊ ဆိုခဲ့ပြီးသော သူတို့ထက်။ ဉတ္တာရိတရော၊ လွန်မြတ်သော။ ဘာရဝဟော ဓုရဒ္ဓရော၊ မိတ်ဟူသော ဝန်ကို ရွက်ဆောင်သောသူ ဖြစ်၏။

ဤသို့ ဘုရားလောင်းသည် အဘအား အဆုံးအမကို ပေး၏၊ ထိုအဘ သည်လည်း ထိုအခါမှစ၍ ယဉ်ကျေးသည် ဖြစ်၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အိုမင်းသော ရဟန်းသည် ထိုအခါ အဘရဿေ ဖြစ်ဘူးပြီ၊ ယခု

www.dhammadownload.com

အခါသာမဏေသည် ထိုအခါ ရသေ့ငယ် ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ အဘအား အဆုံးအမကို ပေးသော ရသေ့ ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။။

(မိမိပြုခြား၊ သူတပါး၊ အများ ဆင်းရဲသည်)

နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကဿပမန္ဒိယဇာတ်သည် ပြီး၏။။

၁၃-ခန္ဓိဝါဒိဇာတ်

မတုပနိုင်သောခန္ဓာ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယော တေ ဟတ္ထေ စ ပါဒေ စ" အစရှိသောဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤခန္ဓိဝါဒိ ဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **တပါးသော အမျက်ထွက်တတ်သောရဟန်း** ကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုကို အောက်၌ ဆိုအပ်ပြီ) သဗ္ဗညု မြတ်စွာဘုရားသည်ကား ထိုရဟန်းကို ရဟန်း အဘယ့်ကြောင့် သင်သည် အမျက်မထွက်အပ်သော ဘုရားသာသနာ၌ ရဟန်းပြု၍ အမျက်ထွက်ခြင်းကိုပြု ဘိသနည်း၊ ရှေးပညာရှိတို့သည် ကိုယ်၌အထောင်မျှလောက်သော ပုတ်ခတ်ခြင်း ဖြင့် ပုတ်ခတ်ကုန်သော်၎င်း လက်, ခြေ, နား, နှာခေါင်းတို့ကိုဖြတ်ကုန်သော်၎င်း သူ တပါးအား အမျက်ထွက်ခြင်းကို မပြုကုန်ဟုဆို၍ အတိတ်ကို ဆောင်တော်မူ၏။။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ကလာဗု မည်သော မင်းသည် မင်းပြု၏၊ ထိုအခါ ဘုရားလောင်းသည် ကုဋေရှစ်ဆယ် ကြွယ်ဝသော ပုဏ္ဏားမျိုး၌ ဖြစ်၍ ကုဏ္ဍလ[1] မည်သော လုလင်ဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ် ပြည်သို့ သွား၍ ခပ်သိမ်းသော အတတ်ပညာတို့ကို သင်၍ ဥစ္စာကိုဖြစ်စေ၍ မိဘလွန်သဖြင့် ဥစ္စာစုကို ကြည့်၍ ဤဥစ္စာတို့ကို ငါ၏ဆွေမျိုးတို့သည် မယူမူ၍သာလျှင် သွားကုန်၏၊ ငါသည်ကား ထိုဥစ္စာကို ယူ၍သွားခြင်းငှါ

၁ ကုဏ္ဍက (သို)

www.dhammadownload.com

သင့်၏ဟု ခပ်သိမ်းသော ဥစ္စာတို့ကို ရွေးချယ်စီစစ်သော လှူဒါန်းခြင်း၏ အစုမ်းအားဖြင့် အကြင်သူသည် အကြင်ဥစ္စာကို ဆောင်၏၊ ထိုသူအား ထိုဥစ္စာကို လှူ၍ ဟိမဝန္တာသို့ဝင်၍ ရသေ့ ရဟန်းပြု၍ သစ်သီး ကြီးငယ်တို့ဖြင့် မျှတလျက် ကြာမြင့်စွာနေ၍ ချဉ်, ဆား မြံဝဲအံ့သောငှါလူ့ပြည်သို့လာ၍ အစဉ်သဖြင့် ဗာရာဏသီပြည်သို့ ရောက်၍ မင်း၏ဥယျာဉ်၌ နေ၍ နက်ဖြန် မြို့၌ ဆွမ်းခံလတ်သော် စစ်သူကြီးအိမ်တံခါးသို့ ရောက်၏၊ စစ်သူကြီးသည် ဘုရားလောင်း၏ ဣရိယာပုထ်တို့၌ ကြည်ညို၍ အိမ်သို့ပင်၍ မိမိဘို့စီရင်သော ဘောဇဉ်ကို ကျေး၍ ဝန်ခံခြင်းကို ယူစေ၍ ထိုမင်း၏ဥယျာဉ်၌သာလျှင် နေစေ၏။

ထိုအခါ တနေ့သ၌ ကလာဗုမင်းသည်[၁] သုရာယစ်လျက် လိမ္မာကုန်သော ကချေသည်တို့ဖြင့် ခြံရံလျက် များစွာသော အခြံအရံဖြင့် ဥယျာဉ်သို့ သွား၍ မင်္ဂလာကျောက်ဖျာ၌ အိပ်ရာခင်းစေ၍ တယောက်သော ချစ်နှစ်သက်သော မိန်းမ၏ ရင်ခွင်၌ အိပ်၏၊ သီခြင်း, တီးမှုတ်ခြင်း, ကခြင်းတို့၌ လိမ္မာကုန်သော ကချေသည် မိန်းမတို့သည် သီချင်း အစရှိသည်တို့ကို ဖြစ်စေကုန်၏၊ သိကြားနတ်မင်း၏ စည်းစိမ်ကဲ့သို့ ကြီးစွာသော စည်းစိမ်သည် ဖြစ်၏၊ မင်းသည် အိပ်ပျော်ခြင်းသို့ ရောက်၏၊ ထိုအခါ ထိုမိန်းမတို့သည် အကြင်မင်း၏ အကျိုးငှါ ငါတို့သည် သီချင်း အစရှိသည်တို့ကို ဖြစ်စေကုန်၏၊ ထိုမင်းသည် အိပ်ပျော်ခြင်းသို့ ရောက်၏၊ သီခြင်း, တီးမှုတ်ခြင်းတို့ဖြင့် အာဘယ်ပြုအံ့နည်းဟု တီးမှုတ်မျိုးတို့ကို ထိုထိုသော အရပ်၌သာလျှင် စွန့်၍ ဥယျာဉ်၌ လှည့်လည်ကုန်လျက် အပင့်, အသီး, အရွက်နု အစရှိသည်တို့သည် ဖြားယောင်းအပ်ကုန်သည် ဖြစ်၍ ဥယျာဉ်၌ မေ့လျော့ကုန်၏၊ ထိုအခါ ဘုရားလောင်းသည် ထိုဥယျာဉ်၌ ကောင်းစွာပင့်သော အင်ကြင်းပင်ရင်း၌ ရဟန်းချမ်းသာဖြင့် လွန်စေလျက် အမှန်ယစ်သော ဆင်ကဲ့သို့ နေ၏၊ ထိုဥယျာဉ်၌ လှည့်လည်ကုန်သော ထိုမိန်းမတို့သည် ဘုရားလောင်းကို မြင်၍ ရှင်မတို့ ထိုသစ်ပင်ရင်း၌ ရဟန်းသည် နေ၏၊ မင်းနိုးသည်တိုင်အောင် ရဟန်းအထံ၌ တစုံတခုသောတရားကိုနာလျက် နေကုန်အံ့ဟု သွား၍ ရှိခိုး၍ ခြံရံလျက် နေကုန်၍ အကျွန်ုပ်တို့အား ဟောအပ်သော တစုံတခုသောတရားကို ဟောပါလောဟု ဆိုကုန်၏၊ ဘုရားလောင်းသည် ထိုမိန်းမတို့အားတရားဟော၏၊ ထိုအခါ ထိုချစ်နှစ်သက်သောမိန်းမသည် ကိုယ်ကိုလှုပ်၍ မင်းကို နိုးစေ၏၊ မင်းသည် နိုးလတ်သော် ထိုမိန်းမတို့ကိုမမြင်၍ ထိုအယုတ်မတို့သည် အဘယ်သို့သွားကုန်သနည်းဟုမေး၏၊ မြတ်သောမင်းကြီး ထိုမိန်းမတို့သည်

---

၁ ကလာဗုမင်းသည် (သျှာ)

www.dhammadownload.com

သွား၍ တယောက်သော ရသေ့ကို ခြံရုံ၍ နေကုန်၏ဟု ဆိုကုန်၏၊ ထိုကလာဗုမင်းသည် အမျက်ထွက်၍ သန်လျက်ကို ကိုင်၍ ထိုရသေ့စဉ်းလဲကို သတ်အံ့ဟု လျင်မြန်စွာ သွား၏။

ထိုအခါ အမျက်ထွက်လျက် လာလတ်သော မင်းကို မြင်၍ ထိုမိန်းမတို့တွင် အလွန်အကျွမ်းဝင်ကုန်သော မိန်းမတို့သည် သွား၍ မင်း၏လက်၌ သန်လျက်ကို ယူ၍ မင်းကို အမျက်ငြိမ်းစေကုန်၏၊ ထိုကလာဗုမင်းသည် လာလတ်၍ ဘုရားလောင်း၏အထံ၌ တည်၍ ရဟန်း သင်သည် အဘယ်ဝါဒ ရှိသနည်းဟု ဆို၏၊ မြတ်သောမင်းကြီး ခန္ဓိဝါဒရှိ၏ဟု ဆို၏၊ ထိုခန္ဓိမည်သည်ကား အဘယ်နည်းဟု မေး၏၊ ဆဲရေးကုန်သောသူတို့၌ဌင်း ပုတ်ခတ်ကုန်သော သူတို့၌ဌင်း အမျက်မထွက်သော အဖြစ်သည် ခန္ဓိမည်၏ဟု ဆို၏၊ မင်းသည် ယခု သင့်အား ခန္ဓိရှိသည်၏အဖြစ်ကို သိအံ့ဟု ဆို၍ ခိုးသူသတ်ကို ခေါ်စေ၏၊ ခိုးသူသတ်သည် မိမိစာရိတ္တအားဖြင့် ပုဆိန် အဆူးတပ်သောကြိမ်ကို ယူ၍ ဖန်ရည်ဆိုးအဝတ်ကို ဝတ်လျက် ပန်းနီပန်လျက် လာ၍ မင်းကို ရှိခိုးလျက် အရှင်မင်းကြီး အဘယ်အမှုကို ပြုရအံ့နည်းဟု ဆို၏၊ ဤခိုးသူဖြစ်သော ရသေ့ပျက်ကို ဆွဲငင်၍ မြေ၌ လည်းစေ၍ အဆူးတပ်သောကြိမ်ကို ကိုင်၍ ရွှေနောက် နံပါးနှစ်ဘက် ဟူကုန်သော လေးမျက်နှာတို့၌ အချက်နှစ်ထောင်ရိုက်ခြင်းတို့ကို ပေးလော့ဟု ဆို၏၊ ခိုးသူသတ်သည် မင်းဆိုတိုင်းပြု၏၊ ဘုရားလောင်း၏ အပေါ်ရေ အတွင်းရေ စုတ်၏၊ အသားသည် ပြတ်၏၊ သွေးသည် ယိုစီး၏။

မင်းသည် တဖန် ရဟန်း သင်ကား အဘယ်ဝါဒရှိသနည်းဟု ဆို၏၊ မြတ်သော မင်းကြီး ခန္ဓိဝါဒရှိ၏၊ သင်မင်းကြီးသည် ငါ၏ ခန္ဓိကား အရေကြာင့် ရှိ၏ဟု ထင်၏၊ ငါ၏ခန္ဓိသည် အရေကြာင့် ရှိသည်မဟုတ်၊ သင်မင်းကြီးသည် ခန္ဓိကို မြင်ခြင်းငှါ မတတ်ကောင်း၊ မြတ်သောမင်းကြီး ငါ၏ခန္ဓိသည် စိတ်အတွင်း၌ တည်၏ဟု ဆို၏၊ ခိုးသူသတ်သည် တဖန် မြတ်သောမင်းကြီး အသို့ပြုရအံ့နည်းဟု မေး၏၊ ဤရသေ့စဉ်းလဲ လက်နှစ်ဘက်တို့ကို ဖြတ်လော့ဟု ဆို၏၊ ခိုးသူသတ်သည် ပုဆိန်ကိုယူ၍ စဉ်းတီတုံး၌ လက်နှစ်ဘက်တို့ကို ထားစေ၍ ဖြတ်၏၊ ထိုနောက် ခြေတို့ကို ဖြတ်လော့ဟု ဆို၏၊ ခြေတို့ကိုလည်း ဖြတ်၏၊ ဖြတ်အပ်ကုန်ပြီးသော လက်စွန်း, ခြေစွန်းတို့မှ ချိပ်ရည်ကဲ့သို့သော သွေးသည် ယိုစီး၏၊ တဖန်လည်း မင်းသည် ရဟန်း သင်သည် အဘယ်ဝါဒရှိသနည်းဟု မေး၏၊ မြတ်သောမင်းကြီး ငါသည် ခန္ဓိဝါဒရှိ၏၊ သင်မင်းကြီးသည်ကား ငါ၏ခန္ဓိသည် လက်စွန်း, ခြေစွန်းတို့၌ ရှိ၏ဟုထင်မှတ်၏၊ ဤငါ၏ ခန္ဓိသည် လက်စွန်း, ခြေစွန်း

www.dhammadownload.com

တို့၌ မရှိ၊ နက်နဲသောအရပ်၌ တည်၏ဟု ဆို၏၊ မင်းသည် ရသေ့၏ နား, နှာခေါင်းတို့ကို ဖြတ်လော့ဟု ဆို၏၊ ခိုးသူသတ်သည် နား, နှာခေါင်းကို ဖြတ်၏၊ ကိုယ်အလုံးမှ သွေးယိုစီး၏၊ တဖန် ရဟန်း သင်သည် အဘယ်ဝါဒရှိသနည်းဟု မေး၏၊ မြတ်သောမင်းကြီး ခန္တီဝါဒရှိ၏ဟု ဆို၏၊ သင်မင်းကြီးသည် ရသေ့၏ ခန္တီကား နား, နှာခေါင်းအစုန်းတို့၌ တည်၏ဟု မမှတ်လင့်၊ ငါ၏ခန္တီသည် နက်နဲသော စိတ်အတွင်း၌ တည်၏ဟု ဆို၏၊ မင်းသည် ရသေ့စဉ်းလဲ သင့်ခန္တီကို သင်သည်လျှင် ရွက်ဆောင်၍ နေလော့ဟု ဆို၍ ဘုရားလောင်း၏ရင်ကို ခြေဖြင့် ကျောက်၍ သွား၏။

ထိုမင်းသွားသည်ရှိသော် စစ်သူကြီးသည် ဘုရားလောင်း၏ကိုယ်မှ သွေးကို သုတ်၍ လက်, ခြေ, နား, နှာခေါင်းအစုန်းတို့ကို ပုဆိုးအိတ်ထောင်၌ထည့်၍ ဘုရားလောင်းကို ဖြည်းညှင်းစွာ ထိုင်စေ၍ ရှိခိုးပြီးသော် တင့်အပ်စွာနေ၍ အရှင်ဘုရား အရှင်ဘုရားတို့သည် အမျက်ထွက်လိုကုန်သည်ရှိသော် အရှင်ဘုရားတို့၌ အပြစ်ပြုသော မင်းအား သာလျှင် အမျက်ထွက်ပါ ကုန်လော့၊ တပါးသော တိုင်းသားပြည်သူတို့အား အမျက်မထွက်ပါကုန်လင့်ဟု တောင်းပန်လိုရကား—

၄၉ ယော တေ ဟတ္ထေ စ ပါဒေ စ၊ ကဏ္ဏနာသဉ္စ ဆေဒယိ။
တဿ ကုဇ္ဈ မဟာဝီရ၊ မာ ရဋ္ဌံ ဝိနသာ ဣဒံ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

မဟာဝီရ၊ ကြီးသောလုံ့လရှိသော ရှင်ရသေ့။ ယော၊ အကြင်မင်းသည်။ တေ၊ သင်၏။ ဟတ္ထေ စ၊ လက်တို့ကိုဂင်း။ ပါဒေ စ၊ ခြေတို့ကိုဂင်း။ ကဏ္ဏနာသဉ္စ၊ နား, နှာခေါင်းတို့ကိုဂင်း။ ဆေဒယိ၊ ဖြတ်၏။ တဿ၊ ထိုမင်းအား။ ကုဇ္ဈ၊ အမျက်ထွက်လော့။ ဣဒံ ရဋ္ဌံ၊ ဤတိုင်းကို။ မာ ဝိနသာ၊ မဖျက်ဆီးပါလင့်။

ထိုစကားကိုကြား၍ ဘုရားလောင်းသည်—

၅၀ ယော မေ ဟတ္ထေ စ ပါဒေ စ၊ ကဏ္ဏ နာသဉ္စ ဆေဒယိ။
စိရံ ဇီဝတု သော ရာဇာ၊ န ဟိ ကုဇ္ဈန္တိ မာဒိသာ။

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

ယော ရာဇာ၊ အကြင်မင်းသည်။ မေ၊ ငါ၏။ ဟတ္ထေ စ၊ လက်တို့ကိုဂုင်း။ ပါဒေ စ၊ ခြေတို့ကိုဂုင်း။ ကဏ္ဏနာသဉ္စ၊ နား, နှာခေါင်းကိုဂုင်း။ ဆေဒယိ၊ ဖြတ်၏။ သော ရာဇာ၊ ထိုမင်းသည်။ စိရံ၊ ကြာမြင့်စွာ။ ဇီဝတု၊ အသက်ရှည်စေသတည်း။ မာဒိသာ၊ ငါနှင့်တူသော ပညာရှိတို့သည်။ န ဟိ ကုဇ္ဈန္တိ၊ အမျက်မထွက်ကုန်သလျင်ကတည်း။

မင်းသည် ဥယျာဉ်မှထွက်၍ ဘုဉားလောင်း၏ မြင်ကောင်းသော အရပ်ကို လွန်သောကာလ၌လျင် ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော ဤမြေကြီးသည် ကစီဖြင့်ဖဲ့အပ်သော ပုဆိုးကဲ့သို့ ကဲ့၍ အဝိစိမှ မီးလျှံသည် ထွက်၍ မင်းကို အမျိုးပေးသော ကမ္မလာနီဖြင့် ရုံဘိသကဲ့သို့ရုံ၍ ယူ၏၊ ထို ကလာဗုမင်းသည် ဥယျာဉ်တံခါး၌သာလျင် မြေဆို့ဝင်၍ အဝိစိငရဲကြီး၌ တည်၏၊ ဘုရားလောင်းသည်လည်း ထိုနေ့၌ပင်လျင် သေလွန်၏၊ မင်း၏ ပရိသတ်တို့သည်ဂုင်း ပြည်သူပြည်သားတို့သည်ဂုင်း နှံ့သာ, ပန်း အခိုး အထုံ လက်စဲ့ကုန်လျက် လာလတ်ကုန်၍ ဘုရားလောင်း၏ အလောင်းကို သင်္ဂြိုဟ်ကုန်၏။

အချို့သော ဆရာတို့သည်ကား ဘုရားလောင်းသည် တဖန် ဟိမဝန္တာသို့ သွား၏ဟု ဆို၏၊ ထိုစကားသည်ကား မဟုတ်။

သဗ္ဗညူ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍—

၅၁ အဟူ အတီတမဒ္ဓါနံ၊ သမဏော ခန္ဓိဒီပနော။
တံ ခန္ဓိ ယာယေဝ ဌိတံ၊ ကာသိရာဇာ အဆေဒယိ။

၅၂ တဿ ကမ္မဖရုသဿ၊ ဝိပါကော ကဋုကော အဟု။
ယံ ကာသိရာဇာ ဝေဒေသိ၊ နိရယမ္ဟိ သမပ္ပိတော။

ဟူသော နှစ်ဂါထာတို့ကို ဟောတော်မူ၏။

အတီတမဒ္ဓါနံ၊ လွန်လေပြီးသောအခါ၌။ ခန္ဓိဒီပနော၊ သည်းခံခြင်းနှင့်ပြည့်စုံသော။ သမဏော၊ ရဟန်းသည်။ အဟု၊ ဖြစ်ပြီ။ ခန္ဓိယာယေဝ၊ သည်းခံခြင်း၌သာလျင်။ ဌိတံ၊ တည်သော။ တံ၊ ထိုရဟန်းကို။ ကာသိရာဇာ၊ကာသိမင်းသည်။ အဆေဒယိ၊ ဖြတ်စေ၏။

ကာသိရာဇာ၊ ကာသိမင်းသည်။ ယံ ကမ္မံ၊ အကြင်မကောင်းမှု ကံကို။ အကာသိ၊ ပြု၏။ တဿ ကမ္မဖရုသဿ၊ ထိုကြမ်းကြုတ်သော မကောင်းမှုကံ၏။

www.dhammadownload.com

ကဋ္ဌုကော၊ ဆင်းရဲစွာသော။ ဝိပါကော၊ အကျိုးသည်။ အဟု၊ ဖြစ်၏။ ကာသိရာဇာ၊ ကာသိမင်းသည်။ နိရယမှိ၊ ငရဲ၌။ သမပွိတော၊ တည်၍။ ဝေဒေသိ၊ ဆင်းရဲခံစား၏။

အံ့ချီ့သော ဆရာတို့သည်ကား ဘုရားလောင်း၏ လက်, ခြေ, နား,နှာခေါင်းဟို့သည် တဖန် စပ်ပြန်ကုန်၏ဟု ဆိုကုန်၏၊ ထိုစကား သည်လည်း မဟုတ်သလျင် ကဘည်း။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ အမျက်ထွက်တတ်သော ရဟန်းသည် အနာဂါမိဖိုလ်၌ တည်၏၊ တပါးကုန်သော များစွာကုန်သောရဟန်းတို့သည် သောတာပတ်ဖိုလ် အစရှိသည်တို့သို့ ရောက်ကုန်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ဒေဝဒတ်သည် ထိုအခါ ကလာဗုမည်သောမင်းဖြစ်ဘူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ စစ်သူကြီး ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရား သည်သာလျှင် ထိုအခါ ခန္တိဝါဒီရသေ့ ဖြစ်ဘူးပြီဟု ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

(ဒေါသကိုပယ်၊ သည်းခံကွယ်၊ အေးနယ်ရောက်မည်မှတ်)

သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ခန္တိဝါဒီဇာတ်သည် ပြီး၏။

၁၄- လောဟကုမ္ဘီဇာတ်

ဒု, သ, န, သော

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဒုဇ္ဇိဝိဘ မဇ္ဇိဝိမှ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤလောဟကုမ္ဘီဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ကောသလမင်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုအခါ ကောသလမင်းသည် ညဉ့်အဘို့၌ လေးယောက်ကုန်သော ငရဲသူတို့၏ အသံကို ကြားသတတ်၊ တယောက်သော ငရဲသူသည် ဒု- အကွာရာကိုလျှင်ဆို၏၊

www.dhammadownload.com

တယောက်သော ငရဲသူသည် **သ**- အက္ခရာကိုလျှင် ဆို၏၊ တယောက်သော ငရဲသူသည် **နှ**- အက္ခရာကိုဆို၏၊တယောက်သော ငရဲသူသည် **သော**-အက္ခရာကိုလျှင် ဆို၏၊ ထိုငရဲသူတို့သည် လွန်လေပြီးသောဘဝ၌ သာဝတ္ထိပြည်ဝယ် သူတပါး မယားကို ပြစ်မှားတတ်ကုန်သော မင်းသားတို့ ဖြစ်ဘူးကုန်သတတ်၊ ထိုမင်းသား တို့သည် သူတပါးတို့သည် စောင့်ရှောက် ထိန်းသိမ်းအပ်ကုန်သော မိန်းမတို့၌ ချွတ်ယွင်းကုန်၍ စိတ်ကစားခြင်းကို ကစားကုန်၏၊ များစွာသော မကောင်းမှုကို ပြု၍ သေမင်း စက်လက်နက်သည်ဖြတ်အပ်ကုန်သည်ရှိသော် သာဝတ္ထိပြည်၏အနီး လေးလုံးကုန်သော လောဟကုမ္ဘီငရဲအိုးတို့၌ဖြစ်ကုန်၍ အနှစ်ခြောက်သောင်းတို့ ပတ်လုံး ထိုလောဟကုမ္ဘီငရဲအိုးတို့၌ ခံကုန်၍ တက်ကုန်လတ်သော် လောဟကုမ္ဘီ ငရဲအိုး မျက်နှာဝအရစ်ကို မြင်၍ အဘယ်အခါမှလျှင် ဤဆင်းရဲမှ လွတ်ပါကုန့် အံ့နည်းဟု ငေးယောက်ကုန်သော သူတို့သည်လည်း ကြီးစွာသော အသံဖြင့် အစဉ်အတိုင်း ဟစ်ကြွေးကြကုန်၏၊ မင်းသည် ထိုငရဲသူတို့၏ အသံကို ကြား၍ သေဘေးမှကြောက်ရကား ထိုင်လျက်သာလျှင် အရဏ်ကို တက်စေ၏။။

အရဏ်တက်သောအခါ၌ ပဏ္ဍားတို့သည် လာကုန်၍ မင်းကို ချမ်းသာစွာ အိပ်ရခြင်းကို မေးကုန်၏၊ မင်းသည် ဆရာတို့ ငါ့အား အဘယ်မှာ ချမ်းသာစွာသော အိပ်ရခြင်းသည် ဖြစ်အံ့နည်း၊ ယနေ့ ငါသည် ဤသို့ သဘောရှိကုန်သော ကြောက်မက်ဘွယ်ရှိသော အသံတို့ကို ကြားရ၏ဟုဆို၏၊ ပဏ္ဍားတို့သည် လက်ကို ခါ၍ နေကုန်၏၊ ဆရာတို့ အသို့နည်းဟု ဆိုသည်ရှိသော် မြတ်သော မင်းကြီး ကြမ်းကြုတ်သော အသံတို့တည်းဟု ဆိုကုန်၏၊ ကုစားအပ်ကုန်သော အသံတို့လော၊ မကုစားအပ်ကုန်သော အသံတို့လောဟု မေး၏၊ မြတ်သော မင်းကြီး စင်စစ် မကုစားအပ်သော အသံဖြစ်၏၊ ထိုသို့ ဖြစ်ငြားသော်လည်း အကျွန်ုပ်တို့သည်ကောင်းစွာသင်အပ်သောအတတ်ရှိကုန်၏ဟု ဆိုကုန်၏၊ အဘယ်သို့ပြု၍ ပယ်ဖျောက်ကြကုန်အံ့နည်းဟု မေး၏၊ မြတ်သောမင်းကြီး ကုစားသော အမှုကို မျှားစွာပြုခြင်းငှါ မတတ်ကောင်း၊ အကျွန်ုပ်တို့သည်ကား သဗ္ဗစတုက္ကယင်ပူဇော်၍ ကုကုန်အံ့ဟု ဆိုကုန်၏၊ ထိုသို့တပြီးကား လျင်စွာ ဆင်လေးစီး, မြင်းလေးစီး, နွားလေးခု, လူလေးယောက် ဤသို့စသဖြင့် နှံစုတ်ဌက်တို့ကို အစပြု၍ လေးခု, လေးခုကုန်သော သားတို့ကို ယူ၍ သဗ္ဗစတုက္ကယင်ပူဇော်၍ ငါချမ်းသာသည်၏ အဖြစ်ကို ပြုကြကုန်လောဟု ဆို၏၊ မြတ်သောမင်းကြီး ကောင်းပြီဟု ဆိုကုန်၍ အကြင်ဝတ္ထုဖြင့် အလိုရှိ၏၊ ထိုဝတ္ထုကိုယူ၍ ယင်တွင်းကို ဖြစ်စေကုန်၏၊ များစွာသော သတ္တဝါတို့ကို ယင်တိုင်သို့ဆောင်၍ ထားကုန်၏၊

www.dhammadownload.com

များစွာသော ငါးအမဲကို စားရကုန်အံ့၊ များစွာသောဥစ္စာကို ရကုန်အံ့ဟု အားထုတ်ခြင်းသို့ ရောက်ကုန်သည်ဖြစ်၍ မြတ်သောမင်းကြီး ဤဝတ္ထုကိုရခြင်းငှါ သင့်၏၊ မြတ်သောမင်းကြီး ဤဝတ္ထုကို ရခြင်းငှါ သင့်၏ဟု အဖန်တလဲလဲ လာကြကုန်၏။

မလ္လိကာ မိဖုယားသည် မင်းသို့ကပ်၍ မြတ်သောမင်းကြီး အဘယ့်ကြောင့် ပုဏ္ဏားတို့သည် အလှန်အားထုတ်ကုန်လျက် လှည့်လည်ကြကုန်သနည်းဟု မေး၏၊ မိဖုယား ဤအမှုဖြင့် သင့်အား အဘယ်ပြုအံ့နည်း သင်သည် ပိမိုးညည်းစိမ်ဖြင့် သာလျှင် ယစ်၍ မေ့၏၊ ငါတို့၏ ဆင်းရဲကို မသိဟု ဆို၏၊ မြတ်သောမင်းကြီး အဘယ်ဆင်းရဲနည်းဟု မေး၏၊ မိဖုယား ငါသည် ဤသို့သဘောရှိသောမကြားဘူးသော အသံတို့ကို ကြားအပ်၏၊ ဤအသံတို့ကို ကြားခြင်းကြောင့် ငါ့အား အဘယ်သို့ ဖြစ်အံ့နည်းဟု ပုဏ္ဏားတို့ကို မေး၏၊ ပုဏ္ဏားတို့သည် မြတ်သော မင်းကြီး သင်မင်းကြီးတို့အား မင်းအဖြစ်၏ဂုဏ်း စည်းစိမ်တို့၏ဂုဏ်း အသက်၏ ဂုဏ်း အန္တရာယ်သည် ထင်၏၊ သင့္ဘစတုက္ကပဒ်ကိုပူဇော်၍ ချမ်းသာသော အဖြစ်ကို ပြုကုန်အံ့ဟု ဆိုကုန်၏၊ ငါသည် ပြုကြကုန်ဟုဆို၏၊ ထိုပုဏ္ဏားတို့သည် ငါ့စကားကို ယူ၍ ယဇ်တွင်းကိုပြု၍ အကြင် အကြင် ဝတ္ထုဖြင့် အလိုရှိ၏၊ ထိုထိုဝတ္ထု၏ အကြောင်းကြောင့် လာကုန်၏ဟု ဆို၏။ မြတ်သောမင်းကြီး ဤအသံတို့၏ ဖြစ်ခြင်းကို နတ်နှင့်တကွသော လောကဌ် မြတ်သောပုဏ္ဏားကို အရှင်မင်းကြီးတို့သည် မေးကုန်၏လော ဟု ဆို၏၊ မိဖုယား နတ်နှင့်တကွသော လောကဌ် မြတ်သော ပုဏ္ဏားမည်သည်ကား အဘယ်သူနည်းဟု ဆို၏၊ မြတ်သောမင်းကြီး မဟာဂေါတမ ဘုရားရှင်တည်းဟု ဆို၏၊ မိဖုယား သင့္ဘဉ်ကို မမေးဟု ဆို၏၊ မြတ်သော မင်းကြီး ထိုသို့တပြီးကား သွား၍ မေးကုန်လော့ဟု ဆို၏။

မင်းသည် မလ္လိကာ မိဖုယား၏ စကားကို ယူ၍ နံနက်စာ စား၍ ရထားစီး၍ ဇေတဝန် ကျောင်းတော်သို့ သွား၍ ဘုရားကိုရှိခိုး၍ ဘုန်းတော်ကြီးသော အရှင်ဘုရား ညဉ့်အဘို့၌ အကျွန်ုပ်သည် လေးပါးကုန်သော အသံတို့ကိုကြား၍ ပုဏ္ဏားတို့ကို မေး၏၊ ပုဏ္ဏားတို့သည် သင့္ဘစတုက္ကယဇ်ကို ပူဇော်၍ ချမ်းသာခြင်းကို ပြုကုန်အံ့ဟု ဆို၍ ယဇ်တွင်း၌ အမှုကို ပြုကြကုန်၏၊ ထိုအသံတို့ကို ကြားခြင်းကြောင့် အကျွန်ုပ်အား အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု မေး၏၊ မြတ်သောမင်းကြီး တစုံတခုသော အန္တရာယ်သည် မဖြစ်၊ ငရဲသူတို့သည် ဆင်းရဲကို ခံကုန်လျက် ဤသို့ ဟစ်ကြွေးကုန်၏ဟု မိန့်တော်မူ၍ ယခုအခါ၌ သင်

www.dhammadownload.com

မင်းကြီးသည်သာလျှင် ဤအသံတို့ကို ကြားအပ်သည် မဟုတ်သေး၊ ရှေးမင်းတို့သည်လည်း ကြားအပ်ကုန်သလျှင်ကတည်း၊ ထိုရှေးမင်းတို့သည်လည်း ပုဏ္ဏားတို့ကို မေးမြန်း သတ္တဝါတို့ကို သတ်သော ယဇ်ပူဇော်ခြင်းကို ပြုလိုကုန်သည်ဖြစ်၍ ပညာရှိတို့၏ စကားကို ကြားရ၍ ယဇ်ပူဇော်ခြင်းကို မပြုကုန်၊ ပညာရှိတို့သည် ထိုအသံတို့၏ အကြောင်းကို ဆို၍ များစွာသော သတ္တဝါတို့ကို လွှတ်စေ၍ ချမ်းသာခြင်းကို ပြုဘူးကုန်ပြီဟု မိန့်တော်မူ၍ ကောသလမင်းသည် တောင်းပန်အပ်သည်ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

အတိတ်စတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မထင်ရှားသော ကာသိရွာဝယ် ပုဏ္ဏားမျိုးဥာဉ်ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ကာမတို့၌ အပြစ်ကိုမြင်၍ ကာမတို့ကို စွန့်၍ ရသေ့ရဟန်းပြု၍ အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ဈာန်ကစားခြင်းကို ကစားလျက် ဟိမဝန္တာဝယ် မွေ့လျော်ဘွယ်ရှိသော တောအုပ်၌ နေ၏၊ ထိုအခါ ဗာရာဏသီမင်းသည် လေးယောက်ကုန်သော ငရဲသူတို့၏ အသံတို့ကို ကြား၍ ကြောက်လန့်ရကား ဤနည်းဖြင့်လျှင် ပုဏ္ဏားတို့သည် သုံးပါးကုန်သော အန္တရာယ်တို့တွင် တပါးပါးသော အန္တရာယ်သည် ဖြစ်လတ္တံ့၊ ထိုအန္တရာယ်ကို သဗ္ဗစတုက္ကယဇ်ဖြင့် ငြိမ်းစေအံ့ဟု ဆိုသည်ရှိသော် ဝန်ခံ၏၊ ပုရောဟိတ်သည် ပုဏ္ဏားတို့နှင့်တကွ ယဇ်တွင်းကို ဖြစ်စေ၏၊ များစွာသော သတ္တဝါအပေါင်းတို့ကို ယဇ်တိုင်သို့ ဆောင်၍ ထား၏၊ ထိုအခါ ဘုရားလောင်းသည် မေတ္တာဘာဝနာကို ရှေ့ထား၍ ဒီဗ္ဗစက္ခုဖြင့် လောကကို ကြည့်လတ်သော် ဤအကြောင်းကို မြင်၍ ယနေ့ ငါသည် သွားခြင်းငှါသင့်၏၊ များစွာသော သတ္တဝါတို့အား ချမ်းသာခြင်းသည် ဖြစ်လတ္တံ့ဟု တန်ခိုးအစွမ်းဖြင့် ကောင်းကင်သို့ ပျံ၍ ဗာရာဏသီမင်း၏ ဥယျာဉ်၌သက်၍ မင်္ဂလာကျောက်ဖျာ၌ ရှေဆင်းတုကဲ့သို့နေ၏၊ ထိုအခါ ပုရောဟိတ်၏ တပည့်ကြီးသည် ဆရာသို့ဆည်းကပ်၍ ဆရာ ကျွန်ုပ်တို့၏ ဗေဒင်တို့၌ သူတပါးကို သတ်၍ ချမ်းသာကိုပြုခြင်းမည်သည် မရှိသည် မဟုတ်တုံလောဟု ဆို၏ သင်ကား မင်း၏ဥစ္စာကို စောင့်၏၊ များစွာသော ငါး၊ အမဲတို့ကို စားရကုန်အံ့၊ ဥစ္စာကို ရကုန်အံ့၊ ဆိတ်ဆိတ်နေလော့ဟု တပည့်ကို မြစ်၏။

တပည့်သည် ဤအမှုသည် ငါအဘော်မပြုဟု ထွက်၍ မင်းဥယျာဉ်သို့ သွား၍ ဘုရားလောင်းကိုမြင်၍ ပုဏ္ဏားသည် ရှိခိုး၍ ပဋိသန္ထာရ ပြုလျက် တင့်အပ်လျောက်ပတ်စွာ နေ၏၊ ဘုရားလောင်းသည် လုလင် မင်းသည် တရားသဖြင့်

www.dhammadownload.com

မင်းပြု၏လောဟု မေး၏၊ အရှင်ဘုရား မင်းသည် တရားသဖြင့် မင်းပြု၏၊ ညဉ့်အဘို့၌ကား လေးခုသော သူတို့၏ အသံတို့ကို ကြား၍ ပုဏ္ဏားတို့ကိုမေး၏၊ ပုဏ္ဏားတို့သည် သဗ္ဗစတုက္ကယင်္ဂကို ပူဇော်၍ ချမ်းသာခြင်းကို ပြုကုန်အံ့ဟု ဆိုကုန်၏၊မင်းသည် သတ္တဝါသတ်သောအမှုကိုပြု၍ ကိုယ်ချမ်းသာသောအဖြစ်ကို ပြုလိုရကား များစွာသော သတ္တဝါကို ယင်တိုင်သို့ဆောင်၍ ထား၏၊အရှင်ဘုရား အရှင်ဘုရားဝို့ကဲ့သို့ သီလရှိကုန်သော အရှင်တို့အား ထိုအသံတို့၏ ဖြစ်ခြင်းကို ဆို၍ သတ္တဝါများကို သေခြင်းမှ လွတ်စေခြင်းငှါ သင့်ပါ၏ဟု လျှောက်၏၊ လွန်လင် မင်းသည် ငါကိုမသိ၊ ငါတို့သည်လည်း မင်းကိုမသိ၊ ဤအသံတို့၏ ဖြစ်ခြင်းကိုကား ငါတို့သိကုန်၏၊ မင်းသည် ငါတို့ကို အကယ်၍ မေးငြားအံ့၊ မင်းကိုယုံမှားမရှိအောင် ပြု၍ပြောဆိုအံ့ဟု ဆို၏၊ အရှင်ဘုရား ထိုသို့တပြီးကား အကျွန်ုပ်သည် မင်းကို ဆောင်ပါအံ့၊ တဘဏမျှ ဤ၌နေပါ ကုန်လော့ဟု လျှောက်၏၊ လွန်လင် ကောင်းပြီဟု ဆို၏၊ ထိုလွန်လင်သည် သွား၍ မင်းအား ထိုအကြောင်းကိုကြား၍ မင်းကိုဆောင်၏။

ထိုအခါ မင်းသည် ဘုရားလောင်းကို ရှိခိုး၍ တင့်အပ်လျောက်ပတ်စွာ နေလျက် အရှင်ဘုရား အရှင်ဘုရားတို့သည် အကျွန်ုပ် ကြားအပ်သောအသံတို့၏ ဖြစ်ခြင်းကို သိကုန်သောဟူသည် မှန်သလောဟု မေး၏၊ မြတ်သောမင်းကြီး သိသည်မှန်၏ဟု ဆို၏၊ အရှင်ဘုရား ဆိုတော်မူကုန်လတ်ဟု လျှောက်၏၊ မြတ်သောမင်းကြီး ထိုသူတို့သည် ရှေးဘဝ၌ သူတပါးတို့သည် စောင့်ရှောက်ထိန်းသိမ်းအပ်သော မိန်းမတို့၌ သွားလာကုန်၍ ဗာရာဏသီ၏အနီး လေးခုကုန်သော လောဟကုမ္ဘိဌအိုး၌ ဖြစ်ကုန်၍ ကျိုက်ကျိုက်ဆူသော ဆားရေဖြင့် အမြဲပ်ထလျက် ကျက်ကုန်၍ အနှစ်သုံးသောင်းတို့ပတ်လုံး အောက်သို့သွား၍ ငရဲအိုးအပြင်သို့ ရောက်၍ အထက်သို့ တက်ကုန်သော် အနှစ်သုံးသောင်းဖြင့် လျှင် ငရဲအိုးမျက်နှာဝကို မြင်၍ အံပကိုကြည့်၍ လေးယောက်ကုန်သော သူတို့သည် လေးဂါထာတို့ကို ပြည့်စုံစွာ ဆိုလိုကုန်လျက်လည်း ဆိုအံ့သောဌါနတို့ နှိုင်းကုန်၍ တလုံး တလုံးသော အက္ခရာကိုသာလျှင် ဆိုကုန်၍ တဖန် လောဟကုမ္ဘိငရဲ၌သာလျှင် နစ်ပြန်ကုန်၏၊ ထိုလေးယောက်ကုန်သော သူတို့တွင် ဒု-အက္ခရာကို ဆို၍ နစ်သော သတ္တဝါသည်—

၅၃ ဒုဇ္ဇီဝိတ မဇီဝိမှ၊ ယေ သန္တေ နာ ဒဒမ္ဘသေ။
ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံ နာကမ္မ အတ္တနော။

---

၁ သင့်သည်မဟုတ်လောဟု (သီ၊ သျာ၊ ဇ)

www.dhammadownload.com

ဟူ၍ ဆိုလို၏၊ ဤဂါထာကို ပြည့်စုံစွာပြု၍ မဆိုနိုင်ဟူဆို၍ ဘုရားလောင်းသည် မိမိဉာဏ်ဖြင့် ထိုဂါထာကို ပြည့်စုံစွာပြု၍ ဟော၏၊ ကြွင်းသော ဂါထာတို့ ၌လည်း ဤနည်းအတိုင်းလျှင် သိအပ်၏။

ထိုဂါထာတို့တွင် **သ**-အက္ခရာကို ဆိုသောသူ၏ အလိုဖြစ်သော ဂါထာကား—

၅၄ သဋ္ဌိ ဝဿ သဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။
နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ။

ဟူသည်တည်း။

န-အက္ခရာကို ဆိုသောသူ၏ အလိုဖြစ်သော ဂါထာကား—

၅၅ နတ္ထိ အန္တော ကုတော အန္တော၊ နံ အန္တော ပဋိဒိဿတိ။
တဒါ ဟိ ပကတံ ပါပံ၊ မမ တုယ္ဟဉ္စ မာရိသ။

ဟူသည်တည်း။

သော-အက္ခရာကို ဆိုသောသူ၏ အလိုဖြစ်သော ဂါထာကား—

၅၆ သောဟံ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ။
ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ။

ဟူသည်တည်း။

ယေ မယံ၊ အကြင် ငါတို့သည်။ သန္တေ၊ လူဘုယ်ဝတ္ထု အလှူခံပုဂ္ဂိုလ်တို့ ထင်ရှားရှိပါလျက်။ နော ဒဒမ္ဘသေ၊မပေးမလှူကုန်။ဒုဇ္ဇီဝိတံ၊ ယုတ်မာသောအသက်မွေးခြင်းကို။ အဇီဝိမ္ပ၊ အသက်မွေးမိကုန်၏။ ဘောဂေသု၊ စည်းစိမ်တို့သည်။ ဝိဇ္ဇမာနေသု၊ ရှိကုန်လျက်။အတ္တနော၊ မိမိ၏။ ဒိဋ္ဌံ၊ မြို့ခိုရာကို။ နာကမ္ပ မပ္ပုကုန်။ နိရယေ၊ ငရဲ၌။ ပစ္စမာနာနံ၊ ခံရကုန်သောငါတို့အား။ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ သဋ္ဌိဝဿသဟဿာနိ၊ အနှစ်ခြောက်သောင်းတို့သည်။ ပရိပုဏ္ဏာနိ၊ ပြည့်ကုန်၏။ ကဒါ၊ အဘယ်ခါ၌။ အန္တော၊ အဆုံးသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့နည်း။

မာရိသ၊ ငါနှင့်ကူသော အဆွေ။ မမ စ၊ ငါသည်၎င်း။ တုယ္ဟဉ္စ၊ သင်သည်၎င်း။ တဒါဟိ၊ ထိုအခါ၌လျှင်။ပါပံ၊ မကောင်းမှုကို။ပကတံ၊ များစွာပြုအပ်၏။

www.dhammadownload.com

အန္တေဘာ၊ အဆုံးသည်။ နတ္ထိ၊ မရှိ။ ကုတော၊ အဘယ်အကြောင်းဖြင့်။ အန္တေဘာ၊ အဆုံးသည်။ အတ္ထိ၊ ရှိအံ့နည်း။ အန္တေဘာ၊အဆုံးသည်။ န ပဋိဒိဿတိ၊ မထင်။

သော အဟံ၊ ထိုငါသည်။ ဣတော၊ ဤတရဲမှ။ ဂန္ဓာ၊ သွား၍။ မာနုသိံ ယောနိံ၊ လူဥဖြစ်သော အမျိုးဇာတိကို။ လဒ္ဓါန၊ ရ၍။ ဝဒညူ၊ ကောင်းသော သူတို့၏စကားကို သိသည်။ သိလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသည်။ ဟုတ္ဝာ၊ ဖြစ်၍။ နူန၊ စင်စစ်သဖြင့်။ ဗဟုံ၊ များစွာသော။ ကုသလံ၊ ကုသိုလ်ကို။ ကာဟာမိ၊ ပြုအံ့။

ဤသို့ ဘုရားလောင်းသည် တခု တခုစီဖြစ်သော ဂါထာကို ဆို၍ မြတ်သော မင်းကြီး ထိုငရဲသူသတ္တဝါသည် ဤဂါထာကို ပြည့်စုံစွာပြု၍ ဆိုလိုသော်လည်း မိမိမကောင်းမှု ကြီးသည်၏အဖြစ်ကြောင့် ပြည့်စုံစွာ မဆိုနိုင် ထိုငရဲသူသတ္တဝါသည် မိမိကံအကျိုးကို ခံလျက် မြည်တမ်း၏၊ သင်မင်းကြီးတို့အား ထိုအသံကို ကြားခြင်းဟူသော အကြောင်းကြောင့် အန္တရာယ်မည်သည် မရှိ၊ သင်မင်းကြီး တို့သည် ဖဲကြာက်ကုန်လင့်ဟု ဆို၏၊ မင်းသည် များစွာသော သတ္တဝါတို့ကို လွှတ်စေလျှ ရွှေစည်ကို လည်စေ၍ ယင်တွင်းကို ဖျက်စေ၏၊ ဘုရားလောင်းသည် များစွာသော သတ္တဝါတို့၏ ချမ်းသာကိုပြု၍ ထိုဥယျာဉ်ဒွါပင်လျင် နှစ်ရက်, သုံးရက်နေ၍ ဟိမဝန္တာသို့ သွား၍ မယုတ်သော စွာန်ရှိသည်ဖြစ်၍ ဗြဟ္မာပြည်ဒွါ ဖြစ်၏။

ဇာတ်ပေါင်း သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ပုရောဟိတ်၏ တပည့်ကြီး ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါရသေ့ ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကာမေသုမှု၊ လွန်ကြူးပြီ၊ ဒု-သ-န-သော မှတ်)

လေးခုတို့၏ပြည့်ကြောင်းဖြစ်သော လောဟကုမ္ဘီဇာတ်သည် ပြီး၏။

www.dhammadownload.com

၁၅-သဗ္ဗမံသလာဘဇာတ်

ခွန်းချိုကျိုးရ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် “ဖရုသာ ဝတ တေ ဝါစာ” အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ သဗ္ဗမံသလာဘဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **အရှင်သာရိပုတ္တရာ မဃထရ်သည် ဝမ်းကျဆေးသောက်ကုန်သော ရဟန်းတို့အား ပေးအပ်သောအမဲအရသာဆွမ်း** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုအခါ ဇေတဝန်ကျောင်းတော်၌ အချို့ ကုန်သော ရဟန်းတို့သည် ဝမ်းကျဆေးကို သောက်ကုန်သတတ်၊ ထိုရဟန်း တို့အား **အ**မဲအရသာဆွမ်းဖြင့် အလိုရှိ၏၊ သူနာလုပ်ကျွေးကုန်သော ရဟန်း တို့သည် အမဲအရသာဆွမ်းကို ဆောင်ကုန်အံ့ဟု သာဝတ္ထိပြည်သို့ ဝင်၍ ထမင်း ရောင်းသော အိမ်လမ်း၌ ဆွမ်းခံသွား၍ အမဲအရသာဆွမ်းကို မရကုန်၍လျှင် ပြန်လည်ကုန်၏၊ အရှင်သာရိပုတ္တရာမထေရ်သည် နေမြင့်မှ ဆွမ်းခံ ဝင်သည် ရှိသော် ထိုရဟန်းတို့ကို မြင်၍ ငါ့သျှင်တို့ သင်တို့သည် အဘယ့်ကြောင့် အလွန် စောစောကလျှင် ပြန်လည် လာကြကုန်သနည်းဟု မေး၏၊ ထိုရဟန်းတို့သည် ထိုအကြောင်းကို ကြားလျှောက်ကုန်၏၊ အရှင်သာရိပုတ္တရာမထေရ်သည် ထိုသို့ တပြီးကား လာကြကုန်ဟု ထိုရဟန်းတို့ကို ခေါ်၍ ထိုခရီးလမ်းသို့လျှင် သွား၏၊ ထိုလူတို့သည် သပိတ်ကို ပြည့်စေ၍ အမဲအရသာဆွမ်းကို လှူကုန်၏၊ သူနာ လုပ်ကျွေးကုန်သော ရဟန်းတို့သည် အမဲအရသာ ဆွမ်းကို ဆောင်၍ သူနာ ရဟန်းတို့အား ပေးကုန်၏၊ သူနာရဟန်းတို့သည် သုံးဆောင်ကုန်၏၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ အရှင်သာရိပုတ္တရာမထေရ် သည် အမဲအရသာဆွမ်းကို မရကုန်ဘဲ ထုတ်လာကုန်သော ဝမ်းကျဆေး သောက်ကုန်သော သူနာရဟန်းတို့၏ အလုပ်အကျွေး ရဟန်းတို့ကို ခေါ်၍ ထမင်းရောင်းသော အိမ်လမ်း၌ ဆွမ်းခံ၍ များစွာသော အမဲအရသာဆွမ်းကို ကျောင်းသို့ဆောင်၍ ပို့စေ၏ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညုမြတ်စွာဘုရား သည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြ ကုန်သနည်းဟု မေးတော် မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါ ကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ သာရိပုတ္တရာ သည်သာလျှင် အမဲကိုရသည်မဟုတ်သေး၊ ရှေးဘဝလည်း နူးညံ့သော စကားဖြင့်

www.dhammadownload.com

ချစ်ဘွယ် ဆိုခြင်းဌ လိမ္မာကုန်သော ပညာရှိတို့သည်လည်း ရဘူးကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သူဋ္ဌေးသား ဖြစ်၏၊ ထိုအခါ တနေ့သဌ် တယောက်သော မုဆိုးသည် များစွာသော အသားကို ရ၍ ယာဉ်ကို ပြည့်စေ၍ ရောင်းအံ့ဟု မြို့သို့ လာ၏၊ ထိုအခါ ဗာရာဏသီပြည်ဌ နေကုန်သော လေးယောက်ကုန်သော သူဋ္ဌေးသားတို့သည် မြို့မှထွက်၍ တခုသော လမ်း၏ အဆုံဌ် တစုံတခု မြင်ဘူး ကြားဘူးသည်တို့ကို ပြောဆိုကုန်လျက် နေကုန်၏၊ ထိုလေးယောက်ကုန်သော သူဋ္ဌေးသားတို့တွင် တယောက်သော သူဋ္ဌေးသားသည် အမဲယာဉ်ကို မြင်၍ ထိုအမဲရောင်းသော မုဆိုးကို အမဲတုံးကိုပေးစေအံ့ဟု ဆို၏၊ သွားလော ဆောင်ချေလောဟု ဆိုကြကုန်၏၊ ထို သူဋ္ဌေးသားသည် မုဆိုးသို့ကပ်၍ ဟယ်....မုဆိုး ငါ့အား အမဲတုံးကို ပေးလော့ဟု ဆို၏၊ မုဆိုးသည် အဆွေ သူတပါးကို တစုံတခု တောင်းသောသူမည်သည်ကား ချစ်ဘွယ်သောစကားကို ဆိုရာ၏၊ သင်ဆိုသောစကားအား လျော်သော အမဲတုံးကို ရလတ္တံ့ဟု ဧ့ါ၍-

၅၇ ဖရုသာ ဝတ ဇေ ဝါစာ၊ မံသံ ယာစနကော အသိ။
ကိလောမသဒိသီ ဝါစာ၊ ကိလောမံ သမ္မ ဒမ္မိ ဇေ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

သမ္မ၊ အဆွေ။ တံ၊ သင်သည်။မံသံ၊အမဲကို။ ယာစနကော၊ တောင်းသည်။ အသိ၊ ဖြစ်၏။ ဇေ၊ သင်၏။ ဝါစာ၊ စကားသည်။ ဝတ၊ စင်စစ်။ ဖရုသာ၊ ကြမ်း၏။ ဇေ၊ သင်၏။ ဝါစာ၊ စကားသည်။ ကိလောမသဒိသီ၊ အမြှေးနှင့်တူ၏။ သမ္မ၊ အဆွေ။ ဇေ၊ သင့်အား။ ကိလောမံ၊ အမြှေးကို။ ဒမ္မိ၊ပေးအံ့။

ဤအမြှေးကိုယူလော သင်၏စကားနှင့်တူသောအမြှေးကို ငါပေး၏ဟု ဆို၍ အသားအသွေးမရှိသော အမြှေးကိုယူ၍ ပေး၏၊ ထိုအခါ တယောက်သော သူဋ္ဌေးသားသည် ထိုသူဋ္ဌေးသားကို အဘယ်သို့ဆို၍ သင် တောင်းသနည်းဟု မေး၏၊ ဟယ်...ဆို၍တောင်း၏ဟု ဆို၏၊ထိုသူဋ္ဌေးသားသည် ငါလည်း မုဆိုးကို တောင်းအံ့ဟု ဆို၍ သွား၍ အစ်ကိုကြီး ငါ့အား အမဲတုံးကိုပေးလော့ဟု ဆို၏၊ မုဆိုးသည် သင့်စကားအား လျော်သော အမဲတုံးကို ရလတ္တံ့ဟု ဆို၍-

www.dhammadownload.com

၅၈ အဂ််မေကံ မနုဿာနံ၊ ဘာတာ လောကေ ပဝုစ္စတိ။
အဂ််ဿ သဒိသီ ဝါစာ၊ အဂ်ံ သမ္မ ဒဒါမိ တေ။
ဟူသော နှစ်ခုမြောက်သော ဂျိဂါထာကို ဆို၏။

လောကေ၊ လောကဒ္ဓ။ အဂ်ံ၊ ကိုယ်တည်း။ တေ ဝစနံ၊ ဤစကားကို။ ဘာတာ၊ အစ်ကိုဟူ၍။ မနုဿာနံ၊ လူတို့သည်။ ပဝုစ္စတိ၊ ဆိုအပ်၏။ တေ၊ သင်၏။ ဝါစာ၊ စကားသည်။ အဂ််ဿ သဒိသီ၊ ကိုယ်နှင့်တူ၏။ သမ္မ၊ အဆွေ။ တေ၊ သင့်အား။ အဂ်ံ၊ ကိုယ်သားကို။ ဒဒါမိ၊ ပေးအံ့။

ဤသို့ဆို၍ ကိုယ်သားကိုယူ၍ ပေး၏၊ ထိုသူဌေးသားကို တယောက်သော သူဌေးသားသည် အဘယ်သို့ဆို၍ သင် တောင်းသနည်းဟု မေး၏၊ အစ်ကိုဆို၍ တောင်း၏ဟုံ ဆို၏၊ ထိုသူဌေးသားသည် ငါလည်း မုဆိုးကို အမဲတောင်းအံ့ဟု ဆို၍ အဘ ငါ့အား အမဲတုံးကို ပေးလော့ဟု ဆို၏၊ မုဆိုးသည် သင့်စကားအား လျော်သော အမဲတုံးကို ရလတ္တံ့ဟုဆို၍–

၅၉ တာတာတိ ပုတ္တော ဝဒမာနော၊ ကမ္မေတိ ဟဒယံ ပိတု။
ဟဒယဿ သဒိသီ ဝါစာ၊ ဟဒယံ သမ္မ ဒမ္မိ တေ။
ဟူသော သုံးခုမြောက်သော ဂျိဂါထာကို ဆို၏။

တာတာတိ၊ အဘဟူ၍။ ဝဒမာနော၊ ဆိုသော။ ပုတ္တော၊ သား၊သည်။ ပိတု၊ အဘ၏။ ဟဒယံ၊ နှလုံးကို။ ကမ္မေတိ၊ တုန်လှုပ်စေ၏။ သမ္မ၊ အဆွေ။ တေ၊ သင်၏။ ဝါစာ၊ စကားသည်။ ဟဒယဿ သဒိသီ၊ နှလုံးနှင့်တူ၏။ တေ၊ သင့်အား။ ဟဒယံ၊ နှလုံးကို။ ဒမ္မိ၊ ပေးအံ့။

ဤသို့ဆို၍ နှလုံးသားနှင့်တကွ ကောင်းသောအသားကို ယူ၍ ပေး၏၊ ထိုသူဌေးသားကို လေးယောက်မြောက်ဖြစ်သော သူဌေးသားသည် အဘယ်သို့ဆို၍ သင် တောင်းသနည်းဟု မေး၏၊ အဘဆို၍ တောင်း၏ဟု ဆို၏၊ ထိုသူဌေးသားသည် ငါလည်း တောင်းအံ့ဟု ဆို၍ အဆွေခင်ပွန်း ငါ့အား အမဲတုံးကို ပေးလော့ဟု ဆို၏၊ မုဆိုးသည် သင်၏ စကားအား လျော်သော အမဲတုံးကို ရလတ္တံ့ဟု ဆို၍–

www.dhammadownload.com

၆၀ ယဿ ဂါမေ သခါ နတ္ထိ၊ ယထာရုည် တထေဝတံ။
သဗ္ဗဿ သဒိသီ ဝါစာ၊ သဗ္ဗံ သမ္မ ဒဒါမိ တေ။

ဟူသော လေးခုမြောက်သော ဂျိုဂါထာကို ဆို၏။

ယဿ၊ အကြင်သူအား။ ဂါမေ၊ ရွာ၌။ သခါ၊ အဆွေခင်ပွန်းသည်။ နတ္ထိ၊ မရှိ။ အာရည်ံ ယထာ၊ တောကဲ့သို့။ တထေဝ၊ သို့အတူသာလျှင်။ တေံ၊ ထိုအဆွေခင်ပွန်းမရှိသော ရွာသည်။ ဟောတိ၊ ဖြစ်၏။ သမ္မ၊ အဆွေ။ တေ၊ သင်၏။ ဝါစာ၊ စကားသည်။ သဗ္ဗဿ၊ အလုံးစုံသောကိုယ်နှင့်။ သဒိသီ၊ တူ၏။ တေ၊ သင့်အား။ သဗ္ဗံ၊ အလုံးစုံသော အမဲကို။ဒဒါမိ၊ ပေးအံ့။

ဤသို့ဆို၍ အဆွေလာလော့၊ အလုံးစုံလျှင်ဖြစ်သော ဤယာဉ်၌တင်သော အမဲကို သင့်အိမ်သို့ ဆောင်အံ့ဟု ဆို၏။ သူဌေးသားသည် မုဆိုးကို ယာဉ်ကို နှင်စေလျက် မိမိအိမ်သို့ အမဲကို ဆောင်စေခဲ့၍ မုဆိုးအား ပေးကမ်းပူဇော်ခြင်းကိုပြု၍ မုဆိုး၏သားမယားကိုလည်း ခေါ်စေ၍ မုဆိုးအမှုကိုကြည်စေ၍ မိမိဥစ္စာအလယ်၌ နေစေလျက် မုဆိုးနှင့်တကွ အဆွေခင်ပွန်းအဖြစ်မှ မကဲ့မပျက်သည်ဖြစ်၍ အသက်ထက်ဆုံး ညီညွတ်စွာနေ၏။

ဇာတ်ပေါင်း သဗ္ဗညူမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ မုဆိုးဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ အလုံးစုံသော အမဲကိုရသော သူဌေးသား ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ချစ်ဘွယ်သာယာ၊ ခွန်းကျူလာ၊ များစွာလာဘ်ကြီးတွေ)
ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော သဗ္ဗမံသလာဘဇာတ်သည် ပြီး၏။

၁၆-သသပဏ္ဍိတဇာတ်

သက်စုန့်အလှူ။

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူမြတ်စွာဘုရားသည် "သတ္တ မေ ရောဟိတာ မစ္ဆာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသသပဏ္ဍိတဇာတ်ကို ဧတဝဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ခပ်သိမ်းသော ပရိက္ခရာအလှူကို**

www.dhammadownload.com

အကြောင်းပြု၍ ဟောတော်မူ၏၊ သာဝတ္ထိပြည်၌ တဦးသော သူကြွယ်သည် ဘုရားအမှူးရှိသော ရဟန်းသင်္ဃာအား ခပ်သိမ်းသော ပရိက္ခရာ အလှူကို စီရင်၍ အိမ်တံခါး၌ မဏ္ဍပ်ဆောက်၍ ဘုရားအမှူးရှိသော ရဟန်းသင်္ဃာကို ဘိတ်၍ ကောင်းစွာ စီရင်အပ်သော မဏ္ဍပ်ဝယ် ခင်းအပ်သော မြတ်သော ဘုရားနေရာ၌ နေစေ၍ အထူးထူးသော မြတ်သော အရသာရှိသော မုန်မြတ်သောအလှူကို လှူ၍ တဖန် နက်ဖြန်အကျိုးငှါဟု ခုနစ်ရက်ဘိတ်၍ ခုနစ်ရက်မြောက်၌ ဘုရားအမှူးရှိကုန်သော ငါးရာကုန်သော ရဟန်းတို့အား ခပ်သိမ်းသော ပရိက္ခရာတို့ကို လှူ၏၊ သင့္ဘည္ မြတ်စွာဘုရားသည် ဆွမ်းဘဉ်းပေးပြီးသော အဆုံး၌ ဤနေ့မှာဒနာ ပြုတော်မူသည်ရှိသော် သီတင်းသည် သင်္ဃာသည် ပိတိသောမနဿကို ပြုခြင်းငှါသင့်၏၊ ဤအလှူ မည်သည်ကား ရှေးပညာရှိတို့၏ အနွယ်တည်း၊ ရှေးပညာရှိတို့သည် ရောက်လာကုန်သော အလှူခံတို့အား အသက်ကိုစွန့်၍ မိမိ၏အသားကိုလည်း လှူဘူးကုန်၏ဟု မိန့်တော်မူ၍ ထိုသူကြွယ်သည် တောင်းပန်အပ်သည်ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ယုန်မျိုး၌ဖြစ်၍ တော၌ နေ၏၊ ထိုအခါတော၏ တဘက်မှ တောင်ခြေ, တဘက်မှမြစ်, တဘက်မှ ပစ္စန္တရစ်ရွာသည် ရှိ၏၊ ဘုရားလောင်းယုန်မင်းအား မျောက်, မြေခွေး, ဖွံ့ဟူကုန်သော သုံးခုကုန်သော အဆွေခင်ပွန်းတို့သည်လည်း ရှိကုန်၏၊ ထိုပညာရှိ လေးယောက်တို့သည် အတူတကွနေကုန်လျက် မိမိ မိမိ၏ ကျက်စားရာအရပ်၌ အစာကို ယူကုန်၍ ညချမ်းသောအခါ၌ တကွနက် စည်းဝေးကုန်၏၊ ယုန်ပညာရှိသည် အလှူကို ပေးအပ်၏၊ သီလကို ဆောက်တည်အပ်၏၊ ဥပုသ်ကို သုံးအပ်၏ဟု သုံးယောက်ကုန်သော အဆွေ ခင်ပွန်းတို့အား ဆုံးမသည်၏ အစွမ်းအားဖြင့် တရားဟော၏၊ ထိုသုံးယောက်ကုန်သော အဆွေခင်ပွန်းတို့သည် ယုန်ပညာရှိ၏ အဆုံးအမကို ခံယူကုန်၍ မိမိတို့၏နေရာ ချုံသို့ဝင်၍ နေကုန်၏၊ တနေ့သ၌ဘုရားလောင်းသည် ကောင်းကင်သို့ကြည့်၍ လ, ကိုမြင်၍ နက်ဖြန် ဥပုသ်နေ့ဟု သိ၍ သုံးယောက်ကုန်သော အဆွေခင်ပွန်းတို့ကို နက်ဖြန် ဥပုသ်နေ့တည်း သုံးယောက်ကုန်သော သင်တို့သည်လည်း သီလဆောက်တည်၍ ဥပုသ်သုံးခြင်းကို ဖြစ်စေကုန်လော့၊ သီလ၌ တည်၍ လှူအပ်သော အလှူသည် အကျိုးကြီး၏၊ ထိုကြောင့် ရောက်လာ

---

၁ မွန်မြတ်သော ဘောဇဉ်ကို (က)

www.dhammadownload.com

ကုန်သော အလှူခံတို့အား သင်တို့သည် စားအပ်သော အာဟာရမှ အလှူကိုလှူ၍ စားကြကုန်လော့ဟု ဆို၏၊ ထိုသုံးယောက်ကုန်သော အဆွေခင်ပွန်းတို့သည် ကောင်းပြီဟု ဝန်ခံ၍ မိမိ မိမိ၏နေရာ အရပ်တို့၌ နေကုန်၏။

နောက်တနေ့၌ ထိုအဆွေခင်ပွန်းတို့တွင် ဖျံသည် စောစောကလျှင် အစာရှာအံ့ဟု ထွက်၍ ဂင်္ဂါနားသို့သွား၏၊ ထိုအခါ တယောက်သော တံငါသည်သည် ငါးကြင်း ခုနစ်ကောင်တို့ကို ဆယ်၍ နှယ်ဖြင့်သီ၍ ဂင်္ဂါကမ်းနား၌ သဲကို ယက်၍ သဲဖုံးလွှမ်း၍ တဘန်ငါးတို့ကို ဖမ်းအံ့သောငှါ ဂင်္ဂါအကြသို့ သွား၏၊ ဖျံသည် ငါးအနံ့နံ၍ သဲကိုယက်၍ ငါးကို မြင်၍ ဏှတ်၍ ထိုငါးတို့၏ အရှင်သည် ရှိသလော[1]ဟု သုံးကြိမ်အသံပြု၍ အရှင်ကိုမမြင်၍ နို့ဓမ်းအိုး၌ ဖွဲသော ကြိုးကို လည်၌သွင်း၍ အမဲတံစို့နှစ်ခု, ဖွတ်ကင်ကို နှုတ်သီးဖြင့်ကိုက်လျက် ဆောင်ခဲ့၍ မိမိနေရာ ချုံ၌ သာလျှင် ထား၍ အချိန်၌ စားအံ့ဟု မိမိသိလကို ဆင်ခြင်လျက် ဝပ်၏၊ မျောက်သည်လည်း နေရာမှ ထွက်၍ တောအုပ်သို့ဝင်၍ သရက်သီးခိုင်ကို ယူ၍ မိမိနေရာချုံ၌ထား၍ အချိန်၌သာလျှင် စားအံ့ဟု မိမိသိလကို ဆင်ခြင်လျက်ဝပ်၏၊

ဘုရားလောင်းသည်ကား အချိန်၌သာလျှင် နေရာမှထွက်၍ နေဇာမြက်ကို စားအံ့ဟု မိမိနေရာ ချုံ၌သာလျှင် ဝပ်၍ မိမိသိလကို ဆင်ခြင်လျက် ငါ့အထံသို့လာကုန်သော အလှူခံပုဂ္ဂိုလ်တို့အား မြက်ကို လှူခြင်းငှါ မတတ်ကောင်းကုန်၌၊ နှမ်း, ဆန် အစရှိသည်တို့သည်လည်း ငါ့အား မရှိကုန်၊ ငါ့အထံသို့ အလှူခံသည် အကယ်၍ လာငြားအံ့ ကိုယ်အသားကို လှူဒါန်းဟု ကြံ၏၊ ကြံပြီး၍ ဘုရားလောင်း သိလတန်ခိုးအားဖြင့် သိကြားမင်း၏ ပဏ္ဍုကမ္မလာ ကျောက်နေရာသည် ပူသောအခြင်းအရာကို ပြ၏၊ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကို မြင်၍ ယုန်မင်းကို စုံစမ်းအံ့ဟု ရှေးဦးစွာ ဖျံ၏နေရာသို့သွား၍ ပုဏ္ဏားအသွင်ဖြင့် ရပ်၏၊ ပုဏ္ဏား အဘယ်အကျိုးငှါရပ်သနည်းဟု မေးလတ်သော် ပညာရှိ တစုံ

---

၁ အရှင်သည်ရှိသလော, မရှိသလောဟု (က)

၂ လာကုန်သော အလှူခံတို့သည် မြက်စားခြင်းငှါ မတတ်ကောင်းကုန် (က)

www.dhammadownload.com

တခုသော အာဟာရကို ရသော် ဥပုသ်ဆောက်တည်၍ နေအံ့ဟု ရပ်၏ဟူ၍ဆို၏၊ ဖျံသည် ကောင်းပြီ သင့်အား အာဟာရကိုပေးအံ့ဟု သိကြားမင်းနှင့်တကွ စကားပြောလိုရကား–

၆၁ သတ္ထ မေ ရောဟိတာ မစ္ဆာ၊ ဥဒကာ ထလမုဇ္ဇာ ထာ။
ကုဒံ ဗြာဟ္မဏ မေ အတ္ထိ၊ တေံ ဘုတ္တာ ဝနေ ဝသ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဗြာဟ္မဏ၊ ပဏ္ဍား။ မေ၊ ငါ့အား။ ဥဒကာ၊ ရေမှ။ ထလံ၊ ကြည်းကုန်းသို့။ ဥဇ္ဇတာ၊ တံငါသည် ဆယ်တင်အပ်ကုန်သော။ သတ္ထာ၊ ခုနစ်ကောင်ကုန်သော။ ရောဟိတာ မစ္ဆာ၊ ငါးကြင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ ကုဒံ၊ ဤဥစ္စာသည်။ မေ၊ ငါ့အား။ အတ္ထိ၊ ရှိ၏။ တေံ၊ ဤဥစ္စာကို။ ဘုတ္တာ၊ စား၍။ ဝနေ၊ တောဘဋ်။ ဝသ၊ နေလော့။

ပဏ္ဍားသည် ရှိစေဦး စောသေး၏ နောက်မှ သိရအံ့ဟု ဆို၍ မြေခွေး၏ အထံသို့သွား၏၊ မြေခွေးသည်လည်း အဘယ်အကျိုးငှါရပ်သနည်းဟု မေးသည် ရှိသော် ထိုရှေးအတူသာလျှင် ဆို၏၊ မြေခွေးသည် ကောင်းပြီ လှူအံ့ဟု ထိုသိကြားနှင့်တကွ စကားပြောလိုရကား–

၆၂ ဒုဿ မေ ခေတ္တပါလဿ၊ ရတ္တိဘတ္တံ အပါဘတံ။
မံသသူလာ စ ဒဒ္ဒ ဂဂါခာ၊ ကဉ္စ ဒမိဝါရကံ။
ကုဒံ ဗြာဟ္မဏ မေ အတ္ထိ၊ တေံ ဘုတ္တာ ဝနေ ဝသ။

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

ဗြာဟ္မဏ၊ ပဏ္ဍား။ ဒုဿ၊ ဤအမည်ရှိသော။ ခေတ္တပါလဿ၊ လယ်စောင့်၏။ ရတ္တိဘတ္တံ၊ ည၌စာကို။ မေ၊ ငါသည်။ အပါဘတံ၊ ဆောင်ခဲ့အပ်၏။ ဒဒ္ဒ၊ နှစ်ခုကုန်သော။ မံသသူလာ စ၊ အမဲတံစို့တို့ဝင်း။ ဂဂါခာ စ၊ ဖွတ်ကင်တို့ဝင်း။ ကေံ၊ တခုသော။ ဒမိဝါရကဉ္စ၊ နို့ဓမ်းအိုးဝင်း။ ကုဒံ၊ ဤဥစ္စာသည်။ မေ၊ ငါ့အား။ အတ္ထိ၊ ရှိ၏။ တေံ၊ ထိုဥစ္စာကို။ ဘုတ္တာ၊ စား၍။ ဝနေ၊ တောဘဋ်။ ဝသ၊ နေလော့။

ပဏ္ဍားသည် ရှိစေဦး စောသေး၏ နောက်မှ သိရအံ့ဟု ဆို၍ မျောက်၏ အထံသို့ သွား၏၊ မျောက်သည်လည်း အဘယ်အကျိုးငှါ ရပ်လာသနည်းဟု မေးသည်ရှိသော် ထိုရှေးအတူသာလျှင် ဆို၏၊ မျောက်သည် ကောင်းပြီ လှူအံ့ဟု သိကြားမင်းနှင့်တကွ စကားပြောလိုရကား–

www.dhammadownload.com

၆၃ အမ္မပက္ကံ ဒကံ သီတံ၊ သီတစ္ဆာယာ မနောရမာ။
ကဒံ ဗြာဟ္မဏ မေ အတ္ထိ၊ တေ ဘုတ္တာ ဝနေ ဝသ။

ဟူသော သုံးခုမြောက်သော ဂျိဂါထာကို ဆို၏။

ဗြာဟ္မဏ၊ ပုဏ္ဏား။ မေ၊ ငါ့အား။ အမ္မပက္ကံ၊ သရက်သီးမှည့်ငင်း။ သီတံ၊ အေးသော။ ဒကံ ဥဒကံ၊ ဂင်္ဂါရေငင်း။ မနောရမာ၊ နှလုံးမွေ့လျော်ဘွယ်ရှိသော။ သီတစ္ဆာယာ၊ ချမ်းအေးသောအရိပ်ငင်း။ ကဒံ၊ ဤဆိုအပ်ပြီးသော ဥစ္စာသည်။ မေ၊ ငါ့အား။ အတ္ထိ၊ ရှိ၏။ တေ၊ ထိုသရက်သီးမှည့် ဂင်္ဂါရေကို။ ဘုတ္တာ၊ စားသောက်၍။ ဝနေ၊ နှလုံးမွေ့လျော်ဘွယ် အရိပ်ရှိသော တောင်၌။ ဝသ၊ နေလော့။

ပုဏ္ဏားသည် ရှိစေဦး စောသေး၏ နောက်မှ သိရအံ့ဟု ဆို၍ ယုန်ပညာရှိ အထံသို့ သွား၏၊ယုန်သည်လည်း အဘယ်အကျိုးငှါ ရပ်လာသနည်းဟု မေးသည် ရှိသော် ထိုရှေးအတူသာလျှင် ဆို၏၊ ထိုစကားကို ကြား၍ ဘုရားလောင်းသည် ဝမ်းမြောက်ခြင်းသို့ ရောက်၍ ပုဏ္ဏား အာဟာရအကျိုးငှါ ငါ့အထံသို့ လာလော သင်သည် ဧကောင်းသည်ကို ပြုအပ်၏၊ ယနေ့ ငါသည် မလှူဘူးသော အလှူကို လှူအံ့၊ သင်သည်ကား သီလရှိ၏ ပါဏာတိပါတာကို မပြုလတ္တံ့၊ ပုဏ္ဏား သွားချေ အထူးထူးသော ထင်းတို့ကို စု၍ မီးကျီးပြု၍ ငါ့အား ကြားလော့၊ ငါသည် ကိုယ်ကိုစွန့်၍ မီးကျီးစုဉ် ဆင်းအံ့၊ ငါ၏ကိုယ်သည် ကျက်လတ်သော် သင်သည် အသားကို စား၍ ရဟန်းတရားကို ကျင့်လော့ဟု သိကြားနှင့်တကွ စကား ပြောလိုရကား—

၆၄ နသသဿ တိလာ အတ္ထိ၊ နမုဂ္ဂါ နပိ တဏ္ဍုလာ။
ဂ္ဂမိနာ အဂ္ဂိနာ ပက္ကံ၊ မမံ ဘုတ္တာ ဝနေ ဝသ။

ဟူသော လေးခုမြောက်သော ဂျိဂါထာကို ဆို၏။

ဗြာဟ္မဏ၊ ပုဏ္ဏား။ သသဿ၊ ယုန်အား။ တိလာ၊ နှမ်းတို့သည်။ န အတ္ထိ၊ မရှိကုန်။ မုဂ္ဂါ၊ ပဲနောက်တို့သည်။ န အတ္ထိ၊ မရှိကုန်။ တဏ္ဍုလာ၊ ဆန်တို့သည်။ နပိ အတ္ထိ၊ မရှိကုန်။ ဂ္ဂမိနာ အဂ္ဂိနာ၊ ဤမီးဖြင့်။ ပက္ကံ၊ ကျက်သော။ မမံ၊ ငါ့ကို။ ဘုတ္တာ၊ စား၍။ ဝနေ၊ တော၌။ ဝသ၊ နေလော့။

သိကြားမင်းသည် ယုန်၏ စကားကို ကြား၍ မ်မိအာနုဘော်ဖြင့် တခုသော မီးကျီးစုကို ဘန်ဆင်း၍ ဘုရားလောင်းအား ကြား၏၊ ဘုရားလောင်းယုန်သည်

www.dhammadownload.com

နေဇာမြက်အိပ်ရာမှထ၍ မီးကျီးစုသို့ သွား၍ အမွေးကြားတို့၌ ပိုးငယ်တို့သည် ရှိကုန်ငြားအံ့၊ ထိုပိုးငယ်တို့သည် မသေစေကုန်သတည်းဟု သုံးကြိမ် ကိုယ်ကို ခါ၍ အလုံးစုံသောကိုယ်ကို အလှူဝဋ္ဌထား၍ ခုန်လျက် ကြာကန်၌ ဟသ်မင်း ကျသကဲ့သို့ ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍မီးကျီးစု၌ ကျ၏၊ထိုမီးသည်ကား ဘုရားလောင်း၏ ကိုယ်၌ အမွေးတွင်းကို မျှလည်း ပူစေခြင်းငှါ မတတ်နိုင်၊ ဘုရားလောင်းသည် ဆီးနှင်းတိုက်သို့ ဝင်သကဲ့သို့ ဖြစ်၏၊ ထိုအခါ သိကြားမင်း ကိုခေါ်၍ ပုဏ္ဏား သင်ပြုသောမီးသည် အလုန်အေး၏၊ ငါ၏ကိုယ်၌ အမွေးတွင်းကိုမျှလည်း ပူစေခြင်းငှါမတတ်နိုင်၊ ဤသို့ ဖြစ်ခြင်းသည်ကား အကြောင်း အသို့နည်းဟု မေး၏၊ ယုန်ပညာရှိ ငါကား ပုဏ္ဏား မဟုတ် သိကြားတည်း၊ ငါသည် သင့်အား စုံစမ်းအံ့သောငှါ လာ၏ဟု ဆို၏၊ သိကြား သင့်ကိုထားဘိဦး အလုံးစုံသော လောကသည်လည်း ငါ့ကို အလှူဖြင့် စုံစမ်းငြားအံ့၊ ငါ၏ မလှူလိုသောအဖြစ်ကို မမြင်ရာသလျှင်ကတည်းဟု ဘုရားလောင်းသည် ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သော စကားကို ဆို၏၊ ထိုအခါ ဘုရားလောင်းကို သိကြားမင်းသည် ယုန်ပညာရှိ သင်၏ကျေးဇူးဂုဏ်သည် ကမ္ဘာပတ်လုံး ထင်ရှားသည် ဖြစ်စေဟု တောင်ကိုညှစ်၍ တောင်ဆီကိုယူ၍ လဝန်း၌ ယုန်ရုပ်အမှတ်ကို ရေး၍ ဘုရားလောင်းကို ဆောင်၍ ထိုတောအုပ် ထိုချုံ ထိုနေဇာမြက်အပြင်၌ အိပ်စေ၍ မိမိနေရာသို့သာလျှင် သွား၏၊ လေးဦးသော ပညာရှိတို့သည်လည်း ညီညွတ်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်လျက် သီလကိုဖြည့်၍ အလှူကိုပေး၍ ဥပုသ်သုံး၍ ကံအားလျော်စွာ လားကုန်၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီး၍လျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ခပ်သိမ်းသော ပရိက္ခရာကို လှူသော သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော် မူသနည်းဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါဖျံဖြစ်ဘူးပြီ၊ ယခုအခါမောဂ္ဂလ္လာန်သည် ထိုအခါ မြေခွေးဖြစ်ဘူးပြီ၊ယခုအခါ သာရိပုတ္တရာသည် ထိုအခါ မျောက်ဖြစ်ဘူးပြီ၊ ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ သိကြား ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ယုန်ပညာရှိ ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကိုပေါင်း တော်မူ၏။

(ဒါနအခင်း၊ ပေးလှူခြင်း၊ ယုန်မင်းဥပမာ)

ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော သသပဏ္ဍိတဇာတ်သည် ပြီး၏။

www.dhammadownload.com

၁၇-မတရောဒနဇာတ်

လောကဓံ

ပစ္စုပ္ပန်ဝတ္ထု -နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "မဝံ မတံ ဧဝ ရောဒထ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤမတရောဒနဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **မထင်ရှားသော သဝဏ္ဏိပြည်၌နေသော** သူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုသူကြွယ်၏ အစ်ကိုသည် သေလွန်သတတ် ထိုသူကြွယ်သည် အစ်ကိုလွန်သဖြင့် သောကနှိပ်စက်သည်ဖြစ်၍ ရေမချိုး ထမင်း မစား နှံ့သာမလိမ်း စောစောကသာလျှင် သုသာန်သို့ သွား၍ သောကနှိပ်စက် လျက် ငိုဇ၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် မိုးသောက်ထ၍ လောကကို ကြည့် လတ်သည်ရှိသော် ထိုသူကြွယ်၏ သောတာပတ္တိဖိုလ်၏ ဥပနိဿယကို မြင်တော် မူ၍ ဤသူကြွယ်အား လွန်လေပြီးသောအကြောင်းကို ဆောင်ပြီးလျှင် သောက ကိုငြိမ်းစေ၍ သောတာပတ္တိဖိုလ်ကို ပေးအံ့သောငှါ ငါမှတပါး စွမ်းနိုင်သော သူ မည်သည် မရှိ၊ ငါသည်ဤသူကြွယ်၏ ကိုးကွယ်ရာဖြစ်ခြင်းငှါ သင့်၏ဟုကြံတော် မူ၍ နက်ဖြန် ဆွမ်းဘဉ်းပေးပြီးသည်ရှိသော် ဆွမ်းခံရာမှ ဖဲခဲတော်မူ၍ နောက် လိုက် ရဟန်းကို ခေါ်တော်မူ၍ ထိုသူကြွယ်၏ အိမ်တံခါးသို့ ကွတော်မူ၍ ဘုရားကြွတော်မူလာ၏ဟု ကြား၍ နေရာကို ခင်းစေပြီးလျှင် အိမ်သို့ဝင်တော် မူပါ ကုန်လော့ဟု သူကြွယ် လျှောက်အပ်သည်ရှိသော် ဝင်တော်မူ၍ ခင်းအပ် သော နေရာ၌ နေတော်မူ၏၊ သူကြွယ်သည်လည်း လာလတ်၍ ဘုရားကို ရှိခိုး၍ တင့်အပ် လျှောက်ပတ်စွာ နေ၏၊ ထိုအခါ ထိုသူကြွယ်ကို သဗ္ဗညူမြတ်စွာ ဘုရားသည် သူကြွယ် စိုးရိမ်သလောဟု မိန့်တော်မူ၏၊ ဘုန်းတော်ကြီးသော ဘုရား အကျွန်ုပ်အစ်ကို သေသော အခါမှစ၍ စိုးရိမ်၏ဟု လျှောက်၏၊ ဒါယကာ ခပ်သိမ်းသော သင်္ခါရတို့သည် အမြဲမရှိကုန် ပျက်စီးအပ်သည်၏ အဖြစ်နှင့် ယှဉ်သော သင်္ခါရတရားသည် ပျက်စီးတတ်၏၊ ထိုသင်္ခါရတရား၏ ပျက်စီးခြင်း၌ မစိုးရိမ်အပ် ရှေးပညာရှိတို့သည်လည်း အစ်ကို သေသည်ရှိသော် ပျက်စီးအပ် သည်၏ အဖြစ်နှင့် ယှဉ်သော သင်္ခါရတရားသည် ပျက်စီးတတ်၏ဟု မစိုးရိမ် ကုန်ဟု မိန့်တော်မူ၍ ထိုဒါယကာသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေး

www.dhammadownload.com

မျိုးဌ် ဖြစ်၍ အရှယ်သို့ရောက်လတ်သော် မိဘတို့သည် သေလွန်၏၊မိဘတို့သည် သေလွန်သည်ရှိသော် ဘုရားလောင်း၏ အစ်ကိုသည် ဥစ္စာကိုစီရင်၏၊ ထိုဘုရားလောင်းသည် အစ်ကိုကိုမှီ၍ အသက်မွေး၏၊ ဘုရားလောင်း၏ အစ်ကိုသည် နောက်အခါ နာ၍ သေလွန်၏၊ အဆွေအမျိုး, အဆွေခင်ပွန်းတို့သည် စည်းဝေးကုန်၍ လက်တို့ကိုမြှောက်ခါငိုကြွေးကြကုန်၏၊ တယောက်သော သူသည်လည်း မိမိသဘောအားဖြင့် တည်အံ့သောငှါ မတတ်နိုင်၊ ဘုရားလောင်းသည်ကား မငိုကြွေး လူတို့သည် အချင်းတို့ ကြည့်ကြကုန်လော့ အစ်ကိုသေလတ်သော် ဤသူအား မျက်နှာတွန့်ခြင်းမျှသည်လည်း မရှိ အလွန်လျင် နှလုံးခိုင်မာ၏၊ နှစ်စုံသော ဥစ္စာတို့ကို ငါသာလျင် ခံစားရအံ့ဟု အစ်ကို၏ သေခြင်းကို အလိုရှိယောင်တကားဟု ဘုရားလောင်းကို ကဲ့ရဲ့ကြကုန်၏၊ ဆွေမျိုးတို့သည်လည်း သင်သည် အစ်ကိုသေသော် အဘယ့်ကြောင့် မငိုသနည်းဟု ကဲ့ရဲ့ကုန်၏၊ ဘုရားလောင်းသည် ထိုသူတို့၏ စကားကိုကြား၍ သင်တို့သည် အလွန်မိုက်သည်၏ အဖြစ်ကြောင့် ရှစ်ပါးသော လောကဓံတရားကို မသိကုန်၍ ငါ့အစ်ကို သေလတ်သော် ငိုကြွေးကြကုန်၏၊ ငါသည်လည်း သေရအံ့ ထို့ကြောင့် ငါသည် မငို၊ သင်တို့သည်လည်း သေရကုန်လတ္တံ့၊ ထို့ကြောင့် ငါတို့သည်လည်း သေရကုန်လတ္တံ့ဟု နှလုံးသွင်းကုန်၍ မငိုကြကုန်လင့်၊ ခပ်သိမ်းသော သင်္ခါရတို့သည် မမြဲကုန် ဖြစ်၍ ချုတ်တတ်ကုန်၏၊ ထိုသဘောဖြင့် တည်ခြင်းငှါ စွမ်းနိုင်သော တပါးသော သင်္ခါရသည်လည်း မရှိ၊ အလွန်မိုက်ကုန်သော သင်တို့သည် မသိအပ်သော သဘောရှိသဖြင့် လောကဓံတရား ရှစ်ပါးတို့ကို မသိကုန်၍ ငိုကုန်သော် ငါသည် အဘယ်အကျိုးငှါ ငိုရအံ့နည်းဟု ဆို၍—

၆၅ မတံ မတံ ဧဝ ရောဒထ၊ န ဟိ တံ ရောဒထ ယော မရိဿတိ။
သဗ္ဗေပိ သရီရဓာရိနော၊ အနုပုဗ္ဗေန ဇဟန္တိ ဇီဝိတံ။

၆၆ ဒေဝါ မနုဿာ စတုပ္ပဒါ၊ ပက္ခိဂဏာ ဥရဂါ စ ဘောဂိနော။
သမ္ပီ သရီရေ အနိဿရာ၊ ရမမာနာဝ ဇဟန္တိ ဇီဝိတံ။

၆၇ ဧဝံ စလိတံ အသဏ္ဌိတံ၊ သုခဒုက္ခံ မနုဇေသ္ဝ’ ပေက္ခိယ။
ကန္ဒိတရုဒိတံ နိရတ္ထကံ၊ ကိံ ဝေါ သောကဂဏာ’ ဘိကီရရေ။

၆၈ ဓုတ္တာ စ သောဏ္ဍာ အကတာ၊ ဗာလာ သုရာ အယောဂိနော။
ဓီရံ မညန္တိ ဗာလောတိ၊ ယေ ဓမ္မဿ အကောဝိဒါ။

ဟူသော ဤဂါထာတို့ကို ဆို၏။

www.dhammadownload.com

တုမ္မေ၊ သင်တို့သည်။ မတံ မတံဧဝ၊ သေတိုင်း သေတိုင်းသော သူကိုလျှင်။ ရောဒထ၊ ငိုကြကုန်၏။ ယော၊ အကြင်သူသည်။ မရိဿတိ၊ သေလတ္တံ့။ တံ၊ ထိုသေလတ္တံ့သောသူကို။ နဟိ ရောဒထ၊ မငိုကြကုန်လင့်။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ သရီရဓာရိနော၊ ကိုယ်ကိုဆောင်ကုန်သော သူတို့သည်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ ဇိဝိတံ၊ အသက်ကို။ ဇဟန္တိ၊ စွန့်ရကုန်၏။

ဘောဂိနော၊ စည်းစိမ်နှင့်ပြည့်စုံကုန်သော။ ဒေဝါ စ၊ နတ်တို့သည်၎င်း။ မနုဿာ စ၊ လူတို့သည်၎င်း။ စတုပ္ပဒါ စ၊ သားတို့သည်၎င်း။ ပက္ခိဂဏာ စ၊ ငှက်အပေါင်းတို့သည်၎င်း။ ဥရဂါ စ၊ မြွေနဂါးတို့သည်၎င်း။ သမ္မိ သရိဒ္ဓေ၊ မိမိကိုယ်၌။ အနိဿရာ၊ အစိုးမရကုန်သည်ဖြစ်၍။ ရမမာနာဝ၊ ဖြစ်ရာအရပ်၌ မွေ့လျော်ကုန်၍သာလျှင်။ ဇိဝိတံ၊ အသက်ကို။ ဇဟန္တိ၊ စွန့်ရကုန်၏။

မနုဇေသု၊ လူတို့၌။ ဇေဝံ၊ ဤသို့။ စလိတံ၊ လှုပ်ထသော။ အသဏ္ဌိတံ၊ မတည်သော သဘောရှိထသော။ သုခဒုက္ခံ၊ ချမ်းသာဆင်းရဲကို။ အပေက္ခိယ၊ ကြည့်၍။ ကန္ဒိတရုဒိတံ၊ ငိုခြင်း မျက်ရည်ယိုခြင်းသည်။ နိရတ္ထကံ၊ အကျိုးမရှိ။ ကိံ၊ အဘယ်ကြောင့်။ ဧဝါ၊ သင်တို့အား။ သောကဂဏာ၊ စိုးရိမ်ခြင်းအပေါင်းတို့သည်။ အဘိကီရရေ၊ နှိပ်စက်ကုန်ဘိသနည်း။

ဓုတ္တာ စ၊ မိန်းမ ကြွေအန်ကြွေးသည်လည်း ဖြစ်ကုန်ထသော။ သောဏ္ဍာ စ၊ သောက်ကြွေး၊ စံးကြွေးသည်လည်းဖြစ်ကုန်ထသော။ အကတာ၊ အကျင့်ကိုမကျင့်ကုန်ထသော။ သူရာ၊ အသင့်အားဖြင့် နှလုံးသွင်းခြင်းတို့၌ ရဲရင့်ကုန်ထသော။ အယောဂိနော၊ အားထုတ်သင့်သော သုစရိုက်တို့၌ အားထုတ်ခြင်း ကင်းကုန်ထသော။ ဓမ္မဿ၊ ရှစ်ပါး အပြားရှိသော လောကဓံတရား၌ အကောဝိဒါ၊ မလိမ္မာကုန်ထသော။ ယေ ဗာလာ၊ အကြင်သူမိုက်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေ ဗာလာ၊ ထိုသူမိုက်တို့သည်။ ဓိရံ၊ ဆွမျိုးတို့၏ သေခြင်း အစရှိသည်တို့၌ မငိုကြွေးသော ငါကဲ့သို့သော ပညာရှိကို။ ဗာလောတိ၊ သူမိုက်ဟူ၍။ မညန္တိ၊ အောက်မေ့ကုန်၏။

ဤသို့ ဘုရားလောင်းသည် ထိုသူတို့အား တရားဟောခြင်း ခပ်သိမ်းကုန်သော ထိုသူတို့ကိုလည်း သောကကင်းအောင် ပြု၏။

ဇာတ်ပေါင်း သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာထ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို

www.dhammadownload.com

ပြတော်မူသည်၏အဆုံးဌ သူကြွယ်သည် သောတာပတ္တိဖိုလ်ဌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ လူမျှားအား တရားဟော၍ သောကမရှိအောင် ပြုသော ပညာရှိ ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ပျက်စီးတတ်လှ၊ သန်ါရ၊ မုချပျက်စီးမည်)

ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော မတရောဒနဇာတ်သည် ပြီး၏။

၁၈-ကဏဇဝရဇာတ်

ကုလားဇလပ်ပန်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ယံတံ ဝသန္တ သမယေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤကဏဝေရဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **မယားဟောင်း ဖြားယောင်းသော** ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ (ပစ္စုပ္ပန်ဝတ္ထုသည် ဤနိပါတ်[1]၌ ထင်စွာ ဖြစ်လတ္တံ့) သဗ္ဗညု မြတ်စွာဘုရားသည် ထိုရဟန်းကို ရဟန်း သင်သည် ရှေးဌလည်း ထိုမိန်းမကိုအမှီပြု၍ သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်ခြင်းကို ခံရဘူး ပြီဟု မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိရာဝယ် တဦးသော သူကြွယ်၏ အိမ်ဌ၌ စောရနက္ခတ်ဖြင့်ဖွား၍ အရွယ်သို့ ရောက်လတ်သော် ခိုးသူတို့၏အမှုကို ပြုလျက် အသက်မွေး၍ လောက၌ ထင်ရှား၏ ရဲရင့်၏ ဆင်ပြောင်အား၊ ကို ဆောင်၏၊ တစုံတယောက်သောသူသည် ဖမ်းအံ့သောငှါ မစွမ်းနိုင်၊ ထိုဘုရား လောင်းသည် တနေ့သဌ် တဦးသောသူဋ္ဌေးအိမ်ဝယ် အစပ်ကိုဖြတ်၍ မျှားစွာ

---

၁ ဒုန္နိမိတ်ဇာတ် အဋ္ဌကနိပါတ်မှာ ပါသည်။

www.dhammadownload.com

သော ဥစ္စာကို ခိုး၏ မြို့သူတို့သည် မင်းအထံသို့ ဆည်းကပ်၍ မြတ်သော်မင်းကြီး ထယောက်သော ခိုးသူကြီးသည် မြို့ကိုလုယက်၏၊ ထိုခိုးသူကြီးကို ဖမ်းစေလော့ဟု လျှောက်ကုန်၏၊ ထိုစကားကို ကြား၍ မင်းသည် ထိုခိုးသူကြီးကို ဖမ်းစိမ့်သောငှါ မြို့စောင့်ကို စေ၏၊ မြို့စောင့်သည် ညဉ့်အခါ ထိုထို အရပ်၌ အစုဖွဲ့သဖြင့် လူတို့ကိုထား၍ ထိုခိုးသူကြီးကို ဥစ္စာနှင့်တကွ ဖမ်းစေ၍ မင်းအား လျှောက်၏၊ မင်းသည် ခိုးသူကြီး၏ ဦးခေါင်းကို ဖြတ်လော့ဟု မြို့စောင့်ကို စေ၏၊ မြို့စောင့်သည် ခိုးသူကြီးကို မြစ္စာ လက်ပြန်နှောင်ဖွဲ့စေ၍ ခိုးသူကြီး၏ လည်၌ နီစွာသော ကုလားဇလပ်ပန်းကို ဆွဲပြီးလျှင် ဦးခေါင်း၌ အုတ်မှုန့်ကို ကြဲ၍ ခရီးလေးဆုံတိုင်း ခရီးလေးဆုံတိုင်း ကြိမ်လုံးဖြင့် ရိုက်၍ ကြမ်းသော အသံရှိသောစည်ဖြင့် သတ်ရာသုသာန်သို့ ဆောင်၏၊ ဤမြို့၌ ခိုးတတ်သော ခိုးသူကို ဖမ်းမိပြီဟု မြို့အလုံးချောက်ချား၏။

ထိုအခါ ဗာရာဏသီပြည်၌ တထောင်သောဥစ္စာကို ယူသော သာမာမည်သော ပြည့်တန်ဆာမသည် ရှိ၏၊ မင်းနှင့် အကျမ်းဝင်၏၊ ကျွန်မငါးရာ အခြံအရံရှိ၏၊ ထိုပြည့်တန်ဆာမသည် ပြာသာဒ်အပြင်၌ လေသာ ပြတင်းကို ဘွင့်လှစ်၍ ရပ်လျက် ဆောင်ယူသွားသော ထိုခိုးသူကြီးကိုမြင်၏၊ ထိုခိုးသူကြီးသည် အလွန်အဆင်းလှ၏ ကြည်ညိုဘွယ်ရှိ၏၊ အလွန်လျှင် မြတ်သောတင့်တယ်ခြင်းသို့ရောက်၏ နတ်၏အဆင်းကဲ့သို့ ခပ်သိမ်းသော သူတို့အား အလွန်အမြတ်အားဖြင့်ထင်၏၊ သာမာသည် ထိုခိုးသူကြီးကို မြင်၍လျှင် တပ်စွန်းသောစိတ် ရှိသည်ဖြစ်၍ အဘယ်မည်သော ဥပါယ်အားဖြင့် ဤယောကျ်ားကို ငါ၏လင် ပြုရအံ့နည်းဟု တောင့်တအပ်သည် ရှိသော် တခုသော ဥပါယ်သည်ရှိ၏ဟု မိမိ၏ အကျိုးစီးပွားကို ဆောင်ရွက်သော တယောက်သော မိန်းမ၏လက်၌ အသပြာတထောင်ကိုပေး၍ မြို့စောင့်အား ဤခိုးသူသည် သာမာ၏မောင်တည်း သာမာကိုထား၍ ထိုခိုးသူအား တပါးသော ကိုးကွယ်ရာသည်မရှိ သင်တို့သည် ဤအသပြာတထောင်ကိုယူ၍ ထိုခိုးသူကို လွှတ်ပါကုန်လော့ဟု စေ၏၊ ထိုမိန်းမသည် သွား၍ သာမာဆိုတိုင်းပြု၏၊ မြို့စောင့်သည် ဤခိုးသူကား မြို့၌ ထင်ရှားသော ခိုးသူတည်း၊ ထိုခိုးသူကို လွှတ်အံ့သောငှါ မတတ်ကောင်း၊ တပါးသော လူကိုရမူကား ဤခိုးသူကို ဖုံးလွှမ်းသော ယာဉ်၌စီးစေ၍ လွှတ်ခြင်းငှါ တတ်ကောင်း၏ဟု ဆို၏၊ထိုမိန်းမသည် သွား၍ သာမာအားကြား၏။

ထိုအခါ တယောက်သောသူဌေးသားသည် သာမာ၌ တပ်စွန်းသောစိတ်ရှိ၍ နေ့တိုင်းတထောင်သောဥစ္စာကိုပေး၏၊ ထိုသူဌေးသားသည် ထိုနေ့၌လည်းနေ့ဝင်

www.dhammadownload.com

သောအခါ တထောင်သော ဥစ္စာကိုယူ၍ သာမာ၏အိမ်သို့သွား၏၊ သာမာသည် အသပြာတထောင်ကို ယူ၍ ပေါင်ပေါ်၌ထား၍ ငိုလျက်နေ၏၊ အဘယ်အမှုနည်းဟု မေးသည်ရှိသော် အရှင် ဤခိုးသူသည် ငါ့မောင်တည်း၊ ငါသည် နိမ့်သောအမှုကို ပြု၏ဟု ငါ့အထံသို့မလာ မြို့စောင့်အား စေသော် တထောင်သော ဥစ္စာကို ရမှ လွှတ်အံ့ဟု မှာလိုက်၏။ယခု ဤတထောင်သော ဥစ္စာကိုယူ၍ မြို့စောင့်၏အထံသို့ သွားမည်သူကို မရဟုဆို၏၊ ထိုသူဌေးသားသည် သာမာ၌ တပ်စွန်းသော စိတ်ရှိသည်၏အဖြစ်ကြောင့် ငါသွားအံ့ဟု ဆို၏၊ ထိုသို့တပြီးကား သင်ဆောင်ခဲ့သော ဥစ္စာကိုလျှင် ယူ၍ သွားလော့ဟု ဆို၏၊ သူဌေးသားသည် ထိုဥစ္စာကို ယူ၍ မြို့စောင့်၏အိမ်သို့ သွား၏၊ မြို့စောင့်သည် သူဌေးသားကို ဖုံးကွယ်ရာအရပ်၌ ထား၍ ခိုးသူကို ဖုံးလွှမ်းသောယာဉ်၌ စီးစေ၍ သာမာ၏အထံသို့ ပို့စေ၍ ဤခိုးသူသည် တိုင်းပြည်၌ ထင်ရှားသော ခိုးသူတည်း၊ မှောင်မိုက်စေဦး မှောင်မိုက်၍ လူတို့စကားပြော ဆိတ်သောအခါမှ သတ်အံ့ဟု ယိုးမယ်ဖဲ့ခြင်းကိုပြု၍ တခဏမျှကို လွှန်စေ၍ လူတို့သည် စကားပြောဆိတ်ကုန်လတ်သော် သူဌေးသားကို များစွာသော အစောင့်အရှောက်ဖြင့် သုသာန်သို့ဆောင်ပြီးလျှင် သန်လျက်ဖြင့် ဦးခေါင်းကိုဖြတ်၍ ကိုယ်ကို တံကျင်ဖြင့်လှီး၍ မြို့သို့ ဝင်၏၊

ထိုအခါမှစ၍ သာမာသည် သူတပါးတို့၏လက်မှ တစုံတခုကိုမယူ၊ ထိုခိုးသူနှင့်လျှင်တကွ မွေ့လျော်လျက် နေ၏၊ ခိုးသူကြီးသည် ဤသာမာကား တပါးသော ယောကျ်ားဌ၌ တပ်စွန်းပြန်သည်ရှိသော် ငါ့ကိုလည်း သတ်စေ၍ ထိုတပ်စွန်းသောသူနှင့် မွေ့လျော်ပြန်လတ္တံ့၊ ဤသာမာသည် စင်စစ် အဆွေခင်ပွန်းကို ပြစ်မှားတတ်၏၊ ငါသည် သာမာ၏အထံ၌ မနေမူ၍ လျင်မြန်စွာပြေးခြင်းငှါ သင့်၏၊ ပြေးသည်ရှိသော်ကား လက်ချည်းသက်သက် မသွားမူ၍ သာမာ၌ ဆင်ယင်သော တန်ဆာကို ယူ၍သွားအံ့ဟု ကြံ၏၊ကြံပြီး၍ တနေ့သ၌ သာမာကို နှမ ငါသည် ဆောင်း၌ လှောင်ထားအပ်သော ကြက်ကဲ့သို့ အမြဲအိမ်၌လျှင် နေရ၏၊ တနေ့တရက် ဥယျာဉ်ကစားလို၏ဟု ဆို၏၊ သာမာသည် ကောင်းပြီဟု ဝန်ခံ၍ ခဲဘွယ်ဘောဇဉ် အစရှိသော အလုံးစုံသော အဆောက်အဦကို စီရင်၍ ခပ်သိမ်းသော တန်ဆာဖြင့် တန်ဆာဆင်ယင်လျက် ခိုးသူကြီးနှင့်အတူ ဖုံလွှမ်းသောယာဉ်၌ စီး၍ ဥယျာဉ်သို့သွား၏၊ ခိုးသူကြီးသည် ဥယျာဉ်၌သာမာနှင့်တကွ ကစားလျက် ယခု ငါ့အား ပြေးခြင်းငှါ သင့်၏ဟု သာမာနှင့်တကွ ကိလေသာနှင့်ယှဉ်သော မွေ့လျော်ခြင်းဖြင့် မွေ့လျော်လိုဘိသကဲ့သို့ တခု

www.dhammadownload.com

သော ကုလားဇလပ်ချုံသို့ ဝင်၍ သာမာကို လည်ဘက်သက့ဲသို့ နှိပ်၍ မိန်းမော အောင် ပြု၍ ပုတ်ခတ်၍ ခပ်သိမ်းသော တန်ဆာတို့ကို ချွတ်ယူ၍ သာမာ၏ အပေါ်ရုံအဝတ်ဖြင့် ဖွဲ့၍ အထုပ်ကို ပခုံးဌိထမ်း၍ ဥယျာဉ်စည်းကို ခုန်လွှား၍ ပြေး၏။

သာမာသည်လည်း သတိသညာ ရလတ်သော် ထ၍ အလုပ်အကျွေးတို့၏ အထံသို့သွား၍ အရှင့်သားကား အဘယ်မှာနည်းဟု မေး၏၊ အရှင် အကျွန်ုပ်တို့ မသိကုန်ဟု ဆိုကုန်၏၊ ငါ့ကို သေပြီဟူသော အမှတ်ဖြင့် ကြောက်၍ ပြေးသည် ဖြစ်လတ္တံ့ဟု နှလုံးမသာယာသည်ဖြစ်၍ ထိုဥယျာဉ်မှသာလျှင် အိမ်သို့သွား၍ ငါ၏ချစ်စွာသောလင်ကို မမြင်ရသော ကာလမှစ၍လျှင် တန်ဆာဆင်အပ်သော အိပ်ရာ၌ ငါမအိပ်ဟု မြေ၌အိပ်၏၊ ထိုအခါမှစ၍ နှစ်သက်ဘွယ်ရှိသောအဝတ်ကို မဝတ် နှစ်သက်ဘွယ်သောထမင်းကိုမစား နံ့သာပန်းအစရှိသည်ကိုမမှီဝဲ တစုံတခု သော ဥပါယ်ဖြင့် အရှင့်သားကို ရှာ၍မရှာ စေအံ့ဟု ကချေသည်တို့ကိုခေါ်စေ၍ တထောင်သော ဥစ္စာကိုပေး၏၊ ရှင်မ အသို့ပြုရကုန်အံ့နည်းဟု ဆိုသည်ရှိသော် သင်တို့အား မရောက်သောအရပ်မည်သည်မရှိ၊သင်တို့သည် ရှာနိုင်း မင်းနေပြည် တို့သို့ လှည့်လည်ကုန်လျက် ပဲ့သဘင်မှု၍ သဘင်အလယ်၌ ရှေးဦးစွာလျှင် ဤသီချင်းကိုသီကြကုန်လော့ဟု ကချေသည်တို့ကို သင်လျက် ရှေးဦးစွာသော ဂါထာကိုဆို၍ သင်တို့သည် ဤသီချင်းကို သီသည်ရှိသော် အရှင့်သားသည် ထိုပရိသတ်အတွင်း၌ အကယ်၍ ရှိသည်ဖြစ်အံ့ သင်တို့နှင့်အတူ စကားပြောဆို လတ္တံ့ ထိုအခါ အရှင့်သားအား ငါ၏ရောဂါကင်းသော အဖြစ်ကိုဆို၍ အရှင့် သားကိုခေါ်၍ လာကြကုန်လော့၊ အကယ်၍ မလိုက်လာအံ့ သတင်းစကား မှာထားလိုက်ကြကုန်လော့ဟုဆို၍ ရိက္ခာပေး၍ ကချေသည်တို့ကို လွှတ်လိုက်၏၊ ကချေသည်တို့သည် ဗာရာဏသီမှ ထွက်၍ ထိုထိုအရပ်၌ ပဲ့သဘင်ပြုကုန်လျက် ပစ္စန္တရစ်သို့ သွားကုန်၏၊ ခိုးသူကြီးသည်လည်း ပြေး၍ ထိုပစ္စန္တရစ်ရွာ၌ နေ၏၊ ထိုကချေသည်တို့သည် ထိုအရပ်၌ ပဲ့သဘင်ပြုလျက်—

၆၉ ယံ တံ ဝဿန္တသမယေ၊ ကဏဝေရသု ဘာဏုသု။
သာမံ ဗာဟာယ ပိဠ္ဍေသိ၊ သာ တံ အာရောဂျ မဗြဝိ။

ဟူသော ရှေးဦးစွာသော သီချင်းကိုလျှင် သီကုန်၏။

ယံ တံ ဝဿန္တသမယေ၊ အကြင်ဝဿန္တအခါ၌။ ဘာဏုသု၊ နိသော အဆင်းနှင့် ပြည့်စုံကုန်သော။ ကဏဝေရသု၊ ကုလားဇလပ်ပန်းချုံတို့၌။ သာမံ၊

www.dhammadownload.com

သာမာကို။ ဗာဟာယ၊ မောင်းဖြင့်။ ပိဋ္ဌေသိ၊ နှိပ်၏။ သာ၊ ထိုသာမာသည်။ တံ၊ ထိုအရှင့်သားကို။ အာရောဂ်၊ အနာကင်းသည်၏ အဖြစ်ကို။ အဗြဝိ၊ ကြား၏။

ခိုးသူကြီးသည် ထိုစကားကို ကြား၍ ကခ္ခေသည်သို့ ကပ်၍ သင်္ဘသည် သာမာကား ရှင်သေး၏ဟု ဆို၏၊ ငါမယုံဟု ကခ္ခေသည်နှင့် စကားပြောလို ရကား—

၇၀ အမ္ဘော နု ကိရ သဒ္ဒေယျံ၊ ယံ ဝါတော ပဗ္ဗတံ ဝဟေ။
ပဗ္ဗတဉ္ဆေဝ ဟေ ဝါတော၊ သဗ္ဗမို ပထဝိံ ဝဟေ။
ယတ္ထ သာမာ ကာလကတာ၊ သာမံ အာရောဂျံ မဗြဝိ။
ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

အမ္ဘော နဋ္ဌ၊ အို ကခ္ခေသည်။ ယတ္ထ သာမာ—ယာ နဝံမ သာမာ၊ အကြင် သာမာ အမည်ရှိသော မိန်းမသည်။ ကာလကတာ၊ သေ၏။ သာ၊ ထိုသာမာသည်။ မံ၊ ငါ့ကို။ အာရောဂျံ၊ အနာကင်းသည်၏ အဖြစ်ကို။ အဗြဝိ၊ ကြား၏။ ဣဒံ ဝစနံ၊ ဤစကားသည်။ နု သဒ္ဒေယျံ ကိရ၊ မယုံကြည်အပ်သော စကား ဖြစ်သတတ်။ ယံ ဝါတော၊ အကြင်လေသည်။ ပဗ္ဗတံ၊ တောင်ကို။ ဝဟေ၊ ဆောင်ရာ၏။ သော ဝါတော၊ ထိုလေသည်။ ပဗ္ဗတဉ္ဆေဝ၊ တောင်ကိုဌင်း။ သဗ္ဗမို ပထဝိံ၊အလုံးစုံသောမြေကိုဌင်း။ဝဟေ၊ဆောင်ရာ၏။ ဧတံ ဝစနံ ယထာ၊ ဤစကားကဲ့သို့။ တထာ၊ ထို့အတူ။ နု သဒ္ဒေယျံ ကိရ၊ မယုံကြည်အပ်သော စကားဖြစ်သတတ်။

ခိုးသူကြီးစကားကိုကြား၍ ကခ္ခေသည်သည်—

၇၁ နု ဧစဝ သာ ကာလကတာ၊ နု စ သာ အညမိစ္ဆတိ။
ဧကာဘတ္တိကိနီ သာမာ၊ တမေဝ အဘိကင်္ခတိ။
ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

သာ၊ ထိုသာမာသည်။ နု ဧစဝ ကာလကတာ၊ မသေသလျှင်ကတည်း။ သာ၊ ထိုသာမာသည်။ အညံ၊ တပါးသောလင်ကို။ နု စ ဣစ္ဆတိ၊ အလိုမရှိ။ သာမာ၊ သာမာသည်။ ဧကာဘတ္တိကိနီ၊ တယောက်သောလင်ကို ဝယ်၏။ တမေဝ၊ ထိုဝယ်သောလင်ကိုသာလျှင်။ အဘိကင်္ခတိ၊ အလိုရှိ၏။

www.dhammadownload.com

ခိုးသူကြီးသည် ထိုစကားကိုကြား၍ သာမာသည် ရှင်သည်မူလည်း ဖြစ်စေ၊ သေသည် မူလည်းဖြစ်စေ သာမာဖြင့် ငါအလိုမရှိဟု ဆို၍-

၇၂ အာသန္ဆုတံ မံ စိရ သန္ဆုတေန၊ နိမိနိ သာမာ အဓုံ မုဝေန။
မယာပိ သာမာ နိမိနေယျ အညံ၊ဣတော အဟံ ဒူရတရံ ဂမိဿံ။

ဟူသော လေးခုမြောက်ဖြစ်သော ဤဂါထာကို ဆို၏။

သာမာ၊ သာမာသည်။ အာသန္ဆုတံ၊ မပေါင်းဘော်ဘူးသော။ မံ၊ ငါ့ကို။ စိရသန္ဆုတေန၊ကြာမြင့်စွာ ပေါင်းဘော်သော သူငြေးသားဖြင့်။ နိမိနိ၊ လဲလှယ်၍ ယူ၏။ အဓုံ၊ မမြဲသောငါ့ကို။ မုဝေန၊ မြဲသောလင်ဖြင့်။ နိမိနိ၊ လဲလှယ်၍ ယူ၏။ သာမာ၊ သာမာသည်။ မယာပိ၊ ငါဖြင့်လည်း။ အညံ၊ တပါးသော လင်ကို။ နိမိနေယျ၊ လဲလှယ်၍ယူရာ၏။ အဟံ၊ ငါသည်။ ဣတော၊ ဤအရပ်မှ။ ဒူရတရံ၊ အလွန်ဝေးသောအရပ်သို့။ ဂမိဿံ၊ သွားအံ့။

ငါ၏ တပါးသို့ သွားသောအဖြစ်ကို သာမာအား ပြောဆိုကြကုန်ဟု ဆို၍ ထိုကချေးသည်ကို၏ မြင်စဉ်လျှင် အလွန်မြဲစွာ ပုဆိုးကိုဝတ်၍ မြန်စွာသော အဟုန်ဖြင့်ပြေး၏။ ကချေသည်တို့သည် သွား၍ ခိုးသူကြီးပြုသော အမှုအရာကို သာမာအား ပြောဆိုကုန်၏။ သာမာသည် နှလုံးမသာ၍ မိမိသဘောဖြင့်လျှင် ကာလကိုလွန်စေ၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ငြိုးငွေ့သောရဟန်းသည်သောတာပတ္တိဖိုလ်၌တည်၏၊အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား၊ ယခုအခါ ငြိုးငွေ့သောရဟန်းသည် ထိုအခါ သူငြေးသားဖြစ်ဘူးပြီ၊ ယခုအခါ ဤရဟန်း၏ မယားဟောင်းသည် ထိုအခါ သာမာဖြစ်ဘူးပြီ၊ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ခိုးသူကြီး ဖြစ်ဘူးပြီဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကာမလိုက်စား၊ ကျင့်ဖောက်ငြား၊ မှောက်မှားဒုက္ခတွေ့)
ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ကဏ္ဍဝေရဇာတ်သည် ပြီး၏။

www.dhammadownload.com

၁၉- တိတ္တိရဇာတ်

တယ်-ခါ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သုသုခံ ဝတ ဇီဝါမိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ တိတ္တိရဇာတ်ကို ကောသမ္မီပြည်ကို အမှီပြု၍ ဆီးတောကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်**ရာဟုလာမထေရ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ (ပစ္စုပ္ပန်ဝတ္ထုကို အောက် **တိပလ္လတ္ထဇာတ်*** ၌ ခဲ့ပြုအပ်ပြီ) ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ အရှင်ရာဟုလာသည်သိက္ခာကို အလိုရှိ၏၊ ကုက္ကုစ္စ ပြုတတ်၏၊ ဆုံးမခြင်းငှါ ခဲ့၏ဟု စကားကိုဖြစ်စေကုန်၏၊ ထိုအရှင်ရာဟုလာမထေရ်၏ ကျေးဇူးစကားကို ဖြစ်စေလတ်သည်ရှိသော် သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သောစကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌ သာလျှင် ရာဟုလာသည် ဆုံးမခြင်းငှါ ခဲ့သည်မဟုတ်သေး၊ ရှေး၌လည်း ဆုံးမခြင်းငှါ ခဲ့သည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်သို့ သွား၍ ခပ်သိမ်းသော အတတ်တို့ကို သင်၍ တောထွက်၍ ဟိမဝန္တာ၌ ရသေ့ရဟန်းပြု၍ အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေ၍ စျာန်ကစားခြင်းကို ကစားလျက် မွေ့လျော်ဘွယ်ရှိသော တောအုပ်၌ နေ၍ ချဉ်ဆား မီဝဲအံ့သောငှါ မထင်ရှားသောပစ္စန္တရစ်ရွာသို့ သွား၏၊ ထိုရွာ၌ နေသူ လူတို့သည် ဘုရားလောင်းကိုမြင်၍ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ မထင်ရှားသော တော၌ ကျောင်းဆောက်၍ ပစ္စည်းတို့ဖြင့် လုပ်ကျွေးကုန်လျက် နေစေကုန်၏၊ ထိုအခါ ရွာ၌ တယောက်သော ငှက်မုဆိုးသည် တခုသော တိန်ညင်ခါကိုယူ၍ ကောင်းစွာသင်၍ ချိုင့်၌ထား၍ မွေး၏၊ ထိုမုဆိုးသည် ထိုခါကို တောသို့ ဆောင်၍ ထိုခါ၏ အသံဖြင့် လာတိုင်းကုန်သော ခါတို့ကို ယူ၍ ရောင်း၍ အသက်မွေး၏၊ ခါသည် တခုသောငါ့ကို မှီ၍ ငါ၏ ဆွေမျိုး

---

* တိပလ္လတ္ထဇာတ် ၈ကကနိပါတ်မှာ ပါသည်။

www.dhammadownload.com

တို့သည် ပျက်စီးကုန်၏၊ ဤမကောင်းမှုကား ငါ၏ မကောင်းမှုတည်းဟု ကြံ၏၊ ကြံပြီး၍အသံမပြု ဆိတ်ဆိတ်နေ၏၊ ထိုအခါမှုဆိုးသည် ခါဆိတ်ဆိတ်နေသည်၏ အဖြစ်ကိုသိ၍ ဝါးခြမ်းစိတ်ဖြင့် ခါကို ဦးခေါင်း၌ရိုက်၏၊ခါသည် ဆင်းရဲနှိပ်စက်ခြင်းကြောင့် အသံပြု၏၊ဤသို့ ထိုမှုဆိုးသည် ထိုခါကိုမှီ၍ ခါတို့ကိုယ္စု၍ အသက်မွေး၏၊ ထိုအခါ ထိုခါသည် ဤငါ၏အဆွေအမျိုးတို့သည် သေစေကုန်သတည်းဟု ငါ့အား စေတနာသည် မရှိ၊ ငါ့ကိုစွဲ၍ကား မုဆိုးသည် ပါဏာတိပါတကံကို ရ၏၊ ငါသည် အသံမပြုသော် ထိုခါတို့သည် မလာကုန်၊အသံကိုပြုသော်သာလျှင် လာကုန်၏၊ လာတိုင်းလာတိုင်းကုန်သော ခါတို့ကို ဤမုဆိုးသည် ယူ၍ အသက်ကုန်ခြင်းသို့ ရောက်စေ၏၊ ဤအရာ၌ ငါ့အား မကောင်းမှုရှိသလော မရှိသလောဟု ကြံ၏၊ ကြံပြီး၍ ထိုခါသည် ထိုအခါမှစ၍ အဘယ်သူသည်လျှင် ငါ၏ဤယုံမှားခြင်းကို ဖျောက်နိုင်အံ့နည်းဟု ထိုသို့ သဘောရှိသော ပညာရှိကို ဆင်ခြင်လျက် သွား၏၊ ထိုအခါ တနေ့သ၌ ထိုဌက်မှုဆိုးသည် မျှားစွာကုန်သော ခါတို့ကိုယ္စု၍ ရသောက်အံ့ဟု ဘုရားလောင်း၏ ကျောင်းသို့ သွား၍ ထိုချိုင့်ကို ဘုရားလောင်းအထံ၌ ထား၍ ရေကိုသောက်၍ သဲအပြင်၌ လျောင်းလျက် အိပ်ပျော်၏၊ ခါသည် မုဆိုးအိပ်ပျော်သည်၏ အဖြစ်ကိုသိ၍ ငါ၏ယုံမှားခြင်းကို ရသွေ့ကို မေးအံ့၊ သိသည်ရှိသော် ငါ့အား ဖြေလတ္တံ့ဟု ချိုင့်၌နေလျက်လျှင် ဘုရားလောင်းကို မေးလိုရကား—

၇၃ သုသုခံ ဝတ ဇီဝါမိ၊ လဘာမိ စေဝ ဘုဉ်္ဇိတုံ။
ပရိပန္ထေ စ တဋ္ဌာမိ၊ ကာနု ဘန္တေ ဂတိ မမ။

ဟူသော ရွေးဉီးစွာသော ဤဂါထာကို ဆို၏။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဣဒံ သာကုဏိကံ၊ ဤငှက်မုဆိုးကို။ နိဿာယ၊ မှီ၍။ ဝတ၊ စင်စစ်။ သုသုခံ၊ အလွန်ချမ်းသာစွာ။ဇီဝါမိ၊ အသက်မွေးရ၏။ ဘုဉ်္ဇိတုံ၊ စားခြင်းငှါ။ လဘာမိစေဝ၊ အလိုအတိုင်းလည်းရ၏။ အပိ စ ခေါ၊ ထိုသို့ဖြစ်ငြားသော်လည်း။ ပရိပန္ထေစ၊ ဘေးရန်၌လည်း။ တိဋ္ဌာမိ၊ တည်ရ၏။ ဘန္တေ၊ အရှင်ဘုရား။ မမ၊ အကျွန်ုပ်၏။ ဂတိ၊ ဂတိသည်။ ကာနု၊ အသို့ဖြစ်လတ္တံ့နည်း။

ထိုအခါ ပြဿနာကို ဖြေလိုရကား ဘုရားလောင်းသည်—

၇၄ မနော စေ တေ နပ္ပဏာမတိ၊ ပက္ခီ ပါပဿ ကမ္မုနော။
အဗျာဝဋဿ ဘဒ္ဒဿ၊ နတ္ထိ ပါပမုပလိမ္ပတိ။

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

ပက္ခိ၊ ဌက်။ ပါပဿ ကမ္မုနော၊ မကောင်းမှုအကျိုးဌ၊။ တေ၊ သင်၏။ မနော၊ စိတ်သည်။ စေ နပွဏမတိ၊အကယ်၍ မညှတ်အံ့။ အဗျာဝဋ္ဌဿ၊လုံ့လ မပြုသော။ ဘဒြဿ၊ကောင်းသည်ဖြစ်သော သင့်အား။ပါပံ၊ မကောင်းမှုသည်။ နုဉပလိမ္ပတ၊ မလိမ်းကျ။

ထိုစကားကိုကြား၍ ခါသည်–

၇၅ ဉာတကော နော နိသိန္နောတိ၊ ဗဟု အာဂစ္ဆတေ ဇနော။
ပဋိစ္စ ကမ္မံ ဖုသတိ၊ တဿိ မေ သက်္ခတေ မနော။

ဟူသော သုံးခုမြောက်သော ဂျိဂါထာကို ဆို၏။

ဘန္တေ၊ အရှင်ဘုရား။ နော၊ ငါတို့၏။ ဉာတကော၊ အဆွေအမျိုးသည်။ နိသိန္နောတိ၊ နေ၏ဟု။ ဗဟုဇနော၊ များစွာသော ခါသည်။ အာဂစ္ဆတေ၊ လာ၏။ ပဋိစ္စ၊ အကျွန်ုပ်ကိုစွဲ၍။ ကမ္မံ၊ ပါဏာတိပါတကံကို။ လုဒ္ဒေါ၊ မုဆိုးသည်။ ဖုသတိ၊ ရ၏။ တဿိ၊ ထိုမကောင်းမှု၌။ မေ၊ အကျွန်ုပ်၏။ မနော၊ စိတ်သည်။ သက်္ခတေ၊ ယုံမှား၏။

ထိုစကားကိုကြား၍ ဘုရားလောင်းသည်-

၇၆ နု ပဋိစ္စ ကမ္မံ ဖုသတိ၊ မနော စေ နပွဒုဿတိ။
အပေါဿုက္ကဿ ဘဒြဿ၊ နု ပါပမုပလိမ္ပတိ။

ဟူသော လေးခုမြောက်သော ဂျိဂါထာကို ဆို၏။

ပက္ခိ၊ ဌက်။ တေ၊ သင်၏။ မနော၊ စိတ်သည်။ စေ နပွဒုဿတိ၊အကယ်၍ မပြစ်မှားအံ့။ ပဋိစ္စ၊ သင့်ကိုစွဲ၍။ ကမ္မံ၊ မုဆိုးပြုသော ပါဏာတိပါတကံသည်။ နု ဖုသတိ၊ သင့်ကို မလိမ်းကျ။ အပေါဿုက္ကဿ၊ လုံ့လမပြုသော။ ဘဒြဿ၊ ကောင်းသည် ဖြစ်သော သင့်အား။ ပါပံ၊ မကောင်းမှုသည်။ နုဉပလိမ္ပတိ၊ မလိမ်းကျ။

ဂျိသို့ ဘုရားလောင်းသည် ခါကိုသိစေ၏၊ ခါသည်လည်း ဘုရားလောင်းကို မှီ၍ ကုက္ကစ္စ ကင်း၏၊ မုဆိုးသည် နှိုးလတ်သော် ဘုရားလောင်းကို ရှိခိုး၍ ချိုင့်ကိုယူ၍ သွား၏။

www.dhammadownload.com

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မှ၍ ယခုအခါ ရာဟုလာသည် ထိုအခါ ခါဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ရဿေ့ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။။

(စေတနာကံ၊ အရင်းခံ၊ ရှင်းပြန်သံသယ ကုက္ကုစ္စ)

ကိုးခုတို့၏ပြည့်ကြောင်းဖြစ်သော တိတ္တိရဇာတ်သည် ပြီး၏။။

၂၀- သုဓဇာတ်

အေးတူ ပူမျှ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "သုစ္စံ ဝတ နစ္စံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုစ္စဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **တယောက်သောသူးကြွယ်** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုသူကြွယ်သည် ရှာငယ်၌ မြို့ကို တောင်းအံ့ဟု မယားနှင့်တကွ ထိုရွာသို့သွား၍ မြို့ကို ပေးဆပ်စေ၍ ပေးဆပ်ပြီးသော မြို့ကိုယူ၍ နောက်မှ ဆောင်အံ့ဟု တဦးသောအမျိုးထံ၌ ထားခဲ့၍ တဖန်သာဝတ္ထိပြည်သို့ ပြန်လတ်သော် ခရီးအကြား၌ တခုသော တောင်ကို မြင်၏၊ ထိုအခါ ထိုသူကြွယ်ကို မယားသည် အရှင် ဤတောင်သည် ရွှေဖြစ်သော် ကျွန်ုပ်အား စိုးစဉ်း ပေးပါအံ့လောဟု ဆို၏၊ ရှင်မ သင်သည် အဘယ်သို့ သဘောရှိသောမိန်းမနည်း တစုံတခုကို ငါမပေးဟု ဆို၏၊ ထိုမယားသည် ဤယောကျ်ားကား ဤတောင် ရွှေဖြစ်သော်လည်း ငါ့အား တစုံတခုကို မပေးသည်တိုင်အောင် နှလုံးခိုင်မာ၏ဟု နှလုံး မသာယာရှိ၏၊ ထိုနှစ်ယောက်သောသူတို့သည် ဇေတဝန်ကျောင်းတော်၏ အနီးသို့လာ၍ ရထေသောက်ကုန်အံ့ဟု ကျောင်းသို့ဝင်၍ ရထေသောက်ကုန်၏။။

သဗ္ဗညူမြတ်စွာဘုရား သည်လည်း မိုးသောက်ထ၌လျှင် ထိုနှစ်ယောက်သောသူတို့၏ သောတာပတ္တိဖိုလ်၏ ဥပနိဿယကိုမြင်တော်မူ၍ လာလတ္တံ့သော လမ်းကို မျှော်တော်မူလျက် ဂန္ဓကုဋိပရိဝုဏ်၌ခြောက်သွယ်သောရောင်ခြည်တော်

www.dhammadownload.com

တို့ကိုလွှတ်လျက်နေတော်မူ၏၊ ထိုနှစ်ယောက်သောသူတို့သည်လည်း ဖရသောက် ပြီးသော် လာလတ်၍ ဘုရားကို ရှိခိုး၍ နေကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ထိုနှစ်ယောက်ကုန်သော သူတို့နှင့်တကွ ပဋိသန္ဓေရ ပြုတော်မူ၍ အဘယ်သို့ သူးကြကုန်သနည်းဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား ကြွေးမြီကို သုတ်သင်အံ့သောငှါ ရှာငယ်သို့ သူးကုန်၏ဟု လျှောက်ကုန် လတ်သော်၊ သီတင်းသည်မ သင်၏လင်သည် သင်၏အစီးအပွားကို အလိုရှိ၏ လော သင့်အား ကျေးဇူးပြု၏လောဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးသော အရှင်ဘုရား အကျန်ုပ်သည် ဤယောကျ်ားခွင် ချစ်၏၊ ဤယောကျ်ားသည်ကား အကျန်ုပ်၌ မချစ်၊ ယခုနေ့ အကျန်ုပ်သည် ကောင်ကိုမြင်၍ ဤတောင် ရှေဖြစ်သော်အကျန်ုပ်အား စိုးစဉ်းပေးပါအံ့လောဟု ဆိုသည်ရှိသော် သင်သည်အဘယ် သို့သဘောရှိသောမိန်းမနည်း ငါသည်တစုံတခုကို မပေးဟု ဆို၏၊ ဤယောကျ်ား သည် ဤသို့ ခိုင်မာသောနှလုံးရှိ၏ဟု လျှောက်၏၊ သီတင်းသည်မ ဤယောကျ်ား သည် ဤသို့ ဆိုငြားသော်လည်း အကြင်အခါ သင်၏ကျေးဇူးကို အောက်မေ့၏၊ ထိုအခါ အလုံးစုံသော စည်းစိမ်ကို ပေးဘူး၏ဟု မိန်းတော်မူ၍ ဘုန်းတော် ကြီးသော အရှင်ဘုရား ဟောတော်မူပါဟု ထိုဒါယကာ, ဒါယိကာမကိုသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ ခပ်သိမ်းသော အမှု ကိစ္စကို ဆောင်ရွက်သော အမတ်ဖြစ်၏၊ ထိုအခါ တနေ့သ၌ မင်းသည် မင်းခစား အံ့သောငှါ လာသော သားတော် အိမ်ရှေမင်းကိုမြင်၍ ဤမင်းသားသည် ငါ၏ နန်းတွင်း၌ ပြစ်မှားရာ၏ဟု အိမ်ရှေမင်းကိုခေါ်၍ အမောင် သင်သည် ငါအသက် ရှည်သာရှေ့ မြို၌နေခြင်းငှါ မရ၊ တပါး၌နေ၍ ငါလွန်မှ မင်းပြုလောဟု ဆို၏၊ အိမ်ရှေ့မင်းသည် ကောင်းပြီဟု အဘကိုရှိခိုး၍ မယားကြိုးနှင့်တကွ ဗာရာဏသီ ပြည်မှ ထွက်၍ ပစ္စန္တရစ်သို့ သွား၍ တော်သို့ဝင်၍ သစ်ရက်မိုးသော် ဇရပ်ကို ဆောက်၍ တောသစ်မြစ်, သစ်သီးတို့ဖြင့် မျှတလျက်နေ၏၊ နောက်အဘို့၌ မင်းသည် သေလွန်၏၊ အိမ်ရှေ့မင်းသည် နက္ခတ်ကိုကြည့်၍ မင်းသေလွန်သည်၏ အဖြစ်ကိုသိ၍ ဗာရာဏသီပြည်သို့ လာလတ်သော် လမ်းအကြား၌ တခုသော တောင်ကို မြင်၏၊ ထိုအခါ ထိုမင်းသားကို မယားသည် ရှင်မင်းကြီး ဤတောင် ရှေဖြစ်သော် အကျန်ုပ်အား စိုးစဉ်းပေးပါအံ့လောဟု ဆို၏၊ သင်သည် အဘယ် မည်သော မိန်းမနည်း တစုံတခုကို ငါမပေးဟု ဆို၏၊ ထိုမိန်းမသည် ငါကား

www.dhammadownload.com

ဤယောကျ်ားဌ ချစ်ခြင်းကို မဖြတ်နိုင်၍ တောသို့ဝင်၏၊ ဤယောကျ်ားသည် ဤသို့ဆို၏၊ အလွန်လျှင် ခိုင်မာသောနှလုံးရှိ၏၊ ဤသူသည် မင်းဖြစ်သော်လည်း ငါအား အဘယ်ကောင်းသော အမှုကို ပြုလတ္တံ့နည်းဟု နှလုံးမသာရှိ၏၊ ထိုမင်းသားသည် လာလတ်၍ မင်းအဖြစ်၌ တည်လတ်သော် ထိုမိန်းမကို မိဖုယားကြီးအရာ၌ ထားခြင်းဟူသော စည်းစိမ်မျှကိုသာလျှင် ပေး၏၊ ထို့ထက် အလွန်မြတ်နိုးခြင်း ပေးကမ်းခြင်းသည် မရှိ၊ ထိုမိန်းမ၏ ရှိသည်၏ အဖြစ်ကို မျှလည်း မသိ။

ဘုရားလောင်းသည် ဤမိဖုယားကား ဤမင်းအား ကျေးဇူးပြု၏၊ ဆင်းရဲခံ၍ တောဌေးနေ၏၊ ဤမင်းကား ဤမိဖုယားကို မရေမတွက်မူ၍ တပါးသော မိန်းမတို့နှင့်တကွ ဧမ္မ လျော်၏၊ အကြင်သို့ ပြုသည်ရှိသော် ဤမိဖုယားသည် ခပ်သိပ်းသော စည်းစိမ်ကိုရ၏၊ ထိုသို့ ငါပြုအံ့ပုံ ကဲ့၍ တနေ့သဌေ ထိုမိဖုယားသို့ ကပ်၍ ရှိခိုး၍ ရှင်မိဖုယား ကျွန်ုပ်တို့သည် အရှင်တို့၏အထံမှ ထမင်းကိုမျှ မရပါကုန်၊ အဘယ့်ကြောင့် ကျွန်ုပ်တို့၌ ဧမ္မလျှော်ကုန်သနည်း၊ အလွန်ခိုင်မာသော နှလုံးရှိကုန်သနည်းဟု ဆို၏၊ ဘခင် အကျွန်ုပ်သည် အကယ်၍ ရင်ငြားအံ့ ဘခင်တို့အားလည်း ပေးပါအံ့၊ မရ၊ါမူကား အဘယ်ကိုပေးရအံ့နည်း၊ မင်းသည်လည်း ကျွန်ုပ်အား ယခု အဘယ်မည်သော ဥစ္စာကို ပေးလတ္တံ့နည်း၊ ထိုမင်းသည် ခရီးအကြာဌ၌ ဤတောင် ရွှေဖြစ်သော် အကျွန်ုပ်အား စိုးစဉ်းပေးပါအံ့လောဟု မေးသည်ရှိသော် သင်သည် အဘယ်မည်သော မိန်းမနည်း ငါသည် တစုံတခု မပေးဟု ဆို၏၊ ထိုမင်းသည် ယခု အဘယ်ကို ကျွန်ုပ်အား ပေးလတ္တံ့နည်းဟု ဆို၏၊ ရှင်မိဖုယား သင်တို့သည် မင်း၏အထံ၌ ဤစကားကို ဆိုခြင်းငှါ စွမ်းနိုင်ပါကုန်အံ့လောဟု ဘုရားလောင်း ဆို၏၊ ဘခင် စွမ်းနိုင်၏ဟု မိဖုယားဆို၏၊ ထိုသို့ တပြီးကား အကျွန်ုပ်သည် မင်းအထံ၌ နေ၍ မေးအံ့ သင်တို့သည် ဆိုကုန်လော့ဟု ဘုရားလောင်း ဆို၏၊ မိဖုယားသည် ဘခင် ကောင်းပြီဟု ဆို၏၊ ဘုရားလောင်းသည် မင်းအား ခစားအံ့သောငှါ လာ၍ မိဖုယားနေသော ကာလ၌ အရှင်မိဖုယား ကျွန်ုပ်တို့သည် ရှင်မိဖုယားတို့၏ အထံမှ တစုံတခုကို မရပါကုန်ဟု ဆို၏၊ ဘခင် ကျွန်ုပ်သည် တစုံတခုကို မရပါဘဲလျက် ဘခင်အား အဘယ်ကို ပေးရပါအံ့နည်း၊ အကြင်မင်းသည် တောမှလာသော ကာလ၌ တခုသော တောင်ကို မြင်၍ ဤတောင် ရွှေဖြစ်သော် ကျွန်ုပ်အား စိုးစဉ်းပေးပါအံ့လောဟု မေးသည်ရှိသော် သင်သည် အဘယ်မည်သော မိန်းမနည်း ငါသည် တစုံတခုကို မပေးဟု ဆို၍ ပေးလွယ်သော အရာကိုလည်း မပေး ထိုမင်းသည်

www.dhammadownload.com

ယခုအခါ ကျွန်ုပ်အား အဘယ်မည်သော ဥစ္စာကို ပေးလတ္တံ့နည်း ဟူသော အနက်ကို ပြလို၍—

၇၇ သုစ္စံ ဝတ နစ္စဇိ၊ ဝါစာယ အဒဒံ ဂိရိံ။
ကိံ ဟိ တဿ စဇန္တဿ၊ ဝါစာယ အဒဒ ပဇ္ဇတံ။

ဟူသော ရွှေးဦးစွာသော ဤဂါထာကို ဆို၏။

တာတ၊ ဘခင်။ ဂိရိံ၊တောင်ကို။ ဝါစာယ၊ စကားဖြင့်။ အဒဒံ၊ မပေးသော မင်းယည်။ ဝတ၊ စင်စစ်။ သုစ္စံ၊ ပေးစွန့်လှယ်သည့်အရာကို။ နစ္စဇိ၊ မပေး မစွန့်။ မယာ၊ ငါသည်။ ယာစိတဿ၊ တောင်းအပ်သော။ တဿ၊ ထိုအစိုး အပ်ငားမဖြစ်သောတောင်ကို။ အစဇန္တဿ၊ မပေးစွန့်ဘဲလျက်။ ကိံ ဟိ စဇေယျ၊ အဘယ်ကိုလျှင်ပေးစွန့်ပါအံ့နည်း။ ပဇ္ဇတံ၊ တောင်ကို။ ဝါစာယ၊ စကားဖြင့်။ အဒဒံ၊ မပေး။

ထိုစကားကိုကြား၍ မင်းသည်—

၇၈ ယဉ္ဉံ ကယိရာ တဉ္ဉိ ဝဒေ၊ ယံ န ကယိရာ န တံ ဝဒေ။
ဒါကရောန္ဓံ ဘာသမာနံ၊ ပရိဇာနန္တိ ပဏ္ဍိတာ။

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

ပဏ္ဍိတော၊ ပညာရှိသည်။ ယဉ္ဉိ၊ အကြင်အမှုကိုလျှင်။ ကယိရာ၊ ပြုရာ၏။ တဉ္ဉိ၊ ထိုအမှုကိုလျှင်။ ဝဒေ၊ ဆိုရာ၏။ ယံ၊ အကြင်အမှုကို။ န ကယိယာ၊ မပြုရာ။ တံ၊ ထိုအမှုကို။ န ဝဒေ၊ မဆိုရာ။ ဘာသမာနံ၊ ဆိုလျက်။ ဒါကရောန္ဓံ၊ မပြုသောသူကို။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ပရိဇာနန္တိ၊ သိကုန်၏။

ထိုစကားကို ကြား၍ မိဖုယားသည် မင်းအား လက်အုပ်ချီ၍—

၇၉ ရာဇပုတ္တ နမော တ္ယတ္ထု၊ သစ္စေ ဓမ္မေ ဌိတော စသိ။
ယဿ တေ ဇျသန် ပတ္တော၊ သစ္စသ္မိ ရမတေ မနော။

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

ရာဇပုတ္တ၊ မင်းသား။ တေ၊ သင်အား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ တ္ဝံ၊ သင်သည်။ သစ္စေ စ၊ သစ္စာ၌ဌင်း။ ဓမ္မေစ၊ တရား၌ဌင်း။

www.dhammadownload.com

ဌိတော၊ တည်သည်။ အသိ၊ ဖြစ်၏။ ဗျသနံ၊ တိုင်းမှ နှင်ထုတ်ခြင်းဟုဆိုအပ်သော ပျက်စီးခြင်းသို့။ ပတ္တော၊ ရောက်လျက်။ ယဿ တေ၊ အကြင်သင်၏။ မနော၊ စိတ်သည်။ သစ္စသို့ ၊ သစ္စာ၌။ ရမတေ၊ မွေ့လျော်၏။

ဤသို့မင်း၏ ကျေးဇူးကိုဆိုသော မိဖုယား၏စကားကို ဘုရားလောင်း ကြား၍ မိဖုယား၏ကျေးဇူးကို ဆိုလိုရကား—

၈၀ ယာ ဒလိဒ္ဒိ ဒလိဒ္ဒဿ၊ အစ္ဆာ အစ္ဆဿ ကိတ္တိမ။
သာ ဟိဿ ပရမာ ဘရိယာ၊ သဟိရညဿ ဇုတ္ထိယော။

ဟူသော လေးခုမြောက်သော ဤဂါထာကို ဆို၏။

ကိတ္တိမ၊ ကျော်စောခြင်းရှိသော မင်းမြတ်။ ယာ ဘရိယာ၊ အကြင်မယားသည်။ ဒလိဒ္ဒဿ၊ လင်ဆင်းရဲသော ကာလ၌။ ဒလိဒ္ဒိ၊ မိမိလည်း ဆင်းရဲ၏။ အစ္ဆဿ၊ လင်ကြွယ်ဝသော ကာလ၌။ အစ္ဆာ၊ မိမိလည်းကြွယ်ဝ၏။ သာ ဟိ ဘရိယာ၊ ထိုမယားသည်သာလျှင်။ အဿ၊ ထိုယောကျ်ား၏။ ပရမာ ဘရိယာ၊ မယားမြက်တည်း။ သဟိရညဿ၊ ရွှေ ငွေ ဥစ္စာရှိသော သူအား။ ဇုတ္ထိယော၊ မိန်းမတို့သည်။ ဟောန္တိယေဝ၊ ဖြစ်ကုန်သလျှင်ကတည်း။ အနစ္ဆရိယာ၊ အံ့ဘွယ်မရှိကုန်။

ဘုရားလောင်းသည် ဤသို့ ဆို၍ မြတ်သောမင်းကြီး မိဖုယားသည် ရှင်မင်းကြီး ဆင်းရဲသောကာလ၌ တောဌေနလျက် အတူ ဆင်းရဲခံ၏၊ဤမိဖုယား အား ချီးမြှောက်ခြင်းကို ပြုသင့်၏ဟု မိဖုယား၏ ကျေးဇူးကိုဆို၏၊ မင်းသည် ဘုရားလောင်း၏ စကားဖြင့် မိဖုယား၏ ကျေးဇူးကို အောက်မေ့၍ ပညာရှိသင့်စကားဖြင့် ငါသည် မိဖုယား ကျေးဇူးကို အောက်မေ့မိပြီဟုဆို၍ မိဖုယား အား ခပ်သိမ်းသော စည်းစိမ်ကို ပေး၏၊ သင်ပညာရှိသည် မိဖုယားကျေးဇူးကို ငါ့ကို အောက်မေ့စေ၏ဟု ဘုရားလောင်းအားလည်း မျှားစ့ဉာသောစည်းစိမ်ကို ပေး၏။

ဘုရားလောင်းသည် ဤသို့ ဆို၍ မြတ်သောမင်းကြီး မိဖုယားသည် ရှင်မင်းကြီး ဆင်းရဲသောကာလ၌ တောဌေနလျက် အတူ ဆင်းရဲခံ၏၊ဤမိဖုယား အား ချီးမြှောက်ခြင်းကို ပြုသင့်၏ဟု မိဖုယား၏ ကျေးဇူးကိုဆို၏၊ မင်းသည် ဘုရားလောင်း၏ စကားဖြင့် မိဖုယား၏ ကျေးဇူးကို အောက်မေ့၍ ပညာရှိ သင့်စကားဖြင့် ငါသည် မိဖုယား ကျေးဇူးကို အောက်မေ့မိပြီဟုဆို၍ မိဖုယား အား ခပ်သိမ်းသော စည်းစိမ်ကို ပေး၏၊ သင်ပညာရှိသည် မိဖုယားကျေးဇူးကို ငါ့ကို အောက်မေ့စေ၏ဟု ဘုရားလောင်းအားလည်း မျှားစ့ဉာသောစည်းစိမ်ကို ပေး၏။

ဇာတ်ပေါင်း သမ္ဗညူ မြတ်စ့ဉာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ နှစ်ယောက်ကုန်သော လင်မယားတို့သည်သောတာပတ္တိဖိုလ်၌

www.dhammadownload.com

တည်ကုန်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ဤသူကြွယ်သည် ထိုအခါ ဗာရာဏသီမင်းဖြစ်ဘူးပြီ၊ ယခုအခါ ဤသီတင်းသည် မသည် ထိုအခါ မိဖုယားဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိသောအမတ် ဖြစ်ဘူးပြီဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ဆင်းရဲချမ်းသာ၊ တူမကွာ၊ ကြင်နာ မယားမြဲတ်)
ဆယ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော သုစဇဇာတ်သည် ပြီး၏။

၃- ကုဋိဒုဿကဝဂ် ၂၁- ကုဋိဒုဿကဇာတ်

သိုက်ဖျက်မျောက်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "မနုဿသော တေ သီသံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကုဋိဒုဿကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်မဟာကဿပမထေရ်၏ ကုဋိကို **မီးတိုက်သော ရဟန်းငယ်ကို** အကြောင်းပြု၍ ဟောတော်မူ၏၊ (ဝတ္ထုသည်ကား ရာဇဂြိုဟ်ပြည်၌ဖြစ်၏) ထိုအခါ အရှင်မဟာကဿပမထေရ်သည် ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ တောကုဋိ၌ နေသတတ်၊ အရှင်မဟာ ကဿပမထေရ်အား နှစ်ယောက်ကုန်သော ရဟန်းငယ်တို့သည်လုပ်ကျွေးကုန်၏၊ ထိုရဟန်းငယ်တို့တွင် တယောက်သော ရဟန်းငယ်သည် အရှင်မဟာ ကဿပမထေရ်အား ကျေးဇူးပြု၏၊ တယောက်သော ရဟန်းငယ်သည် ဆိုနိုင်ခက်၏၊ ကျေးဇူးပြုသော ရဟန်းငယ်သည် ပြုတိုင်း ပြုတိုင်းသောအမှုတို့ မိမိပြုသည်နှင့်အတူ ပြု၏၊ ထိုကျေးဇူးကိုပြုသော ရဟန်းငယ်သည် မျက်နှာသစ်ရေ အစရှိသည်တို့ကို တည်အပ်ကုန်သည်ရှိသော် မထေရ်အထံသို့ သွား၍ ရှိခိုး၍ အရှင်ဘုရား ရေကို တည်ထားအပ်ပြီ မျက်နှာသစ်တော်မူပါလော ဤသို့ အစရှိသည်တို့ကို ဆို၏၊ ကျေးဇူးပြုသော ရဟန်းငယ်သည် စောစောကလျှင်ထ၍ မထေရ်၏ ပရိဝုဏ်၌ တံမြက်လှည်းသည်ရှိသော် မထေရ်ထွက်သောကာလ၌ ထိုမှ ဤမှ လှည်းခတ်လျက် အလုံးစုံသော ပရိဝုဏ်ကို မိမိတံမြက်လှည်းသကဲ့သို့ပြု၏၊ ဝတ်နှင့်ပြည့်စုံသော ရဟန်းငယ်သည်

www.dhammadownload.com

ဤဆိုနိုင်ခက်သောရဟန်းကား ငါပြုတိုင်းပြုတိုင်း မိမိပြုသည်နှင့် တူအောင်ပြု၏၊ ထိုရဟန်း၏ ဒုဗ္ဗစအမှုကို ထင်ရှားအောင် ပြုအံ့ဟုကြံ၏။။

ကြံပြီး၍ ထိုသို့ ဆိုနိုင်ခက်သော ရဟန်းငယ်သည် ရွာတွင်းမှ ဆွမ်းစားပြီးသော် လာ၍ အိပ်စဉ်လျှင် ချိုးငရုတ်နှေး၍ ရေချိုးအုံမှ အပ၌ထား၍ တမှုတ်မျှသော ရေနွေးကို ခုံလောက်၌တင်သောအိုး၌ထား၏၊ ဆိုနိုင်ခက်သော ရဟန်းငယ်သည် နိုးလတ်သော် သွား၍ အင်္ဌေထသည်ကိုမြင်၍ ရောက်နှေး၍ ရေချိုးအုံ၌ ထားသည်ဖြစ်လတ္တံ့ဟု မထေရ်အထံသို့သွား၍ အရှင်ဘုရား ရေချိုးအုံ၌ ချိုးရေတည်ထားပြီ ရေချိုးတော်မူပါလော့ဟု လျှောက်ထား၏၊ မထေရ်သည် ရေချိုးအုံဟု ထိုရဟန်းငယ်နှင့်တကွလျှင် လာလတ်၍ ရေချိုးအုံ၌ ရောက်မမြင်၍ ရေအဘယ်မှာနည်းဟု မေး၏၊ ထိုရဟန်းငယ်သည် လျင်မြန်စွာ မီးတင်းကုပ်သို့သွား၍ အချည်းနှီးသောအိုး၌ ရေမှုတ်ကို ချ၏၊ ရေမှုတ်သည် အချည်းနှီးသောအိုး၏အပြင်၌ ကျ၍ ခေါက်ခေါက်မြည်၏၊ ထိုအခါမှစ၍ ထိုရဟန်းငယ်အား ဥဇ္ဇုက်သဒ္ဓကဟူသော အမည်သည် ဖြစ်၏။။

ထိုခဏ၌ ဝတ်နှင့်ပြည့်စုံသော ရဟန်းငယ်သည် ရေချိုးအုံ၏ အပြင်မှ ရောက်ဆောင်၍ အရှင်ဘုရား ရေချိုးတော်မူပါဟု လျှောက်၏၊ မထေရ်သည် ရေချိုး၍ ဆင်ခြင်သည်ရှိသော် ဥဇ္ဇုက်သဒ္ဓက ရဟန်းငယ်သည် ဆိုနိုင်ခက်သော အဖြစ်ကို သိ၍ ဥဇ္ဇုက်သဒ္ဓကကို ညချမ်းသောအခါ မထေရ်အား ဆည်းကပ်အံ့သောငှါ လာလတ်သော် ငါ့သျှင် ရဟန်းမည်သည်ကား မိမိပြုသော အမှုကိုသာလျှင် ငါပြုသော အမှုဟု ဆိုခြင်းငှါ သင့်၏၊ မိမိမပြုသော အမှုကို ငါပြုသော အမှုဟု ဆိုသည်ရှိသော် မုသာဝါဒဖြစ်၏၊ ယနေ့မှစ၍ ဤသို့ သဘောရှိသောအမှုကို မပြုလင့်ဟု ဆုံးမ၏၊ ဥဇ္ဇုက်သဒ္ဓကသည် မထေရ်အား အမျက်ထွက်၍ နက်ဖြန်နေ့၌ မထေရ်နှင့်တကွ ဆွမ်းခံမဝင်၊ မထေရ်သည် ဝတ်နှင့်ပြည့်စုံသော တပည့်နှင့် အတူတကွ ဆွမ်းခံဝင်၏၊ ဥဇ္ဇုက်သဒ္ဓကသည်လည်း မထေရ်၏ အလုပ်အကျွေးအိမ်သို့သွား၍ အရှင်ဘုရား မထေရ်ကား အဘယ်မှာနည်းဟု မေးသည်ရှိသော် မချမ်းသာ၍ ကျောင်း၌လျှင် နေ၏ဟု ဆို၍ အရှင်ဘုရား အဘယ်အာဟာရကို ရခြင်းငှါ သင့်သနည်းဟု မေးသည်ရှိသော် ဤမည် ဤမည်သောအာဟာရကို ပေးကြကုန်လော့ဟုယူ၍ မိမိနှစ်သက်သောအရပ်သို့ သွား၍ စားပြီးသော် ကျောင်းသို့သွား၏။။

နက်ဖြန် မထေရ်သည် ထိုအိမ်သို့ သွား၍နေ၏၊ လူတို့သည် အရှင်ဘုရား အရှင်ဘုရားအား အဘယ်ရောဂါ ဖြစ်ပါသနည်း၊ ယမန်နေ့က ကျောင်း၌လျှင်

www.dhammadownload.com

နေသတတ်၊ ဤမည်သော ရဟန်းငယ်၏လက်၌ အကျွန်ုပ်တို့သည် အာဟာရကို ပေးလိုက်ကုန်၏၊ အရှင်ဘုရားသည်သုံးဆောင်တော်မူရ၏လော၀ဟု လျှောက်ကုန် သည်ရှိသော် မထေရ်သည် ဆိတ်ဆိတ်နေ၍လျှင် ဆွမ်းဘုဉ်းပေးခြင်းကို ပြု၍ ကျေငြးသို့လော၏၊ ညချမ်းအခါ မထေရ်အား ခစားအံ့သောငှါ လာသော ဥဋ္ဌဟ်သဒ္ဓိကကို ခေါ်၍ ငါ့သျှင် ဤမည်သောရွာ ဤမည်သောအိမ်၌ မထေရ်ဘို့ ဤမည်ဤမည်သော အာဟာရကို ရခြင်းငှါ သင့်၏ဟု တောင်း၍ သင်သည် ဆွမ်းကို စားသတတ်ဟု ဆို၍ ဝိညတ်မည်သည်ကား မအပ် တဖန် ဤသို့သဘော ရှိသော မကျင့်အပ်သော အကျင့်ကို မပြုလင့်ဟု ဆို၏၊ ထိုဥဋ္ဌဟ်သဒ္ဓိကသည် ဤမျှဖြင့် မထေရ်၌ ရန်ငြိုးဖွဲ့၍ ဤမထေရ်သည် ယမန်နေ့ကလည်း ရေပူကိုမှီ၍ ငါနှင့်တကွ ခိုက်ရန်ကိုပြု၏၊ ယနေ့လည်း ဒါယကာတို့၏အိမ်၌ ငါသည် စားအပ် သော တဆုပ်သောထမင်းကို - သည်းမခံနိုင်၍ ခိုက်ရန်ကိုပြု၏၊ ပြုအပ်သည်နှင့် ယှဉ်သော အမှုကိုသိအံ့ဟု နက်ဖြန်မထေရ်သည် ဆွမ်းခံ၀င်သည်ရှိသော်ဆောက် ပုတ်ကိုကိုင်၍ အသုံးအဆောင်တို့ကိုခဲ့၍ သစ်ရွက်မိုးသော ကုဋိကို မီးတိုက်၍ ပြေး၏၊ ထိုဥဋ္ဌဟ်သဒ္ဓိကသည် အသက်ရှင်စဉ်လျှင်လူပြိတ္တာဖြစ်၍ ခြောက်တပ်၌ သေလတ်သော် အဝီစိငရဲ၌ ဖြစ်၏၊ ထိုဥဋ္ဌဟ်သဒ္ဓိကသည် ပြုအပ်သော မကောင်းသော အကျင့်သည် လူမျှားအလယ်၌ ထင်ရှားစွာဖြစ်၏။

ထိုအခါ အချို့ကုန်သော ရဟန်းတို့သည် ရာဇဂြိုဟ်ပြည်မှ သာ၀တ္ထိပြည်သို့ သွား၍ အဆေခင်ပွန်းရှိရာအရပ်၌ သပိတ် သင်္ကန်းတို့ကို သိုမှီး၍ ဘုရားအထံ တော်သို့သွား၍ ရှိခိုးလျက် နေကုန်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ထိုရဟန်း တို့နှင့်တကွ ပဋိသန္ထာရပြုတော်မူ၍ အဘယ်မှ လာကြကုန်သနည်းဟု မေးတော် မူ၍ ဘုန်းတော်ကြီးသောအရှင်ဘုရား ရာဇဂြိုဟ်ပြည်မှ လာကုန်၏ဟု လျှောက် သည်ရှိသော် ရာဇဂြိုဟ်ပြည်၌ အဆုံးအမပေးသောဆရာသည် အဘယ်သူနည်းဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား မဟာကဿပ မထေရ်တည်းဟု လျှောက်သည်ရှိသော် ရဟန်းတို့ ကဿပအား ချမ်းသာပါ၏လော၀ဟု မေးတော် မူ၍ ဘုန်းတော်ကြီးသောအရှင်ဘုရား မထေရ်အား ချမ်းသာပါ၏၊ အတူနေ တပည့်သည်ကား အဆုံးအမပေးသည်ရှိသော် အမျက်ထွက်၍ မထေရ်၏ ကုဋိကို မီးတိုက်၍ ပြေး၏ဟု လျှောက်ထားသည်ရှိသော် ထိုစကားကို ကြားတော်မူ၍ သဗ္ဗညူ မြတ်စွာဘုရားသည် ရဟန်းတို့ ကဿပအား ဤသို့ သဘောရှိသော သူမိုက်နှင့် အတူတကွ ကျင့်ရသောထက် တယောက်ထည်း ကျင့်ရခြင်းသည် သာလျှင် မြတ်၏ဟု မိန့်တော်မူ၍—

www.dhammadownload.com

စရဉ္ဆေ နာဓိဂစ္ဆေယျ၊ သေယျံ သဒိသမတ္တနော။
ကေစရိယံ ဒဠှံ ကယိရာ၊ နတ္ထိ ဗာလေ သဟာယတာ။

ဘိက္ခဝေ၊ ရဟန်းတို့။ စရံ၊ ကျင့်သောသူသည်။ အတ္တာနော၊ မိမိထက်။ သေယျံ၊ မြတ်သောသူကိုဂုဏ်း။ သဒိသံ၊ တူသောသူကိုဂုဏ်း။ စေ နာဓိပစ္ဆေယျ၊ အကယ်၍မရငြားအံ့။ ကေစရိယံ၊ တယောက်ထည်း ကျင့်ခြင်းကို။ ဒဠှံ မြဲစွာ။ ကယိရာ၊ ပြုရာ၏။ ဗာလေ၊ သူမိုက်၌။ သဟာယတာ၊ အဆွေခင်ပွန်း၏ အဖြာသည်။ နတ္ထိ၊ မရှိ။

ဤသို့ ဓမ္မပဒဋ္ဌလာသော ဂါထာကို ဟောကြောင်မူ၏။

ဤသို့မိန့်တော်မူ၍ တဖန်ထိုရဟန်းတို့ကို ခေါ်ဟောတော်မူ၍ ရဟန်းတို့ ထိုရဟန်းသည် ယခုအခါ၌သာလျှင် ကုဋိကို ဖျက်သည် မဟုတ်သေး၊ ရှေး၌လည်း ကုဋိကို ဖျက်ဘူးသလျှင်ကတည်း၊ ယခုအခါ၌သာလျှင် အဆုံးအမပေးတတ်သော သူအား အမျက်ထွက်သည် မဟုတ်သေး၊ ရှေး၌လည်း အမျက်ထွက်ဘူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိဒ္ဓိလဒ္ဓက်မျိုး၌ ဖြစ်၍ အရွယ်ရောက်လတ်သော် နှစ်သက်ဘွယ်ရှိသောမိုဃ်းမယိုသောအသိုက်ကိုပြု၍ ဟိမဝန္တာဌ်နေ၏၊ ထိုအခါ တခုသောမျောက်ဘုရင် မိုဃ်းကာလ၌ အယဉ်မပြက် မိုဃ်းရွာလတ်သော် အချမ်း နှိပ်စက်၍ သွားချင်းချင်းကိုက်လျက် ဘုရားလောင်း၏အနီး၌ နေ၏၊ ဘုရားလောင်းသည် ပင်ပန်းသော ထိုမျောက်ကို မြင်၍ **ထိုမျောက်နှင့်တကွ** စကားပြောဆိုလိုရကား—

ဂဝ မနုဿဿေဝ တေ သိသံ၊ ဟတ္ထပါဒါ စ ဝါနရ။
အထ ကေန နုဝဏ္ဏေန၊ အဂါရံ တေ နဝိဇ္ဇတိ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဝါနရ၊ မျောက်။ တေ၊ သင်၏။ သိသံ၊ ဦးခေါင်းသည်။ မနုဿဿ၊ လူ၏။ သိသံ ဣဝ၊ ဦးခေါင်းကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ဟတ္ထပါဒါ စ၊ လက်ခြေတို့သည်လည်း။ မနုဿဿ၊ လူ၏။ ဟတ္ထပါဒါ ဣဝ၊ လက်ခြေတို့ကဲ့သို့။ ဟောန္တိ၊ ဖြစ်ကုန်၏။ အထ၊ ထိုသို့ ဖြစ်လျက်။ ကေန နုဝဏ္ဏေန၊ အဘယ်မည်သော အကြောင်းကြောင့်။ တေ၊ သင့်အား။ အဂါရံ၊ အိမ်သည်။ နဝိဇ္ဇတိ၊ မရှိသနည်း။

www.dhammadownload.com

ထိုစကားကိုကြား၍ မျောက်သည်-

၈၂ မနုဿသော၀ မေ သီသံ၊ ဟတ္ထပါဒါစ သိဂ်ိလ။
ယာဟု သေဋ္ဌာ မနုဿေသု၊ သာ မေ ပညာ နတ္ထိတိ။

ဟုသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

သိဂ်ိလ၊ သိဂ်ိလ။ မေ။ ငါ၏။ သီသံ၊ ဦးခေါင်းသည်။ မနုဿဿ၊ လူ၏။ သီသံဣ၀၊ ဦးခေါင်းကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ဟတ္ထပါဒါစ၊ လက်ခြေတို့သည်လည်း။ မနုဿဿ၊ လူ၏။ ဟတ္ထပါဒါ ဣ၀၊ လက် ခြေတို့ကဲ့သို့။ ဟောန္တိ၊ဖြစ်ကုန်၏။ မနုဿေသု၊ လူတို့၌။ ယာ ပညာ၊ အကြင်ပညာသည်။ သေဋ္ဌာ၊ မြတ်၏။ ဣတိ၊ ဤသို့။ အာဟု၊ ဆိုကုန်၏။ သာ ပညာ၊ ထိုပညာသည်။ မေ၊ ငါ့အား။ နတ္ထိတိ၊ မရှိ။

ထိုစကားကိုကြား၍ ဘုရားလောင်းသည်-

၈၃ အနဝဋ္ဌိတစိတ္တဿ၊ လဟုစိတ္တဿ ဒုဿီနော။
နိစ္စံ အဒ္ဓုဝသီလဿ၊ သုခဘာ၀ေါ နတ္ထိတိ။

၈၄ သော ကရဿု အာနုဘာဝံ၊ ဝိတိ၀တ္တဿု သီလိယံ။
သီတ ၀ါတ ပရိတ္တာဏံ၊ ကရဿု ကုဋ္ဌံ ကပိ။

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

အနဝဋ္ဌိတစိတ္တဿ၊ မတည်ကြည်သော စိတ်ရှိသော။ လဟုစိတ္တဿ၊ ပေါ့သော စိတ်ရှိသော။ ဒုဿီနော၊ အဆွံ့ခင်ပွန်း ပြစ်မှားတတ်သော။ နိစ္စံ၊ အမြဲ။ အဒ္ဓုဝသီလဿ၊ မမြဲသော သီလရှိသောသူအား။ သုခဘာ၀ေါ၊ချမ်းသာသော အဖြစ်သည်။ နတ္ထိတိ၊ မရှိ။

ကပိ၊ မျောက်။သော တို့၊ ထိုသင်သည်။ အာနုဘာဝံ၊ အစွမ်းကို။ ကရဿု၊ ပြုလော့။ သီလိယံ၊ ဒုဿီလအဖြစ်ဟု ဆိုအပ်သော အလေ့ကို။ ဝိတိ၀တ္တဿု၊ လွန်လော့။ သီတ၀ါတပရိတ္တာဏံ၊ အချမ်းလေကို ကွယ်ကာတတ်သော။ ကုဋ္ဌံ၊ အိမ်ကို။ ကရဿု၊ ပြုလော့။

မျောက်သည် ဤငှက်ကား မိမိမိုဃ်းမစုတ်ရာ၌ နေသည်၏အဖြစ်ဖြင့် ငါ့ကို ဆဲရေး၏၊ ထိုငှက်ကို ဤအသိုက်၌ မနေစေအံ့ဟု ကြံ၏၊ ကြံပြီး၍ဘုရားလောင်း

www.dhammadownload.com

ကို ဖမ်းလိုရကား ပြေးလာ၏၊ ဘုရားလောင်းသည် ပျံ၍ တပါးသို့ သွား၏၊ မျောက်လည်း အသိုက်ကိုဖျက်၍ မှုန့်မှုန့်ကြေစေ၍ သွား၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ကုဋိကိုမိုးတိုက်သောရဟန်းငယ်သည် ထိုအခါ မျောက်ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ သိဂီလဒုက် ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဆိုဆုံးမငြား၊ အမျက်ထား၊ ပျက်ပြားဆုံးရှာ ဒုဗ္ဗစာ)

ရှေးဦးစွာသော ကုဋိဒူသကဇာတ်သည် ပြီး၏။

၂၂- ဒုဒ္ဒုဘဇာတ်

မြတ်ပုံပြီ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဒုဒ္ဒုဘာယတိ ဘဒ္ဒန္တေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒုဒ္ဒုဘဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **သာသနာတော်မှ အပဖြစ်မသော တိတ္ထိတို့**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ တိတ္ထိတို့သည် ဇေတဝန်ကျောင်းတော်၏အနီး ထိုထိုသို့သော အရပ်၌ ခင်းအပ်ကုန်သော ဆူးအခင်းတို့၌အိပ်ကုန်သတတ်၊ 'ပဉ္စာတပ' အကျင့်ကို ကျင့်ကုန်သတတ်၊ အထူးထူး အပြားပြားသော မိစ္ဆာအကျင့်ကို ကျင့်ကုန်သတတ်၊ ထိုအခါ များစွာကုန်သော ရဟန်းတို့သည် သာဝတ္ထိပြည်၌ ဆွမ်းခံ၍ ဇေတဝန်ကျောင်းတော်သို့ လာကုန်လတ်သော် ခရီးအကြာင်း၌ မိစ္ဆာအကျင့်ကို ကျင့်ကုန်သော တိတ္ထိတို့ကိုမြင်၍ သွား၍ မြတ်စွာဘုရားသို့ ဆည်းကပ်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား သာသနာတော်မှ အပဖြစ်ကုန်သော တိတ္ထိတို့သည် ကျင့်အပ်သော အကျင့်၌ အနှစ်သာရရှိသလောဟု မေးလျှောက်ကုန်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ရဟန်းတို့ ထိုတိတ္ထိတို့သည် ကျင့်အပ်သော အကျင့်၌ အနှစ်သာရသည်၎င်း အကျိုးထူးသည်၎င်း မရှိ၊ ထိုတိတ္ထိတို့၏ အကျင့်သည်

www.dhammadownload.com

ဆင်ခြင်လတ်သည်ရှိသော် မစင်တို့ဖြင့် လိမ်းကပ်သော လမ်းခရီးနှင့် တူ၏၊ ယုန်ငယ်၏ ဒုဒ္ဒုဘ အသံနှင့် တူ၏ဟု မိန့်တော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား ယုန်ငယ်၏ ဒုဒ္ဒုဘအသံနှင့် တူသည်၏အဖြစ်ကို အကျွန်ုပ်တို့သည် မသိပါကုန် ဟောတော်မူပါကုန်လော့ဟု ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ခြင်္သေ့မျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တော၌နေ၏၊ ထိုအခါ အနောက်သမုဒ္ဒရာနား၌ ညသျှစ်ပင်နှင့် ရောသော ထန်းတောသည် ရှိ၏၊ ထိုထန်းတော၌ တခုသော ယုန်ငယ်သည် ညသျှစ်ပင်၏အနီး တခုသော ထန်းပင်ငယ်၏ ထန်းရွက်အောက်၌ နေ၏၊ ထိုယုန်ငယ်သည် တနေ့ပတ်လုံး အစာကိုယူ၍ လာလတ်၍ ထန်းရွက်အောက်၌ ဝပ်လျက် ဤမြေသည် ပြိုငြားအံ့ အဘယ်သို့လျင် သွားရပါအံ့နည်းဟု ကြံ၏၊ ထိုအခါ တခုသော ညသျှစ်သီးမှည့်သည် ထန်းရွက်၏အထက်၌ကျ၏၊ ထိုယုန်ငယ်သည် ထိုညသျှစ်သီး၏အသံဖြင့်မချတ်လျင် ဤမြေကြီးသည် ပြို၏ဟု ခုန်၍ နောက်သို့ မကြည့်မူ၍သာလျင် ပြေး၏၊ သဘေးမှ ကြောက်၍ လျင်မြန်စွာပြေးသော ထိုယုန်ငယ်ကို တပါးသောယုန်ငယ်သည် မြင်၍ အရှင် အဘယ့်ကြောင့် အလွန်လျင် ကြောက်၍ပြေးသနည်းဟု မေး၏၊ အရှင် မမေးလင့်ဟု ဆို၏၊ ထိုယုန်ငယ်သည် အရှင် အဘယ်နည်း အရှင်အဘယ်နည်းဟု မေးလတ်သော် ပြေးသောယုန်ငယ်သည် ပြန်၍မကြည့်ဘဲလျက်လျင် ဤအရပ်၌ မြေပြို၏ဟု ဆို၏၊ ထိုမေးသော ယုန်ငယ်သည်လည်း ထိုယုန်ငယ်၏နောက်မှပြေး၏၊ ဤအတူ ထိုယုန်ကို တပါးသော ယုန်သည်မြင်၏၊ထိုယုန်ကိုလည်း တပါးသောယုန်သည် မြင်၏၊ ဤသို့သောနည်းအားဖြင့် ယုန်ငယ်တထောင်သည်[၁] တပေါင်းတည်းဖြစ်၍ပြေး၏၊ ထိုယုန်တို့ကို တခုသော သမင်သည် မြင်၍ တပေါင်းတည်းဖြစ်၍ ပြေး၏၊ တခုသော ဝက်သည် မြင်၍ တခုသော စိုင်သည် မြင်၍ တခုသောကျွဲသည် မြင်၍တခုသော နွားနောက်သည် မြင်၍ တခုသော ကြံ့သည် မြင်၍ တခုသောကျားသည်မြင်၍ တခုသော ခြင်္သေ့သည် မြင်၍ တခုသောဆင်သည် မြင်၍ အဘယ်နည်းဟုမေး၍ ဤအရပ်၌ မြေပြို၏ဟု ဆိုလတ်သော် ပြေး၏၊ ဤသို့အစဉ်သဖြင့် ယူဇနာအတိုင်းအရှည်ရှိသော တိရစ္ဆာန်အပေါင်းတို့သည် ဖြစ်၏။

---

၁ ယုန်တသိန်းသည် (ဇ၊ က)

www.dhammadownload.com

ထိုအခါဘုရားလောင်းသည် ပြေးသောတိရစ္ဆာန်အပေါင်းကို မြင်၍ ဘယ်အမှုတုံနည်းဟု မေး၍ ဤအရပ်၌ မြေပြိုသည်ဟု ကြား၍ မြေပြိုခြင်းမည်သည်ကား တရုံတဆစ်မျှ မဖြစ်စဘူး၊ စင်စစ်သဖြင့် ထိုသတ္တဝါတို့သည် တစုံတခုသောအသံကို မကောင်းသဖြင့် ကြားသည် ဖြစ်လတ္တံ့၊ ငါသည် လုံလ မပြုသော် ခပ်သိမ်းသော သတ္တဝါတို့သည် ပျက်စီးကုန်လတ္တံ့၊ထိုသတ္တဝါတို့အား အသက်ကို ပေးအံ့ဟု ကြံ၏၊ ကြံပြီး၍ ခြင်္သေ့၏အဟုန်ဖြင့် ရှေ့မှ တောင်ခြေရင်းသို့သွား၍ သုံးကြိမ် ခြင်္သေ့သံကို ဟောက်၏၊ထိုသတ္တဝါတို့သည် ခြင်္သေ့ဘေးမှကြောက်ကုန်ရကား ပြန်၍ပေါင်း၍ တည်ကုန်၏၊ ခြင်္သေ့သည် သတ္တဝါတို့၏အတွင်းကိုဝင်၍ အဘယ်အကျိုးငှါ ပြေးကြကုန်သနည်းဟု မေး၏၊ မြေပြိုသတည်းဟု ဆိုကြကုန်သော် အဘယ်သူသည် မြေပြိုသည်ကို မြင်သနည်းဟု မေး၍ ဆင်တို့သည် သိကုန်၏ဟု ဆိုသည်ရှိသော် ဆင်တို့ကိုမေး၏၊ ဆင်တို့သည် ငါတို့မသိကုန် ခြင်္သေ့တို့သည် သိကုန်၏ဟု ဆိုကုန်၏၊ ခြင်္သေ့တို့သည်လည်း ငါတို့သည် မသိကုန် ကျားတို့သည် သိကုန်၏ဟု ဆိုကုန်၏၊ ကျားတို့သည်လည်း ကြံ့တို့သည် သိကုန်၏ဟု ဆိုကုန်၏၊ ကြံ့တို့သည်လည်း နွားနောက်တို့သည် သိကုန်၏ဟု ဆိုကုန်၏၊ နွားနောက်တို့သည်လည်း ကျဲတို့သည် သိကုန်၏ဟု ဆိုကုန်၏၊ ကျဲတို့သည်လည်း စိုင်တို့သည် သိကုန်၏ဟု ဆိုကုန်၏၊ စိုင်တို့သည်လည်း ဝက်တို့သည် သိကုန်၏ဟု ဆိုကုန်၏၊ ဝက်တို့သည်လည်း သမင်တို့သည် သိကုန်၏ဟုဆိုကုန်၏၊သမင်တို့သည်လည်း ငါတို့မသိကုန်၊ ယုန်ငယ်တို့သည် သိကုန်၏ဟု ဆိုကုန်၏။

ယုန်ငယ်တို့ကို မေးအပ်ကုန်သည်ရှိသော် ဤယုန်ငယ်သည် ပြောဆို၏ဟု ထိုယုန်ငယ်ကို ပြကြကုန်၏၊ ထိုအခါထိုယုန်ကို အချင်း မြေပြိုသတတ် ဟူသည် မှန်သလောဟု မေး၏၊ အရှင် မှန်၏၊ အကျွန်ုပ် မြင်အပ်၏ဟု ဆို၏၊ အဘယ်အရပ်၌ နေလျက် မြင်သနည်းဟု မေး၏၊ အရှင် အနောက်သမုဒ္ဒရာအနီး ဥဿစ်ပင်နှင့်ရောသော ထန်းတော၌ နေလျက် မြင်၏၊ အကျွန်ုပ်သည် ထိုတော၌ ဥဿစ်ပင်ရင်း ထန်းပင်ငယ်၏ အောက်၌ အိပ်လျက် မြေပြိုသော် ငါအဘယ်သို့ပြေးရပါအံ့နည်းဟုကြံ၏၊ထိုခဏ၌လျင် မြေပြိုသံကြား၍ ပြေး၏ဟု ဆို၏၊ ခြင်္သေ့သည် စင်စစ်သဖြင့် ထန်းရွက်၏အထက်၌ ဥဿစ်သီးမှည့် ကျ၍ ဒုဒ်ဒုဒ်ဟူသော အသံကိုပြု၏၊ ထိုယုန်ငယ်သည် ထိုအသံကိုကြား၍ မြေပြိုသည်ဟူသော အမှတ်ကိုဖြစ်စေ၍ ပြေးသည် ဖြစ်လတ္တံ့၊ အဟုတ်အမှန် အားဖြင့် ထိုအကြောင်းကို သိအောင်ပြုအံ့ဟု ကြံ၏၊ ကြံပြီး၍ ခြင်္သေ့သည် ထိုယုန်ငယ်ကို ယူ၍ သားအပေါင်းကို နှစ်သိမ့်စေ၍ ဤယုန်ငယ် မြင်ရာအရပ်၌ မြေပြိုသည်၏

www.dhammadownload.com

အဖြစ် မပြိုသည်၏အဖြစ်ကို အဟုတ်အမှန်အားဖြင့် ငါသိအောင်ပြု၍ လာသည် တိုင်အောင် သင်တို့သည် ဤဌာနေကြကုန်ဦးဟုဆို၍ ဤယုန်ငယ်ကို ကျောက် ကုန်းဌာတင်၍ ခြင်္သေ့၏အဟုန်ဖြင့် ပြေး၍ ထန်းတောဌာ ယုန်ငယ်ကိုချ၍ အချင်း လာလော့ သင်မြင်သောအရပ်ကို ပြလော့ဟု ဆို၏။ သခင် အကျွန်ုပ် မပြဝံ့ဟု ဆို၏၊ အချင်း မကြောက်လင့်ဟု ဆိုလတ်သော် ထိုယုန်ငယ်သည် ဥဿုစ်ပင်သို့ ချဉ်းကပ်အံ့သောငှါ မဝံ့ရကား မနီးမဝေးဌာရပ်၍ အရှင် ဤအရပ်သည်ကား ဒုဒ်ဒုဒ်မြည်ရာ အရပ်တည်းဟု ဆို၍–

၈၅ ဒုဒ္ဒုဘာယတိ ဘဒ္ဒန္တေ၊ ယသ္မိံ ဒေသေ ဝသာမဟံ။
အဟမ္ပေတံ န ဇာနာမိ၊ ကိမေတံ ဒုဒ္ဒုဘာယတိ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

သာမိ၊ အရှင်။ ဧတေ၊ သင်အား။ ဘဒ္ဒံ၊ ကောင်းခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ယသ္မိံ ဒေသေ၊ အကြင်အရပ်၌။ အဟံ၊ ငါသည်။ ဝသာမိ၊ နေ၏။ တတ္ထ၊ ထိုအရပ်၌။ ဒုဒ္ဒုဘာယတိ၊ ဒုဒ်ဒုဒ်မြည်၏။ ကိံ။ အဘယ့်ကြောင့်။ တေံ·တေသ္မိံ ပဒေသေ၊ ထိုအရပ်၌။ ဒုဒ္ဒုဘာယတိ၊ ဒုဒ်ဒုဒ်မြည်၏ဟူ၍။ တေံ၊ ထိုအကြောင်းကို။ အဟံ၊ ငါသည်။ န ဇာနာမိ၊ မသိ။

ဤသို့ဆိုလတ်သော် ခြင်္သေ့သည် ဥဿုစ်ပင်ရင်းသို့သွား၍ ထန်းပင်အောက်၌ ယုန်ငယ်၏ အိပ်ရာအရပ်ကိုလှုံး တန်းရှက်ထက်၌ ကျသော ဥဿုစ်သီးမှည့်ကိုလှုံး မြင်၍ မြေမပြိုသည်၏အဖြစ်ကို အမှန်အားဖြင့်သိ၍ ယုန်ငယ်ကို ကျောက်ကုန်းဌာ တင်၍ ခြင်္သေ့၏ အဟုန်ဖြင့် လျင်မြန်စွာ သားအပေါင်းတို့၏ အထံသို့ သွား၍ အလုံးစုံသော အကြောင်းကို ကြား၍ သင်တို့သည် မကြောက်ကြကုန်လင့်ဟု သားအပေါင်းတို့ကို နှစ်သိမ့်စေ၍ လွှတ်လိုက်၏၊ ထိုအခါ ဘုရားလောင်း မရှိခြားအံ့ ခပ်သိမ်းသော သားတို့သည် သမုဒ္ဒရာသို့ဝင်၍ ပျက်စီးကုန်ရာ၏၊ ဘုရားလောင်းကိုမှီ၍ ခပ်သိမ်းသော သားတို့သည် အသက်ကို ရကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၍ ဘုရားဖြစ်ပြီး၍–

၈၆ ဗေလုဝံ ပတိတံ သုတ္ဝာ၊ ဒုဒ္ဒုဘန္တိ သသော ဇဝိ။
သသဿ ဝစနံ သုတ္ဝာ၊ သန္တိတ္ထာ မိဂဝါဟိနီ။

၈၇ အပ္ပတ္ဝာ ပဒဝိညာဏံ၊ ပရဿောသာနုသာရိနော။
ပနာဒပရမာ ဗာလာ၊ တေ ဟောန္တိ ပရပတ္တိယာ။

www.dhammadownload.com

၈၈ ယေ စ သီလေန သမ္ပန္နာ၊ ပညာယုပသမေ ရတာ။
အာရကာ ဝိရတာ မီရာ၊ နော ဟာန္တိ ပရပတ္တိယာ။
ဟူကုန်သော ဤသုံးဂါထာတို့ကို ဟောတော်မူ၏။

သဿော၊ ယုန်သည်။ ဒုဒ္ဒုဘန္တိ၊ ဒုဒ်ဒုဒ်ဟူသော အသံကို ဖြစ်စေလျက်။ ပတိတံ၊ ကျသော။ ဗေလုဝံ၊ ဥသျစ်သီးမျှည့်အသံကို။ သုတ္ဝာ၊ ကြား၍။ ဇဝိ၊ ပြေး၏။ မိဂဝါဟိနီ၊ သားအပေါင်းသည်။ သဿဿ၊ ယုန်ငယ်၏။ ဝစနံ၊ စကား ကို။ သုတ္ဝာ၊ ကြား၍။ သန္တတ္တာ၊ ထိတ်လန့်သည်ဖြစ်၍။ ဇဝိ၊ ပြေး၏။

ယေ ဗာလာ၊ အကြင်သူမိုက်တို့သည်။ ပဒဝိညာဏံ၊ သောတဝိညာဉ်အစုသို့။ အပတ္ဝာ၊ မရောက်မူ၍။ ပရဿသာသနုသာရိနော၊ သူတပါးတို့၏စကားကို အစဉ်မြဲကုန်၏။ ပနာဒပရမာ၊ သူတပါးတို့၏စကားကို အမြတ်ဟူ၍ ထင်မှတ် ကုန်၏။ တေ ဗာလာ၊ ထိုသူမိုက်တို့သည်။ ပရပတ္တိယာ၊ သူတပါး၏စကားကို ယုံကြည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ယေ ဓီရာ၊ အကြင်ပညာရှိတို့သည်။ သီလေန စ၊ အရိယမဂ်သီလနှင့်လည်း။ သမ္ပန္နာ၊ ပြည့်စုံကုန်၏။ ပညာယစ၊ အရိယမဂ်ပညာနှင့်လည်း။ သမ္ပန္နာ၊ ပြည့်စုံ ကုန်၏။ ဥပသမေ၊ ကိလေသာ၏ ငြိမ်းခြင်း၌။ ရတာ၊ မွေ့လျော်ကုန်၏။ အာရကာ၊ မကောင်းမှုကို ပြုခြင်းမှဝေးကုန်၏။ ဝိရတာ၊ မကောင်းမှုမှကြဉ်ကုန် ၏။ တေ ဓီရာ၊ ထိုပညာရှိတို့သည်။ ပရပတ္တိယာ၊ သူတပါးစကားကို ယုံကြည် ကုန်သည်။ နော ဟောန္တိ၊ မဖြစ်ကုန်။

ဇာတ်ပေါင်း သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော် မူ၍ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ခြင်္သေ့ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ပညာကင်းမဲ့၊ တွေးနယ်ချဲ့၊ ကျိုးမဲ့ဖြစ်တတ်လှ)
နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဒုဒ္ဒုဘဇာတ်သည် ပြီး၏။

www.dhammadownload.com

၂၃-ဗြဟ္မဒတ္တဇာတ်

တောင်းလျှင်မူန်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် “ဒဋ္ဌဲ ယာစနကော” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဗြဟ္မဒတ္တဇာတ်ကို အာဋဝီပြည်ကိုမှီ၍ အဂ္ဂါဠဝစေတီဥ သီတင်းသုံးနေတော်မူစဉ် ကုဋိကာရသိက္ခာပုဒ်ကို အကြောင်းပြု၍ ဟောတော် မူ၏၊ (ပစ္စုပ္ပန်ဝတ္ထုသည်ကား အောက် **မဏိကဏ္ဌဇာတ်*** ၌လာသလျှင်ကတည်း) ဤဗြဟ္မဒတ္တဇာတ်၌ကား သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့ သင်တို့သည် တောင်းခြင်း မျှားကုန်လျက် ဝိညတ် မျှားကုန်လျက် နေကုန်သော ဟူသည် မှန်သလောဟု မိန့်တော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျောက်သည်ရှိသော် ထိုအာဋဝီရဟန်းတို့ကို ကဲ့ရဲ့တော်မူ၍ ရဟန်းတို့ ရှေးပညာရှိတို့သည် ရေမြေကို အစိုးရသောမင်းသည် ဘိတ်အပ်ကုန်လျက်လည်း သစ်ရွက် ထီး, တလ္ဘာ ဘိနပ်အစုံကို တောင်းလိုက်ကုန်သည်ရှိသော် ဟိရိဩတ္တပ္ပ ပျက်အံ့သည်မှ ကြောက်ခြင်းကြောင့် လူမျှားအလယ်၌ မဆိုမူ၍ ဆိတ်ကွယ်ရာ အရပ်၌ ဆိုကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေ ပြီးသောအခါ ကပိလတိုင်း ဥတ္တရ ပဉ္စာလမြို့၌ ဥတ္တရပဉ္စာလ မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် နိဂုံးရှာဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကိုသင်၍ နောင်အဘို့၌ရသေ့ရဟန်းပြု၍ ဟိမဝန္တာ၌ရှာမှီးအပ်သော တောသစ်မြစ် သစ်သီး ကြီးငယ်ဖြင့် မျှတလျက် ကြာမြင့်စွာနေ၍ချဉ်ဆားမှီဝဲအံ့ သောငှါလူ့ပြည်သို့ လှည့်လည်သည်ရှိသော် ဥတ္တရပဉ္စာလမြို့သို့ရောက်၍ မင်း၏ ဥယျာဉ်၌နေ၍ နက်ဖြန် ဆွမ်းခံသော် မြို့သို့ ဝင်၍ မင်းအိမ်တံခါးသို့ ရောက်၏၊ မင်းသည်ဘုရားလောင်း၏ ငြိမ်သက်ခြင်း၌ ကြည်ညို၍မြတ်သောပြာသာဒ်အပြင် ၌နေစေ၍ မင်းအား ထိုက်သောဘောဇဉ်ကို ဘုဉ်းပေးစေ၍ ဝန်ခံခြင်းကိုယူ၍ ဥယျာဉ်လျှင် နေစေ၏၊ ဘုရားလောင်းသည် တနေ့မပြတ် မင်းအိမ်၌လျှင် စားလျက်နေ၏၊ မိုးကာလလွန်လတ်သော် ဟိမဝန္တာသို့သွားလို၍ ခရီးသွားသော ငါ့အား တလ္ဘာဘိနပ်နှင့်သစ်ရွက်ထီးကို ရခြင်းငှါသင့်၏၊ မင်းကို တောင်းအံ့ဟု

---

* မဏိကဏ္ဌဇာတ် ဒုကနိပါတ်မှာ ပါသည်။

www.dhammadownload.com

ကြံ၏၊ ကြံပြီး၍ ဘုရားလောင်းသည် တနေ့သ၌ ဥယျာဉ်သို့ လာ၍ ရှိခိုး၍ နေသော မင်းကို ဘိနပ်,ထီးကို တောင်းအံ့ဟု ကြံ၍တဖန် သူတပါးကို ဤစွာကို ပေးပါဟု တောင်းသောသူသည် ငိုသည် မည်၏၊မရှိဟူ၍ဆိုသော ဥစ္စာရှင်သည် လည်း အတူငိုသောသူ မည်၏၊ ငိုသော ငါ့ကိုလူမျှားသည် မမြင်စေလင့် အတူငို သောမင်းကြီးကိုလည်း လူမျှားသည် မမြင်စေလင့် ဆိတ်ကွယ်ရာအရပ်၌ နှစ်ယောက်ကုန်သော ငါတို့သည်လည်း ငို၍ဆိတ်ဆိတ်ဖြစ်ကြကုန်အံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုအခါမင်းကို မြတ်သောမင်းကြီးဆိတ်ကွယ်ခြင်းကို အလိုရှိဟု ဆို၏။

မင်းသည် ထိုစကားကို ကြား၍ မင်းချင်းယောကျ်ားတို့ကို ဖဲစေ၏၊ ဘုရား လောင်းသည် ငါတောင်းသော် မင်းမပေးအံ့၊ ငါ့အားချစ်ခြင်းသည် ပျက်လတ္တံ့၊ ထို့ကြောင့် ငါမတောင်းဟု ထိုနှစ်၌ ထီး,ဘိနပ်၏အမည်ကို ယူခြင်းငှါမတတ်နိုင်၍ မြတ်သောမင်းကြီး သွားဦးတော့ နောက်တနေ့မှသိရအံ့ဟု ဆို၏၊ နောက်တနေ့ မင်းသည် ဥယျာဉ်သို့ လာသောကာလ၌ ထိုအတူလျှင် ဆိုပြန်၏၊ တဖန်လည်း ထိုအတူသာလျှင် ဆိုပြန်၏၊ ဘုရားလောင်းသည် ဤသို့တောင်းခြင်းငှါ မတတ် နိုင်ဘဲလျက်လျှင် တဆဲ့နှစ်နှစ်တို့သည် လွန်လေကုန်၏၊ ထိုအခါမင်းသည် ငါ၏ အရှင်ကား မြတ်သောမင်းကြီး ဆိတ်ကွယ်ရာအရပ်ကို လို၏ဟုဆို၍ ပရိသတ်ကို ဖဲစေသော် တစုံတခုကို ဆိုခြင်းငှါမဝံ့ ဆိုခြင်းငှါ အလိုရှိသော ငါ့အရှင်အား တဆဲ့နှစ်နှစ်တို့သည် လွန်ကုန်၏၊ ကြာမြင့်စွာသော ကာလပတ်လုံး မြတ်သော အကျင့်ကို ကျင့်သောအရှင်သည် ငြိုးငွေ့၍ မင်းစည်းစိမ်တို့ကို ခံစားလို၍ မင်း အဖြစ်ကို တောင့်တယောင်တကား မင်းအဖြစ်၏အမည်ကိုကား ယူအံ့သောငှါ မတတ်နိုင်၍ ဆိတ်ဆိတ် နေယောင်တကား ယနေ့ ငါ၏ အရှင်အား ငါသည် မင်းအဖြစ်ကို အစပြု၍ အကြင်ဝတ္ထုကို အလိုရှိအံ့ ထိုဝတ္ထုကိုပေးအံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုမင်းသည် ဥယျာဉ်သို့သွား၍ ရှိခိုး၍ နေ၏။

ဘုရားလောင်းသည် ဆိတ်ကွယ်ရာ အရပ်ကို အလိုရှိ၏ဟု ဆိုလတ်သော် ပရိသတ်ကို ဖဲစေ၍ တစုံတခုကို ဆိုခြင်းငှါ မစွမ်းနိုင်သော ဘုရားလောင်းကို အရှင်ဘုရား အရှင်ဘုရားတို့သည် တဆဲ့နှစ်နှစ်တို့ပတ်လုံး ဆိတ်ကွယ်ရာအရပ်ကို အလိုရှိ၏ဟုဆို၍ ဆိတ်ကွယ်ရာကို ရသော်လည်း တစုံတခုကို ဆိုခြင်းငှါ မစွမ်း နိုင်ကုန်၊အကျွန်ုပ်သည် အရှင်ဘုရားအား မင်းအဖြစ်ကို အစပြု၍ အလုံးစုံကို ဘိတ်၏၊ ကြောက်ခြင်း မရှိသည်ဖြစ်၍ အကြင်ဝတ္ထုကို အလိုရှိ၏၊ ထိုဝတ္ထုကို တောင်းကုန်လော့ဟု ဆို၏၊ မြတ်သောမင်းကြီး အကြင်ဝတ္ထုကို ငါတောင်းအံ့

www.dhammadownload.com

ထိုဝတ္ထုကို ပေးအံ့လောဟု ဆို၏၊ အရှင်ဘုရား ပေးအံ့ဟု ဆို၏၊ မြတ်သော မင်းကြီး ခရီးသွားသော ငါ့အား တလွဉ်ဘိနပ်ကိုဂင်း သစ်ရွက်ထီးကိုဂင်း ရခြင်းငှါ သင့်၏၊ အရှင်ဘုရား အရှင်ဘုရားတို့သည် ဤမျှလောက်သောဝတ္ထုကို တဆဲ နှစ်နှစ်တို့ပတ်လုံး တောင်းခြင်းငှာ မစ္ဆမ်းနိုင်ကုန်သလောဟုဆို၏၊ မြတ်သော မင်းကြီး မစ္ဆမ်းနိုင်သည် ဟုတ်၏ဟု ဆို၏၊ အရှင်ဘုရား အဘယ့်ကြောင့် ဤသို့ ပြုကုန်သနည်းဟု ဆို၏၊ မြတ်သောမင်းကြီး ဤမည်သောဝတ္ထုကို ပေးပါလော့ဟု တောင်းသောသူသည် ငိုသည်မည်၏၊ မရိုဟ္ဂ၏ ဆိုသောသူသည် အတုငိုသည်မည်၏၊ တောင်းအပ်သော သင်သည် အကယ်၍ မပေးငြားအံ့ ထိုငါ၏ငိုခြင်း သင်မင်းကြီး၏ အတုငိုခြင်း မည်သည်ကို လူများသည် မမြင်စေသတည်းဟု ဆိတ်ကွယ်ရာကို တောင့်တ၏ဟု ပြလိုရကား—

၇၉ ဒုယံ ယာစနကော ရာဇ၊ ဗြဟ္မဒတ္တ နိဂစ္ဆတိ။
အလာဘံ ဓနလာဘံ ဝါ၊ ဧဝံဓမ္မာ ဟိ ယာစနာ။

၉၀ ယာစနံ ရောဒနံ အာဟု၊ ပဠာလာနံ ရထေသဘာ။
ယော ယာစနံ ပစ္စက္ခာတိ၊ တမာဟု ပဋိရောဒနံ။

၉၁ မာ မဒ္ဒသံသု ရောဒန္တံ၊ ပဠာလာ သုသမာဂတာ။
တုဝံ ဝါ ပဋိရောဒန္တံ၊ တသ္မာ ဣစ္ဆာ မဟံ ရဟော။

ဟူသော ဤဂါထာတို့ကို ဆို၏။

ဗြဟ္မဒတ္တရာဇ၊ ဗြဟ္မဒတ်မင်း။ ယာစနကော၊ တောင်းသောသူသည်။ အလာဘံ ဝါ၊ ဥစ္စာကိုမရခြင်းကိုဂင်း။ဓနလာဘံ ဝါ၊ ဥစ္စာရခြင်းကိုဂင်း။ ဣတိ၊ ဤသို့။ ဒုယံ၊ နှစ်ပါးသော သဘောသို့။ နိဂစ္ဆတိ၊ ရောက်တတ်၏။ ဟိ-သစ္စံ၊ မှန်၏။ ယာစနာ၊ တောင်းခြင်းတို့သည်။ ဧဝံဓမ္မာ၊ ဤသို့ရခြင်းမရခြင်းသဘောရှိကုန်၏။

ပဠာလာနံ ရထေသဘာ၊ ပဠာလတိုင်း၏ အထွတ်အမြတ်ဖြစ်သော မင်းကြီး။ ယာစနံ၊ တောင်းခြင်းကို။ ပစ္စက္ခာတိ၊ ပညာရှိတို့သည်။ ရောဒနံ၊ ငိုခြင်းဟူ၍။ အာဟု၊ ဆိုကုန်၏။ ယော၊ အကြင်သူသည်။ ယာစနံ၊ တောင်းခြင်းကို။ ပစ္စက္ခာတိ၊ ပယ်၏။ တံ၊ ထိုပယ်ခြင်းကို။ ပစ္စာဟု၊ ပညာရှိတို့သည်။ ပဋိရောဒနံ၊ အတုငိုခြင်းဟူ၍။ အာဟု၊ ဆိုကုန်၏။

ရောဒန္တံ၊ ငိုသောငါ့ကိုဂင်း။ ပဋိရောဒန္တံ၊ အတုငိုသော။ တုဝံ ဝါ၊ သင့်ကိုဂင်း။သုသမာဂတာ၊ အညီအညွတ် ကောင်းစွာလာကုန်သော။ပဠာလာ၊ပဠာလ

www.dhammadownload.com

တိုင်းသူတို့သည်။မာ အဒ္ဒဿံသု၊ မမြင်စေကုန်သတည်းဟု။ မနသိကရောမိ၊ နှလုံးထား၏။ တသ္မာ၊ ထိုကြောင့်။ အဟံ၊ငါသည်။ ရဟော၊ ဆိတ်ကွယ်ရာအရပ်ကို။ ဂစ္ဆာမိ၊ အလို၌၏။

မင်းသည် ဘုရားလောင်း၏ ရိုသေခြင်းလက္ခဏာ၌ ကြည်ညို၍ ဆုပေးလို ရကား—

၉၂ ဒဒါမိ တေ ဗြာဟ္မဏ ရောဟိဏိနံ၊
ဂဝံ သဟဿံ သဟ ပဂ်ဝေန။
အရိယော ဟိ အရိယဿ ကထံ နု ဒဇ္ဇာ၊
သုတ္ဝာန ဂါထာ တဝ ဓမ္မယုတ္တာ။

ဟူသော လေးခုမြောက်သော ဂျိဂါထာကို ဆို၏။

ဗြာဟ္မဏ၊မကောင်းမှုကို အပပြုသော ရှင်ရသေ့။ တေ၊သင့်အား။ ပဂ်ဝေန၊ နွားလားနှင့်။ သဟ၊ တကွ။ ရောဟိဏိနံ ဂဝံ၊ နီသော အဆင်းရှိသော နွားမတို့၏။ သဟဿံ၊ တထောင်ကို။ ဒဒါမိ၊ ပေး၏။ ဟိ—သစ္စံ၊မှန်၏။ တဝ၊သင်၏။ ဓမ္မယုတ္တာ၊ ဘရားနှင့်ယှဉ်ကုန်သော။ ဂါထာ၊ စကားတို့ကို။ သုတ္ဝာန၊ နာရ၍။ အရိယော၊ မြတ်သောအကျင့်နှင့် ပြည့်စုံသောသူသည်။ အရိယဿ၊ မြတ်သော အကျင့်နှင့် ပြည့်စုံသောသူအား။ ကထံ နု ဒဇ္ဇာ၊ အဘယ်ကြောင့် မလှူဘဲ နေအံ့နည်း။

ဘုရားလောင်းသည်ကား မြတ်သောမင်းကြီး ငါသည် ကိလေသာကာမ, ဝတ္ထုကာမတို့၌ အလိုမရှိ၊ အကြင် ထီး,ဘိနပ်ကို ငါသည် တောင်း၏၊ ထို ထီး, ဘိနပ်ကိုသာလျှင် ငါ့အား ပေးလော့ဟု ဆို၍ တလ္ဘာဘိနပ်, သစ်ရက်ထီးကို ယူ၍ မြတ်သောမင်းကြီး မမေ့မလျော့ဖြစ်လော့ အလှူပေးလော့ သီလစောင့်လော့ ဥပုသ်ဆောက်တည်လော့ဟု မင်းကို ဆုံးမ၍ မင်းတောင်းပန်စဉ်လျှင် ဟိမဝန္တာသို့ သွား၍ ထိုဟိမဝန္တာ၌ အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်း ဖြစ်ဘူးပြီ၊ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ရသေ့ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(တောင်းသူ, ပယ်သူ၊ ငိုသည်ဟူ၊ တောင်းယူများက မှုန်းတတ်လှ)
သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဗြဟ္မဒတ္တဇာတ်သည် ပြီး၏။

www.dhammadownload.com

၂၄- စမ္မသာဋကဇာတ်

သိုးခွေ့ပရိဗိုဇ်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ကလျာဏရူပေါ ဝတ ယံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစမ္မသာဋကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **စမ္မသာဋကမဉ္ဇ ဃဝပရိဗိုဇ်**ကို အကြောင်းပြု၍ဟော တော်မူ၏။ ထိုပရိဗိုဇ်အား သားရေဖြင့်ပြီးသော အဝတ်အရုံသည် ဖြစ်သတတ်၊ ထိုစမ္မသာဋက ပရိဗိုဇ်သည် တနေ့သ၌ ပရိဗိုဇ်အရံမှ ထွက်၍ သာဝတ္ထိပြည်၌ ဆွမ်းခံသွားသည်ရှိသော် သိုးတို့၏တိုက်ရာ အရပ်သို့ရောက်၏၊ သိုးသည်ပရိဗိုဇ်ကို မြင်၍ ခတ်လိုရကား နောက်သို့ ဆုတ်၏၊ ပရိဗိုဇ်သည် ဤသိုးကား ငါအား အရိုအသေ ပြုခြင်းကို ပြ၏ဟု မဆုတ်၊ သိုးသည် လျင်မြန်သော အဟုန်ဖြင့် ပြေးလာ၍ ပေါင်၌ ခတ်၍ ပရိဗိုဇ်ကို လည်းစေ၏၊ စမ္မသာဋ်က ပရိဗိုဇ်၏ ထိုသူတော်ကောင်းမဟုတ်သော သိုးအား ချီးမြှောက်ခြင်းကို ပြုခြင်းအမှုသည် ရဟန်းသင်္ဃာ၌ ထင်ရှားစွာဖြစ်၏၊ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ စေးသာဋက ပရိဗိုဇ်သည် သူတော်ကောင်း မဟုတ်သော သိုးအား ချီးမြှောက်ခြင်းကိုပြု၍ ပျက်စီးခြင်းသို့ ရောက်၏ဟု စကားကို ဖြစ်စေကုန်၏၊သဗ္ဗညူမြတ်စွာဘုရားသည် ကြွလာတော် မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ဤစမ္မသာဋကပရိဗိုဇ်သည် ယခုအခါ၌ သာလျှင် သူတော်ကောင်းမဟုတ်သော သိုးအား ချီးမြှောက်ခြင်းကိုပြု၍ ပျက်စီးခြင်းသို့ရောက်သည် မဟုတ်သေး၊ ရှေး၌လည်း ပျက်စီးခြင်းသို့ ရောက်ဘူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် တဦးသော ကုန်သည်မျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ကုန်သွယ်ခြင်းကိုပြု၏၊ ထိုအခါ တယောက်သော စမ္မသာဋက ပရိဗိုဇ်သည် ဗာရာဏသီပြည်၌ ဆွမ်းခံလတ်သော် နောက်သို့ ဆုတ်သော သိုးကို မြင်၍ ဤသိုးသည် ငါ့ကို ပူဇော်၏ဟု နောက်သို့ မဖဲမူ၍ ဤမျှအတိုင်းအရှည်ရှိကုန်သော လူတို့၏အတွင်း၌ တယောက်သော လူသည်မျှလည်း ကျေးဇူးကိုမသိဟု ထိုသိုးအား လက်အုပ်ချီ၍ ရပ်လျက်—

www.dhammadownload.com

၉၃ ကလျာဏ ရူပေါ ဝတ ယံ စတုပ္ပဒေါ၊
သုဘဒ္ဒကော စေဝ သုပေသလော စ။
ယော ဗြာဟ္မဏံ ဇာတိမန္ဓ္။ပပန်း၊
အဟစာယတိ မေဏ္ဍဝရော ယဲသသီ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ယသသီ၊ များသောအခြံအရံရှိသော။ ယော မေဏ္ဍဝရော၊ အကြင် သိုး မြတ်သည်။ ဇာတိမန္ဓ္။ပပန်း၊ အမျိုးမြတ်ခြင်း ဗေဒင်တတ်ခြင်းနှင့်ပြည့်စုံသော။ ဗြာဟ္မဏံ၊ ပဏ္ဍားကို။ အဟစာယတိ၊ ပူဇော်၏။ စတုပ္ပဒေါ၊ အခြေလေးချောင်း ရှိသော။ ယော မေဏ္ဍဝရော၊ အကြင် သိုးမြတ်သည်။ ကလျာဏရူပေါ ဝတ၊ ကောင်းသော သဘောရှိစွတကား။ သုဘဒ္ဒကော စေဝ၊ အလှန်ကောင်းသော ကျေးဇူးလည်းရှိစွတကား။ သုပေသလော စ၊ အလှန်သိလကိုချစ်စွတကား။

ထိုအရပ်၌ နေသော ပညာရှိသော ကုန်သည်သည် ထိုပရိဗိုဇ်ကို တားမြစ်လိုရကား—

၉၄ မာ ဗြာဟ္မဏ ဣတ္တရဒဿနေန၊
ဝိဿာသ မာပဇ္ဇိ စတုပ္ပဒဿ။
အဝသက္ကတိ ဒဿတိ သုပ္ပဟာရံ။
ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

ဗြာဟ္မဏ၊ ပဏ္ဍား ပရိဗိုဇ်။ ဣတ္တရဒဿနေန၊ ထိုခဏ၌ မြင်သဖြင့်။ စတုပ္ပဒဿ၊ အခြေလေးချောင်းရှိသော သိုး၏။ ဝိဿာသံ၊ အကျွမ်းဝင်ခြင်းသို့။ မာ အာပဇ္ဇိ၊ မရောက်လင့်။ ဒဋ္ဌပုဟာရံ၊ ပြင်းစွာ တိုက်ခတ်ခြင်းကို။ အဘိ-ကင်္ခံမာနော၊ အလိုရှိသည်ဖြစ်၍။ အဝသက္ကတိ၊ နောက်သို့ ဆုတ်၏။ သော၊ ထိုသိုးသည်။ သုပ္ပဟာရံ၊ ပြင်းစွာတိုက်ခတ်ခြင်းကို။ ဒဿတိ၊ ပေးလတ္တံ့။

ထိုပညာရှိ ကုန်သည် ဆိုစဉ်လျင် ထိုသိုးသည် လျင်စွာသော အဟုန်ဖြင့် ပြေးလာ၍ ပေါင်၌တိုက်၍ ထိုပရိဗိုဇ်ကို ထိုအရပ်၌လျင် ဝေဒနာသို့ ရောက်လတ်သည်ကိုပြု၍ လည်းစေ၏၊ ထိုပရိဗိုဇ်သည် ဝေဒနာသို့ ရောက်လတ်သော် ငိုလျက်အံပ်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ထိုအကြောင်းကို ပြလိုရကား—

www.dhammadownload.com

၉၅ ဥဒိရဋ္ဌိ ဘဂ္ဂံ ဝဋ္ဋံတော ခါရိဘာရော၊
သဗ္ဗဉ္ဉု ဘဏ္ဍံ ပြာဟူဏာသ ဘိန္နံ။
ဗာဟာ ပဂ္ဂယှ ကန္ဒတိ ရောဒတိ စ၊
အဘိဓာဝထ ဟညတေ ပြဟူစာရိ။

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဟောတော်မူ၏။

ပြာဟူဏာသ၊ ပရိဗိုဇ်၏။ ဥဒိရဋ္ဌိ၊ ပေါင်ရိုးသည်။ဘဂ္ဂံ၊ ကျိုး၏။ ခါရိဘာရော၊ ပရိက္ခရာဖြင့်ပြည့်သော ဝန်ထုပ်သည်။ ဝဋ္ဋံတော၊ လိမ့်၏။ သဗ္ဗဉ္ဉု၊ အလုံးစုံလည်းဖြစ်သော။ ဘဏ္ဍံ၊ ဘဏ္ဍာသည်။ ဘိန္နံ၊ ကဲ့၏။ ပြဟူစာရိ၊ ပရိဗိုဇ်ကို။ ဟညတေ၊ ထိုးခတ်၍သတ်၏။ တုမ္ဟေ၊ သင်တို့သည်။ အဘိဓာဝထ၊ ပြေးကြကုန်။ ဣတိ၊ ဤသို့ဆိုလျက်။ ဗာဟာ၊ မောင်းတို့ကို။ ပဂ္ဂယှ၊ မြှောက်၍။ ကန္ဒတိ၊ မြည်တမ်း၏။ ရောဒတိ စ၊ ငိုလည်း ငိုကြွေး၏။

ပရိဗိုဇ်သည်–

၉၆ ဧဝံ သော နိဟတော သေတိ၊ ယော အပ္ပေံ ပသံသတိ။
ယထာဟမဇ္ဇ ပဟတော၊ ဟတော မေဏ္ဍော နဒုမ္မတိ။

ပဲ့သော လေးခုမြောက်သော ဤဂါထာကို ဆို၏။

အဇ္ဇ၊ ယနေ့။ ဒုမ္မတိ၊ ပညာမရှိသော။ အဟံ၊ ငါ့ကို။ မေဏ္ဍော၊ သိုးသည်။ ပဟတော၊ တိုက်ခတ်အပ်သည်ဖြစ်၍။ ဟတော ယထာ၊ သေရသကဲ့သို့။ ဧဝံ-တထာ၊ ထို့အတူ။ ယော၊ အကြင်သူသည်။ အပ္ပေံ၊ မပူဇော်အပ်သောသူကို။ ပသံသတိ၊ ချီးမွမ်း၏။သော၊ ထိုသူသည်။ နိဟတော၊ သေ၍။ သေတိ၊ အိပ်ရ၏။

ထိုပရိဗိုဇ်သည် ဤသို့ငိုလျက် ထိုအရပ်၌လျင် သေလေ၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ စမ္မသာဋ်ကပရိဗိုဇ်သည် ထိုအခါ စမ္မသာဋကပရိဗိုဇ် ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျင် ထိုအခါ ပညာရှိ ကုန်သည်ကြီး ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မချီးမြှောက်ဘိုက်၊ချီးမြှောက်လိုက်ငြား၊ပျက်ဆုံးပါး၊နောက်ကားခဲနောင်တရတတ်စွ)
လေးခုတို့၏ပြည့်ကြောင်းဖြစ်သော စမ္မသာဋကဇာတ်သည် ပြီး၏။

www.dhammadownload.com

ပုံတော်စုံ-ငါးရာငါးဆယ်ဇာတ်ဝတ္ထု

၂၅-ဂေါဓရာဇာဇာတ်

ဖွတ်စားရသေ့

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် “သမဏံ တံ မညမာနော” အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဂေါဓရာဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **အုံဘွယ်သရဲကို ဖြစ်စေတတ်သော** ရဟန်းတပါး ကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုကို အောက်၌ ခဲ့ပြီးအပ်ပြီ) ဤဂေါဓရာဇာတ်၌လည်း ထိုရဟန်းကို ဆောင်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား ဤရဟန်းသည် အုံဘွယ်သရဲကို ဖြစ်စေတတ်၏ဟု ဘုရားသဗ္ဗညူ အား ပြကုန်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ရဟန်းတို့ ဤရဟန်းသည် ယခုအခါ ၌သာလျှင် အုံဘွယ်သရဲကို ဖြစ်စေတတ်သည်မဟုတ်သေး၊ ရှေး၌လည်း အုံဘွယ် သရဲကို ဖြစ်စေသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဖွတ်မျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ် သော် ကိုယ်အားနှင့် ပြည့်စုံ၏ တော၌နေ၏၊ တဖယောက်သော သီလမရှိသော ရသေ့သည် ထိုဖွတ်၏အနီး၌ ကျောင်းဆောက်၍ နေ၏၊ ဘုရားလောင်းသည် အစာရှာထွက်လတ်သော် ထိုရသေ့ကျောင်းကို မြင်၍ သီလရှိသော ရသေ့ ကျောင်းဖြစ်လတ္တံ့ဟု ကျောင်းသို့သွား၍ ရသေ့ကို ရှိခိုး၍ မိမိနေရာသို့လျှင် သွား၏၊ ထိုအခါ တနေ့သ၌ ထိုရသေ့စဉ်းလဲသည် ဒေလုပ်အကျေး ဒါယကာ အိမ်၌ ကောင်းစွာစီရင်အပ်သော ကောင်းသော ဖောဖွတ်သားကို ရ၍ ဤအသားကား အဘယ်အသားနည်းဟု မေး၍ ဖွတ်သားတည်းဟု ကြားရ၍ ရသတဏှာသည် နှိပ်စက်အပ်သည်ဖြစ်၍ ငါ၏ကျောင်းသို့ မပြတ်လာသော ဖွတ်ကို သတ်၍ အလိုရှိတိုင်းချက်၍ စားအံ့ဟု ထောပတ်, နို့ဓမ်းစသော ဘဏ္ဍာ တို့ကိုယူ၍ ကျောင်းသို့သွား၍ ဆောက်ပုတ်ကို ကိုင်၍ သက်န်းဖြင့် ဖုံးလွှမ်း၍ ဘုရားလောင်း၏ လာခြင်းကိုမျှော်လျက် ကျောင်းတံခါး၌ အလွန်ငြိမ်သက် သကဲ့သို့ နေ၏၊ ဘုရားလောင်းသည် လာလတ်၍ ပျက်သော ဣန္ဒြေရှိသော ထိုရသေ့ကိုမြင်၍ ဤရသေ့သည် ငါတို့၏ဆွေမျိုးအသားကို စားသည်ဖြစ်လတ္တံ့၊ ရသေ့ကို စုံစမ်းအံ့ဟု လေကြွ၍ရပ်၍ ကိုယ်နှံ့ကိုရ၍ ဖွတ်သားကို စားသည်၏

www.dhammadownload.com

အဖြစ်ကိုသိ၍ ရသေ့အထံသို့ မချဉ်းကပ်မူ၍ ဆုတ်၍ သွား၏၊ ရသေ့သည်လည်း ဘုရားလောင်းမလာသော အဖြစ်ကိုသိ၍ ဆောက်ပုတ်နှင့်ပစ်၏၊ ဆောက်ပုတ်သည် ကိုယ်၌မကျမူ၍ အမြီးဖျားသို့ ရောက်၏၊ ရသေ့စဉ်းလဲသည် ဟယ်....ဖွတ် သွားလေလော့ ချေလေ၏ဟု ဆို၏၊ ဘုရားလောင်းသည် ငါ့ကိုကားချေလေ၏၊ လေးပါးကုန်သော အပါယ်တို့ကိုကား မချေဟုဆိုလျက် ပြေး၍ စကြဉ်ဦး၌ ရှိသော တောင်ပို့သို့ဝင်၍ တပါးသောအပေါက်မှ ဦးခေါင်းကိုဖေါ်၍ ထိုရသေ့စဉ်းလဲနှင့်တကွ စကားပြောလိုရကား—

၉၇ သမဏံ တံ မညမာနော၊ ဥပဂစ္ဆိ မသညတံ။
သော မံ ဒဏ္ဍေန ပါဟာသိ၊ ယထာ အဿမဏော တထာ။

၉၈ ကိံ တေ ဇဋာဟိ ဒုမ္မေဓ၊ ကိံ တေ အဇိနသာဋိယာ။
အဗ္ဘန္တရတေ ဂဟန၊ ဗာဟိရံ ပရိမဇ္ဇသိ။

ဟူကုန်သော ဤနှစ်ဂါထာတို့ကို ဆို၏။။

အဟံ၊ ငါသည်။ အသညတံ၊ ကိုယ် နှုတ် နှလုံးဖြင့် မစောင့်ရှောက်သော။ တံ၊ သင့်ကို။ သမဏံ မညမာနော၊ ရဟန်းထင်၍။ ဥပဂစ္ဆိံ၊ ဆည်းကပ်မိ၏။။ ယထာ၊ အကြင်အခြင်းအရာဖြင့်။! အဿမဏော၊ ရဟန်းမဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ တထာ၊ ထိုအခြင်းအရာဖြင့်။ သော တွံ၊ ထိုသင်သည်။ မံ၊ ငါ့ကို။ ဒဏ္ဍေန၊ ဆောက်ပုတ်ဖြင့်။ ပါဟာသိ၊ ပစ်၏။။

ဒုမ္မေဓ၊ ပညာမဲ့။ တေ၊ သင့်၏။ ဇဋာဟိ၊ ဆံကျစ်တို့ဖြင့်။ ကိံ၊ အဘယ် အကျိုးရှိအံ့နည်း။ တေ၊ သင့်အား။ အဇိနသာဋိယာ၊ သစ်နက်ရေဖြင့်။ ကိံ၊ အဘယ် အကျိုးရှိအံ့နည်း။ တေ၊ သင်၏။ အဗ္ဘန္တရံ၊ အတွင်း၌။ ဂဟနံ၊ ကိလေသာ ဟူသော တောအုပ်ရှိ၏။ ဗာဟိရံ၊ အပသည်ကား။ ပရိမဇ္ဇသိ၊ ပြေပြစ်၏။

ထိုစကားကို ကြား၍ ရသေ့သည်—

၉၉ ဟေ ဂေါဓ နိဝတ္တသ္သု၊ ဘုဉ္ဇ သာလီနမောဒနံ။
တေလံ လောဏဉ္စ မေ အတ္ထိ၊ ပဟူတံ မယ္ဟ ပိပ္ပလိ။

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။။

www.dhammadownload.com

ဇဂါဓ၊ ပုဗ္ဗာ။ ဧဟိ၊ လာဧလော့။ နိဝတ္တာသု၊ ပြန်ခဲ့ဦးလော့။ သာလိနံ၊ သင်္ဂလးတို့၏။ သြဒနံ၊ ထမင်းကို။ ဘုဥ္ဇ၊ စားလှည့်လော့။ မေ၊ ငါ့အား။ ဇာလဥ္ဇ၊ ဆီသည်ဌင်း။ လောဏဥ္ဇ၊ ဆားသည်ဌင်း။ အတ္ထိ၊ရှိ၏။မယ့်၊ ငါ့အား။ ပဟုတံ၊ များစွာသော်။ ပိပ္ပလိ၊ ရှိန်းခို့ ဇီယာ, ကျင်း, ကြက်သွန်, ငြုတ်, ပိဿ်ခြင်းအားဖြင့် စပ်သော ဘဏ္ဍာသည်လည်း။ အတ္ထိ၊ ရှိ၏။

ထိုစကားကို ကြား၍ ဘုရားလောင်းသည်—

၁၀၀ သေ ဘိယ္ယျော် ပဝေက္ခာမိ၊ ဝမ္မိကံ သတပေါရိသံ။
တေလံ လောဏဥ္စ ကိတ္တေသိ၊ အဟိတံ မယ္ဟ ပိပ္ပလိ။

ဟူသော လေးခုမြောက်သော ဤဂါထာကို ဆို၏။

ဒုဇ္ဇတာပသ၊ ရသေ့ပျက်။သေ အဟံ၊ဤငါသည်။သတပေါရိသံ၊ အသူတရာ နှက်သော။ ဝမ္မိကံ၊တောင်ပို့သို့။ ဘိယျော၊ လွန်စွာ။ ပဝေက္ခာမိ၊ဝင်အံ့။ တံ့၊ သင်သည်။ တေလဥ္စ၊ ဆီကိုဌင်း။ လောဏဥ္စ၊ ဆားကိုဌင်း။ ကိတ္တေသိ၊ ကြား၏။ မယ္ဟံ၊ ငါ့အား။ ပိပ္ပလိ၊ ပိတ်ချင်းအစရှိသော အစပ်ဘဏ္ဍာသည်။ အဟိတံ၊ မလျှောက်ပတ်။

ဤသို့ဆို၍ ရသေ့စဉ်းလဲ သင်သည် အကယ်၍ ဤဥစ္စနေအံ့၊ သင့်ကိုဆုံမ်းခံ ရာဥ္စ လူတို့ကို ဤရသေ့ကား ခိုးသူတည်းဟု ဖမ်းစေ၍ ဖောက်ပြန်ခြင်းသို့ ရောက်စေအံ့၊ လျင်မြန်စွာ ပြေးလေဟု ခြိမ်းချောက်၏။ ရသေ့စဉ်းလဲသည် ထိုအရပ်မှ ပြေး၏။

ဇာတ်ပေါင်း သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော် မူ၍ ယခုအခါ ဤအံ့ဘွယ်သရဲကို ဖြစ်စေတတ်သောရဟန်းသည် ထိုအခါစဉ်းလဲ သော ရသေ့ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဖွတ်မင်း ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(စဉ်းလဲဓကာက်လ၊ ဒုဿီလကား၊ ရသ,ခင်လတ်၊ ဖွတ်ကိုသတ်၏)

ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော ဂဂါဓရာဇဇာတ်သည် ပြီး၏။

www.dhammadownload.com

၂၆- ကက္ကာရုဇာတ်

နတ်ပန်းခိုင်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ကာယေန ယော နာဝဟရေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကက္ကာရုဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ဒေဝဒတ်**ကို အကြောင်းပြု၍ ဟောတော်မူ၏။ ဒေဝဒတ်သည် သင်္ဃာကိုသင်းခွဲ၍ ပရိသတ်သည် အဂ္ဂသာဝကတို့နှင့်တကွ ဖဲလတ်သည်ရှိသော် ဒေဝဒတ်၏ ခံတွင်းမှ ပူသောသွေးသည် အန်၏။ ထို့အခါ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ ဒေဝဒတ်သည် မုသားဆိုခြင်းကို ပြု၍ သင်္ဃာကိုသင်းခွဲ၏၊ ယခုနာ၍ ကြီးစွာသောဆင်းရဲကို ခံရ၏ဟု စကားကိုဖြစ်စေကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြ ကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သောစကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော် လျှောက်သည် ရှိသော် ရဟန်းတို့ဒေဝဒတ်သည် ယခုသာလျှင် မုသားဆိုသည် မဟုတ်သေး၊ ရှေးဦးလည်း မုသားဆိုသလျှင်ကတည်း၊ ယခုသာလျှင် မုသားဆို၍ ကြီးစွာသော ဆင်းရဲကို ခံရသည် မဟုတ်သေး၊ ရှေးဦးလည်း ခံရဘူးသလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တာဝတိံသာနတ်ပြည်၌ မထင်ရှားသော. နတ်သားဖြစ်၏၊ ထိုအခါ ဗာရာဏသီပြည်၌ ကြီးစွာသော ပဲ့သဘင်သည် ဖြစ်၏၊ များစွာကုန်သော နဂါး၊ဂဠုန် ဘုမ္မစိုဂ်းနတ်တို့သည် လာ၍ ပဲ့သဘင်ကို ကြည့်ကုန်၏၊ တာဝတိံသာနတ်ပြည်မှလည်း လေးယောက်ကုန်သော နတ်သားတို့သည် ကက္ကာရုမည်သော နတ်ပန်းတို့ဖြင့် ပြုအပ်သော ပန်းကုံးတို့ကို ပန်၍ ပဲ့သဘင်ကြည့်အံ့သောငှါ လာကုန်၏၊ တဆဲ့နှစ်ယူဇနာရှိသော ဗာရာဏသီမြို့သည် ထိုပန်းတို့၏အနံ့ဖြင့် တစပ်တည်းသော အနံ့ရှိ၏၊ လူတို့သည် ဤပန်းတို့ကို အဘယ်သူသည် ပန်အပ်ကုန်သနည်းဟု ဆင်ခြင်ကုန်လျက် သွားကုန်၏၊ ထိုနတ်သားတို့သည် ငါတို့ကို ထိုလူတို့သည် ဆင်ခြင်ကုန်၏ဟု သိ၍ မင်းယင်ပြင်သို့ ပျံ၍ ကြီးစွာသော နတ်တို့၏ အာနုဘော်ဖြင့် ကောင်းကင်၌ တည်ကုန်၏၊

www.dhammadownload.com

လူများသည်စည်းဝေး၏၊မင်းသည်လည်း အိမ်ရှေမင်းအစရှိကုန်သော သူတို့နှင့် တကွ သွား၏၊ ထိုအခါ ထိုနတ်သားတို့ကို အရှင်နတ်သားတို့ အရှင်တို့သည် အဘယ်နတ်ပြည်မှ လာကုန်သနည်းဟု မေးကုန်၏၊ တဝတိံသာနတ်ပြည်မှ လာကုန်၏ဟု ဆိုကုန်၏၊ အဘယ်အမှုဖြင့် လာကုန်သနည်းဟု မေးကုန်၏၊ ပဲကြည့်အုံသောငှါ လာကုန်၏ဟု ဆိုကုန်၏၊ ဤပန်းတို့သည်ကား အဘယ် အမည်ရှိကုန်သော ပန်းတို့နည်းဟု မေးကုန်၏၊ ကဏ္ဍာရုမည်သော နတ်ပန်းတို့ တည်းဟုဆိုကုန်၏၊ အရှင်နတ်သားတို့ အရှင်တို့သည် နတ်ပြည်၌ တပါးကုန်သော ပန်းတို့ကို ပန်ဆင်ပါကုန်လော ကျန်ုပ်တို့အား ဤပန်းတို့ကို ပေးပါကုန်လောဟု တောင်းကုန်၏၊ နတ်သားတို့သည် ကဏ္ဍာရု နတ်ပန်းတို့သည်ကား အာနုဘော် ကြီးကုန်၏၊ နတ်တို့အားသာလျှင် ထိုက်ကုန်၏၊ လူ့ပြည်၌ ယုတ်မာကုန်သော ပညာမရှိကုန်သော ယုတမာသော နှလုံးသွဲးရှိကုန်သော သိလမရှိကုန်သော သူတို့အား မထိုက်ကုန်၊ အကြင် လူတို့သည်ကား ဤသို့ သဘောရှိသည်လည်း ဖြစ်ကုန်သော ဤသို့သဘောရှိသည်လည်း ဖြစ်ကုန်သော ဂုဏ်တို့နှင့် ပြည့်စုံကုန်၏၊ ထိုလူတို့အား ထိုက်ကုန်၏ဟု ဆိုကုန်၏၊ ဤသို့ဆိုပြီး၍ ထိုနတ်သားတို့တွင် နတ်သားအကြီးသည်-

၁၀၁ ကာယေန ယော နာဝဟရေ၊ ဝါစာယ နမုသာ ဘဏေ။။
ယသော လဒ္ဓါန မဇ္ဈေယျ၊ သ ဝေ ကဏ္ဍာရုမရဟတိ။။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။။

ယော၊အကြင်သူသည်။။ ကာယေန၊ ကိုယ်ဖြင့်။။ နာဝဟရေ၊ သူ့ဥစ္စာကိုမခိုး။။ ဝါစာယ၊ နှုတ်ဖြင့်။။ မုသာ၊ မဟုတ်မမှန်သော စကားကို။။ နဘဏေ၊ မဆို။။ ယသော၊ စည်းစိမ်ကို။။ လဒ္ဓါ၊ ရ၍။။ နမဇ္ဈေယျ၊ မမေ့မလျော့ရာ။။သော၊ထိုသူသည်။။ဝေ၊ စင်စစ်။။ ကဏ္ဍာရုံ၊ ကဏ္ဍာရုမည်ခေါ်သောနတ်ပန်းကို။။အရဟတိ၊ထိုက်၏။။

ထိုစကားကိုကြား၍ ပုရောဟိတ်သည် ငါ့အား ဤကျေးဇူးတို့တွင် တခုသော ကျေးဇူးသည်မျှလည်းမရှိ၊မဟုတ်မမှန်သောစကားကိုဆို၍ ထိုပန်းတို့ကိုယူ၍ ပန်အံ့၊ဤသို့ပန်ဆင်သည်ရှိသော်လူများသည်ငါ့ကို ဤပုဏ္ဏားကား ကျေးဇူးဂုဏ်နှင့် ပြည့်စုံသော သူတည်းဟု သိလတ္တံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုပုရောဟိတ်သည် ကျန်ုပ်သည် ထိုကျေးဇူးတို့နှင့် ပြည့်စုံ၏ဟုဆို၍ ထိုကဏ္ဍာရုပန်းတို့ကို ပေးစေ၍ ပန်ဆင်၍ နှစ်ယောက်မြောက်သော နတ်သားကို တောင်း၏၊ ထိုနတ်သားသည်လည်း-

www.dhammadownload.com

၁၀၂ ဓမ္မေန ဝိတ္တမေသေယျ၊ န နိကတျာ ဓနံ ဟရေ။
ဘောဂေ လဒ္ဓါန မဇ္ဈေယျ၊ သ ဝေ ကက္ကာရုမရဟတိ။

ဟူသော နှစ်ခုမြောက်ဖြစ်သော ဤဂါထာကို ဆို၏။

ယော၊ အကြင် သူသည်။ ဓမ္မေန၊ တရားသဖြင့်။ ဝိတ္ထံ၊ ဥစ္စာကို။ ဧသေယျ၊ ရှာရာ၏။ နိကတျာ၊ စဉ်းလဲသဖြင့်။ ဓနံ၊ ဥစ္စာ ကို။ န ဟရေ၊ မဆောင်ရာ။ ဘောဂေ၊ စည်းစိမ်တို့ကို။ လဒ္ဓါ၊ ရ၍။ န မဇ္ဈေယျ၊ မမွေ့မလျော့ရာ။ သော၊ ထိုသူသည်။ ဝေ၊ စင်စစ်။ ကက္ကာရုံ၊ ကက္ကာရုမည်သော နတ်ပန်းကို။ အရဟတိ၊ ထိုက်၏။

ပုရောဟိတ်သည် အကျွန်ုပ်သည် ဤကျေးဇူးတို့နှင့်ပြည့်စုံ၏ဟု ဆို၍ ထိုပန်းတို့ကို ပေးစေ၍ ပန်ဆင်၍ သုံးယောက်မြောက်သော နတ်သားကို တောင်း၏။ သုံးယောက်မြောက်သော နတ်သားသည်လည်း—

၁၀၃ ယဿ စိတ္တံ အဟာလိဒ္ဒံ၊ သဒ္ဓါ စ အဝိရာဂိနီ။
ဧကော သာဒုံ န ဘုဉ္ဇေယျ၊ သ ဝေ ကက္ကာရုမရဟတိ။

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

ယဿ၊ အကြင်သူ၏။ စိတ္တံ၊ စိတ်သည်။ အဟာလိဒ္ဒံ နန္ဒင်းဆိုးသော အရည်ကဲ့သို့ လျင်မြန်စွာ ပြေတတ်သည် မဟုတ်။ သဒ္ဓါ စ၊ ကံ, ကံ၏အကျိုးကို ယုံကြည်ခြင်းသည်လည်း။ အဝိရာဂိနီ၊ အနည်းငယ်ဖြင့်လျင် ပြေသည်မဟုတ်။ သာဒုံ၊ သာယာအပ်သောဘောဇဉ်ကို။ ဧကော၊တယောက်ထည်း။ န ဘုဉ္ဇေယျ၊ မစားရာ။ သော၊ ထိုသူသည်။ ဝေ၊ စင်စစ်။ ကက္ကာရုံ၊ ကက္ကာရုမည်သော နတ်ပန်းကို။ အရဟတိ၊ ထိုက်၏။

ပုရောဟိတ်သည် အကျွန်ုပ်သည် ဤဂုဏ်တို့နှင့် ပြည့်စုံ၏ဟုဆို၍ ထိုပန်းတို့ကို ပေးစေ၍ ပန်ဆင်၍ လေးယောက် မြောက်သော နတ်သားကို တောင်း၏။ ထိုနတ်သားသည်—

၁၀၄ သမ္မုခါ ဝါ တိရောက္ခာ ဝါ၊ ယော သန္တေ န ပရိဘာသတိ။
ယထာဝါဒီ တထာကာရီ၊ သ ဝေ ကက္ကာရုမရဟတိ။

ဟူသော လေးခုမြောက်သော ဤဂါထာကို ဆို၏။

www.dhammadownload.com

ယော၊ အကြင်သူသည်။ သမ္မုခါဝါ၊ မျက်မှောက်၌ငင်း။ တိရောက္ခာဝါ၊ မျက်ကွယ်၌ငင်း။ သန္တေ၊ သူတော်ကောင်းတို့ကို။ နပရိဘာသတိ၊ မဆဲရေး။ ယထာဝါဒီ၊ အကြင်အခြင်းဖြင့်ဆို၏။ တထာကာရီ၊ ထိုအခြင်းဖြင့် ပြုလေ့ရှိ၏။ သော၊ ထိုသူသည်။ ဝေ၊ စင်စစ်။ ကက္ကာရုံ၊ ကက္ကာရုမည်သော နတ်ပန်းကို။ အရဟာတိ၊ ထိုက်၏။။

ပုရောဟိတ်သည် ပေးလော့ အကျွန်ုပ်သည် ဤဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံ၍ ဟုဆို၍ ထိုပန်းတို့ကိုပေးစေ၍ ပန်ဆင်၏၊ လေးယောက်သော နတ်သားတို့သည် လေးခုသောပန်းကုံးတို့ကို ပုရောဟိတ်အား ပေး၍ နတ်ပြည်သို့လျှင် သွားကုန်၏၊ နတ်သားတို့၏ သွားသောကာလ၌ ပုရောဟိတ်၏ ဦးခေါင်း၌ ကြီးစွာသော ဝေဒနာသည်ဖြစ်၏၊ ဦးခေါင်းသည် ထက်စွာသောအသွားဖျားရှိသော ဆောက်ဖြင့် ဖြတ်ဘိသကဲ့သို့ရင်း သံပြားဖြင့်နှိပ်ဘိသကဲ့သို့ရင်း ဖြစ်၏၊ ထိုပုရောဟိတ်သည် ဝေဒနာသို့ရောက်၍ ထိုမှကျိမှလူးလည်း၍ ကျယ်စွာသောအသံဖြင့် ဟစ်ကြွေး၏၊ ထိုအမှုသည် အဘယ်တုံနည်းဟု မေးသည်ရှိသော် ငါသည် ငါ့ကိုယ်တွင်း၌ မရှိသော ဂုဏ်ကျေးဇူးတို့ကိုရှိ၏ဟု မုသားဆို၍ ထိုနတ်သားတို့ကိုတောင်း၏၊ ထိုငါသည်ဝေဒနာသို့ရောက်၍ ကိုယ်အလုံးတုန်လှုပ်၏၊ထိုပန်းကုံးတို့ကို ငါ၏ဦးခေါင်းမှ ပယ်ပါလောဟုဆို၏၊ ထိုပန်းကုံးတို့ကို ပယ်အံ့သောငှါ မတတ်နိုင်ကုန် သံပြားဖြင့် ဖွဲ့အပ်သကဲ့သို့ ဖြစ်ကုန်၏၊ ထိုအခါ ထိုပုရောဟိတ်ကိုချ၍ အိမ်သို့ဆောင်ကုန်၏၊ အိမ်၌ ပုရောဟိတ်အား ဟစ်ကြွေးစဉ် ခုနစ်ရက်တို့သည် လွန်ကုန်၏၊ မင်းသည် အမတ်တို့ကိုတိုင်ပင်၍ သီလမရှိသော ပုဏ္ဏားသည် သေလတ္တံ့၊ အဘယ်သို့ ပြုကြကုန်အံ့နည်းဟု ဆိုသည်ရှိသော် မြတ်သောမင်းကြီး တဖန် ပဲ့သဘင်ပြုပြန်သည်ရှိသော် နတ်သားတို့သည် တဖန်လာပြန်ကုန်လတ္တံ့ဟု လျှောက်ကုန်၏၊ မင်းသည် ပဲ့သဘင်ကိုပြုစေ၍ နတ်သားတို့သည် တဖန်လာပြန်ကုန်၏၊ မြို့အလုံးကို ပန်းနှံ့ဖြင့် တစပ်ထည်းသော အနံ့ရှိသည်ကို ပြု၍ ရှေးအတူသာလျှင် မင်းယင်ပြင်၌ ရပ်ကုန်၏၊ လူများသည် စည်းဝေး၍၊ သီလ မရှိသော ပုဏ္ဏားကိုဆောင်၍ နတ်သားတို့၏ ရှေ့မှ ပက်လက်အိပ်စေ၏၊ သီလမရှိသော ထိုပုဏ္ဏားသည် အရှင်နတ်သားတို့ အရှင်တို့သည် အကျွန်ုပ်အား အသက်ကိုပေးပါကုန်ဟု နတ်သားတို့ကို တောင်းပန်၏၊ နတ်သားတို့သည် သီလမရှိသော ယုတ်မာသော သဘောရှိသော သင့်အား ဤပန်းတို့သည် မထိုက်မလျော်ကုန်၊ သင်သည်ကား ငါတို့ကို လှည့်စားအံ့ဟု အမှတ်ရှိသည်ဖြစ်၏၊ မိမိ၏မုသာဝါဒ အကျိုးကိုရ၏ဟု လူများအလယ်၌ ဒုံသီလပုဏ္ဏားကိုကဲ့ရဲ့၍ ဦးခေါင်းမှပန်းကုံးကိုပယ်၍ လူများအား အဆုံးအမကိုပေး၍ မိမိတို့၏အရပ်သို့သာလျှင် သွားကုန်၏။

www.dhammadownload.com

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤမမွေးဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ပဏ္ဍားဖြစ်ဘူးပြီ၊ယခုအခါ ကဿပသည် ထိုအခါ တယောက်သော နတ်သား ဖြစ်ဘူးပြီ၊ ယခုအခါ မောဂ္ဂလ္လာန်သည် ထိုအခါ တယောက်ဖသာ နတ်သား ဖြစ်ဘူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ တယောက်သောနတ်သား ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ နတ်သားအကြီး ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မုသားမနိုင်၊ သင်းနံ့ကြိုင်၊ ပန်းခိုင်ဆင်မှ ဆင်းရဲရ)

ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော် ကက္ကာရုဇာတ်သည် ပြီး၏။

၂၇-ကာကဝတိဇာတ်

မယားခိုး ဂဠုန်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည်“ဝါတိ စာယံ တတော ဂန္ဓော”အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကာကဝတိဇာတ်ကို ဇေတဝန်ကျောင်းတော် ၌ သီတင်းသုံးနေတော်မူစဉ် **ငြိုးငွေ့သော** ရဟန်း**တပါး**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ထိုအခါ ထိုရဟန်းကို ရဟန်း သင် ငြိုးငွေ့သောဟူသည် မှန်သလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် အဘယ်၏အစွမ်းဖြင့် ငြိုးငွေ့သနည်းဟု မေးတော်မူ၍ ဘုန်းတော်ကြီးသောအရှင်ဘုရား ကိလေသာ၏ အစွမ်းအားဖြင့် ငြိုးငွေ့၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း မိန်းမမည် သည်ကား စောင့်ရှောက်ခြင်းငှါ မတတ်ကောင်း၊ရှေးပညာရှိတို့သည်လည်း မာတု ဂါမကို သမုဒ္ဒရာအလယ် လက်ပံပင်ပျိုဗိမာန်၌ နေစေကုန်လျက် စောင့်ရှောက် ကုန်သော်လည်း စောင့်ရှောက်ခြင်းငှါ မတတ်နိုင်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ မိဖုယားကြီးဝမ်း၌

www.dhammadownload.com

ဖြစ်၍ အမှယ်သို့ ရောက်လတ်သော် အဘလွန်သဖြင့် မင်းပြု၏၊ ဘုရားလောင်း၏ မိဖုယားကြီးသည် ကာကဝတီမည်၏၊ နတ်သမီးကဲ့သို့ အလွန် အဆင်းလှ၏၊ (ဤ ကာကဝတီဇာတ်၌ ဤသို့ ဆိုအပ်ပြီးသော အတိတ်ဝတ္ထု စကားသည် အကျဉ်းစကားတည်း၊ အကျယ်အားဖြင့်ကား အတိတ်ဝတ္ထုသည် **ကုဏာလ ဇာတ်*** ၌ ထင်စ့ာ ဖြစ်လတ္တံ့) ထိုအခါ၌ကား တခုသော ဂဠုန်မင်းသည် လူ၏ အသွင်ဖြင့်သွား၍ မင်းနှင့်တကွကြွေအန်ကစားလတ်သော် ကာကဝတီမိဖုယား၌ တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ ကာကဝတီ မိဖုယားကို ယူ၍ ဂဠုန်ပြည်သို့ ဆောင်၍ ထိုမိဖုယားနှင့်တကွ မွေ့လျော်၏၊ မင်းသည် မိဖုယားကို မမြင်လတ်သော် နဋ္ဌကုဝေရမည်သော စောင်းသမားကို မိဖုယားကို စုံစမ်းလော့ဟု ဆို၏၊ စောင်းသမားသည် စုံစမ်းလတ်သော် ထိုအကြောင်းကို သိ၍ ဂဠုန်မင်းကို စီး၍ အတောင်ကြားမှ ထွက်၍ တခုသော ရေအိုင်ဝယ် ပြိတ်တောဋ္ဌ အိပ်၍ ထိုပြိတ်တောမှ ဂဠုန်မင်းသွားသည် ကာလ အတောင်ကြား၌စီး၍ ဂဠုန်ပြည်သို့ ရောက်၍ အတောင်ကြားမှထွက်၍ ထိုကာကဝတီမိဖုယားနှင့်ဟက ကိလေသာကာမ၏အစွမ်းအားဖြင့်ရောရှက်ခြင်းကိုပြု၍ တဖန် ဂဠုန်မင်း၏အတောင်ကြား၌ လျှင် စီးလျက်လာ၍ ဂဠုန်မင်းသည် ဗာရာဏသီမင်းနှင့်တကွ ကြွေအန်ကစား သောကာလ၌ စောင်းသမားသည် မိမိစောင်းကိုယူ၍ ကြွေအန်ကစားသော ပဲ့သို့ သွား၍ မင်း၏အထံ၌ရပ်လျက် သီချင်း သီသည်၏ အစွမ်းအားဖြင့်-

၁၀၅ ဝါတိ စာယံ တတော ဂန္ဓော၊ ယတ္ထ မေ ဝသတီ ပိယာ။
ဒူရေ ဣတော ဟိ ကာကဝတီ၊ ယတ္ထ မေ နိရတော မနော။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ယတ္ထ၊ အကြင်ဂဠုန်ပြည်၌။ မေ၊ ငါ၏။ ပိယာ၊ မယားသည်။ ဝသတိ၊ နေ၏။ တတော၊ ထိုဂဠုန်ပြည်မှ။ အယံဂန္ဓော၊ ဤနတ်နံ့သာကို လိမ်းကျံသော ကာကဝတီမိဖုယား၏ ကိုယ်နံ့သည်။ ဝါတိ စ၊ လှိုင်သလျှင်ကတည်း။ ယတ္ထ၊ အကြင်ကာကဝတီ မိဖုယား၌။ မေ၊ ငါ၏။ မနော၊ စိတ်သည်။ နိရတော၊ မွေ့လျော်၏။ သာ ကာကဝတီ၊ထိုကာကဝတီမိဖုယားသည်။ ဣတော၊ဤဗာရာဏသီပြည်မှ။ ဒူရေ၊ ဝေးသော ဂဠုန်ပြည်၌။ ဝသတိ၊ နေ၏။

---

* ကုဏာလဇာတ် အသီသိနိပါတ်မှာ ပါသည်။

www.dhammadownload.com

ထိုစကားကို ကြား၍ ဂဠုန်မင်းသည်–

၁၀၆ ကထံ သမုဒ္ဒ မတရိ၊ ကထံ အတရိ ကေပုကံ။
ကထံ သတ္တ သမုဒ္ဒ ါနိ၊ ကထံ သိမ္မလိ မာရုဟိ။
ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

တွံ၊ သင်သည်။ သမုဒ္ဒံ၊ သမုဒ္ဒရာကို။ ကထံ အတရိ၊ အဘယ်သို့ကူးသနည်း။ ကေပုကံ၊ ကေပုကမည်သော မြစ်ကို။ ကထံ အတရိ၊ အဘယ်သို့ကူးသနည်း။ သတ္တ သမုဒ္ဒ ါနိ၊ သီဒ ါသမုဒ္ဒရာ ခုနစ်တန်တို့ကို။ ကထံ အတိက္ကမိတ္ထ၊ အဘယ်သို့ လွန်၍။ သိမ္မလိ ံ၊လက်ပံပင်ကို။ ကထံ အာရုဟိ၊ အဘယ်သို့တက်သနည်း။

ထိုစကားကို ကြား၍ နဠကုဝေရ ဈောင်းသမားသည်–

၁၀၇ တယာ သမုဒ္ဒမတရိ ံ၊ တယာ အတရိ ကေပုကံ။
တယာ သတ္တ သမုဒ္ဒ ါနိ၊ တယာ သိမ္မလိ မာရုဟိ ံ။
ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

အဟံ၊ ငါသည်။ တယာ၊ သင်ဖြင့်။ သမုဒ္ဒံ၊ သမုဒ္ဒရာကို။ အတရိ ံ၊ ကူးပြီ။ တယာ၊ သင်ဖြင့်။ ကေပုကံ၊ ကေပုကမည်သော မြစ်ကို။ အတရိ ံ၊ ကူးပြီ။ တယာ၊ သင်ဖြင့်။ သတ္တသမုဒ္ဒ ါနိ၊ သီဒ ါသမုဒ္ဒရာ ခုနစ်တန်တို့ကို။ အတိက္ကမိတ္ထ၊ လွန်၍။ တယာ၊ သင်ဖြင့်။ သိမ္မလိ ံ၊ လက်ပံပင်ကို။ အာရုဟိ ံ၊ တက်ပြီ။

ထိုနောက်မှ ဂဠုန်မင်းသည်-

၁၀၈ ဓိရတ္ထု မံ မဟာကာယံ၊ ဓိရတ္ထု မံ အစေတနံ။
ယတ္ထ ဇာယာယ ဟံ ဇာရံ၊ အာဝဟာမိ ဝဟာမိ စ။
ဟူသော လေးခုမြောက်သော ဤဂါထာကို ဆို၏။

ယတ္ထ-ယသ္မာ၊ အကြင့်ကြောင့်။ အဟံ၊ ငါသည်။ ဇာယာယ၊ မယား၏။ ဇာရံ၊ လင်ဖြစ်သော ဈောင်းသမားကို။ အာဝဟာမိ စ၊ ဂဠုန်ပြည်သို့လည်း ယူ၏။ ဝဟာမိ စ၊ လူ့ပြည်သို့လည်း ပို့ဆောင်၏။ တသ္မာ ထို့ကြောင့်။ မဟာကာယံ၊ ကြီးသောကိုယ်ရှိသော။ မံ၊ငါ့ကို။ ဓိရတ္ထု၊ငါ့ကဲ့ရဲ့၏။အစေတနံ၊ ပေါ့သည်၏အဖြစ် ဇလေးသည်၏အဖြစ်ကိုမသိသော။ မံ၊ ငါ့ကို။ ဓိရတ္ထု၊ကဲ့ရဲ့၏။

ထိုဂဠုန်မင်းသည်ကား ကာကဝတီ မိဖုယားကို ဆောင်၍ ဗာရာဏသီမှင်းအား ပေး၍ တဖန် ဗာရာဏသီမြို့သို့ မလာပြီ။

www.dhammadownload.com

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤမမွေဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကိုပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏၊သစ္စာကိုပြတော်မူသည်၏ အဆုံး၌ ငြိုးငဲ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ငြိုးငွေ့သော ရဟန်းသည် ထိုအခါ နဋ္ဌကုဝေရမည်သော စောင်းသမား ဖြစ်ဘူးပြီ၊ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ဗာရာဏသီမင်းဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။။

(စောင့်ရှောက်ခဲလှ၊ ဇုတ္တိယ၊ မိန့်ဟခါခါ မတွယ်တာနှင့်)

ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကာကဝတီဇာတ်သည် ပြီး၏။။

၂၀- အနုသောဝိယဇာတ်

မယားသေ စိတ်ထွေ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည်“ဗဟူနံ ဝိဇ္ဇတိ ဘောတီ”အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအနုသောဝိယဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **မယားသေသော သူကြွယ်တယောက်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုသူကြွယ်သည် မယားသေလွန်သည် ရှိသော် ရေမချိုး မသောက် မလိမ်းမကျံ အစာမစား အမှုမလုပ် စင်စစ်သဖြင့် သောကသည် နှိပ်စက်ရကား ယုသာန်သို့သွား၍ ငိုလျက်သာလျှင် လှည့်လည်သတတ်၊ အိုး၌ ဆီမီးထွန်းပသကဲ့သို့ သူကြွယ်၏ကိုယ်အတွင်း၌ သောတာပတ္တိမဂ်၏ ဥပနိဿယသည်ထွန်းပ၏၊ သဗ္ဗညူ မြတ်စွာဘုရားသည်မိုးသောက်ထကာလ၌ လောကကို ကြည့်တော်မူသည် ရှိသော် ထိုသူကြွယ်ကို မြင်တော်မူ၍ ငါ့ကိုထား၍ ငါမှတပါး ဤသူကြွယ်အား သောကကို ပယ်၍ သောတာပတ္တိမဂ်ကို ပေးတတ်သော တစုံတယောက်သော သူသည် မရှိ၊ ငါသည် ထိုသူကြွယ်၏ ကိုးကွယ်ရာဖြစ်အံ့ဟု ဆွမ်းဘုဉ်းပေးပြီးသည်မှနောက် ဆွမ်းခံရာမှ ဖဲတော်မူ၍ နောက်လိုက် ရဟန်းကို ခေါ်တော်မူ၍ ထိုသူကြွယ်၏ အိမ်တံခါးသို့ ကြွတော်မူ၍ သူကြွယ်သည် ခရီးဦး ကြိုဆို၍

www.dhammadownload.com

(၂၅၅) ။နှဟကြဲခြင်္ဂါဖဖြစ်

းငေးငံ့ဝင်ဂ္ဂ ငင်ခဲ့ဖခဒ္ဒငဆဲဖဒ္ဒင်ငး ငွင်ငးဒ္ဒငလခးဖဖံင ၊ငံ့ဝခကဖွငင်ခနှနှင်ငး

www.dhammadownload.com

ပူဇော်သက္ကာရကို ပြုလတ်သော် ခင်းအပ်သောနေရာ၌ နေတော်မူ၍ သူကြွယ်သည် လာလတ်၍ ရှိခိုး၍ တင့်အပ်လျောက်ပတ်စွာ နေလတ်သော် သီတင်းသည် သင်သည် ဆိတ်ဆိတ်နေသလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား အမိန့်တော်အတိုင်း ဟုတ်၏၊ အကျွန်ုပ်မယားသည် သေ၏၊ အကျွန်ုပ်သည် သောသောမယားကို စိုးရိမ်လျက် ဆိတ်ဆိတ်နေ၏ဟု နားတော် လျောက်သည် ရှိသော် သီတင်းသည် ပျက်စီးတတ်သော သဘောမည်သည်ကား ပျက်စီးမြဲဖြစ်၏၊ ထိုပျက်စီးခြင်း သဘောတရား၌ စိုးရိမ်ခြင်းငှါ မသင့်၊ ရှေးပညာရှိတို့သည်လည်း မယားသေလွန်သည်ရှိသော် ပျက်စီးတတ်သော သဘောသည် ပျက်စီး၏ဟု မစိုးရိမ်ကုန်ဟု မိန့်တော်မူ၍ ထိုသူကြွယ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။ (အတိတ်ဝတ္ထုသည် ဒသကနိပါတ် ခုဋ္ဌဗောဓိဇာတ်၌ ထင်စွာဖြစ်လတ္တံ့၊ ဤအနနုသောစိယဇာတ်၌ ဤသို့ဆိုလတ္တံ့သော အတိတ်ဝတ္ထုသည်ကား အကျဉ်းတည်း)။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ မိဘတို့၏ အထံသို့ ပြန်လာ၏၊ ဤအနနုသောစိယဇာတ်၌ ဘုရားလောင်း သူငယ်လက်ထက်မှစ၍ မြတ်သောအကျင့်ကို ကျင့်၏၊ ထိုအခါ မိဘတို့သည် ဘုရားလောင်းအား မယားကို ရှာကုန်အံ့ဟု ကြားကုန်၏၊ ဘုရားလောင်းသည် အိမ်ရာထောင်ခြင်းကို ငါအလိုမရှိငါသည် မိဘတို့၏ လွန်သောအခါ၌ ရသေ့ရဟန်းပြုအံ့ဟု ဆို၍ တဖန်တလဲလဲ တောင်းပန်အပ်သည်ရှိသော် တခုသော ရွှေရုပ်ကို လုပ်စေ၍ ဤသို့သဘောရှိသော သူငယ်မကိုရသော် ယူအံ့ဟု ဆို၏၊ ဘုရားလောင်း၏ မိဘတို့သည် ထိုရွှေရုပ်ကို ယာဉ်ပေါင်းချုပ်၌ တင်၍ သွားကြကုန်ဇမ္ဗူဒိပ်အပြင်၌ လှည့်လည်ကုန်လျက် အကြင်အိမ်၌ ဤသို့သဘောရှိသော ပုဏ္ဏေးမငယ်ကို မြင်ကုန်အံ့ ထိုအိမ်၌ ဤရွှေရုပ်ကို ပေး၍ ထိုပုဏ္ဏေးမငယ်ကို ဆောင်ခဲ့ကုန်လော့ဟု များစွာသော အခြံအရံဖြင့် လူတို့ကို စေလွှတ်ကုန်၏။

ထိုကာလ၌ကား တယောက်သော ဘုန်းရှိသော သတ္တဝါသည် ဗြဟ္မာ့ပြည်မှစုတေ၍ ကာသိတိုင်း နိဂုံးရွာဝယ် ကုဋေရှစ်ဆယ် ကြွယ်ဝသော ပုဏ္ဏား၏ အိမ်၌ သူငယ်မ၏အဖြစ်ဖြင့် ဖြစ်၏၊ ထိုသူငယ်မအား သမ္မိလ္လဟာသိနီဟူသော အမည်ကို မှည့်၏၊ ထိုသမ္မိလ္လဟာသိနီသည် တဆဲ့ခြောက်နှစ်ရှိသောကာလ၌ အလွန်အဆင်း

www.dhammadownload.com

လှ၏၊ ကြည်ညိုဘွယ်ရှိ၏၊ နတ်သမီးနှင့်တူ၏၊ ခပ်သိမ်းသော လက္ခဏာနှင့် ပြည့်စုံ၏၊ ထိုသမ္မိလ္လဟာသိနီမည်သော သူငယ်မအားလည်း ကိလေသာစိတ် မည်သည်ကား မဖြစ်စဘူး၊သမ္မိလ္လဟာသိနီသည် မြတ်သောအကျင့်ကို ကျင့်၏၊ ဤရွှေရုပ်ကို ယူ၍ လှည့်လည်ကုန်သော သူတို့သည် ထိုရွာသို့ ရောက်ကုန်၏၊ ထိုရွာ၌ လူတို့သည် ထိုရွှေရုပ်ကို မြင်ကုန်၍ ဤအမည်ရှိသော ပုဏ္ဏားသမီး သမ္မိလ္လဟာသိနီသည် အဘယ့်ကြောင့် ဤ၌နေသနည်းဟု ဆိုကုန်၏၊ လူတို့သည် ထိုစကားကို ကြား၍ ဤပုဏ္ဏားအိမ်သို့ သွား၍ သမ္မိလ္လဟာသိနီကို တောင်းကုန်၏၊ သမ္မိလ္လဟာသိနီသည် မိဘတို့၏ လွန်သောအခါ ကျွန်ုပ် ရဟန်းပြုပါအံ့၊ ကျွန်ုပ်အိမ်ရာ ထောင်ခြင်းဖြင့် အလိုမရှိဟု မိဘတို့အား သတင်းစကားကို ပို့စေ၏၊ မိဘတို့လည်း သူငယ်မသည် အဘယ်သို့ ပြုလတ္တံ့နည်းဟု ဆို၍ ရွှေရုပ်ကိုယူ၍ သမ္မိလ္လဟာသိနီကို များစွာသော အခြံအရံဖြင့်ပို့စေကုန်၏၊ နှစ်ဦးကုန်သော သတို့သား သတို့သမီးတို့အား အလိုမရှိကုန်ဘဲလျက် မင်္ဂလာ ပြုကုန်၏၊ ထိုနှစ်ယောက်ကုန်သော သူတို့သည် တခုသော တိုက်ခန်း တခုသော ဒုံပ်ရာ၌ နေကုန်လျက်လည်း အချင်းချင်း ကိလေသာ၏ အစွမ်းအားဖြင့် မကြည့်ဘူးကုန် နှစ်ပါးကုန်သောရဟန်း နှစ်ယောက်ကုန်သော ဗြဟ္မာတို့ကဲ့သို့ တနေရာတည်း၌ နေကုန်၏။

နောက်အဘို့၌ ဘုရားလောင်း၏မိဘတို့သည် သေလွန်ကုန်၏၊ ဘုရားလောင်းသည် မိဘတို့ကို သင်္ဂြိုဟ်၍ .သမ္မိလ္လဟာသိနီကို ခေါ်၍ ရှင်မ သင်းသည် ငါ့မိဘ ဥစ္စာ ကုဋေရှစ်ဆယ်,သင့်မိဘဥစ္စာ ကုဋေရှစ်ဆယ် ဤမျှလောက်သော ဥစ္စာကို ယူ၍ ဥစ္စာကို ဖြစ်စေလော့၊ ငါသည် ရဟန်းပြုအံ့ဟု ဆို၏၊ အရှင့်သား အရှင်သည်ရဟန်းပြုသော် ကျွန်ုပ်လည်း ရဟန်းပြုအံ့၊ အရှင့်သားကို စွန့်ခြင်းငှါ မတတ်နိုင်ဟု သမ္မိလ္လဟာသိနီဆို၏၊ ထိုသို့တပြိုးကား လာလော့ဟု ခပ်သိမ်းသော ဥစ္စာတို့ကို အလှူဝဋ္ဌ စွန့်၍ တံတွေးပေါက်ကဲ့သို့ စည်းစိမ်ကို ပယ်၍ ဟိမဝန္တာသို့ ဝင်၍ နှစ်ယောက်ကုန်သော သူတို့သည်လည်း ရသေ့ ရဟန်းပြု၍ တောသစ်သီးဟူသော အာဟာရရှိကုန်သည်ဖြစ်၍ ဟိမဝန္တာ၌ ကြာမြင့်စွာနေ၍ ချဉ်ဆားမှဲ့ဝဲအံ့သောငှါ ဟိမဝန္တာမှသက်၍ အစဉ်သဖြင့် ဗာရာဏသီသို့ ရောက်၍ မင်း၏ ဥယျာဉ်၌ နေကုန်၏။

မင်းဥယျာဉ်၌ နေကုန်သော နှစ်ယောက်ကုန်သော ရသေ့တို့တွင် သြဇာ မရှိသော ရောနှောသော ဆွမ်းကို စားရသော ရသေ့မအား နှူးညံ့သိမ်မွေ့

www.dhammadownload.com

သည်၏ အဖြစ်ကြောင့် ဝမ်းသွဿန်သော အနာသည်ဖြစ်၏၊ ထိုရသေ့မသည် သင့်သောဆေးကို မရ၍ အားနည်း၏၊ ဘုရားလောင်းသည် ဆွမ်းခံသော အခါန်၌ ထိုရသေ့မကို ယူခဲ့၍ မြို့တံခါးသို့ ဆောင်ခဲ့၍ တခုသောဇရပ်ပျဉ်၌ အိပ်စေ၍ မိမိသည်ဆွမ်းခံဝင်၍ ဘုရားလောင်းမြို့မှ မထွက်မီလျှင် ရသေ့မသည် သေလွန်၏၊ လူမျှားသည် ရသေ့မ၏ တင့်တယ်စွာသော အဆင်းကိုမြင်၍ ခြံရံလျက် ငိုကြွေးမြည်တမ်း၏၊ ဘုရားလောင်းသည် ဆွမ်းခံ၍ လာလတ်သော် ထိုရသေ့မ၏ သေသောအဖြစ်ကို သိ၍ ပျက်စီးတတ်သော သဘောသည် ပျက်စီး၏၊ ခပ်သိမ်းကုန်သော သင်္ခါရတို့သည် အမြဲမရှိကုန်သလျှင်ကတည်းဟု ဆို၍ ထိုရသေ့မလျောင်းသော ပျဉ်၌လျှင် ထိုင်၍ ရောနှောသော ဆွမ်းကို ဘုဉ်းပေး၍ ခံတွင်းကိုဆေး၏၊ ခြံရံ၍ တည်သော လူမျှားသည် အရှင်ဘုရား ဤရသေ့မသည် အရှင်ဘုရားနှင့်အဘယ်သို့ တော်သနည်းဟု မေး၏၊လူဖြစ်စဉ်က ငါ၏ခြေရင်း၌ အလုပ်အကျွေးတည်းဟု ဆို၏၊ အရှင်ဘုရား အကျွန်ုပ်တို့သည်ပင် သဘောအားဖြင့် မတည့်နိုင်ကြကုန် ငိုကြွေးမြည်တမ်းကြကုန်၏၊ အရှင်ဘုရား သည် အဘယ့်ကြောင့် မငို သနည်းဟု မေးကုန်၏၊ ဘုရားလောင်းသည် ဤမိန်းမကား အသက်ရှင်စဉ်ကပင်လျှင် ငါနှင့် တစုံတခု တော်သည်မဟုတ် ယခု တမလွန်သို့ သွားသော် အဘယ်သို့ တော်အံ့နည်း ဤရဟန်းမိန်းမသည် သေမင်းနှိုင်ငံသို့လိုက်သွားပြီ အဘယ်ကြောင့် ငါငိုအံ့နည်းဟု လူမျှားအား တရားဟော လိုရကား—

၁၀၉ ဗဟူနံ ဂိဇ္ဈတိ ဘောတီ၊ တေဟိ မေ ကိံ ဘဝိဿတိ။
တသ္မာ တေံ နသောစာမိ၊ ပိယံ သမ္မိလ္လဟာသိနိံ ။

၁၁၀ တံ တံ စေ အနုသောစေယျ၊ ယံ ယံ တဿန ဝိဇ္ဈတိ။
အတ္တာန မနုသောစေယျ၊ သဒါ မစ္စုဝသံ ပတံ။

၁၁၁ နာ ဟေဝ ဋ္ဌိတံ နာသီနံ၊ နာ သယာနံ နာ ပဒ္ဓဂုံ။
ယာဝ ဗျာတိ နိမိသတိ၊ တတြာပိ ရဿတီ ဝယော။

၁၁၂ တတ္ထတ္ထနိ ဝတပ္ပဒ္ဓေ၊ ဝိနာဘာဝေ အသံသယေ။
ဘူတံ သေသံ ဒယိတဗ္ဗံ၊ ပိတံ အနုနုသောစိယံ။

ဟူကုန်သော ဤလေးဂါထာတို့ကို ဆို၏။

ဘောတီ၊ ပုဏ္ဏားမသည်။ ဗဟူနံ၊မျှားစွာကုန်သော သူသေတို့၏။ အန္တရေ၊ အတွင်း၌။ ဝိဇ္ဈတိ၊ ရှိ၏။ တေဟိ၊ ထိုသူသေတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဝတ္တမာနာ၊

www.dhammadownload.com

ဖြစ်သော ပုဏ္ဏားမသည်။ ဧမေ၊ ငါ့အား။ ကိုံ၊ အဘယ်သို့ တော်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့နည်း။ တသ္မာ၊ ထို့ကြောင့်။ ပိယံ၊ မယားဖြစ်သော။ ဧတံ သမ္မိလ္လဟာသိနိ်၊ ထိုသမ္မိလ္လဟာသိနီကို။ နာ သောစာမိ၊ ငါမစိုးရိမ်။

ယံယံ၊ အကြင် အကြင် သေတ္ထိုင်း သေတ္ထိုင်းဖေသာသူသည်။ တဿ၊ ထိုစိုးရိမ်သောသူအား။ နာ ဝိဇ္ဇတိ၊ မရှိ။ တံတံ၊ ထိုသေတ္ထိုင်း သေတ္ထိုင်းဖေသာသူကို။ စေ အနုသောစေယျ၊ အကယ်၍ စိုးရိမ်ငြားအံ့။ သဒါ၊ အခါခပ်သိမ်း။ မစ္စုဝသံ၊ သေမင်းနိုင်ငံသို့။ ပတံ၊ လိုက်ရသော။ အတ္တာနံ၊ ကိုယ်ကို။ အနုသောစေယျ၊ စိုးရိမ်ရာ၏။

ဟေ၊ အို လူမျိုးတို့။ ဠှတံဝေ၊ ရပ်သော သတ္တဝါသို့ သာလျှင်။အာယု—သန်ဒါရော၊ အာယုသန်ဒါရသည်။ နာ၊ လိုက်သည် မဟုတ်သေး။ အာသိနံ ဧဝေ၊ ထိုင်သော သတ္တဝါသို့သာလျှင်။ အာယုသန်ဒါရော၊ အာယုသန်ဒါရသည်။ နာ၊ လိုက်သည်မဟုတ်သေး။ သယာနံဧဝေ၊ လျောင်းသော သတ္တဝါသို့ သာလျှင်။ အာယုသန်ဒါရော၊ အာယုသန်ဒါရသည်။ လိုက်သည်မဟုတ်သေး။ ပဒ္ဓဂုံဧဝေ၊ ဘဝါးဖြန့်လှမ်း၍ သွားသောသတ္တဝါသို့သာလျှင်။ အာယုသန်ဒါရော၊ အာယုသန်ဒါရသည်။ နာ၊ လိုက်သည်မဟုတ်သေး။ ယာဝ၊ အကြင်မျှလောက်။ ဗျာတိ၊ မျက်စိဖွင့်၏။ နိမိသတိ၊ မျက်စိမှိတ်၏။ တတြာပိ၊ ထိုမျက်စိဖွင့်စဉ် မှိတ်စဉ် ဠှိလည်း။ ဝယော၊ သုံးပါးသောအရွယ်သည်။ ရသတိ၊ ဆုတ်ယုတ်၏။

တတ္ထ၊ ထိုအရွယ်၏ ဆုတ်ယုတ်သည်ရှိသော်။ ဝတာ၊ စင်စစ်။ အတ္တနိ၊ အတ္တဘောသည်။ ပဒ္ဓေ၊ ချို့တဲ့ခြင်းဠှိရင်း။ ဝိနာဘာဝေ၊ ကွေကွင်းခြင်းဠှိရင်း။ အသံသယော၊ ယုံမှားမရှိရာ။ သေသံ၊ မသေပျောက်ဘဲ ကြွင်းကျန်သော။ ဘူတံ၊ သတ္တဝါကို။ ဒယိတဗ္ဗံ၊ သနားချစ်ခင်အပ်၏။ ဒီတံ၊ သေလေပြီးသောသတ္တဝါကို။ အနနုသောစိယံ၊ အဖန်တလဲလဲ မစိုးရိမ်အပ်။

ဤသို့ ဘုရားလောင်းသည် လေးဂါထာတို့ဖြင့် အနိစ္စအခြင်းအရာကိုပြလျက် တရားကို ဟော၏။ လူမျိုးသည် ပရိပို့ဏ်ရဟန်းမိန်းမကို သင်္ဂြိဟ်၏။ ဘုရားလောင်းသည် ဟိမဝန္တာသို့သာလျှင် ဝင်၍ စျာန်, အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေ၍ ငြဟ်မှောပြည်သို့ လား၏။

ဇာတ်ပေါင်း သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်၏၊ အဘယ်သို့

www.dhammadownload.com

ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ရာဟုလာမယ်တော်သည် ထိုအခါ သမ္မိလ္လဟာသီနီ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသေ့ ဖြစ်ဘူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(အပျက်တရား၊ ပျက်တတ်ငြား၊ အများမှတ်သင့် စိုးရိမ်လင့်)
ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော အနုနုသောစိယဇာတ်သည် ပြီး၏။

၂၉-ကာဠဗာဟုဇာတ်

တောတွင်း မောင်းညို

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ယံ အန္နပါနဿ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤကာဠဗာဟုဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ပျောက်သော လာဘသက္ကာရ ရှိသော ဒေဝဒတ်** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ဒေဝဒတ်သည် ဘုရားအား အရာမဟုတ်သည်၌ ရှန်ပြုးဘဲ့၍ လေးသွားတို့ကို စေလွှတ်၍ နာဠာဂိရိဆင်ကို လွှတ်သဖြင့် ဒေဝဒတ်၏ အပြစ်သည် ထင်ရှားဖြစ်၏၊ ထိုအခါ လူတို့သည် ဒေဝဒတ်အား အမြဲတည်အပ်သော ဆွမ်းဝတ်တို့ကို မတည်ကုန်၊မင်းသည်လည်း ထိုဒေဝဒတ်ကို မကြည်ညို ဒေဝဒတ်သည် ပျောက်သော လာဘသက္ကာရရှိသည်ဖြစ်၍ ဒါယကာတို့၌ တောင်း၍ စားလျက် လှည့်လည်၏၊ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ ဒေဝဒတ်သည် လာဘသက္ကာရကို ဖြစ်စေ၍ ဖြစ်ပြီးသော လာဘသက္ကာရကို အမြဲတည်စိမ့်သောငှါ မတတ်နိုင်ကုန်ဟု စကားကိုဖြစ်စေကုန်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟုမေးတော်မူလတ်၍ ဤမည်သောစကားဖြင့်စည်းဝေးကြပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ပျောက်သော လာဘသက္ကာရရှိသည် မဟုတ်သေး၊ ရှေး၌လည်း ပျောက်သော လာဘသက္ကာရရှိသည်သာလျှင် ဖြစ်ဘူးပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

www.dhammadownload.com

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ မနုဇ္ဇယမင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် **ရာဓ**မည်သော ကျေး ဖြစ်၏၊ ကြီးသော ပြည့်ဖြိုးသော ကိုယ်ရှိ၏၊ ညီတော်သည်ကား **ဓေါဠပါဒ** မည်၏၊ တယောက်သော မုဆိုးသည် ကျေးညီနောင်တို့ကို ဖမ်းယူ၍ တန်ဆာဆင်၍ ဗာရာဏသီမင်းအား ဆက်၏၊ မင်းသည် ကျေးညီနောင်တို့ကို ရှေချိုင့်၌ထား၍ ရှေခွက်ဖြင့် ပျားရည် ပေါက်ပေါက်တို့ကို စားစေလျက် သကြားရည်တို့ကို သောက်စေလျက် မွေး၏၊ များမြတ်သော ပူဇော်သက္ကာရသည်ဖြစ်၏၊ ထိုအခါ တယောက်သော မုဆိုးသည် **ကာဠဗာဟု**မည်သော တခုသော မျောက်ည့ပ်ကြီးကို ဆောင်၍ ဗာရာဏသီမင်း အား ဆက်၏၊ ထိုကာဠဗာဟုမျောက်ညိုကြီးအား နောက်မှလာသည်၏ အဖြစ် ကြောင့် အလွန်များသော လာဘသက္ကာရသည် ဖြစ်၏၊ ကျေးသားတို့အား လာဘသက္ကာရသည် ပြတ်၏၊ ဘုရားလောင်းသည် သည်းခံခြင်းလက္ခဏာနှင့် ယှဉ်သည်၏အဖြစ်ကြောင့် တစုံတခုကို မဆို၊ ဘုရားလောင်း၏ ညီသည်ကား သည်းခံခြင်း လက္ခဏာမရှိသည်၏အဖြစ်ကြောင့် မျောက်အား ဖြစ်သော်လာဘ သက္ကာရကို သည်းမခံနိုင်သည်ဖြစ်၍ အစ်ကိုကြီး ဤမင်းအိမ်၌ ကောင်းသော အရသာရှိကုန်သော ခဲဘွယ် ဘစရှိသည်တို့ကို ရှေး၌ ကျွန်ုပ်တို့အား သာလျှင် ပေးကုန်၏၊ ယခု အကျွန်ုပ်တို့သည် မရကုန်၊ ကာဠဗာဟု မျောက်အားသာလျှင် ပေးကုန်၏၊ မနုဇ္ဇယမင်း၏ အထံမှ လာလသက္ကာရကို မရကုန်၊ ဤအရပ်၌ ငါတို့သည် အဘယ်သို့ ပြုကုန်အံ့နည်း၊ လာလော့ တောသို့သာလျှင် သွား၍ နေကုန်အံ့ဟု ရာဓကျေးနှင့်တကွ စကားပြောလို့ရကား—

၁၁၃ ယံ အန္နပါနဿ ပုရေ လဘာမ၊
တံ ဒါနိ သာခမိဂမေဝ ဂစ္ဆတိ။
ဂစ္ဆာမ ဒါနိ ဝနမေဝ ရာဓ၊
အသက္ကတာ စသ္မ မနုဇ္ဇယာယ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဘာတိက၊ အစ်ကို့။ မယံ၊ ငါတို့သည်။ အဿ၊ ထိုမနုဇ္ဇယမင်း၏။ သန္တိကာ၊ အထံမှ။ ယံ အန္နပါနံ၊ အကြင် ထမင်းအဖျော်ကို့။ ပုရေ၊ ရှေး၌။ လဘာမ၊ ရကုန်၏။ တံ အန္နပါနံ၊ ထိုထမင်းအဖျော်သည်။ ဣဒါနိ၊ ယခုအခါ၌။ သာခမိဂ-မေဝ၊ မျောက်သို့သာလျှင်။ ဂစ္ဆတိ၊ ရောက်၏။ ရာဓ၊ အစ်ကိုရာဓ။ မယံ၊ ငါတို့သည်။ ဓနုဇ္ဇယာယ၊ မနုဇ္ဇယမင်းမှ။ အသက္ကတာ၊ ပူဇော်သက္ကာရကိုမရ

www.dhammadownload.com

ကုန်သည်။ အသ္မ၊ ဖြစ်ကုန်၏။ဣဒါနိ၊ ယခုအခါ၌။ ဝနမေဝ၊ တောသို့သာလျှင်။ ဂစ္ဆာမ၊ သွားကြကုန်အံ့။

ထိုစကားကိုကြား၍ ရာဓကျေးသည်–

၁၁၄ လာဘော အလာဘော ယသော အယသော စ၊
နိန္ဒာ ပသံသာ စ သုခ္ဆ ဒုက္ခံ။
ဧတေ အနိစ္စာ မနုဇေသု ဓမ္မာ၊
မာ သောစိ ကိ ံ သောစသိ ပေါဋ္ဌပါဒ။

ဟူသော နှစ်ခုမြောက်သော ဂျိဂါထာကို ဆို၏။

ပေါဋ္ဌပါဒ၊ညီထွေး ပေါဋ္ဌပါဒ။မနုဇေသု၊လူတို့၌။ လာဘော၊လာဘ်ရခြင်း။ အလာဘော၊ လာဘ်မရခြင်း။ ယသော၊ စည်းစိမ့် အခြံအရံများခြင်း။ အယသော၊ စည်းစိမ်အခြံအရံမရှိခြင်း။နိန္ဒာ၊ကဲ့ရဲ့ခြင်း။ ပသံသာ စ၊ ချီးမွမ်းခြင်း။ သုခ္ဆ၊ ချမ်းသာခြင်း။ ဒုက္ခံ၊ ဆင်းရဲခြင်း။ ဧတေ ဓမ္မာ၊ ဤလောကဓံတရား ရှစ်ပါးတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ မာ သောစိ၊ မစိုးရိမ်လင့်။ ကိ ံ သောစသိ၊ အဘယ့်ကြောင့် စိုးရိမ်သနည်း။

ထိုစကားကို ကြား၍ ပေါဋ္ဌပါဒသည် မျှော်က်၌ ငြူစူခြင်းကို ပယ်ခြင်းငှါ မတတ်နိုင်ရကား–

၁၀၅ အဒ္ဓါ တုဝံ ပဏ္ဍိတကောသိ ရာဓ၊
ဇာနာသိ အတ္ထာနိ အနာဂတာနိ။
ကထံ နု သာဓမိဂံ ဒက္ခိသာမ၊
နိဒ္ဓါဝိတံ ရာဇကုလတောဝ ဇမ္မံ။

ဟူသော သုံးခုမြောက်သော ဂျိဂါထာကို ဆို၏။

ရာဓ၊ အစ်ကို ရာဓ။ တုဝံ၊ သင်သည်။ အဒ္ဓါ၊ စင်စစ်။ ပဏ္ဍိတကော၊ ပညာရှိသည်။ အသိ၊ ဖြစ်၏။ အနာဂတာနိ၊ မရောက်လာကုန်သေးသော။ အတ္ထာနိ၊ အကျိုးတို့ကို။ ဇာနာသိ၊ သိ၏။ ကထံနု၊ အဘယ်အကြောင်းဖြင့်။ ဇမ္မံ၊ ယုတ်မာသော။ သာဓမိဂံ၊ မျှော်က်ကို။ ရာဇကုလတောဝ၊ မင်းအိမ်မှလျှင်။ နိဒ္ဓါဝိတံ၊ နှင်ထုတ်စေအပ်သည်ကို။ မယံ၊ ငါတို့သည်။ ဒက္ခိသာမ၊ မြင်ရကုန်အံ့နည်း။

www.dhammadownload.com

ထိုစကားကို ကြား၍ ရာဇသည်—

၁၁၆ စာလေတိ ကဏ္ဍံ ဘကုဋ္ဌိံ ကရောတိ၊
မုဟုံ မုဟုံ ဘာယယတေ ကုမာရေ။
သယမေဝ တံ ကာဟတိ ကာဋ္ဌဗာဟု၊
ယေနာရကာ ဌဿတိ အန္ဓပါနာ။

ဟူသော လေးခုမြောက်သော ဤဂါထာကို ဆို၏။

ပေါဋ္ဌပါဒ၊ ပေါဋ္ဌပါဒ။ ကာဋ္ဌဗာဟု၊ ကာဋ္ဌဗာဟု မျောက်သည်။ ကဏ္ဍံ၊ နားကို။ စာလေတိ၊ လှုပ်လှက်၏။ ဘကုဋ္ဌိံ၊ မျက်မှောင် ကြုတ်ခြင်းကို။ ကရောတိ၊ ပြု၏။ မုဟုံ မုဟုံ၊ ရုတ်ခဲ့ညှဲး ရုတ်ချည်း။ ကုမာရေ၊ မင်းသားငယ်တို့ကို။ ဘာယယတေ၊ လန့်စေ၏။ ယေန၊ အကြင်အကြောင်းဖြင့်။ အန္ဓပါနာ၊ ထမင်းအဖျော်မှ။ အာရကာ၊ ဝေးစွာ။ ဌဿတိ၊ တည်လတ္တံ့။ ဧတံ၊ ထိုအကြောင်းကို။ သယံ၊ မိမိသည်။ ကာဟတိ၊ ပြုလတ္တံ့။

ကာဋ္ဌဗာဟု မျောက်သည်လည်း နှစ်ရက်, သုံးရက်လွန်သဖြင့် မင်းသားငယ်တို့၏ ရှေ့မှ နား, နှာခေါင်း လှုပ်ခြင်းအစရှိသည်တို့ကို ပြုလျက် မင်းသားငယ်တို့ကို ချောက်၏၊ မင်းသားငယ် တို့သည်လည်း ထိတ်လန့်ကုန်၍ ဟစ်ကြွေးကုန်၏၊ မင်းသည် အဘယ် အကြောင်းနည်းဟု မေး၏၊ ထိုအကြောင်းကို ကြား၍ ကာဋ္ဌဗာဟုမျောက်ကို ထုတ်ကြကုန်ဟု နှင်ထုတ်စေ၏၊ ကျေးသားတို့အား တဖန် ပကတိ လာဘသက္ကာရသည် ဖြစ်၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤမမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ကာဋ္ဌဗာဟုမျောက် ဖြစ်ဘူးပြီး၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ပေါဋ္ဌပါဒ ကျေးသား ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရား သည်သာလျှင် ထိုအခါ ရာဇကျေးသား ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကိုယ်၏လာဘ်သပ်၊ ဒေဝဒတ်၊ ကိုယ်ဖြတ်လေတော့သည်)

ကိုးခုတို့၏ပြည့်ကြောင်းဖြစ်သော ကာဋ္ဌဗာဟုဇာတ်သည် ပြီး၏။

www.dhammadownload.com

၃၀-သီလဝိမံသဇာတ်

သာဒီးတစ်သို့ပုံ ကာမဂုဏ်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သမ္ဗညူ မြတ်စွာဘုရားသည် "သီလံ ကိရေဝ ကလျာဏံ" အစရှိသော ဂါထာ ပုဒ်ဖြင့်တန်ဆာဆင်အပ်သော ဤသီလဝိမံသဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **သီလကို စုံစမ်းတတ်သော ပုဏ္ဏား**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ (နှစ်ပါးကုန်သော ပစ္စုပ္ပန်ဝတ္ထု, အတိတ်ဝတ္ထု တို့ကိုလည်း အောက်၌ ဆိုအပ်ကုန်ပြီ) အထူးကား ဤ **သီလဝိမံသဇာတ်***၌ ဘုရားလောင်းသည် ဗာရာဏသီမင်း၏ ပုရောဟိတ် ဖြစ်၏၊ ထိုဘုရားလောင်းသည် မိမိသီလကို စုံစမ်းလိုရကား သုံးရက်ပတ်လုံး ရွှေပန်းထိမ်သည်၏ ပျဉ်မှ အသပြာကို ယူ၏၊ ဘုရားလောင်းကို ခိုးသူဟု ဖမ်း၍ မင်းအား ပြကုန်၏၊ ဘုရားလောင်းသည် မင်း၏ အထံ၌ တည်လျက်-

၁၁၇ သီလံ ကိရေဝ ကလျာဏံ၊ သီလံ လောကေ အနုတ္တရံ။
ပဿ ဃောရဝိသော နာဂေါ၊ သီလဝါတိ နဟညတိ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

သီလံဧဝ၊ သီလသည် သာလျှင်။ ကလျာဏံ ကိရ၊ ကောင်းသတတ်။ လောကေ၊ လောက၌။ သီလံဧဝ၊ သီလသည်သာလျှင်။ အနုတ္တရံ ကိရ၊ အတု မရှိ မြတ်သတတ်။ ပဿ၊ ရှုပါလော့။ ဃောရဝိသော၊ ပြင်းသော အဆိပ် ရှိသော။ နာဂေါ၊ မြွေကို။ သီလဝါတိ၊ သီလရှိသော မြွေဟူ၍။ နဟညတိ၊ မညှဉ်းဆဲအပ်။

ဤဂါထာဖြင့် သီလကို ချီးမွမ်း၍ မင်းကို ရဟန်းအဖြစ်ကို ခွင့်ပြုစေ၍ ရဟန်းပြုအံ့သောငှါသော်၊ ထိုအခါတနေ့သ၌ စွန်သည် အမဲစေ့းမှသားတစ်ကို ချီ၍ ကောင်းကင်၌ ပျံ၏၊ ထိုစွန်ကို တပါးသော ငှက်တို့သည် ဝန်းရံ၍ ခြေသည်း နှုတ်သီး အစရှိသည်တို့ဖြင့် ထိုးကုန်၏၊ ထိုစွန်ရဲသည် သည်းခံအံ့သောငှါ မတတ်နိုင်၍ သားတစ်ကို စွန့်၏၊ တခုသော စွန်သည် ယူလေ၏၊ ထိုသားတစ်ကို

---

* သီလဝိမံသဇာတ် ဧကကနှင့် တိကနိပါတ်မှာ ပါသည်။

www.dhammadownload.com

ယူသော စွန်သည်လည်း တပါးသော ငှက်တို့သည် ညှဉ်းဆဲအပ်သည်ရှိသော် ရှေးအတူ စွန့်၏၊ ထိုအခါ တပါးသော စွန်သည်လည်း ယူပြန်၏၊ ထိုငှက်တို့တွင် အကြင် အကြင်ငှက်သည် ယူ၏၊ ထိုထိုငှက်ကို ဘပါးသောငှက်တို့သည် လိုက်ကုန်၏၊ အကြင် အကြင် ငှက်သည် စွန့်၏၊ ထိုထိုငှက်သည် ချမ်းသာသည်သာလျှင် ဖြစ်၏၊ ဘုရားလောင်းသည် ထိုအခြင်းအရာကိုမြင်၍ ဤကာမတို့မည်သည်ကား သားတစ်နှင့်တူကုန်၏၊ ဤကာမတို့ကို ယူဆောင်သော သူတို့သာလျှင် ဆင်းရဲဖြစ်၏၊ စွန့်သောသူတို့အား ချမ်းသာဖြစ်၏ဟု ကြံလျက်—

၁၁၈ ယာဝဒေဝဿ'ဟူ ကိဠွိ၊ တာဝဒေဝ အခါဒိသုံ။
သင်္ကမ္မ ကုလလာ လောကေ၊ နဟိ သန္တိ အကိဠုနံ။

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

ယာဝဒေဝ၊ အကြင်မျှလောက်သော ကာလပတ်လုံးသာလျှင်။ အဿ၊ထို့စွန်အား။ ကိဠွိ၊ အနည်းငယ်သော နှုတ်သီးဖြင့် ခါအပ်သောသားတစ်သည်။ အဟု၊ ရှိ၏။ တာဝဒေဝ၊ ထိုမျှလောက်သောကာလပတ်လုံးသာလျှင်။ နံ၊ ထို့စွန်ကို။ လောကေ၊ လောက၌။ ကုလလာ၊ စွန်အပေါင်းတို့သည်။ သင်္ကမ္မ၊ ကပ်၍။ အခါဒိသုံ၊ ထိုးဆိတ်ကုန်၏။ အကိဠုနံ၊ သားတစ်မရှိသော စွန်ကို။ ကုလလာ၊ စွန်အပေါင်းတို့သည်။ နဟိ သန္တိ၊ မည်၏ဆဲကုန်။

ထိုဘုရားလောင်းသည် မြို့မှထွက်၍ ခရီးအကြာင်း၌ တခုသော ရွာဝယ် ညချမ်းသောအခါ တယောက်သော သူ၏ အိမ်၌ အိပ်၏၊ ထိုအိမ်၌ ပိဋ်လာမည်သော ကျွန်မသည် ဤမည်သောအချိန်၌ လာလေ့ဟု ယောကျ်ားတယောက်နှင့်တကွ ချိန်းချက်ခြင်းကို ပြု၏၊ ထိုပိဋ်လာမည်သော ကျွန်မသည် အရှင်တို့၏ ခြေတို့ကို ငဆေး၍ ဘုရင်တို့သည် အိပ်ကုန်လတ်သော် ထိုယောကျ်ား၏ လာခြင်းကို ငမျှော်လျက် တံခါးပုံ၌ ထိုင်၍ ယခုလာလတ္တံ့၊ ယခုလာလတ္တံ့ ဟု ပဌမယာမ်, မဇ္ဈိမယာမ်တို့ကိုလွန်စေ၏၊ မိုးသောက်ထဉ်းကား ယခု ထိုယောကျ်ားသည် မလာပြီဟု အာသာပြတ်လျက် ငလျင်း၍ အိပ်ပျော်ခြင်းသို့ ရောက်၏၊ ဘုရားလောင်းသည် ဤအကြောင်းကိုမြင်၍ ဤကျွန်မသည် ထိုယောကျ်ားကား ယခု လာလတ္တံ့ဟူသော အမှတ်ဖြင့် ဤမျှလောက်သော ကာလပတ်လုံး ထိုင်လျက် နေ၏၊ ယခုအခါဉ်ကား ထိုယောကျ်း၏ မလာအံ့သော အဖြစ်ကို သိ၍ အာသာပြတ်ရကား ချမ်းသာစွာ အိပ်၏၊ ကိလေသာတို့၌ တောင့်တခြင်း

www.dhammadownload.com

အာသာမည်သည်ကား ဆင်းရဲ၏၊ အာသာမရှိသော အဖြစ်သည်သာလျှင် ချမ်းသာ၏ဟု ကြံ၍-

၁၁၉ သုခံ နိရာသာ သုပတိ၊ အာသာ ဖလဝတီ သုခါ။
အာသံ နိရာသံ ကတ္ဝာန၊ သုခံ သုပတိ ပိဂ်လာ။

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

နိရာသာ၊ အာသာပြတ်၍။ သုခံ၊ ချမ်းသာစွာ။ သုပတိ၊ အိပ်ရ၏။ အာသာဖလဝတီ၊ အာသာ၏ အကျိုးကို ရခြင်းသည်။ သုခါ၊ ချမ်းသာ၏။ ပိဂ်လာ၊ ပိဂ်လာမည်သော ကျွန်မသည်။ အာသံ၊ တောင့်တခြင်း အာသာကို။ နိရာသံ၊ အာသာပြတ်ခြင်းကို။ ကတ္ဝာ၊ ပြု၍။ သုခံ၊ ချမ်းသာစွာ။ သုပတိ၊ အိပ်ရ၏။

ထိုဘုရားလောင်းသည် နက်ဖြန် ထိုရွာမှ တောသို့ ဝင်လတ်သော် ဈာန်ဝင်စားသော တပါးသော ရသေ့ကို မြင်၍ ဤပစ္စုပ္ပန်လောက, တမလွန်လောကဌ် ဈာန်ချမ်းသာထက် လွန်သော ချမ်းသာမည်သည် မရှိဟုကြံ၍-

၁၂၀ န သမာဓိပရော အတ္ထိ၊ အသ္မိံ လောကေ ပရမ္ဟိ စ။
န ပရ နာပ အတ္ထာန၊ ဝဟ သတ သမာဟိတော။

ဟူသော လေးခုမြောက်သော ဤဂါထာကို ဆို၏။

အသ္မိံ လောကေ စ၊ ဤပစ္စုပ္ပန်လောကဌ်ဌင်း။ ပရမ္ဟိ စ၊ တမလွန်လောကဌ်ဌင်း။ သမာဓိပရော၊ သမာဓိထက် မြတ်သော သုခတရားသည်။ န အတ္ထိ၊ မရှိ။ သမာဟိတော၊ ကောင်းသော တည်ကြည်သော သူသည်။ ပရမ္ဟိ၊ သူတပါးကို လည်း။ န ဝိဟိံ သတိ၊ မညှဉ်းဆဲ။ အတ္ထာနမ္ဟိ၊ မိမိကိုယ်ကိုလည်း။ န ဝိဟိံ သတိ၊ မညှဉ်းဆဲ။

ထိုဘုရားအလောင်းတော်သည် တောသို့ ဝင်၍ ရသေ့ ရဟန်းပြု၍ ဈာန်, အဘိညာဉ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပုရောဟိတ်ပုဏ္ဏား ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(သားတစ်ပုံနှယ်၊ ကာမဝယ်၊ တွယ်လျှင် ဒုက္ခကပ်)
ဆယ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သီလဝိမံသဇာတ်သည် ပြီး၏။

www.dhammadownload.com

၄-ကောကိလဝဂ် ၃၁-ကောကိလဇာတ်

နှုတ်စွဘသံခဲ့ပြု အကျိုးမဲ့.

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် “ယော ဝေ ကာလေ အသမ္မတ္တေ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤကောကိလဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ကောကာလိက**ကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုကို **တက္ကာရိယဇာတ်*** ၌ ခဲ့ပြုအပ်ပြီ) သဗ္ဗညူမြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်းကို ဆုံးမတတ်သော အမတ်ဖြစ်၏၊ မင်းသည် စကားမျှား၏၊ ဘုရားလောင်းသည် ထိုမင်း၏ စကားမျှားသောအဖြစ်ကို တားမြစ်အံ့ဟု တခုသော ဥပမာကို ရှာလျက် သွား၏၊ ထိုအခါ တနေ့သ၌ မင်းသည် ဥယျာဉ်သို့ သွား၍ မင်္ဂလာ ကျောက်ဖျာ၌ နေ၏၊ ကျောက်ဖျာ၏ အတက်၌ သရက်ပင်သည် ရှိ၏၊ ထိုသရက်ပင်ဝယ် တခုသော ကျိုးသိုက်၌ ဥသြမသည် မိမိ၏ဥကိုထား၍ သွား၏၊ ကျီးမသည် ဥသြဥကို စောင့်ရှောက်၏၊ နောက်ဘဝ၌ ထိုဥမှ ဥသြငယ်သည် ပေါက်၏၊ ကျီးမသည် ငါသားဟူသော အမှတ်ဖြင့် နှုတ်သီးဖြင့် အစာကို ဆောင်၍ ဥသြငယ်ကို မွေး၏၊ အတောင်မရောက်သေးသော ထိုဥသြငယ်သည် အခါမဟုတ်မီကလျှင် ဥသြသံကို မြည်၏၊ ကျီးမသည် ဤငှက်ငယ်ကား ယခုကပင်လျှင် တပါးသောအသံမြည်၏၊ ကြီးသော် အသို့ပြုလတ္တံ့နည်းဟု နှုတ်သီးဖြင့် ထိုးသတ်၍ အသိုက်မှ ချ၏၊ ထိုဥသြငယ်သည် မင်း၏ ခြေရင်း၌ ကျ၏။

မင်းသည် ဘုရားလောင်းကို အဆွ ဤအကြောင်းကား အသို့နည်းဟု မေး၏၊ ဘုရားလောင်းသည် ငါကားမင်းကို မြစ်အံ့သောငှါ တခုသော ဥပမာကို ရှာ၏၊ ယခု ထိုဥပမာကို ငါရပြီဟု ကြံ၍ မြတ်သောမင်းကြီး အလွန် နှုတ်ကြမ်းကုန်သော အခါမဟုတ်သည်၌ စကားများကုန်သော သူတို့သည် ဤသို့သဘောရှိသော ဆင်းရဲကို ရကုန်၏၊ မြတ်သောမင်းကြီး ကျီးမသည် မွေးမြူအပ်သည်

---

* တက္ကာရိယဇာတ် **တရသကနိပါတ်**မှာ ပါသည်။

www.dhammadownload.com

ဖြစ်၍ တတောင်မပေါက်သေးသော ကျဉ်ငြင်းယ်သည် အခါမဟုတ်မီကလျှင် ဥသြသံကို မြည်၏၊ ထို့ကြောင့် ကျဉ်ငြင်းယ်ကို ကျီးမသည် ကျင့်ကားငါ့သား မဟုတ်ဟု သိ၍ နှုတ်သီးဖြင့် ထိုးသတ်၍ အသိုက်မှ ချ၏၊ လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ အခါမဟုတ်သည်၌ စကားများကုန်သော သူတို့သည် ကျိုးသိသော ရှိသော ဆင်းရဲကို ခံရကုန်၏ဟု ဆို၍-

၁၂၁ ယော ဝေ ကာလေ အသမ္မတ္တော၊ အတိဝေလံ ပဘာသတိ။
ဇေံ သော နိဟတော သေတိ၊ ကောကိလာယိ ဝ အတြဇော။

၁၂၂ န ဟိ သတ္ထံ သုနိသိတံ၊ ဝိသံ ဟလာဟလမိ ဝ။
ဇေံ နိကဋ္ဌေ ပါတေတိ၊ ဝါစာ ဒုဗ္ဘာသိတာ ယထာ။

၁၂၃ တသ္မာ ကာလေ အကာလေ ဝါ၊ ဝါစံ ရက္ခေယျ ပဏ္ဍိတော။
နာတိဝေလံ ပဘာသေယျ၊ အပိ အတ္တသမမ္ပိ ဝါ။

၁၂၄ ယော စ ကာလေ မိတံ ဘာသေ၊ မတိပုဗ္ဗော ဝိစက္ခဏော။
သဗ္ဗေ အမိတ္တေ အာဒေတိ၊ သုပဏ္ဏော ဥရဂါမိ ဝ။

ဟူသော ကျိုးကြောင်းကို ဆို၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ယော၊ အကြင်သူသည်။ ဝေ၊ စင်စစ်။ ကာလေ၊ ကာလသည်။ အသမ္မတ္တော၊ မရောက်မီ။ အတိဝေလံ၊ အပိုင်းအခြားကို လွန်၍လည်း။ ပဘာသတိ၊ ဆို၏။ ကောကိလာယ၊ ဥဩမ၏။ အတြဇော၊ သားသည်။ နိဟတော၊ သေ၍။ သေတိ ဣဝ၊ အိပ်ရသကဲ့သို့။ ဧမို့-တထာ၊ ထို့အတူ။ သော၊ ထိုသူသည်။ နိဟတော၊ သေ၍။ သေတိ၊ အိပ်ရ၏။

ဒုဗ္ဘာသိတာ၊ မကောင်းသဖြင့် ဆိုအပ်သော။ ဝါစာ၊ စကားသည်။ နိကဋ္ဌေ၊ ခဏခြင်း။ ပါတေတိ ယထာ၊ သတ်သကဲ့သို့။ ဇေံ—တထာ၊ ထို့အတူ။ သုနိသိတံ၊ ကောင်းစွာ သွေးအပ်သော။ သတ္ထံ၊ ဓားသည်။ န ပါတေတိ၊ မသတ်တတ်။ ဒုဗ္ဘာသိတာ၊ မကောင်းသဖြင့် ဆိုအပ်သော။ ဝါစာ၊ ဓကားသည်။ နိကဋ္ဌေ၊ ခဏခြင်း။ ပါတေတိ ဣဝ။ သတ်သကဲ့သို့။ ဇေံ—တထာ၊ ထို့အတူ။ ဟလာဟလံ၊ လတ်တလော သေစေတတ်သော။ ဝိသံ၊ အဆိပ်သည်။ န ပါတေတိ၊ မသတ်တတ်။

တသ္မာ၊ ထို့ကြောင့်။ ပဏ္ဍိတော၊ ပညာရှိသည်။ ကာလေ ဝါ၊ ကာလ၌ ၎င်း။ အကာလေ ဝါ၊ ကာလမဟုတ်သည်၌၎င်း။ ဝါစံ၊ စကားကို။ ရက္ခေယျ၊

www.dhammadownload.com

စောင့်ရာ၏။ အပိ၊ စင်စစ်။ အတ္တာသမမှီ ဝါ၊ မိမိနှင့်တူသော သူ၌လည်း။ အတိဝေလံ၊ အပိုင်းအခြားကို လွန်၍။ နပဘာသေယျ၊ မဆိုရာ။

သုပဏ္ဏော၊ဂဠုန်မင်းသည်။ဥရဂံ၊နဂါးကို။ အာဒေတိ ဣဝ၊ ဖမ်းယူသကဲ့သို့။ ဧဝံ-တထာ၊ထို့အတူ။ မတိပုဗ္ဗော၊ ပညာရှေ့သွားရှိသော။ ယောစ ဝိစက္ခဏော၊ အကြင် ပညာရှိသည်ကား။ ကာလေ၊ လျောက်ပတ်သော ကာလ၌။ မိတံ၊ နှိုင်းယှဉ်အပ်သော စကားကို။ ဘာသေ၊ ဆို၏။ သော ဝိဘက္ခဏော၊ ထိုပညာရှိသည်။ သပ္ပေ၊ ခပ်သိမ်းကုန်သော။ အမိတ္တေ၊ ရန်သူတို့ကို။ အာဒေတိ၊ ဖမ်းယူနိုင်၏။

မင်းသည် ဘုရားလောင်း၏ တရားကိုနာရ၍ ထို့အခါမှစ၍ အတိုင်းအရှည် ရှိသော စကားကို ပြောဆို၏၊ ဘုရားလောင်းအား စည်းစိမ်ကိုလည်း ပွားစေ၍ မျှားစွာ ပေး၏။

ဇာတ်ပေါင်း သမ္ဗဉ္ဇု မြတ်စွာဘုရားသည် ဤမမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ကောကာလိကသည် ထိုအခါဥဿင်္ကယက္ခပြီး၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ပညာရှိ အမတ် ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အချိန်မကျ၊ မပြောရ၊ ပြောက ဘေးခတ္တမည်)

ရှေးဦးစွာသော ကောကိလဇာတ်သည် ပြီး၏။

၃၂- ရထလဋ္ဌဇာတ်

ကိုယ့်အမှား သူမျှားတင်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္ဗဉ္ဇု မြတ်စွာဘုရားသည် "အပိ ဟန္ဒာ ဟတော ဖြူတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဣရာထလဋ္ဌဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ကောသလမင်း၏ ပုရောဟိတ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုပုရောဟိတ်သည် ရထားဖြင့် မိမိစားသောရွာသို့ သွားသည်

www.dhammadownload.com

ရှိသော် ကျဉ်းမြောင်းသောခရီး၌ ရထားနှင်လျှင် တဦးသော လှည်းကုန်သည် မှူးကိုမြင်၍ သင်တို့လှည်းကို ဖယ်လော့ဟု ဆို၍ သွား၏၊ လှည်းကို မရှောင် လွှဲသည်ရှိသော် အမျက်ထွက်၍ နှင်တံဖြင့် ရှေးဦးလှည်းဝယ် လှည်းနှင် ယောကျ်းအား ရိုက်ခတ်၏၊ ထိုနှင်တံသည် ရထားဦး၌ ထိရကား ပြန်၍ ပုရောဟိတ်၏ နဖူးကိုသာလျှင် ခတ်၏၊ ထိုခဏ၌သာလျှင် ပုရောဟိတ်၏ နဖူး၌ ဖူးဖူးရောင်၍ထ၏၊ပုရောဟိတ်သည်ပြန်၍ လှည်းနှင်ယောကျ်းတို့သည် ရိုက်၏ဟု မင်းအား လျှောက်၏၊ လှည်းနှင်ယောကျ်းတို့ကို ခေါ်စေ၍ စစ်မေးလတ်သည် ရှိသော် ပုရောဟိတ်၏အပြစ်ကိုသာလျှင် မြင်ကုန်၏၊ ထိုအခါ တနေ့သ၌ ရဟန်း တို့သည် တရားသဘင်၌ ငါ့သျှင်တို့ မင်း၏ပုရောဟိတ်သည် လှည်းနှင်ယောကျ်း တို့သည် ရိုက်၏ဟု တရားတော့ကြလတ်သော် မိမိသာလျှင် ရှုံးသတတ်ဟူ၍ စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော် မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ဤ ပုရောဟိတ်သည် ယခုအခါ၌ သာလျှင် ဤသို့ သဘောရှိသော အမှုကို ပြုသည် မဟုတ်လေး၊ ရှေး၌လည်း ဤသို့ သဘောရှိသော အမှုကို ပြုသလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏ တရားဆုံးဖြတ်သော အမတ် ဖြစ်၏၊ ထိုအခါ မင်းပုရောဟိတ်သည် ရထားဖြင့် မိမိစားသော ရွာသို့ သွား၏၊ (အလုံးစုံသော စကားသည် ရှေးနှင့်တူပြီ) အထူးကား ဤ အတိတ်ဝတ္ထု၌ ပုရောဟိတ် အမတ်သည် မင်းအား ကြားလျှောက်သည်ရှိသော် မင်းသည် ကိုယ်တိုင်တရားဆုံးဖြတ်သောအရာ၌ နေ၍ လှည်းနှင်ယောကျ်းတို့ကို ခေါ်စေ. ၍ အမှုကိုမသုတ်သင်မစီစစ်မူ၍သာလျှင် သင်တို့သည် ပုရောဟိတ်ကိုရိုက်၍ နဖူး၌ ဖူးဖူးရောင်စေ၏ဟု ဆို၍ ထိုလှည်းနှင်ယောကျ်းတို့၏ အလုံးစုံသော ဥစ္စာတို့ကို သိမ်းဆည်းခြင်းကို ပြုကြကုန်ဟု ဆို၏၊ ထိုအခါ ထိုမင်းကို ဘုရားလောင်းသည် မြတ်သောမင်းကြီး သင်မင်းကြီးတို့သည် အမှုကို မသုတ်သင် မစီစစ်မူ၍ လှည်းနှင်ယောကျ်းတို့၏ အလုံးစုံသော ဥစ္စကို ယူစေကုန်၏၊ အချို့သော သူတို့သည် မိမိသည်ပင်လျှင် မိမိကိုယ်ကိုသတ်၍ သူတပါးသတ်သည်ဟု ဆိုကုန် ရာ၏၊ ထို့ကြောင့် မစီစစ်မူ၍ ပြုခြင်းငှါ မသင့် မင်းပြုသော သူမည်သည်ကား သုတ်သင်စီစစ်၍ အမှုကို ပြုခြင်းငှါ သင့်၏ဟု ဆို၍—

www.dhammadownload.com

၁၂၅ အပိ ဟန္ဆာ ဟတော ဗြူ။တိ၊ ဇေတ္ဝာ ဇိနောတိ ဘာသတိ။
ပုဗ္ဗမက္ခာယိနော ရာဇ၊ အညဒတ္ထု နု သဒ္ဒဟော။

၁၂၆ တသ္မာ ပဏ္ဍိတဇာတိယော၊ သုဏေယျ ဣတရဿ ပိ။
ဥဘိန္နံ ဝစနံ သုတ္ဝာ၊ ယထာ ဓမ္မော တထာ ကရေ။

၁၂၇ အလသော ဂိဟီ ကာမဘောဂီ နု သာဓု၊
အသညတော ပဗ္ဗဇိတော နု သာဓု။
ရာဇာ နု သာဓု အနိသမ္မကာရီ၊
ယော ပဏ္ဍိတော ကောဓနော တံ နု သာဓု။

၁၂၈ နိသမ္မ ခတ္တိယော ကယိရာ၊ နာနိသမ္မ ဒိသမ္မတိ။
နိသမ္မ ကာရိနော ရာဇ်၊ ယသော ကိတ္တိ စ ဝဍ္ဎတိ။

ဟူသော ဤဂါထာတို့ကို ဆို၏။။

ရာဇ၊ မြတ်သောမင်းကြီး။ ဇေကော၊ တယောက်သောသူသည်။ အပိ၊ စင်စစ်။ ဟန္ဆာ၊ မိမိကိုယ်ကို မိမိသတ်၍။ ဟတော၊ သူတပါးသတ်၏ဟူ။ ဗြူ။တိ၊ ဆို၏။။ ဇေတ္ဝာ၊ မိမိသည် သူတပါးကို အောင်၍။ ဇိနောတိ၊ သူတပါးသည် ငါ့ကို အောင်၏ဟူ။ ဘာသတိ၊ ဆို၏။။ ပုဗ္ဗမက္ခာယိနော၊ ရှေးဦးစွာဆိုသောသူ၏။ ဝစနံ၊ စကားကို။ အညဒတ္ထု၊ စင်စစ်သဖြင့်။ နု သဒ္ဒဟော၊ မယုံရာ။

တသ္မာ ဟိ၊ ထို့ကြောင့်သာလျှင်။။ ပဏ္ဍိတဇာတိယော၊ ပညာရှိသော အမျိုးသားသည်။ ဣတရဿ ပိ၊ တယောက်သော သူ၏လည်း။ ဝစနံ၊ စကားကို။ သုဏေယျ၊ နားထောင်ရာ၏။ ဥဘိန္နံ၊ နှစ်ဦးသောသူတို့၏။ ဝစနံ၊ စကားကို။ သုတ္ဝာ၊ နားထောင်ပြီး၍။ ယထာ၊ အကြင်အခြင်းဖြင့်။ ဓမ္မော၊ တရားသည်။ ဋ္ဌိတော၊ တည်၏။ တထာ၊ ထိုအခြင်းဖြင့်။ ကရေ၊ ပြုရာ၏။

အလသော၊ ပျင်းသော။ ကာမဘောဂီ၊ ကာမစည်းစိမ်ကို ခံစားသော။ ဂိဟီ၊ လူသည်။ နု သာဓု၊ မကောင်း။ အသညတော၊ ကိုယ်,နှုတ်, နှလုံးမစောင့်ရှောက်သော။ ပဗ္ဗဇိတော၊ ရဟန်းသည်။ နု သာဓု၊ မကောင်း။ အနိသမ္မကာရီ၊ မဆင်ခြင်မှု၍ ပြုလေ့ရှိသော။ ရာဇာ၊ မင်းသည်။ နု သာဓု၊ မကောင်း။ ပဏ္ဍိတော၊ ပညာရှိသည်။ ယော ကောဓနော၊ အကြင် အမျက်ထွက်ခြင်းကို ပြုတတ်၏။ တံ၊ ထိုအမျက်ထွက်ခြင်းသည်။ နု သာဓု၊ မကောင်း။

---

၁ ရညော (သီ၊ သျာ)

www.dhammadownload.com

ခတ္တိယော၊ မင်းသည်။ နိသမ္မ၊ ဆင်ခြင်၍။ ကယိရာ၊ ပြုရာ၏။ ဒိသမ္မတိ၊ မင်းသည်။ အနိသမ္မ၊ မဆင်ခြင်မူ၍။ န ကယိရာ၊ မပြုရာ။ ရာဇ၊ မင်းမြတ်။ နိသမ္မကာရိနော၊ ဆင်ခြင်၍ ပြုလေ့ရှိသော မင်းအား။ ယသော စ၊ စည်းစိမ် အခြံအရံသည်၎င်း။ ကိတ္တိ စ၊ အကျော်အစောသည်၎င်း။ ဝဏ္ဏတိ၊ ပွား၏။

မင်းသည် ဘုရားလောင်း၏ စကားကို ကြား၍ တရားသဖြင့် ဆုံးဖြတ်သည် ရှိသော် ပုဏ္ဏားအားသာလျှင် အပြစ်သည် ဖြစ်၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤမမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ပုဏ္ဏားသည် ထိုအခါ ပုဏ္ဏား ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ပညာရှိသောအမတ် ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မိမိအမှား၊ သူတပါး၊ ပြစ်ကား မတင်သင့်)

နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ရထလဋ္ဌဇာတ်သည် ပြီး၏။

၃၃-ပက္ကဂေါဓဇာတ်

ပြေးပေါ့ ဖွတ်ကင်

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "တဒေဝ မေတံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပက္ကဂေါဓဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **တယောက်သော** သူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ (ဝတ္ထုကို အောက်၌ ချဲ့အပ်ပြီ) အထူးကား ဤပက္ကဂေါဓဇာတ်၌ မြို့ကိုတောင်း၍ လာကုန်သော ထိုသူကြွယ် သို့းခင်ပွန်းတို့အား လမ်းအကြား၌ မုဆိုးသည် နှစ်ယောက် စားကြကုန်ဟု တခုသော ဖွတ်ကင်ကို ပေး၏၊ ထိုယောကျ်ားသည် မယားကို ရေယူစေ၍ အလုံးစုံသော ဖွတ်ကင်ကို စား၍ မယားလာသော ကာလ၌ ရှင်မ ဖွတ်ကင်သည် **ပြေး၏**ဟု ဆို၏၊ အရှင် ကောင်းပြီ ဖွတ်ကင် ပြေးသော် အဘယ်သို့ ပြုနိုင်တော့အံ့နည်းဟု ဆို၏၊ ထိုသို့းခင်ပွန်းနှစ်ယောက်

www.dhammadownload.com

တို့သည် ဇေတဝန်ကျောင်းတော်၌ ရှေသောက်၍ မြတ်စွာဘုရားအထံတော်၌ နေကုန်၏၊ သင်္ဘည္ဥမြတ်စွာဘုရားသည်သီတင်းသည်မ ဤသီတင်းသည်ယောကျ်ားသည် သင့်အစီးအပွားကို လိုလေ၏၊ သင်အား ချစ်လေဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးသောအရှင်ဘုရား အကျန့်ပ်သည် ဤယောကျ်း၏ အစီးအပွားကို အလိုရှိ၏၊ ဤယောကျ်းအား ချစ်၏၊ ဤယောကျ်းသည်ကား အကျန့်ပ်အား မချစ်ဟု ထိုမိန်းမသည် လျှောက်၏၊ သင်္ဘည္ဥ မြတ်စွာဘုရားသည် သီတင်းသည်မ သင်ဆိုတိုင်း ဖြစ်စေ မစိုးရိမ်လင့်၊ ဤယောကျ်းသည် အကယ်၍ ထိုသို့ပြု၏၊ ပြုငြားသော်လည်း အကြင်အခါ၌ သင်၏ ကျေးဇူးကို အောက်မေ့၏၊ ထိုအခါ၌ သင်အားသာလျှင် အလုံးစုံသော စည်းစိမ်ကို ပေးဘူးပြီဟု မိန့်တော်မူ၍ ထိုနှစ်ယောက်သော သူတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။။

အတိတ်ဝတ္ထု (အတိတ်ဝတ္ထုကား အောက်၌ဆိုအပ်ပြီးသော ဝတ္ထုနှင့် တူသည်သာလျှင်တည်း) အထူးကား ဗာရာဏသီပြည်သို့ ပြန်လည် လာကုန်သော မင်းသို့မဟုတ်, မင်းသားတို့အား လမ်းခရီးအကြား၌ မုဆိုးသည် ပင်ပန်းသော အဖြစ်ကို မြင်၍ နှစ်ယောက်သောသူတို့သည် စားကြကုန်ဟု တခုသော ဖွတ်ကင်ကို ပေး၏၊ မင်းသို့မဟုတ်သည် ထိုဖွတ်ကင်ကို နှယ်ဖြင့်ဖွဲယူ၍ ခရီးသွား၏၊ ထိုမင်းသို့မဟုတ်, မင်းသားတို့သည် တခုသော ရေကန်ကို မြင်၍ ခရီးမှဖဲ၍ ညောင်ဗုဒ္ဓဟေပင်ရင်း၌ နေကုန်၏၊ မင်းသားသည် ရှင်မ သွားချေ ပဒုမာရွက်ဖြင့် ရေဆောင်ချေဖွတ်သားကို စားကြကုန်အံ့ဟု ဆို၏၊ မင်းသို့မဟုတ်သည် ဖွတ်ကင်ကို, ညောင်ခက်၌ ဆွဲ၍ ရေယူအံ့သောငှါ သွား၏၊ မင်းသားသည်အလုံးစုံသော ဖွတ်ကင်ကိုစား၍ အမြီးဖျားကိုကိုင်၍ မျက်ကွယ်ပြု၍နေ၏၊ မင်းသို့မဟုတ်သည် ရေကိုယူ၍ လာလတ်သော် မင်းသားသည် ရှင်မ ဖွတ်သည် ညောင်ခက်မှ ဆင်းသည်ဖြစ်၍ တောင်ပို့သို့ ဝင်၏၊ ငါပြေး၍ အမြီးဖျားကိုဆွဲ၏၊ ဆွဲကိုင်မိရာအရပ်သည် လက်ထဲ၌လျှင် ပြတ်၍ တွင်းသို့ဝင်၏ဟု ဆို၏၊ မင်းသို့မဟုတ်သည် အရှင်မင်းကြီး ပြေးစေတော့ ဖွတ်ကင်ပြေးသော် အဘယ်သို့ ပြုနိုင်ကုန်အံ့နည်း လာလော့ သွားကြကုန်အံ့ဟု ဆို၍ နှစ်ယောက်သော သူတို့သည် ရေသောက်၍ ဗာရာဏသီပြည်သို့ သွားကုန်၏။။

မင်းသားသည် မင်းအဖြစ်သို့ရောက်၍ ထိုမင်းသို့မဟုတ်ကို မိဖုယားကြီးအရာမျှ၌ သာလျှင်ထား၏၊ ထိုမိဖုယားကြီးအား ဆုလာဘ်ပေးခြင်း မြတ်နိုးတနာပြုခြင်းသည်ကား မရှိ၊ ဘုရားလောင်းသည် မိဖုယားကြီးအား ဆုလာဘ်ပေးခြင်း

www.dhammadownload.com

မြတ်နိုးတနာ ပြုစေလို၍ မင်း၏အထံ၌ နေ၍ အရှင်မ အကျွန်ုပ်တို့သည် အရှင်မတို့၏ အထံမှ တစုံတခုကို မရပါကုန် အရှင်မတို့သည် ကျွန်ုပ်တို့ကို မကြည့်ကုန်ပြီလောဟု ဆို၏၊ ဘခင် ကျွန်ုပ်သည်သာလျှင် မင်း၏အထံမှ တစုံတခုကို မရ၊ ဘခင်အား အဘယ်ကို ပေးပါအံ့နည်း မင်းသည်လည်း ယခု ကျွန်ုပ်အား အဘယ်ကို ပေးလတ္တံ့နည်း တောမှလာသော ကာလ၌ ဖွတ်ကင်ကို တယောက်ထည်းသာလျှင် စား၏ဟု ဆို၏၊အရှင်မ ဤသို့မဆိုလင့် မင်းသည် ဤသို့မပြုပေရာဟု ဘုရားလောင်းဆို၏၊ ထိုအခါ ဘုရားလောင်းကို မိဖုယားသည် ဘခင်ထိုကာလ၌ ဖြစ်သောအမှုသည် ဘခင်ဝို့းအား မထင်ရှား ကျွန်ုပ်နှင့် မင်းအားသာလျှင် ထင်ရှား၏ဟု ဆို၍—

၁၂၉ တဒေဝ မေ တွံ ဝိဒိတော၊ ဝနမဏ္ဍေ ရထေသဘာ။
ယာသေ တေ ခဂ္ဂဟတ္ထာသာ၊ သန္နဒ္ဓာသာ တိရိဋ္ဌိနော၁။
အာသုတ္ထဒုမသာခါယ၊ ပက္ကဂေါဓာ ပလာယထ။

ဟူသော ရွေးဦးစွာသော ဤဂါထာကို ဆို၏၊

ရထေသဘာ၊ တိုင်းသူတို့၏ အကြီးအမြတ်ဖြစ်သော ရှင်မင်းကြီး။ ဝနမဏ္ဍေ၊ တော၏အလယ်၌။ ခဂ္ဂဟတ္ထာသာ၊ သန်လျက်ဖဲ့ထသော။ သန္နဒ္ဓာသာ၊ ချပ်တန်ဆာဖဲ့ထသော။ တိရိဋ္ဌိနော၊ လျော်တေအဝတ် ဝတ်ထသော။ ယာသေ တေ၊ အကြင်မင်းကြီး၏။ တဒေဝ၊ ထိုခရီးလာသော အခါ၌သာလျှင်။ တွံ၊ သင်မင်းကြီးသည်။ မေ၊ အကျွန်ုပ်အား နအဒါသိ၊ မပေး။ အာသုတ္ထဒုမသာခါယ၊ ညောင်ဗုဒ္ဓပေါခက်မှ။ ပက္ကဂေါဓာ၊ ဖွတ်ကင်သည်။ ပလာယထ၊ ပြေး၏ဟူ၍။ ဝဒေသိ၊ ဆို၏။ ဧဝံ၊ ဤအဖြစ်ကို။ တယာ၊ သင်မင်းကြီးသည်။ ဝိဒိတော၊ သိအပ်၏။

ဤသို့ မင်းပြုသောအပြစ်ကို လူမျှားအလယ်၌ ထင်စွာပြု၍ မိဖုယားဆို၏ ဘုရားလောင်းသည် ထိုစကားကို ကြား၍ အရှင်မ မင်း၏ မချစ်သော ကာလမှစ၍ နှစ်ယောက်ကုန်သော သူတို့၏လည်း မချမ်းသာခြင်းကို ပြု၍ အဘယ့်ကြောင့် ဤ၌ နေသနည်းဟု ဆို၍—

၁၃၀ နမေ နမန္တာသ ဘဇေ ဘဇန္တံ၊
ကိစ္စာနုကုဗ္ဗသ ကရေယျ ကိစ္စံ။
နာနတ္ထကာမသ ကရေယျ အတ္ထံ၊
အသမ္ဘဇန္တမိ န သမ္ဘဇေယျ။

www.dhammadownload.com

၁၃၁ စဇေ စဇန္တံ ဝနထံ နကယိရာ၊
အပေတစိတ္တောန နသမ္ဘဇေယျ။
ဒိဇော ဒုမံ ခီဏဖလန္တိ ဥတ္ဝာ၊
အညံ သမေက္ခေယျ မဟာ ဟိ လောကော။

ဟူသော နှစ်ဂါထာတို့ကို ဆို၏။

ဒေဝီ၊ မိဖုယား။ နမန္တာသ၊ မိမိသို့ညွတ်သောသူအား။ နမေ၊ ညွတ်ရာ၏။ ဘဇန္တံ၊ မိမိသို့ဆည်းကပ်သောသူကို။ ဘဇေ၊ ဆည်းကပ်ရာ၏။ ကိစ္စံ၊ မိမိကိစ္စကို။ အနုကုဗ္ဗသ၊ အစဉ်ပြုသောသူ၏။ ကိစ္စံ၊ ကိစ္စကို။ ကရေယျ၊ ပြုရာ၏။ အနတ္ထ-ကာမသ၊ မိမိအကျိုးစီးပွားကို အလိုမရှိသောသူ၏။ အတ္ထံ၊ အကျိုးစီးပွားကို။ န ကရေယျ၊ မပြုရာ။ အသမ္ဘဇန္တမ်ိ၊ မိမိသို့ မဆည်းကပ်သော သူကိုလည်း။ န သမ္ဘဇေယျ၊ မဆည်းကပ်ရာ။

စဇန္တံ၊ မိမိကို စွန့်သောသူကို။ စဇေ၊ စွန့်ရာ၏။ ဝနထံ၊ ချစ်ခြင်းကို။ န ကယိရာ၊ မပြုရာ။ အပေတစိတ္တောန၊ တပ်စွန်းခြင်း ကင်းသော စိတ်ဖြင့်။ န သမ္ဘဇေယျ၊မဆည်းကပ်ရာ။ ဒိဇော၊ ငှက်သည်။ ဒုမံ၊ သစ်ပင်ကို။ ခီဏဖလန္တိ၊ အသီးကုန်၏ဟု။ ဥတ္ဝာ၊ သိ၍။ အညံ၊ တပါးသောသစ်ပင်ကို။ သမေက္ခေ-ကြည့်ရာ၏။ ဟိ-သစ်၊ မှန်၏။ လောကော၊ လူတို့၏ နေရာသည်။ ကျယ်၏။

မင်းသည် ဘုရားလောင်းဆိုသော်သာလျှင် မိဖုယား၏ကျေးဇူးကို ဒေါသ မေ့၍ ရှင်မ ဤမျှလောက်သော ကာလပတ်လုံး သင့်ကျေးဇူးကို ငါမအောက် မေ့မိ၊ ပညာရှိ၏စကားဖြင့် အောက်မေ့မိ၏၊ ငါ၏အပြစ်ကို သည်းခံသော သင့်အားသာလျှင် အလုံးစုံသော ဤမင်း၏အဖြစ်ကို ပေး၏ဟု ဆို၍-

၁၃၂ သော တေ ကရိဿာမိ ယထာနုဘာဝံ၊
ကတညုတံ ခတ္တိယေ ပေက္ခမာနော။
သဗ္ဗဉ္ဉု တေ ဣဿရိရာ ဒဒါမိ၊
ယဿိစ္ဆသိ တဿ တုဝံ ဒဒါမိ။

ဟူသော လေးခုမြောက်သော ဤဂါထာကို ဆို၏။

---

၁ ခီဏဖလံ (သီ၊ သျှ)

www.dhammadownload.com

ဒေဝီ၊ မိဖုယားး။ ခတ္တိယေ၊ မင်းဌ်။ ကတညုတံ၊ ကျေးဇူးကို သိသည်၏ အဖြစ်ကို။ ပေကွမာနေ၊ ရှုသော။ သော အဟံ၊ ထို ငါသည်။ တေ၊သင့်အား။ ယထာနုဘာဝံ၊ အစွမ်းသတ္တိအားလျော်စွာ။ ကရိဿာမိ၊ ပြုအံ့။ ယဿ၊ အကြင် စည်းစိမ်ကို။ တုဝံ၊ သင်သည်။ ဣစ္ဆသိ၊ အလိုရှိ၏။ တဿ၊ ထိုစည်းစိမ်ကို။ ဒဒါမိ၊ ငါပေး၏။ တေ၊ သင့်အား။ သဗ္ဗံ၊ အလုံးစုံသော။ ဣဿရိယဉ္စ၊ အစိုးရသည်၏အဖြစ်ကိုလည်း။ ဒဒါမိ၊ ငါပေး၏။

ဤသို့ဆို၍ မင်းသည် မိဖုယားအား အလုံးစုံသော စည်းစိမ်ကို ပေး၏၊ ဤပညာရှိသည် မိဖုယား၏ကျေးဇူးကို အောက်မေ့စေ၏ဟု ပညာရှိအားလည်း များစွာသော စည်းစိမ်ကို ပေး၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ လင်မယား နှစ်ယောက်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော် မူသနည်းဟူမူကား ယခုအခါ လင်မယားတို့သည် ထိုအခါလင်မယား ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါပညာရှိသောအမတ် ဖြစ်ဘူးပြီဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(သူပြိသမျှ၊ သတိရ၊ နှိမ်ချဂုဏ်တင် စည်းစိမ်ရှင်)

သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ပက္ကဝေါဓဇာတ်သည် ပြီး၏။

၃၄-ရာဇောဝါဒဇာတ်

ခေါင်းဆောင် ကောင်း အပေါင်းချမ်းသာ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် “ဂဝံ စေ တရမာနာနံ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ရာဇောဝါဒဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **မင်းအား ဆုံးမခြင်း**ကို အကြောင်းပြု၍ ဟောတော်

www.dhammadownload.com

မူ၏၊ (ဝတ္ထုသည် **တေသကုဏ္ဍဇာတ်*** ၌ ထင်စ့ာ ဖြစ်လတ္တံ့) အထူးကား ဤရာဇော၀ါဒဇာတ်၌ သဗ္ဗညူ မြတ်စ့ာဘုရားသည် မြတ်သောမင်းကြီး ရှေးမင်းတို့သည်လည်း ပညာရှိတို့၏ စကားကို ကြား၍ တရားသဖြင့် မင်းပြုကုန်လျက် နတ်ပြည်ကို ပြည့်စေကုန်၏ဟု မိန့်တော်မူ၍ မင်းသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသို့ပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ ခပ်သိမ်းသော အတတ်တို့ကို သင်၍ ရသေ့ရဟန်းပြု၍ အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေ၍ မွေ့လျော်ဘွယ်ရှိသော ဟိမဝန္တာအရပ်၌ တောသစ်မြစ်သစ်သီးကြီးငယ်ဟူသော အာဟာရရှိသည်ဖြစ်၍ နေ၏၊ ထိုအခါ မင်းသည် ကျေးဇူးမဲ့ကို ရှာတတ်သော သဘောရှိသည်ဖြစ်၍ ငါ၏ ကျေးမဲ့ကို ပြောဆိုသော တစုံတယောက်သောသူ ရှိသလောဟု ရှာသည်ရှိသော် အတွင်းလူများ၌ဌင်း၊ အပြင်လူများ၌ဌင်း၊ မြို့တွင်း၌ဌင်း၊ မြို့ပ၌ဌင်း မိမိ၏ကျေးဇူးမဲ့ကို ဆိုသောသူကို မမြင်၍ ဇနပုဒ်သား တို့သည် ဆိုကုန်သလောဟု မတင်ရှားသော အသွင်ဖြင့် ဇနပုဒ်ကို လှည့်လည်၏၊ ထို့ဇနပုဒ်၌လည်း ကျေးဇူးမဲ့ကို ဆိုသောသူကို မမြင်သည်ဖြစ်၍ မိမိကျေးဇူး စကားကိုသာလျှင် ကြား၍ ဟိမဝန္တာ၌ ကျေးဇူးမဲ့ကို ဆိုကုန်သလောဟု တောသို့ဝင်၍ လှည့်လည်သော် ဘုရားလောင်း၏ကျောင်းသို့ ရောက်၍ ဘုရားလောင်းကို ရှိခိုး၍ ပြုအပ်သော ပဋိသန္ထာရရှိသည်ဖြစ်၍ တင့်အပ်လျောက်ပတ်စ့ာ နေ၏။

ထိုအခါ ဘုရားလောင်းသည် တောမှ ပညောင်သီးမှည့်တို့ကို ဆောင်၍ သုံးဆောင်၏၊ ထိုပညောင်သီးမှည့်တို့သည် ချိုကုန်၏၊ သြဇာရှိကုန်၏၊ သကြားမှန့်နှင့် တူကုန်၏၊ ဘုရားလောင်းသည် မင်းကိုခေါ်၍ ဘုန်းကြီးသော ဒါယကာ ဤပညောင်သီးမှည့်ကို စား၍ ရေကို သောက်လော့ဟု ဆို၏၊ မင်းသည် ဘုရားလောင်းဆိုတိုင်း ပြု၍ ဘုရားလောင်းကို အရှင်ဘုရား ဤပညောင်သီးမှည့်သည် အဘယ့်ကြောင့် အလွန်ချိုသနည်းဟု မေး၏၊ ဘုန်းကြီးသော ဒါယကာ မင်းသည် တရားသဖြင့် မင်းပြု၏၊ ထို့ကြောင့် ထိုပညောင်သီးမှည့်သည် ချို၏ဟု ဆို၏၊ အရှင်ဘုရား မင်း,တရားမစောင့်သောကာလ၌ မချိုခြင်းသည် ဖြစ်သလောဟု မေး၏၊ ဘုန်းကြီးသော ဒါယကာ ဆိုတိုင်း ဟုတ်မှန်၏၊ မင်းတို့သည်

---

* တေသကုဏ္ဍဇာတ် စတ္တာလိသနိပါတ်မှာ ပါသည်။

www.dhammadownload.com

တရားမစောင့်ကုန်သည်ရှိသော် ဆီပျော်းတင်လဲ အစရှိသည်တို့သည်၎င်း၊ တော သစ်မြစ်, သစ်သီးတို့သည်၎င်း မချိုကုန်၊ သြဇာမရှိကုန်၊ အလုံးစုံသော တိုင်းသည်လည်း သြဇာမရှိသည်ဖြစ်၏၊ မင်းတို့သည် တရားစောင့်ကုန်သည် ရှိသော် ခပ်သိမ်းသော အာဟာရတို့သည် ချိုကုန်၏၊ သြဇာရှိကုန်၏၊ အလုံးစုံ သော တိုင်းသည်လည်း သြဇာရှိသည်ဖြစ်၏ဟု ဆို၏၊ မင်းသည် အရှင်ဘုရား အမိန့်တော်ရှိတိုင်း ဖြစ်လတ္တံ့ဟု ဆို၍ မိမိ၏မင်းအဖြစ်ကို မသိစေမူ၍သာလျှင် ဘုရားလောင်းကို ရှိခိုး၍ ဗာရာဏသီပြည်သို့ သွား၍ ရသေ့၏စကားကို စုံစမ်း အံ့ဟု အဓမ္မဖြင့် မင်းပြု၍ ယခု သိရအံ့ဟု အနည်းငယ်သောကာလကို လွန်စေ၍ တဘန် ထိုကျောင်းသို့ သွား၍ ထိုဘုရားလောင်းကို ရှိခိုး၍ တင့်အပ်လျောက် ပတ်စွာ နေ၏။

ဘုရားလောင်းသည်လည်း မင်းအား ရှေးအတူသာလျှင် ဆို၍ ပညောင်သီး မှည့်ကို ပေး၏၊ ထိုပညောင်သီးမှည့်သည် ခါးသောအရသာရှိ၏၊ မင်းသည် မချို အရသာမရှိဟု တံတွေးနှင့်တကွ ထွေး၍ အရှင်ဘုရား ခါး၏ဟု ဆို၏၊ ဘုရား လောင်းသည် ဘုန်းကြီးသော ဒါယကာ မင်းသည် တရားမစောင့်သည် ဖြစ်လတ္တံ့၊ မင်းတို့ တရားမစောင့်သောကာလ၌ တော သစ်သီး ကြီးငယ်ကို အစပြု၍ အလုံးစုံသည် မချို သြဇာမရှိခြင်းသည် ဖြစ်၏ဟု ဆို၍–

၁၃၃ ဂဝံ စေ တရမာနာနံ၊ ဇီမှံ ဂစ္ဆတိ ပုဂ်ဂေါ။
သဗ္ဗာ တာ ဇီမှံ ဂစ္ဆန္တိ၊ နေတ္တေ ဇီမှံ ဂတေ သတိ။

၁၃၄ ဧဝမေဝ မနုဿေသု၊ ယော ဟောတိ သေဋ္ဌသမ္မတော။
သော စေ အဓမ္မံ စရတိ၊ ပဂေဝ ဣတရာ ပဇာ။
သဗ္ဗံ ရဋ္ဌံ ဒုခံ သေတိ၊ ရာဇာ စေ ဟောတိ အဓမ္မိကော။

၁၃၅ ဂဝံ စေ တရမာနာနံ၊ ဥဇုံ ဂစ္ဆတိ ပုဂ်ဂေါ။
သဗ္ဗာ ဂါဝီ ဥဇုံ ယန္တိ၊ နေတ္တေ ဥဇုံ ဂတေ သတိ။

၁၃၆ ဧဝမေဝ မနုဿေသု၊ ယော ဟောတိ သေဋ္ဌသမ္မတော။
သော သစေ ဓမ္မံ စရတိ၊ ပဂေဝ ဣတရာ ပဇာ။
သဗ္ဗံ ရဋ္ဌံ သုခံ သေတိ၊ ရာဇာ စေ ဟောတိ ဓမ္မိကော။

ဟူသော ဤဂါထာတို့ကို ဆို၏။

www.dhammadownload.com

မဟာပုည၊ ဘုန်းကြီးသော ဒါယကာ။ တရမာနာနံ၊ မြစ်ကိုကူးကုန်သော။ ဂဝံ၊ နွားတို့တွင်။ ပုဂ်ဂေါ၊ ရှေ့ဆောင်နွားလားသည်။ ဇိမ့်၊ ကောက်စွာ။ စေ ဂစ္ဆတိ၊ အကယ်၍ သွားအံ့။ နေတ္တော၊ ရှေ့ဆောင်နွားလားသည်။ ဇိမ့်၊ ကောက်စွာ။ ဂတော၊ သွားသည်။ သတိ၊ ရှိသော်။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ တာ၊ ထိုနွားမတို့သည်။ ဇိမ့်၊ ကောက်စွာ။ ဂစ္ဆန္တိ၊ သွားကုန်၏။

ဧဝမေဝ၊ ဤအတူသာလျှင်။ မနုဿသူ၊ လူတို့တွင်။ ယော၊ အကြင်မင်းသည်။ သေဋ္ဌသမ္မတော၊ အမြတ်ဟူ၍ သမုတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုမင်းသည်။ အဓမ္မံ၊ အဓမ္မကို။ စေ စရတိ၊ အကယ်၍ကျင့်အံ့။ ဣတရာ၊ ဤမှ တပါးကုန်သော။ ပဇာ၊ သတ္တဝါတို့သည်။ ပဂေဝ၊ အဘယ်ဆိုဘွယ်ရာရှိအံ့နည်း။ ရာဇာ၊ မင်းသည်။ အမ္မိကော တရားမစောင့်သည်။ စေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ သဗ္ဗံ၊ အလုံးစုံသော။ ရဋ္ဌံ၊ တိုင်းသည်။ ဒုခံ၊ ဆင်းရဲစွာ။ သေတိ၊ အိပ်ရ၏။

တရမာနာနံ၊ မြစ်ကိုကူးကုန်သော။ ဂဝံ၊ နွားတို့တွင်။ ပုဂ်ဂေါ၊ ရှေ့ဆောင်နွားလားသည်။ ဥဇုံ၊ ဖြောင့်စွာ။ စေ ဂစ္ဆတိ၊ အကယ်၍ သွားအံ့။ နေတ္တော၊ ရှေ့ဆောင်နွားလားသည်။ ဥဇုံ၊ ဖြောင့်စွာ။ ဂတော၊သွားသည်။ သတိ၊ ရှိသော်။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဂါဒိ၊ နွားမတို့သည်။ ဥဇုံ၊ ဖြောင့်စွာ။ ယန္တိ၊ သွားကုန်၏။

ဧဝမေဝ၊ ဤအတူ သာလျှင်။ မနုဿသူ၊ လူတို့တွင်။ ယော၊ အကြင်မင်းသည်။ သေဋ္ဌသမ္မတော၊ အမြတ်ဟူ၍ သမုတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုမင်းသည်။ ဓမ္မံ၊ တရားကို။ သစေ စရတိ၊ အကယ်၍ ကျင့်အံ့။ ဣတရာ၊ မင်းမှတပါးကုန်သော။ ပဇာ၊ သတ္တဝါတို့သည်။ ပဂေဝ၊ အဘယ်ဆိုဘွယ်ရာရှိအံ့နည်း။ ရာဇာ၊ မင်းသည်။ ဓမ္မိကော၊ တရားစောင့်သည်။ စေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ သဗ္ဗံ၊ အလုံးစုံသော။ ရဋ္ဌံ၊ တိုင်းသည်။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ အိပ်ရ၏။

မင်းသည် ဘုရားလောင်း၏ စကားကို ကြား၍ မိမိ၏ မင်း၏အဖြစ်ကို သိစေ၍ အရှင်ဘုရား ရှေးဌ် ပညောင်သီးမှည့်ကို အကျွန်ုပ်သည် သာလျှင် ချိုအောင်ပြု၍ ခါးအောင်ပြုပြီ၊ ယခု ချိုအောင်ပြုအံ့ဟု ဆို၍ ဘုရားလောင်းကို

www.dhammadownload.com

ရှိခိုးရ၍ ပြည်သို့ သွား၍ တရားသဖြင့် မင်းပြု၏၊ ပညောင်သီးမှည့်သည် ပကတိ ဖြစ်၏။

ဇာတ်ပေါင်း သင်္ဘည္ဴ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်း ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ရသေ့ ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(တရားသဖြင့်၊ မင်းပြုလင့်က၊ တိုင်းနှင့်ပြည်သူ၊ ဝဒေပြောဆို၏)
လေးခုတို့၏ပြည့်ကြောင်းဖြစ်သော ရာဇောဝါဒဇာတ်သည် ပြီး၏။

၃၅- ဇမ္ဗုကဇာတ်

မာန်ဟုန်ပြင်း ဆင်နင်းသေ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သင်္ဘည္ဴ မြတ်စွာဘုရားသည် "ဗြဟာ ပဝဇုကာယော သော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဇမ္ဗုကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ဒေဝဒတ်၏ ဘုရားအတုပြုခြင်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ (ပစ္စုပ္ပန်ဝတ္ထုသည် အောက်၌ခဲ့အပ်ပြီ၊ အထူးကား ဤဇမ္ဗုကဇာတ်၌ ဤသို့အကျဉ်းကိုသိအပ်၏) သင်္ဘည္ဴ မြတ်စွာဘုရားသည် သာရိပုတ္တရာ ဒေဝဒတ်သည် သင်တို့ကို မြင်၍ အဘယ်သို့ ပြုသနည်းဟု မေးတော်မူသည် ရှိသော် အရှင်သာရိပုတ္တရာ မထေရ်သည် ဘုန်းတော်ကြီးခဲသော အရှင်ဘုရား အရှင်ဘုရားတို့၏ အတုကိုပြုလျက် အကျွန်ုပ်လက်၌ ယပ်ကို ပေး၍ အိပ်၏၊ ထိုအခါ ဒေဝဒတ်ကို ကောကာလိကသည် ရင်၌ ဒူးပုဆစ်ဖြင့် ခတ်၏၊ ဤသို့ ထိုဒေဝဒတ်သည် အရှင်ဘုရားတို့၏ အတုကိုပြု၍ ဆင်းရဲကို ခံရ၏ဟု လျှောက်၏၊ သင်္ဘည္ဴ မြတ်စွာဘုရားသည် ထိုစကားကို ကြား၍ သာရိပုတ္တရာ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ငါ၏အတုကိုပြု၍ ဆင်းရဲကို ခံရသည် မဟုတ်သေး၊ ရှေး၌လည်း ဆင်းရဲကို ခံရဘူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အရှင်သာရိပုတ္တရာ မထေရ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

www.dhammadownload.com

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ခြင်္သေ့မျိုးဥဖြစ်၍ ဟိမဝန္တာလိုဏ်၌ နေသည်ရှိသော် တနေ့သ၌ ကျဲကိုသတ်၍ အသားကိုစား၍ ရေသောက်၍ လိုဏ်သို့လာ၏၊ တခုသောမြေခွေးသည် ခြင်္သေ့ကိုမြင်၍ ပြေးခြင်းငှါမတတ်နိုင် ရကား ရင်ဖြင့် ဝပ်၏၊ မြေခွေး အသို့ပြုသနည်းဟု ဆိုသည်ရှိသော် အရှင့်ကို အကျွန်ုပ် ခစားလို၏ဟု ဆို၏၊ ခြင်္သေ့သည် ထိုသို့တပြီးကား လာလော့ဟု ထိုမြေခွေးကို မိမိနေရာအရပ်သို့ ဆောင်၍ နေ့တိုင်းနေ့တိုင်း အမဲကိုဆောင်ယူ ပေး၍ ကျွေးမွေး၏၊ ခြင်္သေ့စားကြွင်းဖြင့် ဆူဖြိုးသော ကိုယ်ရှိသည်၏အဖြစ်သို့ ရောက်သော် ထိုမြေခွေးအား တနေ့သ၌ မာနသည် ဖြစ်၏၊ ထိုမြေခွေးသည် ခြင်္သေ့ကိုကပ်၍ အရှင် အကျွန်ုပ်သည် အခါခပ်သိမ်း အရှင်တို့၏အလုပ်အကျွေး ကို ခံ၏၊အရှင်တို့သည် အခါခပ်သိမ်း အမဲကို ဆောင်ယူ၍ အကျွန်ုပ်ကိုကျွေးမွေး ကုန်၏၊ ယနေ့ အရှင်သည် ဤနေရာ၌လျင် နေလော့ အကျွန်ုပ်သည် တခုသော ဆင်ကို သတ်၍ အသားကို စား၍ အရှင့်ဘို့ ဆောင်ခဲ့အံ့ဟုဆို၏၊ ခြင်္သေ့သည် မြေခွေး သင်သည် ထိုအမှုကို မနှစ်သက်လင့် သင်သည် ဆင်ကိုသတ်၍ အသား ကိုစားသောငှာမျိုးဥ မဖြစ်၊ ငါသည် သင့်အား ဆင်ကိုသတ်၍ပေးအံ့၊ ဆင်မည် သည်ကား ကြီးသောကိုယ်ရှိ၏၊ သင်သည် ဆင်ကို မဖမ်းလင့်၊ ငါ့စကားကို နားထောင်လော့ဟု ဆို၍-

၁၃၇ ဗြဟာ ပဝဒုကာယော သော၊ ဒီဃဒါဌော စ ဇမ္ဗုကော။
နတ္ထံ တတ္ထ ကုလေ ဇာတော၊ ယတ္ထ ဂဏ္ဍန္တိ ကုဉ္ဇရံ။

ဟူသော ရှေးဦးစွာသော ဂျိဂါထာကို ဆို၏။

ဇမ္ဗုကော မြေခွေး။ သော ကုဉ္ဇရော၊ ထိုဆင်သည်။ ဗြဟာ၊ ကြီး၏။ ပဝဒ္ဓ-ကာယော၊ မြင့်သောကိုယ်ရှိ၏။ ဒီဃဒါဌော စ၊ ရှည်သော အစွယ်လည်း ရှိ၏။ ယတ္ထ၊ အကြင်ခြင်္သေ့မျိုးဥ၌။ ကုဉ္ဇရံ၊ ဆင်ကို။ ဂဏ္ဍန္တိ၊ ဖမ်းကုန်၏။တံ့၊သင်သည်။ တတ္ထ ကုလေ၊ ထိုခြင်္သေ့မျိုးဥ၌။ နဇာတော၊ မဖြစ်။

မြေခွေးသည် ခြင်္သေ့တားမြစ်လျက်လျင် လိုဏ်မှထွက်၍ သုံးကြိမ် ခွေးသံကို မြည်၍ တောင်ထိပ်၌ ရပ်လျက် တောင်ခြေရင်းကို ကြည့်လတ်သော် တောင် ခြေရင်းဖြင့် လာလတ်သော တခုသော မည်းသော ဆင်ကို မြင်၍ ထိုဆင်၏

www.dhammadownload.com

ဦးကင်းဌ် ကျအုံဟု ခုန်၍ လိမ့်၍ ဆင်၏ခြေရင်းဌ် ကျ၏၊ ဆင်သည် ရွှေခြေနှစ်ဘက်ကို ကြွ၍ မြေခွေး၏ ဦးခေါင်းကို နင်း၏၊ ဦးခေါင်းကွဲ၍ မှုန့်မှုန့်ကြေ၏၊ မြေခွေးသည် ထိုအရပ်ဌ်လျင် ညည်းညူလျက်အိပ်၏၊ ဆင်သည် ကြိုးကြာသံနှင့် တူသော အသံကို မြည်လျက် ဖဲ၏၊ ဘုရားလောင်းသည် သွား၍ တောင်ထိပ်ဌ် ရပ်လျက် ပျက်စီးခြင်းသို့ ရောက်သော ထိုမြေခွေးကို မြင်၍ မိမိမာနကို မှီ၍ မြေခွေးသည် ပျက်စီး၏ဟု—

၁၃၈ အသီဟော သီဟမာနေန၊ ယော အတ္တာနံ ဝိကုဗ္ဗတိ။
ကောတ္ထု၀ ဂဇမာသဇ္ဇ၊ သေတိ ဘုမ္မာ အနုတ္ထုနံ။

၁၃၉ ယသသိနော ဥတ္တမပုဂ္ဂလဿ၊
သဥ္ဇာတခန္ဓဿ မဟဗ္ဗလဿ။
အသမေက္ခိယ ထာမဗလူပပတ္တိံ၊
သ သေတိ နာဂေန ဟဉ္ဇတာယံ ဇမ္ဗုကော။

၁၄၀ ယော စိဓ ကမ္မံ ကုရုတေ ပမာယ၊
ထာမဗ္ဗလံ အတ္တနိ သံဝိဒိတ္ဝာ။
ဇပ္ပေန မန္တေန သုဘာသိတေန၊
ပရိက္ခ၀ါ သော ဝိပုလံ ဇိနာတိ။
ဟူကုန်သော ဤသုံး၀ါထာတို့ကို ဆို၏။

ကောတ္ထု၊ မြေခွေးသည်။ ၀ဇံ၊ ဆင်သို့။ အာသဇ္ဇ၊ ရောက်၍။ အနုတ္ထုန၊ ညည်းညူလျက်။ ဘုမ္မာ၊ မြေ၌။ သေတိ ဣ၀၊ အိပ်ရသကဲ့သို့။ ယော၊ အကြင်သူသည်။ အသီဟော၊ ခြင်္သေ့ မဟုတ်ဘဲလျက်။ သီဟမာနေန၊ ခြင်္သေ့မာန်ဖြင့်။ အတ္တာနံ၊ ကိုယ်ကို။ဝိကုဗ္ဗတိ၊ ဘောက်ပြန်၍ပြု၏။ သော၊ ထိုသူသည်။ ဧ၀ရူပေါ၊ ဤမြေခွေးကဲ့သို့ သဘောရှိသည်။ ဟောတိ၊ ဖြစ်၏။

သ-သော အယံ ဇမ္ဗုကော၊ ထိုမြေခွေးသည်။ ယသသိနော၊ အစိုးရခြင်းရှိသော။ ဥတ္တမပုဂ္ဂလဿ၊ မြတ်သော ပုဂ္ဂိုလ်ဖြစ်သော။ သဥ္ဇာတခန္ဓဿ၊ ကောင်းစွာတည်သော ကြီးသောပခုံးရှိသော။ မဟဗ္ဗလဿ၊ ခွန်အားကြီးသော ခြင်္သေ့မင်း၏။ ထာမဗလူပပတ္တိံ၊ အစွမ်းအားဖြင့် ဖြစ်ခြင်းကို။အသမေက္ခိယ၊ မဆင်ခြင်မူ၍။ နာဂေန၊ ဆင်သည်။ ဟတော၊ သတ်အပ်သည်ဖြစ်၍။ သေတိ၊ သေလျက် အိပ်ရ၏။

www.dhammadownload.com

ဣမ လောကော၊ ဤလောကဋ္ဌ။ ပရိက္ခဝါ၊ ပညာရှိသော။ ယော စ၊ အကြင် သူသည်လည်း။ ပမာယ၊ နှိုင်းယှဉ်၍။ အတ္တာနိ၊ မိမိ၌။ ထာမဗ္ဗလံ၊ ကိုယ်အား ဉာဏ်အားကို။ သံဝိဒိတ္ဝာ၊ သိ၍။ ဇပေါနာ၊ မန္တရားဖြင့်ဆင်း။ မန္တေနာ၊ ပညာရှိ တို့နှင့် တိုင်ပင်သဖြင့်ဆင်း။ သုဘာသိတေန၊ ကောင်းစွာဆိုအပ်သော စကားဖြင့် ဆင်း။ ကမ္မံ၊ အမှုကို။ကုရုတော၊ ပြု၏။သော၊ ထိုသူသည်။ ဝိပုလံ၊ များစွာသော အကျိုးကို။ ဇိနာတိ၊ အောင်၏။

ဤသို့ ဘုရားလောင်းသည် ဤသုံးဂါထာတို့ဖြင့် ဤလောကဋ္ဌ ပြုအပ်သည် နှင့် ယှဉ်သော အမှုကို ဆို၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော် မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မြေခွေး ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရား သည်သာလျှင် ထိုအခါ ခြင်္သေ့ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မတူဘဲတူ၊ ဘက်ပြိုင်မြို၊ ဇမ္ဗုကဟမာ ဟုက်စီးမှာ)

ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော ဇမ္ဗုကဇာတ်သည် ပြီး၏။

၃၆-မြဟာဆတ္တဇာတ်

ပညာဆောင်ငြား စီးပွားပြန်ရ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "တိဏံ တိဏံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤမြဟာဆတ္တဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **အံ့ဘွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းတပါး**ကို အကြောင်း ပြု၍ ဟောတော်မူ၏၊ (ပစ္စုပ္ပန်ဝတ္ထုကို ဆိုအပ်ပြီ)။

အတီတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်ဖြစ်၏၊ ဗာရာဏသီမင်းသည် များစွာသော စစ်သည်ဖြင့်

www.dhammadownload.com

ကောသလမင်းကို စစ်ထိုးအံ့သောငှါသွား၍ သာဝတ္ထိပြည်သို့ရောက်၍ စစ်ထိုး ခြင်းဖြင့် မြို့တွင်းသို့ဝင်၍ မင်းကို ဖမ်း၏၊ ကောသလမင်းအားကား ဆတ္တ မည်သော သားသည် ရှိ၏၊ထိုသားသည် မထင်ရှားသောအသွင်ဖြင့် ထွက်ပြေး၍ တက္ကသိုလ်ပြည်သို့ သွား၍ ဗေဒင်သုံးပုံ, တဆဲ့ရှစ်ပါးသော အတတ်တို့ကို သင်၍ တက္ကသိုလ်ပြည်မှ ထွက်ခဲ့၍ ခပ်သိမ်းသော အတတ်ပညာတို့ကို သင်လျက် တခုသော ပစ္စန္တရစ်ရှာသို့ ရောက်၏၊ ထိုပစ္စန္တရစ်ရှာကို မှီ၍ ငါးရာသော ရသေ့ တို့သည် တောဝယ် သစ်ရွက်မိုးသော ကျောင်းတို့၌ နေကုန်၏၊ ဆတ္တမင်းသား သည် ငါးရာသော ရသေ့တို့ကို ဆည်းကပ်၍ ဤရသေ့တို့၏ အထံ၌လည်း တစုံ တခုသော အတတ်ကို သင်အံ့ဟု ရဟန်းပြု၍ အကြင်အတတ်ကို ရသေ့တို့သည် တတ်ကုန်၏၊ ထိုအလုံးစုံသော အတတ်ကိုသင်၍ နောက်အဘို့၌ ဂိုဏ်းဆရာဖြစ်၏။

ထိုအခါ တနေ့သ၌ ရသေ့အပေါင်းကို ခေါ်၍ အရှင်ဘုရားတို့ အရှင်တို့သည် အဘယ့်ကြောင့် မင်္ဂလမဒေဿသို့ မသွားကုန်သနည်းဟု မေး၏၊ ငါ့သျှင် မင်္ဂလ ဒေဿ၌ လူတို့မည်သည်ကား ပညာရှိကုန်၏၊ ထိုလူတို့သည် ပြဿနာကို မေးကုန် လတ္တံ့၊ အနုမောဒနာကို ပြုစေကုန်လတ္တံ့၊မင်္ဂလာကို ရွတ်စေကုန်လတ္တံ့၊ မတတ် နိုင်ကုန်သောသူတို့ကို ကဲ့ရဲ့ကုန်လတ္တံ့၊ ကျွန်ုပ်တို့သည် ထိုသို့ သဘောရှိသော ဘေးကြောင့် မသွားကုန်ဟု ဆိုကုန်၏၊ အရှင်ဘုရားတို့သည် မကြောက်ကြ ကုန်လင့်၊ ထိုအလုံးစုံကို ကျွန်ုပ်ပြုအံ့ဟု ဆတ္တမင်းသား ဆို၏၊ ထိုသို့ဖြစ်လျှင် သွားကြကုန်အံ့ဟု ခပ်သိမ်းသော ရသေ့တို့သည် မိမိ မိမ်တို့၏ အထူးထူးသော ပရိက္ခရာကို ယူ၍ အစဉ်သဖြင့် ဗာရာဏသီပြည်သို့ ရောက်ကုန်၏၊ ဗာရာဏသီ မင်းသည်လည်း ကောသလမင်းကို မိမိလက်သို့ ရောက်သည်ကိုပြု၍ သာဝတ္ထိ ပြည်၌ မင်းချင်း ယောကျ်ား တို့ကို ထားခဲ့၍ မိမိသည်ကား သာဝတ္ထိပြည်၌ ရှိသော ဥစ္စာကို ယူ၍ ဗာရာဏသီပြည်သို့ သွား၍ ဥယျာဉ်၌ ကြေးအိုးတို့ကို ပြည့်စေ၍ မြှုပ်၍ ထိုဗာရာဏသီပြည်၌သာလျှင် နေ၏၊ ထိုအခါ ရသေ့တို့သည် မင်း၏ဥယျာဉ်ဝယ် ညဉ့်၌နေ၍ နက်ဖြန်နံနက် ဗာရာဏသီမြို့သို့ ဆွမ်းခံဝင်၍ မင်းအိမ်တံခါးသို့ ရောက်ကုန်၏၊ မင်းသည် ထိုရသေ့တို့၏ ဣရိယာပုထ်တို့၌ ကြည်ညို၍ ပင့်ခေါ်စေ၍ မြတ်သော ပြာသာဒ်အပြင်၌ နေစေ၍ ရသေ့တို့အား ယာဂု ခဲဘွယ်ကို လှူ၍ ဆွမ်းဘုဉ်းပေးသော ကာလတိုင်အောင် ထိုထိုပြဿနာကို မေး၏၊ ဆတ္တမင်းသားသည်သာလျှင် မင်း၏စိတ်ကို နှစ်သက်စေလျက် ခပ်သိမ်း သော ပြဿနာတို့ကို ဖြေ၍ ဆွမ်းဘုဉ်းပေးပြီးသော၊ အဆုံး၌ ဆန်းကြယ်သော[၁]

---

၁ အထူးထူးသော (က)

www.dhammadownload.com

အနုမောဒနာကို ပြု၏၊ မင်းသည် အတိုင်းထက်အလွန် ကြည်ညို၍ ဝန်ခံခြင်းကို ယူ၍ အလုံးစုံသော ရသေ့တို့ကိုလည်း ဥယျာဉ်၌ နေစေ၏။

ဆတ္တာမင်းသားသည် ဥစ္စာအိုးကို ထုတ်ဘော်သော မန္တရားကို တတ်၏၊ ထိုဆတ္တာမင်းသားသည် ဥယျာဉ်၌ နေလျက် အဘယ်၌လျှင် ဤဗာရာဏသီ မင်းသည် ငါ့အဘဥစ္စာကို မြုပ်သနည်းဟု မန္တရားကို မန်း၍ ကြည့်လတ်သော် ဥယျာဉ်၌ မြုပ်သောအဖြစ်ကို သိ၍ ဤဥစ္စာကိုယူ၍ ငါ၏ပြည်ကို ငါယူအံ့ဟု ကြံ၍ ရသေ့တို့ကိုခေါ်၍ အရှင်ဘုရားတို့ အကျွန်ုပ်ကား ကောသလမင်း၏ သားတည်း၊ ဗာရာဏသီမင်းသည် အကျွန်ုပ်တို့ပြည်ကို ယူသည်ရှိသော် မထင်ရှားသောအသွင်ဖြင့် ထွက်၍ ဤမျှလောက်သော ကာလုပတ်လုံး ကိုယ့်အသက်ကို စောင့်ရ၏၊ ယခု ကျွန်ုပ် အဘဥစ္စာကို ရအပ်ပြီ၊ အကျွန်ုပ်သည် ထိုဥစ္စာကိုယူ၍ သွား၍ ကိုယ့်နိုင်ငံကိုယူအံ့၊ အရှင်ဘုရားတို့သည် အဘယ်သို့ ပြုကြကုန်အံ့နည်းဟု မေး၏၊ အကျွန်ုပ်တို့သည်လည်း အရှင်နှင့် အတူတကွသာလျှင် လိုက်ကုန်အံ့ဟု ဆိုကုန်၏၊ ဆတ္တာမင်းသားသည် ကောင်းပြီဟု တိုင်ပင်၍ ကြီးစွာကုန်သော သားရေအိတ်တို့ကို လုပ်စေ၍ ညှဉ်အဘို့၌ မြေကိုတူး၍ ဥစ္စာအိုးတို့ကို ထုတ်ဘော်၍ သားရေအိတ်တို့၌ ထည့်၍ အိုးတို့ကို မြက်ဖြင့် ပြည့်စေ၍ ငါးရာသော ရသေ့တို့ကိုဌာန ပတပါးကုန်သောလူတို့ကိုဌာန ဥစ္စာကိုဆောင်ယူစေ၍ပြေးလျက် သာဝတ္ထိပြည်သို့ ရောက်၍ ခပ်သိမ်းသော မင်းချင်းယောကျ်ားတို့ကို ဖမ်းစေ၍ သာဝတ္ထိပြည်ကိုယူ၍ တံတိုင်း, ပစ္စင် အစရှိသော အလုံးစုံကို ပြုပြင်စေ၍ တဖန် ရန်သူမင်းသည် စစ်ထိုးသဖြင့် မယူနိုင်အောင်ပြု၍ သာဝတ္ထိပြည်၌ နေ၏၊ ထိုအခါ ဗာရာဏသီမင်းအား ရသေ့တို့သည် ဥယျာဉ်မှ ဥစ္စာကို ယူ၍ ပြေးကုန်၏ဟု ကြားလျှောက်ကုန်၏၊ ဗာရာဏသီမင်းသည် ဥယျာဉ်သို့ သွား၍ အိုးတို့ကို ဖွင့်စေ၍ မြက်ကိုသာလျှင် မြင်၏၊ ဗာရာဏသီမင်းအား ဥစ္စာကို အမှီပြု၍ ကြီးစွာသော စိုးရိမ်ခြင်းသည် ဖြစ်၏၊ ဗာရာဏသီမင်းသည် မြို့သို့သွား၍ မြက်သာလျှင်တည်း မြက်သာလျှင်တည်းဟု မြည်လျက်သွား၏၊ ထိုမင်း၏ သောကကို ငြိမ်းစိမ့်သောဌာန တစုံတယောက်သောသူသည် မတတ်နိုင်။

ဘုရားလောင်းသည် မင်းကား ကြီးစွာသောစိုးရိမ်ခြင်းရှိ၍ မြည်တမ်းလျက် သွား၏၊ငါ့ကို ထား၍ ငါမှတပါး တစုံတယောက်သောသူသည် ဤမင်း၏စိုးရိမ်ခြင်းကို ပယ်အံ့သောဌာန မတတ်နိုင် ငါသည် မင်းအား စိုးရိမ်ခြင်း မရှိသည်ကို ပြုအံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုဘုရားလောင်းသည် တနေ့သ၌ မင်းနှင့်တကွ ချမ်းသာစွာ နေလျက် မင်းသည် မြည်တမ်းသောကာလ၌—

www.dhammadownload.com

၁၄၁ တိဏံ တိဏဿ လပသိ၊ ကော နု တေ တိဏမာဟရိ။
ကိံ နု တေ တိဏကိစ္စတ္ထိ၊ တိဏမေဝ ပဘာသသိ။

ဟူသော ရွေးဦးစွာသော ဤဂါထာကို ဆို၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ တိဏံ တိဏဿ၊ မြက်သာလျှင်တည်း မြက်သာလျှင်တည်းဟု။ လပသိ၊ ဆို၏။ တေ၊ သင်မင်းကြီး၏။ တိဏံ၊ မြက်ကို။ ကော နု၊ အဘယ်သူသည်သာလျှင်။ အာဟရိ၊ ဆောင်သနည်း။ တေ၊ သင်မင်းကြီးအား။ တိဏကိစ္စံ၊ မြက်ဖြင့်ပြုအပ်သောကိစ္စသည်။ အတ္ထိ ကိံ နု၊ ရှိသလော။ တိဏမေဝ၊ မြက်ကိုသာလျှင်။ ပဘာသသိ၊ ဆို၏။

ထိုစကားကို ကြား၍ မင်းသည်-

၁၄၂ ဣဓဝါဂမာ ဗြဟ္မစာရိ၊ ဗြဟာ ဆတ္တော ဗဟုဿုတော။
သော မေ သဗ္ဗံ သမာဒါယ၊ တိဏံ နိက္ခိပ္ပ ဂစ္ဆတိ။

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

ပဏ္ဍိတ၊ ပဉ္ဉာရှိ။ ဗြဟ္မစာရိ၊ မြတ်သောအကျင့်ကို ကျင့်သော။ ဗြဟာ၊ မြင့်သော။ ဗဟုဿုတော၊ များသော အကြားအမြင်ရှိသော။ ဆတ္တော၊ ဆတ္တသည်။ ဣဓ၊ ဤဗာရာဏသီသို့။ အာဂမာ၊ လာ၏။ သော၊ ထိုဆတ္တသည်။ မေ၊ ငါ၏။ သဗ္ဗံ၊ အလုံးစုံသော ဥစ္စာကို။ သမာဒါယ၊ ယူ၍။ တိဏံ၊ မြက်ကို။ နိက္ခိပ္ပ၊ ထည့်၍။ ဂစ္ဆတိ၊ သွား၏။

ထိုစကားကို ကြား၍ ဘုရားလောင်းသည်-

၁၄၃ ဧဝေတံ ဟောတိ ကတ္တဗ္ဗံ၊ အပ္ပေန ဗဟုမိစ္ဆတာ။
သဗ္ဗံ သကဿ အာဒါနံ၊ အနာဒါနံ တိဏဿ စ။ ( )[1]

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ အပ္ပေန၊ အနည်းငယ်သော မြက်ဖြင့်။ ဗဟုံ၊ များစွာသော ဥစ္စာကို။ ဣစ္ဆတာ၊ အလိုရှိသောဆတ္တသည်။ သကဿ၊ မိမိဥစ္စာ၏။ သဗ္ဗံ၊ အလုံးစုံကို။အာဒါနဉ္စ၊ ယူခြင်းသည်၎င်း။ တိဏဿ၊ မြက်ကို။ စာဠိသု၊

---

၁ (တိဏဿ စာဠိသု ဂစ္ဆေဘာ၊ တတ္ထ ကာ ပရိဒေဝနာ) (သီ၊သျှ၊)
(စာဠိသု ပက္ခိပိတ္ဘာန၊ တတ္ထ ကာ ပရိဒေဝနာ) (ကံ)

www.dhammadownload.com

အိုးတို့၌။ ပက္ခိပိတ္ဝာန၊ ထည့်၍။ အနာဒါနံ၊ မယူခြင်းသည်၎င်း။ ဧဝံ၊ ဤသို့။ ဧတံ၊ ထိုအမှုကို။ ကတ္တာဗ္ဗံ၊ ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုအမှုကို ပြုခြင်း၌။ ပရိဒေဝနာ၊ မြည်တမ်းခြင်းသည်။ ကာ၊ အဘယ်အကျိုးရှိအံ့နည်း။

မင်းသည် ထိုစကားကို ကြား၍-

၁၄၄ သီလဝန္တော န ကုဗ္ဗန္တိ၊ ဗာလော သီလာနိ ကုဗ္ဗတိ။
အနိစ္စသီလံ ဒုဿီလျံ၊ ကိံ ပဏ္ဍိစ္စံ ကရိဿတိ။

ဟူသော လေးခုမြောက်သော ဤဂါထာကို ဆို၏။

ပဏ္ဍိတ၊ ပညာရှိ။ သီလဝန္တော၊ သီလရှိကုန်သောသူတို့သည်။ ဧဝရူပံ၊ ဤသို့သဘောရှိသောအမှုကို။ န ကုဗ္ဗန္တိ၊ မပြုကုန်။ ဗာလော၊ သူမိုက်သည်။ သီလာနိ၊ မကောင်းသော အလေ့အကျင့်တို့ကို။ ကုဗ္ဗတိ၊ ပြု၏။ အနိစ္စသီလံ၊ မမြဲသော သီလရှိသော။ ဒုဿီလျံ သီလမရှိသောသူကို။ ပဏ္ဍိစ္စံ၊ ပညာရှိသောအဖြစ်သည်။ ကိံ ကရိဿတိ၊ အဘယ်သို့ ပြုလတ္တံ့နည်း။

ဆတ္တမင်းသားကို ကဲ့ရဲ့လျက် ဆို၍ ဘုရားလောင်းသည် ဆိုအပ်ပြီးသော စကားဖြင့် သောကကင်းသည်ဖြစ်၍ မင်းသည် တရားသဖြင့် မင်းပြု၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အံ့ဘွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းသည် ထိုအခါ ဗြဟ္မာဆတ္တဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိသော အမတ်ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ပညာကျမ်းကျင်၊ စည်းစိမ်ရှင်၊ ပြည်ခွင် သိမ်းတော့သည်)

ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဗြဟ္မာဆတ္တဇာတ်သည် ပြီး၏။

၃၇-ဖိဋ္ဌဇာတ်

ကိုယ့်အလံ သူ့စံ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူမြတ်စွာဘုရားသည် "နတေ ပိဋ္ဌ မဒါယိမှ" အစရှိသော ဂါထာပုဒ်ဖြင့်

၁ ဂါထာဖြင့် (သီ၊ သျှ)

www.dhammadownload.com

တန်ဆာဆင်အပ်သော ဤပိဋ္ဌဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **မထင်ရှားသော ရဟန်း**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုရဟန်းသည် ဇနပုဒ်မှ ဇေတဇန်ကျောင်းတော်သို့ သွား၍ သပိတ်သင်္ကန်းကို သိုမှီး၍ ဘုရားကို ရှိခိုး၍ သာမဏေ ပဉ္စင်းငယ်တို့ကို ငါ့သျှင်တို့ သာဝတ္ထိပြည်၌ အာဂန္တုကရဟန်းတို့အား[1] အဘယ်သူတို့သည် ကျေးဇူးပြုကုန်သနည်းဟု မေး၍ အရှင်ဘုရား အနာထပိဏ်မည်သော သူဌေးကြီး, ပိသာခါမည်သော သီတင်းသည်မကြီးတို့သည် ရဟန်းသင်္ဃာအား ကျေးဇူးပြုကုန်၏၊ ရဟန်းသင်္ဃာတို့၏ မိဘအရာ၌ တည်ကုန်၏ဟု ဆိုကုန်၏၊ ထိုရဟန်းသည် ကောင်းပြီဟု နက်ဖြန် နံနက်စောစော တပါးသောရဟန်း၏လည်း မဝင်မီကလျှင်အနာထပိဏ်သူဌေး၏ အိမ်တံခါးသို့ သွား၏၊ အလှန်စောစော လာသည်၏အဖြစ်ကြောင့် ထိုရဟန်းကို တစုံတယောက်သော သူသည်လည်းမကြည့်၊ ထိုရဟန်းသည် အနာထပိဏ်သူဌေး အိမ်မှ တစုံတခုကို မရမူ၍ ပိသာခါ၏ အိမ်တံခါးသို့သွား၏၊ ပိသာခါ၏ အိမ်၌လည်း အလှန်စောစောလာသည်၏အဖြစ်ကြောင့် တစုံတခုကိုမရ၊ ထိုရဟန်းသည် ထိုထိုအိမ်သို့သွားလျက် တဖန်ပြန်လျက် ယာဂု ကုန်လတ်သော် ရောက်လာ၏၊ ကဖန်လည်း ထိုထိုအိမ်သို့သွား၍ ဆွမ်းကုန်လတ်သော် ရောက်လာ၏၊ ထိုရဟန်းသည် ကျောင်းသို့ သွား၍ နှစ်ပါးကုန်သော အမျိုးတို့သည်လည်း သဒ္ဓါတရားမရှိကုန်၊ ကြည်ညိုခြင်းမရှိကုန်၊ ဤရဟန်းတို့သည် သဒ္ဓါတရားရှိကုန်၏၊ ကြည်ညိုခြင်းရှိကုန်၏ဟု ဆိုကုန်၏၊ ထိုအမျိုးတို့သည် အဘယ်မူကုန်အံ့နည်းဟု ရှုတ်ချကဲ့ရဲ့လျက် သွား၏။

ထိုအခါ ဘနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ ဤအမည်ရှိသော ဇနပုဒ်ရဟန်းသည် အလှန်စောစောကလျှင် ဒါယကာတို့၏အိမ်တံခါးသို့ သွား၍ ဆွမ်းကိုမရလတ်သော် ဒါယကာတို့ကို ရှုတ်ချကဲ့ရဲ့လျက် သွား၏ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟုမေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ထိုရဟန်းကို ခေါ်တော်မူ၍ ရဟန်း သင်သည် ဆွမ်းမရ၍ ဒါယကာတို့ကို ရှုတ်ချကဲ့ရဲ့သောဟူသည် မှန်သလောဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း အဘယ်ကြောင့် အမျက်ထွက်သနည်း၊ ဘုရားမဖြစ်မီ ရှေး၌ ရသေ့တို့သည်လည်း

---

၁ သာဝတ္ထိပြည်သို့ လာကုန်သော ရဟန်းတို့အား (က)

www.dhammadownload.com

ဒါယကာ အိမ်တံခါးသို့ ရောက်၍ ဆွမ်းမရ၍ အမျက်မထွက်ကုန်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သည် ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ နောက်အဘို့၌ ရသေ့ ရဟန်းပြု၍ ဟိမဝန္တာ၌ ကြာမြင့်စွာ နေ၍ ချဉ်ဆား မှဲဝဲအံ့သောငှါ ဗာရာဏသီပြည်သို့ သွား၍ ဥယျာဉ်၌ နေ၍ နက်ဖြန် မြို့သို့ ဆွမ်းခံဝင်၏၊ ထိုအခါ ဗာရာဏသီသူဌေးသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ ကြည်ညိုခြင်းရှိ၏၊ ဘုရားလောင်းသည် အဘယ်သူ့အိမ်သည် သဒ္ဓါတရား ရှိသနည်းဟု မေး၍ သူဌေးအိမ်သည် သဒ္ဓါတရားရှိ၏ဟု ကြား၍ သူဌေးအိမ် တံခါးသို့ သွား၏၊ ထိုခဏ၌သူဌေးသည်မင်းခစားအံ့သောငှါသွား၏၊လူတို့သည် လည်း ဘုရားလောင်းကို မမြင်ကုန် ဘုရားလောင်းသည် ပြန်၍သွား၏၊ ထိုအခါ သူဌေးသည် မင်းအိမ်မှ ပြန်လတ်သော် ဘုရားလောင်းကို မြင်၍ ရှိခိုး၍ သပိတ် ကိုယူ၍ အိမ်သို့ ပင့်ဆောင်နေစေ၍ ခြေဆေးခြင်း ဆီလိမ်းခြင်း ယာဂုခဲဘွယ် ကပ်ခြင်း အစရှိသည်တို့ဖြင့် ရောင့်ရဲစေ၍ ဆွမ်းမဘုဉ်းပေးမီ စိုးစဉ်းသော အကြောင်းကိုမျှ မမေးမူ၍[1] ဆွမ်းဘုဉ်းပေးပြီးသော် ဘုရားလောင်းကို ရှိခိုး၍ တင့်အပ် လျောက်ပတ်စွာ နေလျက် အရှင်ဘုရား အကျွန်ုပ်တို့၏ အိမ်တံခါးသို့ ရောက်လာကုန်သော သူတောင်းစား တို့သည်၎င်း တရားစောင့်ကုန်သော ရဟန်း ပုဏ္ဏားတို့သည်၎င်း ပူဇော်သက္ကာရကို မရကုန်မူ၍ သွားရာဘူးသော မည်သည်မရှိ အရှင်တို့ကိုကား ယနေ့ အကျွန်ုပ်တို့၏ သူငယ်တို့သည် မမြင်သည်၏အဖြစ်ကြောင့် နေရာကိုဌင်း သောက်ရေကိုဌင်း ခြေဆေးခြင်းကိုဌင်း ယာဂုဆွမ်းကိုဌင်း အရှင်ဘုရားတို့သည် မရကုန်မူ၍သာလျှင် သွားကုန်၏၊ ဤသို့မရခြင်းသည် အကျွန်ုပ်တို့၏ အပြစ်တည်း၊ ထိုအကျွန်ုပ်တို့အပြစ်ကို သည်းခံတော်မူခြင်းငှါ သင့်၏ဟု ဆို၍—

၁၄၅ နတေ ပိဌမဒါယိမှ၊ နပါနံ နပိ ဘောဇနံ။
ဗြဟ္မစာရီ ခမသာဟု မေ၊ ဧတံ ပဿမိ အစ္ဆယံ။

ဟူသော ရွှေးဦးစွာသော ဤဂါထာကို ဆို၏။

---

၁ အစုံတခုသော အကြောင်းကို မေး၍ (၇၊ က)

www.dhammadownload.com

ဗြဟ္မစာရီ၊ မြတ်သော အကျင့်ကို ကျင့်သော အရှင်ဘုရား။ တေ၊ အရှင် ဘုရားအား။ ပီဌံ၊ နေရာကို။ နအဒါယိမ့၊ မပေးကုန်။ ပါနံ၊ ရေကို။ နအဒါယိမ့၊ မပေးကုန်။ ဘောဇနံ၊ ဆွမ်းကို။ နအဒါယိမ့၊ မပေးမလ္လကုန်။ ဧတံ အစ္ဆယံ၊ ထိုအပြစ်ကို။ ပဿာမိ၊ မြင်၏။ ဓ၊ အကျွန်ုပ်၏။ ဧတံ၊ ထိုအပြစ်ကို။ တုံ၊ အရှင်ဘုရားသည်။ ခမဿု၊ သည်းခံတော်မူပါလော။

ထိုစကားကို ကြား၍ ဘုရားလောင်းသည်—

၁၄၆ နေဝါဘိသင်္ခာမိ နစာပိ ကုပ္ပေ၊
နစာပိ မေ အပ္ပိယမာသိ ကိဉ္စိ။
အထောပိ မေ အာသိ မနောဝိတက္ကော၊
ဧတာဒိသော နူနကုလဿ ဓမ္မော။

ဟူသော နှစ်ခုမြောက်သော ဂျါဂါထာကို ဆို၏။

သေဋ္ဌိ၊ သူဋ္ဌေး။ အဟံ၊ ငါသည်။ နေဝါဘိသင်္ခာမိ၊ မငြိမစွန်းသလျင် ကတည်း။ နစာပိ ကုပ္ပေ၊ အမျက်လည်းမထွက်သလျင်ကတည်း။ မေ၊ ငါ့အား။ ကိဉ္စိ၊ တစုံတခုသော။ အပ္ပိယံ စာပိ၊ မုန်းခြင်းသည်လည်း။ နအာသိ၊ မဖြစ်။ အထောပိ၊ စင်စစ်သော်ကား။ ကုလဿ၊ အမျိုး၏။ ဧတာဒိသော၊ ဤသို့သဘောရှိသော။ ဓမ္မော၊ အလေ့သည်။ ဘဝိဿတိ နူန၊ ဖြစ်လေယောင်တကား ဟု။ မေ၊ ငါ့အား။ ကိဉ္စိ၊ တစုံတခုသော။ မနောဝိတက္ကော၊ စိတ်အကြံသည်။ အာသိ၊ ဖြစ်၏။

ထိုစကားကို ကြား၍ သူဋ္ဌေးသည်—

၁၄၇ သေသ္ဌကံ ကုလေ ဓမ္မော၊ ပိတု ပိတာမဟော သဒါ၊
အာသနံ ဥဒကံ ပဇ္ဇံ၊ သဇ္ဇေတံ နိပဒါမသေ။

၁၄၈ သေသ္ဌဝံကံ ကုလေ ဓမ္မော၊ ပိတု ပိတာမဟော သဒါ။
သက္ကစ္စံ ဥပတိဋ္ဌာမ၊ ဥတ္တမံ ဝိယ ဉာတကံ။

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

ဗြဟ္မစာရီ၊ မြတ်သော အကျင့်ကို ကျင့်သော ရှင်ရသေ့။ မယံ၊ အကျွန်ုပ်တို့သည်။ အာသနံ၊ နေရာ။ ဥဒကံ၊ ခြေဆေးရေ။ ပဇ္ဇံ၊ ခြေနယ်ဆီ။ ဧတံ သဇ္ဇံ၊

www.dhammadownload.com

ဤအလုံးစုံကို။ နိပဒါမသေ၊ အလွန်လှုကုန်၏။ သေ၊ ဤအလေ့သည်။ အသွာကံ၊ အကျွန်ုပ်တို့၏။ ကုလေ၊ အမျိုးဌ်။ သဒါ၊ အခါခပ်သိမ်း။ ပိတုပိတာမဟော၊ အဘအဘိုးတို့၏ဥစ္စာဖြစ်သော။ ဓမ္မော၊ အလေ့တည်း။

ဗြဟ္မစာရီ၊ မြတ်သောအကျင့်ကို ကျင့်သော အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ဥတ္တမံ၊ မြတ်သော။ ဉာတကံ ဝိယ၊ မိဘကဲ့သို့။ သမဏဗြာဟ္မဏံ၊ ရဟန်းပုဏ္ဏားကို။ သက္ကစ္စံ၊ ရိုသေစွာ။ ဥပတိဋ္ဌာမ၊ လုပ်ကျွေးကုန်၏။ ဧသေ၊ ဤအလေ့သည်။ အသွာကံ၊ အကျွန်ုပ်တို့၏။ ကုလေ၊ အမျိုးဌ်။ သဒါ၊ အခါခပ်သိမ်း။ ပိတုပိတာမဟော၊ အဘ အဘိုးတို့၏ ဥစ္စာဖြစ်သော။ ဓမ္မော၊ အလေ့တည်း။

ဘုရားလောင်းသည်ကား နှစ်ရက်, သုံးရက် ဗာရာဏသီသူဌေးအား ဟရားဟောလျက် ဗာရာဏသီ၌နေ၍ တဖန် ဟိမဝန္တာသို့သာလျှင် သွား၍ အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ထိုရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါ ဗာရာဏသီသူဌေး ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသေ့ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ရဟန်းဖြစ်ငြား၊ သူတပါး၊ မျက်မှား မသင့်ပေ)
ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ပီဋကဇာတ်သည် ပြီး၏။

---

၃၈ ထုသဇာတ်

သက်ပေး ဂါထာ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဝိဒိတံ ထုသံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာယင်အပ်သော ဤထုသဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်

www.dhammadownload.com

မူစဉ် **အဇာတသတ်မင်း** ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုအဇာတသတ်မင်းသည် အမိဝေဒေဟီ မိဖုယားဝမ်း၌ ပဋိသန္ဓေနေသည်ရှိသော် ကောသလမင်း၏သို့းတော် အဇာတသတ်မင်း၏မယ်တော် ဝေဒေဟီမိဖုယားအား ဗိမ္ဗိသာရမင်း၏ လက်ျာပုဆစ်ဒူးသွေးကို သောက်လိုသော ချင်ခြင်းရှိသည်ဖြစ်၍ ဖြောတော့သော အဆင်းရှိသည် ဖြစ်၏၊ ထိုဝေဒေဟီ မိဖုယားသည် အလုပ်အကျွေးတို့သည် မေးအပ်သည်ရှိသော် ထိုအလုပ်အကျွေးတို့အား ထိုအကြောင်းကို ကြား၏၊ မင်းသည်လည်း ကြား၍ နိမိတ်ဘတ်တတ်ကုန်သော သူတို့ကို ခေါ်စေ၍ မိဖုယားအား ဤသို့ သဘောရှိသော ချင်ခြင်းသည် ဖြစ်သတတ်၊ ထိုချင်ခြင်း၏ အကျိုးသည် အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု မေး၏၊ ထိုနိမိတ်ဘတ်တတ်ကုန်သော သူတို့သည် မိဖုယား၏ ဝမ်း၌ဖြစ်သော သားသည် အရှင်မင်းကြီးတို့ကို သတ်၍ မင်းအဖြစ်ကို ယူလတ္တံ့ဟု ဆိုကုန်၏၊ မင်းသည် ဤငါ၏သားသည် ငါ့ကို သတ်၍ မင်းအဖြစ်ကို အကယ်၍ ယူငြားအံ့၊ ထိုသို့ယူရာ၌ ငါ့အား အဘယ်အပြစ်ရှိအံ့နည်းဟု လက်ျာပုဆစ်ကို ထားဖြင့် ခဲ့စေ၍ သွေးကို ရွေခွက်ဖြင့်ခံယူစေ၍ မိဖုယားကိုသောက်စေ၏၊မိဖုယားသည် ငါ၀မ်း၌ ဖြစ်သော သားသည် အဘ်ကို အကယ်၍ သတ်ငြားအံ့၊ ထိုသားဖြင့် ငါ့အား အဘယ် ပြုအံ့နည်းဟု ကြံ၍ ကိုယ်ဝန်ကို ကျစိမ့်သောငှါ ဝမ်းကို နယ်စေ၏။

ဗိဗ္ဗိသာရမင်းသည် သိ၍ မိဖုယားကို ခေါ်စေ၍ ရှင်မ ငါ့၏သားသည်ငါ့ကို သတ်၍ မင်းအဖြစ်ကို ယူလတ္တံ့၊ ငါသည် မအို, မသေ မနေရ၊ သားမျက်နှာကို ကြည့်စိမ့်သောငှါ ငါ့အား ပေးလော့၊ ယနေ့မှစ၍ ဤသို့သဘောရှိသော အမှုကို မပြုလင့်ဟု ဆို၏၊ မိဖုယားသည် ထိုအခါမှစ၍ ဥယျာဉ်သို့ သွား၍ ဝမ်းကို နယ်စေ၏၊ မင်းသည် သိ၍ ထိုအခါမှစ၍ ဥယျာဉ်သို့ သွားခြင်းကို မြစ်၏၊မိဖုယားသည် ပြည့်သောကိုယ်ဝန်ရှိသည်ဖြစ်၍ သားကို ဖွား၏၊ အမည်မှည့်အံ့သောနေ့၌ ပင်းသားအား မဖွားမီကသာလျှင် အဘ၏ရန်သူဖြစ်ခြင်းကြောင့် အဇာတသတ်ဟူသောအမည်ကို မှည့်ကုန်၏၊ မင်းသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို မြတ်သော ခဲဘွယ်ဘောဇဉ်ဖြင့် လုပ်ကျွေး၍ ဘုရားကို ရှိခိုး၍ တရားကိုနာလျက် နေ၏၊ ထိုအခါ မင်းသားကို တန်ဆာဆင်၍ မင်းအား ပေးကုန်၏၊ မင်းသည် အားကြီးစွာသော ချစ်ခြင်းဖြင့် သားကို ယူ၍ ပေါင်ပေါ်၌ နေစေ၍ သား၌ဖြစ်သော ချစ်ခြင်းဖြင့် သားကိုသာလျှင် မြတ်နိုးရကား တရားကို မနာနိုင်၊ သင်္ဃာသည် မြတ်စွာဘုရားသည် မင်း၏ မေ့လျော့သောအဖြစ်ကို သိ၍ မြတ်သော မင်းကြီး ရှေးမင်းတို့သည် သား၌ ရုံရှာကုန်လတ်သော် ပုန်းကွယ်ရာ အရပ်၌ ထားကုန်၍ ငါလွန်မှ ထုတ်ဆောင်၍ မင်းအဖြစ်၌ ထားကြကုန်လော၊ စေကုန်

www.dhammadownload.com

၏ဟု မိန့်တော်မူ၍ ဗိမ္မိသာရမင်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။။

အတိတ်ဝတ္ထု။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခ ဆရာဖြစ်၍ များစွာကုန်သော မင်းသား, ပဏ္ဍားသားတို့ကို အတတ်သင်၏။ ဗာရာဏသီမင်း၏ သားသည်လည်း တဆဲ့ခြောက်နှစ် ရှိသောကာလ၌ ဘုရားလောင်းအထံသို့သွား၍ ဗေဒင်သုံးပုံ အလုံးစုံသော အတတ်တို့ကို သင်၍ ပြည့်စုံသော အတတ်ရှိသည်ဖြစ်၍ ဆရာကို ပန်၏၊ ဆရာသည် အင်္ဂဝိဇ္ဇာ၏အစွမ်းအားဖြင့် မင်းသားကို ကြည့်လတ်သော် ဤမင်းသားအား သားကို အမှီပြု၍ အန္တရာယ်သည် ထင်၏၊ ငါသည် မိမိအာနုဘော်အားဖြင့် ထိုအန္တရာယ်ကို ပယ်အံ့ဟုကြံ၍ လေးဂါထာတို့ကိုဖွဲ့၍ မင်းသားအား ပေး၏၊ ဤသို့လည်း ထိုမင်းသားကို မှာ၏၊ အမောင် ရှေးဦးစွာသောဂါထာကို မင်းအဖြစ်၌တည်၍-သင် မင်းသား၏ သားသည် တဆယ့်ခြောက်နှစ်ရှိသော် ထမင်းစားစဉ်လျှင် ရုတ်လေလော့၊ နှစ်ခု မြောက်သောဂါထာကို ကြိုးစွာ ခဲ့စားသော ကာလ၌ ရုတ်ဧလေလော့၊ သုံးခု မြောက်သော ဂါထာကို ပြာသာဒ်သို့တက်လတ်သော် စောင်းတန်းဦး၌ ရပ်၍ ရုတ်လေလော့၊ လေးခုမြောက်သော ဂါထာကို အိပ်ရာကြက်သရေတိုက်သို့ ဝင်လတ်သော် တံခါးခုံ၌ရပ်၍ ရုတ်လေလော့ဟု မှာ၏၊ မင်းသားသည် ကောင်းပြီဟု ဝန်ခံ၍ ဆရာကို ရှိခိုး၍ သွားသော် အိမ်ရှေ့မင်းအဖြစ်၌ တည်၍ အဘလွန်သဖြင့် မင်းအဖြစ်၌ တည်၏၊ ထိုမင်း၏သားသည် တဆဲ့ခြောက်နှစ်ရှိသော ကာလ၌ ဥယျာဉ်ကစားခြင်း အစရှိသည်တို့၏ အကျိုးငှါ ထွက်သွားသော် မင်း၏အသရေ စည်းစိမ်ကို မြင်၍ အဘကို သတ်၍ မင်းအဖြစ်ကို ယူလိုသည်ဖြစ်၍ မိမိ အလုပ်အကျွေးတို့အား ပြောဆို၏၊ ထိုအလုပ်အကျွေးတို့သည် ရှင်မင်းသား ကောင်းပြီ အို့သောကာလ၌ ရအပ်သော စည်းစိမ်ဖြင့် အဘယ်အကျိုးရှိအံ့နည်း တစုံတခုသော ဥပါယ်ဖြင့်မင်းကိုသတ်၍မင်းအဖြစ်ကိုယူခြင်းငှါ သင့်၏ဟု ဆိုကုန်၏၊ မင်းသားသည် အဆိုပ်ကို စားစေ၍ သေအံ့ဟု အဘနှင့်တကွ ညစာစားစဉ် အဆိုပ်ကိုကိုင်၍ နေ၏၊ မင်းသည် ထမင်းခွက်၌ ထမင်းကို စားအံ့သောငှါ လက်နှင့်မထိမီလျှင်—

၁၄၉ ဝိဒိတံ ထုသံ ဥန္ဒုရာနုံ၊ ဝိဒိတံ ပန တဏ္ဍုလံ။
ထုသံ ထုသံ ဝိဝဇ္ဇေတွာ၊ တဏ္ဍုလံ ပန ခါဒရေ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ရုတ်၏။

www.dhammadownload.com

ဥန္ဒုရာနံ၊ ကြွက်တို့အား။ ထုသံ-ထုသော၊ ဖဲ့သည်။ အန္ဓကာရေပိ၊ အမိုက်မှောင်၌လည်း။ ဝိဒိတံ—ဝိဒိတော၊ဖဲ့၏အဖြစ်ဖြင့် ထင်ရှား၏။ တဏ္ဍုလံ ပန—တဏ္ဍုလော စ၊ ဆန်သည်လည်း။ ဝိဒိတံ ဝိဒိတော၊ ဆန်၏အဖြစ်ဖြင့် ထင်ရှား၏။ ထုသံ—ထုသံ၊ ဖဲ့တိုင်း ဖဲ့တိုင်းကို။ ဝိဂဇ္ဇေတွာ၊ ကြဉ်၍။ တဏ္ဍုလံ ပန၊ ဆန်ကို သာလျှင်။ ခါဒရေ၊ စားကုန်၏။

မင်းသားသည် သိချေပြီဟု ကြောက်၍ ထမင်းခွက်၌ အဆိပ်ကို ချအံ့သော၌ မဝံသည်ဖြစ်၍ ထ၍ မင်းကို ရှိခိုး၍ ထိုအရပ်မှ ပြေး၏၊ ထိုအကြောင်းကို မိမိအလုပ်အကျွေးတို့အား ကြားလေ၍ ယနေ့ သိချေပြီ၊ ယခုအခါ အဘယ်သို့သတ်ရအံ့နည်းဟု မေး၏၊ ထိုအလုပ်အကျွေးတို့သည် ထိုအခါမှစ၍ ဥယျာဉ်၌ ပုန်းကွယ်ကုန်၍ နားရင်း၌ ပြောဆိုသည်၏ အစွမ်းအားဖြင့် တိုင်ပင်ကုန်လျက် တခုသော အကြောင်းသည် ရှိ၏၊ သန်လျက်ကိုဖဲ့၍ ကြီးစွာသော ခစားခြင်းသို့ ရောက်သောကာလ၌ အမတ်တို့၏ အတွင်း၌ နေ၍ မင်း၏ မေ့လျော့သော အဖြစ်ကိုသိ၍ သန်လျက်ဖြင့် သတ်၍ သေစေခြင်းငှါ သင့်၏ဟု မှတ်စေကုန်၏၊ မင်းသားသည် ကောင်းပြီဟု ဝန်ခံ၍ ကြီးစွာခ,စားသောကာလ၌ ဖဲ့အပ်သော သန်လျက်ရှိသည်ဖြစ်၍ သွား၍ ထိုမှဤမှ လှည့်လည်လျက် သတ်ခွင့်ကို စုံစမ်း၏၊ ထိုခဏ၌ မင်းသည်—

၁၅၀ ယာ မန္တနာ အရညသ္မိံ၊ ယာ စ ဂါမေ နိကဇ္ဇိကာ။
ယဇ္ဆေတံ ဣတိ စိတိ စ၊ ဧတမ္မိ ဝိဒိတံ မယာ။

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ရွတ်၏။

အရညသ္မိံ စ၊ ဥယျာဉ်၌ဌင်း။ ဂါမေ စ၊ ရွာ၌ဌင်း။ နိကဇ္ဇိကာ၊ နားရင်း၌ တိုင်ပင်ခြင်းဟူသော။ ယာ မန္တနာ စ၊ အကြင် တိုင်ပင်ခြင်းသည်ဌင်း။ ဣတိ၊ ဤသို့တိုင်ပင်တိုင်း ငါ့အား သတ်အံ့သောငှါ။ ယဇ္ဆေတံ ဣတိ စိတိ စ၊ ယခုအခါ အကြင်ငါ့ကို ထိုမှ ဤမှ သတ်အံ့သောအခွင့်ကို ရှာခြင်းသည်ဌင်း။ အတ္ထိ၊ ရှိ၏။ ဧတမ္မိ၊ ထိုအလုံးစုံကိုလည်း။ မယာ ငါသည်။ ဝိဒိတံ၊ သိအပ်၏။

မင်းသားသည် ခမည်းတော်မင်းကား ငါ၏ ရန်သူအဖြစ်ကို သိ၏ဟု ထိုအရပ်မှ ပြေး၍ အလုပ်အကျွေးတို့အား ကြားလေ၏၊ အလုပ်အကျွေးတို့သည် ခုနစ်ရက်,ရှစ်ရက်လွန်လတ်သော် အရှင်မင်းသား အရှင်မင်းသား၏ ခမည်း

www.dhammadownload.com

တော်သည် အရှင်မင်းသား၏ ရန်သူအဖြစ်ကိုမသိ၊ ကြုံခြင်းမျှဖြင့် အရှင်မင်းသားသည် ဤသို့ အမှတ်ရှိ၏၊ ခမည်းတော်ကို သတ်လော့ဟု ဆိုကုန်၏၊ မင်းသားသည် တနေ့သ၌ သန်လျက်ကို ကိုင်ယူ၍ စောင်းတန်းဦး၌ ရပ်၏၊ မင်းသည် စောင်းတန်းဦး၌ ရပ်လျက်—

၁၅၁ ဓမ္မေန ကရ ဇာတဿ၊ ပတာ ပုတ္တဿ မက္ကဋ္ဌော။
ဒဟရဿေဝ သန္တဿ၊ ဒန္တေဟိ ဖလမစ္ဆိဒါ။

ဟူသော သုံးခုမြောက်သော ဤဂါထာကို ရွတ်၏။

ပိတာ၊ အဘဖြစ်သော။ မက္ကဋ္ဌော၊ မျောက်သည်။ ဇာတဿ၊ ဖြစ်သော။ ပုတ္တဿ၊ သားမျောက်ငယ်၏။ ဖလံ၊ မျိုးစေ့ကို။ ဓမ္မေန၊ သဘောအားဖြင့်။ ဒဟရဿေဝ၊ ငယ်သည်သာလျှင်။ သန္တဿ၊ ဖြစ်စဉ်။ ဒန္တေဟိ၊ သွားတို့ဖြင့်။ အစ္ဆိဒါ၊ ဖြတ်၍။ ပုရိသဘာဝံ၊ ယောကျ်းအဖြစ်ကို။ နာသေတိ၊ ဖျက်ဆီး၏။

မင်းသားသည် ငါ့ကို ခမည်းတော် ဖမ်းလို၏ဟု ကြောက်ရကား ပြေး၍ ခမည်းတော်သည် ငါ့ကို ခြိမ်းချောက်၏ဟု အလုပ်အကျွေးတို့အား ကြားလေ၏။ အလုပ်အကျွေးတို့သည် လခဲ့လွန်လတ်သော် အရှင်မင်းသား မင်းသည်အကယ်၍ သိငြားအံ့၊ ဤမျှလောက်သောကာလ၌ ဖျက်ဆီးရာ၏၊ ဩကြုံအားဖြင့် အရှင့်သားသည် ဆိုအပ်၏၊ မင်းကို သတ်လော့ဟု ဆိုကုန်၏၊ မင်းသားသည် တနေ့သ၌ သန်လျက်ကို ယူ၍ ပြာသာဒ်ထက်ဝယ် အသရေရှိသော အိပ်ရာသို့ ဝင်၍ လာစဉ်လျှင် ထိုမင်းကို သတ်အံ့ဟု ပလ္လင်အောက်၌ နေ၏၊ မင်းသည် ညစာစားပြီးသော် ပရိသတ်ကို လွှတ်လိုက်၍ အိပ်အံ့ဟု အသရေရှိသော တိုက်ခန်းသို့ ဝတ်လတ်သော် တံခါးခုံ၌ ရပ်၍—

၁၅၂ ယမေတံ ပရိသပ္ပေသိ၊ အဇကာဏော၀ သာသပေ။
ယော ပါယံ ဟေဌတော သေတိ၊ ဧတမ္ပိ ဝိဒိတံ မယာ။

ဟူသော လေးခုမြောက်သော ဤဂါထာကို ရွတ်၏။

တုံ့၊ သင်သည်။ သာသပေ၊ မုန်ညင်းခင်းသို့ ဝင်သောကာလ၌။ အဇ—ကာဏော၀၊ဆိတ်ကာဏ်းကဲ့သို့။ ဘယေန၊ကြောက်ခြင်းကြောင့်။ ယမေတံ ပရိ—သပ္ပေသိ၊ အကြင် ထိုမှ ဤမှ လှုပ်ရှား၏။ ဧဒါနိ၊ ယခုအခါ၌။ မာရေဿာမိတိ၊

www.dhammadownload.com

သတ်အံ့ဟူ၍။ ဟေဋ္ဌတော၊ ပလ္လင်အောက်၌။ ယော ပါယံ သေတိ၊ အကြင် အိပ်နေခြင်းကိုမူလည်း ပြု၏။ တေမိ၊ ထိုအလုံးစုံကိုလည်း။ မယာ၊ ငါသည်။ ဝိဒိတံ၊ သိအပ်၏။

ဤသို့ မသိသည်သာလျှင်ဖြစ်သော မင်း၏ ထိုဂါထာသည် မင်းသားအား ထိုထိုအနက်ကို ပြ၏၊ မင်းသားသည် ခမည်းတော် ငါ့ကို သိပြီ၊ ယခု ငါ့ကို ဖျက်ဆီးလတ္တံ့ဟု ကြောက်၍ ပလ္လင်အောက်မှ ထွက်၍ သန်လျက်ကို မင်း၏ ခြေရင်း၌ချ၍ မြတ်သောမင်းကြီး အကျွန်ုပ်အား သည်းခံပါလော့ဟု ခြေရင်း၌ ဂျင်ဖြင့်ဝပ်၏၊ မင်းသည် သင်ကား ငါ့အမှုကို အဘယ်သူသိအံ့နည်းဟု ကြံ၏ဟု မင်းသားကို ခြိမ်းချောက်၍ သံခြေကျဉ်း အနှောင်အဖွဲ့ဖြင့်ဖွဲ့စေ၍ နှောင်အိမ်သို့ သွင်းစေ၍ အစောင့်အရှောက်ထား၏၊ ထိုအခါ မင်းသည် ဘုရားလောင်း၏ ကျေးဇူးကို မှတ်မိ၏၊ နောက်အဘို့၌ ထိုမင်းသည် သေလွန်၏၊ မင်း၏အလောင်းကို သင်္ဂြိုဟ်ခြင်းကိစ္စကို ပြု၍ မင်းသားကို နှောင်အိမ်မှ ထုတ်၍ မင်းအဖြစ်၌ တည်စေကုန်၏။

ဇာတ်ပေါင်း သမ္မာသည် မြတ်စွာဘုရားသည် ဤမမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ တက္ကသိုလ်ပြည်၌ဒီသာပါမောက္ခဆရာ ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(သားမှဖြစ်လတ်၊ ဘေးဥပဒ်ကြောင့်၊ ထိပ်ခံတ်နှောင်ထား၊ ငါလွန်ငြား၊ ထင်ရှား စည်းစိမ်နှင်း)

ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ထုသဇာတ်သည် ပြီး၏။

၃၉- ဗာဝေရုဇာတ်

ကျီး နှင့် ဒေါင်း

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အဒဿနေန မောရဿ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ ဗာဝေရုဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ပျောက်သော လာဘသက္ကာရရှိကုန်သော တိတ္ထိတို့ကို**

www.dhammadownload.com

အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုတိတ္ထိတို့သည် ဘုရားမဖြစ်မီ လာဘ်ရံကုန်၏၊ ဘုရားဖြစ်တော်မူသည် ရှိသော်ကား ပျောက်သော လာဘသက္ကာရ ရှိကုန်သည်ဖြစ်၍ နေထွက်သောအခါ၌ ပိုးစုန်းကြူးတို့ကဲ့သို့ ဖြစ်ကုန်၏၊ ထိုတိတ္ထိတို့၏ ထိုအကြောင်းကိုစဲ၍ ရဟန်းတို့သည် တရားသဘင်၌ စကားကို ဖြစ်စေကုန်၏၊ သပ္ပဉ္ဉူမြတ်စွာဘုရားသည် ကြွလာတော် မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ဂုဏ်ရှိသောသူတို့သည် မဖြစ်ကုန်မီ ဂုဏ်မရှိသောသူတို့သည် မြတ်သောလာဘ် မြတ်သောအခြံအရံကိုရကုန်၍ ဂုဏ်ရှိသောသူတို့သည် ဖြစ်ကုန်လတ်သော် ပျောက်သော လာဘသက္ကာရ ရှိကုန်သည် မဟုတ်ကုန်သေး၊ ရှေး၌လည်း ဂုဏ်ရှိသောသူတို့မဖြစ်ကုန်မီသာ မြတ်သောလာဘ် မြတ်သောအခြံအရံကို ရကုန်၍ ဂုဏ်ရှိသောသူတို့သည် ဖြစ်ကုန်လတ်သော် ဂုဏ်မရှိကုန်သောသူတို့သည် ပျောက်သော လာဘသက္ကာရရှိသည် ဖြစ်ကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်၊ သည်ရှိသော် ဘုရားလောင်းသည် ဥဒေါင်းမျိုး၌ဖြစ်၍ ကြီးခြင်းသို့ ရောက်လတ်သော် မြတ်သော တင့်တယ်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ တောင်္ကျက်စား၏၊ ထိုအခါ အချို့သော ကုန်သည်တို့သည် ဒိသာကာက ကျီးကိုယူ၍ လှေဖြင့် ဗာဝေရုတိုင်းသို့ သွားကုန်၏၊ ထိုအခါ ဗာဝေရုတိုင်း၌ ငှက်မည်သည်ကား မရှိသည်ဖြစ်၏၊ လာတိုင်းလာတိုင်းကုန်သော တိုင်းသားတို့သည် ချိုင့်၌နေသော ဒိသာကာကကျီးကို မြင်၍ ဤငှက်၏ လည်အဆုံးရှိသော အရောင်အဆင်းနှုတ်သီး ပတ္တမြားလုံးနှင့်တူကုန်သော[1] မျက်စိတို့ကို ကြည့်ပါကုန်လော့ဟု ကျီးကို လျှင် ချီးမွမ်း၍ ထိုကုန်သည်တို့ကို အရှင်တို့ သင်တို့သည် ဤငှက်ကို ငါတို့အား ပေးကုန်လော့၊ ငါတို့အား ဤငှက်ဖြင့် အလိုရှိ၏၊ သင်တို့သည် မိမိတို့၏တိုင်း၌ တပါးသောငှက်ကို ရပါကုန်လတ္တံ့ဟု ဆိုကုန်၏၊ ထိုသို့တပြီးကား အဘိုးဖြင့် ယူကြကုန်လော့ဟု ကုန်သည်တို့သည် ဆိုကုန်၏၊ တသပြာဖြင့် ငါတို့အား ပေးကုန်လော့ဟု တိုင်းသားတို့သည် ဆိုကုန်လတ်သော် မပေးကုန်ဟု ဆိုကုန်၏၊ အစဉ်သဖြင့် ပွား၍ အသပြာတရာဖြင့် ပေးကုန်လော့ဟု ဆိုလတ်သည်ရှိသော် ဤငှက်သည် ငါတို့အား ကျေးဇူးများ၏၊ သင်တို့နှင့် ချစ်ခြင်းသည် ဖြစ်စေ

၁ ပတ္တမြားနားခွောင်းနှင့်တူကုန်သော (က)

www.dhammadownload.com

သတည်းဟု အသပြာ တရာကို ယူ၍ ပေးကုန်၏၊ ရှေချိုင့်ဒ်ထည့်၍ အထူးထူး အပြားပြားသော ငါး, အမဲ, သစ်သီး ကြီးငယ်တို့ဖြင် ကျွေးမွေးကုန်၏၊ တပါး ကုန်သော ငှက်တို့၏ မရှိရာအရပ်၌ ဆယ်ပါးကုန်သောမသူတော်တို့၏အကျင့်နှင့် ပြည့်စုံသော ကျီးသည် မြတ်သောလာဘ် မြတ်သော အခြံအရံ အကျော် အစောကိုရ၏။။

နောက်တကြိမ် ထိုကုန်သည်တို့သည် တခုသော ဥဒေါင်းမင်းကို ဖမ်းယူ၍ လက်ဖျစ်တွက်သံဖြင့် တွန်အောင် လက်ခုပ်သံဖြင့် က,အောင် သင်၍ ဗာဝေရုတိုင်းသို့ သွားကုန်၏၊ထိုဥဒေါင်းမင်းသည် လူအများစည်းဝေးလတ်သော်လည်း၌ ရပ်၍ အတောင်တို့ကို ခါ၍ သာယာသော အသံကို တွန်၍ က,၏၊ လူတို့သည် ဥဒေါင်းမင်းကိုမြင်၍ ဝမ်းမြောက်ခြင်း ဖြစ်ကုန်၍ အရှင်တို့ မြတ်သော တင့်တယ်ခြင်းနှင့်ပြည့်စုံသော ကောင်းစွာ သင်အပ်ပြီးသော ဤငှက်မင်းကို ငါတို့အား ပေးပါကုန်လော့ဟု ဆိုကုန်၏၊ ငါတို့သည် ရှေးဦးစွာ ကျီးကို ဆောင်အပ်၏၊ ထိုကျီးကိုလည်း ယူကုန်ပြီ၊ ယခုအခါ ငါတို့သည် တခုသော ဥဒေါင်းကိုဆောင်ခဲ့ကုန်၏၊ ထို့ဥဒေါင်းမင်းကိုလည်း တောင်းပြန်ကုန်၏၊ သင်တို့တိုင်းသို့ ငှက်ကို ယူ၍ လာခြင်းငှါ မတတ်ကောင်းဖြစ်ခဲ့ပြီဟု ကုန်သည်တို့သည် ဆိုကုန်၏၊ သင်တို့ ဆိုသည့်အတိုင်းဖြစ်စေ မိမိတို့၏တိုင်း၌ တပါးသော ငှက်ကို ရကုန်လတ္တံ့၊ ဤငှက်ကို ငါတို့အား ပေးပါကုန်လော့ဟု အဘိုးကို ပွားစေ၍ သပြာတထောင်ဖြင့် ယူကုန်၏၊ ထိုအခါ ထိုဥဒေါင်းမင်းကို ရတနာ ခုနစ်ပါးတို့ဖြင့် ဆန်းကြယ်သော ချိုင့်၌ထား၍ ငါး, အမဲ, သစ်သီးကြီးငယ်, ပျား, ပေါက်ပေါက်, သကြား, အဖျော်ဃသည်တို့ဖြင့် ကျွေးမွေးကုန်၏၊ ဥဒေါင်းမင်းသည် မြတ်သောလာဘ် မြတ်သော အခြံအရံအကျော်အစောနှင့်ပြည့်စုံ၏၊ဥဒေါင်းမင်းသည် ရောက်သော ကာလမှစ၍ ကျီးအား လာဘသက္ကာရသည် ယုတ်၏၊ တစုံတယောက်သော သူသည်လည်း ထိုကျီးကို ကြည့်ခြင်းငှါ အလိုမရှိ၊ ကျီးသည် ခဲဘွယ်ဘောဇဉ်ကို မရလတ်သော် ကာ,ကာ မြည်လျက် ပျံသွား၍ မစင်စွန့်ရာမြေ၌သက်၍ အစာကို ယူ၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် နှစ်ပါးသော ဝတ္ထုတို့ကိုစပ်၍ ဘုရားဖြစ်တော်မူပြီး၍–

၁၅၃ အဒဿနေန မောရဿ၊ သိခိနော မဉ္ဇုဘာဏိနော။
ကာကံ တတ္ထ အပူဇေသုံ၊ မံသေန စ ဖလေန စ။

---

၁ ရတနာခုနစ်ပါးတို့ဖြင့် စီအပ်သော (က)

www.dhammadownload.com

၁၅၄ ယဒါစ သရသမ္ပဒန္နော၊ မောရော ဗာဝေရုမာဂမာ။
ဒဉ်ထ လာဘော စ သက္ကာရော၊ ဝါယသဿ အဟာယထ။

၁၅၅ ယာဝ နုပ္ပဇ္ဇတိ ဗုဒ္ဓေါ၊ မမ္မရာဇာ ပဘာက်ရော။
တာဝ အညေ အပူဇေသုံ၊ ပုထူ သမဏဗြာဟ္မဏေ။

၂၅၆ ယဒါစ သရသမ္ပဒန္နော၊ ဗုဒ္ဓေါ မေ့မံ အဒေသယိ။
အထ လာဘော စ သက္ကာရော၊ တိတ္ထိယာနံ အဟာယထ။

ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။

သိခိနော၊ ဦးစွန်းနှင့်ပြည့်စုံသော။ မဠုဘာဏိနော၊ သာယာသော အသံကျိုထသော။ မောရဿ၊ ဥဒေါင်းကို။ အဒဿနေန၊ မမြင်ရခြင်းကြောင့်။ တတ္ထ၊ ဟိုဗာဝေရုတိုင်းဌ်။ ကာကံ၊ ကျီးကို။ မံသေန စ၊ အမဲဖြင့်ဂုဏ်း။ ဖလေန စ၊ သစ်သီးကြီးငယ်ဖြင့်ဂုဏ်း။ အပူဇေသုံ၊ ပူဇော်ကုန်၏။

ယဒါ စ၊ အကြင်အခါဌ်ကား။ သရသမ္ပဒန္နော၊ အသံနှင့်ပြည့်စုံသော။ မောရော၊ ဥဒေါင်းသည်။ ဗာဝေရုံ၊ ဗာဝေရုတိုင်းသို့။ အာဂမာ၊ ရောက်လာ၏။ အထ၊ ထိုအခါဌ်၊ ဝါယသဿ၊ ကျီးအား။ လာဘော စ၊ လာဘ်သည်ဂုဏ်း။ သက္ကာရော စ၊ ပူဇော်သက္ကာရသည်ဂုဏ်း။ အဟာယထ၊ ယုတ်၏။

ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ မမ္မရာဇာ၊ ကိုးပါးသော လောကုတ္တရာတရားဖြင့် ပရိသတ်ကို နှစ်သက်စေတတ်သော။ ပဘာက်ရော၊ လောကသုံးပါးတို့ဌ် အရောင်အဝါကို ပြုတတ်သော။ ဗုဒ္ဓေါ၊ ဘုရားသည်။ နုပ္ပဇ္ဇတိ၊ မဖြစ်သေး။ တာဝ၊ ထိုမျှလောက်။ အညေ၊ တပါးကုန်သော။ ပုထူ၊ များစွာကုန်သော။ သမဏဗြာဟ္မဏေ၊ ရဟန်းပုဏ္ဏားတို့ကို။ အပူဇေသုံ၊ ပူဇော်ကုန်၏။

ယဒါ စ၊ အကြင်အခါဌ်ကား။ သရသမ္ပဒန္နော၊ ဗြဟ္မာမင်း၏အသံနှင့်တူသော အသံနှင့်ပြည့်စုံသော။ ဗုဒ္ဓေါ၊ ဘုရားသည်။ မမ္မံ၊ သစ္စာလေးပါးတရားကို။ အဒေသယိ၊ ဟော၏။ အထ၊ ထိုအခါဌ်။ တိတ္ထိယာနံ၊ တိတ္ထိတို့အား။ လာဘော စ၊ လာဘ်သည်ဂုဏ်း။ သက္ကာရော စ၊ ပူဇော်သက္ကာရသည်ဂုဏ်း။ အဟာယထ၊ ယုတ်၏။

www.dhammadownload.com

ဇာတ်ပေါင်း ကျွဲလေးကါထာတို့ကို ဟောတော်မူပြီး၍ ယခုအခါနိဂဏ္ဌနာဋပုတ္တသည် ထိုအခါ ကျီး ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဥဒေါင်းမင်း ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဂုဏ်ရှိသူရောက်၊ ဂုဏ်မဲ့ပျောက်၊ နှိုင်းထောက် ကျီးပမာ)
ကိုးခုတို့၏ပြည့်ကြောင်းဖြစ်သော ဗာဝေရုဇာတ်သည် ပြီး၏။

၄၀-ဝိသယ္ဟဇာတ်

အလှူကြီး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အဒါသိ ဒါနာနိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ကျွဲ ဝိသယ္ဟဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **အနာထပိဏ်သူဌေး**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ (ဝတ္ထုကို အောက် **ခဒိရင်္ဂါရဇာတ်*** ၌ ခဲ့ပြီ) ကျွဲ ဝိသယ္ဟဇာတ်၌ကား သဗ္ဗညူ မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကို ခေါ်တော်မူ၍ သူကြွယ်ရှေးပညာရှိတို့သည်လည်း အလှူကို မလှူလင့်ဟု ကောင်းကင်၌ ရပ်၍ တားမြစ်သော သိကြားမင်းကို ပယ်၍ အလှူကို လှူကုန်သလျှင် ကတည်းဟု မိန့်တော်မူ၍ အနာထပိဏ်သူဌေးသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကုဋေရှစ်ဆယ် ကြွယ်ဝသော **ဝိသယ္ဟ**မည်သော သူဌေးဖြစ်၍ ပဉ္စသီတိုနှင့်ပြည့်စုံ၏၊ အလှူပေးခြင်း၌ အလိုရှိ၏၊ အလှူပေးခြင်း၌ မေ့လျော့၏၊ ထိုဝိသယ္ဟသူဌေးသည် မြို့တံခါး လေးမျက်နှာ, မြို့လယ် မိမိအိမ်တံခါး ဤခြောက်ဌာနတို့၌ အလှူတင်းကုပ်တို့ကို ဆောက်၍ အလှူကို လှူ၏၊ နေ့တိုင်း နေ့တိုင်း အသပြာ ခြောက်သိန်းတို့ကို ထုတ်၍ ပေး၏၊ ဘုရားလောင်း၏ ထမင်းနှင့် အလှူခံ သူတောင်းစားတို့၏ ထမင်းသည် ထပ်တူမျှသည်

* ခဒိရင်္ဂါရဇာတ် ဧကကနိပါတ်မှာ ပါသည်။

www.dhammadownload.com

သာလျှင် ဖြစ်၏၊ ဇမ္မူဒိပ်ကို လယ်ယာထွန်ခြင်း ပြတ်သည်ကိုပြု၍ အလှူပေးသော ဝိသယှသူဌေး၏ ဒါနအာနုဘော်ကြောင့် သိကြားမင်း၏ ဘုံဗိမာန်သည် တုန်လှုပ်၏၊ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာသည် ပူသော အခြင်းအရာကို ပြ၏၊ သိကြားမင်းသည် ငါ့ကို အဘယ်သူသည်လျှင် တည်ရာမှ ရွှေ့လျောစေလို သနည်းဟု ဆင်ခြင်လတ်သော် သူဌေးကြီးကို မြင်၍ ဤဝိသယှသူဌေးသည် အလှန်လျှင် ပြန့်နှံ့စေ၍ အလုံးစုံသော ဇမ္မူဒိပ်ကို လယ်ယာထွန်ခြင်းပြတ်သည်ကို ပြုလျက် အလှူကို ပေး၏၊ ဤအလှူဖြင့် ငါ့ကို တည်ရာမှ ရွှေ့စေ၍ မိမိသည် သိကြားဖြစ်လိုယောင်တကား၊ ထိုဝိသယှသူဌေး၏ဥစ္စာကို ဖျက်ဆီး၍ ထိုဝိသယှသူဌေးကို ဆင်းရဲအောင်ပြု၍ အလှူမပေးနိုင်အောင် ပြုအံ့ဟုကြံ၍ အလုံးစုံသော ဥစ္စာ, စပါး, ဆီ, ပျား, တင်လဲ, သကာ, ဘကြား အစရှိသည်တို့ကို အယုတ်သဖြင့် ကျွန်အမှုလုပ်သော ယောကျ်ားအပေါင်းကို ကွယ်စေ၏။

ထိုအခါ အလှူပေးခြင်း၌ လုံ့လပြုကုန်သော သူတို့သည် လာလတ်၍ အရှင်အလှူ တင်းကုပ်၌ လှူအပ်သော ဝတ္ထု အပေါင်းသည် ပြတ်၏၊ ထားတိုင်း ထားတိုင်းသော အရပ်၌ ဟစုံတခုသော လှူဘွယ် ဝတ္ထုကို မမြင်ကုန်ဟု ကြားလျှောက်ကုန်၏၊ သင်တို့သည် ဤအိမ်မှရိက္ခာကို ဆောင်ကြကုန် အလှူကို မဖြတ်ကုန်လင့်ဟု မယားကိုခေါ်စေ၍ ရှင်မ အလှူကို ပေးလော့ဟု ဆို၏၊ မယားသည် အလုံးစုံသော အိမ်၌ ရှာ၍ ပဲဝက်သော ဥစ္စာကိုမျှလည်း မမြင်၍ အရှင်ငါတို့၏ကိုယ်၌ ဝတ်သော အဝတ်ကိုထား၍ တံပါးသော တစုံတခုသော ဥစ္စာကို မမြင် အိမ်အလုံးသည် အချည်းနှီးဖြစ်၏ဟု ဆို၏၊ ရုတနာခုနစ်ပါးထားသော တိုက်တို၌ တံခါးကို ဖွင့်စေ၍ ကြည့်သော်လည်း တစုံတခုသောဥစ္စာကို မမြင် သူဌေးကိုဌင်း သူဌေးမယားကိုဌင်း ထား၍ တပါးကုန်သော ကျွန်အမှုလုပ် ယောကျ်ားတို့သည်လည်း မထင်ကုန်၊ တဖန် ဘုရားလောင်းသည် မယားကို ခေါ်၍ ရှင်မ အလှူကို ဖြတ်ခြင်းငှါ မတတ်နိုင်၊ အလုံးစုံသောအိမ်ကို ရှာ၍ တစုံတခုသော ဥစ္စာကို ကြည့်လော့ဟု ဆို၏၊ ထိုခဏ၌ တယောက်သော မြက်ရိတ်ယောကျ်ားသည် တစင်္ခ, ထမ်းပိုး, မြက်စည်းကြိုးကို တံခါးကြား၌ စွန့်ပစ်၍ ပြေး၏၊ သူဌေးမယားသည် ထိုတစင်္ခ,ထမ်းပိုး, မြက်စည်းကြိုးကို မြင်၍ အရှင် ဤဝတ္ထုကို ထား၍ တပါးသောဥစ္စာကို မမြင်ဟု ယူဆောင်၍ ပေး၏၊ ဘုရားလောင်းသည် ရှင်မ ငါသည် ဤမျှလောက်သောကာလပတ်လုံးမြက်မည်သည်ကို မရိတ်စဘူး ယနေ့မှစ၍ မြက်ရိတ်၍ ဆောင်၍ ရောင်း၍ ရသည်အားလျော်စွာ အလှူကို ပေးအံ့ဟု ဆို၍ အလှူပြတ်အံ့သည်မှ ကြောက်သောကြောင့် တစင်္ခ,

www.dhammadownload.com

ထမ်းပိုး, ကြိုးကို ယူ၍ မြို့မှထွက်၍ မြက်ခင်းသို့ သွား၍ မြက်ကိုရိတ်၍ ဤမျှလောက်သော မြက်သည် ငါတို့ဘို့ ဖြစ်လတ္တံ့၊ ဤမျှလောက်ကို အလျှံပေးအံ့ဟု နှစ်စည်းကုန်သော မြက်တို့ကို ဖွဲ့၍ ထမ်းပိုးဌ် ဆွဲ၍ ထမ်းယူသွား၍ မြို့တံခါးဌ် ရောင်း၍ တပဲသော အသပြာတို့ကိုရ၍ တဘို့သော ဥစ္စာကို သူတောင်းစားအား လှူ၏၊ သူတောင်းစားတို့သည် မျှားကုန်၏၊ ငါ့အားပေးလော့ ငါ့အားပေးလော့ ဟု ဆိုကုန်သော သူတောင်းစားတို့အား တပါးသော အဘို့ကိုလည်း ပေး၍ ထိုနေ့ကို မယားနှင့်တကွ အာဟာရ ကင်းလျက် လွန်စေ၏၊ ဤနည်းဖြင့် ခြောက်ရက်တို့သည် လွန်ကုန်၏။

ထို့နောက် ခုနစ်ရက်မြောက်သောနေ့၌ ခုနစ်ရက်အာဟာရပြတ်သော အလွန်သိမ်မွေ့သော မြက်ကိုထမ်းသော ထိုဝိသယ္ဟ သူဌေး၏ နဖူး၌ နေပူဖြင့် ခတ်ကာမျှ၌ မျက်စိတို့သည် လည်ကုန်၏၊ ဝိသယ္ဟသူဌေးသည် သတိကို ဖြစ်စေခြင်းငှါ မတတ်နိုင်ရကား မြက်ကိုဘို၍ လည်း၏၊ ထိုအခါ သို့ကြားသည် ထိုသို့ပြုသောသူဌေးကိုစုံစမ်းလိုရကား ထိုဓဏ္ဍ၌လျင်လာလတ်၍ ကောင်းကင်၌ရပ်၍—

၁၅၇ အဒါသိ ဒါနာနိ ပုရေ ဝိသယ္ဟ၊
ဒဒတော စ တေ ခယဓမ္မော အဟောသိ။
ဣဒါနိ ပရံ စေ နံ ဒဒေယ္ယ ဒါနံ၊
တိဋ္ဌေယျုံ တော သံယမန္တ္တသ ဘောဂါ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဝိသယ္ဟ၊ ဝိသယ္ဟ သူဌေး။ တုံ့၊ သင်သည်။ ပုရေ၊ ရှေး၌။ ဒါနာနိ၊ အလှူတို့ကို။ အဒါသိ၊ လှူ၏။ ဒဒတော၊ လှူသော။ တေ၊ သင့်အား။ ဘောဂါနဉ္စ၊ စည်းစိမ်တို့၏လည်း။ ခယဓမ္မော၊ ကုန်သော သဘောသည်။ အဟောသိ၊ ဖြစ်၏။ ဣဒါနိ၊ ဤကာလမှ။ ပရံ နောက်၌။ ဒါနံ၊ အလှူကို။ စေ နံ ဒဒေယ္ယ၊ အကယ်၍ မလှူငြားအံ့။ သံယမန္တ္တသ၊ စောင့်ရှောက်သော။ တေ၊ သင်၏။ ဘောဂါ၊ စည်းစိမ်တို့သည်။ တိဋ္ဌေယျုံ၊ တည်ကုန်ရာ၏။

ဘုရားလောင်းသည် သိကြားမင်း၏ စကားကို ကြား၍ သင်သည် အဘယ်သူနည်းဟု မေး၏၊ ငါသည် သိကြားတည်းဟု ဆို၏၊ ဘုရားလောင်းသည် သိကြားမင်း၏ စကားကို ကြား၍ သိကြားမင်း သိကြားမည်သည်ကား

www.dhammadownload.com

ကိုယ်တိုင် အလှူပေး၍ သီလဆောက်တည်၍ ဥပုသ်သုံးခြင်းကို ပြု၍ ခုနစ်ပါး သော ကျင့်ဝတ်ကို ဖြည့်၍ သိကြားအဖြစ်သို့ ရောက်၏၊ သင်သည်ကား မိမိ၏ အစိုးရခြင်းကို ပြုတတ်သော အလှူပေးခြင်းကို တားမြစ်၏၊ ယုတ်မာသော အမှုကို ပြု၏ဟု ဆိုလို၍—

၁၅၈ အနရိယ'မရိယေန သဟာသနေတ္တာ၊
သုဒ္ဓဂုတေနာပိ အကိစ္စမာဟု။
မာ ဧဝါ မနံ တံ အဟု ဒေဝရာဇ၊
ယံ ဘောဂဟေတု ဝိဇဟေမု သဒ္ဓံ။

၁၅၉ ယေန ဧကော ရထော ယာတိ၊ ယာတိ တေန'ပရော ရထော။
ပေါရာဏံ နိဟိတံ ဝတ္တံ၊ ဝတ္တတညေဝ ဝါသဝ။

၁၆၀ ယဒိ ဟေသ္သတိ ဒဿာမ၊ အသန္တေ ကိံ ဒဒါမသေ။
ဧဝံဘူတာပိ ဒဿာမ၊ မာ ဒါနံ ပမဒမ္မသေ။

ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

သဟာသနေတ္တာ၊ သိကြားမင်း။ အရိယေန၊ စင်ကြယ်သော အကျင့်ရှိသော။ သုဒ္ဓဂုတေနာပိ၊ အလွန်ဆင်းရဲသော သူသည်လည်း။ အနရိယံ၊ ယုတ်မာသော အလှူမပေးခြင်းအမှုကို။ အကိစ္စံ၊ မပြုအပ်ဟူ၍။ အရိယာ၊ ဘုရားအစရှိကုန်သော အရိယာတို့သည်။ အာဟု၊ ဆိုကုန်၏။ ဒေဝရာဇ၊ နတ်မင်း။ ယံ ဘောဂဟေတု၊ အကြင် ဥစ္စာစည်းစိမ်၏ အကြောင်းကြောင့်။ မယံ၊ ငါတို့သည်။ သဒ္ဓံ၊ သဒ္ဓါတရားကို။ ဝိဇဟေမု၊ စွန့်ရာကုန်ငြားအံ့။ တံ ဓနံ၊ ထိုဥစ္စာသည်။ မာ အဟု၊ မဖြစ်စေသတည်း။ (ဧဝါ-ကား နိပါတ်မျှသာ)

ဝါသဝ၊ သိကြားမင်း။ ယေန မဂ္ဂေန၊ အကြင်ခရီးဖြင့်။ ဧကော ရထော၊ တခုသော ရထားသည်။ ယာတိ၊ သွား၏။ တေန မဂ္ဂေန၊ ထိုခရီးဖြင့်။ အပရော ရထော၊ နောက်ဖြစ်သော ရထားသည်။ ယာတိ၊ သွား၏။ မယာ၊ ငါသည်။ ပေါရာဏံ၊ ရှေးဦးဖြစ်သော။ ယံ ဝတ္တံ၊အကြင်ကျင့်ဝတ်ကို။နိဟိတံ၊ ဆောက်တည်အပ်၏။တံဝတ္တံ၊ထိုငါဆောက်တည်သောကျင့်ဝတ်သည်။ဝတ္တတညေဝ ဖြစ်သည်သာလျှင်တည်း။ သော တံ၊ ထိုသင်သည်။ မာ တိဋ္ဌတု၊ မတည်ပါလင့်။

ယဒိ ဟေဿတိ၊ အကယ်၍ဥစ္စာဖြစ်ငြားအံ့။ ဒဿာမ၊ လှူကုန်အံ့။ အသန္တေ၊ ဥစ္စာမရှိသော်။ ကိံ ဒဒါမသေ၊ အဘယ်ကြောင့်လှူနိုင်ကုန်အံ့နည်း။ ဧဝံဘူတာပိ၊

www.dhammadownload.com

ဤသို့ မြက်ရိတ်ရကုန် ငြားသော်လည်း။ ဒဿာမ၊ လှုကုန်အံ့။ ဒါနံ၊ အလှူပေး ခြင်းကို။ မာ ပမဒမ္မသေ၊ မမေ့ကုန်။

သိကြားမင်းသည် ဘုရားလောင်းကို တားမြစ်အံ့သောငှါ မတတ်နိုင်ရကား အဘယ်အကျိုးငှါ အလှူပေးသနည်းဟု မေး၏။ ဘုရားလောင်းသည် ငါကား သိကြားမင်းအဖြစ်ကိုတောင့်တ၍လည်း အလှူမပေး၊ ဗြဟ္မာမင်းအဖြစ်ကိုတောင့် တ၍လည်းအလှူမပေး၊သဗ္ဗညုတဉာဏ်ကိုကား တောင့်တ၍အလှူပေး၏ဟု ဆို၏၊ သိကြားမင်းသည် ဘုရားလောင်း၏ စကားကို ကြား၍ နှစ်သက်၍ လက်ဖြင့် ကျောက်ကုန်းကို ဆုပ်နယ်၍ ထိုးဖောက်လျှင် စားရဘိသကဲ့သို့ ဘုရားလောင်း၏ ကိုယ်အလုံးသည် ပြည့်၏။ သိကြားအာနုဘော်အားဖြင့်လည်း ဘုရားလောင်း၏ အလုံးစုံသော စည်းစိမ် အခြံအရံသည်လည်း ပကတိသာလျှင် ဖြစ်၏၊ သိကြား မင်းသည် သူဌေးကြီး သင်သည် ယနေ့မှစ၍ နေ့တိုင်း နေ့တိုင်း တသန်းနှစ်သိန်း ကုန်သော အသပြာတို့ကို စွန့်လျက် အလှူကို ပေးလော့ဟုဆို၍ ဘုရားလောင်း၏ အိမ်၌ အတိုင်းအရှည်မရှိသော ဥစ္စာကိုပို့၍ ဘုရားလောင်းကို လွှတ်လိုက်၍ မိမိနေရာသို့သာလျှင် သွား၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော် မူ၍ ယခုအခါရာဟုလာမယ်တော်သည် ထိုအခါ သူဌေးမယား ဖြစ်ဘူးပြီ၊ ယခု အခါ ငါဘုရားသည်သာလျှင် ထိုအခါ ဝိသယှသူဌေး ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဗောဓိသတ္တ၊ လှုဒါန၊ မုချပြုသည်သာ)

ဆယ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဝိသယှဇာတ်သည် ပြီး၏။

၅-စူဠကုဏ္ဍာလဝဂ် ၄၁-ကဏ္ဍရီဇာတ်

"နရာန မာရဏ်မကရာသု" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကဏ္ဍရီဇာတ်၏ အကျယ်စကားသည် **ကုဏ္ဍာလဇာတ်*** ၌ ထင်ရှားဖြစ်လတ္တံ့။ ရှေးဦးစွာသော ကဏ္ဍရီဇာတ်သည် ပြီး၏။

---

* ကုဏ္ဍာလဇာတ် အသီတိနိပါတ်မှာပါသည်။

www.dhammadownload.com

၄၂-ဝါနရဇာတ်

နှလုံးသား

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သပ္ပဉ္ညု မြတ်စွာဘုရားသည် "အသက္ခိံ ဝတ အတ္တာနံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝါနရဇာတ်ကိုဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ဒေဝဒတ်သည် သပ္ပဉ္ညု မြတ်စွာဘုရားအား သတ်အံ့သောဌါ** လုံ့လပြုခြင်းကို အကြောင်းပြု၍ ဟောတော် မူ၏။ (**ဝတ္ထု***ကို အောက်၌ ဆိုအပ်ပြီ) သပ္ပဉ္ညု မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာဝယ် မျောက်အမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ဂင်္ဂါနားဌာနေ၏၊ ထိုအခါ· ဂင်္ဂါမြစ်အတွင်း၌ တခုသော မိကျောင်းမသည် ဘုရားလောင်း၏ နှလုံးသား၌ ချင်ခြင်းကို ဖြစ်စေ၍ မိကျောင်းဖိုအား ပြောဆို၏။ မိကျောင်းဖိုသည် ဘုရားလောင်းမျောက်ကို ရေ၌နှစ်သက်၍ နှလုံးသားကို ယူ၍ မိကျောင်းမအား ပေးအံ့ဟု ကြံ၍ ဘုရားလောင်းကို အဆွဲ လာလေ၃၊ မြစ်၏အလယ် ကျန်းငယ်၌ သစ်သီးကြီးငယ်တို့ကို စားအံ့သောဌါ သွားကုန်အံ့ဟု ဆို၏၊ အဆွဲ ငါ အသို့သွားရအံ့နည်းဟု ဘုရားလောင်း ဆို၏၊ ငါသည် ကျောက်ကုန်း၌ သင့်ကို စီးစေ၍ ဆောင်အံ့ဟု မိကျောင်း ဆို၏၊ ဘုရားလောင်းသည် မိကျောင်းစိတ်ကို မသိုရကား ခုန်၍ မိကျောင်း ကျောက်ကုန်း၌ စီး၏၊ မိကျောင်းသည် အတန်ငယ်သွား၍ ရေ၌ ငုပ်အံ့သောဌါ အားထုတ်၏၊ ထိုအခါ မိကျောင်းကို ဘုရားလောင်းသည် အဆွဲအဘယ်ကြောင့် ငါ့ကို ရေ၌ နှစ်သနည်းဟု ဆို၏၊ ငါသည် သင့်ကို သတ်၍ သင့် နှလုံးသားကို ငါ့မယားအား ပေးအံ့ဟု မိကျောင်း ဆို၏၊ ပညာနည်းသော မိကျောင်း သင်သည် ငါ့နှလုံးသားသည် ရံခါ၌ရှိ၏ဟု သင်ထင်မှတ်၏ဟု ဘုရားလောင်းဆို၏၊ ရင်၌ နှလုံးမရှိသည်ရှိသော် အဘယ်မှာ သင် ထားသနည်းဟု မိကျောင်းမေး၏၊ ရေသဖန်းပင်၌ ဆွဲ၍ ထားအပ်သော ထိုနှလုံးသားကို သင် မမြင်လောဟု ဘုရားလောင်းဆို၏၊ မြင်၏ သင် ငါ့အား ပေးလတ္တံ့လောဟု မိကျောင်း မေး၏၊ ပေးအံ့ဟု ဘုရားလောင်းဆို၏၊ မိကျောင်းသည် နုန့်နှေးသော

---

၁ ဇေတဝန်ကျောင်းတော်၌ (က)

* ဒုကနိပါတ် သုသုမာရဇာတ်ကို ရည်ညွှန်းသည်။

www.dhammadownload.com

ပညာရှိသည်၏အဖြစ်ကြောင့် ဘုရားလောင်းကို ယူ၍ မြစ်ကမ်းနား ရေသဖန်း ပင်ရင်းသို့ သွား၏၊ ဘုရားလောင်းသည် မိကျောင်း ကျောက်ကုန်းမှ ခုန်၍ ရေသဖန်းပင်၌ နေလျက်—

၁၆၁ အသက္ခိ ဝတ အတ္တာနံ၊ ဥဒ္ဓါတုံ ဥဒကာ ထလံ။
နဒါနာဟံ ပုန တုယ္ဟံ၊ ဝသံ ဂစ္ဆာမိ ဝါရိဇ။

၁၆၂ အလမေတေဟိ အမ္မေဟိ၊ ဇမ္မုဟိ ပနသေဟိ စ။
ယာနိ ပါရုံ သမုဒ္ဒဿ၊ ဝရုံ မယ္ဟံ ဥဒုမ္ဗရော။

၁၆၃ ယော စ ဥပ္ပတိတံ အတ္ထံ၊ နာ ခိပ္ပမနုဗုဇ္ဈတိ။
အမိတ္တဝသမ'န္ဝေတိ၊ ပစ္ဆာ စ အနုတပ္ပတိ။

၁၆၄ ယော စ ဥပ္ပတိတံ အတ္ထံ၊ ခိပ္ပမေဝ နိဗောဓတိ။
မုဉ္ဇတေ သတ္တုသမ္မာဓာ၊ နာ စ ပစ္ဆာ'နုတပ္ပတိ။

ဟူသော လွေးဂါထာတို့ကို ဆို၏။

ဝါရိဇ၊ မိကျောင်း။ အဟံ၊ ငါသည်။ ဥဒကာ၊ ရေမှ။ ထလံ၊ ကြည်းသို့။ အတ္တာနံ၊ကိုယ်ကို။ဥဒ္ဓါတုံ၊ထုတ်အံ့သောငှါ။ အသက္ခိ ဝတ၊မတတ်နိုင်စွတကား ဒါနိ၊ ယခု။ ပုန၊ တဖန်။ အဟံ၊ ငါသည်။ တုယ္ဟံ၊ သင်၏။ ဝသံ၊ အလိုသို့။ နာ ဂစ္ဆာမိ၊ မလိုက်အံ့။

သမုဒ္ဒဿ၊မြစ်၏။ ပါရုံ၊တဘက်သို့။ဂန္ဆာ၊သွား၍။ ခါဒိတုမ္ဘာနိ၊ စားအပ်ကုန်သော။ ယာနိ၊ အကြင် သရက်,သပြေ,ပိန္နဲသီးတို့သည်။ သန္တိ၊ ရှိကုန်၏။ ဧတေဟိ အမ္မေဟိ စ၊ ထိုသရက်သီးတို့ဖြင့်၎င်း။ ဧတေဟိ ဇမ္မုဟိ စ၊ ထိုသပြေသီးတို့ဖြင့်၎င်း။ ဧတေဟိပနသေဟိ စ၊ ထိုပိန္နဲသီးတို့ဖြင့်၎င်း။ မယ္ဟံ၊ ငါအား။ အလံ၊ အလိုမရှိ။ မယ္ဟံ၊ ငါ့အား။ ဥဒုမ္ဗရော၊ ရေသဖန်းသီးသည်။ ဝရုံ၊ မြတ်၏။

ယော စ၊ အကြင်သူသည်လည်း။ ဥပ္ပတိတံ၊ ဖြစ်သော။ အတ္ထံ၊ အမှုကို။ ခိပ္ပံ၊ လျင်စွာ။ နာ အနုဗုဇ္ဈတိ၊ မသိ။ သော၊ ထိုသူသည်။ အမိတ္တဝသံ၊ ရန်သူ့နိုင်ငံသို့။ အန္ဝေတိ၊ လိုက်ရ၏။ ပစ္ဆာ စ၊ နောက်၌လည်း။ အနုတပ္ပတိ၊ ပူပန်ရ၏။

ယော စ၊ အကြင် သူသည်လည်း။ ဥပ္ပတိတံ၊ ဖြစ်သော။ အတ္ထံ၊ အမှုကို။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ နိဗောဓတိ၊ သိ၏။ သော၊ ထိုသူသည်။ သတ္တု

www.dhammadownload.com

သမ္မာဓာ၊ ရန်သူတို့၏ နှိပ်စက်ခြင်းမှ။ မူဠ္ဆတော၊ လွတ်၏။။ ပစ္ဆာ စ၊ နောက်၌ လည်း။။ နအနုတပ္ပတိ၊ မပူပန်ရ။။

ဤသို့ ဘုရားလောင်းသည် လေးဂါထာတို့ဖြင့် လူ၏ကိစ္စတို့၏ ပြီးခြင်း၏ အကြောင်းကို ဆို၍ တောအုပ်သို့သာလျှင် ဝင်၏။။

ဇာတ်ပေါင်း သဗ္ဗညုမြတ်စွာဘုရားသည်ဤ ဓမ္မဒေသနာကိုဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မိကျောင်းဖြစ်ဘူးပြီ၊ ယခုအခါငါဘုရားသည်သာလျှင် ထိုအခါ မျောက်မင်းဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။။

(ပညာဥာဏ်သာ၊ အကုရာသာယာ လွတ်ကြောင်းမှတ်)

နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဝါနရဇာတ်သည် ပြီး၏။။

၄၃-ကုန်နီဇာတ်

ကြိုးကြာမ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အဝသိမှ တဝါ' ဂါရေ" အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကုန်တီနိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ကောသလမင်း၏ နှန်းတော်၌ နေသော ကြိုးကြာငှက်မ**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုကြိုးကြာငှက်မသည် မင်း၏ တမန်အမှုကို ဆောင်ရွက်၏၊ ထိုကြိုးကြာမအား သားငယ်နှစ်ခုတို့သည်လည်း ရှိကုန်၏၊ မင်းသည် ကြိုးကြာငှက်မကို မင်းတပါး၏အထံသို့ မှာစာကိုဆောင်၍သွားစေ၏၊ ထိုကြိုးကြာမ၏ သွားသောကာလဝယ် မင်း၏အိမ်၌ သူငယ်တို့သည် သားငယ်နှစ်ခုတို့ကို လက်တို့ဖြင့် နှိပ်နယ်ကုန်လျက် သတ်ကုန်၏၊ ကြိုးကြာမသည် လာလတ်၍ ထိုသားငယ်တို့ကို မမြင်သည်ရှိသော် အဘယ်သူသည် ငါ့သားကို သတ်အပ်ကုန်သနည်းဟု မေး၏၊ ကျိမည်သောသူသည်ၛင်း၊ ကျိမည်သောသူသည်ၛင်း သတ်အပ်၏ဟု ဆိုကုန်၏၊ ထိုကာလ မင်း၏အိမ်၌ မွေးသော ကျားသည်ရှိ၏၊ ကြမ်းကြုတ်ရုန့်ရင်း၏၊ အနှောင်အဖွဲ့၏ အစွမ်းအားဖြင့် တည်၏၊ ထိုအခါ ထိုသူငယ်တို့သည် ထိုကျားကို ကြည့်ဒဲ့သောငှါ သွားကုန်၏၊ ထိုကြိုးကြာမ

www.dhammadownload.com

သည်လည်း ထိုသူငယ်တို့နှင့် အတူတကွ သွား၍ ဤသူငယ်တို့သည် ငါ့သားတို့ကို သတ်အပ်ကုန်သကဲ့သို့ ထို့အတူသာလျှင် ထိုသူငယ်တို့ကို ငါပြုအံ့ဟု ကြံ၍ ထိုသူငယ်တို့ကို ယူ၍ ကျား၏ ခြေရင်းဌာ ထား၏၊ ကျားသည် ကျပ်ကျပ်မည်စေ၍ စား၏၊ ထိုကြိုးကြာမသည် ဤယာခု ငါ၏ နှလုံးအလိုသည် ပြည့်ပြီဟု ပုံ၍ ဟိမဝန္တာသို့သာလျှင် သွား၏၊ ထိုအကြောင်းကိုကြား၍ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ မင်းအိမ်၌ ဤအမည်ရှိသော ကြိုးကြာမသည် မိမိသားငယ်တို့ကို သတ်ကုန်သော သူငယ်တို့ကို ကျား၏ခြေရင်းဌာ ထား၍ ဟိမဝန္တာသို့ သွားသည်မဟုတ်သေး၊ ရှေးဌာလည်း ဤအတူသာလျှင် သွားဘူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ဘုရားလောင်းသည် တရားသဖြင့် မင်းပြု၏၊ ထိုမင်း၏ နန်းတော်၌ တခုသော ကြိုးကြာမသည် တမန်တို့သည် ပြုအပ်သောအမှုကို ရှက်ဆောင်၏၊ (အလုံးစုံသောစကားသည် ရှေးနှင့်တူသလျှင်ကတည်း၊ ဤဆိုလတ္တံ့သည်ကား အထူးတည်း) ဤကြိုးကြာမသည် ကျားကို သူငယ်တို့ကို သတ်စေပြီး၍ ယခုအခါ ငါသည် ဤအရပ်၌နေခြင်းငှါ မတတ်ကောင်း၊ သွားအံ့ သွားသော် မင်းအား မကြားမူ၍ မသွားအံ့၊ မင်းအား ကြား၍သာလျှင် သွားအံ့ဟု ကြံပြီး၍ ထိုကြိုးကြာမသည် မင်းကို ဆည်းကပ်၍ ရှိခိုး၍ တင့်အပ်လျောက်ပတ်စွာ ရပ်လျက် အရှင် အရှင်တို့၏ မေ့လျော့သဖြင့်[1] အကျွန်ုပ်၏သားငယ်တို့ကို သူငယ်တို့သည် သတ်ကုန်ပြီ၊ အကျွန်ုပ်သည် အမျက်ဒေါသ အလိုသို့ လိုက်၍ ထိုသူငယ်တို့ကို တဘန် သတ်စေပြီ၊ ယခု အကျွန်ုပ်သည် ဤအရပ်၌ နေခြင်းငှါ မတတ်ကောင်းဟု ဆို၍ -

၁၆၅ အဝသိမှ တဝါ'ဂါရော၊ နိစ္စံ သက္ကတ ပူဇိတာ။
တွမေဝ ဒါနိ မ'ကရိ၊ ဟန္ဒ ရာဇ ဝဇာမဟံ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

---

၁ အရှင်တို့သည် အကျွန်ုပ်ကို စေခိုင်းခြင် မေ့လျော့သဖြင့် (က)

www.dhammadownload.com

ရာဇ၊ မင်းကြီး။ မယံ၊ အကျွန်ုပ်တို့သည်။ တဝ၊ သင်မင်းကြီး၏။ အဂါရေ၊ အိမ်၌။ နိစ္စံ၊ အမြဲ။ သက္ကတပူဇိတာ၊ အရှိအသေပြုအပ် ပူဇော်အပ်ကုန်သည် ဖြစ်၍။ အဝသိမှ၊ နေကုန်ပြီ။ ဣဒါနိ၊ ယခု။ တုမေဝ၊ သင်မင်းကြီး သည်လျှင်။ မမ၊ အကျွန်ုပ်၏။ ဒေါမနဿ ကာရဏံ၊ နှလုံးမသာယာခြင်း၏ အကြောင်းကို။ အကရိ၊ ပြုပြီ။ ဟန္ဒ၊ လှတ်လော့။ အဟံ၊ အကျွန်ုပ်သည်။ ဝဇာမိ၊ သွားအုံ။ ထိုစကားကို ကြား၍ မင်းသည်-

၁၆၆ ယော ဝေ ကတေ ပဋိကတေ၊ ကိဗ္ဗသေ ပဋိကိဗ္ဗသေ။
ဧဝံ တံ သမ္မတီ ဝေရံ၊ ဝသ ကုန္တိနီ မာဂမာ။

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

ကုန္တိနီ၊ ကြိုးကြာမ။ ယော၌၊ အကြင်သူသည်။ ဝေ၊ စစ်စစ်။ ပရေန၊ သူတပါးသည်။ ကိဗ္ဗသေ၊ သားငယ်ကို သတ်ခြင်းအစရှိသော ကြမ်းကြုတ်သော အမှုကို။ ကတေ၊ ပြုအပ်သည်ရှိသော်။ အတ္တနာ၊ မိမိသည်။ ပဋိကိဗ္ဗသေ၊ အစား သတ်ခြင်းအစရှိသော ကြမ်းကြုတ်သောအမှုကို။ ပဋိကတေ၊ အစားပြုအပ်သည် ရှိသော်။ မယာ၊ ငါသည်။ ပဋိကတံ၊ အစားပြုအပ်ပြီ။ ဇာတိ၊ ဤသို့။ ဇာနာတိ၊ သိ၏။ ဧဝံ၊ ဤမျှဖြင့်။ တံ ဝေရံ၊ ထိုရန်သည်။ သမ္မတိ၊ ငြိမ်း၏။ တုံ၊ သင်သည်။ ဝသ၊ နေလော့။ မာဂမာ၊ မသွားလင့်။

ထိုစကားကို ကြား၍ ကြိုးကြာမသည်-

၁၆၇ န ကတာသဿ စ ကတ္တာ စ၊ မေတ္တိ သန္ဓိယတေ ပုန။
ဟဒယံ နာနုဇာနာတိ၊ ဂစ္ဆညေဝ ရထေသဘာ။

ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

ရထေသဘာ၊ ရထားစီးခြင်း မင်းတကာတို့ထက် မြတ်သော မင်းကြီး။ ကတဿ စ၊ နှိပ်စက်အပ်သော သူအားဂုဏ်း။ ယော၊ အကြင်သူသည်။ ကတ္တာ၊ နှိပ်စက်တတ်၏။ တဿ စ၊ ထိုနှိပ်စက် တတ်သော သူအားဂုဏ်း။ မေတ္တိ၊ ချစ်ခြင်းသည်။ ပုန၊ တဖန်။ န သန္ဓိယတေ၊ မစပ်။ မမ၊ အကျွန်ုပ်၏။ ဟဒယံ၊ စိတ်သည်။ နာနုဇာနာတိ၊ မနှစ်သက်။ ဂစ္ဆညေဝ၊ သွားအုံသလျှင်ကတည်း။

မင်းသည် ထိုစကားကို ကြား၍-

www.dhammadownload.com

၁၆၈ ကတဿ စေဝ ကတ္တာ စ၊ မေတ္တိ သန္ဓိယတော ပုန။
မိဏ္ဍာနံ နော စ ဗာလာနံ၊ ဝသ ကုန္တိနိ မာဂမာ။

ဟူသော လေးခုမြောက်သော ဤဂါထာကို ဆို၏။

ကုန္တိနိ၊ ကြိုးကြာမ။ ကတဿ စေဝ၊ နှိပ်စက်အပ်သော သူအားဎင်း။ ယော၊ အကြင်သူသည်။ ကတ္တာ၊ နှိပ်စက်တတ်၏။ တဿ စ၊ ထိုနှိပ်စက် တတ်သော သူအားဎင်း။ ဘိန္နာ၊ ကဲ့သည်ရှိသော်။ မိဏ္ဍာနံ၊ ပညာရှိတို့အား။ ပုန၊ တဖန်။ မေတ္တိ၊ ချစ်ခြင်းသည်။ သန္ဓိယတော၊ စပ်၏။ ဗာလာနံ၊ သူမိုက်တို့အား။ နော စ သန္ဓိယတော၊ မစပ်။ တံ၊ သင်သည်။ ဝသ၊ နေလော့။ မာဂမာ၊ မသွားလင့်။

ကြိုးကြာမသည် အရှင်မင်းကြီး ဤသို့ ဖြစ်ငြားသော်လည်း အကျွန်ုပ်သည် ဤအရပ်၌ နေခြင်းငှါ မတတ်ကောင်းဟု မင်းကို ရှိခိုး၍ ပယ်၍ ဟိမဝန္တာသို့ သာလျှင် သွား၏။

•

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ကြိုးကြာမသည် ထိုအခါ ကြိုးကြာမ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မေတ္တာတုံ့ပြန်၊ တသက်ပန်၊ ဆက်ဆံ နေတော့ပါ)

သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ကုန္တိနိဇာတ်သည် ပြီး၏။

၄၄-အမွေဇာတ်

ရသေ့နှင့် မိန်းမပျိုမျှား

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ယော နိလိယံ မဏ္ဍယတိ" အစ ရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ အမွေဇာတ်ကို ဇေတဝန်

www.dhammadownload.com

ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **သရက်ဥယျာဉ်ကို စောင့်သော တပါးသော မထေရ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုမထေရ်သည် အိုသော ကာလ၌ ရဟန်း ပြု၍ ဇောဝန် ကျောင်းတော် အစွန်းဝယ် သရက်ဥယျာဉ်၌ ကျောင်းဆောက်၍ သရက်ဥယျာဉ်ကို စောင့်လျက် ကြွေကုန်သော သရက်သီးမျည့်တို့ကို စားလျက်နေ၏၊ မိမိအထံသို့ ရောက်လာကုန်သော သူတို့အားလည်း သရက်သီးကို ပေး၏၊ ထိုမထေရ် ဆွမ်းခံဝင်စဉ် သရက်သီး ခိုးသော သူတို့သည် သရက်သီးကို ကြေစေကုန်၍ စား၍ငင်း ယူ၍ငင်း သွားကုန်၏၊ ထိုခဏ၌ လေးယောက်ကုန်သော သူဌေးသို့မီး တို့သည် အစီရဝတီ မြစ်၌ ရေချိုး၍ လှည့်လည်ကုန်လျက် သရက်ဥယျာဉ်သို့လျှင် ဝင်ကုန်၏၊ ရဟန်း ကြီးသည် ထိုသူဌေးသို့မီးတို့ကို မြင်၍ သင်တို့သည် ငါ၏သရက်သီးတို့ကို စားကုန်၏ဟု ဆို၏၊ အရှင်ဘုရား အကျွန်ုပ်တို့သည် ယခုပင်လျှင် လာရောက်ကုန်၏၊ အရှင်ဘုရားတို့၏ သရက်သီးတို့ကို မစားကုန်ဟု ဆိုကုန်၏၊ ထိုသို့တပြိုးကား ကျိန်ကြကုန်လောဟု ရဟန်းကြီးသည် ဆို၏၊ အရှင်ဘုရား ကျိန်ပါကုန်အံ့ဟု ဆို၍ သူဌေးသို့မီးတို့သည် ကျိန်ကုန်၏၊ ရဟန်းကြီးသည် သူဌေးသို့မီးတို့ကို ကျိန်စေ၍ အရှက်ရစေ၍ လှတ်လိုက်၏၊ ထိုရဟန်းကြီး၏ ထိုအမှုကို ကြားကုန်၍ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ ဤအမည်ရှိသော ရဟန်းကြီးသည် မိမိပေနရော သရက်ဥယျာဉ်သို့ ဝင်ကုန်သော သူဌေးသို့မီးတို့ကို ကျိန်စေ၍ အရှက် ရစေ၍ လှတ်လိုက်၏ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန် သနည်းဟု မေးတော်မူလတ်၍ ဤမည်သောစကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ဤရဟန်းကြီးသည် ယခုအခါ၌သာလျှင် သရက်ဥယျာဉ်စောင့်ဖြစ်၍ လေးယောက်ကုန်သော သူဌေးသို့မီးတို့ကို ကျိန်စေ၍ အရှက်ခွဲ၍ လှတ်လိုက်သည် မဟုတ်သေး၊ ရှေးဘဝလည်း ကျိန်စေ၍ အရှက်ခွဲ၍ လှတ်ဘူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိကြားဖြစ်၏၊ ထိုအခါ စဉ်းလဲသော ရဿေ့သည် ဗာရာဏသီပြည်ကို အမှီပြု၍ မြစ်နား သရက်ဥယျာဉ်၌ ကျောင်း ဆောက်၍ သရက်သီးတို့ကို စောင့်လျက် သရက်ပင်မှ ကြွေကုန်သော သရက်သီး မျည့်တို့ကို စားလျက် ရောက်လာကုန်သော လူတို့အား ပေးလျက် မှားသော

www.dhammadownload.com

အသက်မွေးခြင်းဖြင့် အသက်မွေးလျက် နေ၏၊ ထိုအခါ သီကြားမင်းသည် လူ့ပြည်၌ အဘယ်သူတို့သည် အမိအဘတို့ကို လုပ်ကျွေးကုန်သနည်း၊ အမျိုးဥစ္စာကြီးသောသူတို့အား အရိုအသေအမှုကို ပြုကုန်သနည်း၊ အလှူပေးကုန်သနည်း၊ သီလစောင့်ကုန်သနည်း၊ ဥပုသ်ကို စောင့်ကုန်သနည်း၊ အဘယ်ရဟန်းတို့သည်ကား မကျင့်အပ်သောအကျင့်ကို ကျင့်ကုန်သနည်းဟု လူ့ပြည်ကို ကြည့်လတ်သော် သရက်ဥယျာဉ်ကို စောင့်လျက် မကျင့်အပ်သောအကျင့်ကို ကျင့်လျက်နေသော ရသေ့စဉ်းလဲကို မြင်၍ ဤရသေ့စဉ်းလဲကား ကသိုဏ်းမရိုကဲ့ အစရှိသော မိမိ၏ ရဟန်းတရားကို ပယ်၍ သရက်ဥယျာဉ်ကို စောင့်လျက် နေ၏၊ ထိုရသေ့စဉ်းလဲကို ထိတ်လန့်စေအံ့ဟု ရသေ့သည် ရှာသို့ ဆွမ်းခံအံ့သောငှါ ဝင်သောကာလ၌ သီကြား၏ အာနုဘော်ဖြင့် သရက်သီးတို့ကို ကြွေစေ၍ ခိုးသူတို့သည် ခိုးဘိသကဲ့သို့ ပြု၏။

ထိုအခါ ဗာရာဏသီပြည်မှ လေးယောက်ကုန်သော သူဌေးသမီးတို့သည် ထိုသရက်ဥယျာဉ်သို့ ဝင်ကုန်၏၊ ရသေ့စဉ်းလဲသည် ထိုသူဌေးသမီးတို့ကို မြင်၍ သင်တို့သည် ငါ၏သရက်သီးတို့ကို စားကုန်၏ဟု ဆို၏၊ အရှင်ဘုရား အကျွန်ုပ်တို့သည် ယခုပင်လျှင် လာပါကုန်၏၊ အရှင်ဘုရား၏ အရက်သီးတို့ကို မစားပါကုန်ဟု ဆို၏၊ ထိုသို့တပြီးကား ကျိန်ကြကုန်လော့ဟု ဆို၏ အရှင်ဘုရား ကျိန်၍ သွားခွင့်ကို ရပါကုန်အံ့လောဟု ဆိုကုန်၏၊ အေး ရကုန်လတ္တံ့ဟု ဆိုသည်ရှိသော် အရှင်ဘုရား ကောင်းပြီဟု ဆို၍ ထိုသူဌေးသမီးတို့တွင် အကြီးဆုံးဖြစ်သော သူဌေးသမီးသည် ကျိန်ခြင်းကို ပြုလိုရကား—

၁၆၉ ယော နိလိယံ မက္ကယတိ၊ သက္ကာသေန ဝိဟညတိ။
တဿ သာ ဝသ'မန္ဒေတု၊ ယာ တေ အမ္မေ အဝါဟရိ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ဘန္တေ၊ အရှင်ဘုရား။ ယာ၊ အကြင်မိန်းမသည်။ တေ၊ အရှင်ဘုရား၏။ အမ္မေ၊ သရက်သီးတို့ကို။ အဝါဟရိ၊ ခိုး၏။ သာ၊ ထိုမိန်းမသည်။ ယော၊အကြင် ယောကျ်ားသည်။ နိလိယံ၊ ညိုသောဆံကို။ မက္ကယတိ၊ တန်ဆာဆင်၏၊ ပလိတံ၊ ညိုသောဆံပင်တို့၏အကြား၌ ရောက်သော ဆံဖြူကို။ သက္ကာသေန၊ မွေးညှပ်ဖြင့်။ ဥဒ္ဓရန္တေ၊ နုတ်လျက်။ ဝိဟညတိ၊ ပင်ပန်း၏။ တဿ၊ ထိုယောကျ်ားအို၏။ ဝသံ၊ အလိုသို့။ အန္တေတု၊ လိုက်ရစေသတည်း။

www.dhammadownload.com

ရသေ့စဉ်းလဲသည် ထိုသူဌေးသို့မီးကို သင်ကား သင့်တင့်ရာအရပ်၌ နေလော့ဟု ဆို၍ နှစ်ယောက်မြောက်သော သူဌေးသို့မီးကို ကျိန်စေ၏၊ ထိုသူဌေးသို့မီးသည် ကျိန်သည်ရှိသော်-

၁၇၀ ဝိသံ ဝါ ပဠူဝိသံ ဝါ၊ ဥနတိ်သံ ဝ ဇာတိယာ။
တာဒိသာ ပတိ မာ လဒ္ဓါ၊ ယာ တေ အမ္မေ အဝါဟရိ။

ဟူသော နှစ်ခုမြောက်သော ဂျိုဂါထာကို ဆို၏။

ဘန္တေ၊ အရှင်ဘုရား။ ယာ၊ အကြင်မိန်းမသည်။ တေ၊ အရှင်ဘုရား၏။ အမ္မေ၊ သရက်သီးတို့ကို။ အဝါဟရိ၊ ခိုး၏။ သာ၊ ထိုမိန်းမသည်။ ဇာတိယာ၊ မွေးဖွားသည်မှ။ ဝိသံ ဝါ၊ နှစ်ဆယ်သို့ဌင်း။ ပဠူဝိသံ ဝါ၊ နှစ်ဆဲ့ငါးနှစ်သို့ဌင်း။ ဥနတိ်သံ ဝါ၊ နှစ်ဆဲ့ကိုးနှစ်သို့ဌင်း။ ပတ္ဝာ၊ ရောက်၍။ တာဒိသာ၊ ထိုသို့ရင့်သော အရွယ်ရောက်သော သဘောရှိလျက်။ ပတိ၊ လင်ကို။ မာ လဒ္ဓါ၊ မရစေသတည်း။

ထိုသူဌေးသို့မီးသည်လည်း ကျိန်ပြီး၍ တင့်အပ် လျောက်ပတ်သော အရပ်၌ နေသော် သုံးယောက်မြောက်သော သူဌေးသို့မီးသည်-

၁၇၁ ဒီဃံ ဂစ္ဆတု အဒ္ဓါနံ၊ ကေကာ အဘိသာရိကာ။
သကေ်တေ ပတိ မာ အဒ္ဒ၏၊ ယာ တေ အမ္မေ အဝါဟရိ။

ဟူသော သုံးခုမြောက်သော ဂျိုဂါထာကို ဆို၏။

ဘန္တေ၊ အရှင်ဘုရား။ ယာ၊ အကြင်မိန်းမသည်။ တေ၊ အရှင်ဘုရား၏။ အမ္မေ၊ သရက်သီးတို့ကို။ အဝါဟရိ၊ခိုး၏။ သာ၊ထိုမိန်းမသည်။ အဘိသာရိကာ၊ လင်ကို တောင့်တလျက် လင်၏ အထံသို့ သွားသည်၏ အဖြစ်ကြောင့် အဘိသာရိကာမည်သော မိန်းမဖြစ်၍။ ကေကာ၊ တယောက်ထည်း။ ဒီဃံ၊ ရှည်စွာသော။ အဒ္ဓါနံ၊ တဂါဝုတ် နှစ်ဂါဝုတ်ရှိသောခရီးသို့။ ဂစ္ဆတု၊ သွားရစေသတည်း။ သကေ်တေ၊ ဤမည်သော အရပ်သို့ လာလော့ဟု လင်ချိန်းချက်ရာ အရပ်၌။ ပတိ်၊ လင်ကို။ မာ အဒ္ဒ၊ မမြင်ရစေသတည်း။

ထို သူဌေးသို့မီးသည်လည်း ကျိန်ပြီး၍ ဖင့်အပ် လျောက်ပတ်ရာ အရပ်၌ နေသည်ရှိသော် လေးယောက်မြောက်သော သူဌေးသို့မီးသည်-

---

၁ မာဒ္ဒသ (သီ၊ သျှ)

www.dhammadownload.com

၁၇၂ အလက််တာ သုဝသနာ၊ မာလိနီ စန္ဒနုဿဒါ။
ကေိကာ သယနေ သေတု၊ ယာ တေ အမွေ အဝါဟာရိ။

ဟူသော လေးခုမြောက်သော ဂျိဂါထာကို ဆို၏။

ဘန္တေ၊ အရှင်ဘုရား။ ယာ၊ အကြင်မိန်းမသည်။ တေ၊ အရှင်ဘုရား၏။ အမွေ၊ သရက်သီးတို့ကို။ အဝါဟာရိ၊ ခိုး၏။ သာ၊ ထိုမိန်းမသည်။ အလက််တာ၊ တန်ဆာဆင်လျက်။ သုဝသနာ၊ ကောင်းစွာဝတ်လျက်။ မာလိနီ၊ ပန်းပန်လျက်။ စန္ဒနုဿဒါ၊ စန္ဒကူးနံ့သာ လိမ်းကျံလျက်။ ဧကိကာ၊ တယောက်ထီးတည်း။ သယနေ၊ အိပ်ရာ၌။ သေတု၊ အိပ်ရစေသတည်း။

ရသေ့စဉ်းလဲသည် သင်တို့ကား အလှန်ဝန်လေးကုန်သော ကျိန်ခြင်းတို့ကို ကျိန်၏၊ တပါးသော သူတို့သည် သရက်သီးတို့ကို စားသည် ဖြစ်ကုန်ရာ၏၊ သင်တို့သည် ယခု သွားကြကုန်လော့ဟု သူဌေးသို့မီးတို့ကို လွှတ်လိုက်၏၊ သိကြားမင်းသည် ကြောက်မက်ဘွယ်သော အာရုံကိုပြ၍ ရသေ့စဉ်းလဲကို ထိုအရပ်မှ ပြေးစေ၏။

ဇာတ်ပေါင်း၊ သင်္ဘည္ဉ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ သရက်ဥယျာဉ်စောင့်သော ဤရဟန်းကြီးသည် ထိုအခါ ရသေ့စဉ်းလဲ ဖြစ်ဘူးပြီ၊ ယခုအခါ လေးယောက်ကုန်သော သူဌေးသို့မီးတို့သည်သာလျှင် ထိုအခါ လေးယောက်ကုန်သော သူဌေးသို့မီးတို့ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရား သည်သာလျှင် ထိုအခါ သိကြားမင်း ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ရဟန်းဖြစ်ငြား၊ ကျင့်တရား၊ ထင်ရှား ရှိစေသင့်)
လေးခုတို့၏ပြည့်စေ့ကြောင်းဖြစ်သော အမှုဇာတ်သည် ပြီး၏။

၄၅-ရာဇကုမ္ဘဇာတ်

ပျင်းလွန်းသူ

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သင်္ဘည္ဉ မြတ်စွာဘုရားသည် "ဝနံ ယဒ'ဂ္ဂိ ဒဟတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤရာဇကုမ္ဘဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ပျင်းရိသော ရဟန်းတပါး**ကို အကြောင်းပြု၍

www.dhammadownload.com

ဟောတော်မူ၏၊ ထိုရဟန်းသည် သာဝတ္ထိပြည်၌ နေသော အမျိုးသားဖြစ်၍ သာသနာတော်၌ အသက်ကို စွန့်၍ ရဟန်းပြု၍လည်း ပျင်းရိသတတ်၊ ပါဋိသင်ခြင်း, အဋ္ဌကထာသင်ခြင်း, အသင့်အားဖြင့် နှလုံးသွင်းခြင်း, ဝတ်ကြီးဝတ်ငယ်ပြုခြင်း အစရှိသည်တို့မှ အပပြု၍ နိဝရဏသည် နှိပ်စက်အပ်၏၊ ထိုင်ခြင်း ရပ်ခြင်းအစရှိသော ဣရိယာပုထ်တို့၌ ပျင်းရိသည်သာလျှင် ဖြစ်၏၊ ထိုရဟန်း၏ ထိုပျင်းရိသည် အဖြစ်ကို အကြောင်းပြု၍ ရဟန်းတို့သည် တရားသဘင်၌ ငါ့သျှင်တို့ ဤမည်သော ရဟန်းသည် ဤသို့ သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြု၍ ပျင်းရိလျက် နိဝရဏသည် နှိပ်စက်အပ်လျက် နေ၏ဟု စကားကို ဖြစ်စေကုန်၏၊ သပ္ပည္ပု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါအဘယ်မည်သောစကားဖြင့် စည်းဝေးကြ ကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ဤရဟန်းသည် ယခုအခါ၌သာလျှင် ပျင်းရိသည် မဟုတ်သေး၊ ရှေး၌လည်း ပျင်းရိသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏ အမတ်ဖြစ်၏၊ ဗာရာဏသီမင်းသည် ပျင်းရိသော သဘောရှိ၏၊ ဘုရားလောင်းသည် မင်းကို သိစေအံ့ဟု တခုသော ဥပမာကို ရှာလျက် သွား၏၊ ထိုအခါ တနေ့သ၌ မင်းသည် ဥယျာဉ်သို့ သွား၍ အမတ်အပေါင်းခြံရံလျက် ဥယျာဉ်၌ လှည့်လည်သည်ရှိသော် **ရာဇကုမ္ဘ**မည်သော ပျင်းရိသော သူတယောက်ကို မြင်၏၊ တနေ့ပတ်လုံး သွားငြားသော်လည်း လက်တသစ်, နှစ်သစ်မျှသာလျှင် သွား၏၊ ဤသို့ ပျင်းရိသော သဘောရှိ၏၊ မင်းသည် ထိုလူပျင်းကိုမြင်၍ အဆွေ ဤသူကား အဘယ်မည်သော သူနည်းဟု ဘုရားလောင်းကို မေး၏၊ ဘုရားလောင်းသည် မြတ်သော မင်းကြီး ဤသူကား ရာဇကုမ္ဘမည်၏၊ ပျင်းရိသော သဘော ရှိ၏၊ တနေ့ပတ်လုံး သွားငြားသော်လည်း လက်တသစ်, နှစ်သစ်မျှသာလျှင် သွား၏၊ ဤသို့ ပျင်းရိသော သဘောရှိ၏ဟု ဆို၍ ထိုသူပျင်းနှင့်တကွ စကားပြောလိုရကား အချင်း ရာဇကုမ္ဘ သင်တို့၏ သွားခြင်းသည် နေ့းလှစ္ဘာ၏၊ ဤတောကို တောမီးလောင်သည်ရှိသော် သင်တို့သည် အဘယ်သို့ ပြုကုန်မည်နည်းဟု ဆို၍—

၁၇၃ ဝနံ ယဒဂ်္ဂိ ဒဟတိ၊ ပါဝကော ကက္ခဝတ္တနိ။
ကထံ ကရောသိ ပစလက၊ ဧဝံ ဒန္ဓပရက္ကမော။

ဟူသော ရှေးဦးစွာသော ဂါထာကို ဆို၏။

www.dhammadownload.com

ပစလကာ၊ အစဉ်တစိုက် ပျင်းရိသောသူ။ တံ့၊ သင်သည်။ ဧဝံ၊ ဤသို့။ ဒန္ဓပရက္ကမော၊ နှေးသော လုံ့လရှိ၏။ ယဒါ၊ အကြင်အခါ၌။ ပါဝကော၊ ရောက်တတ်သော။ ကဏ္ဍဝတ္တနိံ၊ မည်းသော သွားရာ ခရီး ရှိသော။ အဂ္ဂိ၊ မီးသည်။ ဝနံ၊ တောကို။ ဒဟတိ၊ လောင်အံ့။ တဒါ၊ ထိုအခါ၌။ တုံ့၊ သင်သည်။ ကထံ ကရောသိ၊ အသို့ပြုအံ့နည်း။

ထိုစကားကို ကြား၍ ရာဇကုမ္ဘသည်–

၁၇၄ ဗဟူနိ ရုက္ခဆိဒ္ဒါနိ၊ ပထဗျာ ဝိဝရာနိ စ။
တာနိ စေ နာဘိသမ္ဘောမ၊ ဟောတိ နော ကာလပရိယာယော။

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

ဗဟူနိ၊ များစွာကုန်သော။ ရုက္ခဆိဒ္ဒါနိ၊ သစ်ခေါင်းပေါက်တို့သည်၎င်း။ ပထဗျာဝိဝရာနိ စ၊ ထူးတွင်းပေါက်တို့သည်၎င်း။ သန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုသစ်ခေါင်းပေါက်, ထူးတွင်းပေါက်တို့သို့။ မယံ၊ ငါတို့သည်။ စေ နာဘိ-သမ္ဘောမ၊ အကယ်၍မရောက်နိုင်ကုန်အံ့။ နော၊ ငါတို့အား။ ကာလပရိယာယော၊ သေခြင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်အံ့။

ထိုစကားကို ကြား၍ ဘုရားလောင်းသည်–

၁၇၅ ယော ဒန္ဓကာလေ တရတိ၊ တရဏီယေ စ ဒန္ဓတိ။
သုက္ခံပဏ္ဏံဝ အက္ကမ္မ၊ အတ္ထံ ဘဉ္ဇတိ အတ္တနော။

၁၇၆ ယော ဒန္ဓကာလေ ဒန္ဓေတိ၊ တရဏီယေ စ တာရယိ။
သသီဝ ရတ္တိံ ဝိဘဇံ၊ တဿတ္ထော ပရိပူရတိ။

ဟူသော နှစ်ဂါထာတို့ကို ဆို၏။

ယော၊ အကြင်သူသည်။ ဒန္ဓကာလေ၊ ဖြည်းဖြည်းညှင်းညှင်း ပြုအပ်သော ကာလ၌။ တရတိ၊ လျင်မြန်စွာပြု၏။ တရဏီယေ စ၊ လျင်မြန်စွာ ပြုအပ်သော ကာလ၌လည်း။ ဒန္ဓတိ၊ ဖြည်းညှင်းစွာ ပြု၏။ သော၊ ထိုသူသည်။ သုက္ခပဏ္ဏံ၊ ကန်းရွက်ခြောက်ကို။ အက္ကမ္မ၊ နင်း၍။ ဘဉ္ဇတိ ဇာဝ၊ ဖျက်ဆီး လကဲ့သို့။ အတ္ထနော၊ မိမိ၏။ အတ္ထံ၊ အကျိုးစီးပွားကို။ ဘဉ္ဇတိ၊ ဖျက်ဆီး၏။

www.dhammadownload.com

ယော၊ အကြင်သူသည်။ ဒန္ဓကာလေ၊ ဖြည်းညှင်းစွာပြုအပ်သောကာလ၌။ ဒန္ဓေတိ၊ ဖြည်းညှင်းစွာပြု၏။ တရဏီယေ စ၊ လျင်မြန်စွာ ပြုအပ်သော ကာလ၌လည်း။ တာရယိ၊ လျင်မြန်စွာပြု၏။ သသီ၊ ဆန်းသစ်သော လ,သည်။ ရတ္တိ၊ တည့်မှ တည့်၌သို့။ ဝိဘဇ်-ဝိဘဇန္တော၊ ကပ်ရောက်လျက်။ ဒိဝသေ ဒိဝသေ၊ နေ့တိုင်း နေ့တိုင်း။ ပရိပ္ပူရတိ ဣဝ၊ ပြည့်သကဲ့သို့။ တာသ၊ ထိုသူ၏။ အတ္ထော၊ အကျိုးစီးပွားသည်။ ပရိပ္ပူရတိ၊ ပြည့်၏။

မင်းသည် ဘုရားလောင်းစကားကို ကြား၍ ထိုအခါမှစ၍ မပျင်းမရိသည် ဖြစ်၏။

ဇာတ်ပေါင်း သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ပျင်းရိသော ရဟန်းသည် ထိုအခါ ရာဇကုမ္ဘ ဖြစ်ဘူးပြီ၊ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိသောအမတ် ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အပျင်းမွေးငြား၊ လူအများ၊ ပျက်ပြားလေစွ ကျိုးဖလ)
ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော ရာဇကုမ္ဘဇာတ်သည် ပြီး၏။

၄၆- ဧကသဝဇာတ်

ကျွမ်းဝင်သူပေး ရောဂါဝေး

ပစ္စုပ္ပန်ဝတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "မနုဿိန္ဒံ ဇဟိတ္ဝာန" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤကေသဝဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ဝိဿာသဘောဇန**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ အနာထပိဏ်သူဌေး၏ အိမ်၌ ငါးရာကုန်သော ရဟန်းတို့အား မပြတ် ဆွမ်းလုပ်ကျွေး သတတ်၊ သူဌေးအိမ်သည် အခါခပ်သိမ်း ရဟန်း သင်္ဃာ၏ ဧရတ္တင်း ရေကန်သဘွယ် ဖြစ်၏၊ သက်န်းရောင်ဖြင့် ပြောင်ပြောင်ထွန်းပ၏၊ ရဟန်းတို့၏ ကွေးခြင်း ဆန့်ခြင်း အစရှိသည်တို့ကြောင့်ဖြစ်သော လေသည်

www.dhammadownload.com

ခတ်အပ်၏၊ ထိုအခါ တနေ့သ၌ မင်းသည် မြို့ကို လက်ျာရစ် လှည့်လတ်သော် သူဌေးအိမ်၌ ရဟန်းသင်္ဃာတို့ကိုမြင်၍ ငါသည်လည်း အရိယာသင်္ဃာအား မပြတ် ဆွမ်းလှူအံ့ဟု ကျောင်းသို့ သွား၍ ဘုရားကို ရှိခိုး၍ ငါးရာကုန်သော ရဟန်းတို့အား မပြတ် ဆွမ်းလုပ်ကျွေးရခြင်းကို တောင်းပန်၏၊ ထိုအခါမှစ၍ မင်းအိမ်၌ မပြတ်လျှင် သုံးနှစ်ထားအပ်သော မွေးသော မွှန်မြတ်သော သလေးဘောဇဉ်ဆွမ်းကို လှူ၏၊ အကျွမ်းဝင်ခြင်း ချစ်ခင်လေးမြတ်ခြင်းဖြင့် .မိမိလက်ဖြင့် လှူသော သူတို့သည်ကား မရှိကုန်၊ မင်းချင်း ယောကျ်ားတို့ကို လှူစေကုန်၏၊ ရဟန်းတို့ မင်း၏ အိမ်၌နေ၍ စားခြင်းငှါ အလိုမရှိကုန်၊ အထူးထူးသော မြတ်သော အရသာရှိသော ဆွမ်းကိုယူ၍ မိမိတို့၏ အလုပ်အကျွေးအိမ်သို့သွား၍ ထိုဆွမ်းကို အလုပ်အကျွေးတို့အား ပေး၍ အလုပ်အကျွေးတို့သည် လှူအပ်သော် ရှုန့်ရင်းသည်ဌင်း မွန်မြတ်သည်ဌင်း ဖြစ်သော ဆွမ်းကို စားကုန်၏။

ထိုအခါ တနေ့သ၌ မင်းအား မျှားစွာသော သစ်သီးကြီးငယ်ကို ဆက်ကုန်၏၊ မင်းသည် ထိုသစ်သီးကြီးငယ်ကို သင်္ဃာအား လှူကုန်လော့ဟု ဆို၏၊ လူတို့သည် ဆွမ်းဘုန်းပေးရာ တင်းကုပ်သို့ သွား၍ တပါးသော ရဟန်းကိုလည်း မမြင်၍ မရှိဟု မင်းအားကြားကုန်၏၊ အချင်းတို့ ဆွမ်းဘုန်းပေးသောအခါ မဟုတ်လော ဟုဆို၏၊ ရှင်မင်းကြီး ဆွမ်းဘုဉ်းပေးသောအခါ ဟုတ်၏၊ ရဟန်းတို့သည်ကား ရှင်မင်းကြီးတို့၏ နန်းတော်၌ ဆွမ်းကိုယူ၍ မိမိ မိမိတို့၏ အကျွမ်းဝင်ရာ အလုပ်အကျွေးတို့၏ အိမ်သို့သွား၍ အလုပ်အကျွေးတို့အား ပေး၍ ထိုအလုပ်အကျွေးတို့သည် ပေးအပ်သော ရှုန့်ရင်းသော ဆွမ်းကိုဌင်း မွန်မြတ်သော ဆွမ်းကိုဌင်း စားကုန်၏ဟု လျှောက်ကုန်၏၊မင်းကြီးသည် ငါတို့၏ဆွမ်းကား ကောင်းမြတ်၏၊ အဘယ့်ကြောင့် မစားမူ၍ တပါးသော ဆွမ်းကို စားကုန်သနည်း၊ ဘုရားကို မေးလျှောက်အံ့ဟု ကြံ၍ ကျောင်းသို့ သွား၍ ဘုရားကို ရှိခိုး၍ မေးလျှောက်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် မြတ်သောမင်းကြီး ဘောဇဉ် မည်သည်ကား အကျွမ်းဝင်သောသူတို့သည် ပေးအပ်သောဘောဇဉ်သည် မြတ်၏၊ သင်မင်းကြီးတို့၏ အိမ်၌ အကျွမ်းဝင်ခြင်းကို ဖြစ်စေ၍ ချစ်သောအားဖြင့် ပေးတတ်သော သူတို့၏ မရှိခြင်းကြောင့် ရဟန်းတို့သည် ဆွမ်းကို ယူ၍ မိမိ မိမိတို့၏ အကျွမ်းဝင်ရာအရပ်၌ စားကုန်၏၊ မြတ်သောမင်းကြီး အကျွမ်းဝင်ခြင်းနှင့် တူသော တပါးသော အရသာမည်သည် မရှိ ထိုစကားမှန်၏၊ အကျွမ်းမဝင်သောသူသည် ပေးအပ်သော စတုမဓူသည်လည်း အကျွမ်းဝင်သော သူသည် ပေးအပ်သော မြက်သီးဆန်ဆွမ်းလောက်မျှ မထိုက်၊ ရှေးပညာရှိတို့သည်လည်း ရောဂါဖြစ်လတ်

www.dhammadownload.com

သည်ရှိသော် မင်းသည် ငါးယောက်ကုန်သော ဆေးသမားတို့ကို ခေါ်၍ဆေးကု စေလျက် ရောဂါမငြိမ်းသည်ရှိသော် အကျမ်းဝင်သောသူတို့၏ အထံသို့ သွား၍ ဆားမခတ်သော ကြိတ်ဆန် မြက်သီးဆန် ယာဂုကိုငင်း ဆားမခတ်သောရေဖြင့် ပြုတ်ဖြောအပ်သော -သစ်ရွက်ကိုငင်း စားသုံး၍ ရောဂါ ကင်းဘူးကုန်၏ဟု မိန့်တော်မူ၍ ကောသလမင်းသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။။

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိတိုင်းဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၏၊ ဘုရားလောင်းအား **ကပ္ပသတ္ထိသား**ဟူသော အမည်ကို မှည့်ကုန်၏၊ ကပ္ပ လုလင်သည် အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ နောက်အဘို့၌ ရသေ့ရဟန်း ပြု၏၊ ထိုအခါ **ကေသဝ** မည်သော ရသေ့သည် ရသေ့ငါးရာ ခြံရံလျက် ဂိုဏ်းဆရာဖြစ်၍ ဟိမဝန္တာ၌ နေ၏၊ ဘုရားလောင်းသည် ကေသဝရသေ့ အထံသို့ သွား၍ ငါးရာကုန်သော တပည့်တို့၏ အကြီးတပည့်ဖြစ်၍ နေ၏၊ ကေသဝရသေ့သည်ကပ္ပရသေ့၏ အစီး အပွားကို အလိုရှိ၏၊ ကပ္ပရသေ့အား ချစ်မြတ်နိုး၏၊ထိုဆရာတပည့်ရသေ့တို့သည် အချင်းချင်း အလွန်လျင် အကျမ်းဝင်ကုန်၏၊နောက်အဘို့၌ ကေသဝရသေ့သည် တပည့်တို့ကို ခေါ်၍ ချဉ်ဆား မုံဝဲအံ့သောငှါ လူ့ပြည်သို့ သွား၍ ဗာရာဏသီ ပြည်သို့ ရောက်၍ မင်း၏ဥယျာဉ်၌ နေ၍ နက်ဖြန် မြို့သို့ ဆွမ်းခံအံ့သောငှါ ဝင်၍ မင်းအိမ်တံခါးသို့ ရောက်၏၊ မင်းသည် ရသေ့အပေါင်းကို မြင်၍ ပင့်စေ၍ နန်းတွင်း၌ ဆွမ်းကျွေး၍ ဝန်ခံခြင်းကို ယူ၍ ဥယျာဉ်၌ နေစေ၏၊ ထိုအခါ မိုဃ်းကာလ လွန်သည်ရှိသော် ကေသဝရသေ့သည် မင်းကို ပန်၏၊ မင်းသည် အရှင်ဘုရား အရှင်ဘုရားတို့သည် အိုမင်းကုန်၏၊ အကျန်နုပ်တို့ကို မှီ၍ နေကုန်လော့၊ ရသေ့ငယ်တို့ကို သာလျှင် ဟိမဝန္တာသို့ စေလွှတ်ကုန်လော့ဟု ဆို၏၊ ကေသဝရသေ့သည် ကောင်းပြီဟု တပည့်ကြီးနှင့်တကွ ထိုရသေ့ငယ်တို့ကို ဟိမဝန္တာသို့ သွားစေ၍ မိမိတယောက်ထည်းလျှင် နေရစ်၏၊ ကပ္ပရသေ့သည် ဟိမဝန္တာသို့ သွား၍ ရသေ့တို့နှင့်တကွ နေ၏။။

ကေသဝရသေ့သည် ကပ္ပရသေ့နှင့် ကင်းကွာသော် ငြီးငွေ့၍ ကပ္ပရသေ့ကို မြင်လိုသည်ဖြစ်၍ အိပ်ပျော်ခြင်းကို မရသည်ရှိသော် အစာအာဟာရသည် ကောင်းစွာ မကျေ ဝမ်းသွေးသွန်သော အနာသည် ဖြစ်၏၊ သည်းစွာကုန်သော

www.dhammadownload.com

ဝေဒနာတို့သည် ဖြစ်ကုန်၏၊ မင်းသည် ငါးယောက်ကုန်သော ဆေးသမားတို့ကို ခေါ်၍ ရသေ့အား ကုစေ၏၊ ရောဂါသည် မငြိမ်း၊ ရသေ့သည် မင်းကို မြတ်သောမင်းကြီး သင်မင်းကြီးတို့သည် ငါ၏ သေခြင်းကို အလိုရှိကုန်သလော၊ ထိုသို့မဟုတ်မူ ငါ၌ ရောဂါကင်းခြင်းကို အလိုရှိကုန်သလောဟု ဆို၏၊ အရှင်ဘုရား ရောဂါကင်းသော အဖြစ်ကို အလိုရှိကုန်၏ဟု မင်းသည် လျှောက်၏၊ ထိုသို့တပြီးကား ငါ့ကို ဟိမဝန္တာသို့ ပို့ကုန်လော့ဟု ရသေ့သည် ဆို၏၊ မင်းသည် အရှင်ဘုရား ကောင်းပြီဟု နာရဒမည်သော ဿမတ်ကို ခေါ်၍ နာရဒ ငါတို့၏ ဆရာကို ဆောင်ယူ၍ မုဆိုးတို့နှင့်တကွ ဟိမဝန္တာသို့ သွားလေလော့ဟု စေ၏၊ နာရဒသည် ဟိမဝန္တာသို့ ပို့ဆောင်၍ တဖန် ပြန်လာ၏၊ကေသဝရသေ့၏ စိတ်ကို မှီသော ရောဂါသည် ကပ္ပရသေ့ကိုမြင်ကာမျှဖြင့်လျင် ငြိမ်းကုန်၏၊ ငြီးငွေ့ခြင်းသည် ပြေ၏၊ ထိုအခါ ကေသဝရသေ့အား ကပ္ပရသေ့သည် ဆားမခတ်သော ရေဖြင့် ပြုတ်ဖြောအပ်သော သစ်ရွက်နှင့်တကွ မြက်သီးဆန် ကြိတ်ဆန် ယာဂုကိုပေး၏၊ ထိုခဏ၌လျင် ကေသဝရသေ့၏ ဝမ်းသွေးသွန်သော အနာသည် ငြိမ်း၏။

တဖန် မင်းသည် နာရဒအမတ်ကို သင်သွားခေါ် ကေသဝရှင်ရသေ့၏ အကြောင်းကို သိအောင်ပြုခေါ်ဟု စေ၏၊ နာရဒအမတ်သည် သွား၍ ရောဂါကင်းသော ကေသဝရသေ့ကို မြင်၍ အရှင်ဘုရား ဗာရာဏသီ မင်းသည် ငါးယောက်ကုန်သော ဆေးသမားတို့ကို ယူ၍ ကုမလျက် အရှင်ဘုရားတို့၏ ရောဂါကို ကင်းစေမ့်သောငှါ မတတ်နိုင် ကပ္ပရသေ့သည် အရှင်ဘုရားအား အဘယ်သို့ ကုစားသနည်းဟု ဆို၍ -

၁၇၇ မနုဿိန္ဒံ ဇဟိတွာန၊ သဗ္ဗကာမသမိဒ္ဓိနံ။
ကထံ နု ဘဂဝါ ကေသီ၊ ကပ္ပဿ ရမတိဿမေ[1]။

ဟူသော ရှေးဦးစွာသော ဂျိုဂါထာကို ဆို၏။

ဘဂဝါ၊ ဘုန်းတော်ကြီးသော။ ကေသီ၊ကေသဝ ရှင်ရသေ့သည်။ သဗ္ဗကာမသမိဒ္ဓိနံ၊ အလုံးစုံသော လိုဘွယ်ဝတ္ထုနှင့် ပြည့်စုံသော။ မနုဿိန္ဒံ၊ ဗာရာဏသီမင်းကို။ ဇဟိတွာန၊ စွန့်၍။ ကပ္ပဿ၊ ကပ္ပရသေ့၏။ အဿမေ၊ ကျောင်း၌။ ကထံ နု ရမတိ၊ အဘယ်ကြောင့် မွေ့လျော်သနည်း။

---

၁ ရမတဿမေ (က)

F.96 ၁:၁၀-၃

www.dhammadownload.com

ဤသို့ သူတပါးတို့နှင့် တကွ စကားပြောဘိ သက်သို့ ကသဝရသေ့၏ မေ့လျော့သော အကြောင်းကို မေး၏။ ထိုစကားကို ကြား၍ ကသဝရသေ့သည်—

၁၇၈ သာဒုနိ ရမဏီယာနိ၊ သန္တိ ဝက္ခာ မနောရမာ။
သုဘာသိတာနိ ကပ္ပဿ၊ နာရဒ ရမယန္တိ မံ။

ဟူသော နှစ်ခုမြောက်သော ဂါထာကို ဆို၏။

နာရဒ၊ နာရဒအမတ်။ ကပ္ပဿ၊ ကပ္ပရသေ့၏။ အဿမေ၊ ကျောင်း၌။ သာဒုနိ၊ ကောင်းကုန်သော။ ရမဏီယာနိ၊ မွေ့လျော်ဘွယ် တို့သည်၎င်း။ မနောရမာ၊ နှလုံးမွေ့လျော်ဘွယ် ရှိကုန်သော။ ဝက္ခာ၊ သစ်ပင်တို့သည်၎င်း။ သန္တိ၊ ရှိကုန်၏။ ကပ္ပဿ၊ ကပ္ပရသေ့၏။ သုဘာသိတာနိ၊ ကောင်းစွာဆိုအပ်ကုန်သော စကားတို့သည်။ မံ၊ ငါ့ကို။ ရမယန္တိ၊ မွေ့လျော်စေကုန်၏။

ဤသို့ဆို၍ ဤသို့ ငါ့ကို မွေ့လျော်စေသော ကပ္ပရသေ့သည် ဆားမခတ်သောရေဖြင့် ပြုတ်ဖြောအပ်သော သစ်ရွက် မြက်သီးဆန် ကြိတ်ဆန်ယာဂုကို သောက်စေ၏၊ ထိုယာဂုကိုသောက်သဖြင့် ငါ၏ကိုယ်၌ ရောဂါသည် ငြိမ်း၏ဟု ဆို၏ ထိုစကားကို ကြား၍ နာရဒအမတ်သည်—

၁၇၉ သာလိနံ ဩဒနံ ဘုဉ္ဇေ၊ သုစိ မံသူပသေစနံ။
ကထံ သာမာကနီဝါရံ၊ အလောဏံ ဆာဒယန္တိ တံ။

ဟူသော သုံးခုမြောက်သော ဂါထာကို ဆို၏။

ဘန္တေ၊ အရှင်ဘုရား။ တံ၊ အရှင်ဘုရားသည်။ သာလိနံ၊ သလေးတို့၏။ သုစိံ၊ စင်ကြယ်စွာသော။ မံသူပသေစနံ၊ သားပြုမ်းဖြစ်သော။ ဩဒနံ၊ဆွမ်းကို။ ဘုဉ္ဇေ၊ စား၏။ ကထံ၊ အသို့မူ၍။ တံ၊ အရှင်ဘုရားကို။ အလောဏံ၊ ဆားမခတ်သော။ သာမာကနီဝါရံ၊ မြက်သီးဆန် ကြိတ်ဆန် အာဟာရသည်။ ဆာဒယန္တိ၊ နှစ်သက်စေသနည်း။

ထိုစကားကိုကြား၍ ကသဝရသေ့သည်-

၁၈၀ သာဒုံ ဝါ ယဒိ ဝါ' သာဒုံ၊ အပ္ပံ ဝါ ယဒိ ဝါ ဗဟုံ။
ဝိဿတ္ထော ယတ္ထ ဘုဉ္ဇေယျ၊ ဝိဿာသာ ပရမာ ရသာ။

ဟူသော လေးခုမြောက်သော ဂါထာကို ဆို၏။

www.dhammadownload.com

နာရဒ၊ နာရဒအမတ်။ ယတ္ထ၊ အကြင်နေရာ၌။ ဝိဿတ္ထော၊ အကျမ်းဝင်သည်ဖြစ်၍။ သာဒုံ ဝါ၊ သာယာအပ်သော ဘောဇဉ်ကိုဎင်း။ ယဒိ၊ ထို့မြို့။ အသာဒုံ ဝါ၊ မသာယာအပ်သော ဘောဇဉ်ကိုဎင်း။ အပ္ပံ ဝါ၊ အနည်းငယ်သော ဘောဇဉ်ကိုဎင်း။ ယဒိ၊ ထို့မြို့။ ဗဟုံ ဝါ၊ များစွာသော ဘောဇဉ်ကိုဎင်း။ ဘုဉ္ဇေယျ၊ စားရာ၏။ တတ္ထ၊ ထိုနေရာ၌။ ဝေဒ၊ကျိသို့။ ဘုတ္တံ၊ စားအပ်သော ဘောဇဉ်သည်။ သာဒု၊ ချို့မြိန်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ သာဒု၊ ချို့မြိန်သနည်းဟူမူကား။ ဝိဿာသာ၊ အကျမ်းဝင်ခြင်းသည်။ ပရမာ၊ မြတ်သော။ ရသာ၊ အရသာသည်။ ယသ္မာ၊ အကြင်ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ သာဒု၊ ချို့မြိန်၏။

နာရဒ အမတ်သည် ကေသဝ ရသေ့၏ စကားကို ကြား၍ မင်း၏အထံသို့ သွား၍ ကေသဝ ရသေ့သည် ဤမည်သော စကားကို ဆို၏ဟု ကြား၏။

ဇာတ်ပေါင်း သင်္ဘည္ဘူ မြတ်စွာဘုရားသည် ဤမေမဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဘူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ နာရဒအမတ် ဖြစ်ဘူးပြီ၊ ယခုအခါ ဗကဗြဟ္မာသည် ထိုအခါ ကေသဝရသေ့ ဖြစ်ဘူးပြီ၊အခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ကပ္ပရသေ့ ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ချစ်သူ ခင်သူ၊ ပြုစုမူ၊ ထိုသူရောဂါပျောက်)

ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကေသဝဇာတ်သည် ပြီး၏။

၄၇-အယကူဋ္ဌဇာတ်

သံတူစွဲ ဘီလူး

ပန္နပ္ပုန်ဝတ္ထု နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သင်္ဘည္ဘူ မြတ်စွာဘုရားသည် "သင်္ဘာယသံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအယကူဋ္ဌဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **လောက၏ အကျိုးစီးပွားအလို့ငှါ ကျင့်ခြင်းကို** အကြောင်းပြု၍ ဟောတော်မူ၏၊ (ဝတ္ထုသည် **မဟာကဏ္ဍဇာတ်*** ၌ ထင်စွာ ဖြစ်လတ္တံ့) သင်္ဘည္ဘူ မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၏။

---

* မဟာကဏ္ဍဇာတ် ဒွါဒသက နိပါတ်မှာ ပါသည်။

www.dhammadownload.com

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ မိဖုယားကြီးဝမ်း၌ ဖြစ်၍ အရွယ်သို့ရောက်လတ်သော် သင်အပ်ပြီးသော အလုံးစုံသော အတတ်ရှိသည်ဖြစ်၍ အဘလွန်သဖြင့် မင်းအဖြစ်၌ တည်၍ တရားသဖြင့် မင်းပြု၏၊ တိုအခါ လူတို့သည် နတ်တို့ကို ကိုးကွယ်ကုန်၍ များစွာကုန်သော ဆိတ်မြန်မာ ဆိတ်ကုလား အစရှိသည်တို့ကို သတ်၍ နတ်တို့အား ပူဇော်ခြင်းကို ပြုကုန်၏၊ ဘုရားလောင်းသည် သတ္တဝါကို မသတ်လင့်ဟု စည်လည်စေ၏၊ ဘီလူးတို့သည် ပူဇော်ခြင်းကို မရကုန် လတ်သော် ဘုရားလောင်းအား အမျက်ထွက်၍ ဟိမဝန္တာ၌ ဘီလူးအစည်းအဝေးသို့သွား၍ ဘုရားလောင်းကို သတ်စိမ့်သောငှါ ကြမ်းကြုတ်သော ဘီလူးတယောက်ကို စေကုန်၏၊ ထိုဘီလူးသည် အထွဋ်မျှ လောက် ကြီးစွာသော ပြောင်ပြောင်တောက်သော သံတူကို ယူ၍ ဤသံတူဖြင့် ဘုရားလောင်းကို ပုတ်ခတ်၍ သတ်အံ့ဟု လာလတ်၍ မဇ္ဈိမယာမ် အခြားမဲ့၌ ဘုရားလောင်း၏ အိပ်ရာအထက်၌ ရပ်၏၊ ထိုခဏ၌ သိကြားမင်း၏ နေရာသည် ပူသော အခြင်းအရာကို ပြ၏၊ သိကြားမင်းသည် ဆင်ခြင်လတ်သော် ဤဒေဝကြောင်းကိုသိ၍ ဝရဇိန်လက်နက်ကို ယူ၍ သွား၍ ဘီလူးဗိမာန်၌ ရပ်၏၊ ဘုရားလောင်းသည်ဘီလူးကိုမြင်၍ ဤဘီလူးသည် ငါ့ကို စောင့်ရှောက် လိုသည်ဖြစ်၍ တည်သလော ထိုသို့မဟုတ်မူ သတ်လိုသည်ဖြစ်၍ တည်သလောဟု ထိုဘီလူးနှင့် တကွပြောလိုရကား—

၁၈၁ သဗ္ဗာယသံ ကူဠံ့ မတိပွမာဏံ၊
ပဂ္ဂယှ ယော တိဋ္ဌသိ အန္တလိက္ခေ။
ရက္ခာယ မေ တုံ ဝိဟိတော နု သ'ဇ္ဇ၊
ဥဒါဟု မေ စေတယသေ် ဝဓာယ။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

ရက္ခသ၊ ရက္ခိဿ်။ ယော တွံ၊ အကြင်သင်သည်။ အတိပွမာဏံ၊ အလွန်ဖြစ်မသော ပမာဏရှိသော။ သဗ္ဗာယသံ ကူဠံ၊ အလုံးစုံသော သံဖြင့်ပြီးသော တူကို။ ပဂ္ဂယှ၊ ကိုင်၍။ အန္တလိက္ခေ၊ ကောင်းကင်၌။ တိဋ္ဌသိ၊ တည်၏။ အဇ္ဇ၊ ယနေ့။ တုံ၊ သင်သည်။ မေ၊ ငါ့အား။ ရက္ခာယ၊ စောင့်ရှောက် အံ့သောငှါ။

---

၁ ဝါယမသေ (သီ၊ သျာ)

www.dhammadownload.com

ဝိဟိတော၊ စီရင်သည်။ အသိ နု၊ ဖြစ်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ မေ၊ ငါ့အား။ ဝဓာယ၊ သင်အံ့သောငှါ။ စေတယသေ၊ လုံ့လပြုသလော။

ဘုရားလောင်းသည် ဘီလူးကို သာလျှင် မြင်၏၊ သိကြားမင်းကို မမြင်၊ ဘီလူးသည် သိကြားမင်းကို ကြောက်သောကြောင့် ဘုရားလောင်းကို ပုတ်ခတ်ခြင်းငှါ မဝံ့၊ ထိုဘီလူးသည် ဘုရားလောင်း၏ စကားကို ကြား၍ မြတ်သောမင်းကြီး ကျွန်ုပ်သည် သင်မင်းကြီးကို စောင့်ရှောက်အံ့သောငှါ မတည်၊ ဤပြောင်ပြောင် တောက်သော သံတူဖြင့်ကား ပုတ်ခတ်၍ သင်မင်းကြီးကို သတ်အံ့ဟု လာ၏၊ သိကြားမင်းကို ကြောက်သောကြောင့် သင်မင်းကြီးကို ပုတ်ခတ်အံ့သောငှါ မဝံ့ဟု အကြောင်းကို ပြလိုရကား–

၁၀၂ ဒုတော အဟံ ရာဇိ'ဓ ရက္ခသာနံ၊
ဝဓာယ တုယ္ဟံ ပဟိတောဟ'မသ္မိ။
ကုန္ဓော စ တံ ရက္ခတိ ဒေဝရာဇာ၊
တေ နု'တ္တမင်္ဂံ နု တေ ဖာလယာမိ။

ဟူသော နှစ်ဆိုရာကို ဆို၏။

ရာဇာ၊ မင်းကြီး။ ကုဓ၊ ဤအရပ်၌။ အဟံ၊ ငါသည်။ ရက္ခသာနံ၊ ရက္ခိုသ်တို့၏။ ဒုတော၊ တမန်တည်း။ အဟံ၊ ငါ့ကို။ တုယ္ဟံ၊ သင့်အား။ ဝဓာယ၊ သတ်စိမ့်သောငှါ။ ပဟိတော၊ စေအပ်သည်။ အသ္မိ၊ ဖြစ်၏။ ဒေဝရာဇာ၊ နတ်တို့၏မင်းဖြစ်သော။ ကုန္ဓော စ၊ သိကြားမင်းသည်လည်း။ တံ၊ သင်မင်းကြီးကို။ ရက္ခတိ၊ စောင့်၏။ တေန၊ ထို့ကြောင့်။ တေ၊ သင်၏။ ဥတ္တမင်္ဂံ၊ ဦးခေါင်းကို။ အဟံ၊ ငါသည်။ နု ဖာလယာမိ၊ မခဲ့။

ထိုစကားကို ကြား၍ ဘုရားလောင်းသည်–

၁၀၃ သစေ စ မံ ရက္ခတိ ဒေဝရာဇာ၊
ဒေဝါနမိန္ဒော မဃဝါ သုဇမ္ပတိ။
ကာမံ ပိသာစာ ဝိနဒန္တု သမ္ဗေ၊
န သန္တသေ ရက္ခသိယာ ပဇာယ။

၁၀၄ ကာမံ ကန္ဒန္တု[1] ကုမ္ဘဏ္ဍာ၊ သမ္ဗေ ပံသုပိသာစကာ။
နာလံ ပိသာစာ ယုဒ္ဓါယ၊ မဟာတိ သာ ဝိဘီ'သိကာ။

ဟူသော ကြိန်နှစ်ဆိုရာတို့ကို ဆို၏။

---

၁ ကဏ္ဍန္တု၊ (သျာ)၊ ကန္ဒန္တု (က)

www.dhammadownload.com

ရက္ခသ၊ ဘီလူး။ ဒေဝါနံ၊ နတ်တို့ကို။ ဣန္ဒေဝ၊ အစိုးရသော။ မဃဝါ၊ မဃအမည်ရှိသော။ သုဇမွတီ၊ သုဇာ၏ လင်ဖြစ်သော။ ဒေဝရာဇာ စ၊ သိကြားမင်းသည်လည်း။ မံ၊ ငါ့ကို။ သစေ ရက္ခတိ၊ အကယ်၍ စောင့်သည် မူလည်းဖြစ်စေ။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပိသာစာ၊ ဘီလူးတို့သည်။ အာဝိ၊ ထင်စွာ။ ကာမံ ဝိနဒန္တု၊ အကယ်၍ ကြော်ငြာ ကုန်သည် မူလည်းဖြစ်စေ။ ရက္ခသိယာ ပဇာယ၊ ဘီလူးဟူသော သတ္တဝါမှ။ အဟံ၊ ငါသည်။ နု သန္တသေ၊ မထိတ်လန့်သလျင်ကတည်း။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ကုမ္ဘဏ္ဍာ၊ အိုးအတိုင်းအရှည်ရှိသော လျှို့ဝှက်အပ်သော အင်္ဂါရှိကုန်သော။ ပံသုပိသာစကာ၊ တံမြက်ခြေး စုရာ အရပ်၌ နေကုန်သော ဘီလူးတို့သည်။ ကာမံ၊ စင်စစ်။ ကန္ဒန္တု၊ ဖြတ်စေကုန်။ ပိသာစာ၊ ဘီးလူးတို့သည်။ ယုဒ္ဓါယ၊ စစ်ထိုးအံ့သောငှါ။ နာလံ၊ မစွမ်းနိုင်ကုန်။ မဟာတီ၊ ကြီးစွာသော။ သာ ဝိဘီ သိကာ၊ ထိုကြောက်မက်ဘွယ် ဖြုခြင်းမျှသည်သာ လျှင်။ သိယာ၊ ဖြစ်ရာ၏။ အဟံ၊ ငါသည်။ နု ဘာယာမိ၊ မကြောက်။

သိကြားမင်းသည် ဘီလူးကိုပြေးစေ၍ ဘုရားလောင်းကို ဆုံးမ၍ မြတ်သောမင်းကြီး မကြောက်လင့် ယနေ့မှစ၍ သင်မင်းကြီးအား ငါတို့စောင့်ရှောက်ကုန်အံ့ဟု ဆို၍ မိမိနေရာသို့သာလျှင် သွား၏။

ဇာတ်ပေါင်း သဗ္ဗညု မြတ်စွာဘုရားသည် ဤမမွေးသနာကို ဆောင်တော်မူ၍ ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ သိကြားမင်း ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(လောကအကျိုး၊ သည်ဆောင်ပိုး၊ နတ်မျိုးဇာန စောင့်ရှောက်ရ)

ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော အယကူဠဇာတ်သည် ပြီး၏။

www.dhammadownload.com

၄၈- အရညဇာတ်

မိတ်ဆက်စကား

ပစ္စုပ္ပန်၀တ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူဟုတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အရညာ ဂါမမာဂမှ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ အရညဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **အပျိုကြီးဖြားယောင်းသော ရဟန်း**ကို အကြောင်း ပြု၍ ဟောတော်မူ၏၊ (၀တ္ထုသည် စူဠနာရဒဇာတ်၌ ထင်စွာဖြစ်လတ္တံ့) သဗ္ဗညူ မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၏။

အတိတ်၀တ္ထု လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ သင်အပ်ပြီးသော အတတ်ရှိသည်ဖြစ်၍ မယားသေလွန်လတ်သည်ရှိသော် သားကို ယူ၍ ရသေ့ရဟန်းပြု၍ ဟိမ၀န္တာ၌ နေလျက် သားကို ကျောင်း၌ ထားခဲ့၍ မိမိသည် သစ်သီးကြီးငယ် အကျိုးငှါ သွား၏၊ ထိုအခါ ခိုးသူတို့သည် ပစ္စန္တရစ်ရွာကို လုယက်ကုန်၍ သုံ့ပန်းတို့ကို ယူငင်၍ သွားကြကုန်သည် ရှိသော် တယောက်သော သတို့သမီးသည် ပြေး၍ ထိုကျောင်းသို့ ရောက်လာ၍ ရသေ့ငယ်ကို ဖြားယောင်း၍ သီလပျက်ခြင်းသို့ ရောက်စေ၍ လာလေ့ သွားကြကုန်အံ့ဟု ဆို၏၊ ရသေ့ငယ်သည် ငါ့အဘ လာစေဦး အဘကို ဖူးမြင်၍လျှင် သွားအံ့ဟု ဆို၏၊ ထိုသို့တပြီးကား အဘကို ဖူးမြင်၍ လာကုန်လော်ဟု ဆို၍ ကျောင်းမှထွက်၍ လမ်းအကြား၌ ငုံနေ၏၊ ရသေ့ငယ်သည်လည်း အဘ လာသည်ရှိသော်—

၁၀၅ အရညာ ဂါမမာဂမှ၊ ကိ ံ သီလံ ကိ ံ ၀တံ အဟံ။
ပုရိသံ တာတ သေ၀ယျံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

တာတ၊ ဘခင်။ အဟံ၊ ငါသည်။ အရညာ၊ တောမှ။ ဂါမံ၊ ရွာသို့။ အာဂမှ၊ သွား၍။ ကိ ံ သီလံ၊ အဘယ်သီလရှိသော။ ကိ ံ ၀တံ၊ အဘယ်သို့အကျင့်ရှိသော။ ပုရိသံ၊ ယောကျ်ားကို။ သေ၀ယျံ၊ မှီ၀ဲရအံ့နည်း။ ပုစ္ဆိတော၊ မေးအပ်သော။ တံ၊ သင်သည်။ မေ၊ ငါ့အား။ တံ၊ ထိုအကြောင်းကို။ အက္ခာဟိ၊ ကြားလော့။

www.dhammadownload.com

ထိုအခါ ရသေ့ငယ်အား အဘသည် အဆုံးအမကို ပေးလို၍-

၁၀၆ ယော တံ ဝိဿာသယေ တာတ၊ ဝိဿာသဉ္စ ခမေယျ တေ။
သုဿူသီ စ တိတိက္ခီ စ၊ တံ ဘဇေဟိ ဣတော ဂတော။

၁၀၇ ယဿ ကာယေန ဝါစာယ၊ မနသာ နတ္ထိ ဒုက္ကဋံ။
ဥရသိ ပတိဋ္ဌာယ၊ တံ ဘဇေဟိ ဣတော ဂတော။

၁၀၈ ဟလိဒ္ဒိရာဂံ ကပိစိတ္တံ၊ ပုရိသံ ရာဂဝိရာဂိနံ။
တာဒိသံ တာတ မာ သေဝိ၊ နိမ္မနုဿမ္ပိ စေ သိယာ။

ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

တာတ၊ ချစ်သား။ ယော ပုရိသော၊ အကြင်ယောကျ်ားသည်။ တံ၊ သင့်ကို။ ဝိဿာသယေ၊ အကျမ်းဝင်ရာ၏။ တေ၊ သင်၏။ ဝိဿာသဉ္စ၊ အကျမ်းဝင်ခြင်းကိုလည်း။ ခမေယျ၊ နှစ်သက်ရာ၏။ သုဿူသီ စ၊ အကျမ်းဝင်သော စကားကို နားထောင်လိုသည်ရှင်း။ တိတိက္ခီ စ၊ အပြစ်ကို သည်းခံသည်ရှင်း။ ဘဝေယျ၊ ဖြစ်ရာ၏။ ဤအရပ်မှ။ ဂတော၊ သွားသည်ရှိသော်။ တံ ပုရိသံ၊ ထိုယောကျ်ားကို။ ဘဇေဟိ၊ မှီဝဲလေလော့။

ယဿ ပုရိသဿ၊ အကြင်ယောကျ်ားအား။ ကာယေန၊ ကိုယ်ဖြင့်ရှင်း။ ဝါစာယ၊ စကားဖြင့်ရှင်း။ မနသာ၊ စိတ်ဖြင့်ရှင်း။ ဒုက္ကဋံ၊ မကောင်းမှုကို ပြုခြင်းသည်။ နတ္ထိ၊ မရှိ။ ဤတော၊ ဤအရပ်မှ။ ဂတော၊ သွားသည်ရှိသော်။ တံ ပုရိသံ၊ ထိုယောကျ်ားကို။ ဥရသိ၊ ရင်၌။ ပတိဋ္ဌာယ၊ တည်၍။ဝမှီတော ဤဝ၊ ကြီးသောသားကဲ့သို့။ ဘဇေဟိ၊ ဆည်းကပ်လေလော့။

တာတ၊ ချစ်သား။ ဟလိဒ္ဒိရာဂံ၊ နန္နင်းဆိုးရည်ကဲ့သို့ မမြဲသောစိတ်ရှိသော။ ကပိစိတ္တံ၊ မျောက်ကဲ့သို့ လျင်မြန်သော စိတ်ရှိသော။ ရာဂဝိရာဂိနံ၊ ခဏခြင်းဖြင့်လျင် ချစ်ခြင်း မုန်းခြင်းဖြစ်တတ်သော။ တာဒိသံ၊ ထိုသို့ သဘောရှိသော။ ပုရိသံ၊ ယောကျ်ားကို။ သကလံ၊ အလုံးစုံသော။ ဇမ္မုဒီပတလံ၊ ဇမ္မုဒိပ်အပြင်သည်။ နိမ္မနုဿမ္ပိ၊ လူမရှိသည်လည်း။ စေ သိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ တံ့။ သင်သည်။ မာ သေဝိ၊ မမှီဝဲလေလင့်။

www.dhammadownload.com

ထိုစကားကို ကြား၍ ရသေ့ငယ်သည် ဘခင် ကျွန်ုပ်သည် ဤကျေးငှူးတို့နှင့် ပြည့်စုံသော ယောကျ်ားကို အဘယ်မှာ ရနိုင်အံ့နည်း မသွားအံ့၊ သင်တို့၏အထံ၌ သာလျှင် နေအံ့ဟု ဆို၍ ရှာသို့ သွားခြင်းမှ နစ်၏၊ ထိုအခါ ရသေ့ငယ်အား အဘသည် ကသိဏ်းပရိကံကို ကြား၏၊ သားအဘ နှစ်ယောက်တို့သည်လည်း စျာန်မှ မယုတ်ကုန်သည် ဖြစ်၍ ဗြဟ္မာပြည်သို့ လားကုန်၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အပျိုကြီးနှင့် ရဟန်းတို့သည်လျှင် ထိုအခါ ရသေ့ငယ် သတို့သမီးငယ်တို့သည် ဖြစ်ဘူးကုန်၏၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ အဘရသေ့ ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(စိတ်မတည်ငြား၊ လူအများ၊ ရှောင်ရှားလေသင့် မှီဝဲနှင့်)

ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော အရညဇာတ်သည် ပြီး၏။

၄၉-သန္ဓိဘေဒဇာတ်

ကုံးချောမြွေခွေး

ပစ္စုပ္ပန်စတ္ထု နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "နေဝ ဣတ္ထိသု သာမညံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသန္ဓိဘေဒဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ဓပသုည သိက္ခာပုဒ်**ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဒ့အခါတပါး၌ သဗ္ဗညူ မြတ်စွာဘုရားသည် ဆဗ္ဗဂ္ဂိရဟန်းတို့သည် ကုံးတိုက် သောစကားကို ဆောင်ကုန်၏ဟု ကြားတော်မူ၍ ဆဗ္ဗဂ္ဂိရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ သင်တို့သည် အငြင်းအခုံ ခိုက်ရန်ဖြစ်ကြကုန်သော အထူးထူး အပြားအပြား ပြောဆိုကုန်သော ရဟန်းတို့အား ကုံးတိုက်သော စကားကို ဆောင်ကုန်သတတ်၊ ထိုကြောင့် မဖြစ်ကုန်သေးသော ခိုက်ရန်အစရှိသည်တို့သည်လည်း ဖြစ်ကုန်၏၊ ဖြစ်ကုန်ပြီးသော ခိုက်ရန်အစရှိသည်တို့သည်လည်း အတိုင်းထက်အလွန် ပွားများကုန်၏ ဟူသည် မှန်သလောဟု မေးတော်မူလျှင်

www.dhammadownload.com

မှန်ပေ၏ဟု နားတော်လျောက်သည် ရှိသော် ဆဗ္ဗဂ္ဂိရဟန်းတို့ကို ကဲ့ရဲ့တော်မူ၍ ရဟန်းတို့ ဂုံးတိုက်သော စကားမည်သည်ကား ထက်စွာသော သန်လျက်ဖြင့် ထိုးခုတ်သည်နှင့် တူ၏၊ ရှည်မြင့်စွာသော ကာလ၌ဖြစ်သော အကျမ်းဝင်ခြင်းသည်လည်း ထိုဂုံးတိုက်သော စကားဖြင့် လျင်မြန်စွာ ပျက်စီးတတ်၏၊ ထိုဂုံးတိုက်သောစကားကို ယူ၍ မိမိ၏အချစ်ပျက်ခြင်းကို ပြုတတ်သောသူသည် ခြသေ့ဉာဿတို့နှင့် တူ၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏သားဖြစ်၍ အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ သင်အပ်ပြီးသော အတတ်ရှိသည်ဖြစ်၍ အဘလွန်လတ်သော် တရားသဖြင့် မင်းပြု၏၊ ထိုအခါ တယောက်သော နွားကျောင်းသားသည် တောဝယ်နွားခြံတို့၌ နွားတို့ကို စောင့်ရှောက်၍ လာလတ်သော် တခုသော ကိုယ်ဝန်ရှိသော နွားမကို မမှတ်မိရကား စွန့်၍ လာ၏၊ ထိုနွားမအား တခုသော ခြသေ့မနှင့်တကွ အကျမ်းဝင်ခြင်းသည် ဖြစ်၏၊ နှစ်ခုကုန်သော် နွားမ, ခြသေ့မတို့သည်လည်း မြဲမြံစွာ မိတ်ဖြစ်ကုန်၍ အတူတကွ ကျက်စားကုန်၏၊ နောက်အဘို့၌ နွားမသည် နွားငယ်ကို မွေးဖွား၏၊ ခြသေ့မသည်လည်း ခြသေ့ငယ်ကို မွေးဖွား၏၊ထိုနွား, ခြသေ့နှစ်ခုတို့သည်လည်း အမျိုးမှလာသော မိတ်အားဖြင့် မြဲမြံစွာသော အဆွေခင်ပွန်း ဖြစ်ကုန်၍ အတူတကွ ကျက်စားကုန်၏၊ ထိုအခါ တယောက်သော မုဆိုးသည် တောသို့ဝင်၍ ထိုနွား, ခြသေ့တို့၏ အကျမ်းဝင်ခြင်းကို မြင်၍ တောဋ္ဌ ဖြစ်သော ဘုဏ္ဍာကို ယူ၍ ဗာရာဏသီသို့သွား၍ မင်းအားဆက်၍ အချင်းမုဆိုး သင်သည် တောဋ္ဌ တစုံတခုသော အံ့ဘွယ်သရဲကို မြင်ခဲ့သလောဟု မင်းမေးသည်ရှိသော် အရှင်မင်းကြီး တပါးသော တစုံတခုသော အံ့ဘွယ်သရဲကိုမမြင်၊ တခုသော ခြသေ့, တခုသော ဉာဿ ဤတိရစ္ဆာန်တို့သည်ကား အချင်းချင်း အကျမ်းဝင်ကုန်၍ အတူတကွ ကျက်စားကြသည်ကို မြင်၏ဟု လျှောက်၏၊ ခြသေ့,ဉာဿတို့အား သုံးယောက်မြောက်သော အဘော်သည် ဖြစ်လတ်သော် ဘေးသည် ဖြစ်လတ္တံ့၊ အကြင်အခါ၌ ထိုခြသေ့, ဉာဿတို့၏ သုံးယောက်မြောက်သော အဘော်ကို မြင်အံ့၊ ထိုအခါ ငါ့အား ကြားလော့ဟု ဆို၏၊ ထိုမုဆိုးသည် ကောင်းပြီဟု ဝန်ခံ၏။

မုဆိုးသည် ဗာရာဏသီသို့ သွားသည်ရှိသော် တခုသောမြေခွေးသည် ခြသေ့ကိုဌင်း ဉာဿကိုဌင်း ခစား၏၊ မုဆိုးသည် တောသို့ သွား၍ ထိုမြေခွေးကို

www.dhammadownload.com

မြင်၍ သုံးယောက်မြောက် ဖြစ်သော အဘော်၏ အဖြစ်ကို မင်းအား လျှောက်အံ့ဟု မြို့သို့သွား၏၊ မြေခွေးသည်လည်း ငါသည် ခြင်္သေ့အသားကိုဌင်း နွားလားညသဘအသားကိုဌင်း ထား၍ မစားဘူးသော တပါးသော အသား မည်သည် မရှိ၊ ဤခြင်္သေ့၊ နွားလားတို့ကို အချစ်ပျက်စေ၍ ဤခြင်္သေ့၊ နွားလား တို့၏အသားကို စားအံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုမြေခွေးသည် သင့်ကို ဤညသဘ သည် ဤသို့ဆို၏၊ သင့်ကို ဤခြင်္သေ့သည် ဤသို့ဆို၏ဟု နှစ်ခုကုန်သော အဆေ့ ခင်ပွန်းတို့ကို အချင်းချင်းကွဲစေ၍ မကြာမြင့်မီလျှင် ခိုက်ရန်ပြုစေ၍ သေခြင်းသို့ ရောက်အောင် ပြု၏၊ မုဆိုးသည်လည်း သွား၍ မင်းအား အရှင်မင်းကြီး ထိုခြင်္သေ့၊ ညသဘတို့အား သုံးယောက်မြောက်သော အဆေ့ ခင်ပွန်းသည် ဖြစ်၏ဟု လျှောက်၏၊ ထိုအဆေ့ခင်ပွန်းသည် အဘယ်သူနည်းဟု မေး၏၊ မြတ်သောမင်းကြီး မြေခွေးတည်းဟု လျှောက်၏၊ မင်းသည် နှစ်ခုသောအဆေ့ ခင်ပွန်းတို့ကို မြေခွေးသည် အချစ်ပျက်၍ သတ်စေလတ္တံ့၊ ငါတို့သည် ခြင်္သေ့၊ နွားလားတို့၏ သေသောကာလ၌ ရောက်ကုန်အံ့ဟု ဆို၍ ရထားစီး၍ ခရီးညှဉ် မုဆိုးနှင့်တကွ လာလတ်သော် ထိုခြင်္သေ့၊ နွားလားတို့သည် အချင်းချင်း ခိုက်ရန်ပြု၍ အံ့သင့်ကုန်လတ်သော် ရောက်၏၊ မြေခွေးသည်ကား ရှင်လန်း နှစ်သက်စွာ ခြင်္သေ့သားကို တကြိမ်စား၏၊ ညသဘသားကို တကြိမ်စား၏၊ မင်းသည် အသက်ကုန်ခြင်းသို့ ရောက်သော ခြင်္သေ့၊ ညသဘတို့ကိုမြင်၍ ရထား စီးလျက် ရထားထိန်းနှင့်တကွ စကားပြောလိုရကား -

၁၈၉· နေဝ ဣတ္ထိသု သာမညံ၊ နာပိ ဘက္ခေသု သာရထိ။
အထဿ သန္ဓိဘေဒဿ၊ ပဿ ယာဝ သုစိန္တိတံ။

၁၉၀ အသိတိက္ခော၀ မံသမ့ိ၊ ပေသုညံ့ ပရိဝတ္တတိ။
ယတ္ထ။့’သဘဉ္ဉ သိဟဉ္ဉ၊ ဘက္ခယန္တိ မိဂါ ဓမာ။

၁၉၁ ဣမံ သော သယနံ သေတိ၊ ယမိမံ ပဿသိ သာရထိ။
ယော ဝါစံ သန္ဓိဘေဒဿ၊ ပိသုဏဿ နိဗောဓတိ။

၁၉၂ တေဇနာ သုခ’မေဓန္တိ၊ နရာ သဂ္ဂဂတာရိဝ။
ယေ ဝါစံ သန္ဓိဘေဒဿ၊ နာဝဗောဓန္တိ သာရထိ။

ဟူကုန်သော ဤလေးဂါထာတို့ကို ဆို၏။။

www.dhammadownload.com

သာရထိ၊ ရထားထိန်း။ ဣမေသံ၊ ဤခြင်္သေ့, နွားလားတို့အား။ ဣတ္ထီသု၊ မိန်းမတို့၌။ သာမည်၊ ဆက်ဆံခြင်းသည်။ နေဝ အတ္ထိ၊ မရှိသလျှင်ကတည်း။ ဘက္ခေသုပိ၊ အစာတို့၌လည်း။ သာမည်၊ ဆက်ဆံခြင်းသည်။ နအတ္ထိ၊ မရှိသလျှင်ကတည်း။ အထ၊ ထို့သို့ဖြစ်လျက်။ အဿ သန္ဓိဘေဒဿ၊ ထိုမိတ်ကို ဖျက်တတ်သော မြေခွေး၏။ ယာဝ၊ အလွန်လျှင်။ သုစိန္တိတံ၊ ကောင်းသော အကြံကို။ ပဿ၊ ရှုလော့။

ယတ္ထ၊ အကြင် ဂုံးတိုက်ခြင်းသည်။ ပရိဝတ္တမာနေ၊ ဖြစ်သည်ရှိသော်။ အဓမာ၊ ယုတ်မာကုန်သော။ မိဂါ၊ မြေခွေးတို့သည်။ ဥဿာဒ္ဓု၊ နွားလားကိုဂုင်း။ သိဟာဒ္ဓု၊ ခြင်္သေ့ကိုဂုင်း။ ဘက္ခယန္တိ၊ စားကုန်၏။ မံသမို့၊ အသား၌။ တိဏ္ဍော၊ ထက်သော။ အသိဝ၊ သန်လျက်ကဲ့သို့။ တံ ပေသုဏံ၊ ထိုဂုံးတိုက်ခြင်းသည်။ မိတ္တဘာဝံ၊ မိတ်အဖြစ်ကို။ ဆိန္ဒန္တေမေဝ၊ ဖြတ်လျက် သာလျှင်။ ပရိဝတ္တတိ၊ ဖြစ်၏။

သာရထိ၊ ရထားထိန်း။ ယမိမံ၊ အကြင်နှစ်ခုသော သတ္တဝါတို့၏ သေလျက် အိပ်ခြင်းကို။ ပဿတိ၊ မြင်၏။ ယော၊ အကြင်သူသည်။ သန္ဓိဘေဒဿ၊ မိတ်ကို ဖျက်ဆီးတတ်သော။ ပိသုဏဿ၊ ဂုံးတိုက်တတ်သောသူ၏။ ဝါစံ၊ စကားကို။ နိဗောဓတိ၊ ယူ၏။ သော၊ ထိုသူသည်။ ဣမံ သယနံ၊ ဤသေလျက်အိပ်ခြင်းကို။ သေတိ၊ အိပ်ရ၏။

သာရထိ၊ ရတားထိန်း။ ယေ ဇနာ၊ အကြင်လူတို့သည်။ သန္ဓိဘေဒဿ၊ ဂုံးတိုက်တတ်သောသူ၏။ ဝါစံ၊ စကားကို။ နာဝဗောဓန္တိ၊ မယူကုန်။ တေ ဇနာ၊ ထိုလူတို့သည်။ သဂ္ဂဂတာ၊ နတ်၏စည်းစိမ်ချမ်းသာနှင့် ပြည့်စုံ ကုန်သော။ နရာ ဣဝ၊ လူတို့ကဲ့သို့။ သုခံ၊ ချမ်းသာကို။ ဇဓန္တိ၊ ရကုန်၏။

မင်းသည် ဤဂါထာတို့ကို ဆို၍ ခြင်္သေ့၏ လည်ဆံ, အရေ, ခြေသည်း, လက်သည်း, အစုယ်တို့ကို ယူခဲ့စေ၍ မြို့သို့သာလျှင် သွား၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(**ချစ်ခင်သူများ၊ ဂုံးစကား၊ မုန်းပွားလေတော့သည်**)

ကိုးခုတို့၏ပြည့်ကြောင်းဖြစ်ဖြစ်သော သန္ဓိဘေဒဇာတ်သည် ပြီး၏။

www.dhammadownload.com

၅၀-ဒေ၀တာပဋိဇာတ်

"ဟန္ဒိ ဟတ္ထေဟိ ပါဒေဟိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒေ၀တာပဋိဇာတ်သည် **ဥမင်္ဂဇာတ်*** ၌ ထင်စွာ ဖြစ်လတ္တံ့။

(ဒေ၀ပဋိဂ္ဂဟ၊ ပြဿနာ၊ မဟာဥမင်္ဂဇာတ်)

ဆယ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဒေ၀တာပဋိဂ္ဂဟဇာတ်သည် ပြီး၏။

နိဒါန်း

ဘုန်းတော် အလွန် ကြီးမြတ်တော် မူလှသော ဆင်ဖြူများရှင် တရား မင်းမြတ်၏ သားမဟာ်အကြီး မဟာဥပရာဇ်သည် အလွန်တရာ ခဲယဉ်းစွာသော ရခိုင်ပြည်ကြီးကို မင်းနှင့်တကွ သိမ်းယူတော်မူပြီး၍ ရဟန်း ရှင်လူ ပြည်သူ အပေါင်းတို့၏ စီးပွားချမ်းသာ အကျိုးငှါ ပင့်ဆောင်တော်မူခဲ့သော မဟာမုနိဘုရားရှင်၏ အရှေ့မျက်နှာ အရပ်၌ မဟာဥပရာဇ်မယ်တော် အရှင် မိဖုယားမြတ်သည် ဆောက်လုပ် အပ်သော မင်္ဂလာဘုံကျော် ကျောင်းတော်နေ ညောင်ကန် ဆရာတော်သည် မြန်မာပြန်ဆိုအပ်သော **စတုက္ကနိပါတ် ဇာတ်** ၌ ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော စူဠကုဏ္ဍာလင၀်သည်ကျမ္မသောသဒ္ဒါ၏အစဉ် အနက်၏အစဉ်အားဖြင့် အပြီးသို့ရောက်၏။

စတုက္ကနိပါတ် ဇာတ်၀ဏ္ဏ၊ ဤတွင်ပြီး၏။

---

* ဥမင်္ဂဇာတ် မဟာနိပါတ်မှာ ပါသည်။

www.dhammadownload.com

သင္ဥဒ္ဒါးဂါထာ ဒုတိယ ၄-ပါး

၁။ သီဂန်မှန်က၊ မကျန်ရဏောင်၊ လုံးဝကုန်စင်၊ အကုန်မြင်-
သမ္မဥ်ဉာဏ်တော် အစွမ်းတည်း။

၂။ သိသည့်တရား၊ များအပြားဌ၊ ဟောထားစဖွယ်၊
နည်းသွယ်သွယ်ကို၊ ခြယ်လှယ်စုံလင်၊ အကုန်မြင်-
သမ္မဥ်ဉာဏ်တော် အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ၊ များဝေနေ၏၊ ဣန္ဒြေစရိုက်၊
သူ့အကြိုက်ကို၊ နှိုက်ဆွဲတတ်စုံလင်၊ အကုန်မြင်-
သမ္မဥ်ဉာဏ်တော် အစွမ်းတည်း။

(အင်္ဂုတ္တရနိကာယဝဏ္ဏန)

ဤစာအုပ်တွင်-

၁။ အထက်ပါ သမ္မာသမ္ဗုဒ္ဓဉာဏ်တော်၏ အစွမ်းသုံးပါးတွင် သိထိုက်သော အရာဟူသမျှကို သိတော်မူသောကြောင့် ဖြစ်ပေါ်လာသမျှ အကြောင်းအရာများ၏ အခြေအမြစ်များကို အတိတ်ဖြစ်ရပ်နှင့် ဆက်စပ်၍သိတော်မူသဖြင့်-

၂။ ဟောကြားသင့်ပုံ အတိတ်ဖြစ်ရပ်အစုံတို့ကို ဇာတိသရ-ဉာဏ်တော်မြတ်ဖြင့် ထင်ဟပ်ပေါ်လွင်စေပြီးလျှင် ထိုက်သင့်ရာရာ ဖြစ်တော်စဉ် ဇာတ်တော်များဖြင့် အတင့်အတယ် ခြယ်လှယ် တန်ဆာဆင်လျက်-

၃။ မူရင်းဇာတ်ဆောင်တို့၏ အဇ္ဈာသယ, ဣန္ဒြေနှင့်, အကျင့်စရိုက်တို့အား: ထိုက်တန်သော, လိုက်လျောသော, အံဝင်ခွင်ကျဖြစ်သော, တိုက်ရိုက်ဆက်စပ်သော ဝေးကွာလှသော ကမ္ဘာကမ္ဘာ ဘဝပေါင်းများစွာမှ ဖြစ်ရပ်တစ်ခုဖြင့် စပ်ဟပ်ဖော်ဆောင်ကာ သစ္စာကိုပါပြလျက် ဆွတ်ခြွေတော်မူပုံအစုံစုံကို အာရုံယူမှတ်သား၍ စိတ်ထားဖြူပြင်နိုင်ရုံတွင်မက ဗဟုသုတများနှင့် ပြည့်စုံစေနိုင်ပြီး နည်းယူမှတ်သားဖွယ်တို့ကိုပါ တွေ့ရှိခံစားရမည်ဖြစ်ပါသည်။